ကျေးဇူးတော်ရှင်- မဟာဂန္ဓာရုံ ဆရာတော်ဘုရား၏

သဒ္ဓိဝိဟာရိက-တပည့်ရင်း ဖြစ်ပေသော

**"မေဓာဝီ-ဝံသာဘိ ပရိယတ္တိသာသနဟိတ ဓမ္မာစရိယ"**

သကျသီဟ-ဘွဲ့ထူးနှင့်

**သစ္စဝါဒီဒီပိကာဘာဝရ မေဓာဝီ ဝံသာဘိ"**

ပဌမရွှေတံဆိပ် ဘွဲ့ထူးကို

ခံယူရရှိပေသော

"**ပါဠိဆရာကြီး ဦးဆိုင်**" သည်

သောတုဇနတို့ အကျိုးငှါ ရေးသား စီရင်တော်မူအပ်သော

# အဘိဓမ္မဂဏ္ဌိဒီပနီကျမ်း။

**ဒုတိယအုပ်**

ရန်ကုန်မြို့ ဇမ္ဗူမိတ်ဆွေပိဋကတ်ပုံနှိပ်တိုက်
အမှတ် ၂၁-တက္ကသိုလ်ရိပ်သာ။

1960

ဈေး-၁၆၁



# ဇမ္ဗူရံသီ-နိဒါန်း

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

ဂမ္ဘီရဉာဏမာလိနိ၊ သာသနံ စိရဇောတယိ။
သမုဒ္ဓဝိ ဇမ္ဗုရံသိ၊ သာဂူနံ စိတ္တတောသနိ။ ။

ဂါထာပါဠိ၊ လာရှိသည်အရ၊ လပြည့်တိထိ၊ ပုဏ္ဏမိဝယ်၊ စုံညီတာရာ၊ ဝန်းရံဖြာ၍၊ သော်တာ လမင်း၊ ဘဝဂ် ချင်းမျှ၊ ထိန်လင်း ထွန်းပြောင်၊ လ၏ အရောင်သည်ဂုဏ်း၊ အရှေ့ ပုဗ္ဗာ၊ ဝိဒေဟာမှ၊ ယုဂန် တောင်ထက်၊ ပေါ်လာ ထွက်သည့်၊ ဘဝဂ် ဘောက်ထွင်း၊ ထွန်းပြောင်လင်းသော၊ နေမင်းသူရိန်၊ ရောင်အရှိန်သည်ဂုဏ်း။ ရွှေ,ငွေ,မြ,စိန်၊ ဣန္ဒနီလာ၊သီလာ,ပတ္တမြား၊ရတနာ ခုနစ်ပါးတို့၏၊ ပကြွားပြန်ဟပ်၊ တလျှပ်လျှပ်ဝင်း၊ ထွန်းပလင်းပေသော၊ ကြက်သရေဆောင်၊ မင်္ဂလာရောင်သည်ဂုဏ်း၊ ဤသို့လျှင်၊ လရောင်,နေရောင်၊ ရတနာရောင်၊ များမြောင်ထွေပြား၊ အရောင် အစားစားတို့ထက်၊ ဆတက် လွန်ကြူး၊ အထူးသဖြင့်၊ ထွန်းလင်း တောက်ပတော် မူလှသော၊ ဆဗ္ဗဏ္ဏ ရံသီ၊ ခြောက်ရောင်ခြည် အစုံကို၊ ဘဝဂ် ဘုံချင်း၊ ထိန်လင်း တောက်ပ၊ ထွက်ကြွကွန့်မြူး စေနိုင်သော၊ ခြောက်ရောင်ခြည် သခင်၊ထွဋ်ဘုန်းရှင်၏။ လေးအင်္ဂအဏ္ဏဝါ၊ မဟာသမုဒ္ဒရာ၊ ပမာနှိုင်းဘွယ်၊ အလွန်တရာ ဆန်းကြယ်လှ၍၊ ဂမ္ဘီရဉာဏ်ပန်း၊ တင့်ဆန်းဝေဖြာ၊ ကြီးကျယ်လှစွာသော၊ သဗ္ဗညုတ ဉာဏ်တော်၏သာ ကျက်စားရာ၊ မဟာအောင်မြေ၊ ပလ္လင်ထွေမှ၊ နဘောထက် တန်း၊ဘဝဂ် နန်းထိ၊ ပြိုင်ဘိသူကင်း၊ ဇမ္ဗူ့ အလင်းရောင်ကြီး ဖြစ်တော် မူသော၊ ဓမ္မသင်္ဂဏီ, ဝိဘင်း, ဓာတုကထာ, ပုဂ္ဂလပညတ်, ကထာဝတ္ထု, ယမိုက်,ပဋ္ဌာန်း-ဟု ဆိုအပ်သော၊ အဘိဓမ္မာ ဒေသနာတော်၏ မုချတ္ထ၊ သရုပတ္ထ၊ ယူအပ်လှသော အဓိပ္ပါယ်ကို၊ လွယ်လင့်တကူ၊ သင်ယူဆောင်

ရွက်၊ ကျက်မှတ် သရဇ္ဈာယ်လိုသူ၊ မျှားရှင်လူတို့၏ အကျိုးငှါ၊ လက်ဒါဒီပ ကျွန်း၊ မဟာဝိဟာရ ဝါသီဂိုဏ်း၊ **တုမ္ဗူလသေသာမ** ကျောင်းတိုက်ကြီး အတွင်း၊ သီတင်း သုံးတော်မူစဉ်၊ အရှင် အနုရုဒ္ဓါဆရာ၊ မဟာထေရ်ကျော် သည်၊ အကျဉ်း ချုံး၍၊ သိမ်းကျုံး စီရင်တော် မူအပ်သော အဘိဓမ္မတ္ထ သင်္ဂဟမည်သော အဋ္ဌကထာကျမ်း၏ အနက်အဓိပ္ပါယ်သည် အလွန် တရာလျှင် နက်နဲ ဆန်းကြယ်လှပါကြောင်း။

ဤသို့လျှင် အလွန်တရာ ခက်ခဲနက်နဲသော ကျမ်းဖြစ်ပါသောကြောင့် ယုန်သူငယ် အလားနုနယ်ပျိုနု၊သောတုဇန စာသင်သားများ၊ လွယ်လင့် တကူ၊ သင်ယူဆောင်ရွက် နိုင်စေရန်အကျိုး၊ သာသနာတော်၏ ဖွံ့ဖြိုး ကြီးပွါးရန် အကျိုးကိုမြှော်ကိုးပြီးခါ ကရုဏာရှေ့ထား၍ ရေးသားစီရင်ရန်၊ ပြာသာဒ်, တန်ဆောင်း၊ ဂူကျောင်း အထပ်ထပ်၊ စရပ်တလီ၊ နဝရတ်စီပြိုင်၊ စိန်ပန်းခိုင်နှင့်၊ စိန်ဆိုင်စီထား၊ ငှက်မြတ်နားနှင့်၊ သုံးပါးမွေသရီ၊ စေတီ မြတ်ပါ၊ သုံးဖြာ ပိဋကတ်၊ အထပ်ထပ် အတန်တန်၊ ရောင်လျှံ တင့်မောင်း၊ နိဗ္ဗာန်ကျောင်းနှင့်၊ စံကျောင်း အဆောင်ဆောင်၊ မျှားမြှောင်ထိုထို၊ မြတ် ကုသိုလ်အရှင်၊ တိုင်းခွင် ပြည်သူ၊ ရှင်, လူ, ရဟန်းတို့၏ အကျိုး၊ သာသနာ တော်၏ အကျိုးကို သယ်ပိုးနိစ္စ၊ ဗလဝ စေတနာဖြင့်၊ အမြဲမကွာ ထောက်ပံ့ ပြုစုလျက် ရှိပေသော၊ **ရန်ကုန်မြို့ ဇမ္ဗူ့မိတ်ဆွေပိဋကတ်ပုံနှိပ်တိုက် ပိုင်ရှင်** အဘယခေမိက တိုက်ကျောင်းကြီး၏ ဒါယကာ **သူဌေးမင်း** '**ဦးဘကျော်**'' **သူဌေးကတော်** '**ဒေါ်မွှီးတင်**'' တို့ကအကြိမ်ကြိမ်အထပ်ထပ် တောင်းပန် အပ်သောကြောင့် ဥပဇ္ဈာယ် ဆရာရင်း ကျေးဇူးတော်ရှင် ဖြစ်တော်မူသော—

၁-ကျောက်တန်း,မဟာဗောဓိ ဆရာတော်ဘုရားကြီးနှင့် တကွ
၂-သုံးဂိုဏ်းချုပ်,ခင်မွန်ဆရာတော် ဘုရားကြီး
၃-မဟာဝိသုဒ္ဓါရုံ ဆရာတော် ဘုရားကြီး
၄-အလုံ ဆရာတော် ဘုရားကြီး
၅-ကျိုက္ကစံ ဆရာတော် ဘုရားကြီး
၆-တွံတေး ဆရာတော် ဘုရားကြီး,
၇-ပဲခူးမြို့ ရွှေအောင်ရွေး ဆရာတော် ဘုရားကြီး,
၈-ညောင်တုံးမြို့ ရွှေဟင်္သာတောရ စံကျောင်းဆရာတော် ဘုရားကြီး,
၉-မန္တလေးမြို့ အဘယာရာမ ရွှေဂူ ဆရာတော်ဘုရားကြီး စသော

## ဇမ္ဗုရံသိ-နိဒါန်း

များစွာသော လင်္ကာပေသလ,သိက္ခာကာမ ဖြစ်တော်မူကုန်သော ပိဋကတ္တယ ဝိဒူ၊ဝိညူအကျော်၊ ဆရာတော် ဘုရားကြီးများ၏ နယဂန္ထိ၊ နည်းတန္တိကို သိင်္ဂီဖလား၊ ခံယူသော အလားကဲ့သို့၊ နီးပါးချဉ်းကပ်၊အမြဲပင် ခံယူအပ်သော အာစရိယမုဋ္ဌိ၊နည်းကောင်းရရှိသော "**မေဓာဝီဝံသာဘိပရိယတ္တိ သာသနုပကာရီတဓမ္မာစရိယ**" ဟူသော သကျသီဟဘွဲ့ထူး '**သဒ္ဒဝါဒီဒိကာကာရ မေဓာဝီဝံသာဘိ**" ဟူသော ပဉ္စမ ရွှေတံဆိပ်ဘွဲ့ထူး နှစ်တန်ကို ခံယူရရှိပေသော **ကစ္စာယနဂုဠှတ္ထဒီပနီကျမ်း**၊ **ဝိနယဂုဠှတ္ထဒီပနီကျမ်း**၊ **သဒ္ဒဝါဒီဒိကာကျမ်း**၊ **ဇမ္ဗူမိတ်ဆွေ ဘုရားရှိခိုး အမျိုးမျိုး** စသော ကျမ်းပြု "**ပါဠိဆရာကြီး မေဓာဝီ ဦးဆိုင်**" သည် **အဘိဓမ္မတ္ထသင်္ဂဟာ** မည်သော သင်္ဂြိုဟ်ကျမ်း၏ လျှို့ဝှက်တိမ်မြုပ်၊ နယငုပ်ကို၊ ဖော်ထုတ် သေချာ၊ သိသာထင်ရှား၊ ပေါ်လွင်သော စကားသွားဖြင့်၊ စာသင်ငယ် အများ၊ပညာရှင် အမျိုးသားတို့၏၊ ဉာဏ်အခြေ ခွတ်အားကို၊ ဘွားကနဲ ပေါ်ကြွစေရန်၊ များစွာသော အဋ္ဌကထာ, ဋီကာ,ပေါရာဏဂဏ္ဌိ၊ ရှေးပဏ္ဍိတို့၏၊ထူးမြတ်ထွေပြား၊ အထူးထူးသော နည်းညွှန်း၊ နည်းကောင်းတို့ဖြင့်၊ ထပ်လောင်းမွန်းမံ၊ ချယ်ဖန်ဆင်မြန်း၊ တင့်လွှမ်းဝေဖြာ စေလျက်၊ ရေးသား စီရင်အပ်သော ဇမ္ဗုရံသိ "**အဘိဓမ္မဂုဠှတ္ထဒီပနီ**" သညီသမုတ်၊ကျမ်းစာအုပ်ကို၊ ကျွန်ုပ်တို့ ဇမ္ဗူမိတ်ဆွေပိဋကတ် ပုံနှိပ်တိုက်က သိုက်မြိုက်သေချာ၊ သန့်စွာကြည်လင်၊ စက်တင်ပုံနှိပ် အပ်ပါသတည်း။

**ဇမ္ဗူ ဆရာကြီး မေဓာဝီ-ဆရာဆိုင်**

Medhavi Saya Saing,
ZABU PALI ACARIYA
Author of KACGAYANA GULHATTHADIPANI

---

# အဘိဓမ္မဂူဠတ္ထဒီပနီကျမ်း
# မာတိကာ

---

## ဘုံပိုင်း


| ဦးရေ | အကြောင်းအရာ | မျက်နှာနံပါတ် |
|---|---|---|
| ၁ | ဘုံပိုင်း အဘွင့် .... .... .... | ၁ |
| ၂ | စတုက္က ၄-ပါး အဘွင့်.... .... .... | ၂ |
| ၃ | ဘူမိစတုက္ကအဘွင့်နှင့် ဘုံအဓိပ္ပါယ် .... .... | ၃ |
| ၄ | ဘုံ ၄-ပါး အဓိပ္ပါယ်.... .... .... | ၄ |
| ၅ | အပါယ် ၄-ဘုံ အဓိပ္ပါယ် .... .... | ၆ |
| ၆ | သိဉ္ဇိုးငရဲခဏ်းနှင့် ၎င်းအသက် အပိုင်းအခြား .... | ၇ |
| ၇ | ကာလသုတ် ငရဲခဏ်း .... .... .... | ၈ |
| ၈ | ကာလသုတ် ငရဲအသက် .... .... | ၉ |
| ၉ | သံဃာတ ငရဲခဏ်းနှင့် ၎င်းငရဲအသက် .... .... | ၁၀ |
| ၁၀ | ရောရုဝ ငရဲခဏ်း .... .... .... | ၁၁ |
| ၁၁ | ရောရုဝ ငရဲအသက် .... .... .... | ၁၁ |
| ၁၂ | မဟာရောရုဝ ငရဲခဏ်း .... .... | ၁၂ |
| ၁၃ | မဟာရောရုဝ ငရဲအသက်နှင့် တာပနငရဲခဏ်း .... | ၁၃ |
| ၁၄ | မဟာတာပန ငရဲခဏ်းနှင့် ၎င်းငရဲအသက် .... | ၁၅ |
| ၁၅ | အဝီစိ ငရဲခဏ်းနှင့် ၎င်းငရဲအသက် .... .... | ၁၆ |
| ၁၆ | ဥဿဒငရဲ အခဏ်း .... .... .... | ၁၇ |
| ၁၇ | မိဠှကူပ ငရဲ .... .... .... | ၁၈ |
| ၁၈ | ကုက္ကုဠ ငရဲ .... .... .... | ၁၉ |
| ၁၉ | အသိပတ္တဝန ငရဲ .... .... .... | ၂၀ |
| ၂၀ | ဝေတ္တရဏီ ငရဲ .... .... .... | ၂၁ |
| ၂၁ | နေမိဇာတ်တော်လာ ငရဲများနှင့် ဝေတ္တရဏီငရဲ .... | ၂၃ |
| ၂၂ | သုနခ ငရဲ.... .... .... .... | ၂၄ |
| ၂၃ | အယောဂုဠငရဲ အင်္ဂါရကာသုငရဲ .... .... | ၂၅ |
| ၂၄ | လောဟကုမ္ဘီငရဲ,တမ္ဗောဒငရဲ,ထုသ နဒီငရဲ .... | ၂၆ |

| ဦးရေ | အကြောင်းအရာ | မျက်နှာနံပါတ် |
|---|---|---|
| ၂၅ | သတ္တိသုဒငရဲ, မံသကောဠနငရဲ .... .... | ၂၇ |
| ၂၆ | လောကန္တရိကငရဲ အကြောင်း .... .... | ၂၈ |
| ၂၇ | ယမမင်း အကြောင်း .... .... .... | ၂၉ |
| ၂၈ | ငရဲထိန်း အကြောင်း .... .... .... | ၃၀ |
| ၂၉ | တိရစ္ဆာန်ဘုံခဏ်း .... .... .... | ၃၃ |
| ၃၀ | ပြိတ္တာဘုံခဏ်း .... .... .... | ၃၅ |
| ၃၁ | ပြိတ္တာ အပြား .... .... .... | ၃၆ |
| ၃၂ | တနည်း ပြိတ္တာအပြား .... .... .... | ၃၇ |
| ၃၃ | ပြိတ္တာမျိုး ၂၁-ပါး .... .... .... | ၄၀ |
| ၃၄ | အမှုရနိုင်သော ပြိတ္တာ .... .... .... | ၄၂ |
| ၃၅ | အသုရကာယ် ဘုံခဏ်း.... .... .... | ၄၃ |
| ၃၆ | အသုရကာယ်ဘုံသို့ ရောက်ကြောင်းကံ.... .... | ၄၅ |
| ၃၇ | လူ့ဘုံ အဓိပ္ပါယ် .... .... .... | ၄၆ |
| ၃၈ | ကျွန်းကြီး ၄-ကျွန်း အဓိပ္ပါယ်နှင့် အရှေ့ကျွန်း အနောက်ကျွန်း | ၄၈ |
| ၃၉ | မြောက်ကျွန်းနှင့် တောင်ကျွန်း .... .... | ၄၉ |
| ၄၀ | စာတုမဟာရာဇ် ဘုံခဏ်း .... .... | ၅၀ |
| ၄၁ | တာဝတိံသာ ဘုံခဏ်း .... .... .... | ၅၃ |
| ၄၂ | ယာမာ ဘုံခဏ်း .... .... .... | ၅၆ |
| ၄၃ | တုသိတာ ဘုံခဏ်း .... .... .... | ၅၇ |
| ၄၄ | နိမ္မာနရတိ ဘုံခဏ်း .... .... .... | ၅၈ |
| ၄၅ | ပရနိမ္မိတဝသဝတ္တီ ဘုံခဏ်း .... .... | ၅၉ |
| ၄၆ | ကာမသုဂတိ အဓိပ္ပါယ် .... .... .... | ၆၁ |
| ၄၇ | နတ်ဘုံနှင့်စပ်သော မှတ်ဘွယ် .... .... | ၆၂ |
| ၄၈ | နတ်တို့၏ ပုဗ္ဗနိမိတ် ငါးပါး .... .... | ၆၅ |
| ၄၉ | နတ်တို့၏ ကျင်ကြီး,ကျင်ငယ် အကြောင်း .... | ၆၆ |
| ၅၀ | ပဌမဈာန် ဘုံခဏ်းနှင့် ဗြဟ္မာ အဓိပ္ပါယ် .... .... | ၆၈ |
| ၅၁ | ဗြဟ္မပါရိသဇ္ဇာဘုံ အဓိပ္ပါယ် .... .... .... | ၆၉ |
| ၅၂ | ဗြဟ္မပုရောဟိတာဘုံနှင့် မဟာဗြဟ္မာဘုံ အဓိပ္ပါယ် .... | ၇၀ |
| ၅၃ | မဟာဗြဟ္မာ အပြား .... .... .... | ၇၁ |

| ဦးရေ | အကြောင်းအရာ | မျက်နှာနံပါတ် |
|---|---|---|
| ၅၄ | ဘုံအကွာယူဇနာနှင့် ဒုတိယဈာန် ဘုံခဏ်း .... | ၇၂ |
| ၅၅ | ပရိတ္တာဘာဘုံ အပ္ပမာဏာဘာဘုံ အဓိပ္ပါယ် .... | ၇၃ |
| ၅၆ | အာဘဿရာဘုံ အဓိပ္ပါယ်နှင့် ဘုံအကွာအဝေး .... | ၇၄ |
| ၅၇ | တတိယဈာန် ဘုံခဏ်းနှင့် ပရိတ္တသုဘာဘုံ အဓိပ္ပါယ် .... | ၇၅ |
| ၅၈ | အပ္ပမာဏသုဘာဘုံ,သုဘကိဏ္ဏာဘုံ အဓိပ္ပါယ် .... | ၇၆ |
| ၅၉ | ဘုံအကွာအဝေး .... .... .... | ၇၇ |
| ၆၀ | စတုတ္ထဈာန် ဘုံခဏ်းနှင့် ဝေဟပ္ဖိုလ်ဘုံ အဓိပ္ပါယ် .... | ၇၈ |
| ၆၁ | အသညသတ် ဘုံခဏ်း.... .... .... | ၇၉ |
| ၆၂ | အသညသတ် ဖြဟ္မာဖြစ်ပုံ အဓိပ္ပါယ် .... .... | ၈၀ |
| ၆၃ | သုဒ္ဓါဝါသ အဝိဟာဘုံ အဓိပ္ပါယ် .... .... | ၈၀ |
| ၆၄ | အတပ္ပါဘုံ အဓိပ္ပါယ်.... .... .... | ၈၂ |
| ၆၅ | သုဒဿာ,သုဒဿီဘုံ အဓိပ္ပါယ် .... .... | ၈၃ |
| ၆၆ | အကနိဋ္ဌဘုံ အဓိပ္ပါယ်.... .... .... | ၈၄ |
| ၆၇ | အရူပါဝစရ အာကာသာနဉ္စာယတနဘုံ အဓိပ္ပါယ် .... | ၈၅ |
| ၆၈ | ဝိညာဏဉ္စာယတန စသည့်ဘုံ အဓိပ္ပါယ်.... .... | ၈၆ |
| ၆၉ | ဖြဟ္မာဘုံနှင့်စပ်၍ မှတ်သားဘွယ် .... .... | ၈၇ |
| ၇၀ | ဘဝဂ်သုံးပါး အဓိပ္ပါယ်.... .... .... | ၈၉ |
| ၇၁ | သုဒ္ဓါဝါသ ဘုံကိုးဝ .... .... .... | ၉၁ |
| ၇၂ | ဘုံတို့၏ အကွာအဝေး.... .... .... | ၉၂ |
| ၇၃ | ဘုံရ,ပုဂ္ဂိုလ်ရ အဘွင့်.... .... .... | ၉၅ |
| ၇၄ | ဘုံရ,ပုဂ္ဂိုလ်ရ အဓိပ္ပါယ် .... .... | ၉၆ |
| ၇၅ | ဝါကရား အရကောက်.... .... .... | ၉၇ |
| ၇၆ | ပရမတ္ထဗိန္ဒုအဆို ဝါကရား .... .... | ၉၈ |
| ၇၇ | အရိယာသက်သက် ပုဂ္ဂိုလ်အပြား .... .... | ၆၉ |
| ၇၈ | အရိယာ အပြား .... .... .... | ၁၀၀ |
| ၇၉ | ဘုံရ စိတ်ရ .... .... .... | ၁၀၁ |
| ၈၀ | ကာမဘုံ၌ ပုဂ္ဂိုလ်ရ စိတ်ရ .... .... | ၁၀၂ |
| ၈၁ | ရူပဘုံ၌ ပုဂ္ဂိုလ်ရ စိတ်ရ.... .... .... | ၁၀၃ |
| ၈၂ | အရူပဘုံ၌ ပုဂ္ဂိုလ်ရ စိတ်ရ .... .... | ၁၀၄ |

| ဦးရေ | အကြောင်းအရာ | မျက်နှာနံပါတ် |
|---|---|---|
| ၈၃ | ကာမပုဂ္ဂိုလ်ရ,စိတ်ရ သံပေါက် .... | .... ၁၀၅ |
| ၈၄ | ရူပ,အရူပပုဂ္ဂိုလ်ရ,စိတ်ရ သံပေါက် .... | .... ၁၀၆ |
| ၈၅ | ပဋိသန္ဓိစတုက္က အပါယ် ပဋိသန္ဓေ အတွင့် .... | .... ၁၀၇ |
| ၈၆ | အဟိတ် ပဋိသန္ဓေ အတွင့် .... | .... ၁၀၉ |
| ၈၇ | ဝိနိပါတိကာအသုရာ အမိပ္ပါယ် .... | .... ၁၁၁ |
| ၈၈ | ကာမသုဂတိ ပဋိသန္ဓေ အတွင့် .... | .... ၁၁၃ |
| ၈၉ | အသက် အပိုင်းအခြား အတွင့် .... | .... ၁၁၄ |
| ၉၀ | လူတို့၏ အသက်တမ်း .... .... | .... ၁၁၆ |
| ၉၁ | ဝိနိပါတိကာ သုရာနဋ္ဌ အမိပ္ပါယ် .... | .... ၁၁၇ |
| ၉၂ | နတ်သက် အတွင့်နှင့် စတုဂ္ဂုဏ် အမိပ္ပါယ် | .... ၁၁၉ |
| ၉၃ | နတ်သက်၏ အရ လူအသက်နှင့် နှိုင်းယှဉ်ပြခြင်း | .... ၁၂၀ |
| ၉၄ | နတ်သက် သံပေါက်.... .... | .... ၁၂၂ |
| ၉၅ | ရူပါဝစရ ပဋိသန္ဓေ အတွင့် .... | .... ၁၂၃ |
| ၉၆ | အသညသတ် ပဋိသန္ဓေ အတွင့် .... | .... ၁၂၄ |
| ၉၇ | ရူပပြဟ္မာတို့၏ အသက် အပိုင်းအခြား .... | .... ၁၂၅ |
| ၉၈ | သုဒ္ဓါဝါသ ပြဟ္မာတို့၏ အသက် အပိုင်းအခြား | .... ၁၂၆ |
| ၉၉ | အရူပပဋိသန္ဓေနှင့် အရူပပြဟ္မာတို့၏ အသက် အပိုင်းအခြား | ၁၂၇ |
| ၁၀၀ | ကမ္ဘပျက်ပုံ အမိပ္ပါယ်.... .... | .... ၁၂၉ |
| ၁၀၁ | ကမ္ဘာတည်ပုံ အမိပ္ပါယ်.... .... | .... ၁၃၁ |
| ၁၀၂ | တူသော အာရုံရှိပုံ အမိပ္ပါယ် .... | .... ၁၃၅ |
| ၁၀၃ | ကမ္ဘစတုက္က,ဇနကကံ အမိပ္ပါယ် .... | .... ၁၃၇ |
| ၁၀၄ | ဥပတ္ထမ္ဘကကံ အမိပ္ပါယ်.... .... | .... ၁၃၈ |
| ၁၀၅ | ဥပပီဠကကံ အမိပ္ပါယ် .... .... | .... ၁၃၉ |
| ၁၀၆ | ဥပတ္ထမ္ဘကကံနှင့် ဥပပီဠကကံ ၂-ပါး အထူး | .... ၁၄၀ |
| ၁၀၇ | ဥပဃာတကကံ အမိပ္ပါယ် .... | .... ၁၄၁ |
| ၁၀၈ | ကံတပါးနှင့် ၎င်းကံအကျိုး တားမြစ်ခြင်း | .... ၁၄၂ |
| ၁၀၉ | ဇနကကံနှင့် ဥပဃာတကကံ ၂-ပါး အထူး | .... ၁၄၂ |
| ၁၁၀ | ကိစ္စဝသေန အမိပ္ပါယ်.... .... | .... ၁၄၅ |
| ၁၁၁ | ကံလေးပါး အစဉ် .... .... | .... ၁၄၆ |

| ဦးရေ | အကြောင်းအရာ | မျက်နှာနံပါတ် |
|---|---|---|
| ၁၁၂ | ပါကဒါနုပရိယာယ် ကံလေးပါး အတွင့် | ၁၄၇ |
| ၁၁၃ | ဂရုကကံ အမိပ္ပါယ်.... | ၁၄၇ |
| ၁၁၄ | အာသန္နကံ အတွင့်.... | ၂၄၉ |
| ၁၁၅ | ကုသိုလ်အာသန္နကံ အကျိုးပေးပုံ | ၁၅၀ |
| ၁၁၆ | အကုသိုလ် အာသန္နကံ အကျိုးပေးပုံ | ၁၅၁ |
| ၁၁၇ | အာစိဏ္ဏကံ အတွင့်.... | ၁၅၂ |
| ၁၁၈ | ကဋတ္တာကံ အမိပ္ပါယ်နှင့် နာနာဝါဒ ဘော်ပြခြင်း | ၁၅၉ |
| ၁၁၉ | ပါကဒါနုပရိယာယ အမိပ္ပါယ် | ၁၆၃ |
| ၁၂၀ | နာနာဝါဒ ဘော်ပြချက်.... | ၁၆၄ |
| ၁၂၁ | စလင်း ဆရာတော်ကြီး အဆုံးအဖြတ် | ၁၆၅ |
| ၁၂၂ | မဟာဋီကာ အဆုံးအဖြတ် | ၁၆၆ |
| ၁၂၃ | ပါကကာလ ကံလေးပါး အတွင့် | ၁၆၇ |
| ၁၂၄ | ဒိဋ္ဌဓမ္မဝေဒနီယကံ အတွင့် | ၁၆၇ |
| ၁၂၅ | အကျိုးပေးရာ ကာလ အပိုင်းအခြား | ၁၉၈ |
| ၁၂၆ | ဒိဋ္ဌဓမ္မဝေဒနီယကံ အကျိုးပေးနိုင်သော အင်္ဂါ | ၁၇၀ |
| ၁၂၇ | ဒိဋ္ဌဓမ္မဝေဒနီယကံ၏ အဟောသိကံ ဖြစ်ခြင်း | ၁၇၁ |
| ၁၂၈ | ဥပပဇ္ဇဝေဒနီယကံ အတွင့် | ၁၇၂ |
| ၁၂၉ | ဥပပဇ္ဇဝေဒနီယကံ၏ အကျိုးပေးပုံ | ၁၇၃ |
| ၁၃၀ | ဘုရားကြီး ဆရာတော် အဆုံးအဖြတ် | ၁၇၅ |
| ၁၃၁ | အပရာပရိယကံ အတွင့်.... | ၁၇၇ |
| ၁၃၂ | အဟောသိကံ အတွင့်.... | ၁၈၁ |
| ၁၃၃ | ပါကကာလ အမိပ္ပါယ်.... | ၁၈၂ |
| ၁၃၄ | ပါကဌာနကံ လေးပါးအတွင့်နှင့် ၎င်းအမိပ္ပါယ် | ၁၈၃ |
| ၁၃၅ | အကုသိုလ်ကံ အတွင့်နှင့် ကမ္မဒွါရ အမိပ္ပါယ် | ၁၈၄ |
| ၁၃၆ | ကံသုံးပါး အမိပ္ပါယ်.... | ၁၈၆ |
| ၁၃၇ | ကာယကံစသည် မည်ပုံ.... | ၁၈၇ |
| ၁၃၈ | ကာယကံ အတွင့် .... | ၁၈၉ |
| ၁၃၉ | ပါဏာတိပါတ၏ အင်္ဂါပယောဂ | ၁၉၀ |
| ၁၄၀ | သတ်ခြင်းအမျိုးမျိုး အမိပ္ပါယ် | ၁၉၁ |

| ဦးရေ | အကြောင်းအရာ | မျက်နှာနံပါတ် |
|---|---|---|
| ၁၄၁ | ပါဏာတိပါတကံ၏ အပြစ်ဖြစ်ပုံ .... .... | ၁၉၅ |
| ၁၄၂ | အဒိန္နာဒါနကံ အတွင့်နှင့် ၎င်းကံ၏ အင်္ဂါ .... | ၁၉၆ |
| ၁၄၃ | အာဒိန္နာဒါနကံ၏အပြစ် ကြီး,ငယ်တို့ကို ပြခြင်း .... | ၁၉၇ |
| ၁၄၄ | ၎င်းကံ၏ ပယောဂ ခြောက်ပါး .... .... | ၁၉၇ |
| ၁၄၅ | ခိုးခြင်း ၂၅-ပါး အကျဉ်းနှင့် နာနာဘဏ္ဍ ခိုးခြင်း ၅-ပါး | ၁၉၈ |
| ၁၄၆ | ဧကဘဏ္ဍ ခိုးခြင်း ၅-ပါး .... .... | ၁၉၉ |
| ၁၄၇ | သာဟတ္ထိက ခိုးခြင်း ၅-ပါး .... .... | ၂၀၀ |
| ၁၄၈ | ပုဗ္ဗပယောဂ ခိုးခြင်း ၅-ပါး .... .... | ၂၀၁ |
| ၁၄၉ | အဝဟာရ ခိုးခြင်း ၅-ပါး .... .... | ၂၀၂ |
| ၁၅၀ | ကာမေသုမိစ္ဆာစာရကံ အတွင့်နှင့် ၎င်းအင်္ဂါ ၄-ပါး .... | ၂၀၃ |
| ၁၅၁ | အဂမနီယဝတ္ထု .... .... .... | ၂၀၄ |
| ၁၅၂ | မဂ္ဂေနမဂ္ဂအရ မဂ်အပြား .... .... .... | ၂၀၆ |
| ၁၅၃ | ကာမေသုမိစ္ဆာစာရ အဆုံးအဖြတ် .... .... | ၂၀၇ |
| ၁၅၄ | သုရာပါန အဆုံးအဖြတ် .... .... | ၂၁၁ |
| ၁၅၅ | ဗာဟုလ္လဝုတ္တိ အဓိပ္ပါယ်.... .... .... | ၂၁၃ |
| ၁၅၆ | ကာမေသုမိစ္ဆာစာရကံ အပြစ် ဘော်ပြခြင်း .... | ၂၁၄ |
| ၁၅၇ | ဝစီကံ၌ မုသာဝါဒကံ အတွင့် .... .... | ၂၁၅ |
| ၁၅၈ | မုသာဝါဒကံ၏ အင်္ဂါ.... .... .... | ၂၁၆ |
| ၁၅၉ | ၎င်းကံ၏ မဟာဝိသုဒ္ဓါရုံ ဆရာတော် ဆုံးဖြတ်ပုံ .... | ၂၁၇ |
| ၁၆၀ | မုသာဝါဒကံ၏ အပြစ်.... .... .... | ၂၁၈ |
| ၁၆၁ | ပိသုဏာဝါစာကံ အတွင့်.... .... .... | ၂၁၉ |
| ၁၆၂ | ပိသုဏာဝါစာ၏ အင်္ဂါနှင့် ၎င်းကံ၏ အပြစ် .... | ၂၂၀ |
| ၁၆၃ | ဖရုသဝါစာကံ အတွင့်နှင့် ၎င်းကံ အင်္ဂါ .... | ၂၂၁ |
| ၁၆၄ | ဆဲရေးခြင်း ၁၀-ပါး.... .... .... | ၂၂၁ |
| ၁၆၅ | ဖရုသဝါစာ အဆုံးအဖြတ် .... .... | ၂၂၄ |
| ၁၆၆ | ဖရုသဝါစာကံ၏ အပြစ်နှင့် သမ္ဖပ္ပလာပကံ အတွင့် .... | ၂၂၅ |
| ၁၆၇ | ၎င်းကံ အင်္ဂါ .... .... .... | ၂၂၆ |
| ၁၆၈ | တိရစ္ဆာနကထာ ၃၂-ပါး .... .... | ၂၂၇ |
| ၁၆၉ | သမ္ဖပ္ပလာပကံ၏ အပြစ်နှင့် မနောကံ အတွင့် .... | ၂၂၉ |

| ဦးရေ | အကြောင်းအရာ | မျက်နှာနံပါတ် |
|---|---|---|
| ၁၇၀ | အဘိဇ္ဈာကံ၏ အင်္ဂါ .... .... .... | ၂၃၀ |
| ၁၇၁ | ၎င်းကံ၏ အပြစ် .... .... .... | ၂၃၁ |
| ၁၇၂ | ဗျာပါဒကံ အဘွင့်နှင့် ၎င်းကံ၏အင်္ဂါ .... .... | ၂၃၁ |
| ၁၇၃ | ဗျာပါဒကံ၏ အပြစ်နှင့် မိစ္ဆာဒိဋ္ဌိကံ အဘွင့် .... | ၂၃၂ |
| ၁၇၄ | မိစ္ဆာဒိဋ္ဌိကံ၏ အင်္ဂါနှင့် ၎င်း အဆုံးအဖြတ် .... | ၂၃၃ |
| ၁၇၅ | ဒိဋ္ဌိသုံးပါး အဓိပ္ပါယ်.... .... .... | ၂၃၄ |
| ၁၇၆ | အညတြာပိ ဝိညတ္တိယာ အဓိပ္ပါယ် .... .... | ၂၃၅ |
| ၁၇၇ | မနသ္မိံ ယေဝ ဗာဟုလ္လဝုတ္တိတော အဓိပ္ပါယ် .... | ၂၃၆ |
| ၁၇၈ | ကမ္မပထ အဓိပ္ပါယ်နှင့် ဒေါသကြောင့် ဖြစ်ပုံ အဓိပ္ပါယ်.... | ၂၃၇ |
| ၁၇၉ | မူလ ၂-ပါးဖြင့် ဖြစ်ပုံ အဓိပ္ပါယ် .... .... | ၂၃၉ |
| ၁၈၀ | အဋ္ဌကထာအရ ဝေဘန်ခြင်း .... .... | ၂၄၀ |
| ၁၈၁ | ကာမာဝစရကုသိုလ် အဘွင့် .... .... | ၂၄၂ |
| ၁၈၂ | ၎င်းကံ ၃-ပါး ဖြစ်ပုံ .... .... .... | ၂၄၃ |
| ၁၈၃ | ဒါနစသော ကုသိုလ် အဘွင့်နှင့် ဒါနမယစသည် အဓိပ္ပါယ် | ၂၄၄ |
| ၁၈၄ | ပုညကြိယာ ဆယ်ပါး အဘွင့် .... .... | ၂၄၅ |
| ၁၈၅ | ဒါန အဓိပ္ပါယ် .... .... .... | ၂၄၆ |
| ၁၈၆ | သီလ အဓိပ္ပါယ် .... .... .... | ၂၄၇ |
| ၁၈၇ | ၎င်းသီလ အပြစ် .... .... .... | ၂၄၈ |
| ၁၈၈ | သီလဆောက်တည်ခြင်း အကြောင်း .... .... | ၂၄၉ |
| ၁၈၉ | ဘာဝနာ အဘွင့် .... .... .... | ၂၅၀ |
| ၁၉၀ | အပစာယန အဘွင့် .... .... .... | ၂၅၁ |
| ၁၉၁ | ဝေယျာဝစ္စ အဘွင့် .... .... .... | ၂၅၂ |
| ၁၉၂ | အပစာယနနှင့် ဝေယျာဝစ္စအထူး ပတ္တိဒါန အဘွင့် .... | ၂၅၃ |
| ၁၉၃ | ပတ္တာနုမောဒန အဘွင့်.... .... .... | ၂၅၄ |
| ၁၉၄ | ဓမ္မဿဝန အဘွင့် .... .... .... | ၂၅၅ |
| ၁၉၅ | ဓမ္မဒေသနာ အဘွင့် .... .... .... | ၂၅၆ |
| ၁၉၆ | ဒိဋ္ဌိဇုကမ္မ အဘွင့် .... .... .... | ၂၅၇ |
| ၁၉၇ | ပုညကြိယာ ၁၀-ပါးကို ဒါန,သီလ,စသည်ဖြင့် ဝေဘန်ခြင်း | ၂၅၈ |
| ၁၉၈ | ဥဒ္ဒိစ္စ၏ ပဋိသန္ဓေ အကျိုးမပေးနိုင်ခြင်း .... .... | ၂၆၀ |

# ဘုံပိုင်း


| ဦးရေ | အကြောင်းအရာ | မျက်နှာနံပါတ် |
|---|---|---|
| ၁၉၉ | ယထာရုပံ အဓိပ္ပါယ် .... .... .... | ၂၆၃ |
| ၂၀၀ | ပဝတ္တိ၌ အကျိုးပေးပုံ အဓိပ္ပါယ် .... .... | ၂၆၅ |
| ၂၀၁ | အပါယ်ဘုံ၌ အဟိတ်ကုသလဝိပါက် ဖြစ်ပုံ .... | ၂၆၅ |
| ၂၀၂ | ကာမာဝစရ ကုသိုလ်ကံ အကျိုးပေး အဘွင့် .... | ၂၆၆ |
| ၂၀၃ | သောဠသ ဝိပါက အကျိုးပေးပုံ .... .... | ၂၆၉ |
| ၂၀၄ | ဒွါဒသ အကျိုးပေး အဘွင့် .... .... | ၂၇၀ |
| ၂၀၅ | အဋ္ဌက အကျိုးပေး အဘွင့် .... .... | ၂၇၁ |
| ၂၀၆ | ဥက္ကဋ္ဌ ဩမကာသရုပ်ခွဲနှင့် ပဋိသန္ဓေ အကျိုးပေးသရုပ်ခွဲ.... | ၂၆၂ |
| ၂၀၇ | အဝယဝတ္ထု အဓိပ္ပါယ် .... .... .... | ၂၇၃ |
| ၂၀၈ | ကေစနသဒ္ဒါနှင့် ကေစိဆရာအရ အဓိပ္ပါယ် .... | ၂၇၅ |
| ၂၀၉ | ရူပါဝစရ ကုသိုလ်ကံ အကျိုးပေး အဘွင့် .... | ၂၇၇ |
| ၂၁၀ | ပရိတ္တ,မဇ္ဈိမ,ပဏီတ အဓိပ္ပါယ် .... .... | ၂၇၇ |
| ၂၁၁ | ဒုတိယ,တတိယဈာန် ကုသိုလ် အကျိုးပေးပုံ .... | ၂၇၈ |
| ၂၁၂ | စတုတ္ထဈာန် အကျိုးပေးပုံ .... .... | ၂၇၉ |
| ၂၁၃ | အဘိညာဉ် အကျိုးပေး,မပေး အဓိပ္ပါယ် .... | ၂၈၀ |
| ၂၁၄ | အသညသတ် ဗြဟ္မာဖြစ်ပုံ အဓိပ္ပါယ် .... .... | ၂၈၁ |
| ၂၁၅ | သုဒ္ဓါဝါသ ငါးဘုံ၌ ဖြစ်ပုံ အဓိပ္ပါယ် .... .... | ၂၈၂ |
| ၂၁၆ | အလိုရှိရာ ဘုံတို့၌ ဗြဟ္မာတို့ဖြစ်ပုံ အဓိပ္ပါယ် .... | ၂၈၃ |
| ၂၁၇ | သမာပတ်ရသော မိန်းမများ အကြောင်း .... | ၂၈၄ |
| ၂၁၈ | ဗြဟ္မာတို့၏ ပုံသဏ္ဌာန် အကြောင်း .... .... | ၂၈၅ |
| ၂၁၉ | သေခြင်း ၄-မျိုးနှင့် အဝယဝတ္ထု အဓိပ္ပါယ် .... | ၂၈၇ |
| ၂၂၀ | ဥပစ္ဆေဒက မရဏအဆုံးအဖြတ် .... .... | ၂၈၈ |
| ၂၂၁ | ကံ အဘွင့် .... .... .... | ၂၉၁ |
| ၂၂၂ | ယထာရုပံ အဓိပ္ပါယ် .... .... .... | ၂၉၂ |
| ၂၂၃ | ကမ္မနိမိတ်,ဂတိနိမိတ် အဘွင့် .... .... | ၂၉၃ |
| ၂၂၄ | ဥပလဘိတဗ္ဗနှင့် ဥပဘောဂ အထူး .... .... | ၂၉၄ |
| ၂၂၅ | နိမိတ် ၃-ပါး ထင်လာပုံ အဘွင့် .... .... | ၂၉၄ |
| ၂၂၆ | ကမ္မဗလေန အဓိပ္ပါယ် .... .... .... | ၂၉၄ |
| ၂၂၇ | ဆန္ဒ ဒွါရာနံ အဓိပ္ပါယ်.... .... .... | ၂၉၅ |

| ဦးရေ | အကြောင်းအရာ | မျက်နှာနံပါတ် |
|---|---|---|
| ၂၂၈ | ပစ္စုပဋ္ဌာတိအရ ထင်လာပုံ .... | .... ၂၉၆ |
| ၂၂၉ | တဒ္ဒောရဏတံနှင့် ဗာဟုလ္လေန အဓိပ္ပါယ် | .... ၂၉၇ |
| ၂၃၀ | သဏိကမရဏနှင့် လဟုကမရဏတို့၏ အထူး | .... ၂၉၈ |
| ၂၃၁ | အသစ်ပြုပုံ အဓိပ္ပါယ် .... .... | .... ၃၀၀ |
| ၂၃၂ | မရဏာသန္နဝီထိ အဘွင့်.... .... | .... ၃၀၁ |
| ၂၃၃ | မရဏာသန္နစက္ခုဒွါရ ၄-ဝီထိပုံစံ .... | .... ၃၀၂ |
| ၂၃၄ | မရဏာသန္နမနောဒွါရ ၄-ဝီထိပုံစံ .... | .... ၃၀၂ |
| ၂၃၅ | ၎င်းဝီထိ၌ အဝယဝတ္ထု အဓိပ္ပါယ် .... | .... ၃၀၃ |
| ၂၃၆ | ဘဝဟောင်း မရဏာသန္နစုတိ ဝီထိပုံစံ .... | .... ၃၀၆ |
| ၂၃၇ | ဘဝသစ် ပဋိသန္ဓေ ဝီထိပုံစံ .... | .... ၃၀၆ |
| ၂၃၈ | စုတိ ပဋိသန္ဓေ အဓိပ္ပါယ် .... | .... ၃၀၇ |
| ၂၃၉ | ပဋိသန္ဓေဖြစ်ပုံ အဓိပ္ပါယ် .... | .... ၃၀၈ |
| ၂၄၀ | ဥပ္ပဇ္ဇမာနမေဝ အဓိပ္ပါယ် .... | .... ၃၀၉ |
| ၂၄၁ | မန္ဒပ္ပဝတ္တိ အဓိပ္ပါယ် .... .... | .... ၃၁၁ |
| ၂၄၂ | ပဋိသန္ဓေ၏ ကာလ အဓိပ္ပါယ် .... | .... ၃၁၃ |
| ၂၄၃ | ကံ၏အာရုံ အဘွင့် .... .... | .... ၃၁၄ |
| ၂၄၄ | ကမ္မနိမိတ် အဆုံးအဖြတ် .... | .... ၃၁၅ |
| ၂၄၅ | ဂတိနိမိတ် အဆုံးအဖြတ် .... | .... ၃၁၆ |
| ၂၄၆ | ရူပါဝစရ ပဋိသန္ဓေ အာရုံ .... | .... ၃၁၈ |
| ၂၄၇ | အဝယဝတ္ထု အဓိပ္ပါယ်နှင့် ရူပပဋိသန္ဓေဝီထိ | .... ၃၁၉ |
| ၂၄၈ | အရူပပဋိသန္ဓေဝီထိ .... .... | .... ၃၂၀ |
| ၂၄၉ | အသညသတ် ပဋိသန္ဓေ၏ အာရုံ .... | .... ၃၂၁ |
| ၂၅၀ | အသညသတ်စုတိ ပဋိသန္ဓေဝီထိ .... | .... ၃၂၁ |
| ၂၅၁ | ကာမဘုံသို့ စုတေသော အသညသတ် ဝီထိပုံ | .... ၃၂၂ |
| ၂၅၂ | မဟဂ္ဂုတ် ပဋိသန္ဓေ၏ ကမ္မနိမိတ် အဓိပ္ပါယ် | .... ၃၂၃ |
| ၂၅၃ | အဝယဝတ္ထု အဓိပ္ပါယ် .... .... | .... ၃၂၄ |
| ၂၅၄ | ပုဂ္ဂိုလ် ဘုံ ဝေဘန်ပုံ .... .... | .... ၃၂၇ |
| ၂၅၅ | ဘဝဂ်သုံးပါးဖြစ် ပုဂ္ဂိုလ်များ .... | .... ၃၂၈ |
| ၂၅၆ | ဘဝင်ဖြစ်ပုံ .... .... | .... ၃၂၉ |

| ဦးရေ | အကြောင်းအရာ | မျက်နှာနံပါတ် |
|---|---|---|
| ၂၅၇ | ဘဝင် ၃-မျိုး အဓိပ္ပါယ် .... .... .... | ၃၃၀ |
| ၂၅၈ | စုတိ အဖွင့် .... .... .... | ၃၃၁ |
| ၂၅၉ | သံသရာစက် လည်ပုံ .... .... .... | ၃၃၂ |


ဘုံပိုင်း မာတိကာ ပြီး၏။

---

## ရုပ်ပိုင်း မာတိကာ


| | | |
|---|---|---|
| ၂၆၀ | ရုပ်ပိုင်း အဖွင့် .... .... .... | ၃၃၃ |
| ၂၆၁ | ရူပသမုဒ္ဒေသ အဖွင့် .... .... .... | ၃၃၅ |
| ၂၆၂ | မဟာဘူတ အဓိပ္ပါယ် .... .... .... | ၃၃၆ |
| ၂၆၃ | မဟာဘူတသာမည အဖွင့် .... .... | ၃၃၇ |
| ၂၆၄ | မဟာပရိဟာရနှင့် မဟာဝိကာရ အဖွင့် .... | ၃၃၈ |
| ၂၆၅ | မဟန္တဘူတ အဖွင့် .... .... .... | ၃၄၀ |
| ၂၆၆ | ဥပါဒါရုပ် အဓိပ္ပါယ် .... .... .... | ၃၄၁ |
| ၂၆၇ | ကောဒသဝိဓအေရ အဓိပ္ပါယ် .... .... | ၃၄၂ |
| ၂၆၈ | ဥပါဒါရုပ်နှင့် မဟာဘုတ် အထူး .... .... | ၃၄၂ |
| ၂၆၉ | မဟာဘုတ် လေးပါး အဖွင့် .... .... | ၃၄၃ |
| ၂၇၀ | ပထဝီ အပြား .... .... .... | ၃၄၃ |
| ၂၇၁ | ပထဝီ၏ လက္ခဏ,ရသ,ပစ္စုပဋ္ဌာန်,ပဒဋ္ဌာန် .... | ၃၄၄ |
| ၂၇၂ | အာပေါဓာတ် အဖွင့် .... .... .... | ၃၄၅ |
| ၂၇၃ | ၎င်း ဓာတ်အပြား .... .... .... | ၃၄၆ |
| ၂၇၄ | ၎င်းဓာတ်၏ လက္ခဏ,ရသ,ပစ္စုပဋ္ဌာန်,ပဒဋ္ဌာန် .... | ၃၄၇ |
| ၂၇၅ | တေဇောဓာတ် အဖွင့် .... .... .... | ၂၄၈ |
| ၂၇၆ | ၎င်းဓာတ်၏ လက္ခဏ,ရသ,ပစ္စုပဋ္ဌာန်,ပဒဋ္ဌာန် .... | ၃၄၈ |
| ၂၇၇ | ၎င်းဓာတ် အပြား .... .... .... | ၃၄၉ |
| ၂၇၈ | ဝါယောဓာတ် အပြား .... .... .... | ၃၅၀ |
| ၂၇၉ | ၎င်းဓာတ်၏ လက္ခဏ,ရသ,ပစ္စုပဋ္ဌာန်,ပဒဋ္ဌာန် .... | ၃၅၀ |
| ၂၈၀ | ဘူတရုပ် အဓိပ္ပါယ် .... .... .... | ၃၅၂ |
| ၂၈၁ | မဟာဘုတ် ၄-ပါး၏ အချင်းချင်း ကျေးဇူးပြုပုံ .... | ၃၅၂ |

| ဦးရေ | အကြောင်းအရာ | မျက်နှာနံပါတ် |
|---|---|---|
| ၂၈၂ | စက္ခုပသာဒ အဘွင့် .... .... .... | ၃၅၄ |
| ၂၈၃ | စက္ခုပသာဒနှင့် စက္ခုဝိညာဏ် အထူး .... .... | ၃၅၇ |
| ၂၈၄ | သောတပသာဒရုပ် အဘွင့် .... .... | ၃၅၇ |
| ၂၈၅ | ဃာနပသာဒ အဘွင့် .... .... .... | ၃၅၈ |
| ၂၈၆ | ဇိဝှါပသာဒ အဘွင့် .... .... .... | ၃၅၈ |
| ၂၈၇ | ကာယပသာဒ အဘွင့် .... .... .... | ၃၅၉ |
| ၂၈၈ | ပသာဒတို့၏ တပါးနှင့်တပါး ထူးခြားပုံ.... .... | ၃၅၉ |
| ၂၈၉ | ပသာဒငါးဖြာ ဥပမာ .... .... .... | ၃၆၁ |
| ၂၉၀ | ပသာဒရုပ်ကို ထောက်ပံ့ပုံ .... .... | ၃၆၃ |
| ၂၉၁ | ရူပ၏ လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန် .... | ၃၆၄ |
| ၂၉၂ | သဒ္ဒါရုံ အဘွင့် .... .... .... | ၃၆၄ |
| ၂၉၃ | ဂန္ဓာရုံ အဘွင့် .... .... .... | ၃၆၅ |
| ၂၉၄ | ရသာရုံ အဘွင့် .... .... .... | ၃၆၆ |
| ၂၉၅ | ဖေါဋ္ဌဗ္ဗာရုံ အဘွင့် .... .... .... | ၃၆၆ |
| ၂၉၆ | အာပေါဓာတ်ကို ကြဉ်ရသော အကြောင်း .... | ၃၆၇ |
| ၂၉၇ | ဂေါစရရုပ် အဓိပ္ပါယ် .... .... .... | ၃၆၈ |
| ၂၉၈ | ဘာဝရုပ် အဘွင့် .... .... .... | ၃၆၉ |
| ၂၉၉ | ဣတ္ထိဘာဝရုပ်၏ လက္ခဏာ,ရသ,ပစ္စုပဋ္ဌာန်,ပဒဋ္ဌာန် .... | ၃၇၀ |
| ၃၀၀ | ဋီကာကျော်အလို ပုမ္ဘော အဓိပ္ပါယ် .... .... | ၃၇၀ |
| ၃၀၁ | အဋ္ဌကထာဆရာအလို ပုမ္ဘော အဓိပ္ပါယ် .... | ၃၇၁ |
| ၃၀၂ | ပုမ္ဘော၏ လက္ခဏာ,ရသ,ပစ္စုပဋ္ဌာန်,ပဒဋ္ဌာန် .... | ၃၇၂ |
| ၃၀၃ | ဘာဝရုပ် အဓိပ္ပါယ် .... .... .... | ၃၇၂ |
| ၃၀၄ | ဣတ္ထိန္ဒြေနှင့် ဣတ္ထိလိင် စသည်အထူး .... .... | ၃၇၃ |
| ၃၀၅ | ဟဒယဝတ္ထု ရုပ်အဘွင့်.... .... .... | ၃၇၄ |
| ၃၀၆ | ဟဒယဝတ္ထု၏ ပုံသဏ္ဌာန် .... .... | ၃၇၅ |
| ၃၀၇ | ဟဒယဝတ္ထု၏ လက္ခဏာ,ရသ,ပစ္စုပဋ္ဌာန်,ပဒဋ္ဌာန် .... | ၃၇၆ |
| ၃၀၈ | ဇီဝိတရုပ် အဘွင့် .... .... .... | ၃၇၇ |
| ၃၀၉ | စောင့်ရှောက်ပုံ အဓိပ္ပါယ် .... .... | ၃၇၈ |
| ၃၁၀ | ဇီဝိတ၏ လက္ခဏာ,ရသ,ပစ္စုပဋ္ဌာန်,ပဒဋ္ဌာန် .... | ၃၈၀ |

| ဦးရေ | အကြောင်းအရာ | မျက်နှာနံပါတ် |
| --- | --- | --- |
| ၃၁၁ | အာဟာရရုပ် အတွင့် .... .... .... | ၃၀၀ |
| ၃၁၂ | အာဟာရဓာတ် ပျံ့နှံ့ပုံ အဓိပ္ပါယ် .... .... | ၃၀၁ |
| ၃၁၃ | အာဟာရရုပ် လက္ခဏ, ရသ, ပစ္စုပဌာန်, ပဒဌာန် .... | ၃၀၂ |
| ၃၁၄ | ဘ၀ရုပ်စသည် မည်ခြင်း အကြောင်း .... .... | ၃၀၄ |
| ၃၁၅ | ပရိစ္ဆေဒရုပ် အတွင့် .... .... .... | ၃၀၆ |
| ၃၁၆ | အာကာသ၏ လက္ခဏ, ရသ, ပစ္စုပဌာန်, ပဒဌာန် .... | ၃၀၇ |
| ၃၁၇ | ကာယဝိညတ်ဖြစ်ပုံ အဓိပ္ပါယ် .... .... | ၃၀၈ |
| ၃၁၈ | ၎င်းတို့ကို သိပုံ အခြင်းအရာ .... .... | ၃၉၀ |
| ၃၁၉ | ကာယဝိညတ်၏ လက္ခဏ, ရသ, ပစ္စုပဌာန်, ပဒဌာန် .... | ၃၉၁ |
| ၃၂၀ | ဝစီဝိညတ်အတွင့်နှင့် အသံဖြစ်ပေါ်လာပုံ .... | ၃၉၁ |
| ၃၂၁ | ဝစီဝိညတ်၏ လက္ခဏ, ရအ, ပစ္စုပဌာန်, ပဒဌာန် .... | ၃၉၃ |
| ၃၂၂ | ဝိကာရရုပ် အတွင့် .... .... .... | ၃၉၃ |
| ၄၂၃ | ရူပလဟုတာ အတွင့် .... .... .... | ၃၉၄ |
| ၃၂၄ | ၎င်း၏ လက္ခဏ, ရသ, ပစ္စုပဌာန်, ပဒဌာန် .... | ၃၉၄ |
| ၃၂၅ | ရူပမုဒုတာ အတွင့် .... .... .... | ၃၉၄ |
| ၃၂၆ | ၎င်း၏ လက္ခဏ,ရသ,ပစ္စုပဌာန်,ပဒဌာန် .... | ၃၉၅ |
| ၃၃၇ | ရူပ ကမ္မညတာ အတွင့် .... .... | ၃၉၅ |
| ၃၂၈ | ၎င်း လက္ခဏ, ရသ,ပစ္စုန်ပဌာန်, ပဒဌာန် .... | ၃၉၅ |
| ၃၂၉ | ရူပဿအရ အဓိပ္ပါယ်.... .... .... | ၃၉၆ |
| ၃၃၀ | ရုပ် ၃-ပါးတို့၏ အထူး .... .... | ၃၉၇ |
| ၃၃၁ | ပစ္စုပ္ပန်ဖြစ်သော အာဟာရ,ဥတုစိတ်တို့၏ အကြောင်း .... | ၃၉၈ |
| ၃၃၂ | ဝိကာရ အဓိပ္ပါယ် .... .... .... | ၃၉၉ |
| ၃၃၃ | လက္ခဏရုပ် အတွင့်နှင့် ဥပစယရုပ် အတွင့် .... | ၄၀၀ |
| ၃၃၄ | ၎င်း၏ လက္ခဏ,ရသ,ပစ္စုပဌာန,ပဒဒ်ာန် .... | ၄၀၁ |
| ၃၃၅ | သန္တတိရုပ် အတွင့် .... .... .... | ၄၀၁ |
| ၃၃၆ | ၎င်း၏လက္ခဏ,ရသ,ပစ္စုပဌာန်,ပဒဌာန်.... .... | ၄၀၂ |
| ၃၃၇ | ဥပစယနှင့် သန္တတိ အထူး .... .... | ၄၀၂ |
| ၃၃၈ | ဥပမာအားဖြင့် ရှင်းလင်းချက် .... .... | ၄၀၃ |
| ၃၃၉ | ဇရတာရုပ် အတွင့်နှင့် ဇရာ၏အပြား .... .... | ၄၀၄ |

| ဦးရေ | အကြောင်းအရာ | မျက်နှာနံပါတ် |
|---|---|---|
| ၃၄၀ | ဇရတာရုပ်၏ လက္ခဏ,ရသ,ပစ္စုပဋ္ဌာန်,ပဒဋ္ဌာန် .... | ၄၀၅ |
| ၃၄၁ | အနိစ္စတာရုပ် အဘွင့်နှင့် မရဏအပြား .... .... | ၄၀၅ |
| ၃၄၂ | အနိစ္စတာရုပ်၏ လက္ခဏ,ရသ,ပစ္စုပဋ္ဌာန်,ပဒဋ္ဌာန် .... | ၄၀၆ |
| ၃၄၃ | ဇာတိ,ဇရာ,မရဏတို့၏ ဥပမာ .... .... | ၄၀၆ |
| ၃၄၄ | လက္ခဏရုပ် အဓိပ္ပါယ် .... .... .... | ၄၀၇ |
| ၃၄၅ | ဇာတိရုပ် အဓိပ္ပါယ် .... .... .... | ၄၀၈ |
| ၃၄၆ | အနိပ္ဖန္နရုပ် အဓိပ္ပါယ် .... .... .... | ၄၁၀ |
| ၃၄၇ | ရူပသမုဒ္ဒေသ သရုပ်ခွဲ ဇယား .... .... | ၄၁၁ |
| ၃၄၈ | အပရေဝါဒ ရုပ်အပြား.... .... .... | ၄၁၂ |
| ၃၄၉ | ရူပဝိဘာဂ အပေဟတုကစသည် အဘွင့်.... .... | ၄၁၃ |
| ၃၅၀ | ဒုကနည်း အဘွင့်နှင့် အဇ္ဈတ္တိက မည်ပုံ .... .... | ၄၁၄ |
| ၃၅၁ | ဗာဟိရရုပ် အဘွင့် .... .... .... | ၄၁၆ |
| ၃၅၂ | ဝတ္ထုဒုက အဘွင့်နှင့် ဝတ္ထု,အဝတ္ထု အဓိပ္ပါယ် .... | ၄၁၇ |
| ၃၅၃ | ဒွါရဒုက အဘွင့် .... .... .... | ၄၁၈ |
| ၃၅၄ | ဣန္ဒြိယ,အနိန္ဒြိယ အဓိပ္ပါယ် .... .... | ၄၁၉ |
| ၃၅၅ | ဩဠာရိက အဓိပ္ပါယ် .... .... .... | ၄၂၀ |
| ၃၅၆ | ဩဠာရိက,သုခုမ အဓိပ္ပါယ် .... .... | ၄၂၀ |
| ၃၅၇ | သန္တိကေ,ဒူရေ အဓိပ္ပါယ် .... .... | ၄၂၀ |
| ၃၅၈ | သပ္ပဋိဃ,အပ္ပဋိဃ အဓိပ္ပါယ် .... .... | ၄၂၂ |
| ၃၅၉ | ဥပါဒိန္န အနုပါဒိန္န အဓိပ္ပါယ် .... .... | ၄၂၃ |
| ၃၆၀ | သနိဒဿနဒုက အဘွင့်.... .... .... | ၄၂၄ |
| ၃၆၁ | သနိဒဿန,အနိဒဿန အဓိပ္ပါယ် .... .... | ၄၂၄ |
| ၃၆၂ | သမ္ပတ္တ,အသမ္ပတ္တ အဓိပ္ပါယ် .... .... | ၄၂၅ |
| ၃၆၃ | မဟာအဋ္ဌကထာ ဝါဒ.... .... .... | ၄၂၇ |
| ၃၆၄ | သမ္ပတ္တ,အသမ္ပတ္တ အဆုံးအဖြတ် .... .... | ၄၂၈ |
| ၃၆၅ | အသမ္ပတ္တဖြစ်ရခြင်းအကြောင်း .... .... | ၄၃၀ |
| ၃၆၆ | သဒ္ဒါရုံ၏ ခတ်အဆက်ဆက် မလာနိုင်ပုံ .... | ၄၃၀ |
| ၃၆၇ | ပဲ့တင်သံ အဓိပ္ပါယ် .... .... .... | ၄၃၂ |
| ၃၆၈ | မဟာအဋ္ဌကထာဆရာ၏ အာဘော်ရင်း အဓိပ္ပါယ် .... | ၄၃၃ |

| ဦးရေ | အကြောင်းအရာ | မျက်နှာနံပါတ် |
| --- | --- | --- |
| ၃၆၉ | အဋ္ဌကထာဆရာ ၂-ပါး ဝါဒရှင်းလင်းချက် .... | ၄၃၅ |
| ၄၇၀ | ဂေါစရဂ္ဂါဟိက အဓိပ္ပါယ် .... .... | ၄၃၆ |
| ၃၇၁ | အဝိနိဗ္ဘောဂရုပ်နှင့် အဝိနိဗ္ဘောဂ,ဝိနိဗ္ဘောဂ အဓိပ္ပါယ် .... | ၄၃၇ |
| ၃၇၂ | အဝယဝတ္ထု အဓိပ္ပါယ် .... .... .... | ၄၃၈ |
| ၃၇၃ | ရူပဝိဘာဂ သရုပ်ခွဲ ဇယား .... ...、 | ၄၃၉ |
| ၃၇၄ | ရူပသမုဋ္ဌာနအဘွင့်နှင့် သမုဋ္ဌာန် ၄-ပါး .... | ၄၄၂ |
| ၃၇၅ | ရုပ်ဖြစ်တတ်သော ကံအဘွင့် .... .... | ၄၄၂ |
| ၃၇၆ | ခဏေ ခဏေ အဆုံးအဖြတ် .... .... | ၄၄၃ |
| ၃၇၇ | ရုပ်ကို ဖြစ်စေသောစိတ် အဘွင့် .... .... | ၄၄၄ |
| ၃၇၈ | မဓုဋီကာ၏ အဆုံးအဖြတ် .... .... | ၄၄၅ |
| ၃၇၉ | ဌီ,ဘင်,ခဏတို့၌ စိတ္တဇရုပ် မဖြစ်ခြင်း .... .... | ၄၄၆ |
| ၃၈၀ | ဈာရိယာပုထ်ကို ဖြစ်စေသောစိတ် .... .... | ၄၄၆ |
| ၃၈၁ | ဈာရိယာပထ အဓိပ္ပါယ်.... .... .... | ၄၄၇ |
| ၃၈၂ | သန္ထာမေတိ အဓိပ္ပါယ်.... .... .... | ၄၄၈ |
| ၃၈၃ | ဝိညတ်ကို ဖြစ်စေသောစိတ် အဘွင့် .... .... | ၄၄၉ |
| ၃၈၄ | ဟာသိတုပ္ပါဒ်ကို ဖြစ်စေသော အဘွင့် .... .... | ၄၅၀ |
| ၃၈၅ | ပုဂ္ဂိုလ် အရ ဟာသန ဖြစ်ပုံ .... .... | ၃၅၀ |
| ၃၈၆ | သရုပ်ခွဲ .... .... .... | ၄၅၁ |
| ၃၈၇ | ဥတုဇရုပ် အဘွင့် .... .... .... | ၃၅၂ |
| ၃၈၈ | ဌိတိပ္ပတ္တာနေဝ အဓိပ္ပါယ် .... .... | ၄၅၂ |
| ၃၈၉ | ပဋ္ဌာဇာတ ပစ္စည်းတပ်ပုံ အဓိပ္ပါယ် .... .... | ၄၅၃ |
| ၃၉၀ | အဇ္ဈတ္တသန္တာန ဗဟိဒ္ဓါ အဓိပ္ပါယ် .... .... | ၄၅၄ |
| ၃၉၁ | ယထာရဟံ အဓိပ္ပါယ်.... .... .... | ၄၅၅ |
| ၃၉၂ | ရုပ်၏ဌီ အဓိပ္ပါယ် .... .... .... | ၄၅၅ |
| ၃၉၃ | ကောဇရုပ် အဘွင့် .... .... .... | ၄၅၆ |
| ၃၉၄ | ဒွိဇရုပ် အဘွင့် .... .... .... | ၄၅၇ |
| ၃၉၅ | တိဇရုပ်အဘွင့် .... .... .... | ၄၅၈ |
| ၃၆၉ | စတုဇရုပ် အဘွင့် .... .... .... | ၄၅၉ |
| ၃၉၇ | စတုဇရုပ် အပြား .... .... .... | ၄၆၀ |

| ဦးရေ | အကြောင်းအရာ | မျက်နှာနံပါတ် |
|---|---|---|
| ၃၉၈ | စတုဇရုပ် သရုပ်ခွဲ .... .... .... | ၄၆၁ |
| ၃၉၉ | ကမ္မဇာဒိ သုံးမျိုးနှင့် စိတ္တဇာဒိ သုံးမျိုး .... | ၄၆၂ |
| ၄၀၀ | ဥတုဇာဒိ သုံးမျိုးနှင့် အာဟာရဇာဒိ သုံးမျိုး .... | ၄၆၃ |
| ၄၀၁ | နကုတောစိ သမုဋ္ဌာန် အဘွင့် .... .... | ၄၆၄ |
| ၄၀၂ | ရူပကလာပ အဘွင့် .... .... .... | ၄၆၅ |
| ၄၀၃ | ကမ္မဇကလာပ်နှင့် ဇီဝိတနဝက ကလာပ်အကြောင်း .... | ၄၆၈ |
| ၄၀၄ | စိတ္တဇရုပ် အဘွင့် .... .... .... | ၄၆၉ |
| ၄၀၅ | ဥတုဇရုပ်ကလာပ် အဘွင့် .... .... | ၄၇၀ |
| ၄၀၆ | အာဟာရဇရုပ်ကလာပ် အဘွင့် .... .... | ၄၇၂ |
| ၄၀၇ | ကမ္မဇရုပ်ကလာပ် သရုပ်ခွဲ .... .... | ၄၇၄ |
| ၄၀၈ | စိတ္တဇကလာပ် ၆-စည်း၌ သရုပ်ခွဲ .... .... | ၄၇၄ |
| ၄၀၉ | ဥတုဇကလာပ် ၄-စည်း သရုပ်ခွဲ .... .... | ၄၇၅ |
| ၄၁၀ | ခေါက်၍မေး ရုပ်သေး တရားရကြောင်း .... | ၄၇၅ |
| ၄၁၁ | ရူပပဝတ္တိက္ကမ အဘွင့် .... .... .... | ၄၇၆ |
| ၄၁၂ | ပဋိသန္ဓေအခါ ရထိုက်သော ရုပ်အဘွင့် .... | ၄၇၆ |
| ၄၁၃ | ကလာပ်ယုတ်ပုံနှင့် သံသေဒဇ အဓိပ္ပါယ် .... | ၄၇၇ |
| ၄၁၄ | ဥက္ကဋ္ဌဝသေန ဩမကဝသေန အဓိပ္ပါယ် .... | ၄၇၉ |
| ၄၁၅ | ဂဗ္ဘသေယျရုပ်ဖြစ်ပုံ အဘွင့် .... .... | ၄၈၁ |
| ၄၁၆ | ဂဗ္ဘသေယျ ပဋိသန္ဓေ တည်နေပုံ .... .... | ၄၈၂ |
| ၄၁၇ | ကလလရေကြည် ပမာဏ .... .... | ၄၈၃ |
| ၄၁၈ | ဇာတိဥဏ္ဏာ အဓိပ္ပါယ် .... .... .... | ၄၈၄ |
| ၄၁၉ | ပဋိသန္ဓေ၏နောက် ပဝတ္တိအခါ ရုပ်ဖြစ်ပုံ .... | ၄၈၅ |
| ၄၂၀ | စတုဇရုပ်တို့၏ ဖြစ်စဉ် .... .... .... | ၄၈၆ |
| ၄၂၀ | ၎င်းတို့၏ အဓိပ္ပါယ် .... .... .... | ၄၈၇ |
| ၄၂၂ | ၎င်းတို့၏ ချုပ်ပုံ .... .... .... | ၄၈၈ |
| ၄၂၃ | ၎င်းတို့၏ အစ,အဆုံး ဖြစ်ပုံ .... .... | ၄၈၉ |
| ၄၂၄ | ရူပဘုံ၌ ဖြစ်ပုံ .... .... .... | ၄၉၀ |
| ၄၂၅ | ဇီဝိတနဝကကို ဆိုရခြင်း အကြောင်း .... .... | ၄၉၁ |
| ၄၂၆ | အသညသတ်ဘုံ အဘွင့် .... .... | ၄၉၁ |

| ဦးရေ | အကြောင်းအရာ | မျက်နှာနံပါတ် |
| --- | --- | --- |
| ၄၂၇ | ဘုံအရ သရုပ်ခွဲ .... .... .... | ၄၉၃ |
| ၄၂၈ | နိဗ္ဗာနဝိဘာဂ အဘွင့် .... ... .... | ၄၉၄ |
| ၄၂၉ | နိဗ္ဗာန်ကို အာရုံပြု၍ ကိလေသာပယ်ပုံ .... .... | ၄၉၆ |
| ၄၃၀ | နိဗ္ဗာန်၏ အပြား .... .... .... | ၄၉၉ |
| ၄၃၁ | ကေဝိဓမ္မ အဓိပ္ပါယ် .... .... .... | ၅၀၀ |
| ၄၃၂ | သဥပါဒိသေသ အဓိပ္ပါယ် .... .... | ၅၀၁ |
| ၄၃၃ | အနုပါဒိသေသ အဓိပ္ပါယ် .... .... | ၅၀၂ |
| ၄၃၄ | ကာရဏပရိယာယေန အဓိပ္ပါယ် .... .... | ၅၀၃ |
| ၄၃၅ | သုညတနိဗ္ဗာန် အဓိပ္ပါယ် .... .... | ၅၀၄ |
| ၄၃၆ | အနိမိတ္တ,အပ္ပဏိဟိတနိဗ္ဗာန် အဓိပ္ပါယ် .... | ၅၀၅ |
| ၄၃၇ | နိဗ္ဗာန်၏ သဘာဝ အဘွင့် .... .... | ၅၀၆ |

ရုပ်ပိုင်း မာတိကာ ပြီး၏။

အဘိဓမ္မာဂုဋ္ဌတ္ထဒီပနီကျမ်း ဒုတိယအုပ်
မာတိကာ ပြီးပြီ။




# အဘိဓမ္မာဂဏ္ဌိဒီပနီကျမ်း။

## ဒုတိယအုပ်

---

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

ဘုံပိုင်း အဘွင့်

၁။ ။ဝီထိစိတ္တဝသေနေဝံ၊ ပဝတ္တိယမုဒီရိတော။
ပဝတ္တိသင်္ဂဟောနာမ၊ သန္ဓိယံ ဒါနိ ဝုစ္စတိ။ ။

သင်္ဂြိုဟ်ပါဌ်။

ပဝတ္တိသင်္ဂဟ-ဟူသည် ပဝတ္တိအခါ ဝီထိစိတ်တို့၏ ဖြစ်ပုံ ဖြစ်နည်းကို သင်္ဂြိုဟ် ဘော်ပြသော ဝီထိပဝတ္တိ သင်္ဂဟ, ပဋိသန္ဓေ ဘဝင် စုတိအခါတို့၌ ဝီထိမုတ်စိတ်တို့၏ ဖြစ်ပုံ ဖြစ်နည်းကို သင်္ဂြိုဟ် ဘော်ပြသော ဝီထိမုတ္တ ပဝတ္တိသင်္ဂဟ-ဟူ၍ နှစ်မျိုး ရှိသည်တွင် အောက် ဝီထိပိုင်း၌ ဝီထိပဝတ္တိ သင်္ဂဟကို ဘွင့်ဆိုဘော်ပြပြီး၍ ယခုအခါ၌ ဝီထိမုတ္တပဝတ္တိ သင်္ဂဟကို ဘော်ပြ မိန့်ဆိုအပ်၏။ ဝါ၊မိန့်ဆိုပေအံ့။ ။ဟူလို။

ဤကား ပိဏ္ဍတ္ထ။

---

☞ ဤကျမ်း၏နံပါတ်သည် ကျွန်ုပ်တို့ တိုက်ထုတ်သင်္ဂြိုဟ်ကျမ်း၏ နံပါတ်ခေါ်အတိုင်း ဖြစ်ပါသည်။ဤကျမ်းပါ သာဓကပါဌ်များ၏ နံပါတ်သည်လည်း ကျွန်ုပ်တို့တိုက်ထုတ်ကျမ်းစာအုပ်များ၏နံပါတ်အရဖြစ်ပါသည်။၎င်းသာဓကပါဌ်များ၏အနက်ကိုစာသားနှင့် မရောယှက်ရန် သီးခြား၍ အောက်တွင် ပိုက်ကွင်းစာလုံးဖြင့် ဘော်ပြထားပါသည်။ဂဏန်းစဉ်ကို သတိပြု၍ ကြည့်ရှုတော်မူကြပါကုန်။

ဓမ္မ-363-1

မှတ်ချက်။ ။ပဝတ္တိသင်္ဂဟ-ဟူသော ပုဒ်ကို။ ။ဝိတ္တုပ္ပါဒါနံ ပဝတ္တနံ သင်္ဂယှတိ ဧတ္ထ ဧတေနာ ဝါတိ ပဝတ္တိသင်္ဂဟော-ဟုပြု။ ။ဝီထိနံ ပဝတ္တိသင်္ဂဟော-ဝီထိပဝတ္တိသင်္ဂဟော။ ။ဝီထိမုတ္တာနံ ပဝတ္တိသင်္ဂဟော ဝီထိမုတ္တပဝတ္တိသင်္ဂဟော။ ။ဝီထိနံ၊ဝီထိစိတ်တို့၏။ ပဝတ္တိသင်္ဂဟော၊ဖြစ်ပုံဖြစ်နည်းကို။ရေတွက်ရာ ရေတွက်ကြောင်းသည်။ ဝီထိပဝတ္တိသင်္ဂဟော၊မည်၏။ ။ဝီထိမုတ္တာနံ၊ ဝီထိစိတ်မှ လွတ်ကုန်သော။ ပဋိသန္ဓေစိတ်,ဘဝင်စိတ်,စုတိစိတ်တို့၏။ ပဝတ္တိသင်္ဂဟော၊သည်။ ဝီထိမုတ္တပဝတ္တိသင်္ဂဟော၊မည်၏။ ။ဟုပေး။ ။ သင်္ဂြိုဟ်၌ သန္ဓိယံ-ဟုဆိုသော်လည်း အဝုတ္တသိဒ္ဓိနည်း,ဝိရူပေကသေသနည်း, ဥပလက္ခဏနည်း, ပဓာနနည်း-အားဖြင့် ဆိုအပ်သော စကားဖြစ်၍ ဘဝင်ကာလ, စုတိကာလ- တို့ကိုလည်း ယူအပ်ကုန်၏။ထိုတွင် ပဋိသန္ဓေစိတ်၏ဖြစ်ရာ ဥပါဒ်,ဌီ,ဘင်-ဟုဆိုအပ်သော ခဏတ္တယမျှ ကာလသည် ပဋိသန္ဓေ အခါမည်၏။ စုတိစိတ်၏ဖြစ်ရာ ခဏတ္တယမျှ ကာလသည် စုတိကာလမည်၏။ ပဋိသန္ဓေ အခါမှနောက် ပဌမဘဝင်မှစ၍ စုတိ၏ အခြားမဲ့ဖြစ်သော စိတ်တို့၏ ဖြစ်ရာ အခါသည် ဝါ-ပဋိသန္ဓေ တည်နေပြီးသည်မှ မသေမီအတွင်းကာလသည် ပဝတ္တိကာလမည်၏ ဟုမှတ်။ ။သို့ဖြစ်၍ ပဋိသန္ဓေ စတုက္က,မရဏုပ္ပတ္တိ စတုက္ကနှစ်ပါးသည်သာ မုချအားဖြင့် ဝီထိမုတ္တသင်္ဂဟ မည်၏။ ဘူမိစတုက္ကကိုကား ထိုစတုက္ကနှစ်ပါး၏ ဖြစ်ရာကို ပြခြင်းငှါ မိန့်အပ်၏။ ကမ္မစတုက္ကကိုမူကား ဖြစ်ကြောင်းတရားကို ပြခြင်းငှါ မိန့်ဆိုအပ်၏ ဟု သိ။

ဆောင်ပုဒ်။ ။ဝီထိစိတ်ဖြစ်၊ဝိမုတ်ဖြစ်၊မှတ်လစ် ပဝတ္တိ-အပြားတည်း။

---

## စတုက္က ၄-ပါး အဘွင့်

၂။ ။စတဿော ဘူမိယော။ပ။စတ္တာရိ စတုက္ကာနိ ဝေဒိတဗ္ဗာနိ။

သင်္ဂြိုဟ်ပါဌ်။

၁-ဘုံလေးပါးတို့၏ အကြောင်းကို အကျယ်တဝင့် ဘွင့်ပြသော ဘူမိစတုက္က၊ ၂-ပဋိသန္ဓေ လေးပါးတို့၏ အကြောင်းကို အကျယ်တဝင့် ဘွင့်ပြ

သော ပဋိသန္ဓိစတုက္က။ ၃-ကံလေးပါးတို့၏ အကြောင်းကို အကျယ်တဝင့် ဘွင့်ပြသော ကမ္မစတုက္က။ ၄-သေခြင်းအပြား ၄-ပါးတို့၏ အကြောင်းကို အကျယ်တဝင့် ဘွင့်ပြသော မရဏုပ္ပတ္တိစတုက္က အားဖြင့် လေးပါးသော စတုက္ကတို့ကို ဤဘုံပိုင်း၌ သိအပ်ကုန်၏။ဝါ၊ ဤဘုံပိုင်းကို ဆိုအပ်ခဲ့ပြီးသော လေးပါးသော စတုက္ကတို့ဖြင့် ဝေဘန်ပိုင်းခြား ထင်ရှားစွာ ဘော်ပြပေအံ့။ ဟူလို။

ဤကား-ဝိဂ္ဂဟတ္ထ။

---

**မှတ်ချက်**။ ။ဤ၌ စတုက္က-ဟူသည် စတုန္နံ သမူဟော စတုက္ကော-ဝိဂြိုဟ်အရ လေးပါးသော ဘုံစသည်တို့၏ အပေါင်း အစုပင်တည်း။ ။ဘုံလေးပါးတို့၏ အပေါင်းသည် မုချအားဖြင့် ဘူမိစတုက္က-မည်၏။ငင်း-ဘုံစသည်တို့၏ အဓိပ္ပါယ် အကျယ်ကို ဘော်ပြရာ ဖြစ်သော အပိုင်း ကဏ္ဍသည်လည်း ဥပစာအားဖြင့် ဘူမိစတုက္ကမည်၏။ ။(ကြွင်း နည်းတူသိ)။

---

**ဘူမိစတုက္ကအဘွင့်**

၃။ ။**တတ္ထ အပါယဘူမိ၊ ကာမသုဂတိဘူမိ၊ ပ။**
**စတဿော ဘူမိယော နာမ**။

သဂြိုဟ်ပါဌ်။

ထိုလေးပါးသော စတုက္ကတို့တွင် ဘူမိစတုက္ကကို ရှေးဦးစွာမိန့်ဆိုပေအံ့။ ဤ၌ ဘူမိစတုက္က-အရ ဘုံတို့သည် ၁-အပါယ်ဘုံ၊ ၂-ကာမသုဂတိဘုံ၊ ၃-ရူပါဝစရဘုံ၊၄-အရူပါဝစရဘုံဟူ၍ ၄-ပါး အပြားရှိကုန်၏။ ။ဟူလို။

ဤကား ဝိဂ္ဂဟတ္ထ။

---

**ဘုံ၏ အဓိပ္ပါယ်**

ဘဝန္တိ ဧတ္ထာတိ ဘူမိ။

ဧတ္ထ၊ ဤအရပ်၌။ သတ္တာ၊ သတ္တဝါတို့သည်။ ဘဝန္တိ၊ ဖြစ်တတ်ကုန်၏။ ဣတိ တသ္မာ၊ ထိုသို့ ဖြစ်ရာဖြစ်သော သတ္တိကြောင့်။ ဘူမိ၊ဘုံ-မည်၏ ။

သတ္တဝါတို့၏ ဖြစ်ရာ,တည်နေရာဖြစ်သောကြောင့် ဘုံမည်၏။ ထိုဘုံသည် ၁-ဌာနဘုံ၊ အဝတ္ထာဘုံဟူ၍၂-မျိုး ပြား၏။၁-လူ့ပြည် နတ်ပြည်စသော သတ္တဝါတို့၏ တည်ရာ ဌာနသည် ဌာနဘုံ မည်၏။ ၂-စိတ်,စေတသိက် ပရမတ္ထတရားတို့၏ ဖြစ်ရာအခိုက်အတန့်သည် အဝတ္ထာဘုံမည်၏။ထိုနှစ်ပါး တို့တွင် ဌာနဘုံသည် ၃၁-ပါးရှိ၏။ အဝတ္ထာဘုံကား ၄-ပါးရှိ၏။သို့ဖြစ်၍ ဘုံတို့သည် ၃၅-ပါး အပြားရှိကုန်၏။

သောတာပန္နာဒိဘေဒေန၊စတုဓာနုတ္တရာ မတာ။
ပဥ္စတိံသ ပနိစ္စေဝံ၊သဗ္ဗထာပိ စ ဘူမိယော။

ပရမတ္ထဝိနိစ္ဆယ အဋ္ဌကထာ။

သောတာပန္နာဒိဘေဒေန၊ သောတာပန် ပုဂ္ဂိုလ်တို့၏ ဖြစ်ရာ ဘုံစသော အပြားအားဖြင့်။ အနုတ္တရာ၊ အဝတ္ထာဖြစ်သော လောကုတ္တရာဘုံတို့ကို ။စတုဓာ၊ လေးပါးအပြားရှိကုင်၏ဟူ၍။ မတာ၊သိအပ်ကုန်၏။ဣစ္စေဝံ၊ ဤသို့လျှင်။ သဗ္ဗထာပိ၊ အလုံးစုံသော ဌာန, အဝတ္ထ-တို့၏ အပြား အားဖြင့်လည်း။ ဘူမိယော၊ဘုံတို့သည်။ ပဉ္စတိံသ၊၃၅-ဘုံတို့သည်။ဟောန္တိ၊ကုန်၏။

(ဎင်း အဝတ္ထာဘုံ၏ အဓိပ္ပါယ်ကို အောက်၌ ဘွင့်ဆိုခဲ့ပြီ)။

**ဆောင်ပုဒ်**

ဩကာသဘုံ၊ဝတ္ထာဘုံ၊မှတ်ကုန်-ဘုံအပြား။

---

**ဘုံလေးပါး အဓိပ္ပါယ်**

အယတော ယေဘုယျေန အပဂတောတိအပါယော။

အယတော၊ ကောင်းမှုမှ။ ယေဘုယျေန၊များသောအားဖြင့်။အပဂတော၊ ကင်းသည်တည်း။ ဣတိတသ္မာ၊ကြောင့်။အပါယော၊ အပါယ် မည်၏။ ။ များသောအားဖြင့် ကုသိုလ်ကောင်းမှုမှ ကင်းသောကြောင့် အပါယ်မည်၏။ အပ္ပက အားဖြင့်ကား နဂါး,ဂဠုန်-စသော တိရစ္ဆာန်တို့အား ကုသိုလ် ကောင်းမှုဖြစ်သေး၏ ဟု မှတ်။ထိုကြောင့် ယေဘုယျေန ဟု မိန့်ဆိုအပ်၏။

အပါယော ဝေ ဘူမိတိ အပါယဘူမိ။

အပါယော ဝေ၊အပါယ်သည်ပင်လျှင်။ ဘူမိ၊ဘုံမည်၏။ ဣတိ၊ကြောင့်။ အပါယဘူမိ၊၏။

ပုညကာရီဟိ ဂန္တဗ္ဗာတိ ဂတိ။

ပုညကာရီဟိ၊ကုသိုလ်ကောင်းမှု ပြုလေ့ရှိကုန်သော သူတို့သည်။ဂန္တဗ္ဗာ၊ ရောက်အပ်၏။ ဣတိ တသ္မာ၊ ထိုသို့ ရောက်အပ်သော သတ္တိကြောင့်။ ဂတိ၊ ဂတိ-မည်၏။

သောဘဏာ ဂတိ သုဂတိ။

သောဘဏာ၊ ကောင်းမြတ်တင့်တယ်သော။ ဂတိ၊ဂတိ-တည်း။ သုဂတိ၊ ကောင်းသော ဂတိ။ ။(အဓိပ္ပါယ် ပေါ်လွင်၏)။

ကာမေန သဟာ စရိတာ သုဂတိ ကာမသုဂတိ။
ကာမသုဂတိ ဧဝ ဘူမိ ကာမသုဂတိဘူမိ။

ကာမေန၊ ကာမတဏှာနှင့်။ သဟာစရိတာ၊ တကွဖြစ်သော။ သုဂတိ၊ သုဂတိသည်။ ကာမသုဂတိ မည်၏။ ။ကာမသုဂတိ ဧဝ၊ကာမသုဂတိ ဖြစ်သော။ ဘူမိ၊ ဘုံသည်။ ကာမသုဂတိဘူမိ၊ မည်၏။ ။(ကြွင်းနည်းတူပြု။ လွယ်ပြီ)။

*ဤ သုဂတိသဒ္ဒါသည် ကောင်းမြတ်သော ဂတိမှန်သမျှကို ဟော သဖြင့် ရူပဘုံ,အရူပဘုံ-များလည်း ကောင်းမြတ်သော ဘုံများပင်ဖြစ်၍ ရူပါ ဝစရသုဂတိဘူမိ, အရူပါဝစရသုဂတိဘူမိ ဟု ဆိုသင့်ပါလျက် မဆိုပါဘဲ အဘယ်ကြောင့် ကာမဘုံကိုသာ ကာမသုဂတိဘူမိ ဟု သုဂတိသဒ္ဒါနှင့် ဆိုရပါသနည်း ဟူမူ။ရူပဘုံ,အရူပ-ဘုံများကား သုဂတိဘုံ ကေန်ဖြစ်ကြ၍ လျဉ်းပါးဘွယ်မရှိ။ ကာမဘုံသည်သာလျှင် ဒုဂ္ဂတိကာမဘုံ,သုဂတိ ကာမ ဘုံဟု ကာမဘုံ ၂-မျိုး ရှိသဖြင့် လျဉ်းပါးဘွယ် ရှိရကား ကာမ ၁၁-ဘုံ အနက် အပါယ်ဒုဂ္ဂတိ လေးဘုံကို နစ်စေခြင်း အကျိုးငှါ သုဂတိသဒ္ဒါဖြင့် ဝိသေသ-မ၍၊"ကာမသုဂတိဘူမိ"ဟု မိန့်တော်မူအပ်ပါသတည်း။

**ဆောင်ပုဒ်။** ။ရူပ,အရူပ၊ယင်း နှစ်ဝ၊မုချ-သုဂတိ။
ကာမဥ္စကား၊ဒု·သု·ပြား၊ခွဲခြား-သုဂတိ။

## အပါယ်လေးဘုံ အဘွင့်

၄။ ။တသြ နိရယော။ပ။အပါယဘူမိ စတုဗ္ဗိဓာ ဟောတိ။

သင်္ဂြိုဟ်ပါဠိ။

ထိုဘုံ ၄-မျိုးတို့တွင် အပါယ်ဘုံသည် ၁-ငရဲဘုံ၊ ၂-တိရစ္ဆာန်ဘုံ၊ ၃-ပိတ္တာဘုံ၊ ၄-အသုရကာယ်ဘုံ-ဟူ၍ ၄-ပါး အပြားရှိ၏။ ။ဟူလို။

ဤကား ပိဏ္ဍတ္ထ။

---

## ငရဲ အဓိပ္ပါယ်

ငရဲ-ဟူသော အနက်ကို ဟောသော နိရယ-သဒ္ဒါသည်နိ-ပုဒ်၊အယ-ပုဒ် ဖြစ်၍-

အယတော နိဂ္ဂတောတိ နိရယော။

ဟုပြု။ ။အယတော၊ချမ်းသာသုခမှ။နိဂ္ဂတော၊ကင်းသည်တည်း။ဣတိ၊ ကြောင့်။ နိရယော၊ ငရဲ-မည်၏။ ။ချမ်းသာသုခမှ ကင်းသောကြောင့် ငရဲမည်၏။ ။ဟူလို။

ထိုငရဲသည် လောကဓာတ် အတွင်း၌ တည်ရှိသော လောကိကငရဲ လောကဓာတ်တို့၏ အကြား၌တည်ရှိသော လောကန္တရိက ငရဲဟူ၍ ၂-မျိုး ရှိ၏။ လောကိက-ငရဲသည်လည်း ၁-သိဉ္ဇိုး၊ ၂-ကာဠသုတ်၊ ၃-သံဃာတ၊ ၄-ရောရုဝ၊-မဟာရောရုဝ၊၆-တာပန၊ ၇-မဟာတာပန၊ ၈-အဝီစိ-ဟူ၍ ရှစ်ထပ်,ရှစ်မျိုး အပြားရှိ၏။

> သဉ္ဇီဝေါ ကာဠသုတ္တော စ၊သံဃာတော ဒွေ စ ရောရုဝါ။
> အထာပရော မဟာဝီစိ၊တာပနော စ ပတာပနော။ ။
>
> ဣစ္စေတေ အဋ္ဌ နိရယာ၊အက္ခာတာ ဒုရတိက္ကမာ။
> အာကိဏ္ဏာ လုဒ္ဒကမ္မေဟိ၊ပစ္စေကာ သောဠသုဿဒါ။ ။

သဒ္ဒနီတိ သံကိစ္စဇာတ် ပါဠိတော်။

သဉ္ဇီဝေါစ၊ငင်း။ကာဠသုတ္တောစ၊ငင်း။သံဃာတောစ၊ငင်း။ဒွေစရောရုဝါ၊ နှစ်ပါးသော ရောရုဝငရဲ,မဟာရောရုဝငရဲတို့ငင်း။အထာပရော၊ထိုမှတပါး။ တာပနော စ၊ငင်း။ ပတာပနော စ၊မဟာတာပနငရဲငင်း။အဝီစိစ၊ ငင်း။ဣတိ၊

သို့။အဌ္ဌ၊ရှစ်ပါး၊ဘုန်သော။ ဒုရုတိက္ကမာ၊လွတ်နိုင်ကျွတ်နိုင်ခဲကုန်သော။ လုဒ္ဒကမ္မေဟိ၊ ယုတ်ညံ့ဆိုးရွား အကုသိုလ်ကံများနှင့် ပြည့်စုံသော သူတို့နှင့်။ အာကိဏ္ဏာ၊ ပြည့်ကြပ်ကုန်သော။ဧတေ နိရယာ၊ဤငရဲကြီး ရှစ်ထပ်တို့ကို။ ဘဂဝတာ၊သည်။ အက္ခာတာ၊ ဟောတော်မူအပ်ကုန်၏။ ပစ္စေကာ၊ အသီးအသီး။ ဝါ၊ငရဲတခုတခု၌။ သောဠသုဿဒါ၊ဥဿဒငရဲငယ် တဆဲ့ခြောက်ခုတို့သည်။ တိဋ္ဌန္တိ၊ခြံရံကာ တည်နေကြကုန်၏။ ။(၎င်း ဥဿဒငရဲအဓိပ္ပါယ်သည် နောက်၌ ထင်ရှားလတ္တံ့.)။

ဆောင်ပုဒ်

သိဋ္ဌိုး ကာဠ၊ သင်္ဃာတနှင့်၊ ဒွယ ရောရုနှစ်ခု-တာပံ၊ တဘန် ဝိစိ၊
ရှစ်ပါးရှိ၊မှတ်ဘိ-ငရဲရွာ။

---

## ၁-သိဋ္ဌိုး ငရဲခန်း

ငရဲကြီး ရှစ်ထပ်တို့၏ အဓိပ္ပါယ်ကို စာသင်နုပျို များထိုထိုတို့ မငြိုမငြင် မပင်မပန်း ခွဲခြမ်းစိတ်ဖြာ လွယ်ကူစွာ သိစိမ့်သောငှါ ငရဲ၏ ဝိဂ္ဂဟ်, ငရဲ၏ သဘော, ငရဲ၏ အသက် အပိုင်းအခြား, ငရဲသို့ ရောက်စေတတ်သော အကုသိုလ်ကံတို့ကို ကန့်သတ်ပိုင်းခြားကာ သေချာစွာ ဘော်ပြပေအံ့။

သံ-ပုနပ္ပုနံ ဇီဝန္တိ ဧတ္ထာတိ သဉ္ဇီဝေါ။

ဧတ္ထ၊ ဤငရဲ၌။ နေရယိကသတ္တာ၊ငရဲသူ သတ္တဝါတို့သည်။ သံ-ပုနပ္ပုနံ၊ အဖန်တလဲလဲ။ ဇီဝန္တိ၊အသက် ရှင်တတ်ကုန်၏။ ဣတိ၊ ကြောင့်။ သော နိရယော၊သည်။သဉ္ဇီဝေါ၊သိဋ္ဌိုးမည်၏။

ငရဲထိန်းတို့သည် အလျှံတပြောင်ပြောင် တောက်သော အထူးထူးသော လက်နက်တို့ကို ကိုင်ကာ အပိုင်းအပိုင်း အမျှင်မျှင် ပြုအပ်ကုန်သော ငရဲသူ သတ္တဝါတို့၏ အဖန်တလဲလဲ အသက်ရှင်ရာ ဖြစ်သောကြောင့် သိဋ္ဌိုးငရဲ မည်၏။ ။ဟူလို။

### အသက် အပိုင်း အခြား

ဤငရဲ၏ အသက်ကား အနှစ်ငါးရာ တိုင်တိုင် ရှည်၏ဟုမှတ်။ ။လူတို့၏ အရေအတွက် အနှစ်ကိုးသန်း, စတုမဟာရာဇ် နတ်တို့၏ အရေအတွက် အနှစ်ငါးရာသည် သိဋ္ဌိုးငရဲ၏ တနေ့နှင့်တညဉ့်၊ ဝါ-တရက်သာဖြစ်၏။

ထိုရက်ပေါင်း သုံးဆယ်သည် တလ၊ထိုလပေါင်း တဆဲ့နှစ်လသည် တနှစ်၊ ထိုနှစ်ပေါင်း ငါးရာသည် သိဉ္ဇိုးငရဲ၏ အသက်ဖြစ်၏။ ။ဟူလို။

ဤအသက် အရေအတွက်ကား ငရဲဘုံ၏ အသက်တမ်းမျှ ဖြစ်ပေသည်၊ သို့သော် ကျခံသော သူတို့သည် အကြင် မျှလောက် ကာလ ပတ်လုံး အကုသိုလ်ကံ မကုန်သေး၊ ထိုမျှလောက် ကာလပတ်လုံး မလွတ်မြောက်နိုင် ကြကုန်ဟု သိ။

အပါယေသု ဟိ ကမ္မမေဝ ပမာဏံ၊
ယာဝ ကမ္မံ န ခီယတိ၊တာဝ စဝနာဘာဝတော။ ။

ဋီကာကျော်။

## ၎င်းငရဲသို့ ကျရောက်သောကံ

ဤငရဲသို့ အဘယ်မကောင်းမှုကံကြောင့် ကျရောက်ပါသနည်း ဆိုသော် ဤလောက၌ အကြင်သူသည် မာန်မာနကြီး၏၊ အမျက်ဒေါသ ထတတ်၏၊ ခိုက်ရန်ဖြစ်တတ်၏၊စဉ်းလဲကောက်ကျစ်တတ်၏၊သူတထူး အပေါ်၌ သနား ညှာတာခြင်း နည်းပါးတတ်၏၊ရက်စက် ကြမ်းကြုတ်တတ်၏၊ ထိုသူတို့သည် ဤသိဉ္ဇိုးငရဲ၌ ကျတတ်ကုန်သတည်း။

**ဆောင်ပုဒ်။** ။သိဉ္ဇိုး သက်စစ်၊ငါးရာနှစ်၊မှတ်လစ် မြဲသေချာ။

---

## ကာဠသုတ် ငရဲကား

ကာဠသုတ္တံ ပါပေတွာ အဋ္ဌံသေ သောဠသံသေ
ကရောန္တိ တစ္ဆန္တိ ဧတ္ထာတိ ကာဠသုတ္တော။

ဧတ္ထ၊ ဤငရဲ၌။ ကာဠသုတ္တံ၊ အလျှံပြောင်ပြောင် တောက်လောင်သော တမျဉ်းကြိုးကို။ ပါပေတွာ၊ချ၍။ အဋ္ဌံသေ စ၊ရှစ်မြှောင့်တို့ကိုငှင်း။ သောဠ သံသေ စ၊ တဆယ့်ခြောက်မြှောင့်တို့ကိုငှင်း။ ကရောန္တိ-တစ္ဆန္တိ၊ ရွေတတ် ကုန်၏။ ဣတိတသ္မာ၊ထိုသို့ရွေရာဖြစ်သော သတ္တိကြောင့်။ သော နိရယော၊ ထိုငရဲသည်။ကာဠသုတ္တော၊ကာဠသုတ် ငရဲမည်၏။

သစ်များကို လက်သမားသည် တမျဉ်းကြိုးသား၍ ထားမ,ပေါက်ဆိန် စသည်တို့ဖြင့် ခုတ်ရွေဘိသကဲ့သို့ အလျှံတပြောင်ပြောင် တောက်သော တမျဉ်းကြိုးတို့ဖြင့် သားကာ ရှစ်မြှောင့်, ၁၆-မြှောင့် ရွေ၍ ညှဉ်းဆဲရာ ဖြစ်သော ငရဲသည် ကာဠသုတ် ငရဲမည်၏။ ။ဟူလို။

## ငှင်းငရဲ အသက်

ထိုကာဠသုတ် ငရဲ၏ အသက်ကား တထောင်ရှိ၏။ အရေအတွက် နှိုင်းယှဉ်သည်ရှိသော် တာဝတိံသာနတ်ပြည်၏ အသက်သည် နတ်သက် နှစ်ပေါင်း တထောင်ရှိ၏၊ လူတို့၏ နှစ်အရေအတွက်အားဖြင့် ဆိုသော် နှစ်ပေါင်း သုံးကုဋေခြောက်သန်းသည် ငှင်းကာဠသုတ် ငရဲ၏ တရက်ဖြစ်၏၊ ကြွင်းသော အသက်ကို နှိုင်းချိန်၍ ရေတွက်သိရှိလေ။

## ငှင်းငရဲသို့ ရောက်ကြောင်းကံ

ဤကာဠသုတ်ငရဲသို့ အဘယ်မကောင်းမှုကံကြောင့် ကျရောက်ပါသနည်း ဆိုသော်။ ။အကြင် သူသည် ရဟန်း သံဃာတော်တို့ကို ဘတ်ပုတ် ညှဉ်းဆဲတတ်၏၊ ဆဲရေးတိုင်းထွာ,မရှိမသေပြုတတ်၏၊ ထိုလူမျိုးသည်ငှင်း, အကြင်သူသည် လူကြီးမိဘ-စသည်တို့ကို သတ်တတ်၏၊ ညှဉ်းပန်းနှိပ်စက် တတ်၏၊ ထိုလူမျိုးသည် ငှင်း ဆိုအပ်ခဲ့ပြီးသော ကာဠသုတ်ငရဲ၌ ကျရောက် တတ်၏။

ယော စ ပဗ္ဗဇိတံ ဟန္တိ၊ကတကိစ္စံ မဟေသိနံ။
သ-ကာဠသုတ္တေ နိရယေ၊စိရရတ္တာယ ပစ္စတိ။ ။

ပါဠိဇာတ် ပါဠိတော်။

ယောစ၊ အကြင်သူသည်ကား၊ ကတကိစ္စံ၊ပြုအပ်ပြီးသော ကိစ္စရှိသော။ မဟေသိနံ၊မြတ်သော သီလက္ခန္ဓစသည် ကျေးဇူး ဂုဏ်အထူးကို ဆည်းပူး ရှာမှီးလေ့ရှိထသော။ ပဗ္ဗဇိတံ၊ရဟန်းကို။ ဟန္တိ၊ သတ်ပုတ် ညှဉ်းဆဲ၏။ သ-သော၊ထိုသူသည်။ ကာဠသုတ္တေနိရယေ၊ကာဠသုတ်ငရဲ၌။ စိရရတ္တာယ၊ ရှည်မြင့်စွာသော နေ့ညဉ့်တို့ကာလပတ်လုံး။ပစ္စတိ၊ဆင်းရဲလွန်စွာ ကျက်ရ ရှာ၏။

ယော လောဘာ ပိတရံ ဟန္တိ၊ဒေါသာ ဝါ ပုရိသာဓမော။
သ ကာဠသုတ္တေ နိရယေ၊စိရရတ္တာယ ပစ္စတိ။ ။

သံကိစ္စဇာတ် ပါဠိတော်။

ပုရိသာဓမော၊ စိတ်ထားမဟုတ် ယောက်ျားယုတ် ဖြစ်သော။ ယော၊ အကြင် သူသည်။ လောဘာ ဝါ၊ မွေနှစ်ဥစ္စာ ရလိုပါသော လောဘဇော ကြောင့်ငှင်း။ ဒေါသာ ဝါ၊ ခက်ကြမ်းပြင်းပြ အမျက်ဒေါသကြောင့်ငှင်း။

ဝိတရံ၊ မွေးသည့်ဘခင်၊ ကျေးဇူးရှင်ကို။ ဟန္တွာ၊ သတ်ဖြတ် ညှဉ်းဆဲ၍။ သ-သော၊ ထိုသားယုတ်ထည်။ ကာဠသုတ္တေ နိရယေ၊ ကာဠသုတ်ငရဲ၌။ စိရရတ္တာယ၊ ရှည်မြင့်စွာသော ကာလပတ်လုံး။ ပစ္စတိ၊ ဆင်းရဲလွန်စွာ ကျက်ရရှာ၏။

ဆောင်ပုဒ်။ ။ကာဠသုတ်တွက်၊ ငရဲသက်၊ မှတ်ချက် နှစ်တထောင်။

---

## ၃-သံဃာတ ငရဲတော်း

အယပဗ္ဗတာ သံပုနပ္ပုနံ ဟနန္တိ ဃေတ္တာတိ သံဃာတော။

ဃေတ္တ၊ ဤငရဲ၌။ အယပဗ္ဗတာ၊ အလျှံပြောင်ပြောင်တောက်သော သံတောင်တို့သည်။ သံ-ပုနပ္ပုနံ၊ အဖန်တလဲလဲ။ ဟနန္တိ၊ ကြိတ်တတ်ကုန်၏။ ဣတိ တသ္မာ၊ ထိုသို့ ကြိတ်ရာဖြစ်သော သတ္တိကြောင့်။ သော နိရယော၊ သည်။ သံဃာတော၊ သံဃာတငရဲမည်၏။

အဓိပ္ပါယ်ကား။ ။အရပ်လေးမျက်နှာမှ အလျှံပြောင်ပြောင် တောက်လောင်သော သံတောင်ကြီးလေးလုံးတို့သည် ကိုးယူဇနာရှိသော သံမြေ၌ ခါးတိုင်အောင်မြှုပ်၍ မလှုပ်မရှားနိုင်အောင် ပြုပြီးမှ မိုဃ်းကြိုးသံကဲ့သို့ ပြင်းစွာ မြည်ဟီးလျက် တပြိုင်နက်လာကြပြီးလျှင် ကျောက်ဖျာပေါ်၌ တင်ထားသော မုန့်ညင်းစေ့ကို ကျောက်တုံးဖြင့် ကြိတ်ဘိသကဲ့သို့ ငရဲသူသတ္တဝါတို့ကို ကြိတ်ခါ နှိပ်စက်ရာ ငရဲဖြစ်သောကြောင့် သံဃာတငရဲမည်၏။ ။ ဟူလို။

## ငရဲငရဲ အသက်

ဤသံဃာတငရဲသက်ကား နှစ်ပေါင်း နှစ်ထောင်ရှည်၏။ အရေအတွက်ကို နှိုင်းယှဉ်ကြည့်သော် အထက် ယာမာနတ်ပြည်၌ နတ်သက်နှစ်ပေါင်း နှစ်ထောင်ရှိ၏၊ လူတို့၏ အရေအတွက်ဖြင့် ရေတွသော် တဆယ့်လေး ကုဋေခြောက်သန်း ရှိ၏။ ထိုလူတို့၏ အရေအတွက် တဆယ်လေးကုဋေ ခြောက်သန်း ရှိသော ယာမာနတ်သက် နှစ်ထောင်သည် သံဃာတငရဲ၏ အသက်တရက်မျှ ဖြစ်၏။ ကြွင်းအသက်ကို နှိုင်းချိန်၍ ရေတွက်သိရှိလေ။

## ငရဲငရဲသို့ ရောက်ကြောင်းကံ

ဤငရဲသို့ အဘယ် မကောင်းမှု ကံကြောင့် ကျရောက် ရပါသနည်းဆိုသော် အကြင်သူသည် လှည်းရထားဝန် အလွန်အကျွံတင်ခါ ရုန်းရှာသော

ဆင်,မြင်း,ကျွဲ,နွား-စသည်တို့ကို ရိုက်နှက်ပုတ်ခတ် နှိပ်စက်တတ်၏။ ထိုသူမျိုးသည်၎င်း။ငှက်မုဆိုး,သားမုဆိုး,စစ်ထိုးတိုက်ခတ်သောသူ, လူသူတို့ကို သတ်ဖြတ်ညှဉ်းဆဲတတ်သော အမတ် စစ်သူကြီး စသောသူမျိုး,အလှူပေး၍ အကျိုးမရှိ, သီလစောင့်၍ အကျိုးမရှိ ဟု အယူရှိ၍ မကောင်းမှု ဒုစရိုက်ဖြင့်သာ အသက်မွေး၍နေသော သူတို့သည် ဤသံဃာတငရဲ၌ ကျရောက်ကုန်လေသတည်း။

**ဆောင်ပုဒ်** ။သံဃာတတွက်၊ငရဲသက်၊မှတ်ချက် နှစ်-နှစ်ထောင်။

---

## ၄-ရောရုဝ ငရဲခန်း

ရုရု လောဟိတဇာလာ ပုဏ္ဏာ ဇ္ဇောတိ ရောရုဝေါ။

ဇ္ဇော၊ ဤငရဲ၌။ ရုရု-လောဟိတဇာလာ၊ သွေးအလျှံသည်။ ပုဏ္ဏံ၊ပြည့်၏။ ဇုတိတသ္မာ၊ဤသို့ပြည့်ရာဖြစ်သော သတ္တိကြောင့်။ သော နိရယော၊သည်။ ရောရုဝေါ၊ရောရုဝငရဲမည်၏။ ။ရုရု မဟာသဒ္ဒေါ ဇ္ဇောတိ ရောရုဝေါ-ဟုလည်း မိန့်တော်မူကြကုန်၏။

အဓိပ္ပါယ်ကား။ ။တကမ္ဘာပတ်လုံးတည်သော ပြည့်ပြည့်ရွှဲရွှဲ သွေးအလျှံကဲ့သို့သော မီးအလျှံတို့သည် ငရဲသားသတ္တဝါတို့၏ ဒွါရကိုးပေါက်မှ ဝင်၍ လောင်ကုန်သောကြောင့် လွန်စွာ ကျင်နာသဖြင့် ပြင်းစွာသော အသံဖြင့် ဟစ်အော်မြည်တမ်း ခံစားကြရ၏။ ထိုသို့ ခံစားရာဖြင့်သော ငရဲသည် ရောရုဝငရဲမည်၏။ ။ဟူလို။

### ၎င်းငရဲ အသက်

ထိုရောရုဝငရဲသို့ ကျရောက်သူတို့သည် နှစ်ပေါင်း ငရဲသက်လေးထောင်ရှိ၏၊နှစ်အရေအတွက် နှိုင်းယှဉ်သည်ရှိသော် အထက် တုသိတာနတ်ပြည်၌ နတ်သက်သည် နှစ်ပေါင်း လေးထောင်။လူတို့၏ အရေအတွက်အားဖြင့် ဆိုသော်၊ငါးဆွဲခုကုဋေ ခြောက်သန်းသည် ၎င်းရောရုဝ ငရဲ၏တရက်မျှသာ ဖြစ်၏။ ။(ကြွင်းနည်းတူ နှိုင်းချိန်၍သိ)။

### ၎င်းငရဲသို့ ရောက်ကြောင်းကံ

ဤငရဲသို့ အဘယ် အဘယ်ကုသိုလ်ကံကြောင့် ကျရောက်ရပါသနည်း ဆိုသော် အကြင်သူသည် တောမီးရှို့တတ်၏။ အင်းကိုလုပ်ခါ အသက်မွေးတတ်၏၊ကြက်,ငှက်တို့ကို လှောင်ခါ သတ်ဖြတ် ရောင်းချစားတတ်၏ အရှင်

လတ်လတ် မီး၌ရင်း အိုးခင်း၌ရင်း ဆီပူ ရေပူတို့၌ရင်း ကြက်,ငှက်,ဝက်, သတ္တဝါတို့ကို သတ်ဖြတ် ညှဉ်းဆဲတတ်၏။ သူရာအရက် စသည်ကို သောက်စား၍ မပြစ်မှားအပ်သော သူတို့ကို ပြစ်မှားတတ်၏။ ထိုသူမျိုး တို့သည် ကျရောက်တတ်ကုန်၏ ဟု မှတ်။

**ဆောင်ပုဒ်။** ။ရောရုဝတွက်၊ငရဲသက်၊မှတ်ချက် နှစ်-လေးထောင်။

---

## ၅-မဟာရောရုဝ ငရဲတော်း

မဟာန္တော ရောရုဝေါ မဟာရောရုဝေါ။

မဟန္တော၊ ကြီးကျယ်သော။ ရောရုဝေါ၊ ရောရုဝငရဲတည်း။ မဟာ ရောရုဝေါ၊ကြီးသော ရောရုဝငရဲ။

အဓိပ္ပါယ်ကား။ ။ဤငရဲ၌ တကမ္ဘာ ကာလပတ်လုံး တည်သော ငံသော အခိုးတို့သည် ငရဲသူသတ္တဝါတို့၏ ဒွါရကိုးပေါက်မှဝင်၍ လောင် ကုန်သည်ဖြစ်၍ ပြင်းပြစွာသော အသံဖြင့် ဟစ်အော်ခါ ခံစားရ၏။ဤသို့ ခံစားရာ ငရဲဖြစ်သောကြောင့် မဟာရောရုဝ ငရဲမည်၏။

**မှတ်ချက်။** ။ရောရုဝ-ငရဲ နှစ်မျိုးတို့တွင် အထက်ပါ ရောရုဝငရဲ ကား စူဠရောရုဝငရဲမည်၏၊ ဤငရဲကား မဟာရောရုဝငရဲမည်၏။ စူဠရောရုဝ ငရဲမည်သည် သွေးအလျှံ ပြည့်သောကြောင့် ဇာလ ရောရုဝ ငရဲမည်၏။ ဤငရဲကား အခိုးအလျှံ ပြည့်သောကြောင့် ဓူမ ရောရုဝ ငရဲမည်၏ ဟု မှတ်။

ဒွေ စ ရောရုဝါတိ ဇာလရောရုဝေါ,ဓူမရောရုဝေါစာတိ ဒွေ။
သံကိစ္စဇာတ် အဋ္ဌကထာ။

ဒွေစ ရောရုဝါတိ၊ဒွေစ ရောရုဝါ-ဟူသည်ကား။ ဇာလရောရုဝေါ၊ ပြည့် ပြည့်ရွဲရွဲ၊သွေးအလျှံကဲသော ဇာလရောရုဝငရဲ၎င်း။ ဓူမရောရုဝေါ စ၊မီးလျှံ ရဲရဲ အခိုးကဲသော ဓူမရောရုဝငရဲ၎င်း။ ဣတိ၊ဤသို့၊ ဒွေစ၊နှစ်ပါးတို့သည်။ ဟောန္တိ၊ဖြစ်ကုန်၏။ ။(သို့သော်-''ရောရုဝန္တိ ဒွေ ရောရုဝါ ဓူမရောရုဝေါ, ဇာလရောရုဝေါ စ။ဓူမရောရုဝေါ ဝိသုံ ဟောတိ၊ဇာလရောရုဝေါတိပန အဝီစိ မဟာနိရယဿေတံ နာမံ''-ဟူသော သဂါထာဝဂ္ဂ သံယုတ်အဋ္ဌကထာ အလိုသော်ကား ဇာလရောရုဝ-ဟူသည် အဝီစိငရဲကြီးကို အလိုရှိတော် မူသတတ်)။

ရောရုဝန္တိ၊ရောရုဝ-ဟူသည်ကား။ ဓူမရောရုဝေါ၊ငင်း။ဇာလရောရုဝေါ၊ ငင်း။ဣတိ၊ဤသို့။ရောရုဝါ၊ရောရုဝငရဲတို့သည်။ဒွေ၊နှစ်မျိုးတို့သည်။ဟောန္တိ၊ ၏။ဓူမရောရုဝေါ၊ ဓူမရောရုဝငရဲသည်ကား။ဝိသုံ၊တသီးတခြား။ ဟောတိ၊ ဖြစ်၏။ ပန၊အထူးကိုဆိုဦးအံ့။ ဝါ၊အဘို့တပါးကား။ ဇာလရောရုဝေါတိ- ဇာလရောရုဝေါနာမ၊ ဇာလရောရုဝ ငရဲမည်သည်ကား။ (ဣတိသဒ္ဒါနာမ ဝါစက)။ အဝီစိမဟာနိရယသေးဝ၊ အဝီစိငရဲကြီး၏ သာလျှင်။ နာမံ၊အမည် ပင်တည်း။ ။(ဟု အနက်ပေး)။

## ငင်းငရဲ အသက်

ဤမဟာရောရုဝငရဲ၌ ကျရောက်သော သူတို့သည်ကား နှစ်ပေါင်း ရှစ်ထောင်ရှိ၏။အရေအတွက် နှိုင်းယှဉ်သည်ရှိသော် အထက်နိမ္မာနရတိ နတ်ပြည်၌နတ်သက်နှစ်ပေါင်းရှစ်ထောင်, လူတို့၏အရေအတွက်နှစ်ပေါင်း ကုဋေနှစ်ရာသုံးဆယ်လေးသန်းသည် ငင်းမဟာရောရုဝငရဲကြီး၌ တရက်မျှ သာ ဖြစ်၏။ ။(ကြွင်း နည်းတူသိ)။

## ငင်းငရဲသို့ ရောက်ကြောင်းကံ

အဘယ် အကုသိုလ် ကံကြောင့် ငင်း မဟာရောရုဝ ငရဲကြီးသို့ ကျရောက်ရပါသနည်း ဆိုသော်။ ရဟန်းသံဃာ သူတော်စွာတို့၏ ဥစ္စာကို ခိုးယူခြင်း၊မိတ်ဆွေသင်္ဂဟ စသည်တို့၏ အပ်နှံထားသော ဥစ္စာကို ဥပါယ် တမျည်ဖြင့် ခိုးယူခြင်း၊သားငှက်တိရစ္ဆာန်, လူစသည်တို့ကို အနိုင်အထက် ပြုလုပ် နှိပ်စက်ကလူပြုခြင်း၊ ငင်းအကုသိုလ်ကံကြောင့် ဤမဟာရောရုဝ ငရဲကြီးသို့ ကျရောက်ရလေသတည်း။

ဆောင်ပုဒ်။ ။မဟာရောရုဝ၊သက်ဇီဝ၊မှတ်ကြ နှစ်-ရှစ်ထောင်။

---

## ၆-တာပန ငရဲခဏ်း

နိစ္စလေ သတ္တေ တာပေတီတိ တာပနော။

ယောနိရယော၊အကြင် ငရဲသည်၊နိစ္စလေ၊မတုန်လှုပ်ကုန်သော။သတ္တေ၊ သတ္တဝါတို့ကို။တာပေတိ၊ပူပန်စေတတ်၏။ဣတိတသ္မာ၊ထိုသို့ ပူပန်စေတတ် သော သတ္တိကြောင့်။သောနိရယော၊သည်။တာပနော၊တာပနငရဲမည်၏။

အဓိပ္ပါယ်ကား ။အလျှံတပြောင်ပြောင် တောက်၍နေသော သံမြေ ကြီး၌ အလျှံတပြောင်ပြောင် တောက်သော ထန်းလုံးမျှ ပမာဏ ရှိသော

သံတံကျင်,သံတစို့တို့ဖြင့် ထိုးလျှိုကာ မလှုပ်မရှားစေမူ၍ အလျှံပြောင်ပြောင် တောက်လောင်ပူပန်စေသောကြောင့် တာပနငရဲမည်၏။ ။ဟူလို။

## ၎င်းငရဲ အသက်

၎င်း တာပနငရဲကြီး၏ ငရဲသက်ကား နှစ်ပေါင်း တသောင်းခြောက်ထောင်ရှည်၏။နတ်,လူတို့၏ အသက်နှင့် နှိုင်းယှဉ်သော်ကား အထက်ပရနိမ္မိတ ဝသဝတ္တီ နတ်ပြည်၌ နတ်နှစ်ပေါင်း တသောင်း ခြောက်ထောင်၊ လူတို့၏ အရေအတွက် နှစ်ပေါင်း ကိုးရာနှစ်ဆယ် တကုဋေခြောက်သန်းသည် ၎င်းတာပနငရဲကြီး၌ တရက်မျှသာဖြစ်၏။ ။(၎င်းအတိုင်းအရှည်အရ တာပန ငရဲသက် နှစ်ပေါင်း တသောင်းခြောက်ထောင်အရ တွက်စစ်၍ သိလင့်ကုန်)။

## ၎င်းငရဲသို့ ရောက်ကြောင်းကံ

၎င်း တာပနငရဲကြီးသို့ အဘယ် အကုသိုလ်ကံကြောင့် ကျရောက်ပါသနည်းဟူမူ။ ။စရပ်,တန်ဆောင်း,ဂူကျောင်း,အိမ်ရာ,ရပ်ရွာဂါမ-စသည် မကျန် သူ့ဗိမာန်ကို မျက်မှန်တလိုက် မီးလောင်တိုက်ခြင်း,အသက်ရှင်စဉ် ကြက်, ငှက်စသည်တို့ကို မီးလောင် တိုက်ခြင်း ဟူသော အကုသိုလ်ကံကြောင့် ၎င်းတာပနငရဲသို့ ကျရောက်ရလေသတည်း။

> ယော စ ရာဇာ အဓမ္မဋ္ဌော၊ရဋ္ဌဝိဓံသနော စ သော။
> တာပယိတွာ ဇနပဒံ၊တာပနေ ပေစ္စ ပစ္စတိ။ ။

သံကိစ္စဇာတ်။

ယောရာဇာ၊အကြင်မင်းသည်။ အဓမ္မဋ္ဌော စ၊ ရာဇဓမ္မ စသည်မတည် လော်လီမယွင်း တရားကင်းသည်ဖြစ်၍၎င်း။ ရဋ္ဌဝိဓံသနော စ၊ ကျေးလက်ခရိုင် နိုင်ငံအဆုံး ပြည်အလုံးကို သိမ်းကျုံး ဖျက်ဆီးတတ်သည်၎င်း။ ဟောတိ၊ဖြစ်၏။ သော ရာဇာ၊ ထိုမင်းယုတ်မာသည်။ဇနပဒံ၊တိုင်းနိုင်ငံဇနပုဒ်ကို။ တာပယိတွာ၊တိုင်းနေ ပြည်သူ ရှင်,လူ,အလုံး ယူကျုံးမရ ပူပန်သောကဖြစ်စေ၍။ ပေစ္စ၊တမလွန်ဘဝ၊နောက်ကာလ၌။ တာပနေ၊ ဒုက္ခမစဲ၊ ဤတာပနငရဲကြီး၌။ပစ္စတိ၊အလျှံဆူဝေ ကျက်ရလေ၏။

ဆောင်ပုဒ် ။တာပန တွက်၊ ငရဲသက်၊ မှတ်ချက် သောင်းခြောက်ထောင်။

## ၇-မဟာတာပန ငရဲခန်း

မဟန္တံ တာပေတီတိ မဟာတာပနော။
မဟန္တော တာပနော ဝါ မဟာတာပနော။

ယောနိရယော၊သည်။ မဟန္တံ၊ ကြီးကျယ်စွာ။ တာပေတိ၊ ပူလောင်စေတတ်၏။ဣတိတသ္မာ၊ထို့ကြောင့်။ သောနိရယော။သည်။ မဟာတာပနော၊ မဟာတာပနငရဲမည်၏။ ။ဝါ-တနည်းကား။ မဟန္တော၊ကြီးကျယ်သော။ တာပနော၊တာပနငရဲတည်း။မဟာတာပနော၊ကြီးသော တာပနငရဲ။

အဓိပ္ပါယ်ကား။ ။ဤငရဲသို့ ကျရောက်ကုန်သော ငရဲသူသတ္တဝါတို့ကို အလျှံပြောင်ပြောင် တောက်လောင်သော လက်နက်တို့ဖြင့် ပုတ်ခတ် ရိုက်နှက်၍ သံတောင်ထက်သို့ တက်စေပြီးလျှင် တောင်ထိပ်မှ ကံကြမ္မာအလိုက် ငရဲလေတိုက်ခတ်၍ အောက်သို့ စောက်ထိုးကျလာလေရာ ငါးအံကို တံစို့ သီထားဘိသကဲ့သို့ အောက်သံမြေ၌ ထန်းလုံး ပမာဏ ရှိသော အလျှံ ပြောင်ပြောင် တောက်သော သံတံကျင်ထက်သို့ တိုးဝင်စူးသီ၍ ကာလ ရှည်စွာ မတုန်မလှုပ်နိုင်ဘဲ တောက်လောင်လျက် ကြီးကျယ်စွာ ပူလောင်ခါ ဆင်းရဲဒုက္ခကို ခံစားကြရကုန်၏။ထိုကြောင့် မဟာတာပနငရဲမည်၏။ ။ ဟူလို။

### ငင်းငရဲ အသက်

ထိုမဟာတာပန ငရဲအသက်ကား အန္တရကပ် ထက်ဝက်ပင်တည်း။

### ငင်းငရဲသို့ ရောက်ကြောင်းကံ

အဘယ့်ကြောင့် ဤမဟာတာပနငရဲသို့ ကျရောက်ပါသနည်းဟူမူ။ ။ နတ္ထိကဒိဋ္ဌိ, အဟေတုကဒိဋ္ဌိ, အကိရိယဒိဋ္ဌိ- ဟု ဆိုအပ်သော မိစ္ဆာအယူ ရှိသောသူတို့သည် ဤမဟာတာပနငရဲ၌ ကျရောက်ခါ ပြင်းစွာသော ဆင်းရဲဒုက္ခကို ခံကြရကုန်၏။

သောင်းပုဒ်။ ။မဟာတာပန၊သက်ဇီဝ၊အန္တရ ကပ်–ထက်ဝက်။

---

## ၈-အဝီစိ ငရဲခန်း

အဝီစိ-ဟူသော ပုဒ်၌ န-ပုဒ် ဝီစိပုဒ်ဖြစ်၍ ဝီစိသဒ္ဒါသည်လည်း အန္တရ ဟူသော အနက်ကို ဟောရကား—

နတ္ထိ ဝီစိ အန္တရံ ဧတ္ထာတိ အဝီစိ။

ဟုပြု။ ။ဧတ္ထ၊ဤငရဲ၌။ ဝီစိ-အန္တရံ၊ မီးလျှံ,ငရဲသူ,ဒုက္ခဟူသော ၃-ပါး သော အကြားသည်။နတ္ထိ၊မရှိ။ဣတိတသ္မာ၊ထိုသို့ အကြားမရှိရာ ဖြစ်သော သတ္တိကြောင့်။ သောနိရယော၊ထိုငရဲသည်။ အဝီစိ၊ အဝီစိ-မည်၏။

အဓိပ္ပါယ်ကား။ ။ဤအဝီစိငရဲ၌ ကြားလပ်၍ နေသော မီးအလျှံလည်း မရှိ၊ကြားလပ်ချောင်ချိနေသော ငရဲသားလည်း မရှိ၊ကြားလပ်ချောင်ချိသော ဒုက္ခဝေဒနာလည်း မရှိ၊ဤသို့ မီးအလျှံလည်း ငရဲကြီးနှင့်အပြည့် ကြားမရှိ၊ ငရဲသားလည်း မုန်ညင်းစေ့များကို ထောင်းထု၍ ထည့်ထားသည်ပမာ ကြား လပ်ရာမရှိ၊ဒုက္ခဝေဒနာကလည်း တစက္ကန့်မျှ ကြားလပ်ရာ မရှိသောကြောင့် အဝီစိငရဲမည်၏။ ။ဟူလို။

### ငရဲငရဲ အသက်

ဤအဝီစိငရဲ အသက်ကား ဝိဝဋ္ဋဋ္ဌာယီကပ် တကပ် အသက်ရှည်၏။

### ငရဲငရဲသို့ ရောက်ကြောင်းကံ

အဘယ် အကုသိုလ် ကံကြောင့် ဤအဝီစိငရဲသို့ ကျရောက်ရပါသနည်း ဆိုသော်၊အကြင်သူသည် အမိအဘကိုသတ်၏၊ရဟန္တာကိုသတ်၏၊ဒေဝဒတ် ကဲ့သို့ မြတ်စွာဘုရားခြေတော်ကို သွေးစိမ်းတည်အောင် ပြု၏၊ သံဃာကို သင်းခွဲ၏၊ပျက်စီးစေလိုသော စေတနာဖြင့် ဗောဓိပင်ကိုဖျက်ဆီး၏၊ စေတီ တော်ကို တူးဖြို၏၊ ဘုရားရုပ်တုတော်, ဆင်းတုတော်တို့ကို ဖျက်ဆီး၏၊ ကျေးဇူးရှင်ဖြစ်သော သူကို ပြစ်မှား၏၊ အရိယာ သူတော်ကောင်းတို့ကို စွပ်စွဲဖျက်ဆီး၏၊ နိယတမိစ္ဆာဒိဋ္ဌိ အယူရှိ၏၊ ထိုကံတို့ကြောင့် ယူဇနာတရာ သံအခင်း,သံအမိုး,သံတံတိုင်းအရံရှိသော ယူဇနာတရာရှိသော သံတိုက် ခန်း၌ အခါခပ်သိမ်း အလျှံပြောင်ပြောင် တောက်လောင်လျက် အရှေ့နံရံမှ ထွက်သော မီးတောက်မီးလျှံတို့သည် အနောက်နံရံသို့ဝင်၍ ယူဇနာတရာ၏ အပြင်သို့ ထွက်လေ၏။ ထိုအတူ အနောက်နံရံမှ အရှေ့နံရံသို့ တောင် နံရံမှ မြောက်နံရံသို့ မြောက်နံရံမှ တောင်နံရံသို့ မီးအလျှံ ထွက်၍ မီးကျီး

အစုပြီးသော ခပ်သိမ်းသော ရေတို့ထက် အဆအရာ, အဆတထောင်, အဆ တသောင်း,အဆ တသိန်းမက ပူပြင်းဆင်းရဲလှသော ဤမဟာအဝီစိ ငရဲ၌ ကျရောက်လေကုန်၏။

ဝီစိနာမ အန္တရံ ဝုစ္စတိ။ တတ္ထ စ အဂ္ဂိဇာလာနံ ဝါ သတ္တာနံ ဝါ ဒုက္ခဿ ဝါ အန္တရံ နတ္ထိ။တသ္မာ အဝီစီတိ သင်္ခံ ဂတော။

ဥပရိပဏ္ဏာသ အဋ္ဌကထာပါဠိ။

ဒေဝဒူတသုတ် အဘွင့်။ ။(၁၄၈)

ဆောင်ပုဒ်။ ။အဝီစိတွက်၊ငရဲသက်၊မှတ်ချက်-အန္တရကပ်။

ငရဲကြီး အခန်း ပြီး၏။

---

## ဥဿဒရေငယ် အခန်း

ဆိုအပ်ခဲ့ပြီးသော ငရဲကြီး ရှစ်ထပ်တို့သည် ဇမ္ဗူဒီပါကျွန်း၏ အောက်၌ အစဉ်အတိုင်း တလုံးနှင့်တလုံး ယူဇနာ တသောင်းငါးထောင်စီ ခြားလျက် သီလာ,ပံသု ကျောက်ဖျာမြေ အထက်၌ တည်ကုန်၏။

က။ ။အယဉ္စ အဝီစိမဟာနိရယော ဇမ္ဗုဒီပဿ ဟေဋ္ဌာ ပတိဋ္ဌိ တောတိ ဝဒန္တိ။

သာရတ္ထဒီပနီဋီကာ။

ဤငရဲကြီးရှစ်ထပ်တို့တွင် တခုတခုသောငရဲကြီး၏ တမျက်နှာတမျက်နှာ၌ တံခါးကြီး ၄-ခုရှိသည်တွင် တံခါးတခုလျှင် ဥဿဒငရဲငယ်-ဘင်ပုတ်ငရဲ, ပြာပူငရဲ, လက်ပံတောငရဲ,သန်လျက်ငရဲ, လေးလုံးစီ တည်ရှိရကား၊ လေးမျက်နှာသော် တဆယ့်ခြောက်လုံးသော ဥဿဒရက် ငရဲငယ်တို့ တည်ရှိကုန်၏။ ။ငရဲကြီးရှစ်ထပ်၌မူ ၁၂၈-လုံးသော ဥဿဒရက် ငရဲပေါင်း တည်ရှိကုန်၏။

---

က။ ။အယဉ္စ အဝီစိမဟာနိရယော၊ဤအဝီစိငရဲကြီးသည်။ဇမ္ဗုဒီပဿ၊ဇမ္ဗုဒီပါကျွန်း၏။ ဟေဋ္ဌာ၊အောက်၌။ ပတိဋ္ဌိတောတိ၊တည်၏ဟူ၍။ အာစရိယာ၊ဆရာကြီးတို့သည်။ ဝဒန္တိ၊ဆိုကြကုန်၏။

363—ဇမ္ဗူ.-3

၁။ ။ဧကေကဿ စတ္တာရိ စတ္တာရိ ဒွါရာနိ ဟောန္တိ။ ဧကေကသ္မိံ ဒွါရေ စတ္တာရော စတ္တာရော ဥဿဒနိရယာ။

ဒေဝဒူတသုတ် အဋ္ဌကထာ။

ဆောင်ပုဒ်။ ။ဘင်,ပြာ,လက်,သံ၊အစဉ်ရံ၊လေးတန်-ဥဿဒ ါ။

## မီဠှကူပ ငရဲ

ဥဿဒငရဲ လေးမျိုးဟူသည်ကား။ ။၁-မီဠှကူပငရဲ၊ ၂-ကုက္ကုဠငရဲ၊ ၃-အသိပတ္တဝနငရဲ၊ ၄-ဝေတ္တရဏီငရဲ ဟူသည်တို့တည်း။

ထိုလေးလုံးတို့တွင် မီဠှကူပငရဲ ဟူသည်ကား။ ။မီဠှေန ပရိပုဏ္ဏော ကူပေါ မီဠှကူပေါ။ ။မီဠှေန၊ကျင်ကြီးဖြင့်။ပရိပုဏ္ဏော၊ပြည့်သော။ကူပေါ၊ တွင်းတည်း။ မီဠှကူပေါ၊ ကျင်ကြီးဖြင့် ပြည့်သောတွင်း။ ။ဝိဂြိုဟ်အရ.... ကမ္ဘာပတ်လုံး တည်သော မကောင်းသော အနံ့ရှိသော ကျင်ကြီးဖြင့် ပြည့်သောတွင်းတည်း။ ။ထိုမီဠှကူပငရဲ၌ များစွာသော ပိုးလောက်တို့သည် ရှိကုန်၏၊ထိုပိုးလောက်တို့သည် အပ်ကဲ့သို့သော ထက်သော နှုတ်သီးလည်း ရှိကုန်၏၊အချို့ပိုးတို့ကား ဆင်လည်ပင်း ပမာဏ ရှိကုန်၏၊အချို့ ပိုးတို့ကား လုံးတွင်းလှေ ပမာဏမျှ ရှိကုန်၏၊ ငရဲကြီးမှ ထွက်လာကုန်သော ငရဲသူ သတ္တဝါတို့ကို ငရဲထိန်းတို့သည် လက်,ခြေ အစရှိသည်တို့၌ ကိုင်ပြီးလျှင် ထိုမီဠှကူပငရဲ၌ ပစ်ချကုန်၏။ ကျကာမျှလျှင် ပိုးလောက်တို့သည် ခံတွင်း ပစပ်ဖြင့်ဝင်၍ ခဲကုန်၏၊ ကြီးစွာသော ပိုးတို့သည် အလုံးစုံသော ကိုယ်ကို ဝန်းရံ၍ကိုက်ပြီးလျှင် သွေးကိုသောက်ကုန်၏၊အသားကို စားကုန်၏၊အရိုးကို ခွဲ၍ အထဲ၌ ချင်ဆီကို ခဲကုန်၏။ အချို့သော ပိုးတို့သည် ခံတွင်းပစပ်ဖြင့် ဝင်၍ ခဲကုန်၏။ ကြီးစွာသောပိုးတို့သည် ငရဲသူသတ္တဝါတို့ကို မိမိခံတွင်း၌ ထည့်၍ အသားအသွေးတို့ကို ခဲပြီးလျှင် ခံတွင်းမှအန်၍ ထိုမီဠှကူပငရဲ၌ ပစ်ချကုန်၏၊ အကြင်၍လောက် အကုသိုလ်ကံ မကုန်သေး၊ထိုရွေ့လောက် ဤသို့ချည်း အဖန်တလဲလဲ ခံရလေကုန်၏။

---

၁။ ။ဧကေကဿ၊တခုတခုသော ငရဲကြီး၏။ ဒွါရာနိ၊တံခါးတို့သည်။ စတ္တာရိ-စတ္တာရိ၊ လေးခု လေးခုတို့သည်။ဟောန္တိ၊ရှိသည်ဖြစ်ကုန်၏။ ဧကေကသ္မိံ ဒွါရေ၊ တံခါးတခု တခု၌။ စတ္တာရော-စတ္တာရော၊လေးခု လေးခုကုန်သော။ ဥဿဒနိရယာ၊ ဥဿဒ ငရဲတို့သည်။တိဋ္ဌန္တိ၊တည်ရှိကြကုန်၏။

တသ္မိံ ခေါ ပန ဘိက္ခဝေ ဂူထနိရယေ သူစိမုခါ
ပါဏာ ဆဝိံ ဝိ ဆိန္ဒန္တိ။ပ။ယာဝ န တံ ကမ္မံ ဗျန္တိ ဟောတိ။

ဥပရိပဏ္ဏာသ ပါဠိတော်။ ။ဒေဝဒူတသုတ်။

သူစိမုခါတိသူစိသဒိသမုခါ။တေ ဟတ္ထိဂီဝပ္ပမာဏာ,
ဧကဒေါဏိကနာဝပ္ပမာဏာ ဝါ ဟောန္တိ။ ။၎င်း အဋ္ဌကထာ။

---

## ၂-ကုက္ကုဠ ငရဲ

ကုလျတိ ပါပကာရီဟိ အာဒီယတီတိ ကုက္ကုဠော။

ပါပကာရီဟိ၊မကောင်းမှုကို ပြုလေ့ရှိကုန်သော သူတို့သည်။ ကုလျတိ-အာဒီယတိ၊ယူအပ်၏။ ဣတိ၊ထို့ကြောင့်။ ကုက္ကုဠော၊ ကုက္ကုဠမည်၏။ ။ ဝိဂြိုဟ်အရ····အတွင်း၌ အိမ်အထွင့်မျှလောက်သော မီးကျီးဖြင့် ပြည့်သော အထက်၌ ပူသောပြာဖြင့် ဖုံးလွှမ်းအပ်သော ပြာပူငရဲသည် ကုက္ကုဠငရဲ မည်၏။ ၎င်းကုက္ကုဠငရဲသည် ယူဇနာ ၁၀၀-အကျယ် ပမာဏရှိ၏။ ထို ကုက္ကုဠငရဲ၌ ကျရောက်သော သတ္တဝါတို့သည် ပြာပူ၌ ပစ်အပ်သော မုန်ညင်းစေ့ကဲ့သို့ ဖျစ်ဖျစ်မြည်လျက် ကျက်ရကုန်၏။ မိဠှကူပငရဲမှ လွတ်၍ ထွက်လာကုန်သော ငရဲသူသတ္တဝါတို့အား ထိုကုက္ကုဠငရဲသည် ညီညွတ်သော မြေအပြင်, မင်းရင်ပြင်ကဲ့သို့ ထင်၏။ ထိုကုက္ကုဠငရဲ၌ ကျကာမျှပင် အလုံးစုံသော ကိုယ်သည် ပျားဖယောင်းကဲ့သို့ ကြေပျောက်၏။ အကြွင်း ၍လောက် အကုသိုလ်ကံသည် မကုန်သေး၊ ထိုရွေ့လောက် ကြေပျောက်ခါ တဖန် ပြန်ဖြစ်ခါဖြင့်သာ ကြီးစွာသော ဒုက္ခကို ခံကြရကုန်၏။

တဿ ခေါ ပန ဘိက္ခဝေ ဂူထနိရယဿ သမနန္တရာ
သဟိတမေဝ မဟန္တော ကုက္ကုဠနိရယော။ပ။ ယာဝ
န တံ ပါပကမ္မံ ဗျန္တိ ဟောတိ။

ဥပရိပဏ္ဏာသ ပါဠိတော်။ ။(၁၀၃)

ကုက္ကုဠနိရယောတိ ယောဇနသတပ္ပမာဏော ဝ။
အန္တော ကူဋာဂါရမတ္တ ဝီတစ္စိတ အင်္ဂါရပုဏ္ဏော
အာဒိတ္တဆာရိကနိရယော။

ဥပရိပဏ္ဏာသ အဋ္ဌကထာ။ ။(၁၄၉)

## ၃-အသိပတ္တဝန ငရဲ

အသိသဒိသာ ပတ္တာ ဧတေသန္တိ အသိပတ္တာ။
အသိပတ္တာနံ ဝနံ အသိပတ္တဝနံ။

ဧတေသံ၊ ထိုသစ်ပင်တို့အား။ အသိသဒိသာ၊ သန်လျက်နှင့် တူကုန်သော။ ပတ္တာ၊ အရွက်တို့သည်။ သန္တိ၊ ရှိကုန်၏။ ဣတိ၊ ကြောင့်။ အသိပတ္တာ၊ အသိပတ္တမည်ကုန်၏။ ။အသိပတ္တာနံ၊ သန်လျက်နှင့် တူကုန်သော အရွက်ရှိကုန်သော သစ်ပင်တို့၏။ ဝနံ၊ တောတည်း။ အသိပတ္တာဝနံ၊ သန်လျက်နှင့် တူသော အရွက်ရှိကုန်သော သစ်ပင်တို့၏ တော။ ။ဝိဂြိုဟ်အရ····သန်လျက်နှင့် တူသော အရွက်ရှိကုန်သော သစ်တောသည် အသိပတ္တဝန ငရဲမည်၏။ ဟု မှတ်။

ကုက္ကုဠငရဲမှလွတ်၍ ထွက်လာကုန်သော ငရဲသူသတ္တဝါတို့အား အသိပတ္တတောသည် ထူထဲသော အရွက်ဖြင့် ဖုံးလွှမ်းအပ်သော သရက်ဥယျာဉ်ကဲ့သို့ထင်၏။ ယင်းသို့ထင်သောကြောင့် ပြာပူဖြင့်နှိပ်စက်ကုန်သော ငရဲသူသတ္တဝါတို့သည် ချမ်းသာစွာ နေရကုန်အံ့ ဟု အသိပတ္တ တောသို့ ဝင်ကြကုန်၏။ ဝင်ကာမျှပင် ထိုသတ္တဝါတို့၏ ကံကြောင့် ကြမ်းသော လေသည် တိုက်၏။ ထိုလေ၏ အဟုန်ကြောင့် အညာမှ ကြွေကျကုန်သော အရွက်တို့သည် သန်လျက်, ခက်ရင်း,လှံမစသည်သဘွယ်ဖြစ်၍ ထိုသူတို့၏ ကိုယ်ထက်၌ကျပြီးလျှင် လက်,ခြေ,နား,နှာခေါင်းတို့ကို ဖြတ်ကုန်၏၊ ထ၍ပြေးပြန်လျှင် သံတံတိုင်းသည် ကာဆီး၏။ အောက်အပြင်က သင်ဓုန်းအတိ ဖုံးလွှမ်းသောကြောင့် ပြေးသွားလျှင် ခြေကား အပိုင်းအပိုင်းပြတ်၏။ နေခြင်းငှါ မတတ်နိုင်၍ အရှေ့,အနောက်,တောင်,မြောက်–လေးပါးသို့ သွားပြန်လျှင် ဆင်ပမာဏရှိသော ခွေးတို့သည် လိုက်၍ ကိုက်စားကုန်၏။ သံနှုတ်သီးရှိသော ကျီး, လင်းတ, စသော ငှက်အပေါင်းတို့သည် ဝန်းရံ၍ အသားအသွေးကို စားပြီးလျှင် အရိုးစုသာပြုကုန်၏။ တဖန်ကံကြောင့် ပကတိအတိုင်းသာ ဖြစ်ရပြန်ကုန်၏။ အကြင်ရွှေ့လောက် ကံသည် မကုန်သေး၊ ထိုရွှေ့လောက် ဤသို့လျှင် ကြီးစွာသော ဒုက္ခဝေဒနာကို ခံစားကြရကုန်၏။

တဿ ခေါ ပန ဘိက္ခဝေ သိပ္ပလိဝနဿ သမနန္တရာ
သဟိတမေဝ မဟန္တံ အသိပတ္တဝနံ။သော တတ္ထ ဝသတိ။

တသာ ဝါတေရိတာနိ ပတ္တာနိ ပတိတာနိ။ပ။ ယာဝ န တံ ပါပကမ္မံ ဗျန္တီ ဟောတိ။

ဥပရိပဏ္ဏာသ ပါဠိတော်။ ။(၁၈၃)

ဝါတေရိတာနီတိ ကမ္မမယေန ဝါတေန စလိတာနိ။ပ။ အယောပါကရော သမုဋ္ဌဟိတွာ ပရိက္ခိပတိ။ဟေဋ္ဌာ ခုရဓာရာ သမုဋ္ဌာတိ။

ဎင်း အဋ္ဌကထာ။ ။(၁၄၉)

---

## ၄-ဝေတ္တရဏီ ငရဲ

ဝိဂတာ တရဏီ ဧတ္ထာတိ ဝိတ္တရဏီ၊ဝိတ္တရဏီဧဝ ဝေတ္တရဏီ။

ဧတ္ထ၊ဤမြစ်၌။ တရဏီ၊လှေသည်။ ဝိဂတာ။ကင်း၏။ ဣတိ၊ထိုကြောင့်။ ဝိတ္တရဏီ၊ ဝိတ္တရဏီမည်၏။ ဝိတ္တရဏီ ဧဝ၊ ဝိတ္တရဏီ သဒ္ဒါသည်ပင်လျှင်။ ဝေတ္တရဏီ၊ ဝေတ္တရဏီမည်၏။ ။ဝိဂ္ဂိုဟ်အရ....ကမ္ဘာပတ်လုံးတည်သော ရေငန်ဖြင့်စီးသော လှေတက်ကင်းသော မြစ်ချောင်းသည် ဝေတ္တရဏီငရဲ မည်၏။ ။ဟူလို။ ။ထိုဝေတ္တရဏီ မြစ်၏ ကမ်းနှစ်ဘက်တို့၌ သမန်း, ဖေါင်းခါး,ကြိမ်နွယ်မြက်တို့သည် ထက်ဝန်းကျင်မှ ပေါက်ကုန်၏၊အလယ်၌ ကြာဖြင့် ဖုံးလွှမ်းသည်ဖြစ်၍ မွေ့လျော်ဘွယ်ကဲ့သို့ ထင်ရ၏။ အသိပတ္တ ငရဲမှလွတ်၍ ထွက်လာကုန်သော ငရဲသူသတ္တဝါတို့သည် ရေငတ်ကုန်သည် ဖြစ်၍ ဝေတ္တရဏီမြစ်ကိုမြင်လျှင် ရှင်လန်းလျက် မြစ်,မြစ်,ဟု ဟစ်အော် ကြော်ငြာ၍ ပြေးလာကုန်၏။ယင်းသို့ ပြေးလာလျှင် သင်မုန်းသွားတို့သည် လမ်းကြား၌ ခြေကိုဖြတ်ကုန်၏။ နောက်မှ ပြေးလာသောသူတို့သည် ရှေ့လူ တို့၏ ခြေပြတ်ကိုမြင်လျှင် လမ်းကြားတွင် ရပ်ကုန်၏။

ထိုသူတို့ကို ငရဲထိန်းတို့သည် ဆောက်ပုတ် စသည်ဖြင့် ရိုက်နှက်၍ သင်မုန်းသွားရှိသော လမ်းခရီးသို့ သွင်းကုန်၏။ ထိုသူတို့လည်း ရှေးငရဲသား များကဲ့သို့ ပုဆစ်ခါးတိုင်အောင် သင်မုန်းသွားတို့ဖြင့် ပြတ်ကုန်၏။ ထိုသူတို့ သည် လှုပ်ရှားခြင်းငှါ မတတ်နိုင်ရကား၊ ထိုအရပ် ထိုင်ကုန်၏။ ယင်းသို့ ထိုင်ကုန်သော ငရဲသူတို့ကို ငရဲထိန်းတို့သည် ထကြကုန်လော့, မထိုင်ကုန် လင့် ဟု ဆောက်ပုတ် စသည်တို့ဖြင့် ရိုက်နှက် ကုန်၏။ ငရဲသူတို့လည်း

ကြောက်၍ ထလိုသောကြောင့် မြေကို လက်နှင့် ထောက်ကုန်၏။ လက်တို့လည်း အပိုင်းအပိုင်း ပြတ်ကုန်၏။ယင်းသို့ပြတ်၍ မထနိုင်ရကား မိန်းမော၍ လဲကုန်၏။ ယင်းသို့လည်းလျှင် ထိုငရဲသူတို့၏ ကိုယ်သည် သွေးအလိမ်းလိမ်းကပ်လျက် ပျဉ်ချပ်၌ ဖြတ်၍ထားအပ်သော အသားစိုင်ကဲ့သို့ ထင်၏။

ထိုဝေတ္တရဏီ မြစ်သည် ကမ်းနှစ်ဘက်မှ ပေါက်သော အလျှံပြောင်ပြောင်တောက်သော ဆူးရှိသော ထန်းပင်ပမာဏရှိသော ကြိမ်နွယ်တို့ဖြင့် ဖုံးလွှမ်း၏။ငရဲထိန်းတို့သည် သင်မုန်းမြေ၌ နေကုန်သော ငရဲသူသတ္တဝါတို့ကို အလျှံပြောင်ပြောင် တောက်သော သံမျှားချိတ် တို့ဖြင့် ချိတ်ငင်၍ ကြိမ်နွယ်ဆူးတို့၌ ထည့်ကုန်၏။ များစွာသော နှစ်,လတို့ပတ်လုံး အလျှံပြောင်ပြောင် တောက်သော ထက်လှစွာသော သင်မုန်းသွား, ကြိမ်နွယ်ဆူးတို့၌ အပိုင်းအပိုင်း ပြတ်ကုန်၏။ ကြိမ်ဆူးတို့၏ အောက်၌ ထန်းပင်လောက်ရှိသော သံတံကျင်တို့သည် ပေါက်ကုန်၏။ငရဲသူသတ္တဝါတို့သည် ကြိမ်နွယ်ဆူးတို့၌ များစွာသော ကာလကို လွန်စေ၍ တဘန် ထိုဆူးတို့မှ လျှော၍ သံတံကျင်တို့၌ ကျကုန်သည်ရှိသော်၊ ထုတ်ချင်းလျှိုထွင်းသော ကိုယ်ရှိကုန်သည်ဖြစ်၍ သံတံကျင်တို့ဖြင့် သီအပ်သော ငါးကဲ့သို့ဖြစ်ကုန်ဖြစ်၏။သံတံကျင်တို့လည်း အလျှံပြောင်ပြောင် တောက်ကုန်၏။ သံတံကျင်တို့၏ အောက်ရေအပြင်၌ အလျှံပြောင်ပြောင် တောက်သော သင်မုန်းသွားထက် ထက်ကုန်သော ကြာရွက်တို့လည်း ရှိကုန်၏။ ငရဲသူတို့ကား သံတံကျင်တို့မှ လျှော၍ ခံစားရကုန်၏။ ကြာရွက်မှလျှော၍ ဆပ်ပြာရေ၌ ကျကုန်၏။သင်မုန်းသွားဖြင့် အပိုင်းအပိုင်းပြတ်သော သတ္တဝါတို့သည် ဆပ်ပြာရေအတွေ့ကို သည်းမခံနိုင်ရကား သည်းစွာငိုကြွေးကြကုန်၏။ ရံခါအကြေသို့ မျောကုန်၏။ရံခါအညာသို့ ဆန်တက်ကြကုန်၏။

ထိုနောင်မှ ရှည်စွာသော ကာလကိုလွန်သဖြင့် ငရဲထိန်းတို့သည် ထိုဆပ်ပြာရေ၌ ကျကုန်သောငရဲသူတို့ကို မျှား,လှံ,ခက်ရင်းစသည်တို့ဖြင့် ငါးကဲ့သို့ ထိုးကုန်၏။ ထိုနောင်မှ အလျှံပြောင်ပြောင် တောက်သော သံမျှားချိတ်တို့ဖြင့် ဆွဲငင်၍တင်ပြီးလျှင် အလျှံပြောင်ပြောင်တောက်သော သံမြေတို့၌ အိပ်စေ၍ သံတံသင်းတို့ဖြင့် ခံတွင်းကိုဖွင့်ပြီးလျှင်၊ အလျှံပြောင်ပြောင်တောက်သော သံချောင်းကိုထည့်ကုန်၏။ခံတွင်းဝယ် ထည့်ကာမျှ၌လျှင် သံချောင်းမှ အလျှံထ၍ အာစေ့ကိုလောင်ပြီးလျှင် ဦးနှောက်တိုင်အောင်ပူလောင်၏။

ထိုသံချောင်းသည် ခံတွင်းကိုလောင်၍ လည်သို့ဝင်၏၊ လည်ကို လောင်ပြီး လျှင် ဝမ်းသို့ဝင်၏၊ဝမ်းကိုလောင်ပြီးသည်နောက် အောက်အဘို့သို့ ထွက်၏၊ ဤသို့သောနည်းဖြင့် အထူးထူးအပြားပြား များစွာသောဒုက္ခကို နှေးညွှတ် ရှည်စွာ ကံမကုန်သမျှ ကာလပတ်လုံး ဝေဠုရဏီငရဲ၌ ခံကြရကုန်၏။

တဿ ခေါ ပန ဘိက္ခဝေ အသိပတ္တဝနဿ သမန္တရာ သဟိတမေဝ မဟာတီ ခါရောဒကာနဒီ၊သော တတ္ထ ပတတိ၊သော တတ္ထ အနု သောတမ္ပိ ဝုယှတိ၊ပဋိသောတမ္ပိ ဝုယှတိ။ပ။ယာဝ န တံ ပါပကမ္မံ ဗျန္တီ ဟောတိ။ ။ဉပရိပဏ္ဏာသ ပါဠိတော်။ ။(၁၀၄)

ခါရောဒကာနဒီတိ ဝေဠုရဏီနာမ တမ္ဗလောဟနဒီ။တတ္ထ အယော မယာနိ ခုရဝလ္လိက ပေါက္ခရပတ္တာနိ ဟောန္တာ ခုရဓာရာ ဉဘောသု တီရေသု ဝေဠုလတာ စ ကုသတိဏာနိ စ။

ဋ္ဌင်း အဋ္ဌကထာ။ ။(၁၄၉)

---

## နေမိဇာတ်တော်လာ ငရဲများ

နေမိမင်းတရားသည် နတ်အပေါင်းတို့၏ တောင့်တခြင်းဖြင့် မာတလိ နတ်သားသည် နတ်ရထားဖြင့် ပင့်ဆောင်ဘို့ရာ လာရောက်လျှောက်ထား ချက်အရ နတ်ရထားထက်သို့ တက်တော်မူလေလျှင် မာတလိ နတ်သားက ''ငရဲ,နတ်ပြည် နှစ်တည်နှစ်ဝကိုပင် အရှင်မင်းကြီးအား ပြမည်၊ အဘယ်ကို ရှေးဦးစွာ ကြည့်တော်မူမည်နည်းဟု မေးလေလျှင် နေမိမင်းကြီးသည် နတ် ပြည်က ခေါ်လာသည်ကို ငါမူကား နတ်ပြည်သို့ မချွတ်ရောက်ရလိမ့်မည်။ ငရဲပြည်သို့ ရောက်ရမည်,မရောက်ရမည်ကို မသိမသာ၊သို့ဖြစ်ပါ၍ရှေးဦးစွာ ငါ့အား ငရဲသားတို့နေရာ ငရဲရွာကိုပြပါဦး''ဟု ဆိုသောကြောင့် မာတလိ နတ်သားသည်နေမိမင်းအားဉဿဒငရဲလေးလုံးတို့တွင် ပြင်ပအဆုံးဖြစ်သော ဝေဠုရဏီငရဲကို ရှေးဦးစွာ ပြ၏။

### ၁-ဝေဠုရဏီ ငရဲ

ထိုဝေဠုရဏီငရဲ၌ ငရဲထိန်းတို့သည် အလျှံတပြောင်ပြောင်တောက်သော သန်လျက်,လှံမ,သံချွန်,ခက်ရင်း အစရှိသော လက်နက်တို့ကိုကိုင်၍ ငရဲသူ တို့ကို ပုတ်ခတ်ထိုးသတ် ညှဉ်းဆဲကုန်၏။ ထိုဒုက္ခကို သီးမခံနိုင်ကုန်သော

ငရဲသူတို့သည် ဝေတ္တရဏီမြစ်၌ ကျကုန်၏။ ထိုဝေတ္တရဏီမြစ်သည် အထက်၌ ကြိမ်ဆူး, အောက်၌ သံဆူး, ထိုအောက် ရေအပြင်၌ သံကြာရွက်, ထိုအောက်၌ ဆပ်ပြာရည်,ထိုအောက်မြစ်အပြင်၌ သင်ဓုန်းသွား,ဖုံးလွှမ်းလျက် တည်လေ၏။

ထိုဝေတ္တရဏီငရဲ၌ ခံရသော ငရဲသူတို့ကို မြင်လျှင် နေမိ မင်းသည် ကြောက်သည်ဖြစ်၍ မာတလိ နတ်သားအား ''အဘယ် မကောင်းမှုကို ပြုသောကြောင့် ဤသူတို့သည် ဤငရဲ၌ ခံရကုန်သနည်း''ဟု မေးတော်မူ၏။ မာတလိနတ်သားလည်း''အရှင်မင်းကြီး လူ့ပြည်၌ ကိုယ်အား ,စည်းစိမ် အား,အာဏာအား,ကြီးမားသောသူတို့သည် ထိုအားသုံးပါးဖြင့် ငယ်သော သူတို့ကို နှိပ်စက်ညှဉ်းဆဲကလူ ပြုသော မကောင်းမှုကြောင့် ခံရကုန်သည်ဟု ပြန်ကြား လျှောက်ထား၏''။ နေမိမင်းလည်း''ယင်းသို့ ခံရမည် ဖြစ်လျှင် ငါသည် သူတပါးထက် အားသုံးပါးဖြင့် ကြီးမားသော်လည်း သူတပါးကို မနှိပ်စက်ဝံ့ပြီ''ဟု နှလုံးသွင်းတော်မူ၏။

---

## ၂-သုနခ ငရဲ

ထိုနောက်မှ ထိုငရဲကိုကွယ်ပျောက်စေ၍ ရှေ့သို့ရထားနှင်ပြီးလျှင် သုနခ ငရဲကိုပြ၏။ထိုငရဲ၌ ငရဲသူတို့ကို ဆင်ပြောင် ပမာဏရှိကုန်သော ခွေးနက်, ခွေးရွှေ,ခွေးနီ,ခွေးဖြူ,ခွေးကြောင်,ခွေးကျား-တို့သည် အစဉ်လိုက်၍ ကိုက် စားကုန်၏။သုံးဂါဝုတ်မျှလောက်သော ငရဲသူသတ္တဝါတို့၏ကိုယ်ကို သံမြေ၌ လဲစေ၍ ပြင်းစွာ မြည်ကုန်လျက် ရှေ့လက်နှစ်ချောင်းတို့ကို ရင်ပတ်ပေါ် ဝယ်နင်း၍ အရိုးကို ချွင်းထားပြီးလျှင် အသားဟူသမျှကို အကုန်နုတ်၍ စားကုန်၏။ ဝန်ပြည့်မောက်မောက် ကောက်ရိုးတင်သော လှည်းပမာဏ ရှိကုန်သော လင်းတ,ကျီးကန်းတို့သည် သံကပ်ကျေးနှင့် တူသော နှုတ်သီး တို့ဖြင့် အရိုးကို ဘောက်ခွဲပြီးလျှင် ရိုးတွင်းခြင်ဆီကို စားကုန်၏။

နေမိမင်းလည်း ထိုကိုမြင်၍ ရှေးနည်းပင် မာတလိကိုမေး၏။မာတလိ လည်း''အရှင်မင်းကြီး လူ့ပြည်၌ သူတပါးတို့အား မပေးလို ဝန်တိုခြင်း ရှိကုန်သောသူ, မိမိမပေးရုံသာမဟုတ်၊သူတပါးပေးသည်ကိုလည်း ဝန်တို၍ တားမြစ်တတ်ကုန်သောသူ,ရဟန်း ပုဏ္ဏားတို့အား ချုတ်ချယ် ညှဉ်းဆဲသော သူတို့သည် ဤငရဲ၌ ကျရောက် ခံစားရကုန်၏ ဟု ပြန်ကြား လျှောက်

ထားလေ၏။ နေမိမင်းလည်း ''ယင်းသို့ ဖြစ်လျှင် ငါကား ဝန်မတိုဝံ့ပြီ၊ သူတပါးပေးသည်ကိုလည်း ဝမ်းမြောက်အံ့၊ငါလည်း ထိုသူတို့ထက် အလွန်ပေးကမ်းအံ့''ဟု နှလုံးသွင်းတော်မူ၏။

---

## ၃-အယောဂုဠ ငရဲ

ထိုနောက် အယောဂုဠငရဲကိုပြ၏။ထိုငရဲ၌ အလျှံပြောင်ပြောင်တောက်သောကိုယ်ရှိသောငရဲသူတို့သည် ကိုးယူဇနာရှိသော သံမြေကိုနင်းရကုန်၏။ ငရဲထိန်းတို့သည် ထန်းပင် ပမာဏရှိသော သံချောင်းတို့ဖြင့် မြင်းခေါင်းစသည်တို့၌ရိုက်ခတ်၍ လဲစေပြီးလျှင် မှုန့်မှုန့်ညက်ညက် ပြုကုန်၏။ ထိုကိုမြင်၍ နေမိမင်းလည်း ရှေးနည်းအတူပင် မာတလိနတ်သားအား မေး၏။ မာတလိနတ်သားလည်း ''အရှင်မင်းကြီး လူ့ပြည်၌ သူတော် မဟုတ်၊ ယုတ်မာသော ဒုဿီလတို့သည် သီလနှင့်ပြည့်စုံသော သူတော်ကောင်းတို့ကို ချုတ်ချယ်ရမ်းကား ထိပါး ညှဉ်းဆဲခြင်းကို ပြုသော မကောင်းမှုကံကြောင့် ခံကြရသည်ဟု ပြန်ကြားလျှောက်ထားလေ၏။ နေမိမင်းလည်း ယင်းသို့ဖြစ်လျှင် သူတပါးတို့အား ချုတ်ချယ်ရမ်းကား ထိပါးညှဉ်းဆဲခြင်းကို မပြုဝံ့ပါပြီ''ဟု နှလုံးသွင်းတော်မူ၏။

---

## ၄-အင်္ဂါရကာသု ငရဲ

ထိုနောက် အင်္ဂါရကာသုငရဲကို ပြ၏။ထိုငရဲ၌ ငရဲသူတို့ကို ငရဲထိန်းတို့သည် ဝန်းရံ၍ ပုတ်ခတ်ပြီးလျှင် ခါးတိုင်အောင် သံမြေ၌မြုပ်၍ မီးကျီးခဲတို့ကို ကြီးစွာသော သံတောင်းဖြင့် ကျုံးပြီးလျှင် ဦးခေါင်းထက်၌ လောင်းကုန်၏။နေမိမင်းလည်းထိုကိုမြင်၍ ရှေးနည်းအတိုင်း မေး၏။မာတလိလည်း ''အရှင်မင်းကြီး လူ့ပြည်၌ ကျောင်းဆောက်ခြင်း,ဘုရားတည်ခြင်း,စသော ကောင်းမှုအကျိုးငှါ ကောက်ခံစုရုံး၍ ထားအပ်သော ရပ်သူ, ရွာသားအပေါင်း၏ဥစ္စာကို မိမိလိုရာ သုံးစွဲပြီးလျှင် ကောက်ကျစ်စဉ်းလဲသော သက်သေ,သက်ကန်ကိုပြု၍ ဤအမှုမှာ ဤမျှ,ဤအမှုမှာ ဤမျှ ပေးရသည်ဟုဆို၍ လူအများစုဆောင်း၍ ထားအပ်သော ဥစ္စာကို ဖျက်ဆီးသော မကောင်းမှု

ကံကြောင့် ခံကြရပါသည်”ဟု ပြန်ကြား လျှောက်ထားလေ၏။ နေမိမင်းလည်း“ယင်းသို့ဖြစ်လျှင် ငါကား ထိုကဲ့သို့မပြုဝံ့ပြီ”ဟု နှလုံးသွင်းတော်မူ၏။

## ၅-လောဟကုမ္ဘီ ငရဲ

ထိုနောက် လောဟကုမ္ဘီ ငရဲကို ပြလေ၏။ ထိုလောဟကုမ္ဘီ ငရဲ၌ ခံရသောသူတို့၏ ခံရပုံကို အောက်၌ပြဆိုခဲ့ပြီ။ ။နေမိမင်းလည်း ထိုကိုမြင်၍ ရှေးနည်းဖြင့် မေး၏။ မာတလိလည်း“အရှင်မင်းကြီး လူ့ပြည်၌ သီလဝန္တ ဖြစ်သော ရဟန်း,ပုဏ္ဏားတို့ကို ချုတ်ချယ်ရမ်းကား ထိပါး ညှဥ်းဆဲခြင်းကို ပြုသော မကောင်းမှုကြောင့် ခံကြရသည်ဟု ပြန်ကြား လျှောက်ထားလေ၏။ နေမိမင်းလည်း“ယင်းသို့ဖြစ်လျှင် ငါကား ရဟန်း,ပုဏ္ဏားတို့ကို ချုတ်ချယ် ရမ်းကား ထိပါးညှဥ်းဆဲခြင်းတို မပြုဝံ့ပြီ”ဟု နှလုံးသွင်းတော်မူ၏။

## ၆-တမ္ဗောဒ ငရဲ

ထိုနောက် တမ္ဗောဒငရဲကိုပြ၏။ထိုငရဲ၌ ငရဲထိန်းတို့သည် အလျှံပြောင် ပြောင်တောက်သော သံလွန်, သံကြိုးတို့ဖြင့် ငရဲသူတို့၏ လည်ကို ရစ်ပတ် ပြီးလျှင် သုံးဂါဝုတ်ရှိသော ကိုယ်ကို အောက်သို့ညွတ်စေ၍ လည်ကို ပြန်၍ ချီးပြီးလျှင် သံချောင်းတို့ဖြင့် ယူပြီးသော် အလျှံပြောင်ပြောင် တောက်သော သံရည်,ကြေးရည်၌ ထည့်ကုန်၏။ထိုလည် ကျိုးပြတ်သော် တဖန် ဦးခေါင်း နှင့်တကွ လည်ပေါ်လာပြန်၏။ နေမိမင်းသည် ထိုကိုမြင်၍ ရှေးနည်းဖြင့် မေး၏။မာတလိ နတ်သာလည်း “အရှင်မင်းကြီး ဤသူတို့ကား လူ့ပြည်၌ ကြက်ငှက်တို့အား အမွေးအတောင်ကို နုတ်ပြီးလျှင် လည်ကို လိမ်လျက် အသက်ကုန်စေသော မကောင်းမှုကြောင့် ခံကြရပါသည်”ဟု ပြန်ကြား လျှောက်ထားလေ၏။နေမိမင်းလည်း“ယင်းသို့ဖြစ်လျှင် ငါကား မဝံ့ပြီ”ဟု နှလုံးသွင်းတော်မူ၏။

## ၇-ထုသ နဒီ ငရဲ

ထိုနောက် ထုသ နဒီ ငရဲကိုပြ၏။ထိုငရဲ၌ ထိုအရပ်တွင် များသော ရေရှိသောမွှေ့လျော်ဘွယ်ရှိသော မြစ်သည်စီး၏၊ငရဲသူတို့သည် ငရဲမီးပူဖြင့် နှိပ်စက်ရကား ရေငတ်ခြင်းကို သီးခံခြင်းငှါ မတတ်နိုင်သည် ဖြစ်၍ ထို မြေကို နင်းပြီးလျှင် ထိုမြစ်သို့ ဆင်းကုန်၏။ ထိုခဏ၌ ကမ်းသည် အလျှံ

ပြောင်ပြောင် တောက်၍ သောက်ရေလည်း စပါးဖျင်း ဖြစ်ပြီးလျှင် အလျှံ ပြောင်ပြောင် တောက်လေ၏။ငရဲသူတို့လည်း ရေငတ်ခြင်းကို သီးမခံနိုင်ရကား ထိုစပါးဖျင်းကိုပင် စားကြကုန်၏။ ထိုစပါးဖျင်းတို့သည် ငရဲသူတို့၏ ကိုယ်ကိုလောင်လျက် ထွင်းဖောက်၍ အောက်သို့ထွက်ကုန်၏။ ထိုဆင်းရဲကို ငရဲသူတို့သည် သီးမခံနိုင်ရကား လက်များကို မြှောက်လျက် ငိုကြွေးကြကုန်၏။နေမိမင်းလည်း ထိုကိုမြင်၍ ရှေးနည်းဖြင့် မေး၏။ မာတလိလည်း ''အရှင်မင်းကြီး ဤသူတို့ကား လူ့ပြည်၌ ဆန်,စပါး,ပဲ,ပြောင်းများကို အဖျင်း,ဆန်ကွဲ,ဖွဲနုတို့ဖြင့် ရောနှော၍ ရောင်းစားသော မကောင်းမှုကြောင့် ခံစားကြရသည်''ဟု ပြန်ကြား လျှောက်ထား လေ၏။ နေမိ မင်းလည်း ''ယင်းသို့ ဖြစ်လျှင် ငါကား သူတပါး ဥစ္စာကို မခိုးဝံ့ပြီ''ဟု နှလုံး သွင်းတော်မူ၏။

---

## ဂ-သဏ္ဍာသတုဒန ငရဲ

ထိုနောက် သတ္တိတုဒနငရဲကိုပြ၏။ထိုငရဲ၌ ငရဲထိန်းတို့သည် ငရဲသူတို့ကို ဝန်းရံကုန်လျက် လှံ,မြား,သန်လျက်,ခက်ရင်း-တို့ဖြင့် နံပါးနှစ်ဘက်တို့၌ ထိုးကုန်၏။ငရဲသူတို့၏ ကိုယ်သည် အပေါက်ငယ်,အပေါက်ကြီးရှိလျက် ဖက်ရွက်ကဲ့သို့ ထင်၏။ နေမိမင်းလည်း ထိုသူတို့ကို မြင်လျှင် ရှေးနည်းဖြင့် မေး၏။မာတလိလည်း''အရှင်မင်းကြီး ဤသူတို့ကား လူ့ပြည်၌ သူတပါးတို့၏ သဝိညာဏက, အဝိညာဏက ဥစ္စာတို့ကို တိုက်ရိုက်စပ်ဖြတ်ခြင်း အစရှိသည်တို့ဖြင့်၎င်း,စဉ်းလဲကောက်ကျစ်ခြင်းတို့ဖြင့်၎င်း ခိုး၍ အသက်မွေးသော မကောင်းမှုကြောင့် ခံကြရပါသည်''ဟု ပြန်ကြား လျှောက်ထားလေ၏။ နေမိမင်းလည်း ''ယင်းသို့ဖြစ်လျှင် ငါးကား သူတပါးဥစ္စာကို မခိုးဝံ့ပြီး''ဟု နှလုံးသွင်းတော်မူ၏။

---

## ၉-မံသကောဋ္ဌန ငရဲ

ထိုနောက် မံသကောဋ္ဌနငရဲကို ပြလေ၏။ ထိုငရဲ၌ ငရဲထိန်းတို့သည် အလျှံပြောင်ပြောင်တောက်သော သံလွှန်,သံကြိုးတို့ဖြင့် ငရဲသူတို့၏ လည်၌ ဘွဲချီ၍ ငင်ပြီးလျှင် သံမြေ၌လည်းစေ၍ အထူးထူးသော လက်နက်တို့ဖြင့် ဖြတ်ကုန်၏။တပါးသော ငရဲသူတို့သည် အလျှံပြောင်ပြောင် တောက်သော သံပျဉ်ချပ်တို့၌ထား၍ အမဲကို နုပ်နုပ်စဉ်း၍ အစုအပုံပြုသကဲ့သို့ နုပ်နုပ်စဉ်း

သည်ဖြစ်၍ အိပ်ကုန်၏။ နေမိမင်းလည်း ထိုကိုမြင်၍ ရှေးနည်းဖြင့် မေး၏။ မာတလိလည်း ''အရှင်မင်းကြီး ဤသူတို့ကား လူ့ပြည်၌ ဆိတ်,ဝက်,ကျွဲ, နွား,ငါးတို့ကို သတ်လျက် အမဲဈေးတည်၍ ရောင်းစားခြင်းကို ပြုသော မကောင်းမှုကြောင့် ခံကြရကုန်သည်'' ဟု ပြန်ကြား လျှောက်ထားလေ၏။ နေမိမင်းလည်း ''ယင်းသို့ ဖြစ်လျှင် ငါကား ဆိတ်,ဝက်,ကျွဲ,နွား,ငါးတို့ကို သတ်၍ မစားမရောင်းဝံ့ပြီ'' ဟု နှလုံးသွင်းတော်မူ၏။

ဤကား နေမိမင်းအား မာတလိနတ်သား ပြသော ငရဲအမြွက်တည်း။

---

## လောကန္တရိက ငရဲအကြောင်း

ဤလောကန္တရိက ငရဲဟူသည်—

> လောကာနံ အန္တရော လောကန္တရော။
> လောကန္တရေ ဇာတောတိ လောကန္တရိကော။

လောကာနံ၊လောကဓာတ်တို့၏။ အန္တရော၊အကြားတည်း။ လောကန္တရော၊ လောကဓာတ်တို့၏ အကြား။ ။လောကန္တရေ၊ လောကဓာတ်တို့၏ အကြား၌။ ဇာတော၊ဖြစ်သောငရဲတည်း။လောကန္တရိကော၊လောကဓာတ်တို့၏ အကြား၌ ဖြစ်သော ငရဲ။ ။ဝိဂ္ဂြိုဟ် အရ····လှည်းဘီး ပမာဏ, သို့မဟုတ် သပိတ်ပမာဏ, သဏ္ဍာန်ရှိကုန်သော စကြဝဠာတိုက် သုံးခုတို့၏ အကြာ၌ တည်သော ငရဲကို ဆိုလိုသည်။

ထိုလောကန္တရိကငရဲသည် အကျယ်အဝန်း ပမာဏအားဖြင့် ယူဇနာ ရှစ်ထောင် ကျယ်ဝန်း၏။ထိုလောကန္တရိက ငရဲဟူသည် စကြဝဠာတံတိုင်း သုံးခုတို့၏ ထိစပ်ရာဌာနအကြား၌ တည်ရှိ၍ နေ,လတို့သည် ထိုစကြဝဠာ တံတိုင်း၏ အလယ်ပမာဏရှိသော ခရီးဖြင့်သာ လှည့်ပတ်ထွန်းလင်းကုန် သဖြင့် နေရောင်,လရောင်တို့ဖြင့် မရောက်နိုင်ရကား ၎င်းလောကန္တရိက ငရဲ၌ စက္ခုဝိညာဏ်ဖြင့် မမြင်နိုင်သော တခဲနက် အမိုက်တိုက်ကြီးသည် ဖြစ်၏။ ထိုလောကန္တရိက ငရဲသားသတ္တဝါတို့၏ ကိုယ်သည် သုံးဂါဝုတ်မျှ ကြီးထွားလျက် လင်းနို့တို့ကဲ့သို့ ကြီးကုန်,ရှည်ကုန်သော လက်သည်းတို့ဖြင့် စကြဝဠာ ကျောက်တံတိုင်းတို့ကို ဦးခေါင်းစောက်ထိုး တွဲလဲဆွဲကုန်လျက် နေကြရကုန်၏။

အကြင်အခါ၌တွဲရရွဲတွား သွားရကုန်လျက် တကောင်နှင့်တကောင် တွေ့ထိမိကြ၍ အစာဟူသော အမှတ်ဖြင့် စားအံ့သော်ငှါ ဆွဲကိုင်ယူငင်ကြသည် ရှိသော် ပက်လက်လန်ကာ အောက်မဟာပထဝီမြေကြီးကိုခံ၍ တည်နေသော ရေအထုသို့ ကျရောက်လတ်ကုန်သော် အလွန်တရာမှမြေလှာသဖြင့် မှန့်ညက်ခဲသည် ရေထဲသို့ ကျသည့်ပမာ အရိုးအသားတို့သည် အကုန်ကြေမွ ပျက်စီးကြကုန်၏။ ယင်းသို့ ကြေပျက်ပြီးလျှင် တဘန် ဥပပါတ် ပဋိသန္ဓေနေ၍ ၎င်းစကြဝဠာ တောင်တံတိုင်း၌ပင် ရှေးအတိုင်း ဖြစ်မြဲဖြစ်ကြပြန်၏။ဤသို့လျှင် အကုသိုလ်ကံ မကုန်သမျှကာလပတ်လုံး အကြိမ်များစွာ ကျရောက်ခါ ဒုက္ခဝေဒနာကို ခံစားရကုန်လျက် တည်နေကြရကုန်၏။

တိဏ္ဏံ တိဏ္ဏဉ္စိ စက္ကဝါဠာနံ အန္တရေ ဧကေကော လေပန္တရိက နိရယော နာမ ဟောတိ။အဋ္ဌယောဇနသဟဿပ္ပမာဏော။
သမ္မောဟဝိနောဒနီ အဋ္ဌကထာပါဠ်။ ။(၃)

---

## ယမမင်း အကြောင်း

သတ္တေ ပုညကမ္မေ ယမေတိ နိယမေတီတိ ယမော။

ယောရာဇာ၊ အကြင်မင်းသည်။ သတ္တေ၊ ငရဲသားသတ္တဝါတို့ကို။ ပုညကမ္မေ၊ကောင်းမှု ကုသိုလ်ကံတို့ကို။ယမေတိ-နိယမေတိ၊ မှတ်စေတတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ ယမော၊ ယမမင်းမည်၏။ ။ဝိဂ္ဂိုဟ်အရ····အကုသိုလ်ကံ အလျောက်၊ ငရဲထိန်းတို့ ဆောင်ပို့လာသော သတ္တဝါတို့ကို ရှေးရှေးက မိမိပြုခဲ့ဘူးသော ကုသိုလ်ကံကို အောက်မေ့ သတိရစေတတ်သောကြောင့် ယမမင်းမည်၏။ ၎င်းယမမင်းဘည် အပါယ်ဘုံ၌ပင် တည်နေသော်လည်း အပါယ်ဘုံသား မဟုတ်ချေ၊ ကုသိုလ်ကံ အကုသိုလ်ကံ နှစ်ရပ်ရောစပ်၍ ပြုခဲ့ဘူးသော မိဿကအဟုန်ကြောင့် စာတုမဟာဇ်ဘုံ အဝင်အပါ ဝေမာနိက ပြိတ္တာတို့၏မင်းတည်း။

တရံတခါ နတ်တို့စည်းစိမ် ရိပ်မြိမ်ကို ခံစား၍ တရံတခါ အကုသိုလ်ကံ၏ အကျိုးကို ခံစားရသော ဝေမာနိကပြိတ္တာမျိုးတည်း။ ။၎င်းယမမင်းသည် တပါးတည်း မဟုတ်။ ငရဲတထပ်လျှင် တဘက်ကွင် တံခါးလေးဘက်

ရှိ၍ ၄-ဘက်၌ တံခါး ၁၆-ပေါက် ရှိရကား တံခါး တခုလျှင် ယမမင်း တယောက်တယောက်ကြစီ ရှိလေ၏။ထို့ကြောင့် ငရဲတထပ်လျှင် ယမမင်း ၁၆-ယောက် ရှိပေသတည်း။

က။ ။ယမရာဇာ နာမ ဝေမာနိကယောနိရာဇာ၊ ကေသ္မိံ ကာလေ နိဗ္ဗတ္တဝိမာနေ ဒိဗ္ဗကပ္ပရုက္ခ ဒိဗ္ဗဥယျာန ဒိဗ္ဗနာဋက ဒိဗ္ဗသမ္ပတ္တိံ အနုဘဝန္တိ။ ကေသ္မိံ ကာလေ ကမ္မဝိပါကံ အတ္တိ။ ဓမ္မိကော ရာဇာ။န စေသ ဧကောဝ ဟောတိ။စတူသု ဒွါရေသု ပန စတ္တာ ရော ဇနာ ဟောန္တိ။ ။ဒေဝဒူတသုတ် အဋ္ဌကထာ။ ။(၁၄၆)

ငင်းယမမင်းသည် ဝေမာနိကပြိတ္တာမျိုး၌ ဖြစ်၍ ကောင်းကျိုး မကောင်း ကျိုး ၂-ပါးကိုပင် ခံစားရသည် မှန်သော်လည်း မင်ဖိုလ်ကို ရသည်မှစ၍ ဆင်းရဲမရှိ ချမ်းသာကိုသာ ခံစားရပေတော့သတည်း။

---

## ငရဲထိန်း အကြောင်း

လူ့ပြည်၌ ပြည့်ရှင်မင်းတို့သည် ထားအပ်သော လက်မရှိ ထောင်မှူး ပါးကွက် အာဏာသားများ ရှိသကဲ့သို့ ထိုအတူ ငရဲပြည်၌လည်း ငရဲသား တို့ကို သတ်ဖြတ်ညှဉ်းပန်း နှိပ်စက်ကုန်သော ငရဲထိန်းတို့သည် ရှိကုန်၏။

မနုဿလောကေ ရာဇကုလေသု ကာရဏိက
မနုဿာဝိယ နိရယေ နိရယပါလာ ဟောန္တိ။

အင်္ဂုတ္တရ အဋ္ဌကထာ။

မနုဿလောကေ၊လူတို့ပြည်၌၊ ဇရာကုလေသု၊ မင်းအိမ်တို့၌။ကာရဏိ ကမနုဿာဝိယ၊ သတ်ဖြတ် ညှဉ်းဆဲတတ်သော ထောင်မှူး အာဏာသား

---

က။ ။ယမရာဇာနာမ၊ ယမမင်းသည်ကား။ ဝေမာနိကယောနိရာဇာ၊ဝေမာနိကနတ်မျိုး၌ ဖြစ်သော မင်းတည်း။ကေသ္မိံကာလေ၊တခုသော ကာလ၌။နိဗ္ဗတ္တဝိမာနေ၊ ဖြစ်သော ဗိမာန်၌။ ဒိဗ္ဗကပ္ပရုက္ခ,ဒိဗ္ဗဥယျာန,ဒိဗ္ဗနာဋက,ဒိဗ္ဗသမ္ပတ္တိံ၊နတ်၌ဖြစ်သောပဒေသာပင်,နတ်၌ဖြစ်သော ဥယျာဉ်,နတ်၌ဖြစ်သော ကချေသည်,နတ်၌ဖြစ်သော စည်းစိမ်,ချမ်းသာတို့ကို၊အနုဘဝန္တိ၊ ခံစားရကုန်၏၊ကေသ္မိံကာလေ၊တခုသောကာလ၌။ ကမ္မဝိပါကံ၊အကုသိုလ်ကံ၏အကျိုးသည်။ အတ္တိ၊ရှိ၏၊ဝါ၊ခံစားရ၏။ ဓမ္မိကောရာဇာ၊ တရားနှင့်ညီသောမင်းတည်း။ ဧကော၊တယောက် ထည်းသည်ကား၊န၊မဟုတ်။ပန၊အဖွင့်အဟုတ်သော်ကား။စတူသု၊လေးခုကုန်သော၊ဒွါရေသု၊ တံခါးတို့၌၊စတ္တာရောဇနာ၊ယမမင်း ၄-ယောက်,၄-ယောက်တို့သည်။ဟောန္တိ၊ဖြစ်ကုန်၏။

များကဲ့သို့။ နိရယေ၊ငရဲပြည်၌။ နိရယပါလာ၊ ငရဲထိန်းတို့သည်။ ဟောန္တိ၊ ရှိသည်ဖြစ်ကုန်၏။

သို့သော် ထိုငရဲထိန်းတို့သည် ငရဲကြီးတို့၌ မရှိကုန်၊ ငရဲငယ် ဉဿဒ ရက် ငရဲတို့၌သာ ရှိကုန်၏ ဟု မှတ်။

မဟာနိရယေ နိရယပါလာ နတ္ထိ။ ။ဇိနာလင်္ကာရဋီကာ။

မဟာနိရယေ၊ငရဲကြီး၌။နိရယပါလာ။ငရဲထိန်းတို့သည်။နတ္ထိ၊မရှိကုန်။

ထိုငရဲထိန်းတို့သည် ကုသိုလ်ကံ, အကုသိုလ်ကံ,တို့တွင် အဘယ်ကံကြောင့် ငရဲပြည်၌ ဖြစ်ကြရပါသနည်း ဟူမူ။ ယမမင်းကဲ့သို့ ကုသိုလ်ကံ, အကုသိုလ်ကံ ၂-မျိုး ရောနှောသော မိဿကကံကြောင့် ငရဲပြည်၌ ဖြစ်ကြရပေသတည်း။ ။ငရဲထိန်းတို့၏ ပဋိသန္ဓေကံကား ကုသိုလ်ကံကြောင့် စာတုမဟာရာဇ် နတ်မျိုး၌ဖြစ်၍ ပဝတ္တိအခါဝယ် ငရဲသားတို့နှင့် အတူ တကွ ဖြစ်မှု,စိမ်ဆောင်ရွက်ရမှုကား အကုသိုလ်ကံကြောင့် ဟု မှတ်။

နိရယဉပ္ပတ္တိသံဝတ္တနိယကမ္မတော အညေနေဝ ကမ္မုနာ
တေ နိဗ္ဗတ္တန္တိ။ ။ဉပရိပဏ္ဏာသ အဋ္ဌကထာ။

နိရယဉပ္ပတ္တိသံဝတ္တနိယကမ္မတော၊ ငရဲပဋိသန္ဓေကို ဖြစ်စေတတ်သော အကုသိုလ်ကံမှ။အညေနေဝ၊ တပါးသာလျှင်ဖြစ်သော။ ကမ္မုနာ၊သန့်ရှင်းသော ကုသိုလ်ကံကြောင့်။ တတ္ထ၊ ထို စာတုမဟာရာဇ် နတ်မျိုး၌။ တေ၊ ထိုငရဲထိန်းတို့သည်။နိဗ္ဗတ္တန္တိ၊ဖြစ်ရကုန်၏။

ဤသို့ ငရဲထိန်းတို့သည် ငရဲပြည်၌ပင် ဖြစ်ရသော်လည်း စာတုမဟာရာဇ် နတ်မျိုးအပါအဝင် ဖြစ်ကြသောကြောင့် ငရဲသားတို့ကို မီးစသည် တို့သို့ ဆွဲငင်ပစ်ချ,ထိုးခုတ်ရသော်လည်း မိမိတို့၌ ပူလောင်သည် မရှိကုန်။ ငရဲသားများသာ အကုသိုလ်ကံအဟုန်ကြောင့် ပူလောင်ခြင်းစသော ဒုက္ခ ဖြစ်ကြရပေသတည်း။

ကထံ ဒါဟဒုက္ခံ နာနုဘဝန္တီတိ တေသံ ကမ္မာနုဘာဝတော။
ဉပရိပဏ္ဏာသ ဋီကာပါဠ်။

ကထံ၊ အဘယ့်ကြောင့်။ တေ၊ထိုငရဲထိန်းတို့သည်။ ဒါဟဒုက္ခံ၊ပူလောင်သော ဆင်းရဲကို။နာနုဘဝန္တိ၊မခံစားလေကုန်သနည်း။ ဣတိ အယံ၊ဤသည်

ကား။ ပုစ္ဆာ၊အမေးစကားတည်း။ တေသံ၊ထိုငရဲထိန်းတို့၏။ ကမ္မာနုဘာဝတော၊ကုသိုလ်ကံ၏ အစွမ်းကြောင့်။နာနုဘဝန္တိ၊မခံစားရလေကုန်။ ဇာတိအယံ၊ဤသည်ကား။ ဝိသဇ္ဇနဝ၊အဖြေတည်း။

ထိုငရဲထိန်းတို့သည် ကုသလဝိပါက်နှင့် ပဋိသန္ဓေတည်နေသူ စာတုမဟာရာဇ် နတ်မျိုးဖြစ်ကြရကား မင်ဖိုတ်ကို ရနိုင်ကြကုန်၏။ မင်ဖိုလ်ကို ရသော ကာလမှစ၍ ငရဲသားတို့ကို ညှဉ်းဆဲသတ်ပုတ်မှုတို့ကို မပြုလုပ်ကြကုန်။

ငရဲထိန်းတို့သည် ငရဲသားတို့အား လောလောပူသော သံမြေ၌ ပက်လက်အိပ်စေ၍ လက်ျာဘက်လက်၌ ထန်းလုံးခန့် ပမာဏရှိသောသံစို့ချောင်းတို့ကို ရိုက်နှက်ကုန်၏။ လက်ဝဲလက်၌လည်း ထိုအတူ သံစို့တို့ဖြင့် ရိုက်နှက်ကုန်၏။ လက်ျာခြေ,လက်ဝဲခြေ တို့၌လည်း ထိုအတူ တချောင်းစီ သွတ်သွင်းရိုက်နှက်ကုန်၏။ ရင်လယ်တည့်တည့်၌လည်း စို့တချောင်းရိုက်နှက်သွတ်သွင်းကုန်၏။ဤသို့ ငါးပါးသော အဖွဲ့တို့ကိုပြု၍ အိမ်မိုယ်းတဘက်မျှလောက်ရှိသော ထားမ တို့ဖြင့်၎င်း,ဗန်း-စကောကြီး ပမာဏမျှလောက်ရှိသော ပဲကွပ်တို့ဖြင့်၎င်း, သုံးဂါဝုတ် မျှလောက်ရှိသော ငရဲသားတို့၏ ကိုယ်ကို ခုတ်ရွေကြကုန်၏။သွေးတို့သည် မြစ်ကြီးသဘွယ်ယိုစီးကုန်၏။သံမြေမှလည်း မီးအလျှံတို့သည် အမြဲတောက်ကုန်လျက် ခုတ်ရာ, ရွေရာတို့၌ လောင်ကျွမ်းကုန်၏။ ။(အလွန်ကြောက်ဘွယ်ကောင်ပေစွ)။

တမေနံ ဘိက္ခဝေ နိရယပါလာ ပဉ္စဝိဓဗန္ဓနံ နာမ ကာရဏံ ကရောန္တိ။ ။ဉပရိပဏ္ဏာသ ပါဠိတော်။

ဘိက္ခဝေ၊ရဟန်းတို့။ တမေနံ၊ ထိုငရဲသူသတ္တဝါကို။ နိရယပါလာ၊ငရဲထိန်းတို့သည်။ပဉ္စဝိဓဗန္ဓနံ၊ ငါးပါးအပြားရှိသော နှောင်ဖွဲ့ခြင်း မည်သော။ ကာရဏံ၊ သတ်ပုတ်ညှဉ်းဆဲကြောင်းဖြစ်သော အစီအရင်ကို။ ကရောန္တိ၊ ပြုကုန်၏။ ။၎င်းဆိုအပ်ပြီးသော ပဉ္စဝိဓဗန္ဓနမှု သည်လည်း ငရဲကြီးတို့၌ မရှိကုန်၊ ဉဿဒရက်ငရဲတို့၌သာလျှင် ရှိကုန်၏ ဟု မှတ်။ ငရဲကြီးတို့၌ကား ကံအဟုန်ကြောင့် မိမိတို့ငရဲကြီးသဘောအရ အလိုအလျောက် ခံစားကြရကုန်သည်ဖြစ်၍ငရဲထိန်းတို့လည်း မရှိ၊ပဉ္စဝိဓဗန္ဓနလည်း မရှိ။ ။ဟူလို။

—— ——

## တိရစ္ဆာန် ဘုံခဏ်း

တိရော အဉ္စိတာတိ တိရစ္ဆာနာ။ ။

ယေ သတ္တာ၊ အကြင် သတ္တဝါတို့သည်။ တိရော၊ မင်္ဂဖိုလ်မကပ်၊ထောင့်ဖြတ် ဖီလာ။အဉ္စိတာ၊သွားတတ်ကုန်၏။ ဣတိ၊ထို့ကြောင့်။တေ သတ္တာ၊ထိုသတ္တဝါတို့သည်။တိရစ္ဆာနာ၊တိရစ္ဆာန်မည်ကုန်၏။ ။ဤကား ဋီကာကျော်အလို ဖွင့်ဆိုအပ်သော ဝိဂ္ဂြိုဟ်တည်း။

**မှတ်ချက်။** ။ဤအလို တိရစ္ဆာနာ····ပုဒ်၌၊တိရော-နိပါတ်ရှေးရှိသော အဉ္စု၊ဓာတ်။ဆာန-ပစ္စည်း။ရ-၌ရှိသောဩ-ကို အ-ပြု၍ တိရစ္ဆာန-ဟု ပြီး၏။ ။ဋီကာဟောင်း ဆရာကား····တိရံ တိရံ ဂစ္ဆန္တီတိ တိရစ္ဆာနာ—ဟု ပြု၏။ ဆရာတို့ကား…တိရန္တိ အဓောဘာဂေန ဂစ္ဆန္တီတိ တိရစ္ဆာနာ-ဟု ပြု တော်မူကြကုန်၏။ ။ဤအလိုသော် တိရ-ဓာတ်၊ဆာန-ပစ္စည်းကြံ။

အဓိပ္ပါယ်ကား။ ။တိရစ္ဆာန်ဟူသည် လူနတ်တို့ကဲ့သို့ မင်္ဂဖိုလ်နိဗ္ဗာန်တည်းဟူသော အထက်သို့ တက်ရောက်ကြီးပွါးနိုင်ခြင်းမရှိ၊ များသောအားဖြင့် အောက်အဘို့ဟု ဆိုအပ်သော ငရဲစသော ဘဝသို့သာ လားတတ်, ရောက်တတ်သောကြောင့် တိရစ္ဆာန်မည်၏။ ။သို့သော် ဘားနတ်သားစသော တိရစ္ဆာန်များကား နတ်ပြည် သုဂတိသို့ ရောက်ရသည်ကို ထောက်၍ ယေဘုယျ နည်းအားဖြင့်သာ ဆိုအပ်၏ဟုမှတ်။ ။မင်္ဂဖိုလ်နိဗ္ဗာန်ကိုမူကား၊ အဟိတ်ပဋိသန္ဓေ တည်နေသူ ဝိပါကန္တရာယ် ထိုက်ပြီးဖြစ်၍ ၎င်းတိရစ္ဆာန် ဘဝနှင့် မရနိုင်သဖြင့် တိရော အဉ္စိတာ-ဟု ဆိုအပ်ပေသတည်း။

၎င်းတိရစ္ဆာန် ဘုံသားတို့ဟူသည်ကား၊ ၁-အဏ္ဍဇ၊ကြက်,ငှက်စသော ဥမှပေါက်သော တိရစ္ဆာန်။ ၂-ဇလာဗုဇ၊ သားသမင်,ကျွဲ,နွားစသော ပဋိသန္ဓေ တည်နေ၍ ဖြစ်သော တိရစ္ဆာန်။ ၃-သံသေဒဇ၊ ပိုးလောက်လန်းစသော အညှီ အဟောက် စသည်ကိုစွဲ၍ဖြစ်သော တိရစ္ဆာန်။ ၄-ဩပပါတိက၊ဥပပါတ်အားဖြင့်ဖြစ်သော တိရစ္ဆာန်ဟူ၍ လေးမျိုး,လေးစားရှိ၏။ ။(ဤ၌-ဥပပါတ်ဟူသည် လူဘဝမှ စုတေ၍ ပဋိသန္ဓေ မတည်နေရမူ၍ ခွေးမကြီးဘွားကနဲဖြစ်သော ဓမ္မပဒဝတ္ထု၊လာ တိရစ္ဆာန်မျိုးကို ဆိုလိုသည်)။ ဤကား ပဋိသန္ဓေအားဖြင့် တိရစ္ဆာန် အပြားတည်း။

တနည်း။ ။ငါးစသော ခြေမရှိသော အပဒ တိရစ္ဆာန်၊ ခြေနှစ်ချောင်းရှိသော ကြက်,ငှက်စသော ဒွိပဒတိရစ္ဆာန်၊ ကျွဲ,နွား စသော အခြေလေးချောင်းရှိသော စတုပ္ပဒတိရစ္ဆာန်၊ ကင်းခြေများစသော ခြေအများရှိသော ဗဟုပဒ တိရစ္ဆာန် ဟူ၍ လေးမျိုး,လေးစား ရှိ၏။ ။ဤကား ခြေကိုစွဲ၍ ဖြစ်သော တိရစ္ဆာန် အပြားတည်း။

ထိုမှတပါး အဆင်းသဏ္ဌာန် ကိုယ်ဟန်ထူးထွေ ကုန်းသွေ တောတောင် ချောက်မြောင်တောင်ခြား ကျက်စား နေထိုင်ကုန်သော မရေမတွက်နိုင် များစွာကုန်သောသတ္တဝါ,မဟာသမုဒ္ဒရာပင်လယ်ရေတွင်း ခပင်းဥဿုံအလုံးစုံသော မရေမတွက်နိုင်အောင် များပြားကုန်သော ရေသတ္တဝါ အနန္တတို့သည်၎င်း၊ အာကာဝေဟင် လေယာဉ်ဟုန်စီး ပျံသန်းပြီးခါ သွားလာ ကျက်စားကုန်သော အနန္တများစွာ ငှက်သတ္တဝါမျိုးတို့သည်၎င်း တိရစ္ဆာန်တို့ချည်းသာတည်း။

၎င်းတိရစ္ဆာန်တို့၏ အသက်အပိုင်းအခြားကား၊ဤရွေ့,ဤမျှဟု ပိုင်းခြားဝေဘန်ခါ ဟောတော်မူခြင်းမရှိ၊ မိမိတို့ဇာတ် သဘာဝခေတ်အားလျော်စွာသာ ရှည်ကုန်၏။အချို့သော သန်း,ပိုးလောက်လန်းစသော တိရစ္ဆာန်တို့သည် ၎င်းတို့ခေတ်အလိုက် ခုနစ်ရက်,တလ စသည်သာ ရှည်ကုန်၏။ အချို့သောဆင်,မျောက်,စသောသတ္တဝါတို့ကားအနှစ်ရာထောင်များမြောင်စွာ ရှည်ကုန်၏။ ။ဟူလို။

၎င်းတိရစ္ဆာန်တို့၏ တည်ရာဌာနဘုံသည် ငရဲသားများကဲ့သို့ သီးခြား၍ မရှိ၊ လူတို့နှင့် တစပ်ထည်းသာ တည်ရှိလေကုန်၏။ ထိုကြောင့် ၎င်းတိရစ္ဆာန်ကို ဘုံဌာနအားဖြင့် မဘွင့်မူ၍"တိရစ္ဆာနယောနိ"ဟု ယောနိသဒ္ဒါဖြင့်သာ မိန့်ဆိုတော်မူလေသတည်း။ ။ယောနိ-ဟူသည်ကား။

ယဝန္တိ ယောန္တိ သတ္တာ တေယာတိ ယောနိ။

ဝိဂြိုဟ်အရ-ယောနိမည်၏။ ။တေယ၊ ထိုခန္ဓာဖြစ်ခြင်းဖြင့်။ သတ္တာ၊ သတ္တဝါတို့သည်။ ယဝန္တိ-ယောန္တိ၊ ရောနှောသကဲ့သို့ ဖြစ်တတ်ကုန်၏။ ဣတိ တသ္မာ၊ ထိုသို့ ရောနှောကြောင်း ဖြစ်သော သတ္တိကြောင့်။ ယောနိ၊ ယောနိ-မည်၏။

အဓိပ္ပါယ်ကား။ ။တိရစ္ဆာန်တို့၏ ဘုံဟူသည် ငရဲဘုံကဲ့သို့ အထူးအားဖြင့် သတ်မှတ်ပိုင်းခြား၍ မရှိ၊ တူသောဇာတ်ရှိကြသော သတ္တဝါတို့၏

မရောနှောသော်လည်း ရောနှောသကဲ့သို့ အတူတကွ ခန္ဓာတို့၏ ဖြစ်ခြင်း ယောနိသည်ပင်လျှင် ဘုံမည်၏။ ။တနည်း။ ။တော တောင်စသော မိမိတို့၏ ဖြစ်ရာ ဌာနသည်ပင်လျှင် တိရစ္ဆာန်တို့၏ ဘုံဌာနမည်၏ ဟု မှတ်။ ကြွင်းသော ပြိတ္တာ အသုရကာယ်တို့၌လည်း ဤနည်းအတိုင်း မှတ်လေ။ ထို့ကြောင့် ဘုံသတ်မှတ်၍ရှိသော ငရဲကို ''နိရယော'' ဟုသာ သဒ္ဒါပို မပါ မထည့်ပါဘဲ မိန့်ဆို၍ ဘုံသတ်မှတ်ခြင်း မရှိသော တိရစ္ဆာန်,ပြိတ္တာ,အသုရကာယ်တို့ကိုကား''ယောနိ''သဒ္ဒါ''ဝိသယ''သဒ္ဒါ''ကာယ' သဒ္ဒါတို့နှင့် တွဲ၍ ''တိရစ္ဆာနယောနိ ပေတ္တိဝိသယော အသုရကာယော''ဟု သဒ္ဒါပို ဖြင့် မိန့်တော်မူရပေသတည်း။

က။ ။ဧတ္ထ ပန တိရစ္ဆာနယောနိ ပေတ္တိဝိသယဂ္ဂဟဏေန ခန္ဓာနံ ယေဝ ဂဟဏံ၊ ဧတေသံ တာဒိသဿ ပရိစ္ဆိန္နောကာသဿ အဘာဝတော။ ယတ္ထ ဝါ တေ အရညပဗ္ဗတပါဒါဒိကေ နိဗဒ္ဓ ဝါသံ ဝသန္တိ၊ တာဒိတဿ ဌာနဿ ဝသေန ဩကာသောပိ ဂဟေတဗ္ဗော။ ။ဋီကာကျော်။

ဆောင်ပုဒ်။ ။တိရစ္ဆာန်တို့၊ မချိဌာနံ၊ မရှိမှန်ကို၊ သိစေလို။ မိန့်ဆို ယောနိကို။

တိရစ္ဆာန်ဘုံခန်း ပြီး၏။

---

## ပြိတ္တာ ဘုံခန်း

ပြိတ္တာဟူသည်။ ။သုခတော ပကဋ္ဌေန ဣတာ ဂတာတိ ပေတာ။ ။ ဝိဂ္ဂဟ်အရ....ချမ်းသာ သုခမှကင်း၍ ဖြတ်တတ်သောကြောင့် ပြိတ္တာမည် ၏။ ။ယေ သတ္တာ၊ အကြင် သတ္တဝါ တို့သည်။ သုခတော၊ ချမ်းသာမှ။ ပကဋ္ဌေန၊ ပေးသောအားဖြင့်။ ဣတာ ဂတာ၊ ဖြစ်တတ်ကုန်၏။ဣတိ တသ္မာ၊

က။ ။ပန၊အထူးကိုဆိုဦးအံ့။ တိရစ္ဆာန-ပ-ဏေန၊ တိရစ္ဆာနယောနိသဒ္ဒါ,ပေတ္တိဝိသယ သဒ္ဒါဖြင့်။ခန္ဓာနံယေဝ၊တိရစ္ဆာန်ခန္ဓာတို့ကိုသာလျှင်။ဂဟဏံ၊ဘုံဟုယူရခြင်းသည်။ဟောတိ၊ ဖြစ်၏။ကသ္မာ၊အဘယ့်ကြောင့်နည်း:ဟူမူကား။ဧတေသံ၊ထိုတိရစ္ဆာန်တို့၏။တာဒိသဿ၊ထိုသို့ သဘောရှိသော။ ပရိစ္ဆိန္နောကာသဿ၊ ပိုင်းခြားရာဖြစ်သော အရပ်၏။ အဘာဝတော၊ မရှိ သောကြောင့်တည်း။ဝါ၊တနည်းကား။ တေ၊ထိုတိရစ္ဆာန်တို့သည်။အရညပဗ္ဗတာဒိကေ၊တော တောင်စသော။ယတ္ထ၊အကြင်အရပ်၌ နိဗဒ္ဓဝါသံ၊အမြဲနေမှုကို။ကတွာ၊ပြု၍။ဝသန္တိ၊နေကုန်၏။ တာဒိသဿ၊ထိုသို့ သဘောရှိသော။ဌာနဿ၊တည်ရာ၏။ဝသေန၊အစွမ်းဖြင့်။ဩကာသောပိ၊ အရပ်ကိုလည်း။ ဂဟေတဗ္ဗော၊ ယူအပ်၏။

ထို့ကြောင့်။တေ သတ္တာ၊ထိုသတ္တဝါတို့တည်း။ ပေတာ၊ပြိတ္တာမည်ကုန်၏။ (ပ-ဥပသာရ ရှေးရှိသော ဣ-ဓာတ်,တ-ပစ္စည်း။ပ-ဣတာ,ပေတာ- ဟူလိုသတတ်။ ။ပေတ-သဒ္ဒါနှင့် ပေတ္တိ-သဒ္ဒါတို့သည် ပရိယာယ် သဒ္ဒါတို့တည်း။ ထို့ကြောင့် ပေတ္တိ-ပုဒ်ကိုစွဲ၍ ပြိတ္တာ-ဟု မြန်မာဝေါဟာရ ခေါ်ရိုးစမှတ် ပြုအပ်ကုန်သတည်း)။

---

## ပြိတ္တာ အပြား

ထိုပြိတ္တာတို့သည် အဋ္ဌကထာ ဋီကာတို့၌—

| | |
|---|---|
| ၁-ပရဒတ္တုပဇီဝိက ပြိတ္တာ။ | ၃-နိဇ္ဈာမတဏှိက ပြိတ္တာ။ |
| ၂-ခုပ္ပိပါသိက ပြိတ္တာ။ | ၄-ကာလကဉ္စိက ပြိတ္တာ။ |

ဟူ၍ ၄-မျိုး လာရှိပေ၏။

၁။ ။ထိုလေးမျိုးတို့တွင် ပရဒတ္တုပဇီဝိကပြိတ္တာ-ဟူသည်ကား—

ပရေဟိ ဒတ္တံ ဥပနိဿာယ ဇီဝတီတိ ပရဒတ္တုပဇီဝိကော။

ယော ပေတော၊ အကြင်ပြိတ္တာသည်။ ပရေဟိ၊ သူတပါးတို့သည်။ ဒတ္တံ၊ ပေးအပ်သော အစာကို။ ဥပနိဿာယ၊ အမှီပြု၍။ ဇီဝတိ၊အသက်ရှင်တတ်၏။ ဣတိ၊ထို့ကြောင့်။ သော ပေတော၊ ထိုပြိတ္တာမျိုးသည်။ ပရဒတ္တုပဇီဝိကော၊ ပရဒတ္တုပဇီဝိက ပြိတ္တာ-မျိုးမည်၏။ ။ဝိဂြိုဟ်အရ····သူတပါးတို့ ပေးအပ်သော အဝတ်အစား စသည်ကိုမှီ၍ အသက် ရှင်တတ်သော ပြိတ္တာမျိုးတည်း။ ဝါ၊ပြိတ္တာမျိုးသည် ပရဒတ္တုပဇီဝိက ပြိတ္တာမျိုးမည်၏။

၂။ ။ခုပ္ပိပါသိက ပြိတ္တာ-ဟူသည်မှာ—

ခုဒါ စ ပိပါသာစ ခုပ္ပိပါသာ၊ ခုပ္ပိပါသာဟိ ပီဠိတော ခုပ္ပိပါသိကော။ ခုဒါ စ၊ထမင်းငတ်ခြင်းငှင်း။ ပိပါသာစ၊ရေသိပ်ခြင်းငှင်း။ ခုပ္ပိပါသာ၊ထမင်းငတ်ခြင်း,ရေသိပ်ခြင်းတို့။ ။ယော ပေတော၊အကြင်ပြိတ္တာကို။ခုပ္ပိပါသာဟိ၊ ထမင်းငတ်ခြင်း, ရေသိပ်ခြင်းတို့ဖြင့်။ ပီဠိတော၊ နှိပ်စက်အပ်သည်တည်း။ ဣတိ၊ထို့ကြောင့်။သောပေတော၊ထိုပြိတ္တာသည်။ခုပ္ပိပါသိကော၊ခုပ္ပိပါသိက ပြိတ္တာမည်၏။ ။ဝိဂြိုဟ်အရ····ထမင်းငတ်မှု ဒုက္ခ, ရေငတ်မှု ဒုက္ခတို့ဖြင့် နှိပ်စက်အပ်သော ပြိတ္တာမျိုးတည်း။ ဝါ၊သည် ခုပ္ပိပါသိကပြိတ္တာမည်၏။

၃။ ။နိဇ္ဈာမတဏှိက ပြိတ္တာ-ဟူသည်မှာ-

နိဇ္ဈာမေန တဏှာ ဧတေသာ'တိ နိဇ္ဈာမတဏှိကော။

ဧတေသံ၊ထိုပြိတ္တာအား။ နိဇ္ဈာမေန၊ အမြဲလျှင် အကြွင်းမဲ့ လောင်ခြင်းကြောင့်။ တဏှာ၊ ပူပန်ခြင်းသည်။ အတ္ထိ၊ ရှိ၏။ ဣတိ၊ ထို့ကြောင့်။ သော ပေတော၊သည်။ နိဇ္ဈာမတဏှိကော၊ နိဇ္ဈာမတဏှိက ပြိတ္တာမည်၏။ ။ဝိဂြိုဟ် အရ....ခံတွင်းမှ အမြဲမပြတ် မီးတဟုန်းဟုန်း တောက်လောင် နှိပ်စက်မှု ဒုက္ခဖြင့် ပူပန်ခြင်းပြင်းစွာ ခံနေရသော အခါဝယ် ရေငတ်မွတ်ခြင်း ဖြစ်၍ စားသောက်လိုသော အာသာတဏှာရှိသော ပြိတ္တာမျိုးတည်း။ ဝါ၊သည်။ နိဇ္ဈာမတဏှိက ပြိတ္တာမည်၏။

၄။ ။အသုရကာယ်ဟူ၍ အသီးအခြား ခေါ်ဝေါ်အပ်သော ပြိတ္တာ အသုရကာယ်သည် ကာလကဉ္စိက ပြိတ္တာမည်၏။ ။(ကာလကဉ္စိကာတိ ဧတံ အသုရာနံ နာမံ-ဟု ပါထေယျ အဋ္ဌကထာ၌ ဆိုသောကြောင့် ထိုကာလကဉ္စိက- ပုဒ်ကို ဝိဂြိုဟ်ဝစနတ် မပြုအပ်။ နာမပညတ်မျှသာ ဟု မှတ်ရမည်)။

ကာလကဉ္စိကပြိတ္တာ ဟူသည်မှာ သုံးဂါဝုတ်မျှလောက်သော ကိုယ် အတ္တဘောကြီး ရှိလျက် အားနည်းသော အသား၊ အသွေးရှိသဖြင့် သစ် ခြောက်ရွက်ကဲ့သို့ အရိုး ကျဲရဲရှိလျက် ပုဇွန်မျက်စိကဲ့သို့ ထွက်သော မျက်စိရှိသော ပြိတ္တာမျိုးတည်း။၎င်းပြိတ္တာ၏ခံတွင်းသည် အပ်နဖါးပေါက်မျှ အပေါက်ငယ်ရှိ၏။ဦးခေါင်းထိပ်၏ အလယ်၌ပေါက်သော ဟူ၏။

ဤကား အဋ္ဌကထာ,ဋီကာတို့၏ အလိုတည်း။

---

## တနည်း ပြိတ္တာ အပြား

ဆဂတိဒီပနီ-စသော ကျမ်းတို့၌ကား ဟိမဝန္တာ နံပါးဝယ် ဝိဇ္ဈာဋဝိ တောသည်ရှိ၏။ ထိုတော၌ ပြိတ္တာမြို့သည်ရှိ၏။ ထိုပြိတ္တာမြို့၌ တန်ခိုးကြီး သော ပြိတ္တာမင်းသည် မင်းပြုလေ၏ ဟု လာရှိချေ၏။ ထိုပြိတ္တာမြို့၌ကား-

| | |
|---|---|
| ၁-ဝန္တာသ ပြိတ္တာ။ | ၅-သူစိမုခ ပြိတ္တာ။ |
| ၂-ကုဏပါသ ပြိတ္တာ။ | ၆-တဏှဋ္ဋိက ပြိတ္တာ။ |
| ၃-ဂူထခါဒက ပြိတ္တာ။ | ၇-သုနိဇ္ဈာမ ပြိတ္တာ။ |
| ၄-အဂ္ဂိဇာလ ပြိတ္တာ။ | ၈-သတ္ထင် ပြိတ္တာ။ |

၉-ပဗ္ဗတင်္ ပြိတ္တာ။ ၁၁-ဝေမာနိက ပြိတ္တာ။
၁၀-အဇဂရင်္ ပြိတ္တာ။ ၁၂-မဟိဒ္ဓိက ပြိတ္တာ။

ဟူ၍ ၁၂-မျိုးသော ပြိတ္တာတို့သည် နေကြကုန်၏။

ၚင်း ၁၂-မျိုးတို့တွင် ဝန္တာသပြိတ္တာ ဟူသည်ကား-

၁။ ။ဝန္တံ အသတိ ဘက္ခတီတိ ဝန္တာသော။

ယော ပေတော၊အကြင်ပြိတ္တာသည်။ဝန္တံ၊ထွေးအံအပ်သော တံထွေး, နှပ်ချွဲ,အံဘတ်ကို။ အသတိ ဘက္ခတိ၊စားတတ်၏။ ဣတိ၊ကြောင့်။ သော ပေတော၊သည်။ ဝန္တာသော၊ဝန္တာသပြိတ္တာမည်၏။ ။ဝိဂ္ဂိုဟ်အရ····အလွန် ထမင်းမွတ်ခြင်း, ရေသိပ်ခြင်းဖြင့် နှိပ်စက်အပ်သည် ဖြစ်၏။ တရံတဆစ်မျှ သောဇဥ် ထမင်းကို မစားရ၊လူတို့သည် ထွေးအပ်သော တံထွေး, နှပ်, အံဘက်တို့ကို ရှာဘွေစားသောက် တတ်သောကြောင့် ဝန္တာသ ပြိတ္တာ မည်၏။

၂။ ။ကုဏပံ အသတိ ဘက္ခတီတိ ကုဏပါသော။

ယော ပေတော၊အကြင် ပြိတ္တာသည်။ ကုဏပံ၊ သူကောင်ပုပ်စသည်ကို။ အသတိ-ဘက္ခတိ၊စားတတ်၏။ဣတိ၊ထို့ကြောင့်။သောပေတော၊ ထိုပြိတ္တာသည်။ ကုဏပါသော၊ ကုဏပါသ ပြိတ္တာ မည်၏။ ။ဝိဂ္ဂိုဟ်အရ···· လူကောင်ပုပ်, ခွေးကောင်ပုပ်, မြွေကောင်ပုပ် စသော အကောင်ပုပ်ကို ရသောအခါ စားရ၏။မရသောအခါ ငတ်မွတ်ခြင်းဖြင့် ဆင်းရဲသောပြိတ္တာ မျိုးသည် ကုဏပါသ ပြိတ္တာမည်၏။

၃။ ။ဂူထံ ခါဒတီတိ ဂူထခါဒကော။

ယော ပေတော၊ အကြင် ပြိတ္တာသည်။ ဂူထံ၊ရွံ့ရှာဘွယ် အစစ်ကျင်ကြီး အညစ်ကို။ခါဒတိ၊စားတတ်၏။ဣတိ၊ထို့ကြောင့်။ သောပေတော၊ထိုပြိတ္တာ သည်။ ဂူထခါဒကော၊ ဂူထခါဒက ပြိတ္တာ မည်၏။ ။ဝိဂ္ဂိုဟ်အရ···· လူတို့သည် စွန့်ပစ်အပ်သော ရွံ့ရှာဘွယ်ဖြစ်သော ကျင်ကြီးကိုစားတတ်သော ပြိတ္တာမျိုးသည် ဂူထခါဒက ပြိတ္တာမည်၏။ ။ဟူလို။

၄။ ။အဂ္ဂိဇာလာ မုခတော တေသာတိ အဂ္ဂိဇာလမုခေါ။

တေသ၊ထိုပြိတ္တာအား။မုခတော၊ခံတွင်းမှ။ အဂ္ဂိဇာလာ၊မီးအလျှံသည်။ နိက္ခမတိ၊ထွက်တတ်၏။ ဣတိ၊ထို့ကြောင့်။ သော ပေတော၊ထိုပြိတ္တာသည်။

အဂ္ဂိဇာလမုခေါ၊ အဂ္ဂိဇာလမုခ ပြိတ္တာမည်၏။ ။ဝိဂြိုဟ်အရ····နေ့ညဉ့် ပတ်လုံး ခံတွင်းမှမီးအလျှံထွက်ခါ ခံစားနေရသော ပြိတ္တာမျိုးသည် အဂ္ဂိမုခ ပြိတ္တာမည်၏။ ။ဟူလို။

၅။ ။သူစိပမာဏံ မုခံ ဧတဿာတိ သူစိမုခေါ။

ဧတဿ၊ ထိုပြိတ္တာအား။သူစိပမာဏံ၊အပ်နဖါးမျှသော။ မုခံ၊ခံတွင်းသည်။ အတ္ထိ၊ရှိ၏။ ဣတိ၊ကြောင့်။ သောပေတော၊သည်။ သူစိ မုခေါ၊ သူစိမုခ ပြိတ္တာ မည်၏။ ။ဝိဂြိုဟ်အရ····အပ်နဖါးပေါက်မျှသာ ခံတွင်းပေါက် ရှိသော ပြိတ္တာမျိုးသည် သူစိမုခပြိတ္တာမည်၏။

၆။ ။တဏှာယ အနိ္ဒတော ပိဋ္ဌိတောတိ တဏှာနိ္ဒတော။

ယော ပေတော၊ အကြင် ပြိတ္တာကို။ တဏှာယ၊ ရေသိပ်ခြင်း,ထမင်း ငတ်ခြင်း,တဏှာဖြင့်။ အနိ္ဒတော-ဝိဋ္ဌိတော၊ နှိပ်စက်အပ်၏။ ဣတိ၊ကြောင့်။ သောပေတော၊သည်။ တဏှာနိ္ဒတော၊ တဏှာနိ္ဒတ ပြိတ္တာမည်၏။ ။ဝိဂြိုဟ် အရ····ရေသိပ်ခြင်း, ထမင်းငတ်ခြင်း ဒုက္ခတို့ဖြင့် နှိပ်စက် အပ်သော ပြိတ္တာသည် တဏှာနိ္ဒတ ပြိတ္တာမည်၏။ ။ဟူလို။

၇။ ။သုဋ္ဌု နိဿေသေန ဈာမော သုနိဇ္ဈာမော။
သုနိဇ္ဈာမောဝိယာတိ သုနိဇ္ဈာမော။

သုဋ္ဌု၊ကောင်းစွာ။ နိဿေသေန၊အကြွင်းမဲ့ အားဖြင့်။ ဈာမော၊ လောင် ကျွမ်းသည်တည်း။ သုနိဇ္ဈာမော၊ ကောင်းစွာ အကြွင်းမဲ့အားဖြင့် လောင် ကျွမ်းသည်။ ။မီးလောင်အပ်ပြီးသော သစ်ငုတ်သည် သုနိဇ္ဈာမ-မည်၏ဟု မှတ်။ ။ယော ပေတော၊အကြင် ပြိတ္တာသည်။ သုနိဇ္ဈာမောဝိယ၊ကောင်းစွာ အကြွင်းမဲ့ လောင်ကျွမ်းအပ်ပြီးသောမီးလောင်ငုတ်နှင့်တူ၏။ ဣတိ၊ကြောင့်။ သောပေတော၊ သည်။ သုနိဇ္ဈာမော၊ သုနိဇ္ဈာမ ပြိတ္တာမည်၏။ ။ဝိဂြိုဟ် အရ····မီးလောင်ငုတ်ပမာ လွန်စွာစက်ဆုပ် ကြောက်မက်ဘွယ်ဖြစ်သော ပြိတ္တာမျိုးသည် သုနိဇ္ဈာမ ပြိတ္တာမည်၏။ ။ဟူလို။

၈။ ။သတ္တသဒိသံ အင်္ဂံ ဧတဿာတိ သတ္တင်္ဂေါ။

ဧတဿ၊ထိုပြိတ္တာအား။သတ္တသဒိသံ၊ထားလက်နက်နှင့် တူသော။အင်္ဂံ၊ လက်သည်း,ခြေသည်းသည်။ အတ္ထိ၊ရှိ၏။ဣတိ၊ထို့ကြောင့်။သော ပေတော၊

ထိုပြိတ္တာသည်။ သတ္တင်္ဂေါ၊သတ္တင်္ဂပြိတ္တာ မည်၏။ ။ဝိဂ္ဂဟ်အရ....ထား လက်နက်ပမာ လွန်စွာထက်လှသော လက်သည်း,ခြေသည်းရှိသောကြောင့် သတ္တင်္ဂပြိတ္တာ မည်၏။ ထိုပြိတ္တာကား ထားသွား,ငါးမျှားချိတ်နှင့် တူသော လက်သည်း,ခြေသည်း, အင်္ဂါတို့ဖြင့် မိမိ ကိုယ်အင်္ဂါတို့ကို ကုပ်ခြစ် ဖွဲ့ရှဲ့၍ အသားအသွေးတို့ကို စားလျက် အဘန်တလဲလဲ ဆင်းရဲခြင်းကို ခံစားရ လေ၏။

၉။ ။ပဗ္ဗတပ္ပမာဏော အင်္ဂေါ တေဿာတိ ပဗ္ဗတင်္ဂေါ။

တေဿ၊ ထိုပြိတ္တာအား။ ပဗ္ဗတပ္ပမာဏော၊ တောင်မျှလောက်သော ပမာဏရှိသော။ အင်္ဂေါ၊ခန္ဓာကိုယ်သည်။ အတ္ထိ၊ရှိ၏။ ဣတိ၊ထို့ကြောင့်။ သော ပေတော၊ထိုပြိတ္တာသည်။ပဗ္ဗတင်္ဂေါ၊ ပဗ္ဗတင်္ဂပြိတ္တာ မည်၏။ ။ဝိဂ္ဂဟ် အရ....တောင်ကြီးမျှပမာဏ ကြီးကျယ်လှသော ကိုယ်ခန္ဓာ ရှိသောကြောင့် ပဗ္ဗတင်္ဂပြိတ္တာမည်၏။ ။ဟူလို။

၁၀။ ။အဇဂရသဒိသော အင်္ဂေါ တေဿာတိ အဇဂရင်္ဂေါ။

တေဿ၊ထိုပြိတ္တာအား။ အဇဂရသဒိသော၊ စပါးကြီး မြွေနှင့်တူသော။ အင်္ဂေါ၊ ကိုယ်ခန္ဓာသည်။ အတ္ထိ၊ရှိ၏။ ဣတိ၊ထို့ကြောင့်။ သော ပေတော၊ သည်။ အဇဂရင်္ဂေါ၊ အဇဂရင်္ဂပြိတ္တာ မည်၏။ ။ဝိဂ္ဂဟ်အရ....စပါးကြီးမြွေ ပမာဏရှိသော ကိုယ်ခန္ဓာရှိသောကြောင့် အဇဂရင်္ဂပြိတ္တာ မည်၏။ ။ ဟူလို။

၁၁။ ။ဝိမာနေ နိဗ္ဗတ္တော ဝေမာနိကော။

ယောပေတော၊ အကြင် ပြိတ္တာသည်။ ဝိမာနေ၊ ဗိမာန်၌။ နိဗ္ဗတ္တော၊ ဖြစ်သည်တည်း။ ဣတိ၊ထို့ကြောင့်။ သောပေတော၊ သည်။ ဝေမာနိကော၊ ဝေမာနိကပြိတ္တာ မည်၏။ ။ဝိဂ္ဂဟ်အရ....ဗိမာန်နှင့် နေသော ပြိတ္တာ မျိုးသည် ဝေမာနိကပြိတ္တာမျိုးမည်၏။ ။ဟူလို။

၁၂။ ။မဟတိယာ ဣဒ္ဓိယာ သမန္နာဂတောတိ မဟိဒ္ဓိကော။

ယော ပေတော၊အကြင်ပြိတ္တာသည်။မဟတိယာ၊ကြီးစွာသော။ဣဒ္ဓိယာ၊ တန်ခိုးနှင့်။ သမန္နာဂတော၊ ပြည့်စုံသည်တည်း။ ဣတိ၊ ထို့ကြောင့်။ သော ပေတော၊သည်။မဟိဒ္ဓိကော၊မဟိဒ္ဓိကပြိတ္တာမည်၏။

ဝိဂ္ဂဟ်အရ···· ကြီးသော တန်ခိုးနှင့် ပြည့်စုံသော ပြိတ္တာသည်- မဟိဒ္ဓိက ပြိတ္တာမည်၏။ ။ဟူလို။ ။ထိုပြိတ္တာသည် ကံ၏အကျိုးကြောင့် ဖြစ်သော ကြီးသော တန်ခိုးနှင့် ပြည့်စုံသည် ဖြစ်၍ အလုံးစုံသော ပြိတ္တာတို့၏ အကြီးအမှူးအဖြစ်၌ တည်သကဲ့သို့ အလွန်ဆင်းလှသကဲ့သို့ စည်းစိမ်နှင့် ပြည့်စုံသကဲ့သို့ အကယ်၍ကား ထင်၏။ယင်းသို့ ထင်သော်လည်း ဘောဇဉ်ကို စားခြင်းငှါမရ၊ ရံခါ ထမင်းအဖျော် စသည်တို့ကို ရ၏။ယင်းသို့ ရသော် သုံးဆောင်ခြင်းငှါ မတတ်နိုင်၊ ဤသို့ များစွာသော ဒုက္ခတို့ကို ခံစားရ၏။

ဤဆိုအပ်ပြီးသော ပြိတ္တာ ၁၂-မျိုးကား၊ လောကပညတ္တိကျမ်း အလို တည်း။ဤ ၁၂-မျိုးသာလျှင် မဟုတ်၊ ပါရာဇိကကဏ် ပါဠိတော်လာ ဂိဇ္ဈကုဋ် တောင်နံပါး၌ ရှိနေကုန်သော သူစိလောမပြိတ္တာ, ခရလောမပြိတ္တာ စသော များစွာသော ပြိတ္တာတို့သည် ရှိကုန်သေး၏ ဟု မှတ်။ ။၎င်းပြိတ္တာတို့၏ အရ အကျယ်ဝိတ္ထာရဖြစ်သော ဝတ္ထုသက်သေတို့ကိုကား ထိုထို သုတ္တန် ဒေသနာတော်တို့ကို အမှီပြု၍ သိလင့်ကုန်။ ဤအရာကား အဘိဓမ္မာ အရာ ဖြစ်၍ အကျယ်တဝင့် မဘွင့်ပြ သင့်ပြီ။

## ပြိတ္တာမျိုး ၂၁-ပါးကား

ဤမှတပါး ဝိနည်း ပါရာဇိကကဏ် ပါဠိတော်,လက္ခဏသံယုတ် ပါဠိတော် တို့၌ လာသော ပြိတ္တာများကား—

၁။ ။အရိုးစုမျှသာဖြစ်သော အဋ္ဌိသင်္ခလိက ပြိတ္တာ
၂။ ။အသားတစ်မျှသာဖြစ်သော မံသပေသိက ပြိတ္တာ
၃။ ။အသားစိုင်မျှသာဖြစ်သော မံသပိဏ္ဍ ပြိတ္တာ
၄။ ။အရေမရှိသော ယောက်ျားဖြစ်သော နိစ္ဆဝိပုရိသ ပြိတ္တာ
၅။ ။သန်လျက် မွေးပေါက်သော အသိလောမ ပြိတ္တာ
၆။ ။လှံအမွေးပေါက်သော သတ္တိလောမ ပြိတ္တာ
၇။ ။မြှားအမွေးပေါက်သော ဥသုလောမ ပြိတ္တာ
၈။ ။အပ်အမွေးပေါက်သော သူစိလောမ ပြိတ္တာ
၉။ ။ထိုအတူ အမွေးပေါက်သော ဒုတိယ သူစိလောမ ပြိတ္တာ
၁၀။ ။ဥကြီးသော ကုမ္ဘဏ္ဍ ပြိတ္တာ
၁၁။ ။ကျင်ကြီးတွင်း၌ မြုပ်နေသော ဂူထကူပနိမုဂ္ဂ ပြိတ္တာ

၁၂။ ။ကျင်ကြီးစားသော ဂူထခါဒက ပြိတ္တာ
၁၃။ ။အရေမရှိသော မိန်းမဖြစ်သော နိစ္ဆဝိတ္ထိ ပြိတ္တာ
၁၄။ ။မကောင်းသော အနံ့ရှိသော ဒုဂ္ဂန္ဓ ပြိတ္တာ
၁၅။ ။မီးကျီးပွမ်းသော ဩဂိလိနီ ပြိတ္တာ
၁၆။ ။ဦးခေါင်းမရှိသော အသီသက ပြိတ္တာ
၁၇။ ။ရဟန်းဘဝမှဖြစ်သော ဘိက္ခု ပြိတ္တာ
၁၈။ ။ရဟန်းမိန်းမ ဘဝမှဖြစ်သော ဘိက္ခုနီ ပြိတ္တာ
၁၉။ ။သိက္ခမာန် ဘဝမှဖြစ်သော သိက္ခာမာန ပြိတ္တာ
၂၀။ ။သာမဏေ ဘဝမှဖြစ်သော သာမဏေရ ပြိတ္တာ
၂၁။ ။သာမဏေမ ဘဝမှဖြစ်သော သာမဏေရီ ပြိတ္တာ

ဤကား နှစ်ကျိပ်တယောက်သော ပြိတ္တာတို့တည်း။

ဤမှတပါး ပံသုပိသာစကပြိတ္တာမျိုးသည် ရှိသေး၏။ ၎င်းပြိတ္တာမျိုးသည် ရွာကြား, အိမ်ကြားတို့၌ တံတွေး နှပ်, ကိုယ်ဝန်အညစ်အကြေး, အကောင်ပုပ် စသည်တို့ကို စားလျက် လှည့်လည်လေ၏။

---

## အမျှ ရနိုင်သော ပြိတ္တာ

ဤဆိုအပ်ခဲ့ပြီးသော ပါဠိတော်လာ ပြိတ္တာ, အဋ္ဌကထာလာ ပြိတ္တာ, လောကပညတ္တိ, ဆဂတိဒီပနီကျမ်းလာ ပြိတ္တာမျိုးတို့တွင် အဋ္ဌကထာ၌ လာသော ပရဒတ္တုပဇီဝိက ပြိတ္တာတို့သာလျှင် လူ့ဘဝ၌ ရှိသော မိဘ သားချင်း စသည်တို့က အမျှပေးဝေ၍ အကျိုးခံစားကြရသည်။

သတ္တာဟဗ္ဘန္တရေ ဒါနံ အနုမောဒိတွာဝ မုစ္စရေ။ ။လောကဒီပက။

သတ္တာဟဗ္ဘန္တရေ၊ ခုနစ်ရက် အတွင်း၌။ ဒါနံ၊ အလှူပေးရာ၌ အမျှဝေ အပ်သောဒါနကို။ အနုမောဒိတွာ၊ ဝမ်းမြောက်ကုန်၍သာလျှင်။ မုစ္စရေ၊ ပြိတ္တာ ဘဝမှ လွတ်ကြကုန်၏။

ခုပ္ပိပါသိကပြိတ္တာ, နိဇ္ဈာမတဏှိက ပြိတ္တာတို့ကာ၊ တခုသော အန္တရ ကပ် ကာလပတ်လုံး စသည်တည်ပြီးမှ ဆွေမျိုးတို့ ပေးလှူအပ်သော ဒါနကို အနုမောဒနာပြု၍ လွတ်ကုန်၏။

တရံရောအခါ မေးခြင်းအရာဝယ် လိမ္မာလှသော မိလိန္ဒမင်းသည် ဖြေခြင်းအရာ၌ အလွန်တရာ လိမ္မာတော်မူသော ရှင်နာဂသေန မထေရ်မြတ်ကို မေးလျှောက်လေ၏။ "အရှင်နာဂသေန ယခု လူ့ပြည်၌ရှိသော သူတို့သည် အလှူဒါနကို ပေးပြီးလျှင် တမလွန်လောကသို့ သွားလေသော ငါတို့ဆွေမျိုးတို့သည် ခံစားကြပါစေသတည်းဟု အမျှပေးဝေကြသည်။ တမလွန်ဘဝသို့သွားသောသူတို့သည် ရကြပါမည်လော" ဟုမေး၏။ ။ထိုအခါ အရှင်နာဂသေနသည် "မင်းကြီး ဌာနဟုတ်သော်ရ၏။ ဌာနမဟုတ်သော် မရချေ" ဟု ဖြေဆိုလေသော်၊ အဘယ်ဌာန၌ရပါသနည်း, အဘယ်ဌာန၌မရပါသနည်း-ဟု ထပ်၍ မေးလေ၏။ မင်းကြီး ပေတဂတိဟု ဆိုအပ်သော ပြိတ္တာဘဝ၌ ကျရောက်သော သူသို့သည်သာ ပေးဝေအပ်သော ကုသိုလ်အဘို့ကို ရကုန်၏။ နိရယဂတိ, တိရစ္ဆာနဂတိ, မနုဿဂတိ, ဒေဝဂတိ-ဟု ဆိုအပ်သော ငရဲသို့ ကျရောက်သောသူ, တိရစ္ဆာန်ဘဝသို့ ရောက်သောသူ, လူ့ဘဝသို့ ရောက်သောသူ, နတ်ဘဝသို့ ရောက်သော သူတို့ကား ပေးဝေအပ်သော ကုသိုလ်အဘို့ကို မရထိုက်ကုန်။

ပြိတ္တာတို့တွင်လည်း ပရဒတ္တူပဇီဝိက ပြိတ္တာသည်သာ ပေးဝေမည့်သူ ရှိလျှင် ခုနစ်ရက်အတွင်းတွင်ပင် ရ၏။ ပြိတ္တာအဖြစ်မှလွတ်၏။ ။ခုပ္ပိပါသိက ပြိတ္တာ, နိဇ္ဈာမတဏှိက ပြိတ္တာတို့ကား ခုနစ်ရက်အတွင်းတွင် အမျှပေးဝေမည့်သူ ရှိသော်လည်း မရကုန်၊ ပြိတ္တာအဖြစ်မှ မလွတ်ကုန်၊ ကာလကြာမြင့်မှ ရကုန်၏။ ပြိတ္တာအဖြစ်မှ လွတ်ကုန်၏ ဟု ဖြေဆိုတော်မူလေ၏။

ပြိတ္တာ ဘုံခဏ်း ပြီး၏။

---

## အသုရကာယ် ဘုံခဏ်း

အသုရကာယ်၌ အသုရ-ပုဒ်, ကာယ-ပုဒ်ဖြစ်၍—

အသုရာနံ ကာယော အသုရကာယော။

အသုရာနံ၊ အသုရာတို့၏။ ကာယော၊ အပေါင်းသည်။ အသုရကာယော၊ အသုရကာယ် မည်၏။ ။ဝိဂြိုဟ်အရ....အသုရကာယ် မည်၏။ ။ရင်း အသုရကာယ်သည် ၁-နတ် အသုရာ၊ ၂-ဝိနိပါတိက အသုရာ၊ ၃-ပြိတ္တာ အသုရာဟူ၍ ၃-မျိုးရှိ၏။

၁။ ။နတ်အသုရာ ဟူသည်ကား ဝေပစိတ္တိအသုရာ, သုဗလီအသုရာ, ရာဟုအသုရာ, ပဟာရဒအသုရာ, သမ္ဗရအသုရာ-ဟူ၍ ငါးမျိုး အပြားရှိ၏။ ထိုအသုရာတို့သည် မြင်းမိုရ်တောင်ခြေ သီဒါရေဝယ် တာဝတိံသာ နတ်တို့ကဲ့သို့ အသက်စည်းစိမ်တူမျှစွာ ချမ်းသာသုခကိုခံစား၍ နေကြကုန်၏။ ထိုကြောင့် ဗြဟ္မာ အသုရကာယ်၌ မဝင်ကုန်။ ။ယခု-သိကြားမင်း၏ မိဖုရား သုဇာတာကား အသုရာမျိုးပေတည်း။နတ်မျိုးတို့၌သာ ဝင်ကုန်၏။

တာဝတိံသေသု ဒေဝေသု၊ ဝေပစိတ္တာ သုရာဂတာ၊
ကာလကဉ္ဇာသုရာ နာမ၊ ဂတာ ပေတေသု သဗ္ဗဒါ။
နာမရူပ ပရိစ္ဆေဒ။

တာဝတိံသေသု၊ တာဝတိံသာ၌ ဖြစ်ကုန်သော။ ဒေဝေသု၊နတ်ပြည်တို့၌။ဝေပစိတ္တိသုရာ၊ ဝေပစိတ္တိအသုရာသည်။ ဂတာ-အန္တောဂဓာ၊ အတွင်းဝင်၏။ကာလကဉ္ဇာသုရာနာမ၊ ကာလကဉ္ဇိကအသုရာမည်သည်။ ပေတေသု၊ ပြိတ္တာတို့၌။ သဗ္ဗဒါ၊ အချင်းခပ်သိမ်း။ ဂတာ-အန္တောဂဓာ၊ အတွင်းဝင်လေ၏။

၂။ ။ဝိနိပါတိက အသုရာ-ဟူသည်ကား ဝိယက်ရမာတာ ဥတ္တရမာတာ-အစရှိသောယခုကာလသူရဲ,တစ္ဆေ,ဟု ခေါ်ဆိုအပ်သောသတ္တဝါတို့တည်း။ ၎င်းတို့သည် သုသာန် သင်းချိုင်း, လုပ်တိုင်း ဇရပ်ဆိုး, ဇရပ်ပျက် အစရှိသော မစင်ကြယ် မသန့်ပြန့်သော အရပ်တို့၌ ဖြစ်တတ်, နေတတ်ကုန်၏။

အထီးကျန်သောသူကဲ့သို့နည်းသောတန်ခိုးလည်းရှိကုန်၏။ရခဲသောအစားအဝတ်လည်း ရှိကုန်၏။ငတ်မွတ်သော ဆင်းရဲဖြင့် မပြတ်နှိပ်စက်အပ်ကုန်၏။ လူတို့သည် ထွေးအပ်သော ခွဲသလိပ် စသော မစင်ကြယ်သော အစာတို့ကို ကောက်ယူ စားသောက်ကြရကုန်၏။ သို့သော် ထိုသူရဲ, တစ္ဆေတို့ကို အပါယ်ဘုံသား ပြိတ္တာ-ဟု မဆိုရ၊နတ်ဘဝသို့ သွင်းရ၏။ နတ်ဆင်းရဲ,နတ်မွဲမျိုးဟုသာဆိုရ၏။ ထိုဝိနိပါတိက အသုရာနတ်တို့တွင် အဟိတ် ဒွိဟိတ်, တိဟိတ် ပုဂ္ဂိုလ်မျိုးစုံ ရှိကြ၏။ အကြင် အသုရာသည် တိဟိတ် ပဋိသန္ဓေရှိ၏။ တရားတော်စသည်ကို နာကြားရ၏။ ထိုအသုရာသည် အကျွတ်တရားကို ရ၍ သောတာပန် စသည်ဖြစ်နိုင်၏။ ဝိယက်ရမာတာ စသည်ကို ထောက်လေ။

---

၃။ ။ကာလကဉ္စိက အသုရာဟူသည်ကား အောက်က ပြဆိုအပ်ခဲ့ပြီးသောအတိုင်း သုံးဂါဝုတ်မျှလောက်သော ကိုယ်ရှိ၏။ နည်းသောအသားအသွေးရှိ၏။ ဖက်ရွက် ဟောင်းနှင့် တူ၏။ ပုဇွန်တို့ကဲ့သို့ ထွက်သောမျက်လုံးရှိ၏။ ထိုမျက်လုံးတို့သည် ဦးခေါင်း၌ တည်ကုန်၏။ ခံတွင်းလည်း အပ်နဖါးပေါက်မျှသာ ရှိသည်ဖြစ်၍ ထိပ်၌တည်၏။ ထိုကြောင့် ထိုပြိတ္တာတို့သည် အောက်သို့ညွတ်၍ အစာကို ယူရကုန်၏။ ထိုကာလကဉ္စိက အသုရာတို့သည် အလုံးစုံယုတ်ကုန်သော အသုရကာယ်တို့ မည်ကုန်၏။

ထိုကာလကဉ္စိကပြိတ္တာ အသုရကာယ် တို့ကိုသာ ဤအပါယ်လေးဘုံ အရာ၌ အသုရာဟု ယူအပ်ကုန်၏။ ။ထို့ကြောင့် ဋီကာကျော် ဆရာသည်-

န သုရန္တိ ဣဿရိယကီဠာဒီဟိ နဒိပ္ပန္တီတိ အသုရာ၊

ဟု ဝိဂြိုဟ် ဝစနတ် ပြုတော်မူအပ်ပေသတည်း။ ။ယေ သတ္တာ၊ အကြင် သတ္တဝါတို့သည်။ ဣဿရိယကီဠာဒီဟိ၊ အစိုးရခြင်း, စည်းစိမ်ချမ်းသာ ခံစားမြူးတူးခြင်း စသည်တို့ဖြင့်။ န သုရန္တိ-န ဒိပ္ပန္တိ၊ မထွန်းပတတ်ကုန်။ ဣတိ၊ ထို့ကြောင့်။ တေ သတ္တာ၊ ထိုသတ္တဝါတို့သည်။ အသုရာ၊ ကုန်၏။ ။ အဓိပ္ပါယ်ကား။ ။ဒုက္ခအမျိုးမျိုးကို ခံစားနေရသဖြင့် စည်းစိမ်ချမ်းသာတို့ကို ခံစားခွင့်မရ, မခံစားနိုင်၊ ထွန်းပတင့်တယ်ခြင်း မရှိသော ပြိတ္တာ အသုရကာယ်မျိုး ဟူလို။

## အသုရကာယ်ဘုံသို့ ရောက်ကြောင်းကံ

အဘယ် အကုသိုလ်ကံကြောင့် ဤအသုရကာယ်ဘုံသို့ ကျရောက်ကြပါသနည်းဟူမူ။ အကြင်သူတို့သည် လူဖြစ်စဉ်အခါဝယ် သီလဝန်,ဂုဏဝန် ပုဂ္ဂိုလ်တို့ကို တိမ်မြုပ်စေခြင်း, သီလမရှိသောသူတို့ကို ချီးမြှောက်ခြင်း, သီလဝန်, ဂုဏဝန်ပုဂ္ဂိုလ်တို့ကို ပြုစုစောင်းမြောင်းခြင်းစသော မကောင်းမှု အကုသိုလ်ကံကြောင့် ပြိတ္တာအသုရကာယ်ဘုံ၌ ဖြစ်ကြရကုန်၏ ဟု မှတ်။ (ကြောက်ဘွယ်ကောင်းပေစွ)။ ။အသုရကာယ်ဘုံခဏ်း ပြီး၏။

အပါယ်လေးဘုံအဘွင့် ပြီး၏။

## ၅။ ။မနုဿာ စာတုမဟာရာဇိကာ၊ပ၊ကာမသုဂတိဘူမိ သတ္တဝိဓာ ဟောတိ။ ။သင်္ဂြိုဟ်ပါဌ်။

၁-လူ့ဘုံ၊ ၂-စာတုမဟာရာဇ် နတ်ဘုံ၊ ၃-တာဝတိံသာ နတ်ဘုံ၊ ၄-ယာမာ နတ်ဘုံ၊၅-တုသိတာ နတ်ဘုံ၊၆-နိမ္မာနရတိ နတ်ဘုံ၊၇-ပရနိမ္မိတ ဝသဝတ္တိ နတ်ဘုံ-ဟူ၍ ကာမသုဂတိဘုံသည် ၇-ဘုံ အပြားရှိ၏။ ။ဟူလို။

ဤကား ပိဏ္ဍတ္ထ။

---

### ၁-လူ့ဘုံ အဓိပ္ပါယ်

ဤအထတ်ပါ"မနုဿ"သဒ္ဒါကား လူကိုမဟော၊ လူတို့၏ တည်နေရာ ဘုံကိုဟော၏။ ထို့ကြောင့် ဋီကာကျော်လိဂ်ဇောတက-အာပစ္စည်းနှင့်"မနုဿာ" ဟု အရှင်အနုရုဒ္ဓါ ဆရာမြတ် မိန့်တော်မူအပ်ပေသတည်း။ ကြွင်းသော စာတုမဟာရာဇိကာ စသော ပုဒ်တို့ကိုလည်း ဤနည်းအတိုင်းမှတ်။သို့ဖြစ်၍ ၎င်း-မနုဿ-ပုဒ်၏ ဝစနတ္ထကို ပြုလိုသော်၊ မနုဿ-၏ အရ,ဘူမိ-၏အရကို ခွဲခြား၍ ဝိဂ္ဂြိုဟ်ဝစနတ် ပြုအပ်၏။၎င်း-လူဟော"မနုဿ"သဒ္ဒါ၏ ဝိဂ္ဂြိုဟ်ကို လောကီ ဆရာများကား—

မနုနော အပစ္စံ မနုဿော။

ဟု ပြုတော်မူ၏။ ။မနုနော၊ မနုမည်သော မင်း၏။ အပစ္စံ၊သားတည်း။ မနုဿော၊ မနု-မည်သော မင်း၏သား။ ။အဓိပ္ပါယ်ကား။ ။ကမ္ဘာတည်စ ရှေးကာလ၌ လူအပေါင်းတို့၏ ကောင်းကျိုးရှိရာ အဖြာဖြာကိုသွန်သင်ဆုံးမ စေရန် ငါတို့၏ ဘုရားအလောင်းတော် မနုမည်သောသူကို မဟာသမ္မတ ဘွဲ့ထူးသ၍ မင်းအဖြစ်ကို တင်မြှောက်ကြကုန်၏။ ထိုမဟာသမ္မတ ဘွဲ့ထူး ရသော မနုမည်သော မင်း၏ အဆုံးမကို ခံယူသူ မှန်သမျှတို့ကို သားနှင့် အလားဟူကြရကား မနုဿ-ဟု ဆိုအပ်ကုန်၏။ ။ဟူလို။

သာသနာတော်ဝင် ဆရာတို့ကား။ ။"မနော ဥဿန္နံ ဧတေသန္တိ မနုဿာ"။

ဟု ပြုတော်မူကြကုန်၏။ ဧတေသံ၊ထိုဇမ္ဗူဒိပ်ကျွန်းသားတို့အား။ဥဿန္နံ၊ မြတ်သော။ မနော၊စိတ်သည်။အတ္ထိ၊ရှိ၏။ ဣတိ၊ကြောင့်။ မနုဿာ၊မနုဿ မည်ကုန်၏။ ။(ဤ၌-ဥဿန္န၏ အရ‌ဲ မြတ်ဟူသည်ကား မြတ်သော သတိ

ဂုဏ်, ရဲရင့်သော သူရဂုဏ်, ရဟန်းပဉ္စင်း ပြုခြင်း၄ါ သျှောက်ပတ်ခြင်း အကျင့်ဂုဏ် စသည်ကိုယူ)။ ။၎င်း-သတိစသော လောကုတ္တရာ တရားဂုဏ်ထူး,ရဲရင့်သော ဂုဏ်ထူး, ရဟန်း ပဉ္စင်းအဖြစ်နိုင်ခံယူနိုင်သော ဂုဏ်ထူးတို့ဖြင့်မြတ်သော စိတ်ရှိသောကြောင့် မနုဿ မည်၏။ ။ဟူလို။

သတိ သုရ ဘာဝ ပြဟ္မစရိယယောဂျတာဒိဂုဏေဟိ
ဥက္ကဋ္ဌမနတာယ။ ။ဋီကာကျော်။

ဆရာတို့ကား။ ။''ဥဿိတော ဥဂ္ဂဟော ဥဿန္နော ဝါ မနော ဧတေသန္တိ မနုဿာ။ ကာရဏံ ဝါ ဖလံ ဝါ မနန္တိ ဇာနန္တိတိ မနုဿာ''။ ဟုလည်း ပြုတော်မူကြသေး၏။

ဧတေသံ၊ ထိုသတ္တဝါတို့အား။ ဥဿိတော-ဥဂ္ဂတော၊ မြင့်သော။ ဝါ၊ တနည်းကား။ ဥဿန္နော၊ များသော။ မနော၊ စိတ်သည်။ အတ္ထိ၊ရှိ၏။ ဣတိ၊ ကြောင့်။ မနုဿာ၊ မနုဿ-မည်ကုန်၏။ ကာရဏံဝါ။ အကြောင်းတရားကို၎င်း။ ဖလံဝါ။ အကျိုးတရားကို၎င်း။ မနန္တိ-ဇာနန္တိ၊ သိတတ်ကုန်၏။ ဣတိ၊ ကြောင့်။ မနုဿာ၊ မနုဿ-မည်ကုန်၏။

အဓိပ္ပါယ်ကား။ ။ဇမ္ဗူဒိပ်ကျွန်း၌ နေကုန်သော ဘုရားအစရှိသော ပုဂ္ဂိုလ်တို့သည် အခြားကျွန်း၌နေသော သူတို့ထက် မြတ်သော,မြင့်သော, စိတ်ရှိသောကြောင့် မုချအားဖြင့် မနုဿ-မည်ကုန်၏။ ။အရှေ့ကျွန်း,မြောက်ကျွန်းသားတို့ကား သဒိသူပစာအားဖြင့်သာ မနုဿ-မည်ကုန်၏။ ။ဟူလို။

သို့ဖြစ်၍ ကျွန်းကြီးလေးကျွန်း၌ တည်ရှိကုန်သော သူတို့တွင် ဇမ္ဗူဒိပါတောင်ကျွန်း၌ နေသောသူတို့သာလျှင် မဂ်ဖိုလ်နိဗ္ဗာန်သို့ ရောက်စေနိုင်သော လွန်ကဲမြင့်မြတ်သော သတိတရား, ဒါနစသည်၌ ရဲရင့်သော သတ္တိ,ရဟန်းအဖြစ်စသော မြတ်သော အကျင့်ဟူသော ဂုဏ် ၃-ပါး အားဖြင့် အခြားကျွန်းနေသူတို့ထက် သာလွန်ကုန်၏။ ထို့ကြောင့် မြတ်စွာဘုရားသည်—

တီဟိ ဘိက္ခဝေ ဌာနေဟိ ဇမ္ဗုဒိပကာ မနုဿာ ဥတ္တရကုရုကေ စ မနုဿေ အဓိဂ္ဂဏှန္တိ ဒေဝေ စ တာဝတိံသေ။ကတမေဟိ တီဟိ သူရာ စ သတိမန္တော စ ဣဓ ပြဟ္မစရိယဝါသော စာတိ။

ဟု ဟောတော်မူ၏။ ။နဝကနိပါတ် အင်္ဂုတ္တရပါဠိတော်။

ဘုံကိုရလိုပါမူ။ ။“မနုဿာနံ နိဝါသာဘူမိ မနုဿာ”။ ။ဟုပြု။ ။ မနုဿာနံ။ လူတို့၏။ နိဝါသာ၊ နေရာဖြစ်သော။ ဘူမိ၊ ဘုံသည်။ မနုဿာ၊ လူဘုံမည်၏။ ။အဓိပ္ပါယ်ကား။ ။ဤဇမ္ဗူဒီပါ တောင်ကျွန်းနှင့်တကွ၊အရှေ့ကျွန်း,အနောက်ကျွန်း,မြောက်ကျွန်း-ဟုဆိုအပ်သော ကျွန်းကြီး လေးကျွန်းသည် လူတို့၏ နေရာဖြစ်သောကြောင့် လူ့ဘုံ မည်၏။ ။ဟူလို။

---

## ကျွန်းကြီး လေးကျွန်း၏ အဓိပ္ပါယ် အရှေ့ကျွန်း

ဤကျွန်းကြီး လေးကျွန်းတို့တွင် ပုဗ္ဗဝိဒေဟဟု ဆိုအပ်သော အရှေ့ကျွန်း ဟူသည်ကား ယူဇနာ ခုနစ်ထောင် ကျယ်ဝန်း၏။ ထိုကျွန်း၏ သဏ္ဌာန်သည်လည်း လထက်ဝက်ခြမ်း သဏ္ဌာန်ရှိ၏၊ ကျွန်းနေသူတို့၏ မျက်နှာသည်လည်း ကျွန်းသဏ္ဌာန်နှင့် တူ၏။ ၎င်းကျွန်းကြီးကို ရံသော ကျွန်းငယ် ငါးရာတွင် ရှိသော သူတို့သည်လည်း ကျွန်းကြီးသူတို့၏ မျက်နှာနှင့် တူကြကုန်၏။ ကျွန်းဦး၌ အမြင့်တယူဇနာရှိသော ကုက္ကိုပင်သည် တည်ရှိ၏။ ထိုကျွန်းသူတို့သည် အသက်ခုနစ်ရာ ရှည်ကုန်၏။ ထိုကျွန်းသူတို့သည် ကုန်ရောင်း, ကုန်ဝယ်စသော ပညာဖြင့် လုံ့လပြုလျက် အသက်မွေးကြကုန်၏။

> ဝေဒေန ဤဟန္တိ ဧတ္ထာတိ ဝိဒေဟော။
> ပုဗ္ဗော စ သော ဝိဒေဟော စာတိ ပုဗ္ဗဝိဒေဟော။

ဟု ဝိဂြိုဟ်ပြု။ ။ဧတ္ထဒီပေ၊ဤကျွန်း၌။ဇနာ၊လူတို့သည်။ဝေဒေန၊ပညာဖြင့်။ ဤဟန္တိ၊လုံ့လပြုကုန်၏။ဣတိတသ္မာ၊ထို့ကြောင့်။ဝိဒေဟော၊ဝိဒေဟမည်၏။ သော ဒီပေါ၊ထိုကျွန်းသည်။ပုဗ္ဗောစ၊ မြင်းမိုရ်တောင်၏ အရှေ့မျက်နှာသည် လည်း။ဟောတိ၊ဖြစ်၏။ဝိဒေဟော စ၊ပညာဖြင့် လုံ့လပြုတတ်သော သူတို့၏ နေရာသည်လည်း။ဟောတိ၊ဖြစ်၏။ဣတိတသ္မာ၊ထို့ကြောင့်။ ပုဗ္ဗဝိဒေဟော၊ ပုဗ္ဗဝိဒေဟ-အရှေ့ကျွန်း မည်၏။

## အနောက်ကျွန်း

အပရဂေါယာန ဟု ဆိုအပ်သော အနောက်ကျွန်းသည် ယူဇနာခုနစ်ထောင် ကျယ်၏။ကျွန်းသဏ္ဌာန်ကား လပြည့်ဝန်းနှင့် တူ၏။ ကျွန်းနေသူတို့၏ မျက်နှာလည်း ကျွန်း၏သဏ္ဌာန်နှင့်တူ၏။ကျွန်းဦး၌ အမြင့်တယူဇနာရှိသော ထိန်ပင်သည် တည်ရှိ၏။ ထိုကျွန်းသူတို့၏ အသက်ကား ငါးရာရှိ၏။ နွားတည်းဟူသော ယာဉ်ဖြင့် သွားလာနေထိုင်ကြကုန်၏။

ဂဝေန ယန္တိ ဧတ္ထာတိ ဂေါယာနော။ ။အပရော စ သော
ဂေါယာနော စာတိ အပရဂေါယာနော။ ။ဟုပြု။

ဧတ္ထ ဒီပေ၊ ဤကျွန်း၌။ဇနာ၊လူတို့သည်။ဂဝေန၊နွားတည်းဟူသော ယာဉ်ဖြင့်။ ယန္တိ၊သွားတတ်ကုန်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ ဂေါယာနော၊ဂေါယာန-မည်၏။ ။သော ဒီပေါ၊ထိုကျွန်းသည်။အပရောစ၊မြင်းမိုရ်တောင်၏အနောက်မျက်နှာသည်လည်း။ ဟောတိ၊၏။ ဂေါယာနောစ၊ နွားတည်းဟူသောယာဉ်ဖြင့် သွားလေ့ရှိသောသူတို့၏ နေရာသည်လည်း။ ဟောတိ၊ဖြစ်၏။ဣတိတသ္မာ၊ ထို့ကြောင့်။ အပရဂေါယာနော၊ အပရဂေါယာန-အနောက်ကျွန်းမည်၏။

## မြောက်ကျွန်း

ဥတ္တရကုရု-ဟု ဆိုအပ်သော မြောက်ကျွန်းသည် ယူဇနာ ရှစ်ထောင်ကျယ်၏။ကျွန်း၏ သဏ္ဍာန်ကား အင်းပျဉ်မှန်နှင့်တူ၏။ကျွန်းသူတို့၏ မျက်နှာသည်လည်း ကျွန်း၏သဏ္ဍာန်နှင့် တူ၏။ကျွန်းဦး၌အမြင့်ယူဇနာတရာရှိသော ပဒေသာပင်သည် တည်ရှိ၏။ ထိုကျွန်းသူတို့၏ အသက်ကား တထောင်ရှိ၏။ ချမ်းသာစွာ ပဒေသာပင်မှ ဆွတ်၍ စားသောက် နေထိုင်လျက် အသက်မွေးကြကုန်၏။

ကံ သုခံ ဥရု မဟန္တံ ဧတ္ထာတိ ကုရု။
ဥတ္တရော စ သော ကုရုစာတိ ဥတ္တရကုရု။

ဧတ္ထ ဒီပေ၊ဤကျွန်း၌။ ဥရုမဟန္တံ၊ ကြီးစွာသော။ကံ သုခံ၊ချမ်းသာသည်။ အတ္ထိ၊ရှိ၏။ဣတိတသ္မာ၊ထို့ကြောင့်။ သော ဒီပေါ၊ထိုကျွန်းသည်။ ကုရု၊ကုရုမည်၏။ ။သော ဒီပေါ၊ ထိုကျွန်းသည်။ ဥတ္တရောစ၊ မြင်းမိုရ်တောင်၏ မြောက်မျက်နှာသည်လည်း။ ဟောတိ၊ ဖြစ်၏။ ကုရု စ၊ ကြီးကျယ်သော ချမ်းသာ၏တည်ရာသည်လည်း။ဟောတိ၊၏။ဣတိတသ္မာ၊ထို့ကြောင့်။ဥတ္တရကုရု၊ဥတ္တရကုရု-မြောက်ကျွန်းမည်၏။

## တောင်ကျွန်း

ဇမ္ဗုဒီပ ကျွန်းသည်ကား ယူဇနာတသောင်း ကျယ်ဝန်း၏။ ကျွန်း၏ သဏ္ဍာန်ကား လှည်းဦးဆုံနှင့်တူ၏။ ကျွန်းသူတို့၏မျက်နှာလည်း ကျွန်း၏ သဏ္ဍာန်နှင့်တူ၏။ လူတို့၏ အသက်တမ်းမှာမူကား အမြဲမရှိ။ ဆယ်နှစ်တမ်းမှ

စုတေ့၍ အသန်ချိုတိုင်အောင် တက်၏။ အသန်ချိုမှသည် ဆယ်နှစ်တိုင်အောင်ဆုတ်၏။ကျွန်းဦး၌ကား-ဇမ္ဗူသပြေပင်ပေါက်၏။ ၎င်းဇမ္ဗူသပြေပင်ကား လုံးပတ်တဆယ့်ငါးယူဇနာ၊ မြေမှသည် ခက်မတိုင်အောင် ယူဇနာငါးဆယ်ရှိ၏။ အလယ်ခက်မ,အရှေ့-အနောက်-တောင်-မြောက်-ခက်မငါးဖြာတို့သည် ယူဇနာငါးဆယ်စီ ရှိကြ၏။ ထိုကြောင့် ဇမ္ဗူသပြေပင်ကြီးသည် အချင်းအားဖြင့် ယူဇနာ ၁၀၀, အစောက်အားဖြင့် ယူဇနာ၁၀၀-ရှိလေ၏။

ဇမ္ဗုယာ လက္ခိတော ဒီပေါ ဇမ္ဗုဒီပေါ။ ။ဟုပြု။

ဇမ္ဗုယာ၊ဇမ္ဗူသပြေပင်ဖြင့်။ လက္ခိတော၊ မှတ်အပ်သော။ ဒီပေါ၊ ကျွန်းတည်း။ ဇမ္ဗုဒီပေါ၊ ဇမ္ဗူသပြေပင်ဖြင့် မှတ်အပ်သောကျွန်း။

ဤဆိုအပ်ပြီးခဲ့သော ကျွန်းကြီး လေးကျွန်းသည် လူတို့၏နေထိုင်ရာဖြစ်၍ မနုဿဘူမိ-လူ့ဘုံမည်၏ ဟု မှတ်။

(ဤ၌ ကျွန်းကြီးလေးကျွန်းနှင့်တကွ ကမ္ဘာလောကဓာတ် ဟိမဝန္တာသီတာခုနစ်တန်, သတ္တရဘန် မြင်းမိုရ်စသည်တို့၏ အဓိပ္ပါယ် အကျယ်ကိုဆိုသင့်သော်လည်း ဂန္ထဂရုဖြစ်မှုကို အာရုံပြု၍ လျစ်လျူရှုရပေတော့သတည်း။ အလိုရှိသော ပုဂ္ဂိုလ်တို့သည်-အင်္ဂုတ္တရအဋ္ဌကထာ,ပါရာဇိကဏ်အဋ္ဌကထာ,သာရတ္ထဒီပနီဋီကာ စသည်တို့၌ ယူလင့်ကုန်)။

> ဇမ္ဗုဒီပေါ သကဋသဏ္ဌာနော၊အပရဂေါယာနော အဍ္ဍစန္ဒသဏ္ဌာနော၊ပုဗ္ဗဝိဒေဟော အဍ္ဍစန္ဒသဏ္ဌာနော၊ဥတ္တရကုရုပီဌသဏ္ဌာနော၊ တံတံ နိဝါသီနံ တံတံ ပရိဝါရဒီပဝါသီနဉ္စ မနုဿာနံ မုခမ္ပိ တံတံ သဏ္ဌာနန္တိ ဝဒန္တိ။ ။သာရတ္ထဒီပနီဋီကာ။

---

## ၂-စာတုမဟာရာဇ် ဘုံခန်း

စတူသု မဟာရာဇေသု ဘတ္တိ ဘဇနံ
ဧတေသန္တိ စာတုမဟာရာဇိကာ။

ဧတေသံ၊ထိုနတ်တို့အား။ စတူသု၊လေးယောက်ကုန်သော။မဟာရာဇေသု၊နတ်မင်းကြီးတို့၌။ ဘတ္တိ-ဘဇနံ၊ဆည်းကပ် ခစားခြင်းသည်။အတ္ထိ၊၏။ ဣတိတသ္မာ၊ထို့ကြောင့်။ စာတုမဟာရာဇိကာ၊စာတုမဟာရာဇ်မည်ကုန်၏။

တနည်း။ ။စာတုမဟာရာဇေ ဘဝါတိ
စာတုမဟာရာဇိကာ။ ။ဟု ပြု။

စာတုမဟာရာဇေ၊ နတ်မင်းကြီး လေးပါးတို့၏ နေရာ၌။ ဘဝါ၊ ဖြစ်ကုန်သည်တည်း။ ဣတိတသ္မာ၊ ထို့ကြောင့်။ စာတုမဟာရာဇိကာ၊ စာတုမဟာရာဇ် နတ်မည်ကုန်၏။ ။အဓိပ္ပါယ်ကား။ ။ဓတရဋ္ဌနတ်မင်း, ဝိရူဠှကနတ်မင်း, ဝိရူပက္ခနတ်မင်း, ကုဝေရ နတ်မင်းဟု ဆိုအပ်သော နတ်မင်းကြီးလေးယောက်တို့နှင့်တကွ ၎င်းတို့အထံ၌ ခစားလုပ်ကျွေးရသော အခြံအရံဖြစ်ကုန်သော ဂန္ဓဗ္ဗနတ်မျိုး, ကုမ္ဘဏ်နတ်မျိုး, နတ်နဂါးမျိုး, နတ်ဘီလူးမျိုး မှန်သမျှတို့သည်စာတုမဟာရာဇ်နတ်မျိုးမည်ကုန်၏။သည့်မှတပါး ခိဍ္ဍာပဒေါသိကနတ်, မနောပဒေါသိကနတ်, သီတဝလာဟကနတ်, ဥဏှဝလာဟကနတ်, လနတ်သား, နေနတ်သား, ဘုမ္မစိုးနတ်, ရုက္ခစိုးနတ် တောစောင့်နတ်, တောင်စောင့်နတ်, မြစ်စောင့်နတ်- စသည်တို့သည်လည်း စာတုမဟာရာဇ် နတ်မျိုးပင် မည်ကုန်၏။

ဤသဂြိုဟ်ပါဌ်လာ ''စာတုမဟာရာဇိကာ''၏ အရကား နတ်ကို မကောက်ရ၊ ၎င်းနတ်တို့၏ နေရာဘုံကိုသာ ကောက်ရသဖြင့်-

စာတုမဟာရာဇိကာနံ နိဝါသာ ဘူမိတိ
စာတုမဟာရာဇိကာ။ ။ဟုပြု။

စာတုမဟာရာဇိကာနံ၊ စာတုမဟာရာဇ် နတ်တို့၏။နိဝါသာ၊ နေရာဖြစ်သော။ ဘူမိ၊ ဘုံတည်း။ ဣတိတသ္မာ၊ ထို့ကြောင့်။ စာတုမဟာရာဇိကာ၊ စာတုမဟာရာဇိကာ-မည်၏။ ။ဟု အနက်ပေး။

အဓိပ္ပါယ်ကား။ ။နတ်မင်းကြီး လေးပါးနှင့်တကွ ၎င်းနတ်မင်းကြီးတို့၏ အခြွေအရံတို့၏ နေရာဌာနဖြစ်သော ယုဂန္ဓိုရ်တောင်နှင့် အညီအမျှဖြစ်သော မြင်းမိုရ်တောင်၏ ထက်ဝက်အရပ်သည် စာတုမဟာရာဇ် နတ်ဘုံ မည်၏။ ။ထိုမှတပါး အာကာသစိုး, ရုက္ခစိုးစသော နတ်တို့၏ နေရာဌာန မှန်သမျှသည်လည်း စာတုမဟာရာဇ် နတ်ဘုံပင်မည်၏။ ။ဟူလို။

၅-က။ ။စာတုမဟာရာဇိကာနန္တိ အာဒိသု စာတုမဟာရာဇိကာ နာမ သိနေရုပဗ္ဗတဿ ဝေမဇ္ဈေဟောန္တိ။ တေသု ပဗ္ဗတဋ္ဌကာပိ အာကာသဋ္ဌကာပိ တေသံ ပရမ္ပရာ စက္ကဝါဠပဗ္ဗတံ ပတ္တာ။ခိဍ္ဍာပဒေါသိကာ, မနောပဒေါသိကာ, သီတဝလာဟ

ကာ,ဥဇ္ဇာဝလာဟကာ,စန္ဒိမာဒေဝပုတ္တော,သူရိယော ဒေဝ
ပုတ္တောတိ ဧတေ သဗ္ဗေပိ စာတုမဟာရာဇိကဒေဝလော
ကဋ္ဌာ ဧဝ။

ဓမ္မဟဒယဝိဘင်း အဋ္ဌကထာ။ ။(၄၅၀)။

ဟိုင်းစာတုမဟာရာဇိက နတ်ပြည်ဟူသည် လူ့ပြည်မှ ယူဇနာလေး သောင်းနှစ်ထောင်ကွာဝေးသော မြင်းမိုရ်တောင်၏ အာလိန္ဒ ၄ ါးဆင့် စာတု မဟာရာဇ် နတ်မင်းတို့၏ နေရာဖြစ်၏။ အထူးအားဖြင့် ဆိုသော် **ဓတရဋ္ဌ နတ်မင်းကြီး**ကား အရှေ့ယုဂန္ဓိုရ် တောင်ထိပ်၌ အလျား အနံယူဇနာ တထောင်စီရှိသော နတ်မြို့သည်ရှိ၏။ ထိုနတ်မြို့အတွင်း ဓတရဋ္ဌ နတ်မင်း နေသော ဗိမာန်ကား အလျားအနံ ၂၅-ယူဇနာစီရှိ၏ ငွေသားအတိ ပြီး၏။ အထက်တယူဇနာ၊အလျားတယူဇနာ၊ အနံတယူဇနာခွဲရှိ၏။အလုံးစုံသော နတ်၏ အသုံးအဆောင် အမျိုးမျိုးတို့နှင့် ပြည့်စုံ၏။

**ဝိရူဠှကနတ်မင်းကြီး**ကား မြင်းမိုရ်တောင်မင်း၏ တောင်ဘက်အလယ် ချက် အာလိန္ဒ၌ တည်သော နတ်မြို့၌ စံနေလေ၏။ ။**ဝိရူပက္ခနတ်မင်းကြီး ကား**၊ မြင်းမိုရ်တောင်၏ အနောက်ဘက် အာလိ၌တည်သော နတ်မြို့၌ စံနေလေ၏။ ။**ကုဝေရနတ်မင်းကြီးကား**၊ မြင်းမိုရ်တောင်မင်း၏ မြောက် ဘက်အာလိန္ဒ၌ တည်နေသော နတ်မြို့၌ စံနေလေ၏။ ထိုနတ်မြို့တို့လည်း ငွေသားအတိ ပြီးကုန်၏။ များစွာသော နတ်တို့၏ အသုံးအဆောင်တို့နှင့် ပြည့်စုံကုန်၏။

---

၉-ကာ။ ။စာတုမဟာရာဇိကာနန္တိအဒေါသ-စာတုမဟာရာဇိကာနံ-ဤသို့အစရှိသောပါဌ်၌တို့၌။စာတုမဟာရာဇိကာနာမ၊စာတုမဟာရာဇ်နတ်မင်းတို့၏နေရာ၊စာတုမဟာရာဇ် နတ်ဘုံတို့မည်သည်ကား။သိနေရုပဗ္ဗတဿ၊မြင်းမိုရ်တောင်မင်း၏။ဝေမဇ္ဈေ၊အလယ်အချက်၌။ဟောန္တိ၊ ရှိသည်ဖြစ်ကုန်၏။ ပဗ္ဗတဋ္ဌကာပိ၊တောင်ဟူသရွေ့၌တည်နေသောနတ်တို့သည်၎င်း။ အာကာ သဋ္ဌကာပိ၊ကောင်းကင်ပြင်၌ တည်နေသော နတ်တို့သည်၎င်း ဟောန္တိ၊ကုန်၏။တေသံ၊ထိုနတ် တို့၏။ပရမ္ပရာ၊အဆင့်ဆင့်အားဖြင့်စက္ကဝါဠပဗ္ဗတံကြဝဠာတောင်ဘိုင်အောင်။ပတ္တာ၊ရောက် ကုန်သေး။ခိဍ္ဍာပဒေါသိကာ၊မေ့ဟကြောင့် အာဟာရပြတ်၍သေတတ်သေးကြောင့်ခိဍ္ဍာပဒေါ သိကမည်သောနတ်တို့၎င်း။ မနောပဒေါသိကာဒေါသကြောင့်သေတတ်သည်ဖြစ်၍မနောပဒေါ သိကမည်သောနတ်တို့၎င်း။ သီတဝလာဟကာ၊အအေကို ဖြန့်စေတတ်သောကြောင့်သီတဝလာ ဟကမည်သော နတ်တို့၎င်း။ဥဏှဝလာဟကာ၊အပူကိုဖြစ်စေတတ်သောကြောင့် ဥဏှဝလာဟ ကမည်သောနတ်တို့၎င်း။စန္ဒိမာဒေဝပုတ္တော၊ လနတ်သား၎င်း။သူရိယောဒေဝပုတ္တော၊နေနတ် သား၎င်း။ဣတိဧဝမာဒိကာ၊ဤသို့အစရှိကုန်သော။ဧတေသဗ္ဗေပိ၊ထိုအလုံးစုံသောနတ်တို့သည် လည်း။ စာတုမဟာရာဇိကဒေဝလောကဋ္ဌာ ဧဝ၊ စာတုမဟာရာဇ်နတ်ပြည်၌ တည်သည်မည် သော နတ်တို့သည်သာလျှင်။ ဟောန္တိ၊ကုန်၏။

မနုဿဘူမိတော ဒွိတာလီသသဟဿယောဇနော
ယုဂန္ဓရပ္ပမာဏော သိနေရုနော ပဥ္စမာလိန္ဒော စာတု
မဟာရာဇိကာနံ ဒေဝါနံ ဘူမိနာမ။ ။သင်္ခေပဋီကာ။

မနုဿဘူမိတော၊ လူ့ဘုံမှ။ ဒွိတာလီသသဟဿ ယောဇနော၊ ယူဇနာလေးသောင်းနှစ်ထောင် အမြင့်ဆောင်သော။ ယုဂန္ဓရပ္ပမာဏော၊ ယုဂန္ဓိုရ်တောင်မျှ ပမာဏရှိသော။ သိနေရုနော၊ မြင်းမိုရ်တောင်၏။ ပဥ္စမာလိန္ဒော၊ အာလိန်ငါးဆင့်သည်။ စာတုမဟာရာဇိကာနံ ဒေဝါနံ၊ စာတုမဟာရာဇ်နတ်တို့၏။ ဘူမိနာမ၊ နေရာဘုံမည်သည်။ ဟောတိ၊၏။ ။ဤကား စာတုမဟာရာဇ်နတ်ဘုံ အဘွင့်တည်း။

---

## ၃-တာဝတိံသာ ဘုံခဏ်း

မာဃေန မာဏဝေန သဒ္ဓိံ တေတ္တိံသ သဟပုညကာရိနော
နိဗ္ဗတ္တာ ဧတ္ထာတိ တေတ္တိံသံ။ ။တေတ္တိံသမေဝ တာဝတိံသံ။

ဧတ္ထ၊ ဤအရပ်၌။မာဃေန၊မာဃအမည်ရှိသော။ မာဏဝေန၊ လုလင်နှင့်။ သဒ္ဓိံ၊ အတူတကွ။ တေတ္တိံသ၊ သုံးကျိပ် သုံးယောက်ကုန်သော။ သဟပုညကာရိနော၊ တကွကောင်းမှု ပြုလေ့ရှိကုန်သော သူတို့သည်။ နိဗ္ဗတ္တာ၊ ဖြစ်ကုန်၏။ ဣတိတသ္မာ၊ ထိုသို့ဖြစ်ရာဖြစ်သောသတ္တိကြောင့်။ တံဌာနံ၊ထိုအရပ်သည်။ တေတ္တိံသံ၊ တေတ္တိံသမည်၏။ ။တေတ္တိံသမေဝ၊ တေတ္တိံသသဒ္ဒါသည်ပင်လျှင်။ တာဝတိံသံ၊ တာဝတိံသာ မည်၏။ ။ဤကား ဋီကာကျော်ဆရာ၏ အလိုဖြစ်သော ဝိဂြိုဟ်တည်း။

သမ္မောအဋ္ဌကထာ ဆရာကား။ ။"တေတ္တိံသဇနာ တတ္ထ ဥပပန္နာတိ တာဝတိံသာ"။ ။ဟု ပြုတော်မူ၏။ ။တတ္ထ၊ ထိုနတ်ပြည်၌။ တေတ္တိံသဇနာ၊ မာဃသိကြား အမှူးထား၍ သုံးကျိပ် သုံးပါးသော နတ်တို့သည်။ ဥပပန္နာ၊ ဖြစ်ကုန်၏။ ဣတိတသ္မာ၊ ထိုသို့ ဖြစ်ရာဖြစ်သော သတ္တိကြောင့်။ တာဝတိံသာ၊ တာဝတိံသာမည်၏။

အဓိပ္ပါယ်ကား။ ။မာဃမည်သော သိကြားမင်းနှင့် တကွ ၎င်းနှင့် အတူ ကုသိုလ်ပြုသော်ပြုဘက်ဖြစ်သော သုံးကျိပ်သုံးယောက်သော နတ်တို့၏ နေရာဖြစ်သောကြောင့် တာဝတိံသာဘုံမည်၏။ ။(တေတ္တိံသ-ဟု ဆိုလိုလျက် နိရုတ္တိနည်းအားဖြင့် တာဝတိံသာ-ဟု ရပ်ပြီးသည်ဟု မှတ်)။

စာတုမဟာရာဇ် နတ်ဘုံမှ အထက်သို့ ယူဇနာအားဖြင့် လေးသောင်း နှစ်ထောင်အမြင့်ရှိသော မြင်းမိုရ်တောင်ထိပ် အရပ်ဝယ် ယူဇနာတသောင်း အပြန့်ကျယ်သော ရွှေဖြင့်အတိပြီးသော မြေအပြင်တွင် ဝေဇယန္တာစသော ရွှေ,ငွေ,စိန်,မြ၊ ထိန်ပဝင်းဆောင် ရတနာအရောင်တို့ဖြင့် တပြောင်ပြောင် တောက်သော နတ်ဘုံနတ်နန်းတို့ဖြင့် မပြတ်စံနေသော သိကြားမင်းစသော နတ်မင်းကြီး အပေါင်းတို့၏ စံပျော်ရာဌာနသည် တာဝတိံသာ နတ်ဘုံ မည်၏။ ။၎င်းနတ်တို့ကို မြေ၌တည်နေသောကြောင့် ဘူမဋ္ဌတာဝတိံသာ နတ် ဟု မှတ်။

၅-ခ။ ။တဒုပရိ ဒွိတာလီသသဟဿ ယောဇနံ သိနေရုမတ္ထကံ တာဝတိံသဘဝနံ တာဝတိံသာနံ ဘူမိနာမ။ ။သင်္ခေပဋီကာ။

သည်မျှမက ၎င်းမြင်းမိုရ်တောင်၏ ယူဇနာ ရှစ်သောင်း လေးထောင် အမြင့်နှင့်အမျှ ပမာဏရှိသော စကြဝဠာ တိုင်အောင်သော ကောင်းကင် အပြင်တွင် ပြာသာဒ်ယာဉ်ပျံ ဘုံဗိမာန်တို့ဖြင့် စံစားတည်နေကြသော အာကာသဋ္ဌဟု ဆိုအပ်သော အာကာသစိုးနတ်တို့ကည်လည်း တာဝတိံသာ နတ်ဘုံလောက မည်ကုန်၏။ထိုကြောင့် တာဝတိံသာနတ်တို့သည် ဘူမဋ္ဌ တာဝတိံသာနတ်, အာကာသဋ္ဌတာဝတိံသာနတ် ဟူ၍ ၂-မျိုး ရှိကုန်၏။ ဟု သိ။

တေပိ အတ္ထိ ပဗ္ဗတဋ္ဌကာ၊ အတ္ထိ အာကာသဋ္ဌကာ၊ တေသံ ပရမ္ပရာ စက္ကဝါဠပဗ္ဗတံ ပတ္တာ။ ။မဓ္ဗဟာဒယဝိဘင်း အဋ္ဌကထာ။ ။(၄၅၀)

တနည်း။ ။အင်္ဂုတ္တိုရ်ပါဠိတော်၌ "သဟဿံ စာတုမဟာရာဇိကာနံ, သဟဿံ တာဝတိံသာနံ"ဟု ဟောတော်မူသဖြင့် ဤစကြဝဠာမှ တပါး ဖြစ်သော အခြားသော စကြဝဠာတိုက်တို့၌လည်း ကာမာဝစရနတ်ပြည် ခြောက်ထပ် ရှိသည်ဖြစ်ရကား ထိုအခြားသော စကြဝဠာ တိုက်တို့၌ ရှိကုန်သော ဒုတိယ နတ်ဘုံတို့၌ မာဃ မည်သော သိကြားနှင့်တကွ သုံးကျိပ်သုံးယောက်သော နတ်သားတို့သည် မရှိကုန်၊ ထိုသို့ မရှိလင့်ကစား

၅-ခ။ ။တဒုပရိ၊ သိုစာတုမဟာရာဇ်နတ်ဘုံ၏ အထက်၌။ဒွိတာလီသသဟဿယောဇနံ၊ ယူဇနာ လေးသောင်းနှစ်ထောင် အမြင့်ရှိသော၊သိနေရုမတ္ထကံ၊မြင်းမိုရ်တောင်ထိပ်ဖြစ်သော။ တာဝတိံသ ဘဝနံ၊တာဝတိံသာ နတ်ဘုံနတ်နန်းသည်၊ တာဝတိံသာနံ၊ တာဝတိံသာနတ် တို့၏။ ဘူမိနာမ၊ တည်နေရာဘုံမည်၏။

တာဝတိံသာ-ဟု အမည်သညာဖြင့်ပင် ခေါ်ဝေါ်လျက် ရှိသောကြောင့် ထိုတာဝတိံသာဟူသော အမည်သည် ရုဠ္ဋီအမည်သာတည်း။ အထက်ပါ နည်းအရ အန္ဝတ္ထအမည် မဟုတ်ဟုမှတ်။

ပဌမနည်းအလို မာဃမည်သော သိကြားနှင့်တကွ ကုသိုလ်ပြုဘက် ဖြစ်သော သုံးကျိပ်သုံးယောက်သော နတ်တို့၏ နေရာဟု ဗျုပ္ပတ်ကို အစွဲ ပြု၍ တာဝတိံသာ ဟူသောအမည်ကို ရသောကြောင့် အန္ဝတ္ထ- အမည် မည်၏။ ဒုတိယ နည်းအလို ထိုဒုတိယ နတ်ဘုံ၌ နေသမျှသော နတ်မှန်သမျှ တို့သည် တာဝတိံသာဟု အတွင် ရုဠ္ဋီအားဖြင့် ခေါ်ဝေါ်သောကြောင့် တာဝတိံသာဟူသော အမည်သည် ရုဠ္ဋီအမည် မည်၏-ဟူလို။

သမ္မောအဋ္ဌကထာ၌ကား တာဝတိံသာ ဟူသော အမည်သည် ပဇာ ပတိ,ဝရုဏ,ဤသာန-စသောနတ်မင်းကြီး သုံးကျိပ်သုံးယောက်တို့၏ နေရာ ဌာနဖြစ်သောကြောင့် ၎င်းဒုတိယနတ်ဘုံ၌ တည်သော နတ်တို့၏ အရေ အတွက် အားလျော်စွာ တာဝတိံသာ ဟု ခေါ်ဝေါ်အပ်၏ ဟု-မိန့်၏။

က။ ။အပိ စ တာဝတိံသာတိ တေသံ ဒေဝါနံ နာမ မေဝါတိ ဝုတ္တံ။
သမ္မောဟဒယဝိဘင်း အဋ္ဌကထာ။ ။(၄၅၀)။

ဆရာတို့ကား။ ။အထက်ပါ အင်္ဂုတ္တိုရ် ပါဠိတော်အရ၊ တာဝတိံသာ နတ်ဘုံသည် စကြဝဠာနှင့်အမျှ အနန္တပင်ရှိ၏။ ဒုတိယနတ်ပြည်၌ မာဃ သိကြားမဖြစ်မီ ရှေးအခါက တခြားသော သိကြားတို့သည် ရှိကုန်သည် မှန်၏။ထိုသို့ပင်ရှိလင့်ကစား၊ယခုရှိနေသော နတ်များကား မာဃသိကြားနှင့် တကွ သုံးကျိပ်သုံးယောက်ပင်ဖြစ်၍ ယခု ထင်ရှားရှိနေသော နတ်သုံးကျိပ် သုံးယောက်ကို အစွဲပြု၍ တာဝတိံသာ-ဟူသော အမည်ကို မှည့်ခေါ်သည် ဟူလို သတတ်။

(ဝေဇယန္တာပြာသာဒ်, ရောဝဏ်ဆင်-စသော တာဝတိံသာ နတ်ဘုံ နတ်နန်းတို့၏ ကြီးကျယ်ခမ်းနားပုံကို အကျယ်တဝင့် ဆိုသင့်သော်လည်း အဘိဓမ္မာ အရာဖြစ်၍၎င်း၊ စာသင်ငယ်တို့ ပင်ပန်းအံ့သည်ကို စိုးသော

က။ ။အပိစအပရေဝနယော၊နည်းတပါးကို၊မယာ၊ငါသည်။ဝုစ္စတေ၊ဆိုဦးအံ့။တာဝတိံသာတိတော၊တာဝတိံသာဟူသော အမည်သည်။တေသံ ဒေဝါနံ၊ထိုဒုတိယနတ်ဘုံ၌ တည်နေကုန်သောနတ်တို့၏။နာမဓေယျ၊အမည်သည်သာတည်း။ဣတိ၊ဤသို့။ဝုတ္တံ–ဝုတ္တာ၊ထိုဆိုသည်။ ဟောတိ၊ ဖြစ်၏။

ကြောင့်ဂုဏ်း၊ လျစ်လျူရှုရပေတော့သတည်း။ ။အလိုရှိကြပါမူ ဓမ္မပဒ အဋ္ဌကထာ,သာရတ္ထဒီပနီဋီကာ-စသည်တို့၌ ရှုလင့်ကုန်)။

ဤကား တာဝတိံသာ ဘုံအဘွင့်တည်း။

---

## ၄-ယာမာ ဘုံခဏ်း

ဒုက္ခတော ယာတာ အပယာတာတိ ယာမာ။

ယေ ဒေဝါ၊ အကြင် နတ်တို့သည်။ ဒုက္ခတော၊ ပူပန်ထန်ပြင်း ဆင်းရဲခြင်းမှ။ ယာတာ-အပယာတာ၊ လွတ်ကင်းကုန်သည်တည်း။ ဣတိတသ္မာ၊ ထို့ကြောင့်။ တေဒေဝါ၊တို့သည်။ ယာမာ၊ယာမာ-မည်ကုန်၏။ ။(ဤကား ဋီကာကျော် အလို)။

သမ္မောအဋ္ဌကလာဆရာကား။ ။ 'ဒိဗ္ဗံ သုခံ ယာတာ ပယာတာ သမ္ပတ္တာတိ ယာမာ"။ ။ဟု ပြုတော်မူ၏။ ။ယေ ဒေဝါ၊ တို့သည်။ဒိဗ္ဗံ သုခံ၊နတ်၌ ဖြစ်သော စည်းစိမ် ချမ်းသာသို့။ ယာတာ ပယာတာ သမ္ပတ္တာ၊ ရောက်ကုန်သည်တည်း။ ။ဟု ပေး။ ။(ရှေးဋီကာကျော်ဆရာ အလို။ ယာ-ဓာတ်, ဒုက္ခာပနယနတ္ထ,ဟော။ ။နောက် အဋ္ဌကထာအလို ယာ-ဓာတ်,ပါပုဏနတ္ထ-ဟော၊ မ-ပစ္စည်း,ဟု မှတ်)။

အဓိပ္ပါယ်ကား။ ။ပူပန်ထန်ပြင်း ဆင်းရဲခြင်း အဝဝတို့မှ ကင်းလွတ်၍ နတ်၌ဖြစ်သော ချမ်းသာသုခနှင့် ပြည့်စုံစွာ စံစားရသောကြောင့် ယာမာ နတ်မည်၏။ ။ဘုံကိုရလိုသော်။ ။"ယာမာနံ နိဝါသာ ဘူမိ ယာမာ"။ ။ဟု-ပြု။ ။ယာမာနံ၊ ယာမာမည်သော နတ်တို့၏။ နိဝါသာ၊နေရာဖြစ်သော။ ဘူမိ၊ ဘုံသည်။ ယာမာ၊ ယာမာ-မည်၏။

တာဝတိံသာဘုံမှ ယူဇနာ လေးသောင်း နှစ်ထောင် ကွာဝေးသော အာကာသ ဟင်းလင်းပြင်၌ ပန်းဆိုင်းပမာ စကြဝဠာတိုက် နခမ်းတိုင် အောင် အန္တိတည်နေသော ယာမာနတ်တို့၏ စံနေရာဌာနသည် ယာမာဘုံ မည်၏ ဟု-မှတ်။

ခ။ ။တဒုပရိ ဋ္ဌိတာလီသသဟဿယောဇနံ ဌာနံ ယာမာနံ ဘူမိ။

သင်္ခေပဝဏ္ဏနာ။

တနည်း။ ။ဆရာတို့အလို၊ ယာမာ-ဟူသော အမည်ရင်းသည် ယာမ သုယာမ,အမည်ရှိသော နတ်မင်းတို့၏ အမည်ဖြစ်၏။ ထိုယာမာမည်သော

နတ်မင်းတို့၏ တည်နေရာ ဖြစ်သောကြောင့် ဌာနူပစာအားဖြင့် ယာမာ မည်၏။ ။ဟူသတတ်။

ဤ-ယာမာနတ်ပြည်ကစ၍ အထက်နတ်ပြည် လေးထပ်သည် ကောင်း ကင်ပြင်ဝယ် ချိတ်ငင် ဆွဲထားအပ်သော ပတ္တမြားပန်းဆိုင်း,ရွှေပန်းဆိုင်း စသည်တို့ကဲ့သို့ မြေနှင့် မစပ်မထိ ပကတိ ရတနာအတိပြီးသော ငွါးငွါး စွင့်စွင့် မြင့်မြင့် မောက်မောက် အလိုအလျောက် ပေါ်ပေါက် လာ၍ မွေ့လျော်ပျော်ဘွယ်ရာဖြစ်၍ အဖြာဖြာသော ဘုံတို့၌ စံမြန်းကုန်သော အာကာသဋ္ဌ,အာကာသစိုး နတ်တို့ချည်းတည်း။ဘူမဋ္ဌဟူ၍ မရှိပြီ။

ဤကား-ယာမာဘုံ အဘွင့်တည်း။

---

## ၅-တုသိတာ ဘုံခဏ်း

အတ္တနော သိရိသမ္ပတ္တိယာ တုသံ ဣတိ
ဂတာ ဂတာတိ တုသိတာ။

အတ္တနော၊ မိမိ၏။ သိရိသမ္ပတ္တိယာ၊ နတ်တို့၏ စည်းစိမ်၊ရိပ်ငြိမ် အထွေ ထွေ၊ အသရေနှင့် ပြည့်စုံခြင်းကြောင့်။ တုသံ ဣတိ ။ နှစ်သက်ခြင်းသို့။ ဂတာ ဂတာ၊ရောက်သည်တည်း။ ဣတိ တသ္မာ၊ထို့ကြောင့်။ တုသိတာ၊ တုသိတာ-မည်၏။ ။ဤကား-ဋီကာကျော် ဆရာတော်အလို ဘွင့်လှစ် အပ်သော ဝိဂ္ဂြိုဟ် ဝစနတ်တည်း။

ဝိဘင်းအဋ္ဌကထာ ဆရာကား။ ။"တုဋ္ဌဟဋ္ဌာတိ တုသိတာ"။ ။ဟု ပြုတော်မူ၏။ ။တုဋ္ဌဟဋ္ဌာ၊ရွှင်လန်း နှစ်သက်ကုန်၏။ ဣတိ၊ ထို့ကြောင့်။ တုသိတာ၊ တုသိတာ-မည်ကုန်၏။ ။ဆရာတို့ကား။ ။"တုဿန္တီတိ တုသိတာ"။ ။ဟု-ပြုတော်မူကုန်၏။

ကြီးကျယ်မြင့်မြတ်သော စည်းစိမ်ကြက်သရေ အထွေထွေတို့နှင့် ပြည့်စုံ သည်ဖြစ်၍ ဤဘုံ၌ဖြစ်ကုန်သော နတ်တို့သည် အမြဲမပြတ် ရွှင်ပျော်စံစား ကြကုန်သောကြောင့်-တုသိတာနတ်မည်ကုန်၏။ ။ဟူလို။

ဘုံကိုရလိုသော်။ ။"တုသိတာနံ နိဝါသာ ဘူမိ တုသိတာ"။ ။ဟုပြု။ ။ "တုဿန္တိ ဧတ္ထာတိ တုသိတာ"ဟု အဓိကရဏသာဓနေသော်လည်းပြု။

အဓိပ္ပါယ်ကား။ ။တုသိတာဘုံဟူသည်၊ ယာမာဘုံမှ လေးသောင်း နှစ်ထောင် ကွာဝေးသော အဇ္ဇောပြင်ကျယ် ကောင်းကင်လယ်၌ ပန်းဆိုင်း

ဆွဲသကဲ့သို့၊ ကုသိုလ်ကံ အလျောက် စကြဝဠာ နခမ်းရေးတိုင်တောင် တပြင်တည်း နတ်ဘုံနတ်နန်းတို့ဖြင့် တည်နေသော နေရာအရပ်တည်း။ ။ ၎င်းတုသိတာနတ်ဘုံ၌သာ၊ အရိယာအစစ် မကြာမီဖြစ်လတ္တံ့, ပွင့်တော်မူလတ္တံ့သော ဘုရားအလောင်းတို့သည် စံပျော်တော် မူကြကုန်၏။ အရိမေတ္တေယျ ဘုရား အလောင်း နတ်သား, လက်ျာတော်ရံ, လက်ဝဲတော်ရံ စသောနတ်တို့သည်လည်း ၎င်းဘုံ၌ ယခုရှိကြလေသတည်း။

၍ကား တုသိတာဘုံ အဘွင့်တည်း။

## ၆-နိမ္မာနရတိ ဘုံခန်း

နိမ္မာနေ ရတိ ဧတေသန္တိ နိမ္မာနရတိနော။

ဧတေသံ၊ထိုနတ်တို့အား။နိမ္မာနေ၊မိမိတို့သည် ဖန်ဆင်းအပ်သော နတ်ဘုံနတ်နန်း၌။ ရတိ၊စံစားရွှင်ပျော်၊ မွေ့လျော်ခြင်းသည်။ အတ္ထိ၊ရှိ၏။ ဣတိ၊ ထို့ကြောင့်။ နိမ္မာနရတိနော၊နိမ္မာနရတိနတ် မည်ကုန်၏။ ။၍ကား-ဋီကာကျော်ဆရာ၏အလို ဘွင့်လှစ်ဆိုအပ်သော ဝိဂြိုဟ် ဝစနတ်တည်း။

ဝိဘာင်းအဋ္ဌကထာ ဆရာကား—

ပကတိပဋိယတ္တာရမ္မဏတော အတိရေကေန ရမိတုကာမကာလေ ယထာ ရုစိတေ ဘောဂေ နိမ္မာနေတွာ ရမန္တီတိ နိမ္မာနရတီ။

ဟု-ပြုတော်မူ၏။

ပကတိပဋိယတ္တာရမ္မဏတော၊ ပကတေ့ စီရင်အပ်သော အာရုံထက်။ အတိရေကေန၊ အပိုအလွန်အားဖြင့်။ ရမိတုကာမကာလေ၊ ပျော်မွေ့လိုသောကာလ၌။ယထာ ရုစိတေ၊အကြင် အကြင် အလိုရှိအပ်,နှစ်သက်အပ်ကုန်သော။ဘောဂေ၊ စည်းစိမ်တို့ကို။ နိမ္မာနေတွာ၊ ဖန်ဆင်း၍။ ရမန္တိ၊ ပျော်မွေ့ကုန်၏။ ဣတိတသ္မာ၊ ထို့ကြောင့် ။နိမ္မာနရတီ။ နိမ္မာနရတိမည်ကုန်၏။ ။ဟု-အနက်ပေး။

ထိုနတ်တို့သည်-ပကတေ့စီရင်အပ်သော အာရုံထက် အလွန်အားဖြင့် ပျော်မွေ့လိုသောအခါ၌၊ မိမိပျော်မွေ့လိုသော ခံစားလိုသော စည်းစိမ်ကို သဘောကျဖန်ဆင်းခါ၊ပျော်မွေ့စံစားတတ်သောကြောင့်-နိမ္မာနရတိနတ် မည်ကုန်၏။ ။ဟူလို။

ဘုံကို ရလိုပါမူကား ''နိမ္မာနရတိနံ နိဝါသာ ဘူမိ နိမ္မာနရတိ''ဟုပြု။
''နိမ္မာနေတွာ ရမတိ ဧတ္ထာတိ နိမ္မာနရတိ''။

ဟု အဓိကရဏသာဓ်သော်လည်းပြု။ ။(အနက်လွယ်ပြီ)။

အဓိပ္ပါယ်ကား။ ။နိမ္မာနရတိ နတ်ဘုံဟူသည် တုသိတာနတ်ဘုံမှသည် ယူဇနာလေးသောင်းနှစ်ထောင် ကွာဝေးသော အဇဋ္ဋာပြင်ကျယ် ကောင်းကင်လယ်၌ စကြဝဠာ နခမ်းရေးထိအောင် နတ်ဘုံနတ်နန်းတို့ဖြင့် အံ့မခန်းသော မိမိအလိုရှိရာ သဘောကျ ဘန်ဆင်း၍ စည်းစိမ်ရိပ်ငြိမ်တို့ကို စံပျော်ခံစားကာ နေကုန်သော နတ်တို့၏ နေရာဘုံ ဟု မှတ်။

ဤကား နိမ္မာနရတိဘုံ အဘွင့်တည်း။

---

## ၇-ပရနိမ္မိတဝသဝတ္တိ ဘုံခဏ်း

ပရနိမ္မိတေသု ဘောဂေသု အတ္တနော ဝသံ
ဝတ္တေန္တီတိ ပရနိမ္မိတဝသဝတ္တိနော။

ပရနိမ္မိတေသု၊ မိမိမှ တပါးသော အလုပ်အကျွေး နတ်သားတို့သည် ဘန်ဆင်းအပ်ကုန်သော။ ဘောဂေသု၊ စည်းစိမ်တို့၌။ အတ္တနော၊မိမိ၏။ဝသံ၊ အလိုဆန္ဒကို။ ဝတ္တေန္တိ၊ ဖြစ်စေတတ်ကုန်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ ပရနိမ္မိတဝသဝတ္တိနော၊ ပရနိမ္မိတဝသဝတ္တိ နတ်မည်ကုန်၏။ ။ဤကား-ဋီကာကျော်ဆရာ၏ အလို၊ဘွင့်လှစ်ဆိုအပ်သော ဝိဂ္ဂြိုဟ် ဝစနတ်ပေတည်း။

ဝိဘင်းအဋ္ဌကထာ ဆရာကား-

စိတ္တာစာရံ ဉတွာ ပရေဟိ နိမ္မိတေသု ဘောဂေသု
ဝသံ ဝတ္တေန္တီတိ ပရနိမ္မိတဝသဝတ္တီ။

ဟု ပြုတော်မူ၏။

စိတ္တာစာရံ၊ စံစားလိုငြား၊ နတ်မင်းကြီးများ၏ စိတ်အလိုကို။ ဉတွာ၊ သိရ၍။ ပရေဟိ၊ နတ်မင်းများမှတပါး။ အလုပ်အကျွေး နတ်သားတို့သည်။ နိမ္မိတေသု၊ ဘန်ဆင်းအပ်ကုန်သော။ ဘောဂေသု၊ စည်းစိမ်ချမ်းသာတို့၌။ ဝသံ၊အလိုကို။ ဝတ္တေန္တိ၊ ဖြစ်စေကုန်၏။ ဣတိတသ္မာ၊ထို့ကြောင့်။ ပရနိမ္မိတဝသဝတ္တီ၊ ပရနိမ္မိတဝသဝတ္တိ မည်ကုန်၏။

မိမိတို့ ကိုယ်တိုင်သော်ကား ဘန်ဆင်း၍ မသုံးဆောင်ကြကုန်၊ မိမိတို့ အလိုကိုသိ၍ အလုပ်အကျွေးဖြစ်သော နတ်သားတို့သည် အဆင်သင့် ဘန်ဆင်းအပ်သော စည်းစိမ်ချမ်းသာတို့ကိုသာ ခံစား စံစား ကြသောကြောင့် ပရနိမ္မိတဝသဝတ္တိနတ်မည်ကုန်၏။ ။ဟူလို။ ။ဘုံကိုရလိုပါမူကား။

''ပရနိမ္မိတဝသဝတ္တီနံ နိဝါသာ ဘူမိ ပရနိမ္မိတဝသဝတ္တိ'' ဟု ပြု။

တနည်း။ ။''ပရေဟိ နိမ္မိတေသု ဘောဂေသု ဝသံ ဝတ္တေန္တိ ဧတ္ထာတိ ပရနိမ္မိတဝသဝတ္တိ''ဟု အဓိကရဏသာဓ် သော်လည်းပြု။

ဧတ္ထ၊ ဤဘုံ၌။ ပရေဟိ၊ တပါးသော အလုပ်အကျွေး နတ်တို့သည်။ နိမ္မိတေသု။ အသင့် ဘန်ဆင်းအပ်ကုန်သော။ ဘောဂေသု၊ စည်းစိမ်ချမ်းသာတို့၌။ ဝသံ၊ အလိုကို။ ဝတ္တေန္တိ၊ ဖြစ်စေတတ်ကုန်၏။ ဣတိတသ္မာ၊ ထိုသို့ ဖြစ်စေရာဖြစ်သော သတ္တိကြောင့်။ ပရနိမ္မိတဝသဝတ္တိ၊ ပရနိမ္မိတဝသဝတ္တိ ဘုံမည်၏။ ။ဟု ပေး။

ပရနိမ္မိတဝသဝတ္တိ နတ်ဘုံဟူသည် နိမ္မာနရတိဘုံမှသည် ယူဇနာ လေးသောင်း နှစ်ထောင် ကွာဝေးသော အဇ္ဈောပြင်ကျယ် ကောင်းကင် လယ်၌ စကြဝဠာ နခမ်းရေးထိအောင် ပန်းဆိုင်းဆွဲသကဲ့သို့ ကုသိုလ်ကံ အလျောက် နတ်ဘုံနတ်နန်းတို့ဖြင့်၊အုံ့မခန်းအောင် တည်နေသော မာရ်နတ် မင်းကြီးစသည်တို့၏ နေရာအရပ် ဟု မှတ်။ ။ဤနတ်ဘုံတို့၏ တသုံနှင့် တဘုံ အကွာအဝေးကို အချို့သောဆရာတို့ကား 'ရှစ်သောင်း လေးထောင်' ကွာဝေးသည် ဟု ဆို၏။ ။၎င်းစကားကို အောက်ပါ သာဓကများကို ထောက်ဆ၍ ဆင်ခြင်။

ဧကေန အန္တရာ အာကာသော စတုနဟုတ
ဒွိသဟဿပ္ပမာဏံ ဟောတိ။

အဘိဓမ္မတ္ထ သင်္ဂဟဒီပနီ။

ဧဝံ ယာဝ ဝသဝတ္တိဘူမိ ဒွိတာလီသသဟဿ ယောဇနေ တိဋ္ဌတိ။

သခေ်ပဋီကာ။

''လေးသောင်းနှစ်ထောင်၊သချာဆောင်၊ လူ့ဘောင်နတ်ခြောက်ရွာ''။

ပရမတ္ထ သရူပဘေဒနီ။

“လေးသောင်း နှစ်ထောင်၊ အကျွာဆောင်၊ လူ့ဘောင်ဆင့်ဆင့်သိ”။

ဤသို့ ပြဆိုအပ်ပြီးသော နတ်ပြည်ခြောက်ထပ် နတ်ဘုံရပ် တို့သည် ကောင်းကင် ပြင်ဝယ် တဘုံမှ တဘုံ အစဉ်အတိုင်း တည်ကုန်ရကား စကြဝဠာတောင်သို့ တိုင်အောင် နတ်ဘုံ နတ်နန်းတို့သည် အသီးသီး တည်ကုန်၏။ ။ထို့ကြောင့်-ဝိဘင်းအဋ္ဌကထာ၌—

ဧကဒေဝလောကေပိ ဟိ ဒေဝါနံ ပရမ္ပရာ စက္ကဝါဠပဗ္ဗတံ အပ္ပတ္တာ နာမ နတ္ထိ။

ဟု မိန့်တော်မူ၏။

ဟိ၊ မှန်၏။ဧကဒေဝလောကေပိ၊တဘုံသော နတ်ပြည်၌လည်း။ ဒေဝါနံ၊ နတ်တို့၏။ ပရမ္ပရာ၊ အဆက်ဆက်သည်။ စက္ကဝါဠပဗ္ဗတံ၊ စကြဝဠာတောင်သို့။ အပ္ပတ္တာနာမ၊ မရောက်သည်မည်သည်။ နတ္ထိ၊မရှိ။ ။စကြဝဠာတောင်သည်လည်း ပရနိမ္မိတဝသဝတ္တိ နတ်ပြည်နှင့် အမျှမြင့်၏-ဟု သိ။

ဤသည်လျှင် နတ်ပြည်ခြောက်ထပ် အဆုံးအဖြတ်
အပြီးသတ်တည်း။

---

## ကာမသုဂတိ အခ်ိပ္ပါယ်

ဤဆိုအပ်ခဲ့ပြီးသော လူ့ဘုံနှင့်တကွ နတ်ပြည် ခြောက်ထပ်ကို ကာမ သုဂတိ ၇-ဘုံဟု ဆိုသည်။

ကာမရာဂေန ကာမိယတီတိ ကာမော။

ကာမရာဂေန၊ ကာမရာဂသည်။ ကာမိယတိ၊ အလိုရှိအပ်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ ကာမော၊ ကာမ-မည်၏။ ဝိဂ္ဂိုဟ်အရ····ကာမရာဂ သဘောဖြင့် အလိုရှိအပ်သောကြောင့် ကာမ-မည်၏။

သုခေန ဂန္တဗ္ဗာတိ သုဂတိ။

သုခေန၊ချမ်းသာသဖြင့်။ ဂန္တဗ္ဗာ၊လားအပ်-ရောက်အပ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ သုဂတိ၊ သုဂတိ—မည်၏။ ။ဝိဂ္ဂိုဟ်အရ.... ကောင်းမွန် ချမ်းသာစွာ လားအပ်-ရောက်အပ်သောကြောင့် သုဂတိလည်း မည်၏။ ။ ဆိုလိုရင်းကား။ ။ဤ လူ့ဘုံနှင့် နတ်ဘုံတို့သည် နှစ်သက်စရာ,ပျော်မွေ့

စရာ,ဇာဋ္ဌာရုံများဖြစ်ကြ၍ ကာမရာဂမကင်းသောသူ မှန်သမျှတို့သည် အလို ရှိအပ် တောင့်တ အပ်သော ကုသိုလ်ရှင်များသာ ရောက်ရာခံစားရာ ဘုံများ ဖြစ်သောကြောင့် ကာမသုဂတိဘုံ မည်၏။ ။ဟူလို။

ကာမသုဂတိဘုံ အဘွင့်ပြီး၏။

---

## နတ်ဘုံနှင့်စပ်သော မှတ်ဘွယ်

ဤနတ်ပြည်ခြောက်ထပ်၌ ရှိကုန်သော နတ်သား, နတ်သ္မီးတို့သည်လည်း လူတို့ကဲ့သို့ ကာမဘုံသားများသာ ဖြစ်ရကား၊ ကာမဘုံသား လူများတို့ ကဲ့သို့ပင် နှစ်ယောက်စုံတွဲ ယှဉ်နွဲ၍သာ ကာဂုဏ်ကို ခံစားကြကုန်၏။

၅-က။ ။ဆန္ဒမ္ပိ ဟိ ကာမာဝစရာနံ ကာမာ ပါကာတိကာဝေ။

သင်္ဂီတိသုတ် အဋ္ဌကထာ။

၅ -ခ။ ။မနုဿာ ဝိယ ဟိ တေ ဒွယံ ဒွယသမာပတ္တိဝသေနေဝ မေထုနံ ပဋိသေဝန္တိ။

တေရသကဏ္ဍ ဋီကာ။

ကေစိ ဆရာတို့ကား။ ။စာတုမဟာရာဇ်,ဘာဝတိံသာနတ်တို့ကား၊ လူတို့ကဲ့သို့ အစုံအစုံ ကာမဂုဏ်ကို မှီဝဲပေါင်းဘော်မှ ကာမကိစ္စပြီးကုန် ၏၊ ။ယာမာ နတ်တို့သည်ကား၊ ဖက်ယမ်းကာမျှဖြင့် ကာမကိစ္စ ပြီးကြ ကုန်၏။ ။တုသိတာ နတ်တို့သည်ကား၊ လက်ကို သုံးသပ်ကာမျှဖြင့် ကာမကိစ္စ ပြီးကြကုန်၏။ ။နိမ္မာနရတိ နတ်တို့သည်ကား၊ ရယ်ရွှင်ကာမျှ ဖြင့် ကာမကိစ္စ ပြီးကြကုန်၏။ ။ပရနိမ္မိတဝသဝတ္တိ နတ်တို့သည်ကား၊ ကြည့်ရှုကာမျှဖြင့် ကာမကိစ္စပြီးကြကုန်၏ ဟု ဆိုကုန်၏။

ထိုသို့ပင်၊ကေစိဆရာတို့က မိန့်ဆိုကြကုန်သော်ငြားလည်း၊ အဋ္ဌကထာ ဆရာများက ၎င်းကေစိဝါဒကို မသင့်ဟု ပယ်တော်မူကြကုန်၏။

---

၅-က။ ။ဟိ၊မှန်၏။ဆန္ဒမ္ပိ၊ခြောက်ဘော်လည်းဖြစ်ကုန်သော။ကာမာဝစရာနံ၊ကာမာဝစရ နတ်တို့အား။ကာမာ၊ ကာမတရားတို့သည်။ပါကတိကာ ဧဝ၊ လူတို့ကဲ့သို့ အစုံအစုံ ပြကတေ့ အတိုင်းတို့ပင်တည်း။ ။(ဤကား အဋ္ဌကထာအနက်)။

၅-ခ။ ။ဟိ၊မှန်၏။တေ၊ထိုနတ်ပြည်ခြောက်ထပ်၌ နေသော နတ်တို့သည်။ မနုဿာဝိယ လူတို့ကဲ့သို့။ ဒွယံ ဒွယသမာပတ္တိဝသေနေဝ၊ နှစ်ယောက် အစုံအစုံ မှီဝဲသည်၏ အစွမ်းအားဖြင့် သာလျှင်။ မေထုနံ၊မေထုန်ကို။ပဋိသေဝန္တိ၊မှီဝဲကြကုန်၏။ ။(ဤကား ဋီကာအနက်)။

၅-ဂ။ ။တေံ ပန နတ္ထိတိ ပဋိက္ခိတ္တာ၊န ဟိ ကာယေန
အဖုသန္တာ ဖေါဋ္ဌဗ္ဗ ကာမကိစ္စံ သာဓေတိ။ ။

သုတ်ပါထေယျ အဋ္ဌကထာ။

ဤဆိုအပ်ပြီးသော စကားအရ၊ နတ်တို့သည် လူတို့ကဲ့သို့ ကာမဂုဏ်ကိစ္စ ပြီးကြသော်လည်း လူတို့ကဲ့သို့ သုတ်သွေးမလွှတ်ကုန်၊ ယင်းသို့သုတ်မလွှတ်သော်လည်း နတ်တို့အားသုက်မရှိဟု မမှတ်လင့်၊ရှိကားရှိ၏။ရှိသော်လည်း သုက်ဓာတ်သည် မရွေ့ရှားဘဲ တည်ရာဌပင် ငြိမ်း၏ ဟု မှတ်။ ။ ဤနတ်မှတပါး ကိလေသာကင်းပြီးသော ရဟန္တာတို့ အားငှင်း, ဗြဟ္မာတို့ အားငှင်း သမုစ္ဆေဒပဟာန် စသည်ဖြင့် ပယ်ပြီးဖြစ်၍ သုက်ဓာတ်သည် လုံးလုံး မရှိပြီ။

၅-ဃ။ ။ယသ္မာ တာသံ ဒေဝတာနံ သုက္ကဝိဿဋ္ဌိနာမ နတ္ထိ။
အညေသမ္ပိ သုက္ကံ ဂဟေတွာ န ဥပသံဟရန္တိ။
အရဟတော ပန သုက္ကမေဝ နတ္ထိ။

ကထာဝတ္ထု အဋ္ဌကထာ။

၅-င။ ။ခီဏာသဝါနံ ပန ဗြဟ္မာနဥ္စ သမ္ဘဝေါ နတ္ထိတိ
အာစရိယဓမ္မပါလတ္ထေရေန ဝုတ္တံ။

တေရသကဏ္ဍ ဋီကာ။

ငှင်းနတ်တို့သည် ကာမဂုဏ်ကိစ္စ ပြုကြသဖြင့် လူတို့ကဲ့သို့ နတ်သွီးတို့သည် ပဋိသန္ဓေနေမှု, မွေးဘွားမှု, ကိစ္စဖြစ်ပါသလောဟူမူ နတ်ပြည်

---

၄-ဂ။ ။တေံပန၊ ထိုကေစိဆရာတို့စကားသည်ကား။နတ္ထိ၊မရှိ။ဣတိ၊သို့။ပဋိက္ခိတ္တာ၊မဟာအဋ္ဌကထာ၌ပယ်ခဲ့၏။ ကသ္မာ၊အဘယ့်ကြောင့်ပယ်အပ်ပါသနည်း ဟူမူကား။ ယသ္မာ၊အကြင်ကြောင့်။ကာယေန၊ကိုယ်ဖြင့်။အဖုသန္တာ၊မတွေ့ထိသော ပုဂ္ဂိုလ်အား။ဖေါဋ္ဌဗ္ဗံ၊ဖေါဋ္ဌဗ္ဗာရုံဟု ဆိုအပ်သော။ကာမကိစ္စံ၊ကာမဂုဏ် ကိစ္စကို။န သာဓေတိ၊မပြီးစေနိုင်။ တသ္မာ၊ ထို့ကြောင့်။ ပဋိက္ခိတ္တာ၊ပယ်တော်မူအပ်၏။

၅-ဃ။ ။ယသ္မာ၊အကြင့်ကြောင့်။တာသံ ဒေဝတာနံ၊ထိုနတ်တို့အား။ သုက္ကဝိဿဋ္ဌိနာမ၊ သုက်လွှတ်ခြင်းမည်သည်။ နတ္ထိ၊ မရှိ။အညေသမ္ပိ၊ သူတပါး တို့အားလည်း။သုက္ကံ၊ သုက်ကို။ ဂဟေတွာ၊ ယူ၍။န ဥပသံဟရန္တိ၊မဆောင်ခြင်းနိုင်ကုန်။ ပန၊ဆက်၍ဆိုဦးအံ့။ အရဟတော၊ ရဟန္တာပုဂ္ဂိုလ်အား သုက္ကမေဝ၊ သုက်သည်ပင်လျှင်။နတ္ထိ၊မရှိပေ။ ဤကား အဋ္ဌကထာ အနက်)။

၅-ဓ။ ။ပန၊ဆက်၍ဆိုဦးအံ့။ခီဏာသဝါနဥ္စ၊ရဟန္တာပုဂ္ဂိုလ်အားငှင်း။ဗြဟ္မာနဥ္စ၊ဗြဟ္မာတို့အားငှင်း။သမ္ဘဝေါ၊သုက်သည်။ နတ္ထိ၊မရှိ။ဣတိ၊ဤသို့။အာစရိယဓမ္မပါလတ္ထေရေန၊အရှင်ဓမ္မပါလမထေရ်သည်။ဝုတ္တံ၊ဆိုနှုံ့အပ်၏။

ဟူသည် လူ့ပြည်ကဲ့သို့ ဇုဋ္ဌာရုံ, အနိဋ္ဌာရုံ ၂-ပါးရှိသော ဘုံမဟုတ်၊ဣဋ္ဌာရုံ သက်သက်မျှသာ ရှိရသော သုခဘုံမျိုးဖြစ်သောကြောင့် ဆိုအပ်ပြီးအနိဋ္ဌာရုံ ဖြစ်သော ပဋိသန္ဓေနေမှု, သားဘွားမှု ကိစ္စမရှိ ဟု မှတ်။ ။သို့သော် အချို့သော စာတုမဟာရာဇ်နတ်ဘုံအပါအဝင်ဖြစ်သော ဘုမ္မစိုးနတ်တို့သည် ကား လူတို့ကဲ့သို့ ရာသီဥတုပန်းပွင့်သော နတ်သမီးလည်းရှိသေး၏။

၅-စ။ ။မဟာရာဇိကာ အန္တရာ နေဝ ဥတုနိယော ဟောန္တိ၊ န ဂဗ္ဘိနိယော၊န ဝိဇာယန္တိ၊ န ပါယန္တိ။

လောကပညတ္တိကျမ်း

၎င်းသို့ နတ်သမီးတို့သည် ကိုယ်ဝန်ဆောင်ခြင်း,သားဘွားခြင်း မရှိခဲ့သော်၊ သားသမီးစသည်တို့သည် အဘယ်သို့ဖြစ်ပေါ်၍ လာကြပါသနည်းဟူမူ။ နတ်တို့ သည် လူတို့ကဲ့သို့ ဂဗ္ဘသေယျက ပဋိသန္ဓေ နေးရိုးမဟုတ်၊ သားဘွားမှုကိစ္စ စသည် မရှိသော်လည်း နတ်ပြည်၏ ဓမ္မတာအရ၊ဥပပါတ် ပဋိသန္ဓေမျိုးဖြစ် သောကြောင့် နတ်မင်း၏ ရင်ခွင်ထက်၌ အလိုအလျောက် ဥပပါတ် အားဖြင့် ဖြစ်ပေါ်လာပါမူ သားမည်၏။ နတ်သမီး၏ ရင်ခွင်ထက်၌ အလိုလျောက် ဥပပါတ်အားဖြင့် ဖြစ်ပေါ်လာသည်ရှိသော် သမီးမည်၏၊ နတ်မင်း၏အိပ်ရာ အပြင်၌ အလိုလျောက် ဥပပါတ် အားဖြင့် ဖြစ်ပေါ်လာပါမူ ခြေရင်း အလုပ်အကျွေးဖြစ်၏။ နတ်မင်း၏ အိပ်ရာအပြင်ကို ခြံရံ၍ ဖြစ်ပေါ်လာသော နတ်တို့သည် တန်းဆာဆင်ခြင်း, ပြုပြင်သုတ်သင်ခြင်း စသည်ကိုပြုသော အစေအပါး မည်ကုန်၏။ နတ်မင်း၏ ဗိမာန်အတွင်း၌ အလိုအလျောက် ဖြစ်ပေါ်လာသော နတ်တို့ကား ကျေးကျွန် မည်ကုန်၏။

၅-ဆ။ ။ဒေဝါနံ ဓိတာ စ ပုတ္တာ စ အင်္ကေ နိဗ္ဗတ္တန္တိ။ပါဒပရိစာရိ ကာ ဣတ္ထိယော သယနေ နိဗ္ဗတ္တန္တိ။ တာသံ မဏ္ဍန ပသာဓနကာရိကာ ဒေဝတာ သယနံ ပရိဝါရေတွာ နိဗ္ဗတ္တန္တိ။ဝေယျာဝစ္စကရာ အန္တော ဝိမာနေ နိဗ္ဗတ္တန္တိ။

သက္ကပဉ္စသုတ် အဋ္ဌကထာ မူလပဏ္ဏာသ အဋ္ဌကထာ။

၅-စ။ ။မဟာရာဇိကာ၊မဟာရာဇိကာ ဖြစ်ကုန်သော။ အန္တရာ၊ နတ်သမီးတို့သည်။ ဥတု နိယော၊ ရာသီဥတုလာခြင်းတို့သည်။နေဝဟောန္တိ၊မဖြစ်ကုန်။ဂဗ္ဘိနိယော၊ပဋိသန္ဓေကိုယ်ဝန် ဆောင်ကုန်သည်။န ဟောန္တိ၊မဖြစ်ကုန်၊ နဝိဇာယန္တိ၊ သားမဘွားကုန်။န ပါယေန္တိ၊နို့မတိုက် ကုန်။

ဤသို့လျှင် နတ်တို့မည်သည် ဥပပါတ် ပဋိသန္ဓေမျိုး ဖြစ်မှုကြောင့် အလို အလျောက် ပေါ်ပေါက်လာရာဝယ် တရံတခါ ယင်းအလိုလို ပေါ်ပေါက်မှု မရှင်းလင်းသည့် အတွက် နတ်ပြည်၌ တရားဖြစ်ကုန်၏။ ။ဖြစ်ဟန်ကား အကြင်နတ်တို့သည် နတ်သား နှစ်ဦးတို့၏ ဗိမာန်အပိုင်းအခြား အလယ်၌ ဖြစ်ပေါ်လာကုန်၏။ဗိမာန်ရှင်နတ်သားနှစ်ဦးတို့သည်၊သူပိုင်သင့်,ငါပိုင်သင့် ဟု ဝိဝါဒ အဓိကရုဏ်းကို ပြုကြလျက် သိကြားမင်းထံ၌ အဆုံးအဖြတ် ခံရန် တရား တွေ့ကြလေ၏။ ထိုအခါ သိကြားမင်းသည် ယခု ပေါ်ပေါက် လာသော နတ်သည် အကြင်နတ်သား၏ ဗိမာန်နှင့် နီးပြားအံ့။ထိုနတ်သား ပိုင်စေဟု ဆုံးဖြတ်ခါ အမိန့်ချရ၏။အကယ်၍ ဗိမာန်ရှင် နတ်သား နှစ်ဦးတို့၏ အလယ်၌ အညီအမျှဖြစ်သော နေရာ၌ ပေါ်လာပြားအံ့။ ပေါ်လာသော နတ်၏မျက်နှာမူရာဗိမာန်ရှင်နတ်သည်ပိုင်စေဟု အမိန့်ချမှတ်လေ၏။အကယ် ၍ အဘယ် ဗိမာန်ဘက်သို့မှ မျက်နှာမမူပြားအံ့။နတ်သား နှစ်ဦးတို့၏ ဝိဝါဒ ပြတ်စေခြင်းငှါ သိကြားမင်းသည်၊ မိမိဥစ္စာပြု၍ သိမ်းပိုက်တော်မူလေ၏။

## နတ်တို့၏ ပုဗ္ဗနိမိတ် ငါးပါး

သုခဘုံ သက်သက်ဖြစ်သော နတ်ပြည် ခြောက်ထပ် ထက်မိုးရပ်၌ တင့်အပ်လျောက်ပတ်စွာ စည်းစိမ်ချမ်းသာကို ခံစံစားကာ နေကြကုန်သော နတ်သမီး၊နတ်သားတို့သည်၊နတ်ဘုံမှမစုတေမီ ၇-ရက်မြောက်ကပင် ငါးပါး သော နိမိတ်တို့သည် ထင်ကုန်၏။ ထိုပုဗ္ဗနိမိတ်ငါးပါး ဟူသည်ကား–ပဋိ သန္ဓေ အခါမှစ၍ ပန်ဆင်လာခဲ့သော ပန်းတို့၏ ညှိုးနွမ်းခြင်း, နတ်အဝတ် ပုဆိုးတို့၏ ညစ်နွမ်းခြင်း, ကိုယ်ခန္ဓာ လက်ကတည်းကြားတို့မှ ချွေးယိုခြင်း, ကိုယ်၏ အရောင်အဆင်းပျက်ခြင်း, နတ်တို့၏ နေရာ၌ တည်တံ့စွာ မနေနိုင် ခြင်း၊ ဤသို့အားဖြင့် ပုဗ္ဗနိမိတ်ငါးပါး၊ ထင်ရှားစွာ ဖြစ်သတည်း။ ။ဤပုဗ္ဗ နိမိတ် ငါးပါးထင်သည်ကို အလုံးစုံသော နတ်တို့သည် မသိကြကုန်။တန်ခိုး ကြီးသော အချို့သော နတ်တို့သာလျှင် သိကြကုန်၏။

---

၅-ဆ။ ။ဒေဝါနံ၊နတ်တို့၏။ဓီတာ စ၊ နတ်သမီးတို့သည်၎င်း။ ပုတ္တာ စ၊ သားတို့သည်၎င်း။ အင်္ကေ၊ကိုယ်အင်္ဂါတွင်၊ရင်ခွင်ထက်၌။နိဗ္ဗတ္တန္တိ၊ဖြစ်ကုန်၏။ပါဒပရိစာရိကာ၊ခြေရင်းအလုပ် အကျွေးဖြစ်ကုန်သော။ဩရောဓာ၊မိန်းမတို့သည်။သယနေ၊အိပ်ရာအပြင်၌။နိဗ္ဗတ္တန္တိ၊ဖြစ်ကုန် ၏။တာသံ၊ထိုနတ်သမီး-နတ်သားတို့အား။ မဏ္ဍနပသာဓနကာရိကာ၊ တန်ဆာဆင်ခြင်း၊ပြုပြင် ခြင်းကို ပြုတတ်ကုန်သော။ ဒေဝတာ၊ နတ်တို့သည်။ သယနံ၊အိပ်ရာနေရာကို။ ပရိဝါရေတွာ၊ ခြံရံ၍။နိဗ္ဗတ္တန္တိ၊ဖြစ်ကုန်၏။ ဝေယျာဝစ္စကရာ၊ အမှုကြီးငယ် အသွယ်သွယ် ပြုတတ်ကုန်သော နတ်တို့သည်။အန္တောဝိမာနေ၊ဗိမာန်၏ အတွင်း၌။နိဗ္ဗတ္တန္တိ၊ဖြစ်ကုန်၏။

## နတ်ဘုံ၌ ကျင်ကြီး ကျင်ငယ်အကြောင်း

နတ်ပြည်၌ ဇာတ္တရုံချည်း၌သော ဘုံမျိုးဖြစ်၍ ကျင်ကြီး,ကျင်ငယ် စသော အနိဋ္ဌာရုံတို့သည် မရှိကြဟု မှတ်ယူရမည်။ ၎င်းကျင်ကြီး,ကျင်ငယ်တို့သည် အာဟာရမှ ဖြစ်ရကား၊ နတ်တို့ စားသောက်အပ်သော သုဓာဘုတ်သည် အလွန်တရာပင် သိမ်မွေ့နူးညံ့၏။ ထို့ကြောင့် သုဓာဘုတ် အာဟာရကို နတ်ဘုံ၏ လျှာအဖျားဝယ် တင်ထားကာမျှ၌ ဆံဖျား,ခြေဖျား တိုင်အောင် တကိုယ်လုံးပျံ့နှံ့စေနိုင်၏။ ကျင်ကြီးကျင်ငယ် ဖြစ်ဘွယ် မရှိပေ။ ဤအလွန် တရာ စက်ဆုပ်ဘွယ်ဖြစ်သော၊ ကျင်ကြီး,ကျင်ငယ်ကို မဆိုထားဘိဦး၊တစ ပဉ္စကဟု ဆိုအပ်သော ဆံပင်,အမွေး,ခြေသည်း,လက်သည်း,သွား,အရေ အစရှိသော၊ သာမညာ အနိဋ္ဌာရုံမျိုးပင် ဖြစ်သော်လည်း၊ အနိဋ္ဌာရုံမဟုတ် ပါဘဲ၊ဣဋ္ဌာရုံအဖြစ်သို့ ပြောင်းလွှဲ၍ ဖြစ်ရကုန်၏။ ။သို့ဖြစ်၍ အနိဋ္ဌာရုံကြီး ဖြစ်သော၊ကျင်ကြီး,ကျင်ငယ်တို့ မရှိကုန်ဟုမှတ်။ ၎င်းကျင်ကြီး,ကျင်ငယ်မျှ မက၊ အသုဘ ၁၀-ပါးစသော အနိဋ္ဌာရုံတို့ပင်မရှိကုန်။

အသုဘာနိ ဒသာဟာရ သညာ ကာယဂတာသတိ။
ဒေဝေသု နပ္ပဝတ္တန္တိ၊ဒွါဒသေတာနိ သဗ္ဗဒါ။

အဘိဓမ္မာဝတာရ-အဋ္ဌကထာ။

တတ္ထ တသုဘာနံ ပဋိကူလဿ စ အာဟာရဿ အဘာဝတော။ တစပဉ္စကမ္ပိ ဟိ တတ္ထ ပဝတ္တမာနံ ဒိဗ္ဗာနုဘာဝေန ပတိကူလာကာ ရေန နောပဋ္ဌာတိ။ ။

အဘိဓမ္မာဝတာရ ဋီကာသစ်။

---

၆။ ။သာပနာယ မေကာဒသဝိဓေဝ ကာမာဝစရဘူမိစ္စေဝ သင်္ခံ ဂစ္ဆတိ၊ ။သင်္ဂြိုဟ်ပါဠိ။

အပါယ်လေးဘုံ ကာမသုဂတိ ၇-ဘုံတည်းဟူသော ၁၁-ဘုံသည် ကာမာဝစရ-ဘုံမည်၏။ ။ကာမ ၁၁-ဘုံ ဟုလည်း ခေါ်သေး၏။ ။ ဟူလို။

ဤကား-ဝိဂ္ဂဟတ္ထ။

ဤ ၁၁-ဘုံကို အဘယ်ကြောင့် ကာမဘုံဟူ၍၎င်း, ကာမာဝစရဘုံ ဟူ၍၎င်း,ခေါ်အပ်ပါသနည်း။ ။ဟူမူ။

ကာမေန္တိ ဧတ္ထာတိ ကာမော။ ကာမီယတီတိ ဝါ ကာမော။

ဧတ္ထ၊ဤဘုံ၌။ သတ္တာ၊သတ္တဝါတို့သည်။ ကာမေန္တိ၊ အလိုရှိတတ်ကုန်၏။ ဣတိတသ္မာ၊ ထိုသို့အလိုရှိရာဖြစ်သော သတ္တိကြောင့်။ ကာမော၊ ကာမဘုံမည်၏။ ။ဝါ-တနည်းကား။ ။ကာမီယတိ၊အလိုရှိအပ်၏။ ဣတိတသ္မာ၊ ထိုသို့အလိုရှိအပ်သော သတ္တိကြောင့်။ကာမော၊ကာမဘုံမည်၏။ ။ဝိဂြိုဟ်အရ····အလိုရှိရာ ဖြစ်သောကြောင့်၎င်း, အလိုရှိအပ်သောကြောင့်၎င်း, ကာမဘုံမည်၏။

ဤသို့ဆိုသော် ကာမသုဂတိ ၇-ဘုံသည်ကား အလိုရှိအပ်သော ဣဋ္ဌာရုံ သုခဘုံမျိုးဖြစ်၍ ကာမ မည်သင့်ပါ၏။ အပါယ်ဘုံကား၊ အနိဋ္ဌာရုံ ဒုက္ခဘုံမျိုးဖြစ်၍ အသို့လျှင် ကာမ မည်သင့်ပါသနည်း ဟူငြားအံ့။ အပါယ်လေးဘုံသည် ဒုက္ခဘုံမျိုးဖြစ်၍ တပါးဘုံသားတို့က အလိုမရှိအပ်သည် မှန်၏။ သို့သော် သတ္တဝါတို့မည်သည် မိမိဖြစ်ရာဘုံ၌ မိမိနှစ်သက်မြဲဖြစ်၍ အပါယ်ဘုံသား တို့သည်ကား ဘဝနိကန္တိ လောဘဇောဖြင့် အလိုရှိအပ်သောကြောင့် ကာမဘုံမည်ည်၏ ဟု မှတ်။

ကာမော အဝစရတိ ဧတ္ထာတိ ကာမာဝစရော။

ဧတ္ထ၊ဤ ၁၁-ဘုံ၌။ကာမော၊ ကာမတဏှာသည်။ အဝစရတိ၊ အာရုံပြုသောအားဖြင့် ကျင်လည်တတ်, ဖြစ်တတ်၏။ ဣတိတသ္မာ၊ ထိုသို့ကာမတဏှာ၏ ကျင်လည်ရာဖြစ်သော သတ္တိကြောင့်။ ကာမာဝစရော၊ကာမာဝစရမည်၏။ ။"ကာမာဝစရောဝ ဘူမိ ကာမာဝစရဘူမိ"။

ကာမာဝစရော ဝေ၊ကာမာဝစရသည်ပင်လျှင်။ ဘူမိ၊ဘုံတည်း။ ကာမာဝစရဘူမိ၊ကာမာဝစရဘုံ။

တနည်း။ ။"ကာမာဝစရာနံ ဘူမိ ကာမာဝစရဘူမိ"။

ကာမာဝစရာနံ၊ကာမာဝစရပုဂ္ဂိုလ်တို့၏။ ဘူမိ၊နေရာဘုံသည်၊ ကာမာဝစရဘူမိ၊ ကာမာဝစရဘုံမည်၏။ ဝိဂြိုဟ်အရ····ကာမတဏှာ၏ အာရုံပြုရာ ဘုံဖြစ်သောကြောင့်၎င်း, ကာမာပစရ ဘုံသားတို့၏ နေရာဌာန ဖြစ်သောကြောင့်၎င်း ကာမာဝစရဘုံမည်၏။ ။ဟူလို။

ကာမာဝစရဘုံ အဘွင့်ပြီး၏။

## ပဌမစျာန် ဘုံခဏ်း

၇။ ။ဗြဟ္မပါရိသဇ္ဇာ၊ ဗြဟ္မပုရောဟိတာ၊ မဟာဗြဟ္မာစေတိ ပဌမစျာနဘူမိ။

သင်္ဂြိုဟ်ပါဌ်။

ဗြဟ္မာဘုံသည်။ ။၁-ဗြဟ္မပါရိသဇ္ဇာဘုံ ၂-ဗြဟ္မပုရောဟိတာဘုံ။ ၃-မဟာဗြဟ္မာဘုံ-ဟူ၍ ပဌမစျာန် သုံးဘုံရှိ၏။ ။ဟူလို။

ဤကား ပိဏ္ဍတ္ထ။

---

## ဗြဟ္မာ အဓိပ္ပါယ်

ဤ၌“ဗြဟ္မ”၏ အရ အဓိပ္ပါယ် အကျယ်ကို ဤသို့သိ။
တေဟိ တေဟိ ဈာနာဒီဟိ ဂုဏဝိသေသေဟိ
ဗြူဟိတာ ပရိဝုဍ္ဎိတာတိ ဗြဟ္မာနော။

ယေ ဒေဝါ၊ အကြင်နတ်တို့သည်။ ဈာနာဒီဟိ၊ ဈာန်အစရှိကုန်သော။ ဂုဏဝိသေသေဟိ၊ထိုထိုသို့သော ဂုဏ်ထူးတို့ဖြင့်။ ဗြူဟိတာ-ပရိဝုဍ္ဎိတာ၊ ပွါးကုန်၏။ဣတိတသ္မာ၊ထို့ကြောင့်။တေ ဒေဝါ၊ထိုနတ်တို့သည်။ဗြဟ္မာနော၊ ဗြဟ္မာ မည်ကုန်၏။

ဝိဂြိုဟ်အရ····နတ်ပြည်ခြောက်ထပ်၌ နေကုန်သော နတ်တို့ကား ဈာန်စသော ဂုဏ်ထူးမရမရှိ၊ဂုဏ်အားဖြင့် ယုတ်နိမ့်ကုန်၏။ အထက်ဗြဟ္မာဘုံ၌ တည်နေသော နတ်တို့သည်သာ ဈာန်ရသော ဈာန်လာဘီ ပုဂ္ဂိုလ်ချည်းသာ ဖြစ်ကြ၍ ဈာန်စသော ဂုဏ်ထူးဖြင့် ကြီးပွါးကြသောကြောင့် ဗြဟ္မာမည်ကုန်၏။ ။ဈာနာဒီဟိ-အရ....တိုးပွါးဟူသည် ရတနာ ရွှေ,ငွေ,တို့ဖြင့် တိုးပွါးသည်မဟုတ်ဈာန်စသည်ဖြင့်တိုးပွါးသည်ဆိုလို၏။ဥပမာ....လောက၌ ဥစ္စာ,ရွှေ,ငွေ,ရတနာတို့ဖြင့် သူတပါးထက်တိုးပွါးများမြောင်သောသူကို သူဌေးဟု ဆိုရဘိသကဲ့သို့ ထိုအတူ နတ်ပြည်၌လည်း ဈာန်စသော ဂုဏ်အားဖြင့် ထူးကဲသာလွန် ကြီးကျယ်သောသူ ဖြစ်၍ နတ်သူဌေးကြီးကို ဗြဟ္မာ ဟု ဆိုလိုသည်။

ထိုဗြဟ္မာသည် ရူပဗြဟ္မာ,အရူပဗြဟ္မာ-ဟူ၍ ၂-မျိုးရှိ၏။ ထို ၂-မျိုးတို့တွင် ရူပဗြဟ္မာသည်လည်း ပဌမစျာန်ဗြဟ္မာ, ဒုတိယစျာန်ဗြဟ္မာ, တတိယစျာန်ဗြဟ္မာ,စတုတ္ထစျာန်ဗြဟ္မာ-ဟူ၍ ၄-ဆင့် ၄-မျိုးရှိ၏။ထိုလေးမျိုးသော ဗြဟ္မာတို့၏ နေရာဘုံသည်လည်း ပဌမစျာန်ဘုံ စသော အားဖြင့် ၄-မျိုးပင် ပြားလေ၏။ထိုတွင် ပဌမစျာန်ဘုံဟူသည်မှာ ဗြဟ္မပါရိသဇ္ဇာဘုံ, ဗြဟ္မပုရောဟိတဘုံ,မဟာဗြဟ္မာဘုံဟူ၍ ၃-ပါး ရှိ၏။

## ဗြဟ္မပါရိသဇ္ဇာဘုံ အဓိပ္ပါယ်

ထိုသုံးဘုံတို့တွင် ဗြဟ္မပါရိသဇ္ဇာဘုံ ဟူသည်မှာ—

ပရိသတိ ဘဝါတိ ပါရိသဇ္ဇာ။

ပရိသတိ၊ပရိသတ်အရာ၌။ ဘဝါ၊ဖြစ်ကုန်သည်တည်း။ ဣတိ တသ္မာ၊ ထို့ကြောင့်။ပါရိသဇ္ဇာ၊ပါရိသဇ္ဇ မည်ကုန်၏။

မဟာဗြဟ္မာနံ ပါရိသဇ္ဇာ ဗြဟ္မပါရိသဇ္ဇာ။

(မဟာဗြဟ္မပါရိသဇ္ဇ-ဟု ဆိုလိုလျက် မဟာ-သဒ္ဒါကို ချေ၍ ဗြဟ္မပါရိသဇ္ဇ-ဟု ဆိုလေသတည်း။

မဟာဗြဟ္မာနံ၊ ဗြဟ္မာမင်းကြီးတို့၏။ပါရိသဇ္ဇာ၊ပရိသတ် အရာ၌ တည်သော ဗြဟ္မာတို့တည်း။ဣတိတသ္မာ၊ထို့ကြောင့်။ ဗြဟ္မပါရိသဇ္ဇာ၊ ဗြဟ္မပါရိသဇ္ဇမည်ကုန်၏။ ။ဝိဂြိုဟ်အရ····မဟာဗြဟ္မာ မင်းကြီး၏ ကျေးကျွန် အစေအပါး အလုပ်အကျွေး ဖြစ်ကုန်သော ဗြဟ္မာငယ်တို့သည် ဗြဟ္မပါရိသဇ္ဇ မည်ကုန်၏။ ။ဟူလို။

ဗြဟ္မပါရိသဇ္ဇာနံ နိဝါသာတိ ဗြဟ္မပါရိသဇ္ဇာ။

ဗြဟ္မပါရိသဇ္ဇာနံ၊ ဗြဟ္မပါရိသဇ္ဇမည်သော ဗြဟ္မာငယ်တို့၏။ နိဝါသာ၊ နေရာဖြစ်သော ဘုံတည်း။ ဣတိတသ္မာ၊ထို့ကြောင့်။ ဗြဟ္မပါရိသဇ္ဇာ၊ ဗြဟ္မပါရိသဇ္ဇာဘုံ မည်၏။ ။ဝိဂြိုဟ်အရ····ဗြဟ္မပါရိသဇ္ဇ မည်သော အလုပ်အကျွေး ဗြဟ္မာငယ်တို့၏ ဖြစ်ရာ,နေရာဖြစ်သော ဘုံသည် ဗြဟ္မပါရိသဇ္ဇာဘုံမည်၏။ ။ဟူလို။

## ၂-ဗြဟ္မပုရောဟိတဘုံ အဓိပ္ပါယ်

ပုရေ ဥစ္စေ ဌာနေ ဌိတဒဟန္တိ တိဋ္ဌန္တီတိ ပုရောဟိတာ။

ပုရေ ဥစ္စေ ဌာနေ၊ ရှေ့ကျ၍ မြင့်မြတ်သောနေရာ၌။ ဌိတဒဟန္တိ-တိဋ္ဌန္တိ၊ တည်တတ်ကုန်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ ပုရောဟိတာ၊ ပုရောဟိတ်မည်ကုန်၏။

မဟာဗြဟ္မာနံ ပုရောဟိတာ ဗြဟ္မပုရောဟိတာ။

မဟာဗြဟ္မာနံ၊ မဟာဗြဟ္မာမင်းကြီးတို့၏။ ပုရောဟိတာ၊ ပုရောဟိတ်တို့တည်း။ ဣတိတသ္မာ၊ ထို့ကြောင့်။ ဗြဟ္မပုရောဟိတာ၊ ဗြဟ္မပုရောဟိတမည်ကုန်၏။ ။မဟာဗြဟ္မာမင်းကြီးတို့၏ မှူးကြီး,မတ်ကြီးသဘွယ် ပုရောဟိတ်ကြီးတို့ပမာ ဖြစ်ကုန်သော အလတ်ဖြစ်သော ဗြဟ္မာတို့သည် ဗြဟ္မပုရောဟိတဗြဟ္မာ မည်ကုန်၏။ ။ဟူလို။

ဗြဟ္မပုရောဟိတာနံ နိဝါသာတိ ဗြဟ္မပုရောဟိတာ။

ဗြဟ္မပုရောဟိတာနံ၊ ဗြဟ္မပုရောဟိတ မည်ကုန်သော အလတ်ဖြစ်သော ဗြဟ္မာတို့၏။ နိဝါသာ၊ဖြစ်ရာ,နေရာဖြစ်သော ဘုံတည်း။ဣတိ၊ကြောင့်၊ဗြဟ္မပုရောဟိတာ၊ ဗြဟ္မပုရောဟိတ ဘုံမည်၏။ ။အဓိပ္ပါယ်ကား····မှူးကြီး, မတ်ကြီး,ပုရောဟိတ်ပုဏ္ဏားသဘွယ် ဖြစ်ကုန်သော အလတ်ဖြစ်သော ဗြဟ္မာတို့၏ နေရာ,ဖြစ်ရာဖြစ်သောဘုံသည်ဗြဟ္မပုရောဟိတဘုံ မည်၏။ ။ဟူလို။

## ၃-မဟာဗြဟ္မာဘုံ အဓိပ္ပါယ်

မဟန္တော ဗြဟ္မာနောတိ မဟာဗြဟ္မာနော။

မဟန္တော၊ မြင့်မြတ်ကြီးကျယ်ကုန်သော။ ဗြဟ္မနော၊ ဗြဟ္မာတို့တည်း။ ဣတိတသ္မာ၊ထို့ကြောင့်။ မဟာဗြဟ္မာနော၊ မဟာဗြဟ္မာမည်ကုန်၏။ ။ဗြဟ္မပါရိသဇ္ဇာ,ဗြဟ္မပုရောဟိတာ ဗြဟ္မာတို့ထက် ရှည်သော အသက်,ထူးကဲသာလွန်သော အဆင်း အရောင် အဝါ စည်းစိမ် ချမ်းသာ တန်ခိုးဣဒ္ဓိပါဒ် စသည် ကြီးကျယ် မြင့်မြတ်သောကြောင့် မဟာဗြဟ္မာ မည်ကုန်၏။ ။ဟူလို။

မဟာဗြဟ္မာနံ နိဝါသာတိ မဟာဗြဟ္မာ။

မဟာဗြဟ္မာနံ၊ ဗြဟ္မာမင်းကြီးတို့၏။ နိဝါသာ၊ ဖြစ်ရာ,နေရာ ဖြစ်သော ဘုံတည်း။ ဣတိတသ္မာ၊ထို့ကြောင့်။ မဟာဗြဟ္မာ၊မည်၏။ ။ဝိဂ္ဂဟ်အရ····

ဗြဟ္မပါရိသဇ္ဇာ, ဗြဟ္မပုရောဟိတာ, ဗြဟ္မာတို့ထက် အသက်စည်းစိမ် ချမ်းသာ တန်ခိုးဇုဋ္ဌိပါဒ် အရောစသည်တို့၌ ထူးကဲသာလွန်၍ ဗြဟ္မာမင်းကြီး ဖြစ်သော ဗြဟ္မာတို့၏ နေရာဘုံသည် မဟာဗြဟ္မာဘုံမည်။ ။ဟူလို။

## မဟာဗြဟ္မာ အပြား

ထိုမဟာဗြဟ္မာ မင်းကြီးသည်လည်း စကြဝဠာ တထောင် အတွင်း၌ အစိုးရသော သဟဿ မဟာဗြဟ္မာ,စကြဝဠာ နှစ်ထောင်အတွင်း၌ အစိုး ရသော ဒွိသဟဿ မဟာဗြဟ္မာ, စကြာဠာ သုံးထောင် အတွင်း၌ အစိုးရ သော တိသဟဿ မဟာဗြဟ္မာ-ဟူ၍ သင်္ခါရုပပတ္တိသုတ်၌ လာရှိလေ၏။ ဤဆိုအပ်ခဲ့ပြီးသော ပဌမစျာန် ၃-ဘုံရှိ ဗြဟ္မာတို့သည် လူ့ပြည်၌ ရှင်ဘုရင် စသည်နှင့် တူကုန်၏။ ။တူပုံကား....လူ့ပြည်၌ ရှင်ဘုရင်နှင့် မဟာ ဗြဟ္မာတူ၏။ အသီးအသီး ရာထူးရှိကုန်သော မှူးကြီး,မတ်ကြီး စသည် တို့နှင့် ဗြဟ္မာပုရောဟိတ်တဗြဟ္မာတူ၏။ ။မရှိနွမ်းပါးဆင်းရဲသော တိုင်းသူ ပြည်သားများနှင့် ဗြဟ္မာပါရိသဇ္ဇ ဗြဟ္မာ တူလေ၏။

လူ့ပြည်၌ လူတို့သည် ရွာစောင့်, တောစောင့်, နယ်စောင့်, စသော များကို ကိုးကွယ်ကြကုန်၏။ ထိုရွာစောင့်, တောစောင့်, စသော နတ်တို့က လည်း အထက်အထက်ဖြစ်သော နတ်မင်းကြီးများကို ကိုးကွယ်ကြကုန်၏။ ထို့အတူ ဗြဟ္မ၀,ဗြဟ္မာချင်းတို့လည်း အဆင့်ဆင့် ကိုးကွယ်ကြကုန်၏။ ဤ၌ အထက်နတ်ကြီးများနှင့် မဟာဗြဟ္မာမင်းကြီးတူ၏။ရွာစောင့်,တောစောင့်, စသောနတ်တို့နှင့် အလတ်ဖြစ်သော ဗြဟ္မာပုရောဟိတ ဗြဟ္မာတူ၏။ ။ လူများနှင့် အငယ်ဖြစ်သော ဗြဟ္မပါရိသဇ္ဇဗြဟ္မာ တူ၏ ဟုမှတ်။

ထိုသို့ ကိုးကွယ်ကြရာ၌ လူတို့သည် နတ်တို့ကို မမြင်ရသကဲ့သို့ ထို့ အတူ ဗြဟ္မပုရောဟိတ ဗြဟ္မာသည် မဟာဗြဟ္မာမင်းကို မမြင်ရ၊ဗြဟ္မပါရိ သဇ္ဇဗြဟ္မာသည် ဗြဟ္မရောဟိတဗြဟ္မာ, မဟာဗြဟ္မာ တို့ကို မမြင်ရချေ။ ထိုဗြဟ္မာတို့၏ နေရာအရပ်ကိုလည်း မသိကြလေ။ ။သို့သော် လူတို့ကို နတ်တို့သည် ကိုယ်တိုင်ပြသကဲ့သို့ အကြင်အခါ၌ အထက်အထက် ဗြဟ္မာ တို့သည် မြင်နိုင်သော ခန္ဓာကိုယ်ကို ဘန်ဆင်း၍ မိမိတို့အောက် ငယ်သော ဗြဟ္မာတို့အား ပြကြကုန်၏။ ထိုအခါသာလျှင် ဗြဟ္မာငယ်တို့က မြင်ကြ ရကုန်၏။

၇-က။ ။ဟေဋ္ဌိမဟေဋ္ဌိမာ ဟိ ဒေဝါ ဥပရိမဒေဝါနံ
ဩဠာရိကံ ကတွာ မာပိတမေဝ အတ္တဘာဝံ ပဿိတုံ
သက္ကောန္တိ။ ။သုတ်မဟာဝါ အဋ္ဌကထာ။

အောက်အောက်ဖြစ်သော ဗြဟ္မာငယ်တို့၏ ခန္ဓာကိုယ်ကိုကား အထက် အထက်ဖြစ်သော ဗြဟ္မာတို့သည် ပကတိအားဖြင့် မြင်နိုင်ကြကုန်၏။

**ဘုံအကျော ယူဇနာ**

ဤပဋ္ဌမစျာန်သုံးဘုံသည် ပရနိမ္မိတဝသဝတ္တိနတ်ပြည်မှ အမြင့်ယူဇနာ 'ငါးသန်းငါးသိန်းရှစ်ထောင်'ကွာဝေးသော အထက်ကောင်းကင် အပြင်၌ အထူးထူးသော ရတနာ အရောင်တို့ဖြင့် တပြောင်ပြောင် တောက်ပ လျက် တခဲနက် ပျံ့ဖြူးစွာသော ရဘနာအပြင်၌ပဒေသာပင်,ဥယျာဉ်,ရေကန် စသည်တို့ဖြင့် ရှုသာတင့်တယ် အဘွယ်သွယ် လျောက်ပတ်စွာသော ဘုံ နန်းပြသာဒ်တို့ဖြင့် တပြင်တည်း တည်ကြကုန်၏။

၇-ခ။ ။ဣမေ တယောပိ ဇနာ ပဌမဇ္ဈာနဘူမိယံ
ကေတလေ ဝသန္တိ။ ။ဝိဘင်း အဋ္ဌကထာ။
တယောဇနာတိ တယော ဇနသမူဟာ။ ။မူလဋီကာ။

ပဌမစျာန်သုံးဘုံ အဘွင့်ပြီး၏။

---

**ဒုတိယစျာန် ဘုံဇော်**

ဂ။ ။ပရိတ္တာဘာ၊အပ္ပမာဏာဘာ၊အာဘဿရာခေတိ
ဒုတိယဈာနဘူမိ။

သင်္ဂြိုဟ်ပါဌ်။

၁-ပရိတ္တာဘာဘုံ၊ ၂-အပ္ပမာဏာဘာဘုံ၊ ၃-အာဘဿရာဘုံ,ဟူ၍ ဒုတိယစျာန် ၃-ဘုံ ရှိ၏။ ။ဟူလို။

ဤကား ဝိဏ္ဏတ္တ။

---

၇-က။ ။ဟိ၊မှန်၏။ဟေဋ္ဌိမ ဟေဋ္ဌိမာ၊အောက်အောက်ဖြစ်ကုန်သော။ ဒေဝါ၊ဗြဟ္မာတို့ သည်။ဥပရိမဒေဝါနံ၊အထက်အထက်ဖြစ်သောဗြဟ္မာတို့၏။ဝါ၊တို့သည်။ဩဠာရိကံ၊ခန္ဓာကြမ်း ကို။ကတွာ၊ပြု၍။ မာပိတမေဝ၊ဖန်ဆင်းအပ်မှသာလျှင်။အတ္တဘာဝံ၊ ခန္ဓာကိုယ်ကို။ပဿိတုံ၊ မြင်ခြင်းငှါ။သက္ကောန္တိ၊စွမ်းနိုင်ကုန်၏။

## ပရိတ္တာဘာဘုံ အဓိပ္ပါယ်

ဤ ဒုတိယစျာန် သုံးဘုံ၏ အဓိပ္ပါယ် အကျယ်ကို ဤသို့သိ-
ပရိတ္တာ အာဘာ ဧတေသန္တိ ပရိတ္တာဘာ။

ဧတေသံ၊ထိုဗြဟ္မာတို့အား။ ပရိတ္တာ၊သေးငယ်သော။ အာဘာ၊အရောင်သည်။အတ္ထိ၊ရှိ၏။ဣတိ တသ္မာ၊ထို့ကြောင့်။ပရိတ္တာဘာ၊ ပရိတ္တာဘာ ဗြဟ္မာမည်ကုန်၏။ ။အဓိပ္ပါယ်ကား…. အထက် ဗြဟ္မာတို့ကဲ့သို့ ကိုယ်ရောင်ကိုယ်ဝါ မကြီးကျယ်၍ သေးငယ်သော ကိုယ်ရောင် ကိုယ်ဝါရှိသော ဗြဟ္မာသည် ပရိတ္တာဘာ ဗြဟ္မာမည်၏။ ။သိုလို။

ပရိတ္တာဘာနံ နိဝါသောတိ ပရိတ္တာဘာ။

ပရိတ္တာဘာနံ၊ပရိတ္တာဘာဗြဟ္မာတို့၏။ နိဝါသော၊နေရာ,ဖြစ်ရာဖြစ်သော ဘုံတည်း။ဣတိ တသ္မာ၊ထို့ကြောင့်။ပရိတ္တာဘာ၊ပရိတ္တာဘာဘုံမည်၏။ ။ ဝိဂ္ဂြိုဟ်အရ….ပရိတ္တာဘာ ဗြဟ္မာတို့၏ နေရာဖြစ်သော ဘုံသည် ပရိတ္တာဘာ ဘုံမည်၏။ ။ဟူဟူ။

## အပ္ပမာဏာဘာဘုံ အဓိပ္ပါယ်

အပ္ပမာဏာ အာဘာ ဧတေသန္တိ အပ္ပမာဏာဘာ။

ဧတေသံ၊ထိုဗြဟ္မာတို့အား။ အပ္ပမာဏာ၊ အတိုင်းအရှည် ပမာဏ မရှိသော။အာဘာ၊အရောင်သည်။အတ္ထိ၊ရှိ၏။ဣတိ တသ္မာ၊ထို့ကြောင့်။အပ္ပမာဏာဘာ၊အပ္ပမာဏာဘာ ဗြဟ္မာမည်ကုန်၏။ ။အဓိပ္ပါယ်ကား….အတိုင်းအရှည် ပမာဏမရှိအောင် ကိုယ်ရောင်ကိုယ်ဝါ ထွန်းလင်းသော ဗြဟ္မာသည် အပ္ပမာဏာဘာ ဗြဟ္မာမည်၏။ ။ဟူလို။

အပ္ပမာဏာဘာနံ နိဝါသောတိ အပ္ပမာဏာဘာ။

အပ္ပမာဏာဘာ ဗြဟ္မာတို့၏နေရာဖြစ်သော ဘုံသည်-အပ္ပမာဏာဘာ ဘုံမည်၏။ ။ဟူလို။

---

ရ-ခ။ ။တယောပိ၊သုံးပါးလည်းဖြစ်ကုန်သော။ ဣမေဧနာ၊ ဤဗြဟ္မာအပေါင်းတို့သည်။ ပဌမဈ္ဈာနဘူမိယံ၊ ပဌမစျာန်ဘုံ၌။ ကေတလေ၊ တပြင်တည်းနေရာ၌။ ဝသန္တိ၊စျာန်ဟုန်ရှေ့တို့ဖြင့် တခြောင်ခြောင် တောက်ပပျော်မွေ့လျှ၍ ချမ်းသာစွာ နေကြကုန်၏။

## အာဘဿရာဘုံ အနက်ဖွင့်ပုံ

အာဘာ သရန္တိ နိစ္ဆရန္တိ ဧတေသူတိ အာဘဿရာ။

ဧတေသု၊ ထိုဗြဟ္မာတို့၌။ အာဘာ၊ အရောင်အဝါတို့သည်။သရန္တိ-နိစ္ဆရန္တိ၊ ရှန်းရှန်းစက်စက် များစွာ ထွက်ကြကုန်၏။ ဣတိ တသ္မာ၊ ထိုသို့ အရောင်ထွက်ရာဖြစ်သော သတ္တိကြောင့်။ အာဘဿရာ၊ အာဘဿရာ ဗြဟ္မာမည်ကုန်၏။ ။ညှဉ့်ခင်းဆည်းဆာ၌ ကောင်းစွာ လောင်အစ်သော တန်ဆောင်မှ ပြက်လျက် ထွက်သော မီးလျှံ အရောင်ကဲ့သို့ ထိုထို ကိုယ် အရပ်မှ ပြိုးပြိုးပြက်ပြက် တလက်လက် ထွက်သော အရောင်အဝါရှိသော ဗြဟ္မာသည် အာဘဿရာ ဗြဟ္မာမည်၏။ ။ဟူလို။

အာဘဿရာနံ နိဝါသာတိ အာဘဿရာ။

အာဘဿရာ ဗြဟ္မာတို့၏ နေရာ,ဖြစ်ရာဖြစ်သော ဘုံသည် အာဘဿရာ ဘုံမည်၏။ ။ဟူလို။

### ဘုံ အကွာအဝေး

ဤဒုတိယဈာန်သုံးဘုံသည် ပဌမဈာန်ဘုံမှ ယူဇနာ''ငါးသန်း ငါးသိန်း ရှစ်ထောင်'' ကွာဝေးသော ကောင်းကင် အပြင်ဝယ် ရတနာ အင်းပျဉ်, ဉယျာဉ်,ရေကန်, ဘုံဗိမာန်တို့ဖြင့် ရတနာပန်းဆိုင်း အသွင် တပြင်တည်း တည်လျက် ရှိကုန်၏။

ဤဒုတိယဈာန်သုံးဘုံကွင် စံနေသော ဗြဟ္မာသုံးမျိုးတို့တွင် ပရိတ္တာဘာ ဗြဟ္မာတို့သည် ဗြဟ္မာပါရိသဇ္ဇာ အမျိုးအစား အလုပ်အကျွေး ဖြစ်သော ဗြဟ္မာငယ်မျိုးတို့ပေတည်း။ အပ္ပမာဏာဘာ ဗြဟ္မာတို့သည် ပုရောဟိတ ဗြဟ္မာအလတ်မျိုးတို့ပေတည်း။ အာဘဿရာ ဗြဟ္မာတို့သည်ကား၊ မဟာ ဗြဟ္မာမျိုးတို့ပေတည်း။

၈-က။ ။ဗြဟ္မပါရိသဇ္ဇာဒယော တယော ဗြဟ္မာနော ပဌမပညာသ
သတသဟဿ အဋ္ဌသဟဿ ယောဇနေ သမတလေ
ပဌမဘူမိဋ္ဌာနေ တိဋ္ဌန္တိ။ ဧဝံ ဒုတိယ,တတိယဘူမိက

ဗြဟ္မာနေ့ာပိ တံတံ ပမာဏေသု သမတလေသု ဒုတိယ,
တတိယဘူမိသု တိဋ္ဌန္တိ။ ။သခ်ေပဝဏ္ဏနာ ဋီကာပါဌ်။
ဋ္ဌမေပိ တယောဇနာ ဒုတိယဇ္ဈာနဘူမိယံ ကေတလေ ဝသန္တိ။

ဝိဘင်း အဋ္ဌကထာ။

ဒုတိယဈျာန်ဘုံ အဘွင့်ပြီး၏။

---

**တဘိယဈျာန် ဘုံးဏ်း**

၃။ ။ပရိတ္တသုဘာ၊အပ္ပမာဏာသုဘာ၊သုဘာကိဏှာစေတိ
တတိယဈျာနဘူမိ။

သင်္ဂြိုဟ်ပါဌ်။

၁-ပရိတ္တသုဘာဘုံ၊ ၂-အပ္ပမာဏသုဘာဘုံ၊ ၃-သုဘကိဏှာဘုံ-ဟူ၍
တတိယဈျာန်ဘုံသည် သုံးဘုံရှိ၏။ ။ဟူလို။

ဤကား ဝိဂ္ဂဟတ္ထ။

---

**ပရိတ္တသုဘာဘုံ အဓိပ္ပါယ်**

ပရိတ္တာ သုဘာ ဧတေသန္တိ ပရိတ္တသုဘာ။

ဧတေသံ၊ ထိုဗြဟ္မာတို့အား။ ပရိတ္တာ၊သေးငယ်သော။သုဘာ၊မကွဲမပြား တသားတည်း ငြိမ်သက်သော အရောင်သည်။ အတ္ထိ၊ရှိ၏။ဣတိ တသ္မာ၊ ထို့ကြောင့်။ ပရိတ္တသုဘာ၊ပရိတ္တသုဘာ ဗြဟ္မာမည်၏။ ။ဝိဂြိုဟ်အရ···· အထက်ဖြစ်သော ဗြဟ္မာတို့အောက် နဲသော တခဲနက် မကွဲမပြား တသား တည်း ငြိမ်သက်သော အရောင်အဝါရှိသော ဗြဟ္မာသည် ပရိတ္တသုဘာ ဗြဟ္မာမည်၏။

---

၈-က။ ။ဗြဟ္မပါရိသဇ္ဇာဒယော၊ဗြဟ္မပါရိသဇ္ဇာ အစရှိကုန်သော။ တယော ဗြဟ္မာနော၊ ပဌမဈျာန် ဗြဟ္မာသုံးမျိုးတို့သည်၊ပဌမပညာသသတသဟာသအဋ္ဌသဟသယောဇနာ၊ ယူဇနာ ၅-သန်း ၄-သိန်း ၅ စ်ထောင်ကွာခြားသော။ သမတလေ၊ တပြင်တည်းဖြစ်သော။ ပဌမဘူမိ ဋ္ဌာနေ၊ပဌမဈျာန်ဘုံ၌။တိဋ္ဌန္တိ၊တည်ကုန်၏။ ဧဝံ၊ဤပဌမဈျာန်သုံးဘုံအတူ။ဒုတိယ,တတိယဘူ မိက ဗြဟ္မာနောပိ၊ ဒုတိယသုံးဘုံ၌နေကုန်သောဗြဟ္မာ။ တတိယသုံးဘုံ၌နေကုန်သောဗြဟ္မာတို့ သည်လည်း။ တံတံ ပမာဏေသု၊ ထိုထိုပဌမဈျာန်ဘုံ ယူဇနာအကွာပမာဏရှိကုန်သော၊ သမ တလေသု၊တပြင်တည်းဖြစ်ကုန်သော။ ဒုတိယ-တတိယဘူမိသု၊ ဒုတိယဈျာန်သုံးဘုံ၊ တတိယ ဈျာန် သုံးဘုံတို့၌။တိဋ္ဌန္တိ၊တည်ကုန်၏။

ပရိတ္တသုဘာနံ နိဝါသာတိ ပရိတ္တသုဘာ။

ဝိဂ္ဂြိုဟ်အရ….ၡင်း ပရိတ္တသုဘာပြဟ္မာတို့၏ နေရာဖြစ်သော ဘုံသည် ပရိတ္တသုဘာ ပြဟ္မာဘုံမည်၏။ ။ဟူလို။

## အပ္ပမာဏသုဘာဘုံ အဓိပ္ပါယ်

အပ္ပမာဏာ သုဘာ ဧတေသန္တိ အပ္ပမာဏသုဘာ။

ဧတေသံ၊ ထိုပြဟ္မာတို့အား။ အပ္ပမာဏာ၊ အတိုင်းအရှည် ပမာဏ မရှိသော။ သုဘာ၊ မကွဲမပြား တသားတည်း ငြိမ်သက်သော အရောင်သည်။ အတ္ထိ၊ရှိ၏။ဣတိ တသ္မာ၊ထို့ကြောင့်။ အပ္ပမာဏသုဘာ၊ အပ္ပမာဏသုဘာ ပြဟ္မာမည်ကုန်၏။ ။ဝိဂ္ဂြိုဟ်အရ….အတိုင်းမသိအောင် ကြီးကျယ်များမြတ်သော မကွဲမပြား တသားတည်း ငြိမ်သက်တည်ကြည်သော အရောင်အဝါရှိသော ပြဟ္မာသည် အပ္ပမာဏသုဘာ ပြဟ္မာမည်၏။ ။ဟူလို။

အပ္ပမာဏသုဘာနံ နိဝါသာတိ အပ္ပမာဏသုဘာ။

ဝိဂ္ဂြိုဟ်အရ….အပ္ပမာဏပြဟ္မာတို့၏ နေရာ,ဖြစ်ရာဖြစ်သော ဘုံသည် အပ္ပမာဏသုဘာ ဘုံမည်၏။ ။ဟူလို။

## သုဘကိဏ္ဍာဘုံ အဓိပ္ပါယ်

သုဘာဟိ အာကိဏ္ဏာတိ သုဘကိဏှာ။

သုဘာဟိ၊မကွဲမပြား တသားတည်း ငြိမ်သက်သော အရောင်တို့ဖြင့်။ အာကိဏ္ဏာ၊ ပြွမ်းသောပြဟ္မာတို့တည်း။ ဣတိတသ္မာ၊ ထို့ကြောင့်။ သုဘာကိဏှာ၊သုဘကိဏှာ မည်ကုန်၏။

ဝိဂ္ဂြိုဟ်အရ….ထိုထိုအရပ်တို့မှ ထွက်လျက် တခဲနက် စုဝေး၍ ကျသော ဥက္ကာရောင်တို့ဖြင့် တောက်လောင်ရောယှက်ဘိသကဲ့သို့ ထိုထို ကိုယ်အရပ်တို့မှ ထွက်လျက် တခဲနက် စုဝေးရောယှက်သော အရောင်တို့ပြင့် တပြောင်ပြောင် ထွန်းပသော ပြဟ္မာသည် သုဘတိဏှာ ပြဟ္မာမည်၏။

တနည်း။ ။နှစလိုစဘွယ် လွန်တင့်တယ်သော တခဲနက်သော ကိုယ်ရောင်ဖြင့် ရွှေသေတ္တာအပြင်၌ တင်ထားအပ်သော နေရောင်,လရောင်မကအလွန်တောက်ပသော နာရဂျီ ရွှေတုံးကဲ့သို့ တခဲနက် စုဝေးရောယှက်သော အရောင်တို့ဖြင့် တပြောင်ပြောင် ထွန်းပသော ပြဟ္မာသည် သုဘကိဏှာ ပြဟ္မာမည်၏။ ။ဟူလို။

သုဘကိဏှာနံ နိဝါသာတိ သုဘကိဏှာ။

ဝိဂြိုဟ်အရ····သုဘကိဏှ ဗြဟ္မာတို့၏နေရာ,ဖြစ်ရာဖြစ်သော ဘုံသည် သုဘကိဏှ ဘုံမည်၏။ ။ဟူလို

**ဘုံအကျဉ်းအဝေး**

ဤတတိယစျာန် သုံးဘုံတို့သည် ဒုတိယစျာန်ဘုံမှ အထက် ယူဇနာ ငါးသန်းငါးသိန်းရှစ်ထောင်, ကွာခြားသော ကောင်းကင်အရပ်၌ ရတနာ အင်းပျဉ်,ဥယျာဉ်,ရေကန် ဘုံဗိမာန်တို့ဖြင့် ရတနာပန်းဆိုင်းအသွင် တပြင်တည်း တည်လျက်ရှိကုန်၏။

**မှတ်ချက်**။ ။ဤ သုဘကိဏ္ဏပုဒ်သည် အချို့စာတို့၌ သုဘကိဏ္ဏာ-ဟုရှိ၏။သဂြိုဟ်ကျမ်း၌ကား-သုဘကိဏှာ-ဟုရှိ၏။ ။သင့်သည် ချည်း-ဟုမှတ်။ ။သုဘကိဏှာ ဟူသော ပါဠိ၌ သုဘပုဒ်,အာကိဏ္ဏာ်-ပုဒ်ရင်းဖြစ်၍ သုဘ-နှင့် အာကိဏ္ဏ-ပုဒ် စပ်လိုက်သော် သုဘာကိဏ္ဏာ-ဟုသာဖြစ်သင့်၏။ဤသို့သော်အာ·ကိဏ္ဏာ ၌အာကို အ-ရဿပြု၍၊ သံယုဂ်-ဏ္ဏ-နှစ်လုံးတွင် အဆုံးဖြစ်သော-ဏ-ကို ဟ-ပြု၍ ဏ-သို့ ကပ်လျက် သုဘကိဏှာ-ဟု ရပ်ပြီးသည်ဟု မှတ်လေ။ သို့ဖြစ်၍ သုဘာကိဏ္ဏာ-ကား ပုဒ်ရင်း၊ သုဘကိဏှာကား ကာရိယအထူးဖြင့် စီရင်အပ်သော ပုဒ်ဟု မှတ်။ သို့သော် ပါဠိတော် အဋ္ဌကထာများ၌ သုဘကိဏှာ ဟုရှိကြ၏။

သုဘေန ဩကိဏ္ဏာ ဝိကိဏ္ဏာ သုဘေန သရီရပ္ပဘာဝဏ္ဏေန ဧကဂ္ဃနာ သုဝဏ္ဏမဉ္ဇူသာယ ဌပိတသမ္ပဇ္ဇလိတကဉ္စန ဗိမ္ဗ သဿိရိကာတိ သုဘကိဏှာ။ ။ဝိဘင်းအဋ္ဌ ကထာ။

တတ္ထ ပန သောဘဏပ္ပဘာယ ကိဏ္ဏာ သုဘာကိဏ္ဏာတိ ဝတ္တဗ္ဗေ အာကာရဿ ရဿတ္တံ အန္တိမဏကာရဿ ဟကာရဉ္စ ကတွာ သုဘကိဏှာတိ ဝုတ္တာ။ ။မူလဋီကာ။

သုဘာတိ ဧကဃနာ အစလာ သရီရာဘာ ဝုစ္စတိ။ ။

ဋီကာကျော်။

တတိယစျာန် သုံးဘုံအဘွင့် ပြီး၏။

## စတုတ္ထဈာန် ဘုံဂါထာ

၁၀။ ။ဝေဟပ္ဖလာ၊ အသညသတ္တာ၊ သုဒ္ဓါဝါသာစေတိ စတုတ္ထ
ဈာနဘူမိတိ ရူပါဝစရဘူမိ သောဠသဝိဓာ ဟောတိ။ ။

သင်္ဂြိုဟ်ပါဠိ။

၁-ဝေဟပ္ဖိုလ်ဘုံ။ ၂-အသညသတ်သုံ။ ၃-သုဒ္ဓါဝါသ ငါးဘုံ-ဟူ၍ စတုတ္ထဈာန်ဘုံသည် ဘုံအမည်အားဖြင့် သုံးဘုံ, ဘုံအရေအတွက် အားဖြင့် ၇-ဘုံရှိ၏။ ဤသို့လျှင် ပဌမဈာန်သုံးဘုံ၊ ဒုတိယဈာန်သုံးဘုံ၊ တတိယဈာန်သုံးဘုံ၊ စတုတ္ထဈာန် ၇-ဘုံ အားဖြင့်ရူပါဝစရဘုံသည် ၁၆-ပါးအပြား ရှိ၏။ ။ဟူလို။

ဤကား ပိဏ္ဍတ္ထ။

---

## ဝေဟပ္ဖိုလ်ဘုံ အဓိပ္ပါယ်

ဝိပုလံ ဖလံ ဧတေသန္တိ ဝေဟပ္ဖလာ။

ဧတေသံ၊ ထိုဗြဟ္မာတို့အား။ ဝိပုလံ၊ ပြန့်ပြော ကြီးကျယ်သော။ ဖလံ၊ အကျိုးသည်။အတ္ထိရှိ၏။ဣတိ၊ကြောင့်။ဝေဟပ္ဖလာ၊မည်ကုန်၏။

**မှတ်ချက်။** ။ဤ-ဝေဟပ္ဖလာ-ဟူသော ပုဒ်သည် ဝိပုလ-ပုဒ် ဖလပုဒ် ဖြစ်၍ ဝိပုလ-ပုဒ်ကို နိရုတ္တိနည်းအားဖြင့် ဝေဟ-ပြု၊ဖ-ကိုအသဒိသ ဒွေဘော် ဆင့်၍ ဝေဟပ္ဖလာ-ဟု ရုပ်ပြီး၏-ဟု မှတ်။

ဝိပုလပ္ဖလာတိဝတ္တဗ္ဗေ နိရုတ္တိနယေန ဝေဟပ္ဖလာတိ ဝုတ္တံ။

မဏိမဉ္ဇူသာဋီကာ။

ဤ၌ "ဝိပုလပ္ဖလ" အရ ပြန့်ပြောသော အကျိုးဟူသည်မှာ ပြန့်ပြော ကြီးကျယ်သော သန္တာသုခ-အကျိုး, ပြန့်ပြောသော အသက် ရှည်ခြင်း အဆင်းနှင့် ပြည့်စုံခြင်းစသော အကျိုးကိုယူ။

ဤသို့ ပြန့်ပြောကြီးကျယ်သော နီဝရဏ စသည်တို့မှ ငြိမ်သက်သော သန္တာသုခ-အကျိုး၊ အခြားသောဘုံတို့ထက် ရှည်လျားသော အသက်,လွန် ကဲသော အဆင်း,စသော အကျိုးနှင့်ပြည့်စုံသော ဗြဟ္မာသည် ဝေဟပ္ဖလာ ဗြဟ္မာမည်၏။ ။ဟူလို။

ထိုစကား ထင်ရှားပြဦးအံ့။ ။ပဉ္စမဈာန်။ ပ။ တတိယ ဈာန်တို့သည် ဝိတက်,ဝိစာရ,ပီတိ, သုခတည်းဟူသော ဆန့်ကျင်ဘက် တရားတို့ ရှိနေသဖြင့် နီဝရဏတို့မှ ငြိမ်သက်၏ဟု ဆိုသော်လည်း ကောင်းစွာမငြိမ်သက်ပေ။ ဤစတုတ္ထဈာန်သည်သာလျှင် ဆိုအပ်ပြီးသော ဝိတက်စသော ဆန့်ကျင်ဘက် တရားများမှ ကင်းရှင်း၍ ဥပေက္ခာ,ဧကဂ္ဂတာဈာနင်၂—ပါးနှင့်သာ ပြည့်စုံခြင်းကြောင့် အလွန် ငြိမ်သက်ရကား၊ ဝိပုလသန္တသုခ ဟု ဆိုအပ်၏။ အသက် အပိုင်းအခြားအားဖြင့်လည်း အောက်ဗြဟ္မာဘုံတို့တွင် အသက်အရှည်ဆုံးသော သုဘကိဏှာဘုံဗြဟ္မာတို့၏ အသက်သည် ၆၄-ကမ္ဘာအသက်ရှည်၏။ ။ဝေဟပ္ဖိုလ်-ဗြဟ္မာ တို့၏အသက်ကား၊ ကမ္ဘာ-ငါးရာတိတိ-ရှည်လေသတည်း။ ဤသို့ အသက်အားဖြင့်လည်း ပြန့်ပြော ရှည်လျားသော အသက်စသည် ရှိကုန်၏-ဟု မှတ်။

ဝေဟပ္ဖလာနံ နိဝါသာတိ ဝေဟပ္ဖလာ။

ဝိပြိုဟ်အရ····ဝေဟပ္ဖိုလ်ဗြဟ္မာတို့၏ နေရာ,တည်ရာ ဖြစ်သောကြောင့် ဝေဟပ္ဖိုလ်ဘုံ မည်၏။ ။ဟူလို။

ဝိပုလဖလာတိ ဝိပုလသန္တသုခါယုဝဏ္ဏာဒိဖလာ။

မူလဋီကာပါဠ်။

ဝိပုလံ ဝုစ္စတိ မဟန္တံ့ သန္တဘာဝေါပိ ဝေဟနိယတာယ မဟန္တမေဝ။ ။အနုဋီကာပါဠ်။

---

## အသညသတ် ဘုံဖော်း

နတ္ထိ သညာ ဧတေသန္တိ အသညာ။
အသညာဝေဟ သတ္တာတိ အသညသတ္တာ။

ဧတေသံ၊ ထိုဗြဟ္မာတို့အား။ သညာ၊ သညာက္ခန္ဓာနှင့် တကွသော နာမက္ခန္ဓာလေးပါးတို့သည်။ နတ္ထိ၊ မရှိကုန်။ ဣတိတသ္မာ၊ ထို့ကြောင့်။ အသညာ အသညာ မည်ကုန်၏။ ။အသညာဝေဝ၊သညာနှင့်တကွ နာမ်ခန္ဓာလေးပါးမရှိခြင်း ပင်လျှင်။ သတ္တာ၊သတ္တဝါတို့တည်း။ ဣတိ တသ္မာ၊ ထို့ကြောင့်။ အသညသတ္တာ၊ အသညသတ္တာ မည်ကုန်၏။

ဝိဂြိုဟ်အရ....သညာကို အစပြု၍ နာမ်ခန္ဓာလေးပါး မရှိသော ရုပ်သက်သက်မျှသာဖြစ်သောပြဟ္မာသည် အသညသတ်ပြဟ္မာမည်၏။ ။ရူပက္ခန္ဓာ တပါးတည်းသာ ရှိသောကြောင့် ဧကဝေါကာရ ပြဟ္မာဟုလည်း ဆို၏။

အသညာ-ဟု ဆိုလျှင် နာမ်တရား မရှိကြောင်း ထင်ရှားပါလျက် အဘယ့်ကြောင့် သတ္တ–သဒ္ဒါကို ဆိုရပါသနည်း ဟူမူ။ ထိုသတ္တသဒ္ဒါဖြင့် နာမ်တရားနှင့် မရောမယှက်၊ ရုပ်တရားသက်သက်သာ ဖြစ်ရကား သတ္တဝါ မဟုတ်ဟူသော မိစ္ဆာဉာဏ် ဖြစ်ရာသောကြောင့်၊ စိတ် ဝိညာဏ် မရှိသော်လည်း သတ္တဝါစင်စစ် ဟုတ်၏ဟု ပြဆိုခြင်းငှါ သတ္တသဒ္ဒါထည့်၍ အသည သတ္တ ဟု ဆိုအပ်ပါသတည်း။

အသညသတ္တာနံ နိဝါသာတိ အသညသတ္တာ။

ဝိဂြိုဟ်အရ····ဧင်းအသညသတ် ပြဟ္မာတို့၏ ဖြစ်ရာ,နေရာ ဖြစ်သော ဘုံသည် အသညသတ် ဘုံမည်၏။

## အသညသတ် ဗြဟ္မာဖြစ်ခြင်း အကြောင်း

အချို့သော သူတို့သည် သာသနာတော်မှအပ တပါးသော အယူအကျင့် ရှိကုန်သော တိတ္ထိတို့ အထံ၌ ဆည်းကပ်ပြီးလျှင် စိတ်ကို အမှီပြု၍ လောဘ ဒေါသ, မောဟ-စသော မကောင်းသော အကုသိုလ်တရားတို့သည် ဖြစ် ပေါ်လာကုန်၏ဟု နာမ်တရား၌ အပြစ်ကိုမြင်ကြ၍ ဝိတ်မဖြစ်ပါမူကောင်း သေစွ၊ထိုသို့ စိတ်မရှိခြင်းသည်ပင် မျက်မှောက်သော ကိုယ်၏ အဖြစ်၌ နိဗ္ဗာန သုခကို ခံစားသည်မည်၏ ဟု အယူရှိကြ၍ ''သညာ ရောဂေါ, သညာ ဂဏ္ဍော,မိစိတ္တံ''။သညာသည် ကျင်နာသော ရောဂါနှင့်တူ၏။ သညာသည် အိုင်းအမာနှင့် တူ၏။ စိတ်သည် စက်ဆုပ်ဘွယ်ရှိ၏ ဟု သညာ၌ တပ်ခြင်း ကင်းခြင်းကို ဖြစ်စေ၍ ထိုအသညသတ် ဘုံသို့ ရောက်စေတတ်သော ပဉ္စမ ဈာန်သမာပတ်ကို ပွါးများစီးဖြန်းခြင်းကြောင့် နာမ်မရှိဘဲ ရုပ်သက်သက် မျှသာဖြစ်သော အသညသတ်ဘုံ၌ ဖြစ်လေသတည်း။

ရှေးဘဝက ထိုင်လျက် ကမ္မဋ္ဌာန်းစီးဖြန်း၍ စုတေခဲ့ပါမူ ထိုင်လျက်သာ အသညသတ်ဘုံ၌ဖြစ်၏။ ရပ်လျက် ကမ္မဋ္ဌာန်း စီးဖြန်းပါမူ ရပ်လျက်သာ အသညသတ်ဘုံ၌ဖြစ်၏။အိပ်လျက်ကမ္မဋ္ဌာန်းစီးဖြန်း၍စုတေခဲ့ပါမူအိပ်လျက် သာ အသညသတ်ဘုံ၌ဖြစ်၏။ အကြင်ဣရိယာပုထ်ဖြင့် ကမ္မဋ္ဌာန်း စီးဖြန်း၍ စုတေ၏။ ယိုဣရိယာပုတ်ဖြင့်သာ ပန်းချီဆေးရေး ရုပ်ပမာ ရုပ်သက်သက်

ကမ္ဘာ့ငါးရာပတ်လုံး အသညသတ်ဘုံ၌ ဖြစ်လေ၏။ စုတေသော အခါ၌ ကား၊ရုပ်ပျောက်၍ မူလပဋိသန္ဓေကို ဖြစ်စေသော နာမ်တရား ဖြစ်သော ကာမာဝစရသညာသည်ဖြစ်ပေါ်လာလေ၏။ထိုသညာဖြစ်ပေါ်လာသည်နှင့် တပြိုင်နက် ထိုအသညသတ် ဖြုတ်ခ္ဂာသည် စုတေလေသတည်း။

တေသံ ဥပပတ္တိခဏေ ဧကော ရူပက္ခန္ဓော ယေဝ နိဗ္ဗတ္တတိ။ ဌတွာ နိဗ္ဗတ္တော ဌိတကောဝ။ပ။ တေသံ ပရိယောသာနေ သော ရူပကာယော အန္တရဓာယတိ။ကာမာဝစရသညာ ဥပ္ပဇ္ဇတိ။

ဝိဘင်း အဋ္ဌကထာ။

ဤဝေဟပ္ဖိုလ်ဘုံနှင့် အသညသတ် နှစ်ဘုံတို့သည် တတိယဈာန် ဘုံမှ "ငါးသန်းငါးသိန်းရှစ်ထောင်" ကွာဝေးသော ကောင်းကင်ပြင်၌ ရတနာ အင်းပျဉ်,ဥယျာဉ်,ရေကန်,ဗိမာန်တို့ဖြင့် ရတနာ ပန်းဆိုင်းအသွင် တပြင်တည်း တည်လျက်ရှိကုန်၏။

---

## သုဒ္ဓါဝါသ ဘုံခန်း

၁၁။ ။အဝိဟာ, အတပ္ပါ, သုဒဿာ, သုဒဿီ, အကနိဋ္ဌာစေတိ သုဒ္ဓါဝါသဘူမိ ပဉ္စဝိဓာ ဟောတိ။

သင်္ဂြိုဟ်ပါဌ်။

သုဒ္ဓါဝါသဘုံသည် အဝိဟာဘုံ၊ အတပ္ပါဘုံ၊သုဒဿာဘုံ။ သုဒဿီဘုံ၊ အကနိဋ္ဌဘုံ-ဟူ၍ ငါးပါးအပြား ရှိ၏။ ။ဟူလို။

ဤကား-ဝိဂ္ဂဟတ္ထ။

---

## အဝိဟာဘုံ၏ အဓိပ္ပါယ်

အပ္ပကေန ကာလေန အတ္တနော ဌာနံ န ဝိဇဟန္တီတိ အဝိဟာ။

အပ္ပကေန၊အနည်းငယ်သော။ကာလေန၊ အခါကာလဖြင့်။ဝါ၊၌။အတ္တနော၊မိမိ၏။ဌာနံ၊ နေရာဌာနကို။ န ဝိဇဟန္တိ၊ မစွန့်ကြကုန်။ ဣတိ တသ္မာ၊ ထို့ကြောင့်။ အဝိဟာ၊အဝိဟာ-မည်ကုန်၏။။ ။ဝိဂ္ဂြိုဟ်အရ····အနည်းငယ်သော ကာလအားဖြင့် မိမိနေရာဌာနကို မစွန့်သောကြောင့် အဝိဟာဖြုတ်ခ္ဂာ မည်ကုန်၏။ ။(ဤကား ဋီကာကျော် အလို)။

အတ္တနော သမ္ပတ္တိယာ န ဟာယန္တီတိ အဝိဟာ။

အတ္တနော၊မိမိ၏။ သမ္ပတ္တိယာ၊ အရဟတ္တဖိုလ်စသော စည်းစိမ်ချမ်းသာမှ။ န ဟာယန္တိ၊ မယုတ်လျော့ကုန်။ ဣတိ တသ္မာ၊ ထို့ကြောင့်။ အဝိဟာ၊ အဝိဟာ-မည်ကုန်၏။ ။ဤကား ဝိဘင်း အဋ္ဌကထာ အလို)။

**မှတ်ချက်**။ ။ဋီကာကျော်ဆရာ စသည်တို့၏ အလိုအားဖြင့်၊ ဝိ-ရှေးရှိသော-ဟာ-ဓာတ်,စာဂတ္ထ။ ။အဋ္ဌအထာအလို ဝိ-ရှေးရှိသော ဟာ-ဓာတ် ဟာနျတ္ထ ဝါစကြံ။ သမ္ပတ္တိ-၏ အရကိုလည်း ဋီကာ ဟောင်း ဆရာသည် အရဟတ္တသမ္ပတ္တိယာ-ဟုဘွင့်တော်မူ၏။

အဓိပ္ပါယ်ကား။ ။ထိုအဝိဟာဗြဟ္မာဘုံသို့ ရောက်ပြီးသော အနာဂါမ်ဗြဟ္မာကြီးသည် အရဟတ္တဖိုလ်ကို မရသည်မရှိ။ မုချကေန် ရလတ္တံ့သာ ဖြစ်သောကြောင့် အရဟတ္တဖိုလ် စည်းစိမ်ချမ်းသာနှင့် ပြည့်စုံမှုမှ မရွေ့လျောရကား အဝိဟာမည်၏ ဟု ဆိုလိုသည်။

အဝိဟာနံ နိဝါသာတိ အဝိဟာ။

ဝိဂ္ဂြိုဟ်အရ....အဝိဟာ ဗြဟ္မာတို့၏ နေရာ,ဖြစ်ရာ ဖြစ်သောကြောင့် အဝိဟာ-ဘုံမည်၏။ ။ထိုအဝိဟာဘုံသည် ဝေဟပ္ဖိုလ်ဘုံ အသညသတ်ဘုံအပြင်မှ အထက် ယူဇနာ''ငါးသန်းငါးသိန်းရှစ်ထောင်''ကွာခြားသော ကောင်းကင်အပြင်ဝယ် ရှေးနည်းအတိုင်း တည်ရှိလေ၏။

**အတပ္ပါဘုံ၏ အဓိပ္ပါယ်**

န ကေနစိ တပ္ပန္တီတိ အတပ္ပါ။

ကေနစိ၊တစုံတခုသော အကြောင်းဖြင့်။ န တပ္ပန္တိ၊ မရောင့်ရဲတတ်ကုန်။ ဝါ၊ မပူပန်တတ်ကုန်။ ဣတိ တသ္မာ၊ ထို့ကြောင့်။ အတပ္ပါ၊ အတပ္ပါ-မည်ကုန်၏။ ။ချာန်ချမ်းသာ, ဖိုလ်ချမ်းသာကို ခံစားရသဖြင့် ရောင့်ရဲခြင်းလည်း မရှိ၊ စိတ်၏ ပူလောင်ခြင်းလည်း မရှိသောကြောင့်-အတပ္ပါ ဗြဟ္မာမည်ကုန်၏။ ။ဟူလို။ ။(ဤကား ဋီကာကျော် ဆရာ၏ အလိုတည်း)။

န ကိဥ္စိ သတ္တံ တပ္ပန္တီတိ အတပ္ပါ။

ကိဥ္စိ၊တစုံတယောက်သော။သတ္တံ၊သတ္တဝါကို။န တပ္ပန္တိ၊မပူပန်စေတတ်ကုန်။ ဣတိတသ္မာ၊ထို့ကြောင့်။ အတပ္ပါ၊အတပ္ပါ-မည်ကုန်၏။ ။(ဤကား ဝိဘင်း အဋ္ဌကထာ အလိုတည်း)။

အဘပ္ပါနံ နိဝါသာတိ အတပ္ပါ။

ဝိဂ္ဂြိုဟ်အရ····အတပ္ပါဗြဟ္မာတို့၏ နေရာ,ဖြစ်ရာ ဖြစ်သောကြောင့် အတပ္ပါဘုံမည်၏။ ဟုမှတ်။

ထိုအတပ္ပါဗြဟ္မာဘုံသည်အဝိဟာဗြဟ္မာဘုံမှ အထက်ယူဇနာ''ငါးသန်း ငါးသိန်းရှစ်ထောင်'' ကွာခြားသော ကောင်းကင်းပြင်၌ တည်နေလေ၏။

**သုဒဿာဘုံ အဓိပ္ပါယ်**

သုခေန ဒိဿန္တီတိ သုဒဿာ။

သုခေန၊ချမ်းသာသဖြင့်။ဒိဿန္တိ၊ရှုအပ်ကုန်၏။ဇုတိတသ္မာ၊ထို့ကြောင့်။ သုဒဿာ၊ သုဒဿာ-မည်ကုန်၏။ ။တနည်း။ ။အဋ္ဌကထာအလို။ ။ ''သုန္ဒရာ ဒဿနာ အတိရူပါ ပါသာဒိကာ ဧတေသန္တိ သုဒဿာ''။ ။ ဧတေသံ၊ တို့အား။ သုန္ဒရာ၊ ကောင်းသော။ အတိရူပါ၊ လွန်သောအဆင်း ရှိသော။ ပါသာဒိကာ၊ကြည်လင်စွာသော။ ဒဿနာ၊အဆင်းသည်။ အတ္ထိ၊ ရှိ၏။ဇုတိ တသ္မာ၊ ထို့ကြောင့်။ သုဒဿာ၊ သုဒဿာဗြဟ္မာ-မည်ကုန်၏။

သုဋ္ဌု ပဿန္တီတိ သုဒဿာ။

သုဋ္ဌု၊ကောင်းစွာ။ ဝါ၊အလွန်၊ပဿန္တိ၊ဒိဗ္ဗစက္ခု-စသည်တို့ဖြင့် မြင်ခြင်း ငှါ စွမ်းနိုင်ကုန်၏။ဇုတိတသ္မာ၊ကြောင့်။ သုဒဿာ၊မည်ကုန်၏။ ။(ဤကား ဆရာတို့အလိုတည်း)။

အဓိပ္ပါယ်ကား။ ။ဒိဗ္ဗစက္ခု, ဓမ္မစက္ခု, ပညာစက္ခုတို့နှင့် ပြည့်စုံသည် ဖြစ်၍ ကောင်းစွာ မြင်စွမ်းနိုင်သောကြောင့် သုဒဿာ ဗြဟ္မာမည်ကုန်၏။ ။ ဟူလို။

သုဒဿာနံ နိဝါသာတိ သုဒဿာ။

ဝိဂ္ဂြိုဟ်အရ····သုဒဿာဗြဟ္မာတို့၏ နေရာဖြစ်သောကြောင့် သုဒဿာ ဘုံမည်၏။ ။ထိုသုဒဿာဘုံသည် အတပ္ပါဘုံမှယူဇနာ''ငါးသန်းငါးသိန်း ရှစ်ထောင်''ကွာခြားသော ကောင်းကင် အပြင်၌ တည်လေ၏။

**သုဒဿီဘုံ အဓိပ္ပါယ်**

သုခေန ပဿန္တီတိ သုဒဿီ။

သုခေန၊ ချမ်းသာသဖြင့်။ ပဿန္တိ၊ ရှုတတ်ကုန်၏။ ဇုတိ တသ္မာ၊ ထို့ကြောင့်။ သုဒဿီ၊ သုဒဿီဗြဟ္မာ-မည်ကုန်၏။

သုန္ဒရံ ဒဿနံ ဧတေသန္တိ သုဒဿီ။

ဧတေသံ၊ထိုဗြဟ္မာတို့အား။သုန္ဒရံ၊ကောင်းသော။ဒဿနံ၊အဆင်းသည်။ ဝါ၊အမြင်သည်။ အတ္ထိ၊ရှိ၏။ ဣတိ တသ္မာ၊ထို့ကြောင့်။ သုဒဿီ၊သုဒဿီ ဗြဟ္မာ မည်ကုန်၏။

အဓိပ္ပါယ်ကား။ ။အောက်အောက် ဖြစ်သော ဗြဟ္မာတို့ထက် လွန်ကဲ သော အမြင်-အဆင်းရှိသောကြောင့်-သုဒဿီဗြဟ္မာမည်ကုန်၏။ ။ဟူလို။

သုဒဿီနံ နိဝါသာတိ သုဒဿီ။

ဝိဂ္ဂြိုဟ်အရ····သုဒဿီ ဗြဟ္မာတို့၏ နေရာ, ဖြစ်ရာ ဖြစ်သောကြောင့် သုဒဿီဘုံ မည်၏။

**အကနိဋ္ဌဘုံ အဓိပ္ပါယ်**

နတ္ထိ ကနိဋ္ဌဘာဝေါ ဧတေသန္တိ အကနိဋ္ဌာ။

ဧတေသံ၊ ထိုဗြဟ္မာတို့အား။ ကနိဋ္ဌဘာဝေါ၊ ငယ်သော ကိုယ်၏ အဖြစ် သည်။နတ္ထိ၊မရှိ။ ဣတိ တသ္မာ၊ထို့ကြောင့်။အကနိဋ္ဌာ၊အကနိဋ္ဌ-ဗြဟ္မာမည် ကုန်၏။

အဓိပ္ပါယ်ကား။ ။အလုံးစုံသော ဂုဏ်တို့ဖြင့်၎င်း အလုံးစုံသော စည်းစိမ်ချမ်းသာအားဖြင့်၎င်း ငယ်သည် မရှိ၊ အောက်အောက်သော ဗြဟ္မာ တို့ထက် ကြီးကျယ်သော ဂုဏ်သိမ်ချမ်းသာသုခ ဘဝသမ္ပတ္တိရှိသောကြောင့် အကနိဋ္ဌ ဗြဟ္မာမည်ကုန်၏။ ။ဟူလို။

အကနိဋ္ဌာနံ နိဝါသာတိ အကနိဋ္ဌာ။

ဝိဂ္ဂြိုဟ်အရ····အကနိဋ္ဌဗြဟ္မာတို့၏ နေရာ, ဖြစ်ရာ ဖြစ်သောကြောင့် အကနိဋ္ဌဘုံမည်၏။

၎င်းအကနိဋ္ဌ ဗြဟ္မာဘုံသည် သုဒဿီ ဗြဟ္မာဘုံမှ အထက် ယူဇနာ "ငါးသန်းငါးသိန်းရှစ်ထောင်" ကွာခြားသော ကောင်းကင် ပြင်ဝယ် ရှေးနည်းအတိုင်း တည်ရှိလေသတည်း။

သုဒ္ဓါနံ အနာဂါမိ အရဟန္တာနမေဝ အာဝါသာတိ သုဒ္ဓါဝါသာ။

သုဒ္ဓါနံ၊ စင်ကြယ်ကုန်သော။ အနာဂါမိ,အရဟန္တာနမေဝ၊ အနာဂါမိ ရဟန္တာတို့၏သာလျှင်။အာဝါသာ၊နေရာတို့တည်း။ဣတိတသ္မာ၊ထို့ကြောင့်

သုဒ္ဓါဝါသာ၊သုဒ္ဓါဝါသ-ဘုံမည်ကုန်၏။ ။ဝိဂြိုဟ်အရ····ဤသုဒ္ဓါဝါသ ငါးဘုံသည် ရန္တရင်း ကြမ်းတန်းကုန်သော ကာမရာဂါနုသယ, ပဋိဃာနုသယတို့၏ မရှိရကား လွန်စွာ စင်ကြယ်တော် မူကြသော-အနာဂါမိ ရဟန္တာအရှင်တို့၏ နေရာဖြစ်သောကြောင့် သုဒ္ဓါဝါသဘုံမည်၏ ။ဟူလို။

ရူပါဝစရဘုံအဘွင့် ပြီး၏။

---

## အရူပါဝစရ ဘုံခဏ်း

၁၂။ ။အာကာသာနဉ္စာယတနဘူမိ၊ ဝိညာဏဉ္စာယတန ဘူမိ။ပေ။အရူပဘူမိ စတုဗ္ဗိဓာ ဟောတိ။

သင်္ဂြိုဟ်ပါဌ်။

၁-အာကာသာနဉ္စာယတနဘုံ၊ ၂-ဝိညာဏဉ္စာယတနဘုံ၊၃-အာကိဉ္စညာယတနဘုံ၊ ၄-နေဝသညာနာသညာယတနဘုံဟူ၍ အရူပဘုံသည် ၄-ပါး အပြားရှိ၏။ ။ဟူလို။

ဤကား ဝိဂ္ဂဟ္ထ။

---

### ၁-အာကာသာနဉ္စာယတနဘုံ အဓိပ္ပါယ်

အာကာသာနဉ္စာယတနဿ ဘူမိ အာကာသာနဉ္စာယတနဘူမိ။

အာကာသာနဉ္စာယတနဿ၊ အာကာသာနဉ္စာယတန-ဈာန်၏။ ဘူမိ၊ တည်ရာဘုံတည်း။ ဣတိတသ္မာ၊ထို့ကြောင့်။ အာကာသာနဉ္စာယတနဘူမိ၊ အာကာသာနဉ္စာယတန-ဘုံမည်၏။

ဝိညာဏဉ္စာယတနဿ ဘူမိ ဝိညာဏဉ္စာယတနဘူမိ။

(စသည်ဖြင့် ကြွင်းသော ဘုံတို့ကိုလည်း ဤနည်းအတိုင်း ဝိဂြိုဟ်ပြု)။

အဓိပ္ပါယ်ကား။ ။အာကာသာနဉ္စာယတန ဈာန်ကိုရခြင်းငှါ ရှေးဦး အစ စီးဖြန်းပွါးများအာရုံပြုအပ်သော ကသိုဏ်း ၉-ပါးမှ ခွါ၍ ရအပ်သော ကောင်းကင်ပညတ်သည် အာကာသာနဉ္စာယတန ဈာန်၏ရင်း, ပဋိသန္ဓေ ဖြစ်သော ပဥ္စမဈာန် ဝိပါက်နာမက္ခန္ဓာ၏ရင်း, တည်ရာဖြစ်သောကြောင့် အာကာသာနဉ္စာယတန ဘုံမည်၏။ ။(ဤကား ဌာနဖြစ်သော ဘုံတည်း)။

တနည်း။ ။၎င်း-အာကာသာနဉ္စာယတန ကုသိုလ် ဈာန်စိတ်သည်၎င်း, ပဋိသန္ဓေ ဖြစ်သော အာကာသာနဉ္စာယတန ဝိပါက်စိတ်သည်၎င်း, ၎င်းတို့နှင့် သမ္ပယုတ်ဖြစ်သော တရားတို့၏ မှီရာဖြစ်သောကြောင့် အာကာသာနဉ္စာယတနဘုံမည်၏။ ။(ဤကား အဝတ္ထာ ဘုံတည်း)။ ။အာကာသာနဉ္စာယတနဈာန်ကိုရသော ယောဂီပုဂ္ဂိုလ်သည် စုတေသောအခါ အကနိဋ္ဌဘုံမှ အထက်ယူဇနာ''ငါးသန်း ငါးသိန်း ရှစ်သောင်''ကွာခြားသော ကောင်းကင်အပြင်၌ အာကာသာနဉ္စာယတန ဝိပါက် နာမက္ခန္ဓာလေးပါး သာလျှင် ဖြစ်လေ၏။ ထိုဝိပါက် နာမက္ခန္ဓာလေးပါး၏ ဖြစ်ရာ ဖြစ်သော ထိုကောင်းကင်အရပ်သည်၎င်း, ၎င်းဝိပါက် နာမက္ခန္ဓာသည်၎င်း, အာကာသာနဉ္စာယတနဘုံမည်၏ ဟု မှတ်။

## ဝိညာဏဉ္စာယတန စသောဘုံ အဓိပ္ပါယ်

၂-အာကာသာနဉ္စာယတနဘုံမှ အထက်ယူဇနာ''ငါးသန်း ငါးသိန်း ရှစ်သောင်'' ကွာခြားသော ကောင်းကင်ပြင်၌ ဝိညာဏဉ္စာယတန ဝိပါက် နာမက္ခန္ဓာ လေးပါးသည်၎င်း, ထိုဝိပါက် နာမက္ခန္ဓာ လေးပါး၏ တည်ရာ ကောင်းကင်အရပ်သည်၎င်း ဝိညာဏဉ္စာယတနဘုံမည်၏။

၃-ဝိညာဏဉ္စာယတန ဘုံမှ အထက်ယူဇနာ ''ငါးသန်း ငါးသိန်း ရှစ်သောင်''ကွာခြားသော ကောင်းကင်ပြင်၌ဖြစ်သော အာကိဉ္စညာယတန ဝိပါက်နာမက္ခန္ဓာ လေးပါးသည်၎င်း, ထိုဝိပါက်နာမက္ခန္ဓာ လေးပါး၏ တည်ရာဖြစ်သော အရပ်သည်၎င်း အာကိဉ္စညာယတနဘုံမည်၏။

၄-အာကိဉ္စညာယတနဘုံမှ အထက် ယူဇနာ ''ငါးသန်း ငါးသိန်း ရှစ်သောင်''ကွာခြားသော ကောင်းကင်၌ဖြစ်သော နေဝသညာ နာသညာယတနဝိပါက်နာမက္ခန္ဓာလေးပါးသည်၎င်း, ထိုဝိပါက်နာမက္ခန္ဓာလေးပါး၏ တည်ရာပိုင်းခြားရာ ဖြစ်သော အရပ်သည်၎င်း နေဝသညာ နာသညာယတနဘုံမည်၏။ ဟု မှတ်။

ဤအရူပ လေးဘုံတို့၌ ရုပ်မရှိကောင်းသောကြောင့် ဘုံဗိမာန် ဟူ၍ မရှိကြကုန်။

တတ္ထုပရိ ယထာဝုတ္တယောဇနပ္ပမာဏော အာကာသေ စတဿော အရူပဘူမိယော ဥပရူပရိ တိဋ္ဌန္တိ။ ။အဘိဓမ္မတ္ထ သင်္ဂဟဒီပနီ။

အာကာသာနဉ္စာယတနေ ပဝတ္တာ ပဉ္စမာရုပ္ပဝိပါကဘူတ
စတုက္ခန္ဓာဝေ။တေဟိ ပရိစ္ဆိန္နသြကာသော ဝါ အာကာသာ
နဉ္စာယတနဘူမိ။ဝေံ သေသေသုပိ။　။ဋီကာကျော်။

**ဆောင်ပုဒ်**　။ငါးသန်း ငါးသိန်း၊ ထွက်ကိန်းယူဇနာ၊ရှစ်ထောင်သာ၊
ဗြဟ္မာ ဘုံချင်းခြား။

**ပုစ္ဆာ**　။အောက်အောက်သော ဘုံတို့၌ ဘူမိသဒ္ဒါကို မထည့်ပါဘဲ
ဤ၌သာ ဘူမိသဒ္ဒါကို အဘယ့်ကြောင့် ထည့်ရပါသနည်း
ဟူမူ။ဤအရူပဘုံကား ရူပက္ခန္ဓာမရှိ, ဘုံနန်းပြာသာဒ်လည်း
မရှိ, နာမ်သက်သက်မျှသာ ဖြစ်သောကြောင့် ဘုံမည်
တန်ရာဟူသော မိစ္ဆာဉာဏ်ကို ပယ်ခြင်း အကျိုးငှါဘူမိ
သဒ္ဒါကို ထည့်အပ်ပါသတည်း။

ဤသို့လျှင် ကာမ ၁၁-ဘုံ, ရူပ ၁၆-ဘုံ အရူပ ၄-ဘုံအားဖြင့် ၃၁-ဘုံ
ဖြစ်သတည်း။ ။၎င်းလူ,နတ်,ဗြဟ္မာတို့၏ အသက် အပိုင်းအခြား, အကျင့်
တရားများကို သင်္ဂြိုဟ်ကျမ်း၌ပင် သီးသန့်၍ ပြဆိုထားသဖြင့် ဤ၌ ဘွင့်ဆို
ရေသားခြင်း မပြုအပ်ပါသတည်း။

---

## ဗြဟ္မာဘုံနှင့် စပ်သော မှတ်သားဘွယ် အကြောင်း

အလောင်းတော်ဘုရား သိဒ္ဓတ်မင်းသားအား ပရိက္ခရာရှစ်ပါးကို ဆက်
ကပ်သော ဃဋိကာရဗြဟ္မာကြီးသည် အဘယ်မည်သော ဗြဟ္မာဘုံ၌ စံနေ
ပါသနည်း-ဟူမူ။

သုဒ္ဓါဝါသဗြဟ္မလောကေ ဃဋိကာရော နာမ
မဟာဗြဟ္မာ အဋ္ဌ ပရိက္ခာရေ ဂဟေတွာ
ဗြဟ္မလောကေ ဒွါဒသယောဇနိကံ ဒုဿထူပံ
အကာသိ။

သုဒ္ဓါဝါသဗြဟ္မလောကေ၊ သုဒ္ဓါဝါသမည်သော ဗြဟ္မာဘုံ၌။ဃဋိကာ
ရောနာမ၊ ဃဋိကာရမည်သော။ မဟာဗြဟ္မာ၊ ဗြဟ္မာမင်းကြီးသည်။ အဋ္ဌ
ပရိက္ခာရေ၊ရှစ်ပါးသော ပရိက္ခရာတို့ကို။ဂဟေတွာ၊ယူခဲ့၍။ ဗြဟ္မလောကေ၊
မိမိ၏ စံနေရာ-အကနိဋ္ဌဗြဟ္မာပြည်၌။ ဒွါဒသယောဇနိကံ၊ တဆယ့်နှစ်
ယူဇနာရှိသော။ ဒုဿထူပံ၊ ပုဆိုးစေတီကို။ အကာသိ၊ ပြုပြီ။　ဤ ဗုဒ္ဓဝင်

အဋ္ဌကထာပါဠိအရ ရူပဖြုပ္ပာပြည် အပါအဝင် သုဒ္ဓါဝါသ ငါးဘုံတွင် အထက်ဆုံးဖြစ်သော သုဒ္ဓါဝါသ ဖြုပ္ပာပြည်၌ စံနေသည် ဟု မှတ်။

မြတ်စွာဘုရား တရားဟောစိမ့်သောငှါ တောင်းပန်သော သဟံပတိ ဖြုပ္ပာကြီးသည် အဘယ်ဘုံ၌ စံနေပါသနည်း-ဟူမူ။

> သော ကိရ ကဿပဿ ဘဂဝတော သာသနေ သဟာယကော နာမ ထေရော ပဌမဇ္ဈာနံ နိဗ္ဗတ္တေတွာ ပဌမဇ္ဈာနဘူမိယံ ကပ္ပါယုက ဗြဟ္မာ ဟုတွာ နိဗ္ဗတ္တော။ တတြ နံ သဟံပတိ ဗြဟ္မာတိ သဉ္ဇာနန္တိ။

ကိရ၊ကြားဘူးသည်ကား။ ကဿပဿ ဘဂဝတော၊ ကဿပ မြတ်စွာဘုရား၏။သာသနေ၊သာသနာတော်၌။ သဟာယကောနာမ၊ သဟာယက မည်သော။ သော ထေရော၊ ထိုမထေရ်သည်။ ပဌမဇ္ဈာနံ၊ ပဌမဈာန်ကို။ နိဗ္ဗတ္တေတွာ၊ ဖြစ်စေ၍။ ပဌမဇ္ဈာနဘူမိယံ၊ ပဌမဈာန်ဘုံ၌။ ကပ္ပါယုက ဗြဟ္မာ၊ တကပ်အသက်ရှည်သော ဗြဟ္မာသည်။ ဟုတွာ၊ ဖြစ်၍။ နိဗ္ဗတ္တော၊ ဖြစ်၏။ တတြ၊ထိုပဌမဈာန်ဘုံ၌။နံ၊ထိုဗြဟ္မာကို။ သဟံပတိဗြဟ္မာတိ၊ သဟံပတိ ဗြဟ္မာဟူ၍။ သဉ္ဇာနန္တိ၊ သိကြကုန်၏။ ။ဤ-သဂါထာဝဂ္ဂ သံယုတ် အဋ္ဌကထာ,မူလပဏ္ဏာသ အဋ္ဌကထာပါဠိများအရ ၎င်း-သဟံပတိဗြဟ္မာ ကြီးသည်လူ့ပြည်၌ ကဿပမြတ်စွာဘုရား၏သာသနာတော်၌ သဟာယက မည်သော ရဟန်းဘဝ၌ ပဌမဈာန်ကိုရ၍ စုတေသောအခါ၌လည်း ပဌမ ဈာန်ဘုံ၌ပင် ဖြစ်လေ၏။ ။သုတ္တနိပါတ်၌ကား သုဒ္ဓါဝါသ၌ ဖြစ်သော ဟူ၏။ ။ဆိုစကားကို အဋ္ဌကထာဝါဒ,တမျိုး ဟု မှတ်။

ဗြဟ္မာဘုံ၌ ဈာန်ရသော ပုထုဇဉ်နှင့် ဈာန်ရသော အရိယာများသာ ရောက်နိုင်, ကျင်လည်နိုင်ကြ၏။ထို ၂-ဦးသော ပုဂ္ဂိုလ်တို့ကွင် ဈာန်ရသော ပုထုဇဉ်ပုဂ္ဂိုလ်ကား မိမိရသော ဈာန်အားလျော်စွာ ဗြဟ္မာဘုံသို့ရောက်၍ ကာမဘုံသို့သာပြန်၍ ဆင်းရလေ၏။ဈာန်ရသော အရိယာ ပုဂ္ဂိုလ်များကား ကာမဘုံမှ စုတေ၍ ဗြဟ္မာဘုံသို့ ရောက်သည်ရှိသော် ဘယ်သောအခါမှ အောက်အောက်ဘုံသို့ မကျရောက်လေကုန်။ အထက်အထက် ဖြစ်သော ဗြဟ္မာဘုံသို့သာ တက်၍ ဘုံစဉ်စံခါ ပရိနိဗ္ဗာန် ပြုတော်မူကြလေကုန်၏။ ထိုကြောင့် ထိုသုံးဘုံကို ဘဝဂ်သုံးပါးဟု ဆိုအပ်၏။

## ဘဝဂ်သုံးပါး အဓိပ္ပါယ်

ဘဝဂ်ဟူသော အမည်သည် ဘဝဂ္ဂ-ပုဒ်မှ ဖြစ်လာသော ပါဠိပျက် မြန်မာဝေါဟာရ ဖြစ်သဖြင့် ပုဒ်ကို စိစစ်သည်ရှိသော် ဘဝ အဂ္ဂ ပုဒ် ဖြစ်၍ ဘုံအဆုံးဟူသော အဓိပ္ပါယ်ရ၏။ ၎င်းအဆုံးဖြစ်သော ဘုံသည် ပုထုဇဉ်တို့၏ လားရောက်နိုင်သော အဆုံးဘုံဖြစ်သော ပုထုဇန ဘဝဂ်,အရိယာတို့၏ လားရောက်နိုင်သော အဆုံးဘုံဖြစ်သော အရိယာ ဘဝဂ်,အလုံးစုံသော ဘုံသတ္တဝါတို့၏ အဆုံးဖြစ်သော သဗ္ဗဝဂ်-ဟူ၍ သုံးမျိုးရှိ၏။ထိုသုံးမျိုးတို့တွင် ဝေဟပ္ဖိုလ်ဘုံသည် ပုထုဇန ဘဝဂ်မည်၏။ အကနိဋ္ဌဘုံသည် အရိယာ ဘဝဂ်မည်၏။ နေဝသညာ နာသညာယတနဘုံသည် သဗ္ဗဘဝဂ် မည်၏။ ။ထိုဘဝဂ်သုံးဘုံတို့သို့ ရောက်ပြီးသော အရိယာပုဂ္ဂိုလ်တို့သည် ထိုဘုံတို့မှတပါး ပဋိသန္ဓေအားဖြင့် အခြားဘုံသို့ မပြောင်းရွှေ့ကောင်းပြီ။ ထိုဘုံတို့၌သာလျှင် အရဟတ္တဖိုလ်သို့ ရောက်ကုန်၏။

> ဝေဟာပ္ဖလာ,အကနိဋ္ဌာ,နေဝသညာ နာသညာယတနန္တိ ဣမေ တယော ဒေဝလောကာ သေဋ္ဌဘဝါနာမ။ဣမေသု တီသု ဌာနေသု နိဗ္ဗတ္တာ အနာဂါမိနော နေဝ ဥဒ္ဓံ ဂစ္ဆန္တိ။န အဓော၊တတ္ထ တတ္ထေဝ ပရိနိဗ္ဗာယန္တိ။ ။ဝိဘင်း အဋ္ဌကထာ။
>
> သေဋ္ဌဘဝါနာမာတိ တတော ပရံ အဂမနတော ဥတ္တမဘဝါတိ အဓိပ္ပါယော။တေနေဝ ဘဝသီသာနီတိ ဂဟိတာ။ ။မူလဋီကာ။ ဘဝသီသာနီတိ ဘဝဂ္ဂါနိ ပုထုဇ္ဇနဘဝဂ္ဂံ, အရိယဘဝဂ္ဂံ, သဗ္ဗဘဝဂ္ဂန္တိ ဝေဟပ္ဖလာဒီနံ သမညာ။ ။အနုဋီကာ။
>
> ဝေဟပ္ဖလေ အကနိဋ္ဌေ၊ ဘဝဂ္ဂေ စ ပတိဋ္ဌိတာ။
> န ပုနညတ္တ ဇာယန္တိ၊ သဗ္ဗေ အရိယပုဂ္ဂလာ။
> လက်သန်း အဋ္ဌကထာ။

ဝေဟပ္ဖလာ၊ ဝေဟပ္ဖိုလ်ဘုံရင်း။ အကနိဋ္ဌာ၊ အကနိဋ္ဌဘုံရင်း။ နေဝသညာ နာသညာယတနံ၊ နေဝသညာ နာသညာယတနဘုံရင်း။ဣတိ၊ဤသို့။ တယော၊ သုံးပါးကုန်သော။ ဣမေ ဒေဝလောကာ၊ ဤဗြဟ္မာဘုံတို့သည်။ သေဋ္ဌဘဝါနာမ၊ မြတ်သော ဘုံဘဝမည်ကုန်၏။ တီသု၊ သုံးပါးကုန်သော။ ဣမေသု ဌာနေသု၊ဤဌာနတို့၌။နိဗ္ဗတ္တာ၊ဖြစ်ကုန်သော။အနာဂါမိနော၊အနာဂါမ် ပုဂ္ဂိုလ်တို့သည်။ ဥဒ္ဓံ၊အထက်ဘုံသို့။ နေဝ ဂစ္ဆန္တိ၊မသွားကုန်။ အဓော

အောက်သို့။ န ဂစ္ဆန္တိ၊မလားကုန်။ တတ္ထ တတ္ထေဝ၊ ထိုထို မိမိတို့ဘုံ၌သာလျှင်။ပရိနိဗ္ဗာယန္တိ၊ပရိနိဗ္ဗာန် စံဝင်တော်မူကြကုန်၏။ ။(ဤကား ဝိဘင်း အဋ္ဌကထာအနက်)။

ဝေဟပ္ဖလေ စ၊ ဝေဟပ္ဖိုလ်ဘုံ၌၎င်း။ အကနိဋ္ဌေ စ၊ အကနိဋ္ဌဘုံ၌၎င်း။ ဘဝဂ္ဂေ စ၊နေဝသညာ နာသညာယတနဘုံ၌၎င်း။ ပတိဋ္ဌိတာ၊ တည်ကုန်သော။ဝါ၊ဖြစ်ကုန်သော။သဗ္ဗေ။အလုံးစုံကုန်သော။အရိယပုဂ္ဂလာ၊အရိယာပုဂ္ဂိုလ်တို့သည်။ ပုန၊တဘန်တုံ။။ အညတ္ထ၊ တပါးသော ဘုံ၌။ န ဇာယန္တိ၊ မဖြစ်ကုန်။ ။(ဤကား လက်သန်း အဋ္ဌကထာအနက်)။

မှတ်ချက်။ ။အထက်ပါ သာဓက ၂-ရပ်ဝယ် ဝိဘင်း အဋ္ဌကထာကား အနာဂါမ်ပုဂ္ဂိုလ်ဟုဘွင့်ဆိုတော်မူ၏။လက်သန်းအဋ္ဌကထာဆရာကား အလုံးစုံသော အရိယာပုဂ္ဂိုလ်ဟု မိန့်ဆိုတော်မူ၏။ထိုနှစ်ဝါဒတို့တွင် ဝိဘင်း အဋ္ဌကထာ ဆရာ၏ ဝါဒကား အနာဂါမ်ပုဂ္ဂိုလ်ကို ဥပလက္ခဏာ နည်းအားဖြင့် မိန့်ဆိုသော စကားဖြစ်ရကား ဝါဒနှစ်ပါး တသားတည်း မှတ်အပ်၏။

အထူးအားဖြင့်ဆိုသော် သုဒ္ဓါဝါသငါးဘုံ အရူပလေးဘုံတို့၌ ဖြစ်သော အရိယာ ပုဂ္ဂိုလ်တို့သည် မိမိဖြစ်ရာ ဘုံ၌လည်း အထပ်ထပ် တဘန်ဖြစ်ကောင်း၏။ အထက်အထက်ဖြစ်သော ဗြဟ္မာဘုံ၌လည်း ဖြစ်ကောင်း၏။ ဝေဟပ္ဖိုလ်ဘုံ,အကနိဋ္ဌဘုံ, နေဝသညာ နာသညာယတနဘုံ၌ ဖြစ်ကုန်သော အနာဂါမ် အရိယာဗြဟ္မာတို့သည်ကား အထက်အသက်ဖြစ်သော ဗြဟ္မာ၌လည်း မဖြစ်ကုန်၊ အောက်အောက်သော ဗြဟ္မာဘုံ၌လည်း မဖြစ်ကုန်။ မိမိဘုံ၌သာ အထပ်ထပ် ဖြစ်နိုင်ကုန်၏။ မိမိဖြစ်သော ဘုံ၌သာ ပရိနိဗ္ဗာန် ပြုရလေကုန်သတည်း။ ။ယခုဘွင့်ဆိုအပ်သော ၃၁-ဘုံလောကသည် ဤစကြဝဠာ၌သာ ရှိသည်မဟုတ်။ တပါးသော စကြဝဠာတို့၌လည်း ၃၁-ဘုံရှိ၏ ဟု မှတ်။

သဟဿံ သိနေရုပဗ္ဗတရာဇာနံ,သဟဿံ ဇမ္ဗုဒီပါနံ။ သဟဿံ အပရဂေါယာနံ,သဟဿံ ဥတ္တရကုရူနံ,သဟဿံ ပုဗ္ဗဝိဒေဟာနံ, စတ္တာရိ မဟာသမုဒ္ဒသဟဿာနိ, စတ္တာရိ မဟာရာဇ သဟဿာနိ။ပ။ သဟဿံ ဗြဟ္မလောကာနံ။

တိကနိပါတ် အင်္ဂုတ္တိုရ် ပါဠိတော်။

## သတ္တာဝါသ ဘုံကိုးဝ

ဤဘုံခဏ်းအရာ၌ သတ္တဝါသ ဘုံကိုးဝကိုလည်း သိသင့် သိထိုက်၏။
၁-နာနတ္တကာယ နာနတ္တသညီ၊ ၄-ဧကတ္တကာယ ဧကတ္တသညီ၊
၂-နာနတ္တကာယ ဧကတ္တသညီ၊ ၅-အသညီဘုံ၊
၃-ဧကတ္တကာယ နာနတ္တသညီ၊ ၆-အရူပ ၄-ဘုံ၊

အားဖြင့် သတ္တဝါသ ဘုံကိုးဝဖြစ်၏။ ။သတ္တဝါသ-ဟူသည် သတ္တ အာဝါသ-ပုဒ်ရင်းဖြစ်၍ သတ္တဝါတို့၏ ဖြစ်ရာဌာန ဟု ဆိုလိုသည်။

ကိုယ်ခန္ဓာသဏ္ဌာန်တို့သည် တဦးနှင့်တဦး ထူးခြား ကွဲပြားသည်ကား နာနတ္တကာယမည်၏။ ပဋိသန္ဓေဝိညာဏ်စိတ် ထူးခြား ကွဲပြားသည်ကား နာနတ္တသညီမည်၏။ ကိုယ်ခန္ဓာ သဏ္ဌာန်တို့သည် တဦးနှင့်တဦး တူကြသည်ကား ဧကတ္တကာယမည်၏။ ပဋိသန္ဓေဝိညာဏ် တူမျှကြသည်ကား ဧကတ္တသညီမည်၏။ ။(အရူပ ၄-ဘုံဖြစ်၍ ဘုံကိုးဝဖြစ်သည်)။

၁။ ။ကာမသုဂတိ ၇-ဘုံ၌ရှိသော သတ္တဝါတို့သည် ကိုယ်ခန္ဓာ ပုံပန်းသည် အထူးထူးအထွေထွေ ကွဲပြားကြကုန်၏။ ပဋိသန္ဓေစိတ်လည်း အထူးထူးကွဲပြားကြကုန်၏။ ထိုကြောင့် ကာမသုဂတိ ၇-ဘုံသည် နာနတ္တကာယ နာနတ္တသညီ မည်၏။

၂။ ။အပါယ်လေးဘုံ၌ သတ္တဝါတို့သည် ကိုယ်ခန္ဓာ ပုံသဏ္ဌာန်အားဖြင့် အထူးထူးအထွေထွေ ကွဲပြားကြကုန်၏။ ပဋိသန္ဓေဝိညာဏ်သည်ကား အကုသလဝိပါက် ဥပေက္ခာ သန္တီရဏ တခုသာဖြစ်၍ တူမျှကြကုန်၏။ ပဌမဈာန် ၃-ဘုံ၌ရှိသော ဗြဟ္မာတို့သည်လည်း ကိုယ်ခန္ဓာ ပုံသဏ္ဌာန် အမျိုးမျိုး ရှိကြကုန်၏။ ပဋိသန္ဓေဝိညာဏ်မှုကား ပဌမဈာန် ဝိပါက်တခု မျှသာဖြစ်၍ တူကြကုန်၏။ ။ထို့ကြောင့်-အပါယ်လေးဘုံနှင့် ပဌမဈာန် ၃-ဘုံတို့သည် နာနတ္တကာယ ဧကတ္တသညီ မည်၏။

၃။ ။ဒုတိယဈာန် ၃-ဘုံ၌ရှိသော ဗြဟ္မာ တို့သည် ကိုယ်ခန္ဓာ ပုံသဏ္ဌာန်ကား တူကြကုန်၏။ပဋိသန္ဓေ ဝိညာဏ်စိတ်တို့သည်ကား ဒုတိယ ဈာန်, တတိယဈာန် ဝိပါက်မျိုးဖြစ်ကြ၍ ကွဲပြားကြကုန်၏။ ထို့ကြောင့် ဒုတိယဈာန် ၃-ဘုံသည် ဧကတ္တကာယ နာနတ္တသညီ မည်၏။

၄။ ။တတိယဈာန် ၃-ဘုံ, ဗြဟ္မာတို့သည် ကိုယ်ခန္ဓာ ပုံပန်းလည်း တူကြကုန်၏။စတုတ္ထဈာန် ဝိပါက်တည်းဟူသော ပဋိသန္ဓေ ဝိညာဏ်လည်း

တူကုန်၏။ ။ဝေဟပ္ပိုလ်ဘုံ သုဒ္ဓါဝါသ ၅-ဘုံ, ဗြဟ္မာတို့သည် ကိုယ်သဏ္ဍာန်အားဖြင့်လည်း တူကုန်၏။ ပဉ္စမဈာန် ဝိပါက်တည်းဟူသော ပဋိသန္ဓေ ဝိညာဏ်လည်း တူကုန်၏။ ။ထို့ကြောင့် တတိယဈာန် ၃-ဘုံ၊ အသညသတ်ကြဉ်သော စတုတ္ထဈာန် ၆-ဘုံ၊ ဤ ၉-ဘုံတို့သည် ဧကတ္တကာယ ဧကတ္တသညီ မည်ကုန်၏။

၅။ ။အသညသတ်ဘုံသည် နာမ်မရှိ၍ အသညီဘုံမည်၏။

၆။ ။အရူပ ၄-ဘုံတို့သည်လည်း မိမိတို့ အမည်ရင်းအတိုင်း အာကာသာနဉ္စာယတနဘုံ။ပ။နေဝသညာ နာသညာယတနဘုံမည်၏။

တနည်း။ ။သတ္တဝိညာဏဋ္ဌိတိ ဟု ခေါ်အပ်သော ဝိညာဏ်၏ တည်ရာဘုံသည် ၇-ဘုံသာ ရှိ၏။ ။၇-ဘုံဟူသည်မှာ ယခင် ဧကတ္တကာယ, စသော သတ္တဝါသဘုံ ၉-ပါး အနက် အသညသတ်ဘုံ, နေဝသညာ နာသညာယတန ၂-ဘုံမှတပါး၊ ကြွင်း ၇-ဘုံတို့သာ ဝိညာဏ်တည်လျက် ရှိသောကြောင့် ဝိညာဏဋ္ဌိတိဘုံ ဟု ဆိုအပ်၏။ ။အသညသတ် ဘုံကား ဝိညာဏ်မရှိ၊ နေဝသညာ နာသညာယတန ဘုံမှာလည်း ထင်ရှားသော ဝိညာဏ်မရှိသောကြောင့် ဤဝိညာဏဋ္ဌိတိအရာ၌ နုတ်ရသည်။

---

## ဘုံတို့၏ အကွာအဝေး

အောက်ဘုံခဏ်း၌ ဘုံတို့၏ အကွာအဝေးကို အသီးသီး ဖော်ပြပြီး ဖြစ်သော်လည်း တပေါင်းတည်း မှတ်သားလိုသူတို့အတွက် တပေါင်းတည်း ပြု၍ ဖော်ပြပေအံ့။

၁။ ။ငရဲဘုံတို့သည် တဘုံနှင့်တဘုံ ယူဇနာ '၁၅၀၀၀'စီ ကွာဝေးကုန်၏။ သို့ဖြစ်၍ အောက်ဆုံး အဝီစိငရဲမှ မဟာတာပန ငရဲသို့ယူဇနာ 'တသောင်းငါးထောင်' ကွာခြား၏။ မဟာတာပနငရဲမှ တာပနငရဲသို့ ယူဇနာ'တသောင်းငါးထောင်'စီ။တာပနငရဲမှ မဟာရောရုဝ ငရဲသို့ ယူဇနာ 'တသောင်း ငါးထောင်'။ မဟာရောရုဝငရဲမှ ရောရုဝ ငရဲသို့ ယူဇနာ 'တသောင်ငါးထောင်'။ရောရုဝငရဲမှ သံဃာတငရဲသို့ ယူဇနာ 'တသောင်း ငါးထောင်'။ကာလသုတ်ငရဲမှ သိဉ္ဇိုးငရဲသို့ ယူဇနာ'တသောင်းငါးထောင်' စီ ကွာခြား၏ ဟု မှတ်။ ။ဤကား ငရဲဘုံ၏ အကွာအဝေးတည်း။

သိဒ္ဓိုးငရဲမှ လူ့ဘုံသို့ ယူဇနာ ‘တသောင်းငါးထောင်’ ကွာခြား၏၊ လူ့ဘုံမှ စတုမဟာရာဇ် နတ်ပြည်သို့ ယူဇနာ ‘လေးသောင်းနှစ်ထောင်’ ကွာခြား၏၊ စတုမဟာရာဇ်နတ်ပြည်မှ တာဝတိံသာနတ်ပြည်သို့ ယူဇနာ ထို့အတူ ‘လေးသောင်း နှစ်ထောင်’၊ တာဝတိံသာဘုံမှ ယာမာဘုံသို့ ထို့အတူ ယူဇနာ‘လေးသောင်းနှစ်ထောင်’၊ ယာမာဘုံမှ တုသိတာဘုံသို့ ထို့အတူ ယူဇနာ ‘လေးသောင်းနှစ်ထောင်’၊ တုသိတာဘုံမှ နိမ္မာနရတိဘုံသို့ ထို့အလူ ယူဇနာ ‘လေးသောင်း နှစ်ထောင်’၊ နိမ္မာနရတိဘုံမှ ပရနိမ္မိတဝသဝတ္တိဘုံသို့ ထို့အတူ ယူဇနာ ‘လေးသောင်း နှစ်ထောင်’စီ ကွာခြား၏။ ။ဤကား လူ့ဘုံနတ်ဘုံ၏ အကွာအဝေးတည်း။

အထက် ဗြဟ္မာဘုံများတွင် ပရနိမ္မိတဝသဝတ္တိ နတ်ဘုံမှ အထက် ပဌမ ဈာန် ၃-ဘုံသို့ ယူဇနာ ‘ငါးသန်းငါးသိန်းရှစ်ထောင်’ ကွာခြား၏၊ ပဌမ ဈာန် ၃-ဘုံမှဒုတိယဈာန် ၃-ဘုံသို့ ယူဇနာ‘ငါးသန်းငါးသိန်း ရှစ်ထောင်’ ကွာခြား၏၊ဒုတိယဈာန် ၃-ဘုံမှ တတိယဈာန် ၃-ဘုံသို့ ထို့အတူ ယူဇနာ ‘ငါးသန်းငါးသိန်းရှစ်ထောင်’ ကွာခြား၏၊ တတိယဈာန် ၃-ဘုံမှ စတုတ္ထ ဈာန်ဖြစ်သော ဝေဟပ္ဖိုလ်နှင့် အသညသတ်ဘုံသို့ ယူဇနာ ‘ငါးသန်း ငါးသိန်းရှစ်ထောင်’’ကွာခြား၏။ ။ဝေဟပ္ဖိုလ်ဘုံ,အသညသတ် ဘုံအပြင်မှ အထက် အဝိဟာသုဒ္ဓါဝါသဘုံသို့ ထို့အတူ ယူဇနာ ‘ငါးသန်းငါးသိန်း ရှစ်ထောင်’ ကွာခြား၏ ပ။ သုဒဿီဘုံမှ အထက် အကနိဋ္ဌ သုဒ္ဓါဝါသ ဘုံသို့ ထို့အတူ ယူဇနာ‘ငါးသန်းငါးသိန်းရှစ်ထောင်’ကွာခြား၏ဟု မှတ်။ ။ ဤကား ရူပါဝစရ ဗြဟ္မာဘုံတို့၏ အကွာအဝေးတည်း။

အကနိဋ္ဌသုဒ္ဓါဝါသဘုံမှအထက်အာကာသာနဉ္စာယတနဘုံသို့ယူဇာနာ ‘ငါးသန်းငါးသိန်းရှစ်ထောင်’ ကွာခြား၏၊ အာကာသာနဉ္စာယတနဘုံမှ ဝိညာဏဉ္စာယတနဘုံသို့ ထို့အတူ ယူဇနာ ‘ငါးသန်းငါးသိန်းရှစ်ထောင်’ ကွာခြား၏၊ ဝိညာဏဉ္စာယတနဘုံမှ အာကိဉ္စညာယတနဘုံသို့ ထို့အတူ ယူဇနာ ‘ငါးသန်းငါးသိန်းရှစ်ထောင်’ ကွာခြား၏၊ အာကိဉ္စညာယတန ဘုံမှ နေဝသညာ နာသညာယတနဘုံသို့ ထို့အတူ ယူဇနာ ‘ငါးသန်း ငါးသိန်းရှစ်ထောင်’ ကွာခြား၏ ဟု သိ။ ။ဤကား အရူပ ၄-ဘုံ၏ အကွာ အဝေးတည်း။

ဤဆိုအပ်ပြီးသည်ကား အစိတ်အစိတ်ခွဲခြား၍ ညက်နသူ သောတုဇနတို့ လွယ်လင့်တကူ မှတ်ယူစိမ့်သောငှါ ပြဆိုခြင်းဖြစ်ပေသတည်း။ ပေါင်း၍ ယူဇနာ အကွာအခြားကို ရေတွက်သော်ကား အဝီစိမှ အသုရာပြည်သို့ ယူဇနာ 'တသိန်း နှစ်သောင်း' ကွာခြား၏၊ အသုရာပြည်မှ လူ့ပြည်သို့ ယူဇနာ 'ရှစ်သောင်းလေးထောင်' ကွာခြား၏။

အဝီစိမှ လူ့ပြည်သို့ ယူဇနာ 'နှစ်သိန်းလေးထောင်' ကွာဝေး၏။

အဝီစိမှ ပရနိမ္မိတဝသဝတ္တိ နတ်ပြည်သို့ ယူဇနာ 'လေးသိန်းငါးသောင်း ခြောက်ထောင်' ကွာခြား၏။

အဝီစိမှ နေဝသညာ နာသညာယတနဗြဟ္မာဘုံသို့ ယူဇနာ 'ခုနစ်ကုဋေ နှစ်သန်းခြောက်ထောင်း' ကွာဝေး၏။

လူ့ပြည်မှ ပရနိမ္မိတဝသဝတ္တိ နတ်ပြည်သို့ ယူဇနာ 'နှစ်သိန်းငါးသောင်း နှစ်ထောင်' ကွာဝေး၏။

လူ့ပြည်မှ နေဝသညာ နာသညာယတန ဗြဟ္မာဘုံသို့ ယူဇနာ 'ခုနစ် ကုဋေ တသန်း ရှစ်သိန်း ငါးသောင်းခြောက်ထောင်' ကွာဝေး၏။

ပရနိမ္မိတဝသဝတ္တိနတ်ဘုံမှ နေဝသညာ နာသညာယတန ဗြဟ္မာဘုံသို့ ယူဇနာ 'ခုနစ်ကုဋေ တသန်းခြောက်သိန်းလေးထောင်' ကွာဝေး၏။

## ဝိသုဒ္ဓါရုံ ကဗျာ

ကျေးဇူးတော်ရှင် ပဌမ မဟာဝိသုဒ္ဓါရုံ ဆရာတော် ဘုရား စီကုံး အပ်သော ကဗျာကို ထည့်သွင်း ဖော်ပြပေအံ့။

၁။ ။သောင်းငါးထောင်စီ၊သင်္ချာညီ၊ရှစ်လီပါယ်,သုရာ။
၂။ ။ရှစ်သောင်း လေးထောင်၊သင်္ချာဆောင်၊လူ့ဘောင်,အသုရာ။
၃။ ။လေးသောင်းနှစ်ထောင်၊သင်္ချာဆောင်၊လူ့ဘောင်နတ်ခြောက်ရွာ။
၄။ ။ဗြဟ္မာနတ်နန်း၊ရှစ်ထောင်စွန်း၊ငါးသန်း ငါးသိန်းသာ။
၅။ ။သုရာဝီစိ၊တသိန်းရှိ၊စွန်းဘိ နှစ်သောင်းသာ။
၆။ ။နှစ်သိန်းလေးထောင်၊သင်္ချာဆောင်၊လူ့ဘောင် ဝီစိမှာ။
၇။ ။လေးသိန်းငါးသောင်း၊ပေါင်းခြောက်ထောင်ရှိ၊ သင်္ချာချီ၊ဝီစိနိမ္မိတာ။
၈။ ။ဝီစိ,နေဝ၊သတ္တကောဋိ၊နှစ်သန်းရှိ၊စွန်းဘိ ခြောက်ထောင်သာ။
၉။ ။ကြိန်းသုည ဋ္ဌေပျဉ်ဌ၊လူမှ နိမ္မိတာ။
၁၀။ ။နေဝနှင့်လူ၊သုံးဆူသုည၊သောပဥ္စ၊အဌသတ္တာ။
၁၁။ ။နိမ္မိ-နေဝ၊နောနိန၊ဝါန စာပထာ။

နောက်ဆုံး တပုဒ်ကား-

ကာဒိ ငွာဒိ ယကာရာဒိ၊နဝသင်္ချာ ပကာသိတာ။
ပဥ္စသင်္ချာ ယကာရာဒိ၊သုညာနာမ သရ ည နာ။

ကာဒိ၊က-အစ,ဈ-အဆုံး၊ ကိုးလုံးတို့ကိုငှါ၊ ငွာဒိ၊ ငှ-အစ,ဓ-အဆုံး၊ ကိုလုံးတို့ကိုငှါး။ယကာရာဒိ၊ယ,ရ,လ,ဝ,ယှ,ရှ,သ,ယ,ဠ-ဟူသော ကိုးလုံး တို့ကိုငှါး။နဝသင်္ချာ၊ အစဉ်အတိုင်း-တစ်,နှစ်,သုံး,လေး,ငါးခြောက်,ခုနစ်, ရှစ်,ကိုး ဟု အနက်ကိုဟောသော သင်္ကေတသင်္ချာ သဒ္ဒါတို့ဟူ၍။ ပကာ သိတာ၊ပြအပ်ကုန်၏။ပကာရာဒိ၊ပ-အက္ခရာစသော ငါးလုံးတို့ကို။ပဥ္စသင်္ချာ၊ အစဉ်အတိုင်း တစ်,နှစ်,သုံး,လေး,ငါး-ဟူသော အနက်ကို ဟောသော သင်္ကေတသင်္ချာသဒ္ဒါတို့ဟူ၍။ ပကာသိတာ၊ကုန်၏။ သရ,ည,နာ၊ ရှစ်လီ သရ၊ညနှင့် န တို့သည်ကား။သုညာနာမ၊ဂဏန်းဆိတ်ထ၊ ချပုံ-ဝဟု။ သုည- မည်ကုန်၏။ဤသို့ ဂါထာလာသောအတိုင်း ဝိဋကတ်သင်္ချာတည်း။ သင်္ချာ ဟူသမျှကိုနောက်ပြန် ချရိုးမှတ်။ ။ဤကား ကျေးဇူးတော်ရှင်ဆရာတော် ဘုရား၏ဝါဒ တော်တည်း။

---

ဘုံရ ပုဂ္ဂိုလ်ရ အဘွင့်

၁၃။ ။ပုထုဇ္ဇနာ န လဗ္ဘန္တိ၊သုဒ္ဓါဝါသေသု သဗ္ဗဒါ။
သောတာပန္နာ စ သကာဒါ၊ဂါမိနောစာပိ ပုဂ္ဂလာ။

၁၄။ ။အရိယာ နောပလဗ္ဘန္တိ၊အသညာပါယဘူမိသု။
သေသဋ္ဌာနေသု လဗ္ဘန္တိ၊အရိယာနရိယာပိ စ။
ဣဒမေတ္ထ ပဒီသန္တိ စတုဣန္တံ။ ။သင်္ဂြိုဟ်ပါဠိ။

သုဒ္ဓါဝါသငါးတို့၌ ပုထုဇဉ်ပုဂ္ဂိုလ်၊သောတာပန်ပုဂ္ဂိုလ်၊ သကဒါဂါမ် ပုဂ္ဂိုလ်တို့သည် ဘယ်အခါမှ မဖြစ်နိုင်၊မရောက်နိုင်။ ဝါ၊မရအပ် မရထိုက် ကုန်။ အသညသတ်ဘုံ အပါယ်ဘုံတို့၌ အရိယာ ပုဂ္ဂိုလ်တို့သည် မဖြစ်ကုန်။ ဝါ၊မလာရောက်ကုန်။ငှင်း သုဒ္ဓါဝါသငါးဘုံ အသညသတ်ဘုံ အပါယ်ဘုံမှ ကြွင်းကုန်သော ၂၁-ဘုံတို့၌ အရိယာပုဂ္ဂိုလ်တို့သည်ငှင်း၊ ပုထုဇဉ်ပုဂ္ဂိုလ် တို့သည်ငှင်း၊ဖြစ်ကုန်၏။ဝါ၊ရောက်ကုန်၏။ ။ဟူလို။

ဤကား-ပိဏ္ဍတ္ထ။

---

မှတ်ချက်၊ ။ဤဂါထာ၌သုဒ္ဓါဝါသငါးဘုံတွင် အရိယာပုဂ္ဂိုလ်များမှ သေတောပန်ပုဂ္ဂိုလ်၊သကဒါဂါမိပုဂ္ဂိုလ်တို့ကိုသာ မရအပ်ကုန် ဟု မိန့်ဆိုထား သော်လည်း အနာဂါမိ မဂ်၏ အကြောင်းဖြစ်သော သကဒါဂါမိဖိုလ်ကို ပယ်ရကား အနာဂါမဂ်ကိုလည်း ပယ်အပ်၍ မရဟု မှတ်လေ။

## ဘုံ၌ ပုဂ္ဂိုလ်ရ အစီအရင်

ဥပလက္ခဏနည်းအားဖြင့် ပြဆိုသော အထက်ပါ ဂါထာအရ ဘုံ၌ ဖြစ်ထိုက်သော ပုဂ္ဂိုလ်တို့ကို အကျယ်တဝင့် ထင်ရှားစွာ ဘွင့်ဆိုပေအံ့။

ပုဂ္ဂိုလ်တို့သည် ၁-ဒုဂ္ဂတိအဟိတ် ပုဂ္ဂိုလ်၊ ၂-သုဂတိအဟိတ် ပုဂ္ဂိုလ်၊ ၃-ဒွိဟိတ် ပုဂ္ဂိုလ်၊ ၄-တိဟိတ် ပုဂ္ဂိုလ်၊ ၅-အရိယာ ၈-ယောက် အားဖြင့် ၁၂-ယောက် ရှိကုန်၏။

၁။ ။ထိုတွင် အပါယ်လေးဘုံ၌ ဒုဂ္ဂတိ အဟိတ်ပုဂ္ဂိုလ်တယောက်ကို သာ ရအပ်၏။

၂။ ။လူ့ဘုံ စတုမဟာရာဇ် နတ်ဘုံတို့၌ ယင်း ဒုဂ္ဂတိအဟိတ် ကြဉ်သော သုဂတိ အဟိတ်၊ဒွိဟိတ်။ပ။ အရဟတ္တဖိုလ် ပုဂ္ဂိုလ်အားဖြင့် ၁၁-ယောက်သော ပုဂ္ဂိုလ်တို့ကို ရအပ်ကုန်၏။

၃။ ။တာဝတိံသာ စသော အထက် နတ်ပြည် ငါးထပ်၌ ဒုဂ္ဂတိ အဟိတ်ပုဂ္ဂိုလ် သုဂတိအဟိတ် ပုဂ္ဂိုလ် ၂-ယောက်မှ တပါးသော ဒွိဟိတ် စသော ပုဂ္ဂိုလ် ၁၀-ယောက်ကို ရအပ်ကုန်၏။

၄။ ။ပဌမဈာန် သုံးဘုံ ဒုတိယဈာန် သုံးဘုံ တတိယဈာန် သုံးဘုံ ဝေဟပ္ဖိုလ်ဘုံအားဖြင့် ရူပ ၁၀-ဘုံ၌ တိဟိတ်ပုဂ္ဂိုလ်၊အရိယာ ရှစ်ယောက် အားဖြင့် ၉-ယောက်သော ပုဂ္ဂိုလ်တို့ကို ရအပ်ကုန်၏။

၅။ ။အသညသတ်ဘုံ၌ သုဂတိအဟိတ် ပုဂ္ဂိုလ်၊ တယောက်ကို သာ ရအပ်၏။

၆။ ။သုဒ္ဓါဝါသငါးဘုံ၌ အနာဂါမိဖိုလ်၊အရဟတ္တမဂ် အရဟတ္တဖိုလ် ဟု ဆိုအပ်သော အရိယာပုဂ္ဂိုလ် ၃-ယောက်တို့ကို ရအပ်ကုန်၏။

၇။ ။အရူပလေးဘုံ၌ တိဟိတ်ပုထုဇဉ် ပုဂ္ဂိုလ်နှင့် သောတာပတ္တိ မဂ်မှ ကြွင်းသော အရိယာ ၇-ယောက်အားဖြင့် ရှစ်ယောက်သော ပုဂ္ဂိုလ် တို့ကို ရအပ်ကုန်၏။

## ဆောင်ပုဒ် ပေါ်ရာဏ ကဗျာ

၁။ ။ပါယ်-ဒု-တစ်ရ၊လူ့,နတ်စ၊ဒု-ပ-ဆယ့်တစ်စီ။
၂။ ။ထက်ငါးနတ်ဝယ်၊ဒု,သု-ပယ်၊ဆယ်ဆယ် ငါးရပ်မှီ။
၃။ ။ပ-ဒု-တ-ဝေ၊ဆယ်ဘုံနေ၊ပယ်လေ-ဒု-သု-ဒွိ။
၄။ ။သညာ-သု-သာ၊ငါး-သုဒ္ဓါ၊ရိယာပေါင်း သုံးစီ။
၅။ ။အရူပဝယ်၊စ-မဂ်ပယ်၊တိ-ဆွယ်ရှစ်ယောက်မှီ။
၆။ ။ပုဂ္ဂိုလ် အပြား၊ဝါကရေး၊မှတ်သား ကျမ်းအညီ။
ရှေးပဏ္ဍိတတို့ စီရင်အပ်သော ပေါရာဏ ကဗျာ။

---

## ဝါကရေး အရကောက်

၁။ ။ဤလက်ာ၏ ပုဂ္ဂိုလ်အပြား"ဝါကရေး" အရ သရုပ် ဘွင့်ထုတ်သည်ရှိသော် အပါယ်လေးဘုံ၌ ဒုဂ္ဂတိအဟိတ် ပုဂ္ဂိုလ် တယောက်ရသဖြင့် အပါယ်လေးဘုံဖြစ်၍ အပါယ်ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ် ၄-ယောက်။

၂။ ။လူ့ဘုံနှင့် စာတုမဟာရာဇ် နတ်ဘုံ၌ ဒုဂ္ဂတိအဟိတ် ပုဂ္ဂိုလ် တယောက်မှ ကြွင်းသော ပုဂ္ဂိုလ် ၁၁-ယောက်ကို ရနိုင်၍ ၂-ဘုံဖြစ်သောကြောင့် ၂၂-ယောက်။

၃။ ။အထက် တာဝတိံသာ စသော နတ်ပြည် ငါးထပ်၌ ဒုဂ္ဂတိအဟိတ်-သုဂတိအဟိတ် ပုဂ္ဂိုလ်မှပါး ကြွင်းသော ပုဂ္ဂိုလ် ၁၀-ယောက် ရနိုင်၍ ငါးဘုံဖြစ်သောကြောင့် ပုဂ္ဂိုလ်-၅၀။

၄။ ။ပဌမစျာန် ၃-ဘုံ၊ ဒုတိယစျာန် ၃-ဘုံ၊ တတိယစျာန် ၃-ဘုံး စတုတ္ထစျာန်ဖြစ်သော ဝေဟပ္ဖိုလ်ဘုံအားဖြင့် ရူပ ၁၀-ဘုံ၌ ဒု-သု-ဒွိ-ပုဂ္ဂိုက်မှတပါးသော ကြွင်းတိဟိတ်ပုဂ္ဂိုလ် ၉-ယောက်စီ ရနိုင်၍ ရူပ-၁၀ ဘုံဖြစ်ရကား ပုဂ္ဂိုလ်ပေါင်း-၉၀။

၅။ ။အသညသတ်ဘုံ၌ သုဂတိအဟိတ်ပုဂ္ဂိုလ် ၁-ယောက်သာ။

၆။ ။သုဒ္ဓါဝါသ-ငါးဘုံ၌ အနာဂါမိဖိုလ် စသော အထက် အရိယာ ပုဂ္ဂိုလ် ၃-ယောက်စီ ရနိုင်သဖြင့် ငါးဘုံဖြစ်ရကား ပုဂ္ဂိုလ်ပေါင်း ၁၅-ယောက်။

၇။ ။အရူပ လေးဘုံဝယ် တိဟိတ်ပုထုဇဉ်နှင့် တကွ သောတာပတ္တိမဂ်ပုဂ္ဂိုလ်မှ ကြွင်းသော အရိယာ ၇-ယောက်၊ ပေါင်း ရှစ်ယောက်သော

တိဟိတ်ပုဂ္ဂိုလ်များ ဖြစ်၍ လေးဘုံဖြစ်ရကား ၃၂-ယောက် ဖြစ်သော ကြောင့် ၎င်း ၃၁-ဘုံ၌ရှိသော ဖြစ်ထိုက် ဖြစ်သင့် ဖြစ်နိုင်သမျှသော ပုဂ္ဂိုလ် တို့ကို ပေါင်းလိုက်သည်ဆိုသော် ၂၁၄-ယောက် ဖြစ်သည်-ဟူလိုသတတ်။

တနည်း။ ။ဘုံအားဖြင့် ရေတွက်သော် ကာမပုဂ္ဂိုလ် ၇၆-ယောက်၊ ရူပပုဂ္ဂိုလ် ၁၀၆-ယောက်၊ အရူပပုဂ္ဂိုလ် ၃၂-ယောက် အားဖြင့် ၂၁၄-ယောက် ဖြစ်၏။

တနည်း။ ။ဟိတ်အားဖြင့် ရေတွက်သော် ဟိတ်မရှိသော ပုဂ္ဂိုလ် ၇-ယောက်၊ ဟိတ်ရှိသော သဟိတ်ပုဂ္ဂိုလ် ၂၀၇-ယောက် အားဖြင့် ၂၁၄-ယောက် ဖြစ်သတည်း။

တနည်း။ ။ဈာန်မရနိုင်သော ပုဂ္ဂိုလ် ၁၄-ယောက်၊ ဈာန်ရရှိသော ပုဂ္ဂိုလ် ၂၀၀-အားဖြင့် ၂၁၄-ယောက် ဖြစ်၏။

တနည်း။ ။ပုထုဇဉ် ပုဂ္ဂိုလ် ၁၅-ယောက်၊ အရိယာပုဂ္ဂိုလ် ၁၉၉-ယောက် အားဖြင့် ၂၁၄-ယောက် ဖြစ်၏။

တနည်း။ ။ရုပ် ပဋိသန္ဓေနေသော ပုဂ္ဂိုလ်တယောက်၊ နာမ်-ပဋိသန္ဓေ နေသောပုဂ္ဂိုလ် ၃၂-ယောက်၊ ရုပ်,နာမ် ၂-ပါး ပဋိသန္ဓေနေသောပုဂ္ဂိုလ် ၁၈၁-ယောက် အားဖြင့် ၂၁၄-ယောက် ဖြစ်၏။

တနည်း။ ။ခန္ဓာတပါးသာရှိသော ဧကဝေါကာရပုဂ္ဂိုလ်တယောက်၊ ခန္ဓာလေးပါးရှိသော စတုဝေါကာရ ပုဂ္ဂိုလ် ၃၂-ယောက်၊ ခန္ဓာငါးပါး ရှိသော ပဥ္စဝေါကာရ ပုဂ္ဂိုလ် ၁၈၁-ယောက် အားဖြင့် ၂၁၄-ယောက် ဖြစ်သတည်း။ ။(ဤနည်းကို မှီး၍ ဉာဏ်ကြီး သင့်ပြီ)။

---

## ပရမတ္ထဒီပနီအဆို ဝါကျရေး

ပေါပါယေ မာနဝေဒေဝေါကျာဒေါ ချာညေသု လာရိယေ။
ကာသညေ ဈာည ရူပေ ဇာ၊ရပ္ပေ ဘူမျာသု ဝါကရာ။ ။

အပါယေ၊အပါယ်လေးဘုံ၌။ပုဂ္ဂလာ၊ပုဂ္ဂိုလ်တို့သည်။ပေါ၊တယောက်စီ။ မာနဝေ၊ လူ့ပြည်၌၎င်း။အာဒေါဒေဝေ စ၊စာတုမဟာရာဇ် နတ်ပြည်၌၎င်း။ ကျာ၊ တကျိပ်တယောက်စီ။အညေသု၊ စာတုမဟာရာဇ်မှ တပါးကုန်သော အထက်နတ်ပြည် ငါးထပ်တို့၌။ချာ၊တကျိပ်စီ။ အရိယေ၊သုဒ္ဓါဝါသငါးဘုံ၌။

လာ၊ သုံးယောက်စီ။ အသညေ၊ အသညသတ်ဘုံ၌။ ကာ၊ တယောက်သာ တည်း။အညရူပေ၊ အသညသတ်, သုဒ္ဓါဝါသမှ ကြွင်းသော ရူပါဝစရ ဆယ် ဘုံ၌။ဗျာ၊ကိုးယောက်စီ။ အရူပေ၊အရူပ ၄-ဘုံ၌။ ဇာ၊ရှစ်ယောက်စီ။ ဍတိ၊ ဤသို့။ ဘူမျာသု၊ သုံးဆယ့်တဘုံတို့၌၊ ပုဂ္ဂလာ၊ ပုဂ္ဂိုလ်တို့သည်။ ဝါကရာ၊ ၂၁၄-ယောက် တို့သည်။ယောန္တို၊ဖြစ်ကုန်၏။

## အရိယာ သက်သက်ဖြစ်သော ပုဂ္ဂိုလ် အပြား

အထက်ပါ ပရမတ္ထဗိန္ဒု ဂါထာဝယ် ဘူမျာသု-အရ၊ ဘုံ၏ အစွမ်းဖြင့် မြှောက်ပွါးအပ်သည် ရှိသော် အရိယာ ပုဂ္ဂိုလ်တို့သည် ၉၆-ယောက် ဖြစ်ကုန်၏။ ။ဖြစ်ဟန်ကား····သောတာပန်ပုဂ္ဂိုလ်သည် ဧကဗီဇ,ကောလံ ကောလ, သတ္တက္ခတ္တုပရမ-အားဖြင့် သုံးယောက်ရှိ၏။ ထိုသုံးယောက်ကို ပဋိပဒါလေးပါးဖြင့်မြှောက်၊၁၂-ယောက်ဖြစ်၏။ထို၁၂-ယောက်ကို သမထ ဓုရ,ဝိပဿနာ ဓုရအားဖြင့် ဓုရနှစ်ပါးဖြင့်မြှောက်၊ နှစ်ကျိပ် လေးယောက် ဖြစ်၏။ ။သကဒါဂါမိသည် ဣဓပတ္တာ ဣဓပရိနိဗ္ဗာယီ။ ။တတ္ထ ပတ္တာ တတ္ထ ပရိနိဗ္ဗာယီ။ ။ဣဓပတ္တာ တတ္ထ ပရိနိဗ္ဗာယီ။ ။တတ္ထ ပတ္တာ ဣဓ ပရိနိဗ္ဗာယီ။ ။ဣဓပတ္တာ တတ္ထ နိဗ္ဗတ္တိတွာ ဣဓ ပရိနိဗ္ဗာယီ" အားဖြင့် ငါးယောက်ရှိ၏။ထိုငါးယောက်သို့တွင် နောက်ဆုံး တယောက်ကိုသာ ဤ၌ အလိုရှိအပ်၍ နောက်ဆုံး တယောက်ကိုသာ ဝိမောက္ခသုံးပါးဖြင့် မြှောက်၊ ၃-ယောက်ဖြစ်၏။ ထို ၃-ယောက်ကို ပဋိပဒါ လေးပါးဖြင့်မြှောက်၊ ၁၂-ယောက် ဖြစ်၏။ ။အနာဂါမိသည်လည်း အဝိဟာဘုံ၌ အန္တရာပရိနိဗ္ဗာယီ သုံးယောက်, ဥပဟစ္စပရိနိဗ္ဗာယီ တယောက်, ဥဒ္ဓံ သောတ အကနိဋ္ဌဂါမီ တယောက်အားဖြင့် ငါးယောက်ရှိ၏။ ထိုငါးယောက်ကို အသင်္ခါရ ပရိ နိဗ္ဗာယီ, သသင်္ခါရပရိဗ္ဗာယီဖြင့်မြှောက်တကျိပ်ဖြစ်၏။ အတပ္ပါ, သုဒဿာ, သုဒဿီ-ဘုံတို့၌လည်း နည်းထူတကျိပ်စီ။ အကနိဋ္ဌဘုံ၌ကား၊ ဥဒ္ဓံ သောတ မရှိသောကြောင့် ရှစ်ယောက်၊ ပေါင်း ၄၈-ယောက် ဖြစ်၏။ ။ရဟန္တာ ပုဂ္ဂိုလ်ကို ဝိမောက္ခသုံးပါးဖြင့် မြှောက်၊သုံးယောက်ဖြစ်၍ ထိုသုံးယောက်ကို ပဋိပဒါလေးပါးဖြင့် မြှောက်၊ ၁၂-ယောက် ဖြစ်၏။ ။သို့ဖြစ်၍ ပေါင်း၍ ရေတွက်သည်ရှိသော် သောတာပန် ပုဂ္ဂိုလ် ၂၄-ယောက်၊ သကဒါဂါမိ ပုဂ္ဂိုလ် ၁၂-ယောက်၊ အနာဂါမိပုဂ္ဂိုလ် ၄၈-ယောက်၊ရဟန္တာပုဂ္ဂိုလ်၁၂-အားဖြင့် အရိယာပေါင်း ၉၆-ပါး ဖြစ်သတည်း။

တယော ဟိ ဝိမောက္ခာ သုညတော အနိမိတ္တော အပ္ပဏိဟိတော တိ။တတ္ထ သုညတဝိမောက္ခေန ဝိမုတ္တဒိဋ္ဌာသဝေါ ပဋိပဒါဝသေန စတုဗ္ဗိဓော ဟောတိ။ တထာ အနိမိတ္တ အပ္ပဏိဟိတ ဝိမောက္ခေ ဟီတိ။ ဧဝံ ဒွါဒသ အရဟန္တော ဝေဒိတဗ္ဗာ။ ဣတိ ဣမေ အရဟန္တော ဝိယ ဒွါဒသသေဝ သကဒါဂါမိနော၊ စတုဝီသတိ သောတာပန္နာ,အဋ္ဌ စတ္တာလီသ အနာဂါမိနောတိ တ္တောကာ ပုဂ္ဂလာ။

ပုဂ္ဂလပညတ် အဋ္ဌကထာ။

---

## အရိယာ အပြား

တနည်း။ ။ပရိတ်ကြီးပါဠိတော်၌ လာသော''ယေ ပုဂ္ဂလာ အဋ္ဌသတံ ပသဋ္ဌာ''အရ၊ အရိယာ ၁၀၀-ယောက်ရှိ၏။ ။ရေတွက်ဟန်ကား။ ။ သောတာပန် ပုဂ္ဂိုလ်တို့သည် ဧကဗီဇီ သောတာပန်, ကောလံ ကောလ သောတာပန်, သတ္တက္ခတ္တုပရမ သောတာပန် အားဖြင့် သုံးယောက် ရှိ၍ ထိုသုံးယောက်ကို ပဋိပဒါ ၄-ပါးဖြင့် မြှောက်သည်ရှိသော် ၁၂-ယောက် ဖြစ်ကုန်၏။

သကဒါဂါမိပုဂ္ဂိုလ်တို့သည်လည်း ကာမသကဒါဂါမိ,ရူပသကဒါဂါမိ, အရူပသကဒါဂါမိဟူ၍ သုံးပါးရှိ၏။ပဋိပဒါ လေးပါးဖြင့် မြှောက်သည် ရှိသော် ၁၂-ယောက် ဖြစ်ကုန်၏။

အနာဂါမိ ပုဂ္ဂိုလ်တို့သည် အန္တရာ ပရိနိဗ္ဗာယီ,ဥပဟစ္စ ပရိနိဗ္ဗာယီ, အသင်္ခါရပရိနိဗ္ဗာယီ,သသင်္ခါရပရိနိဗ္ဗာယီ,ဥဒ္ဓံ သောတအကနိဋ္ဌဂါမိ-တို့၏ အစွမ်းဖြင့် ငါးပါးရှိ၍ အဝိဟာ။ပ။သုဒဿီ-ဟူသော သုဒ္ဓါဝါသ လေးဘုံ တို့၌ ၅-ယောက်ဖြစ်၍ ၂၀-ဖြစ်ကုန်၏။အကနိဋ္ဌသုဒ္ဓါဝါသဘုံ၌ဥဒ္ဓံသောတ ပုဂ္ဂိုလ်ကို မရကောင်းသဖြင့် ၄-ယောက်နှင့် ပေါင်းသော် ၂၄-ယောက်ဖြစ် ကုန်၏။ ။ရဟန္တာပုဂ္ဂိုလ်တို့သည် သုက္ခဝိပဿက ပုဂ္ဂိုလ် သမထယာနိက ပုဂ္ဂိုလ်အားဖြင့် ၂-ပါး ရှိကုန်၏။ ထိုဖြစ်၍ အားလုံးကို ပေါင်းလိုက်သည် ရှိသော် ၅၀-ဖြစ်ကုန်၏။ ၎င်း ၅၀-ကား ဖိုလ်ပုဂ္ဂိုလ်များဖြစ်၍ မဂ်ပုဂ္ဂိုလ် ၄-ယောက်တိုထည့်သည်ရှိသော် ၅၄-ယောက်ဖြစ်၏။၎င်း ၅၄-ယောက်ကို သဒ္ဓါဓုရ, ပညာဓုရ-နှစ်ပါးဖြင့် မြှောက်သည် ရှိသော် အရိယာပုဂ္ဂိုလ် ၁၀၀-ယောက် ဖြစ်၏။ ။ဤကား သုတ္တနိပါတ် အဋ္ဌကထာ နည်းတည်း။

## ဘုံရ စိတ်ရ

အပါယ် လေးဘုံ၌ အကုသိုလ်စိတ်-၁၂၊ ဟသိတုပ္ပါဒ် ကြဉ်သော အဟိတ်စိတ် ၁၇-ပါး၊ မဟာကုသိုလ်စိတ် ၈-ပါး၊ ပေါင်း ၃၇-ပါးသော စိတ်တို့ကို ရအပ်ကုန်၏။ ။ကာမသုဂတိ ၇-ဘုံ၌ ဝိထိမုတ်စိတ် ၁၉-ပါးမှ တပါး ကြွင်းသော ဝိထိစိတ် ၈၀-တို့ကို ရအပ်ကုန်၏။ ရူပါဝစရ ပဌမ ဈာန်သုံးဘုံ၌ ထိုဝိထိစိတ် ၈၀-တို့တွင် ဒေါသမူဒွေ၊ ဃာနဝိညာဏ်ဒွေ၊ ဇိဝှါဝိညာဏ်ဒွေ၊ ကာယဝိညာဏ်ဒွေ၊ ပေါင်း ၈-ပါး၊ မဟာဝိပါက်စိတ် ၈-ပါး။ ဤ၁၆-ပါးသောစိတ်တို့မှကြွင်းသော၆၄-ပါး၊ပဌမဈာန်ဝိပါက်စိတ် တပါး၊ ဤ ၆၅-ပါးသော စိတ်တို့ကို ရအပ်ကုန်၏။

ဒုတိယဈာန် ၃-ဘုံ၌ ယင်း ၆၄-ပါးသော စိတ်နှင့် ဒုတိယဈာန်ဝိပါက် စိတ်၊တတိယဈာန် ဝိပါက်စိတ်-၂၊ပေါင်း ၆၆-ပါးသော စိတ်တို့ကိုရအပ် ကုန်၏။

တတိယဈာန် ၃-ဘုံ၌ ယင်း ၆၄-ပါးသော စိတ်နှင့် စတုတ္ထဈာန် ဝိပါက် စိတ်တပါး၊ ပေါင်း ၆၅-ပါးသော စိတ်တို့ကို ရအပ်ကုန်၏။

ဝေဟပ္ဖိုလ်ဘုံ၌ ယင်း ၆၄-ပါးသော စိတ်နှင့် ပဉ္စမဈာန် ဝိပါက်စိတ် တပါး၊ပေါင်း ၆၅-ပါးသော စိတ်တို့ကို ရအပ်ကုန်၏။

သုဒ္ဓါဝါသ ဘုံ၌ကား ယင်း ၆၅-ပါးသော စိတ်တို့တွင် ဒိဋ္ဌိဂတ သမ္ပယုတ်လေးပါး၊ဝိစိကိစ္ဆာ၊အောက်မဂ် ၃-ခု၊အောက်ဖိုလ် ၂-ခု၊ဤစိတ် ၁၀-ပါတို့ကို နုတ်၍ ၅၅-ပါးသော စိတ်တို့ကို ရအပ်ကုန်၏။

အရူပါဝစရ အာကာသာနဉ္စာယတန ဘုံ၌ ဒေါသမူ ကြဉ်သော အကုသိုလ်-၁၀-၊မနောဒွါရာဝဇ္ဇန်း၊မဟာကုသိုလ်စိတ် ၈-ခု၊မဟာကြိယာစိတ် ၈-ခု၊အရူပ ကုသိုလ် ၄-ခု၊အရူပကြိယာ ၄-ခု၊ အာကာသာနဉ္စာယတန ဝိပါက်၊သောတာပတ္တိမဂ် ကြဉ်သော လောကုတ္တရာစိတ် ၇-ခု၊ ၄၃-ပါး သော စိတ်တို့ကို ရအပ်ကုန်၏။

ဝိညာဏဉ္စာယတနဘုံ၌ငင်း ၄၃-ပါးသောစိတ်တို့တွင် အာကာသာနဉ္စာ ယတနစိတ် ၃-ပါးကို နုတ်၍ ဝိညာဏဉ္စာယတန ဝိပါက်စိတ် တပါးကို ထည့်၍ ၄၁-ပါးသော စိတ်တို့ကို ရအပ်ကုန်၏။

အာကိဉ္စညာယတန ဘုံ၌လည်း ထို ၄၁-ပါးသော စိတ်တို့တွင် ဝိညာ ဏဉ္စာယတနစိတ် ၃-ပါးကို နုတ်၍ အာကိဉ္စညာယတန ဝိပါက်စိတ်ကို

ထည့်၍ ၃၉-ပါးသော စိတ်တို့ကို ရအပ်ကုန်၏။ ။နေဝသညာ နာသညာ ယတနဘုံ၌ ထို၃၉-ပါးသော စိတ်တို့တွင် အာကိဉ္စညာယတနစိတ် ၃-ခု တို့ကို နုတ်၍ နေဝသညာ နာသညာယတနဝိပါက်ကို ထည့်၍၃၇-ပါးသော စိတ်တို့ကို ရအပ်ကုန်၏။ ။အသညသတ်ဘုံကား စိတ်ရမရှိ။

## ဝိသုဒ္ဓါရုံ ဆောင်ပုဒ် ကဗျာ

သုံးဆယ့်ခုနစ်၊ စိတ်ဖြစ်လေရာ၊ဘုံငါးဖြာတည်း။ နဝါတိ˚သ၊ ကေ တာလီ၊တေတာလီဒွ၊ကော်စိ မှတ်ဘွယ်၊ငါးဆယ်နှင့်ငါး၊ ဘုံပေါင်း ငါးပင်၊ခြောက်ဆဲ့ငါးမှာ၊ ခုနစ်ဖြာရောက်၊ ခြောက်ဆဲ့ ခြောက်ဝယ်၊ သုံးဘုံသွယ်တည်း၊ရှစ်ဆယ် စိတ်ဖြစ်၊ ဘုံခုနစ်သည်၊ စိစစ်သုံးဆယ် ဘုံပေါင်းတည်း။

---

## ကာမဘုံ၌ ပုဂ္ဂိုလ် စိတ်ရ

၁။ ။ဒုဂ္ဂတိအဟိတ် ပုဂ္ဂိုလ်သည် ဟသိတုပ္ပါဒ်ကြဉ်သော အဟိတ် စိတ်-၁၇၊ အကုသိုလ်စိတ်-၁၂၊မဟာကုသိုလ် ၈-ခု၊ ပေါင်း ၃၇-ပါးသော စိတ်တို့ကို ရအပ်ကုန်၏။

၂။ ။သုဂတိ အဟိတ်ပုဂ္ဂိုလ်၊ဒွိဟိတ် ပုဂ္ဂိုလ်တို့သည် ၎င်း ၃၇-ပါး သော စိတ်တို့၌ မဟာဝိပါက်ဉာဏဝိပ္ပယုတ် ၄-ခုကို ထည့်၍ ၄၁-ပါးသော စိတ်တို့ကို ရအပ်ကုန်၏။

၃။ ။တိဟိတ် ပုထုဇဉ် ပုဂ္ဂိုလ်သည် ၎င်း ၄၁-ပါးသော စိတ်တို့၌ မဟာဝိပါက် ဉာဏသမ္ပယုတ် ၄-ခုကို ထည့်၍ ၄၅-ပါးသော စိတ်တို့ကို ရအပ်ကုန်၏။

၄။ ။သောတာပန်ပုဂ္ဂိုလ်သည် ၎င်း ၄၅-ပါးသော စိတ်တို့၌ ဒိဋ္ဌိဂတ သမ္ပယုတ်စိတ် ၄-ခု၊ဝိစိကိစ္ဆာ စိတ်တခုကို နုတ်၍ မိမိ သောတာပတ္တိ ဖိုလ်ကို ထည့်၍ ၄၁-ပါးသော စိတ်တို့ကို ရအပ်ကုန်၏။

၅။ ။သကဒါဂါမ် ပုဂ္ဂိုလ်သည်လည်း သောတာပန်ပုဂ္ဂိုလ်စိတ်-၄၁- ပါးတွင် သောတာပတ္တိဖိုလ်စိတ်ကို နုတ်၍ သကဒါဂါမိ ဖိုလ်စိတ်ကိုထည့်၍ ၄၁-ပါးသော စိတ်တို့ကို ရအပ်ကုန်၏။

၆။ ။အနာဂါမ် ပုဂ္ဂိုလ်သည်လည်း ၎င်း ၄၁-ပါးသော စိတ်တို့တွင် ဒေါသမူဒွေး နှင့် သကဒါဂါမိ ဖိုလ်စိတ်များကို နုတ်၍အနာဂါမိဖိုလ်စိတ်ကို ထည့်၍ ၃၉-ပါးသော စိတ်တို့ကို ရအပ်ကုန်၏။

၇။ ။ရဟန္တာ ပုဂ္ဂိုလ်သည် ကာမဝိပါက် တေဝီသ၊ ကာမကြိယာ ဧကာဒသ၊ အရဟတ္တဖိုလ်စိတ် ၁-ပါး။ဤ ၃၅-ပါးသောစိတ်တို့ကို ရအပ် ကုန်၏။ ။ဤကား ဈာန်မရသော သုက္ခဝိပဿက ပုဂ္ဂိုလ်စိတ် အရတည်း။

ဈာန်ရပါမူကား ရှေးစိတ်ရ သင်္ချာတွင် တိဟိတ် ပုထုဇဉ် ပုဂ္ဂိုလ်၊ အောက် ဖလဋ္ဌာန်ပုဂ္ဂိုလ် ၃-ယောက်တို့၌ မဟဂ္ဂုတ် ကုသိုလ် ၉-ခုကို ထည့်၍ ရဟန္တာပုဂ္ဂိုလ်အား မဟဂ္ဂုတ်ကြိယာ ၉-ခုကို ထည့်၍ အစဉ် အတိုင်း ယူပါလေ။

သို့ဖြစ်၍ ဈာန်ရသော တိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်သည် ၅၄-ပါးသော စိတ် တို့ကို ရအပ်ကုန်၏။ ။ဈာန်ရသော သောတာပန် ပုဂ္ဂိုလ်သည် ၅၀-သော စိတ်တို့ကို ရအပ်ကုန်၏။ ။ဈာန်ရသော သကဒါဂါမ် ပုဂ္ဂိုလ်သည်လည်း ၅၀-ပါးသော စိတ်တို့ကို ရအပ်ကုန်၏။ ။ဈာန်ရသော အနာဂါမ် ပုဂ္ဂိုလ် ၄၈-ပါးသော စိတ်တို့ကို ရအပ်ကုန်၏။ ။ဈာန်ရသော ရဟန္တာ ပုဂ္ဂိုလ် သည် ၄၄-ပါးသော စိတ်တို့ကို ရအပ်ကုန်၏။

မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ် ၄-ယောက် တို့ကား မဂ်၏ ခဏတ္တယ သမင်္ဂီမျှ၌သာ တည်သော ပုဂ္ဂိုလ်မျိုးဖြစ်သောကြောင့် မိမိတို့၏ မဂ်စိတ်တခုကိုသာ ရအပ် ၏။ ။သောတာပတ္တိမဂ် ပုဂ္ဂိုလ်သည် သောတာပတ္တိ မဂ်စိတ် တခုကိုသာ ရ၏။ပ။အရဟတ္တမဂ်ပုဂ္ဂိုလ်သည် အရဟတ္တမဂ်စိတ် တခုကိုသာ ရ၏။ ။ ဟူလို။ ။ဤကား ကာမဘုံ၌ ပုဂ္ဂိုလ်ရ စိတ်ရတည်း။

---

## ရူပဘုံ၌ ပုဂ္ဂိုလ်ရ စိတ်ရ

ရူပဘုံ၌ကား အဟိတ်ပုဂ္ဂိုလ်၊ဒွိဟိတ်ပုဂ္ဂိုလ် မရှိ။ ဈာန်မရသော ပုဂ္ဂိုလ် လည်း မရှိချေ။ထိုကြောင့် ဈာန်ရသော ကာမပုဂ္ဂိုလ်၏ စိတ်အစဉ်၌ ဘုံအား ဖြင့် ကြဉ်သော ဒေါသမူဒွေ၊ ဃာနဝိညာဏ်ဒွေ၊ ဇိဝှါဝိညာဏ်ဒွေ၊ ကာယ ဝိညာဏ်ဒွေ၊ မဟာဝိပါက်စိတ် ၈ခု၊ ဤ ၁၆-ခုသော စိတ်တို့ကို နုတ်၍ ရူပဝိပါက် ၅ါးခုတို့ကို ထည့်၍ ရေတွက် အပ်ကုန်၏။

ပဉ္စမချာန် တိဟိတ် ပုထုဇဉ်ပုဂ္ဂိုလ်သည် ဒေါသမူလွှေးမှ တပါးသော အကုသိုလ်စိတ်-၁၀၊ ဟသိတုပ္ပါဒ်၊ ဈာနာဒိဆတ္တမှ တပါးသော အဟိတ်စိတ် ၁၁-ခု၊မဟာကုသိုလ်စိတ် ၈-ခု၊ မဟဂ္ဂုတ်ကုသိုလ်စိတ် ၉-ခု၊ ရူပဝိပါက်စိတ် ၁-ခုအားဖြင့် ၃၉-ပါးသော စိတ်တို့ကို ရအပ်ကုန်၏။ ။ဒုတိယချာန်။ပ။စတုတ္ထချာန်ဝေဟပ္ဖိုလ် ပုဂ္ဂိုလ်တို့သည်လည်း ဒုတိယချာန်ဝိပါက်စသည်-လဲ- ထည့်၍ ၃၉-ပါးပင်မှတ်။ သောတာပန် ပုဂ္ဂိုလ်သည်ထို ၃၉-ပါးသော စိတ်တို့တွင်ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာစိတ် ၅-ပါးကို နုတ်၍ သောတာပတ္တိဖိုလ်စိတ်ကိုထည့်၍ ၃၅-ပါးသော စိတ်တို့ကို ရအပ်ကုန်၏။

သကဒါဂါမ် ပုဂ္ဂိုလ်သည်လည်း ၎င်း ၃၅-ပါးသော စိတ်တို့တွင် သောတာပတ္တိဖိုလ်စိတ်ကိုနုတ်၍ သကဒါဂါမိဖိုလ်ကိုထည့်၍ ၃၅-ပါးသော စိတ်တို့ကို ရအပ်ကုန်၏။

အနာဂါမ် ပုဂ္ဂိုလ်သည်လည်း၎င်း ၃၅-ပါးသော စိတ်တို့တွင် သကဒါဂါမိဖိုလ် စိတ်ကို နုတ်၍ အနာဂါမိဖိုလ် စိတ်ကို ထည့်၍ ၃၅-ပါးသော စိတ်တို့ကို ရအပ်ကုန်၏။

ပဉ္စမချာန် ရဟန္တာပုဂ္ဂိုလ်သည် အဟိတ်စိတ် ၁၂-ခု၊ မဟာကြိယာစိတ် ၈-ခု၊ပဉ္စမချာန်ဝိပါက် ၁-ခု၊မဟဂ္ဂုတ်ကြိယာ ၉-ခု၊အရဟတ္တဖိုလ်စိတ် ၁-ခုအားဖြင့် ၃၅-ပါးသော စိတ်တို့ကို ရအပ်ကုန်၏။ ။ဒုတိယချာန်စသည်တို့၌လည်း ၎င်းနည်းတူ မှတ်။

ဤကား ရူပဘုံ၌ ပုဂ္ဂိုလ်ရ စိတ်ရတည်း။

---

## အရူပဘုံ၌ ပုဂ္ဂိုလ်ရ စိတ်ရ

ထိုနည်းတူ အရူပ၌လည်း ဘုံအားဖြင့် ကြဉ်အပ်သော စက္ခုဝိညာဏ်၊ သောတဝိညာဏ်၊ မနောဓာတ် သန္တီရဏ ၃-ခု၊ ရူပစိတ်တို့ကို နုတ်၍ အရူပဝိပါက်ကို ထည့်၍ ရေတွက်အပ်၏။

၁။ ။အရူပ အာကာသာနဉ္စာယတန တိဟိတ် ပုထုဇဉ် ပုဂ္ဂိုလ်သည် ဒေါမူလွှေ မှတပါးသော အကုသိုလ်စိတ်-၁၀၊ မနောဒွါရာဝဇ္ဇန်းစိတ် ၁-ခု၊ မဟာကုသိုလ်စိတ် ၈-ခု၊အရူပ ကုသိုလ်စိတ် ၄-ခု၊ အရူပအာကာသာနဉ္စာယတနဝိပါက်စိတ် ၁-ခုအားဖြင့် ၂၄-ပါးသော စိတ်တို့ကို ရေတွက်အပ်ကုန်၏။ ကြွင်းသော ဝိညာဏဉ္စာယတန တိဟိတ် ပုဂ္ဂိုလ်တို့သည်လည်း မိမိတို့၏ ဝိပါက်ကို ၂၄-ပါးသော စိတ်တို့ကို ရအပ်ကုန်၏။

၂။ ။သောတာပန် ပုဂ္ဂိုလ်သည် ၎င်း၊ ၂၄-ပါးသောစိတ်တို့တွင် ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာစိတ် ၅-ပါးကို နုတ်၍ သောတာပတ္တိဖိုလ်ကို ထည့်၍ ၂၀-သော စိတ်တို့ကို ရအပ်ကုန်၏။

၃။ ။သကဒါဂါမိ ပုဂ္ဂိုလ်သည် ၎င်း ၂၀-သော စိတ်တို့တွင် သောတာပတ္တိဖိုလ်ကို နုတ်၍ သကဒါဂါမိဖိုလ်စိတ်ကို ထည့်၍ ၂၀-သော စိတ်တို့ကို ရအပ်ကုန်၏။

၄။ ။အနာဂါမိ ပုဂ္ဂိုလ်သည် ၎င်း ၂၀-သော စိတ်တို့တွင်သကဒါဂါမိဖိုလ် စိတ်ကို နုတ်၍ အနာဂါမိ ဖိုလ်စိတ်ကို ထည့်၍ ၂၀-သော စိတ်တို့ကို ရအပ်ကုန်၏။

၅။ ။ရဟန္တာ ပုဂ္ဂိုလ်သည် မနောဒွါရာဝဇ္ဇန်းစိတ် ၁-ခု၊ မဟာကြိယာစိတ် ၈-ခု၊အရူပ အာကာသာနဉ္စာယတနဝိပါက်စိတ် ၁-ခု၊အရူပကြိယာစိတ် ၄-ခု၊အရဟတ္တဖိုလ်စိတ် ၁-ခုအားဖြင့် ၁၅-ပါးသောစိတ်တို့ကို ရအပ်ကုန်၏။ ။ကြွင်းသော ဝိညာဏဉ္စာယတန အရူပရဟန္တာ-စသည်တို့သည်လည်း မိမိ ဝိညာဏဉ္စာယတန စသော အရူပဝိပါက်ကိုလည်း ထည့်၍ အသီးအသီး ၁၅-ပါးသော စိတ်တို့ကို ရကုန်၏။

ဤကား အရူပပုဂ္ဂိုလ်တို့၏ စိတ်ရတည်း။

---

## ကာမပုဂ္ဂိုလ်ရ စိတ်ရ သံပေါက် လင်္ကာ

၁။ ။မဟာကုသိုလ်၊အကုသိုလ်၊ဟိတ်ကို-ဟသိကြဉ်။
၂။ ။ဒုဂ္ဂတိ အဟိတ်၊ပုဂ္ဂိုလ်စိတ်၊ကိလိဋ္ဌ အမြဲယှဉ်။
၃။ ။သုံးဆယ့်ခုနစ်၊ဤမျှဖြစ်၊လေးရစ် အပါယ်ခွင်။
၄။ ။ဝိပ္ပယုတ်လေး၊သွင်းပြန်သေး၊လေးဆယ့်တခုပင်။
၅။ ။ဋ္ဌိ-သု-တို့မှာ၊ဤမျှသာ၊ရရာ အမြဲယှဉ်။
၆။ ။သမ္ပယုတ္တ၊သွင်းပြန်က၊ကာမ-တိဟိတ်ပင်။
၇။ ။ချာန်မရငြား၊လေးဆယ့်ငါး၊မှတ်သား သတိထင်။
၈။ ။ချာန်ရတုံသေး၊ငါးဆယ့်လေး၊မှတ်ရေးကြိုဆင်ခြင်။
၉။ ။လေးဆယ့်ငါးတွင်၊ငါးခုပင်၊နုတ်ငင် ပယ်လိုက်ရှား။
၁၀။ ။ဖိုလ်သွင်းပြန်လစ်၊လေးဆယ့်တစ်၊တရစ်-ကားမသား။
၁၁။ ။သကဒါဂါမိတွင်း၊၎င်ပင်၊ဖိုလ်လျှင် လှယ်၍ထား။
၁၂။ ။သုံးဆယ့်ကိုးတန်၊အနာဂါမ်၊တရန် သိစိမ့်ကြား။

၁၃။ ။လေးဆယ့်တစ်တွင်၊ ဒေါသပင်၊ နုတ်ငင် ပယ်လိုက်ရှား။
၁၄။ ။ဖိုလ်ချင်း ဖလယ်၊ နာဂါမ်ဝယ်၊ သုံးဆယ့်ကိုးခုပွါး။
၁၅။ ။သုံးဆယ့်ငါးမှာ၊ ရဟန္တာ၊ သေချာ ကြံစိတ်ထား။
၁၆။ ။ဟိတ်ဒွာရသာ၊ ကိရိယာ၊ မဟာဝိပါက်ခြား။
၁၇။ ။အရဟတ္တဖိုလ်လျှင်၊ တခုပင်၊ သွင်းလျှင် သုံးဆယ့်ငါး။
၁၈။ ။ဈာန်မရလျှင်၊ ဤမျှပင်၊ ဆင်ခြင် နှလုံးထား။
၁၉။ ။ဈာန်ရပြန်က၊ အရူပ၊ ရူပကိရိယာ။
၂၀။ ။ကုသိုလ်လည်းကောင်း၊ ကိုးခုလောင်း၊ အပေါင်း ဈာန်ရမှာ။
၂၁။ ။ရဟန္တာမှ၊ ကိရိယ၊ သေက္ခ ကုသိုလ်သာ။
၂၂။ ။ကာမဝစရဘုံ၊ အလုံးစုံ၊ ဥဿုံ မကြွင်းရာ။

## ရူပါဝစရ ပုဂ္ဂိုလ်ရ စိတ်ရ

၂၃။ ။အကုသိုလ်ဝယ်၊ ဒေါသပယ်၊ ဟိတ်ဝယ် ဆယ့်တစ်သာ။
၂၄။ ။စက္ခု-သောတ၊ အာဝဇ္ဇ၊ ဋိစ္ဆ-တီရဏာ။
၂၅။ ။မဟဂ္ဂုတ်ကု၊ မဟာကု၊ တခု ဝိပါကာ။
၂၆။ ။သုံးဆယ့်ကိုးပါး၊ ရူပသား၊ ဖြစ်ခြား တိဟိတ်မှာ။
၂၇။ ။သုံးဆယ့်ကိုးတွင်၊ ဒိဋ္ဌိကြဉ်၊ မယှဉ် စိကိစ္ဆာ။
၂၈။ ။ဤမျှတွင်သာ၊ ဖိုလ်ထည့်ပါ၊ ရရာသေက္ခမှာ။
၂၉။ ။သန္တီရဏ၊ ဋိစ္ဆန၊ သောတ စက္ခုမှာ။
၃၀။ ။အရဟတ္တဖိုလ်မှ၊ ဝိပါက၊ ဝိသကြိယာ။
၃၁။ ။သုံးဆယ်တဝ၊ ရေတွက်ရ၊ ရူပရဟန္တာ။

## အရူပါဝစရ ပုဂ္ဂိုလ်ရ စိတ်ရ

၃၂။ ။ဒသအကု၊ မဟာကု၊ တခုမနောဒွါ။
၃၃။ ။အရူပကု၊ ပေါင်လေးခု၊ တခုဝိပါကာ။
၃၄။ ။နှစ်ဆယ့်လေးပါး၊ တိဟိတ်သား၊ ဖြစ်ခြား အရူပါ။
၃၅။ ။၎င်း၌တွင်၊ ငါးခုပင်၊ နုတ်ငင် အကုသိုလ်။
၃၆။ ။နှင့်ဆယ်တိတိ၊ သုံးသေက္ခ၊ သွင်းဘိ၊ မိမိဖိုလ်။
၃၇။ ။မဟာကြိယာ၊ မနောဒွါ၊ အရူပ ကြိယာလေး။
၃၈။ ။မိမိဖိုလ်ပါ၊ ဝိပါက်သာ၊ ထည့်ပါ ဉာဏ်ဖြင့်တွေး။

ပုဂ္ဂိုလ်ရ စိတ်ရ သံပေါက် လင်္ကာ ပြီး၏။

## ပဋိသန္ဓိ စတုက္က အဘွင့်

၁၃။ ။**အပါယ ပဋိသန္ဓိ၊ ကာမသုဂတိ ပဋိသန္ဓိ၊ ရူပါဝစရပဋိသန္ဓိ၊ အရူပါဝစရ ပဋိသန္ဓိစေတိ စတုဗ္ဗိဓာ ပဋိသန္ဓိ နာမ။**

သင်္ဂြိုဟ်ပါဠိ။

၁-အပါယ် ပဋိသန္ဓေ၊ ၂-ကာမသုဂတိ ပဋိသန္ဓေ၊ ၃-ရူပါဝစရ ပဋိသန္ဓေ၊ ၄-အရူပါဝစရ ပဋိသန္ဓေဟူ၍ ပဋိသန္ဓေသည် ၄-မျိုး အပြားရှိ၏။ ။ဟူလို။

ဤကား ပိဏ္ဍတ္ထ။

---

၁။ ။ထိုလေးမျိုးတို့တွင် ငရဲဘုံ, တိရစ္ဆာန်ဘုံ, ပြိတ္တာဘုံ, အသုရကာယ်ဘုံ တည်းဟူသော အပါယ်လေးဘုံ၌ ပဋိသန္ဓေ တည်နေမှုသည် အပါယ် ပဋိသန္ဓေမည်၏။

၂။ ။လူ့ဘုံ နတ်ဘုံတည်းဟူသော ကာမသုဂတိ ၇-ဘုံ၌ ပဋိသန္ဓေ တည်နေမှုသည် ကာမသုဂတိ ပဋိသန္ဓေမည်၏။

၃။ ။ရူပ ၁၆-ဘုံ၌ ပဋိသန္ဓေ တည်နေမှုသည် ရူပါဝစရ ပဋိသန္ဓေ မည်၏။

၄။ ။အရူပ ၄-ဘုံ၌ ပဋိသန္ဓေ တည်နေမှုသည် အရူပါဝစရပဋိသန္ဓေ မည်၏။ ။ဤသို့လျှင် သတ္တဝါတို့၏ ၃၁-ဘုံ၌ အစစွာ ဖြစ်ခြင်းဟု ဆိုအပ်သော ပဋိသန္ဓေ တည်နေမှုသည် ၄-ပါးသာ အပြားရှိ၏။

---

## အပါယ် ပဋိသန္ဓေ အဘွင့်

၁၄။ ။**တတ္ထ အကုသလဝိပါကော ပေက္ခာ သဟဂတ သန္တီရဏံ အပါယဘူမိယံ ဩက္ကန္တိက္ခဏေ ပဋိသန္ဓိ ဟုတွာ တတော ပရံ ဘဝင်္ဂံ ပရိယောသာနေ စဝနံ ဟုတွာ ဝေါစ္ဆိဇ္ဇတိ။ အယမေကာပါယပဋိသန္ဓိနာမ။**

သင်္ဂြိုဟ်ပါဠိ။

ထိုလေးမျိုးသော ပဋိသန္ဓေတို့တွင်၊ အကုသလဝိပါက် ဥပေက္ခာ သဟဂုတ် သန္တီရဏစိတ်သည် အပါယ်လေးဘုံ၌ ကလလ ရေကြည် တည်

နေသောအခါ၌ ပဋိသန္ဓေစိတ် ဖြစ်၏။ ပဋိသန္ဓေ တည်နေ ပြီးသည့်မှနောက် စုတိမကျမီအတွင်း၌ ဘဝင်စိတ်ဖြစ်၏။ ဘဝ၏ အဆုံး စုတေသော အခါ၌ စုတိစိတ်ဖြစ်၏။ ။ဤကား အပါယ်တေးဘုံသားတို့၏ ပဋိသန္ဓေစိတ်တပါး တည်း။ ။ဟူလို။ ။ဤကား ဝိဂ္ဂဟတ္ထ။

---

## အဓိပ္ပါယ် အကျယ်

ဤသို့ သြက္ကန္တိက္ခဏေ- ဟူသည့်မှာ အပါယ် လေးဘုံတွင် တဘုံ ဘုံသို့ ရှေးဦးစွာ ကျရောက်သော ခဏကိုယူ။ ၎င်းအခိုက်အတန့် ကာလ၌ ဖြစ်သော အကုသလဝိပါက် ဥပေက္ခာ သဟဂုတ် သန္တီရဏ စိတ်ကို ပဋိသန္ဓေစိတ်ဟု ဆိုအပ်၏ ဟု မှတ်။

> သြက္ကမတိ ပရလောကတော အာဂန္တွာ ဣမ လောကေ ပဝိသတိ ဝိယ ဟောတီတိ သြက္ကန္တိ။

(အဝ-ရှေးရှိသော ကမ္မဝါတ်,တိ-ပစ္စည်း)။

ပရလောကတော၊တမလွန်လောကမှ။အာဂန္တွာ၊လာ၍။ဣမလောကေ၊ ဤအပါယ်ဘုံ လောက၌။ သြက္ကမတိ-ပဝိသတိ ဝိယ ဟောတိ၊ ဝင်လာတိ သကဲ့သို့ ဖြစ်တတ်၏။ဣတိတသ္မာ၊ ထိုကြောင့်။သြက္ကန္တိ၊သြက္ကန္တိမည်၏။

တတော ပရံ ဘဝင်္ဂ-ဟူသောပါဠ်ဖြင့် ဘဝင်၏ အခါကာလကို ပြ၏။ ပဋိသန္ဓေ အချိန်အခါနှင့် စုတိအခါ၏ အလယ်ခြားဖြစ်သော အချိန်အခါ၌ ဖြစ်ပေါ်လာသမျှသော ဝိထိစိတ်မှတပါးသော အကုသလဝိပါက် ဥပေက္ခာ သဟဂုတ် သန္တီရဏစိတ်သည် ဘဝင်စိတ် မည်၏။ ။ဟူလိုသည်။ ။ ပရိယောသာနေ စဝနံ-ဟူသော ပါဠ်ဖြင့် စုတိစိတ်၏ ကာလကိုပြ၏။ ။ အပါယ်ဘဝ၏ အဆုံးဖြစ်သော သေလွန်ပျက်စီးသော အခါ၌ ဖြစ်ပေါ်လာ သော အကုသလဝိပါက် ဥပေက္ခာသဟဂုတ် သန္တီရဏစိတ်သည် စုတိ မည်၏။ ။ဟူလို။

သို့ဖြစ်၍ ပဋိသန္ဓေစိတ်, ဘဝင်စိတ်, စုတိစိတ် တို့သည် အမည်ပင် ကွဲသော်လည်း တရားကိုယ်အားဖြင့် အကုသလဝိပါက် ဥပေက္ခာ သဟဂုတ် သန္တီရဏစိတ် တပါးတည်းပင် ဖြစ်သဖြင့် ပဋိသန္ဓေ စိတ်သည်ပင်လျှင် အပါယ်ဘုံသားတို့၏ ဘဝင်စိတ် လည်းမည်၏။ စုတိစိတ်လည်း မည်၏။ ထိုကြောင့် ဤအဟိတ် အကုသလဝိပါက် ဥပေက္ခာ သဟဂုတ် သန္တီရဏ

စိတ်သည် အပါယ်ဘုံသားတို့၏ ပဋိသန္ဓေ စိတ်မျိုးဖြစ်၏။ ။ဤမိတ် မျိုးဖြင့် ပဋိသန္ဓေတည်နေသော သတ္တဝါတို့ကို၊ အပါယ်ဘုံသား-ဟု ဆိုအပ် ကုန်၏။ ။ဟူလို။

---

## အဟိတ် ပဋိသန္ဓေ အဘွင့်

၁၇။ ။ကုသလဝိပါကောပေက္ခာ သဟဂတ သန္တီရဏံ ပန ကာမသုဂတိယံ မနုဿာနဉ္စေဝ ဇစ္စန္ဓာဒီနံ ဘုမ္မဿိတာနဉ္စ ဝိနိပါတိကာသုရာနံ ပဋိသန္ဓိဘဝင်္ဂစုတိဝသေန ပဝတ္တတိ။

သင်္ဂြိုဟ်ပါဠိ။

အဟိတ် ကုသလဝိပါက် ဥပေက္ခာသဟဂုတ် သန္တီရဏစိတ် တပါး သည် ကာမသုဂတိဘုံ၌ ပဋိသန္ဓေအခါ စက္ခုစသော ကြွန်အင်္ဂါယုတ် လျော့ ချို့ယွင်း၍ ဇစ္စန္ဓစသည်ခေါ်ရသော လူများတို့၏၎င်း၊ စာတုမဟာ ရာဇ်ဘုံ၌ အဝင်အပါဖြစ်ကုန်သော သုန်းကံနည်းသော ဝိနိပါတိက အသု ရာဟုခေါ်အပ်သော ဘုမ္မစိုးနတ်မျိုးဖြစ်သော ဘီလူး, သဘက်, တစ္ဆေ, မြေဘုတ်, အစိမ်း, သရဲ-အစရှိသော နတ်ဆိုးတို့၏၎င်း ပဋိသန္ဓေ, ဘဝင်, စုတိ-စိတ် ဖြစ်၏။ ။ဟူလို။

ဤကား ပိဏ္ဍတ္ထ။

---

အဝယဝတ္ထကား···· အထက်ပါ သင်္ဂြိုဟ်ပါဠိ၌ ကာမသုဂတိယံ-ဟုပင် ဆိုသော်လည်း၊ နောက် မနုဿာနဥ္စ-စသော ပါဠိကို ထောက်၍ လူဘုံနှင့် စာတုမဟာရာဇ် နတ်ဘုံကိုသာ ယူရ၏။ ။ဇစ္စန္ဓာဒီနံ....ဟူသောပါဌ်၌ ဇစ္စန္ဓ-ဟူသည်ကား—

ဇာတိယာ အန္ဓော ဇစ္စန္ဓော။

ဇာတိယာ၊ပဋိသန္ဓေခဏ၌၊ အန္ဓော၊ ကန်းသည်တည်း။ ဇစ္စန္ဓော၊ ပဋိ သန္ဓေခဏ၌ ကန်းသောသူ။ ။အဓိပ္ပါယ်ကား····ပဋိသန္ဓေ ၄-မျိုးတို့တွင် သံသေဒဇ ပဋိသန္ဓေ၊ဥပပါတ် ပဋိသန္ဓေ-နှစ်ပါးဖြင့် ပဋိသန္ဓေ တည်နေသော သူတို့အား ပဋိသန္ဓေခဏ၌ စက္ခုနှင့်တကွ ဖြစ်သင့်လျက် စက္ခုမဖြစ်၊ မပါသည်ဖြစ်အံ့၊ဇစ္စန္ဓပုဂ္ဂိုလ်မည်၏။ ။အဏ္ဍဇ-ပဋိသန္ဓေ၊ ဇလာဗုဇ-ပဋိ သန္ဓေတည်နေသော ပုဂ္ဂိုလ်တို့အား သတ္တမသတ္တာဟ-စက္ခု ဖြစ်ချိန် ကာလ

၌ အကုသိုလ်ကံ တားမြစ်သောကြောင့် စက္ခုမပါသည် ဖြစ်အံ့-ဇစ္စန္ဓပုဂ္ဂိုလ် မည်၏။ ။စက္ခုဒသက ကလာပ် ဖြစ်ပြီးမှ တစုံတခုသော အကြောင်းကြောင့် စက္ခုမပါမူ၍ မွေးဖွားလာသော ပုဂ္ဂိုလ်ကို ဇစ္စန္ဓဟု မဆိုအပ်ချေ။

ဇစ္စန္ဓာဒိနံ-၌ အာဒိသဒ္ဒါဖြင့် ဇစ္စဗဓိရ၊ ဇစ္စဃာန၊ ဇစ္စမူဂ၊ ဇစ္စဠေ၊ ဇစ္စုမ္မတ္တက၊ပဏ္ဍက၊ ဥဘတောဗျဉ္ဇနက၊ နပုံသက၊ မမ္မက-စသော သူတို့ကို ယူအပ်ကုန်၏။၎င်းပုဂ္ဂိုလ်တို့သည်လည်း၊ အဟိတ်ကုသလဝိပါက် ဥပေက္ခာ သဟဂုတ်သန္တီရဏ စိတ်ဖြင့်သာ ပဋိသန္ဓေနေသော သူတို့မည်ကုန်၏ဟု ဆိုလိုသည်။ ။၎င်းပုဂ္ဂိုလ်တို့ကွင် ပဋိသန္ဓေ အားဖြင့် နားပင်းသော သူသည် ဇစ္စဗဓိရ ပုဂ္ဂိုလ်မည်၏။ ။ပဋိသန္ဓေအားဖြင့် ဃာနပသာဒ ချို့သော သူသည် ဇစ္စဃာန ပုဂ္ဂိုလ်မည်၏။ ။ပဋိသန္ဓေအားဖြင့် ဇိဝှါပသာဒ မချို့ ကောင်း၊ ပဋိသန္ဓေအားဖြင့် အ-သောသူသည် ဇစ္စမူဂပုဂ္ဂိုတ် မည်၏။ ။ ပဋိသန္ဓေအားဖြင့် ဆွံ့-သောသူသည် ဇဠေ-ပုဂ္ဂိုလ်မည်၏။။ ။ပဋိသန္ဓေ အားဖြင့် စိတ်ဘောက်ပြန်သော ဂမ်းတွင်းရူးသည် ဇစ္စုမ္မတ္တကမည်၏။ ။ ကာမဂုဏ်ကို ခံစားလိုသောကြောင့် ပန်းစုတ်ခြင်းစသော ယုတ်ယုတ် မာမာအမှုမျိုးကို ပြုလုပ်ရသော ဝါ-ပန်းစုတ်မှုကိုပြုမှ ကာမဂုဏ်ခံစားနိုင် သောသူမျိုးသည် ပဏ္ဍုက် မည်၏။

ယောက်ျား တလ၊ မိန်းမ တလ စသည်ဖြင့် ဖြစ်ပျက် ပြောင်းလဲ၍ ယောက်ျား ဖြစ်တုံ မိန်းမ ဖြစ်တုံ ယောက်ျား၊ မိန်းမတို့၏ နိမိတ်အင်္ဂါ အစုံရှိသောသူသည် ဥဘတော ဗျည်းမည်၏။

ဥဘတော ဗျဉ္ဇနံ ယဿာတိ ဥဘတော ဗျဉ္ဇနကော။

ဟုပြု။ ။ယဿ၊အကြင်သူအား။ဥဘသော၊ယောက်ျား၊မိန်းမ နှစ်ပါးစုံမှ။ ဗျဉ္ဇနံ၊လိင် နိမိတ်သည်၊ အတ္ထိ၊ရှိ၏။ ဣတိတသ္မာ၊ထို့ကြောင့်။ ဥဘတော ဗျဉ္ဇနကော၊ဥဘတောဗျည်းမည်၏။

ယောက်ျားလည်း မဟုတ်၊မိန်းမလည်း မဟုတ်၊နှစ်ပါးစုံမှ လွတ်၍ လိင် နိမိတ် ၂-ပါးမှ ကင်းသောသူသည် နပုန်းမည်၏။

အကြင်သူသည် ပကတိ စကားပြောဆိုရာ၌ စကား တလုံးတလုံးကို လွန်စွာ အားထုတ်၍ ပြောဆိုရ၏။ လွန်စွာ အားထုတ်၍ ပြောဆိုပါသော် လည်း ချောချော ပြေပြေ မရှိ၊ ထစ်ထစ် ငေါ့ငေါ့ရှိ၏။ ထိုသူသည် မမ် စွဲသောသူမည်၏။

## ဝိနိပါတိက အသုရာ အဓိပ္ပါယ်

သင်္ဂြိုဟ်ပါဠိ၌''ဘုမ္မဿိတာနဉ္စ ဝိနိပါတိကအသုရာနံ''အရ ဘုမ္မဿိတ နတ်၊ဝိနိပါတိကအသုရာ နတ်ဟု ၂-မျိုး ခွဲ၍ ယူတော်မူကြ၏။ ဝိသေသန ဝိသေသျ ကြံ၍ တပုဒ်ထည်းလည်း ကြံတော်မူကြကုန်၏။ သင့်သည်ချည်း ပင်။ ။ဤ၌ ဘုမ္မဿိတ-ဟူသည်ကား-

ဘူမိယံ ဇာတာတိ ဘုမ္မာ။

ဘူမိယံ၊ မြေအပြင်၌။ ဇာတာ၊ဖြစ်သော နတ်တို့တည်း။ ဣတိ တသ္မာ၊ ထိုကြောင့်။ ဘုမ္မာ၊ဘုမ္မမည်ကုန်၏။ ။ဝိဂြိုဟ်အရ····မြေနှင့်စပ်၍ တည်ကုန် သော သစ်ပင် ဗိမာန်,တော တောင် ဗိမာန် စသည်တို့၌ ဖြစ်ကုန်သော အာဋ္ဌာဝကဘီလူး, သာတာဂိရိနတ်, ဟေမဝတနတ်, စတောတန်ခိုးကြီး သော ဘုမ္မစိုး,ရုက္ခစိုးနတ်မျိုးသည်-ဘုမ္မဒေဝတာ မည်၏။

ဘုမ္မဒေဝေ သိတာ နိဿိတာတိ ဘုမ္မဿိတာ။

ဘုမ္မဒေဝေ၊ ဘုမ္မစိုး, ရုက္ခစိုးနတ်တို့ကို။သိတာ နိဿိတာ၊ မှီ၍ ဖြစ်ကုန် သည်တည်း။ ဣတိ တသ္မာ၊ထို့ကြောင့်။ဘုမ္မဿိတာ၊ ဘုမ္မဿိတ မည်ကုန် ၏။ ။အဓိပ္ပါယ်ကား····ရှေးကောင်းမှု နည်းပါးသောကြောင့်မိမိပိုင်ဆိုင် သော ဘုံဗိမာန်မရှိ။ကြီးကျယ်သော စည်းစိမ်ချမ်းသာလည်းမရှိအစေအပါး ကျေးကျွန်များဖြစ်၍ တန်ခိုးကြီးသော ရုက္ခစိုး,ဘုမ္မစိုး နတ်တို့ကိုသာ မှီခို၍ နေကြရကုန်သောကြောင့် ဘုမ္မဿိတ နတ်မည်ကုန်၏။ထိုနတ်မျိုးတို့သည် မိမိကိုယ်ပိုင် ဘုံဗိမာန်များမရှိကြသဖြင့် တောချုံ ပုတ်ပေါင်းတို့၌၎င်း၊ရိုးမြောင်ရိုးတို့၌၎င်း၊လိုင်အို,ဂူအို,ကျောင်းပျက်,ကန်ပျက်,သုသာန် သင်းချိုင်း စသည်တို့၌၎င်း မှီခိုကပ်ရပ်၍ နေကြကုန်သော ယခု ကာလခေါ်ကြသော တစ္ဆေ,သူရဲစသော နတ်မျိုးတို့ပင်တည်း။ ။ထို ဘုမ္မဿိတ နတ်မျိုးတို့ ပင်လျှင်—

ဝိရူပါ ဟုတွာ ဘဝန္တရေ နိပတန္တီတိ ဝိနိပါတိကာ။
ဝိနိပါတိကာ စ တေ အသုရာစာတိ ဝိနိပါတိကအသုရာ။

ဝိဂြိုဟ် အရ····ဝိနိပါတိက အသုရာလည်း မည်ကုန်၏။ ။ဝိရူပါ၊ အဆင်းမလှ ကုန်သည်။ ဟုတွာ၊ ဖြစ်ကုန်၍။ ဘဝန္တရေ၊ ဘဝတပါး၌။ နိပတန္တိ၊ ကျရောက်တတ်ကုန်၏။ ဣတိ တသ္မာ၊ထို့ကြောင့်။ ဝိနိပါတိကာ၊

ဝိနိပါတိက မည်ကုန်၏။ ဝိနိပါတိကာ စ၊ ဝိနိပါတိက တို့သည်လည်း။ ဟောန္တိ၊ဖြစ်ကုန်၏။တေ၊ထိုဝိနိပါတိက တို့ ဟူသည်။ အသုရာ စ၊အသုရာ တို့သည်လည်း။ ဟောန္တိ၊ကုန်၏။ဣတိ တသ္မာ၊ ထို့ကြောင့်။ ဝိနိပါတိက အသုရာ၊ဝိနိပါတိကအသုရာ မည်ကုန်၏။

ထိုဘုမ္မသိတဝိနိပါတိက အသုရာဟု ဆိုအပ်ကုန်သော တစ္ဆေ,သူရဲတို့ သည်ကား ရွာ၏အနီးအပါးဥပစာတို့၌၎င်း၊ရွာ၏အတွင်း၌သော်၎င်း ဆိတ် ငြိမ်ရာတို့၌ ကပ်ခိုနေထိုင်ကုန်ပြီးလျှင် ရွာသူ ရွာသားတို့ စွန့်ပစ်အပ်ကုန် သော ထမင်းလုံး၊ဟင်းဖတ်၊မုံ့ကြွင်း၊မုံ့ကျန် ငါးအမဲ စသည်တို့ကို ရှာဖွေ စားသောက်ရကုန်၏။ ထိုသို့သော အကြွင်းအကျန်များကို မရကြလျှင် ကလေး သူငယ်တို့ကို တစုံတရာ ရောဂါဖြစ်အောင် ဘမ်းစားကြကုန်၏။ တတ်နိုင်ကြလျှင်လည်း လူကြီးတို့ကိုပင် ချောက်လှန့်ကြကုန်၏။ တရံတခါ လူတို့ကို ပူးဝင်၍ အစားအစာ တောင်းကြကုန်၏။ဤသို့လျှင် ဇမ္ဗူ-စသော လူမျိုး၊စတုမဟာရာဇ် အပါအဝင်ဖြစ်သော တစ္ဆေ၊ သူရဲစသော ဘုမ္မသိတ ဝိနိပါတိက အသုရာနတ်မျိုး တို့သည်၎င်း အဟိတ် ကုသလ ဝိပါက် ဥပေက္ခာ သန္တီရဏစိတ်ဖြင့်သာ ပဋိသန္ဓေ တည်နေကြကုန်၏။ ။ဟူလို

သို့ရာတွင် အချို့သော ဝိနိပါတိက အသုရာ တို့သည် ထိုစိတ်ဖြင့် ပဋိသန္ဓေ မတည်နေကြကုန်။ ဒွိဟိတ် တိဟိတ်လည်း ရှိကြကုန်သေး၏။ ထို့ကြောင့် ဝိယက်ရမာတာ၊ဥတ္တရမာတာ၊ဓမ္မဂုတ္တာ၊ဖုဿမိတ္တာ- စသော ဝိနိပါတိကအသုရာတို့သည် တရားထူးကိုရကြ၍ သောတာပန်များ ဖြစ်နိုင် ကြကုန်၏။

ယေ ပနေတ္ထ တိဟေတုကာ။တေသံ ဓမ္မာဘိသမယောပိ ဟောတိ။
သုတ်မဟာဝါ မဟာနိဒါနသုတ် အဋ္ဌကထာ။

ဧတ္ထ၊ဤဝိနိပါတိကအသုရာတို့တွင်။ယေပန၊အကြင်ဝိနိပါတိက အသုရာ တို့သည်ကား။တိဟေတုကာ၊ တိဟိတ် ပဋိသန္ဓေ ရှိကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ တေသံ၊ ထိုဝိနိပါတိက အသုရာတို့အား။ ဓမ္မာသိသမယောပိ၊ သစ္စာလေးပါး တရားကို သိခြင်းသည်လည်း။ဟောတိ၊ဖြစ်၏။

ဇမ္ဗုန္ဓာဒီနန္တိ ဧတ္ထ အာဒိဂ္ဂဟဏေန ဇမ္ဗုဗဓိရ, ဇမ္ဗုမူဂ, ဇမ္ဗုဠေ, ဇမ္ဗုမြမ္မတ္တက, ပဏ္ဍက, ဥဘတော ဗျဉ္ဇနက, နပုံသက, မမ္မာဒီနံ သင်္ဂဟော။ ။ဋီကာကျော်။

ဥပ္ပဇ္ဇိတွာ ဘိန္နော နာမိပ္ပေတော။ ။သခေ်ပ ဋီကာ။

ဥပေက္ခာသဟဂတာ မနောဝိညာဏဓာတုမနုဿေသု ဇစ္စန္ဓာ— ဒိနံ ပဋိသန္ဓိ' အာဒိ' ကတွာ ပဋ္ဌသု ဌာနေသု ဝိပစ္စတိ။

အဋ္ဌသာလိနီ အဋ္ဌကထာ။

---

## ကာမသုဂတိပဋိသန္ဓေအဘွင့်

၁၈။ ။မဟာဝိပါကာနိ ပန အဋ္ဌ သဗ္ဗတ္ထာပိ ကာမသုဂတိယံ ပဋိသန္ဓိ ဘဝင်္ဂစုတိဝသေန ပဝတ္တန္တိ။

သင်္ဂြိုဟ်ပါဠိ။

မဟာဝိပါက်စိတ် ၈-ခုတို့သည် အလုံးစုံသော လူဘုံ,နတ်ပြည်ခြောက်ထပ် တည်းဟူသော ကာမသုဂတိ ၇-ဘုံ၌ ပဋိသန္ဓေ, ဘဝင်, စုတိတို့၏ အစွမ်းဖြင့် ဖြစ်ကုန်၏။ ။ဟူလို။ ။ဤကား ပိဏ္ဍတ္ထ။

---

## အဓိပ္ပါယ် အကျယ်

မဟာဝိပါက်စိတ် ၈-ခုတို့တွင် ဉာဏဝိပ္ပယုတ် ၄-ခုဖြင့် ပဋိသန္ဓေ တည်နေကြသော လူနှင့် နတ်ပြည်ခြောက်ထပ် နတ်များတို့သည် ဒွိဟိတ်ပုဂ္ဂိုလ် မည်ကုန်၏။ ။အဘယ်ကြောင့်ဆိုသော် ၎င်းဉာဏဝိပ္ပယုတ် ပဋိသန္ဓေ စိတ်၌ အလောဘနှင့် အဒေါသဟိတ် နှစ်ပါးသာပါရှိသောကြောင့်တည်း။

ဉာဏသမ္ပယုတ်စိတ် ၄-ခုဖြင့် ပဋိသန္ဓေတည်နေကြသော လူနှင့် နတ်ပြည်ခြောက်ထပ် နတ်များတို့သည် တိဟိတ်ပုဂ္ဂိုလ်မည်ကုန်၏။ အဘယ့်ကြောင့်ဆိုသော် ၎င်းပဋိသန္ဓေဖြစ်သော ဉာဏသမ္ပယုတ်စိတ်၌ အမောဟ, အဒေါသ,အလောဘ-တည်းဟူသော ဟိတ် ၃-ပါးရှိသောကြောင့်တည်း။ ၎င်းဒွိဟိတ်ပဋိသန္ဓေစိတ်သည် ၄-ပါး ရှိသဖြင့် သောမနဿ သဟဂုတ် ဉာဏဝိပ္ပယုတ် အသင်္ခါရိကစိတ်ဖြင့် ပဋိသန္ဓေ တည်နေသော ဒွိဟိတ်, သောမနဿ သဟဂုတ် ဉာဏဝိပ္ပယုတ် သသင်္ခါရိကစိတ်ဖြင့် ပဋိသန္ဓေ တည်နေသော ဒွိဟိတ်စသောအားဖြင့် ဒွိဟိတ်ပုဂ္ဂိုလ် ၄-မျိုးဖြစ်သင့်၏။ ။ တိဟိတ် ပဋိသန္ဓေ စိတ်သည်လည်း ၄-ပါး ရှိသဖြင့် ရှေးအတူ တိဟိတ် ပုဂ္ဂိုလ် ၄-မျိုး ပြားသင့်၏ ဟု မှတ်။

---

၁၉။ ။ဣမာ နဝ ကာမသုဂတိ ပဋိသန္ဓိယော နာမ။

၂၀။ ။သာ ပနာယံ ဒသဝိဓာပိ ကာမာဝစရပဋိသန္ဓိစ္စေဝ သင်္ခံ ဂစ္ဆတိ။

သင်္ခိုဟ်ပါဌ်။

ဤဆိုအပ်ပြီးသော အဟိတ်ကုသလ ဝိပါက်ဥပေက္ခာသန္တီရဏတည်းဟူသော သုဂတိအဟိတ် ပဋိသန္ဓေစိတ် ၁-ခု၊ မဟာဝိပါက်ပဋိသန္ဓေစိတ် ၈-ခုအားဖြင့် ကိုးပါးသော ပဋိသန္ဓေစိတ်တို့သည် လူ့ပြည်,နတ်ရွာဖြစ်သော ကာမသုဂတိ ၇-ဘုံသားတို့၏ ပဋိသန္ဓေစိတ်ဖြစ်သောကြောင့်ကာမသုဂတိပဋိသန္ဓေစိတ် မည်ကုန်၏။ ။နောက်က ပြဆိုခဲ့ပြီးသော အတိုင်း ဒုဂ္ဂတိအဟိတ် ပုဂ္ဂိုလ်၏ ပဋိသန္ဓေဖြစ်သော အဟိတ် အကုသလဝိပါက် ဥပေက္ခာသန္တီရဏစိတ် ၁-ခု၊ သုဂတိအဟိတ် ပုဂ္ဂိုလ်၏ ပဋိသန္ဓေစိတ်ဖြစ်သော အဟိတ် ကုသလဝိပါက် ဥပေက္ခာသန္တီရဏ ၁-ခု၊ ဒွိဟိတ် ပုဂ္ဂိုလ်၏ ပဋိသန္ဓေစိတ်ဖြစ်သော မဟာဝိပါက် ဉာဏဝိပ္ပယုတ်စိတ် ၄-ခု၊ တိဟိတ်ပုဂ္ဂိုလ်၏ ပဋိသန္ဓေစိတ် ဖြစ်သော မဟာဝိပါက် ဉာဏသမ္ပယုတ်စိတ် ၄-ခုအားဖြင့် ဤ ၁၀-ပါးသော ပဋိသန္ဓေစိတ်သည် ကာမဘုံသားတို့၏ ပဋိသန္ဓေဖြစ်သောကြောင့် ကာမာဝစရ ပဋိသန္ဓေ စိတ်မည်၏။

ကာမာဝစရ ဘဝင်စိတ်,ကာမာဝစရ စုတိစိတ်တို့သည်လည်း ထိုအတူ ၁၀-ပါးပင် ဖြစ်ကုန်၏ ဟု သိ။

။ဤကား ဝိဂ္ဂဟတ္ထ။

---

## အသက် အပိုင်းအခြား အတွင့်

၂၁။ ။တေသု စတုန္နံ အပါယာနံ မနုဿာနံ ဝိနိပါတိကာ သုရာနဉ္စ အာယုပ္ပမာဏဂဏနာယ နိယမော နတ္ထိ။

သင်္ခိုဟ်ပါဌ်။

ထိုဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ် စသော ပုဂ္ဂိုလ်တို့တွင် အပါယ်လေးဘုံသားတို့၏၎င်း,လူတို့၏၎င်း,ဝိနိပါတိကအသုရာတို့၏၎င်း အသက်အပိုင်းအခြား မရှိ။ ။ဟူလို။

ဤကား-ဝိဂ္ဂဟတ္ထ။

## အဓိပ္ပါယ် အကျဉ်း

ဤသင်္ဂြိုဟ်ကျမ်းလာ အပါယ် လေးဘုံ သားတို့၏ အသက် အတိုင်း အရှည်သည် အမြဲမရှိ ဟူသောစကား၌ အပါယ်လေးဘုံသားတို့သည် မိမိ ရှေးဘဝက ပြုခဲ့ဘူးသော အကုသိုလ်ကံသာလျှင် အကြောင်းရင်း ရှိသော ကြောင့် အကြင်မျှလောက် ကံမကုန်သေး၊ ထိုမျှလောက် ကာလပတ်လုံး အသက်ရှည်သည်ကို ရည်၍ မိန့်ဆိုသော စကားဖြစ်လေသည်။

ထိုစကားမှန်၏၊အသက်အပိုင်းအခြား အတိုင်းအရှည်ဟူသည် သတ္တဝါ တို့၏ ကံသာလျှင် အကြောင်းရှိသော ကံအသက်, ဘုံဓလေ့ ပမာဏအရ ဖြစ်သော ဘုံသက်,ဟူ၍ ၂-မျိုးရှိ၏။ ထို ၂-မျိုးသော အသက်အပိုင်း အခြား အာယုပရိစ္ဆေဒတို့တွင် အပါယ်ဘုံသားတို့၏ အသက်ရှည်မှုသည် ကံသာလျှင် အကြောင်းရင်းရှိသော ကံသက်သတ္တဝါမျိုး ဖြစ်သည်ကို ရည်၍ အပါယ်ဘုံသားတို့၏ အသက် အပိုင်းအခြားမရှိဟူ၍ သင်္ဂြိုဟ်ဆရာ မိန့်ဆို တော်မူလေသည်။　။သို့သော် ဓမ္မဟဒယဝိဘင်း အနုဋီကာ ဆရာကား ဥက္ကံသနည်းအားဖြင့် ငရဲသူတို့၏ ဘုံသက်ကို ပိုင်းခြား၍ ပြတော်မူလေ၏။

ပြဟန်ကား····နတ်တို့၏ အရေအတွက် အားဖြင့် စာတုမဟာရာဇ် နတ်တို့၏ အသက်ငါးရာသည် သိဉ္ဇိုးငရဲ၏ တရက်ဖြစ်၏ ထိုရက်သုံး ဆယ်သည် တလဖြစ်၏၊ထိုလဖြင့် ၁၂-လသည်တနှစ်၊ ထိုနှစ်ဖြင့် အနှစ် ငါးရာသည် သိဉ္ဇိုးငရဲ၏ အသက်မည်၏။　။ထိုနည်းတူ တာဝတိံသာနတ် တို့၏ နတ်သက်တထောင်သည် ကာလသုတ်ငရဲ၏ တရက်ဖြစ်၏ ထိုရက် လ-နှစ်တို့ဖြင့် အနှစ် နှစ်ထောင်သည် ကာလသုတ်ငရဲ၏ အသက်ဖြစ်၏။　။ ယာမာနတ်တို့၏ အသက်နှစ်ထောင်သည် သံဃာတငရဲ၏ တရက်ဖြစ်၏၊ ထို ရက်-လ-နှစ်တို့ဖြင့်အနှစ်နှစ်ထောင်သည် သံဃာတငရဲ၏ အသက်ဖြစ်၏၊ တုသိတာနတ်တို့၏ အသက် လေးထောင်သည် ရောရုဝငရဲ၏ တရက် ဖြစ်၏၊ ထို ရက်-လ-နှစ်တို့ဖြင့် အနှစ် လေးထောင်သည် ရောရုဝငရဲ၏ အသက်ဖြစ်၏။　။နိမ္မာနရတိနတ်တို့၏ အသက်ရှစ်ထောင်သည် မဟာ ရောရုဝငရဲ၏ တရက်ဖြစ်၏၊ထိုရက်-လ-နှစ်တို့ဖြင့် အနှစ် ရှစ်ထောင်သည် မဟာရောရုဝငရဲ၏ အသက်ဖြစ်၏။ ပရနိမ္မိတဝသဝတ္တိနတ်တို့၏ အသက် တသောင်း ခြောက်ထောင်သည် တာပနငရဲ၏ တရက်ဖြစ်၏။ထို ရက်-လ- နှစ်တို့ဖြင့် အနှစ် တသောင်းခြောက်ထောင်သည် တာပနငရဲ၏ အသက်

ဖြစ်၏။ ။အန္တရကပ် ထက်ဝက်သည် မဟာတာပနငရဲ၏ အသက်ဖြစ်၏။ အန္တရကပ် တကပ်သည် အဝီစိငရဲ၏ အသက်ဖြစ်၏ ဟု လာရှိ၏။

ယံ စာတုမဟာရာဇိကာနံ အာယုပ္ပမာဏံ သဉ္ဇီဝေ သော ဧကော ရတ္တိဒိဝေါ။တာယ ရတ္တိယာ တိံသရတ္တိယော မာသော။ တေန မာသေန ဒွါဒသမာသိကော သံဝစ္ဆရော။တေန သံဝစ္ဆရေန ပဉ္စ ဝဿသတာနိ သဉ္ဇီဝေ အာယုပ္ပမာဏံ။ပ။မဟာတာပနေ ဥပဍ္ဎန္တရ ကပ္ပေါ၊အဝီစိယံ ဧကော အန္တရကပ္ပေါ၈ အာယုပ္ပမာဏန္တိ ဝဒန္တိ။

ဝိဘင်း အနုဋီကာပါဠိ။

ဤကား ငရဲသက် အတွင့်တည်း။

---

## လူတို့၏ အသက်ဘာမ်း

မနုဿာနည္တ…ပါဠိအရ၊ လူတို့၏ အသက် အပိုင်းအခြားလည်း မရှိ ဟူသောစကားသည် ဇမ္ဗူဒိပ်ကျွန်း၌ ဖြစ်ကြကုန်သော လူတို့ကိုသာ ရည်၍ ဆိုအပ်သော စကားဟု မှတ်။ ။အဘယ့်ကြောင့်ဆိုသော် ဇမ္ဗူဒိပ်ကျွန်း၌ သာလျှင် ကပ်အမျိုးမျိုး,ရောဂါအမျိုးမျိုးရှိ၍ အသက်တမ်း ဆုတ်တုံတက်တုံ ရှိကုန်၏။ ရံခါ တရားစောင့်ကြ၍ နေ-လ-နက္ခတ် ဖြောင့်မတ်၍ ဥတုနှင့် ပြည့်စုံကောင်းမွန် သောအခါ အသက် အသင်္ချေ တိုင်အောင်လည်း ရှည် ကုန်၏။ တရားပျက်၍ နက္ခတ်, တာရာ, အသွားအလာမမှန်။ ဥတုအာဟာရ ဆောက်ပြန်သော အခါ၌ ၁၀-နှစ်မျှသာ တိုသောအသက် ရှိကြကုန်၏။ အခြားသော မြောက်ကျွန်း, ရှေ့ကျွန်း, အနောက်ကျွန်းတို့၌ ထိုဇမ္ဗူဒိပ် ကျွန်း၌ကဲ့သို့ အသက် အတိုးအဆုတ် မရှိကြကုန်။ ထို့ကြောင့် ဇမ္ဗူဒိပ် ကျွန်းသားတို့၏ အသက်သာလျှင် အမြဲမရှိပေ။

ဥတ္တရကုရုဟု ဆိုအပ်သော မြောက်ကျွန်း၌ အသက်တထောင် အမြဲနေ ကြရကုန်၏။ပုဗ္ဗဝိဒေဟာဟု ဆိုအပ်သော အရှေ့ကျွန်း၌ အသက် ခုနစ်ရာ နေရ၏။ အပရဂေါယာနဟု ဆိုအပ်သော အနောက်ကျွန်း၌ အသက်ငါးရာ အမြဲနေကြရကုန်၏။ ဤသို့ လူတို့၏ အသက်သည် အမြဲမရှိဟု ဆိုသော် လည်း အချို့သော ကပ္ပဂန္ထစသော ကျမ်းတို့၌ကား အရှေ့ကျွန်း၏အသက် သည် ၇၀၀-ဟု မိန့်၏။

"ရှေ့နောက် ငါးရာ၊မြောက်မှာ တထောင်၊အမြဲဆောင်၊တောင်မှာမြဲမရှိ"။

၂၁-က။ ။ယော ဘိက္ခဝေ စိရံ ဇီဝတိ၊ သော ဝဿသတံ ဇီဝတိ၊ အပ္ပံဝါ ဘိယျော၊ ဒုတိယံ ဝဿသတံ န ပါပုဏာတိ။

ဟူသော သုတ်မဟာဝါ ပါဠိတော်၌ အဘယ့်ကြောင့် ပိုင်းခြား၍ ဟောတော်မူအပ်ပါသနည်းဟူမူ။ ။ဤပါဠိတော်စကားသည် ငါတို့ဂေါတမ မြတ်စွာဘုရား၏ သာသနာတွင်း ကာလ၌ ဖြစ်သောလူတို့ကို ရည်သန်၍ ဟောကြားတော်မူအပ်သော ဒေသနာတော် ဖြစ်ပေသည်။ အခါခပ်သိမ်း အတွက် ဟောတော်မူသည်မဟုတ်။

၂၁-ခ။ ။ဍာဒံ ပန အဇ္ဇတနကာလိကေ သန္ဓာယ ဝုတ္တံ။

ဋီကာကျော်။

ဝင်းပါဠိတော်နှင့် အညီ၊ ငါတို့ မြတ်စွာဘုရား သာသနာတော်ဝယ် ဝိသာခါဥပါသိကာ,ပေါက္ခရသာတိပုဏ္ဏား,ဗြဟ္မာယုပုဏ္ဏား,သေလပုဏ္ဏား, ဗာဝရိယပုဏ္ဏား, အာနန္ဒာမထေရ်, မဟာကဿပမထေရ်၊ ဤခုနစ်ယောက် တို့သည် အသက် တရာ့နှစ်ဆယ် ရှည်ကုန်၏။ အရှင် အနုရုဒ္ဓါမထေရ်သည် အသက် တရာ့ငါးဆယ်ရှည်၏။အရှင် ဗာကုလမထေရ်သည် အသက်တရာ့ ခြောက်ဆယ် ရှည်သောဟူ၏။

## ဝိနိပါတိကာသုရာနဋ္ဌ အဓိပ္ပါယ်

ဝိနိပါတိကာသုရာနဋ္ဌ-အရ၊အောက်ပြဆိုခဲ့ပြီးသောအတိုင်း၊ဘုမ္မစိုးနတ် တို့ကိုမှီ၍ ဖြစ်ကုန်သော ဝိနိပါတိကအသုရာဟု ဆိုအပ်ကုန်သော အစိမ်း, သူရဲ,တစ္ဆေ-စသော နတ်တို့ကိုသာရ၏။ သို့သော် ထိုဝိနိပါတိက အသုရာ တို့သည် ဘုမ္မစိုး, ရုက္ခစိုး နတ်တို့ကိုသာ အမှီပြု၍ နေရသောကြောင့် မှီရာ နိဿယဖြစ်သော ဘုမ္မစိုး, ရုက္ခစိုးနတ်တို့ကိုလည်း ယူအပ်ကုန်၏။

---

၂၁-က။ ။ယခင် ပါဠိတော်အနက်ကား။ ။ဘိက္ခဝေ၊ ရဟန်းတို့။ယော၊ အကြင် ပုဂ္ဂိုလ် သည်။စိရံ၊ ရှည်မြင့်စွာ။ဇီဝတိ၊အသက်ရှည်၏။ သော၊ ထိုသူသည်။ ဝဿသတံ၊ အနှစ်တရာမျှ။ ဇီဝတိ၊အသက်ရှည်၏။အပ္ပံဝါ၊အနည်းငယ်။ ဘိယျော၊ များသေး၏။ဒုတိယံ ဝဿသတံ၊အနှစ် ၂၀၀-သို့။ န ပါပုဏာတိ၊ မရောက်။

၂၁-ခ။ ။ဍာဒံပနဝစနံ၊ဤ ယော စိရံ-ဟူသောစကားကိုကား။အဇ္ဇတနကာလိကေ၊ငါတို့ မြတ်စွာဘုရား သာသနာတော်တွင်းကာလ၌ ဖြစ်ကုန်သောလူတို့ကို။သန္ဓာယ၊ရည်ရော်တော် မူ၍။ ဝုတ္တံ၊ ဟောတော်မူအပ်၏။

သို့ဖြစ်၍ တန်ခိုးကြီးကုန်သော ကိုယ်ပိုင် ဘုံဗိမာန်ရှိကုန်သော ဘုမ္မစိုးနတ် ရက္ခစိုးနတ်တို့၏ငှင်း။ လူများကဲ့သို့ ဘုံဗိမာန် မရှိကုန်သော ဆင်းရဲနွမ်းပါးကုန်သော တစ္ဆေ, သူရဲစသော ဝိနိပါတိက အသုရာနတ်တို့၏ငှင်း အသက်တမ်းအပိုင်းအခြား ပမာဏ မရှိကုန်။ထို့ကြောင့် အချို့သော ဘုမ္မစိုး ဖြစ်ကုန်သော အာဠဝက,သာတာဂိရိ, ဟေမဝတ,သူစိလောမ, ခရလောမ စသော ဘီလူးကြီးတို့သည် အန္တရကပ် တကပ်လုံးလုံးပင် အသက်ရှည်ကြကုန်၏၊အချို့သော ဘုမ္မစိုးနတ်တို့သည် တရက် ၂-ရက်စသည်သာ တည်နေကြကုန်၏။ ကျွန်ုပ်တို့ မြန်မာပြည်၌လည်း ပုဂံပြည်ကစ၍ ယခုတိုင် ကိုးကွယ်လာသောမဟာဂိရိနတ်,အတွင်း၃၇-မင်းစသောနတ်များကိုလည်း စာတုမဟာရာဇ်နတ် အဝင်အပါ ဘုမ္မစိုးနတ်တို့ဟု ဆိုအပ်ကုန်၏။

သို့ဖြစ်၍ ၁-အပါယ်ဘုံသား၊ ၂-လူ၊ ၃-ဘုမ္မစိုးနတ်၊ ၄-ဝိနိပါတိကအသုရာနတ်တို့ကို မမြဲသော အသက်တမ်းရှိသော သူတို့ဟု မှတ်အပ်ကုန်၏။ ။ ကံသာလျှင် အကြောင်းရင်း ရှိသည်ဖြစ်၍ မိမိ ကုသိုလ်ကံ, အကုသိုလ်ကံ အားလျော်စွာ၊ အသက်တည်နေကြကုန်၏။ ကာလနဂါးမင်း, မန္ဓာတုစကြာမင်း, ဆိုအပ်ပြီးသော အာဠဝက ဘီလူး- စသည်တို့ကို ထောက်ဆ၍ မှတ်လေ။ ။ဟူလို။

၂၁-ဂ။ ။အာပါယိကာမနုဿာယု၊ ပရိစ္ဆေဒေါ န ဝိဇ္ဇတိ၊
တထာပိ ကာလောမန္ဓာတာ၊ယက္ခာ ကေစိ စိရာယုနော။ ။

ဋီကာကျော်။

ဇမ္ဗုဒီပဝါသီနံ အာယုပ္ပမာဏံ နတ္ထိ၊ ပုဗ္ဗဝိဒေဟာနံ သတ္တဝဿသတာယုကာ၊ အပရဂေါယာနဝါသီနံ ပဉ္စဝဿသတာယုကာ၊ ဥတ္တရကုရုဝါသီနံ ဝဿသဟဿာယုကာ၊ တေသံ တေသံ ပရိတ္တဒီပဝါသီနမ္ပိ တဒနုဂတိကာဝ။ ။

သံယုတ် အဋ္ဌကထာ။

---

၂၁-ဂ။ ။အာပါယိကာမနုဿာယုပရိစ္ဆေဒေါ၊ အပါယ်လေးဘုံ သားတို့၏ အသက်အပိုင်းအခြား,လူတို့၏အသက်အပိုင်းအခြားသည်။န ဝိဇ္ဇတိ၊မရှိပေ။ တထာပိ၊ ထို့ကြောင့် မဟုတ်လော။ကာလော၊ကာလနဂါးမင်းသည်၎င်း၊။မန္ဓာတာ၊မန္ဓာတ်စကြာမင်းသည်၎င်း။ ကေစိ၊အချို့ကုန်သော။ယက္ခာ၊ အာဠဝကစသော နတ်တို့သည်၎င်း။စိရာယုနော၊ရှည်သော အသက်ရှိကုန်၏။

## နတ်သက် အဘွင့်

၂၂။ ။စာတုမဟာရာဇိကာနံ ပန ဒေဝါနံ ဒိဗ္ဗါနိ ပဉ္စဝဿသတာ
နိ အာယုပ္ပမာဏံ။ မနုဿဂဏနာယ နဝုတိ။ ပ။တာတော
စတုဂ္ဂုဏံ ပရနိမ္မိတဝသဝတ္တီနံ။

၂၃။ ။နဝဝဿတဒ္ဓေကာဋီသ၊ ဝဿာနံ ကောဋိယော တထာ။
ဝဿသတဟာဿသာနိ၊ သဋ္ဌိစ ဝသဝတ္တိသု။

သင်္ဂြိုဟ်ပါဠိ။

ဤပါဠိရပ်၌ ဝိဂ္ဂဟတ္ထကိုမပြဆိုမီ အဝယဝတ္ထကို ပြဆိုသင့်သောအတိုင်း အဝယဝတ္ထကို ရှေးဦးစွာ ရေးသားပေအံ့။ ။နတ်တို့၏ အသက်နှင့်လူတို့၏ အသက်ကို နှိုင်းလှည့်၍ ပြဆိုထားသော အရာဖြစ်၍ လူသက်, နတ်သက် နှိုင်းယှဉ်နည်းကို အောက်ပါ ဂါထာဖြင့်သိ။

၂၂-က။ ။ယာနိ ပညာသဝဿာနိ၊ မနုဿာနံ ဒိနော တဟိံ။
တိံသရတ္တိ ဒိဝေါ မာသော၊မာသာ ဒွါဒသ သံဝစ္ဆရံ။
တေန သံဝစ္ဆရေနာယု၊ဒိဗ္ဗံ ပဉ္စသတံ မတံ။ ။

အဓိပ္ပါယ်ကား····လူတို့၏ အနှစ်ငါးဆယ်သည် စာတုမဟာရာဇ်နတ်၏ တရက်ဖြစ်၏။ ထိုရက် ၃၀-သည် နတ်တို့၏ တလဖြစ်၏။ ထို ၁၂-လသည် နတ်တို့၏ တနှစ်ဖြစ်၏။ထိုနှစ်ပေါင်း ၅၀၀-သည် စာတုမဟာရာဇ်နတ်တို့၏ အသက် ဖြစ်၏။ ။ဟူလို။

## စတုဂ္ဂုဏံ အဓိပ္ပါယ်

တတော စတုဂ္ဂုဏံ-အရကို "ဒိဝ သံဝစ္ဆရဒိဂုဏဝသေန စတုဂ္ဂုဏံ" ဟု ဋီကာကျော်ဆရာ ဘွင့်သောကြောင့် နေ့ ၂-ဆတက်,နှစ် ၂-ဆတက်ကို ပေါင်း၍ လေးဆတက် ဟု ယူလေ။ ။ဆိုလိုရင်း အဓိပ္ပါယ်ကား····တာဝတိံသာစသော အထက်အထက် နတ်တို့သည် အောက်အောက် နတ်တို့ထက်၊ ရက်-လ-နှစ်အားဖြင့် ၂-ဆသာ၍ ကြီး၏။ အသက်တမ်းအားဖြင့်

---

၂၂-က။ ။မနုဿာနံ၊လူတို့၏။ယာနိပညာသဝဿာနိ၊အကြင် အနှစ်ငါးဆယ်တို့သည်။ သန္တိ၊ရှိကုန်၏။တာနိ၊တို့သည်။ တဟိံ၊ထိုစာတုမဟာရာဇ် နတ်ပြည်၌၊ ဒိနော၊တရက်သည်။ ဟောတိ၊၏။တိံသရတ္တိဒိဝေါ၊နေ့ညဉ့်သုံးဆယ်သည်။ မာသော၊တလမည်၏။ ဒွါဒသမာသာ၊ ၁၂-လတို့သည်။သံဝစ္ဆရံ၊တနှစ်မည်၏။တေနသံဝစ္ဆရေန၊ထိုနတ်တို့၏နှစ်ဖြင့်။ ပဉ္စသတံ၊ အနှစ်ငါးရာကို။ဒိဗ္ဗံ၊စာတုမဟာရာဇ်နတ်တို့၌ဖြစ်သော။ အာယု၊အသက်တမ်းဟူ၍။မတံ၊၏။

လည်း ၂-ဆသာ လွန်၏။ ဤသို့ ရက်-လ-နှစ်အားဖြင့် ၂-ဆပိုကဲသာလွန်သော ဒိဝဒိဂုဏ, အသက်တမ်း နှစ်အားဖြင့် ၂-ဆပိုကဲသာလွန်သော သံဝစ္ဆရဒိဂုဏ-အားဖြင့် ၄-ဆတက် စတုဂ္ဂဏ-ဖြစ်သတည်း။ သာလွန်ပုံကား····လူတို့၏ အနှစ် ငါးဆယ်သည် စာတုမဟာရာဇ်နတ်တို့၏ တရက်ဖြစ်၏။ငင်း စာတုမဟာရာဇ်နတ်တို့၏ တရက်ဖြစ်သော အနှစ်ငါးဆယ်ကို ၂-ဆတက်၍ လူတို့၏ အနှစ်တရာမှ တာဝတိံသာ နတ်တို့၏ တရက်ဖြစ်သောကြောင့် တာဝတိံသာ နတ်တို့သည် စာတုမဟာရာဇ် နတ်တို့ထက် ရက်အားဖြင့် ၂-ဆသာ ဒိဂုဏ-ဖြစ်၏။အသက်တမ်း အားဖြင့်လည်း စာတုမဟာရာဇ်နတ်တို့၏ အသက်တမ်းသည် ငါးရာဖြစ်သဖြင့် ၎င်းငါးရာထက် ၂-ဆသာ လွန်သော အနှစ် ၁၀၀၀-သည် တာဝတိံသာနတ်တို့၏ အသက်တမ်း ဖြစ်၍ အသက်တမ်း နှစ်အားဖြင့်လည်း ၂-ဆသာ ၂-ဆတက် ဒိဂုဏဖြစ်၏။ ။ယင်းရက် ၂-ဆတက်, အသက်တမ်း ၂-နှစ်ဆတက်ကို ပေါင်းသော် စတုဂ္ဂုဏ ၄-ဆတက် ဖြစ်၏။ ။ဟူလို။

အချို့ဆရာများကား၊ စာတုမဟာရာဇ်နတ်တို့၏ အသက်သည် ငါးရာ၊ တာဝတိံသာနတ်တို့၏ အသက်ကား ၁၀၀၀-ဖြစ်၍ ၂-ဆမျှသာ သာလွန်ရကား ၂-ဆတက်ဟု ယူတတ်, ယောင်တတ်၏။ သတိပြု။

၎င်း ၄-ဆတက်ပုံ မှန်ကြောင်းကို လူတို့၏ နှစ်အတိုးကို ထောက်ဆကသိသာ ထင်ရှားလှ၏။ ။ထင်ရှားပုံကား····စာတုမဟာရာဇ် နတ်တို့၏ အသက်သည် လူတို့၏ နှစ်အရေအတွက်အားဖြင့် ကိုးသန်းဖြစ်၏၊ တာဝတိံသာနတ်တို့၏ အသက်သည်ကား လူတို့၏ နှစ်အရေအတွက် အားဖြင့် သုံးကုဋေခြောက်သန်းဖြစ်ရာ စာတုမဟာရာဇ် နတ်တို့၏ အသက် နှစ် ၉-သန်းကို ၄-ဆတက်၍ မြှောက်ပွါးသည်ရှိသော် ၃-ကုဋေ ခြောက်သန်း ဖြစ်သည်မှာ များစွာ ထင်ရှားလှပါပေသတည်း။ကြွင်းသော နတ်တို့၌လည်း ဤနည်းအတိုင်း သိလေ။ ။ဤကား အဝယဝတ္တတည်း။

ဆောင်ပုဒ်။ ။စတုဂ္ဂုဏံ၊ တက်သည်ဟန်၊ နာခံ မှတ်ကုန်ကြ။
နှစ်ကတပိုး၊ ရက်တပိုး၊ တက်တိုး ပေါင်းလေးဆ။
နှစ်ပြန်ငါးရာ၊ တပိုးသာ၊ ယူပါ နှစ်-နှစ်ဆ။
နှစ်ရက် ရောက်ခါ၊တရက်သာ၊ရှည်စွာ-နှစ်-နှစ်ဆ။
လေးဆ တက်ရာ၊ မိပ္ပါယ်မှာ၊ ဤခါ နိဋ္ဌိတ။

အာယုပ္ပမာဏမိဒ္ဓေဝ၊ ဒေဝါနမုပရူပရိ။
ဒွိက္ခတ္တုံ ဒိဂုဏံ ကတွာ၊စတုဘာဂမုဒါဟဋံ။ ။

ပရမတ္ထ ဝိနိစ္ဆယ။

ဒွိက္ခတ္တုံ၊နှစ်ကြိမ်။ဒိဂုဏံ၊ရက် ၂-ဆတက်,နှစ် ၂-ဆတက်ကို။ ကတွာ၊ ပြု၍။စတုဘာဂံ၊လေးဘို့ကို။ဥပရူပရိ၊အထက် အထက်၌။ ဒေဝါနံ၊နတ်တို့၏။ အာယုပ္ပမာဏမိဒ္ဓေဝ၊ အသက် အပိုင်းအခြား ဟူ၍ သာလျှင်။ ဥဒါဟဋံ၊ ထုတ်ဆောင်အပ်၏။

တတော ဥပရိဒေဝါနံ၊ ဒိဂုဏာ အာယုဒီဃတာ။
ဒိဝ-ဝဿဿ ဂဏနေ၊အာယု စတုဂ္ဂုဏံ ဘဝေ။
နာမစာရဒီပကာ။

---

**နတ်သက်၏ အရ လူအသက်နှင့် နှိုင်းယှဉ်၍ ပြခြင်း**

၁။ ။စာတုမဟာရာဇ် နတ်တို့၏ နတ်သက်-၅၀၀၊ လူတို့၏ အရေအတွက်အားဖြင့် ၉-သန်းဖြစ်၏။

၂။ ။တာဝတိံသာ နတ်သက် အနှစ်-၁၀၀၀၊စာတုမဟာရာဇ်နတ်တို့ အရေအတွက်အားဖြင့် အနှစ်-၂၀၀၀၊ လူတို့၏ အရေအတွက်အားဖြင့် သုံးကုဋေ ခြောက်သန်း ဖြစ်၏။

၃။ ။ယာမာနတ်တို့၏ နတ်သက် အနှစ်-၂၀၀၀၊ တာဝတိံသာ နတ်တို့၏ အရေအတွက်အားဖြင့် အနှစ်-၄၀၀၀၊ စာတုမဟာရာဇ်နတ်တို့၏ အရေအတွက် အားဖြင့် အနှစ်-၈၀၀၀၊ လူတို့၏ အရေအတွက်အားဖြင့် အနှစ်-တဆယ့်လေးကုဋေ လေးသန်း ဖြစ်၏။

၄။ ။တုသိတာနတ်တို့၏ နတ်သက် အနှစ်-၄၀၀၀၊ ယာမာနတ်တို့၏ အရေအတွက်အားဖြင့် အနှစ်-၈၀၀၀၊ တာဝတိံသာနတ်တို့၏ အရေအတွက်အားဖြင့် အနှစ်-၁၀၀၀၀၊ စာတုမဟာရာဇ် နတ်တို့၏ အရေအတွက်အားဖြင့် အနှစ်-၃၂၀၀၀၊လူတို့၏ အရေအတွက်အားဖြင့် အနှစ် ငါးဆယ့်ခုနစ်ကုဋေ ခြောက်သန်းဖြစ်၏။

---

တတော၊ သိုစာတုမဟာရာဇ် နတ်ပြည်ထက်။ ဥပရိဒေဝါနံ၊ အထက်၌ဖြစ်သောနတ်တို့၏။ ဒိဂုဏာ၊နှစ်ဆ။ အာယုဒီဃတာ၊ အသက်ရှည်သည်၏ အဖြစ်တို့ကို။ ဒိဝဝဿဿ၊နေ့နှစ်ဆ, နှစ်ဆ၏။ ဂဏနေ၊ရေတွက်ခြင်းဖြင့်။ အာယု၊အသက်သည်။ စတုဂ္ဂုဏံ၊ လေးဆခြောက်ပွါး ခြင်းသည်။ဘဝေ၊ဖြစ်၏။

၅။ ။နိမ္မာနရတိနတ်တို့၏ နတ်သက် အနှစ်-၈၀၀၀ တုသိတာ နတ်တို့၏ အရေအတွက်အားဖြင့် အနှစ်-တသောင်းခြောက်ထောင်၊ယာမာနတ်တို့၏ အရေအတွက် အားဖြင့် အနှစ်-၃၂၀၀၀။တာဝတိံသာ နတ်တို့၏ အရေအတွက်အားဖြင့် အနှစ်-ခြောက်သောင်းလေးထောင်။ စာတုမဟာရာဇ် နတ်တို့၏ အရေအတွက် အားဖြင့် အနှစ်-တသိန်း နှစ်သောင်း ရှစ်ထောင်။ လူတို့၏ အရေအတွက်အားဖြင့် အနှစ်-ကုဋေနှစ်ရာသုံးဆယ့်လေးသန်းဖြစ်၏။

၆။ ။ပရနိမ္မိတဝသဝတ္တိနတ်တို့၏ နတ်သက်အနှစ်-၁၆၀၀၀၊ နိမ္မာနရတိ နတ်တို့၏ အရေအတွက်အားဖြင့် အနှစ်-၃၂၀၀၀၊ တုသိတာနတ်တို့၏ အရေအတွက်အားဖြင့် အနှစ်-၆၄၀၀၀၊ ယာမာနတ်တို့၏ အရေအတွက် အားဖြင့် အနှစ်-၁၂၈၀၀၀၊ တာဝတိံသာ နတ်တို့၏ အရေအတွက် အားဖြင့် အနှစ်-၂၅၆၀၀၀၊ စာတုမဟာရာဇ် နတ်တို့၏အရေအတွက်အားဖြင့် အနှစ်-၅၁၂၀၀၀။ လူတို့၏ အရေအတွက် အားဖြင့် အနှစ် ကိုးရာနှစ်ဆဲ့ကုဋေ ခြောက်သန်း ဖြစ်၏။ ။ဟူလို။

ဤကား-ဝိဏ္ဏုတ္တတည်း။

---

## နတ်သက် သံပေါက်

၁။ ။စာတုမဟာ၊သက်ငါးရာ၊သင်္ချာ နတ်တို့သက်။
၂။ ။တာဝတိံသာ၊တထောင်သာ၊သင်္ချာ ၂-ဆတက်။
၃။ ။ယာမာ ဘုံဖျား၊နှစ်ထောင်ထား၊ရှည်ငြား နတ်တို့သက်။
၄။ ။တုသိတာမှာ၊လေးထောင်သာ၊သင်္ချာ ရေလို့တွက်။
၅။ ။နိမ္မာ-ဘုံကား၊ရှစ်ထောင်ထား၊ရှည်ငြား ဤမျှတွက်။
၆။ ။ဝသဝတ္တိ၊သင်္ချာညီ၊နှစ်လီ ရှစ်ထောင်သက်။
၇။ ။နတ်ထိုရှည်ငြား၊ထိုဘုံများ၊ရငြား ဤမျှတွက်။
၈။ ။လူမနုဿ၊ရေပြန်က။သည်မျှ မကတွက်။
၉။ ။စာတုမဟာ၊ကိုးသန်းသာ၊သင်္ချာ မိန့်မှာမြွက်။
၁၀။ ။သုံးကုဋေ ခြောက်သန်း၊သင်္ချာမှန်း၊ထက်နန်း-ဝတိံသက်။
၁၁။ ။တဆဲ့လေးကဋေ၊လေးသန်းပေ၊တည်နေ-ယာမာသက်။
၁၂။ ။ငါးဆဲ့ခုနစ်ကုဋေ၊ခြောက်သန်းနေ။ရှည်လေ-တုသိသက်။

၁၃။ ။ကုဋ္ဌေနှစ်ရာ၊သုံးဆယ်သာ၊နိမ္မာ-လေးသန်းတွက်။
၁၄။ ။ကိုးရာနှစ်ဆယ်၊စွန်းကယ်တခု၊ကဋ္ဌေပြု၊သိမ္မှ-ခြောက်သန်းစွက်။
၁၅။ ။ထိုနတ်သက်ကား၊ရည်လေပြား၊ထက်ဖျား-ဝတီသက်။
၁၆။ ။လူကရေသည်၊ဤမျှရှည်၊ခြောက်လီ နတ်တို့သက်။
၁၇။ ။ထက်ဖျားဘုံခွင်၊နတ်သက်စဉ်၊ဤတွင် နိဋ္ဌိတာ။

ကာမာဝစရ ပဋိသန္ဓေ အဘွင့် ပြီး၏။

---

## ရူပါဝစရ ပဋိသန္ဓေ အဘွင့်

၂၄။ ။ပဌမဇ္ဈာနဝိပါကံ ပဌမဇ္ဈာနဘူမိယံ ပဋိသန္ဓိ
ဘဝင်္ဂစုတိဝသေန ပဝတ္တတိ။

၂၅။ ။တထာ ဒုတိယဇ္ဈာနဝိပါကံ တတိယဇ္ဈာနဝိပါကဉ္စ
ဒုတိယဇ္ဈာနဘူမိယံ။

၂၆။ ။စတုတ္ထဇ္ဈာနဝိပါကံ တတိယဇ္ဈာနဘူမိယံ။

၂၇။ ။ပဉ္စမဇ္ဈာနဝိပါကံ စတုတ္ထဇ္ဈာနဘူမိယံ။

သဗ္ဗိုဟ်ပါဌ်။

၂၄။ ။ပဌမဈာနဝိပါက်သည် ပဌမဈာန် ၃-ဘုံရှိ ဗြဟ္မာတို့၏ ပဋိသန္ဓေစိတ်,ဘဝင်စိတ်,စုတိစိတ်ဖြစ်၏။

၂၅။ ။ဒုတိယဈာန်ဝိပါက်နှင့်တတိယဈာန်ဝိပါက် ၂-ပါးသည် ဒုတိယဈာန်သုံးဘုံရှိ ဗြဟ္မာတို့၏ ပဋိသန္ဓေစိတ်,ဘဝင်စိတ်,စုတိစိတ် ဖြစ်၏။

၂၆။ ။စတုတ္ထဈာန်ဝိပါက်သည် တတိယဈာန် သုံးဘုံရှိ ဗြဟ္မာတို့၏ ပဋိသန္ဓေစိတ်,ဘဝင်စိတ်,စုတိစိတ် ဖြစ်၏။

၂၇။ ။ပဉ္စမဈာန် ဝိပါက်သည် ဝေဟပ္ဖိုလ်ဘုံ, သုဒ္ဓါဝါသငါးဘုံရှိ ဗြဟ္မာတို့၏ ပဋိသန္ဓေစိတ်,ဘဝင်စိတ်,စုတိစိတ်ဖြစ်၏။ ။ဤတား-ဝိဏ္ဏုဋ္ဌ။

---

## အဓိပ္ပါယ် အကျယ်

ဤ ၂၅-နံပါတ် ပါဠိရပ်၌ ဒုတိယဈာန် ဝိပါက်စိတ်နှင့် တတိယဈာန် ဝိပါက်စိတ် ၂-ပါးသည် အဘယ့်ကြောင့် ဒုတိယဘုံ တဘုံတည်း၌တပေါင်းတည်း အကျိုးပေးရပါသနည်း ဟူမူ။ ။ပဉ္စကနည်းအရ ဈာန်ငါးပါး ဝိပါက်

ငါးပါး ပြားနေသော်လည်း စတုက္က နည်းအရ ဈာန် ၄-ပါးမျှသာ ဖြစ်၍ ၎င်းပဉ္စကနည်း၌ တတိယဈာန် ဝိပါက်သည် စတုက္កနည်း၌ ဒုတိယဈာန် ဝိပါက်ပင် ဖြစ်သောကြောင့် ဒုတိယဘုံ၌သာ အကျိုးပေး၏။ ။ဤကား ဋီကာကျော် ဆရာအလိုတည်း။ ။တနည်း ဆရာတို့ကား ဒုတိယဈာန်သည် ရုံ့ရင်းသော ဝိတက်ကိုလွန်မြောက်ခြင်းကြောင့် ပဌမဈာန်ထက် အားကြီးခြင်း ဗလဝဖြစ်၏။ ထို့ကြောင့် တတိယဈာန် အောက်ပင်ဖြစ်သော်လည်း တတိယဈာန် နီးပါးမျှအားကြီး၏။ ဤသို့ ဒုတိယဈာန်နှင့် တတိယဈာန် တို့သည် အားခြင်း တူမျှရကား တပေါင်းတည်းပြု၍ တတိယ ဈာန်ဘုံ၌ အကျိုးပေး၏။ ဟုလည်း မိန့်ဆိုတော်မူကြသေး၏။

ဒုတိယဇ္ဈာနဘူမိယန္တိ စတုက္ကနယဝသေန ဝုတ္တံ။ ။ဋီကာကျော်။

---

## အသညသတ် ပဋိသန္ဓေ အဘွင့်

၂၈။ ။အသညသတ္တာနံ ပန ရူပမေဝ ပဋိသန္ဓိ ဟောတိ။ တထာ တတော ပရံ ပဝတ္တိယံ စဝနကာလေ စ ရူပမေဝ ပဝတ္တိတွာ နိရုဇ္ဈတိ။ ဣမာ ဆ ရူပါဝစရ ပဋိသန္ဓိယော နာမ။

သင်္ဂြိုဟ်ပါဌ်။

စတုတ္ထဈာန်ဘုံ အဝင်အပါဖြစ်သော အသညသတ် ပုဂ္ဂိုလ်တို့သည်ကား ဇီဝိတနဝက ကလာပ်ရုပ်ဖြင့်သာလျှင် ပဋိသန္ဓေ နေကြကုန်၏။ ထို ပဋိသန္ဓေတည်မှု ကိစ္စပြီးသည်မှ နောက်ဖြစ်သော ပဝတ္တိအခါ၌လည်း ၎င်းဇီဝိတနဝက ကလာပ်ရုပ်သာလျှင် ဘဝင်ကိစ္စ ဖြစ်၏။ စုတိသောအခါ၌ လည်း ၎င်းဇီဝိတနဝက ကလာပ်ရုပ်သာလျှင် ဖြစ်၍ ချုပ်လေ၏။ ၎င်း အသညသတ် ပုဂ္ဂိုလ်တို့အား ထိုဘုံ၌ နာမ်တရားများ ဘယ်သော အခါမှ မဖြစ်တော့ပေ။

ဤဆိုအပ်ပြီးသော ပဌမဈာန်ဝိပါက်,ဒုတိယဈာန်ဝိပါက်, တတိယဈာန် ဝိပါက်,စတုတ္ထဈာန်ဝိပါက်,ပဉ္စမဈာန်ဝိပါက်တည်းဟူသော နာမ်ပဋိသန္ဓေ ငါးပါး၊အသညသတ်ဖြစ်သော ရုပ်ပဋိသန္ဓေတပါး အားဖြင့် ဤခြောက်ပါး သော ပဋိသန္ဓေတို့သည် ရူပါဝစရပဋိသန္ဓေမည်ကုန်၏။ ။ဟူလို။

ရူပါဝစရ ပဋိသန္ဓေ အဘွင့် ပြီး၏။

---

## ရူပဗြဟ္မာတို့၏ အသက် အပိုင်း အခြား

၂၉။ ။တေသု ဗြဟ္မပါရိသဇ္ဇာနံ ဒေဝါနံ ကပ္ပဿ တတိယော ဘာဂေါ အာယုပ္ပမာဏံ။

၃၀။ ။ဗြဟ္မပုရောဟိတာနံ ဥပဍ္ဎကပ္ပေါ။

၃၁။ ။မဟာဗြဟ္မာနံ ဧကော ကပ္ပေါ။

၃၂။ ။ပရိတ္တာဘာနံ ဒွေကပ္ပါနိ။

၃၃။ ။အပ္ပမာဏာဘာနံ စတ္တာရိ ကပ္ပါနိ။

၃၄။ ။အာဘဿရာနံ အဋ္ဌကပ္ပါနိ။

၃၅။ ။ပရိတ္တသုဘာနံ သောဠသ ကပ္ပါနိ။

၃၆။ ။အပ္ပမာဏသုဘာနံ ဒွတ္တိံသ ကပ္ပါနိ။

၃၇။ ။သုဘကိဏှာနံ စတုသဋ္ဌိ ကပ္ပါနိ။

သဂြိုဟ်ပါဌ်။

---

### ပဌမဈာန် သုံးဘုံ

၂၉။ ။ရူပါဝစရ ဗြဟ္မာတို့တွင် ပဌမဈာန် ဘုံစုံဖြစ်သော ဗြဟ္မပါရိသဇ္ဇဗြဟ္မာတို့၏ အသက်ကား အသင်္ချေယျကပ်၏ သုံးပုံတပုံ အသက် ရှည်၏။

၃၀။ ။ဗြဟ္မပုရောဟိတ ဗြဟ္မာတို့၏ အသက်ကား အသင်္ချေယျကပ်၏ ထက်ဝက် အသက်ရှည်၏။

၃၁။ ။မဟာဗြဟ္မာတို့၏ အသက်ကား အသင်္ချေယျတကပ် အသက် ရှည်၏။

---

### ဒုတိယဈာန် သုံးဘုံ

၃၂။ ။ပရိတ္တာဘာ ဗြဟ္မာတို့၏ အသက်ကား မဟာကပ် ၂-ကပ် ဖြစ်၏။

၃၃။ ။အပ္ပမာဏာဘာဗြဟ္မာတို့၏ အသက်ကား မဟာကပ် ၄-ကပ် ဖြစ်၏။

၃၄။ ။အာဘဿရာဗြဟ္မာတို့၏ အသက်ကား မဟာကပ် ၈-ကပ် ဖြစ်၏။

## တတိယချာန် သုံးဘုံ

၃၅။ ။ပရိတ္တသုဘာပြဟ္မာတို့၏ အသက်ကား မဟာကပ် ၁၆-ကပ် ဖြစ်၏။

၃၆။ ။အပ္ပမာဏသုဘာ ပြဟ္မာတို့၏ အသက်ကား မဟာကပ်-၃၂ ကပ် ဖြစ်၏။

၃၇။ ။သုဘကိဏှာ ပြဟ္မာတို့၏ အသက်ကား မဟာကပ် ၆၄-ကပ် ဖြစ်၏။

---

## သုဒ္ဓါဝါသဗြဟ္မာတို့၏ အသက် အပိုင်းအခြား

၃၈။ ။ဝေဟပ္ဖလာနှံ့ အသညသတ္တာနဉ္စ ပဉ္စကပ္ပသတာနိ။

၃၉။ ။အဝိဟာနံ ကပ္ပသဟဿာနိ။

၄၀။ ။အတပ္ပါနံ ဒွေ ကပ္ပသဟဿာနိ။

၄၁။ ။သုဒဿာနံ စတ္တာရိ ကပ္ပသဟဿာနိ။

၄၂။ ။သုဒဿီနံ အဋ္ဌကပ္ပသဟဿာနိ။

၄၃။ ။အကနိဋ္ဌာနံ သောဠသကပ္ပသဟဿာနိ။

သင်္ဂြိုဟ်ပါဌ်။

---

## စတုတ္ထချာန် ၂-ဘုံ

၃၈။ ။ဝေဟပ္ဖိုလ် ပြဟ္မာတို့၏ အသက်သည် မယာကပ်-၅၀၀ ဖြစ်၏။

အသညသတ် ပြဟ္မာတို့၏ အသက်သည် မဟာကပ်-၅၀၀ ဖြစ်၏။

## စတုတ္ထချာန် သုဒ္ဓါဝါသ ငါးဘုံ

၃၉။ ။အဝိဟာ ပြဟ္မာတို့၏ အသက်သည် မဟာကပ်-၁၀၀၀ ဖြစ်၏။

၄၀။ ။အတပ္ပါပြဟ္မာတို့၏ အသက်သည် မဟာကပ် ၂၀၀၀-ဖြစ်၏။

၄၁။ ။သုဒဿာ ပြဟ္မာတို့၏ အသက်သည် မဟာကပ်-၄၀၀၀ ဖြစ်၏။

၄၂။ ။သုဒဿီပြဟ္မာတို့၏ အသက်သည် မဟာကပ် ၈၀၀၀-ဖြစ်၏။

၄၃။ ။အကနိဋ္ဌ ပြဟ္မာတို့၏ အသက်သည် မဟာကပ် ၁၆၀၀၀ ဖြစ်၏။

ဤကား ရူပါဝစရပြဟ္မာတို့၏ အသက် အပိုင်းအခြားတည်း။

---

## အရူပါဝစရ ပဋိသန္ဓေ အခွင့်

၄၄။ ။ပဉ္စမေ ရုပ္ပါဒိဝိပါကာနိ ပဉ္စမာရုပ္ပါဒိဘူမိသု
ယထာက္ကမံ ပဋိသန္ဓိဘဝင်္ဂစုတိဝသေန ပဝတ္တန္တိ။
ဣမာ စ တဿော အရူပပဋိသန္ဓိယော နာမ။

သင်္ဂြိုဟ်ပါဌ်။

၁။ ။အာကာသာနဉ္စာယတန ဝိပါက်သည် အာကာသာနဉ္စာယတန ပြဟ္မာတို့၏ ပဋိသန္ဓေစိတ်,ဘဝင်စိတ်,စုတိစိတ် ဖြစ်၏။

၂။ ။ဝိညာဏဉ္စာယတန ဝိပါက်စိတ်သည် ဝိညာဏဉ္စာယတန ပြဟ္မာတို့၏ ပဋိသန္ဓေစိတ်,ဘဝင်စိတ်,စုတိစိတ် ဖြစ်၏။

၃။ ။အာကိဉ္စညာယတန ဝိပါက်စိတ်သည် အာကိဉ္စညာယတန ပြဟ္မာတို့၏ ပဋိသန္ဓေစိတ်,ဘဝင်စိတ်,စုတိစိတ် ဖြစ်၏။

၄။ ။နေဝသညာ နာသညာယတန ဝိပါက်စိတ်သည် နေဝသညာ နာသညာယတန ပြဟ္မာတို့၏ ပဋိသန္ဓေစိတ်, ဘဝင်စိတ်,စုတိစိတ် ဖြစ်၏။ ။ဟူလို။

ဤကား ဝိဂ္ဂဟတ္ထ။

---

## အရူပပြဟ္မာတို့၏အသက်အပိုင်းအခြား

၄၅။ ။တေသု ပန အာကာသာနဉ္စာယတနူပဂါနံ ဒေဝါနံ ဝီသတိ ကပ္ပသဟဿာနိ အာယုပ္ပမာဏံ။

၄၆။ ။ဝိညာဏဉ္စာယတနူပဂါနံ ဒေဝါနံ စတ္တာလီသ ကပ္ပသဟဿာနိ။

၄၇။ ။အာကိဉ္စညာယတနူပဂါနံ ဒေဝါနံ သဋ္ဌိကပ္ပ သဟဿာနိ။

၄၈။ ။နေဝသညာ နာသညာယတနူပဂါနံ ဒေဝါနံ စတုရာသီတိ ကပ္ပသဟဿာနိ။

သင်္ဂြိုဟ်ပါဌ်။

၄၅။ ။အာကာသာနဉ္စာယတန ဗြဟ္မာတို့၏ အသက်သည် မဟာကပ် နှစ်သောင်း ဖြစ်၏။

၄၆။ ။ဝိညာဏဉ္စာယတန ဗြဟ္မာတို့၏ အသက်သည် မဟာကပ် လေးသောင်းဖြစ်၏။

၄၇။ ။အာကိဉ္စညာယတန ဗြဟ္မာတို့၏ အသက်သည် မဟာကပ် ခြောက်သောင်း ဖြစ်၏။

၄၈။ ။နေဝသညာ နာသညာယတန ဗြဟ္မာတို့၏ အသက်သည် မဟာကပ် ရှစ်သောင်း လေးထောင် ဖြစ်၏။

ဤကား အရူပါဝစရ ဗြဟ္မာတို့၏ အသက် အပိုင်းအခြားတည်း။

ဤ ဗြဟ္မာတို့၏ အသက်အပိုင်းအခြားကို ပြဆိုရာဝယ် ရူပါဝစရပဌမ ဈာန် ၃-ဘုံ၏ အသက်အပိုင်းအခြား၌ကပ္ပဿ-၏ အရကို အသင်္ချေယျကပ်ကိုသာ ယူအပ်၏။ မဟာကပ်ကို မယူရ၊ ကြွင်းသော ဗြဟ္မာတို့၏ အသက် အပိုင်းအခြား၌သာ ကပ်၏အရ မဟာကပ်ကို ယူရ၏။

အကြောင်းသော်ကား မီးဖျက်သော ကမ္ဘာ,ရေဖျက်သော ကမ္ဘာ,လေ ဖျက်သော ကမ္ဘာ-ဟု ဆိုအပ်သော သံဝဋ္ဋ သုံးမျိုးတို့ဖြင့် ကမ္ဘာကြီးပျက်စီး ခလရာဝယ် ၎င်းပဌမဈာန် သုံးဘုံသည် တခါတရံမျှ မပျက်သည် မရှိး လွတ်သည် မရှိလေသောကြောင့် ၎င်းပဌမဈာန် ၃-ဘုံကို ကာလရှည် ကြာသော မဟာကပ်ဖြင့် မယူအပ် အသက်တိုသော အသင်္ချေယျကပ်ဖြင့်သာ ယူအပ်၏။ ဒုတိယဈာန်စသော အထက်ဘုံများကား ၎င်းသံဝဋ္ဋ သုံးပါး တို့တွင် တခါတရံမှ ပျက်စီးသဖြင့် ကာလရှည်ကြာသောကြောင့် မဟာကပ် ဖြင့်သာ ယူအပ်၏ ဟု မှတ်။

၄၅-က။ ။ကပ္ပဿာတိ အသင်္ချေယျ ကပ္ပဿ၊ န ဟိ ဗြဟ္မပါရိ သဇ္ဇာဒီပနံ တိဏ္ဏံ မဟာကပ္ပဝသေန အာယုပရိစ္ဆေဒေါ သမ္ဘဝတိ။ ။ဋီကာကျော်။

## ကမ္ဘာပျက်ပုံ အဓိပ္ပါယ်

ကပ္ပဿ-အရနှင့် စပ်လျဉ်း၍ သံဝဋ္ဋသုံးမျိုး၏ အဓိပ္ပါယ်ကို ဗဟုသုတ တိုးပွါး ကြစေခြင်းငှါ အကျယ်တဝင့် ဘွင့်ပေအံ့။ ဤ၌ သံဝဋ္ဋ-ဟူသည် ကား-

သံဝဋ္ဋနံ ဝိနဿနံ သံဝဋ္ဋော။

သံဝဋ္ဋနံ-ဝိနဿနံ၊ပျက်စီးခြင်း။သံဝဋ္ဋော၊ပျက်စီးခြင်း။ ။ဝိဂ္ဂြိုဟ်အရ···· ကမ္ဘာလောကဓာတ်ကြီး၏ ပျက်စီးခြင်းသဘောပင်တည်း။ ဝါ-ပျက်စီးခြင်း သဘောသည် သံဝဋ္ဋမည်၏။ ။ထိုသံဝဋ္ဋသည် တေဇောသံဝဋ္ဋ,အာပေါ သံဝဋ္ဋ, ဝါယောသံဝဋ္ဋဟူ၍ ၃-မျိုးရှိ၏။ထို ၃-မျိုးတို့တွင် အကြင်အခါ သတ္တဝါတို့သည်ရာဂပြန့်ပြော၏။ရာဂများ:စွာဖြစ်၏။ထိုအခါ ကမ္ဘာလောက ကြီးကို မီးပျက်စီး၏။ ထိုမီးကြောင့် ပျက်စီးခြင်းသည် တေဇောသံဝဋ္ဋ မည်၏။ ။အကြင်အခါ၌ သတ္တဝါတို့သည် ဒေါသပြန့်ပြော၏။ဒေါသများ စွာဖြစ်လေ့ရှိ၏။ ထိုအခါ ကမ္ဘာလောကကြီးကို ရေဖျက်၏။ ထိုရေကြောင့် ပျက်စီးခြင်းသည် အာပေါသံဝဋ္ဋ မည်၏။

အကြင်အခါ၌ သတ္တဝါတို့သည် မောဟပြန့်ပြော၏၊မောဟအားကြီး၏။ ထိုအခါ ဤကမ္ဘာလောကဓာတ်ကြီးကို လေဖျက်၏။ထိုလေကြောင့် ပျက်စီး ခြင်းသည် ဝါယောသံဝဋ္ဋ မည်၏။ထိုသံဝဋ္ဋသုံးမျိုးတွင် တပါးပါးဖြင့် ပျက်စီး ရာ၌ သံဝဋ္ဋအသင်္ချေယျကပ်, သံဝဋ္ဋဋ္ဌာယီ အသင်္ချေယျကပ်, ဝိဝဋ္ဋ အသင်္ချေယျကပ်, ဝိဝဋ္ဋဋ္ဌာယီအသင်္ချေယျကပ် ဟူ၍ ၄-မျိုးရှိ၏။ ထိုလေးမျိုး တို့တွင် ကမ္ဘာလောကဓာတ်ကြီး ပျက်စီးမည်ရှိရာ မပျက်မီ အနှစ်တသိန်း ကာလက တင်ကြို၍ လောကဗျူဟာမည်သော ကာမာဝစရ နတ်တို့သည် ကြွေးကြော် ပြောကြား ကုန်၏။ "အိုလူများတို့-ဤနေ့မှစ၍ နောက်အနှစ် တသိန်းရှိလျှင် ဤကမ္ဘာလောကဓာတ်ကြီးသည် ပျက်စီးလတ္တံ့၊ ကုသိုလ် တရားကို အားထုတ်ကြကုန်။မေတ္တာတရားကို ပွါးများကြကုန်" စသည်ဖြင့် တိုက်တွန်းကြကုန်၏။ထိုလောကဗျူဟာ နတ်သားတို့၏ စကားကို ကြားကြ

၄၅-က။ ကပ္ပဿာတိ၊ ကပ္ပဿ-ဟူသည်ကား။အသင်္ချေယျကပ္ပဿ၊အသင်္ချေယျကပ်၏။ ကသ္မာ၊ အဘယ့်ကြောင့် အသင်္ချေယျကပ်ကိုသာ ယူအပ်ပါသနည်းဟူမူကား။ ဟိ-သစ္စ၊ အကြင်ကြောင့်။ဗြဟ္မ ရိဂ်သစ္စဒိန်း၊ဗြဟ္မပါရိသဇ္ဇ—အစရှိကုန်သော။ ဘိဋ္ဌာန်။ ပဋ္ဌမဈာန် ၃-ဘုံ တို့၏၊ မဟာကပ္ပဒေသနံ၊မဟာကပ်၏အစွမ်းဖြင့်။ အာယု-ငံ့ ဥဒ္ဒေ ဝါ၊ အသက်အပိုင်းအခြား သည်၊နှ သမ္မခတိ၊မဖြစ်သင့်။တသ္မာ၊ထို့ကြောင့်သာလျှင်တည်း။

ကုန်သဖြင့် အဆင့်ဆင့် ကုသိုလ်တရားကို ပွါးများကြကုန်၏။ ထိုကြောင့် ကမ္ဘာပျက်သောအခါတို့၌ အလုံးစုံသော သတ္တဝါဟူသမျှတို့သည် အလုံးစုံအားဖြင့် ဗြဟ္မာ့ဘုံ၌ ဖြစ်ကြကုန်၏။အောက်ဘုံတို့၌ နေရာဌာနလည်း မရှိပြီ။

၄၅-ခ။ ။အထာနုပုဗ္ဗေန မဏ္ဍကဏ္ဍပါဝိ ကာလက်တွာ
ဗြဟ္မလောကေ နိဗ္ဗတ္တန္တိ နေရယိကာသတ္တာပိ။
ဝိသုဒ္ဓိမဂ် အဋ္ဌကထာ။

မီးပျက်သောကမ္ဘာ၌တေဇောသံဝဋ္ဋ-ဟု ဆိုအပ်သော နေ ၂-စင်းပေါ် လာသောအခါ မြစ်ငယ်, ချောင်းငယ်, အိုင်ငယ် -ဟူသမျှတို့သည် ခန်းခြောက်လေကုန်၏။ညဉ့်အချိန်ပျောက်၍ နေ့သက်သက်သာ ဖြစ်ကုန်၏။နေ-သုံးစင်းပေါ် လာသောအခါ ဂင်္ဂါစသော မြစ်ကြီးတို့သည် ခန်းခြောက်ကုန်၏။နေလေးစင်းပေါ် လာသောအခါ အနောတတ္တအိုင်,ဆဒ္ဒန္တ-စသော အိုင်ကြီးတို့သည် ခန်းခြောက်ကုန်၏။ ။နေငါးစင်း ထွက်သောအခါ မဟာသမုဒ္ဒရာကြီး ၄-စင်းနှင့် သီဒါခုနစ်တန်တို့သည် ခန်းခြောက်ကုန်၏။ ။နေ ၇-စင်း ထွက်သောအခါ ကုဋေတသိန်းသော စကြဝဠာအလုံး တဟုန်းဟုန်း အခိုးထ၍ ပြင်ထန်စွာ မီးကြီးလောင်လေ၏။အာဘာဿရာ တပြင်လုံး မြူမှုမကျန်အောင် အကြွင်းမဲ့ လောင်လေ၏။ရှိရှိသမျှ သင်္ခါရဝတ္ထုအစုစုတို့သည် ဘာတခုမျှ မကျန်အောင် လောင်ကျွမ်း၍ ထပ်မံပြီးခါ လောင်စရာမရှိမှ မီးငြိမ်းလေ၏။ ။ဤသို့ ကမ္ဘာပျက် မိုဃ်းကြီးရွာသည်မှ စ၍ ကမ္ဘာမီးငြိမ်း၍ သင်္ခါရမကြွင်း ဟင်းလင်းဖြစ်သည်တိုင်အောင် ကမ္ဘာပျက်ဆဲ အခါသည် ပျက်ဆဲဖြစ်သောကြောင့် သံဝဋ္ဋ အသင်္ချေယျကပ် မည်၏။

၄၅-ဂ။ ။ဝိနဿမာနော အသင်္ချေယျကပ္ပေါ၊သော ပန
အတ္ထတော ကာလောယေဝ။ ။သာရတ္ထဒီပနီ။

---

၄၅-ခ။ ။အထ၊ ထိုကမ္ဘာပျက်သော အခါ၌၊အနုပုဗ္ဗေန၊အစဉ်အားဖြင့်၊ မဏ္ဍကဏ္ဍပါဝိ၊ငါးလင်းတို့မှသော်လည်း။နေရယိကာ သတ္တာပိ၊ငရဲ သူသတ္တဝါတို့သော်လည်း။ကာလက်တွာ၊စုသေကုန်၍။ဗြဟ္မလောကေ၊ဗြဟ္မာ့ဘုံ၌၊နိဗ္ဗတ္တန္တိ၊ဖြစ်ကုန်၏။

၄၅-ဂ။ ။ဝိနဿမာနော၊ ပျက်ဆဲဖြစ်သော အသင်္ချေယျကပ္ပေါ၊ အသင်္ချေယျကပ်သည်။ သံဝဋ္ဋော၊သံဝဋ္ဋအသင်္ချေယျမည်၏။သော ပန၊ထိုသံဝဋ္ဋအသင်္ချေယျ ဟူသည်ကား။အတ္ထတော၊ တရားကိုယ်အားဖြင့်။ကာလောယေဝ၊ပျက်ဆဲအချိန် ကာလသည်သာတည်း။

## ကမ္ဘာတည်ပုံ အဓိပ္ပါယ်

ဤကမ္ဘာမီးကြီး ငြိမ်းပြေးသည်နောက် သတ္တဝါတို့၏ ကံအားလျော်စွာ ကမ္ဘာသစ်ပေါ်ပေါက်ရန် ကမ္ဘာပြုမိုဃ်းကြီးသည် ရွာလေ၏။ ။ဤသို့ ကမ္ဘာမီး ငြိမ်းသည်မှစ၍ ကမ္ဘာပြုမိုဃ်းရွာသည် တိုင်အောင်သော အချိန် အခါသည် ပျက်သောအချင်းအရာ အားဖြင့် တည်သောကြောင့်-သံဝဋ္ဋ ဌာယီ အသင်္ချေယျကပ် မည်၏။

ထိုရွာသောမိုဃ်းရေသည် ရှေးဦးအစ- မိုဃ်းရေတပေါက်, ၂-ပေါက် အစရှိသည်ဖြင့် တစတစရွာလေရာ မိုဃ်းရေတို့သည် ဆန်လုံးမျှ, ဇီးကင်း မျှ,ရှစ်ရှားသီးမျှ-စသည်ဖြစ်လာ၍ ကမ္ဘာမီးဖြင့် ပျက်စီးလေပြီးသောကမ္ဘာ တသိန်းနှင့်အမျှ မိုဃ်းရေပြည့်အောင် ရွာလေ၏။ ထိုသို့ရွာသော မိုဃ်းရေ သည် အထက်အောက် ကောင်းကင်ပြင် ဟင်းလင်းကြီးဖြစ်၍ တည်ရာမရှိ သော်လည်း၊ ရှေးမဆွကပင် ကမ္ဘာကြီးကိုခံ၍ နေသော ကမ္ဘာလေထုကြီး သည် ကမ္ဘာမီးကြောင့် မပျက်စီးမလောင်ကျွမ်းပါဘဲရှိနေသဖြင့် ၎င်းကမ္ဘာ လေသည် ပျက်လေပြီးသော အာကာသခေတ် ဟု ဆိုအပ်သော စကြဝဠာ ကုဋေတသိန်းအတွင်းမှာ အောက်ကလည်း ခံလျက်ရှိ၏။ မပျက်စီးသော အခြားသော ကမ္ဘာ၏နံရံကြီးကိုမှီ၍ အထက်သို့ပင့်လျက် တိုက်၍လည်း နေ၏။ဤသို့ကမ္ဘာလေသည် အောက်ကလည်း ခံလျက်ရှိ၏။ နံဘေးဖီလာ ကလည်း ကာလျက်ရှိလေသဖြင့် ရှိသမျှ ကမ္ဘာမိုဃ်းရေတို့သည် ပဒုမ္မာ ကြာဖက်ပေါ်၌ကျသော ရေပေါက်ကဲ့သို့ တလုံးတခဲတည်း ရေလုံးကြီးဖြစ် ၍နေလေ၏။ မစီးသွားဘဲ မတ်မတ်တည်နေလေ၏။

တံ ဥဒကံ ဟေဋ္ဌာ စ တိရိယဉ္စ သမုဋ္ဌဟိတွာ ဃနံ ကရောတိ။

ဝိသုဒ္ဓိမဂ် အဋ္ဌကထာ,သာရတ္ထဒီပနီ ဋီကာ။

ထိုရေသည် တရွေ့ရွေ့ အမြေးတက်ခါ လျော့ကျဆုတ်ယုတ်လာရာ ပြဟ္မာဘုံဖြစ်ရာဌာနၤ၌ ပြဟ္မာဘုံဗိမာန်တို့သည် ဖြစ်ပေါ်လာကုန်၏။ယာမာ စသော အထက်နတ်ပြည် ၄-ထပ်တည်ရာဌာန၌လည်း နတ်ပြည် ၄-ထပ် ဘုံနန်း အရပ်ရပ်တို့သည်လည်း အထပ်ထပ်ရှေးကဲ့သို့ ပေါ်ပေါက်လာလေ ကုန်၏။စတုမဟာရာဇ် နတ်ဘုံနှင့် တာဝတိံသာနတ်ဘုံတို့သည်ကား မြေ၌ တည်သော နတ်ဘုံများဖြစ်၍ မဖြစ်ကြသေးကုန်။ မဟာပထဝီ မြေကြီးပေါ်

လာသောအခါ အာဘဿရဘုံမှဗြဟ္မာတို့သည်စုတိလာ၍ ဤကမ္ဘာသစ်၌ ဖြစ်လာကြကုန်၏။ ထိုအခါနေ,လ မရှိသေးပေ၊မိမိတို့ကိုယ်ရောင်ဖြင့်သာ သွားလာလှည့်ပတ်ကြကုန်၏။ ။ထိုဗြဟ္မာကြီးတို့သည် မြေဆီသြဇာ၌ တပ်မက်မောကြသဖြင့် စားသောက်သုံးဆောင်ကြကုန်၏။ ထိုအခါ ဗြဟ္မာတို့၏ အရောင်အဝါတို့သည် ကင်းပျောက်ကုန်၍ တခဲနက်သော အမိုက်တိုက်ဖြစ်လေ၏။ထိုဗြဟ္မာကြီးတို့သည် အမိုက်တိုက်ဖြစ်လာသည်ရှိသော် ကြောက်လန့်ခြင်း ဖြစ်သည့်အတွင်းအချင်းအားဖြင့် ယူဇနာ၅ဝ၊ဆယ်,အဝန်းယူဇနာ ၁၅၀-ရှိသော နေဗိမာန်သည် တပေါင်းလပြည့်နေ့ အခါဝယ် အရှေ့လောကဓာတ်မှ တက်လာလတ်၍၊ ထွန်းပသဖြင့် အလင်းကို ရကြရကား ကြောက်လန့်ခြင်းမှငြိမ်းလေလျှင် ကမ္ဘာဦးသူလူအပေါင်းတို့သည်ကြောက်ခြင်းကို ပျောက်လျက် ရဲရင့်ခြင်းကို ဖြစ်ပေသည်ဟု ဘာဏုရာဇာ ရှင်နေမင်းကို''သူရိယ''ဟူသော အမည်ပညတ်ဖြင့် ခေါ်ဆိုသမုတ်ကြကုန်၏။

ထိုနောက်တဘန် နေမင်းဝင်ပြန်သောအခါ မှောင်အတိ ဖြစ်ပြန်သဖြင့် အဘယ်သည်သာလျှင် ငါတို့အား အလင်းကို ဖြစ်ပါစေဦး အံ့နည်း ဟု တောင့်တကြသည်အတွင်း အချင်း လေးဆယ့်ကိုးယူဇနာ, အဝန်း-၁၄၇ ယူဇနာရှိသော လဗိမာန်သည် တပေါင်းလပြည့်နေ့ ညဥ့်အချိန် အခါဝယ် နက္ခတ်တာရာ,အပေါင်းနှင့်တကွ အရှေ့လောကဓာတ်မှ တတ်လာလတ်၍ ထွန်းပပြန်လေသော် ကမ္ဘာဦးသူ အပေါင်းတို့သည် ငါတို့၏ အလို ဆန္ဒကို ဖြည့်ပေသည်ဟု လမင်းကို စန္ဒ-ဟု သမုတ်မှည့်ခေါ်ပညတ်ကြကုန်၏။ဤသို့ နေ,လ-တို့ပေါ်လာသည်မှစ၍ နေ့ညဥ့်ဟူသော ပညတ်, လဆန်း ပက္ခ-လဆုတ်ပက္ခ-ဟူသော ပညတ်, လ-နှစ်ဟူသော ပညတ်,ဥတုစသောပညတ် တို့သည်ဖြစ်ပေါ်လာကုန်၏။ မြေအပြင်၌လည်း မြင့်ရာ နိမ့်ရာ ညီညွတ်ရာ အရပ်အတို့ အားဖြင့် မြင့်ရာအရပ်ကို စက္ကဝါ မြင်းမိုရ်, ယုဂန္ဓိုရ်, ဤသန္ဓရ စသော တောင်စဥ် ၇ထပ်, ဟေမဝန်စသော တောင်ကြီး, တောင်ငယ် အသွယ်သွယ် တို့သည် ဖြစ်ပေါ်လာကုန်၏။ နိမ့်ရာအရပ် အတို့အားဖြင့် လေးစင်းသော မဟာသမုဒ္ဒရာ,သီဒါခုနစ်တန်,ဆဒ္ဒန်,အနောတတ်,အိုင်ကြီး ၇-သွယ်,မြစ်ငယ်,မြစ်ကြီးတို့သည်၎င်း၊ ညီညွတ်ရာ,ညီညွတ်ရာ အရပ်တို့၌ ပုဗ္ဗဝိဒေဟ-အရှေ့ကျွန်း, ဇမ္ဗူဒီပ ဇမ္ဗူဒိပ်ကျွန်း, ဥတ္တရကုရု-မြောက်ကျွန်း, အပရဂေါယာန-အနောက်ကျွန်း အားဖြင့် ကျွန်းကြီးလေးကျွန်း-အရံကျွန်း ငယ်နှစ်ထောင်တို့သည်၎င်း၊ဆပ်ထမင်းအိုး၌ ထမင်းလုံးတို့သည် ပေါ်တက်

လာဘိသကဲ့သို့ ထိုအတူ မရှေးမနှောင်း တပေါင်းလပြည့်နေ့မှစ၍ ဖြစ်ထွန်း ပေါ်လာကြကုန်၏။ ။ဤ သို့ ကမ္ဘာပြု မိုးသည်းရွာသည်မှအစပြု၍ နေ,လ, နက္ခတ် ပေါ်လာသည်တိုင်အောင် ကြာမြင့်သော တသင်္ချေ ကာလသည် ကမ္ဘာကြီး၏ ဖြစ်ဆဲဖြစ်သောကြောင့် ဝိဝဋ္ဋအသင်္ချေယျကပ် မည်၏။

နေ,လ,နက္ခတ်ပေါ်သည်မှစ၍ တဘန် ကမ္ဘာကြီးသည် လူဘုံ,နတ်ဘုံ, ပြဟ္မာဘုံအားဖြင့် ဖြစ်ထွန်းကြီးပွါးလာ၍ တဘန် ကမ္ဘာပျက် မိုးကြီး ရွာသည်တိုင်အောင် ကြာမြင့်သော တသင်္ချေကာလသည် ဖြစ်သောအတိုင်း တည်သောကြောင့် ဝိဝဋ္ဋဋ္ဌာယီ အသင်္ချေယျမည်၏။

စန္ဒိမသူရိယာနံ ပါတုဘူတ ဒိဝသေဃေဝ သိနေရု
စက္ကဝါဠဟိမဝန္တပဗ္ဗတာ ဒိပသမုဒ္ဒါ စ ပါတုဘဝန္တိ။
တေစ ခေါ အပုဗ္ဗံ အစရိမံ ဖဂ္ဂုဏ ပုဏ္ဏမဒိဝသေ
ယေဝ ပါတုဘဝန္တိ။ကထံ-ယထာနာမ ကင်္ဂုဘတ္တေ
ပစ္စမာနေ ဧကပ္ပဟာရေနေဝ ပုပ္ဖုဠကာ ဥဋ္ဌဟန္တိ။
ဝိသုဒ္ဓိမဂ်အဋ္ဌကထာ,သာရတ္ထဒီပနီ ဋီကာ။

ဤဆိုအပ်ခဲ့ပြီးသော သံဝဋ္ဋအသင်္ချေယျကပ်, သံဝဋ္ဋဋ္ဌာယီအသင်္ချေယျ ကပ်,ဝိဝဋ္ဋအသင်္ချေယျကပ်, ဝိဝဋ္ဋဋ္ဌာယီ အသင်္ချေယျကပ်-ဟု ဆိုအပ်သော အသင်္ချေယျ ၄-ကပ်သည် မဟာကပ် မည်၏။ ။အာပေါ သံဝဋ္ဋဟု ဆိုအပ်သောရေဖျက်သောကမ္ဘာ,ဝါယောသံဝဋ္ဋ ဟု ဆိုအပ်သော လေဖျက် သော ကမ္ဘာ တို့သည်လည်း ဤနည်းအတိုင်းပင်၊ အသင်္ချေယျ-လေးကပ် ရှိလေ၏။ ။သို့သော် မီးဖြင့်ဖျက်သော တေဇောသံဝဋ္ဋကပ်ဖြင့် ပျက်သည် ရှိသော်-အာဘဿရပြဟ္မာဘုံမှ အောက်ဖြစ်သော ဘုံဌာန စကြဝဠာ ရေ မြေ ဟူသမျှ သြကာသလောကသည် မီးလောင်၍ ပျက်စီး၏။အာပေါသံဝဋ္ဋ ကပ်ဖြင့် ပျက်သည်ရှိသော် သုဘကိဏှာဘုံမှ အောက်ဖြစ်သောဌာန စကြ ဝဠာ ရေမြေဟူသမျှ သြကာသလောကတို့သည် ရေဖြင့်ကြေမွ၍ အကြွင်းမဲ့ ပျက်စီးကုန်၏။ ။ဝါယောသံဝဋ္ဋကပ်ဖြင့် ပျက်သည်ရှိသော် ဝေဟပ္ဖိုလ်ဘုံမှ အောက်ဖြစ်သော ဘုံဌာန၊ စကြဝဠာ ရေ မြေဟူသမျှ သြကာသလောက တို့သည် အကြွင်းမဲ့ ပျက်စီးကုန်၏။ ။ဤသို့ သံဝဋ္ဋသုံးမျိုးဖြင့် ပျက်စီးသော ဘုံဌာန အပိုင်းအခြားကား ထူးခြားပေ၏။

၄၅-ဃ။ ။အဂ္ဂိနာဘဿရာဟေဋ္ဌာ၊အာပေန သုဘကိဏှတော။
ဝေဟပ္ဖလတော၀ါတေန၊ဧ၀ံလော ကော ဝိနဿတိ။ ။
ဝိသုဒ္ဓိမဂ် အဋ္ဌကထာ,သာရတ္ထဒီပနီ ဋီကာ။

ဤသို့ မီး-ရေ လေ-အားဖြင့် သုံးမျိုးသော ပျက်စီးကြောင်းတို့၏ ဖြစ်ပုံကား မီးဖြင့်ဆက်ခါ-ဆက်ခါ အထက်ပါနည်းအတိုင်း ၇-ကြိမ်ဖျက်ဆီးပြီးမှ ရှစ်ကြိမ်မြောက်အခါ၀ယ် ရေဖြင့် တကြိမ်ဖျက်ဆီး၏။ ဤသို့ အားဖြင့် မီး ၇-ကြိမ် ရေတကြိမ်, မီးခုနစ်ကြိမ် ရေတကြိမ်-အထပ်ထပ် ဖြစ်၍ ခြောက်ဆဲ့လေးကြိမ်စေ့လေရာ ရေအလှည့်ကျသောအခါ ရေကို တားမြစ်ပြီးလျှင်-လေတကြိမ်ဖျက်၏။ဤသို့လျှင် ကမ္ဘာလောကဓာတ်ကြီး၏ပျက်စီးပုံ မီး,ရေ,လေ-အစုံ ဖြစ်ပုံကိုသိအပ်၏။

၄၅-င။ ။သတ္တ သတ္တဂ္ဂိနာ ၀ါရာ၊ အဋ္ဌမေ အဋ္ဌမေ ဒကာ။
စတုသဋ္ဌိ ယဒါ ပုဏ္ဏာ၊ဧကော ၀ါယု၀ရော သိယာ။
ဝိသုဒ္ဓိမဂ် အဋ္ဌကထာ,သာရတ္ထဒီပနီ ဋီကာ။

ဆိုလိုရင်းကား····လူတို့၏အသက် အသင်္ချေယျတမ်းမှစ၍ တဖြေးဖြေး ဆုတ်ယုတ်လာရာ အသက် ၁၀-နှစ်တမ်းသို့ ရောက်၏။ တဘန် ၁၀-နှစ် တမ်းမှ တရားကျင့်၍ အသက်ရှည်လာပြန်ရာ အသက်အသင်္ချေယျ တမ်းသို့ ရောက်သေ၏။ ဤသို့ ဆုတ်ကပ်,တက်ကပ်,နှစ်ခု အစုံသည် အန္တရကပ် မည်၏။ ယင်း-အန္တရကပ် ၆၄-ကပ်သည် တနည်း-အန္တရကပ် ၂၀-သည် အသင်္ချေယျ တကပ်ဖြစ်၏။ ၎င်း အသင်္ချေယျ ၄-ကပ်သည် မဟာကပ်, တကပ်ဖြစ်၏။ ။ဟူလို။

---

၄၅-ဃ။ ။အဂ္ဂိနာ-သည်။ အာဘဿရ ဘုံမှ၊ ဟေဋ္ဌာ-အောက်၌။ အဂ္ဂိနာ-မီးဖြင့်။ ဝိနဿတိ-ပျက်စီး၏။ သုဘကိဏှတော-သုဘကိဏှာဘုံမှ။ ဟေဋ္ဌာ-အောက်၌။ အာပေန-ရေဖြင့်။ ဝိနဿတိ-ပျက်စီး၏။ ဝေဟပ္ဖလတော-ဝေဟပ္ဖိုလ်ဘုံမှ။ ဟေဋ္ဌာ-အောက်၌။ ဝါတေန-လေဖြင့်။ ဝိနဿတိ-ပျက်စီး၏။ ဧဝံ-ဤသို့ဆိုအပ်ခဲ့ပြီးသောနည်းဖြင့်။ လောကော-လောကကြီးသည်။ ဝိနဿတိ-ပျက်စီး၏။

၄၅-င။ ။[illegible]။ သတ္တသတ္တဂ္ဂိနာ-ခုနစ်ကြိမ်,ခုနစ်ကြိမ်သော အခိုက်-မီးဖြင့်။ ဝိနဿတိ-ပျက်၏။ အဋ္ဌမေ,အဋ္ဌမေ-ရှစ်ကြိမ်,ရှစ်ကြိမ်မြောက်၌။ ဒကာ-ဒကေန-ရေဖြင့် ဝိနဿတိ-ပျက်၏။ ယဒါ-အကြင်အခါ၌။ စတုသဋ္ဌိ-ခြောက်ဆဲ့လေးကြိမ်သည်။ ပုဏ္ဏာ-ပြည့်၏။ တဒါ-ထိုအခါ၌။ ဧကော-တကြိမ်သည်။ ဝါယုဝါရော-လေအကြိမ်သည်။ သိယာ-ဖြစ်ရာ၏။

ယင်း မဟာကပ်၏ အသက်တမ်း ပမာဏကား မုန်ညင်းဖြူစေ့တို့ဖြင့် အလျား,အနံ, အစောက် တယူဇနာရှိသော တိုက်ခမ်းကြီးမှ အနှစ်တရာမှ တစေ့ယူ၍ ပစ်သဖြင့် မုန်ညင်းစေ့သာ ကုန်လေရာ၏။မဟာကပ်ကား မကုန်နိုင်ရာ,မဆုံးနိုင်ရာ-ဟု မှတ်။

အန္တရကပ္ပသာ ဝသေန စတုသဋ္ဌိအန္တရကပ္ပပမာဏော၊ ဝီသတိ အန္တရကပ္ပပမာဏောတိပိ ဝဒန္တိ။ ။ဋီကာကျော်။

ဤ အသင်္ချေယျကပ်,မဟာကပ်တို့၏ အစွမ်းဖြင့် ဗြဟ္မာတို့၏ အသက် အပိုင်းအခြားကို အထက်တော်ပြထားသော ဇယားမှတ်အပ်၏ ဟု ဆိုလို သည်။ ။ဤကား-သံဝဋ္ဋသုံးမျိုး အဓိပ္ပါယ်တည်း။

---

၃၉။ ။ပဋိသန္ဓိဘဝင်္ဂဉ္စ၊ တထာ စဝနမာနသံ။
ဧကမေဝ တထေဝေက၊ ဝိသယဉ္စေကဇာတိယံ။ ။

သင်္ဂြိုဟ်ပါဌ်။

တခုသောဘဝ၌ ပုဂ္ဂိုလ်သတ္တဝါ တယောက်ယောက်၏ ပဋိသန္ဓေစိတ်, ဘဝင်စိတ်, စုတိစိတ် ၃-မျိုးတို့သည် ဘုံ, ဇာတ်, ယှဉ်သော စေတသိက်, သင်္ခါရ ဤလေးပါးအားဖြင့် တူရ၏။ မကွဲပြားရ။ အာရုံအားဖြင့်လည်း တူရ၏။ မကွဲပြားကောင်း။

ထိုလေးပါးတို့တွင် ဘုံအားဖြင့် တူဟန်ကား....ပဋိသန္ဓေစိတ်သည် ကာမဘုံ၌တည်နေသော ပဋိသန္ဓေဖြစ်အံ့၊ ဘဝင်စိတ်, စုတိစိတ်တို့သည် လည်း ကာမဘဝင်စိတ်,ကာမစုတိစိတ်တို့သာ ဖြစ်ကြရ၏။ ။ရူပဘဝင်,ရူပ စုတိစိတ်သာ ဖြစ်ကြရ၏။

ပဋိသန္ဓေစိတ်သည် ရူပဘုံ၌တည်နေသော ပဋိသန္ဓေစိတ်ဖြစ်အံ့၊ ဘဝင် စိတ်, စုတိစိတ်တို့သည်လည်း၊ ပဋိသန္ဓေစိတ်နှင့်တူစွာ ရူပဘဝင်စိတ်, ရူပ စုတိစိတ်သာ ဖြစ်ကြရ၏။

ပဋိသန္ဓေစိတ်သည် အရူပဘုံ၌တည်နေသော ပဋိသန္ဓေစိတ် ဖြစ်အံ့၊ ဘဝင်စိတ်, စုတိစိတ်တို့သည်လည်း ပဋိသန္ဓေစိတ်နှင့် တူစွာ အရူပဘဝင် စိတ်,အရူပစုတိစိတ် သာလျှင် ဖြစ်ကြရ၏။ ။ဤသို့လျှင် ဘုံအားဖြင့် တူသတည်း။

ဇာတ်အားဖြင့် တူဟန်ကား.... ပဋိသန္ဓေစိတ်သည် ဝိပါက်ဇာတ် ဖြစ်အံ့၊ဘဝင်စိတ်,စုတိစိတ်တို့သည်လည်း ဝိပါက်ဇာတ်သာ ဖြစ်ကုန်၏။ ။ ဤသို့လျှင် ဇာတ်အားဖြင့် တူကုန်၏။

သမ္ပယုတ္တဓမ္မ အားဖြင့် တူဟန်ကား....ပဋိသန္ဓေ စိတ်သည် စေတသိက် ၁၁-နှင့် ယှဉ်သည်ဖြစ်အံ့၊ ဘဝင်စိတ်, စုတိစိတ်တို့သည်လည်း စေတသိက် ၁၀-နှင့်ပင် ယှဉ်ကုန်၏။ ။ပဋိသန္ဓေစိတ်သည် စေတသိက် ၃၃ ပါးနှင့် ယှဉ်သည်ဖြစ်အံ့၊ဘဝင်စိတ်,စုတိစိတ်တို့သည်လည်း၃၃-ပါးနှင့်သာ ယှဉ်ကုန်၏။ ။ပဋိသန္ဓေစိတ်သည် စေတသိက် ၃၂-ပါး,၃၁-ပါး,၃၅-ပါး ၃၄-ပါး, ၃၀-တို့နှင့် ယှဉ်သည်ဖြစ်အံ့၊ ဘဝင်စိတ်, စုတိစိတ် တို့သည် လည်း စေတသိက် ၃၂-ပါး။ပ။ ၃၀-တို့နှင့်သာ ယှဉ်ကုန်၏။ ဤသို့လျှင် သမ္ပယုတ္တဓမ္မ အားဖြင့် တူကုန်၏။

သင်္ခါရအားဖြင့် တူဟန်ကား....ပဋိသန္ဓေ စိတ်သည် အသင်္ခါရိက ဖြစ်အံ့၊ ဘဝင်စိတ်,စုတိစိတ်တို့သည်လည်း အသင်္ခါရိက ဖြစ်ကုန်၏။ ပဋိသန္ဓေစိတ်သည် သသင်္ခါရိကဖြစ်အံ့။ ဘဝင်စိတ်, စုတိစိတ်တို့သည်လည်း သသင်္ခါရိကဖြစ်ကုန်၏။ ဤသို့လျှင် သင်္ခါရအားဖြင့် တူကုန်၏။

အာရုံအားဖြင့် တူဟန်ကား....ပဋိသန္ဓေ စိတ်သည် ကံကို အာရုံ ပြုသည်ဖြစ်အံ့၊ ဘဝင်စိတ်,စုတိစိတ်တို့သည်လည်း ကံကိုသာ အာရုံပြုကုန် ၏။ ပဋိသန္ဓေစိတ်သည် ကမ္မနိမိတ်ကို အာရုပြုသည်ဖြစ်အံ့၊ ဘဝင်စိတ်, စုတိစိတ်တို့သည်လည်း၊ ကမ္မနိမိတ်ကိုသာ အာရုံပြုကြကုန်၏။ ပဋိသန္ဓေ စိတ်သည် ဂတိနိမိတ်ကို အာရုံပြုသည်ဖြစ်အံ့၊ ဘဝင်စိတ်, စုတိစိတ်တို့ သည်လည်း၊ ဂတိနိမိတ်ကိုသာ အာရုံပြုကုန်၏။ ဤသို့လျှင် အာရုံအားဖြင့် တူကုန်၏။

ဤသို့လျှင် ဘဝတခုတည်း၌ ပဋိသန္ဓေစိတ်, ဘဝင်စိတ်, စုတိစိတ် တို့သည်၊ အရ-တရားကိုယ် တမျိုးတည်း ဖြစ်သောကြောင့်၊ ဘုံ,ဇာတ်, သမ္ပယုတ္တဓမ္မ,သင်္ခါရ,အာရုံ အားဖြင့် တူကြရ၏။ မကွဲပြားသင့်။ ။ဟူလို။

ပဋိသန္ဓိစတုက္က အဘွင့် ပြီး၏။

## ကမ္မစတုက္က အဘွင့်

၄၀။ ။ဇနကံ, ဥပတ္ထမ္ဘကံ, ဥပပီဠကံ, ဥပဃာတကဉ္စေတိ ကိစ္စ
ဝသေန၊

သင်္ဂြိုဟ်ပါဌ်။

ကံသည် ၁-ဇနကံ၊ ၂-ဥပတ္ထမ္ဘကကံ၊ ၃-ဥပပီဠကကံ၊ ၄-ဥပဃာတ
ကကံ-ဟူ၍ ကိစ္စ၏ အစွမ်းအားဖြင့် ၄-ပါးရှိ၏။ ။ဟူလို။

ဤကား ပိဏ္ဍတ္ထ။

---

## ၁-ဇနက ကံ၏ အဓိပ္ပါယ်

ဇနေတီတိ ဇနကံ။

ဇနေတိ၊ ဝိပါက်နာမက္ခန္ဓာ, ကဋတ္တာရုပ်တို့ကို ဖြစ်စေတတ်၏။ ဣတိ
တသ္မာ၊ ထို့ကြောင့်။ ဇနကံ၊ဇနကကံ-မည်၏။ ။ဝိဂြိုဟ်အရ····ပဋိသန္ဓေ
အခါ၌ရှေးဦးစွာဖြစ်ပေါ်သော ပဋိသန္ဓေဝိပါက်နာမက္ခန္ဓာ,ကမ္မဇရုပ်တည်း
ဟူသော ပဋိသန္ဓေအကျိုး,ပဋိသန္ဓေအခါမှနောက် ပဝတ္တိအခါ၌ ဖြစ်ပေါ်
သော ဝိပါက်နာမက္ခန္ဓာ ကမ္မဇရုပ်တည်းဟူသော ပဝတ္တိအကျိုး ၂-မျိုးကို
ကိုယ်တိုင် ဖြစ်စေတတ်သော ကုသိုလ်ကံ, အကုသိုလ်ကံသည် ဇနကကံ
မည်၏-ဟူလို၊ ၊(ကမ္မဇရုပ်ကို ကဋတ္တာရုပ်ဟုလည်း ခေါ်၏။အတူတူပင်)။

ဤ၌ ပဋိသန္ဓေ အကျိုး,ပဝတ္တိ အကျိုးပေး-ဟူရာဝယ် ၎င်းဇနကကံ
သည်လည်း ကုသိုလ်ဖြစ်စေ, အကုသိုလ်ဖြစ်စေ, ကမ္မပထမြောက်မှသာ
လျှင် ပဋိသန္ဓေအကျိုးကို ပေးနိုင်သည်။ ။ပဝတ္တိအကျိုးကိုမူကား ကမ္မ
ပထ မြောက်သည်ဖြစ်စေ, မမြောက်သည်ဖြစ်စေ, ကုသိုလ် အကုသိုလ်
စေတနာမှန်လျှင် အကျိုးကို ဖြစ်စေနိုင်၏။ အယုတ်သဖြင့် ပဥ္စဒွါရဝီထိ၌
ဖြစ်သော ပဉ္စဒွါရိက စေတနာသည်လည်း ပဝတ္တိအကျိုးကို ပေးနိုင်၏။
အိပ်မက်၌ဖြစ်သော ကုသိုလ်,အကုသိုလ်စေတနာသည်ပင် ပဝတ္တိအကျိုးကို
ပေးနိုင်၏ ဟု မှတ်။

ထို ၂-ပါးတို့တွင် ကုသိုလ်ဇနကကံဖြစ်အံ့၊ သုဂတိဖြစ်သော လူ,နတ်
စသည်တို့၏ ပဋိသန္ဓေအကျိုး,ပဝတ္တိအကျိုးကို ဖြစ်စေ၏။ ။အကုသိုလ်

ဇနကကံဖြစ်အံ့၊ အပါယ် ဒုဂ္ဂတိဖြစ်သော ငရဲ-တိရစ္ဆာန် စသည်တို့၏ ပဋိသန္ဓေအကျိုးကို ဖြစ်စေ၏။

၃၀-က။ ။ဇနကံနာမ ကုသလမ္ပိ ဟောတိ အကုသလမ္ပိ တံ ပဋိသန္ဓိ
ယမ္ပိ ပဝတ္တေပိ ရူပါရူပဝိပါကက္ခန္ဓေ ဇနေတိ။
အင်္ဂုတ္တရ အဋ္ဌကထာ။

---

## ၂-ဥပတ္ထမ္ဘကကံ အဓိပ္ပါယ်

ကမ္မန္တရံ ဝါ ကမ္မနိဗ္ဗတ္တခန္ဓသန္တာနံ ဝါ
ဥပတ္ထမ္ဘေတီတိ ဥပတ္ထမ္ဘကံ။

ကမ္မန္တရံဝါ၊ကံတပါးကိုသော်၎င်း။ကမ္မနိဗ္ဗတ္တခန္ဓသန္တာနံ ဝါ၊ကံတပါးကြောင့် ဖြစ်နေသော ခန္ဓာအစဉ်ကို၎င်း။ ဥပတ္ထမ္ဘေတိ၊ ထောက်ပံ့တတ်၏။ ဣတိတသ္မာ၊ထိုကြောင့်။ဥပတ္ထမ္ဘကံ၊ ဥပတ္ထမ္ဘကကံ မည်၏။

အဓိပ္ပါယ်ကား····မိမိမူကား ပဋိသန္ဓေအကျိုးကို မပေးနိုင်ပါဘဲ ဇနကကံကို၎င်း, ၎င်းဇနကကံ၏ အကျိုးဖြစ်သော ဝိပါက်နာမက္ခန္ဓာ ကမ္မဇရုပ်ကို၎င်း၊မြဲမြဲစွာ ရှည်ကြာစွာ အကျိုးပေးနိုင်အောင် ထောက်ပံ့ အားပေးတတ်သော ကုသိုလ်ကံ, အကုသိုလ်ကံသည် ဥပတ္ထမ္ဘကကံ မည်၏။ ။ မျိုးစေ့ကြောင့် ပေါက်ပေါက် ကြီးပွါးနေသော သစ်ပင်ကို မြေဓာတ်, ရေဓာတ်တို့ဖြင့် မပြတ်အားအဆင့် ပေးသကဲ့သို့ လူနတ်စသည်ကို ဖြစ်စေသော ကံကို၎င်း, လူနတ်စသည်ဟု သမုတ်မှည့်ဆိုအပ်သော ရုပ်နာမ်ခန္ဓာအစဉ်ကို၎င်း, မြဲမြဲခိုင်ခံ့စေရန် အားအဆင့်ဆင့်ပေးသော ပဝတ္တိအခါ ပြုသမျှသော ဒါနသီလစသော ကုသိုလ်ကံစေတနာ,အကုသိုလ်ကံ စေတနာ မှန်သမျှသည်၎င်း၊ ရှေးရှေးဘဝက ပြုခဲ့ပြီးသော အကျိုးပေးဘို့ အခွင့်အချိန် မရသေးသော ကုသိုလ်ကံ, အကုသိုလ်ကံ စေတနာသည်၎င်း၊ အကျိုးပေးခွင့်ရ၍ အကျိုးပေးပြီးဖြစ်သော ကုသိုလ် အကုသိုလ်ကံ စေတနာမှန်သမျှသည်၎င်း ဥပတ္ထမ္ဘကကံ-မည်၏။ ။ဟူလို။

---

၃၀—က။ ဇနကံနာမ၊ ဇနကကံသည်ကား။ ကုသလမ္ပိ၊ ကုသိုလ်သည်လည်း။ ဟောတိ၊ ဖြစ်၏။ အကုသလမ္ပိ၊ အကုသိုလ်သည်လည်း။ ဟောတိ၊ ဖြစ်၏။ တံ၊ ထိုကုသိုလ်,အကုသိုလ်ဇနကကံသည်။ ပဋိသန္ဓိယမ္ပိ၊ ပဋိသန္ဓေ အခါ၌၎င်း။ ပဝတ္တေပိ၊ ပဝတ္တိ အခါ၌၎င်း။ ရူပါရူပဝိပါကက္ခန္ဓေ၊ ကမ္မဇရုပ်,ဝိပါက်နာမက္ခန္ဓာတို့ကို။ ဇနေတိ၊ ဖြစ်စေနိုင်၏။

၅၀-ခ။ ။ဥပတ္ထမ္ဘကံ ဝိပါကံ ဇနေတုံ န သက္ကောတိ၊အညေန ကမ္မေန ဒိန္နာယ ပဋိသန္ဓိယာ ဇနိတေ ဝိပါကေ ဥပ္ပန္နကသုခဒုက္ခံ ဥပတ္ထမ္ဘေတိ။ အဒ္ဓါနံ ပဝတ္တေတိ။ ။အဂုတ္တရ အဋ္ဌကထာ။ ကမ္မန္တရဿ စိရတရဝိပါက နိဗ္ဗတ္တနေ ပစ္စယဘူတံ၊ ဝိပါကဿဝါ။ပ။ပစ္စယဘူတံ ကုသလာကုသလကမ္မံ ဥပတ္ထမ္ဘကံ နာမ။ ။ဋီကာကျော်။

---

၅၀-ခ။ ။ဥပတ္ထမ္ဘကံ နာမ၊ ဥပတ္ထမ္ဘကကံ မည်သည်ကား။ ဝိပါကံ၊ အကျိုး၂-ပါးကို။ဇနေတုံ၊ဖြစ်စေခြင်းငှါ။န သက္ကောတိ၊မစွမ်းနိုင်။အညေန၊ တပါးသော။ ကမ္မေန၊ကံသည်။ပဋိသန္ဓိယာ၊ ပဋိသန္ဓေကို။ဒိန္နာယ၊ပေးသည် ရှိသော်။ ဝိပါကေ၊အကျိုးကို။ဇနိတေ၊ဖြစ်စေအပ်သည်ရှိသော်။ ဥပ္ပန္နက သုခ-ဒုက္ခံ၊ဖြစ်သော ချမ်းသာ ဆင်းရဲကို။ ဥပတ္ထမ္ဘေတိ၊ထောက်ပံ့တတ်၏။ အဒ္ဓါနံ၊ရှည်စွာသော ကာလပတ်လုံး။ပဝတ္တေတိ၊ဖြစ်စေတတ်၏။

ကမ္မန္တရဿ ဝါ၊ ကံတပါး၏ငှင်း။စိရတရဝိပါကနိဗ္ဗတ္တနေ၊ အလွန်ရှည် မြင့်စွာ အကျိုးကို ဖြစ်စေရာ၌။ ပစ္စယဘူတံ၊ အထောက်အပံ့ အကြောင်း လည်း ဖြစ်သော။ ဝိပါကဿ ဝါ၊ ပဝတ္တိ အကျိုးတရား၏။ပ။ပစ္စယဘူတံ၊ အထောက်အပံ့ အကြောင်းတရားလည်းဖြစ်သော။ ကုသလာ ကုသလကမ္မံ၊ သည်။ဥပတ္ထမ္ဘကံနာမ၊မည်၏။

---

## ၃-ဥပပီဠကကံ အဓိပ္ပါယ်

ဥပဂန္တွာ ပီဠေတီတိ ဥပပီဠကံ။

ဥပဂန္တွာ၊ ကပ်၍။ ပီဠေတိ၊ နှိပ်စက် ညှဉ်းဆဲတတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ ဥပပီဠကံ၊ ဥပပီဠကကံမည်၏။ ။ဝိဂြိုဟ်အရ····ဇနကကံ၏ အကျိုးကို မထက်သန်အောင် ကပ်၍ နှိပ်စက်တတ်သော ကုသိုလ်ကံ, အကုသိုလ်ကံ စေတနာသည် ဥပပီဠကကံ မည်၏။ အဓိပ္ပါယ်ကား···· ကုသိုလ်ဇနကကံကြောင့်ဖြစ်သော သုဂတိဘုံသား လူနတ်တို့အား လူချမ်း သာ,နတ်ချမ်းသာ,ဝိပါက်ကမ္မဇရုပ်ကြီး၏ ဖွံ့ဖြိုးကြီးပွါးနေသည်ကို ရောဂါ ဝေဒနာများခြင်း, ဓာတ်ချောက်ချားခြင်းစသော ကိုယ်၏ဆင်းရဲမှု, စိတ်၏ ဆင်းရဲမှုဖြစ်အောင် နှောက်ယှက် ဖျက်ဆီးတတ်သော အကုသိုလ်ကံမျိုး သည်ငှင်း အကုသိုလ်ဇနကကံကြောင့်ဖြစ်သော ဒုဂ္ဂတိဘုံသား တိရစ္ဆာန်

စသော သတ္တဝါတို့အား အကုသိုလ်ကံ အကျိုးဖြစ်သော ဆင်းရဲသော ဝိပါက်ခန္ဓာ,အနိဋ္ဌကမ္မဇရုပ်ကြီး၏ ဖွံ့ဖြိုးကြီးပွါးနေသည်ကို ရောဂါစသော အန္တရာယ်အမျိုးမျိုးဖြင့် ညှိုးမှိန် သိမ်ဖျင်းအောင် နှိပ်စက်သော ကုသိုလ်ကံသည်ပင် ဥပပီဠကကံ မည်၏။ ။ဟူလို။

ဤ၌ ကပ်၍နှိပ်စက်-ဟူသည်ကား ကုသိုလ်ကံသည် အကုသိုလ်ကံ၏ အကျိုးကို ဆုတ်ယုတ်ညှိုးမှိန်အောင် နှိပ်စက်ပြုလုပ်ခြင်းတည်း။ အကုသိုလ်သည် ကုသိုလ်ကံ၏ အကျိုးကို ဆုတ်ယုတ် ညှိုးမှိန်အောင် နှိပ်စက်ပြုလုပ်ခြင်းတည်း။

ထိုစကားထင်ရှားစေအံ့။ ။ယခုအခါတွင် များစွာသောသတ္တဝါတို့သည် ရှေးရှေးသော ဘဝကပြုခဲ့ကြသော ဇနကကံတပါးပါး၏ အစွမ်းကြောင့် လူလာဖြစ်ကြရာ ထိုသတ္တဝါတို့၏ ကိုယ်ခန္ဓာ၌တရံတခါရောဂါအန္တရာယ် တို့ကို ဖြစ်စေ၏။ ရာဇဒဏ်အန္တရာယ် ယုတ်နိမ့်ခြင်းကိုလည်း ဖြစ်စေ၏။ လယ် ယာ ဥယျာဉ် နွား ကျွဲတို့၏ ပျက်စီးခြင်းကိုလည်း ပြု၏။ စည်းစိမ်ဥစ္စာတို့၏ ပြုန်းတီး ပျက်စီးခြင်းကိုလည်း ပြု၏။ သားမယားဆွေမျိုး မိတ်ဆွေတို့၏ ပျက်စီးခြင်းကိုပြု၍ ဆင်းရဲစေ၏။သေကြေခြင်းကိုကား မဖြစ်စေနိုင်။ ဤသို့ အမျိုးမျိုးသော ဒုက္ခတို့ဖြင့် နှိပ်စက်ရုံမျှဖြစ်သော ကံသည် ဥပပီဠလကကံ မည်၏။ ။ဟူလို။

၅၀-ဂ။ ။ကုသလကမ္မေ ဝိပစ္စမာနေ အကုသလကမ္မံ ဥပပီဠကံ ဟုတွာ တဿ ဝိပစ္စိတုံ န ဒေတိ။အကုသလကမ္မေ ဝိပစ္စမာနေ ကုသလကမ္မံ ဥပပီဠကံ ဟုတွာ တဿ ဝိပစ္စိတုံ န ဒေတိ။ ။အင်္ဂုတ္တရ အဋ္ဌကထာ။

---

## ဥပဃာတကကံနှင့် ဥပပီဠကကံ ၂-ပါးအထူး

ဥပဃာတကကံသည် ကံတပါးကို ထောက်ပံ့တတ်၏။ ဥပပီဠကကံကား ကံတပါးကို နှိပ်စက်တတ်၏။ ထောက်ပံ့မှု ဟူသည် ကုသိုလ်၏ အကျိုး၌

---

၅၀-ဂ။ ။ကုသလကမ္မေ၊ကုသိုလ်ကံသည်။ ဝိပစ္စမာနေ၊ အကျိုးပေးသည်ရှိသော်။အကုသလကမ္မံ၊အကုသိုလ်ကံသည်။ ဥပပီဠကံ၊ဥပပီဠကကံသည်။ ဟုတွာ၊ဖြစ်၍။တဿ၊ထိုကုသိုလ်ကံအား။ ဝိပစ္စိတုံ၊အကျိုးပေးခြင်းငှါ။ န ဒေတိ၊ မပေး။ အကုသလကမ္မေ၊ အကုသိုလ်ကံသည်။ဝိပစ္စမာနေ၊ အကျိုးပေးသည်ရှိသော်။ ကုသလကမ္မံ၊ ကုသိုလ်ကံသည်။ ဥပပီဠကံ၊ဥပပီဠကကံသည်း ဟုတွာ။ဖြစ်၍။ တဿ၊ထိုအကုသိုလ်ကံအား။ ဝိပစ္စိတုံ၊ အကျိုးပေးခြင်းငှါ။ န ဒေတိ၊မပေး။

ဖြစ်စေ,အကုသိုလ်၏အကျိုး၌ဖြစ်စေ,တိုးတက်ကြီးပွါးရန် အားအဆင့်ပေးမှုပေတည်း။ ။ကုသိုလ်ကံ၏ အကျိုးဖြစ်သော လူနတ်တို့အား ထိုထို လူဘုံ, နတ်ဘုံတို့၌ ပကတိချမ်းသာမှုထက် ဆတံပိုးတိုး၍ အမျိုးမျိုး ချမ်းသာခြင်းကို ဖြစ်စေသော ကုသိုလ်ကံမျိုးသည်၎င်း၊ အကုသိုလ်၏ အကျိုးဖြစ်သော ငရဲတိရစ္ဆာန်စသော အပါယ်သားတို့အား အပါယ်ဘုံ၌ ကြာရှည်လေးမြင့်စွာ ခံစားနေစေရန် အားအဆင့်ပေးသော နောက်ထပ် အကုသိုလ်ကံမျိုးသည်၎င်း၊ အကုသိုလ်ကံကြောင့်ပင် ဖြစ်ရလင့်ကစား တန်ခိုးအာနုဘော်ကြီးမားကုန်သောနဂါး,ဂဠုန်,ဆင်တော်မြင်းတော်စသောအပါယ်သားတို့အား ထူးကဲစွာ ချမ်းသာသုခခံစားရန် ထောက်ပံ့ အားပေးသော ကုသိုလ်ကံမျိုးသည်၎င်း၊ ဤသို့ အားအဆင့် ထောက်ပံ့ အားပေးသော ကံမျိုးသည် ဥပတ္ထမ္ဘကကံ မည်၏။ ။ဆိုအပ်ခဲ့ပြီးသောအဘိုင်း သုဂတိဘုံသားကိုဖြစ်စေ, ဒုဂ္ဂတိဘုံသားကို ဖြစ်စေ, အမျိုးမျိုးသော ရောဂါအန္တရာယ် ဒုက္ခအသွယ်သွယ်တို့ဖြင့် နှိပ်စက်ရုံမျှသာ သေကြေပျက်စီးအောင်ကား မတတ်နိုင်သော ကံမျိုးသည် ဥပပီဠကကံမည်၏ ဟု မှတ်။

၅၀-ဃ။ ။ဥပပီဠကံနာမ အညေန ကမ္မေန ပဋိသန္ဓိယာ
ဇနိတေ ဝိပါကေ ဥပ္ပန္နကသုခဒုက္ခံ ပီဠေတိ ဗာဓတိ။
အဒ္ဓါနံ ပဝတ္တိတုံ န ဒေတိ။ ။ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၊

---

## ၄-ဥပဃာတကကံ အဓိပ္ပါယ်

ဥပဂန္တွာ ဃာတေတီတိ ဥပဃာတကော။

ဥပဂန္တွာ၊ ကပ်၍။ ဃာတေတိ။ သတ်တတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ ဥပဃာတကော၊ ဥပဃာတကကံ မည်၏။ ။ဝိဂြိုဟ်အရ...အားနည်းသော ဇနကကံ၏ အစွမ်းသတ္တိကိုဖြတ်၍ ထိုအားနည်းသော ကံ၏ဝိပါက်ကို တားမြစ်၍ မိမိအကျိုးပေးသော ကံသည် ဥပဃာတက ကံမည်၏။ ။

---

၅၀—ဃ။ ။ဥပပီဠကံနာမ၊ ဥပပီဠကကံမည်သည်ကား။ အညေန၊ တပါးသော။ ကမ္မေန၊ ကံသည်။ ပဋိသန္ဓိယာ၊ ပဋိသန္ဓေကို။ ဒိန္နာယ၊ ပေးအပ်သည်ရှိသော်။ ဝိပါကေ၊ အကျိုးကို။ ဇနိတေ၊ ဖြစ်စေအပ်သည်ရှိသော်။ ဝါ၊ ဇနိတေ၊ ဖြစ်စေအပ်ပြီးသော။ ဝိပါကေ၊ အကျိုး၌။ ဥပ္ပန္နကသုခဒုက္ခံ၊ ဖြစ်စေအပ်သော ချမ်းသာဆင်းရဲကို။ ပီဠေတိ၊ နှိပ်စက်ညှဉ်းဆဲတတ်၏။ ဗာဓတိ၊ ပြင်းစွာနှိပ်စက်တတ်၏။ အဒ္ဓါနံ၊ ရှည်စွာသောကာလပတ်လုံး။ ပဝတ္တိတုံ၊ ဖြစ်စေခြင်းငှါ။ န ဒေတိ၊ မပေး။

အဂ်ုတ္တိုရ် အဋ္ဌကထာ, ဝိသုဒ္ဓိမဂ် အဋ္ဌကထာတို့၌ ၎င်းဥပဃာတကကံကို ဥပစ္ဆေဒကကံဟုလည်း မိန့်ဆိုအပ်၏။

၅၀-င။ ။ဥပဃာတကံ ပန သယံ ကုသလံ အကုသလံဝါ သမာနံ အညံ့ ဒုဗ္ဗလကမ္မံ ဃာတေတွာ တဿ ဝိပါကံ ပဋိဗာဟေတွာ အတ္တနော ဝိပါကဿ ဩကာသံ ကရောတိ။ ။ဝိသုဒ္ဓိမဂ် အဋ္ဌကထာ။

---

## ကံတပါးနှင့် ၎င်းကံ၏ အကျိုးကို တားမြစ်ခြင်း အကြောင်း

ဥပဃာတကကံဟူသည် အခြားသော ကံတို့နှင့်မတူ အခြားသောကံ တပါးကိုရင်း၊ ၎င်းကံ၏အကျိုးကိုရင်း ဖြတ်ပြီးမှ မိမိအကျိုးကို ပေးသော ကံဖြစ်ပေသည်။ ။ဖြတ်ပုံကား....သေခါနီးဖြစ်သော မရဏာသန္န အခါ၌ ရှေးဦးစွာ အကုသိုလ်ကံ အစွမ်းကြောင့် ဒုဂ္ဂတိနိမိတ် ထင်လာစဉ် နောက် တဘန်,ဘုရားစသော အာရုံကို အာရုံပြု၍ ဖြစ်ပေါ်လာသော ကုသိုလ်ကံ သည် ထိုရှေးထင်ရင်းဖြစ်သော အပါယ်ဒုဂ္ဂတိနိမိတ်ကို ပယ်လှန့်တားမြစ် လျက် နတ်သွီး,နတ်သား,နတ်ဗိမာန်စသော သုဂတိနိမိတ်ကို ထင်စေ၏။ ထင်သည်အားလျော်စွာ ချက်ခြင်းပင် နတ်ပြည်သို့ ရောက်စေ၏။ ရှင် သောဏ မထေရ်၏ ဘခင် ရဟန်းကြီးဝတ္ထု စသည်ကို ထောက်ဆ၍ သိအပ်၏။ ။ကုသိုလ်ကံ၏အစွမ်းကြောင့် သုဂတိနိမိတ်ထင်လာစဉ် နောက် တဘန် အကုသိုလ်ကံသည် ထိုရှေးထင်ရင်းဖြစ်သော သုဂတိနိမိတ်တို့ကို ပယ်လှန့်တားမြစ်၍ ဒုဂ္ဂတိနိမိတ်ကို ထင်စေ၏။ လက်ငင်းဒိဋ္ဌ အပါယ်ဘုံသို့ ရောက်စေ၏။ ။ဤသို့လျှင် ကံတပါးကိုရင်း၊ထိုကံ၏ပေးလတ္တံ့သော ဒေဝ ဂတိစသော အကျိုးကိုရင်း၊တားမြစ်၍ မိမိ၏အကျိုးပေးဘုံကို သိအပ်၏။

---

## ဇနကကံနှင့် ဥပဃာတကကံတို့၏ အထူး

ဇနကကံသည် ကံတပါး၏အကျိုးကို မဖြတ်မူ၍ အကျိုးကို ဖြစ်စေတတ် ၏။ဥပဃာတကကံသည်ကား ကံတပါးကိုရင်း၊ ထိုကံ၏ ပေးလတ္တံ့သော

---

၅၀ င။ ။ဥပဃာတကံ ပန၊ဥပဃာတကကံသည်ကား။သယံ၊မိမိသည်၊ကုသလံ၊ကုသိုလ် သည်။သမာနံ၊ဖြစ်သော်ရင်း။ အကုသလံ၊အကုသိုလ်သည်။ သမာနံ၊ဖြစ်သော်ရင်း၊ အညံ၊ တပါးသော။ ဒုဗ္ဗလကမ္မံ၊အားနည်းသောကံကို၊ ဃာတေတွာ၊ သတ်ဖြတ်၍။ တဿ၊ထိုအား နည်းသော ကံ၏။ဝိပါကံ၊အကျိုးကို။ပဋိဗာဟေတွာ၊တားမြစ်၍၊အတ္တနော၊မိမိ၏။ဝိပါကဿ၊ အကျိုး၏။ ဩကာသံ၊ အခွင့်ကို။ ကရောတိ၊ ပြု၏။

အကျိုးကိုရင်း ဖြတ်၍ မိမိအကျိုးကို ဖြစ်စေ၏။ ။ဤသို့ ကံ ၂-ပါးတို့ အထူးကို သိအပ်၏။

ဤဆိုလတ္တံ့သော စကားရပ်ကား ကျေးဇူးတော်ရှင် မဟာ ဝိသုဒ္ဓါရုံ ဆရာတော်ဘုရား၏ အဆုံးအဖြတ်တော်တည်း။

ဇနကံ ကမ္မန္တရဿ ဝိပါကံ အန္တရာ အနုပစ္ဆိန္ဒိတွာဝ ဝိပါကံ ဇနေတိ။ ဥပဃာတကံ ဥပစ္ဆေဒနက ပုဗ္ဗကန္တိ အယံ ဝိသေသော။ ။အဋ္ဌကထာ သန္နိဋ္ဌာနံ။

ဥပဃာတကံ ကမ္မန္တရဿ ဝိပါကံ သဗ္ဗသော ဥပစ္ဆိန္ဒိတွာ အညဿ ဩကာသံ ဒေတိ။န ပန သယံ ဝိပါကနိဗ္ဗတ္တကံ။ ။

အပရေဝါဒ။

ဗလဝါဗာဓတာဒိပစ္စယူပနိပါတေန ဝိပါကဿ ဝိဗာဓကံ ဥပပီဠကံ။ တထာ ဝိပါကဿေဝ ဥပစ္ဆေဒကံ ဥပဃာတကံ။ ကမ္မံ ဥပဃာတေတွာ အတ္တနော ဝိပါကဿ ဩကာသကရဏေန ဝိပစ္စနေ သတိ ဇနကမေဝ သိယာ။ ဇနကာဒိဘာဝေါနာမ ဝိပါကံ ပတိဋ္ဌနတ္တိတဗ္ဗော။ န ကမ္မံ ပတီတိ ဝိပါကဿေဝ ဥပဃာတကတာ ယုတ္တာ ဝိယ ဒိဿတိ။

ဝိသုဒ္ဓိမဂ် မဟာဋီကာ။

ဇနကံ၊သည်။ ကမ္မန္တရဿ၊ကံတပါး၏။ ဝိပါကံ၊ကို။ အန္တရာ၊ မဆုံးမီ အကြား၌။အနုပစ္ဆိန္ဒိတွာဝ၊မဖြတ်မူ၍သာလျှင်။ဝိပါကံ၊ကို။ ဇနေတိ၊ပြီးဆုံးမှ ဖြစ်စေ၏။ ဥပဃာတကံ၊သည်။ ဥပစ္ဆေဒနကပုဗ္ဗကံ၊ဖြတ်ခြင်းလျှင် ရှေးရှိ၏။ ဣတိအယံ၊ ကား။ ဝိသေသော၊ အထူးတည်း။ ။ဥပဃာတကံ၊ သည်။ ကမ္မန္တရဿ၊၏။ဝိပါကံ၊ကို၊ သဗ္ဗသော။အလုံးစုံ။ ဥပစ္ဆိန္ဒိတွာ၊၍။အညဿ၊ တပါးသောကံအား။ ဩကာသံ၊အကျိုးပေးခွင့်ကို။ဒေတိ၊၏။သယံ ပန၊မိမိ သည်မူကား။ န ဝိပါကနိဗ္ဗတ္တကံ၊ အကျိုးကို မဖြစ်စေတတ်။ ။ဗလဝါဗာဓ တာဒိပစ္စယူပနိပါတေန၊အနာများခြင်းစသည်တို့၏ အကြောင်းကို ပေါင်းစု ကျရောက်စေသဖြင့်။ ဝိပါကဿ၊ကို။ ဝိဗာဓကံ၊တားမြစ်နှိပ်စက်တတ်သော ကံသည်။ဥပပီဠကံ၊မည်၏။ တထာ၊ထိုအတူ။ ဝိပါကဿေဝ၊ ကိုသာလျှင်။ ဥပစ္ဆေဒကံ၊ ဖြတ်တတ်သော ကံသည်။ ဥပဃာတကံ၊မည်၏။ ကမ္မံ၊ကို။ ဥပဃာတေတွာ၊သတ်၍။အတ္တနော၊မိမိ၏။ ဝိပါကဿ၊၏။ ဩကာသကရ

ဏောန သဖြင့်။ ဝိပစ္စနေ၊အကျိုးပေးခြင်းသည်။ သတိ၊ရှိသော်။ ဇနကမေဝ၊ ဇနကကံသည် သာလျှင်။ သိယာ၊ဖြစ်ခဲ့ရာ၏။ ဇနကာဒိဘာဝေါ နာမ။ဇနက အစရှိသည်၏ အဖြစ်မည်သည်ကို။ ဝိပါကံ၊ကို။ ပတိ၊စွဲ၍။ ဉတ္တိတဗ္ဗော၊ လိုအပ်၏။ကမ္မံ၊ကို။ပတိ၊စွဲ၍။န ဉတ္တိတဗ္ဗော၊မလိုအပ်၊ ဉတိတ သွာ၊ကြောင့်။ ဝိပါကသော၀၊ကိုသာလျှင်။ ဥပဃာတကဘာ၊သတ်ဖြတ်တတ် သည်၏အဖြစ် သည်။သုတ္တာဝိယ။သင့်အံ့ကဲ့သို့။ဒိဿတိ၊ထင်၏။

အရှင်မောဂ္ဂလာန်စသော ရဟန္တာပုဂ္ဂိုလ်တို့မှာ ဥပစ္ဆေဒကကံသက် သက်သာ။ ဗိမ္ဗိသာရမင်း,သာမာဝတီစသည်တို့မှာ ဥပစ္ဆေဒကကံဖြင့် စုတိ သည်၏အခြားမဲ့၌ တပါးကုသိုလ်ကံ အကျိုးပေးသည်၊ ဒေဝဒတ်,ကလာပု မင်းစသည်တို့မှာ ထိုကံပင် သေအောင်လည်း ဖြတ်သည်၊အခြားမဲ့၌လည်း အကျိုးပေးသည်။ထို့ကြောင့် နှစ်ဝါဒလုံးပင် အသင့်ချဉ်းဖြစ်၍နှစ်ဝါဒလုံး ပင် မမြဲလေ။

ဤကိစ္စစတုက္က၌ သုဂတိဘုံမှာ ကုသလဝိပါက် ဇုဋ္ဌကမ္မဇရုပ်တို့ကို ဖြစ် စေတတ်သော ကုသိုလ်ကံသည် ဇနကကံသည်၏။ ထိုကံ၏အကျိုးကို ဖွံ့ဖြိုး ရှည်ကြာအောင် ထောက်ပံ့တတ်သော ကုသိုလ်ကံသည် ဥပထမ္ဘကကံ မည်၏။ထိုဇနကကံ၏ အကျိုးကို ညှိုးမှိန်သိမ်ငယ်ရံသာ နှိပ်စက်တတ်သော အကုသိုလ်ကံသည် ဥပပီဠကကံမည်၏။ ထိုဥပပီဠကကံကိုပင်လျှင် အား ရှိအောင် ထောက်ပံ့ပြန်သော အကုသိုလ်ကံသည် ဥပတ္ထမ္ဘကကံမည်၏။ ယခင် ဇနကကံ၏အကျိုးကို ညှိုးမှိန်သိမ်ဖျင်းရုံမက သုခအစဉ်ကို ဖြတ် တတ်သော အကုသိုလ်ကံသည်၎င်း၊ဖြတ်ပြီးလျှင် ရံခါ ရံခါ ညှပ်၍၊အနိဋ္ဌ ဝိပါက် ကမ္မဇရုပ်တို့ကို ဖြစ်စေတတ်သော အကုသိုလ်ကံသည်၎င်း၊ သေ အောင် သတ်ဖြတ်၍ ဒုဂ္ဂတိဘဝသို့ ဆောင်တတ်သော အကုသိုလ်ကံသည် ၎င်း ဥပဃာတက ကံမည်၏။ ဥပဃာတကကံကို ဖွံ့ဖြိုး အားရှိအောင် ထောက်ပံ့သော အကုသိုလ်ကံသည် ဥပတ္ထမ္ဘကကံမည်၏။ ညှိုးမှိန်နုန့်နှေးရုံ နှိပ်စက်တတ်သော ကုသိုလ်ကံသည် ဥပပီဠက ကံမည်၏။ ဇနကကံကို ထောက်ဆမှုကား ဥပတ္ထမ္ဘကကံမည်၏။ ထိုဥပဃာတကကံကို ညှိုးမှိန်ရုံ သာမက ဒုက္ခအစဉ်ကို ဖြတ်တတ်သော ကုသိုလ်ကံသည်၎င်း,ဖြတ်ပြီးလျှင် ညှပ်၍ညှပ်၍ ကုသလဝိပါက် ဇုဋ္ဌကမ္မဇ ရုပ်တို့ကို ဖြစ်စေတတ်သော ကုသိုလ်ကံသည်၎င်း, သေအောင်ဖြတ်၍ ထိုထက်မြတ်သော သုဂတိဘဝ သို့ ဆောင်တတ်သော ကုသိုတ်ကံသည်၎င်း ဥပဃာတကကံမည်၏။ ထို

ဥပဃာတကကံကို ဖွံ့ဖြိုးအားရှိအောင် ထောက်ပံ့တတ်သော ကုသိုလ်ကံသည် ဥပတ္ထမ္ဘကကံမည်၏။ ဟူ၍ မှတ်လေ။ ။ပွေလိမ်ရှုပ်ထွေး မြေးရှက်သော ခက်ဆစ်။ ။ဤကား-သုဂတိဘုံ၌ ခွဲပုံတည်း။

ဒုဂ္ဂတိဘုံ၌လည်း ထိုအတူ အကုသလ ဝိပါက် အနိဋ္ဌကမ္မဇရုပ်တို့ကို ဖြစ်စေတတ်သော အကုသိုလ်ကံသည် ဇနကကံမည်၏။ ။ထိုဇနကကံ၏ အကျိုးကို ဖွံ့ဖြိုးရှည်ကြာအောင် ထောက်ပံ့သော အကုသိုလ်ကံသည် ဥပတ္ထမ္ဘကကံမည်၏။ ။ထိုအကျိုးကို ညှိုးမှိန်သိမ်ဖျင်းရံသာ နှိပ်စက်တတ်သော ကုသိုလ်ကံသည်-ဥပပီဠကကံမည်၏။ ။ထိုဥပပီဠကကံကိုပင် အားရှိအောင် ထောက်ပံ့ပြန်သော ကုသိုလ်ကံသည် - ဥပတ္ထမ္ဘကကံမည်၏။ ။ထိုအကျိုးကို ညှိုးမှိန်သိမ်ဖျင်းရံမက ဒုက္ခအစဉ်ကို ဖြတ်တတ်သော ကုသိုလ်ကံသည်၎င်း, ဖြတ်ပြီးလျှင် ရံခါရံခါ ညှပ်၍ ဣဋ္ဌဝိပါက်ကမ္မဇရုပ်တို့ကို ဖြစ်စေတတ်သော ကုသိုလ်ကံသည်၎င်း, သေအောင်ပင်ဖြတ်၍ သုဂတိဘုံသို့ ဆောင်တတ်သော ကုသိုလ်ကံသည်၎င်း-ဥပဃာတကကံမည်၏။ ။ဤသို့ စသည်ဖြင့် ပြန်၍ ပြန်၍ ပဋိပက္ခချည်း ဆိုလေ။ ။ပွေရှုပ်ရစ်ပတ်သော ခက်ဆစ် ခက်ရပ်။

ဤကား-ဒုဂ္ဂတိဘုံ၌ ခွဲပုံတည်း။

(ဤဆိုအပ်ပြီးသော စကားအစဉ်သည်ကား ကျေးဇူးတော်ရှင်-မဟာဝိသုဒ္ဓါရုံ ဆရာတော်ဘုရားကြီး၏ အဆုံးအဖြတ်တည်း)။

---

## ကိစ္စာသေန အဓိပ္ပါယ်

ဤ၌ ကိစ္စ-ဟူသည်ကား ဖြစ်စေခြင်း, ထောက်ပံ့ခြင်း, ညှဉ်းပန်းခြင်း, သတ်ဖြတ်ခြင်း ဟူသော ထိုထိုကံတို့၏ အမှုအရာ သဘော လက္ခဏာ အထူးပင်တည်း။ ၎င်းအမှုအရာ သဘောလက္ခဏာ အထူးကို ကိစ္စ-ဟု ဤ၌ ဆိုအပ်၏။

၎င်းစကားကို ထင်ရှားစေအံ့....ကံသည် - ကောင်းသော ကုသိုလ်ကံ မကောင်းသော အကုသိုလ်ကံ-ဟူ၍ ၂-ပါးသာ ရှိ၏။သို့သော် ၎င်းကုသိုလ်ကံ, အကုသိုလ်ကံ - တို့သည်ပင်လျှင် ပဋိသန္ဓေ အကျိုးကို ဖြစ်စေသော

သဘောလက္ခဏာ အမူအရာကိုစွဲ၍ ၎င်းကံ ၂-ပါးကိုပင်၊ ဇနကကံဟူသော အမည်ထူးဖြင့်ခေါ်ဝေါ်ရပြန်၏။ကံတပါးကိုထောက်ပံ့တတ်သော သဘောလက္ခဏာ အမူအရာကို အစွဲပြု၍ ၎င်းကံ ၂-ပါးကိုပင် ဥပတ္ထမ္ဘကဟူသောအမည်ထူးဖြင့် ခေါ်ဝေါ်ရပြန်၏။ ကံတပါးကို ညှဉ်းပန်းခြင်းကို ပြုတတ်သော သဘောလက္ခဏာ အမူအရာကိုအစွဲပြု၍ ၎င်းကံ ၂-ပါးကိုပင် ဥပပီဠကဟူသော အမည်ထူးဖြင့် ခေါ်ဝေါ်အပ်၏။ ကံတပါးကိုဖြတ်၍ မိမိ၏အကျိုးကိုပေးတတ်သော-သဘောလက္ခဏာ အမူအရာကို အစွဲပြု၍ ၎င်းကံ ၂-ပါးကိုပင် ဥပဃာတက ဟူသော ကံအမည်ထူးဖြင့် ခေါ်ဝေါ်အပ်၏။သို့ဖြစ်၍ ကံသည်-ကုသိုလ်ကံ, အကုသိုလ်ကံဟု သာမညအားဖြင့် ၂-ပါးသာဖြစ်သော်လည်း သဘောလက္ခဏာ အမူအရာထူးကို အကြောင်းပြုသောအားဖြင့် လေးပါးပြားသည်-ဟု ဆိုလိုသည်။

ဥပမာဆိုသော်····လူတဦးတယောက်ထည်းပင် ဖြစ်စေကာမူ မင်းသား အမူအရာအားဖြင့် ဝတ်စားဆင်ယင် သီဆို ကပြသည်ရှိသော် မင်းသားဟူသော အမည်ထူးဖြစ်ပေါ်လာ၏။ ထိုနောက်တဘန်၊မိန်းမကဲ့သို့ ဝတ်စား သီဆို, ကပြပြန်သော် မိန်းမဟူသော အမည်ထူး ဖြစ်လာပြန်၏။ထိုနောက်တဘန် - မင်းသားကြီးကဲ့သို့ ဝတ်စား ဆင်ယင် သီဆို,ကပြ ပြန်သော် မင်းသားကြီးဟူသော အမည်စသည် ဖြစ်လာသကဲ့သို့တည်း။

---

## ကံလေးပါး၏ အစဉ်

၎င်းကံလေးပါးတို့တွင် ဇနကကံသည်ကို အဘယ့်ကြောင့် ရှေးဦးစွာ မိန့်ဆိုရပါသနည်းဟူမူ။ ။ဘဝ၏ ရှေးဦးအစအခါကား ပဋိသန္ဓေအခါ ဖြစ်၏။ ယင်းရှေးဦးအစဖြစ်သော ပဋိသန္ဓေအကျိုးကို ဖြစ်စေတတ်သောကြောင့်-ဇနကကံကိုရှေးဦးစွာ မိန့်ဆိုအပ်၏။ ။ထိုပဋိသန္ဓေအကျိုးကို ထောက်ပံ့တတ်သဖြင့် ဇနကကံ၏အကျိုးကို ထောက်ပံ့တတ်သောကြောင့် ဇနကကံ၏ နောက်၌ - ဥပတ္ထမ္ဘကကံကို မိန့်ဆိုအပ်၏။ ။ထိုဇနကကံ, ဥပတ္ထမ္ဘကကံတို့နှင့် ဆန့်ကျင်ဘက်ဖြစ်သောကြောင့် ၎င်းကံ ၂-ပါး၏ နောက်၌ ဥပပီဠကကံနှင့် ဥပဃာတကကံ ၂-ပါးကို မိန့်ဆိုအပ်၏-ဟု မှတ်။

ကိစ္စဝသေနာတိဇနနှ,ဥပတ္ထမ္ဘန,ဥပပီဠန,ဥပစ္ဆေဒနကိစ္စဝသေန။
ဋီကာကျော်။

တတ္ထ ပဋိသန္ဓိဇနကဘာဝေန ပဉ္စမံ ဇနကံ ဝုတ္တံ။ပ။တတော ပဋ္ဌာ ကိစ္စပ္ပဋိပက္ခ,ဝုရုပ္ပဋိပက္ခဘာဝေန ဒွေ ကမ္မာနိ ဝုတ္တာနိ။

သင်္ခေပဝဏ္ဏနာ။

---

## ပါကဒါနပရိယာယ် ကံလေးပါး အဖွင့်

၅၁။ ။ဂရုကံ၊ အာသန္နံ၊ အာစိဏ္ဏံ၊ ကဋတ္တာကမ္မဉ္စေတိ ပါကဒါနပရိယာယေန။

သင်္ဂြိုဟ်ပါဌ်။

၁-ဂရုကကံ၊ ၂-အာသန္နကံ၊ ၃-အာစိဏ္ဏကံ၊ ၄-ကဋတ္တာကံ-ဟူ၍ အကျိုးပေးသော အစဉ်အားဖြင့် လေးပါးအပြား ရှိ၏။ ။ဟူလို။

ဤကား ဝိဂ္ဂဟတ္ထ။

---

## ဂရုကကံ-၏ အဓိပ္ပါယ်

ဂရုတိ ဗလဝဘာဝေန အတ္တနော ဝိပါကံ
ပဝတ္တေတီတိ ဂရု။ ဂရုယေဝ ဂရုကံ။

ဗလဝဘာဝေန၊ အားကြီးသည်၏ အဖြစ်ကြောင့်။ အတ္တနော၊ မိမိ၏။ ဝိပါကံ၊ အကျိုးကို။ဂရုတိ ပဝတ္တေတိ၊ ဖြစ်စေတတ်၏။ ဣတိတသ္မာ၊ထို့ကြောင့်။ ဂရု၊ဂရု-မည်၏။ ။ဂရုယေဝ၊ ဂရုသဒ္ဒါသည်ပင်လျှင်။ ဂရုကံ၊ ဂရုက-မည်၏။

ဝိဂြိုဟ်အရ····အားအရှိန် အလွန် အားကြီးသောကြောင့် ကံတပါး သည် တားမြစ်ခြင်းငှါ မတတ်နိုင်သဖြင့် သေသည်မှ အခြားမဲ့၌ အမြဲကေန် အကျိုးပေးသော ကံသည် ဂရုကကံ မည်၏။ ။ဟူလို။

ဤ၌ အား-ဟူသည်ပြုသူ၏သဒ္ဓါစသော-အား,ပြုအပ်သောမိခင်,ဘခင်, ဘုရား ရဟန္တာ-စသော ပုဂ္ဂိုလ်တို့၏ ဂုဏ်ထူးအား,စသည်ကိုယူ၊ငင်းအား သည် အခြားသောကံနှင့်မတူ အလွန်တရာ အားကြီးသောကြောင့် အရှိန် ကောင်းသော တောင်ထိပ်မှ ကျလာသော ရေအယဉ်ကဲ့သို့ အလုံးစုံသော ကံတို့ကမတားမြစ်နိုင်။ ဥပမာ အမိကို သတ်မိသော သူသည် မိုဃ်းထိ

နီးပါး ရတနာ ၇-ပါးဖြင့်ပြီးသော ကျောင်းစသော ကုသိုလ်ကိုပြုသော်လည်း ၎င်းမာတုဃာတကကံ၏ အကျိုးကို မပေးနိုင်ရန် တားဆီးခြင်းငှါ မစွမ်းနိုင်အောင် ကြီးကျယ်သော-အားအစွမ်းမျိုး ဆိုလိုသည်။

၎င်း အားကြီးသော-ဂရုကကံများကား အကုသိုလ်အတို့၌ ၁-အမိကို သတ်သော-မာတုဃာတကကံ။ ၂-အဘကိုသတ်သော ပိတုဃာတကကံ။ ၃-ရဟန္တာကို သတ်သော-အရဟန္တဃာတကကံ။ ၄-မြတ်စွာဘုရားကို သွေးစိမ်းတည်အောင် ပြုလုပ်သော-လောဟိတုပ္ပါဒကကံ။ ၅-သံဃာချင်း အသင်းခွဲသော-သံဃဘေဒကကံ။(ဤပဉ္စာနန္တရိယကံငါးပါး)။ ။၆-နတ္ထိက ဒိဋ္ဌိ။ ၇-အဟေတုကဒိဋ္ဌိ။ ၈-အကြိယဒိဋ္ဌိ ဟူသော နိယတမိစ္ဆာဒိဋ္ဌိကြီး ၃-ပါးပေါင်း ၈-ပါးသော ကံကြီးတို့ပင်တည်း။

ကုသိုလ်အတို့၌ ရူပါဝစရကုသိုလ် ၅-ပါး၊ အရူပါဝစရကုသိုလ် ၄-ပါး အားဖြင့် မဟဂ္ဂုတ်ကံကြီး ၉-ပါးတို့ ပင်တည်း။ ။၎င်းဂရုက ကံကြီးတို့သည် သံခဲ,သံတုံး,ကျောက်ခဲ,ကျောက်တုံးနှင့် တူကုန်၏။ တူဟန်တား- တရွေးခန့်,တပဲခန့်မျှရှိသော သံခဲ,ကျောက်ခဲတို့သည် ရေ၌-တခဏမျှတန့် ရပ်ခြင်းမရှိ၊ အောက်သို့သာ လျင်စွာသက်လေသကဲ့သို့ ထို့အတူ ထိုဂရုက ကံတို့သည်လည်း တပါးသော များစွာသောကံရှိငြားသော်လည်းတားမရ၊ မိမိသာလျှင် အကျိုးကို မုချပေးနိုင်သော သတ္တမဇော စေတနာစုဖြစ်ကြ၏။

၅၁-က။ ။ယထာဟိ သာသပမာဏာပိ သက္ခရာဝါ အယဂုဠိကာဝါ ဥဒကရဟဒေပက္ခိတ္တာဝ ဥဒကပိဋ္ဌေ ဥပ္ပလပိတုံ န သက္ကောတိ၊ ဟေဋ္ဌာဝ ပဝိသတိ။ ဧဝမေဝ ကုသလေပိ အကုသလေပိ ယံ ဂရုကံ။တဒေဝ ဂဏှိတွာ ဂစ္ဆတိ။ ။

အင်္ဂုတ္တရ-အဋ္ဌကထာ။

---

၅၀-က။ ။ဟိ၊ဥပမာဖြင့်ထင်စွာပြဦးအံ့။သာသပပ္ပမာဏာပိ၊မုန်ညင်းစေ့ အတိုင်းအရှည်ရှိသည်လည်းဖြစ်သော။သက္ခရာဝါ၊ကျောက်ခဲသည်၎င်း။အယဂုဠိကာဝါ၊သံခဲသည်၎င်း။ ဥဒကရဟဒေ၊ရေကန်၌။ပက္ခိတ္တာ၊ ပစ်ချသည့်ရှိသော်။ဥဒကပိဋ္ဌေ၊ရေအပြင်၌။ဥပ္ပလပိတုံ၊ပေါ်ခြင်းငှါ။န သက္ကောတိ၊မတတ်နိုင်။ဟေဋ္ဌာဝ၊ရေအောက်သို့သာလျှင်။ပဝိသတိ၊ဝင်လေသကဲ့သို့။ဧဝမေဝ၊ဤအတူသာလျှင်။ကုသလေပိ၊ကုသိုလ်၌၎င်း။ အကုသလေပိ၊ အကုသိုလ်၌၎င်း။ ယံ ကမ္မံ၊အကြင်ကံသည်။ဂရုကံ၊ဝန်လေးလှ၏။ တဒေဝ၊ထိုဝန်လေးလှသော ဂရုကကံသည်သာလျှင်။ဂဏှိတွာ၊ယူ၍။ဂစ္ဆတိ၊သွားရချေ၏။

ဤအထက်ပါ စကားအရ ဂရုကကံဖြစ်က တမလွန်ဘဝ၌ မည်သည့်ကံကမှ မတားမြစ်နိုင်ဘဲ အမြဲကေန် အကျိုးပေးမှန်၏ဟု ဆိုသော် ဈာန်အဘိညာဏ်ကိုရပြီး ဒေဝဒတ်, စသည်ကဲ့သို့သော ဈာနလာဘီ ပုထုဇန်ပုဂ္ဂိုလ်သည် တစုံတခုသော ကိလေသာ စသည်ကြောင့် ဈာန်လျှောလေသော် တမလွန်ဘဝ၌ မဟဂ္ဂုတ်အကျိုးကို မပေးနိုင်သောကြောင့် ၎င်းမဟဂ္ဂုတ်ကံကို ဂရုကကံဟု မဆိုသင့်။ ။ပဥ္စာနန္တရိယကံ ၅ပါးသည်လည်း ဒေဝဒတ်ကဲ့သို့ လောဟိတုပ္ပါဒကံ,သံဃဘေဒကကံ ၂-ပါးကိုပြုရာ၎င်းကံ ၂-ပါးမှအားကြီးသောကံတပါးကသာအကျိုးပေးနိုင်၏၊ကျန်သောကံတပါးကမူ အကျိုးမပေးတော့သဖြင့် ၎င်းကဲ့သို့သော ပဥ္စာနန္တရိယကံမျိုးသည်လည်း ဂရုကကံ မမည်သင့်သည် မဟုတ်ပါလော ဟူငြားအံ့။

မဟဂ္ဂုတ်ကံ ၉-ပါးသည် ဈာန်လျှောသည် ဖြစ်စေ,မလျှောသည်ဖြစ်စေ,၎င်းကံပေါ်ပေါက်ဖြစ်နေစဉ်အခါ၌ ၎င်းကံကိုတားမြစ်သော ကံတပါးမရှိ၊၎င်းကံထက် အားကြီးသော ကံမရှိ၊ ၎င်းမဟဂ္ဂုတ် ကံသည်သာလျှင် အားအကြီးဆုံးဖြစ်သောကြောင့် ဂရုကံဟု ဆိုရ၏။ ၊ထိုအတူ ပဥ္စာနန္တရိယ ကံတို့သည်လည်း ၎င်းအနန္တရိယကံ တပါးက အကျိုးပေး၍သာ မိမိမှာ အကျိုးမပေးရသည်၊ ၎င်းကံထက် အားအကြီးဆုံးသော ပဥ္စာနန္တရိယကံမှ တပါးသော ကံမရှိသောကြောင့် ဂရုကကံ မည်ပေသတည်း။

---

## အာသန္နကံ အဘွင့်

အာသန္နေ အနုဿရိတန္တိ အာသန္နံ။
အာသန္နေ ကတန္တိ ဝါ အာသန္နံ။

အာသန္နေ၊သေခါနီး ကာလ၌။ အနုဿရိတံ၊ အောက်မေ့အပ်၏။ ဣတိ၊ ထို့ကြောင့်။ အာသန္နံ၊အာသန္န ကံမည်၏။ ။ဝါ၊တနည်းကား။ အာသန္နေ၊ သေခါနီး ကာလ၌။ကတံ၊ပြုအပ်၏။ ဣတိတသ္မာ၊ထို့ကြောင့်။အာသန္နံ၊ အာသန္နကံ မည်၏။ ။ဝိဂြိုဟ်အရ····မရဏာသန္နဇောသို့ မရောက်မီ သေခါနီး ကာလ၌ အောက်မေ့,ပြုအပ်သောကံသည် အာသန္နကံ မည်၏။

**မှတ်ချက်။** ။မရဏာသန္နဇောကား ပဋိသန္ဓေအကျိုးကို မပေးနိုင်၊ သေသောသူဟူသမျှလည်း မရဏာသန္နဇောဖြင့် ဘဝဟောင်းဖြစ်သော ကံ, ကမ္မနိမိတ်, ဂတိနိမိတ်သုံးပါးတို့တွင် တပါးပါးကိုသာ အောက်မေ့နိုင်, ထင်နိုင်သည်၊ အသစ် ဖြစ်သော ကံကိုကား မအောက်မေ့နိုင်တော့ပြီ၊ထို့ကြောင့်''မရဏာသန္နဇောသို့ မရောက်မီ''ဟူသောစကားကို ဆိုအပ်ပါသတည်း။

ထိုအာသန္နကံသည် ရှေးအတ္တိဉ် ပြုအပ်ပြီးသည်ဖြစ်၍ သေခါနီးကာလကျမှအောက်မေ့အပ်သောကံတမျိုး၊သေခါနီးကာလကျမှပင် ပြုအပ်သောကံတမျိုးဟူ၍ ၂-မျိုးရှိ၏။တမျိုးတမျိုး၌လည်း ကုသိုလ်ကံ,အကုသိုလ်ကံအားဖြင့် ၂-ပါး အပြားရှိ၏ ဟု မှတ်။

---

## ကုသိုလ် အာသန္နကံ၏ အကျိုးပေးဟန်ကား

သီဟိုဠ်ကျွန်း မဓုအင်္ဂဏရွာ၌ တဦးသော တံခါးစောင့်ဖြစ်သော ကျည်းကုလားမျိုး ယောကျ်ားတယောက်သည် အနှစ်ငါးဆယ် ကာလပတ်လုံး သူတော်မဟုတ် သူယုတ်တို့၏ အကျင့်ဖြစ်သော ငါးသတ်ခြင်း တံငါအမှုကို ပြုလုပ်၍ အသက်မွေးလေ၏။ အသက်အရွယ် ကြီးရင့်၍ အိပ်ရာမှ မထနိုင်ရှိသောအခါ ဂိရိဝိဟာရ၌ သီတင်း သုံးနေတော် မူသော ရှင်ဥပိဋ္ဌပါတိကတိဿမထေရ်သည် ထိုတံခါးစောင့်အား အလွန်တရာ သနားတော်မူလှ၍ ငါကဲ့သို့သော ပုဂ္ဂိုလ်ရှိပါလျက် မပျက်စီးပါစေသတည်းဟု ဆင်ခြင်တော်မူပြီးခါ အိမ်တံခါးဝသို့ သွားလျက် ရပ်ပြီးလျှင် အနီးအနားသို့ ဝင်တော်မူခါ သတိကိုရစေ၍ ဒါယကာသီလကို ခံယူလေလော့ဟု တိုက်တွန်းရာတွင် ဒါယကာက ကယ်မပေးသနားတော်မူပါဟု လျှောက်ထားသော အခါ သရဏဂုံသုံးပါးကိုပေး၍ငါးပါးသီလကိုဆောက်တည်စေရာရောဂါဝေဒနာ တိုးတက်လာ၍ ပြီးသစွာ မဆိုနိုင်လေရကား သရဏဂုံသုံးပါးနှင့်ပင် သင့်အား ချမ်းသာရာရလိမ့်မည်ဟု မိန့်တော်မူ၍ ကြွတော်မူလေ၏။ထိုဒါယကာသည်လည်း အနှစ်ငါးဆယ် ကာလပတ်လုံး ပြုလုပ်ခဲ့သမျှသော တံငါထည် အလုပ် အကုသိုလ်ကံသည် အကျိုးပေးခွင့်မရပါဘဲ ယခင်သေခါနီးကာလမှ ဆောက်တည်အပ်သော သရဏဂုံသီလ ကုသိုလ်ကံ၏ အာနုဘော်ကြောင့် စာတုမဟာရာဇ် နတ်ပြည်၌ ဖြစ်လေ၏။

ထိုသို့ဖြစ်သော ခဏ၌ပင် ငါသည် ဤမျှလောက် ကြီးကျယ်ခမ်းနားသော စည်းစိမ်ချမ်းသာကို အဘယ်ကောင်းမှုကြောင့် ရပါသနည်းဟု ဆင်ခြင်လတ်သော် ဓူလပိဏ္ဍပါတိက တိဿမထေရ်ကို အမှီပြု၍ သရဏဂုံသီလ ကုသိုလ်ကြောင့် ဤကဲ့သို့ ဖြစ်ရသည်ကိုသိရှိ၍ နတ်ပြည်မှ ဆင်းသက်လာပြီးခါ မထေရ်အား ဝမ်းမြောက်ဝမ်းသာ "အရှင်ဘုရားကို အမှီပြု၍ နတ်ပြည်၌ဖြစ်ရကြောင်း"ကို လျှောက်ထားလေသတည်း။ ။ဤကား ကုသိုလ် အာသန္နကံ၏ အကျိုးတည်း၊

မဓုအင်္ဂဏဂါမေ ဂိရ ကောဗ ဒမိဠ ဒေါဝါရိကော ပါတော၀ ဗလိသံ အာဒါယ။ပ။သော ကာလံ ကတွာ စာတုမဟာရာဇိကဘဝနေ နိဗ္ဗတ္တိ။

အင်္ဂုတ္တရ အဋ္ဌကထာ။

## အကုသိုလ် အာသန္နကံ၏ အကျိုးပေးဟန်

ဂင်္ဂါမြစ်တဘက်၌နေသော မဟာဝါတကာလ အမည်ရှိသော ဒါယကာ တယောက်သည် အနှစ်သုံးဆယ် ကာလပတ်လုံး မဂ်ဖိုလ်ကို ရစေအံ့ဟု ဒွတ္တိံသာကာရ ကမ္မဋ္ဌာန်းကို အားထုတ်ပါလျက် မဂ်ဖိုလ်ရခြင်း၏ နိမိတ် အရောင်အရိပ်မျှ မထင်လေရကား မြတ်စွာဘုရား သာသနာတော်သည် သံသရာမှ မထွက်မြောက်နိုင်ဟု ဘောက်ပြန် ချွတ်ယွင်းခြင်းဖြင့် နှလုံးသွင်းသော မိစ္ဆာဝိပလ္လာသသဘောကြောင့် စုတိမနေ သေလွန်သောကာလ ဂင်္ဂါမြစ်၌ ကိုးဥသဘရှိသော မိကျောင်းပြိတ္တာကြီး ဖြစ်လေသတည်း။

အန္တရဂင်္ဂါယ ပန မဟာဝါတကာလဥပါသကော နာမ အဟောသိ။ သော တိံသဝဿာနိ သောတာပတ္တိမဂ္ဂတ္ထာယ ဒွတ္တိံသကာရံ။ပ။ ဒိဋ္ဌိဝိပလ္လာသံ ပတွာ ကာလံ ကြိယံ ကတွာ မဟာဂင်္ဂါယ နဝဥသဘိကော သုသုမာရကော ဟုတွာ နိဗ္ဗတ္တိ။ ။အင်္ဂုတ္တရ အဋ္ဌကထာ။

## အာသန္နကံ အစွမ်း

ထိုအာသန္နကံသည် ဂရုကကံမရှိခဲ့သော် မိမိသည် အခွင့်ရ၍ သေခါနီးကာလ၌ အကျိုးပေး၏။ ။ဥပမာဆိုသော် နွားအပေါင်းတို့ဖြင့် ပြည့်သော နွားခြံ၌နွားငယ်, နွားလတ်, နွားကြီး, နွားအို-စသော နွားများစွာရှိကြသော်

လည်း အကြွင်းနွားသည် ခြံတံခါးဝ၌အိပ်နေ၏။နွားအိုကြီးပင် ဖြစ်လင့်ကစား ထိုနွားသည်သာလျှင် နံနက်အခါ နွားတကာတို့၏ ရှေးဦးစွာ ထွက်ရာတိ သကဲ့သို့ ထိုအတူ သတ္တဝါတို့၌ ကုသိုလ်,အကုသိုလ်များစွာရှိရာ သေခါနီး ကာလတွင် အကြွင်းကံသည် ထင်မြင်လာ၏။ ထိုကံသည်သာလျှင် ကေန် အကျိုးပေး၏ ဟု မှတ်။

၅၁-ခ။ ။ယထာ နာမ ဂေါဂဏပရိပုဏ္ဏာယ ဝဇာယ ဒွါရေ ဝိဝဋေ ပရဘာဂေ။ပ။ အန္တမသော ဒုဗ္ဗလဇရဂ္ဂဝေါပိ သော ဇေ ပဌမတရံ နိက္ခမတိ။ ဧဝမေဝ အညေသု ကုသလာ ကုသလေသု သန္တေသုပိ မရဏကာလဿ အာသန္နတ္တာ ဝိပါကံ ဒေတိ။ ။အင်္ဂုတ္တရ အဋ္ဌကထာပါဠိ။

---

## အာစိဏ္ဏကံ အဘွင့်

### အာ ပုနပ္ပုနံ စယိတဗ္ဗန္တိ အာစိဏ္ဏံ။

အာ ပုနပ္ပုနံ၊ အဘန်ဘန်။စယိတဗ္ဗံ၊ ဆည်းပူး အပ်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။အာစိဏ္ဏံ၊ အာစိဏ္ဏကံ မည်၏။ ။ဝိဂ္ဂဟ်အရ....ဝါသနာစရိုက် အထုံလိုက်၍ နေ့ရှည်လများ ကာလရှည်လျားအောင် အမြဲမပြတ် အထပ် ထပ် ပြုအပ်သော ကံသည်ရင်း, တကြိမ်ပြုပြီး၍လည်း အဘန်ဘန် အထပ် ထပ် အောက်မေ့အပ်သော ကံသည်ရင်း အာစိဏ္ဏကံ မည်၏။ ။ထို အာစိဏ္ဏကံသည် ကုသိုလ်ကံ,အကုသိုလ်ကံ ဟူ၍ ၂-မျိုးရှိ၏။ဝါသနာစရိုက် အထုံလိုက်၍ နေ့ရှည်လများ ကာလလျားအောင် သဒ္ဓါစသော သူတော် ကောင်းတရား အားကြီးသဖြင့် အဘန်ဘန် အထပ်ထပ် ပြုလုပ်အပ်သော

---

၅၁-ခ။ ။ယထာနာမ၊အသန္နကံ၏အကျိုးအဟုံ၊ဥပမာပုံဆိုသော်ကား။ဂေါဂဏပရိပုဏ္ဏာယ၊ နွားအပေါင်းတို့ဖြင့်ပြည့်သော။ဝဇာယ၊နွားခြံ၏။ဒွါရေ၊တံခါးကို၊ဝိဝဋေ၊ဖွင့်သည်ရှိသော်။ အပရဘာဂေ၊နွားခြံကိုဖွင့်သည်မှနောက်ကာလ၌။ဒမ္မဂဝ,ဗလဂဝေသု၊ဆုံးမအပ်သောနွား, အားကြီးသော နွားကြီးတို့သည်။သန္တေသုပိ၊ရှိကုန်သော်လည်း။ ယော၊အကြွင်းနွားသည်။ဒွါ ရဿ၊တံခါးနှင့်။ဝါ၊၏။အာသန္နော၊နီးသည်။ဝါ၊အနည်း၌တည်သည်။ဟောတိ။ဖြစ်၏။သော၊ ထိုနွားသည်။အန္တမသော၊အယုတ်သဖြင့်။ဒုဗ္ဗလဇရဂ္ဂဝေါပိ၊နွားအိုကြီးပင် ဖြစ်လင့်ကစား။ ပဌမတရံ၊ရှေးဦးစွာ။နိက္ခမတိယထာ၊ထွက်ရလေသကဲ့သို့။ဧဝမေဝ။ဤအတူသာလျှင်။အညေ သု၊ တပါးသော။ ကုသလာ ကုသလေသု၊ ကုသိုလ် အကုသိုလ်ဖြစ်ကုန်သော။ကမ္မေသု၊ ကံတို့ သည်။ သန္တေသု၊ရှိကြကုန်သော်လည်း။ ယံကမ္မံ၊အကြွင်း ကံသည်။ မရဏကာလဿ၊သေခြင်း ကာလနှင့်။ အာသန္နတ္တာ၊နီးသည်၏ အဖြစ်ကြောင့်။ ဝိပါကံ၊အကျိုးကို။ ဒေတိ၊ပေးနိုင်လေ၏။

ဒါန,သီလ-စသော ကုသိုလ်ကောင်းမှုသည်၎င်း၊ ရေတွင်း,ရေကန်,ကျောင်း ကံ-စသော ကုသိုလ်ကို တကြိမ်မျှ ပြုပြီး၍ အဘန်ဘန်, ဒုထပ်ထပ် ဝမ်းမြောက်ဝမ်းသာ အောက်မေ့ အပ်သော ကုသိုလ်ကံသည်၎င်း ကုသိုလ် အစိဏ္ဏကံ မည်၏။

အသဃဒ္ဓိယစသော မသူတော်စရိုက် အထုံလိုက်၍ နေ့ရှည်လများ ကာလ လျားအောင် အဘန်ဘန် အထပ်ထပ် ပြုလုပ်အပ်သော ပါဏာတိပါတ စသော အကုသိုလ်ကံသည်၎င်း, တကြိမ်တခါမျှသာ ပြုဘူးသော်လည်း ပြုမှ ပြုမိလေခြင်းဟု နောင်တတဘန် မပြတ်ပူပန်သော အကုသိုလ်ကံသည်၎င်း, အကုသိုလ် အာစိဏ္ဏကံ မည်၏။

အာစိဏ္ဏန္တိ အဘိဏှသော ကတံ၊ ဧကဝါရံ ကတ္ဝာ
အဘိဏှသော သမာသေဝိတံ။

အာစိဏ္ဏန္တိ၊ အာစိဏ္ဏကံ-ဟူသည်ကား။ အဘိဏှသော၊ အမြဲမပြတ်။ ကတံ၊ ပြုအပ်သော ကုသိုလ်ကံ, အကုသိုလ် ကံတည်း။ဝါ၊ တနည်းကား။ ဧကဝါရံ၊တကြိမ်။ ကတ္ဝာပိ၊ ပြုပြီး၍လည်း။ အဘိဏှသော၊ မပြတ်မလတ်။ သမာသေဝိတံ၊ မှိဝဲအောက်မေ့ လေ့လာအပ်သော ကုသိုလ်, အကုသိုလ် ကံတည်း။

အင်္ဂုတ္တိုရ် အဋ္ဌကထာ၌ကား ဤသို့ မိန့်ဆိုတော်မူလေ၏။

ကုသလာကုသလေသု ပန ယံ ဗဟုလံ ဟောတိ။ တံ ယဗ္ဗဟုလံ နာမ။ တံ ဒီဃရတ္တံ လဒ္ဓါသေဝနဝသေန ဝေဒိတဗ္ဗံ။ ယံ ဝါ ဗလဝ ကုသလကမ္မေသု သောမနဿကရံ။ အကုသလကမ္မေသု သန္တာပ ကရံ၊ တေံ ယဗ္ဗဟုလံ နာမ။

ပန၊အဘို့တပါးကို ဆိုဦးအံ့။ ကုသလာကုသလေသု၊ ကုသိုလ်ကံ, အကု သိုလ်ကံတို့တွင်။ယံ၊အကြင်ကံသည်။ ဗဟုလံ၊များ၏။ ဝါ၊များစွာဖြစ်၏။ တံ၊ ထိုကံသည်။ ယဗ္ဗဟုလံနာမ၊ ယဗ္ဗဟုလကံ မည်၏။ တံ၊ ထိုယဗ္ဗဟုလကံကို။ ဒီဃရတ္တံ၊ရှည်မြင့်စွာသော နေ့ညဉ့်တို့ကာလပတ်လုံး။ လဒ္ဓါသေဝနဝသေန၊ ရအပ်သော အာသေဝနပစ္စည်း၏ အစွမ်းဖြင့်။ ဝေဒိတဗ္ဗံ၊ သိအပ်၏။ ဝါ၊ တနည်းသော်ကား။ ဗလဝကုသလကမ္မေသု၊ အားကြီးသော ကုသိုလ်ကံတို့ တွင်။ယံ၊အကြင်ကံသည်။သောမနဿကရံ၊ ဝမ်းမြောက်ခြင်းကို ပြုတတ်၏။ အကုသလကမ္မေသု၊ အကုသိုလ်ကံတို့တွင်။ ယံ၊ အကြင်ကံသည်။ သန္တာပ

ကရံ၊အဘန်ဘန် မပြတ်၊ စိုးရိမ်ပူပန်ခြင်းကို ပြုတတ်၏။ဝါ၊ပြုတတ်သော။ယံ၊ အကြင်ကံသည်။ အတ္ထိ၊ရှိ၏။ တော၊ ထိုကံသည်။ယဗ္ဗဟုလံ နာမ၊ ယဗ္ဗဟုလကံ မည်၏။ ။(ဟဗ္ဗဟုလဆိုသည်နှင့် အာစိဏ္ဏဆိုသည်မှာ အတူတူပင်)။

ဤအာစိဏ္ဏကံဟူသည် အဘန်ဘန် အထပ်ထပ် များစွာ ပွါးများအား ထုပ်အပ်သော ကုသိုလ် အကုသိုလ်ကံမျိုး တကြိမ်ပင် ပြုအပ်သော ကုသိုလ် အကုသိုလ်ကံပင် ဖြစ်သော်လည်း အဘန်ဘန် ပွါးများအပ်သော ကံမျိုးဖြစ်၍ အကျိုးပေးသောအခါဝယ်များစွာသောကံတို့အနက် မည်သည့် ကံက အကျိုးပေးပါမည်နည်း။များစွာသော ကံပင် အကျိုးပေးပါမည်လော ဟူမူ။ ။''စေော စေတနာ ကေံ ပဋိသန္ဓိ ဒေတိ''ပါဠိတော်အရ၊ပဋိသန္ဓေ တပါးကို ကံတပါးတည်းသာ အကျိုးပေးရိုး ထုံးစံရှိသောကြောင့် များစွာ သော အာစိဏ္ဏကံတို့တွင် အကြင်ကံကို အာသေဝနပစ္စည်းကိုရ၍ အဘန် ဘန်ပွါးများအပ်၏။သို့မဟုတ် သေခါနီးကာလ အောက်မေ့အပ်၍ အားကြီး ၏။ ထိုအာစိဏ္ဏကံ မျိုးသည်သာလျှင် ပဋိသန္ဓေ အကျိုးကိုပေး၏။ ဥပမာ ဆိုသော် နှစ်ယောက်သော လက်ဝှေ့ လက်ပန်းသည်တို့တွင် အားကြီး သော လက်ဝှေ့ လက်ပန်းသည်သည် အားနည်းသော လက်ဝှေ့ လက်ပမ်း သည်အား အားနည်းအောင် တွန်းထိုး လွှမ်းမိုးဘိစီး၍ လဲစေသကဲ့သို့ ထိုအတူ အားနည်းသော အာစိဏ္ဏကံကိုတွန်းလှန်ပယ်ရှား၍ အားကြီးသော အစိဏ္ဏကံသည်သာလျှင် ကေန် အကျိုးပေးနိုင်၏။

> ဟဒေတံ ယထာနာမ ဒွိသု မလ္လေသု ယုဒ္ဓဘူမိံ ဩတိဏ္ဏေသု ယော ဗလဝါ၊သော ဣတရံ ပါတေတွာ ဂစ္ဆတိ။ဧဝမေဝ ဣတရံ ဒုဗ္ဗလကမ္မံ အဝတ္ထရိတွာ ယံ အာသေဝနဝသေနဝါ ဗဟုလံ အာ သန္နဝသေနဝါ ဗလဝံ။တံ ဝိပါကံ ဒေတိ။ ။အင်္ဂုတ္တိုရ် အဋ္ဌကထာ။

ယုဒ္ဓဘူမိံ၊ ထိုးသတ်အပ်သော မြေအပြင်သို့။ ဩတိဏ္ဏေသု၊ ရောက်ကြ ကုန်သော။ ဒွိသု၊ နှစ်ယောက်ကုန်သော။ မလ္လေသု၊လက်ဝှေ့ လက်ပမ်းသည် တို့တွင်။ ယော၊အကြင် လက်ဝှေ့လက်ပမ်းသည်သည်။ ဗလဝါ၊အားကြီး၏။ ဝါ၊အားသာ၏။ သော၊ ထိုအားကြီးသော လက်ဝှေ့ လတ်ပမ်းသည်သည်။ ဣတရံ၊ အားနည်းသော လက်ဝှေ့ လက်ပမ်းသည်ကို၊ ပါတေတွာ လဲစေ ၍။ ဂစ္ဆတိ ယထာ၊ သွားသကဲ့သို့။ ဧဝမေဝ၊ ဤအတူသာလျှင်။ တဒေတံ ကမ္မံ၊ထိုအားကြီးသော ကံသည်။ ဣတရံ၊ဤအားကြီးသော ကံမှတပါးသော

ဒုဗ္ဗလံကမ္ဗုံ၊အားနည်းသော ကံကို။ အဝတ္ထုရိတွာ၊ လွှမ်းမိုး ဘိစီး၍။ ဂစ္ဆတိ၊ သွား၏။ ယံကမ္မံ၊အကြင်ကံသည်။ အာသေဝနဝသေနဝါ၊အာသေဝနပစ္စည်းဖြင့်လည်း။ ဗလဝံ၊ အားကြီး၏။ တံ၊ ထိုအာစိဏ္ဏကံသည်သာလျှင်။ ဝိပါကံ၊ အကျိုးကို။ ဒေတိ၊ ပေး၏။

## ဒုဋ္ဌဂါမဏိမင်းကြီး ဝတ္ထု

ဤအရာ၌ များစွာသော အာစိဏ္ဏကံတို့တွင် အားကြီးသော အာစိဏ္ဏကံ၏ အကျိုးပေးပုံကို အောက်ပါဝတ္ထုဖြင့် သိအပ်၏။ ။ဒုဋ္ဌဂါမဏိ မင်းကြီးသည် မိစ္ဆာဝါဒီ ကျေးကုလားတို့၏ရန်ကို ချိုးနှိမ်ဖျက်ဆီးသောအခါ စူဠင်္ဂဏိယစစ်ပွဲ၌ စစ်ရေးမသာ၍ မြင်းတော်ကိုစီးလျက် ခရီးပြင်းဆုတ်ခွါ၍ လာရာတခုသောတောအုပ်သို့ရောက်လေ၏။ထိုအခါ မောပန်းလှ၍နံနက်စာ ပွဲတော်လည်း မတည်ရသေးသဖြင့် အလွန်တရာ ဆာမွတ်တော်မူရကား နောက်တော်ပါ တိဿအမည်ရှိသော အမတ်ကိုခေါ်တော်မူ၍ နောင်တော်တိဿအမတ် ငါဟုယ်တော်မြတ်သည် အလွန်တရာ ဆာလောင်မွတ်သိပ်လှ၏။ အသို့ပြုလုပ်အံ့နည်း ဟု အမိန့်တော်မြတ် မှတ်တော်မူလေရာ အရှင်မင်းမြတ် ကျွန်တော်မျိုးသည် ပုဆိုးအကြား၌ ထား၍ ဆောင်ယူလာအပ်သော ရွှေခွက် တခွက်မျှလောက်သော ထမင်းသည်ရှိပါ၏ ဟု လျှောက်ထားလေ၏။ အချင်း တိဿ-ထိုသို့ရှိပါမူကား ဆောင်ယူ ဆက်သလော့ ဟု မိန့်တော်မူ၍ ဆက်သလေ၏။

ထိုအခါ ဒုဋ္ဌဂါမဏိမင်းကြီးသည် နောင်တော်တိဿဤရွှေခွက်၌ရှိသော ထမင်းတို့ကို လေးဘို့ ဘို့လော့ဟု အမိန့်တော်မြတ် မှတ်တော်မူရာ၊ အရှင်မင်းမြတ်၊ ကျွန်တော်မျိုးတို့သည် မြင်းနှင့်တကွ ၃-ဦး ၃-ယောက်မျှသာဖြစ်လျက် အဘယ်အတွက်ကြောင့် လေးဘို့ ဘို့စေသနည်းဟု ပြန်ကြားလျှောက်ထားသောအခါ နောင်တော်သိဿ''အကြင်အခါမှစ၍ ငါသည် သိကြားလိမ်မာသည့် အဖြစ်သို့ရောက်၍၊ မိမိကိုယ်ကို ငါ၏ကိုယ်ဟု သိရှိ၏။ ထိုအခါမှစ၍ ငါသည် အရှင်တို့အား မပေးမလှူပါဘဲ သုံးဆောင် စားသောက်ဘူးသည် မရှိပါ''သို့ဖြစ်၍ ယခုလည်း မည်မျှလောက်ပင် ဆာလောင်မွတ်သိပ်စေကာမူ အရှင်တို့အား မပေးလှူဘဲ ငါမစားတော့ပြီ ဟု နှလုံးပိုက်၍ လေးဘို့ ဘို့စေ၏ ဟု မိန့်တော်မူ၏။ နောင်တော်တိဿ အရှင်တို့အား ဆွမ်းခံဘိတ်

လေလော့ဟု မိန့်တော်မူလေရာ အရှင်မင်းမြတ် လူသူမနီး တောမြိုင်ကြီး၌ အဘယ်မှာ အရှင်တို့ကြား၍ ကြွလာနိုင်အံ့နည်း ဟု လျှောက်ထားလေ၏။ နောင်တော် တိဿ ကြွေးကြော်သာ ကြွေးကြော်ပါလော့၊လာ-မလာကား သင်၏ တာဝန်မဟုတ်ဟု မိန့်တော်မူ၍ တိဿအမတ်က 'အရှင်မြတ်တို့ ယခုအခါ ဆွမ်းခံရန် အချိန်ပါဘုရား ကြွတော်မူကြပါ'ဟု သုံးကြိမ်တိုင်တိုင် ကြွေးကြော် လျှောက်ထားသောအခါ ဂေါဓိယမာလကမဟာတိဿ မထေရ်သည် ထိုအသံကို ဒိဗ္ဗသောတ အဘိညာဏ်ဖြင့် ကြားတော်မူ၍ အဘယ်သူ၏ အသံနည်းဟု ဆင်ခြင်လတ်သော် ဒုဋ္ဌဂါမဏိ မင်းကြီး၏ ဆွမ်းအလှူတော်အဖြစ်ကို သိရ၍ ငါသည် မင်းကြီးအား ချီးမြှောက်သင့်၏ ဟု နှလုံး ပိုက်တော်မူ၍ ချက်ခြင်းမကြာ အာကာသလွင်တီး ကောင်းကင်ခရီး ဖြင့် ကြွလှမ်းတော်မူခဲ့၍ မင်း၏ရှေ့၌ ရပ်တော်မူလေ၏။

ဒုဋ္ဌဂါမဏိ မင်းကြီးသည်လည်း ဖရဏာပီတိ ဝွမ်းဆီထိပမာ အလွန် တရာ ဝမ်းမြောက်ကြည်ညိုတော်မူလှ၍ နောင်တော် တိဿ ရှုလေလော့ဟု ပြောဆိုခါ မထေရ်မြတ်ကို လက်အုပ်ချီမိုး ရှိခိုးပြီး၍ 'အရှင်ဘုရား တပည့် တော်အား သနားသော အားဖြင့် သပိတ်တော်ကို ပေးသနားတော်မူပါ' ဟု လျှောက်ထား၏။ မထေရ်မြတ်လည်း သပိတ်တော်ကို မင်းကြီးအား ပေးတော်မူသဖြင့် လေးဘို့သော ဆွမ်းအနက် မထေရ်မြတ်၏ အဘို့အပြင် မိမိစားရန် အဘို့ကိုပါ သပိတ်၌ ထည့်၍'အရှင်ဘုရား ဤသို့ သဒ္ဓါရှင်လန်း ဤဆွမ်းကို လှူဒါန်းရသော ကုသိုလ်ကံ စေတနာကြောင့် ဖြစ်လေရာရာ သံသရာဘဝတို့၌ တရံတခါမှ အာဟာရကြောင့် ဖြစ်သော ဘေးရန်သည် မဖြစ်ပါစေ သတည်း' ဟု ဆုတောင်း ပတ္ထနာပြု၍ လှူဒါန်း ဆက်ကပ် လေသတည်း။

တိဿအမတ်သည်လည်း မင်းမြတ်ကား မိမိအစာကိုယူ၍ လှူလိုက်ရာ ငါ့ကား မင်းကြီး၏ရှေ့၌ သုံးဆောင်စားသောက်ခြင်းငှါ မသင့်ဟု နှလုံး သွင်း၍ မိမိအဘို့ဖြစ်သော ဆွမ်းကို မထေရ်အား လှူလေ၏။ စီးတော်မြင်း သည်လည်း ငါ၏အဘို့ကိုလည်း မထေရ်မြတ်အား လှူခြင်းငှါ သင့်၏ဟု ကြံစည်သည်ကို မင်းကြီးသည် မြင်းတော်ကို ကြည့်ရှု၍ အခြင်းအရာကို အမှတ်ပြုကာ သိရှိလေရကား မြင်း၏ အဘို့ကိုလည်း မထေရ်မြတ်အား လှူဒါန်းလိုက်လေ၏။ မဟာတိဿ ရဟန္တာ အရှင်မြတ်သည်လည်း ၄င်း ၃-ဦးသောအလှူရှင်တို့၏ ဆွမ်းအလှူကို ခံတော်မူ၍ ရကန်းသံဃာတော်

အပေါင်းအား လှူဒါန်း ပြန်၏။ ထိုသို့မှ နောက်၌ ဒုဋ္ဌဂါမဏိ မင်းကြီးသည် အလွန်တရာ ဆာလောင် မွတ်သိပ်လှသဖြင့် ''အရှင်မြတ်သည် ဆွမ်းကွင်း ဆွမ်းကျန်များရှိပါမူ ငါ့ထံအား သနားသောအားဖြင့် ပို့ပါမူကားကောင်း လေစွ''ဟု အကြံဖြစ်လေ၏။ရဟန္တာ အရှင်မြတ်သည်လည်း အဘိညာဏ်၏ အစွမ်းဖြင့် မင်းကြီး၏ အကြံကိုသိ၍၊ ဆွမ်းပို ဆွမ်းကျန်ကို ထိုသူ ၃-ဦး လောက်အောင် သပိတ်တော်၌ထည့်၍ ကောင်းကင်ခရီးဖြင့် သပိတ်သက် သက် လွှတ်လိုက်လေရာ မင်းကြီး၏ အထံသို့ သပိတ်တော် ရောက်လာ၍ ကောင်းစွာ စားသောက်ရသဖြင့် ဆာလောင်မွတ်သိပ်ခြင်းမှ ကင်းလေ၏။ မင်းကြီးသည်လည်း သပိတ်တော်သက်သက် ပြန်မပို့လိုသဖြင့် အပေါ်ရုံ ပုဆိုးကို ရေသုတ်ပုဆိုးပြုလုပ်၍ သပိတ်၌ထည့်ခါ မထေရ်မြတ်၏ အထံသို့ ကောင်းကင်သို့ ပင့်မြှောက်၍ ဆက်ကပ်လိုက်ရာ အဝိညာဏက သပိတ် စဉ်လျက် ရဟန္တာအရှင်မြတ်၏ အဓိဋ္ဌာနိဗ္ဗိ တန်ခိုးတော် အစွမ်းကြောင့် ရွှေဟင်္သာ ငှက်သဘွယ် တင့်တယ်စွာ ပြန်သွား၍ မထေရ်မြတ်၏ လက်တော်သို့ ရောက်လေသတည်း။

ထိုမှနောက်၌ ဒုဋ္ဌဂါမဏိမင်းကြီးသည် အတောင် ၂၀၀-ရှိသော ''**မဟာ စေတီတော်ကြီး**'' ကို တည်ထားပြုလုပ်စဉ် မဟာစေတီတော်ကြီး မပြီးမီ သည်းစွာသော ရောဂါဝေဒနာဖြစ်၍ မဟာစေတီယင်ပြင်တော်တောင်ဘက် နံဘေးဝယ် လျောင်းခါ ရဟန္တာ အရှင်မြတ်တို့၏ တရားတော်ကို နာလျက် နေလေ၏။ထိုအခါ နတ်ပြည်ခြောက်ထပ်မှ နတ်ရထားခြောက်စီးတို့သည် လာ၍ ကောင်းကင်၌ တည်နေကုန်၏။ မင်းကြီးလည်း ကုသိုလ်တော်စာရင်း ဖြစ်သော ရွှေပေကိုယူ၍ ပြုပြုသမျှသော ကုသိုလ် စာရင်းတို့ကို အစဉ် အတိုင်းဘတ်စေရာ၊ ကြားနာရသော ကုသိုလ်တို့သည် မင်းကြီးနှစ်သက် ခြင်း ပီတိကို မဖြစ်စေနိုင်၍ ရှေးသို့တိုး၍ ဘတ်စေရာ စူဠင်္ဂဏိယစစ်ပွဲ၌ စစ် ရေးနိမ့်သဖြင့် ပြေးလာစဉ် လှူဒါန်းအပ်သော နောက်က ပြဆိုအပ်ပြီးသော အလှူဘော်ကို ဘတ်ရွတ်သောအခါ ''အချင်း အမတ်-ရပ်လော့''ဟု မိန့် ဆို၍၊ နတ်ရထား ခြောက်စင်းကို ထင်လင်းစွာ မြင်ရလေ၏။ထိုအခါရဟန်း သံဃာတော်အပေါင်းအား ''အရှင်ဘုရားတို့-အဘယ် နတ်ပြည်သည် မွေ့ လျော်ပျော်ဘွယ်ရာ ကောင်းပါသနည်း''ဟု မေးလျှောက်သောခါ''အရှင် မင်းမြတ်-ဘုရားလောင်း တကာတို့၏ ပျော်စံရာဖြစ်သော တုသိတာနတ် ပြည်သည် အလွန်တရာ ပျော်ဘွယ်ရာ ကောင်းပေ၏''ဟု မိန့်တော်မူကြ၏။

မင်းကြီးသည် ထိုမဟာတိဿမထေရ်မြတ်အား လျှာဒါန်းအပ်သော ကုသိုလ် အာစ်ဏ္ဏကံကို အာရုံပြု၍ တုသိတာ နတ်ရွာသားကို စီးပြီးခါ နတ်ပြည်သို့ စံမြန်းလေသတည်း။

ပေါ်ဍ္ဍကာဝါစကော ရုဋ္ဌဂ်ဏိယယုဒ္ဓေ ပရာဇိတေန တေ ဒေဝ အာဠ္ဂဝိ ပဝိသိတွာ နိသိန္နေန ဧကံ သရကဘတ္တံ စတ္တာရော ကောဋ္ဌာ သေ ကာရေတွာ ဂေါဓိယမာလကမဟာတဴဿ ထွေရဿ ဘိက္ခာ ဒိန္နာတိ အာဟ၊ ရာဇာ ထပေဟိတိ ဝတွာ ဘိက္ခုသံဃံ ပုန္တိ၊ ဘန္တေ ကတရော ဒေဝလောကော ရမဏီယောတိ သဗ္ဗဗောဓိ သတ္တာနံ ဝသနဋ္ဌာနံ တုသိတဘဝနံ မဟာရာဇာတိ။ရာဇာ ကာလံ ကတွာ တုသိတာဘဝနတော အာဂတရထေဝ ပတိဋ္ဌာယ တုသိ တာဘဝနံ အဂမာသိ။ဣဒံ ဗလဝ့ကမ္မဿ ဝိပါကဋ္ဌာနေ ဝတ္ထု။

အဂ်ဳတ္တရ အဋ္ဌကထာ။

ပေါ်တ္တကာဝါစကော၊ ကုသိုလ်တော်စာရင်း ဘတ်သော အမတ်သည်။ ဒေဝ၊ အရှင်မင်းမြတ်။ တေ၊ အရှင်မင်းမြတ်သည်။ရုဋ္ဌဂ်ဏိယယုဒ္ဓေ၊ ရုဋ္ဌဂ် ဏိယစစ်ပွဲ၌။ ပရာဇိတေန၊ ရှုံးသဖြင့်။ အာဠ္ဂဝိ ၊ တောအုပ်သို့။ ပဝိသိတွာ၊ ဝင်၍။နိသိန္နေန၊နေ့စဉ်။ဧကံ သရကဘတ္တံ၊ရေသောက်ရွှေခွက်၊တခွက်စာမျှ ဖြစ်သော ထမင်းကို။ စတ္တာရော ကောဋ္ဌာသေ၊လေးဘို့တို့ကို။ ကာရေတွာ၊ ပြုစေ၍။ ဂေါဓိယမာလက မဟာတိဿထွေရဿ၊ ဂေါဓိယမာကလ မဟာ တိဿမထေရ်အား။ ဘိက္ခာ၊ဆွမ်းကို။ ဒိန္နာ၊လှူဘူး၏။ဣတိ။ဤသို့။အာဟ၊ ဘတ်ဆို၏။ ရာဇာ၊ မင်းကြီးသည်။ ဌပေဟိ၊ ရပ်ထားလော့။ ဣတိ၊ဤသို့။ ဝတွာ၊မိန့်ဆို၍။ဘိက္ခုသံဃံ၊ရဟန်းသံဃာတော်ကို။ ဘန္တေ၊အရှင်ဘုရား။ ကတရော၊အဘယ်မည်သော။ ဒေဝလောကော၊ နတ်ပြည်သည်။ ရမ္မဏီ ယော၊ မွေ့လျော်ပျော်ဘွယ်ရာကောင်းပါသနည်း။ ဣတိ၊ ဤသို့၊ ပုန္တိ၊မေး လျှောက်လေ၏။ မဟာရာဇ၊ မင်းမြတ်။ သဗ္ဗဗောဓိသတ္တာနံ၊ အလုံးစုံသော ဘုရားလောင်းတို့၏။ဝသနဋ္ဌာနံ၊စံနေရာဖြစ်သော။တုသိတဘဝနံ၊ တုသိတာ နတ်ပြည်သည်။ ရမ္မဏီယံ၊ နှလုံးမွေ့လျော်၊ ပျော်ဘွယ်ရာ ကောင်းလှ၏။ ဣတိ၊ဤသို့။ အာဟ၊မိန့်ဆိုတော်မူ၏။ ရာဇာ၊မင်းကြီးသည်။ကာလံ ကတွာ၊ စုတေ၍။ တုသိတာဘဝနတော၊ တုသိတာနတ်ပြည်မှ။ အာဂတရထေဝ၊ လာ သော ရထား၌သာလျှင်။ပတိဋ္ဌာယ၊ တည်နေ၍၊ တုသိတာဘဝနံ၊ တုသိတာ

နတ်ပြည်သို့။ အဂမာသိ၊ စံမြန်းကြွသွားလေသတည်း။ ။ဣဒံ၊ ဤ ဝတ္ထု ကား။ ဗလဝကမ္မဿ၊အားကြီးသော အာစိဏ္ဏကံ၏။ ဝိပါကဒါနေ၊ အကျိုး ပေးရာ၌။ဝတ္ထု၊ဝတ္ထုတည်း။ ။(ဤကား သာဓကပါဠိ အနက်တည်း)။

---

## ကဋတ္တာကံ အဓိပ္ပါယ်

ကရိယိတ္တာတိ ကဋ္ဌံ။ကဋဿ ဘာဝေါ ကဋတ္တံ။
ကဋတ္တမတ္တာကမ္မံ ကဋတ္တာကမ္မံ။ ။

ကရိယိတ္တ၊ ပြုအပ်ပြီ။ ဣတိတသ္မာ၊ထို့ကြောင့်။ ကဋံ၊ ကဋ-မည်၏။ ကဋဿ၊ ပြုအပ်သော ကံ၏။ ဘာဝေါ၊ဖြစ်ကြောင်းတည်း။ ကဋတ္တံ၊ပြုအပ် သော ကံ၏ ဖြစ်ကြောင်း။ ။(ပြုခြင်းကြိယာရ၏)။ ။ကဋတ္တမတ္တာ၊ပြုကာမျှ ဖြစ်သောကြောင့်။ ကမ္မံ၊ကံမည်သည်တည်း။ ကဋတ္တာကမ္မံ၊ ပြုကာမျှဖြစ် သောကံ။ ။ဝိဂြိုဟ်အရ····အထက်ပါ-ဂရုကကံ,အာသန္နကံ,အာစိဏ္ဏကံ ၃-ပါးမှတပါးသော ပဋိသန္ဓေအကျိုးကို ပေးစွမ်းနိုင်သောကံသည် ကဋတ္တာ ကံမည်၏။

(ဝေ-အနက်ရှိသော မတ္တသဒ္ဒါကား လုတ္တနိဒ္ဒိဋ္ဌ-ဂမျမာန်တည်း။ ။ ကဋတ္တာ-၌ရှိသော အာ-ကား သွာဝိဘတ်၏ ကာရိယသာတည်း။ အလုတ္တသမာသ်-ဟုမှတ်)။

ဂရုကကံစသော ရှေးကံသုံးပါးသည် ယခုဘဝတွင်သာ ပြုအပ်သော သတ္တမဇော အဆုံးဇောဖြစ်သော ဥပပဇ္ဇဝေဒနီယကံတို့ပေတည်း။ ရှေးရှေး ဘဝတို့၌ ပြုအပ်ပြီးသော အလယ်ဇောငါးချက်ဟု ဆိုအပ်သော အပရာ ပရိယကံ အပေါင်းသည်၎င်း ယခုဘဝ ပြုအပ်သမျှသော သာမညကံ အပေါင်းသည်၎င်း ကဋတ္တာကံ မည်၏။

### နာနာဝါဒ ဆောင်ပြခြင်း

ဂရုကာဒိဘာဝံ အသမ္ပတ္တံ ကတမတ္တတောယေဝ ကမ္မန္တိ
ဝတ္တဗ္ဗကမ္မံ။ ။ဋီကာကျော်။

မတ္တသဒ္ဒေါ စေတ္တ ဝိသေသနိဝတ္တိအတ္ထော၊တေန ဂရုကာ
ဒီသု တီသု အညတရကမ္မဘာဝံ နိဝတ္တေတိ။ ။

မဏိသာရမဉ္ဇူသာ ဋီကာ။

ဤ ဋီကာဆရာများအလို····ဂရုက စသောကံ ၃-ပါးကား ဒိဋ္ဌဓမ္မ ဘဝ၌ ပြုအပ်သော ကံမျိုးဖြစ်၏။ ကဋတ္တာကံကား-လက်ငင်းဒိဋ္ဌ ကံမျိုး မဟုတ်သောကြောင့် အတိတ်စသောကာလ၌ ပြုအပ်သော ကံမျိုးဖြစ်၍ ကံ-ဟု ဆိုရသော ကံမျိုးဟုသ၊ ဆိုလိုသည်။ ။ထို့ကြောင့် မဏိမဉ္ဇူ ဆရာသည်-

ဓမ္မေ စ ပုရိမကမ္မတ္တယံ ပစ္စုပ္ပန္နဘဝသံသိဒ္ဓံ ဥပပဇ္ဇဝေဒနီယံ။
ပစ္ဆိမံ ပန အတီတဘဝသံသိဒ္ဓံ အပရာပရိယဝေဒနီယန္တိ ဒဋ္ဌဗ္ဗံ။

ဟုမိန့်တော်မူလေသည်။ ။စ၊ဆက်၍ဆိုဦးအံ့။ဓမ္မေ၊ဤကံလေးမျိုးတို့တွင်။ ပုရိမကမ္မတ္တယံ၊ ရှေးဂရုက-စသော ကံသုံးပါးသည်။ ပစ္စုပ္ပန္နဘဝသံသိဒ္ဓံ၊ ပစ္စုပ္ပန်ဘဝ၌ ပြီးသော။ ဥပပဇ္ဇဝေဒနီယံ၊ ဥပပဇ္ဇဝေဒနီယ-ကံမျိုးတည်း။ ပစ္ဆိမံပန၊ နောက်ဖြစ်သော ကဋတ္တာကံသည်ကား။ အတီတဘဝသံသိဒ္ဓံ၊ အတိတ်ဘဝ၌ပြီးသော။ အပရာပရိယဝေဒနီယန္တိ၊ အပရာပရိယဝေဒနီယ ကံမျိုးဟူ၍။ ဒဋ္ဌဗ္ဗံ၊မှတ်အပ်၏။

''တသ္မိံ ဝိ အသတိကဋတ္တာဝါပနာတိ ပုရိမဇာတိသုကတကမ္မံ ဝိပစ္စတိ'' သင်္ခေပဝဏ္ဏနာဋီကာ, ဝိသုဒ္ဓိမဂ်မဟာဋီကာဆရာ၏ အလိုအားဖြင့် ရှေးရှေး ဘဝ၌ ပြုအပ်သောကံသည်-ကဋတ္တာကံမည်၏-ဟူလိုသည်။ ။တသ္မိံဝိ၊ ထိုအာသန္နကံသည်လည်း။အသတိ၊မရှိခဲ့သော်။ကဋတ္တာဝါပနာတိ၊ကဋတ္တာ ဝါန-ဟူ၍။ဝုတ္တံ၊အဋ္ဌကထာဆရာ မိန့်ဆိုအပ်သော။ ပုရိမဇာတိသု၊ ရှေးရှေး ဘဝတို့၌။ကတကမ္မံ၊ပြုအပ်သော ကံသည်။ဝိပစ္စတိ၊အကျိုးပေး၏။

ဤအထက်ပါ မဟာဋီကာဆရာ၏ စကားကို-အဋ္ဌကထာစကားရင်းနှင့် မညီဟု အရစိသံဖြင့် အချို့ဆရာတို့ မိန့်ဆိုကြကုန်၏။ဆိုသော်-မဟာဋီကာ ဆရာ၏စကားသည် ကံတို့၏ အကျိုးပေးသောအရာ၌ ဘွင့်ဆိုသောစကား ဖြစ်၍ မဟာဋီကာဆရာ၏ စကားကို အပြစ်မဆိုသင့်။ အကြောင်းမူကား အာသန္နကံသည် ပဋိသန္ဓေအကျိုးကို မပေးပါမူ ကဋတ္တာကံ၏ အကျိုး ပေးခွင့်ဖြစ်၏။ ယင်း-ကဋတ္တာကံသည် မည်သည့်ဘဝက ပြုအပ်သောကံ ပါနည်း။ ယခုဒိဋ္ဌဓမ္မဘဝက ပြုအပ်သော ကဋတ္တာကံဖြစ်နိုင်ပါမည်လော- မဖြစ်သင့်။အကယ်၍ ယခုဘဝပြုအပ်သော ကဋတ္တာကံ အကျိုးပေးသည် ဆိုပါက အာစိဏ္ဏကံသာ ဖြစ်သင့်၏၊ကဋတ္တာကံ မဖြစ်သင့်။ ထို့ကြောင့်

အတိတ်ဖြစ်သော ကဋတ္တာကံက အကျိုးပေး၏ ဟု ဆိုလိုရင်း စကားကျ ဖြစ်သောကြောင့်တည်း။ ။(ယုတ္တံ စေ ဂဟေတဗ္ဗံ)။

တေဟိ ပန တီဟိ မုတ္တံ ပုနပ္ပုနံ လဒ္ဓါသေဝနံ ကဋတ္တာကမ္မံ နာမ ဟောတိ။ ။ဝိသုဒ္ဓိမဂ် အဋ္ဌကထာ။

တေဟိ ပန တီဟိ မုတ္တံ အညာဏဝသေန ကတံ ကဋတ္တာဝါ ပန ကမ္မံနာမ။ ယထာ ပန ဥမ္မတ္တကေန ခိတ္တ ဒဏ္ဍံ ယတ္ထ ဝါ တတ္ထ ဝါ ဂစ္ဆတိ၊ ဧဝမေဝ တေသံ အဘာဝေ ယတ္ထ ကတ္ထစိ ဝိပါကံ ဒေတိ။ ။အင်္ဂုတ္တိုရ် အဋ္ဌကထာ။

ပန၊အဘို့တပါးကို ဆိုဦးအံ့။တီဟိ၊သုံးပါးကုန်သော။တေဟိ၊ထိုဂရုက ကံစသော ကံတို့မှ။မုတ္တံ၊လွတ်သော။ ပုနပ္ပုနံ၊အဘန်ဘန် အထပ်ထပ်။လဒ္ဓါ သေဝနံ၊ ရအပ်သော အာသေဝန ပစ္စည်းရှိသော။ကဋတ္တာဝါ ပနကမ္မံနာမ၊ ကံမည်သည်။ ဟောတိ၊ဖြစ်၏။ ။(ဤအလို-ဂရုကကံ,အာသန္နကံ, အာ စိဏ္ဏကံ သုံးပါးမှ လွတ်သော ရအပ်သော အာသေဝန ပစ္စည်းရှိသော ကံမှန် သမျှသည် ကဋတ္တာကံ မည်၏ ဟု ဆိုလိုသည်)။ ။ပန၊ အဘို့တပါးကို ဆိုဦးအံ့။တေဟိ တီဟိ၊ထိုဂရုကကံစသောကံသုံးပါးတို့မှ။မုတ္တံ၊လွတ်သော။ အညာဏဝသေန၊ကံ-ကံ၏အကျိုးကိုမျှ မသိသည်၏ အစွမ်းအားဖြင့်။ကတံ၊ ပြုအပ်သော ကံသည်။ ကဋတ္တာဝါပနကမ္မံ နာမ၊ ကဋတ္တာကံ မည်၏။ ပန၊ ဥပမာဖြင့် ထင်စွာပြဦးအံ့။ ။(ပန-သဒ္ဒါ တပ္ပါကဋီကရဏတြိ)။ ။ဥမ္မတ္တ ကေန၊ ရူးသော သူသည်။ခိတ္တဒဏ္ဍံ၊ ပစ်လွှင့်အပ်သော ဒုတ် လှင်ကန်သည်။ ယတ္ထဝါ တတ္ထဝါ၊ဟူးဟူးဥြားဥြားသော အရပ်သို့။ဂစ္ဆတိယထာ၊ကျရောက် သကဲ့သို့။ ဧဝမေဝ၊ထိုအတူသာလျှင်။ တေသံ၊ထိုဂရုကစသော ကံသုံးပါး တို့၏။အဘာဝေ၊မရှိသည်။ သတိ၊ရှိသော်။ ယတ္ထ ကတ္ထစိ၊အမှတ်မရှိ တစုံ တခုသော ဘဝ၌။ဒေတိ၊အကျိုးကို ပေး၏။

**မှတ်ချက်**၊ ။ဤ၌ လဒ္ဓါသေဝနံ-ဟူသော စကားဖြင့် အာစိဏ္ဏကံနှင့် ကွဲပြားအောင် အထူးပြု၏၊ဒိဋ္ဌဓမ္မဝေဒနီယကံကိုလည်း နစ်စေ၏။ ။ ဆိုလိုရင်းကား အာသေဝနပစ္စည်းကို မရသောကံ မျိုးသည် ပဋိ သန္ဓေအကျိုးကို မပေးနိုင်၊ အာသေဝန ပစ္စည်းကိုရမှ ပဋိသန္ဓေ အကျိုးကို ပေးနိုင်၏။ဤဂရုက။ပ။ ကဋတ္တာကံ လေးပါးလည်လည်း

ပဋိသန္ဓေ အကျိုးပေးနိုင်သော ကံမျိုးဖြစ်သောကြောင့် ပဋိသန္ဓေ အကျိုးကို ပေးနိုင်ခြင်းကိုသိရှိရန် လဒ္ဓါသေဝနံ-ဟူသော စကားရပ်ကို မိန့်ဆိုအပ်၏။ ယင်းသို့ ပဋိသန္ဓေ အကျိုးကို ပေးခဲ့သော်လည်း ဒုတိယဘဝ၌ ပေးသည်မဟုတ်၊ တတိယဘဝကစ၍ ဘဝအဆက်ဆက်ပေးသည် အဖြစ်ကိုလည်း သိစေ၏ ဟု မှတ်။ ။''ပုနပ္ပုနံ လဒ္ဓါသေဝနတ္တာ ဗုမိနာ ယံ ဗဟုလဥ္စ ဝုတ္တကမ္မတော ဝိသေသေတိ။ တထာ ဒိဋ္ဌဓမ္မဝေဒနိယံ နိဝတ္တေတိ။ ။ပဋိသန္ဓိအာကၡနာ နုဇာနနတော ပဋိသန္ဓိဇနကဝသေန ဟိ ဂရုကာဒိကမ္မစတုက္ကံ ဝုတ္တံ''။ ။မဟာဋီကာ။

ဤအင်္ဂုတ္တိုရ် အဋ္ဌကထာ အလိုသော်ကား။ ။ကံ, ကံ၏ အကျိုးကိုမျှ မသိရူ၍ တွေတွေ,ဝေဝေ မူးမူးငိုက်ငိုက် အလိုက်အထိုက် ဂုဏ်ပကာသန စသည်ကိုငဲ့၍ လူလိမ်မာတို့သည် ပြုအပ်သော ကုသိုလ်မျိုးသည် ကဋတ္တာကံမည်၏။

ငင်းကဋတ္တာကံ၏ အကျိုးပေးပုံကို ဥပမာအားဖြင့်ဆိုသော် အရူးတို့၏ ပစ်လွှင့်အပ်သော တုတ်,လှင်ကန်သည် ချိန်ရွယ်မှန်းဆ၍ ပစ်လွှင့်အပ်သည် မဟုတ်၊ထင်သလို ရမ်း၍ ပစ်လွှင့်အပ်ရကား မြေသို့ကျသောအခါ၌ လည်း ကျချင်သလို ကျဘိသကဲ့သို့ ထိုအတူ ထိုဂရုက-စသော ကံသုံးပါးအကျိုး မပေးပါမှ သင့်လျော်သလို အကျိုးပေးသော ကံမျိုး-ဟူသလိုသတတ်။

ဂရုကာဒိဘာဝံ အသမ္ပတ္တံ ကတမတ္တမေဝဝ ဝါ,အတီတ
ဘဝေ ကတံ ဝါ ကုသလာကုသလကမ္မံ ကဋတ္တာကမ္မံ နာမ။

ဂရုကာဒိဘာဝံ၊ဂရုကကံစသောရှေးကံသုံးပါး၏ အဖြစ်သို့။ အသမ္ပတ္တံ၊ မရောက်သော။ ကတမတ္တမေဝ ဝါ၊ ပြုကာမျှသာလျှင် ဖြစ်သော ကံသည် ငင်း။အတီတဘဝေ၊ အတိတ်ဘဝ၌။ ကတံ ဝါ၊ပြုအပ်သော ကံသည်ငင်း။ ကဋတ္တာကမ္မံ နာမ၊ကဋတ္တာကံ-မည်၏။

ဤဋီကာအလိုသော် ပစ္စုပ္ပန်ဘဝ၌ ပြုအပ်သော ဂရုကကံ,အာစိဏ္ဏကံ, အာသန္နကံ သုံးပါးမှ လွတ်သော။ ဝါ၊ ငင်းကံ ၃-ပါး မဟုတ် သမျှသော ကုသိုလ်, အကုသိုလ် ကံမျိုးသည် ကဋတ္တာကံမည်၏။ ငင်းပြင် ရှေးရှေး ဘဝများစွာကစ၍ ဆည်းပူးခဲ့အပ်သမျှသော ကုသိုလ်,အကုသိုလ်ကံမျိုးသည် ငင်း,ကဋတ္တာကံ မည်၏။ ။ဟူလို။

မှတ်ချက်။ ။ဤအထက်ပါ ပါဠိ၌ ဝိကပ္ပနတ္တ ဝါသဒ္ဒါ နှစ်ခုပါရှိ၏။သို့ဖြစ်၍ နှစ်မျိုးခွဲ၍ အဓိပ္ပါယတ္တကို ယူရ၏။ အချို့သော ဆရာတို့ကား တဝိကပ်ထည်းကြံ၍ အနက် ယောဇနာကြကုန်၏။ ။သတိပြု။

## ဆုံးဖြတ်ချက်

အထက်ပါ အဋ္ဌကထာ,ဋီကာများကို ထောက်၍ ဂရုကကံ,အာစိဏ္ဏကံ,အာသန္နကံ သုံးပါးမှလွတ်သော။ ဝါ၊လွတ်သောကြောင့် ပြုကာမျှသာဖြစ်သော တတိယဘဝမှစ၍ အကျိုးပေးလတ္တံ့သော ယခုပစ္စက္ခ,ပစ္စုပ္ပန်ဘဝ၌ ပြုပြုသမျှသော ကုသိုလ်,အကုသိုလ် ကံမျိုးသည်၎င်း၊ ဘဝများစွာသံသရာက ပြုပြုခဲ့သမျှသော ကုသိုလ်, အကုသိုလ်ကံ မှန်သမျှသည်၎င်း ကဋတ္တာကံမည်၏ ဟု မှတ်။

---

## ပါကဒါနပရိယာယ အဓိပ္ပါယ်

ဤပြဆိုအပ်ခဲ့ပြီးသော ကံလေးပါးတို့သည် အကြင် ပုဂ္ဂိုလ်၌ အလုံးစုံရှိ၍ နေကုန်သည်ဖြစ်အံ့၊ ဂရုကကံသည် ရှေးဦးစွာ စုတိသည်၏ အခြားမဲ့ဖြစ်သော ဒုတိယဘဝ၌ အကျိုးပေး၏။ ယင်းသို့ ပဉ္စာနန္တရိယကံမထိုက်၍ ဂရုကကံမရှိခဲ့သော် အာသန္နကံသည် အကျိုးပေးလေ၏။ ထိုအာသန္နကံ မရှိခဲ့လျှင် အာစိဏ္ဏကံသည် အကျိုးပေး၏။ အာစိဏ္ဏကံမရှိလျှင် ကဋတ္တာကံအကျိုးပေးလေ၏။ ဤသို့ ကံလေးပါး၏ အလှည့်အစဉ်အတိုင်း အကျိုးပေးသောကြောင့် ပါကဒါနပရိယာယကံ ဟု ဆိုအပ်၏။

> ဂရုကံ သဗ္ဗပဌမံ ဝိပစ္စတိ၊ ဂရုကေ အသတိ အာသန္နံ၊ တသ္မိံ ပိ အသတိ အာစိဏ္ဏံ၊ တသ္မိံ ပိ အသတိ ကဋတ္တာကမ္မံ၊ တေနာဟ-ပါကဒါနပရိယာယေနာတိ။ ပါကဒါနာနုက္ကမေနာတျတ္ထော။ ။ဋီကာကျော်။

ဂရုကံ၊ ဂရုကကံသည်။ သဗ္ဗပဌမံ၊ အလုံးစုံသော ကံတို့၏ ရှေးဦးစွာ။ ဝိပစ္စတိ၊ အကျိုးပေး၏။ ဂရုကေ၊ ဂရုကကံသည်။ အသတိ၊ မရှိခဲ့သော်။ အာသန္နံ၊အာသန္နကံသည်။ ဝိပစ္စတိ၊အကျိုးပေး၏။ တသ္မိံ ပိ၊ ထိုအာသန္နကံသည်လည်း။ အသတိ၊မရှိခဲ့သော်။ အာစိဏ္ဏံ၊ အာစိဏ္ဏကံသည်။ ဝိပစ္စတိ၊၏။ တသ္မိံ ပိ၊ထိုအာစိဏ္ဏကံသည်လည်း။ အသတိ၊ သော်။ ကဋတ္တာကမ္မံ၊ ကဋတ္တာ

ကံသည်။ဝိပစ္စတိ၊၏။ တေန၊ထိုကြောင့်။ ပါကဒါနပရိယာယေနာတိ၊ ဟူ၍။ အာဟ၊ ၏။ ပါကဒါနာနုက္ကမေန၊ အကျိုးပေးသော အစဉ်အားဖြင့်။ ဣတိ၊ ဤသည်ကား။ အတ္ထော ပရိယာယ-ပုဒ်၏ အနက်တည်း။

---

## နာနာဝါဒ ဘော်ပြချက်

သင်္ဂြိုဟ်ဆရာကား...''ဂရုကံ, အာသန္နံ, အာစိဏ္ဏံ,ကဋတ္တာကမ္မဉ္စေတိ ပါကဒါနပရိယာယေန'' ဟု အာသန္နကံကို အာစိဏ္ဏကံ၏ ရှေ့၌ မိန့်ဆိုထား၏။ ။ဤသို့ သင်္ဂြိုဟ်ကျမ်း၌ ထားရှိသော အစဉ် အားလျော်စွာ ဋီကာကျော်ဆရာသည်လည်း ဂရုကကံမရှိသော်အာသန္နကံအကျိုးပေး၏ဟု ဘွင့်ဆိုတော်မူ၏။

> အပရဒ္ဓိ စတုဗ္ဗိဓံ ကမ္မံ၊ယံဂရုကံ၊ ယံ ဗဟုလံ၊ ယဒါသန္နံ
> ကဋတ္တာဝါ ပန ကမ္မန္တိ။ ။ဝိသုဒ္ဓိမဂ် အဋ္ဌကထာ။
>
> ယဂ္ဂရုကံ၊ ယဗ္ဗဟုလံ၊ ယဒါသန္နံ၊ ကဋတ္တာဝါ ပန ကမ္မံ။
>
> အင်္ဂုတ္တရ အဋ္ဌကထာ။

ဤသို့ အာစိဏ္ဏကံကိုအာသန္နကံ၏ ရှေ့ကထား၍ ယဗ္ဗဟုလံ-ဟု လာရှိ၏။ ၎င်းအဋ္ဌကထာများ ထားသော အစဉ်အတိုင်းပင် ဝိသုဒ္ဓိမဂ် မဟာဋီကာ၌-

> ''တတ္ထ ဂရုကံ သဗ္ဗပဌမံ ဝိပစ္စတိ။တထာဟိ တံ ဂရုကန္တိ ဝုတ္တံ။ ဂရုကေ အသတိ ဗဟုလီကတံ။ တသ္မိံ အသတိ အာသန္နံ၊တသ္မိမ္ပိ အသတိ ကဋတ္တာဝါပနာတိ ဝုတ္တံ ပုရိမဇာတိသု ကတကမ္မံ ဝိပစ္စတိ''ဟု ဘွင့်ဆိုလေ၏။

## ဆုံးဖြတ်ချက်။

ဤအထက်ပါပါဠိတော်၌ ပကတိသဘောအားဖြင့် အားကြီး,အားနည်း အစဉ်အားလျော်စွာ အစိဏ္ဏကံကို ရှေးဦးစွာ ဟောတော်မူပေ၏။ အဋ္ဌကထာများကလည်း ယင်းအစဉ်အတိုင်း ဖြစ်သင့် ဖြစ်ထိုက်သောကြောင့် ပါဠိတော် အစဉ်အား လျော်စွာသာ ဘွင့်ဆိုတော်မူကြလေ၏။ သို့သော်-သင်္ဂြိုဟ်ကျမ်းပြု အရှင်အနုရုဒ္ဓါ ဆရာကား-

ပုဗ္ဗေ ဝါဿ တံ ကတံ ဟောတိ၊ ကလျာဏကမ္မံ သုခဝေဒနီယံ။
ပစ္ဆာ ဝါဿ တံ ကတံ ဟောတိ၊ ကလျာဏကမ္မံ သုခဝေဒနီယံ။
မရဏကာလေ ဝါဿ ဟောတိ သမ္မာဒိဋ္ဌိသမတ္တာ သမာဒိန္နာ။

ဟူသော-ဥပရိပဏ္ဏာသပါဠိတော်,ကမ္မဝိဘင်္ဂသုတ်၌ အမြဲမပြတ် လေ့လာ ပြုလုပ်အပ်သော-ဒုစရိုက်အာစိဏ္ဏကံရှိသော ပုဂ္ဂိုလ်အား အောက်ကပြဆို အပ်ခဲ့ပြီးသော အတိုင်း ကုသိုလ်အာသန္နကံက တားမြစ်၍ နတ်ပြည်သုဂတိ အကျိုးပေးနိုင်ခြင်း,အမြဲမပြတ်လေ့လာ ပြုလုပ်အပ်သော သုစရိုက်အာစိဏ္ဏ ကံရှိသော သူအားလည်း အကုသိုလ် အာသန္နကံသည် တားမြစ်၍ ဒုဂ္ဂတိဘုံ၌ အကျိုးပေးနိုင်ပုံကို ဟောတော် မူထားသည်ကို ထောက်၍ အာသန္နကံသည် အာစိဏ္ဏကံထက် အားကြီးသည်ဖြစ်၍ အာသန္နကံကို ရှေးဦးစွာ မိန့်ဆိုသော်မူလေသည်။ ၎င်းအာသန္နကံ,အာစိဏ္ဏကံ ၂-ပါးသည် အားချင်းတူမျှခဲ့ပါမူ အာသန္နကံသည်သာလျှင် အကျိုးပေး၏-ဟု မှတ်။

## စလင်း ဆရာတော်ကြီး အဆုံးအဖြတ်

နောက်ဘဝ၌ ပြုအပ်ပြီးသော ကံတပါးအထောက်အပံ့ကင်း၍ ဤဘဝ၌ ပြုအပ်သော အာသန္နကံ, အာစိဏ္ဏကံ-ချင်းတူပါလျှင် အာစိဏ္ဏကံထက် အာသန္နကံသည် အားကြီးသောကြောင့် အာသန္နကံ ရှေးဦးစွာ အကျိုး ပေး၏ဟူ၍-သင်္ဂဟအဋ္ဌကထာနှင့် အညီမှတ်သားအပ်၏။

နောက်ဘဝ၌ ပြုအပ်သော ကံတပါးသည် ကူပံ့ထောက်ပံ့ အပ်သော အာစိဏ္ဏကံဖြစ်ပါမူကား ယခုဘဝ၌ဖြစ်သော အာသန္နကံထက် အားကြီး ခြင်း ဗလဝဖြစ်သောကြောင့် အာစိဏ္ဏကံ ရှေးဦးစွာ အကျိုးပေး၏-ဟူ၍ ဝိသုဒ္ဓိမဂ်,အင်္ဂုတ္တရ အဋ္ဌကထာများနှင့်အညီ မှတ်သားအပ်၏။

လောကူပမာအားဖြင့် အကိုင်းအခက်ဖြင့် ဝေဝေဆာဆာရှိသော သစ် ပင်တပင်သည် အရှေ့သို့ ညွတ်ရိုင်း၍ ကိုင်းလျက် လဲလုပမာ ရှိသော ခါဝယ် အရှေ့အရပ်မှ လေမတိုက်ပါလျှင် အရှေ့သို့သာ သစ်ပင်ကြီးလဲ ရာ၏၊အကယ်၍ အရှေ့အရပ်ဒေသမှ ပြင်းလှစွာသော လေကြီးတိုက်လိုက်ပါ မူကား အရှေ့သို့ မလဲမူ၍ အနောက်အရပ်သို့ ပြန်၍ လဲဘိသကဲ့သို့ ဥပမာ ဥပမေယျ နှစ်ရပ် ဂဟေစပ်၍ တပ်အပ်သေချာ မှတ်ကုန်ရာ၏။

(ဤကား-မန္တလေးမြို့ စလင်း ဆရာတော် ဘုရားကြီး၏ အဆုံးအဖြတ် တည်း)။

## မဟာဋီကာ အဆုံးအဖြတ်

ဝိသုဒ္ဓိမဂ်-မဟာဋီကာဆရာကား····ဂရုက-ကံသည်သာ မုချ အကျိုး ပေးမြဲ၏။ နောက်ဖြစ်သော-အာသန္နကံ, အာစိဏ္ဏကံ, ကဋတ္တာကံ တို့ကား အကျိုးပေးပုံ အစဉ်အမြဲတမ်း မဆိုနိုင်ချေ။ အားရှိ,အားမဲ့ အားလျော်စွာ သာလျှင် အကျိုးပေး၏။အကြင်ကံသည် ရှေးဘဝပြုအပ်သော-ကံတပါး၏ အထောက်အပံ့ စသည်ကိုရခြင်း အကြောင်းတို့ကြောင့် အာသေဝနပစ္စည်း အားကြီး၏။ ထိုကံသည်သာ ရှေးဦးစွာ အကျိုးပေး၏။ ။ထိုကြောင့် ဥပရိပဏ္ဏာသပါဠိတော်၌-

> တတြာနန္ဒ ယွာယံ ပုဂ္ဂလော ဣဓ ပါဏာတိပါတီ။ ပ။ မိစ္ဆာဒိဋ္ဌိ ကာယဿ ဘေဒါ ပရမ္မရဏာ အပါယံ ဒုဂ္ဂတိံ၊ ဝိနိပါတံ နိရယံ ဥပပဇ္ဇတိ။ပ။တတြာနန္ဒ ယွာယံ ပုဂ္ဂလော ဣဓ ပါဏာတိပါတီ။ပ။ ကာယဿ ဘေဒါ ပရမ္မရဏာ သုဂတိံ သဂ္ဂံ လောကံ ဥပပဇ္ဇတိ။

ဟု-ဟောတော်မူ၏။ ။ငင်းပါဠိတော်ကို ထောက်ထား၍ ဤကံတို့၏ အကျိုးပေးရာဝယ် မည်သည့်ကံက ရှေးဦးစွာ အကျိုးပေးသည်၊မည်သည့် ကံကနောက်မှ အကျိုးပေးသည် စသော အရာသည် မြတ်စွာဘုရား၏ ကမ္မ ဝိဘင်အသာဓာရဏ ဉာဏ်တော်၏သာ-ပိုင်းခြား၍ သိနိုင်သောအရာ ဖြစ်၏-ဟု ဆုံးဖြတ်တော်မူ၏။

> ဗဟုလာသန္န ပုဗ္ဗကတေသု ဗလာဗလံ ဝါ ဇာနိတဗ္ဗံ။ပ။ တေဟိ တေဟိ ကာရဏေဟိ အာဟိတဗလံ ပဌမံ ဝိပစ္စတိ။ပ။ ကိံ ဗဟုနာ ယံတံ တထာဂတဿ မဟာကမ္မဝိဘင်ဉာဏံ တဿေဝါယံ ဝိသယော၊ယဒိဒံ တဿ တဿ ကမ္မဿ တေန တေန ကာရဏေန ပုဗ္ဗာပရဝိပါကတာသာမတ္ထိယံ။

မဟာဋီကာပါဌ်။

ဝါ၊တနည်းကား။ ဗဟုလာသန္နပုဗ္ဗကတေသု၊ အာစိဏ္ဏကံ,အာသန္နကံ, ကဋတ္တာကံတို့တွင်။ ဗလာဗလံ၊အားကြီးသည် အားမကြီးသည်ကို။ ဇာနိ တဗ္ဗံ၊သိအပ်သိထိုက်၏။ပ။တေဟိ တေဟိ ကာရဏေဟိ၊ထိုထို အဝလေပန စသောအကြောင်းတို့ကြောင့်။ အာဟိတဗလံ၊ ဆည်းပူးအပ်သော အား ရှိသော ကံသည်။ပဌမံရှေးဦးစွာ။ဝိပစ္စတိ၊အကျိုးပေး၏။။ပ။ ဗဟုနာ၊များစွာ

ဆိုသဖြင့်။ ကိံ၊ အဘယ်အကျိုး ရှိတော့အံ့နည်း။ တဿ တဿ ကမ္မဿ၊ ထိုထိုကံ၏။တေန တေန ကာရဏေန၊ ထိုထိုသို့သော အကြောင်းကြောင့်။ ယံ ဌာနံ ပုဗ္ဗာပရဝိပါကတာ သာမတ္ထိယံ၊အကြင် ရှေ့နောက် အကျိုးပေးနိုင်ခြင်း အစွမ်းသတ္တိသည်။ အတ္ထိ၊ ရှိ၏။ အယံ၊ ဤအစွမ်းသတ္တိသည်။ တထာဂတဿ၊ ဘုရားမြတ်၏။ ယံ တံ မဟာကမ္မဝိဘင်္ဂဉာဏံ၊ ကံကို ဝေဘန်နိုင်သော အကြင် ဉာဏ်တော်မြတ်သည်။ အတ္ထိ၊၏။ တဿေဝ၊ ထိုမဟာကမ္မဝိဘင်္ဂအသာဓာရဏ ဉာဏ်တော်၏သာလျှင်။ ဝိသယော၊အရာတည်း။

---

## ပါကကာလကံ လေးပါး အဘွင့်

၁၂။ ။ဒိဋ္ဌဓမ္မဝေဒနီယံ၊ ဥပပဇ္ဇဝေဒနီယံ၊ အပရာပရိယဝေဒနီယံ၊ အဟောသိကမ္မဉ္စေတိပါကကာလဝသေန စတ္တာရိ ကမ္မာနိ။

သင်္ဂြိုဟ်ပါဠ်။

၁-ဒိဋ္ဌဓမ္မဝေဒနီယကံ၊ ၂-ဥပပဇ္ဇဝေဒနီယကံ၊ ၃-အပရာပရိယဝေဒနီယကံ၊ ၃-အဟောသိကံဟူ၍ အကျိုးပေးရာကာလ၏ အစွမ်းအားဖြင့် ကံတို့သည် လေးပါး အပြားရှိကြကုန်၏။ ။ဟူလို။

။ဤကား ဝိဂ္ဂဟတ္ထ။

---

## ဒိဋ္ဌဓမ္မဝေဒနီယကံ အဘွင့်

ဝေဒိယတိ အနုဘူယတီတိ ဝေဒနီယံ။

ဝေဒိယတိ အနုဘူယတိ၊ခံစားအပ်၏။ဣတိတသ္မာ၊ထို့ကြောင့်။ဝေဒနီယံ ဝေဒနီယ-မည်၏။ ။(ဝိဒ-ဓာတ်၊အနီယ-ပစ္စည်း)။ ။ခံစားအပ်သော အကျိုးတရားသည် ဝေဒနီယမည်၏။

ဒိဋ္ဌဓမ္မဝေဒနီယံ ဖလံ ဧတဿာတိ ဒိဋ္ဌဓမ္မဝေဒနီယံ။

ဧတဿ၊ထိုကံအား။ ဒိဋ္ဌဓမ္မေ၊မျက်မှောက် ဘဝ၌။ဝေဒနီယံ၊ ခံစားအပ်သော။ဖလံ၊အကျိုးတရားသည်။အတ္ထိ၊ရှိ၏။ ဣတိတသ္မာ၊ထို့ကြောင့်။ဒိဋ္ဌဓမ္မဝေဒနီယံ၊ ဒိဋ္ဌဓမ္မဝေဒနီယ-မည်၏။ ။မျက်မှောက်ဖြစ်သော ယခုပစ္စုပ္ပန်ဘဝ၌ အကျိုးပေးသော ပဌမဇော စေတနာသည် ဒိဋ္ဌဓမ္မဝေဒနီယကံ မည်၏။ ။ဟူလို။

ဤဝိဂြိုဟ်၌ ဒိဋ္ဌဓမ္မဟူသည် ''ဒိဋ္ဌဓမ္မော ဝုစ္စတိ ပစ္စက္ခဘူတော ပစ္စုပ္ပန္နော အတ္တဘာဝေါ'' မဟာဋီကာပါဌ်အရ····မျက်မှောက်ပစ္စက္ခဖြစ်သောပစ္စုပ္ပန် ဘဝသည် ဒိဋ္ဌဓမ္မ-မည်၏။ ။ငင်း ဒိဋ္ဌဓမ္မဖြစ်သော ပစ္စုပ္ပန်ကာလသည် အကျိုးပေးရာကာလ ဖြစ်၏။ ထိုပစ္စုပ္ပန်ကာလ၌ အကျိုးကိုဖြစ်စေတတ်, ပေးတတ်သော ကုသိုလ်ဇော, အကုသိုလ်ဇော ၇-ကြိမ်တို့တွင် ရှေးဦးဖြစ်သော ပဌမဇောစေတနာသည် ဒိဋ္ဌဓမ္မဝေဒနီယ ကံသည်၏ ဟု မှတ်။ ။ ကုသိုလ်ကံအရာ၌ ကာကဝဠိယသူဌေး, ပုဏ္ဏသူဌေး, စသည်တို့၏ကဲ့သို့ ငင်း,အကုသိုလ်ကံ အရာ၌ ဒေဝဒတ်, စိဉ္စမာန,စသည်တို့၏ ကဲ့သို့ငင်း, မှတ်လေ။

> ကေဇဝနဝီထိယံ သတ္တသု စိတ္တေသု ကုသလာဝါ အကုသလာ ဝါ ပဌမဇဝနစေတနာ ဒိဋ္ဌဓမ္မဝေဒနီယံ။ တံ ဣမသ္မိံ ယေဝ အတ္တဘာဝေ ဝိပါကံ ဒေတိ။

အဂ္ဂတ္တရ အဋ္ဌကထာ။ ဝိသုဒ္ဓိမဂ် အဋ္ဌကထာ။

ကေဇဝနဝီထိယံ၊တခုသော ဇောဝီထိအစဉ်၌။ သတ္တသု စိတ္တေသု၊ဇောစိတ် ၇-ချက်တို့တွင်။ ကုသလာ ဝါ၊ကုသိုလ်လည်းဖြစ်သော။ အကုသလာ ဝါ၊ အကုသိုလ်လည်းဖြစ်သော။ ပဌမဇဝနစေတနာ၊ ပဌမဇောစေတနာ သည်။ ဒိဋ္ဌဓမ္မဝေဒနီယံ၊ဒိဋ္ဌဓမ္မဝေဒနီယကံ မည်၏။ တံ၊ထိုဒိဋ္ဌဓမ္မဝေဒနီယ ကံသည်။ဣမသ္မိံယေဝ အတ္တဘာဝေ၊ ဤအတ္တဘော၌သာလျှင်။ ဝိပါကံ၊ အကျိုးကို။ ဒေတိ၊ပေး၏။

---

## အကျိုးပေးရာ ကာလ အပိုင်းအခြား

ဤဒိဋ္ဌဓမ္မဝေဒနီယ-ကံသည် ယခု ပစ္စက္ခ ပစ္စုပ္ပန်ကာလ၌ ဆန့်ကျင်ဘက် အကုသိုလ်တရားလည်း မနှိပ်စက်ပါမှ ခေတ္တအဇ္ဈာသယ စသော အကြောင်းထူးလည်း ရှိပါမှ အားကြီးသန်စွမ်းလှသောအာသေဝနပစ္စည်းကို မရသောကြောင့် ပဝတ္တိအကျိုးကိုသာ ပေး၏။ ပဋိသန္ဓေ အကျိုးကိုကား မဖြစ်စေနိုင်။ ပဝတ္တိအကျိုးဆိုသည်မှာလည်း သဟိတ်ဝိပါက်ထို မဖြစ်စေ နိုင်၊အဟိတ်အကုသလဝိပါက်,ကုသလဝိပါက်အကျိုးကိုသာ ဖြစ်စေနိုင်၏၊ ထိုကြောင့် အသီးကို မဖြစ်စေနိုင်၊ မသီးစေနိုင်သော လေပွင့်,လေပန်းမျိုး ကဲ့သို့သော အကျိုးမျိုး ဟု မှတ်။

ရာဇေ ပုပ္ဖမတ္တံ ဝိယ ပဝတ္တိဝိပါကမတ္တံ
အဟေတုကဖလံ ဒေတိ။ ။ဋီကာကျော်။

ရာဇေ၊ဤဘဝ၌ သာလျှင်။ ပုပ္ဖမတ္တံ ဝိယ၊အသီး မဆင့်၊ လေကြောင့် ပွင့်သော လေပွင့်ကိုကဲ့သို့။ ပဝတ္တိဝိပါကမတ္တံ၊ ပဝတ္တိ အကျိုးမျှ ဖြစ်သော။ အဟေတုကဖလံ၊ အဟိတ် အကျိုးကို။ဒေတိ၊ပေး၏။ ။ဤ၌ ပဝတ္တိအကျိုး ဆိုသည်မှာလည်း ကာကဝဏ္ဏိယ သူဌေး, ကလာဘုမင်း စသည်တို့၏ကဲ့သို့ ခုနစ်ရက်အတွင်း၌ အကျိုးပေးသော ပရိပက္ကဒိဋ္ဌဓမ္မဝေဒနီယ အကျိုးမျိုး, ခုနစ်ရက်လွန်မှ အရွယ်သုံးပါးတွင် တရွယ်ရွယ်၌ အကျိုးပေးသော ဒိဋ္ဌဓမ္မဝေဒနီယမျှဖြစ်သော အကျိုးမျိုး ဟူ၍ ၂-မျိုး ၂-စားရှိ၏။

ထိုကြောင့်။ ။၁-ခုနစ်ရက် အတွင်း၌ အကျိုးပေးသော ပရိပက္ကဒိဋ္ဌဓမ္မဝေဒနီယကံ ၂-ခုနစ်ရက် လွန်မှ အကျိုးပေးသော ဒိဋ္ဌဓမ္မဝေဒနီယမတ္တကံ-ဟု ဒိဋ္ဌဓမ္မဝေဒနီယကံ ၂-မျိုးရှိ၏ ဟု မှတ်။

ယံ ပဌမဝယေ ကတံ ပဌမဝယေဝါ, မဇ္ဈိမဝယေဝါ, ပစ္ဆိမဝယေဝါ။မဇ္ဈိမဝယေ ကတံ မဇ္ဈိမဝယေဝါ၊ပစ္ဆိမဝယေဝါ။ ပစ္ဆိမဝယေ ကတံ တတ္ထေဝ ဝိပါကံ ဒေတိ၊တံ ဒိဋ္ဌဓမ္မဝေဒနီယံနာမ။ ယံ ပန သတ္တဒိဝသဗ္ဘန္တရေ ဝိပါကံ ဒေတိ၊တံ ပရိပက္ကဝေဒနီယံ နာမ။

ဥပရိပဏ္ဏာသ အဋ္ဌကထာပါဠိ။

ပဌမဝယေ၊ပဌမအရွယ်၌။ ကတံ၊ပြုအပ်သော။ ယံ ကမ္မံ၊ အကြင်ကံသည်။ ပဌမဝယေဝါ၊ ပဌမအရွယ်၌၎င်း။ မဇ္ဈိမဝယေ ဝါ၊ မဇ္ဈိမအရွယ်၌၎င်း။ပစ္ဆိမဝယေ ဝါ၊ ပစ္ဆိမအရွယ်၌၎င်း။ဝိပါကံ၊အကျိုးကို။ ဒေတိ၊ပေးနိုင်လေ၏။ မဇ္ဈိမဝယေ၊၌။ ကတံ၊သော။ယံကမ္မံ၊သည်။ မဇ္ဈိမဝယေ ဝါ၊၌၎င်း။ ပစ္ဆိမဝယေ ဝါ၊၌၎င်း။ဝိပါကံ၊ကို။ဒေတိ၊၏။ ပစ္ဆိမဝယေ၊၌။ကတံ၊သော။ ယံကမ္မံ၊ အကြင်ကံသည်။ တတ္ထေဝ၊ ထိုပစ္ဆိမ အရွယ်၌ပင်လျှင်။ဝိပါကံ၊ကို။ ဒေတိ၊ ၏။ တံကမ္မံ၊ ထိုကံသည်။ ဒိဋ္ဌဓမ္မဝေဒနီယံနာမ၊ ဒိဋ္ဌဓမ္မဝေဒနီယမတ္တကံမည်၏။ယံ ပန၊အကြင် ကံသည်ကား။ သတ္တဒိဝသဗ္ဘန္တရေ၊ ခုနစ်ရက်အတွင်း၌။ ဝိပါကံ၊ အကျိုးကို။ ဒေတိ၊ ၏။ တံ၊ထိုကံသည်။ပရိပက္ကဝေဒနီယံနာမ၊ရင့်သော ဒိဋ္ဌဓမ္မဝေဒနီယကံ မည်၏။

## ဒိဋ္ဌဓမ္မဝေဒနီယကံ၏ အကျိုးပေးနိုင်သော အင်္ဂါ

ဤသို့ပဝတ္တိအကျိုးကို ပေးနိုင်၏ ဟူသည်မှာ ၁-ဝတ္ထုသမ္ပဒါ၊ ၂-ခေတ္တသမ္ပဒါ၊၃-အဇ္ဈာသယသမ္ပဒါ၊ ၄-ဂုဏာတိရေကသမ္ပဒါ၊ ဤလေးဖြာတို့၏ ပြည့်စုံခြင်းဖြစ်မှသာလျှင် ပေးနိုင်၏။

ထိုလေးပါးတို့တွင်။ ။၁-လှူအပ်သော ပစ္စည်းတို့၏ တရားနှင့် ညီညွတ်စွာ ဓမ္မိယလဒ္ဓ ဖြစ်ခြင်းသည် ဝတ္ထု၏ ပြည့်စုံခြင်းမည်၏။ ။၂-နိရောဓသမာပတ်ကို ဝင်စားနိုင်သော ရဟန္တာပုဂ္ဂိုလ် အလှူခံသည် ခေတ်၏ ပြည့်စုံခြင်းမည်၏။ ။၃-ပုဗ္ဗ,မုဉ္စ,အပရ သုံးဌာန၌ ဝမ်းမြောက်ကြည်သာဖြစ်သော သောမနဿ သဟဂုတ်ဉာဏသမ္ပယုတ် မဟာကုသိုလ် ပဋ္ဌမစော စေတနာသည် အဇ္ဈာသယ၏ ပြည့်စုံခြင်းမည်၏။ ။၄-နိရောဓသမာပတ်မှ ထသော အဖြစ်သည် လွန်ကဲသော ဂုဏ်တော်၏ ပြည့်စုံခြင်း ဂုဏာတိရေကမည်၏။ ။ဤသို့ အထက်ပါ အင်္ဂါ ၄-ပါးပြည့်စုံမှသာလျှင် ဒိဋ္ဌဓမ္မဝေဒနီယကံသည် ယခုမျက်မှောက်၌ ဒိဋ္ဌအကျိုးကို ပေးနိုင်၏။

> ပစ္စယာနံ ဓမ္မိကတာ, စေတနာမဟတ္တံ, ဝတ္ထုသမ္ပတ္တိ, ဂုဏာတိရေကဘာတိ။ပ။ဣမာနိ စတ္တာရိ သမောဓာနေတွာ ဒါတုံ သက္ကောန္တဿ ကာမာဝစရကုသလံ ဣမသ္မိံ ယေဝ အတ္တဘာဝေ ဝိပါကံ ဒေတိ။

အဋ္ဌသာလိနီ အဋ္ဌကထာ။ ဓမ္မပဒ အဋ္ဌကထာ။

ပစ္စယာနံ၊ အလှူဝတ္ထု၊ ပစ္စည်းတို့၏။ဓမ္မိကတာ၊ တရားနှင့် လျော်ညီသည် အဖြစ်ငှ၊ စေတနာမဟတ္တံ၊စေတနာ၏ မြင့်မြတ်သည် အဖြစ်ငှ။ ဝတ္ထုသမ္ပတ္တိ၊ ရဟန္တာ တည်းဟူသော အလှူခံပုဂ္ဂိုလ်၏ ပြည့်စုံခြင်းငှ။ ဂုဏာတိရေကတာ၊ ရဟန္တာပုဂ္ဂိုလ်၏ချာန်ဝင်စားသော အဖြစ် တည်းဟူသော ဂုဏ်၏လွန်ကဲခြင်းငှ။ပ။ ဣမာနိ စတ္တာရိ၊ဤလေးပါးတို့ကို။ သမောဓာနေတွာ၊ ပေါင်း၍။ ဒါတုံ၊ ပေးလှူခြင်းငှါ။သက္ကောန္တဿ၊ စွမ်းနိုင်သော ပုဂ္ဂိုလ်အား။ ကာမာဝစရကုသလံ၊ ကာမာဝစရ ကုသိုလ်သည်။ ဣမသ္မိံ ယေဝ အတ္တဘာဝေ၊ ဤပစ္စက္ခဖြစ်သော ကိုယ်၏အဖြစ်၌ပင်လျှင်။ ဝိပါကံ၊ အကျိုးကို။ဒေတိ၊ပေးနိုင်၏။

## ဒိဋ္ဌဓမ္မဝေဒနီယကံ၏ အဟောသိကံဖြစ်ခြင်း အဓိပ္ပါယ်

ဒိဋ္ဌဓမ္မဝေဒနီယကံသည် ဤပြဆိုအပ်ပြီးသော အင်္ဂါလေးပါးနှင့် မပြည့်စုံခြင်းကြောင့် မျက်မှောက်သော ကိုယ်၏အဖြစ်၌ အကျိုးမပေးခဲ့သော် ထိုကံသည် အားထုတ်ဆဲ ခဏပင် အဟောသိကံ ဖြစ်၏။ ။(အဟောသိကံ၏ အဓိပ္ပါယ်နောက်၌ ထင်ရှားလတ္တံ့.)။

ဥပမာဆိုသော်။ ။သားမုဆိုး ယောက်ျားသည် သားသမင်ကို မြင်၍ လေးကိုတင်လျက် မြှားဖြင့် ပစ်လိုက်သည်ရှိသော် မချွတ်မယွင်း မြှားမှန်ခြင်း ဖြစ်ငြားအံ့။ ထိုသားကောင်ကို မုဆိုးရရာ၏။ အကယ်၍ ပစ်လိုက်သော မြှားသည် ချွတ်ယွင်း၍ သွားငြားအံ့၊ သားသမင် ပြေး၍ သွားသောကြောင့် မရပါတကားဟု စိတ်ချလျက် သွားရဘိသကဲ့သို့ ထိုအတူ သမင်ကိုမြှား ထိသကဲ့သို့ ဒိဋ္ဌဓမ္မဝေဒနီယကံ၏ အကျိုးပေးပုံ,မြှားမထိဘိသကဲ့သို့ အဟောသိကံ ဖြစ်ပုံကို သိလေ။

> ယထာ ဟိ မိဂလုဒ္ဒကေန မိဂံ ဒိသွာ ဓနုံ အာကဍ္ဎိတွာ ခိတ္တော
> သရော သစေ န ဝိရဇ္ဈတိ၊တံ မိဂံ တတ္ထေဝ ပါတေတိ။ပ။သစေ ပန
> ဝိရဇ္ဈတိ၊မိဂေါ ပလာယိတာ အဟေသုံ။တံ ဒိသံ န ဩလောကေတိ။
> ဧဝံ သမ္ပဒမိဒံ ဒဋ္ဌဗ္ဗံ။ ။အင်္ဂုတ္တရ အဋ္ဌကထာ။

ဟိ၊ဥပမာဖြင့်ထင်စွာပြဆိုဦးအံ့။မိဂလုဒ္ဒကေန၊သားမုဆိုးသည်။ မိဂံ၊သားသမင်ကို။ ဒိသွာ၊တွေ့မြင်၍။ ဓနုံ၊လေးကို။ အာကဍ္ဎိတွာ၊ဆွဲငင်၍။ ခိတ္တော၊ ပစ်အပ်သော။ထရော၊မြှားသည်။သစေ န ဝိရဇ္ဈတိ၊အကယ်၍ မယွင်းမချွတ် ထိမှန်သည်ဖြစ်အံ့။ တံ မိဂံ၊ထိုသားသမင်ကို။ တတ္ထေဝ၊ ထိုအရပ်၌ပင်လျှင်။ ပါတေတိ၊ လဲစေ၏။ပ။ပန၊ဆက်ဦးအံ့။ သစေ ဝိရဇ္ဈတိ၊အကယ်တမူချွတ်ယွင်းသည်ဖြစ်အံ့။ မိဂေါ၊သားသမင်တို့သည်။ပလာယိတာ၊ ပြေးကုန်သည်။ အဟေသုံ၊ ဖြစ်ကုန်၏။ တံ ဒိသံ၊ ထိုအရပ်ကို။ န ဩလောကေတိ ယထာ၊ မကြည့်သကဲ့သို့တည်း။ဣတိ ဧဝံ၊ဤသို့။ဝါ၊ဤသို့သော။ ဣဒံ သမ္ပဒံ၊ဤဥပမာနှင့် ပြည့်စုံခြင်းကို။ဒဋ္ဌဗ္ဗံ၊မှတ်အပ်၏။

ထိုဒိဋ္ဌဓမ္မဝေဒနီယ ကံသည် ဒုတိယဘဝ စသည်၌ အဘယ်ကြောင့် အကျိုးမပေးပါသနည်း ဟူမူ။ ။အာသေဝနပစ္စည်းကို မရသောကြောင့် ဒုတိယဘဝ၌ အကျိုးမပေးနိုင်ချေ။ အာသေဝန ပစ္စည်းမရဟူသည် ၎င်း

ပဌမဇော၏ အရင်ဖြစ်သော ဇောတခုမျှ မရှိခြင်းကို ဆိုလိုသည်။ ဤသို့ ပဌမဇောမဖြစ်မီ ဖြစ်နှင့်သော ဇောသာရှိပါမူ အာသေဝန ပစ္စည်းကို ရ၏ဟုဆိုရ၏။ဤသို့ဖြစ်ခြင်းမရှိသောကြောင့် အာသေဝနပစ္စည်းမရ-ဟူလို။

---

## ဥပပဇ္ဇဝေဒနီယကံ အဖွင့်

ဥပပဇ္ဇိတွာ ဝေဒနီယံ ဖလံ ဧတဿာတိ ဥပပဇ္ဇဝေဒနီယံ။

ဧတဿ၊ ထိုကံအား။ ဥပပဇ္ဇိတွာ၊ ဒုတိယဘဝ၌ဖြစ်၍။ ဝေဒနီယံ၊ခံစားအပ်သော၊ဖလံ၊အကျိုးသည်။ အတ္ထိ၊ရှိ၏။ဣတိတသ္မာ၊ထို့ကြောင့်။ ဥပပဇ္ဇဝေဒနီယံ၊ဥပပဇ္ဇဝေဒနီယကံမည်၏။ ။ဝိဂြိုဟ်အရ....အခြားမဲ့ဖြစ်သော ဒုတိယဘဝ၌ ပဋိသန္ဓေအကျိုးကို ပေးစွမ်းနိုင်သော အတ္ထသာဓိက,သန္နိဋ္ဌာပက သတ္တမဇောစေတနာသည် ဥပပဇ္ဇဝေဒနီယကံ မည်၏။

> အတ္ထသာဓိကာ ပန သတ္တမဇဝနစေတနာ ဥပပဇ္ဇဝေဒနီယကမ္မံ၊ တံ အနန္တရေ အတ္တဘာဝေ ဝိပါကံ ဒေတိ။
>
> ဝိသုဒ္ဓိမဂ် အဋ္ဌကထာ။အင်္ဂုတ္တိုရ် အဋ္ဌကထာပါဠ်။

ပန၊အဘိုတပါးကို ဆိုဦးအံ့။ အတ္ထသာဓိကာ၊ ဒါနစသော အကျိုးကို ပြီးစေနိုင်သော။ သတ္တမဇဝနစေတနာ၊ သတ္တမဇော စေတနာသည်။ဥပပဇ္ဇဝေဒနီယကမ္မံ၊ ဥပပဇ္ဇဝေဒနီယ ကံမည်၏။ တံ၊ ထိုဥပပဇ္ဇဝေဒနီယ ကံသည်။ အနန္တရေ၊အခြားမရှိသော။ အတ္တကာဝေ၊ဒုတိယဘဝ၌။ဝိပါကံ၊ ပဋိသန္ဓေဝိပါက်,ကမ္မဇရုပ် တည်းဟူသောအကျိုးကို။ဒေတိ၊ပေး၏။

မှတ်ချက်။ ။ဤ၌ အတ္ထသာဓိကာ-ဟူသည် အဘယ်နည်းဟူမူ။ ။ 'အတ္ထသာဓိကာတိဒါနာဒိ,ပါဏာတိပါတာဒိ,အတ္ထဿနိပ္ဖါဒိကာ' မဟာဋီကာအရ၊ အလှူပေးမှု,သူ၏အသက်ကို သတ်ဖြတ်မှု-စသော အကျိုးတရားကို ပြီးစေနိုင်သော သတ္တမဇောစေတနာကို အတ္ထသာဓိကာမည်၏ ဟု မှတ်။ ၎င်းသတ္တမဇော-ဟူသော စကားကိုလည်း ယေဘုယျစကား-ဟုမှတ်။ ပစ္စဝေက္ခဏ ဝသီဘော် စသည်ဖြစ်သော အခါ၌ ဇောတို့သည် ၄-ကြိမ် ၅-ကြိမ်မျှသာ စောသဖြင့်၎င်း ၄-ကြိမ်မြောက်ဇော,၅-ကြိမ်မြောက် ဇောတို့ကိုလည်း ယူအပ်ကုန်၏။ "သတ္တမဇဝနစေတနာတိ ဣဒံ ယေဘုယျဝုတ္တိယာ ဝုတ္တံ၊ ပစ္စဝေက္ခဏ

ဝသိတာဒိပဝတ္တိယံ ပန ပဉ္စ,မာဒိကာဝိ စေတနာ ဥပပဇ္ဇဝေဒနီယံနာမ ဟောတိ”။ ။မဏိမဥ္ဇူသာ။ ။သတ္တမဇဝနစေတနာတော် ဉာဒ်၊ ကို။ ယေဘုယျဝုတ္တိယာ၊ယေဘုယျ ဖြစ်ခြင်းအားဖြင့်။ ဝုတ္တံ။ဒန့်အပ်၏။ဝါ၊ဆိုအပ်သော စကားဖြစ်၏။ပန။ စင်စစ်အားဖြင့်သော်ကား။ ပစ္စဝေက္ခဏဝသိတာဒိပဝတ္တိယံ၊ ပစ္စဝေက္ခဏ ဝသီတော်စသည် ဖြစ်သောအခါ၌။ ပဉ္စမာဒိကာ ပဉ္စမဇောစသော စေတနာသည် လည်း။ဥပပဇ္ဇဝေဒနီယံနာမ၊မည်သည်။ဟောတိ၊၏။

---

## ဥပပဇ္ဇဝေဒနီယကံ၏ အကျိုးပေးပုံ

၎င်းဥပပဇ္ဇဝေဒနီယကံဟူသည် ဒုတိယမြောက်ဘဝ၌ အကျိုးပေးနိုင်သော ကံမျိုးသာဖြစ်သောကြောင့် ကုသိုလ်အဘို့၌ မဟဂ္ဂုတ်ကုသိုလ်မျိုးဖြစ်၏။အကုသိုလ်အဘို့၌ ပဉ္စာနန္တရိယကံမျိုးဖြစ်၏။ ထိုကြောင့် ၎င်းကံတို့သည် ဒုတိယဘဝ၌ မြဲသောအားဖြင့် အကျိုးပေးကုန်၏။ ။သို့သော်သမာပတ်ရှစ်ပါးကို အကုန်ရသောလာဘီပုဂ္ဂိုလ်ဖြစ်အံ့၊ သမာပတ်ကုသိုလ်တပါးက အကျိုးပေးပြီးပါမူ၊ ကြွင်းသော သမာပတ် ကုသိုလ်တို့သည် အဟောသိကံ ဖြစ်လေ၏။ ။ပဉ္စာနန္တရိယကံတို့တွင်လည်း အနန္တရိယကံတပါးသည် အကျိုးပေးခဲ့ပါမူ၊ ကြွင်းသော အနန္တရိယကံတို့သည် အဟောသိကံ ဖြစ်ကုန်၏။

၎င်းဥပပဇ္ဇဝေဒနီယကံမျိုးသည် ပဋိသန္ဓေ အကျိုးပေးမှသာ ပဝတ္တိအကျိုးကို ပေးနိုင်၏။ ပဋိသန္ဓေအကျိုးမပေးခဲ့သော် ပဝတ္တိအကျိုးကိုလည်း မပေးနိုင်တော့ချေ။ ပဋိသန္ဓေအကျိုးကို ပေးသည်ရှိသော် ဘဝအရာ,ဘဝအထောင်တိုင်အောင်သော ပဝတ္တိအကျိုးကို ပေးနိုင်၏။

> သေသသမာပတ္တိယော စ ကမ္မာနိစ အဟောသိကမ္မဘာဝံ ယေဝ အာပဇ္ဇန္တိ။ ။အင်္ဂုတ္တိုရ် အဋ္ဌကထာ။

> သာစ ပဋိသန္ဓိံ ဒတွာဝ ပဝတ္တိဝိပါကံ ဒေတိ။ ပဋိသန္ဓိယာ ပန အာဒိန္နာယ ပဝတ္တိဝိပါကံ ဒေတီတိ နတ္ထိ၊စုတိအနန္တရမှိ ဥပပဇ္ဇဝေဒနီယဿ ဩကာသော။

> ပဋိသန္ဓိယာ ပန ဒိန္နာယ ဇာတိသတေပိ ဇာတိသဟဿေပိ ပဝတ္တိဝိပါကံ ဒေတီတိ အာစရိယာ။ ။ဋီကာကျော်။

သေသသမာပတ္တိယော စ၊ကြွင်းသော သမာပတ်တို့သည်ရင်း၊ကမ္မာနိ စ၊ ပဋ္ဌာနန္တရိယကံတို့သည်ရင်း။ အဟောသိကမ္မဘာဝံ ယေဝ၊အဟောသိကံ၏ အဖြစ်သို့သာလျှင်။ အာပဇ္ဇန္တိ၊ရောက်ကုန်၏။ ။စ၊ဆက်။ သာ၊ထိုဥပပဇ္ဇဝေဒနီယကံဖြစ်သော သတ္တမဇောစေတနာသည်။ပဋိသန္ဓိံ ပဋိသန္ဓေအကျိုးကို။ဒတွာဝ၊ပေးမှသာလျှင်။ ပဝတ္တိဝိပါကံ၊ ပဝတ္တိအကျိုးကို။ဒေတိ၊ပေး၏။ ပန၊ ဗျတိရိက်ဟုဆိုဦးအံ့။ ပဋိသန္ဓိယာ၊ ပဋိသန္ဓေ အကျိုးကို။ အဒိန္နာယ၊ မပေးပါဘဲ၊ ပဝတ္တိဝိပါကံ၊ပဝတ္တိအကျိုးကို။ဒေတိ၊ပေး၏။ဣတိ၊ ဤသို့ပေးရိုးသည်။နတ္ထိ၊မရှိခဲ့။ ကသ္မာ၊အဘယ့်ကြောင့်နည်း ဟူမူကား။ ဟိ-ယသ္မာ၊ ကြောင့်။ စုတိအနန္တရံ၊ စုတိသည်၏ အခြားမရှိသော ဒုတိယဘဝသည်။ ဥပပဇ္ဇဝေဒနီယဿ၊ ဥပပဇ္ဇဝေဒနီယကံ၏။ ဩကာသော၊ အကျိုးပေးရာ အခွင့်သည်။ ဟောတိ၊ဖြစ်၏။ပန၊ဆက်။ ပဋိသန္ဓိယာ၊ပဋိသန္ဓေကို။ ဒိန္နာယ၊ ပေးသည်ရှိသော်၊ ဇာတိသတေပိ၊ ဘဝအရောက်၌ရင်း၊ ဇာတိသဟဿေပိ၊ ဘဝ အထောင်၌သော်ရင်း။ ပဝတ္တိဝိပါကံ၊ ပဝတ္တိအကျိုးကို။ ဒေတိ၊ပေးနိုင်၏။ဣတိ၊ ဤသို့။ အာစရိယာ၊ အဋ္ဌကထာ ဆရာကြီးတို့သည်။ ဝဒန္တိ၊ဆိုကြကုန်၏။ ။(ဤကား ဋီကာဟောင်း ဆရာ၏ ဝါဒတည်း)။

မူလဋီကာ, အနုဋီကာ-စသော ဆရာများကား ပဋိသန္ဓေ အကျိုးကိုပင် မပေးသော်လည်း ပဝတ္တိအခါဝယ် ပဋိသန္ဓေအကျိုးကို ပေးနိုင်သော သမာပတ်,ပဋ္ဌာနန္တရိယကံတို့အား အားအဆင့်ကိုပေးလျက် ထောက်ပံ့တတ်၏ ဟု မိန့်ဆိုတော်မူကုန်၏။

ကေဿ ပန အညာနိပိ ဥပတ္ထမ္ဘကာနိ ဟောန္တိ။ ။မူလဋီကာ။
တေန နေသံ ဝိပါကာနုပ္ပါဒနေပိ အမောဃဝုတ္တိတာ ဒီပေတိ။

အနုဋီကာ။

ပန၊ထိုသို့ပဋိသန္ဓေအကျိုးကိုပင်မပေးသော်လည်း။ကေဿ၊ဟာပါးသော ဗလဝဖြစ်သော သမာပတ် အနန္တရိယအား။ အညာနိပိ၊ အဟောသိကံဖြစ် သောတပါးသော ကံတို့သည်လည်း။ ဥပတ္ထမ္ဘကာနိ၊ ထောက်ပံ့တတ်ကုန် သည်။ ဟောန္တိ၊ဖြစ်ကုန်၏ ။တေန၊ထိုဥပတ္ထမ္ဘကာနိ-ဟူသော ပါဌ်ဖြင့် နသေံ၊ ထိုအကျိုးမပေးသော ကံတို့၏။ ဝိပါကာနုပ္ပါဒနေ၊အကျိုးကိုမဖြစ်စေ ခြင်းသည်။ သတိပိ၊ ရှိသော်လည်း။ အာမောဃဝုတ္တိတာ၊ အချည်းနှီးမဟုတ်

သော ဖြစ်ခြင်းရှိသည်၏ အပြစ်ကို။ အာစရိယော၊ မူလဋီကာဆရာသည်။ အာဟ။မိန့်ဆို၏။

## ဘုံဘုံကြီး သဘောဘောင် အသုံးအဖြစ်

ပါကကာလအစွမ်းဖြင့် လေးပါးသောကံတို့သည် အကျိုးပေးသောကံ, မပေးသောကံ ဟူ၍ နှစ်ပါးအပြားရှိကုန်၏။ထိုတွင် ရှေးကံသုံးပါးသည် အကျိုးပေးသောကံမည်၏။နောက်ကံတပါးသည်အကျိုးမပေးသောကံမည်၏။ အကျိုးပေးသောကံသည်လည်း ပဝတ္တိအကျိုးကိုသာ ပေးသောကံ,ပဋိသန္ဓေအကျိုး,ပဝတ္တိအကျိုး ၃-ပါးလုံးကို ပေးသောကံ-ဟူ၍ နှစ်ပါးအပြားရှိ၏။ထိုတွင် ရှေးကံတပါးသည် ပဝတ္တိအကျိုးကိုသာ ပေးသောကံမည်၏။ နောက်ကံ ၂-ပါးသည် ပဋိသန္ဓေပဝတ္တိအကျိုး ၂-ပါးလုံးကို ပေးသောကံမည်၏။ပဋိသန္ဓေပဝတ္တိအကျိုး ၂-ပါးလုံးကိုပေးသော ကံသည်လည်း ပဋိသန္ဓေအကျိုးကို ပေးမှသာလျှင် ပဝတ္တိအကျိုးကို ပေးသောကံ, ပဋိသန္ဓေအကျိုးကိုပင်မပေးသော်လည်း ပဝတ္တိအကျိုးကိုပေးသောကံ ဟူ၍ ၂-ပါး အပြားရှိ၏။ ထိုတွင် ဥပပဇ္ဇဝေဒနီယကံသည် ပဋိသန္ဓေအကျိုးကို ပေးမှသာလျှင် ပဝတ္တိအကျိုးကို ပေးသော ကံမည်၏။ ။အပရာပရိယဝေဒနီယကံသည် ပဋိသန္ဓေအကျိုးကိုပင် မပေးသော်လည်း ပဝတ္တိအကျိုးကို ပေးသောကံမည်၏။ ။ပစ္စုပ္ပန်ကာလသည် ဒိဋ္ဌဓမ္မဝေဒနီယကံ၏ ပဝတ္တိအကျိုးကို ပေးရာကာလမည်၏။ ။ဒုတိယဘဝကာလသည် ဥပပဇ္ဇဝေဒနီယကံ၏ ပဋိသန္ဓေ အကျိုးကို ပေးရာကာလမည်၏။ တတိယဘဝမှစ၍ နိဗ္ဗာန်ရသည် ဘဝတိုင်အောင် အဆက်ဆက်သော ဘဝကာလသည် အပရာပရိယဝေဒနီယကံ၏ ပဋိသန္ဓေအကျိုးကို ပေးရာကာလမည်၏။

ရှေးကံသုံးပါးတို့တွင် ပဝတ္တိအကျိုးကို မပေးသော ကံမည်သည် မရှိ၊ ထိုသို့ပေးရာတွင်လည်း ဒိဋ္ဌဓမ္မဝေဒနီယကံသည် ပစ္စုပ္ပန်ကာလ၌သာ ပေးသည်။ ဥပပဇ္ဇဝေဒနီယကံသည် အနန္တရဘဝမှစ၍ ဘဝများစွာပဝတ္တိ အကျိုးကိုပေးသည်။ ယင်းသို့ပေးရာတွင်လည်း ပဋိသန္ဓေအကျိုးကို ပေးမှသာလျှင် ပဝတ္တိအကျိုးကိုလည်းပေးသည်။ ပဋိသန္ဓေအကျိုးကို မပေးလျှင် ပဝတ္တိအကျိုးကိုလည်းမပေး။ ။အပရာပရိယဝေဒနီယကံသည်၊ ပဋိသန္ဓေ အကျိုးကိုပင် မပေးသော်လည်း ပဝတ္တိအကျိုးကို ပေးသောကံ ဖြစ်သောကြောင့် ဒိဋ္ဌဓမ္မဝေဒနီယကံ၏အကျိုးပေးရာ ပစ္စုပ္ပန်ကာလမှတပါးအနန္တရဘဝမှစ၍ ပဝတ္တိ အကျိုးကို ပေးသည်။ ။ထိုကြောင့် "ဒိဋ္ဌဓမ္မတော

အညသ္မိံ"ဟူသော စကားကို ဋီကာအရှင် မိန့်တော်မူသည်။ ။အပရာ အပရိယကံ၏ ဒုတိယဘဝ၌ ပဝတ္တိအကျိုးကို ပေးသောအဖြစ်ကို ခလ္လာ တိယ-ပေတဝတ္ထု အဋ္ဌကထာ၌ ကြည့်လေ။

အချို့သော သူတို့လည်း အဖေဂ္ဂုသာရ၌ ပြအပ်သော "ဒိဋ္ဌဓမ္မော ပပဉ္စေဟိ အညသ္မိံ"ဟူသော နယပကာသနီ စကားကိုငင်း, "တတော အညသ္မိံ"ဟူသော သင်္ခေပစကားကိုငင်း,ထောက်၍အပရာပရိယဝေဒနီယ ကံသည် ဒုတိယဘဝ၌ ပဋိသန္ဓေ, ပဝတ္တိအကျိုး ၂-ပါးကိုပင် မပေးဟု အယူရှိကြသည်၊ ပဋိသန္ဓေအကျိုး မပေးသည်မှန်၏၊ ဤဋီကာ၌ "ဒိဋ္ဌဓမ္မ တော အညသသ္မိံ"ဟု ဆိုသောကြောင့်ငင်း, နေတ္တိအဋ္ဌကထာ၌ ဒိဋ္ဌဓမ္မ သဒ္ဒါ၏ အနက်ကို ယူ၍"အတ္တဘာဝတော အညသ္မိံ"ဟု ဆိုသောကြောင့် ငင်း, ပဝတ္တိအကျိုးကို မတားမြစ်သင့်။

အချို့သောသူတို့လည်း ဋီကာ၌ "ဒိဋ္ဌဓမ္မတောအညသ္မိံ" ဆိုသည်ကို ထောက်၍ အပရာပရိယဝေဒနီယကံသည် ဒုတိယဘဝ၌ ပဋိသန္ဓေပဝတ္တိ နှစ်ပါးလုံး၏ အကျိုးကိုပင်ပေး၏-ဟု အယူရှိကြသည်။ ပဝတ္တိအကျိုးကို ပေးသည်မှန်၏။ပဋိသန္ဓေအကျိုးကိုပေး၏ ဟုမယူသင့်။အဘယ့်ကြောင့်နည်း ဟူမူကား "စုတိအနန္တရဉ္စ ဥပပဇ္ဇဝေဒနီယဿ" ဟူသော ဋီကာနှင့်အညီ စုတိ၏အခြားမဲ့၌ ဥပပဇ္ဇဝေဒနီယကံ၏ ပဋိသန္ဓေကို ပေးရာကာလအခွင့် သာ ဖြစ်သောကြောင့်တည်း။မျက်မှောက်သော အတ္တဘော၌ အလျှဉ်းသက် သက် အကျိုးမပေးသည်ကို ရည်၍"ဒိဋ္ဌဓမ္မတော အညသ္မိံ"ဟူသောစကား ကို ဆိုတော်မူသည်။ဒုတိယဘဝ၌ ပဋိသန္ဓေအကျိုးကို၊မပေးသည်ကို ရည်၍ "အနန္တရတ္တဘာဝတော အညသ္မိံ"ဟူသော စကားကိုလည်း ဆိုသင့်ပါ သည် မဟုတ်လောဟူငြားအံ့၊ အကယ်၍-ပဋိသန္ဓေ အကျိုးပေးသည်ကို ရည်၍ "အနန္တရတ္တဘာဝတော အညသ္မိံ"ဟူသောစကားကို ဆိုသည် ဖြစ်အံ့။ ပဝတ္တိအကျိုးကိုလည်းမပေး-ဟု မှတ်မည် စိုးသောကြောင့် မဆို သည်။ ။ကြိယာဇောနောင်လည်း တဒါရုံဖြစ်သင့်သောကြောင့် "ကြိယေ နိရုဒ္ဓေ ပိပါကော တဒါရမ္မဏတာ ဥပ္ပဇ္ဇတိ"ဟူသောစကားကို ဘုရားဟော သည်ဖြစ်အံ့၊ ပရိတ္တာရုံ၌ ဝုဋ္ဌောဟု ဆိုအပ်သော ကြိယာနောင် တဒါရုံ၏ ဖြစ်ခြင်းကို ဝေဏေယျသတ္တဝါတို့ မှတ်ထင်ရာသောကြောင့် မဟောသကဲ့သို့ မှတ်လေ၊ ။(ဤကား-ဘုရားကြီး ဆရာတော်ဘုရား၏ အဆုံးအဖြတ်)။

## အပရာပရိယကံ အဘွင့်

အပရောစ အပရောစ အပရာပရော။ အပရာပရော-
အပရာပရိယံ။အပရာပရိယေ ဝေဒနီယံ ဖလံ ဧတဿာတိ
အပရာပရိယဝေဒနီယံ။

အပရောစ၊တပါးသောဘဝ။ဝါ-အတ္တဘောဝင်း။အပရောစ၊တပါးသော ဘဝ,အတ္တဘောဝင်း၊အပရာပရော။ဘဝအဆက်ဆက်။ ။အပရာပရော၊ အပရာပရ သဒ္ဒါသည်ပင်လျှင်။ အပရာပရိယံ၊ အပရာပရိယမည်၏။ ။ (ဣယ-ပစ္စည်း-သွတ္တ)။ ။ဧတဿ၊ ထိုကံအား။ အပရာပရိယေ၊ ဘဝ အဆက်ဆက်၌။ ဝေဒနီယံ၊ခံစားအပ်သော။ဖလံ၊အကျိုးသည်။ အတ္ထိ၊ရှိ၏။ ဣတိတသ္မာ၊ ထို့ကြောင့်။အပရာပရိယဝေဒနီယံ၊ အပရာပရိယဝေဒနီယကံ မည်၏။ ။(ဤအလို-အပရာပရိယ၌ အပရ-အပရ-ပုဒ်၊ ဣယ-ပစ္စည်း တည်း)။

တနည်း-အပရောစ သော ပရိယာယော စာတိ အပရာပရိယာယော။ အပရောစ၊မျက်မှောက်ဘဝ ဥပပဇ္ဇဘဝမှတပါးသော ဘဝသည်လည်း။ ဟောတိ၊ဖြစ်၏။ သော၊အပရ-ဟူသည်။ ပရိယာယောစ၊ အဘန်ဘန်လည်း လာရောက်ဖြစ်ပေါ်တတ်၏။ ဣတိတသ္မာ၊ထိုကြောင့်။အပရာပရိယာယော၊ အပရာပရိယာယ-မည်၏။ ။မျက်မှောက်ဘဝ, ဥပပဇ္ဇဘဝ-ဟု ဆိုအပ် သော ဒုတိယဘဝမှ တပါးသော တတိယဘဝမှစ၍ အနာဂတ် နိဗ္ဗာန် ရသော ဘဝတိုင်အောင်သော ဘဝစုကို ရ၏။

အပရပရိယာယေ ဝေဒနီယံ ဖလံ ဧတဿာတိ
အပရာပယိယာယဝေဒနီယံ။

ဧတဿ၊ ထိုကံအား။ အပရပရိယာယေ၊ ဒိဋ္ဌဓမ္မဘဝ ဥပပဇ္ဇဘဝမှ တပါးသော အပရပရိယာလ ဘဝအစု၌။ ဝေဒနီယံ၊ ခံစားအပ်သော။ဖလံ အကျိုးသည်။အတ္ထိ၊ရှိ၏။ဣတိတသ္မာ၊ထိုကြောင့်။အပရပရိယာယဝေဒနီယံ၊ အပရပရိယာယဝေဒနီယကံမည်၏။

မှတ်ချက်။ ။ဤအလို-အပရပုဒ်, ပရိယာယ-ပုဒ်။ အပရာ ဟုဒီဃနှင့် မရှိရ၊အပရ-ဟုရဿနှင့် ရှိစေလို၏။ဤ-အပရာပရိယ ပုဒ်ဝယ် စာ အများ ချွတ်ယွင်းနေ၏။ယခုကာလရှိ စာမူတို့၌ အပရာပရိယ-ဟူ၍

ဂုင်း,အပရာပရိယာယဟူ၍ဂုင်း ၂-မျိုး ရှိနေ၏။ ။ဝိသုဒ္ဓိမဂ် အဋ္ဌကထာ,ဝိသုဒ္ဓိမဂ် မဟာဋီကာ ယခုစာမူ၌ "အပရာပရိယေတိ ဒိဋ္ဌဓမ္မာနန္တရာနာဂတတော အညသ္မိံ အတ္တဘာဝပရိယာယေ အတ္တဘာဝပရိဝတ္တေ"ဟု ဘွင့်ပြလျက်ရှိသဖြင့် အပရာပရိယ ပုဒ်သာ ရှိ၏။ ။အင်္ဂုတ္တိုရ်-အဋ္ဌကထာ၌ကား"အပရာပရိယာယ ဝေဒနီယကမ္မံ"ဟု-အပရာပရိယာယ-ဟု လာရှိ၏။ ။ဤသို့ လာရှိသော မူအစောင်စောင်တို့၌"ပရိယ"နှင့်"ပရိယာယ"သာ ကွဲသော်လည်း "အပရာ"၌ အာဒီဃနှင့်ချည်း ပါရှိသည်ကိုတွေ့ရ၏။ "အပရ"ဟု မတွေ့ရပေ။ ။ထိုပြင်-ထိုထို သုတ်ပါဠိတော်တို့၌လည်း။ "အပရာပရေဝါ ပရိယာယေ"ဟု လာရှိချေ၏။ ။သို့ဖြစ်၍"အပရ အပရ" ဟု ကြံသသည်ဖြစ်စေ"အပရ-ပရိယာယ"ဟု ကြံဆသည်ဖြစ်စေ, ဘဝအဆက်ဆက်ဟူသော အနက်အဓိပ္ပါယ်ကို ရသည်ဖြစ်၍ သင့်သည်ချည်း ဟု ထင်မိပေသည်။

အဓိပ္ပါယ်ကား။ ။တတိယဘဝမှစ၍ နိဗ္ဗာန်ရသည့် ဘဝတိုင်အောင် အခွင့်ရသည်ရှိသော် ပဋိသန္ဓေအကျိုး, ပဝတ္တိအကျိုးပေးသော အလယ် ဇောငါးချက် စေတနာသည်-အပရာပရိယာယ ဝေဒနီယကံ မည်၏။ ။ ဟူလို။

ဤ၌ ပဋိသန္ဓေအကျိုး, ပဝတ္တိအကျိုးဟူရာ၌ စေတနာတခုသည် ပဋိသန္ဓေအကျိုးကိုမူ တဘဝသာ ပေးနိုင်၏။ ပဝတ္တိ အကျိုးမူကား အနမတဂ္ဂ ဘဝများစွာတို့၌ အနန္တအကျိုးကို ဖြစ်စေနိုင်,ပေးနိုင်၏-ဟု မှတ်။

ဥဘိန္နံ အန္တရေ ပန ပဉ္စဇဝနစေတနာ အပရာပရိယာယ ဝေဒနီယကမ္မံ နာမ။တံ အနာဂတေ ယဒါ ဩကာသံ လဘတိ၊တဒါ ဝိပါကံ ဒေတိ။သတိ သံသာရပဝတ္တိယာ အဟောသိကမ္မံနာမ န ဟောတိ။

အင်္ဂုတ္တိုရ်-အဋ္ဌကထာ၊ ဝိသုဒ္ဓိမဂ်-အဋ္ဌကထာ။

ပန၊အဘိုတပါးကို ဆိုဦးအံ့။ဥဘိန္နံ၊နှစ်ပါးသော ပဌမဇော,သတ္တမဇော တို့၏။အန္တရေ၊အလယ်၌။ပဉ္စဇဝနစေတနာ၊ ငါးချက်သော စေတနာသည်။ အပရာပရိယာယ ဝေဒနီယကမ္မံနာမ၊အပရာပရိယာယ ဝေဒနီယကံမည်၏။ တံ၊ထိုအပရာပရိယာယ ဝေဒနီယကံသည်။ အနာဂတေ၊ နောင်အခါ၌။

ယဒါ၊အကြင် အခါ၌။ ဩကာသံ၊ အကျိုးပေးခွင့်ကို။ လဘတိ၊ရ၏။ တဒါ၊ ထိုအခါ၌။ ဝိပါကံ၊ပဋိသန္ဓေအကျိုး,ပဝတ္တိအကျိုးကို။ဒေတိ၊ပေး၏။ သံသာ ရပဝတ္တိယာ၊သံသရာစက်ကို အရဟတ္တမဂ် သန်လျက်ဖြင့် မဖြတ်သေးမူ၍ မပြတ်ကျင်လည်ခြင်းသည်။သတိ၊ရှိသော်။ အဟောသိကမ္မံ နာမ၊ အဟော သိကံ မည်သည်။န ဟောတိ၊မဖြစ်နိုင်ချေ။

ဤအပရာပရိယာယ ဝေဒနီယကံသည် ဘဝသံသရာ ဘယ်မျှပင်ရှည် လျားသော်လည်း ဘဝမဆုံးသမျှ အကျိုးပေးသော ကံဟုဆိုလိုသည်။ အရ ဟတ္တမဂ်ဉာဏ်ကိုရ၍ ဘဝဆုံးပါမူကား ကြွင်းကျန်သမျှသော အပရာပရိ ယာယဝေဒနီယကံ အပေါင်းသည် အဟောသိကံ ဖြစ်လေ၏။

> သတိ သံသာရပ္ပဝတ္တိယာတိ ဣမိနာ အသတိ သံသာရပ္ပဝတ္တိယံ အဟောသိကမ္မံနာမ ဟောတိ၊ ဝိပစ္စနောကာသဿ အဘာဝ တောတိ ဒီပေတိ။ ။မဟာဋီကာ။

ထိုအပရာပရိယာယ ဝေဒနီယကံ၏ အကျိုးပေးပုံသည် ခွေး, မုဆိုး ဥပ မာနှင့်တူ၏။ ။တူပုံကား....တဦးသော ခွေး,မုဆိုးသည် သားသမင်ကို မြင်၍ ခွေးများကို ရှူးတိုက်လျက် လွှတ်လိုက်သည်ရှိသော် ၎င်းခွေးများ သည် သမင်နောက်သို့ အစဉ်လိုက်၍ အကြင်အရပ်၌ မှီ၏၊ ထိုအရပ်၌ သာလျှင် ကိုက်သတ်ဘိသကဲ့သို့ ထိုအတူ ဤကံသည်လည်းအကြင်အခါ၌ အခွင့်ကိုရ၏။ထိုအခါ၌ပင်လျှင် အကျိုးကိုပေး၏။ ထိုအပရာပရိယာယကံမှ လွတ်သော သတ္တဝါမည်သည် မရှိပေ။

> ယထာ ဟိ သုနခလုဒ္ဒကေန မိဂံ ဒိသွာ သုနခေါ ဝိဿဇ္ဇိတော မိဂံ အနုဗန္ဓိတွာ ယသ္မိံ ဌာနေ ပါပုဏာတိ၊ တသ္မိံယေဝ ခံသတိ။ဧဝ မေဝံ၊ဣဒံ ကမ္မံ ယသ္မိံ ဌာနေ ဩကာသံ လဘတိ။တသ္မိံယေဝ ဝိပါကံ ဒေတိ။တေန မုတ္တော နာမ နတ္ထိ။ ။အင်္ဂုတ္တိုရ် အဋ္ဌကထာ။

ဟိ၊ဥပမာဖြင့် ထင်စွာပြဦးအံ့။ သုနခလုဒ္ဒကေန၊ ခွေး,မုဆိုးသည်။ မိဂံ၊ သားသမင်ကို။ဒိသွာ၊မျှင်ရ၍၊သုနခေါ၊ခွေးအပေါင်းကို။ဝိဿဇ္ဇိတော၊လွှတ် အပ်၏။ဝါ၊လွှတ်အပ်သော။ သုခခေါ၊ခွေးသည်။ မိဂံ၊သားသမင်နောက်သို့။ အနုဗန္ဓိတွာ၊အစဉ်လိုက်၍။ယသ္မိံ ဌာနေ၊အကြင်အရပ်၌။ ပါပုဏာတိ၊မှီ၏။ တသ္မိံယေဝ၊ ထိုမှီရာအရပ်၌ သာလျှင်။ ခံသတိယထာ၊ ကိုက်သတ်ဘိ

သကဲ့သို့။ဝေမေဝံ၊ဤဥပမာ တူစွာ သာလျှင်။ ဇာဒံ ကမ္မံ၊ ဤအပရာပရိယာယကံသည်။ယသ္မိံ ဌာနေ၊အကြင် ဘုံဘဝဌာနနှ၌။ ဩကာသံ၊အကျိုးပေးခွင့်ကို။ လဘတိ၊ရ၏။တသ္မိံ ယေဝ၊ထိုအရပ်,ထိုဘဝ၌သာလျှင်။ ဝိပါကံ၊အကျိုးကို။ ဒေတိ၊ပေးလေ၏။တေန၊ထိုအပရာပရိယာယကံမှ။ မုတ္တော၊လွတ်သော။ဝါ၊ ကင်းသော။သတ္တောနာမ၊သတ္တဝါမည်သည်။နတ္ထိ၊မရှိ။

---

## အဟောသိကံ အခန်း

အဟောသိဝေ ကမ္မံ အဟောသိကမ္မံ။

အဟောသိဝေ၊ ဖြစ်ပြီးသော စေတနာသည်သာလျှင်။ ကမ္မံ၊ကံဘည်း။ အဟောသိကမ္မံ၊ဖြစ်ပြီးသော စေတနာသည်သာလျှင်ကံ၊ ။ဝိဂ္ဂဟ်အရ···· ဆိုအပ်ခဲ့ပြီးသောအတိုင်း ပဌမဇောစေတနာတည်းဟူသော ဒိဋ္ဌဓမ္မဝေဒနီယကံ, သတ္တမဇောစေတနာတည်းဟူသော ဥပပဇ္ဇဝေဒနီယကံ, အလယ်ဇောငါးချက် စေတနာတည်းဟူသော အပရာပရိယာယကံ-သုံးပါးတို့သည် အကြောင်း မသင့်, အခွင့်မသာကုန်သဖြင့် မိမိတို့ ဆိုင်ရာ ဆိုင်ရာ ကာလ အားလျော်စွာ အကျိုးမပေးကြကုန်ဘဲ အလိုလို သုံး၍, သွန်၍, မြုံ၍, ကွယ်ပ၍ သွားသောကံမျိုးသည် အဟောသိကံ မည်၏။ ။ဟူလို။

ဘို့ဖြစ်၍ ၎င်းအဟောသိကံ၏ အင်္ဂါအထူး မရှိပြီ။ သို့သော် ဒိဋ္ဌဓမ္မဝေဒနီယ၏ အဟောသိကံ,ဥပပဇ္ဇဝေဒနီယ၏ အဟောသိကံ, အပရာပရိယ၏ အဟောသိကံ ဟူ၍ ပိုင်းခြား မှတ်သားသင့်၏။ ။ထိုစကား ထင်ရှားပြဦးအံ့။ ။ကုသိုလ်အသို့၌ ဆွမ်းလှူသော ဒိဋ္ဌဓမ္မဝေဒနီယကံ, ပန်းလှူသော ဒိဋ္ဌဓမ္မဝေဒနီယကံ,စသည်များစွာသော ဒိဋ္ဌဓမ္မဝေဒနီယကံတို့တွင် တပါးတည်းသော ဒိဋ္ဌဓမ္မဝေဒနီယကုသိုလ်ကံက ယခုပစ္စက္ခဘဝ၌ အကျိုးပေးပါက ကြွင်းသော ဒိဋ္ဌဓမ္မဝေဒနီယ ကံတို့သည် အကျိုးမပေးတော့ဘဲ အဟောသိကံ ဖြစ်ကုန်၏။အကုသိုလ်အရာ၌လည်း ဤနည်းအတိုင်းမှတ်။ ။ ဥပပဇ္ဇဝေဒနီယ ကံတို့တွင်လည်း ရှေးနည်းအတူ ဒုတိယဘဝ၌ အကျိုးမပေးသည်ရှိသော် ကြွင်းသော ဥပပဇ္ဇဝေဒနီယ ကံတို့သည် အဟောသိကံ ဖြစ်ကုန်၏။ ။အပရာပရိယာယကံသည်လည်း ပရိနိဗ္ဗာန်စံ၍ အကျိုးမပေးသော် အဟောသိကံ ဖြစ်၏။

ဒိဋ္ဌဓမ္မဝေဒနီယာဒီသု ပန ဗဟူသုပိ အာယူဟိတေသု
ကော် ဒိဋ္ဌဓမ္မဝေဒနီယံ ဝိပါကံ ဒေတိ။ သေသာနိ အဝိ
ပါကာနိ။ ကော် ဥပပဇ္ဇဝေဒနီယံ ပဋိသန္ဓိံ အာကခုတိ၊
သေသာနိ အဝိပါကာနိ။ ။ဉာဏဝိဘင်း-အဋ္ဌကထာ။

ပန၊အထူးကို ဆိုဦးအံ့။ ဒိဋ္ဌဓမ္မဝေဒနီယာဒီသု၊ ဒိဋ္ဌဓမ္မဝေဒနီယ အစရှိ
ကုန်သော။ဗဟူသုပိ၊ များစွာသည်း ဖြစ်ကုန်သော။ အာယူဟိတေသု၊ အား
ထုတ်အပ်သောကံတို့တွင်၊ကော်၊တပါးသော။ဒိဋ္ဌဓမ္မဝေဒနီယံ၊သည်။ဝိပါကံ၊
အကျိုးကို။ဒေတိ၊ပေး၏။သေသာနိ၊ကြွင်းသော ဒိဋ္ဌဓမ္မဝေဒနီယကံတို့သည်။
အဝိပါကာနိ၊ အကျိုး မပေးကုန်။ ဧကံ၊ သော၊ ဥပပဇ္ဇဝေဒနီယံ၊သည်။
ပဋိသန္ဓိံ၊ကို။အာကခုတိ၊ ၏၊ ဝါ၊ ပေး၏။ သေသာနိ၊ ကြွင်းသော ဥပပဇ္ဇ
ဝေဒနီယကံတို့သည်။ အဝိပါကာနိ၊ အကျိုးမပေးကုန်။

ဤ၌''သကသကကာလာတိတံ ပန''စသော ဋီကာကိုမြင်သောကြောင့်
စင်စစ် အကျိုး မပေးလတ္တံ့ ဖြစ်သော်လည်း မိမိတို့ ကာလကို လွန်မှ
အဟောသိကံ ဖြစ်သည်ဟု အထင်အမှတ် မှားတတ်ကြ၏။ စင်စစ်သော်
ကား-အကျိုးပေးရာကာလ လွန်သည်ဖြစ်စေ၊ အကျိုးပေးရာ ကာလမလွန်
သည်ဖြစ်စေ၊ကေန်စင်စစ် အကျိုးမပေးလတ္တံ့သည် မှန်ပါက အားထုတ်ဆဲ
ခဏကပင် အတ္တသာဓိက စေတနာကဲ့သို့ အဟောသိကံမည်၏-ဟု မှတ်။

အဟောသိကမ္မန္တိ အဟောသိဝေ ကမ္မံ၊န တဿ ဝိပါကော
အဟောသိ,အတ္ထိ,ဘဝိဿတိဝါတိ ဧဝံ ဝတ္တဗ္ဗကမ္မံ။

မဟာဋီကာ။

အဟောသိကမ္မန္တိ၊ အဟောသိကံ-ဟူသည်ကား၊ ကမ္မံ ဧဝ၊ ကံသည်
သာလျှင်။ အဟောသိ၊ ဖြစ်ပြီ၊တဿ၊ ထိုကံ၏။ ဝိပါကော၊ အကျိုးမူကား။
န အဟောသိစ၊ ရှေး၌လည်းမဖြစ်ဘူးသေး။ န အတ္ထိစ၊ ယခုလည်း ဖြစ်ဆဲ
မဟုတ်။ န ဘဝိဿတိစ၊နောင်လည်းမဖြစ်လတ္တံ့။ဣတိ ဧဝံ၊ဤသုံးပါးသော
အခြင်းအရာအားဖြင့်။ ဝတ္တဗ္ဗကမ္မံ၊ ဆိုအပ်သော ကံတည်း။ ဝါ၊အပ်သော
ကံသည်၊ အဟောသိကမ္မန္တိ-အဟောသိကမ္မံနာမ၊ အဟောသိကံမည်၏။

**မှတ်ချက်**။ ။ရှေးနည်း အလို-ဇာတိသဒ္ဒါ နိဒဿနတ္ထ၊ နောက်နည်း
အလို နာမဝါစက-ဟု ကြံ။

## ပါကကာလအခန်း

ပါကဿ ကာလော-ပါကကာလော။
ပါကာဘာဝါဘာဝကာလောတိ အတ္ထော။

ပါကဿ၊ အကျိုး၏။ကာလော၊ဖြစ်ရာ-ပေးရာကာလသည်။ ပါကကာလော၊ ပါကကာလမည်၏။ပါကာဘာဝါဘာဝကာလော၊ အကျိုး၏ ဖြစ်ရာမဖြစ်ရာဖြစ်သောကာလ။ ဣတိ၊ ဤသည်ကား၊ အတ္ထော၊ ပါကကာလ၏ အနက်တည်း။ ။ဤ-အဋ္ဌကထာပါဌ်အရ အကျိုး၏ဖြစ်ရာကာလ,မဖြစ်ရာ ကာလသည် ပါကကာလမည်၏-ဟူလို။ ။ပါကာဘာဝါဘာဝကာလ ဟု ဆိုလိုလျက်၊ မဇ္ဈေလောပနည်းအားဖြင့် အလယ် ဘာဝါဘာဝပုဒ်ကို ချေ၍ ပါကကာလ-ဟုဆိုအပ်၏။ပါကာဘာဝါဘာဝကာလဟုဆိုသော်လည်းပါက ဒါနာဒါနကာလ-အကျိုး၏ ပေးရာ,မပေးရာကာလဟု-အဓိပ္ပါယ်စကားကျ မှတ်ယူအပ်၏။ ။ဆိုလိုရင်းကား-ဒိဋ္ဌဓမ္မဝေဒနီယစသော-ရှေ့ ကံ သုံးပါး တို့၏ ပစ္စုပ္ပန်ကာလ, ဒုတိယဘဝကာလ, တတိယဘဝမှစ၍ နိဗ္ဗာန်တိုင် အောင်သော ကာလ,သည်မိမိတို့၏ပိုင်းခြားမှတ်သားရာကာလ၌အကျိုးကို ဖြစ်စေ တတ်သောကြောင့် ပါကာဘာဝကာလ မည်၏။ နောက်ဖြစ်သော အဟောသိကံ၏ ၎င်းဆိုအပ်ပြီးသော ကာလတို့၌ အကျိုးမပေးခြင်းကြောင့် ၎င်းကာလ ၃-ပါးသည်ပင်ပါကာဘာဝကာလမည်၏။ ဤသို့အကျိုးပေးရာ ဖြစ်သော ကာလ, အကျိုမပေးရာဖြစ်သော ကာလတို့ကို အကြောင်းပြု၍ ကံတရားတို့သည်သည်း ဒိဋ္ဌဓမ္မဝေဒနီယ စသော အမည်ရကုန်သည်-ဟု ဆိုလိုသည်။

> ပါကကာလဝသေနာတိ ပစ္စုပ္ပန္နေ,တဒနန္တရေ, ယဒါကဒါစိတိဝေံ ပုရိမာနံ တိဏ္ဏံယထာပရိစ္ဆိန္နကာလဝသေန,ဧတရဿ တံ ကာလာ ဘာဝဝသေန စ။ ။ဋီကာကျော်။

ပါကကာလဝသေနာတိ၊ ကား။ ပစ္စုပ္ပန္နေ စ၊ ပစ္စုပ္ပန်ကာလ၌၎င်း၊တဒနန္တရေ စ၊ ထိုပစ္စုပ္ပန် ကာလမှ တပါးဖြစ်သော ဒုတိယဘဝ၌၎င်း။ ယဒါကဒါစိ စ၊ အမှတ်မရှိသော တတိယဘဝမှစ၍ နိဗ္ဗာန်တိုင်အောင်သော ကာလ၌၎င်း။ဣတိဝေံ၊ဤသို့။ပုရိမာနံ၊ရှေး၌ဖြစ်ကုန်သော။တိဏ္ဏံ၊ကံ-သုံးပါး တို့၏။ ယထာ ပရိစ္ဆိန္နကာလဝသေန စ၊ အကြင် အကြင် ပိုင်းခြားအပ်သော

ကာလ၏ အစွမ်းအားဖြင့်ရှင်း။ ဣတရသာ၊ ဤကံသုံးပါးမှ တပါးသော အဟောသိကံ၏၊ တံကာလဝသေန စ၊ ထိုသို့ အကျိုးမပေးသော ကာလ၏ အစွမ်းအားဖြင့်ရှင်း။

---

## ပါကဋ္ဌာန ကံလေးပါး အစဉ်

၅၃။ ။တထာ အကုသလံ ကာမာဝစရကုသလံ ရူပါဝစရကုသလံ အရူပါဝစရကုသလဉ္စေတိ ပါကဋ္ဌာနဝသေန။

သင်္ဂြိုဟ်ပါဠ်။

၁-အကုသိုလ်ကံ၊ ၂-ကာမာဝစရကုသိုလ်ကံ၊ ၃-ရူပါဝစရကုသိုလ်ကံ၊ ၄-အရူပါဝစရကုသိုလ်ကံဟူ၍ အကျိုးပေးရာဌာန၏ အစွမ်းအားဖြင့် ကံတို့သည် ၄-ပါး အပြားရှိကုန်၏။ ။ဟူလို။

ဤကား ပိဏ္ဍတ္ထ။

---

## ပါကဋ္ဌာန-အဓိပ္ပါယ်

ပစ္စတိ ဝိပစ္စတိ ဧတ္ထာတိ ပါကံ။ပါကဥ္စ တံ ဌာနဥ္စာတိ ပါကဋ္ဌာနံ။

ဧတ္ထ၊ဤဘုံ၌။ ပစ္စတိ,ဝိပစ္စတိ၊အကျိုးပေးအပ်၏။ ဣတိ ထိုသို့ ပေးရာဖြစ်သောသတ္တိကြောင့်၊ပါကံ၊ပါကမည်၏။ ပါကဥ္စ၊အကျိုးပေးရာလည်း၊ဟောတိ၊၏။ တံ၊ ထိုပဋိသန္ဓေ အကျိုးပေးရာမည်သည်။ ဌာနဥ္စ၊ တည်ရာလည်း။ ဟောတိ၊၏၊ ဣတိတသ္မာ၊ကြောင့်။ပါကဋ္ဌာနံ၊ပါကဋ္ဌာနမည်၏။

ဝိဂြိုဟ်အရ···အကျိုးပေးရာဘုံ ဖြစ်သော ကာမာဝစရဘုံ, ရူပါဝစရဘုံ, အရူပါဝစရဘုံပင်တည်း။ ၎င်းဘုံဌာနကို အကြောင်းပြုသောအားဖြင့်လည်း ကံတို့သည် ၄-ပါးအပြားရှိကုန်၏။ ။ဟူလို။

ရူပဘုံ, အရူပဘုံတို့၌လည်း အကုသိုလ်စိတ်ဖြစ်၍ ရူပအကုသိုလ်,အရူပအကုသိုလ်ဟု ဆိုသင့်ပါလျက် ကုသိုလ်ကိုသာ ရူပကုသိုလ်, အရူပကုသိုလ်ဟု အဘယ့်ကြောင့် ဆိုပါသနည်း ဟူမူ။ ရူပဘုံ, အရူပဘုံ တို့သည် အကုသိုလ်၏ ပဋိသန္ဓေအကျိုးပေးရာဌာန မဟုတ်၊ကုသိုလ်၏သာ ပဋိသန္ဓေ အကျိုးပေးရာ ဌာနဖြစ်သောကြောင့် ကုသိုလ်ကိုသာ ရူပကုသိုလ်,အရူပ

ကုသိုလ်ဟု ဆိုရပါသတည်း။ ။(ပါကဏ်အရ-ပဝတ္တိအကျိုးကို မယူရ၊ ပဋိသန္ဓေအကျိုးကိုသာ ယူရ၏ ဟု မှတ်)။

၅၃-က။ ။ပါကဋ္ဌာနဝသေနာတိ ပဋိသန္ဓိယာ ဝိပစ္စနဘူမိဝသေန။

ဋီကာကျော်။

---

## အကုသိုလ်ကံ အဖွင့်

**၅၄။ ။တတ္ထ အကုသလံ ကာယကမ္မံ၊ ဝစီကမ္မံ၊ မနောကမ္မဉ္စေတိ ကမ္မဒွါရဝသေန တိဝိဓံ ဟောတိ၊**

သင်္ဂြိုဟ်ပါဌ်။

ထိုပါကဋ္ဌာနကံ ၄-မျိုးတို့တွင် အကုသိုလ်ကံသည် ကာယကံ,ဝစီကံ, မနောကံ,ဟူ၍ ကမ္မဒွါရ၏ အစွမ်းအားဖြင့် ၃-ပါး အပြားရှိ၏။ ။ဟူလို။

ဤကား-ဝိဂ္ဂဟတ္ထ။

---

## ကမ္မဒွါရ အဓိပ္ပာယ်

ကမ္မဿ ဒွါရံ ကမ္မဒွါရံ။

ကမ္မဿ၊ကံ၏။ ဒွါရံ၊ဖြစ်ရာ,ဖြစ်ကြောင်းတည်း။ ကမ္မဒွါရံ၊ကံ၏ ဖြစ်ရာ, ဖြစ်ကြောင်း။ ။ဝိဂ္ဂြိုဟ်အရ····ကာယကံ စသော ကံတရားတို့၏ ဖြစ်ကြောင်းဖြစ်သော ကာယဝိညတ် စသည်သည် ကမ္မဒွါရမည်၏၊

ဎင်းကမ္မဒွါရသည် ၁-ကာယကမ္မဒွါရ၊ ၂-ဝစီကမ္မဒွါရ၊ ၃-မနောကမ္မဒွါရဟူ၍ သုံးမျိုးရှိ၏။ ။ကာယဝိညတ်သည် ကာယကံ ၃-ပါး၏ ဖြီးစေကြောင်း ဖြစ်သောကြောင့် ကာယဒွါရမည်၏။ ။ဝစီဝိညတ်သည် ဝစီကံ ၄-ပါး၏ ဖြစ်ကြောင်းဖြစ်သောကြောင့် ဝစီကမ္မဒွါရမည်။ ။''သဗ္ဗောပိ မနော မနောဒွါရံ''ဟူသည်နှင့်အညီ အသုံးစုံသော စိတ်တခုယုတ်ကိုး ဆယ်သည် အနန္တရာဒိပစ္စည်းတပ်လျက် နောက်နောက်သော မန၏အကြောင်း ဖြစ်၍ မနောဒွါရ မည်သည် ချည်းတည်း။ အကုသလ ကမ္မဒွါရ အရာ၌

---

၅၃-က။ ။ပါကဋ္ဌာနဝသေနာတိ၊ ကား။ပဋိသန္ဓိယာ၊ ပဋိသန္ဓေ၌။ ဝိပစ္စနဘူမိဝသေန၊ အကျိုးပေးရာဌာန၏အစွမ်းအားဖြင့်၊

လောဘမူဒေါသမူစိတ်ဆယ်ခုသည် မနောဒွါရမည်၏။တနည်း၊ဘုံသုံးပါး၌ ဖြစ်သော ကုသိုလ်,အကုသိုလ်,တခုယုတ် ၃၀-သည် မနောဒွါရမည်၏။

၅၄-က။ ။ဝိတ္တသမုဋ္ဌာနေသု ပန အဋ္ဌသု ပေသု ကောဝိညတ္တိ အတ္ထိ။ဣဒံ ကာယကမ္မဒွါရံနာမ။ယာ သဟာသဒ္ဒါယ ကော ဝိညတ္တိ အတ္ထိ၊ဣဒံ ဝစီကမ္မဒွါရံနာမ ဟောတိ။တေဘူမက ကုသလာကုသလော တေ့နတိသဝိဓော မနော မနော ကမ္မဒွါရံ နာမ။ ။အဋ္ဌသာလိနီ-အဋ္ဌကထာ။

မနောဒွါရအဓိပ္ပါယ်မှာ-ရှေးနည်းအလို စိတ်တခုယုတ် ကိုးဆယ်ကို ကောက်ရာ ၎င်းစိတ်တခုယုတ် ကိုးဆယ်သည် အဘယ့်ကြောင့် မနောဒွါရမည်သနည်း ဟူမူ။အလုံးစုံသော စိတ်တခုယုတ် ကိုးဆယ်သည် အနန္တရစသော ပစ္စည်း တပ်သဖြင့် နောက်နောက်သော စိတ်မန၏ အကြောင်း ဖြစ်သောကြောင့် မနောဒွါရမည်၏။

နောက်နည်းအရ····လောကီကုသိုလ်-၁၇၊ အကုသိုလ် ၁၂-အားဖြင့် တခုယုတ် သုံးဆယ်သောစိတ်သည် အဘယ့်ကြောင့် မနောဒွါရ မည်ပါ သနည်းဟူမူ၊ မနောကံ ၃-ပါးတို့၏ ဖြစ်ကြောင်း ဖြစ်သောကြောင့်-မနော ဒွါရမည်၏။

**မှတ်ချက်။** ။(သို့ဖြစ်၍''မနော ဒွါရံမနောဒွါရံ''ဟုပြ။ ကြွင်းဒွါရ တို့၌လည်း နည်းတူ)။

လောကီ ကုသိုလ်ကိုသာ မနောဒွါရဆို၏။လောကုတ္တရာ ကုသိုလ်ကား- အဘယ့်ကြောင့် မနောဒွါရမမည်ပါသနည်းဟူမူ။ ။လောကုတ္တရာ ကုသိုလ် သည် မဂ်ဖြင့် ကုသိုလ်အကုသိုလ်ကို အကြွင်းမဲ့ပယ်ပြီးဖြစ်၍ မနောကံကို မဖြစ်စေနိုင်သောကြောင့် မနောဒွါရမမည်ပေ။ ဆိုလိုရင်းကား-ကမ္မပထ တရားတို့၏ အကြောင်းကား လောကီသာ ဖြစ်၏။ လောကုတ္တရာကုသိုလ်

၅၄-က။ ။[illegible]

[illegible]

တို့ကိုကား ကံတရားကို ကုန်စေတတ်သောကြောင့် ကမ္မဒွါရ အဖြစ်ဖြင့် မယူသင့်ကုန်။ ။ဟူလို။

၅၄-၁။ ။တေဘုမ္မကသောဝ ဂဟဏံ လောကုတ္တရကမ္မဿ ကမ္မက္ခယ ကရတ္တာ။ ။မူလဋီကာ။

ကမ္မက္ခယကရတ္တာတိ-ကမ္မက္ခယမနသာ ကမ္မဒွါရဘာဝေါ နယုဇ္ဇတီတိ အဒိပ္ပါယော။ ယတော ကမ္မပထာ လောကိယာ ဝေါတိ ဝဒန္တိ။ ။အနုဋီကာ။

---

## ကံသုံးပါး အဓိပ္ပာယ်

ကာယကံ-ဟူသည်ကား။ ''ကာယဒွါရေ-ပဝတ္တံ ကမ္မံ ကာယကမ္မံ''။

ဝိဂြိုဟ်အရ····ကာယဒွါရ၌ ဖြစ်သော ကံသည် ကာယကံမည်၏။ ။ ဝစီကံ-သည်ကား''ဝစီဒွါရေ ပဝတ္တံ ကမ္မံ ဝစီကမ္မံ'' ဝိဂြိုဟ်အရ····ဝစီဒွါရ၌ ဖြစ်သောကံသည်-ဝစီကံမည်၏။

မနောကံ-ဟူသည်ကား ''မနောဒွါရေ ပဝတ္တံကမ္မံ မနောကမ္မံ''ဝိဂြိုဟ် အရ····မနောဒွါရ၌ ဖြစ်သော ကံသည်မနောကံ မည်၏။ ။တနည်း။ ကာယဝိညတ်ဖြင့် ပြုအပ်သောကံသည် ကာယကံမည်၏။ ဝစီဝိညတ်ဖြင့် ပြုအပ်သောကံသည် ဝစီကံမည်၏။ မနောဒွါရဖြင့် ပြုအပ်သော ကံသည် မနောကံမည်၏-ဟု မှတ်။

**ပုဒ်ခွဲ။** ။ကာယဒွါရေ၊ ကာယဒွါရ၌။ ပဝတ္တံ၊ဖြစ်သော။ ကမ္မံ။ ကံသည်။ကာယကမ္မံ၊ကာယကံမည်၏။ ကြွင်း-ဝစီကမ္မ, မနောကမ္မ

---

၅၄-၁။ ။တေဘူမကဿ၊ တေဘုမ္မကဖြစ်သော။ [illegible] ကမ္မက္ခယကရတ္တာ၊ ကံတပါး၏ ကုန်ပု [illegible] ဖြစ်ကြောင်း [illegible] ဂဟဏံ၊ ယူခြင်းသည် [illegible]။ ။ဤကား-မူလဋီကာ အနက်။

ကမ္မက္ခယကရတ္တာတိ၊ ကမ္မက္ခယမနသာ၊ ကံတပါးကို ကုန်စေတတ်သော စိတ်၏။ ကမ္မဒွါရဘာဝေါ၊ ကမ္မဒွါရ၏ အဖြစ်သည်။ နယုဇ္ဇတိ၊ မသင့်။ ဣတိ၊ ဤသည်ကား၊ အဓိပ္ပါယော၊ အဓိပ္ပါယ်တည်း။ ယတော၊ အကြင်ကြောင့်။ ကမ္မပထာ၊ [illegible] ဤ၌ [illegible] ဝဒန္တိ။ [illegible] ။ဤကား-အနုဋီကာ အနက်။

တို့၌ နည်းတူပြု။ ။ကာယဒွါရစသည်၏ အဓိပ္ပါယ်ကို အောက်က ပြဆိုခဲ့ပြီ။အထက်ပါ ဝိဂြိုဟ်များကား "ကာယဒွါရေ ဗာဟုလ္လဝုတ္တိတော"စသော သဂြိုဟ်လာပါဌ်များကို ထောက်ဆ၍ ပြုအပ်သော ဝိဂြိုဟ်များ ဖြစ်ဟန်ရှိ၏။ ။သို့သော် အဋ္ဌကထာ၌ကား "ကာယဒွါရေန ကတံ ကမ္မမ္ပိ ကာယကမ္မံ"ဟု တတိယာ တပ္ပုရိသ်သမာသ် တွဲစပ်လေ၏။ ။အဓိပ္ပါယ်လည်း ပေါ်လွင်၏။

---

## ကာယကံ စသည် မည်ပုံ

ဤကာယကံ-စသည် အမည်သည် ညောင်ပင်စောင့်နတ်, လက်ပံပင်စောင့်နတ်, ထိန်ပင်စောင့်နတ်, ကြို့ပင်စောင့်နတ် စသည်ဝယ် တည်ရာဌာန၏ အမည်ဖြင့် ဌာနီဖြစ်သောနတ်ကို မှည့်ခေါ်သကဲ့သို့ ဖြစ်ရာဌာန ဖြစ်သောကာယဒွါရ, ဝစီဒွါရ, မနောဒွါရအမည်ဖြင့် ဌာနီဖြစ်သောကံကို ကာယကံ,ဝစီကံ-ဟု မှည့်ခေါ်အပ်သော အမည်ဖြစ်၏။

ဒွါရေ စရန္တိ ကမ္မာနိ၊န ဒွါရာ ဒွါရစာရိနော။
တသ္မာ ဒွါရေဟိ ကမ္မာနိ၊အညမညံ ဝဝတ္ထိတာ။ ။
သူစိယာ စေ ကတံ ကမ္မံ၊သူစိကမ္မန္တိ ဝုစ္စတိ။
သူစိ စ သူစိကမ္မဉ္စ၊အညမညံ ဝဝတ္ထိတာ။ ။
ဝါသိယာ စေ ကတံ ကမ္မံ၊ဝါသိကမ္မန္တိ ဝုစ္စတိ။
ဝါသိ စ ဝါသိကမ္မဉ္စ၊အညမညံ ဝဝတ္ထိတာ။ပ။ ။

ဧဝမေဝံ

ကာယေန စေ ကတံ ကမ္မံ၊ကာယကမ္မန္တိ ဝုစ္စတိ။
ကာယော စ ကာယကမ္မဉ္စ၊အညမညံ ဝဝတ္ထိတာ။ ။
ဝါစာယ စေ ကတံ ကမ္မံ၊ဝါစာကမ္မန္တိ ဝုစ္စတိ။
ဝါစာ စ ဝါစာကမ္မဉ္စ၊အညမညံ ဝဝတ္ထိတာ။ ။
မနသာ စေ ကတံ ကမ္မံ၊မနောကမ္မန္တိ ဝုစ္စတိ။
မနော စ မနောကမ္မဉ္စ၊အညမညံ ဝဝတ္ထိတာ။ ။

မဟာအဋ္ဌကထာလာ သင်္ဂဟဂါထာ။

ဒွါရေ၊ဒွါရ၌။ ကမ္မာနိ၊ ကံတို့သည်။ စရန္တိ၊ဖြစ်တတ်ကုန်၏။ ဒွါရာ၊တို့သည်။နဒွါရစာရိနော၊ဒွါရ၌မကြင်လည်ကုန်။ ဣတိ၊ထို့ကြောင့်။ ဒွါရေဟိ၊ဒွါရတို့ဖြင့်။ကမ္မာနိ၊ကံတို့ကို။ ကမ္မေဟိ စ၊တို့ဖြင့်လည်း။ ဒွါရာ၊တို့ကို။အညမညံ၊အချင်းချင်း။ ဝဝတ္ထိတာ၊ပိုင်းခြားသတ်မှတ် အမည်တပ်အပ်ကုန်၏။

သူစိယာ၊အပ်ဖြင့်။ စေ၊အကယ်၍။ ကမ္မံ၊ချုပ်မှုကို။ ကတံ၊ ပြုအပ်သည်ဖြစ်အံ့။သူစိကမ္မန္တိ၊အပ်ချုပ်မှုဟူ၍။ဝုစ္စတိ၊ဆိုအပ်၏၊ သူစိစ၊အပ်ကိုင်း။သူစိကမ္မဉ္စ၊အပ်ချုပ်မှုကိုင်း။ အညမညံ၊အချင်းချင်း။ ဝဝတ္ထိတာ ၊ပိုင်းခြားသတ်မှတ်အပ်ကုန်၏။

ဝါသိယာ၊ပဲခွပ်ဖြင့်။ပ။ အကယ်၍။ပ။ကမ္မံ၊ခုတ်မှုကို။ ကတံ၊ပြုအပ်သည်ဖြစ်အံ့။ ဝါသိကမ္မန္တိ၊ဟူ၍။ ဝုစ္စတိ၊၏။ ဝါသိစ၊ ပဲခွပ်ကိုင်း။ ဝါသိကမ္မဉ္စ၊ပဲခွပ်အမှုကိုင်း။အညမညံ၊ချင်း။ဝဝတ္ထိတာ၊၏။

ဧဝမေဝံ၊ဤနည်းအတူ။ကာယေန၊ စောပန ကာယဖြင့်။ စေ၊ အကယ်၍။ ကမ္မံ၊ကံကို၊ကတံ၊ပြုအပ်သည်ဖြစ်အံ့။ ကာယကမ္မန္တိ၊ကာယကံဟူ၍။ဝုစ္စတိ၊၏။ပ။ဝါစာယ၊ဝစီဝိညတ်ဖြင့်။စေ၊အကယ်၍။ကမ္မံ၊ကံကို။ ကတံ။ပ။မနသာ၊မနောဒွါရဖြင့်။စေ၊အကယ်၍။ ကမ္မံ၊ကံကို။ကတံ၊ပြုအပ်သည်ဖြစ်အံ့။ မနောကမ္မန္တိ၊မနောကံဟူ၍။ ဝုစ္စတိ၊၏။ မနောစ၊မနောဒွါရကိုင်း။ မနောကမ္မဉ္စ၊မနောကံကိုင်း။အညမညံ၊ချင်း။ ဝဝတ္ထိတာ၊ပိုင်းခြားသတ်မှတ်၊ အမည်တပ်အပ်ကုန်၏။

ကာယဒွါရ,ဝစီဒွါရ,မနောဒွါရ ဟူသော အမည်များကား ပုဏ္ဏားရွာ၊ ကျုံထရံသည်ရွာ၊ သရက်တော၊ ကံ့ကော်တော၊ ငှက်ပျောတော-စသော အမည်များကဲ့သို့ ကံဖြင့် ဒွါရကို မှတ်အပ်သော အမည်တို့တည်း။

ဆိုလိုရင်ကား ကာယကံ၏ ဖြစ်ရာဌာန ဖြစ်သော ကာယ ဝိညတ်သည် ကာယဒွါရမည်၏။ ၎င်းကာယဒွါရ၌ ဖြစ်သော ကံသည်-ကာယကံမည်၏။ ဝစီကံဖြစ်ရာဌာနဖြစ်သော ဝစီဝိညတ်သည် ဝစီဒွါရမည်၏။၎င်းဝစီဒွါရ၌ ဖြစ်သောကံသည် ဝစီကံ မည်၏။

မနောကံ ဖြစ်ရာဌာနဖြစ်သော မနသည် မနောဒွါရမည်၏။၎င်းမနော ဒွါရ၌ဖြစ်သောကံသည် မနောကံ မည်၏။ ။ဟူလို။

## ကာယကံ အဘွင့်

၉၃။ ။ကထံ ပါဏာတိပါတော, အဒိန္နာဒါနံ, ကာမေသုမိစ္ဆာစာရောစေတိ ကာယဒုစ္စရိတသင်္ခါတော ကာယဒွါရေ ဗဟုလဝုတ္တိတော ကာယကမ္မံ နာမ။

သင်္ဂြိုဟ်ပါဌ်။

၁-ပဏာတိပါတ။       သူတပါး၏ အသက်ကို သတ်ခြင်း။
၂-အဒိန္နာဒါန၊       သူတပါး၏ ဉစ္စာကို ခိုးယူခြင်း။
၃-ကာမေသုမိစ္ဆာစာရ၊ သူတပါး၏အိမ်ကို မှောက်မှားလွန်ကျူးခြင်း။

ဤကံသုံးပါးသည် ကာယဒွါရဖြင့် များသောအားဖြင့် လွန်ကျူးအပ်သောကြောင့် ကာယကံ မည်၏။ ။ဟူလို။

ဤကား ပိဏ္ဍတ္ထ။

---

## ပါဏာတိပါတကံ အဘွင့်

ပါဏာတိပါတ-ပုဒ်၌ ပါဏ-ပုဒ်,အတိ-ပုဒ်,ပါတ-ပုဒ်ဖြစ်၏။
ပါဏဿ အတိဝ ပါတနံ ပါဏာတိပါတော။

ပါဏဿ၊သတ္တဝါကို။ဝါ၊ဇီဝိတိန္ဒြေကို။အတိဝ၊လျင်စွာသာလျှင်။ပါတနံ၊ချခြင်းသည်။ပါဏာတိပါတော။ပါဏာတိပါတ-မည်၏။ ။ဝိဂြိုဟ်အရ····သူတပါး၏ အသက်ကို လျင်စွာသာလျှင် ချခြင်းစေတနာသည် ပါဏာတိပါတမည်၏။ ။ဤဝိဂြိုဟ်၌ ပါဏ-ဟူသည်ကား····ပညတ်အားဖြင့် သတ္တဝါတည်း။ ပရမတ်အားဖြင့် ရုပ်ဇီဝိတိန္ဒြေတည်း။ ဝါ၊ရုပ်ဇီဝိတိန္ဒြေကို ပါဏ, သတ္တဝါ-ဟု ဆိုအပ်၏။ ၎င်းရုပ် ဇီဝိတိန္ဒြေ ထင်ရှားရှိသော သတ္တဝါကို သတ်မှ ပါဏာတိပါတ မည်၏ ဟု ဆိုလိုသည်။

“အတိဝ ပါတနံ”အရ-လျင်စွာ ချခြင်းဟူသည်ကား ပကတိမကျန်းမာ၍ သေခြင်းမျိုးကဲ့သို့ အလိုလိုသေခြင်းမဟုတ်။ မပြတ်ဖြစ်ပေါ်နေသော ဇီဝိတိန္ဒြေကို သူတပါး၏ ပယောဂဖြင့် အတင်းကျစေခြင်း, သတ်ဖြတ်ပယ်ချခြင်းကို ဆိုလိုသည်။

သရသေန စ ပတနသဘာဝဿ ပါဏဿ အန္တရာဧဝ အတိတ ပါတနံ အတိပါတော။သဏိကံ ပတိတုံ အဒတွာဝ သီဃံ ပါတနန္တိ အတ္ထော။အတိက္ကမ ဝါ သတ္ထာဒီဟိ အတိ ဘဝိတွာ ပါတနံ အတိပါတော။ ။မူလဋီကာ။

---

## ပါဏာတိပါတ၏ အင်္ဂါ ပယောဂ

၁။ ။ပါဏော .... သတ္တဝါလည်းမှန်ခြင်း၊
၂။ ။ပါဏသညိတာ .... သတ္တဝါဟုအမှတ်ရှိခြင်း၊
၃။ ။ဝဓကစိတ္တံ .... သေစေလိုသောစိတ်ရှိခြင်း၊
၄။ ။ပယောဂေါ .... လုံ့လပြုခြင်း၊
၅။ ။တေန မရဏံ .... ထိုလုံ့လဖြင့် သေခြင်း၊

ဤအင်္ဂါငါးပါး ပြည့်စုံမှသာလျှင် ပါဏာတိပါတကံ မြောက်၏။

၅၅-က။ ။ပါဏောစ ပါဏသညိတာ ဃာတစိတ္တဥ္စုပက္ကမော။
တေနေဝ မရဏဥ္စာတိ၊ပဉ္စမာ ဝဓဟေတုယော။ ။

ထိုသူ၏ အသက်ကို သတ်နည်း ပယောဂတို့သည်–

၁။ ။သာဟတ္ထိက ကိုယ်တိုင်သတ်ခြင်း၊
၂။ ။အာဏတ္တိက သတ်ရန်သူတပါးကို စေခိုင်းခြင်း၊
၃။ ။နိဿဂ္ဂိယ တစုံတရာသော သေနတ်စသည်တို့ဖြင့် ပစ်ခတ်၍ သတ်ခြင်း၊
၄။ ။ထာဝရ ထားလှံစသည် ပြုလုပ်၍ အမြဲထာဝရ သေစေကြောင်းကို ပြုလုပ်ခြင်း၊
၅။ ။ဝိဇ္ဇာမယ ဆေးဝါးမန္တရား စသည်ဖြင့် သတ်ခြင်း၊
၆။ ။ဣဒ္ဓိမယ တစုံတခုသော တန်းခိုးအာနုဘော်ဖြင့် သတ်ခြင်း–ဟူ၍ ခြောက်မျိုး,ခြောက်ပါး ရှိ၏။

ဤသတ်ခြင်း ပယောဂ ခြောက်မျိုးတို့တွင် တမျိုးမျိုးဖြင့် သတ်ခြင်းသည် ပါဏာတိပါတမည်၏။

---

၅၅-က။ ။ပါဏော၊သတ်အပ်သောသတ္တဝါရင်း။ ပါဏသညိတာ၊ သတ္တဝါဟုမှတ်ခြင်းရင်း။ဃာတစိတ္တံ၊သတ်ကြောင်းစိတ်ရင်း။ဥပက္ကမော၊သတ်ခြင်းလုံ့လရင်း။တေနေဝ၊ထိုလုံ့လကြောင့်သာလျှင်။မရဏံ၊သေခြင်းရင်း။ ဣတိ ဣမာ ပဉ္စ၊ဤငါးပါးတို့သည်။ဝဓဟေတုယော၊ပါဏာတိပါတကံ၏အကြောင်းအင်္ဂါတို့တည်း။

၅၅-ခ။ ။သာဟတ္ထိကော အာဏတ္တိကော၊နိဿဂ္ဂိယော စ ထာဝရော၊
ဝိဇ္ဇာမယော ဣဒ္ဓိမယော၊ပယောဂါ ဆယိမေ မတာ။

---

## သတ်ခြင်း အမျိုးမျိုး အဓိပ္ပါယ်

၁။ ။သာဟတ္ထိက, နိဿဂ္ဂိယ ပယောဂတို့ဖြင့် သတ်ဖြတ်ခြင်းတို့၌ တပါးပါးသော ပယောဂဝယ် ရည်ညွှန်း၍ သတ်ခြင်း ဥဒ္ဒိဿ,မရည်ညွှန်းမူ၍ သတ်ခြင်း အနုဒ္ဒိဿ အားဖြင့် ၂-ပါး အပြားရှိ၏။ ထို ၂-ပါး တို့တွင် ၁-ဥဒ္ဒိဿ သတ်ခြင်း ဟူသည်ကား ဗျိုင်းတကောင်သည် ကျွဲ,နွားတို့၏ အပေါ်၌နားနေ၏။ ထိုနားနေသော ဗျိုင်းသတ္တဝါကို ရည်ညွှန်း၍ ပစ်ခတ်သတ်ဖြတ်၏။ ထိုသို့ ရည်မှန်း၍ သတ်ဖြတ်အပ်သော ဗျိုင်းသေမှသာ ပါဏာတိပါတကံ ထိုက်၏။ချော်လွဲ၍ အခြားသော ဗျိုင်းစသည် သေသော်ကား ပါဏာတိပါတကံ မထိုက်ပေ။

၂။ ။အနုဒ္ဒိဿ သတ်ခြင်းဟူသည်ကား အမှတ်မရှိမူ၍ ထိုရာဗျိုင်းစသည် သေစေသတည်းဟု ပစ်ခတ်သတ်ဖြတ်၏။တကောင်ကောင် သေပါမူ ပါဏာတိပါတကံ ထိုက်၏၊ အဘယ့်ကြောင့်ဆိုသော် ရည်ညွှန်းပိုင်းခြားခြင်း မရှိသောကြောင့်တည်း။

ဥဒ္ဒိဿကေ ယံ ဥဒ္ဒိဿ ပဟရတိ၊တဿေဝ မရဏေန ကမ္မဗဒ္ဓေါ။

ပါရာဇိကကဏ် အဋ္ဌကထာ။

ဥဒ္ဒိဿကေ၊ရည်ညွှန်း၍ သတ်ရာ၌။ယံအကြင် သတ္တဝါကို။ဥဒ္ဒိဿ၊ရည်၍။ပဟရတိ၊ပုတ်ခတ်၏။ တဿေဝ၊ထိုရည်ညွှန်းအပ်သော သတ္တဝါ၏သာလျှင်။မရဏေန၊သေသဖြင့်။ ကမ္မဗဒ္ဓေါ၊ပါဏာတိပါတကံ ဘွဲ့အပ်၏။

---

၂။ ။တဦးသောသူသည် တဦးသောသူအားသေစေလိုသောစေတနာဖြင့် ပုတ်ခတ်၏။ သို့သော် ထိုပုတ်ခတ်ခြင်းဖြင့် မသေ၊ ဒဏ်ရာသာရ၏။ငင်း

---

၅၅-ခ။ ။သာဟတ္ထိကော၊ ကိုယ်ဘိုင်သတ်ခြင်း။ အာဏတ္တိကော၊ စေခိုင်း၍သတ်ခြင်း။ နိဿဂ္ဂိယော။လက်လွှတ်ပစ်ခတ်ခြင်း။ ထာဝရော၊ မြဲသော ထားသိုစသည် ပြုလုပ်ခြင်း။ဝိဇ္ဇာမယော၊အင်း, အိုင်, ဂိုဏ်းဆိုး, ရှင်ထား, နှာဖိထား, မန္တန်, ဒဏ်ဖြန်အဘော် စသည်ဖြင့် သတ်ခြင်း။ဣဒ္ဓိမယော၊ အစွယ်ခေါက်ခြင်း, မျက်စောင်းသုံးခြင်း စသော ကမ္မဇိဒ္ဓိတန်ခိုးဖြင့် သတ်ခြင်း။ဆ၊ခြောက်ပါးကုန်သော။ဣမေပယောဂါ၊ဤသို့လတ္တိုဘို။မတာ၊သိကုန်၏။

သူကို အခြားလူတယောက်က သေစေလိုသော စိတ်မရှိဘဲ ပုတ်ခတ်ပြန်၏။ ထိုနောက်ထပ် ပုတ်ခတ်သောဒဏ်ကို အဘော်သဟဲရ၍ မိမိချည်းသာ မသေစေနိုင်သော ရှေးပုတ်ခတ်သော ဒဏ်ကြောင့် သေငြားအံ့၊ ပဌမ ပုတ်ခတ်သောသူသည် ပါဏာတိပါတကံ ထိုက်၏။နောက် ပုတ်ခတ်သော ဒဏ်ကြောင့်သေငြားအံ့၊ ၂-ဦးလုံးပင် မထိုက်ပေ။ အဘယ့်ကြောင့် ဆိုသော် သေစေလိုသော စေတနာ မရှိသောကြောင့်တည်း။

ကိဉ္စာပိ ပဌမပဟာရော နသယမေဝ သက္ကောတိ မာရေတုံ။ ဒုတိယံ ပန လဘိတွာ သက္ကောန္တော ဇီဝိတ နာသနဟေတု အဟောသိ။ ပဌမပဟာရေနေဝ ကမ္မဗဒ္ဓေါ ယုတ္တော၊ န ဒုတိယေန၊တဿ အညစိတ္တေန ဒိန္နတ္တာ။

ပါရာဇိကကဏ် အဋ္ဌကထာ။

ပဌမပဟာရော၊ရှေးဦးစွာ ပုတ်ခတ်ခြင်းသည်။သယမေဝ၊မိမိ အလိုလို သာလျှင်။မာရေတုံ၊ သေစေခြင်းငှါ။ကိဉ္စာပိ န သက္ကောတိ၊အကယ်၍ကား မစွမ်းနိုင်၏ရှင့်။ပန၊ ယင်းသို့ပင် မစွမ်းနိုင်သော်ငြားလည်း။ ဒုတိယံ၊နှစ်ကြိမ်မြောက်သော ပုတ်ခတ်ခြင်းကို။ လဘိတွာ၊ ရသောကြောင့်။ သက္ကောန္တော၊ စွမ်းနိုင်သည်ရှိသော်။ ဇီဝိတနာသနဟေတု၊ အသက်၏ ပျက်စီးခြင်း အကြောင်းသည်။အဟောသိ၊ဖြစ်၏။ ပဌမပဟာရေနေဝ၊ ရှေးဦးစွာသော ပုတ်ခတ်ခြင်းဖြင့်သာလျှင်။ ကမ္မဗဒ္ဓေါ၊ပါဏာတိပါတကံ ဖွဲ့ခြင်းသည်။ယုတ္တော၊ သင့်မြတ်၏။ ဒုတိယေန၊နှစ်ကြိမ်မြောက်သော ပုတ်ခတ်ခြင်းဖြင့်။ကမ္မဗဒ္ဓေါ၊ သည်။န ယုတ္တော၊မသင့်။ ကသ္မာ၊အဘယ့်ကြောင့်နည်း ဟူမူကား။ တဿ၊ ထိုဒုတိယပုတ်ခတ်သော သူ၏။အညစိတ္တေန၊သေစေလိုသော စိတ်မှတပါး ဖြစ်သော မသေစေလိုသော စိတ်ဖြင့်။ ဒိန္နတ္တာ၊ ပုတ်ခတ်ခြင်းကို ပေးသော ကြောင့်တည်း။

---

၃။ ။စစ်မြေပြင်အရပ်၌ လျှင်စွာသော အဟုန်ဖြင့် ပြေးတက်သော တယောက်သောသူ၏ ဦးခေါင်းကို တယောက်သောသူက သန်လျက်ဖြင့် ဦးခေါင်းကို ပိုင်းဖြတ်လိုက်၏။ဦးခေါင်းမပါသော ကိုယ်ကြီးသည် အရှိန်ဖြင့် ပြေးသွားသည်ကို တယောက်သောသူသည် ပုတ်ခတ်တွန်းလှည်း လိုက်၏။ သေစေလိုသော စေတနာရှိသော ထိုနှစ်ယောက်တို့တွင် အဘယ်သူအား

ပါဏာတိပါတကံ ထိုက်ပါသနည်းဟူမူ။ ။ပဌမဦးခေါင်းကို ဖြတ်သော သူအားသာ ပါဏာတိပါတကံ ထိုက်၏ ဟု အာဘိဓမ္မိကဂေါဒတ္တမထေရ် မိန့်ဆိုတော်မူ၏။အယူချွတ်သော ဆရာတို့ကား အရှိန်ဖြင့် ပြေးလာသည်ကို ပုတ်ခတ် တွန်းလှည်းသောသူအား ပါဏာတိပါတကံ ထိုက်၏ ဟု ဆို၏။

အာဘိဓမ္မိကဂေါဒတ္တတ္ထေရော သီသစ္ဆေဒကဿာတိ။

ပါရာဇိကဏ် အဋ္ဌကထာ။

အာဘိဓမ္မိက ဂေါဒတ္တတ္ထေရော၊ အဘိဓမ္မာကို တတ်သော ဂေါဒတ္တ မထေရ်သည်ကား။ သီသစ္ဆေဒကဿ၊ ဦးခေါင်းကို ဖြတ်သော သူအား။ ကမ္မပထော၊ပါဏာတိပါတ-ကမ္မပထမြောက်သည်။ ဟောတိ၊ ဖြစ်၏။ ။ ဣတိ၊ ဤသို့။ အာဟ၊ မိန့်တော်မူ၏။

---

၄။ ။တခုသောအရပ်၌ အိပ်နေသောဆိတ်ကို အမှတ်ပြု၍ ညဉ့်အခါ သတ်မည်လာရာ ဆိတ်နေရာတွင် အိပ်နေသော အမိကို ဆိတ်ဟု ထင်မှတ်၍ သတ်မိ၏။မာတုဃာတကကံ ထိုက်၏။ အဘယ့်ကြောင့်ဆိုသော် ဤနေရာ၌ အိပ်နေသော သတ္တဝါကို သတ်မည်ဟူသော သန္နိဋ္ဌာပက စေတနာရှိပြီး ဖြစ်သောကြောင့်တည်း။

ဣမံ ဝတ္ထုံ မာရေမီတိ စေတနာယ အတ္ထိဘာဝတော။

ပါရာဇိကဏ် အဋ္ဌကထာ။

ဣမံ ဝတ္ထုံ၊ ဤအိပ်ရာ၌ အိပ်နေသော သတ္တဝါကို။ မာရေမိ၊ သတ်အံ့။ ဣတိ၊ ဤသို့။ ဝါ၊ ဤသို့သော။ စေတနာယ၊ သန္နိဋ္ဌာပက စေတနာ၏။ အတ္ထိဘာဝတော၊ ရှိသောကြောင့်တည်း။

---

၅။ ။အဖ-ပါလာသော တဘက်သော စစ်သည်၌ တပါးကို ပစ်လျှင် အဖလည်း ပြေးလတ္တံ့ ဟု တပါးသူတိုသာ ရည်၍ ပစ်သော လက်နက်သည် အဖကို မှန်၍ သေသော်လည်း ပိတုဃာတကကံ မထိုက်ပေ။ ။ အကြောင်းသော်ကား အဖကို သတ်လိုသော စေတနာ မရှိသောကြောင့် တည်း။

အနန္တရိယံ ပန နတ္ထိ။ ။ပါရာဇိကဏ် အဋ္ဌကထာ။

---

၆။ ။သွေးလူးသောလှံစသည်တို့ကိုသုတ်အံ့-ဟု ကောက်ရိုးပုံစသည် တို့၌ သွင်းသည်ရှိသော် ထိုကောက်ရိုးပုံ၌ အိပ်နေသော ဒုဖ-စသည်တို့ကို ထိုးသတ်မိသော်လည်း ကံမထိုက်, အပြစ်မရှိ၊ အကြောင်းကား သေစေ လိုသော စေတနာ မရှိသောကြောင့်တည်း။

ဝဓကစေတနာယ ပန အဘာဝတော နေဝ ကမ္မံ ဖုသတိ။

ပါရာဇိကဏ် အဋ္ဌကထာ။

ဝဓကစေတနာယ ပန၊သတ်လိုသော စေတနာ၏ကား။အဘာဝတော၊ မရှိသောကြောင့်။ ကမ္မံ၊ ပါဏာတိပါတကံသို့။ နေဝ ဖုသတိ၊ မရောက်။ ဝါ၊မထိုက်။

သုသော် ထိုထားလှံစသည်တို့ကို သုတ်အံ့ဟု ကောက်ရိုးပုံ စသည်၌ သွင်းရာ၌ ထားလှံစသည်ဖြင့် ထိမှန်းကို သိလျက် မည်သူဖြစ်စေ,သေစေ လိုသော စိတ်ဖြင့် ထိုးသတ်ပါမူ ကံထိုက်၏ဟုမှတ်။

---

၇။ ။လူကိုကျသေစေခြင်းငှါ ယခုကာလငါးခုံချသော တွင်းမျိုးကဲ့သို့ တွင်းတူး ထောင်ခြင်း၌ လူကျသေမှသာ ကံထိုက်၏၊ တိရစ္ဆာန် ကျ၍ သေသော် ကံမလိုက်။ထိုအတူ တိရစ္ဆာန် ကျသေစေခြင်းငှါ ထောင်သော ကျင်း၌ လူကျ၍ သေသော် အပြစ်မရှိ။

မနုဿံ ဥဒ္ဒိဿ ခတေ ယက္ခာဒိသု ပတိတွာ မတေသု
အနာပတ္တိ။ယက္ခာဒယော ဥဒ္ဒိဿ ခတေ မနုဿာဒိသု
မရဏန္တေသု ဧသေဝ နယော။

ပါရာဇိကဏ် အဋ္ဌကထာ။

မနုဿံ၊လူကို။ ဥဒ္ဒိဿ၊ရည်၍။ ခတေ၊တူးသော တွင်း၌။ ယက္ခာဒိသု၊ ဘီလူးစသော သတ္တဝါတို့သည်။ ပတိတွာ၊ကျ၍။ မတေသု၊ သေကုန်သော်လည်း။ အနာပတ္တိ၊ အာပတ်မသင့်။ ဝါ၊အပြစ်မရှိ။ ယက္ခာဒယော၊ ဘီလူး စသော သတ္တဝါတို့ကို။ ဥဒ္ဒိဿ၊ရည်၍။ ခတေ၊တူးသော တွင်း၌။မနုဿာ ဒိသု၊ လူစသော သတ္တဝါတို့သည်။ မရဏန္တေသုပိ၊ သေကုန်သော်လည်း။ ဧသေဝ နယော၊ ဤနည်းအတူ အပြစ်မရှိသည်သာတည်း။

(သည်မှတပါး၊ များစွာသော ပါဏာတိပါတကံထိုက်ပုံ အဆုံးအဖြတ်တို့ကို ပါရာဇိကဏ် အဋ္ဌကထာစသည်ကို ကြည့်ရှုမှတ်သားလေကုန်)။

---

## ပါဏာတိပါတကံ၏ အပြစ်ဖြစ်ပုံ

ထိုပါဏာတိပါတစသော ကံတို့တွင် တပါးပါးသောကံ၌ အပြစ်ကြီးသော မဟာသာဝဇ္ဇ,အပြစ်ငယ်သော အပ္ပသာဝဇ္ဇ ၂-မျိုး ရှိ၏။ ထို ၂-မျိုးတို့တွင် ပါဏာတိပါတကံ၌ သီလအစရှိသော ဂုဏ်ထူးမှ ကင်းသော တိရစ္ဆာန် သတ္တဝါတို့တွင် ငယ်သော ကိုယ်ခန္ဓာရှိသော တိရစ္ဆာန်တို့ကို သတ်ခြင်းသည် အပြစ်ငယ်၏။ အဘယ့်ကြောင့်ဆိုသော် ၎င်းသတ္တဝါငယ်ကိုသတ်ရာ၌ လုံ့လပယောဂ အားငယ်သောကြောင့်တည်း။ ကြီးသော ဆင်စသောသတ္တဝါကို သတ်ခြင်းသည် အပြစ်ကြီး၏၊ အဘယ့်ကြောင့်ဆိုသော် ၎င်းကြီးသောသတ္တဝါကို သတ်ရာ၌ လုံ့လပယောဂ အားကြီးသောကြောင့်တည်း။ပယောဂလုံ့လ တူမျှကြသော် ဝတ္ထုကြီးမားရာ သတ္တဝါ၌ အပြစ်ကြီး၏၊ ငယ်သော သတ္တဝါ၌ အပြစ်ငယ်၏။

> သော ဂုဏဝိရဟိတေသု ပါဏေသု ခုဒ္ဒကေပါဏေ အပ္ပသာဝဇ္ဇော၊ မဟာသရီရေ မဟာသာဝဇ္ဇော။ ကသ္မာ ပယောဂမဟန္တတာယ။ ပယောဂသမတ္တေပိ ဝတ္ထုမဟန္တတာယ။

အဋ္ဌသာလိနီ အဋ္ဌကထာ။ မူလပဏ္ဏာသ အဋ္ဌကထာ။

ဤသို့လျှင် သတ်အပ်သော သတ္တဝါဟူသော ဝတ္ထု,သတ်ခြင်းလုံ့လဟူသော ပယောဂ ၂-ပါး၏ ကြီးမားသောကြောင့် ငယ်သော သတ္တဝါတို့ထက် ကြီးသောသတ္တဝါတို့ကို သတ်ခြင်းသည် အပြစ်ကြီး၏ ဟု အဋ္ဌကထာဆရာ ဆိုတော်မူ၏။ ။မူလဋီကာဆရာကား စေတနာကိုပဓာနထား၍ စေတနာ အားကြီး, စေတနာ အားနည်းသည်၏ အစွမ်းအားဖြင့် အပြစ်ကြီးခြင်း,အပြစ်နည်းခြင်းကို မှတ်ယူအပ်၏ ဟု မိန့်ဆိုတော်မူ၏။

---

သော၊ ထိုပါဏာတိပါတ ကမ္မပထသည်။ ဂုဏဝိရဟိတေသု၊ သီလစသော ဂုဏ်ကင်းပဲ့ကုန်သော၊ ပါဏေသု၊ တိရစ္ဆာန်စသော သတ္တဝါတို့တွင်။ ခုဒ္ဒကေ၊ ငယ်သော။ ပါဏေ၊ တိရစ္ဆာန် သတ္တဝါ၌။ အပ္ပသာဝဇ္ဇော၊ နည်းသော အပြစ်ရှိ၏။ မဟာသရီရေ၊ ကြီးသော ကိုယ်ရှိသော။ ပါဏေ၊ သတ္တဝါ၌။ မဟာသာဝဇ္ဇော၊ ကြီးသော အပြစ်ရှိ၏။ ကသ္မာ၊ အဘယ့်ကြောင့်နည်းဟူမူကား။ ပယောဂမဟန္တတာယ၊ ပယောဂလုံ့လအား ကြီးသည်၏ အဖြစ်ကြောင့်တည်း။ ပယောဂသမတ္တေပိ၊ လုံ့လအားမျှသည် အဖြစ်သည်။ သတိပိ၊ ရှိသည်ကသော်။ ဝတ္ထုမဟန္တတာယ၊ သတ်အပ်သော ဝတ္ထုဖြစ်သော သတ္တဝါ၏ ကိုယ်ခန္ဓာ ကြီးမားသောကြောင့်တည်း။

ယထာဝုတ္တပစ္စယဝိပရိယာယေဟိဝိ တံ တံ ပစ္စယေဟိ ဥပ္ပဇ္ဇမာနာယ စေတနာယ ဗလဝဝသေနေဝ အပ္ပသာဝဇ္ဇ မဟာသာဝဇ္ဇတာ ဝေဒိတဗ္ဗာ။ ။မူလဋီကာ။

တတ္ထာယမဓိပ္ပါယော ခုဒ္ဒကေပိ ယဒိ စေတနာ ဗလဝါ၊ တဿာ ဝသေန မဟာသာဝဇ္ဇတာ၊တထာ ဇာတရေသူတိ။ မဓု။

---

## အဒိန္နာဒါန် အဘွင့်

ကာယဝါစာဟိ အဒိန္နဿ အာဒါနံ အဒိန္နာဒါနံ။

ကာယဝါစာဟိ၊ ကိုယ်,နှုတ်တို့ဖြင့်။ အဒိန္နဿ၊ အရှင်သည် မပေးအပ်သောသူတပါးဥစ္စာကို။ အာဒါနံ၊ခိုးယူခြင်းသည်။ အဒိန္နာဒါနံ၊ အဒိန္နာဒါန ကံ မည်၏။ ။ဝိဂ္ဂြိုဟ်အရ····ဥစ္စာရှင်တို့သည် ကိုယ်နှုတ်တို့ဖြင့် မပေးအပ်သော သူတပါး၏ ဥစ္စာကို ခိုးယူခြင်းစေတနာသည် အဒိန္နာဒါနမည်၏။ ။ ဟူလို။

## အဒိန္နာဒါန၏ အင်္ဂါ

၁။ ။ပရပရိဂ္ဂဟိတ····သူတပါး သိမ်းဆည်းအပ်သော ဝတ္ထုဖြစ်ခြင်း၊

၂။ ။ပရပရိဂ္ဂဟိတသညိတာ–သူတပါးသိမ်းဆည်းအပ်၏ ဟု အမှတ်ရှိခြင်း၊

၃။ ။ထေယျစိတ္တံ–ခိုးလိုသော စိတ်လည်းရှိခြင်း၊

၄။ ။ပယောဂ–ခိုးရန် လုံ့လပြုခြင်း၊

၅။ ။အဝဟာရ–ခိုးယူသည်လည်းဖြစ်ခြင်း၊

ဤအင်္ဂါ ငါးပါးပြည့်စုံမှသာ အဒိန္နာဒါနကံမြောက်၏။ ။**ပယောဂ** တို့လည်း ပါဏာတိပါတ၌ကဲ့သို့ ခြောက်ပါးတို့ ပင်တည်း။ ထိုကံငါးပါး အောက်ယုတ်မှု ကံမထိုက်။

၅၅–ဂ။ ။ပရဿ သံ တထာသညီ၊ထေယျစိတ္တဥ္စုပက္ကမော။
တေန ဟာရောတိပဉ္စင်္ဂါ၊ထေယျဿ ယတနာ သမာ။ ။

---

၅၅–ဂ။ ။ပရဿ၊သူတပါး၏။သံ၊သိမ်းဆည်းအပ်သောဥစ္စာ။ တထာသညီ၊သူတပါး၏ သိမ်းဆည်းအပ်သောဥစ္စာဟု အမှတ်ရှိခြင်း။ ထေယျစိတ္တံ၊ ခိုးကြောင်းဖြစ်သောစိတ်ရှိခြင်း။ ဥပက္ကမော၊ခိုးခြင်းငှါ လုံ့လပြုခြင်း။တေန၊ထိုလုံ့လဖြင့်။ဟာရော၊ခိုးယူခြင်း။ ဣတိဣမေပဉ္စ၊ဤ ငါးပါးတို့သည်။ထေယျဿ၊အဒိန္နာဒါနကံ၏။အင်္ဂါ၊အကြောင်းတို့တည်း။ယတနာ၊ပယောဂ ခြောက်ပါးတို့သည်ကား။ သမာ၊ ရှေးပါဏာတိပါတကံနှင့် တူကုန်၏။

ခိုင်းခြင်းအပြား ၂၅-ပါးတို့ကိုဤဂါထာအရ''ပရိဂ္ဂဟိတံ''လာရှိသဖြင့် တိရစ္ဆာန်တို့ သိမ်းဆည်းအပ်သော ဥစ္စာကို ခိုးယူသော် အဒိန္နာဒါနကံ ထိုက်၏။ ။ဝိနည်း ကံအားဖြင့်ကား''မနုဿ သံ''ဟု လာရှိသောကြောင့် အာပတ်မသင့်။ ။ထိုကြောင့် ဝိနည်းအဋ္ဌကထာ၌''မနုဿသံ'' လာရှိ၏။ အဘိဓမ္မာအဋ္ဌကထာ၌''ပရပရိဂ္ဂဟိတံ''ဟုပရ-နှင့် လာရှိ၏။

## အဒိန္နာဒါနကံ၏ အပြစ်ကြီးငယ်တို့ကို ပြခြင်း

အဒိန္နာဒါနကံ၌ ခိုးအပ်သော သူတပါး၏ ဥစ္စာသည် အဘိုးတန်,အဘိုး ကြီးမူ အပြစ်ကြီး၏။ အဘိုးမတန်, အဘိုးနည်းပါမူ အပြစ်ငယ်၏။ အဘယ့် ကြောင့်ဆိုသော် တန်ဘိုးတို့၏ အနည်းအများစသော အစွမ်းအားဖြင့် ယုတ် ခြင်း,မြတ်ခြင်း ဖြစ်သောကြောင့်တည်း။ ဝတ္ထုအဘိုးတူမျှခဲ့သော် ဥစ္စာရှင်၏ သီလဂုဏ် ကြီးမြတ်ရာ၌ အပြစ်ကြီး၏။ ယုတ်သော ဂုဏ်ရှိသောပုဂ္ဂိုလ်၏ ဥစ္စာ၌ အပြစ်နည်း၏။ ဝိနည်းအလိုအားဖြင့် ပုဂ္ဂလိကဥစ္စာထက် ဂဏိက ဂိုဏ်းဥစ္စာ အပြစ်ကြီး၏။ ဂဏိကဥစ္စာထက် သံဃိက သံဃာ့ဥစ္စာ အပြစ် ကြီး၏။

> တံ ဟီနေ ပရသန္တကေ အပ္ပသာဝဇ္ဇံ၊ ပဏီတေ မဟာသာဝဇ္ဇံ၊ ကသ္မာ ဝတ္ထုပဏီတတာယ။ ဝတ္ထုသမတ္တေ သတိ ဂုဏာဓိကာနံ သန္တကေ ဝတ္ထုသ္မိံ မဟာသာဝဇ္ဇံ။ ။အဋ္ဌသာလိနီ အဋ္ဌကထာ။

## အဒိန္နာဒါနကံ၏ ပယောဂ ခြောက်ပါး

ဤအဒိန္နာဒါန်၌ ပယောဂသည် ပါဏာတိပါတပယောဂနှင့် တူ၏- ဆိုပြီးသော်လည်း သောတုဇနတို့ သိသာထင်ရှားရန် ဘော်ပြပေအံ့။

၁။ ။သူတပါး၏ ဥစ္စာကို မိမိလက်ဖြင့် ခိုးယူခြင်းသည် သာဟတ္ထိက ပယောဂဖြင့် ခိုးခြင်းမည်၏။

တံ၊ ထိုအဒိန္နာဒါနကံသည်။ ဟီနေ၊ ယုတ်သော။ ပရသန္တကေ၊ သူတပါး၏ဥစ္စာ၌။ အပ္ပသာဝဇ္ဇံ၊ နည်းသောအပြစ်ရှိ၏။ ပဏီတေ၊ မွန်မြတ်သော။ ပရသန္တကေ၌။ မဟာသာဝဇ္ဇံ၊ ကြီးသော အပြစ်ရှိ၏။ ကသ္မာ၊ အဘယ့်ကြောင့်နည်းဟူမူကား။ ဝတ္ထုပဏီတတာယ၊ ခိုးအပ်သော ဝတ္ထု၏ မြတ်သည်၏ အဖြစ်ကြောင့်တည်း။ ဝတ္ထုသမတ္တေ၊ ဝတ္ထုတူမျှသည်၏ အဖြစ်သည်။ သတိ၊ ရှိသော်၊ ဂုဏာဓိကာနံ၊ သီလစသောဂုဏ်အားဖြင့် ကြီးကုန်သောသူတို့၏။ သန္တကေ၊ ဥစ္စာဖြစ်သော။ ဝတ္ထုသ္မိံ၊ ၌။ မဟာသာဝဇ္ဇံ၊ ကြီးသော အပြစ်ရှိ၏။ ဝါ၊ အပြစ်ကြီး၏။

၂။ ။ဤမည်သော သူ၏ဘဏ္ဍာကို ခိုးချေဟူ၍ သူတပါးကို စေခိုင်း၍ ခိုးခြင်းသည် အာဏတ္တိက ပယောဂဖြင့် ခိုးခြင်းမည်၏။

၃။ ။ကင်းထားရာ အရပ်တွင်း၌ တည်သဖြင့် ကင်းခွန် လွတ်ရာ အသို့ ဘဏ္ဍာကို ပစ်လိုက်၍ ခိုင်းခြင်းသည် နိဿဂ္ဂိယပယောဂ ဖြင့် ခိုးခြင်းမည်၏။

၄။ ။ဤမည်သောသူ၏ ဘဏ္ဍာကို အကြင်အခါ စွမ်းနိုင်၏။ထိုအခါ ခိုးလော့ ဟု စေခိုင်းသဖြင့် မခိုးမီကပင် ခိုးခြင်းအကျိုးကို ပြီးစေ တတ်သော အတ္ထသာဓက ခိုင်းခြင်းသည်၎င်း, တရံတခါသူတပါး ၏ ဥစ္စာကို ပျက်စီးလိုဖြင့် ထောပတ်အိုး, ဆီးအိုးတို့၌ ပုဆိုးစ သည်ကို ထည့်သွင်းခြင်းဖြင့် ခိုးယူခြင်းသည်၎င်း ထာဝရ ပယောဂ ခိုးယူသည်မည်၏။

၅။ ။မန္တန်ကို ရွတ်၍ ခိုးယူခြင်းသည် ဝိဇ္ဇာမယ ခိုးခြင်းမည်၏။

၆။ ။မန္တန်ရွတ်ခြင်းကို ပယ်ရှား၍ တစုံတခုသော တန်းခိုးဖြင့် ပြီး သော ဣဒ္ဓိပါဒ်တို့၏အစွမ်းဟု ဆိုအပ်သော ကာယဝစီပယောဂ တို့ဖြင့် ခိုးယူခြင်းသည် ဣဒ္ဓိမယပယောဂဖြင့် ခိုးခြင်းမည်၏။ ။ ဤကား အဒိန္နာဒါန်၏ ပယောဂ ခြောက်ပါး တို့တည်း။

---

## ခိုးခြင်း ၂၅-ပါး အကျဉ်း အဓိပ္ပါယ်

ထိုအဒိန္နာဒါန်၌ ခိုးယူခြင်း အမျိုးအစား တို့သည် ၂၅-ပါး ရှိကုန်၏။ ၂၅-ပါးဟူသော်ကား ၁-နာနာဘဏ္ဍခိုးခြင်း ငါးပါး၊ ၂-ဧကဘဏ္ဍခိုးခြင်း ငါးပါး၊ ၃-သာဟတ္ထိက ခိုးခြင်းငါးပါး၊ ၄-ပုဗ္ဗပယောဂ ခိုးခြင်း ငါးပါး၊ ၅-ထေယျာဝဟာရ ခိုးခြင်း ငါးပါးအားဖြင့် ၂၅-ပါး ဖြစ်သတည်း။

## နာနာဘဏ္ဍ ခိုးခြင်း ငါးပါး

၁-အာဒိယန၊ ၂-ဟရဏ၊ ၃-အဝဟရဏ၊ ၄-ဣရိယာပထဝိကောပန၊ ၅-ဌာနာစဝန-ဤငါးပါးသည် နာနာဘဏ္ဍ ခိုးခြင်းငါးပါးမည်၏။

၁။ ။တရားတွေ့၍ ခိုးခြင်းသည် အာဒိယန ခိုးခြင်းမည်၏။

၂။ ။သူတပါး၏ဥစ္စာဆောင်ယူသွားစဉ် ခိုးလိုစိတ်ပေါ်၍ ဦးခေါင်း၌ တည်သောဝန်ကို ပခုံးသို့ ချခြင်းသည် ဟရဏ ခိုးခြင်းမည်၏။

၃။ ။မိမိထံသို့ အပ်ထားသော ဥစ္စာကို မအပ်ယောင်ပြု၍ ခိုးခြင်းသည်-အဝဟရဏ ခိုးခြင်းမည်၏။
၄။ ။ဥစ္စာဆောင်သော သူနှင့်တကွ ဥစ္စာကိုပါ ဣရိယာပုထ်ကို ဖျက်၍ ခိုးခြင်းသည်-ဣရိယာပထ ဝိကောပန ခိုးခြင်းမည်၏။
၅။ ။တည်ရာမှရွေ့စေ၍ ခိုးခြင်းသည် ဌာနာစဝန ခိုးခြင်းမည်၏။

**မှတ်ချက်။** ။အာဒိယနခိုးခြင်း၌ ဥစ္စာရှင်သည် ဤဘဏ္ဍာကို ငါမရပြီဟု ဝန်ချသည်နှင့် တပြိုင်နက် ကံထိုက်၏။ဟရဏခိုးခြင်း၌ ပြောင်းလိုက်သည်နှင့်တပြိုင်နက် ကံထိုက်၏။ အဝဟရဏခိုးခြင်း၌ ဥစ္စာရှင်သည် ငါ၏ဘဏ္ဍာကို မရတော့ပြီ-ဟု ဝန်ချသည်နှင့် တပြိုင်နက် ကံမြောက်၏။ဣရိယာပထဝိကောပန ခိုးခြင်း၌-ဘဏ္ဍာဆောင်သောသူ၏ပဌမခြေလှမ်းကို ကြွလှမ်း၍ ဒုတိယခြေလှမ်းကို ကြွသည်နှင့် တပြိုင်နက် ကံထိုက်၏၊ဌာနာစာနခိုးခြင်း၌ တည်ရာမှ ရွေ့သည်နှင့် တပြိုင်နက် ကံထိုက်၏။''သာမိကော န မယှံ ဘဝိဿတီတိ ဓုရံ နိက္ခိပတိ၊ အာပတ္တိ ပါရာဇိကဿ။ ဌာနာ စာဝေတိ၊ အာပတ္တိ ပါရာဇိကဿ''။

ပါရာဇိကဏ်-အဋ္ဌကထာ။

---

**ကေဘဏ္ဍာ ခိုးခြင်း ငါးပါး**

၁-အာဒိယန၊ ၂-ဟရဏ၊ ၃-အဝဟရဏ၊ ၄-ဣရိယာပထဝိကောပန၊ ၅-ဌာနာစဝန-ဤငါးပါးသည် ကေဘဏ္ဍာ ခိုးခြင်းငါးပါးမည်၏။

၁။ ။အရှင်ရှိကျွန်-စသည်ကို တရားဆင်၍ ခိုးခြင်းသည်-အာဒိယန ခိုးခြင်းမည်၏။
၂။ ။ဆောင်အပ်သော ဘဏ္ဍာကို ခိုးခြင်းသည် - ဟရဏခိုးခြင်းမည်၏။
၃။ ။အပ်နှံထားအပ်သော ဘဏ္ဍာတို့ကို ခိုးခြင်းသည် အဝဟရဏ ခိုးခြင်းမည်၏။
၄။ ။ဣရိယာပုထ်ကို ဖျက်၍ခိုးခြင်းသည်-ဣရိယာပထ ဝိကောပန ခိုးခြင်းမည်၏။
၅။ ။တည်ရာကို ရွေ့စေ၍ ခိုးခြင်းသည် ဌာနာစဝန ခိုးခြင်းမည်၏

**မှတ်ချက်။** ။ဤနာနာဘဏ္ဍာခိုးခြင်းနှင့် ကောဘဏ္ဍာခိုးခြင်းတို့၏ အထူးကား နာနာဘဏ္ဍာခိုးခြင်းကား သက်ရှိဥစ္စာ,သက်မဲ့ဥစ္စာ ၂-ပါးကို ခိုးယူခြင်းတည်း။ ကောဘဏ္ဍာခိုးခြင်းကား သက်ရှိဥစ္စာကို ခိုးယူခြင်းတည်း။ဤသို့ထူး၏။ ။"ကောဘဏ္ဍဝသေနပိ သဝိညာဏကေနေဝ လဗ္ဘတိ။ နာနာဘဏ္ဍဝသေနပိ သဝိညာဏကာ ဝိညာဏကမိဿကေန"။

ပါရာဇိကကဏ်-အဋ္ဌကထာ။

---

## သာဟတ္ထိက ခိုးခြင်း ၅ါးပါး

၁-သာဟတ္ထိက၊ ၂-အာဏတ္တိက၊ ၃-နိဿဂ္ဂိယ၊ ၄-အတ္ထသာဓက၊ ၅-ဓုရနိက္ခေပ။ဤ၅ါးပါးသည်-သာဟတ္ထိက ခိုးခြင်း ၅ါးပါးမည်၏။

၁။ ။မိမိကိုယ်တိုင် ခိုးခြင်းသည်-သာဟတ္ထိက ခိုးခြင်းမည်၏၊

၂။ ။သူတပါးကို စေ၍ခိုးခြင်းသည်-အာဏတ္တိက ခိုးခြင်းမည်၏၊

၃။ ။ကင်းခွန်ထားရာ အရပ်စသည်တို့၏ အတွင်း၌ တည်၍ အပသို့ ဘဏ္ဍာကို ပစ်ချစွန့်လွှတ်၍ ခိုးခြင်းသည် - နိဿဂ္ဂိယ ခိုးခြင်းမည်၏၊

၄။ ။ဤမည်သောသူ၏ ဘဏ္ဍာကို အကြင်အခါ စွမ်းနိုင်၏။ ထိုအခါ ခိုးလော့ဟု စေခိုင်းခြင်းသည်-အတ္ထသာဓက ခိုးခြင်းမည်၏၊

၅။ ။မိမိထံ အပ်နှံထားသောပစ္စည်း အခိုက်အတန့်၄ါးသော ဥစ္စာစသည်ကို ပြန်တောင်းသောအခါ-မပေးဟု ပြောဆိုသဖြင့် ဥစ္စာကို မရတော့ပြီ-ဟု ဝန်ချခြင်းသည်-ဓုရနိက္ခေပ-ခိုးခြင်းမည်၏။ "အာဏာပကော အာဏတ္တိက္ခဏေယေဝ ပါရာဇိကော ဟောတိ။အဝဟာရကော ပန အဝဟဋကာလေ"။

**မှတ်ချက်။** ။အတ္ထသာဓက ခိုးခြင်းဟူသည် ထိုခိုင်းအပ်သောသူသည် အနှစ်ခြောက်ဆယ် ကြာမှပင် ခိုးစေကာမူ၊ စေခိုင်းသော သူအား စေခိုင်းသော ခဏ၌ပင် ကံထိုက်၏။ အဒိန္နာဒါန် အကျိုးပြီးသော ကြောင့် အတ္ထသာဓက-ဟု ဆိုရသည်။

## ပုဗ္ဗပယောဂ ခိုးခြင်း ငါးပါး

၁-ပုဗ္ဗပယောဂ၊ ၂-သဟပယောဂ၊ ၃-သံဝိဓာဝဟာရ၊ ၄-သင်္ကေတကမ္မ၊ ၅-နိမိတ္တကမ္မ၊ဤငါးပါးသည်ကား ပုဗ္ဗပယောဂ ခိုးခြင်းမည်၏။

၁။ ။သူတပါးကို စေခိုင်း၍ ခိုခြင်းသည် ပုဗ္ဗဂယောဂ ခိုးခြင်းမည်၏၊ အဘယ့်ကြောင့် ဆိုသော် စေခိုင်းသော သူ၏ ခိုးယူသည် အခါမှ ရှေးဦးမဆွ စေခိုင်းသောခဏ ဟု ဆိုအပ်သော ပုဗ္ဗပယောဂ၌ပင် ကံထိုက်သောကြောင့်တည်း၊

၂။ ။တည်ရာမှရွှေ့၍ ခိုးခြင်းသည်ငှင်း၊ လယ်ယာကိုင်းကျွန်း စသည်၌ထားအပ်သော ကံသင်းမှတ်တိုင် စသည်ကို ရွှေ့ပြောင်း၍ ခိုးခြင်းသည်ငှင်း ရွှေ့ပြောင်းသော ပယောဂ၌ပင် ကံထိုက်သောကြောင့် သဟပယောဂ ခိုးခြင်းမည်၏။

၃။ ။ဤမည်သောဘဏ္ဍာကို ခိုးယူကုန်အံ့ဟု တိုင်ပင်၍ ခိုးခြင်းသည် သံဝိဓာဝဟာရ ခိုးခြင်းမည်၏၊

၄။ ။နံနက် အခါ၌ ခိုးယူလော့, မွန်းလွဲသောအခါ၌ ခိုးယူလော့,ဟု အချိန်းအချက် ထားသဖြင့် စေခိုင်းခြင်းသည် သင်္ကေတကမ္မ ခိုးခြင်းမည်၏၊

၅။ ။ခိုးယူစေခြင်းငှါ မျက်စိမှိတ်ခြင်း, လည်ညိတ်ခြင်း, စသော အမှတ်ကိုပြု၍ ခိုးယူစေခြင်းသည် နိမိတ္တကမ္မ ခိုးခြင်းမည်၏။

**မှတ်ချက်။** ။သံဝိဓာဝဟာရခိုးခြင်း၌ ထိုသို့တိုင်ပင်၍ သွားကုန်သော သူတို့တွင် တယောက်သော သူသည် ဘဏ္ဍာကိုနေရာမှ ရွှေ့စေသည်ရှိသော် အလုံးစုံ တိုင်ပင်ရာ ပါသူတို့သည် ကံထိုက်ကုန်၏။ သင်္ကေတကမ္မခိုးခြင်း၌ ထားသော အချိန်းအချက်အတိုင်း မချွတ်မလွဲ ခိုးလတ္တံ့ဖြစ်ပါမူ၊ အချိန်းအချက် ပြုသောသူအား ပြုသော ခဏ၌ပင် ကံထိုက်၏၊ နိမိတ္တကမ္မခိုးခြင်း၌ မျက်စိမှိတ်ခြင်း, ခေါင်းညိတ်ခြင်းကိုပြုသည်မှ မရှေးမနှောင်း ကာလ၌ စေခိုင်းအပ်သော သူသည် ခိုးသည်ဖြစ်အံ့ အမှတ်ပြုသော သူအား အမှတ်ပြုသော ခဏ၌ ကံထိုက်၏။

၅၅-ဃ။ ။သမ္ဗဟုလာ ဘိက္ခူ ကော အာဏာပေန္တိ ဂစ္ဆေ တံ အာဟ ရာတိ တဿုဒ္ဒါရေ သဗ္ဗေသံ ပါရာဇိကံ။ ဥဘိန္နမ္ပိ ဩစရ ကော ဝုတ္တနယေနေဝ ပါရာဇိကံ။ ။ပါရာဇိကကဏ် အဋ္ဌကထာ။

---

## ထေယျာဝဟာရ ခိုးခြင်း ငါးပါး

၁-ထေယျာဝဟာရ၊ ၂-ပသယှာဝဟာရ၊ ၃-ပရိကပ္ပါဝဟာရ၊ ၄-ပဋိစ္ဆန္နာဝဟာရ၊ ၅-ကုသာဝဟာရ။ ဤငါးပါးသည် ထေယျာဝဟာရ ခိုးခြင်း ငါးပါး မည်၏။

၁။ ။အလေးချိန်စဉ်းလဲခြင်း, တင်း, တောင်း စဉ်းလဲခြင်း, ငွေ-အသပြာ စဉ်းလဲခြင်း-စသော စဉ်းလဲခြင်း အမျိုးမျိုးဖြင့် လှည့်ပတ်၍ ခိုးခြင်းသည်၎င်း၊ မိမိကိုယ်ကို သူများမသိစေမူ၍ ပုံးကွယ်ကာ တိုက်နံရံ အစပ် စသည်တို့ကို လိုးဖြတ်ဘောက်ထွင်း၍ ခိုးခြင်း သည်၎င်း ထေယျာဝဟာရ ခိုးခြင်းမည်၏၊

၂။ ။အနိုင်အထက် နှိပ်စက်၍ သူခိုးထားပြမျှားကဲ့သို့ ခိုးခြင်းသည် ပသယှာဝဟာရ ခိုးခြင်းမည်၏၊

၃။ ။ဘဏ္ဍာကို၎င်း,အရပ်ကို၎င်း, ကြံဆ၍ ခိုးခြင်းသည် ပရိကပ္ပါဝဟာရမည်၏၊

၄။ ။သူတပါး၏ ကျ၍နေသော လက်စွပ်စသောဝတ္ထုကို အများ မမြင်ရအောင် ဖုံမှုန့်သစ်ရွက်စသည်ဖြင့် ဖုံးအုပ်၍ခိုးယူခြင်းသည် ပဋိစ္ဆန္နာဝဟာရ မည်၏။

၅။ ။ကမ္ဗည်းပြောင်း၍ ခိုးခြင်းသည် ကုသာဝဟာရ ခိုးခြင်းမည်၏။ ကမ္ဗည်းပြောင်း ဟူသည် တစုံတခုသော ဝတ္ထုကို ကမ္ဗည်း အက္ခရာမဲချ၍ ဝေဘန်သည်ရှိသော် သူတပါးတို့၏အဘို့ကို အလိုရှိသည်ဖြစ်၍ မိမိအဘို့၌ ကျသော ကမ္ဗည်းမဲဖြင့် လဲပြောင်း ခြင်းပင်တည်း။

---

၅၅။ ။သမ္ဗဟုလာ၊ ကျေးဇူးတော်ကိုသိသော။ ဘိက္ခူ၊ ရဟန်းတို့သည်။ ကော၊ ရဟန်းတပါးကို။ ဂစ္ဆ၊ သွားလေ၍။ တံ၊ ထိုဝတ္ထုကို။ အာဟရ၊ ဆောင်ယူခဲ့လေ၍။ ရာတိ၊ ဤသို့။ အာဏာပေန္တိ၊ စေခိုင်းကုန်၏။ တဿ၊ ထိုစေခိုင်းအပ်သောသူ၏။ ဝါ၊ ထိုဝတ္ထု၏။ ဥဒ္ဒါရေ၊ ချီကြွသည်ရှိသော်။ သဗ္ဗေသံ၊ စေခိုင်းသောသူအားလုံးတို့အား။ ပါရာဇိကံ၊ ပါရာဇိကာ အာပတ်သင့်၏။ ဥဘိန္နမ္ပိ၊ စေသူ-စေအပ်သူ နှစ်ယောက်တို့အား။ ဩစရကော၊ ဩစရကောခိုးခြင်း၌။ ဝုတ္တနယေနေဝ၊ ဆိုအပ်ပြီးသော နည်းအားဖြင့် သာလျှင်။ ပါရာဇိကံ၊ ၏။

ယောဟိ ကောစိ သဿာမိကံ ဘဏ္ဍရက္ခိတာဒိဝေါဒိဝါဘာဂေဝါ သန္နိဋ္ဌေဒါဒိနိ ကတွာ အဒိဿမာနော အဝဟရတိ၊ ကူဋမာန-ကူဋကဟာပဏာဒီဟိ ဝါ ဝဉ္စေတွာ ဂဏှာတိ။ တဿေဝံ ဂဏှတော အဝဟာရော ထေယျာဝဟာရောတိ ဝေဒိတဗ္ဗော။ ။ ယော ဘိက္ခု ကုသံ ပါတေတွာ စီဝရေ ဘာဇီယမာနေ အတ္တနော ကောဋ္ဌာသဿ သမီပေ။ပ။ ကုသဒဏ္ဍကံ ပရဿ ကောဋ္ဌာသေ ပါတေတုကာမော ဥဒ္ဓရတိ။ ။ပါရာဇိကကဏ် အဋ္ဌကထာ။

---

## ကာမေသုမိစ္ဆာစာရကံ အသွင့်

မိစ္ဆာ စရဏံ မိစ္ဆာစာရော။ကာမေသု
မိစ္ဆာစာရော ကာမေသုမိစ္ဆာစာရော။

မိစ္ဆာ၊ မှားသော အားဖြင့်။စရဏံ၊ ကျင့်ခြင်းတည်း။ မိစ္ဆာစာရော၊ မှားသောအားဖြင့်ကျင့်ခြင်း။ကာမေသု၊ကိလေသာကာမတို့၌။မိစ္ဆာစာရော၊ မှားသောအားဖြင့် ကျင့်ခြင်းသည်။ ကာမေသု မိစ္ဆာစာရော၊ ကာမေသု မိစ္ဆာစာရမည်၏။

ဝိဂြိုဟ်အရ····မသွားမရောက်သင့်သော အဂမနီယ ဝတ္ထုတို့၌ မဂ်ချင်းချင်းယှဉ်တွဲ ပေါင်းစပ်မိအောင် ပြုတတ်သော ကာယဂယောဂကြောင့် ဖြစ်သော သာယာခြင်းစေတနာသည် ကာမေသုမိစ္ဆာစာရမည်၏။ ။ဟူလို။

### ကာမေသုမိစ္ဆာစာရ၏ အင်္ဂါ လေးပါး

၁။ ။အဂမနီယဝတ္ထု-မသွားလာအပ်သော ဝတ္ထုလည်း ဖြစ်ခြင်း၊

၂။ ။တသ္မိံ သေဝနစိတ္တံ-ထို မသွားလာအပ်သော ဝတ္ထု၌ မှီဝဲလိုသော စိတ်ရှိသည်လည်း ဖြစ်ခြင်း၊

၃။ ။ပယောဂေါ-လုံ့လ ပြုခြင်း၊

၄။ ။မဂ္ဂေန မဂ္ဂပတိပတ္တိ အဓိဝါသံ-မဂ်အချင်းချင်း ပူးယှဉ်သည်၌၊ သည်းခံသာယာခြင်း။ ဤအင်္ဂါလေးပါး ပြည့်စုံမှ သာလျှင် ကာမေသုမိစ္ဆာစာရကံ မြောက်၏။

**ပယောဂကား**၊ ကိုယ်တိုင် မှီဝဲခြင်းဟု ဆိုအပ်သော သာဟတ္ထိက ပယောဂတပါးသာတည်း။ ။ဆိုလိုရင်းကား····ဤအင်္ဂါလေးပါးနှင့်ပင်

ပြည့်စုံသော်လည်း သူတပါးကို စေခိုင်း၍ ပြည့်စုံသဖြင့် ကံမမြောက်၊ ကိုယ်တိုင် မှီဝဲမှ ကံမြောက်၏။ ။ဟူလို။

ပတ္ထု[အဂမနီယဋ္ဌ]တသ္မိံ သေဝနစိတ္တတာ။
ပယောဂေါ မဂ္ဂေနမဂ္ဂ၊ ပတိပတ္တိဓိဝါသနံ။
ဣတိ ကာမေသု စတ္တာရော၊ ပယောဂေနော သာဟတ္ထိကော။ ။

ပါရာဇိကကဏ် အဋ္ဌကထာ။

---

## အဂမနီယ ဝတ္ထု

ဤ၌ အဂမနီယဝတ္ထု-ဟူသော ပုဒ်အရ ယောကျ်ားတို့ မသွားလာအပ်သော မိန်းမတို့ကား နှစ်ကျိပ်ရှိ၏။ ။နှစ်ကျိပ်ကား-

၁။ ။မာတုရက္ခိတ-အမိစောင့်သော မိန်းမ၊
၂။ ။ပိတုရက္ခိတ-အဖစောင့်သော မိန်းမ၊
၃။ ။မာတာပိတုရက္ခိတ-မိဘနှစ်ပါး စောင့်ရှောက်အပ်သော မိန်းမ၊
၄။ ။ဘဂိနိရက္ခိတ-အစ်မ,ညီမ-စောင့်ရှောက်အပ်သော မိန်းမ၊
၅။ ။ဘာတုရက္ခိတ-မောင်ကြီး,မောင်ငယ် စောင့်ရှောက် အပ်သော မိန်းမ၊
၆။ ။ဉာတိရက္ခိတ- သွေးစပ်သောအမျိုး စောင့်ရှောက်အပ်သော မိန်းမ၊
၇။ ။ဂေါတ္တရက္ခိတ-အနွယ်စောင့်ရှောက်အပ်သော မိန်းမ၊
၈။ ။ဓမ္မရက္ခိတ-သီတင်းသုံးဘော် စောင့်ရှောက်အပ်သော မိန်းမ၊
၉။ ။သပရိဒဏ္ဍ-ဒဏ်ထားအပ်သော မိန်းမ၊
၁၀။ ။သာရက္ခ-အစောင့်အရှောက် အရှင်ရှိသော မိန်းမ၊

ဤ ၁၀-ယောက်သော မိန်းမတို့ကား အစောင့်အရှောက်မျှသာ ရှိသော မိန်းမတို့တည်း။

---

အဂမနီယံဝတ္ထု၊မသွားလာအပ်သော ဖြစ်အဆည်း။ တသ္မိံ၊ထိုဖြစ်အထည်၌။ သေဝနစိတ္တတာ၊မှိဲဝဲကြောင်းစိတ်ရှိခြင်း။ ပယောဂေါ၊လုံ့လပြုခြင်း။မဂ္ဂေန၊မိမိမဂ်ဖြင့်။ ဝါ၊သူ၏မဂ်ဝဖြင့်။ မဂ္ဂပတိပတ္တိအဓိဝါသနံ၊သူ၏မဂ်တွင်းသို့ရောက်သည်ကိုသာယာခြင်း။ဣတိ ဣမေစတ္တာရော၊ ဤလေးပါးတို့သည်။ ကာမေသု၊ ကာမေသုမိစ္ဆာစာရ၏။ အင်္ဂါ၊အကြောင်း တို့ပေတည်း။ ပယောဂေါ၊ပယောဂသည်။ဧကောသာဟတ္ထိကော၊သာဟတ္ထိကတပါးသာတည်း။

၁။ ။ဓနက္ကီတာ-ဥစ္စာဖြင့်ဝယ်ယူအပ်သော မယား၊
၂။ ။ဆန္ဒဝါသိနီ-အလိုဆန္ဒ တူမျှ၍နေသော မယား၊
၃။ ။ဘောဂဝါသိနီ-စည်းစိမ်းကို မြော်မြင်၍ နေသော မယား၊
၄။ ။ပဋဝါသိနီ-အဝတ်အထည်ကို မြော်မြင်၍ နေသော မယား၊
၅။ ။ဩဒပတ္တကိနီ-ရေခွက်တခု၌လက်ချ၍ပေါင်းဘက်သော မယား၊
၆။ ။ဩဘတစုမ္ဗဋာ-ခေါင်းခု ဝန်ထုပ်ကိုချ၍ နေသော မယား၊
၇။ ။ဓဇာဟဋာ-စစ်တခွန်လွှင့်ရာမှ ဆောင်အပ်သော မယား။ ဝါ၊ သုံ့ရမယား၊
၈။ ။ကမ္မကာရီဘရိယာ-အိမ်၌ အမှုဆောင်ရင်းယူသော မယား၊
၉။ ။ဒါသီဘရိယာ-ကျွန်မ မယား၊
၁၀။ ။မုဟုတ္တိကာ-ခဏ္ဍ မယား၊

ဤ ၁၀-ယောက်သော မိန်းမတို့ကား ကာမပိုင်ရှိသော မိန်းမတို့သည်း။

**မှတ်ချက်**။ ။ဓမ္မရက္ခိတာ၌ ဓမ္မ-ဟူသည် သဟဓမ္မိက သီတင်းသုံးဘော်ကိုယူ။ သီတင်းသုံးဘော်တို့ စောင့်ရှောက်အပ်သော မိန်းမဟု မှတ်။သာရက္ခ-ဟူသည်မှာ အရှင်ရှိသော မိန်းမကိုယူ။ဤသို့ဖြစ်ပါက-ခနက္ကီတာဒိန်းမများနှင့် အသို့ထူးပါသနည်း၊ ၎င်းတို့လည်းအရှင်ရှိသော မိန်းမတို့ပင် မဟုတ်ပါလောဟူမူ။၎င်းသာရက္ခာဟူသည်မှာ ယောက်ျား အဘို့ငှါ အဝတ်ပုဆိုး ပန်းစသည်ကို ပေးထား၍ ကြောင်းလမ်းထားသော မိန်းမမျိုးကို ဆိုလိုသည်။ ဓနတ္တိတမယားများကား လင်ရှိပြီး သားမယား၊အာရက္ခာကား-မိဘနှစ်ပါး စပ်ဟပ်ကြောင်းလမ်းထားသော မယား-ဤသို့ ထူးပါသည်။ ။သသာမိကာ သာရက္ခာ။ ။မူလဋီကာ။ ။သသာမိကာ သာရက္ခာတိ ယဿာ ဝတ္တမာလာဒိနိ သာမိကတ္ထာယ ဒိန္နာနိ၊သာ တတော ပဋ္ဌာယ ပုရိသေ အနာဂတေပိ သသာမိကာတိ ဝုစ္စတိ။ ။မဓု။

ဤနှစ်ကျိပ်သော မိန်းမတို့၌ သွားလာကျူးလွန်လျှင် ကာမေသုမိစ္ဆာစာရကံထိုက်၏၊မိန်းမတို့အတွက် ကံထိုက်သော မိန်းမများမှာ သပရိဒဏ္ဍ, သာရက္ခ မိန်းမနှစ်ယောက်နှင့် နောက်မယား ၁၀-ယောက်၊ပေါင်း-၁၂ ယောက်သော မိန်းမတို့သာတည်း။၎င်း ၁၂-ယောက်သော မိန်းမတို့သည်

မိမိ၏ လင်ယောကျ်ားမှတပါး အခြားသောယောကျ်ားတို့နှင့်သွားလာဆက်ဆံလျှင် ကာမေသု မိစ္ဆာစာရကံ ထိုက်၏။ ''ပုရိသဿ ပန တာသု ဝိသတိသု ကာမေသုမိစ္ဆာစာရော''။ထိုမိန်းမ ၁၂-ယောက်တို့သည် လူဇာက်ကို မဆိုထားဘိ၊တိရစ္ဆာန်ထီးတို့နှင့် ကျူးလွန်သော်လည်း ကာမေသုမိစ္ဆာစာရကံ မြောက်၏။ ။ကြွင်းမာတုရက္ခိတစသော မိန်းမရှစ်ယောက်တို့ကား မိမိတို့ အတွေ့အရသာကို မိမိတို့သာ ပိုင်ဆိုင်၍ အခြားသူ ပိုင်ဆိုင်သူ မရှိသောကြောင့် ကာမေသုမိစ္ဆာစာရကံ မထိုက်ကုန်။

၁။ ။မာ, ပိ, မာပိ၊ဘနှင့် ဘာ၊ဉာ, ဂေါ, ဓံ, သ, သာ။

၂။ ။ဓ, ဆန်, ဘော, ပ၊ဩ-ဩ-ဓ၊ကမ္မ-ဒါ-မုဟာ။

၃။ ။မိန်းမတို့မှာ၊သ, သာ-နှစ်တန်၊ဓ-ဆန်-ဘော-ပ၊ဩ-ဩ-ဓ၊ ကမ္မဒါ-မုဟာ။

ဘူရိဒတ် နဂါးမင်းကြီးသည် သီလ ဆောက်တည်ကြောင်း, ယုန်, ဖျံ၊ မြေခွေး, မျောက်တို့သည်လည်း သီလဆောက်တည်ကြောင်း ကျမ်းဂန်တို့၌ လာရှိသောကြောင့် တိရစ္ဆာန်မှာလည်း ငါးပါး, ဆယ်ပါး စသော သီလများလည်း ရှိသည်ပင်ဖြစ်၏။ ထို့ကြောင့် တိရစ္ဆာန်ချင်းချင်းသော်ငှင်း, လူစသည်၌ သော်ငှင်း မသွားလာအပ်သော အဂမနီယဝတ္ထု၌ သွားလာကျူးလွန်လျှင် ကာမေသုမိစ္ဆာစာရကံ ထိုက်၏။

> မာတုရက္ခိတာဒီနံ အဋ္ဌန္နံ မိစ္ဆာစာရော နတ္ထိ အသာမိကတ္တာ။ တာသု ဂတာနံ ပုရိသာနမေဝ မိစ္ဆာစာရော ဟောတိ၊မာတာဒိဟိ ရက္ခိတတ္တာ။
>
> တေရသကဏ် ဋီကာ။

---

မဂ္ဂေနမဂ္ဂအရ မင်္ဂအပြား

မေထုန်အကျင့်ကို ကျင့်သောမဂ်တို့သည် အကျဉ်းအားဖြင့် သုံးပါး၊ အကျယ်အားဖြင့် မဂ်ပေါင်းသုံးဆယ် ဖြစ်ကုန်၏။ ။အကျဉ်းအားဖြင့် သုံးပါးဟူသော်ကား ခံတွင်းဟု ဆိုအပ်သော မုခမဂ်, အစာဟောင်းစွန့်ရာ ဖြစ်သော ဝစ္စမဂ်,ရေဟောင်းစွန့်ရာဖြစ်သော ပဿာဝမဂ်- ဟူသည်တို့တည်း။

အကျယ်အားဖြင့် လူမိန်းမ၌ မုခ-ဝစ္စ-ပဿာဝဟူ ဆိုအပ်သော မဂ်သုံးပါး၊ နတ်မိန်းမ၌မဂ်သုံးပါး၊တိရစ္ဆာန်မ၌ မဂ်သုံးပါး၊ပေါင်းမိန်းမတို့၌မဂ်၉-ပါး ဖြစ်၏။ ။ဤနည်းတူ လူဥဘတောဗျည်း၌ မဂ်သုံးပါး၊ နတ်ဥဘတောဗျည်း၌ မဂ်သုံးပါး,တိရစ္ဆာန် ဥဘတောဗျည်း၌ မဂ်သုံးပါး အားဖြင့် မဂ် ၉-ပါး။ လူပဏ္ဍုက်,နတ်ပဏ္ဍုက်, တိရစ္ဆာန်ပဏ္ဍုက် တို့၌ ဝစ္စမဂ်, မုခမဂ် ၂-ပါး စီသာ ဖြစ်၍ မဂ် ၆-ပါး။ ။လူယောကျ်ား, နတ်ယောကျ်ား, တိရစ္ဆာန် ယောကျ်ားတို့၌ မုခမဂ်-ဝစ္စမဂ် ၂-ပါးစီ ဖြစ်ရကား မဂ် ၆-ပါး။ဤသို့လျှင် မဂ်သုံးဆယ် ဖြစ်သတည်း။ ။ထိုမဂ်သုံးဆတ်တို့တွင် အမှတ်မရှိ တပါး ပါးသောမဂ်၌ မိမိအင်္ဂါဇာတ်ကို နှမ်းစေ့ခန့်မျှ ပြကတေ့ လေမတွေ့သော အရပ်၌မှီဝဲလိုသော စိတ်ဖြင့် သွတ်သွင်းသည်ရှိသော် ကာမေသုမိစ္ဆာစာရ ကံထိုက်၏ ဟု မှတ်။

> သဗ္ဗေဝေမေတေ မနုဿိတ္ထိယာ တယော မဂ္ဂါ၊ အမနုဿိတ္ထိယာ တယော၊တိရစ္ဆာနဂတိတ္ထိယာ တယောတိ နဝ။ပ။တထာ မနုဿ ပုရိသာဒီနန္တိ သမတိံ သမဂ္ဂါ ဟောန္တိ။

ပါရာဇိကကဏ် အဋ္ဌကထာ။

---

## ကာမေသုမိစ္ဆာစာရ အဆုံးအဖြတ်

၁။ ။ညဉ့်မှောင်မိုက်သော အခါ၌ ကိုယ်ပိုင် မဟုတ်သော မိန်းမကို ကိုယ်ပိုင်မိန်းမဟု မှတ်ထင်၍ သွားလာသော ယောကျ်ားအားရင်း၊ ထိုသို့ သွားလာစဉ် မိမိ၏ အရှင်သခင်ထင်၍ အသာသည်းခံ၍ နေသော မိန်းမ တို့အားရင်း၊ကာမေသုမိစ္ဆာစာရကံထိုက်၏-ဟု ကျေးဇူးရှင်မဟာဝိသုဒ္ဓါရုံ ဆရာတော်ကြီး ဆုံးဖြတ်တော်မူ၏။ ။ဝိနည်း ဂဏ္ဌိ ဆရာတော် ဆင်တဲ ဆရာတော်များကား,မိမိ၏ မိန်းမ မဟုတ်မှန်းသိလျက် သွားလာမှ ကံထိုက် ၏။ မသိမူ ကံမထိုက် ဟု ဆုံးဖြတ်တော်မူ၏။ သို့သော် အဋ္ဌကထာတို့၌ "အဂမနီယဝတ္ထု-ဟုသာ ပါရှိ၍" အဂမနီယဝတ္ထုသညီတာ-ဟု မပါရှိ သောကြောင့် ရင်းဆရာ ၂-ပါး၏ ဝါဒကို ဆင်ခြင်သင့်၏။

၂။ ။တနည်း။ ။မိန်းမတယောက်သည် လင်နှင့် မကွာရှင်းဘဲ ရပ် တပါးသို့သွား၍ ကာမပိုင်ရှင် လင်မရှိဟန် အပျိုလုပ်၍ နေရာ ထိုမိန်းမကို

အခြားယောက်ျားတို့သည် အပြစ်မရှိဟု ထင်မှတ်၍ ပေါင်းဘော် သွားလာ ကြငြားအံ့။ သွားလာသူ ယောက်ျားမိန်းမ ၂-ဦးပင် အပြစ်ရှိ၏။ အဘယ့် ကြောင့်ဆိုသော် ကာမပိုင်လင်က မစွန့်အပ်သေးသောကြောင့် ဟု ပဋိပတ္တိ သင်္ဂဟကျမ်းဆရာ ဆုံးဖြတ်တော်မူ၏။ ဥပါသကာလင်္ကာရ ယျမ်းဆရာ ကား၊လမ်းခရီး၌ တစုံတခုသော ဝတ္ထု ကျနေရာ အခြားသူတယောက် တွေ့ ရှိ၍ ခိုးလိုသောစိတ်မရှိပါဘဲ ပိုံသုကူအမှတ်ဖြင့်ကောက်ယူရာ၌ အဒိန္နာဒါန် ကံမထိုက်သကဲ့သို့ ဤ၌လည်း လွန်ကျူးလိုသော စေတနာမရှိဘဲ မှိဝဲသော ကြောင့် အပြစ်မရှိဟု မရဲတရဲ ဆုံးဖြတ်တော်မူ၏။

၃။ ။တနည်း။ ။မှားယွင်းလိုသော စေတနာဖြင့် အလိုဆန္ဒမတူဘဲ တစုံတယောက်သော မိန်းမကို လွန်ကျူး၍ကျင့်ရာ အကျင့်ခံရသော မိန်းမ မှာ ရှေးမဆွကမှိဝဲလိုသော စိတ်မရှိသောကြောင့် ကာမေသုမိစ္ဆာစာရကံ မထိုက်၊ယောက်ျားအားသာ ဂယောဂအားထုတ်ခြင်းရှိ၍ အင်္ဂါလေးပါးနှင့် ညီသောကြောင့် ကံထိုက်၏ ဟု အညြဆရာတို့ ဆိုကုန်၏။

၄။ ။ဧကေ-ဆရာတို့ကား မိန်းမတို့ကား များသောအားဖြင့် ပယောဂ ရှိမြဲမဟုတ်သောကြောင့် ပယောဂ ရှိ,မရှိကို ပမာဏမပြုသင့်၊ အကယ် ၍ ပယောဂကို လိုရင်းစွဲ၍ ပြောပါအံ့၊မှိဝဲလိုသော စိတ်ရှိသော မိန်းမအား ပယောဂမရှိသောကြောင့် ကံမထိုက်ဟူသော အပြစ်သည် ရောက်ခဲ့ရာ၏၊ ထို့ဖြစ်၍ ဂယောဂရှိသည်ဖြစ်စေ,မရှိသည်ဖြစ်စေ, မှိဝဲလိုသော စိတ်ရှိပါမူ ကံထိုက်၏ ဟု ဆုံးဖြတ်တော်မူကုန်၏။

၅။ ။ကေစိဆရာတို့ကား၊ မိမိအလိုအားဖြင့် ကျင့်သောသူအား မှိဝဲ လိုသော ပယောဂဖြင့်ပင်လျှင် မှိဝဲလိုသော စိတ်၏ပြီးခြင်းကြောင့် သေဝန စိတ္တံ-ဟူသော အင်္ဂါကိုပယ်၍ ကြွင်းအင်္ဂါ သုံးပါးသာလျှင် သင့်မြတ်၏။ ။ နိုင်ထက်မူသဖြင့် ဗလက္ကာရ ကျင့်အပ်သောသူအား ရှေးက မှိဝဲလိုခြင်းနှင့် စပ်သော ပယောဂမရှိခြင်းကြောင့် သေဝနေ ပယောဂေါ-ဟူသော အင်္ဂါ တပါးပယ်၍ ကြွင်းသုံးပါးသာလျှင် သင့်မြတ်၏၊ ဤသို့ မိမိအလိုအားဖြင့် ကျင့်တတ်သော သူအား အင်္ဂါသုံးပါး၊ ဗလက္ကာရ အတင်း ကျင့်သော သူအား အင်္ဂါသုံးပါး၊ ဤနှစ်ရပ်ကို စပ်၍ အဂ္ဂဟိတဂ္ဂဟဏ နည်းအားဖြင့် အင်္ဂါလေးပါး ဖြစ်သည်ဟု ပြလေကုန်၏။ ။အနုဋီကာဆရာကား ယင်း ဝါဒများ စူးစမ်း၍ယူ ဟု မိန့်တော်မူ၏။

စတ္တာရော သမ္ဘာရာတိ ဝုတ္တတ္တာ အဘိဘဝိတွာ ဝီတိက္ကမေ သတိပိ မဂ္ဂေန မဂ္ဂပဋိပတ္တိံ အဓိဝါသနေ ပုရိမုပ္ပန္နသေဝနာဘိသန္ဓိပယောဂါ ဘာဝတော မိစ္ဆာစာရော န ဟောတိ အဘိဘုယျမာနဿာတိ ဝဒန္တိ။ သေဝနစိတ္တေ သတိ ပယောဂါဘာဝေါ န ပမာဏံ။ ဇာတ္တိယာ သေဝနပယောဂဿ ယေဘုယျေန အဘာဝတော။ ပုရိသဿေဝ ဟိ ယေဘုယျေန သေဝနာယ ပယောဂေါ ဟောတီတိ ဇာတ္တိယာ ပုရေတရံ သေဝနစိတ္တံ ဥပဋ္ဌာပေတွာ နိပ္ပန္နာယပိ မိစ္ဆာ စာရော န သိယာတိ အာပဇ္ဇတိ၊ တသ္မာ ပုရိသဿ ဝသေန ဥက္ကံသတော စတ္တာရော သမ္ဘာရာ ဝုတ္တာတိ ဒဋ္ဌဗ္ဗံ။ အညထာ ဇာတ္တိယာ ပုရိသကိစ္စကရဏကာလေ ပုရိသဿပိ သေဝနာ ပယောဂါဘာဝတော မိစ္ဆာစာရော န သိယာတိ။ ကေစိ ပန အတ္တနော ရုစိယာ ပဝတ္တိတဿ တီဏိ အင်္ဂါနိ။ ဗလက္ကာရေန ပဝတ္တိတဿ တီဏိ တိဿဗ္ဗာနိ အဂ္ဂဟိတဂ္ဂဟဏေန စတ္တာရီတိ ဝဒန္တိ။ ။ဝီမံသေတွာ ဂဟေတဗ္ဗံ။ ။အနုဋီကာ။ (၁၅)။

စတ္တာရော သမ္ဘာရာတိ၊ဟူ၍။ဝုတ္တတ္တာ၊အဋ္ဌကထာဆရာ ဆိုအပ်သည်၏ အဖြစ်ကြောင့်။ အဘိဘဝိတွာ၊ နှိပ်စက်၍။ ဝီတိက္ကမေ၊ လွန်ကျူးခြင်း၌။ မဂ္ဂေန မဂ္ဂပ္ပဋိပတ္တိံ အဓိဝါသနေ၊ မဂ်ဖြင့် မဂ်ကို သွင်းခြင်းကို သည်းခံခြင်း သည်။ သတိပိ၊ လည်း။ ပုရိမုပ္ပန္နသေဝနာဘိသန္ဓိ ပယောဂါဘာဝတော၊ ရှေး၌ဖြစ်သော မှီဝဲခြင်း၌ အလိုဖြင့်ဖြစ်သော ပယောဂ၏ မရှိခြင်းကြောင့်။ အဘိဘုယျမာနဿ၊ နှိပ်စက်အပ်သော သူအား။ မိစ္ဆာစာရော၊ သည်။ န ဟောတိ၊မဖြစ်၊ ဣတိ၊ဤသို့၊ဝဒန္တိ၊ဆိုကုန်၏။ သေဝန စိတ္တေ၊ မှီဝဲလိုသော စိတ်သည်။သတိ၊ရှိသော်။ပယောဂါဘာဝေါ၊အားထုတ်ခြင်း မရှိခြင်းသည်။ န ပမာဏံ၊ ပဏာမ မဟုတ်။ ကသ္မာ၊ အဘယ့်ကြောင့် နည်းဟူမူကား။ ဇာတ္တိယာ၊ ၏။ သေဝနပယောဂဿ၊ မှီဝဲခြင်း ပယောဂ၏။ ယေဘုယျေန၊ များသောအားဖြင့်။ အဘာဝတော၊မရှိခြင်းကြောင့်တည်း။ ဟိ-သစ္စံ၊မှန်၏။ ပုရိသဿေဝ။ ယောကျ်ား၏သာလျှင်။ ယေဘုယျေန၊ ဖြင့်။ သေဝနပယောဂေါ၊ မှီဝဲခြင်း၌ အားထုတ်ခြင်းသည်။ ဟောတိ၊၏။ ဣတိ တသ္မာ၊ ကြောင့်။ ဇာတ္တိယာ၊၏။ပုရေတရံ၊ ရှေးဦးစွာ။သေဝန စိတ္တံ၊ မှီဝဲလိုသောစိတ်ကို။ ဥပဋ္ဌာပေတွာ၊ ဖြစ်စေ၍။ နိပ္ပန္နာယပိ၊ အိပ်သော်လည်း။ မိစ္ဆာစာရော၊ သည်။

န သိယာ၊ မဖြစ်ရာ။ ဣတိ အတ္ထော၊ ဤသို့မလိုအပ်သော အနက်သည်။ အာပဇ္ဇတိ၊ ဖြစ်ရာ၏။ တသ္မာ၊ ထိုကြောင့်။ ပုရိသဿ၊ ယောကျ်ား၏။ ဝသေန၊ ဖြင့်။ ဥက္ကံသတော၊ အလွန်အားဖြင့်။ စတ္တာရော၊ ကုန်သော။ သမ္မာရာ၊ အဆောက်အဦ အင်္ဂါတို့ကို။ အဋ္ဌကထာ စရိယေန၊ သည်။ ဝုတ္တာ၊ ကုန်၏။ ဣတိ၊ ဤသို့။ ဒဋ္ဌဗ္ဗံ၊ ၏။

အညထာ၊ ယောကျ်ား၏ အစွမ်းဖြင့် အလွန်အားဖြင့် ဆိုအပ်သည်မှ တပါး၊ မိန်းမတို့၏ အစွမ်းအားဖြင့် ဆိုအပ်သည်ရှိသော်။ ဣတ္ထိယာ၊ မိန်းမ၏။ ပုရိသကိစ္စကရဏကာလေ၊ ယောကျ်ားကိစ္စကို ပြုသောကာလ၌။ ပုရိသဿပိ၊ ယောကျ်ား၏လည်း။ သေဝနပယောဂါဘာဝတော၊ မှီဝဲခြင်း၌ အားထုတ်ခြင်း၏ မရှိခြင်းကြောင့်။ မိစ္ဆာစာရော၊ မိစ္ဆာစာရသည်။ န သိယာ၊ မဖြစ်ရာ။ ဣတိ၊ ဤသို့မှတ်အပ်၏။ ပန၊ ထိုမှတပါး။ ကေစိ၊ အချို့သော ဆရာတို့သည်။ အတ္တနော မိမိ၏။ ရုစိယာ၊ အလိုဖြင့်။ ပပတ္တိတဿ၊ ဖြစ်စေအပ်သော မိစ္ဆာစာရ၏။ တီဏိ၊ သုံးပါးကုန်သော။ အင်္ဂါနိ၊ တို့သည်။ ဟောန္တိ၊ ကုန်၏။ ဗလက္ကာရေန၊ အနိုင်အထက် နှိပ်စက်သဖြင့်။ ပဝတ္တိတဿ၊ ဖြစ်စေအပ်သော မိစ္ဆာစာရ၏။ တီဏိ၊ သုံးပါးကုန်သော။ အင်္ဂါနိ၊ တို့သည်။ ဟောန္တိ၊ ၏။ ဣတိ တသ္မာ၊ ကြောင့်။ သဗ္ဗာနိ၊ အလုံးစုံသောအင်္ဂါတို့သည်။ အဂ္ဂဟိတဂ္ဂဟဏေန၊ မယူအပ်သေးသည်ကို ယူသဖြင့်။ ဝါ၊ ယူအပ်ပြီးသည်ကို မယူသဖြင့်။ စတ္တာရိ၊ လေးပါးတို့သည်။ ဟောန္တိ၊ ကုန်၏။ ဣတိ၊ ဤသို့။ ဝဒန္တိ၊ ဆိုကုန်၏။ ဝိမံသိတွာ၊ စူးစမ်းဆင်ခြင်၍။ ဂဟေတဗ္ဗံ၊ ယူအပ်၏။

၆။ ။ထိုမှတပါး ယောကျ်ားချင်းချင်းသော်လည်း ဝစ္စမဂ်,မုခမဂ်တို့၌ သွားလာကျူးလွန်လျှင် ကာမေသု မိစ္ဆာစာရ ဖြစ်၏ ဟု ဆရာကြီးတို့ ဆိုတော်မူကြကုန်၏။ ယောကျ်ားတို့သည် အဂမနီယဝတ္ထု၌ မပါဟူငြားအံ့၊ ထုံးစံဓမ္မတာဖြစ်၍သာ မိန်းမကို ကာမေသုမိစ္ဆာစာရဝတ္ထု အထည်ကိုယ် ဆိုရ၏။ယောကျ်ားကိုလည်း ကာမေသုမိစ္ဆာစာရ အထည်ကိုယ်ကြီးဟူ၍ ဆိုသင့်၏ ဟု သဘော နှစ်သက်တော်မူကြကုန်၏။ အချို့သော ဆရာတို့ကား ယောကျ်ားအချင်းချင်းသည် အဂမနီယဝတ္ထု၌ မပါသောကြောင့် ကာမေသုမိစ္ဆာစာရ မဖြစ်သင့် ဟု ဆုံးဖြတ်ကုန်၏။

သို့သော် ။''မိစ္ဆာစာရောတိ ပုရိသာနံ ပုရိသေသု ဣတ္ထီနဉ္စ ဣတ္ထီသု ဆန္ဒရာဂေါ''။ဟူသော သုတ်ပါဠိထေယျ အဋ္ဌကထာ။ ။''မိစ္ဆာစာရောတိမိစ္ဆာ ဝိပရီတော အဝိသဘာဂဝတ္ထုကော လောဘဓမ္မော''ဟူသော ဋီကာ

တို့၌ မိစ္ဆာဓမ္မဟူသည် တရားကိုယ် အားဖြင့် ဖြစ်ရိုး ဖြစ်စဉ် မဟုတ်၊ ဘောက်ပြန်သော လောဘကို တရားကိုယ်ကောက်ယူထားလျက် ရှိသောကြောင့် ဆန္ဒရာဂလောဘဓမ္မမျှကို မိစ္ဆာဓမ္မဟု ဘွင့်ဆိုထားသဖြင့် ကမ္မပထမြောက်သော ကျူးလွန်မှုမျိုးလည်း မိစ္ဆာစာရ မည်သင့်သည် ထင်မိပေသည်။ဆင်ခြင်၍ ယူတော်မူကြပါကုန်။

---

## သုရာပါန အဆုံးအဖြတ်

''သုရာပါနမ္ပိ ဧတ္ထေဝ သင်္ဂယှတီတိ ဝဒန္တိ ရသသာ်ဒါတေသု ကာမေသု မိစ္ဆာစာရဘာဝတော''။ဋီကာကျော်။ ။သုရာပါနမ္ပိ၊ သုရာသောက်ခြင်းကိုလည်း။ ဧတ္ထေဝ၊ ဤမိစ္ဆာစာရ၊ ကမ္မပထ၌ပင်လျှင်။ သင်္ဂယှတိ၊သိမ်းယူသင့်၏။ ဣတိ၊ဤသို့။ ဝဒန္တိ၊ကုန်၏။ ကသ္မာ၊ အဘယ့်ကြောင့် ဆိုကုန်သနည်း။ရသသာ်ဒါတေသု၊ ရသာရုံ-ဟု ဆိုအပ်ကုန်သော။ ကာမေသု၊ဝတ္ထုကာမဂုဏ်တို့၌။ မိစ္ဆာစာရဘာဝတော၊မှားသော အကျင့်၏ အဖြစ်ကြောင့်တည်း။ ။တနည်းလည်း။သုရာပါနကို ပြုတုံအံ့' အလုံးစုံသော ကမ္မပထကိုပင် ပြုဝံ့ရဲတင်းသောကြောင့် ဆယ်ပါးလုံး၌ပင်သွင်းအပ်၏။(ဝဒန္တိဝါဒ)။

ဤကိုထောက်၍ သေရည်ကို သောက်လျက် သုသက်သတ်ခြင်းစသည်ကိုပြုမှသာ မကောင်းမှု ဖြစ်သည်။ဆေးဝါအထူး မယစ်မူးလောက် အနည်းငယ်မျှ သောက်ပြီး၍ ဝမ်းမြောက် ကျန်းမာ ကြည်သာရွှင်ပြုံး တရားကျင့်သုံး နှလုံးသွင်းဘိမူ အပြစ်မရှိ ဟု သူအချို့တို့ ဆိုကြ၏။မသင့်။

သုရာမေရယပါနေ ပါစိတ္တိယံ။ ။ပါဠိတော်။

အစိတ္တကံ၊လောကဝဇ္ဇံ၊အကုသလစိတ္တံ။
မဇ္ဇပါနံ သာမဏေရာနံ သစိတ္တကံ ပါရာဇိကဝတ္ထု။
ပါရာဇိကကဏ် အဋ္ဌကထာ။

သုရာမေရယပါနေ၊ သေအရက်ကို သောက်ခြင်းကြောင့်။ ပါစိတ္တိယံ၊ ပါစိတ်အာပတ် သင့်၏။ ။ဣဒံ၊ ဤသုရာပါန အာပတ်သည်။ အစိတ္တကံ၊ဝတ္ထုဝိဇာနနဝိတိက္ကမ စိတ်မရှိဘဲသော်လည်း သင့်၏။ လောကဝဇ္ဇံ၊ လောကအပြစ်ရှိ၏။ အကုသလစိတ္တံ၊အကုသိုလ်စိတ်နှင့် မကင်းနိုင်။သာမဏေရာနံ၊ တို့၏။ မဇ္ဇပါနံ၊ ယစ်မျိုးကို သောက်ခြင်းသည်။ သစိတ္တကံ၊ဝတ္ထုဝိဇာနန

ဝိတိက္ကမ စိတ်ရှိပါမှ။ ပါရာဇိကဝတ္ထု၊ လိင်ကျကြောင်းတည်း။ ။ဤသို့ ကျမ်းဂန်လာသောကြောင့် ရဟန်းတို့မှာ သေအရက်ဟု သိသည်ဖြစ်စေ, မသိသည် ဖြစ်စေ, သိက္ခာပုဒ် ပျက်၏၊ လူသာမဏေတို့ကား သိမှ သီလ ပျက်သည်၊ မသိလျှင် မပျက်။ အကုသိုလ်စိတ်ကား ဖြစ်တော့သည်သာ မှတ်ရမည်။ ။အနာပတ္တိ သူပသမ္ဘာဒကေ-ဟု လာရကား အနံ့ထုံရုံမျှ ဟင်းလျာ၌ ထည့်ခတ်လျှင် အာပတ်မသင့်၊ သီလမပျက်၊ အကုသိုလ်စိတ်ဖြစ်, မဖြစ် ကိုကား ထောက်ချင့် ဆင်ခြင်သင့်၏။

ဤကား မဟာဝိသုဒ္ဓါရုံ ဆရာတော်ဘုရားကြီး၏ အဆုံးအဖြတ်။

---

သုရာပါနကံသည် ငါးပါးသီလတို့တွင် ပါဏာတိပါတစသော ကံ လေးပါးတို့ထက် အလွန်တရာပင် အပြစ်ကြီးကျယ်လှ၏။ အဘယ့်ကြောင့် ဆိုသော် ၎င်းကံသည် အပါယ်ဘုံ, တိရစ္ဆာန်ဘုံ, ပြိတ္တာဘုံသို့ ကျရောက်ပြီးသည်နောက် လူစသည်ဖြစ်သော် လူရူး,ဝက်ရူး,ခွေးရူး-စသော အဖြစ်သို့ ရောက်စေသဖြင့် အရိယာနွယ်ဝင် သူတော်စင် မှန်သမျှတို့၏ အန္တရာယ်ကို ပြုခြင်းကြောင့်တည်း။

> သုရာပါနံ ဘိက္ခဝေ အာသေဝိတံ,ဘာဝိတံ,ဗဟုလီကတံ၊
> နိရယသံဝတ္တနိကံ တိရစ္ဆာနယောနိသံဝတ္တနိကံ ပေတ္တိ
> ဝိသယသံဝတ္တနိကံ။ယော သဗ္ဗလဟုကော သုရာမေရယ
> ပါနဿဝိပါကော၊သော မနုဿဘူတဿ ဥမ္မတ္တကသံဝတ္တ
> နိကော ဟောတိ။ ။အင်္ဂုတ္တိုရ်ပါဠိတော်။

ဘိက္ခဝေ၊ရဟန်းတို့။ အာသေဝိတံ၊ များစွာမှီဝဲအပ်သော။ ဘာဝိတံ၊ ပွါးများအပ်သော။ ဗဟုလီကတံ၊ ကြိမ်ဖန်များစွာ ပွါးများအပ်သော။သုရာမေရယပါနံ၊ သေအရက် သောက်ခြင်းသည်။ နိရယသံဝတ္တနိကံ၊ ငရဲဘုံ၌ ဖြစ်စေတတ်၏။ တိရစ္ဆာနယောနိ သံဝတ္တနိကံ၊ တိရစ္ဆာန်ဘုံ၌ ဖြစ်စေတတ်၏။ ပေတ္တိဝိသယသံဝတ္တနိကံ၊ ပြိတ္တာဘုံ၌ ဖြစ်စေတတ်၏။ သုရာမေရယပါနဿ၊ သေအရက် သောက်စားခြင်း၏။ သဗ္ဗလဟုကော၊ အောက်ထစ်ဆုံး သေးငယ်သော။ ယောစ ဝိပါကော၊ အကြင် အကျိုးသည်။ အတ္ထိ၊ ရှိ၏။သော၊ထိုအကျိုးသည်။မနုဿဘူကဿ၊လူဖြစ်သော သူအား။ဥမ္မတ္တကသံဝတ္တနိကော၊ သူရူး,သူနှမ်းကို ဖြစ်စေတတ်သည်။ ဟောတိ၊၏။သုရာပါန

ကံသည် အလုံးစုံသော အကုသိုလ်ကံ၏အကြောင်းရင်း ဖြစ်၏။သေအရက် သောက်စားသောသူသည် မည်သည့် အကုသိုလ်ကံကို မဆိုပြုနိုင်၏။ သို့ဖြစ်၍ ပါဏာတိပါတစသော ကံတို့၏ ပုဗ္ဗစေတနာ အရာ၌တည်၏။

ကောဠာသတော ပဌမံ ကမ္မပထာဝေ။ ။ဝိဘင်း-အဋ္ဌကထာ။

ဝိသုံ ကမ္မပထဘာဝေန အာဂတန္တိ ဝဒန္တိ။ ဝေံသတိ ကောဒသ ကမ္မပထာ သိယုံ။ တသ္မာသ ယထာ၊ဝုတ္တေသ္ဝေ ကမ္မပထေသု ဥပကာရကတ္တသဘာဝတ္တဝသေန အနုပ္ပဝေသော ဒဋ္ဌဗ္ဗော။

မူလဋီကာ။

ဒုဂတိ သာ တတ္ထ ဥပ္ပဇ္ဇနဒုက္ခဿ စ ပစ္စတ္တိဥပဘာဘာဝတောတိ အမိပ္ပါယော။အဿ သုရာပါနဿ၊ဥပကာရတ္တံ သဇ္ဇေသံ။ သဘာဂတ္တံ မိစ္ဆာစရဿ။ ။အနုဋီကာ။

ပါဌ်များကို ထောက်ဆ၍၊ ဤမျှလောက်ကြီးကျယ်လှသော အပါယ် စသောမကောင်းကျိုးကိုပေးနိုင်သော အကုသိုလ်ကံကြီးတပါး ဖြစ်ပါလျက် ကံအသီးအခြားခွဲ၍ မဆိုခြင်းသည် ပါဏာတိပါတ စသော ကံ-ပါး၏ အကြောင်းရင်းဖြစ်သောကြောင့်ရင်း, ကာမေသုမိစ္ဆာစာရနှင့် သဘောတူ သောကြောင့်ရင်း, သီးခြားခွဲ၍မဆိုဟုမှတ်။ ။သည့်ကိုရည်၍ ဋီကာကျော် ဆရာသည်လည်း''သုရာပါနမ္ပိ ဧတ္ထေဝ သင်္ဂယှတီတိ ဝဒန္တိဟု ဘွင့်ဆို လေသတည်း။

---

## ဗာဟုလ္လဝုတ္တိ အမိပ္ပါယ်

ဝင်း-ပါဏာတိပါတစသောကံ ၃-ပါးသည် ကာယဝိညတ်ဟု ဆိုအပ် သော ကာယဒွါရ၌ များစွာဖြစ်တတ်သောကြောင့် ကာယကံ မည်၏။ ။ ဤသို့လျှင်များစွာဖြစ်သောကြောင့်-ဟု ဆိုသဖြင့် အနည်းငယ် တခါတရံ ၌ကား ဝစီဒွါရ၌ ဖြစ်သေး၏။ ဖြစ်ဟန်ကား....ဘုရင်မင်း စသည်တို့သည် ဖြစ်မှုရှိ၍ သတ်ထိုက်သော ရာဇဝတ်သားများကို ကိုယ်တိုင်သတ်သည် မဟုတ်။သတ်စေဟု အမိန့်အာဏာမှတ်၍ သတ်ကုန်၏။ ထိုအခါ ကာယ ဒွါရ၌ဖြစ်သော ပါဏာတိပါတကံသည် ဝစီဒွါရ၌ဖြစ်၏။ ။ဤသို့ ရံခါ-ဝစီ ဒွါရ၌ ဖြစ်တတ်သောကြောင့် ''ဗာဟုလ္လဝုတ္တိတော''ဟု မိန့်ဆိုအပ်ပါ သတည်း။ ။ဥပမာ-မူဆိုးသည် ရွာသို့တခါတရံ လာသော်လည်း တော၌

အနေများသောကြောင့် ဝနစရက- တောသား မူဆိုး-ဟု ခေါ်သကဲ့သို့တည်း။ ။တနည်း-ကာယကံသည်သာလျှင် များသောအားဖြင့် ကာယဒွါရ၌ ဖြစ်၏။ ကြွင်းကုန်သော ဝစီကံ, မနောကံတို့သည် မဖြစ်ကုန်။ဤသို့ ကာယဒွါရ၌ ကာယကံ၏သာ များသောအားဖြင့် ဖြစ်သောကြောင့် ''ဗာဟုလ္လဝုတ္တိတော''ဟူသောစကားကို မိန့်ဆိုတော်မူရ၏။

ဥပမာအားဖြင့်ဆိုသော်။ ။ရွာတရွာ၌ မွန်,မြန်မာ,ပုဏ္ဏား, ကုလား, စသော လူမျိုးများစွာရှိရာ ၎င်းလူမျိုးတို့တွင် ပုဏ္ဏား လူမျိုးတို့သည်သာ များစွာ ရှိနေကြသောကြောင့် ထိုရွာကို ဗြာဟ္မဏဂါမ, ပုဏ္ဏားရွာ- ဟု ခေါ်ရသကဲ့သို့တည်း။

> ကာယဝိညတ္တိယဥ္စ ဒွါရေ စရန္တိ ကမ္မာနီတိ ဝစနတော ဝစီကမ္မမ္ပိ ပဝတ္တတိ။ပ။ နော န ယုဇ္ဇတိ။ ကသ္မာ-ယေဘုယျေန ဝုတ္တိတာယ စ တဗ္ဗဟုလ္လဝုတ္တိတာယ စ။
>
> အဋ္ဌသာလိနီ-အဋ္ဌကထာ။

> န ကေဝလံ ကမ္မာနေဝ၊ တေဟိ ပန ဒွါရာနီတိ ဧဝံကမ္မဒွါရာနိ အညမညံ ဝဝတ္ထိတာနိ ယေဘုယျေန ဝုတ္တိတာယ တဗ္ဗဟုလ ဝုတ္တိတာယ စာတိ ဝုစ္စမာနာယ ဝဝတ္ထာနယုတ္တိယာ။
>
> မူလဋီကာ။

---

## ကာမေသုမိစ္ဆာစာရကံ၏-အပြစ်ကို ဆောင်ပြခြင်း

ဤ-ကာမေသုမိစ္ဆာစာရကံဝယ် သီလစသော ဂုဏ်ကင်းသော မသွားမလာအပ်သော မိန်းမ၌အပြစ်နည်း၏။ သီလစသော ဂုဏ်နှင့်ပြည့်စုံသော မသွားလာအပ်သော မိန်းမ၌ အပြစ်ကြီး၏။ဂုဏ်ကင်းခြင်း တူမျှသော်လည်း နှိပ်စက်၍ ကျင့်သောသူအား,ကြီးသော အပြစ်ရှိ၏။ နှစ်ယောက် အလိုဆန္ဒ တူမျှရာ၌ အပြစ်နည်း၏။

> သောပနေသ မိစ္ဆာစာရော သီလာဒိဂုဏရဟိတေ အဂမနီယဋ္ဌာနေ အပ္ပသာဝဇ္ဇော၊သီလာဒိဂုဏသမ္ပန္နေ မဟာသာဝဇ္ဇော။

## ဝစီကံ အဘွင့်

၉၆။ ။မုသာဝါဒေါ ပိသုဏဝါစာ၊ ဖရုသဝါစာ၊ သမ္ဖပ္ပလာပေါ စေတိ ဝစီဝိညတ္တိသင်္ခါတေ ဝစီဒွါရေ ဗာဟုလ္လဝုတ္တိတော ဝစီကမ္မံနာမ။

သင်္ဂြိုဟ်ပါဠ်။

၁။ ။မုသာဝါဒ-မဟုတ်သည်ကို ဟုတ်သော အားဖြင့် ဆိုကြောင်း ဖြစ်သော စကား၊

၂။ ။ပိသုဏဝါစာ-သူနှစ်ယောက်တို့၏ ချစ်ခြင်းကို မှုံ့မှုံ့ ညက်ညက် ဖျက်ဆီးတတ်သော စကား၊

၃။ ။ဖရုသဝါစာ-လွှသွားကဲ့သို့ ကြမ်းသော စိတ်နှလုံး အတွေ့ရှိသော စကား၊

၄။ ။သမ္ဖပ္ပလာပ-စီးပွါး ချမ်းသာကို ဖျက်ဆီးတတ်သော သီတာ မိဖုရားကို ဆောင်ခြင်း အစရှိသော သိမ်ဖျင်းသော စကားကို ဆိုခြင်း။

ဤလေးပါးသော ကံသည် များသော အားဖြင့် ဝစီဝိညတ်-ဟု ဆိုအပ်သော ဝစီဒွါရ၌ ဖြစ်ခြင်းကြောင့် ဝစီကံ မည်၏။

။ဤကား ပိဏ္ဍတ္ထ။

---

## မုသာဝါဒကံ အဘွင့်

မုသာ ဝဒန္တိ စေတနာတိ မုသာဝါဒေါ။

စေတနာ၊ ထိုတရားသဘောဖြင့်။ မုသာ၊ ချွတ်ချွတ်ယွင်းယွင်း။ ဝါ၊ မှောက် မှောက်မှားမှား။ ဝဒန္တိ၊ ဆိုတတ်ကုန်၏။ ဣတိ၊ တသ္မာ၊ ထိုသို့ဆိုကြောင်း ဖြစ်သော သတ္တိကြောင့်။ မုသာဝါဒေါ၊ မုသာဝါဒ-မည်၏။ ။ဝိဂြိုဟ်အရ.... မဟုတ်မမှန်သော ဝတ္ထုကို ဟုတ်မှန်သောအားဖြင့် သူတပါးတို့အား ချွတ် ချော်မှောက်မှား စေတတ်သော ကာယပယောဂ, ဝစီပယောဂကို ဖြစ်စေ တတ်သော စေတနာသည် မုသာဝါဒမည်၏။ ၊ဟူလို။

သောစ ကာယေနဝါ ကာယပ္ပဋိဗဒ္ဓေနဝါ ဝါစာယ ပရဝိသံဝါဒက ကြိယာကရဏေ ဒဋ္ဌဗ္ဗော။အယံ ကြိယာသမုဋ္ဌာပိကာ စေတနာ တင်္ခဏေယေဝ မုသာဝါဒကမ္မုနာ ဗဇ္ဈတိ။

အဋ္ဌသာလိနီ အဋ္ဌကထာ။

ကမ္မံယေဝစ သုဂတိ,ဒုဂ္ဂတီနံ တဒုပ္ပဇ္ဇန သုခ, ဒုက္ခာနဉ္စ ပထာဘာ ဝေန ပဝတ္တံ ကမ္မံ ကမ္မပထောတိ ဝုစ္စတိ။ ။မူလဋီကာ။ (၈၅)။

---

## မုသာဝါဒကံ၏ အင်္ဂါ

၁။ ။အဝိတထဝတ္ထု-မဟုတ်မမှန်သော ဝတ္ထုဖြစ်ခြင်း၊
၂။ ၊ဝိသံဝါဒနစိတ္တတာ-လှည့်စားလိုသော စိတ်ရှိခြင်း၊
၃။ ။ပယောဂေါ-လုံ့လပြုခြင်း၊
၄။ ။တဒတ္ထဝိဇာနနံ-လှည့်စားသော စကား၏ အနက် အဓိပ္ပါယ်ကို သူတပါး နားလည်ခြင်း။

ဤကား မုသာဝါဒကံ၏ အင်္ဂါ ၄-ပါးတို့တည်း။ ။ထိုအင်္ဂါ ၄-ပါးနှင့် ပြည့်စုံမှသာ ကံထိုက်၏။ **ပယောဂ** တို့ကား ၁-သာဟတ္တိကပယောဂ၊ ၂-အာဏတ္တိက ပယောဂ၊ ၃-နိဿဂ္ဂိယပယောဂ။ ၄-ထာဝရပယောဂ-အားဖြင့် ၄-ပါး ရှိ၏။

မုသာယ အတထံ ဝတ္ထု၊ဝိသံဝါဒနစိတ္တတာ။
တဇ္ဇော ဝါယာမော ပရဿ၊တဒတ္ထဇာနနံ ဣတိ။ ။
သမ္ဘာရာ စတုရော ဟောန္တိ၊ပယောဂေကော သာဟတ္တိကော။
အာဏတ္တိက,နိဿဂ္ဂိယ၊ထာဝရာပိစ ယုဇ္ဇရေ။ ။

ပါရာဇိကကဏ် အဋ္ဌကထာ။

မုသာယ၊မုသာဝါဒစေတနာ၏။ သမ္ဘာရာ၊အင်္ဂါတို့ကား။ အတထံဝတ္ထု၊ ပတ္ထုမမှန်ခြင်း။ ဝိသံဝါဒနစိတ္တတာ၊ လှည့်စားလိုသော စိတ်ရှိခြင်း။တဇ္ဇော ဝါယာမော၊ထိုအာလျော်သော လုံ့လ။ပရဿ၊သူတပါး၏။ တဒတ္ထဇာနနံ၊ ထိုအဓိပ္ပါယ်ကို နားလည်ခြင်း။ ဣတိ၊ဤသို့။စတုရော၊ လေးပါးတို့သည်။ ဟောန္တိ၊ကုန်၏။ပယောဂေါ၊ လုံ့လသည်ကား။ ဧကော သာဟတ္တိကော၊

သာဟတ္ထိက တပါးသာလျှင် အဋ္ဌကထာ၌ လာ၏။ စ၊ ယင်းသို့ လာသော်လည်း။ အာဏတ္တိက, နိဿဂ္ဂိယ, ထာဝရာပိ၊ တို့သည်လည်း၊ ယုဇ္ဇရေ၊ သင့်လျော်ကုန်သေး၏။

မှတ်ချက်။ ။ပယောဂ-သည် မဟာအဋ္ဌကထာ၌ လာရှိသောအတိုင်းကား သာဟတ္ထိက ပယောဂ တပါးသာတည်း။ သို့သော်-သူတပါးကို စေခိုင်း၍ လိမ်စေနိုင်ခြင်း,စာရေး၍ သူတပါးထံ ပို့သလိမ်နိုင်ခြင်း,နံရံစသည်တို့၌ စာရေးသားထား၍ လိမ်နိုင်ခြင်းကိုတောက်ဆ၍ အာဏတ္တိက ပယောဂ, နိဿဂ္ဂိယ ပယောဂ, ထာဝရ ပယောဂတို့လည်း ဖြစ်နိုင်သောကြောင့် အရှင်ဗုဒ္ဓဃောသဆရာ၏ အလိုအားဖြင့် ပယောဂ ၄-မျိုး ဖြစ်သည်။ ။ဟူလို။

"တထာ ဣမဿ ဘဏာဟီတိ အာဏာပေန္တဿပိ။ပ။တသ္မာ ဧတ္ထ အာဏတ္တိက, နိဿဂ္ဂိယ, ထာဝရာပိ ပယောဂါ ယုဇ္ဇန္တိ။ အဋ္ဌကထာသု ပန အနာဂတတ္တာ ဝိမံသိတွာ ဂဟေတဗ္ဗာ"။

အဋ္ဌသာလိနီ အဋ္ဌကထာ။

---

## မဟာဝိသန္ဓါရုံ သစ္စာတော်ကြီး အဆုံးအဖြတ်

ငင်းမုသာဝါဒကို တိရစ္ဆာန်တို့၌လည်း ရထိုက်သောကြောင့် ကျောက်, တုတ်,အုတ်ခဲမပါ၊ လက်ချည်းသာ ကျီး,ခွေး, စသည်တို့ကို ပစ်ဟန်ပြုက မုသာဝါဒ မလွတ်သင့်။

"သော အတ္ထဘေဒကရော ဝ ကမ္မပထော၊ဣတရော ကမ္မမေဝ"။

သော၊ ထိုမုသာဝါဒသည်။ အတ္ထဘေဒကရော ဝ၊ သူတပါး အကျိုးပျက်ခြင်းကိုပြု၍။ကမ္မပထော၊အပါယ်လားကြောင်းမကောင်းမှုဖြစ်၏။ ဣတရော၊ သူ့အကျိုးပျက်ခြင်းကို မပြုသော မုသာဝါဒသည်။ ကမ္မမေဝ၊ ကံမည်ရုံသာတည်း။ ။ရဟန်းတို့မှာ-

ဝိသံဝါဒနပုရေက္ခာရတာ၊ ယမတ္ထံ ဝတ္တုကာမော၊ တဿ ပုဂ္ဂလဿ ဝိညာပနပ္ပယောဂေါစာတိ ဣမာနေတ္ထ ဒွေ အင်္ဂါနိ။

ဝိသံဝါဒနပုရေက္ခာရတာစ၊ချွတ်ယွင်းခြင်းကို ရှေးရှုခြင်းငင်း။ယံ အတ္ထံ၊ အကြင် အနက်ကို။ ဝတ္တုကာမော၊ ဆိုလို၏။ တဿ၊ ထိုအနက်ကို။

ပုဂ္ဂလသာ၊ ဆိုသူ၏။ ဝါ-နာသူအား။ ဝိညာပနပ္ပယောဂေါ စ၊ သိစေခြင်း ကိုယ်,နှုတ် လှုံ့လဝင်း။ဇာတိ ဇာမာနိ ဒွေ၊ဤ၂-ပါးတို့သည်။ ထွေ၊ဤသိက္ခာ ပုဒ်၌။ဝါ၊၏။အင်္ဂါနို၊အကြောင်းတို့တည်း။

ဤသို့ လာသောကြောင့် အင်္ဂါနှစ်ပါး ပြည့်စုံလျှင် သီလပျက်တော့ သည်။ လူတို့မှာကား ကမ္မပထမြောက်မှ သီလပျက်သည်။ ။မင်းလည်း စိတ်ချမ်းသာလေအောင်, သူတကာလည်း ရာဇဝတ်လွတ်လေအောင်, မိမိ လည်း မျက်နှာရလေအောင်, ကြံဆောင်လှည့်ဖြား၊ မင်းခယောက်ျားတို့ တင်လျှောက်ထားသောမုသာဝါဒစကားသည်ငါးပါးသီလမပျက်။(ဝဒန္တိ)

(ဤကား ကျေးဇူးတော်ရှင် မဟာဝိသုဒ္ဓါရုံ ဆရာတော်ဘုရားကြီး၏ အဆုံးအဖြတ်တည်း)။

---

## မုသာဝါဒကံ၏ အပြစ်

ထိုမုသာဝါဒကံသည် အကျိုးစီးပွါး ပျက်စီးအောင်ပြောရာ၌ အနည်း ငယ် ပျက်စီးလျှင် အပြစ်နည်း၏၊ အကျိုးစီးပွါးများစွာပျက်စီးလျှင် အပြစ် ကြီး၏။ ။မိမိဥစ္စာည်းကိုရှိလျက် မပေးလို၍ မရှိဘူးပြောဆိုရာ၌ အပြစ် နည်း၏။ ကောက်ကျစ်စဉ်းလဲသော သက်သေသည်လုပ်၍ သူတပါးအကျိုး စီးပွါး ပျက်ပြားအောင် လုပ်ရာ၌ အပြစ်ကြီး၏။ ။ရဟန်း သာမဏေ တို့သည် ရယ်ရွှင်မြူးတူးလိုသော စိတ်ထားဖြင့် မြို့ရွာမှ အနည်းငယ်သော ဆီထောပတ်ကို ရခဲ့၍ ရဟန်းတပါးနှင့် တွေ့သောအခါ ယနေ့ရွာထဲ၌ ဆီ ထောပတ်တို့သည် မြစ်ကဲ့သို့ စီးလေကုန်၏-ဟု ပူရဏကထာ ဟု ဆိုအပ် ပြည့်သော စကားနည်းဖြင့် ပြောသော မုသာဝါဒသည် အပြစ်နည်း၏။

မမြင်ဘဲလျက် မြင်၏၊မကြားဘဲလျက်ကြား၏၊မတွေ့ဘဲ တွေ့၏၊ မသိဘဲ သိ၏၊မြင်လျက် မမြင်၊ကြားလျက် မကြား၊တွေ့လျက် မတွေ့၊သိလျက် မသိ၊ ဤသို့ အနရိယဝေါဟာရ ရှစ်ပါးတို့တွင် တပါးပါးနှင့် ယှဉ်၍ ပြောသော စကားသည် အပြစ်ကြီး၏၊ မုသားဆိုလျက် သံဃာကို သင်းခွဲသောသူ၏ မုသာဝါဒသည် အလွန်တရာ အပြစ်ကြီး၏၊ဂရုက ကံအရာ၌ တည်၏။

သောယမတ္တံ ဘဏ္ဍတိ၊ တဿ အပ္ပတာယ အပ္ပသာဝဇ္ဇော မဟန္တတာယ မဟာသာဝဇ္ဇော။ပ။အဒိဋ္ဌယေဝ ပန ဒိဋ္ဌန္တိ အာဒိနာ နယေန ဝဒန္တာနံ မဟာသာဝဇ္ဇော။

အဋ္ဌသာလိနီ အဋ္ဌကထာ။

**မှတ်ချက်၊** ။မိမိပစ္စည်းကို မပေးလို၍ ရှိလျက်နှင့် မရှိ-ဟု ပြောဆိုသော မုသားကား မုသားမည်ကာမျှ သာမညမုသားဖြစ်၍ အပြစ်နည်း၏၊ ကမ္မပထ မမြောက်၊ ရယ်မြူးလို၍ ပြောဆိုရာ၌လည်း ရယ်ရွှင်ရုံမျှသာ ပြောဆိုပါက ကမ္မပထ မမြောက်၊ ချွတ်ယွင်းခြင်းကို ရှေးရှု၍ ပြောသော သူ့အားသာ ကမ္မပထ မြောက်၏။ ''အတ္တနော သန္တကံ အဒါတုကာမတာယာတိအာဒိ မုသာဝါဒ သာမညတော ဝုတ္တံ။ ။ဟသာဓိပ္ပါယေန ဝိသံဝါဒနပုရေက္ခာရဿေဝ မုသာဝါဒေါ''။

မူလဋီကာ။

---

**ပိသုဏာဝါစာကံ အဘွင့်**

ပိသတိ သဉ္စုဏ္ဏေတီတိ ပိသုဏာ။
ပိသုဏာ စ သာ ဝါစာ စာတိ ပိသုဏာဝါစာ။

ယာဝါစာ၊ အကြင် စကားသည်။ ပိသတိ သဉ္စုဏ္ဏေတိ၊ သူနှစ်ယောက်တို့၏ ချစ်ခြင်းကို မှုန့်မှုန့်ညက်ညက် ဖျက်ချေတတ်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။သာဝါစာ၊ထိုစကားသည်။ ပိသုဏာ၊ပိသုဏာမည်၏။ပိသုဏာ စ၊ သူနှစ်ယောက်တို့ ချစ်ခြင်းကို မှုန့်မှုန့်ညက်ညက် ချေဖျက်တတ်သည်လည်း။ ဟောတိ၊၏။ သာ၊ သည်။ ဝါစာ စ။ စကားသည်လည်း။ ဟောတိ၊၏။ဣတိ တသ္မာ၊ကြောင့်။ ပိသုဏာဝါစာ၊မည်၏။ ။ဝိဂ္ဂိုဟ်အရ····အကျဉ်းတဝင် ချစ်ခင်ညီညွတ်သော သူတို့ကို ကွဲပြား စေလိုသော စိတ်ကို ရှေ့ထား၍ ကွဲပြားစေကြောင်း ကာယပယောဂ,ဝစီပယောဂကို ဖြစ်စေနိုင်သောညစ်နွမ်းသော စေတနာသည် ပိသုဏာဝါစာ မည်၏။ ။ဟူလို။

## ဗိသုဏာဝါစာ၏ အင်္ဂါ

၁။ ။ဘိန္နိတဗ္ဗော-ခွဲအပ်သော သူလည်း ဖြစ်ခြင်း၊
၂။ ။ဘေဒပုရေက္ခာရော-ကွဲပြားစေလိုသော စိတ် ရှေးရှိခြင်း၊
၃။ ။ပယောဂေါ-လုံ့လပြု၍ ဂုံးတိုက်ခြင်း၊
၄။ ။တဒတ္ထဇာနနံ-ထိုဂုံးစကား၏ အနက်ကို သိခြင်း၊

ဤကား....ဗိသုဏာဝါစာ-၏ အင်္ဂါတို့ပေတည်း။ ၎င်းအင်္ဂါတို့နှင့် ပြည့်စုံသော်လည်း မကွဲပြားမူ ကမ္မပထမမြောက်၊ သူနှစ်ဦးတို့ ကွဲပြားမှသာလျှင် ကမ္မပထ မြောက်၏။

၅၆-က။ ။ပိသုဏာယ ဘိန္ဒိတဗ္ဗာ၊ တပ္ပုရေပိယကမျတာ။
ဝါယာမော ဇာနနံ စတု၊ဘိန္နေ ကမ္မပထော ဘဝေ။

၅၆-က။ ။ပရေ ပန အဘိန္နေ ကမ္မပထဘေဒေါ နတ္ထိ။ ဘိန္နေဝေ ဟောတိ။

ပါရာဇိကဏ် အဋ္ဌကထာ။

---

## ဗိသုဏာဝါစာ၏ အပြစ်

ထိုဗိသုဏာဝါစာကံသည် အကျင့်သီလ မရှိသောသူကို ကွဲပြားအောင် ဖျက်ဆီး ခြင်းသည် အပြစ် နည်းပါး၏၊ အကျင့်သီလ ရှိသောသူတို့ကို ကွဲပြားအောင် ဖျက်ဆီးခြင်းသည် အပြစ်ကြီး၏ ဟု မှတ်၏။

တဿ အပ္ပဂုဏတာယ အပ္ပသာဝဇ္ဇော၊မဟာဂုဏတာယ
မဟာသာဝဇ္ဇော။ ။အဋ္ဌသာလိနီ အဋ္ဌကထာ။

---

၅၅-က။ ။ပိသုဏာယ၊ပိသုဏာဝါစာ၏။ သမ္ဘာရော၊အင်္ဂါကား။ ဘိန္ဒိတဗ္ဗော၊ခွဲအပ်သော သူ။ဘေဒပုရေပိယကမျတာ၊ ထိုကွဲခြင်းကို ရှေးရှု၍ပြိုကိုမှုလည်း ချစ်စေလိုခြင်း။ဝါယာမော၊ အားထုတ်ခြင်း။ ဇာနနံ၊သိသူနားလည်ခြင်း။ ဣတိ၊ဤသို့။ စတု၊လေးပါးတည်း။ ဘိန္နေ၊သူနှစ်ဦးသား ကွဲပြားသော်မှ။ကမ္မပထော၊ကံမြောက်သည်။ ဘဝေ၊ဖြစ်၏။

၅၆-ခ။ ။ပန၊သို့သော်ပင် အင်္ဂါ လေးပါးနှင့် ပြည့်စုံသော်လည်း။ ပရေ၊သူတပါးသည်။ အဘိန္နေ၊မကွဲပြားသည်ရှိသော်၊ကမ္မပထဘေဒေါ၊ကမ္မပထအပြားသည်။ နတ္ထိ၊မရှိ။ဘိန္နေဝ၊ ကွဲပြားသော်သာလျှင်။ ဟောတိ၊၏။

## ဖရုသဝါစာကံ အဘွင့်

အတ္တာနမ္ပိ ပရမ္ပိ ဖရုသံ ကရောတီတိ ဖရုသာ။
ဖရုသာ စ သာ ဝါစာစာတိ ဖရုသဝါစာ။

ယာဝါစာ၊ အကြင် စကားသည်။ အတ္တာနမ္ပိ၊မိမိကိုယ်ကိုဧ။ ပရမ္ပိ၊ သူတပါးကိုဧ။ ဖရုသံ၊ ကြမ်းတန်းသည်ကို။ ကရောတိ၊ပြုတတ်၏။ဣတိ တသ္မာ၊ ထို့ကြောင့်။သာဝါစာ၊ထိုစကားသည်။ ဖရုသာ၊ဖရုသ-မည်၏။ ။ ဖရုသာစ၊ ကြမ်းတန်းခြင်းကို ပြုတတ်သည်လည်း။ ဟောတိ၊၏။ သာ၊သည်။ ဝါစာစ၊စကားသည်လည်း။ဟောတိ၊၏။ ဣတိတသ္မာ၊ကြောင့်။ဖရုသဝါစာ၊ မည်၏။ ။ဝိဂြိုဟ်အရ····ဆဲရေးခြင်း ဆယ်ပါးတို့တွင် တပါးပါးဖြင့် စွပ်စွဲ၍ သူတပါးတို့၏ စိတ်နှလုံးကို ထိခိုက်စေတတ်သော ကာယပယောဂ, ဝစီပယောဂကို ဖြစ်စေတတ်သော ဒုဋ္ဌစေတနာသည် ဖရုသဝါစာ မည်၏။ ။ဟူလို။

### ဖရုသဝါစာကံ၏ အင်္ဂါ

၁။ ။အက္ကောသိတဗ္ဗော-ဆဲရေးအပ်သူ၊
၂။ ။ကုပိတစိတ္တံ-ပြစ်မှားသော စိတ်ရှိခြင်း၊
၃။ ။အက္ကောသနာ-ဆဲရေးခြင်း။

ဤကား····ဖရုသဝါစာ၏ အင်္ဂါတို့ပေတည်း။

‘‘ဖရုသာယက္ကောသိတဗ္ဗော,ကောပေါ,အက္ကောသနာ တယော’’။

ဖရုသာယ၊ ဖရုသဝါစာ၏။ သမ္ဘာရာ၊ အင်္ဂါ အဆောက်အဦတို့သည်။ အက္ကောသိတဗ္ဗော၊ ဆဲရေးအပ်သောသူ။ ကောပေါ၊ အမျက်ထွက်ခြင်း။ အက္ကောသနာ၊ဆဲရေးခြင်း။ဣတိ၊ဤသို့။တယော၊သုံးပါးတို့တည်း။

### ဆဲရေးခြင်း ဆယ်ပါး

၁။ ။ဇာတိယာ-ဇာတ်အမျိုးအားဖြင့် ဆဲရေးခြင်း၊
၂။ ။နာမေန-အမည်အားဖြင့် ဆဲရေးခြင်း၊
၃။ ။ဂေါတ္တေန-အနွယ်အားဖြင့် ဆဲရေးခြင်း၊
၄။ ။ကမ္မေန-အမှုအားဖြင့် ဆဲရေးခြင်း။

၅။ ။သိပ္ပေန-အတတ်အားဖြင့် ဆဲရေးခြင်း၊
၆။ ။အာဗာဓေန-အနာအားဖြင့် ဆဲရေးခြင်း၊
၇။ ။လိင်္ဂေန-သဏ္ဍာန် အသွင်အားဖြင့် ဆဲရေးခြင်း၊
၈။ ။ကိလေသေန-ကိလေသာအားဖြင့် ဆဲရေးခြင်း၊
၉။ ။အာပတ္တိယာ-အပတ်အားဖြင့် ဆဲရေးခြင်း၊
၁၀။ ။အက္ကောသနာ-အက္ကောသအားဖြင့် ဆဲရေးခြင်း၊

ဤကား····ဆဲရေးခြင်း ဆယ်ပါးတို့တည်း။

၁။ ။ဤဆယ်ပါးသော ဆဲရေးခြင်းတို့တွင် တပါးတပါး၌ ယုတ်သော ဆဲရေးခြင်း, မြတ်သော ဆဲရေးခြင်း ဟူ၍ ၂-မျိုးရှိ၏၊ ထို ၂-ပါး တို့တွင် ယုတ်သော အမျိုးအားဖြင့် ဆဲရေးခြင်း ဟူသည်ကား···· နင်-ဒွန်စဏ္ဍား, မုဆိုး, တံငါမျိုး,စသည်ဖြင့် ဆဲရေးခြင်းတည်း၊ မြတ်သော အမျိုးအားဖြင့် ဆဲရေးခြင်း ဟူသည်ကား····အမောင် မင်းမျိုး, သူဌေးမျိုး, စသည်ဖြင့် ဆဲရေးခြင်းပင်တည်း။

၂။ ။အမည်အားဖြင့် ဆဲရေးခြင်း ဟူသည်ကား····''ဟဲ့ နားပွဲ့,ဟဲ့ ခေါင်းကြီး''စသော ယုတ်သော အမည်အားဖြင့် ဆဲရေးခြင်း, ''အိုအရေး ပိုင်ကြီး,အိုဝန်ကြီးမင်း,ဝန်ထောက်မင်း''စသော မြတ်သောအမည်အားဖြင့် ဆဲရေးခြင်းတို့ပင်တည်း။

၃။ ။အနွယ်အားဖြင့် ဆဲရေးခြင်း ဟူသည်ကား···· ''ကောသိယ အနွယ်,ဘာရဒွါဇအနွယ်''စသော ယုတ်သော အနွယ်အားဖြင့်၎င်း၊ ''ဂေါတမအနွယ်, မောဂ္ဂလာနအနွယ်''စသော မြတ်သော အနွယ်အားဖြင့်၎င်း ဆဲရေးခြင်းတို့ပေတည်း။

၄။ ။အမှုအားဖြင့် ဆဲရေးခြင်း ဟူသည်ကား ····''တံစဉ်သမား, ဆောက်သမား''စသော ယုတ်သော အမှုအားဖြင့်၎င်း ''လယ်ထွန်သမား, ကုန်သည်သမား, ရွှေခတ်သမား စသော မြတ်သော အမှုအားဖြင့်၎င်း ဆဲရေးခြင်းမျိုးပေတည်း။

၅။ ။အတတ်အားဖြင့် ဆဲရေးခြင်း ဟူသည်ကား····''ကျူထရံသည် အတတ် တတ်သောသူ,အိုးလုပ်အတတ်ပညာ တတ်သောသူ,ဆတ္တာသည် အတတ် တတ်သောသူ'' စသော ယုတ်သော အတတ် အားဖြင့်၎င်း

''ဗေဒင် တတ်သောသူ,နက္ခတ်တတ်သောသူ,ဆေးအတတ်တတ်သောသူ'' စသော မြတ်သော အတတ်ပညာအားဖြင့်ရင်း ဆဲရေးခြင်း ပင်တည်း။

၆။ ။အနာရောဂါအားဖြင့် ဆဲရေးခြင်း ဟူသည်ကား····''နူနာစွဲသော သူ,ဝဲနာစွဲသောသူ''စသော ယုတ်သော အနာရောဂါအားဖြင့်ရင်း၊ ''ဖြင်း သရိုင်းနာ စွဲသောသူ''စသော မြတ်သော အနာရောဂါ အားဖြင့်ရင်း ဆဲရေးခြင်း ပင်တည်း။

၇။ ။အသွင်အားဖြင့် ဆဲရေးခြင်း ဟူသည်ကား····''ငလောရှည်, ငပု,ငရှေ''စသော ယုတ်သော အသွင်အားဖြင့်ရင်း ''မောင်တို့မှာ လုံးရပ် သဏ္ဍာန် အရပ်အမောင်း ကောင်းပါပေသည်''စသော မြတ်သော အသွင် အားဖြင့်ရင်း ဆဲရေးခြင်းတို့ပင်တည်း။

၈။ ။ကိလေသာအားဖြင့် ဆဲရေးခြင်း ဟူသည်ကား····ကိလေသာ မှန်သမျှသည် မြတ်သည်မရှိ၊အယုတ်ချည်းသာ ဖြစ်သောကြောင့် ''လောဘ ကြီးသောသူ, ဒေါသကြီးသောသူ''စသောအားဖြင့် ဆဲရေးခြင်းပင်တည်း။

၉။ ။အာပတ်အားဖြင့် ဆဲရေးခြင်း ဟူသည်ကား····''သံဃာဒိသိသ် အာပတ် သင့်သောသူ,ပါစိတ်အာပတ် သင့်သောသူ''စသော ယုတ်သော အာပတ် အားဖြင့်ရင်း''သောတာပတ္တိမဂ်, သောတာပတ္တိဖိုလ်သို့ ရောက် သောသူ, သမာပတ်သို့ ရောက်သောသူ'' စသော မြတ်သော အားပတ် အားဖြင့်ရင်း ဆဲရေးခြင်းပင်တည်း။

၁၀။ ။အက္ကောသအားဖြင့် ဆဲရေးခြင်း ဟူသည်ကား···· ''နင်ကုလား အုပ်,နင်ဆိတ်, နင်နွား, နင့်နွမ, နင့်အမေ''စသော ယုတ်သော အက္ကောသ အားဖြင့်ရင်း၊''သင်-ပညာရှိကြီး,သင်က လူလိမ္မာကြီး, သင်က ဉာဏ်ရှိကြီး'' စသော မြတ်သော အက္ကောသအားဖြင့်ရင်း ဆဲရေးခြင်းတို့တည်း။

ဤကား ဆဲရေးခြင်း ၁၀-ပါး အမိပ္ပါယ်တည်း။

> ဩမသဝါဒေါနာမ ဒသဟိ အာကာရေဟိ ဩမသတိ၊ဇာတိယာပိ နာမေနပိ ဂေါတ္တေနပိ ကမ္မေနပိ သိပ္ပေနပိ အာဗာဓေနပိ လိင်္ဂေနပိ ကိလေသေနပိ အာပတ္တိယာပိ အက္ကောသေနပိ။
>
> ပါစိတ် ပါဠိတော်။

## ဖရုသဝါစာ အခန်းအဖြတ်

ဖရုသဝါစာ ကံသည် ဆဲအပ်သောသူ မျက်မှောက် ရှိပါမှ ကမ္မပထ မြောက်၏ ဟု ဇေစိဆရာတို့ ဆိုကြကုန်၏။ ။အပရေ ဆရာတို့ကား မျက်ကွယ်၌ပင် ဖြစ်သော်လည်း ကမ္မပထမြောက်၏ ဟု ဆိုကုန်၏။ ။သမာန ဝါဒီ ဆရာတို့ကား ဆဲအပ်သော သူသည် မျက်မှောက်၌ပင် ဖြစ်စေ, မျက်ကွယ်၌ပင် ဖြစ်စေ အသက်ထင်ရှား ရှိပါမှကား ကမ္မပထ မြောက်၏ ဟု မိန့်တော်မူကုန်၏။ ဒီဃနိကာယ်, မဇ္ဈိမနိကာယ် ဋီကာ ဆရာများကား မျက်မှောက်၌ရှိသောသူကိုဖြစ်စေ,မျက်ကွယ်၌တည်သော သူကိုဖြစ်စေ,သေလွန်သောသူကို ဖြစ်စေ ဆဲရေးပြီး၍ ကန်တော့လျှင် အပြစ်ပျောက်သည်ကို ထောက်၍ မျက်မှောက်သော သူကိုဖြစ်စေ, မျက်ကွယ်၌တည်သော သူကို ဖြစ်စေ,သေသောသူကို ဖြစ်စေ ဆဲရေးလျှင် ကံမြောက်၏ ဟု မိန့်ဆိုကုန်၏။

ဆဲရေးလိုသောစိတ်ဖြင့် စင်စစ် ဆဲရေးသောအတိုင်း မဖြစ်စေလိုသော စေတနာရှိ၍ ဆဲရေးပါမူ ဖရုသဝါစာသာထိုက်၏၊ဆဲရေးလိုသော စိတ်ဖြင့် ၎င်းဆဲရေးသော အတိုင်း စင်စစ် ဖြစ်စေလိုသောစိတ် ရှိပါမူ ဖရုသဝါစာ, အဘိဇ္ဈာစသည် ထိုက်၏-ဟု မှတ်။ ။ဥပမာ····''နင့်ကို မြွေကိုက်ပါစေ, ကျားကိုက်ပါစေ''ဟု ဆဲရေးရာ ဆဲရေးလိုသော စိတ်ရှိ၍ ဆဲရေးသော အတိုင်းလည်း မြွေကိုက်စေလိုသဖြင့် မြွေစသည် ကိုက်ပါမူ အဘိဇ္ဈာနှင့် တကွ ဖရုသဝါစာကံထိုက်၏၊စင်စစ် ဆဲရေးသောအတိုင်း စိတ်ရင်းမရှိပါမူ ဖရုသဝါစာသာ ကံထိုက်၏ ဟု မှတ်။

သို့ဖြစ်၍ မိခင်စသည်တို့သည် သားသမီးများကို ''သေပါစေ, မြွေကိုက်ပါစေ'' ဟု ဆဲရေးခြင်းသည် ဝစီပယောဂသည် ကြမ်းတန်း သော်လည်း အတွင်း မနောကား မကြမ်းတန်း၊ သေစေလိုသော စိတ်မရှိသောကြောင့် ကံမထိုက်ပေ။ ။အဌကထာ၌''တောကျွဲ မ-လိုက်ပါစေသတည်း''ဟု ဆဲရေးမှုကို ထုတ်ဆောင်၏။မင်းစိုးရာဇာတို့သည် ပြုံးရယ်ကုန်လျက်လည်း ခိုးသူ ထားပြစသော ရာဇဝတ်သားတို့ကို သတ်လိုသော စိတ်ရှိကုန်သည် ဖြစ်၍ ''ဤသူတို့ ချမ်းသာစွာ အိပ်ကြပါစေ''စသော စကားသည် သာယာနူးညံ့ သော်လည်း အတွင်းစိတ်ဓာတ်ကား ကြမ်းကြုတ်သောကြောင့် ဖရုသဝါစာ ဖြစ်၏ ဟု မှတ်။

ဧဝံ မဏ္ဍေဒကောပိ ပယောဂေါ စိတ္တသဏ္ဌာတာယ ဖရုသဝါစာ န ဟောတိ။ ။အဋ္ဌသာလိနီ အဋ္ဌကထာ။

ဒုဋ္ဌစိတ္တဿ အမရဏာဓိပ္ပါယဿ ဖရုသကာယ ဝစီ ပယောဂ သမုဋ္ဌာပိကာ ဖရုသစေတနာ ဖရုသဝါစာ။မရဏာဓိပ္ပါယေ ပနသတိ အတ္ထသိဒ္ဓိတဒဘာဝေသု ပါဏာတိပါတာ ဗျာပါဒါ စ ဟောန္တိတိ။ ယံ ပတိ ဖရုသဝါစာ ပယုဇ္ဇတိ။တဿ သမုခါဝ သီသံ ဧတိ။ပရမ္မု ခေပိ ဖရုသဝါစာ ဟောတီတိ ဝဒန္တိ။ ။အနုဋီကာ။

---

## ဖရုသဝါစာကံ၏ အပြစ်

ထိုဖရုသဝါစာကံသည် နည်းသော သီလရှိသောပုဂ္ဂိုလ်ကို ဆဲရေးရာ၌ အပြစ်နည်းပါး၏၊ ကြီးသော သီလစသော ဂုဏ်ရှိသောပုဂ္ဂိုလ်ကို ဆဲရေး ရာ၌ အပြစ်ကြီး၏။

သာ ယံ သန္ဓာယ ပဝတ္တိတာ၊တဿ အပ္ပဂုဏတာယ အပ္ပသာဝဇ္ဇော၊ မဟာဂုဏတာယ မဟာသာဝဇ္ဇော။

အဋ္ဌသာလိနီ အဋ္ဌကထာ။

---

## သမ္ဖပ္ပလာပကံ အဘွင့်

သံ သုခံ ဟိတဉ္စ ဖလတိ ဝိနာသေတီတိ သမ္ဖံ။
သမ္ဖံ ပလပတိ ဧတေနာတိ သမ္ဖပ္ပလာပေါ။

သုခံ-သုခဉ္စ၊ ချမ်းသာကိုင်း။ ဟိတဉ္စ၊ အစီးအပွါးကိုင်း။ဖလတိ-ဝိနာ သေတိ၊ ဖျက်စီးတတ်၏။ ဣတိတသ္မာ၊ထိုကြောင့်။ သမ္ဖံ၊ သမ္ဖမည်၏။ ။ ဧတေန၊ ဤစေတနာ သဘောဖြင့်။သမ္ဖံ၊အကျိုးမရှိသော စကားကို။ပလပတိ၊ ပြောဆိုတတ်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ သမ္ဖပ္ပလာပေါ၊ သမ္ဖပ္ပလာပ မည်၏။ ။ဝိဂ္ဂြိုဟ်အရ....သီတာမိဖုယားကို ဆောင်ယူခြင်းစသော အကျိုး မရှိသော ပြဇာတ် ထိုးဇာတ်,စကားကို ပြောဆိုကြောင်းဖြစ်သော ကာယ ပယောဂ, ဝစီပယောဂ-ကို ဖြစ်စေတတ်သော ယုတ်မာသော စေတနာ ဖျင်းသည် သမ္ဖပ္ပလာပမည်၏။ ။ဟူလို။

## သမ္ဘပ္ပလာပကံ အင်္ဂါ

၁။ ။နိရတ္ထကထာပုရေက္ခာရော-အကျိုးမဲ့သောစကားကို ရှေးရှုခြင်း။

၂။ ။ကထနံ-ထိုအကျိုးမဲ့သောစကားကိုပြောဆိုခြင်း။
ဤနှစ်ပါးတို့ကား သမ္ဖပ္ပလာပကံ၏ အင်္ဂါတို့တည်း။

"သမ္ဖဿ နိရတ္ထကထာ၊ ပုရတာ ကထနံ ဒုဝေ"။

သမ္ဖဿ၊ သမ္ဖပ္ပလာပ၏။ သမ္ဘာရာ၊ အဆောက်အဦ အင်္ဂါတို့သည်။ နိရတ္ထကထာပုရတာ၊ သီတာမင်းသမီးကို ဆောင်ခြင်း, မင်းညီနောင် စစ်ထိုးခြင်း စသော အနက်မရှိသောစကားကို ရှေးရှုခြင်း။ ကထနံ၊ ပြောဆိုခြင်း။ ဇူတိ၊ ဤသို့။ ဒုဝေ၊ နှစ်ပါးတို့တည်း။

သမ္ဖ၏ အရ "နိရတ္ထကထာ"အကျိုးမရှိသော စကားဟူသည်ကား၊ မဂ်ဖိုလ်နိဗ္ဗာန်နှင့် အနည်းငယ်မျှ မဆိုင်သော မင်းနှင့်စပ်သော စကား, မြို့နှင့်စပ်သောစကား, ရပ်စကား, ရွာစကားစသော စကားမျိုးတည်း။ထိုစကားမျိုးသည် ဟုတ်မှန်သော စကား၊မဟုတ်မမှန်ဘဲ သူတပါးတို့စိတ်၌ သာယာမှု ဖြစ်စေရန် ကြံဘန်၍ပြောဆိုရေးသားသောထိုးဇာတ်, ယခုကာလပေါ်ဝတ္ထု ဟူ၍ ၂-မျိုးရှိ၏။ထို ၂-မျိုးတို့တွင် သီတာဒေဝီမိဖုယားကြီးကို ဒသဂီရိဘီလူး ယူဆောင်ခြင်း, ယခု ကာလပေါ်ခေတ်ထုတ် မဟုတ်မမှန်လည်းဆယ် ဆန်းဆန်းကြယ်ကြယ် ကြံစည်ကာရေးသားအပ်သော ကာလပေါ်ဝတ္ထုများကို ရေးသားပြောဆိုမှသာလျှင် သမ္ဖပ္ပလာပကံ မြောက်၏။ ။ဟုတ်မှန်သော ဇာတ်, ဝတ္ထုများကို ပြောဆိုရာ၌ငှင်း, လောက၌လည်း အဟုတ်အမှန်-တကယ်ဖြစ်ပျက်သော ဆန်းကျယ်သော အကြောင်းအရာများကို ပြောဆိုရာ၌ငှင်း, ကမ္မပထ မမြောက်။ မဟုတ်မမှန်သော ဝတ္ထုကို ပြောဆိုသော်လည်း နားထောင်သောသူက အဟုတ်အမှန် ဟု ယုံကြည်မှ ကံပျက်၏။ မယုံမှု ကံမပျက်။

ပရေ ပန တံ ကထံ အဂဏှန္တေ ကမ္မပထဘေဒေါ
နတ္ထိ၊ ပရေန သမ္ဖပ္ပလာပေ ဂဟိတေယေဝ ဟောတိ။
အဋ္ဌသာလိနီ အဋ္ဌကထာ။

**မှတ်ချက်။** ။ငင်း အဋ္ဌကထာ စကားအရ သမ္ဖပ္ပလာပ အင်္ဂါသည် ၁-နိရတ္ထက စကားလည်း ဖြစ်စေ၊ ၂-ပြောဆိုသည်လည်း ဖြစ်စေ၊ ၃-ကြားနာသူ၏ ၎င်းစကားကို ယုံကြည်သည်လည်း ဖြစ်စေ၊ ၎င်း အင်္ဂါသုံးပါး ဖြစ်သင့်၏။သို့သော် ရှေးမဟာအဋ္ဌကထာ၌ လာသော အတိုင်းသာ အင်္ဂါ ၂-ပါးကို ထုတ်ပြတော်မူလေသည်။

“တေန စ ဂဟာဏေန သဒ္ဓိံ သမ္ဖပ္ပလာပဿ တယော သမ္ဘာရာတိ ဝုတ္တာဝ ဟောန္တိ။ ယံ ပန ဒွေ သမ္ဘာရာတိ ဝုတ္တံ။ တံ ပေါရာဏဋ္ဌကထာနယေန ဝုတ္တန္တိ ဒဋ္ဌဗ္ဗံ”။ ။မဋီ။ (၁၅၄)။

---

## တိရစ္ဆာနကထာ ၃၂ ပါး

၃၂-ပါးသော တိရစ္ဆာန ကထာတို့ကို သာယာသောအားဖြင့် ဝမ်းမြောက် ဝမ်းသာပြောဆိုမှုသာ သမ္ဖပ္ပလာပကံမြောက်၏၊ ထိုသို့မဟုတ်ဘဲ အကျိုးနှင့် စပ်လျဉ်း၍ သော်၎င်း, အကြောင်းနှင့် စပ်လျဉ်း၍ သော်၎င်း, ပြောဆိုရာတို့၌ သမ္ဖပ္ပလာပကံ မဖြစ်။ ။အကြောင်းအားလျော်စွာ ရှေးက ဖြစ်ဘူးသော ဟုတ်မှန်သော ဇာတ်,ရာဇဝင်တို့ကို ထုတ်ဆောင်ဘော်ပြခြင်းသည် သူတော်ကောင်းတို့၏ ထုံးစံဓမ္မတာကြီးပေတည်း။

ရှေးကလျာဏဂိုဏ်းဝင် သူတော်စင်တို့သည် တိရစ္ဆာနကထာမှ လွှန်မြောက်ရန် ခယဝယသို့တင်လျက် အဆုံးသတ်ခါပြောဆိုစမှတ် ပြုတော်မူတတ်ကုန်၏။ ။၎င်းတိရစ္ဆာနကထာများကား

၁။ ။ရာဇကထာ-မင်းနှင့်စပ်သော စကား၊
၂။ ။စောရကထာ-ခိုးသူနှင့်စပ်သော စကား၊
၃။ ။မဟာမတ္တကထာ-အမတ်ကြီးနှင့်စပ်သော စကား၊
၄။ ။သေနာကထာ-စစ်သည်နှင့်စပ်သော စကား၊
၅။ ။ဘယကထာ-ဘေးနှင့်စပ်သော စကား၊
၆။ ။ယုဒ္ဓကထာ စစ်ထိုးခြင်းနှင့်စပ်သော စကား၊
၇။ ။အန္နကထာ-ထမင်းနှင့်စပ်သော စကား။
၈။ ။ပါနကထာ-အဖျော်နှင့်စပ်သော စကား၊
၉။ ။ဝတ္ထကထာ-အဝတ်နှင့်စပ်သော စကား၊

၁၀။ ။သယနကထာ-အိပ်ရာနှင့်စပ်သော စကား၊
၁၁။ ။မာလာကထာ-ပန်းနှင့်စပ်သော စကား၊
၁၂။ ။ဂန္ဓကထာ-နံ့သာနှင့်စပ်သော စကား၊
၁၃။ ။ဉာတိကထာ-ဆွေမျိုးနှင့်စပ်သော စကား၊
၁၄။ ။ယာနကထာ-ယာဉ်နှင့်စပ်သော စကား၊
၁၅။ ။ဂါမကထာ-ရွာနှင့်စပ်သော စကား၊
၁၆။ ။နိဂမကထာ-နိဂုံးနှင့်စပ်သော စကား၊
၁၇။ ။နဂရကထာ-မြို့နှင့်စပ်သော စကား၊
၁၈။ ။ဇနပဒကထာ-ဇနပုဒ်နှင့်စပ်သော စကား၊
၁၉။ ။ဣတ္ထိကထာ-မိန်းမနှင့်စပ်သော စကား၊
၂၀။ ။ပုရိသကထာ-ယောကျ်ားနှင့်စပ်သော စကား၊
၂၁။ ။ကုမာရကထာ-လုလင်ပျိုနှင့်စပ်သော စကား၊
၂၂။ ။ကုမာရိကထာ-မိန်းမပျိုနှင့်စပ်သော စကား၊
၂၃။ ။သူရကထာ-ရဲရင့်ခြင်းနှင့်စပ်သော စကား၊
၂၄။ ။ဝိသိခါကထာ-ခရီးနှင့်စပ်သော စကား၊
၂၅။ ။ဝိသိခကထာ-ခရီး၌နေသူနှင့်စပ်သော စကား၊
၂၆။ ။ကုမ္ဘဋ္ဌာနကထာ-ရေဆိပ်နှင့်စပ်သော စကား၊
၂၇။ ။ကုမ္ဘဒါသီကထာ-ရေရွက်သောကျွန်မနှင့်စပ်သော စကား၊
၂၈။ ။ပုဗ္ဗပေတကထာ-ရှေးပျက်စီးသော ဆွေမျိုးနှင့်စပ်သော စကား၊
၂၉။ ။နာနတ္တကထာ-အထူးထူးသော စကား
၃၀။ ။လောကက္ခာယိကာ ကထာ- လောကကို ဘန်ဆင်းသည်နှင့် စပ်သော စကား၊
၃၁။ ။သမုဒ္ဒက္ခာယိကကထာ - သမုဒ္ဒရာကို ဘန်ဆင်း သည်နှင့် စပ်သော စကား၊
၃၂။ ။ဣတိဘဝါဘဝကထာ ဤသို့ပွါး၏, ဤသို့ဆုတ်၏ ဟူသော စကား၊

ဤ ၃၂-ပါးသော စကားတို့သည်''တိရော အဋ္ဌိတာတိ တိရစ္ဆာနာ'' ဝိဂြိုဟ်အရ၊နတ်ရွာ,နိဗ္ဗာန်,ဈာန်,မဂ်,ဖိုလ်ကို ဖြစ်စေတတ်သော စကားမျိုး

မဟုတ်၊ မင်္ဂဖိုလ်နိဗ္ဗာန်မှတပါး ဗိလာ အပါယ်သို့လားကြောင်း၊အကျိုးမရှိသော စကားမျိုးဖြစ်သောကြောင့် တိရစ္ဆာနကထာမည်၏။

(သုတ်သီလက္ခန် သာခညဖလသုတ် စသည်တို့၌ အကျယ်ဘဝင့် ကြည့်ရှုတော်မူလင့်ကုန်)၊

---

**သမ္ဖပ္ပလာပကံ၏ အပြစ်**

အာသေဝန-ဟု ဆိုအင်သော မှီဝဲခြင်းများလျှင် အပြစ်ကြီး၏၊အာသေဝန-ဟု ဆိုအပ်သော မှီဝဲခြင်းနည်းလျှင် အပြစ်နည်း၏။

သော အာသေဝနမန္ဒတာယ အပ္ပသာဝဇ္ဇော။
အာသေဝနမဟန္တတာယ မဟာသာဝဇ္ဇော။

အဋ္ဌသာလိနီ အဋ္ဌကထာ။

ဤကား ဝစီကံ ၄-ပါး၏ အဘွင့်တည်း။

---

**မနောကံ၏ အဘွင့်**

၅၇။ **။အဘိဇ္ဈာဗျာပါဒေါ၊ မိစ္ဆာဒိဋ္ဌိ စေတိ အညတြာပိ ဝိညတ္တိ ယာ မနသ္မိံယေဝ ဗာဟုလ္လဝုတ္တိတော မနောကမ္မံနာမ။**

သင်္ဂြိုဟ်ပါဠိ။

၁-အဘိဇ္ဈာ-သူ့ပစ္စည်းကို ကိုယ်သို့ ညွတ်စေခြင်း၊ ၂-ဗျာပါဒ-ပျက်စီးရန် တောင့်တခြင်း၊၃-မိစ္ဆာဒိဋ္ဌိ-မှားသော အယူ၊ဤ ၃-ပါးသည်ဝိညတ်ကိုကြဉ်၍ စိတ်၌သာလျှင် များသောအားဖြင့် ဖြစ်သောကြောင့် မနောကံမည်၏။ ။ဟူလို။

ဤကား ဋီကာဋ္ဌ။

ပရသမ္ပတ္တိံ အဘိမုခံ ဈာယတိ၊
လောဘဝသေန စိန္တေတီတိ အဘိဇ္ဈာ။

ယာ တဏှာ၊ အကြင် လောဘတဏှာသည်။ပရသမ္ပတ္တိံ၊ သူတပါး၏ ဥစ္စာဘဏ္ဍာကို။ လောဘဝသေန၊လောဘဇော၏ အစွမ်းအားဖြင့်။အဘိမုခံ၊ မိမိသို့ရှေးရှု။ဈာယတိ စိန္တေတိ၊ ငါတို့၏ ဥစ္စာဖြစ်မူ၊ ကောင်းလေစွ-ဟု ကြံဘတ်၏။ ဣတိ၊ဘသ္မာ၊ထို့ကြောင့်။သာတဏှာ၊ ထိုတဏှာတရားသဘော သည်။ အဘိဇ္ဈာ၊အဘိဇ္ဈာမည်၏။ ။ဝိဂြိုဟ်အရ····သူတပါး၏ စည်းစိမ် ချမ်းသာကို ငါ့ရပါမူကား ငါ့ဥစ္စာ ဖြစ်ပါမူကား,ကောင်းလေစွ-ဟု မိမိသို့ ရှေးရှုညွတ်စေသော လောဘစေတသိက်သည် အဘိဇ္ဈာမည်၏။ ။ဟူလို။

**အဘိဇ္ဈာကံ၏ အင်္ဂါ**

၁။ ။ပရဘဏ္ဍံ-သူတပါး၏ ဥစ္စာဘဏ္ဍာ ဖြစ်ခြင်း၊
၂။ ။အတ္တနော ပရိဏာမနံ-မိမိသို့ ညွတ်စေခြင်း၊
ဤတရား ၂-ပါးတို့ကား အဘိဇ္ဈာ၏ အင်္ဂါတို့တည်း။

''ဒွေ ဘိဇ္ဈာယ ပရဘဏ္ဍံ၊အတ္တနော ပရိဏာမနံ''။

အဘိဇ္ဈာယ၊ အဘိဇ္ဈာ၏။ သမ္ဘာရာ၊ အဆောက်အဦ အင်္ဂါတို့သည်။ ပရဘဏ္ဍံ၊ သူတပါး ဘဏ္ဍာဒင်း။ အတ္တနော၊မိမိသို့။ပရိဏာမနံ၊ငါ့ဟာ ဖြစ် သော် တော်သေစွ-ဟု ညွတ်စေခြင်းဒင်း။ ဣတိ၊ဤသို့၊ဒွေ၊နှစ်ပါးတို့တည်း။

သူတပါး၏ ပစ္စည်းဥစ္စာတို့၌ လိုချင်ကာမျှ လောဘဖြစ်ရုံမျှဖြင့် အဘိဇ္ဈာ ကံမမြောက်၊ ဤဥစ္စာ ငါ့ဥစ္စာဖြစ်မူ ကောင်းလေစွ-ဟုမိမိသို့ညွတ်သော လောဘဖြစ်မှသာလျှင် ကံမြောက်၏။

၅၇-က။ ။ပရဘဏ္ဍဝတ္ထုကေ ဟိ လောဘေ ဥပ္ပန္နေပိ
န တာဝ ကမ္မပထဘေဒေါ ဟောတိ။
ယာဝ န အဟောဝတ ဣဒံ မမဿာတိ အတ္တနော
ပရိဏာမေတိ။ ။အဋ္ဌသာလိနီ အဋ္ဌကထာ။

---

၅၇-က။ ။ဟိ၊ မှန်၏။ ပရဘဏ္ဍဝတ္ထုကေ၊ သူတပါး၏ ဘဏ္ဍာဖြစ်သော ဝတ္ထုပစ္စည်း၌။ လောဘေ၊ လိုချင်တပ်မက်သော လောဘသည်။ ဥပ္ပန္နေပိ၊ ဖြစ်သော်လည်း၊ တာဝ၊ ရှေးဦးစွာ။ ကမ္မပထဘေဒေါ၊ အဘိဇ္ဈာကံမြောက်သည်။ န ဟောတိ၊ မဖြစ်။ ယာဝ၊ အကြင်မျှလောက်။ ဣဒံ၊ ဤဝတ္ထု ပစ္စည်းသည်၊ ဝါ၊ ဝတ္ထုစင်စစ်။ မမ၊ ငါ၏ဥစ္စာသည်။ အဿ၊ ဖြစ်ပါမူကား။ အဟောဝတ၊ အော် ကောင်းလေစွ။ ဣတိ၊ ဤသို့၊ အတ္တနော၊ မိမိအား။ ပရိဏာမေတိ၊ ညွတ်စေ၏။

## အဘိဇ္ဈာကံ အပြီး

ဤအဘိဇ္ဈာသည် သိသသမာဓိစသော ဂုဏ်နည်းသူ၏ ဥစ္စာကို ငါ့ဥစ္စာ ဖြစ်မူ ကောင်းလေစွ ဟု ကြံပြောအံ့၊ အပြစ်နည်း၏၊ သီလစသော ဂုဏ်ကြီးသော သူ၏ ဥစ္စာကို ကြံပြောအံ့၊ ကြီးသော အပြစ်ရှိ၏။

အဒိန္နာဒါနံ ဝိယ အပ္ပသာဝဇ္ဇမဟာသာဝဇ္ဇာ စ။

အဋ္ဌသာလိနီ အဋ္ဌကထာ။

---

## ဗျာပါဒကံ အဖွင့်

ဗျာပဇ္ဇတိ ဟိတသုခံ ဧတေနာတိ ဗျာပါဒေါ။

ဧတေန၊ဤဒေါသဖြင့်။ဟိတသုခံ၊စီးပွါးချမ်းသာကို။ ဗျာပဇ္ဇတိ၊ဖျက်ဆီးတတ်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ ဗျာပါဒေါ၊ ဗျာပါဒ-မည်၏။ ။ဝိဂြိုဟ်အရ····သူတပါး၏ စီးပွါးချမ်းသာ ပျက်စီးပါမူ ကောင်းလေစွ-ဟု ပြစ်မှားကြောင်းဖြစ်သော ဒေါသစေတသိက်သည် ဗျာပါဒ-မည်၏။ ။ဟူလို။

## ဗျာပါဒကံ၏ အင်္ဂါ

၁။ ။ပရသတ္တော-သတ္တဝါတပါး ဖြစ်ခြင်း၊

၂။ ။ဝိနာသစိန္တာ-ထိုသတ္တဝါ၏ ပျက်စီးမှုကို ကြံစည်ခြင်း၊

ဤတရား ၂-ပါးတို့ကား ဗျာပါဒ၏ အင်္ဂါတို့တည်း။

''ဗျာပါဒဿ ပရသတ္တော၊တဿ ဝိနာသစိန္တနံ''။

ဗျာပါဒဿ၊ဗျာပါဒ၏လည်း။ သမ္ဘာရာ၊တို့သည်။ပရသတ္တော၊သတ္တဝါတပါးငှင်း။ တဿ၊ထိုသတ္တဝါ၏၊ ဝိနာသစိန္တနံ၊ပျက်စီးခြင်းကို ကြံစည်ခြင်းငှင်း။ဣတိ၊ဤသို့။ ဒွေ၊ ၂-ပါးတို့တည်း။

သို့ဖြစ်၍ အယုတ်သဖြင့် ခြင်,မှက်,ကြမ်းပိုး,ကို အစပြု၍ ဤသတ္တဝါတို့သည် သေကြေပျက်စီး ပြုန်းတီးကြစေကုန်သတည်း, ဤသတ္တဝါတို့သည် သေကြေပျက်စီး ပြုန်းတီးကြပါမူကား ကောင်းလေစွ, ဤသတ္တဝါတို့သည် ဘယ်အခါကာလမှ သေကြေပျက်စီး ပြုန်းတီးကြပါကုန်လိမ့်မည်နည်း စသည်ဖြင့် သတ္တဝါတဦးဦး၏ အသက်၏ငှင်း,ခန္ဓာကိုယ်၏ငှင်း,ပျက်စီးမှုသို့ ဆိုက်အောင် ကြံစည်မှုသာလျှင် ဗျာပါဒကမ္မပထ မြောက်၏။ ။ထိုသို့

အသက်ခန္ဓာ ပျက်စီးမှုသို့ မရောက်ဘဲ အမျက်ဒေါသ ဖြစ်ရုံမျှသည် ကမ္မပထ မမြောက် ဟု မှတ်။

ပရသတ္တဝတ္တုကော ဟိ ကောဓေ ဥပ္ပန္နေပိ န တာဝ ကမ္မပထဘေဒေါ ဟောတိ။ယာဝ အဟောဝတာယံ ဥစ္ဆိဇ္ဇေယျ ဝိနသေယျာတိ တဿ ဝိနာသနံ န စိန္တေတိ။

အဋ္ဌသာလိနီ အဋ္ဌကထာ။

---

## ဗျာပါဒကံ၏ အပြစ်

ဤဗျာပါဒကံသည် သီလ သမာဓိစသော ဂုဏ်နည်းပါးသောသူ၏ ပျက်စီးကြောင်းကြံရာ၌ အပြစ်နည်းပါး၏။ သီလစသော ဂုဏ်ကြီးသောသူ၏ ပျက်စီးကြောင်းကို ကြံရာ၌ ကြီးသော အပြစ်ရှိ၏။

ဖရုသဝါစာဝိယ အပ္ပသာဝဇ္ဇော, မဟာသာဝဇ္ဇော စ။

အဋ္ဌသာလိနီ အဋ္ဌကထာ။

---

## မိစ္ဆာဒိဋ္ဌိကံ၏ အဘွင့်

မိစ္ဆာ ဝိပရီတတော ပဿတီတိ မိစ္ဆာဒိဋ္ဌိ။

ယာဓမ္မဇာတိ၊အကြင်တရားသဘောသည်။ မိစ္ဆာဝိပရီတတော၊ဘောက်ပြန်သောအားဖြင့်။ ပဿတိ၊ မြင်တတ်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ သာဓမ္မဇာတိ၊ ထိုသဘောတရားသည်။ မိစ္ဆာဒိဋ္ဌိ၊ မိစ္ဆာဒိဋ္ဌိ-မည်၏၊ ။ဝိဂ္ဂဟ်အရ····ဘောက်ပြန်သော အားဖြင့် မြင်တတ်သော ဒိဋ္ဌိစေတသိက်သည် မိစ္ဆာဒိဋ္ဌိမည်၏။ ။ဟူလို။

**မှတ်ချက်။** ။ဤဝိဂ္ဂဟ်အရ မိစ္ဆာဟူသော ပုဒ်သည် တတိယန္တနိပါတ်ပုဒ်-ဖြစ်၏။ ။မူလဋီကာ ဆရာကား။ ။"မိစ္ဆာပဿတီတိ ဝိတထံ ပဿတိ"ဟု ဘွင့်ပြရာ မိစ္ဆာပုဒ်ကား ဒုတိယန္တ နိပါတ်-ဟု မိန့်တောင်းဆရာ မိန့်တော်မူ၏။ ။မဂုဆရာကား "ဝိတထန္တိ ဝိတထဘာဝေန" ဟု ဘွင့်ပြန်သဖြင့် မိစ္ဆာပုဒ်သည် တတိယန္တ နိပါတ်ပင်။ ။ဟူလို။ ။ဆရာတို့ကား ပဋ္ဌမန္တ ကြိယာဝိသေသနလည်း ကြံတော်မူကြသေး၏။ "မိစ္ဆာတိ ဝိပရီတတ္တဝါစကော ကရဏကာဝစနန္တော နိပါတော"။ ။မဏိမဉ္ဇူဋီကာ။

## မိစ္ဆာဒိဋ္ဌိကံ အင်္ဂါ

၁။ ။အတ္ထဝိပရီတတာ - ယူအပ်သော အနက်ဒြဗ်၏ မဟုတ်မမှန် ဘောက်ပြန်ခြင်း၊

၂။ ။တထာ ဥပဋ္ဌာနံ-ထိုသို့ ဘောက်ပြန်သော အတိုင်း ထင်ခြင်း။
ဤ၂-ပါးတို့ကား မိစ္ဆာဒိဋ္ဌိကံ၏ အင်္ဂါတို့ပေတည်း။

ဒိဋ္ဌိယာ ဒုဝေ သမ္ဘာရာ၊ဝတ္ထုနော ဝိပရီတတာ။
တထဘာဝေနုပဋ္ဌာနံ၊ကမ္မပထော တိဟေဝ စ။

ဒိဋ္ဌိယာ၊မိစ္ဆာဒိဋ္ဌိ၏။ သမ္ဘာရာ၊တို့သည်။ဝတ္ထုနော၊ယူအပ်သော အနက် ဒြဗ်၏။ ဝိပရီတတာ၊ဘောက်ပြန်ခြင်း။ တထဘာဝေန၊ အမှန်အဖြစ်ဖြင့်။ ဥပဋ္ဌာနံ၊ ထင်ခြင်း။ဣတိ၊ဤသို့။ဒုဝေ၊နှစ်ပါးတို့တည်း။ တိဟေဝစ၊နိယတ ဒိဋ္ဌိသုံးပါးတို့ဖြင့်သာလျှင်၊ကမ္မပထော၊သည်။ဟောတိ၊၏။

## မိစ္ဆာဒိဋ္ဌိ အဆုံးအဖြတ်

မိစ္ဆာဒိဋ္ဌိသည် နတ္ထိကဒိဋ္ဌိ, အဟေတုကဒိဋ္ဌိ, အကြိယဒိဋ္ဌိ ဟု နိယတ မိစ္ဆာဒိဋ္ဌိကြီး ၃-မျိုး၊ဒသဝတ္ထုကဒိဋ္ဌိ ၁၀-ပါး။ သက္ကာယဒိဋ္ဌိ- ၂၀။ခြောက် ဆယ့်နှစ်ပါးသော ဒွါသဋ္ဌိဒိဋ္ဌိ-ဟူ၍ ဒိဋ္ဌိအမျိုးမျိုးရှိရာ နတ္ထိကဒိဋ္ဌိ,အဟေ တုကဒိဋ္ဌိ, အကြိယဒိဋ္ဌိ ၃-မျိုးတို့သာလျှင် ကမ္မပထမြောက်ကုန်၏။ ဒသ ဝတ္ထုကဒိဋ္ဌိ ၁၀-ပါးတို့သည်လည်း နတ္ထိကဒိဋ္ဌိ၌ အကျုံးဝင်ကုန်၏။မြတ်စွာ ဘုရားရှင်၏ ဒေသနာတော်ကို တားမြစ်၍ ဖြစ်သော အရိဋ္ဌသာမဏေ, ကဏ္ဋကသာမဏေတို့၏ မိစ္ဆာဒိဋ္ဌိ တို့သည်လည်း ကမ္မပထမြောက်ကုန်၏ ဟု ဆုံးဖြတ်ကုန်၏။ နှစ်ဆယ်သော သက္ကာယဒိဋ္ဌိ, ခြောက်ဆဲ့ နှစ်ပါးသော ဒွါသဋ္ဌိဒိဋ္ဌိတို့သည် မိစ္ဆာဒိဋ္ဌိကမ္မပထ မမြောက်ကုန်၊ မိစ္ဆာဒိဋ္ဌိကံတို့သာ တည်း။

တတ္ထ နတ္ထိကာဟေတုကအကြိယဒိဋ္ဌိဟိ ဧဝ
ကမ္မပထဘေဒေါ ဟောတိ၊ အညဒိဋ္ဌိဟိ။

အဋ္ဌသာလိနီ အဋ္ဌကထာ။

---

## ဒိဋ္ဌိသုံးပါး အစီအပွါယ်

၁။ ။ထို သုံးပါးသော ဒိဋ္ဌိတို့တွင် မကောင်းမှုကို ပြုသော်လည်း ပြုသည် မမည်၊မကောင်းမှုမရှိ၊မကောင်းမှုမဖြစ်၊ကောင်းမှုကို ပြုသော်လည်း ပြုသည်မမည်၊ ကောင်းမှုမရှိ၊ကောင်းမှုမဖြစ်ဟု ကံကိုမြစ်သော အယူသည် အကြိယဒိဋ္ဌိ မည်၏။

၂။ ။အလှူ၏ အကျိုးမရှိ၊ ကောင်းမှု မကောင်းမှု၏ အကျိုးမရှိ အစ ရှိသည်ဖြင့် ကံ၏အကျိုးကို မြစ်သော အယူသည် နတ္ထိကဒိဋ္ဌိ မည်၏။

၃။ ။သတ္တဝါတို့အား သံသရာမှစင်ခြင်းအကြောင်း မရှိ၊ အကြောင်း မရှိဘဲသာ သတ္တဝါတို့သည် စင်ကြယ်ကုန်၏- အစရှိသည်ဖြင့် ကံကိုရင်း, ကံ၏ အကျိုးကိုရင်း, နှပါးစုံကို မြစ်သော အယူသည် အဟေတုကဒိဋ္ဌိ မည်၏။

မိစ္ဆာဒိဋ္ဌိ တယော ဝုတ္တာ၊အကြိယာ နတ္ထိဟေတုကာ။
ဟောန္တိမာ ပဋိဗာဟေန၊ကမ္မပါကုဘယံ ကမာ။

အကြိယာနတ္ထိဟေတုကာ။ အကြိယဒိဋ္ဌိ, နတ္ထိကဒိဋ္ဌိ, အဟေတုကဒိဋ္ဌိ အားဖြင့်။ တယော၊ သုံးပါးကုန်သော။ မိစ္ဆာဒိဋ္ဌိ၊ မိစ္ဆာဒိဋ္ဌိတို့ကို။ဝုတ္တာ၊ ဟောတော်မူအပ်ကုန်၏၊ ဣမာ ဒိဋ္ဌိယော၊ ဤဒိဋ္ဌိသုံးမျိုးတို့သည်။ကမာ၊ အစဉ်အတိုင်း။ကမ္မပါကုဘာ သံ၊ ကံ, ကံ၏အကျိုး,နှစ်ပါးစုံကို။ပဋိဗာဟေန၊ မြစ်သောအားဖြင့်။ဟောန္တိ၊ဖြစ်ကုန်၏။

(ကြွင်းသောဒိဋ္ဌိတို့၏ အဓိပ္ပါယ်ကို ကျယ်အံ့စိုး၍ ဥပေက္ခာ ပြုလိုက်ပါ သတည်း။ အလိုရှိကြပါမူ သီလက္ခန် ပါဠိတော်, ဗြဟ္မဇာလသုတ်, ဥပရိ ပဏ္ဏာသပါဠိတော်,ပပဉ္စတ္တယသုတ်တို့၌ ရှုလင့်ကုန်)။

---

## မိစ္ဆာဒိဋ္ဌိ၏ အပြစ်

ထိုမိစ္ဆာဒိဋ္ဌိတို့၌ နိယတမိစ္ဆာဒိဋ္ဌိ, အနိယတမိစ္ဆာဒိဋ္ဌိဟူ၍ နှစ်ပါး ရှိသည်တွင် မိစ္ဆာအယူမမြဲသော အနိယတဒိဋ္ဌိသည် အဘန်တလဲလဲ မမှီဝဲအပ် မထုံအပ်သည်ဖြစ်၍ အာသေဝန ပစ္စည်းနှံ့ရကား နည်းသော အပြစ်ရှိ၏၊ မိစ္ဆာအယူမြဲသော နိယတဒိဋ္ဌိသည် အဘန်တလဲလဲ ထုံအပ်, မှီဝဲအပ်သည်ဖြစ်၍ အာသေဝနပစ္စည်း များရကား ကြီးသောအပြစ်ရှိ၏။

နိယတ မိစ္ဆာဒိဋ္ဌိနှင့် ပြည့်စုံသော သူသည် ကမ္ဘာကိုဖျက်သော မီး, ရေ လေတို့သည် ထိုက်သည် အားလျော်စွာ ဖျက်ဆီးသောအခါ အပါယ်လေးဘုံ၌ ခံရသောသတ္တဝါတို့သည် အပရာပရိယ-ဟု ဆိုအပ်သော ကုသိုလ်ကံကြောင့် လူ့ပြည်, နတ်ပြည်, ဗြဟ္မာပြည်သို့ တဆင့်တဆင့် ကူးမြောက် ကျင်လည်ကြကုန်သော်လည်း ထိုဒိဋ္ဌိအယူရှိသော သူတို့မှာကား အလွန် ဝန်လေးသော မိစ္ဆာဒိဋ္ဌိကံကြောင့် အပရာပရိယကံသည် မထောက်ပံ့နိုင်၍ ဗြဟ္မာပြည်သို့မရောက်နိုင်၊ မိမိတည်နေရာ ကျက်ခံရာ ဖြစ်သော စကြဝဠာကို ကမ္ဘာမီး, ရေ, လေတို့ ဖျက်ဆီး ခဲ့သော် တပါးသော စကြဝဠာသို့ ပြောင်းရွှေ့လျက် နိရယဒုက္ခကိုခံရကုန်၏။သို့စဉ်မျှကြီးကျယ်လှသောဒုက္ခကို ခံရကုန်သတည်း။

ကပ္ပဝိနာသေ မဟာဇနေ ဗြဟ္မလောကေ နိဗ္ဗတ္တေပိ နိယတ
မိစ္ဆာဒိဋ္ဌိကော တတ္ထ အနိဗ္ဗတ္တိတွာ ပိဋ္ဌိစက္ကဝါဠေ နိဗ္ဗတ္တတိ။
အင်္ဂုတ္တိုရ် အဋ္ဌကထာ။

မိစ္ဆာဒိဋ္ဌိ ကမ္မပထ မမြောက်သော - သက္ကာယဒိဋ္ဌိ နှစ်ဆယ် စသည် တို့ကား နတ်ရွာမဂ်ဉာဏ်တို့ကို မတားမြစ်နိုင်။ ရောက်နိုင်ရနိုင်၏။ သို့သော် တပါးပါးသော ဒိဋ္ဌိကိုစွဲ၍ သေခဲ့သော် ငရဲသို့ သာ လားရ၏။

အန္တိမသော ဝီသတိဝတ္ထုကံ သက္ကာယ ဒိဋ္ဌိံ ဥပါဒါယ
ဒိဋ္ဌိနာမ သဂ္ဂံ ဥပနေတုံ သမတ္ထောနာမ နတ္ထိ၊ ဧကန္တံ
နိရယသ္မိံယေဝ နိမုဇ္ဇာပေတီတိ ဝုတ္တံ။
အင်္ဂုတ္တိုရ်-အဋ္ဌကထာ။

---

## အညတြာပိ ဝိညတ္တိယာ အဓိပ္ပါယ်

ကာယကံ,ဝစီကံတို့၌ "အညတြာပိ ဝိညတ္တိယာ ဟု အရှင်အနုရုဒ္ဓါ ဆရာမဆိုမူ၍ မနောကံအရာ၌သာ အဘယ့်ကြောင့် ဆိုတော်မူပါသနည်း ဟူမူ။ ။မနောကံ-ဟူသည် ကာယဝိညတ်, ဝစီညတ်ဟူသော ဝိညတ် ကြောင့်ဖြစ်သော တရားမဟုတ်သည့်အဖြစ်ကို သိစေခြင်းငှါ "အညတြာပိ ဝိညတ္တိယာ"ဟူသောစကားကို မိန့်ဆိုရပါသတည်း။

ထိုစကားကို ထင်ရှားစေဦးအံ့····ဝိညတ်ရုပ်တို့သည် ကာယဝိညတ်, ဝစီဝိညတ်ဟု ၂-ပါးသာရှိ၏၊ မနောဝိညတ်ဟုမရှိ။ ကာယဝိညတ်ကြောင့်

ဖြစ်ရကား ကာယကံ-ဟုဆိုရ၏။ ဝစီဝိညတ်ကြောင့်ဖြစ်ရကား ဝစီကံဟု ဆိုရ၏။ မနောကံကား ၎င်းကာယဝိညတ်, ဝစီဝိညတ်-ဟူသော ဝိညတ် ကြောင့်ဖြစ်သော တရားမျိုးမဟုတ်၊ ကြံစည်ခြင်း စသည်ဖြင့် ကံမြောက် သောကြောင့် မနောဒွါရ၌သာ ဖြစ်သောတရားမျိုး ဖြစ်၏။ သို့ဖြစ်၍ ၎င်း ဝိညတ်တို့သည် မနောကံ ဖြစ်ခြင်း၏ အကြောင်း အင်္ဂါမဟုတ်သည်ကို သိစေခြင်းငှါ ''အညတြာပိ ဝိညတ္တိယာ''ဟူသောပါဌ်ကို အထူးမ-၍ ဆိုအပ် ပါသတည်း။

## မနသ္မိံ ယေဝ ဗာဟုလ္လဝုတ္တိတော အဓိပ္ပါယ်

အထက်ပါ စကားအရ မနောကံသည် ကာယ ဝိညတ်, ဝစီဝိညတ်, ကြောင့် မဖြစ်ဟုဆိုသော် ကာယဝိညတ်ဟူသော ကာယဒွါရ, ဝစီဝိညတ် ဟူသောဝစီဒွါရ၌မဖြစ်ပါသလောဟူမူ။ ။ဖြစ်ကား ဖြစ်၏။ဖြစ်သော်လည်း ၎င်းကာယဒွါရ,ဝစီဒွါရတို့သည်-အဘိဇ္ဈာစသည်တို့၏ အကြောင်း အင်္ဂါ မဟုတ်ကုန်၊သို့ပါသောကြောင့် ''မနသ္မိံ ယေဝ''ဟု နိဝတ္တနအနက်ရှိသော ဧဝသဒ္ဒါနှင့်တကွ မိန့်ဆိုတော်မူ၏။၎င်းဧဝသဒ္ဒါ၏ နိဝတ္တေတဗ္ဗ နစ်စေအပ် သော တရားများကိုကား ''အညတြာပိ ဝိညတ္တိယာ''ဟု ပြ၏။

ဆိုလိုရင်းကား····မနောကံသည် ကာယဒွါရ, ဝစီဒွါရ၌ကားဖြစ်၏။ သို့သော် ကာယဒွါရ,ဝစီဒွါရတို့ကြောင့်ကားမဖြစ်၊၎င်းကာယဒွါရ,ဝစီဒွါရ ၌ ဖြစ်သော်လည်း အနည်းငယ်သာဖြစ်သည်၊ မနောဒွါရ၌သာ များသော အားဖြင့် ဖြစ်သည်။ ။ဟူလို။

ဖြစ်ဟန်ကား····ဤမနောကံ တို့သည် အကြင်အခါ ကိုယ်အမူအရာကို မလှုပ်ရှားစေဘဲ၊မနောဒွါရ၌သာလျှင်ပြီးစီးကြကုန်၏။ထိုအခါဤကံ ၃-ပါး တို့သည် ဝိညတ်နှင့်ကင်း၍ ဖြစ်ကုန်ကြကုန်၏။ အကြင်အခါ ကိုယ်အမူအရာ နှုတ်အမူအရာတို့ကို လှုပ်ရှားစေ၍ ကာယဒွါရ, ဝစီဒွါရတို့၌ ပြီးစီးကုန်၏။ ထိုအခါ ကာယဝိညတ်,ဝစီဝိညတ်၌ ဖြစ်ကုန်၏-ဟု မှတ်။

> အဋ္ဌကထာယံ အညတြာပိ။ပ။ကမ္မံနာမာတိ ဧတ္ထ ဝိညတ္တိယာ အညတြာပိ။ မနသ္မိံ အကုသလဇဝနသမ္ဘဝေ မနောဒွါရေ ဗာဟုလ္လဝုတ္တိတောဧဝ ဗာဟုလ္လေနဧဝ ဝုတ္တိတော။န အပ္ပက ဝသေန မနောကမ္မံ နာမ။ ။မဏိမဉ္ဇူသာ ဋီကာ။

---

**ကမ္မပထ အဓိပ္ပါယ်**

ပထတိ ပဝတ္တတိ တေနာတိ ပထော။
ကမ္မမေဝ ပထော ကမ္မပထော။

တေန၊ ဤသဘောတရားဖြင့်။ ပထတိ ပဝတ္တတိ၊ဖြစ်တတ်၏။ ဇာတိ တသ္မာ၊ထိုသို့ဖြစ်ကြောင်းဖြစ်သော သတ္တိကြောင့်။ပထော၊ပထ-မည်၏။ ။ ကမ္မမေဝ၊ ကံသည်သာလျှင်၊ပထော၊ အကြောင်းတည်း။ ကမ္မပထော၊ ကံ သည်သာလျှင် အကြောင်း။ ။ဝိဂြိုဟ်အရ····သုဂတိဘဝ-ဒုဂ္ဂတိဘဝတို့၏ ၎င်း, ထို-သုဂတိဘဝ, ဒုဂ္ဂတိဘဝတို့၌ ဖြစ်သော သုခ, ဒုက္ခ, တို့၏၎င်း, အကြောင်းဖြစ်သော ကံတရားသည် ကမ္မပထမည်၏-ဟု မှတ်။

ကမ္မံယေဝ သုဂတိ ဒုဂ္ဂတီနံ တဒုပ္ပန္နသုခဒုက္ခာနဥ္စ
ပထဘာဝေန ပဝတ္တံ ကမ္မပထော။ ။အနုဋီကာ။ (၇၅)။

---

၁၈။ ။တေသု-ပါဏာတိပါတော,ဖရုသဝါစာ,ဗျာပါဒေါစ ဒေါသမူလေန ဇာယန္တိ။ ။သင်္ဂြိုဟ်ပါဠိ။

ထိုတရား ၁၀-ပါးတို့တွင် ပါဏာတိပါတ, ဖရုသဝါစာ,ဗျာပါဒ ဤ ၃-ပါးတို့သည် ဒေါသမူစိတ်ကြောင့် ဖြစ်ကုန်၏။ ။ဟူလို။

ဤကား-ပိဏ္ဍတ္ထ။

---

**ဒေါသကြောင့်ဖြစ်ပုံ အဓိပ္ပါယ်**

သူ၏အသက်ကို သတ်ခြင်း, ဆဲရေးခြင်း' သူတပါး ပျက်စီးစေလိုခြင်း ဟူသည် လောဘ စိတ်ကြောင့် ဖြစ်သည်မဟုတ်။ ဒေါသနှင့် တကွဖြစ်သော စိတ္တုပ္ပါဒ်ကြောင့်သာ ဖြစ်ကုန်၏။ ထိုသို့ဖြစ်ပါက သူသတ် တရားသူကြီး တို့သည် ရယ်ရွှင်စွာ အပြစ်ရှိသော လူတယောက်ကို ကြိုးပေးသတ်စေရာ ၌၎င်း သူတယောက်၏ပျက်စီးစေရန် ရယ်ရွှင်စွာ ဤ သတ္တဝါပျက်စီးလျှင် ကောင်းလေစွ-ဟု ပြစ်မှားသော သူအား၎င်း အဘယ်မှာ ဒေါသကြောင့် ဖြစ်ပါအံ့နည်းဟူမူ။ ။ရယ်ရွှင်လျက်ပင် ရှိငြားသော်လည်း စိတ်ထားမှု ကား၊အလွန်ကြမ်းတမ်းသောဒေါသစိတ်ရင်းရှိသောကြောင့်"ဒေါသမူလေ န ဇာယန္တိ"ဟု မိန့်ဆိုအပ်ပါသတည်း။ ။၎င်းဒေါသမူလ ဟူသော ပုဒ်ကို-

ဒေါသောဝေ မူလံ ဒေါသမူလံ။
ဒေါသော ဝါ မူလံ ဧတဿာတိ ဒေါသမူလံ။

ဟုပြု။ ။ဒေါသောဝေ၊ဒေါသစေတသိက်သည်ပင်လျှင်။မူလံ၊မူလတည်း။ ဒေါသမူလံ၊ဒေါသဟု, ဆိုအပ်သော မူလ။ ။ဝါ၊တနည်းကား။ဧတဿ၊ထို အကုသိုလ် စိတ် အား။ ဒေါသော၊ ဒေါသစေတသိက်-ဟူသော။ မူလံ၊မူလ သည်။အတ္ထိ၊ရှိ၏။ဣတိတသ္မာ၊ထို့ကြောင့်။ ဒေါသမူလံ၊ဒေါသမူလမည်၏။

ရှေး ဝိဂ္ဂြိုဟ်အလို ဒေါသမူလ၏အရ ဒေါသစေတသိက်၏ နောက် ဝိဂ္ဂြိုဟ်အလို ဒေါသစေတသိက်နှင့် တကွသော ဒေါသမူစိတ်ရ၏။ ။ ပါဏာတိပါတကံ - ဖရုသဝါစာကံတို့၏ အရကား စေတနာ စေတသိက် ဖြစ်၏။ဗျာပါဒကံအရကား ဒေါသ စေတသိက်ဖြစ်၏။ ။သို့ဖြစ်၍ ပါဏာတိ ပါတနှင့် ဖရုသဝါစာတို့ကား စေတနာ ဖြစ်သောကြောင့် ဒေါသစေတသိက် ကြောင့်ရင်း, ဒေါသ ဟု ဆိုအပ်သော မူလရှိသော စိတ်ကြောင့်ရင်း ဖြစ်နိုင်၏။ ။ဗျာပါဒကား ဒေါသစေတသိက်ပင် ဖြစ်သောကြောင့် ဒေါသဟု ဆိုအပ်သောမူလကြောင့် မဖြစ်နိုင်။ဒေါသ ဟု ဆိုအပ်သော စိတ်ကြောင့်သာ ဖြစ်၏ဟု ခွဲခြား၍ မှတ်သားလေ။

**မှတ်ချက်**။ ။ဤ၌''ဒေါသမူလေန''ဟုပင်ဆိုသော်လည်း မောဟမူလ လည်း ပါရှိသည်ဖြစ်၍ ဒေါသ,မောဟ,မူ ၂-ပါးကြောင့် ဖြစ်၏ဟု မှတ်ရမည်။ သို့သော်-အရင်းပဓာနဖြစ်သော မူကိုရည်၍ ''ဒေါသ မူလေန''ဟူသောစကားကို အရှင်-အနုရုဒ္ဓါဆရာမြတ် မိန့်ဆိုအပ် ၏ဟု - မှတ်။ ။အဋ္ဌသာလိနီ အဋ္ဌကထာ ၌ကား ''ပါဏာတိ ပါတော ဒေါသမောဟဝသေန ဒွိမူလကော ဟောတိ''ဟု လာရှိ၏။ ကြွင်းမူလဘို့၌လည်း ဤနည်းအတိုင်းသိ။ ထိုသို့ဖြစ်ပါက မောဟမူ ကို အဘယ့်ကြောင့် မဆိုပါသနည်းဟူမူ။ ။မောဟမူသည်-သဗ္ဗာ ကုသလသာဓာရဏဖြစ်၍ အလုံးစုံသော အကုသိုလ်တို့နှင့် ဆက်ဆံ သဖြင့် ဝိသေသမသော်လည်း-မထူးခြားသောကြောင့်ရင်း,ထင်ရှား သောကြောင့်ရင်း မဆို-ဟု မှတ်။

---

**၅၉။ ။ကာမေသု မိစ္ဆာစာရော,အဘိဇ္ဈာ, မိစ္ဆာဒိဋ္ဌိ စ, လောဘမူလေန။**

သင်္ဂြိုဟ်ပါဠ်။

ကာမေသုမိစ္ဆာစာရကံ, အဘိဇ္ဈာကံ,မိစ္ဆာဒိဋ္ဌိကံတို့သည် လောဘမူ ကြောင့် ဖြစ်ကုန်၏။ ။ဟူလို ။ဤကား ပိဏ္ဍတ္ထ။

---

ကာမေသု မိစ္ဆာစာရ, အဘိဇ္ဈာ တို့ကား လောဘမူကြောင့် ဖြစ်သည် မှာ ထင်ရှားပါ၏၊ မိစ္ဆာဒိဋ္ဌိကား အဘယ့်ကြောင့် လောဘမူကြောင့် ဖြစ်ပါ သနည်းဟူမူ။ ။မှားသောအားဖြင့် နှလုံးသွင်းအပ်သော ငါ,ငါ၏ကိုယ် စသော သက္ကာယဒိဋ္ဌိစသော ဒိဋ္ဌိမှန်သမျှတို့၌ သောဘရှေ့သွား၏ အဖြစ် အားဖြင့်သာလျှင် မှာယွင်း စွဲလမ်းသော နှလုံးသွင်းမှု ဖြစ်သောကြောင့် လောဘကြောင့်ဖြစ်၏။ ဒေါသကြောင့် မဖြစ်ပေ။

> မိစ္ဆာဒဿနဿ အဘိ နိဝိသိတဗ္ဗဝတ္ထုသု လောဘပုဗ္ဗင်္ဂမ မေဝ အဘိနိဝိသနတော။ ။ဋီကာကျော်။

---

**၆၀။ ။သေသာနိ စတ္တာရိပိ ဒွီဟိ မူလေဟိ သမ္ဘဝန္တိ။**

သင်္ဂြိုဟ်ပါဠ်။

ကြွင်းကုန်သော အဒိန္နာဒါန, မုသာဝါဒ, ပိသုဏဝါစာ,သမ္ဖပ္ပလာပ-ဤ လေးပါးသော အကုသိုလ် ကမ္မပထ တရားတို့သည် လောဘမူ, ဒေါသမူ, ၂-ပါးကြောင့် ဖြစ်ကုန်၏။ ။ဟူလို။

ဤကား-ပိဏ္ဍတ္ထ။

---

## မူလ ၂-ပါးဖြင့် ဖြစ်ပုံ အဓိပ္ပါယ်

သူတပါး၏ ဥစ္စာကို မိမိအလို့ငှါဖြစ်စေ, သားသွီး ဆွေမျိုး ဉာတကာ စသည်တို့၏ အလို့ငှါဖြစ်စေ ခိုးယူခြင်းသည် လောဘကြောင့် ဖြစ်သော အဒိန္နာဒါန် မည်၏။ ။ရန်သူ၏ ဥစ္စာကို ရန်စလို၍ ရန်ပွါးခြင်း အကျိုးငှါ ခိုးယူခြင်းသည် ဒေါသကြောင့်ဖြစ်သော အဒိန္နာဒါန်မည်၏။ ဟု မှတ်။

(မုသာဝါဒ စသည်တို့၌လည်း နည်းတူ သိလေ)။

ယော တာဝ အဘိမတံ ဝါ ဝတ္ထုံ အနဘိမတံ ဝါ
အတ္တပဗန္ဓပရိတ္တာဏာဒိပ္ပယောဇနံ သန္ဓာယ ဟရတိ။ပ။
ဝေရနိယျာတနတ္ထံ ဟရန္တဿ ဒေါသမူလေန။

ဋီကာကျော်။

---

ဖြ ၁။ ။စိတ္တုပ္ပါဒဝသေန ပနေတံ အကုသလံ သဗ္ဗထာပိ ဒွါဒသဝိဓံ ဟောတိ။

သင်္ဂြိုဟ်ပါဠ်။

ငင်းအကုသလကမ္မပထတရားသည် စိတ္တုပ္ပါဒ်၏ အစွမ်းအားဖြင့်သော်ကား၊ ခပ်သိမ်းသော အချင်းအရာအားဖြင့် သိမ်းကျုံး၍ဆိုသော် ၁၂-ပါး အပြားရှိ၏၊ ငင်းအကုသိုလ်တရားသည် ကမ္မပထ အားဖြင့်ကား ၁၀-ပါး အပြားရှိ၏၊ စိတ်အားဖြင့် အလုံးစုံ သိမ်းကျုံး၍ ၁၂-ပါး အပြားရှိ၏။ ။ ဟူလို။

ဤကား ပိဏ္ဍတ္ထ။

---

## အဋ္ဌကထာ အရ ဝေဘန်ခြင်း

ဤသို့လျှင် အကုသိုလ်တရားကို အရှင်အနုရုဒ္ဓါဆရာသည် မူလတမျိုး အားဖြင့်သာ ဝေဘန်၍ ပြတော်မူ၏။ အဋ္ဌကထာ ဆရာသည်ကား တရားကိုယ်အားဖြင့်ငင်း, အဘို့အစု အားဖြင့်ငင်း, အာရုံအားဖြင့်ငင်း, ဝေဒနာ အားဖြင့်ငင်း,မူလအားဖြင့် ငင်းငါးမျိုး,ငါးနည်းအားဖြင့် ဝေဘန်ပိုင်းခြား၍ သားနားစွာ ဘွင့်ပြတော်မူ၏။

## ဝေဘန်ဟန်ကား

၁။ ။တရားကိုယ်အားဖြင့်။ ... အကုသလ ကမ္မပထ တရား တို့တွင် ပါဏာတိပါတ,အဒိန္နာဒါန,ကာမေသုမိစ္ဆာစာရ,မုသာဝါဒ,ပိသုဏာဝါစာ ဖရုသဝါစာ, သမ္ဖပ္ပလာပ၊ ဤ၇-ပါးသော တရားတို့သည် စေတနာ စေတသိက်သာ ဖြစ်ကုန်၏။အဘိဇ္ဈာ,ဗျာပါဒ,မိစ္ဆာဒိဋ္ဌိဤ ၃-ပါးတို့ကားစေတနာနှင့်တကွ ယှဉ်ဘော်, ယှဉ်ဘက် ဖြစ်သော လောဘ, ဒေါသ-စေတသိက်တရားများသာ ဖြစ်ကုန်၏။

၂။ ။ဘောဂ္ဂဒွါသအားဖြင့်····အဘိဇ္ဈာနှင့် ဗျာပါဒ နှစ်ပါးတို့သည် ကမ္မပထလည်း မည်ကုန်၏။ လောဘ, ဒေါသ, စေတသိက်များဖြစ်၍ မူလလည်း မည်ကုန်၏။ အကြွင်းရှစ်ပါးတို့ကား စေတနာ စေတသိက်ဖြစ်၍ မူလကား မမည်၊ ကမ္မပထသာ မည်ကုန်၏။

၃။ ။အာရုံအားဖြင့်····ပါဏာတိပါတ,ကာမေသုမိစ္ဆာစာရ,မိစ္ဆာဒိဋ္ဌိ-တို့သည် သင်္ခါရကို အာရုံပြုကြ၏။ ။ဧကေ ဆရာတို့ သည်ကား ကာမေသုမိစ္ဆာစာရသည် သတ္တဝါကို အာရုံပြု၏-ဟု ဆိုကုန်၏။ ။ဖရုသဝါစာ,ဗျာပါဒနှစ်ပါးတို့သည် သတ္တဝါကိုအာရုံပြုကုန်၏။ကြွင်းသောအဒိန္နာဒါန,မုသာဝါဒ,ပိသုဏာဝါစာ, သမ္ဖပ္ပလာပ,အဘိဇ္ဈာ-ဤငါးပါးတို့သည် သတ္တဝါကိုဝင်း, သင်္ခါရကိုဝင်း, အာရုံ ၂-ပါးကို အာရုံပြုကုန်၏။

မှတ်ချက်။ ။ပါဏာတိပါတသည် ဇီဝိတိန္ဒြေဟုဆိုအပ်သော သင်္ခါရအာရုံရှိ၏။ အဒိန္နာဒါန်သည် သတ္တဝါအာရုံဟု ဆိုအပ်သော သင်္ခါရအာရုံရှိ၏။ ကာမေသုမိစ္ဆာစာရသည် ဖေါဋ္ဌဗ္ဗ၏ အစွမ်းဖြင့် သင်္ခါရအာရုံရှိ၏။ မိစ္ဆာဒိဋ္ဌိသည် တေဘုမ္မက၏ အစွမ်းအားဖြင့် သင်္ခါရအာရုံရှိ၏။

၄။ ။ဝေဒနာအားဖြင့်··· ပါဏာတိပါတ, ဖရုသဝါစာ, ဗျာပါဒတို့သည် ဒုက္ခဝေဒနာနှင့် ယှဉ်ကုန်၏။ ။ကာမေသုမိစ္ဆာစာရ,အဘိဇ္ဈာ,မိစ္ဆာဒိဋ္ဌိတို့သည် သုခဝေဒနာ,ဥပေက္ခာဝေဒနာ ၂-ပါးနှင့် ယှဉ်ကုန်၏။ ။ကြွင်းသော အဒိန္နာဒါန်,မုသာဝါဒ,ပိသုဏာဝါစာ,သမ္ဖပ္ပလာပ ၄-ဤလေးပါးတို့သည် သုခ, ဒုက္ခ, ဥပေက္ခာဝေဒနာ ၃-ပါးနှင့် ယှဉ်ကုန်၏။

မှတ်ချက်။ ။သူ့၏ အသက်ကို သတ်ကုန်သော တရားသူကြီးစသောသူတို့သည် ရယ်ရွှင်စွာ သူတပါး၏ အသက်ကို သတ်စေကုန်သော်လည်း သေစေလိုသော သန္နိဋ္ဌာပကစေတနာသည်ကား ဒုက္ခဝေဒနာနှင့်သာ ယှဉ်လေ၏။ ။(ကြွင်းနည်းတူ)။

သူ၏ဥစ္စာကို ခိုးသောသူသည် သူတပါး၏ ဥစ္စာကိုမြင်၍ နှစ်သက်သောသူအား သုခဝေဒနာဖြစ်၏။ ကြောက်ကြောက်လန့်လန့် ခိုးယူသောသူအား ဒုက္ခဝေဒနာဖြစ်၏။ လျစ်လျူရှု၍ ခိုးယူသော သူအား ဥပေက္ခာ ဝေဒနာဖြစ်၏။ ။(ကြွင်းနည်းတူ)။

၆၁။ ။**မူလအားဖြင့်ကား**။ . . . ပါဏာတိပါတ, ဖရုသဝါစာ တို့သည် ဒေါသ,မောဟ,မူလ ၂-ပါး ရှိကုန်၏။ ။ကာမေသုမိစ္ဆာစာရ, မိစ္ဆာဒိဋ္ဌိ ၂-ပါးတို့သည် လောဘ,မောဟ-မူလ ၂-ပါးရှိကုန်၏။ ။အဒိန္နာဒါန်,မုသာဝါဒ,ပိသုဏဝါစာ,သမ္ဖပ္ပလာပ- တရားလေးပါးတို့သည် ဒေါသ, မောဟ၊ လောဘ,မောဟ-မူလ ၂-ပါးစီရှိကုန်၏။အဘိဇ္ဈာ,ဗျာပါဒတို့သည် မောဟ ဟူသော မူလတပါး ရှိကုန်၏။

**မှတ်ချက်**။ ။အဘိဇ္ဈာ-ဟူသည် လောဘစေတသိက် ဖြစ်၍ ၎င်း၌ ယှဉ်ဘော်ယှဉ်ဘက် သမ္ပယုတ်ဖြစ်သော မူလကား မောဟ-တပါးသာ ရှိ၏။ ။ဗျာပါဒကား ဒေါသစေတသိက်ဖြစ်၍ ၎င်း၌ ယှဉ်ဘော်ယှဉ်ဘက် သမ္ပယုတ်ဖြစ်သော မူလကား- မောဟ တပါးတည်း ဖြစ်၍ မောဟ-ဟူသော မူလတပါးရှိ၏-ဟု ဆိုရသည်။
"ဣမေသံ ပန ဒသန္နံ အကုသလကမ္မပထာနံ ဓမ္မတော ကောဋ္ဌာသတော အာရမ္မဏတော ဝေဒနာတော မူလတောစာတိ ပဉ္စဟာကာရေဟိ ဝိနိစ္ဆယော ဝေဒိတဗ္ဗော"။ ။အဋ္ဌသာလိနီ အဋ္ဌကထာ။

---

## ကာမာဝစရ ကုသိုလ် အဘွင့်

၆၂။ ။**ကာမာဝစရကုသလမ္ပိ ကာယဒွါရေ ပဝတ္တံ ကာယကမ္မံ၊ ဝစီဒွါရေ ပဝတ္တံ ဝစီကမ္မံ၊ မနောဒွါရေ ပဝတ္တံ မနောကမ္မဉ္စေတိ ကမ္မဒွါရဝသေန တိဝိဓံ ဟောတိ**။

သင်္ဂြိုဟ်ပါဌ်။

ကာမာဝစရ ကုသိုလ်သည်လည်း ကာယဒွါရ၌ ဖြစ်သော ကံသည် ကာယကံ မည်၏။ ။ဝစီဒွါရ၌ဖြစ်သော ကံသည် ဝစီကံ မည်၏။ ။မနောဒွါရ၌ဖြစ်သော ကံသည် မနောကံမည်၏။ ။ဤသို့လျှင် ကမ္မဒွါရ၏ အစွမ်းအားဖြင့် ၃-ပါး အပြားရှိ၏။ ။ဟူလို။

ဤကား ပိဏ္ဍတ္ထ။

---

## ကာမာဝစရ ကုသိုလ်ကံ သုံးပါး ဖြစ်ပုံ

ကုသိုလ်ကံသည် အကုသိုလ် ကံများကဲ့သို့ပင် ကာယကံ, ဝစီကံ, မနောကံ-ဟု သုံးမျိုး,သုံးစားပင်ရှိ၏၊ သို့သော် အဓိပ္ပါယ်မှာမူ ကွဲလွဲ၏။ ။ ကွဲလွဲဟန်ကား····အကုသိုလ်အရာ၌''ကာယေန ကတံ ကမ္မံ ကာယကမ္မံ'' ဝိဂ္ဂြိဟ်ပြုရ၍ ကာယဝိညတ်ကြောင့်ဖြစ်သော ကံသည် ကာယကံမည်၏။ ဤကုသိုလ် အရာ၌ကား ''ကာယဒွါရေ ပဝတ္တံ ကမ္မံ ကာယကမ္မံ''ဝိဂ္ဂြိဟ် အရ····ကာယဒွါရ၌ဖြစ်သောကံသည် ကာယကံမည်၏။ဤသို့ကွဲပါသည်။ (ကြွင်း ကံတို့၌သည်း နည်းတူသိ)။ ကာယကံ စသည် မည်ရာဝယ် အကုသိုလ်အရာ၌ ဝိရတီအစွမ်းအားဖြင့်၎င်း, သာဟတ္ထိက စသော အားဖြင့် ၎င်း ခွဲခြား ဝေဘန်အပ်၏။

ပါဏာတိပါတစသော ကာယကံမှ ရှောင်ကြဉ်လျှင် ကုသိုလ်ကာယကံ ဖြစ်၏။ မုသာဝါဒ စသော အကုသိုလ်ဝစီကံမှ ရှောင်ကြဉ်လျှင် ကုသိုလ် ဝစီကံဖြစ်၏။ ။အဘိဇ္ဈာ မဟုတ်လျှင် အနဘိဇ္ဈာ ဖြစ်၏။ အနဘိဇ္ဈာ ဟူသည်ကား သူတပါး၏ ပစ္စည်းဥစ္စာ, သားမယား-စသည်ကို ပြစ်မှားခြင်း မရှိ။ပကတိဖြူစင်သော စိတ်သဘောမျိုးပေတည်း။ဗျာပါဒမဟုတ်လျှင် အဗျာ ပါဒဖြစ်၏။အဗျာပါဒ-ဟူသည်မှာ တပါးသော သတ္တဝါတို့၏ အသက်ခန္ဓာ ချမ်းသာကြီးပွါးစေလိုသော အဒေါသ စေတသိက်ပင်တည်း။

မိစ္ဆာဒိဋ္ဌိ မဟုတ်လျှင် သမ္မာဒိဋ္ဌိ ဖြစ်၏။ ။တရားကိုယ် အားဖြင့် အမောဟ စေတသိက်သည် သမ္မာဒိဋ္ဌိမည်၏။ ။၎င်းကံသုံးပါးကို သုစရိုက် ၁၀-ပါးဟူ၍၎င်း, ကုသလကမ္မပထ ၁၀-ပါးဟူ၍၎င်း ခေါ်၏။

တိဝိဓံ ကာယသုစရိတံ ကုသလံ ကာယကမ္မမေဝ ဟောတိ။
စတုဗ္ဗိဓံ ဝစီသုစရိတံ ကုသလံ ဝစီကမ္မမေဝ ဟောတိ။
တိဝိဓံ မနောသုစရိတံ ကုသလံ မနောကမ္မမေဝ ဟောတိ။
ပါဏာတိပါတာဒီဟိ ပန ဝိရတိယော အနဘိဇ္ဈာ, ဗျာပါဒ,
သမာဒိဋ္ဌိယောစာတိ ဣတိဣမေဒသကုသလကမ္မပထာနာမ။

အဋ္ဌသာလိနီ အဋ္ဌကထာ။

ကုသိုလ် အရာ၌ ကာယကံ စသည်ဖြင့် ခေါ်ဝေါ် ကြောင်းသည် ပရိယာယ် ၂-ပါး ရှိ၏။ ထို ၂-ပါးတို့တွင် ဒါန-စသော တခုခုသော ပုည ကြိယာဝတ္ထုကို ကိုယ်တိုင် လှူပါမူကား ကာယကံမည်၏။ ။သူတပါးကို

စေခိုင်းပါမူကား ဝစီကံမည်၏၊ ။ဒါန- စသော လှူဘွယ်ဝတ္ထုကို ရ၍ ငါသည် လှူရပေတော့အံ့ ဟု ကြံစည်ရုံမျှဖြစ်ပါမူကား မနောကံမည်၏။

တနည်းကား····ပုညကြိယာဝတ္ထု ၁၀-ပါးတို့တွင် ဒါန, အပစာယန, ဝေယျာဝစ္စ- သုံးပါးသည် ကာယဒွါရ၌ ဖြစ်သောကြောင့် ကာယကံမည်၏။ ။ဘာဝနာ,ပတ္တိဒါန,ပတ္တာနုမောဒနာ,ဓမ္မဒေသနာ ဤ၄-ပါးသည် ဝစီဒွါရ၌ ဖြစ်သောကြောင့် ဝစီကံမည်၏။ ။သီလ, ဓမ္မဿဝန,ဒိဋ္ဌိဇုကမ္မ၊ ဤ ၃-ပါးသည် မနောဒွါရ၌ ဖြစ်သောကြောင့် မနောကံမည်၏။

> ဒါနမယံ ပန ဟုတွာ ဝတ္တမာနမ္ပိ ယဒါ တီဏိ ရတနာနိ သဟတ္ထေန ပူဇေန္တော ပဝတ္တတိ၊ တဒါ ကာယကမ္မံ ဟောတိ။ပ။ဒါနံ ဒဿာမိတိ စိန္တေတိ၊ တဒါ မနောကမ္မံ ဟောတိ။
>
> အဋ္ဌသာလိနီ အဋ္ဌကထာ။ ။(၁၀၆)။

---

## ဒါန စသော ကုသိုလ်အဘွင့်

ဒြ၃။ ၊တထာ ဒါန,သီလ,ဘာဝနာဝသေန။
ဒြ၃။ ။စိတ္တုပ္ပါဒေန ပသေနတံ အဋ္ဌဝိဓံ ဟောတိ။

သင်္ဂြိုဟ်ပါဌ်။

ကာမာဝစရ ကုသိုလ်သည် ကာယကံ စသည် အစွမ်းအားဖြင့်သာ သုံးပါးရှိသည် မဟုတ်။ ဒါနမယ,သီလမယ, ဘာဝနာမယ- အစွမ်းအားဖြင့်လည်း ထိုအတူ ၃-ပါးပင် ဖြစ်၏။ထိုကာမာဝစရကုသိုလ်သည် စိတ္တုပ္ပါဒ်၏ အစွမ်းအားဖြင့်သော်ကား ၈-ပါး အပြားရှိ၏။ ။ဟူလို။

ဤကား-ဝိဂ္ဂဟတ္ထ။

---

## ဒါနမယ စသော အဓိပ္ပါယ်

ထို-ဒါနမယ,သီလမူယ,ဘာဝနာမယ သုံးမျိုးတို့တွင် တစုံတခုသော ပန်းစသော လှူဘွယ်ဝတ္ထုကိုရ၍ ငါသည် ဤအဆင်းနှင့် ပြည့်စုံသော ပန်းကို လှူအံ့ဟု နှလုံးသွင်း၍ ဘုရားစသော ရတနာသုံးပါးအား ပူဇော်၏။ထို-ဒါနကုသိုလ်သည် ဒါနမယကုသိုလ်မည်၏။ ။ထိုပန်းစသော လှူဘွယ်ဝတ္ထုကို ကိုပင်ရ၍ ဤလှူဒါန်းမှုသည် ငါ၏ အမျိုးအနွယ်တည်း, အမျိုးအစဉ်တည်း။

ဤလှူဒါန်းမှုသည် အမျိုး၏ အကျင့်တည်း-ဟု နှလုံးသွင်း၍လှူဒါန်း၏။ ထို-ဒါနကုသိုလ်သည် သီလမယဒါနမည်၏။ ။ထိုပန်းစသော လှူဘွယ်ဝတ္ထုကို လှူဒါန်းပြီး၍ "အယံ ဒေယျဓမ္မော ခယံ ဂမိဿတိ၊ဝယံ ဂမိဿတိ"။ အယံ ဒေယျဓမ္မော၊ ဤလှူဘွယ်ဝတ္ထုသည်၊ခယံ၊ကုန်ခြင်းသို့။ ဂမိဿတိ၊ရောက်လတ္တံ့။ ဝယံ၊ပျက်စီးခြင်းသို့။ ဂမိဿတိ၊ရောက်လတ္တံ့-ဟု ခယ,ဝယသို့ တင်၍ သုံးသပ်ဆင်ခြင်၏။ထို-ဒါနကုသိုလ်သည် သီလမယကုသိုလ် မည်၏။

(အကျယ်လိုပါမူအဋ္ဌသာလိနီအဋ္ဌကထာ၌ကြည့်ရှုတော်မူကြပါကုန်)။

တယိဒံ ရဇ္ဇနီယ ဝဏ္ဏာရမ္မဏံ ဟုတွာ ဥပ္ပဇ္ဇမာနမေဝ တိဝိဓေန နိယာမေန ဥပ္ပဇ္ဇတိ ဒါနမယံဝါ ဟောတိသီလမယံဝါ ဘာဝနာမယံဝါ။

အဋ္ဌသာလိနီ အဋ္ဌကထာ။

---

## ပုညကြိယာ ဆယ်ပါး အစဉ်

၆၃။ ။ဒါနံ,သီလ ဘာဝနာ,ပစာယနံ,ဝေယျာဝစ္စံ,ပတ္တိဒါနံ,
ပတ္တာနုမောဒနာ,ဓမ္မဿဝနံ,ဒိဋ္ဌိဇုကမ္မဝသေန
ဒသဝိဓံ ဟောတိ။ ။သင်္ဂြိုဟ်ပါဠိ။

၁။ ။ဒါန-ပေးကမ်းစွန့်ကြဲခြင်း၊
၂။ ။သီလ-ကာယကံ ဝစီကံကို စောင့်ရှောက်ခြင်း၊
၃။ ။ဘာဝနာ-သမထ ဝိပဿနာ ဘာဝနာ ပွါးများခြင်း၊
၄။ ။အပစာယန-ကြီးသောသူကို ရိုသေခြင်း၊
၅။ ။ဝေယျာဝစ္စ-ကောင်းသော အမှုကြီးငယ်ကို ရွက်ဆောင်ခြင်း၊
၆။ ။ပတ္တိဒါန-အမျှပေးဝေခြင်း၊
၇။ ။ပတ္တာနုမောဒနာ-သာဓုခေါ်ခြင်း၊
၈။ ။ဓမ္မဿဝန-တရားနာခြင်း၊
၉။ ။ဓမ္မဒေသနာ-တရားဟောခြင်း၊
၁၀။ ။ဒိဋ္ဌိဇုကမ္မ-အယူဖြောင့်မတ်ခြင်း။

ဤသို့ ကုသိုလ်တို့သည် ပုညကြိယာအားဖြင့်ကား ၁၀-ပါး အရေအတွက် ရှိကုန်၏။ ။ဟူလို။ ။ဤကား ပိဏ္ဍတ္ထ။

## ဒါန အခန်းပွါယ်

ဒိယျတိ ဧတေနာတိ ဒါနံ။

ဧတေန၊ ဤတရားသဘောဖြင့်။ ဒိယျတိ၊ပေးလှူအပ်၏။ဣတိတသ္မာ၊ထိုသို့ ပေးလှူကြောင်းဖြစ်သော သတ္တိကြောင့်။ဒါနံ၊ဒါနမည်၏။ ။ဝိဂြိုဟ်အရ···· အလှူဝတ္ထုကို စွန့်လွှတ်ကြောင်းဖြစ်သော စေတနာသည် ဒါနမည်၏။ ။ ဟူလို။

ယာယ စေတနာယ သော ဒိယျတိ၊သာ စေတနာ ဒါနံနာမ။

ပဋ္ဌာန်း အဋ္ဌကထာ။

> တတ္ထ စီဝရာဒီသု စတူသု ပစ္စယေသု ရူပါဒီသုဝါ ဆရာ အာရမ္မဏေသု အန္နာဒီသုဝါ။ပ။ ဝီသု ကာလေသု ပဝတ္တာ စေတနာ ဒါန မယံ ပုညကြိယဝတ္ထု နာမ။ ။အဋ္ဌသာလိနီ အဋ္ဌကထာ။

ဒါတဗ္ဗန္တိ ဝါ ဒါနံ။

ဝါ၊ တနည်းကား။ ယံ၊အကြင် ဝတ္ထုကို။ ဒါတဗ္ဗံ၊ပေးလှူအပ်၏။ ဣတိ တသ္မာ၊ထိုသို့ပေးလှူအပ်သော သတ္တိကြောင့်။ ဒါနံ၊ဒါနမည်၏။ ။ဝိဂြိုဟ် အရ····ပေးလှူအပ်သော အလှူဝတ္ထုသည်လည်း ဒါနမည်၏။ ။ဟူလို။

ဒါနံ ဒတ္ဗာတိ ဒေယျဓမ္မံ စဇိတွာ။ ။ပဋ္ဌာန်း အဋ္ဌကထာ။

ဤစေတနာဒါန,ဝတ္ထုဒါန ၂-မျိုး တို့တွင် ဤပုညကြိယာ ဝတ္ထုအရာ၌ စေတနာဒါနကိုသာ အလိုအပ်၏။ထိုစေတနာသည်လည်း ပုဗ္ဗစေတနာ,မုဉ္စ စေတနာ,အပရစေတနာဟူ၍ ၃-မျိုးရှိ၏။ ထိုတွင် အလှူခံ၏လက်သို့ အလှူ ဝတ္ထုကို စွန့်လွှတ်လှူဒါန်းဆဲ အခိုက်အတန့်၌ဖြစ်သော စေတနာသည် မုဉ္စ စေတနာမည်၏။ ။ဤမုဉ္စစေတနာ အခိုက်၏ အရှေးအဘို့၌ ဒါန ကုသိုလ်ကို ငါပြုအံ့-ဟု ရှေးဦးစွာ ကြံစသည်ကစ၍ ဖြစ်သမျှသော စေတနာအပေါင်း သည် ပုဗ္ဗစေတနာမည်၏။ ။မုဉ္စစေတနာပြီးမြောက်၍ နောက်အဘို့၌ မိမိ ပြုအပ်ပြီးသော အလှူဒါနကို အဘန်ဘန် အထပ်ထပ် မပြတ် ဆင်ခြင် အောက်မေ့လျက် ဝမ်းမြောက်ဝမ်းသာ ဖြစ်သမျှသော စေတနာ အပေါင်း သည် အပရစေတနာ မည်၏။ ထိုသုံးမျိုးသော စေတနာတို့တွင် မုဉ္စစေ တနာသာလျှင် မုချဒါန မည်၏။ ပုဗ္ဗစေတနာ,အပရစေတနာ တို့ကိုကား မုဉ္စ

စေတနာ၌ သဂြိုဟ် ရေတွက်အပ်ကုန်၏။ ကြွင်းသော သီလစသော ပုည ကြိယာဝတ္ထုတို့၌လည်း ဤနည်းအတိုင်းမှတ်။

ပုဗ္ဗပစ္ဆာဘာဝစေတနာ၊ ဧတ္ထေဝ သမောဓာနံ
ဂစ္ဆန္တိ။ ဧဝံ သေသေသုပိ ယထာရဟံ ဒဋ္ဌဗ္ဗံ။

ဤဋီကာ အလို ပုဗ္ဗစေတနာနှင့် အပရ စေတနာတို့ကို မုဉ္စ-စေတနာ၌ သဂြိုဟ်အပ်ကုန်၏ ဟူရာမှာ မုဉ္စစေတနာကဲ့သို့ပင် ပဋိသန္ဓေ အကျိုးကို ပေးသည်။ ။ဟူလို။

သပွတ်ခါးပန်း ၇-ပွင့်ကို လှူရန် ခူးယူလာသော၊ အမယ်အို ဝတ္ထုကို ထောက်ဆ၍ သိအပ်၏။ ။ဆရာတို့ကား ၎င်းစေတနာ ၂-ပါးသည် ဗလဝ ပစ္စည်းကို ရကုန်မှသာလျှင် ပဋိသန္ဓေ အကျိုးပေးကုန်၏။ ဗလဝပစ္စည်းကို မရကုန်လျှင် ပဋိသန္ဓေအကျိုးကို မပေးနိုင်ကုန် ဟု မိန့်ဆိုကုန်၏။

ဒါနမယံ တာဝ ဒါနံ ဒဿာမီတိ စိန္တေန္တဿ ဥပ္ပဇ္ဇတိ၊ ဒါနံဒဒတော ဒပ္ပဇ္ဇတိ၊ ဒါနံ ဒိန္နံ မေတိ ပစ္စဝေက္ခန္တဿ ဥပ္ပဇ္ဇတိ။ ဧဝံ ပုဗ္ဗစေတနာ မုဉ္စစေတနာ၊ အပရစေတနာတိ တိဿော စေတနာ ဧကတော ကတွာ ဒါနမယပုညကြိယာဝတ္ထုနာမ ဟောတိ။

အဋ္ဌသာလိနီ အဋ္ဌကထာ။

---

## သီလ အဓိပ္ပါယ်

သီလတီတိ သီလံ။

ယံ ဓမ္မဇာတံ၊အကြင် တရားသဘောသည်။ သီလတိ၊ ကောင်းစွာ ထိန်းသိမ်းထားတတ်၏။ ဣတိတသ္မာ၊ ကြောင့်။ သီလံ၊ သီလမည်၏။ ။ဝိဂြိုဟ် အရ.... ပဉ္စသီလစသည်ကို ဆောက်တည် ကျင့်သုံးခြင်း စေတနာသည် သီလမည်၏။ ။ဟူလို။

ပဉ္စသီလံ အဋ္ဌသီလံ ဒသသီလံ သမာဒိယန္တဿ။ပ။အာဇီဝံ သောဓေန္တဿ စ ပဝတ္တာ စေတနာ သီလမယံ ပုညကြိယာဝတ္ထုနာမ။

အဋ္ဌသာလိနီ အဋ္ဌကထာ။

## သီလ၏ အပြား

သီလသည် ၁-ဘိက္ခုသီလ၊ ၂-ဘိက္ခုနီသီလ၊ ၃-သာမဏေရသီလ၊ ၄-ဂဟဋ္ဌသီလဟူ၍ ၄-ပါး အပြားရှိ၏။ ထိုတွင် ရဟန်း ယောကျ်ားတို့၏ ပါရာဇိက ၄-ပါးစသော သီလသည် ဘိက္ခုသီလမည်၏။ရဟန်းမိန်းမတို့၏ ပါရာဇိက ၈-ပါးစသော သီလသည် ဘိက္ခုနီသီလမည်၏။ သာမဏေတို့၏ ၁၀-ပါးသီလ, သေခိယ သိက္ခာပုဒ်စသော သီလသည် သာမဏေရသီလ မည်၏။ ။လူတို့၏ ငါးပါးသီလ, ဗြဟ္မစရိယ ပဉ္စမကသီလ,ကေဘတ္တိက သတ္တသီလ, အာဇီဝဋ္ဌမက သီလ, ရှစ်ပါးသီလ, ၉-ပါးသီလ, ၁၀-ပါး သီလ စသည်တို့သည် ဂဟဋ္ဌသီလ မည်ကုန်၏။

၁။ ။ဤပြဆိုအပ်ပြီးသော ဂဟဋ္ဌသီလ တို့တွင် ငါးပါးသီလသည် ဝိသုဒ္ဓိမဂ် အဋ္ဌကထာ အလိုအားဖြင့် လူမှန်သမျှ တို့သည် မွေးသည်ကစ စုတိကျအောင် ခါးဝတ် ပုဆိုးပမာ အမြဲရှိအပ်သောကြောင့် နိစ္စသီလ မည်၏။ ။ထို့ကြောင့် ငါးပါးသီလကို မကျိုးမပေါက် မပြောက်မကျား အောင် အမြဲမပြတ် ဆောက်တည်အပ်၏။

ဇာတ်ပါဠိတော်, အဋ္ဌကထာ အလိုအားဖြင့် သူတော်ကောင်း မှန်သမျှ တို့သည် အထူး အလေးအမြတ် ပြုအပ်သောကြောင့် ဂရုဓမ္မသီလမည်၏။ ပဉ္စင်္ဂုတ္တရပါဠိတော် အဋ္ဌကထာ အလိုအားဖြင့် အရိယာတို့သည် ကျင့်အပ် သောကြောင့် အရိယဓမ္မ အမည်ကိုလည်း ရ၏။သို့ဖြစ်၍ ၎င်းငါးပါးသီလ ကို အထူးလေးမြတ်စွာ အမြဲမပြတ် ဆောက်တည်အပ်၏။

၂။ ။ငါးပါးသီလတွင် ကာမေသုမိစ္ဆာစာရကို နုတ်၍ "အဗြဟ္မ စရိယာ ဝေရမဏီ"ကို ထည့်လျှင် အဗြဟ္မစရိယပဉ္စမက သီလမည်၏။

၃။ ။ငါးပါး သီလ၌ ဝိကာလဘောဇနာကို ထည့်လျှင် ကေဘတ္တိက သတ္တသီလ ဖြစ်၏။

၄။ ။ကာယကံ ၃-ပါး၊ဝစီကံ ၄-ပါး၌ "မိစ္ဆာဇီဝါ ဝေရမဏီ"ကို ထည့်၍အာဇီဝလျှင်ရှစ်ခုမြောက်သောသီလသည်အာဇီဝဋ္ဌမကသီလမည်၏။

၅။ ။"ပါဏာတိပါတာ ဝေရမဏီ။ပ။ ဥစ္စာသယန မဟာသယနာ ဝေရမဏီ"ဟူသော အင်္ဂါ ၈-ပါးနှင့် ပြည့်စုံသော သီလသည် အဋ္ဌင်္ဂုပေါ သထ သီလမည်၏။ ဝါ-ရှစ်ပါးသီလ မည်၏။

၆။ ။ထိုအင်္ဂါသီလ၌ "မေတ္တာသဟဂတေန စေတသာ သဗ္ဗပါဏဘူတေသု ဖရိတွာ ဝိဟရဏံ သမာဒိယာမိ" ဟု ခံယူ ဆောက်တည်ပြီးလျှင် မေတ္တာကမ္မဋ္ဌာန်းကို စီးဖြန်းပွါးများ၍ နေခြင်းသည် အင်္ဂါကိုးပါး ရှိသော နဝင်္ဂုပေါသထသီလ မည်၏။

၇။ ။"ပါဏာတိပါတာ။ပ။ ဇာတရူပ ရဇတ ပဋိဂ္ဂဟဏာ ဝေရမဏီ" ဟူသော အင်္ဂါ ၁၀-ပါးနှင့် ပြည့်စုံသော သီလသည် ဒသင်္ဂုပေါသထသီလ မည်၏။

ထိုသီလသည် စာရိတ္တသီလ, ဝါရိတ္တသီလ အားဖြင့်၎င်း၊ အာဘိသမာစာရိကသီလ,အာဒိဗြဟ္မစရိယကသီလ အားဖြင့်၎င်း၊ ဝိရတိသီလ,အာရတိသီလအားဖြင့်၎င်း၊ နိဿိတသီလ, အနိဿိတသီလ အားဖြင့်၎င်း၊ ကာလပရိယန္တသီလ, အာပါဏကောဋိသီလ, အားဖြင့်၎င်း၊ သပရိယန္တသီလ, အပရိယန္တသီလ, အားဖြင့်၎င်း၊ လောကိယသီလ, လောကုတ္တရာသီလ-အားဖြင့်၎င်း ၃-ပါးစီ၊ ၁၄-ပါး အပြားရှိ၏။

ဟီနသီလ, မဇ္ဈိမသီလ, ပဏီတသီလ- အားဖြင့်၎င်း၊ အတ္တာဓိပတေယျသီလ,လောကာဓိပတေယျသီလ, ဓမ္မာဓိပတေယျသီလ-အားဖြင့်၎င်း၊ ပရာမဋ္ဌသီလ, အပရာမဋ္ဌသီလ, ပဋိပဿဒ္ဓိသီလ အားဖြင့်၎င်း၊ ဝိသုဒ္ဓိသီလ, အဝိသုဒ္ဓိသီလ,ဝေမတိကသီလ အားဖြင့်၎င်း၊ သေက္ခသီလ, အသေက္ခသီလ, နေဝသေက္ခနာသေက္ခသီလ-အားဖြင့်၎င်း၊ ၃-ပါးစီ၊ ၁၅-ပါး အပြားရှိ၏။ (ဤသို့ စသည်ဖြင့် ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၌ အကျယ်လာ၏။၎င်း၌ရှုလင့်ကုန်)။

---

## သီလ ဆောက်တည်ခြင်း အကြောင်း

သမာဒါနတောတိ သယမေဝ ပဉ္စသီလာနိ အဓိဋ္ဌဟာမီတိ အဓိဋ္ဌဟန္တေနပိ ပါဋိယေက္ကံ ပါဋိယေက္ကံ သမာဒိယန္တေနပိ သမာဒိန္နာနိ ဟောန္တိ။ အညဿ သန္တိကေ နိသီဒိတွာ ပဉ္စသီလာနိ သမာဒိယာမီတိ သမာဒိယန္တေနပိ ပါဋိယေက္ကံ ပါဋိယေက္ကံ သမာဒိယန္တေနပိ သမာဒိန္နာနေဝ ဟောန္တိ။ ။သမ္မောဟဝိနောဒနီ အဋ္ဌကထာ။

ဤသမ္မောဟဝိနောဒနီ အဋ္ဌကထာ,အင်္ဂုတ္တိုရ် အဋ္ဌကထာ, အလိုအားဖြင့် ငါးပါးသီလစသော သီလတို့ကို ရဟန်းသံဃာတော် စသည် အထံ၌၎င်း, သို့မဟုတ် မိမိအလိုလို အဓိဋ္ဌာန်အားဖြင့်၎င်း ခံယူအပ်၏။ ခံယူရာ၌

လည်း“ပဥ္စသီလံ သမာဒိယာမိ”ဟုအားလုံးပေါင်းရုံး၍သော်၎င်း၊ “ပါဏာ
တိပါတာ ဝေရမဏိ”စသည်ဖြင့် တပါးစီ အသီးသီး ခွဲခြား၍သော်၎င်း,
နှုတ်မြွက်ခါ ခံယူအပ်၏။ ။အင်္ဂုတ္တိုရ် အဋ္ဌကထာ၌လည်း—

ဥပေါသထဒိဝသေ ပန ပါတောဝ ဘိက္ခုဿ ဝါ ဘိက္ခုနိယာ ဝါ
ဒသသီလလက္ခဏညုနော ဥပါသကဿ ဝါ ဥပါသိကာယ ဝါ သန္တိ
ကေ ဝါစံ ဘိန္ဒိတွာ ဥပေါသထင်္ဂါနိ သမာဒါတဗ္ဗာနိ။ ပါဠိံ အဇာ
နန္တေန ဗုဒ္ဓပညတ္တံ ဥပေါသထံ အဓိဋ္ဌာမိတိ အဓိဋ္ဌာတဗ္ဗံ။ အညံ
အလဘန္တေန အတ္တနာပိ အဓိဋ္ဌာတဗ္ဗံ။ဝစီဘေဒေါ ပန ကာတဗ္ဗော
ယေဝ။

အင်္ဂုတ္တိုရ် အဋ္ဌကထာ။

ထို့ပြင် ပါရာဇိကဏ် အဋ္ဌကထာ၌လည်း “သာမံပိ ပဏ္ဍိတမနုဿာ
သမာဒိယန္တိ”ဟု လာရှိသောကြောင့် ရဟန်းသံဃာတော်များ ရှိလျက် မိမိ
ဘာသာ သီလယူသည်ကို သံဃာအဂါရဝတရား တစုံတရာ မဖြစ်နိုင်၊ ခံယူ
ကောင်း၏၊ သံဃာအဂါရဝဟူသည် သံဃာတော်တို့အား ကိုယ်အမူအရာ
နှုတ်အမူအရာတို့ဖြင့် မတီမခံမြင် ပြုမှုသော ဖြစ်၏-ဟု မှတ်။

---

## ဘာဝနာ အဘွင့်

ဘာဝေတိ ကုသလေ ဓမ္မေ အာသေဝတိ
ဝဍ္ဎေတိ ဧတာယာတိ ဘာဝနာ။

ဧတာယ၊ထိုစေတနာဖြင့်။ ကုသလေ ဓမ္မေ၊ ကုသိုလ် တရားတို့ကို။ ဘာ
ဝေတိ အာသေဝတိ ဝဍ္ဎေတိ၊ ပွါးများစေတတ်၏၊ ဥတိတည်း၊ ထိုသို့
ပွါးများကြောင်းဖြစ်သောသတ္တိကြောင့်။ဘာဝနာ၊ဘာဝနာ-မည်၏။ ။ဝိဂ္ဂဟ်
အရ····လောကုတ္တရာအပ္ပနာသို့ မရောက်သော ဂေါတြဘူ အဆုံးရှိသော
သမထဝိပဿနာစေတနာသည် ဘာဝနာမည်၏။ ။ဟူလို။

ပဌမသမ္ဘိဒါယံ ဝုတ္တေန ဝိပဿနာမဂ္ဂေန စက္ခုံ အနိစ္စတော ဒုက္ခ
တော အနတ္တတော ဘာဝေန္တဿ။ပ။အပ္ပနံ အပ္ပတ္တာ သဗ္ဗာပိ
စေတနာ ဘာဝနာမယံ ပုညကြိယဝတ္ထု နာမ။

အဋ္ဌသာလိနီ အဋ္ဌကထာ။

ဤအရာ၌ မြတ်စွာဘုရား ဟောကြားတော်မူအပ်သော ပိဋကတ်တော်များကို သင်ကြားလေ့ကျက်မှု,အပြစ်မရှိသော အမှုအမျိုးမျိုး, လက်မှုပညာစသော အတတ်အမျိုးမျိုး, ဆေးဝါးစသော အတတ် အမျိုးမျိုးများကို ကုသိုလ်ဖြစ် သဘောထား၍ သင်ကြားခြင်း သည်သည်း ကာမာဝစရ ဘာဝနာ၌ အကျုံးဝင်သေ၏၊ ဘာဝနာ ကုသိုလ်ဟူ၍ ခေါ်ဝေါ်အပ်၏။ ။ ဟူလို။

နိရဝဇ္ဇဝိဇ္ဇာ ပရိယာပုဏနစေတနာပိ ဧတ္ထေဝ သမောဓာနံ ဂစ္ဆတိ။ ။ဋီကာကျော်။

---

## အပစာယန အဘွင့်

အပစာယတိ ပူဇာဝသေန သာမိစိံ
ကရောတိ ဧတေနာတိ အပစာယနံ။

ဧတေန၊ ထိုစေတနာဖြင့်။ ပူဇာဝသေန၊ ပူဇော်သည်၏ အစွမ်းအားဖြင့်။ သာမိစိံ၊ အရိအသေ၊အလေးအမြတ်ကို။ အပစာယတိ-ကရောတိ၊ ပြုတတ်၏။ ဣတိတသ္မာ၊ ထိုသို့ ပြုကြောင်း ဖြစ်သော သတ္တိကြောင့်။ အပစာယနံ၊ အပစာယန-မည်၏။ ။ဝိဂြိုဟ် အရ····အရွယ် အားဖြင့် ကြီးသောသူ, ဂုဏ်အားဖြင့်ကြီးသော သူတို့အား ပစ္စည်းကို ရလိုခြင်းအာသာမှ ကင်းသော စိတ်ထားဖြင့် ခရီးဦးကြိုဆိုခြင်း,ထိုင်ရာမှ ထပေးခြင်း, သပိတ်သက်န်း စသည်တို့ကို ကမ်းလှမ်း၍ ယူခြင်းစသော မြတ်နိုးစွာ အရိအသေပြုခြင်း စေတနာသည် အပစာယနမည်၏။ ။ပစ္စည်းလာဘ်ကို ငဲ့၍ အရိအသေပြုပါမူကား-အပစာယနမမည် ဟု မှတ်။

အပစိတိ ဝါ စေတနာသမ္ပယုတ္တကမ္မော၊ ကာယဝစီကြိယာ ဝါ တံ သဟိတာ စေတနာ အပစိတိသဟဂတံ။ ။မူလဋီကာ။

ဤအပစာယန ကုသိုလ်အရာဝယ် အမျိုးဇာတ်နှင့် ပြည့်စုံခြင်း, ဇာတိဝုဍ္ဍ, အရွယ်ကြီးခြင်း, ဝယဝုဍ္ဍ, သီလစသော ဂုဏ်နှင့် ပြည့်စုံခြင်း, ဂုဏဝုဍ္ဍ ဟူ၍ သုံးပါးသော ဝုဍ္ဍတို့တွင် ဝယဝုဍ္ဍနှင့် ဂုဏဝုဍ္ဍပုဂ္ဂိုလ် ၂-ဦးကိုသာ အလိုရှိအပ်၏။

တေသု ဂုဏသမ္ပန္နော ဝယေ ဝုဍ္ဍော ဧကမသ္မိံ ဌာနေ ဝုဍ္ဍောတိ အဓိပ္ပေတော။ ။တိတ္တိရဇာတ် အဋ္ဌကထာ။

မိမိက သီလရှိမှု ယုတ်မာသော အကျင့်ရှိသော အမိ,အဘ,ကို ရှိမခိုး အပ်၊ သို့သော် ရိုသေလေးစားမှု, သားသမီးတို့၏ ဝတ္တရားအတိုင်း ကြည့်ရှု စောင့်ရှောက်မှု စသည်ကိုကား ပြုအပ်၏။ ထိုအပစာယန တရားသည် ဤလောက၌ လူတကာတို့၏ မေတ္တာသက်ဝင် ချစ်ခင်ခြင်း, ချီးမွမ်းခြင်း, အသက်ရှည်ခြင်း,အဆင်းလှခြင်း-စသော လောကီ အကျိုးကို ဖြစ်စေနိုင်၏။ တမလွန်ဘဝ၌လည်း သုဂတိဘဝသို့ ရောက်စေနိုင်၏။ သို့ဖြစ်၍ ၎င်းအပ စာယနတရားကို အထူး ဂရုပြုသင့်ပေကြောင်း။ထို့ကြောင့်-

ယေ ဝုဍ္ဎမပစာယန္တိ၊နရာ ဓမ္မဿ ကောဝိဒါ။
ဒိဋ္ဌေဝ ဓမ္မေ စ ပါသံသာ၊သမ္ပရာယေ စ သုဂ္ဂတိံ ။ ။
အဘိဝါဒနသီလဿ၊ နိစ္စံ ဝုဍ္ဎာပစာယိနော။
စတ္တာရော ဓမ္မာ ဝဍ္ဎန္တိ၊အာယု ဝဏ္ဏော သုခံ ဗလံ။ ။

ဟု ဂင်္ဂါဝါဠု သဲစုမက သမ္ဗုဒ္ဓအရှင် မြတ်စွာဘုရား သခင်တို့သည် ဟောတော်မူကြကုန်၏။

---

## ဝေယျာဝစ္စ အဘွင့်

တံ တံ ကိစ္စကရဏေ ဗျာဝဋဿ ဘာဝေါ ဝေယျာဝစ္စံ။

တံတံ ကိစ္စကရဏေ၊ထိုထို အမှုကိစ္စ၊ အဝဝကို ပြုသောအခါ၌။ ဗျာဝ ဋဿ၊ ကြောင့်ကြ စိုက်သောသူ၏။ ဘာဝေါ၊ ဖြစ်ကြောင်းတည်း။ ဝေယျာ ဝစ္စံ၊ ကြောင့်ကြ အားစိုက်သူ၏ ဖြစ်ကြောင်း။ ။ဝိဂြိုဟ် အရ····အရွယ် သီလစသော ဂုဏ်အားဖြင့် ကြီးကုန်သော ဆရာ,မိဘ,စသည်တို့၏ အမှု ကိစ္စအဝဝထို ပြုကြောင်းဖြစ်သော စေတနာသည် ဝေယျာဝစ္စမည်၏။ ။ ဟူလို။

ဝုဍ္ဎတရာနံ ဝတ္တပဋိပတ္တိကရဏဝသေန။ ပ။ ပတ္တဟရဏာဒိဝသေ နစ, ကာယဝေယျာဝတိကကာလေ ဝေယျာဝစ္စသဟဂတံ ဝေဒိ တဗ္ဗံ။

အဋ္ဌသာလိနီ အဋ္ဌကထာ။

အပစာယန၌ ဆိုအပ်ပြီးသော အတိုင်း ရတနာသုံးပါး စသည်တို့၌ အာဂန္တုကဝတ်ကို ပြုလုပ်ဆောင်ရွက်ခြင်း,ဂမိကဝတ်ကို ဆောင်ရွက်ခြင်း,

ဂိလာနဝတ်ကို ဆောင်ရွက်ခြင်း,အိုသောသူတို့၏ဝတ်ကို ဆောင်ရွက်ခြင်း, သီတင်း သုံးဘော်တို့၏ အမှုကြီးငယ်ကို ဆောင်ရွက်ခြင်း, ရွာတွင်းသို့ ဆွမ်းခံကြွလာကုန်သော ရဟန်းတော်တို့၏ သပိတ်ကို ကမ်းလှမ်း၍ယူခြင်း, တဘန်ပြန်ကပ်ခြင်း, ကျောင်းသို့သွား၍ သပိတ်စသည်ကို ယူဆောင်ခြင်း, ကျောင်း၌ပြုလုပ်အပ်သမျှသော အမှုကိစ္စကို ဆောင်ရွက်ခြင်း စေတီတော်၌ ပြုအပ်သမျှသော အမှုကိစ္စကိုဆောင်ရွက်ခြင်း,ဗောဓိပင်၌ ပြုလုပ်အပ်သမျှ သော အမှုကိစ္စကို ဆောင်ရွက်ခြင်း စသည်များသည် ဝေယျာဝစ္စ ပုည ကြိယာဝတ္ထု ကုသိုလ်မည်၏-ဟု မှတ်။

## အပစာယနနှင့် ဝေယျာဝစ္စ အထူး

ထိုသို့ ဖြစ်ပါက-ဝေယျာဝစ္စနှင့် အပစာယနတို့သည် အတူတူ မဟုတ် ပါလောဟူငြားအံ့။ ပူဇော်လိုသဖြင့် အရိုအသေပြုခြင်းသည်-အပစာယန မည်၏။အရွယ်ဂုဏ်တို့ဖြင့် ကြီးသော သူတို့အားငှင်း, သူနာတို့အားငှင်း, ထိုထိုကိစ္စ အဝဝကို ပြုလုပ်ခြင်းသည်-ဝေယျာဝစ္စ မည်၏။ ။ဤကား အထူးတည်း။

---

## ပတ္တိဒါန အဘွင့်

အတ္တနော သန္တာနေ နိဗ္ဗတ္တာ ပတ္တိ
ဒီယတိ ဧတေနာတိ ပတ္တိဒါနံ။ ။

ဧတေန၊ ထိုပေးလိုသော စေတနာဖြင့်။ အတ္တနော၊ မိမိ၏။ သန္တာနေ၊ သန္တာန်၌။ နိဗ္ဗတ္တာ၊ ဖြစ်သော။ ပတ္တိ၊ ကုသိုလ် အဘို့ကို။ ဒီယတိ၊ပေးဝေ အပ်၏။ ဣတိတသ္မာ၊ ဤသို့ပေးဝေကြောင်းဖြစ်သော သတ္တိကြောင့်။ ပတ္တိ ဒါနံ၊ ပတ္တိဒါနမည်၏။ ။ဝိဂြိုဟ်အရ....မိမိသန္တာန်၌ဖြစ်သောကုသိုလ်ကို သူတပါးတို့အား ရပါစေ-ဟု ပေးဝေကြောင်း ဖြစ်သော စေတနာသည် ပတ္တိဒါန မည်၏။ ။ဟူလို။

> ဒါနံ ဒတွာ ဂန္ဓာဒီဟိ ပူဇံ ကတွာ အသုကဿနာမ ပတ္တိ ဟောတူတိ ဝါ သဗ္ဗသတ္တာနံ ဟောတူတိ ဝါ ပတ္တိံ ဒဒတော ပတ္တာနုပ္ပါဒါနံ ဝေဒိတဗ္ဗံ။

ဤသို့ မိမိ၏ ကုသိုလ်အဘို့ကို သူတပါးအားပေးသော်လည်းမိမိကုသိုလ် ယုတ်လျော့သွားသည်မဟုတ်။ တိုးသည်ထက်တိုးပွါး၍ ကြီးပွါးစည်ကား

လာတော့သတည်း။ ။ဥပမာ-တခုသော ဆီမီး ဖရောင်းတိုင် စသည့်မှ မီးကို တထောင်သော ဆီမီးဖရောင်းတိုင်တို့၌ ညှိထွန်းသော်လည်းမကုန်၊ တိုး၍သာအရောင်သည် ပွါးသကဲ့သို့ ထို့အတူဒါနစသော ကုသိုလ်တရားသည်လည်း မဆုတ်မယုတ် တိုးပွါးစည်ကားတော့သည်သာလျှင်သည်း။

ယထာ ပန ဧကံ ဒီပံ ဇာလေတွာ တတော ဒီပသဟဿံ ဇာလေန္တဿ။ပ။ဧဝမေဝ ပတ္တိံ ဒဒတော ပရိဟာနိနာမ နတ္ထိ။ ဝဍ္ဎိယေဝ ပန ဟောတီတိ ဝေဒိတဗ္ဗော။

အဋ္ဌသာလိနီ-အဋ္ဌကထာ။

---

## ပတ္တာနုမောဒနာ-အဘွင့်

ပတ္တိံ အနုမောဒတိ တောယာတိ ပတ္တာနုမောဒနာ။

တောယ၊ ထိုသာဓုနုမော်၊ခေါ်စေလိုသော စေတနာဖြင့်။ပတ္တိ၊သူတပါး ပြုအပ်သောကုသိုလ်အဘို့ကို။ အနုမောဒတိ၊ အဘန်တလဲလဲ ဝမ်းမြောက်တတ်၏။ ဣတိတသ္မာ၊ ထိုသို့ဝမ်းမြောက်ကြောင်းဖြစ်သော သတ္တိခကြောင့်။ ပတ္တာနုမောဒနာ၊ ပတ္တာနုမောဒနာ မည်၏၊ ။ဝိဂ္ဂိုဟ်အရ····သူတပါး ပြုသော ကုသိုလ်ကို သာဓုနုမော် ခေါ်ကြောင်းဖြစ်သော စေတနာသည် ပတ္တာနုမောဒနာမည်၏။ ။ဟူလို။

ပရေသံ ဒိန္နာယ ပတ္တိယာ ဝါ အညာယ ဝါ ပုညကြိယာယ သာဓုသာဓူတိ အနုမောဒနဝသေန အဗ္ဘာနုမောဒနံ ဝေဒိတဗ္ဗံ။

အဋ္ဌသာလိနီ-အဋ္ဌကထာ။

ဤပတ္တာနုမောဒနာ ကုသိုလ်သည် သူတပါးတို့က အမျှမဝေသဲ မိမိ အလိုအလျောက် ဝမ်းမြောက်မှုသည် ပတ္တာနုမောဒနာ မဟုတ်။အနုမောဒနာမျှသာဖြစ်၏။ အဘယ်ကြောင့်ဆိုသော် သူတပါးက အမျှမပေးသဖြင့် ကုသိုလ်အဘို့ဟု ဆိုအပ်သောပတ္တိ-မရှိသောကြောင့်-ဟု ဆရာတို့ ဆုံးဖြတ်ကုန်၏။ ဤသို့ဆိုသော်-သူဘပါးတို့၏ပြုလုပ်နေသော-ဒါနကောင်းမှုစသည်ကို တွေ့မြင်ရုံမျှဖြင့် သာဓုခေါ်သော သူများသည် ပတ္တာနုမောဒနာကုသိုလ် မရတော့ရာပေ။ သို့သော်ပေးဝေသော ပတ္တိကုသိုလ်နှင့်တူစွာ ကုသိုလ်ကို

ပင် သာဓုနမော် ခေါ်လေ သောကြောင့် ပတ္တာနုမောဒနာဟုပင် ဆိုထိုက် ပေသည်။ ၎င်းပတ္တိသည် ၁-ဥဒ္ဒိဿကပတ္တိ၊ ၂-အနုဒ္ဒိဿကပတ္တိ-ဟူ၍ ၂-မျိုးရှိ၏။ထို ၂-မျိုးတို့တွင် ဤမည်သောသူကို ရည်ညွှန်းပိုင်းခြား ပေးပို့ အပ်သော ကုသိုလ်အတို့သည် ဥဒ္ဒိဿကပတ္တိ မည်၏။ မည်သူ့ကို ဟု မရည်ညွှန်းဘဲ သတ္တဝါတို့အား ပေးဝေ အပ်သော ကုသိုလ် အတို့သည် အနုဒ္ဒိဿကပတ္တိ မည်၏။

မိမိကိုရည်ညွှန်း၍ ပေးပို့အပ်သော ဥဒ္ဒိဿကပတ္တိကို ဝမ်းမြောက် သော သူအား ဒိဋ္ဌဓမ္မ၌ပင် အကျိုးခံစားရတတ်၏။ဒိဋ္ဌဓမ္မ၌ အကျိုးခံစားမှု ဆိုသည်မှာလည်း ဒါန-ကုသိုလ်တို့၌ အထူးထင်ရှား၏။ ။ထင်ရှားဟန် ကား····ရည်ညွှန်းပိုင်းခြား၍ နတ်တို့အားငှ်း၊ သူတပါး၏ ပေးကမ်းမှုကို မှီ၍ အသက်မွေးကြကုန်သော ပရဒတ္တူပ ဇီဝိပြိတ္တာအားငှ်း၊ ဝေမာနိက ပြိတ္တာတို့အားငှ်း၊ ဝိနိပါတိက အသူရာတို့အားငှ်း၊ပတ္တိဒါနတိစ္စဖြင့် အမျှ ပေးဝေအပ် ကုန်သည်ရှိသော် ထိုနတ်စသည်တို့သည် သာဓုနမော် ခေါ်ဆို ကြမှုကား ယုတ်တရက် ဒိဋ္ဌဓမ္မအကျိုးထူးကို ရကြကုန်၏။

---

## ဓမ္မဿဝန အဘွင့်

ဓမ္မံ သုဏန္တိ ဧတေနာတိ ဓမ္မဿဝနံ။

ဧတေန၊ထိုတရား နာလိုသော စေတနာဖြင့်။ ဓမ္မံ၊ တရားကို။ သုဏန္တိ၊ ရှိသေစွာ နာတတ်ကုန်၏။ ဣတိတသ္မာ၊ ထိုသို့ နာကြောင်းဖြစ်သော သတ္တိ ကြောင့်။ ဓမ္မဿဝနံ၊ ဓမ္မဿဝန- မည်၏။ ။ဝိဂ္ဂြိုဟ်အရ····လောကီ လောကုတ္တရာ ချမ်းသာ စီးပွါးငှါ တရားနာကြောင်း စေတနာသည် ဓမ္မဿဝနမည်၏။ ။ဟူလို။

ဧကော သုဏန္တော ဣတိမံ သဒ္ဒေါတိ ဇာနိဿန္တိ။ပ။
ဟိတဖရဏေန မုဒုစိတ္တေန ဓမ္မံ သုဏာတိ။ဣဒံ သဝန
မယံ ပုညကြိယဝတ္ထု နာမ။

အဋ္ဌသာလိနီ အဋ္ဌကထာ။

ဤအဋ္ဌကထာ၌ ဟိတဖရဏအရ-တရားဟောသော ပုဂ္ဂိုလ်ကို မေတ္တာ ရေချမ်း ဆွတ်ဖျန်းကာ ငါသည် ဤအရှင်၏ တရားကိုနာရ၍ လောကီ လောကုတ္တရာ အကျိုးစီးပွါးသည်ဖြစ်လတ္တံ့-ဟု အကျိုးစီးပွါးကို တောင့်တ

သော စိတ်ဓာတ်ဖြင့် တရားကို နာယူကြရမည်။ ဤသို့ နာယူမှ ဓမ္မဿဝန ကုသိုလ်ရ၏။ ။လောကီ အကျော်အစော ဂုဏ်ပကာသနကိုငဲ့၍ နာသော် အကျိုးမကြီး ဟု မှတ်။

ဟိတဖရဏေနာတိ ဒေသကော မေတ္တာဖရဏေန။ဧဝံ မေ
ဟိတံ ဘဝိဿတီတိ ပဝတ္တေန ဟိတစိတ္တေန ဝါ။ ။မူလဋီကာ။

အပြစ်ကင်းသော ဆင်စီး မြင်းစီးအတတ်, ဂဏန်းသင်္ချာအတတ် စသည်တို့ကို ညွှန်ပြသည်ကို နာကြောင်း ကြားကြောင်း စေတနာ ကိုလည်း မ္မဿဝနဌ် ရေတွက်အပ်၏။

နိရဝဇ္ဇဝိဇ္ဇာဒိသဝနစေတနာပိ ဧတ္ထေဝ သင်္ဂယှတိ။

ဋီကာကျော်။

---

## ဓမ္မဒေသနာ အဘွင့်

ဓမ္မံ ဒေသေန္တိ ဧတာယာတိ ဓမ္မဒေသနာ။

ဧတာယ၊ ထိုတရား ဟောလိုသော စေတနာဖြင့်။ ဓမ္မံ၊ တရားကို။ ဒေသေန္တိ၊ဟောကုန်၏။ ဣတိတသ္မာ၊ ထိုသို့ ဟောကြောင်းဖြစ်သော သတ္တိကြောင့်။ ဓမ္မဒေသနာ၊ ဓမ္မဒေသနာ-မည်၏။ ။ဝိဂ္ဂဟ်အရ····လာဘ်ပူဇော်သက္ကာရ စသည်ကို ငဲ့ကွက်ခြင်းမရှိဘဲ အကျိုးစီးပွါးကို ညွှန်ပြဟောပြောကြောင်းဖြစ်သော စေတနာသည် ဓမ္မဒေသနာမည်၏။ ။ဟူလို။

ယော ဧဝံ မံ ဓမ္မကထိကောတိ ဇာနိဿန္တီတိ ဣစ္ဆာယ
ဌတွာ လာဘဂရုကော ဟုတွာ ဒေသေတိ။ ပ။ ပရေသံ
ဒေသေတိ၊ဣဒံ ဒေသနာမယံ ပုညကြိယဝတ္ထု နာမ။

အဋ္ဌသာလိနီ အဋ္ဌကထာ။

တရားဟောခြင်းသာ ဓမ္မဒေသနာ မည်သည် မဟုတ်။ စာပေ ပို့ချခြင်း စသည်တို့သည်လည်း ဓမ္မဒေသနာပင် မည်ကုန်၏။သို့သော် ၎င်းစာပေပို့ချခြင်း, တရားဟောခြင်းသည် ဂုဏ်သကာသန လာဘ်လာဘ စသည်ကိုငဲ့၍ ယောနိသောမနသိကာရ ပါးရှား ဟောကြား ပို့ချပါမူကား ဓမ္မဒေသနာ မဖြစ်ရုံမျှမက မကောင်းမှုအစုသာ ဖြစ်တတ်ချေသည်။

ထိုမှတပါး အပြစ် မရှိသော အသက်မွေးကြောင်းဖြစ်သော ဆင်စီးအတတ်, လယ်လုပ် ကုန်သွယ်ခြင်း စသောအတတ်-စသည်တို့ကို ညွှန်ပြ ပို့ချဟောပြကြောင်း ဖြစ်သော စေတနာ ကိုလည်း ဓမ္မဒေသနာဟုပင် ဆိုအပ်၏။

နိရဝဇ္ဇဝိဇ္ဇာဒိ ဥပဒိသနစေတနာပိ ဧတ္ထေဝ
သင်္ဂဟံ ဂစ္ဆတိ။ ။ဋီကာကျော်။

---

## ဒိဋ္ဌိဇုကမ္မ အဘွင့်

ဒိဋ္ဌိယာ ဥဇုကရဏံ-ဒိဋ္ဌိဇုကမ္မံ။

ဒိဋ္ဌိယာ၊ သမ္မာဒိဋ္ဌိ ပညာဖြင့်။ ဥဇုကရဏံ၊ ဖြောင့်စွာ ပြုခြင်းသည်။ ဒိဋ္ဌိဇုကမ္မံ၊ဒိဋ္ဌိဇုကမ္မမည်၏။ ။ဝိဂ္ဂြိုဟ်အရ····ပေးလှူအပ်သော အလှူ၏ အကျိုးသည်ရှိ၏၊ ပြုအပ်သော ကုသိုလ်, အကုသိုလ်ကံတို့၏ အကျိုးသည်ရှိ၏။ စသော ကောင်းမွန်ဖြူစင်သော အယူဖြင့် အယူကို ဖြောင့်မတ်စွာ ပြုခြင်းသည် ဒိဋ္ဌိဇုကမ္မမည်၏။ ။ဟူလို။

ဒိဋ္ဌိံ ဥဇုံ ကရောန္တဿ ဒိဋ္ဌိဇုကမ္မပုညကြိယဝတ္ထု[နာမ။ပ။ ယံကိဉ္စိ] ပုညံ ကရောန္တဿ ဟိ ဒိဋ္ဌိယာ ဥဇုကဘာဝေနေဝ မဟပ္ဖလံ ဟောတိ။ ။အဋ္ဌသာလိနီ အဋ္ဌကထာ။

ငင်းဒိဋ္ဌိဇုကမ္မ-ဟူသည် ကံ-ကံ၏ အကျိုးကို ယုံကြည်သော ကမ္မဿ ကတညာဏ်ပင်တည်း၊ ထိုကမ္မဿကတ ညာဏ်၌တည်၍ အားထုတ်ပွါးများအပ်သော ကုသိုလ် တရားများသာလျှင် အလွန်တရာ အကျိုးကြီး၏၊လူ စည်းစိမ်မှ နတ်စည်းစိမ် ကြိမ်ဘန်များစွာခံစား၍ နိဗ္ဗာန်သို့ စံမြန်းကုန်သော ပုဂ္ဂိုလ်တို့ကို ရေတွက်ခြင်းငှါ မစွမ်းနိုင်ကုန်။

ကမ္မဿ ကတညာဏံ ဒိဋ္ဌိဇုကမ္မံ။ နိယမလက္ခဏန္တိ မဟပ္ဖလတာ နိယမလက္ခဏံ။ ။မူလဋီကာ။

ဣမသ္မိံ ကမ္မဿ ကတညာဏေ ဌတွာ ဗဟုံ ဒါနံ ဒတွာ။ပ။ နိဗ္ဗာန ပတ္တာနံ ဂဏနပရိစ္ဆေဒေါ နတ္ထိ။ ။ဝိဘင်း အဋ္ဌကထာ။

ထိုဒိဋ္ဌိဇုကမ္မ-ဟူသည် တရားကိုယ်အားဖြင့် ဉာဏသမ္ပယုတ်စိတ်သာတည်း။ ဉာဏဝိပ္ပယုတ် စိတ်ကိုကား ဥပစာရဝုတ္တ အားဖြင့် ယူအပ်၏။

အဘယ့်ကြောင့်ဆိုသော် ရှေ့အဘို့ နောက်အဘို့၌ဖြစ်သော စေတနာကို ထိုထိုပုညကြိယာဝတ္ထု၌ သွင်းယူအပ်သောကြောင့်တည်း။

ဥဇုံ ကရောန္တော ပန စတုန္နံ ဉာဏသမ္ပယုတ္တာနံ အညတရေန ကရောတိ။ ။အဋ္ဌသာလိနီ အဋ္ဌကထာ။

## ပုညကြိယာ ၁၀-ပါးကို ဒါန,သီလ,ဘာဝနာအားဖြင့် ခေါ်ခြင်း

ထိုပုညကြိယာဆယ်ပါးတို့တွင် ပတ္တိဒါန,ပတ္တာနုမောဒန ၂-ပါးတို့သည် ဒါန၌ ဝင်ကုန်၏၊ အဘယ့်ကြောင့် နည်းဟူမူကား ဣဿာ, မစ္ဆရိယမရှိမှု၍ သူတပါးအား ပေးလှူခြင်း သဘောတူသောကြောင့်တည်း။ အပစာယန, ဝေယျာဝစ္စ ၂-ပါးတို့သည် သီလ၌ ဝင်ကုန်၏၊အဘယ့်ကြောင့် ဆိုသော် စာရိတ္တသီလချင်း တူသောကြောင့်တည်း။ ။ဓမ္မဿဝန, ဓမ္မဒေသနာ, ဒိဋ္ဌိဇုကမ္မ ၃-ပါးတို့သည် ဘာဝနာ၌ ဝင်ကုန်၏၊ အဘယ့်ကြောင့်ဆိုသော် ကုသိုလ်တရားများကို ပွါးများစေသောကြောင့်တည်း။ဤကား အာစရိယ ဓမ္မပါလမထေရ်၏ ဝါဒတော်တည်း။

တနည်း။ ။ဓမ္မဒေသနာ, ဓမ္မဿဝနတို့သည် ဘာဝနာ၌ ဝင်ကုန်၏။ အဘယ့်ကြောင့်ဆိုသော် တရားဟောသော ပုဂ္ဂိုလ်,တရားနာသော ပုဂ္ဂိုလ်တို့သည် ကြားနားဟောပြောအပ်သော ဒေသနာတော်၌ ဉာဏ်သက်ဝင်၍ ဟောမှု, ကြားနားမှုဖြင့် ပဋိဝေဓဉာဏ်သို့သာလျှင် ဆောင်နိုင်ကုန်သောကြောင့်တည်း။ ဘာဝနာ ဟူသည်လည်း ပဋိဝေဓဉာဏ်သို့ ဆောင်ခြင်း သဘောပင်ဖြစ်၍ ဘာဝနာနှင့်တူသည် ဟူလို။ ။ဤကား အပရေဆရာ၏ ဝါဒတော်တည်း။

ဓမ္မဒေသနာသည် ဒါနသဘောရှိသောကြောင့် ဒါန၌ဝင်၏၊ ဒိဋ္ဌိဇုကမ္မသည် အလုံးစုံသော ပုညကြိယာ၌ဝင်၏၊ အဘယ့်ကြောင့်ဆိုသော် ကံ, ကံ၏ အကျိုးကို ယုံကြည်သောသူမှသာ ၎င်းပုညကြိယာ ၉-ပါးတို့ကို ပြုလုပ်နိုင်၍ ပုညကြိယာ ၉-ပါး၏ ဖြစ်ခြင်း အကြောင်း ဖြစ်သောကြောင့် တည်း။ ။ဤကား ဋီကာကျော်ဆရာ၏ ဝါဒတော်တည်း။

အနုဋီကာကျမ်းပြု အာစရိယဓမ္မပါလ မထေရ်ဝါဒသည်လည်း အဋ္ဌကထာဒါဒနှင့် တူစွာ၏၊အဋ္ဌကထာဆရာလည်း ဒိဋ္ဌိဇုကမ္မကို သီးခြားပြု၍ လည်း ပုညကြိယာ ၉-ပါးလုံးသို့ ဝါ-ဒါန, သီလ,ဘာဝနာ, သုံးပါးလုံးသို့

သွတ်သွင်း ကောက်ယူတော်မူ၏။ ။သို့သော် အဋ္ဌကထာ ဆရာကား အကြောင်းမပြ၊ ၎င်း၏အကြောင်းကို မူလဋီကာဆရာက ဘွင့်ပြတော်မူ၏။

အပစိတိဝေယျာဝစ္စာနိ ဟိ သီလမယေ သင်္ဂဟံ ဂစ္ဆန္တိ။ ပတ္တာနုပ္ပဒါန အဗ္ဘာနုမောဒနာနိ ဒါနမယေ။ ဒေသနာသဝန, ဒိဋ္ဌိဇုကမ္မာနိ ဘာဝနာမယေ။ ယေ ပန ဒိဋ္ဌိဇု ကတံ သဗ္ဗေသံ နိယမလက္ခဏန္တိ ဝဒန္တိ။တေသံ တံ တီသုပိ သင်္ဂဟံ ဂစ္ဆတိ။

အဋ္ဌသာလိနီ အဋ္ဌကထာ။

အထက်ပါ အဋ္ဌကထာ ဋီကာများကို ထောက်ထား၍ ကံ,ကံ၏အကျိုးကို ယုံကြည်မှု-ဟု ဆိုအပ်သော ဒိဋ္ဌိဇုကမ္မတရားသည် ကုသိုလ်အရာ အရေး အကြီးဆုံးသော အချက်ကြီးတခု ဖြစ်သည်ကို သတိ ပြုသင့်ပေသည်။ အကုသိုလ်အရာ၌ မိစ္ဆာဒိဋ္ဌိသည် အပါယ်သို့ လွှင့်ချရာတွင် အားအရှိဆုံး ဖြစ်သကဲ့သို့ ကုသိုလ်အရာ၌လည်း ဒိဋ္ဌိဇုကမ္မတရားသည် အားအရှိဆုံး တရားကြီးတခု ဖြစ်၏။ သို့ဖြစ်၍ ဗုဒ္ဓဘာသာဝင်ချင်းပင် တူသော်လည်း ကံ, ကံ၏အကျိုးကို အလွန်တရာ ယုံကြည်သော ဒိဋ္ဌိဇုကမ္မဓာတ် အားကြီး သူတို့သည်သာလျှင် ကုသိုလ်အရာ၌ မည်သူမျှ မယှဉ်သာအောင် အားရှိ၍ သူတော်ကောင်း အစစ်ကြီး ဖြစ်ကြ၍ အရိယာဇာတ် နိဗ္ဗာနဓာတ်သို့ စံဝင်- တော်မူကြလတ္တံ့။

**ဆောင်ပုဒ်။** ။ဒါနသီလာ၊ဘာဝနာ၊ သုံးပြာ စဉ်၍ခင်း။
စန္ဒစ်လယ်မှာ၊လယ်စမှာ၊နောက်မှာ နောက် သုံး-သွင်း။

---

**၆၆။ ။တံ ပနေတံ ဝီသတိဝိဓမ္ပိ ကာမာဝစရ ကမ္မမိစ္စေဝ သင်္ဂဏှာတိ။**

သင်္ဂြိုဟ်ပါဠိ။

အကုသိုလ်ကံ ၁၂-ပါး၊ ကုသိုလ်ကံ ၈-ပါးအားဖြင့် ၂၀-သောကံ တို့သည် ကာမ ၁၁-ဘုံ၌သာ ပဋိသန္ဓေအကျိုးကို ပေးတတ်သောကြောင့် ကာမာဝစရကံဟူသော အမည်ရှိကုန်၏။ ။ဟူလို။

ကာမာဝစရ အဘွင့်ပြီး၏။

**၆၇။ ။ရူပါဝစရကုသလံ ပန မနောကမ္မမေဝ။ တဉ္စ ဘာဝနာမယံ အပ္ပနာပတ္တံ၊ ဈာနင်္ဂဘေဒေန ပဉ္စဝိဓံ ဟောတိ။**

သင်္ဂြိုဟ်ပါဠိ။

ရူပါဝစရ ကုသိုလ်ကံသည် မနောကံသာတည်း။ ကာယကံ, ဝစီကံမရှိ၊ အဘယ့်ကြောင့်ဆိုသော် ကာမာဝစရကံကို ကိုယ်ဖြင့်၎င်း, နှုတ်ဖြင့်၎င်း, စိတ်ဖြင့်၎င်း,ပြုကျင့်နိုင်၏။ ရူပါဝစရကံများကား ကသိုဏ်းဝန်း စသည်ကို စိတ်ဖြင့်သာ ပွါးများမှုပြုရသောကြောင့် ကာယကံ, ဝစီကံမရှိ၊ မနောကံ သက်သက်သာတည်း။ ။၎င်းပြင် ရူပါဝစရကံဟူသည် ဘာဝနာမှုဖြင့်သာ ဖြစ်နိုင်၏။ပေးကမ်းမှုဒါန,ဆောက်တည်မှု သီလကိစ္စဖြင့် မဖြစ်နိုင်၊မရနိုင်ပေ။

ဘာဝနာမှု ဘာဝနာမယ-ဟု ဆိုပါက ပရိကံကစ၍ အပ္ပနာ၏ ရှေး၌ ဖြစ်သမျှသော ဘာဝနာကံကို ရူပါဝစရကံ-ဟု ဆိုရပါသလောဟူမူ။ပရိကံ ကစ၍ အပ္ပနာ၏ရှေး-ဂေါတြဘူကျအောင် ဖြစ်သမျှ ကံသည်-ကာမာဝစရ ကံချည်းသာဖြစ်၏။ ဈာန်ဟု ဆိုအပ်သော အပ္ပနာရောက်မှသာ ရူပါဝစရကံ မည်၏။၎င်းရူပါဝစရ ကုသိုလ်သည် တပါးတည်းပါလော၊ အဘယ်နှစ်ပါး အပြားရှိပါသနည်း ဟူမူ။ရူပါဝစရကံသည် အင်္ဂါလွှန်မြောက်သော အပြား အားဖြင့် ၅-ပါးရှိ၏။ ။ဟူလို။

။ဤကား ဝိဏ္ဏတ္တိ။

---

**၆၈။ ။တထာ အရူပါဝစရကုသလဉ္စ မနောကမ္မံ၊တမ္ပိဘာဝနာမယံ အပ္ပနာပတ္တံ၊အာရမ္မဏဘေဒေန စတုဗ္ဗိဓံ ဟောတိ။**

သင်္ဂြိုဟ်ပါဠိ။

အရူပါဝစရ ကုသိုလ်သည်လည်း ရူပါဝစရကုသိုလ်ကဲ့သို့ပင် ကံသုံးပါး တို့တွင် မနောကံ။ ဒါနမယစသောသုံးပါးတို့တွင် ဘာဝနာမယသာတည်း။ ကောင်းကင် အာရုံစသော အပြားအားဖြင့် ကုသိုလ်စိတ်လည်း ၄-ပါးပင် အပြားရှိ၏။ ။ဟူလို။

ဤကား ဝိဏ္ဏတ္တိ။

၆၃။ **။ဧကာဒသ ကုသလကမ္မမုဒ္ဓစ္စရဟိတံ အပါယဘူမိယံ ပဋိသန္ဓိံ ဇနေတိ။ ပဝတ္တိယံ ပန သဗ္ဗမ္ပိ ဒွါဒသဝိဓံ သတ္တ ကုသလ ပါကာနိ သဗ္ဗတ္ထာပိ ကာမလောကေ ရူပလောကေ စ ယထာရဟံ ဝိပစ္စတိ။**

သင်္ဂြိုဟ်ပါဌ်။

ကံလေးပါးတို့တွင် ဥဒ္ဓစ္စ စိတ်မှတပါး အကုသိုလ်ကံ ၁၁-ပါးသည် အပါယ်ဘုံ၌ ပဋိသန္ဓေအကျိုးကို ဖြစ်စေ၏။ ပဝတ္တိအခါ၌ကား ၎င်းအလုံးစုံသော အကုသိုလ်ကံ ၁၂-ပါးသည် အဟိတ်ဝိပါက် ၇-ပါးအကျိုးကို ကာမဘုံ၌၎င်းရူပဘုံ၌၎င်းထိုက်သည်အားလျော်စွာအကျိုးပေး၏။ ။ဟူလို။

ဤကား ဝိဂ္ဂဟတ္ထ။

---

## ဥဒ္ဓစ္စ၏ ပဋိသန္ဓေ အကျိုးမပေးနိုင်ခြင်း အကြောင်း

ဤ၌ ဥဒ္ဓစ္စစေတနာသည် ပဋိသန္ဓေအကျိုးကိုကား မပေးနိုင်၊ ပဝတ္တိအကျိုးကိုသာ ပေးနိုင်၏ဆိုရာ အဘယ့်ကြောင့် ပဋိသန္ဓေ အကျိုးကို မပေးနိုင်ပါသနည်း။အဓိမောက္ခကင်းသော ဥဒ္ဓစ္စထက် အားနည်းသော ဝိစိကိစ္ဆာစိတ်ပင် ပဋိသန္ဓေအကျိုးကို ပေးနိုင်သေး၏။ ဥဒ္ဓစ္စစေတနာသည် အဓိမောက္ခနှင့်ယှဉ်သည်ဖြစ်၍ ဝိစိကိစ္ဆာထက် အားကြီးသည်ဖြစ်၍ ပဋိသန္ဓေအကျိုးကိုပေးသင့်သည် မဟုတ်ပါလော ဟူမူ။ ။၎င်း ဥဒ္ဓစ္စ သဟဂုတ်စိတ်သည် ပဋိသန္ဓေအကျိုးကိုပေးသော သဘောမရှိသောကြောင့် ပဋိသန္ဓေအကျိုးကိုမဖြစ်စေနိုင် ဟု မှတ်။

သို့ဖြစ်၍ ဥဒ္ဓစ္စ သဟဂုတ် စိတ်မှ တပါးကုန်သော အကုသိုလ်စိတ် ၁၁-ပါးတို့သာ ပဋိသန္ဓေအခါ အပါယ်ဘုံ၌ ဖြစ်စေ၍ ပဝတ္တိအခါ၌ အလုံးစုံသော အကုသိုလ်စိတ် ၁၂-ပါးလုံး၌ ရှိသော စေတနာသည်ပင် ကာမ ၁၁-ဘုံ၊ အသညသတ်ကြဉ်သော ရူပ ၁၅-ဘုံ၌ အကုသလဝိပါက် အနိဋ္ဌကမ္မဇရုပ်ကို ဖြစ်စေ၏။ ယခုအခါ မစင်ခွေးကောင်ပုတ် -စသောအနိဋ္ဌာရုံ မှန်သမျှကို မြင်ရမှု,ကြားရမှု,။ပ။ဆူး,ညှောင့်,ထား,လှံစသော အနိဋ္ဌာရုံကို တွေ့ထိမှုများသည် ပဝတ္တိအခါ၌ အကုသလဝိပါက် အကျိုးချည်း ဟု မှတ်။

ဥဒ္ဓစ္စစေတနာသည် ပဋိသန္ဓေအကျိုးကို ပေးသော ပင်ကိုယ်သဘော မရှိ၊ပဋိသန္ဓေကို ပေးသောစိတ်မျိုး မဟုတ်ပုံကို အဘယ်ကို ထောက်ဆ၍

သိရပါအံ့ ဟူမူ။ ။ခမ္ဘသင်္ဂဏီပါဠိတော် ဒဿနေန ပဟာတဗ္ဗတိက်၌ ဥဒ္ဓစ္စကို ဟောတော်မမူဘဲ ဘာဝနာယ ပဟာတဗ္ဗတိက်၌ သာလျှင် ထိုဥဒ္ဓစ္စကို ဟောသောကြောင့် ပဋိသန္ဓေအကျိုးပေးသော သဘောရှိသော စိတ်မျိုးမဟုတ်သည့်ကို သိရပါသည်။ ။အကယ်၍သာ ပဋိသန္ဓေအကျိုးကို ပေးနိုင်သည် ဖြစ်အံ့၊ သောတာပတ္တိမဂ်ကိုရသော ပုဂ္ဂိုလ်သည် အပါယ်သို့ လားနိုင်သော ပုဂ္ဂိုလ်မျိုး မဟုတ်သဖြင့် ပယ်သင့်ရာ၏။ ပယ်ကား မပယ်ခဲ့ပေ။ သို့ကြောင့် ဥဒ္ဓစ္စစေတနာသည် ပဋိသန္ဓေအကျိုးကို မပေးသောသဘောရှိသော စေတနာမျိုး ဟု မှတ်။

ဝတ္တာရော ဒိဋ္ဌိဂတသမ္ပယုတ္တစိတ္တုပ္ပါဒါ,ဝိစိကိစ္ဆာသဟ
ဂတော စိတ္တုပ္ပါဒေါ။ဣမေ ဓမ္မာ ဒဿနေန ပဟာတဗ္ဗာ။

ဒဿနတိက် ပါဠိတော်။

ဂုင်းဒဿနတိက် ပါဠိတော်၌ ဥဒ္ဓစ္စသဟဂုတ် စိတ်မပါဘဲ သောတာပတ္တိမဂ်သည် ဒိဋ္ဌိဂတသမ္ပယုတ်စိတ် ၄-ပါးနှင့် ဝိစိကိစ္ဆာသဟဂုယ် ၁-ပါးကို သာပယ်အပ်၏ ဟု လာရှိသည့်ကို သိအပ်၏။

ဥဒ္ဓစ္စသဟဂတော စိတ္တုပ္ပါဒေါ။ဣမေ ဓမ္မာ ဘာဝနာယ ပဟာတဗ္ဗာ။

ဘာဝနာယ ပဟာတဗ္ဗတိက် ပါဠိတော်။

ဂုင်းဘာဝနာယ ပဟာတဗ္ဗတိက်၌သာ ဥဒ္ဓစ္စသဟဂုတ် စိတ်ပါလေ၏။

သေသာ ပန စတ္တာရော ဒိဋ္ဌိဂတဝိပ္ပယုတ္တစိတ္တုပ္ပါဒါ, ဒွေ ပဋိဃသမ္ပယုတ္တစိတ္တုပ္ပါဒါ စ၊ သိယာဒဿနေန ပဟာတဗ္ဗာ။ သိယာ ဘာဝနာယ ပဟာတဗ္ဗာ။

တတိယပုဒ် ဂုင်းပါဠိတော်။

ဂုင်းစကား ထင်ရှားစေဦးအံ့····အကြင်တရားကို ဒဿနေန ပဟာတဗ္ဗတိက်၌ ဟောတော်မမူအပ်။ထိုမဟောအပ်သော တရားမျိုးသည် ပဋိသန္ဓေအကျိုးကို မပေးနိုင်ချေ၊ အဘယ့်ကြောင့်ဆိုသော် ဒဿနေန ပဟာတဗ္ဗတရားများကိုသာ နာနာက္ခဏိက ပစ္စည်းထိုက်၏ဟု ဘာဝနာယ ပဟာတဗ္ဗဖြစ်သော ဂုင်းဥဒ္ဓစ္စစေတနာကာ နာနာက္ခဏိက ပစ္စည်းမထိုက် ဟု ပဋ္ဌာန်း၌ ဟောတော်မူသောကြောင့်တည်း။

က။ ။သဟဇာတာ ဒဿနေနပဟာတဗ္ဗာ စေတနာသမ္ပယုတ္တကာနံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ ကမ္မပစ္စယေန ပစ္စယော။

ခ။ ။နာနာက္ခဏိကာ ဒဿနေန ပဟာတဗ္ဗာ စေတနာ ဝိပါကာနံ ခန္ဓာနံ ကဋတ္တာစ ရူပါနံ ကမ္မပစ္စယေန ပစ္စယော။

ဂ။ ။သဟဇာတာ ဘာဝနာယ ပဟာတဗ္ဗာ စေတနာ သမ္ပယုတ္တကာနံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ ကမ္မပစ္စယေန ပစ္စယော။

ပဋ္ဌာန်း ပါဠိတော်။

ဆိုလိုရင်း····နာနာက္ခဏိက ကမ္မပစ္စည်းထိုက်သော တရားမှသာလျှင် ပဋိသန္ဓေအကျိုးကို ပေးနိုင်၏၊နာနာက္ခဏိက ကမ္မပစ္စည်း မထိုက်လျှင်ပဋိသန္ဓေ အကျိုးကို မပေးနိုင်။ ။ဟူလို။

နစ နာနာက္ခဏိက ကမ္မပစ္စယံ ဝိနာ ပဋိသန္ဓိအာကဍ္ဍနံ အတ္ထီတိ ပဋိသန္ဓိအနာကဍ္ဍနတော တတ္ထ အနာဂတာတိ ဝုတ္တံ။ ။အနုဋီကာ။

ယင်းသို့ ဥဒ္ဓစ္စစေတနာသည် ပဋိသန္ဓေအကျိုးကို မပေးနိုင်ပါက ပဝတ္တိအကျိုးကိုလည်း မပေးနိုင်တန်ရာသည် မဟုတ်ပါလောဟူမူ။ ။ပဋိသန္ဓေအကျိုးကို မပေးနိုင်လင့်ကစား ပဋိသမ္ဘိဒါ ဝိဘင်း၌ ထိုဥဒ္ဓစ္စစေတနာ၏ အကျိုးဝိပါက်ကို ဟောတော်မူထားလျက် ရှိသောကြောင့် ပဝတ္တိအကျိုးကိုကား ပေးနိုင်၏ ဟု မှတ်။

တေသံ ဝိပါကေ ဉာဏံ အတ္ထပဋိသမ္ဘိဒါ။

ပဋိသမ္ဘိဒါမဂ် ပါဠိတော်။

မူလဋီကာဆရာကား။ ။ပဋိသန္ဓေ အကျိုးပေးနိုင်၏ ဟု ဆိုတော်မူ၏။ ။အရှင် ဗုဒ္ဓဒတ် ဆရာကား ပုထုဇဉ်တို့၏ ဥဒ္ဓစ္စ စေတနာသည် ပဋိသန္ဓေ, ပဝတ္တိအကျိုး ၂-ပါးကိုပင် ပေးသည်၊ သေက္ခပုဂ္ဂိုလ်တို့၏ ဥဒ္ဓစ္စစေတနာသည် တစုံတရာ အကျိုးမပေးနိုင် ဟု ဆို၏။ ၎င်း ဝါဒများကား မသင့် ဟု ဆရာများ ပယ်တော်မူကုန်၏။

---

## ယထာရဟံ အဓိပ္ပါယ်

ဤအကုသိုလ် စေတနာသည် ပဝတ္တိအခါ၌ ကာမဘုံမျှမက ရူပဗြဟ္မာဘုံ၌ပင် အကျိုးပေးနိုင်၏ မိန့်ဆိုရာ ထိုရူပဗြဟ္မာဘုံ၌ အနိဋ္ဌာရုံသည် မရှိခဲ့။

ထိုသို့မရှိဘဲ အဘယ့်ကြောင့် ရူပဗြဟ္မာဘုံ၌ အကုသလဝိပါက် ဖြစ်နိုင်ပါသနည်းဟူမူ။ ။ဗြဟ္မာဘုံ၌ကား အနိဋ္ဌာရုံမရှိသည်ကား မှန်၏။ ထိုသို့မရှိသော်လည်း ရူပဗြဟ္မာ့ဘုံ၌တည်နေ၍ လူ့ဘုံသို့ ကြည့်ရှုကုန်သော ဗြဟ္မာတို့အား အနိဋ္ဌာရုံကို မြင်နိုင်သောကြောင့်တည်း။ ။တနည်း။ ။မြတ်စွာဘုရားကို ဖူးမြော်အံ့ ဟု ကာမဘုံသို့ လာသော ဗြဟ္မာတို့သည် မစင်စသော အနိဋ္ဌာရုံကိုမြင်သောအခါ အကုသလဝိပါက်,စက္ခုဝိညာဏ်စသည် ဖြစ်လေသောကြောင့်"ရူပလောကေ" ဟူသော စကားကို မိန့်ဆိုအပ်၏။ နတ်ပြည်၌ အနိဋ္ဌာရုံတွေ့မြင်မှု၌လည်း ဤနည်းအတိုင်းမှတ်၊ထိုသို့ ဖြစ်မှုကို ရည်၍ "ယထာရဟံ"ဟူသော ပါဌ်ကို မိန့်ဆိုအပ်ပါသတည်း။ ဤအလို ကာမဘုံတို့၌ ဖြစ်သင့်သည် အားလျော်စွာ-ဟူလို။ ။တနည်း-ကာမဘုံ၌ စက္ခုပသာဒစသည် မချို့ပါလျှင် အကုသလဝိပါက် အကုန်ဖြစ်နိုင်၏။ချို့ပါမူကား ချို့သောဒွါရအတွက် ဝိပါက်မဖြစ်။ရူပဗြဟ္မာဘုံ၌ကား မချို့ကောင်း။ သို့သော် စက္ခုဝိညာဏ်, သောတဝိညာဏ်, သမ္ပဋိစ္ဆိုင်း, သန္တီရဏ-တို့သာ ဖြစ်ကုန်၏။ ဤသို့ ဒွါရ, အာရုံအားလျော်စွာ ဖြစ်မှုကို ရည်၍"ယထာရဟံ" ဟု မိန့်အပ်ပါသတည်း။ ။ဤအလို ဒွါရအာရုံ အားလျော်စွာ။ ။ဟူလို။

---

၄၀။ **။ကာမာဝစရ ကုသလမ္ပိ ကာမသုဂတိယံ ပဋိသန္ဓိဇနေတိ။တထာ ပဝတ္တိယဉ္စ မဟာဝိပါကာနိ။ အဟေတုကဝိပါကာနိ ပန အဋ္ဌပိ ကာမလောကေ ရူပလောကေ စ ယထာရဟံ ဝိပစ္စန္တိ။**

သင်္ဂြိုဟ်ပါဌ်။

ကာမာဝစရ ကုသိုလ်ကံ သည်လည်း ကာမသုဂတိ ဘုံ၌ ပဋိသန္ဓေ အကျိုးကို ပေး၏။ ပဝတ္တိ အခါ၌ကား အလုံးစုံသော ကာမ ၁၁-ဘုံ, ရူပ ၄-ဘုံတို့၌ မဟာဝိပါက် ၈-ခု၊အဟိတ် ကုသလဝိပါက် ၈-ခု-အားဖြင့် ၁၆-ပါးသော အကျိုးဝိပါက်တို့ကို ထိုက်သင့်သည် အားလျော်စွာ ဖြစ်စေ၏။

ဤကား ဝိဂ္ဂဟတ္ထ။

**မှတ်ချက်။** ။ပဋိသန္ဓိံ ဇနေတိ-အရ ပဋိသန္ဓေကို ဖြစ်စေ၏ ဟု သာမညအားဖြင့် ဆိုသော်လည်း နောက် ယထာရဟံ- ပါဌ် မှတ်လျက် ရှိလေသောကြောင့် သုဂတိ အဟိတ် ပဋိသန္ဓေ၊ ဒွိဟိတ် ပဋိသန္ဓေ၊ တိဟိတ်ပဋိသန္ဓေတို့ကို ဖြစ်စေ၏ ဟု ခွဲခြား၍မှတ်။ ။ (၎င်းအဓိပ္ပါယ် နောက်၌ ထင်ရှားလတ္တံ့)။

## ပဝတ္တိ၌ အကျိုးပေးပုံ အဓိပ္ပါယ်

မဟာကုသိုလ်စေတနာ ၈-ခုသည် ပဝတ္တိအခါ၌ မဟာဝိပါက် ၈-ပါးကို ဖြစ်စေ၏....ဟု ဆိုရာဝယ် ကာမသုဂတိဘုံ၌သာ ဖြစ်စေနိုင်၏။ အပါယ်ဘုံ၊ ရူပဗြဟ္မာဘုံတို့၌ မဖြစ်စေနိုင်၊ သို့ဖြစ်၍ ကာမသုဂတိဘုံ၌ မဟာဝိပါက် ၈-ပါး၊ အဟိတ်ကုသလဝိပါက် ၈-ပါးအားဖြင့် ၁၆-ပါးသော ဝိပါက်တို့ကို ဖြစ်စေနိုင်၏။

''အဟေတုက ဝိပါကာနိ'' အရအဓိပ္ပါယ်ကား....အပါယ်လေးဘုံ၌ အဟိတ်ကုသလဝိပါက် ၈-ခုကိုသာ ဖြစ်စေနိုင်၏။ ။ရူပ ၁၅-ဘုံ၌ ဃာန ဝိညာဏ်၊ ဇိဝှါဝိညာဏ်၊ ကာယဝိညာဏ်သည် ကြဉ်အပ်သော အဟိတ် ကုသလဝိပါက် ၅-ခုတို့ကိုသာ ဖြစ်စေနိုင်၏။ ။သည်ကိုရည်၍''ယထာ ရဟံ'' ဟူသောပါဌ်ကို မိန့်ဆိုအပ်ပါသတည်း။ ။ဟူလို။

## အပါယ်ဘုံ၌ အဟိတ် ကုသလဝိပါက် ဖြစ်ပုံ

အပါယ်ဘုံ၌ အသို့လျှင် ဣဋ္ဌာရုံဖြစ်သော အဟိတ် ကုသလဝိပါက် ဖြစ်စေနိုင်ပါသနည်းဟူမူ။မဟာကုသိုလ်စေတနာတို့သည် ပဝတ္တိအခါ အပါယ်လေးဘုံတို့၌ ကြီးကျယ်ခမ်း နားစွာသော စည်းစိမ် ချမ်းသာတို့ကို ဖြစ်စေ၍ တန်ခိုးကြီးသော နဂါး၊ ဂဠုန်၊ ဝေမာနိကပြိတ္တာ၊ ဆင်အာဇာနည်၊ မြင်းအာဇာနည်၊ ခြင်္သေ့အာဇာနည်၊ ဥပေါသထ ဆင်တော်၊ ဝလာဟက နတ်မြင်းပျံ စသော သတ္တဝါတို့၏ ခန္ဓာအစဉ်၌ ကုသလဝိပါက် အကျိုးပေးခွင့်ကို ရ၏၊ ချမ်းသာစွာ ကောင်းကျိုးတို့ကို ဖြစ်စေနိုင်ကုန်၏။ ။ငရဲပြည်သို့လည်း တန်ခိုးကြီးသော အရှင်မောဂ္ဂလာန် မထေရ်မြတ်သည် ဒေသစာရီကြွချီ တော်မူသောအခါ ကာလ၌ ငရဲသူ-ငရဲသားတို့သည် အရှင်မောဂ္ဂလာန် မထေရ်မြတ်ကို ဖူးမြင်ရသောအခါ ကုသလဝိပါက် စက္ခုဝိညာဏ်ဖြစ်၏။

တရားတော်ကို ကြားနာရသောအခါ ကုသလဝိပါက် သောတဝိညာဏ်ဖြစ်၏၊စန္ဒကူးအနံ့ဖြင့် ထုံအပ်သော သင်္ကန်းတော်၏ အနံ့ကို နံသောအခါ ကုသလဝိပါက် ဃာနဝိညာဏ်ဖြစ်၏၊ တန်ခိုးတော်ဖြင့် ရွာစေအပ်သော မိုဃ်းရေကို သောက်ရသောအခါ ဇိဝှါဝိညာဏ်ဖြစ်၏၊ တန်ခိုးတော်ဖြင့် လေတို့ကို တိုက်စေ,လာစေသောအခါ ကာယဝိညာဏ်ဖြစ်၏။ ။ဤသို့လျှင် ပဋိသန္ဓေအကျိုးကား အကုသလဝိပါက်ပင် ဖြစ်သော်လည်း ပဝတ္တိအခါ၌ကား ကုသလဝိပါက်အကျိုးကို ဖြစ်စေနိုင်၏ ဟု မှတ်။

---

## ကာမာဝစရ ကုသိုလ်ကံ အကျိုးပေး အခွင့်

**၇၁။ ။တတ္ထာပိ တိဟေတုကမုက္ကဋ္ဌံ ကုသလံ တိဟေတုကံ ပဋိသန္ဓိံ ဒတွာ ပဝတ္တေ သောဠသဝိပါကာနိ ဝိပစ္စတိ။**

ထိုကာမာဝစရ ကုသိုလ်စေတနာ ၈-ခုတို့တွင် တိဟိတ်ဥက္ကဋ္ဌကုသိုလ်စေတနာသည် တိဟိတ် ပဋိသန္ဓေကို ပေး၍ ပဝတ္တိအခါ၌ကား မဟာဝိပါက် ၈-ပါး, အဟိတ် ကုသလဝိပါက် ၈-ပါးအားဖြင့် ၁၆-ပါးသော အကျိုးတို့ကို ဖြစ်စေ၏။ ။ဟူလို။

ဤကား ပိဏ္ဍတ္ထ။

---

## အဝယဝတ္ထ အဓိပ္ပါယ်

နံပါတ် ၇၀ "ကာမာဝစရ ကုသလဉ္စ" စသော ပါဌ်အရ ကာမာဝစရ ကုသိုလ်ကံ၏ မဟာဝိပါက် အကျိုးပေးပုံ သာမညကို မိန့်ဆိုသဖြင့် ဝေဘန်ပိုင်းခြား အထူးအားဖြင့် အကျိုးပေးပုံကို ဤနံပါတ် ၇၁ "တတ္ထာပိ"စသော ပါဌ်ဖြင့်ပြ၏။ ။ပြဟန်ကား····ကာမာဝစရကုသိုလ်ကံ ၈-ပါး၌ တိဟိတ်ကံ ၄-ပါး,ဒွိဟိတ်ကံ ၄-ပါး ပါရှိ၏။ ဉာဏသမ္ပယုတ် ကံသည် တိဟိတ်ကံမည်၏။ ဉာဏဝိပ္ပယုတ်ကံသည် ဒွိဟိတ်ကံမည်၏၊တိဟိတ် ကံသည်လည်း တိဟိတ် ဥက္ကဋ္ဌကံ, တိဟိတ်ဩမကကံ ဟူ၍ ၂-မျိုး။ ။ဒွိဟိတ်ကံသည်လည်းဒွိဟိတ်ဥက္ကဋ္ဌကံ,ဒွိဟိတ်ဩမကကံ-ဟူ၍ ၂-မျိုးရှိ၏။

**မှတ်ချက်။** ။မြင့်မြတ် ထက်သန်သော ကံသည် ဥက္ကဋ္ဌကံမည်၏။ ယုတ်နိမ့်ညံ့ဖျင်းသော ကံသည် ဩမကကံ မည်၏။

၁။ ။အကြင် ကုသိုလ်သည် ကုသိုလ်ပြုသောအခါ ဉာဏ်နှင့်ယှဉ်၍ ပြု၏။ ထိုကုသိုလ်၏ မပြုမီ ရှေ့အဘို့၌လည်း လောဘ, ဒေါသစသော ကုသိုလ် မခြံရံ၊ပြုပြီးသော နောက်အဘို့၌လည်း လောဘ,ဒေါသ စသော အကုသိုလ် မခြံရံ၊ထို ကုသိုလ်သည် တိဟိတ်ဥက္ကဋ္ဌကုသိုလ် မည်၏။

၂။ ။အကြင် ကုသိုလ်သည် ပြုဆဲအခါ၌ ဉာဏ်နှင့်ယှဉ်၏၊ရှေ့အဘို့ နောက်အဘို့တို့ ၌လည်း အကုသိုလ် ခြံရံ၏၊ ထိုကုသိုလ်သည် တိဟိတ် ဩမကကုသိုလ် မည်၏။

၁။ ။အကြင် ကုသိုလ်သည် ပြုဆဲအခါ၌ ဉာဏ်နှင့်မယှဉ်၊ ရှေ့အဘို့, နောက်အဘို့တို့၌ကား ကုသိုလ် ခြံရံအပ်၏၊ ထိုကုသိုလ်သည် ဒွိဟိတ် ဥက္ကဋ္ဌကုသိုလ် မည်၏။

၂။ ။အကြင် ကုသိုလ်သည် ပြုဆဲအခါ၌ ဉာဏ်နှင့်မယှဉ်၊ ရှေ့အဘို့, နောက်အဘို့တို့၌ အကုသိုလ် ခြံရံ၏၊ ထိုကုသိုလ်သည် ဒွိဟိတ် ဩမက ကုသိုလ် မည်၏။

**မှတ်ချက်**။ ။ပြုဆဲအခါ၌ ဉာဏ်နှင့်ယှဉ်၏-ဟူသော စကားသည်ကား၊ ကံ,ကံ၏အကျိုးကို ယုံကြည်၍ ဤကုသိုလ် ကောင်းမှုကံကြောင့် နိဗ္ဗာန်သို့ ရောက်ပါလို၏ ဟု နိဗ္ဗာန်ကို တောင့်တ၍ ပြုမှုသည်ပင် အလောဘ, အဒေါသ, အမောဟတည်းဟူသော ဟိတ်သုံးပါးနှင့် တကွ ဖြစ်ပေါ်လာသော ကုသိုလ်ကံဖြစ်သောကြောင့် ဉာဏ်နှင့်ယှဉ် ၏-ဟု ဆိုလိုသည်။ ဉာဏ်နှင့်ယှဉ် ဆိုသည်မှာ ကုသိုလ်ပြုဆဲ အခါ၌ အမှတ်တမဲ့ ကံ,ကံ၏ အကျိုးကို မယုံကြည်ဘဲ ပြုလုပ်၍ နိဗ္ဗာန်ကို တောင့်တခြင်း မရှိမူ၍ လူစည်းစိမ် စသည်ကိုသာ တောင့်တ၍သော်၎င်းပြု၏။ထိုကုသိုလ်ကံသည် အလောဘ,အဒေါ သဟိတ် ၂-ပါးသာရှိသော ဉာဏ်မှကင်းသော ကံမျိုးမည်၏။ရှေ့ အဘို့ နောက်အဘို့တို့၌ ကုသိုလ် ခြံရံဆိုသည်ကား မလှူမီ ရှေ့အဘို့ ၌လည်း ငါသည် ကုသိုလ်ပြုရတော့မည် ဟု ဝမ်းမြောက်ဝမ်းသာ ကုသိုလ်စေတနာ အဖြာဖြာ ဖြစ်မှုကို ဆိုလိုသည်။ နောက်အဘို့တို့ ၌လည်း ငါသည် လူအဖြစ်ကို အရတော်လေစွ၊ သံသရာ၌ မှီရာ တည်ရာ ကုသိုလ် ပါရမီကြီးကို ဆည်းပူးရပေပြီ ဟု အဘန်ဘန် ဝမ်းမြောက်မှု စသည်ကို ဆိုလိုသည်။

ယေ သတိပါကာ ဝဋ္ဋ နိဿိတေနေဝ ဒါနာဒိဝသေန ပဝတ္တိတာ။
တေ ဟီနာတိ ကာတဗ္ဗာ။ယေ ဝိဝဋ္ဋ နိဿိတေန ဒါနာဒိဝသေန
ပဝတ္တိတာ။တေ ပဏီတာတိ ကာတဗ္ဗာ။
မူလဋီကာပါဌ်။

၁။ ။တနည်း။ ။အကြင် ကုသိုလ်ကို ပြုလုပ် ဆည်းပူးစဉ်အခါ ထကြွ သောင်းကျန်းသော နိဝရဏတရားတို့ကိုငှင်း၊ မိမိဂုဏ်ကို မိမိမြှောက်ပင့် ပြောဆိုခြင်း အတ္တုက္ကံသန, သူတပါး၏ ဂုဏ်ကို ချိုးနှိမ်ခြင်း-ပရဝမ္ဘန, စသော ယုတ်မာသော တရားတို့ကိုငှင်း ကောင်းစွာ သုတ်သင်ပယ်ရှား၍ ကောင်းမွန်သန့်ရှင်းစွာ ပြုလုပ်အပ်၏။ ထိုကုသိုလ်သည် ဥက္ကဋ္ဌ ကုသိုလ် မည်၏။

၂။ ။အကြင် ကုသိုလ်ကို ပြုလုပ်စဉ် ပြဆိုအပ်ပြီးသော အညစ် အကြေး အမိုက်အမှေးတို့ကို မသုတ်မသင်ဘဲ မစင်မကြယ် ရှုပ်ရှုပ်ထွေးထွေး ရောရောပြွမ်းပြွမ်း ပြုလုပ်၏၊ထိုကုသိုလ်သည် ဩမကကုသိုလ် မည်၏။

၁။ ။တနည်း။ ။အကြင် ကုသိုလ်ကောင်းမှုကို ရိုသေစွာ ပြုအပ်၏၊ ထိုကုသိုလ်သည် ဥက္ကဋ္ဌမည်၏။

၂။ ။အကြင် ကုသိုလ်ကောင်းမှုကို မရိုမသေ ပြုလုပ်အပ်၏၊ ထို ကုသိုလ်သည် ဩမကမည်၏။

၁။ ။တနည်း။ ။အကြင် ကုသိုလ်ကောင်းမှုကို ရှေးအရိယာနွယ်ဝင် အရှင်ကောင်းတို့၏ အနွယ်၌တည်လျက် ဤကောင်းမှုကား ရှေးအရိယာ သူတော်ကောင်း တို့၏ ပြုကျင့် အပ်သော အကျင့် မြတ်တည်း ဟု အောက်မေ့၍နှလုံးသွင်း၍ ပြုအပ်၏၊ထိုကုသိုလ်သည် ဥက္ကဋ္ဌမည်၏။

၂။ ။အကြင် ကုသိုလ်ကောင်းမှုကို လာဘ်ပူဇော်သက္ကာရ ကျော်စွ စသော အာမိသကိုငဲ့၍ ပြုအပ်၏။ ထိုကုသိုလ်သည် ဩမကမည်၏။

**မှတ်ချက်**။ ။ပဏီတနှင့်-ဥက္ကဋ္ဌ၊ဟီနနှင့်-ဩမက အတူတူမှတ်။
အစိတ္တီကာရေန ဝါ ကတံ ဟီနံ။သက္ကစ္စကတံ ပဏီတံ။
အာမိသကိဉ္စက္ခာဒိဟေတုဝါ ကတံ ဟီနံ။ကတ္တဗ္ဗမိစ္စေဝ
အရိယဘာဝေ ဌိတေန ကတံ ပဏီတံ။ ။အနုဋီကာ။ (၁၉၀)

## သောဠသဝိပါက အကျိုးပေးပုံ

ကာမာဝစရ ကုသိုလ်ကံ ၈-ပါးသည် မဟာဝိပါက် ၈-ပါး, အဟိတ် ကုသလဝိပါက် ၈-ပါး,အားဖြင့် ၁၆-ပါးသော အကျိုးကိုပေး၏-ဆိုရာဝယ် အဘယ်ကဲ့သို့ အကျိုးပေးပါသနည်းဟူမူ။ ။အကျိုးပေးမှုသည် သုတ္တန် အကျိုးပေးပုံ, အဘိဓမ္မာ အကျိုးပေးပုံ အားဖြင့် ၂-မျိုး, ၂-စားရှိ၏။ ။ ယခုဘဝက ဒါနစသောကုသိုလ်ကို ပြုလုပ်သဖြင့် သိကြားဖြစ်၏၊ ရွှေအိမ်, ရွှေနန်း,ဥယျာဉ်,ဗိမာန်,စသည် ဖြစ်ပေါ်လာ၏။ရတနာ ၇-ပါးနှင့်ပြည့်စုံ၏။ စသော အကျိုးတရားသည် သုတ္တန် အကျိုးမည်၏။

အဘိဓမ္မာ အကျိုးပေးပုံကား ကောင်းသော စက္ခုဝိညာဏ် ဖြစ်မှု။ပ။ ကာယဝိညာဏ်ဖြစ်မှု, ကောင်းသော ပဋိသန္ဓေ ဝိပါက်ဖြစ်မှု စသည်ပင် တည်း။ ။ဤ၌ကောင်းသော စက္ခုဝိညာဏ် ဖြစ်မှုဆိုသည်မှာ ကောင်းမွန် လှပသော ရွှေအိမ်, ရွှေနန်း, မောင်းမ, မိဿံ, မိဖုရား-စသော ရူပါရုံအစု ဝတ္ထုမှန်သမျှကို မြင်ရမှုကို ဆိုလိုသည်။ ကောင်းသော ပဋိသန္ဓေဝိပါက် ဖြစ်မှုဆိုသည်မှာလည်း နတ်, လူ, ဗြဟ္မာတို့၏ ပဋိသန္ဓေ တည်နေမှုကို ဆိုလို သည်။ ။သို့ဖြစ်၍ သုတ္တန် အကျိုးပေးပုံနှင့်, အဘိဓမ္မာ အကျိုးပေးပုံသည် သဒ္ဒါသာ ကွဲသော်လည်း အဓိပ္ပါယ်မှာ တူ၏ ဟု မှတ်။

၁။ ။ထို ၁၆-ပါးသော အကျိုးတရား တို့တွင် မဟာဝိပါက် ၈-ပါး သည် ပဋိသန္ဓေအကျိုး, ဘဝင်-ဟူသော အကျိုး,တဒါရုံ-ဟူသော အကျိုး အဆုံး၌ စုတိ-ဟူသော အကျိုးများ ဖြစ်၏။

**မှတ်ချက်**၊ ။မဟာဝိပါက် ၈-ပါးတို့တွင် ဉာဏသမ္ပယုတ် ၄-ပါး တည်းဟူသော တိဟိတ် ပဋိသန္ဓေဖြစ်အံ့၊ ဘဝင်, တဒါရုံ, စုတိ-တို့ သည်လည်း ၎င်းဉာဏသမ္ပယုတ် ၄-ပါးတို့သာ ဖြစ်ကုန်၏။ ဉာဏ ဝိပ္ပယုတ် ၄-ပါးဟူသော ဒွိဟိတ် ပဋိသန္ဓေဖြစ်အံ့၊ ဘဝင်,တဒါရုံ, စုတိ-တို့သည်လည်း ဉာဏဝိပ္ပယုတ်တို့ပင် ဖြစ်ကုန်၏ ဟု မှတ်။

၂။ ။အဟိတ် ကုသလဝိပါက် ၈-ပါးကား ကောင်းသော ရူပါရုံကို မြင်မှု။ပ။တွေ့ထိမှုဖြစ်သော စက္ခုဝိညာဏ်။ပ။ ကာယဝိညာဏ်, သမ္ပဋိစ္ဆိုန်း, သန္တီရဏ-စသော ဝီထိအစဉ်, စိတ်အစဉ် ဖြစ်မှုပင် အကျိုးပေးသည် ဟု ဆိုရ၏။ ထိုစကားမှန်၏၊ လောက၌ စိတ်ချမ်းသာ, ကိုယ်ချမ်းသာစွာ နေရမှုကိုပင် အကျိုးပေးသည် ဟု ဆိုလိုသည်။

တောနိ ဟိ စတူသု ဌာနေသု ဝိပစ္စတိ၊ ပဋိသန္ဓိယံ ဘဝင်္ဂေ စုတိယံ တဒါရမ္မဏေတိ။ ။အဋ္ဌသာလိနီ အဋ္ဌကထာ။

---

## ဒွိဟိတ် အကျိုးပေး အဘွင့်

၇၂။ ။တိဟေတုကမောမကံ ဒွိဟေတုကမုက္ကဋ္ဌဉ္စ ကုသလံ ဒွိဟေတုကံ ပဋိသန္ဓိံ ဒတွာ ပဝတ္တေ တိဟေတုကရဟိတာနိ ဒွါဒသဝိပါကာနိ ဝိပစ္စတိ။ ။သင်္ဂြိုဟ်ပါဠိ။

တိဟိတ် ဩမကကုသိုလ်ကံနှင့် ဒွိဟိတ် ဥက္ကဋ္ဌကုသိုလ်ကံ ၂-ပါးသည် ဒွိဟိတ် ပဋိသန္ဓေကို ပေး၍ ပဝတ္တိအခါ၌ မဟာဝိပါက် ဉာဏဝိပ္ပယုတ် ၄-ပါး၊အဟိတ်ကုသလဝိပါက် ၈-ပါးအားဖြင့် ၁၂-ပါးသောအကျိုးတို့ကို ပေး၏။

ဤကား ဝိဂ္ဂဟတ္ထ။

---

## အဝယဝတ္ထ အဖွင့်ပိုဒ်

ကာမာဝစရကုသိုလ် ၈-ပါးအနက် ဉာဏသမ္ပယုတ် ကုသိုလ် ၄-မျိုး၌ ဥက္ကဋ္ဌ ဖြစ်သော ဉာဏသမ္ပယုတ် ကုသိုလ်, ဩမက ဖြစ်သော ဉာဏ သမ္ပယုတ် ကုသိုလ်-ဟု ၂-မျိုးပြားရာ ဥက္ကဋ္ဌဖြစ်သော ဉာဏသမ္ပယုတ် ကုသိုလ်ကံကား တိဟိတ်ပဋိသန္ဓေကို ပေး၏၊ ကြွင်းသော ဩမကဉာဏ သမ္ပယုတ် ကုသိုလ်ကံကား အဘယ်ပဋိသန္ဓေကို ပေးပါမည်နည်း၊ဉာဏ သမ္ပယုတ်ပင်ဖြစ်၍ တိဟိတ် ပဋိသန္ဓေကိုပင် ပေးမည်လော ဟူမူ။ ။ ဉာဏသမ္ပယုတ်ဖြစ်၍ ဉာဏ်နှင့်ပင် ယှဉ်သော်လည်း ရှေးအဘို့နောက် အဘို့တို့၌ အကုသိုလ် ခြံရံအပ်သည်ဖြစ်၍ အလွန် အားနည်းသောကြောင့် တိဟိတ်ပဋိသန္ဓေကို မပေးနိုင်ပါဘဲ ဒွိဟိတ်ပဋိသန္ဓေကိုသာ ပေးနိုင်၏။

ရှေးအဘို့ နောက်အဘို့တို့၌ အကုသိုလ် ခြံရံအပ်၍ အားနည်းပါမူ ဇစ္စန္ဓ စသော အဟိတ်ပဋိသန္ဓေ အကျိုးကို ပေးသင့်သည် မဟုတ်ပါလောဟူမူ။ ။ ဤသို့ အလွန်ယုတ်ညံ့ အောက်တန်း ကျသော ဇစ္စန္ဓစသော အဟိတ် ပဋိ သန္ဓေကိုလည်း မပေးနိုင်။ အဘယ့်ကြောင့်ဆိုသော် ဉာဏသမ္ပယုတ်ဂုဏ်, ဉာဏ်နှင့်ယှဉ်သော သတ္တိထူး ရှိနေသောကြောင့်တည်း။ ။သို့ဖြစ်၍ ဒွိဟိတ် ပဋိသန္ဓေအကျိုးကိုသာ ပေး၏ ဟုမှတ်။

ဉာဏဝိပ္ပယုတ်ကုသိုလ် ၄-ပါး တို့၌လည်း ဥက္ကဋ္ဌဖြစ်သော ဉာဏဝိပ္ပယုတ်ကုသိုလ်, ဩမကဖြစ်သော ဉာဏဝိပ္ပယုတ် ကုသိုလ် ဟု ၂-မျိုး ပြားရာ၊ ဥက္ကဋ္ဌဖြစ်သော ဉာဏဝိပ္ပယုတ်ကုသိုလ်ကံသည် ဉာဏ်နှင့်ပင် မယှဉ်လင့်ကစား ရှေ့အဘို့ နောက်အဘို့၌ ကုသိုလ်ခြံရံအပ်သဖြင့် အား အလတ်ရှိသောကြောင့် တိဟိတ် ဩမကကံကဲ့သို့ပင် ဒွိဟိတ် ပဋိသန္ဓေ အကျိုးကို ပေးနိုင်၏။

ဒွိဟိတ်ကံပင် ဖြစ်သော်လည်း ဥက္ကဋ္ဌကံ အမျိုး ဖြစ်သောကြောင့် တိဟိတ် ပဋိသန္ဓေကို ပေးသင့်သည် မဟုတ်ပါလော ဟူမူ။ ဥက္ကဋ္ဌကံ အမျိုးပင် ဖြစ်လင့်ကစား ကံပြုစဉ်ကပင် ဉာဏ်နှင့် ကင်းသော ဉာဏဝိပ္ပယုတ်ကံမျိုး ဖြစ်သောကြောင့် ဘယ်အခါမှ တိဟိတ် ပဋိသန္ဓေကို မပေးနိုင် ဟု မှတ်။

သို့ဖြစ်၍။ ။တိဟိတ် ဩမကကံနှင့် တိဟိတ် ဥက္ကဋ္ဌကံတို့သည် အား ချင်းမျှသောကြောင့် ပဋိသန္ဓေအခါ၌ ဒွိဟိတ်ပဋိသန္ဓေအကျိုး,ပဝတ္တိအခါ၌ မဟာဝိပါက် ဉာဏဝိပ္ပယုတ် ၄-ပါး၊ အဟိတ် ကုသလဝိပါက် ၈-ပါးအား ဖြင့် ၁၂-ပါးသော အကျိုးကို ပေးနိုင်၏။ ။ဟူလို။

ဉာဏဿ ဇဝနဒွါရဒိဝိပ္ပတ္တိနိမိတ္တပဋိပက္ခဘာဝတော တိဟေတုကံ အတိဒုဗ္ဗလမ္ပိ သမာနံ ပဋိသန္ဓိံ အာကဍ္ဎိတုံ ဒုဟေတုကံ အာ အာကဍ္ဎေယျာတိ အဟေတုကံ န ဟောတီတိ အာဟ။

မူလဋီကာ။ (၁၂၀)

---

## အဠှက အကျိုးပေး အဘွင့်

**၇၃။ ။ဒွိဟေတုကာမောမကံ ပန ကုသလံ အဟေတုကမေဝ ပဋိ သန္ဓိံ ဒေတိ။ ပဝတ္တေ စ အဟေတုကဝိပါကာနေဝ ဝိပစ္စတိ။**

သင်္ဂြိုဟ်ပါဌ်။

ဒွိဟိတ် ဩမက ကုသိုလ်ကံသည် ပဋိသန္ဓေအခါ၌ အဟိတ်ပဋိသန္ဓေကိုသာ ပေး၏။ပဝတ္တိအခါ၌ကား အဟိတ် ကုသလဝိပါက် ၈-ပါးတို့ကိုသာ အကျိုးပေးနိုင်၏။ ။ဟူလို။

ဤကား ဝိဏ္ဏုတ္တ။

ဒွိဟိတ်ဩမကကံသည် မဟာကုသိုလ်တို့တွင် အညံ့ဆုံးသော ကုသိုလ်မျိုးဖြစ်သောကြောင့် မိမိနှင့်တူစွာ ဒွိဟိတ်ဝိပါက်ကိုမျှ မဖြစ်စေနိုင်ဘဲ ပဋိသန္ဓေအခါ၌ အဟိတ် ကုသလဝိပါက် ဥပေက္ခာသန္တီရဏကို ဖြစ်စေ၍ ဇစ္စန္ဓ,ဇစ္စဗဓိရ,စသော ယုတ်ညံ့သော အဟိတ်ပဋိသန္ဓေကို ပေး၍ ပဝတ္တိအခါ၌ကား အဟိတ်ကုသလဝိပါက် ၈-ပါးကိုဖြစ်စေ၏။ ။ဤဝါဒကား— အရှင်အနုရုဒ္ဓါ ဆရာ, တိပိဋက စူဠနာဂ ဆရာ များ၏ သမာန ဝါဒတော်တည်း။

> တိပိဋကစူဠနာဂတ္ထေရော ယာဝ အာဟ။ကောယ ကုသလစေတနာယ သောဠသဝိပါကစိတ္တာနိ ဥပ္ပဇ္ဇန္တိ။ဧတ္ထေဝ ဒွါဒသကမဂ္ဂေါပိ, အဟေတုကဋ္ဌကမ္ပိတိ။
>
> အဋ္ဌသာလိနီ အဋ္ဌကထာ။

---

## ဥက္ကဋ္ဌ ဩမက သချိင်္ခွဲ

တိဟိတ် ဥက္ကဋ္ဌ, တိဟိတ် ဩမကမှာ အလယ်၌ ဉာဏ်ယှဉ်ခြင်းတူ၍ ရှေ့နောက် ခြံရံသော ကုသိုလ်, အကုသိုလ် တရားချင်း ကွဲပြား၏။ ။ဒွိဟိတ် ဥက္ကဋ္ဌ,ဒွိဟိတ် ဩမကမှာ အလယ်၌ ဉာဏ်မယှဉ်ခြင်း တူ၍ ရှေ့နောက် ကွဲပြား၏။ ။တိဟိတ် ဥက္ကဋ္ဌ,ဒွိဟိတ် ဥက္ကဋ္ဌမှာ ရှေ့နောက် တူ၍ အလယ် ကွဲ၏၊တိဟိတ် ဩမက, ဒွိဟိတ် ဩမကမှာ ရှေ့နောက် တူ၍ အလယ် ကွဲ၏။

**ဆောင်ပုဒ်။** ။ဒွိ-တိ-အလယ်တူ၊ ဥ-ဩ-ရှေ့နောက်တူ။

---

## ပဋိသန္ဓေ ပဝတ္တိ အကျိုး သချိင်္ခွဲ

တိဟိတ်ဥက္ကဋ္ဌကံ ၄-ခုတို့တွင် တခုခု၌ ပဋိသန္ဓေအကျိုး ၄-ပါး,၄-ပါးစီ ဖြစ်သောကြောင့် ပဋိသန္ဓေ အကျိုးပေါင်း ၁၆-ပါး ဖြစ်၏။ ။ပဝတ္တိ အကျိုးကား ၁၆-ပါး, ၁၆-ပါးစီ ဖြစ်သောကြောင့် ပဝတ္တိ အကျိုးပေါင်း ၆၄-ပါး ဖြစ်၏။ သို့ဖြစ်၍ တိဟိတ် ဥက္ကဋ္ဌကံ၏ ပဋိသန္ဓေအကျိုး ၁၆-ပါး, ပဝတ္တိအကျိုး ၆၄-ပါး ဖြစ်သတည်း။

တိဟိတ် ဩမကကံ ၄-ပါး,ဒွိဟိတ် ဥက္ကဋ္ဌကံ ၄-ပါး,ပေါင်း ရှစ်ပါး ဖြစ်ရာ တပါးပါးသောကံသည် လေးပါး,လေးပါးသော ပဋိသန္ဓေအကျိုးကို

ဖြစ်စေနိုင် သောကြောင့် ပဋိသန္ဓေ အကျိုးပေါင်း ၃၂-ပါး ဖြစ်၏။ပဝတ္တိ အကျိုးကား ကံ ၈-ပါးတို့တွင် တပါးပါးသည် ၁၂-ပါး, ၁၂-ပါးသော အကျိုးဝိပါက်ကို ဖြစ်စေနိုင်သောကြောင့် ပဝတ္တိအကျိုးပေါင်း ၉၆-ပါး ဖြစ်၏။

ဒွိဟိတ် ဩမကကံလေးခုတို့တွင် တခုခုသော ကံသည်ပင်လျှင် ပဋိသန္ဓေ တခုတခုစီကို ဖြစ်စေနိုင်သောကြောင့် ပဋိသန္ဓေအကျိုး ၄-ပါးဖြစ်၏။ ပဝတ္တိအခါ၌ကား ရှစ်ပါး ရှစ်ပါးစီသော အကျိုးကို ဖြစ်စေ သောကြောင့် ပဝတ္တိအကျိုးပေါင်း ၃၂-ပါး ဖြစ်၏။သို့ဖြစ် ၍ဒွိဟိတ် ဩမကကံ၏ပဋိသန္ဓေ အကျိုးသည် ၄-ပါး,ပဝတ္တိအကျိုးသည် ၃၂-ပါးရှိ၏-ဟု သိ။

---

၇၅။ ။အသင်္ခါရံ သသင်္ခါရ ဝိပါကာနိ န ပစ္စတိ၊
သသင်္ခါရ မသင်္ခါရ ဝိပါကာနိတိ ကေစနာ၊ ။
တေသံ ဒွါဒသပါကာနိ ဒသာ ဋ္ဌ စ ယထာက္ကမံ။
ယထာ ဝုတ္တာနုသာရေန ယထာသမ္ဘဝ မုဒ္ဒိသေ။ ။

အသင်္ခါရ ကုသိုလ်သည် သသင်္ခါရအကျိုးတို့ကို မပေးနိုင်၊သသင်္ခါရ ကုသိုလ်သည်လည်း အသင်္ခါရ အကျိုးတို့ကို မပေးနိုင် ဟု အချို့သော မဟာဒတ္တ မထေရ်တို့သည် မိန့်ဆိုကုန်၏။ ထိုကေစိဆရာတို့၏ အယူ၌ ၁၂-ပါးသောကျိုးတို့ကိုဎင်း၊ ဆယ်ပါးသော အကျိုးတို့ကိုဎင်း၊ရှစ်ပါးသော အကျိုးတို့ကိုဎင်း၊ အစဉ်အတိုင်း အကြွင်ဆိုအပ်ခဲ့ပြီးသော တိဟိတ်ဥက္ကဋ္ဌ စသောနည်းကို အစဉ်မှီး၍ ဖြစ်သင့်သည်အားလျော်စွာ ညွှန်ပြရာ၏။ ။ဟူလို။

ဤကား ပိဏ္ဍတ္ထ။

---

## အဝယာဝတ္ထု အဓိပ္ပါယ်

အထက်က ပြဆိုခဲ့ပြီးသော တိဟိတ်ဥက္ကဋ္ဌ ကုသိုလ်တည် မဟာဝိပါက် ၈-ပါး,အဟိတ် ကုသလဝိပါက် ၈-ပါးအားဖြင့် ၁၆-ပါးသော အကျိုးကို ပေးနိုင်၏-စသည်ဖြင့် မိန့်ဆိုတော်မူသော ဝါဒသည် အရှင်တိပိဋကစူဠနာဂ မထေရ်၏ ဝါဒဖြစ်၏။ ၎င်းပြဆိုခဲ့ပြီးသော အရှင်တိပိဋကစူဠနာဂ မထေရ်၏ ဝါဒကို မောရဝါပီ အရပ်၌ သီတင်းသုံးတော်မူသော မဟာဒတ္တမထေရ်

သည် မနှစ်သက်ချေ၊ အကြောင်းသော်ကား ယင်း တိပိဋက စူဠနာဂ မထေရ်၏ အသင်္ခါရိက မဟာကုသိုလ်ကံသည် အသင်္ခါရိက, သသင်္ခါရိက ဝိပါက် ၂-ပါးကို ပေးနိုင်၏ဟူသော ဝါဒသည် အကြောင်းတရား နှင့် အကျိုးတရား ဆန့်ကျင်သော အပြစ်ရောက်၏။ စင်စစ် ဆိုသော်— အသင်္ခါရိက ကုသိုလ်ကံသည် အသင်္ခါရိကဝိပါက်ကိုသာ ဖြစ်စေသင့်၏။ အသင်္ခါရိက ဝိပါက်ကို မဖြစ်စေသင့်၊ သသင်္ခါရိက ကုသိုလ်ကံသည်လည်း အသင်္ခါရိက ဝိပါက်ကိုသာ ဖြစ်စေသင့်၏။အသင်္ခါရိကဝိပါက်ကို မဖြစ် စေသင့်။ ဤသို့ အကြောင်းတရားဖြစ်သော ကံနှင့် တူစွာသာ အကျိုးတရား ဝိပါက် ဖြစ်သင့်၏။

ဥပမာဆိုသော် မှန်ပြင်၌ မျက်နှာရိပ်သည် အကြောင်းဖြစ်သော မျက်နှာ နှင့် အချမ်းခပ်သိမ်း တူရမြဲဖြစ်၏၊ မျက်နှာလှုပ်လျှင် မှန်ပြင်၌ရှိသော မျက်နှာ ရိပ်သည်လည်း လှုပ်ရ၏၊မျက်နှာငြိမ်လျှင် မှန်ပြင်၌ရှိသော မျက်နှာရိပ်သည် လည်း ငြိမ်ရ၏သို့ ထိုအတူ ကံနှင့်တူစွာသာ ဝိပါက် ဖြစ်သင့်၏။ကံနှင့် ပကတိမျက်နှာနှင့် တူ၏။ဝိပါက်သည် မှန်ပြင်၌ရှိသော မျက်နှာရိပ်နှင့်တူ၏။ ဤကား မောရဝါပီ အရပ်၌ သီတင်းသုံးတော်မူသော အရှင်မဟာ ဒတ္တ မထေရ်၏ ဝါဒပေတည်း။ ။ငင်းဝါဒကို အရှင်အနုရုဒ္ဓါ ဆရာနှင့်တကွ အဋ္ဌကထာဆရာများက မနှစ်သက်၍"ကေစနာ"ဟု ကေစိ ထိုးတော်မူ၏။

မဟာဝိပါက်အရာ၌ အသင်္ခါရ,သသင်္ခါရ ဖြစ်မှုသည် ရှေးဘဝကုသိုလ် အားဖြင့်၎င်း၊ ယခုပစ္စက္ခ ပစ္စည်းအထူးအားဖြင့်၎င်း ဖြစ်၏။ ။ယင်းစကား ထင်ရှားစေအံ့····အသင်္ခါရိက ကုသိုလ်သည် အသင်္ခါရိက ဝိပါက်ကိုသာ ဖြစ်စေ၏။ သသင်္ခါရိက ကုသိုလ်သည် သသင်္ခါရိက ဝိပါက်ကိုသာ ဖြစ် စေ၏။ ဤကားပယောဂမစွက် သက်သက်သော ကုသိုလ်ကြောင့် ဖြစ်ပုံ တည်း။

သေခါနီးဆဲဆဲ၌ ကံ, ကမ္မနိမိတ်စသည် ထင်လာသည် ရှိသော် မိဘ, သားသမီး,ဆွေမျိုးစသည်တို့က သားသမီးအရေး,ဥစ္စာအရေး စသည်ကြောင့် ဘာမှမစိုးရိမ်နှင့်၊ငါတို့ရှိပြီ၊ဖြောင့်ဖြောင့်သာ သွားလေတော့-ဟု ဆို၍ စုတိ စိတ်ကျ၍ ပဋိသန္ဓေနေသော သတ္တဝါအား သူတပါး၏ တိုက်တွန်းခြင်း ပယောဂနှင့်တကွ ဖြစ်သောကြောင့် သသင်္ခါရိက ပဋိသန္ဓေဝိပါက်ဖြစ်၏။ ထိုသို့ တိုက်တွန်းသူ မရှိဘဲ မိမိအလိုလို စုတိစိတ်ကျ၍ ပဋိသန္ဓေ တည်

နေသောသူများအား အသဉ်္ဂိရိက ပဋိသန္ဓေဝိပါက်ဖြစ်၏။ ။ဤကားသူတပါးပယောဂအားလျော်စွာ အသင်္ခါရိက, သသင်္ခါရိက ဖြစ်ပုံတည်း။ ဤသို့လျှင် ဝိပါက်အရာ၌ အသင်္ခါရ, သသင်္ခါရ ဖြစ်မှုသည် ရှေးဘဝကံအားလျော်စွာရင်း, ပစ္စည်းအထူးအားလျော်စွာရင်း၊ဤနှစ်ပါးတို့ဖြင့်သာ ဖြစ်ရ၏။ ကံတပါးသက်သက်သာ ဖြစ်ရသည်မဟုတ်။ ''သို့ဖြစ်၍ ကံတပါးတည်းအတွက်ကြောင့် ဖြစ်၏''ဟု ဆိုသော မောရဝါဒိ အရပ်၌ နေလေ့ရှိသောအရှင်မဟာဒတ္တမထေရ်၏ ဝါဒသည် မနှံ့စပ်သော ဝါဒဖြစ်သောကြောင့် ကေစိဝါဒဟု မိန့်ဆိုတော်မူကုန်၏။

အသင်္ခါရ သသင်္ခါရဝိဓာနဉ္စေတ္ထ ကုသလတောစေဝ ပစ္စယဘေဒတော စ ဝေဒိတဗ္ဗံ။ အသင်္ခါရိကဿ ဟိ။ပ။ဗလဝပစ္စယေဟိ စ ဥပ္ပန္နံ အသင်္ခါရိကံ။ဣတရေဟိ စ ဣတရံ။

အဋ္ဌသာလိနီ-အဋ္ဌကထာ။

အသင်္ခါရိကာဒိသု ဟိ ယေန ကေနစိ စိတ္တေန ကမ္မေ အာယူဟိတေ။ပ။သသင်္ခါရေန သပ္ပယောဂေန ကမ္မာဒိပစ္စုပ္ပန္နာနေ သသင်္ခါရိကာ။ ။မူလဋီကာ။

ပယောဂေနာတိ အတ္တနာ ပရေဟိ ဝါ ကတေန ဥဿာဟန ပယောဂေန။ ။အနုဋီကာ။

ဤကား ပဋိသန္ဓေဝိပါက်၏ အသင်္ခါရ,သသင်္ခါရ ဖြစ်ပုံတည်း။ ဘဝင်ဝိပါက်,စုတိဝိပါက်၌ အသင်္ခါရ,သသင်္ခါရ ဖြစ်မှုလည်း ပဋိသန္ဓေ အတိုင်းပင်မှတ်၊ တဒါရုံ ဝိပါက်၏ အသင်္ခါရ,သသင်္ခါရ ဖြစ်မှုကား ကုသိုလ်, အကုသိုလ် ကံတို့ကဲ့သို့မှတ်။ ။(အောက်စိတ်ပိုင်းက ဘွင့်ဆိုခဲ့ပြီ)။

ဘဝင်္ဂစုတိယော ပန ပဋိသန္ဓိသဒိသာဝ။တဒါရမ္မဏာဥ္စ ကုသလာကုသလာနိ ဝိယ အသင်္ခါရိကံ သသင်္ခါရိကဥ္စ ဒဋ္ဌဗ္ဗန္တိ။

မူလဋီကာ။

## ဧကစန သဒ္ဒါနှင့် ကေစိ ဆရာအရ အဓိပ္ပါယ်

''ကေစနာ''ဟူသော ပုဒ်ကို''ကေနစ'' ဟူ၍ရင်း၊''ဧကစန''ဟူ၍ရင်း၊ ''ကေစနာ''ဟူ၍ရင်း သုံးမျိုးသုံးစား ရေးသားပြောဆိုကြသည်ကို တွေ့ရ၏။

ကေစနာတိ ဟိ ကေစီတိ နိပါတပဒေန သမာနတ္ထော နိပါတော။ ဂရုကာဝသေန စ ဗဟုဝစနံ ကတံ။

ဤမဏိသာရမဥ္ဇူသာ ဋီကာအလို ကေစိပုဒ်နှင့် အနက်တူသော ကေစန ပုဒ်-ပဌမာဗဟုဝုစ် အဆုံးရှိသော ကေစနာ-ပုဒ်ဟုမှတ်။ ။ဤအလိုအရ ဝဒန္တိ-ကြိယာနှင့် ယှဉ်၍ အနက်ပေးကြကုန်၏။ ။သို့သော် နောက်က ဝုတ္တံ-ကြိယာကို ထည့်၍ ယောဇနာပါမူ ကေနစ,ကေစန-ပုဒ်တို့လည်း တတိယန္တကတ္တားကြီး၍ အသင့်ပင် မှတ်သင့်သည်။''သဒ္ဒါဟူက ယေဘုယျမုချ မဟူရာ၊နိစ္စမယူရာ''ဟူလို။

ဤကေစိဆရာ၏ အမည် တပ်မှည့်ရာ၌ ဋီကာကျော် ဆရာကား မောရဝါပီဝါသီ မဟာဓမ္မရက္ခိတ -မထေရ်ဟူ၍ မိန့်ဆိုတော်မူ၏။ အဋ္ဌသာလိနီ အဋ္ဌကထာ၌ကား မောရဝါပီဝါသီ မဟာဒတ္တမထေရ်ဟူ၍ မိန့်ဆိုတော်မူ၏။ ၎င်းဋီကာကျော် ဆရာမိန့်ဆိုဘွင့်လှစ်သော မဟာဓမ္မရက္ခိတမထေရ်ကား ကေစိဆရာပင် ဖြစ်သော်လည်း တိဟိတ် ကုသိုလ်ကံသည် ဒွိဟိတ် အကျိုးကို မပေးနိုင် ဟု အယူရှိတော်မူ၏။ သို့ဖြစ်၍ အသင်္ခါရိကကုသိုလ် သည် သသင်္ခါရိကဝိပါက်ကို မပေးနိုင်-ဟု အယူရှိသော မောရဝါပီအရပ်၌ နေသော အရှင်မဟာဒတ္တ မထေရ်မည်သော ကေစိဆရာ။ ။တိဟိတ် ကုသိုလ် ကံသည် ဒွိဟိတ် ဝိပါက်ကို မပေးနိုင်ဟု ယူသော တိပိဋကမဟာဓမ္မရက္ခိတ မထေရ်မည်သော ကေစိဆရာဟူ၍ ကေစိဆရာ ၂-ဦးရှိ၏ ဟုမှတ်။

မောရဝါပီဝါသီမဟာဒတ္တတ္ထေရောပနာဟ ။ပ။ တိပိဋကမဟာရက္ခိတတ္ထေရော အာဟ ကောဃ ကုသလစေတနာယ ဒသဝိပါက စိတ္တာနိ ဥပ္ပဇ္ဇန္တိ။ထ္တေဝ အဟေတုကဋ္ဌကန္တိ။

အဋ္ဌသာလိနီ အဋ္ဌကထာ။

၎င်းကေစိဆရာ မောရဝါပီဝါသီ မဟာဒတ္တမထေရ် ဝါဒအရဆိုလျှင်-

၁။ ။တိဟိတ်ဥက္ကဋ္ဌ အသင်္ခါရိကကုသိုလ်ကံ ၂-ပါးသည် တိဟိတ် ဥက္ကဋ္ဌမဟာဝိပါက်,အသင်္ခါရိက ပဋိသန္ဓေဝိပါက် ကိုပေးပြီး၍ ပဝတ္တိအခါ မဟာဝိပါက် ဉာဏသမ္ပယုတ် ၄-ပါး, အဟိတ် ကုသလဝိပါက် ၈-ပါး အားဖြင့် ၁၂-ပါးသော အကျိုးကို ပေး၏။

၂။ ။တိဟိတ်ဩမက ဉာဏသမ္ပယုတ်,အသင်္ခါရိက ကုသိုလ် ၂-ပါး သည့်ငှင်း၊ ဒွိဟိတ်ဥက္ကဋ္ဌဉာဏဝိပ္ပယုတ်,အသင်္ခါရိကကုသိုလ် ၂-ပါးသည် ငှင်း၊ဒွိဟိတ်ဥက္ကဋ္ဌဉာဏဝိပ္ပယုတ်,အသင်္ခါရိတ ပဋိသန္ဓေဝိပါက်ကို ပေးပြီး၍ ပဝတ္တိအခါ မဟာဝိပါက်, ဉာဏဝိပ္ပယုတ်, အသင်္ခါရိက ၂-ပါး၊အဟိတ် ကုသလဝိပါက် ၈-ပါးအားဖြင့် ၁၀-ပါးသော အကျိုးကို ပေး၏။

၃။ ။ဒွိဟိတ် ဩမကဉာဏဝိပ္ပယုတ် အသင်္ခါရိက ကုသိုလ် ၂-ပါး သည် ကုသလဝိပါက် ဥပေက္ခာသန္တီရဏ အဟိတ်ပဋိသန္ဓေကို ပေးပြီး၍ ပဝတ္တိအခါ အဟိတ်ကုသလဝိပါက် ၈-ပါးကို ပေး၏။ဤကား အသင်္ခါ ရိက၌ သရုပ်တည်း။ ဤနည်းအတိုင်း သသင်္ခါရိက၌လည်း အသင်္ခါရိက နေရာ၌ သသင်္ခါရိကကို ထည့်၍ နည်းတူသိလေ။

## ရူပါဝစရကုသိုလ်ကံ အကျိုးပေး အခွင့်

၇၁။ ။ရူပါဝစရကုသလံ ပန ပဌမဇ္ဈာနံ ပရိတ္တံ ဘာဝေတွာ ဗြဟ္မ ပါရိသဇ္ဇေသု ဥပ္ပဇ္ဇတိ။

၇၆။ ။တဒေဝ မဇ္ဈိမံ ဘာဝေတွာ ဗြဟ္မပုရောဟိတေသု။

၇၇။ ။ပဏီတံ ဘာဝေတွာ မဟာဗြဟ္မေသု။

သင်္ဂြိုဟ်ပါဌ်။

ရူပါဝစရ ကုသိုလ် ပဌမဈာန်ကို အာနုဘော်နည်းအောင် ပွါးများပါမူ ဗြဟ္မပါရိသဇ္ဇ ဘုံ၌ ဖြစ်၏။ ။ထိုပဌမဈာန် ကိုပင် အလယ် အလတ် ဖြစ်အောင် ပွါးများပါမူ ဗြဟ္မပုရောဟိတ်တဘုံ၌ ဖြစ်၏။ ။ထိုပဌမဈာန်ကိုပင် မွန်မြတ်အောင် ပွါးများပါမူ မဟာဗြဟ္မာဘုံ၌ ဖြစ်၏။ ။ဟူလို။

ဤကား ဝိဂ္ဂဟတ္ထ။

## ပရိတ္တ မဇ္ဈိမ ပဏီတ အဓိပ္ပါယ်

၁။ ။အကြင် ပဌမဈာန်သည် ပွါးများအားထုတ်စဉ် အခိုက်၌ ယှဉ် ညှိသော ဆန္ဒ,စိတ္တ,ဝီရိယ,ဝီမံသ-တို့နှင့် ယှဉ်သည်ဖြစ်၏။ထိုပဌမဈာန်သည် ဟီနဈာန်,ပရိတ္တဈာန် မည်၏။

၂။ ။အကြင် ပဋ္ဌမစျာန်သည် ပွါးများအား ထုတ်စဉ် အခိုက်၌ အလယ်အလတ် ဖြစ်သော ဆန္ဒ,စိတ္တ,ဝီရိယ, ဝီမံသ-တို့နှင့် ယှဉ်၍ ဖြစ်၏၊ ထိုပဋ္ဌမစျာန်သည် မဇ္ဈိမစျာန် မည်၏။

၃။ ။အကြင် ပဋ္ဌမစျာန်သည် ပွါးများအားထုတ်စဉ် အခိုက်၌ ထက်သန် မွန်မြတ်သော ဆန္ဒ,စိတ္တ,ဝီရိယ,ဝီမံသ-တို့နှင့် ယှဉ်၍ ဖြစ်၏။ထိုပဋ္ဌမစျာန်သည် ပဏီတစျာန် မည်၏။

၁။ ။ရကာမျှဖြစ်၍ အလေ့အကျင့် နည်းပါး၍ မပွါးများအပ်သော ပဋ္ဌမစျာန်သည် ဟီနပရိတ္တစျာန် မည်၏။

၂။ ။အတော်အတန် အလယ်အလတ် လေ့လာပွါးများအပ်သော ပဋ္ဌမစျာန်သည် မဇ္ဈိမစျာန် မည်၏။

၃။ ။အတန်တန် အထပ်ထပ် လွန်စွာပွါးများ လေ့ကျက် အပ်သော စျာန်သည် ပဏီတစျာန် မည်၏။

ဤသို့ဆိုလျှင် ပဋ္ဌမစျာန် တပါးတည်းစဉ်လျက် ပွါးများအားထုတ်မှု ကွာခြားသောကြောင့် အကျိုးပေးရာ ဘုံဌာန်လည်း ကွာခြားလေသတည်း။ ဒုတိယစျာန် စသည်တို့၌ ဟီန,မဇ္ဈိမ,ပဏီတစသော အဓိပ္ပါယ်ကို ဤအတိုင်း မှတ်လေ။ဟီနဖြစ်သော ပဋ္ဌမစျာန် ကုသိုလ်သည် ဗြဟ္မပါရိသဇ္ဇဘုံ၌ အကျိုးပေး၏။ မဇ္ဈိမဖြစ်သော ပဋ္ဌမစျာန် ကုသိုလ်သည် ဗြဟ္မပုရောဟိတ ဘုံ၌ အကျိုးပေး၏။ ။ပဏီတဖြစ်သော ပဋ္ဌမစျာန် ကုသိုလ်သည် မဟာဗြဟ္မာ ဘုံ၌ အကျိုးပေး၏။

> ယဿ ဟိ အာယူဟနက္ခဏေ ဆန္ဒော ဝါ ဟီနော ဟောတိ။ ဝီရိယံ ဝါ စိတ္တံ ဝါ ဝီမံသံ ဝါ၊တံ ဟီနံ နာမ။ယဿ တေ ဓမ္မာ မဇ္ဈိမာ စေဝ ပဏီတာ စ၊တံ မဇ္ဈိမဉ္စေဝ ပဏီတဉ္စ။
>
> အဋ္ဌသာလိနီ အဋ္ဌကထာ။

---

## ဒုတိယ တတိယစျာန် ကုသိုလ် အကျိုးပေးပုံ

၄၈။ ။တထော ဒုတိယဈာနံ တတိယဈာနဉ္စ ပရိတ္တံ ဘာဝေတွာ ပရိတ္တာဘေသု။

၄၉။ ။မဇ္ဈိမံ ဘာဝေတွာ အပ္ပမာဏာဘေသု။

၅၀။ ။ပဏီတံ ဘာဝေတွာ အာဘဿရေသု။

သင်္ဂြိုဟ်ပါဠိ။

ထိုမှတပါး ဒုတိယဈာန်နှင့် တတိယဈာန်တို့ကို နည်းသော အာနုဘော် ဖြစ်အောင် ပွါးမူ ပရိတ္တာဘာဘုံ၌ ဖြစ်ရ၏။ ။ထိုဒုတိယဈာန်နှင့် တတိယ ဈာန်တို့ကိုပင် အလယ်အလတ်ဖြစ်သော အာနုဘော်ဖြစ်အောင် ပွါးများ ပါမူ အပ္ပမာဏာဘာဘုံ၌ ဖြစ်၏။ ။ထိုဒုတိယဈာန်နှင့် တတိယဈာန်တို့ ကိုပင် မွန်မြတ်အောင် ပွါးများပါမူ အာဘဿရဘုံ၌ ဖြစ်၏။ ။ဟူလို။

ဤကား ပိဏ္ဍတ္ထ။

---

**မှတ်ချက်၊** ။ဤ၌ ပဉ္စကနည်းအားဖြင့် ဈာန်စိတ်ကား ငါးပါးရှိ၏။ သို့သော် ဖြစ်ရာဘုံဌာနမူကား လေးမျိုးသာရှိ၏၊သို့ဖြစ်၍ ပဉ္စကနည်း အားဖြင့် ဝေဏေယျတို့ သိစိမ့်သောငှါ ပြဆိုအပ်သောကြောင့် ဒုတိယဈာန် ကုသိုလ်စိတ်နှင့် တတိယဈာန် ကုသိုလ်စိတ် ၂-ပါးကို တပေါင်းတည်းပြု၍ အကျိုးပေးဟန်ပြခြင်းငှါ ဒုတိယဈာနံ, တတိယ ဈာနဉ္စ"ဟု ဆိုအပ်ပါသတည်း။

---

## စတုတ္ထဈာန် အကျိုးပေးပုံ

**၈၁။ ။စတုတ္ထဇ္ဈာနံ ပရိတ္တံ ဘာဝေတွာ ပရိတ္တသုဘေသု။**

**၈၂။ ။မဇ္ဈိမံ ဘာဝေတွာ အပ္ပမာဏသုဘေသု၊**

**၈၃။ ။ပဏီတံ ဘာဝေတွာ သုဘကိဏှေသု၊**

သဂြိုဟ်ပါဌ်။

စတုတ္ထဈာန်ကို အာနုဘော်နည်းအောင် ပွါးများပါမူ၊ပရိတ္တသုဘာဘုံ၌ ဖြစ်ရ၏။ ။ထိုစတုတ္ထဈာန်ကိုပင် အလတ်ဖြစ်သော အာနုဘော်ရှိအောင် ပွါးများပါမူ အပ္ပမာဏသုဘာ ဘုံ၌ ဖြစ်ရ၏။ ။ထိုစတုတ္ထဈာန်ကိုပင် မွန်မြတ်အောင် ပွါးများပါမူ သုဘာကိဏှာဘုံ၌ ဖြစ်ရ၏။ ။ဟူလို။

ဤကား ပိဏ္ဍတ္ထ။

## ပဋ္ဌမဈာန် အကျိုးပေးပုံ

၁၄။ ။ပဌမဇ္ဈာနံ ဘာဝေတွာ ဝေဟာပ္ဖလေသု။ ။သဂြိုဟ်ပါဠိ။ အဘိညာဉ် ကိစ္စမတင်သော သာမညဖြစ်သော ပဋ္ဌမဈာန်ကို ပွါးများသောကြောင့် ဝေဟပ္ဖိုလ်ဘုံ၌ ဖြစ်ရ၏။ ။ဟူလို။

ဤကား ပိဏ္ဍတ္ထ။

---

## အဘိညာဉ် အကျိုးပေး,မပေး အဓိပ္ပါယ်

ဤ၌ အဘိညာဉ် ကိစ္စမတင်သော ပဋ္ဌမဈာန်သည်သာ ဝေဟပ္ဖိုလ် ဘုံ၌ အကျိုးပေးနိုင်၏၊ အဘိညာဉ် ကိစ္စတင်ပါမူ အဘယ့်ကြောင့် မပေးနိုင်ပါ သနည်းဟူမူ။ ။အဘိညာဉ် စေတနာဟူသည် စတုတ္ထဈာန် သမာဓိ၏ အကျိုးဖြစ်၏။ ထို့ကြောင့် ထိုအဘိညာဉ်မှ တဆင့် ထပ်မံမူ၍ အကျိုး ပေးဘွယ်မရှိ၍ အဘိညာဉ် ကိစ္စတင်သော ပဋ္ဌမဈာန်သည် အကျိုးမပေး ဟု မိန့်တော်မူသည်။

တနည်း။ ။အဘိညာဉ် စေတနာသည် ထိုထိုသော တန်ခိုးအမျိုးမျိုး ဘန်ဆင်းခြင်းစသော အလိုရှိအပ်သော ဒိဋ္ဌဓမ္မအကျိုးကို ပေး၏။ အခြား သော စေတနာများကဲ့သို့ ဘဝတပါးကျမှ အကျိုးကိုပေးသော စေတနာမျိုး မဟုတ်။ သို့ဖြစ်၍ မိမိ၏ အကျိုးပေးသော ကိစ္စပြီးမြောက်ပြီဖြစ်၍ အသစ် တဘန် ထပ်မံ၍ အကျိုးပေးဘွယ်မရှိ၍ အကျိုးမပေး ဟု မှတ်။

> စတုတ္ထဇ္ဈာနသမာဓိဿ အာနိသံသဘူတာ အဘိညာ။ ယထာဟ- သော ဧဝံ သမာဟိတေ စိတ္တေတိအာဒိ။ တသ္မာ သမာဓိဿ ဖလသဒိသာ။ ။မူလဋီကာ။

> တဿ တဿ အဓိဋ္ဌာနဝိကုဗ္ဗနဒိဗ္ဗသဒ္ဒသဝနာဒိကဿ ယဒိဒ္ဓိ တဿ ကိစ္စဿ နိပ္ဖါဒနမတ္တံ ပန အဘိညာစေတနာ။န ကာလန္တရ ဖလာ။ ။အနုဋီကာ။

အချို့သော ဆရာများကား သဘောတူသော ဇောမှ အာသေဝနပစ္စည်း ကို မရ၊ ထိုထိုအာရုံ၌ အာဂန္တုကမျှဖြစ်၍ အားအလွန်နည်းသောကြောင့် အဘိညာဉ်သည် အကျိုးဝိပါက်ကို မဖြစ်စေနိုင် ဟု မိန့်တော်မူ၏။ ။ ၎င်းကေစိဆရာ၏ စကားကို အနုဋီကာဆရာ ပယ်တော်မူ၏။ အကြောင်း

သော်ကား အဘိညာဉ်၏လည်း ပရိကံ၏ အစွမ်းဖြင့် အဘန်ဘန်အထပ်ထပ် ဝသီဘော်ကို လေ့လာအပ်သောကြောင့်တည်း။

အဘိညာ ပန သတိပိ ဈာနဘာဝေ တဒဘာဝတော တဿံ တဿံ အာရမ္မဏေ အာဂန္တုကာဝါတိ ဒုဗ္ဗလာ၊တဿာ ဝိပါကံ န ဒေန္တီတိ ဝဒန္တိ။တံ အကာရဏံ၊ ပုနပ္ပုနံ ပရိကမ္မဝသေန အဘိညာယပိ ဝသီဘာဝသဗ္ဘာဝတော။ ။အနုဋီကာ။

---

ဂ၆။ ။တာဒေဝ သညာဝိရာဂံ ဘာဝေတွာ အသညသတ္တေသု။ သမုပ္ပဇ္ဇန္တိ။

ထို ပဉ္စမဈာန်ကို ပင်လျှင် သညာကင်းအောင် ပွါးများခြင်းကြောင့် အသညသတ်ဘုံ၌ ဖြစ်လေ၏။ ။ဟူလို။

ဤကား ဝိဂ္ဂဟတ္ထ။

---

## အသညသတ် ဗြဟ္မာဖြစ်ပုံ အဓိပ္ပါယ်

သာသနာတော်မှ အပအခါ ကာလဝယ် အချို့သော ကံ,ကံ၏ အကျိုးကို ယုံကြည်သော တိတ္ထိတို့သည် ရဟန်းပြုလုပ်၍ စိတ်ရှိသည့် အတွက် တပ်မက်ခြင်း,ပြစ်မှားခြင်း,တွေဝေခြင်း,ကြင်နာခြင်း- စသော ဒုက္ခအမျိုးမျိုး တို့နှင့် တွေ့ကြုံကြရ၏၊ စိတ်မရှိပါမူ ထိုဆိုအပ်ပြီးသော ဒုက္ခတို့နှင့် မတွေ့ကြုံ ရပါဘဲ မျက်မှောက်သော ကိုယ်အဖြစ်၌ပင် နိဗ္ဗာန်ရောက်ရလေ၏ ဟု နှလုံး သွင်း၍'သညာရောဂေါ'သညာသည်ပင်လျှင် ရောဂါမည်၏။'သညာဂဏ္ဍော' သညာသည်ပင်လျှင် အိုင်းအမာနှင့် တူ၏ဟူ၍၎င်း,''ဓိစိတ္တံ''စိတ်ဖြစ်ရခြင်း သည် စက်ဆုပ်ဘွယ် ဟူ၍၎င်း ဤသို့စသော နည်းဖြင့် နာမ်တရားကိုပင် တပ်ခြင်းကင်းမှု အပြစ်ရှု၍ ဝါယောကသိုဏ်းကို စီးဖြန်းလျက်,အချို့သော ဆရာအလို နံရံပေါက်စသော ပိုင်းခြားအပ်သော အာကာသ ကသိုဏ်းကို စီးဖြန်းလျက် ထိုပဉ္စမဈာန်ကို ပွါးများ၍ အသညသတ်ဘုံ၌ ဖြစ်လေကုန်၏။

လူ့ပြည်၌ သွားခြင်းမှတပါး ရပ်ခြင်း,ထိုင်ခြင်း,အိပ်ခြင်း, ဣရိယာပုထ် သုံးပါးတို့တွင် ဖြစ်ပုံကား အကြင်ဣရိယာပုထ်ဖြင့် ကမ္မဋ္ဌာန်းစီးဖြန်းပွါးများ

လျက် သေဆုံး၏၊ ထိုဉာရိယာပုထ်ဖြင့်သာ အသညသတ်ဘုံ၌ ဖြစ်ရလေ၏။ ၎င်းဘုံ၌ ပဋိသန္ဓေအခိုက်၌လည်း ဇီဝိတနဝက ကလာပ်ပင်ဖြစ်၏။ ပဝတ္တိအခါ၌လည်း ထိုဇီဝိတနဝက ကလာပ်သည်ပင် အသညသတ် ပုဂ္ဂိုလ်၏ ဘဝင် ဖြစ်ရလေ၏။ ။ထိုဇီဝိတနဝက ကလာပ်ရုပ်တုံး ခန္ဓာကြီးဖြစ်၏ ဟု ဆိုသော်လည်း ရုပ်ဘွယ်မကောင်း အမှတ်မဲ့ ဖြစ်သည် မဟုတ်ပေ။ ပန်းချီဆေးရေးရုပ်တို့၌ အဝတ်တန်းဆာ ပြုလုပ်ရေးခြယ်ဘိသကဲ့သို့ လှပတင့်တယ် ရှုစဘွယ်သာ ဖြစ်၏ ဟု မှတ်။

> အသညသတ္တာနန္တိ သညာဝိရဟိတာနံ သတ္တာနံ။ ကေစ္စေ ဟိ တိတ္ထာယတနေ ပဗ္ဗဇိတွာ စိတ္တံ နိဿာယ ရဇ္ဇနဒုဿနမုယှနာနိ နာမ ဟောန္တိတိ စိတ္တေ ဒေါသံ။ပ။စိတ္တကမ္မရူပကသဒိသာ ဟုတွာ ပဥ္စကပ္ပသတာနိ တိဋ္ဌန္တိ။

ဓမ္မဟဒယဝိဘင်း အဋ္ဌကထာ၊

---

ဂ၆။ ၊အနာဂါမိနော ပန သုဒ္ဓါဝါသေသု ဥပ္ပဇ္ဇန္တိ။

သဂြိုဟ်ပါဠိ။

ပဥ္စမဈာန်ကို ရကုန်သော အနာဂါမ် ပုဂ္ဂိုလ်တို့သည်ကား သုဒ္ဓါဝါသ ဘုံတို့၌ ဖြစ်ကုန်၏။ ။ဟူလို။

ဤကား ဝိဂ္ဂဟတ္ထ။

---

## သုဒ္ဓါဝါသငါးဘုံ၌ ဖြစ်ပုံ အစီအစဉ်

သုဒ္ဓါဝါသဘုံသည် ငါးဘုံရှိ၏၊အနာဂါမ်ပုဂ္ဂိုလ်သည် အဘယ်သို့လျှင် သုဒ္ဓါဝါသငါးဘုံ၌ ဖြစ်ပါသနည်းဟူမူ။ ။ပဥ္စမဈာန်ရသောအနာဂါမ်သည် သဒ္ဓါလွန်ကဲပါမူ အဝိဟာဘုံ၌ ဖြစ်၏၊ ဝီရိယလွန်ကဲပါမူ အတပ္ပါဘုံ၌ ဖြစ်၏၊ သတိလွန်ကဲပါမူ သုဒဿာဘုံ၌ဖြစ်၏၊ သမာဓိလွန်ကဲပါမူ သုဒဿီဘုံ၌ ဖြစ်၏၊ပညာလွန်ကဲပါမူ အကနိဋ္ဌဘုံ၌ ဖြစ်၏ဟူလို။ ။၎င်းသဒ္ဓါစသော တရားများမလွန်ပါမူ။ ဝါ၊မလွန်သော ပဥ္စမဈာန်ရသော အနာဂါမ်သည် အဘယ်ဘုံ၌ ဖြစ်ပါသနည်းဟူမူ ဝေဟပ္ဖိုလ်ဘုံ၌ ဖြစ်၏-ဟုသိ။

---

၈၃။ ။အရူပါဝစရကုသလဉ္စ ယထာနုက္ကမံ ဘာဝေတွာ အနုပ္ပဒေသု
ဥပ္ပဇ္ဇန္တိ။

သင်္ဂြိုဟ်ပါဌ်။

အရူပါဝစရ ကုသိုလ် ကိုလည်း အစဉ် အတိုင်း ပွါးများ၍ အာရုပ္ပ ၄-ဘုံတို့၌ အစဉ်အတိုင်း ဖြစ်ကုန်၏။ ။ဆိုလိုရင်းကား····အာကာသာနဉ္စာယတန ကုသိုလ်သည် အာကာသာနဉ္စာယတနဘုံ၌ အကျိုးဝိပါက်ကို ဖြစ်စေ၏။ ။ဝိညာဏဉ္စာယတန ကုသိုလ်သည် ဝိညာဏဉ္စာယတနဘုံ၌ အကျိုးဝိပါက်ကို ဖြစ်စေ၏။ ။အာကိဉ္စညာယတန ကုသိုလ်သည် အာကိဉ္စညာယတနဘုံ၌ အကျိုးဝိပါက်ကို ဖြစ်စေ၏။ ။နေဝသညာ နာသညာယတန ကုသိုလ်သည် နေဝသညာ နာသညာယတနဘုံ၌ အကျိုးဝိပါက်ကို ဖြစ်စေ၏၊ ဤသို့ ကုသိုလ် အစဉ်အားလျော်စွာ ဘုံစဉ်အားဖြင့် အကျိုးပေး၏။ ။ဟူလို။

ဤကား ဝိပါကပ္ပဝတ္တိ။

---

## အလိုရှိရာဘုံ၌ ဖြစ်ပွားတို့ဖြစ်ပုံ အမိပ္ပါယ်

ဤဆိုအပ်ခဲ့ပြီးသော "ပဌမဇ္ဈာနံ ပရိတ္တံ ဘာဝေတွာ"စသော အလုံးစုံသော စကားရပ်များသည် ပဌမဈာန်စသည်တို့၏ မိမိကုသိုလ်အားလျော်စွာ အကျိုးပေးရာဘုံကို ပိုင်းခြားမှတ်သား လွယ်စေခြင်း အကျိုးငှါ ဆိုအပ်သော စကားဖြစ်၏။ စင်စစ်သော်ကား၊ သမာပတ်ကို ရကုန်သော ပုထုဇဉ်, သောတာပန်,သကဒါဂါမ်ပုဂ္ဂိုလ်တို့သည် မိမိရအပ်သော သမာပတ်တို့၏ အကျိုးပေးနိုင်သော ဘုံတို့တွင် အကြင်ဘုံ၌ ဖြစ်ခြင်းငှါ အလိုရှိ၏။ ထိုဘုံ၌ ဖြစ်နိုင်ကုန်၏။ ။ထိုပုဂ္ဂိုလ်တို့တွင် ပုထုဇဉ်တို့ကား ကာမဘုံ၌ ဖြစ်လိုသော စွဲလမ်းခြင်း အာသာရှိပါမူ သမာပတ်ကို ရပြီးဖြစ်သော်လည်း ကာမဘုံ၌ပင် ဖြစ်နိုင်ကုန်၏။ ။သောတာပန်,သကဒါဂါမ်ပုဂ္ဂိုလ်တို့ကား ဈာန်လျောသော်မှသာ ကာမဘုံ၌ ဖြစ်ကုန်၏။ ဈာန်မလျောကျပါမူ အထက်ဗြဟ္မာဘုံ၌ ဖြစ်ကုန်၏။

အဋ္ဌသမာပတ္တိလာဘီနံ ပန ကိံ နိယာမေတိ။
ပဂုဏဇ္ဈာနံ။ ယဒေဝသ ပဂုဏံ ဟောတိ၊တေန ဥပပဇ္ဇတိ။

ၤာဗ္ဗေသု ပန ပဂုဏေသု ကိံ နိယာမေတိ ပတ္တနာ။
၊ာတ္တ ဥပပတ္တိံ ပတ္ထေတိ။တတ္တေဝ ဥပပဇ္ဇန္တိ။

အဋ္ဌသာလိနီ အဋ္ဌကထာ။

ဗြဟ္မာဘုံ၌ ဖြစ်သော အရိယာပုဂ္ဂိုလ်သည် မိမိဖြစ်ထိုက်သော ဘုံ၌ ၎င်း,အထက်ထက်ဖြစ်သော ဘုံ၌၎င်း ဖြစ်နိုင်၏၊ အောက်အောက်ဘုံ၌ကား မဖြစ်နိုင်ပေ၊ ပုထုဇဉ် ပုဂ္ဂိုလ်သာလျှင် အထက်ဘုံ၌၎င်း, အောက်အောက် ဘုံ၌၎င်း ဖြစ်နိုင်၏၊ အနာဂါမ် ပုဂ္ဂိုလ်သည်ကား ကာမရာဂကို အကြွင်းမဲ့ ပယ်ပြီးဖြစ်သောကြောင့် ကာမဘုံမှတပါး အမှတ်မရှိ အထက် တဘုံဘုံ၌ ဖြစ်နိုင်၏။ထိုအနာဂါမ် ပုဂ္ဂိုလ်သည် သုဒ္ဓါဝါသဘုံမှ တပါးသောဘုံ၌ မဖြစ်ဟု အမှတ်ပြုခြင်း မရှိကုန်။ ထိုသုဒ္ဓါဝါသဘုံ အရူပ ၄-ဘုံ၌ ဖြစ်သမျှသော အရိယာပုဂ္ဂိုလ်တို့သည် မိမိဖြစ်ရာ ဘုံ၌၎င်း, အထက်အထက် ဘုံ၌၎င်း, ဖြစ်နိုင်ကုန်၏။ သို့သော် ဝေဟပ္ဖိုလ်ဘုံ, အကနိဋ္ဌဘုံ, နေဝသညာ နာသညာ ယတနဘုံတို့၌ ဖြစ်ကုန်သော အနာဂါမ် ဗြဟ္မာတို့သည်ကား အခြားဘုံသို့ ပြောင်းရွှေ့ခြင်း မရှိပြီ၊မိမိဖြစ်ရာဘုံ၌သာလျှင် ပရိနိဗ္ဗာန် စံဝင်ကြကုန်၏။

နဝသု ဗြဟ္မလောကေသု နိဗ္ဗတ္တအရိယသာဝကာနံ တတြူပပတ္တိပိ ဟောတိ။ပ။ ဣမေသု တီသု ဌာနေသု နိဗ္ဗတ္တာ အနာဂါမိနော နေဝ ဥဒ္ဓံ ဂစ္ဆတိ၊ န အဓော။ ။ဝိဘင်း အဋ္ဌကထာ။

ဝေဟပ္ဖလေ အကနိဋ္ဌေ၊ဘဝဂ္ဂေ စ ပတိဋ္ဌိတာ။
န ပုနညတ္တ ဇာယန္တိ၊ သဗ္ဗေ အရိယာ ပုဂ္ဂလာ။
ဗြဟ္မလောကဂတာ ဟေဋ္ဌာ၊အရိယာ နောပပဇ္ဇရေ။ ။

နာမရူပ ပရိစ္ဆေဒ။

---

## သမာပတ်ရသော မိန်းမများအကြောင်း

သမာပတ် ရှစ်ပါးကိုရသော အရိယာဖြစ်သော မိန်းမတို့သည်၎င်း, တိဟိတ်ပုထုဇဉ် မိန်းမတို့သည်၎င်း, ယုတ်ညံ့သော အလိုအဇ္ဈာသယရှိကြ ကုန်သောကြောင့် စုတိသည်၏ အခြားမဲ့၌ အကနိဋ္ဌဘုံ၌ ဖြစ်ကုန်သော် လည်း ဗြဟ္မာကြီးတို့၏ အလုပ်အကျွေး ဗြဟ္မာငယ်တို့၌သာ ဖြစ်ကုန်၏။ မဟာဗြဟ္မာကြီး မဖြစ်နိုင်ကြကုန်။

ဗြဟ္မတ္တန္တိ ဟိ မဟာဗြဟ္မတ္တံ အဓိပ္ပေတံ။ ဣတ္ထီ စ ဣဓ ဈာနံ ဘာဝေတွာ ကာလံ ကတွာ ဗြဟ္မပါရိသဇ္ဇာနံ သဟဗျတံ ဥပပဇ္ဇတိ။ န မဟာဗြဟ္မာနံ။

ဉာဏဝိဘင်း အဋ္ဌကထာ။

သို့ဖြစ်၍ ဋီကာကျော်၌ ''ဗြဟ္မပါရိသဇ္ဇေသု ယေဝ'' ဟူသော စကားကို နောက်'ဗြဟ္မပါရိသဇ္ဇာနံ သဟဗျတံ ဥပပဇ္ဇတိ'ဟူသော အဋ္ဌကထာပါဌ်ကို ရှု၍ ဘွင့်ဆိုဟန် ရှိလေသည်။ သို့သော် ''အထခေါ သော ဗြဟ္မာ အညတရံ ဗြဟ္မပါရိသဇ္ဇံအာမန္တေသိ''အစရှိသော ပါဠိတော်။ ။တတ္ထ အနာဂါမိနော သုဒ္ဓါဝါသေသု ဥပပန္နာ''။ ။စသော ဥဒါန်းအဋ္ဌကထာ,ဓမ္မပဒအဋ္ဌကထာ စကားများကို ထောက်၍ မာဂဏ္ဍီမိဖုရားတို့ သေဆုံးကုန်သော သာမာဝတီ အမှူးရှိကုန်သော မိန်းမငါးရာတို့သည် အောက်မဂ်,အောက်ဖိုလ်ကိုတည် သော သူများဖြစ်ရကား ၎င်းတို့တွင် အနာဂါမ်တည်သော မိန်းမတို့သည် သုဒ္ဓါဝါသဘုံ၌ ဖြစ်ကြကုန်၏။ အချို့သော မိန်းမတို့သည် တာဝတိံသာ, ယာမာစသောနတ်ပြည်၌ ဖြစ်ကြကုန်ရကား ဗြဟ္မပါရိဇ္ဇအရကို ဗြဟ္မာဘုံ အသီးသီးတို့၌ အလုပ် အကျွေး ဗြဟ္မာငယ်မျိုးကို ယူသင့်၏။ ။ဆိုလို ရင်းကား····မိန်းမတို့သည် မိမိရရှိသော ဈာန်အားလျော်စွာပဌမဈာန်ဘုံ၌ ဖြစ်နိုင်ကုန်၏၊ ဒုတိယဈာန်ဘုံ၌လည်း ဖြစ်နိုင်ကုန်၏။ပ။ စတုတ္ထဈာန်ဘုံ၌ လည်း ဖြစ်နိုင်ကုန်၏။ သို့သော် ဖြစ်လေရာ ဘုံတို့၌ မဟာဗြဟ္မာ မင်းကြီး မဖြစ်နိုင်ကုန်၊လက်အောက် ဗြဟ္မာငယ်သာ ဖြစ်ကုန်၏။ ။ဟူလို။

## ဗြဟ္မာတို့၏ ပုံသဏ္ဌာန် အကြောင်း

ဗြဟ္မာပြည်၌ ဖြစ်ကြကုန်သော ဗြဟ္မာတို့အား ဘာဝရုပ် ၂-ပါးကို မရကြသောကြောင့် ဣတ္ထိလိင်,ပုလ္လိင် ၂-ပါး မရှိကြကုန်။ ထိုသို့ပင် မရှိငြား သော်လည်း ယောကျ်ားတို့၏ အသွင်သဏ္ဌာန်သာ ရှိကြ၏။ မိန်းမတို့၏ အသွင်သဏ္ဌာန် မရှိကုန် ဟု မှတ်။

သမာနေပိ စေတ္ထ ဉဘယလိင်္ဂါဘာဝေ ပုရိသသဏ္ဌာနာဝ ဗြဟ္မာနော၊နဣတ္ထိသဏ္ဌာနာ။တသ္မာ သုဝုတ္တမေတံ။

ဉာဏဝိဘင်း အဋ္ဌကထာ။ ။(၃၇၀)

ဂဂ။ ။ဇနကဉ္စ မဟဂ္ဂတံ ပုညံ၊ ယထာဘူမိ ဝိပစ္စတိ။
ဇနေတိ သဒိသံ ပါကံ၊ ပဋိသန္ဓိ ပဝတ္တိယံ။

သဂြိုဟ်ပါဌ်။

ကာမာဝစရ ကုသိုလ်ကံသည် အကျိုးဝိပါက်ကို ဖြစ်စေရာ၌ မိမိကုသိုလ်ကံနှင့်တူသော အကျိုးကိုငင်း, မတူသော အကျိုးကိုငင်း ပေး၏။ မဟဂ္ဂုတ်ရူပါဝစရ, အရူပါဝစရ ကုသိုလ်ကံသည်ကား ကာမာဝစရ ကုသိုလ်ကဲ့သို့မဟုတ်၊ ဆင်,မြင်း,တော,တောင်,စသည်တို့၏ အရိပ်သည် ၎င်းပကတိဆင်, မြင်း,တော,တောင်,စသည်နှင့် တူဘိသကဲ့သို့ မှန်၌ထင်သော မျက်နှာရိပ်သည် ပကတိမျက်နှာနှင့် တူသကဲ့သို့ ထိုအတူ ကုသိုလ်ကံနှင့် တူသော အကျိုးကို ဖြစ်စေ၏ ဟု မှတ်။

၎င်းပြင် ကာမာဝစရ ကုသိုလ်ကံသည် အကျိုးပေးသည်လည်း ရှိ၏၊ အကျိုးမပေး အဟောသိကံ ဖြစ်သည်လည်း ရှိ၏။ မဟဂ္ဂုတ်ကုသိုလ်ကံများကား ထိုကဲ့သို့ မဟုတ်၊ ဒုတိယဘဝ၌ မုချအကျိုးပေးမြဲ။ ။ဟူလို။

> ရူပါဝစရာ ရူပါဝစရဝိပါကံ ပန ယထာ ဟတ္ထိ အဿ ပဗ္ဗတာဒီနံ ဆာယာ ဟတ္ထိ အာဒိသဒိသာဝ ဟောတိ၊ တထာ အတ္တနော ကုသလသဒိသမေဝ ဟောတိ။

အဋ္ဌသာလိနီ အဋ္ဌကထာ။

---

ဂ၃။ ။အာယုက္ခယေန, ကမ္မက္ခယေန, ဥဘယက္ခယေန, ဥပစ္ဆေ
ဒကကမ္မုနာ စေတိ စတုဓာ မရဏုပ္ပတ္တိ နာမ၊

သဂြိုဟ်ပါဌ်။

၁။ ။အသက်ကုန်၍ သေခြင်း၊ ၂-ကံကုန်၍ သေခြင်း၊ ၃-အသက်-ကံ ၂-ပါးကုန်၍ သေခြင်း၊ ၄-ကပ်၍ ဖြတ်တတ်သော ကံကြောင့် သေခြင်း၊ ဤသို့လျှင် သေခြင်းတရား ၄-မျိုး, ၄-စား ရှိ၏။ ။ဟူလို။

ဤကား ပိဏ္ဍတ္ထ။

---

## အဝယဝတ္ထု အစိပ္ပါယ်

၁။ ။အာယုနော ခယံ အာယုက္ခယံ။

ဝိဂြိုဟ်အရ....မီးတောက်နှင့် တူသော သတ္တဝါသည် ဆီနှင့်တူသော ကံရှိငြားသော်လည်း မီးစာနှင့်တူသော အသက်ကုန်ခြင်းကြောင့် သေခြင်းသည် အာယုက္ခယ မရဏမည်၏။

၂။ ။ကမ္မဿ ခယံ ကမ္မက္ခယံ။

ဝိဂြိုဟ်အရ....မီးစာနှင့်တူသော အသက် ရှိသေးသော်လည်း ဆီနှင့်တူသော ကံကုန်ခြင်းကြောင့် သေခြင်းသည် ကမ္မက္ခယ မရဏမည်၏။

၃။ ။ဥဘယေသံ ခယံ ဥဘယက္ခယံ။

ဝိဂြိုဟ်အရ....မီးစာနှင့်တူသော အသက်, ဆီနှင့်တူသော ကံနှစ်ပါး ကုန်ခြင်းကြောင့် သေခြင်းသည် ဥဘယက္ခယ မရဏမည်၏။

၄။ ။ဥပဂန္တွာ ဆိန္ဒတီတိ ဥပစ္ဆေဒကံ။

ဝိဂြိုဟ်အရ....မီးစာနှင့်တူသော အသက်,ဆီနှင့်တူသော ကံ ၂-ပါးပင် ရှိသေးသော်လည်း လေ, ရေ, စသည်နှင့် တူသော ဥပစ္ဆေဒကကံဖြတ်၍ သေခြင်းသည် ဥပစ္ဆေဒက သေခြင်းမည်၏။ ။ဟူလို။

ဆိုလိုရင်းကား....၁-အသက် တထောင် နေနိုင်သော ကံရှိပါးလျက် ပိုင်းခြားအပ်သော အသက်တမ်းကား ရာတမ်းဖြစ်သဖြင့် အသက်တရာနှင့် သေခြင်းသည် အာယုက္ခယမရဏ မည်၏။ ။၂-အသက်တမ်းက တရာ တမ်းဖြစ်ပါလျက် ကံက တရာတမ်းတိုင်အောင် နေရမည်ကံမပါ၍ အသက် ၃၀-၄၀-တွင် သေခြင်းသည် ကမ္မက္ခယမရဏ မည်၏။ ။၃-အသက်တမ်း ကလည်း တရာတမ်း၊ ကံကလည်း တရာလောက်ပင် နေနိုင်သောသတ္တိရှိ၍ အသက်တရာပြည့်မှ သေခြင်းသည် ဥဘယက္ခယ မရဏ မည်၏။ ။၄-အ သက်တမ်းကလည်း တရာတမ်းဖြစ်၏။ကံကလည်း တရာပြည့်အောင် နေနိုင် သော သတ္တိရှိ၏။ထိုသို့ရှိပါလျက် အသက် ၃၀-၄၀-တွင် ရှေးဘဝဥပစ္ဆေ ဒကကံ၏ အစွမ်းကြောင့်၎င်း, ယခုဘဝပြုအပ်သော ဥပစ္ဆေဒကကံကြောင့် ၎င်း,အနာဆိုး ရောဂါဆိုးတို့ဖြင့် တွေ့ကြုံသေရခြင်း, မြေမျို၍သေရခြင်း, မိုးကြိုးထိ၍ သေရခြင်း စသည်များသည် ဥပစ္ဆေဒကမရဏ မည်၏။

## မဟာဝိသုဒ္ဓါရုံ ဆရာတော်ကြီး၏ ဥပစ္ဆေဒကမရဏ အဆုံးအဖြတ်

မရဏုပ္ပတ္တိ လေးပါးတို့တွင် ဥပစ္ဆေဒကမရဏကို ငရဲစသည်၌ မရအပ်ဟု- ဣဒံ ပန နေရယိကာနံ ဥတ္တရကုရုဝါသီနံ ကေသဉ္စိ ဒေဝါနဉ္စ န ဟောတိ။

ဋီကာဆို၏။ ။ဣဒံ ပန၊ ဤဥပစ္ဆေဒကမရဏသည်ကား။ နေရယိကာနံ ငရဲသူတို့အားငင်း။ ဥတ္တရ ကုရုဝါသီနံ၊ မြောက်ကျွန်းသူတို့ အားငင်း။ ကေသဉ္စိ ဒေဝါနဉ္စ၊ အချို့နတ်တို့အားငင်း။ န ဟောတိ မဖြစ်။ ။ဤ၌ ငရဲပြည်မှာ ဒေဝဒူတ ငါးပါးတို့ဖြင့် ယမမင်း စစ်ဆေး မေးမြန်းသော အခါ ကောင်းမှုကို သတိရ၍ ထိုခဏ လူ့ပြည်, နတ်ပြည်သို့ စုတေ့ပြန်လည်ခဲ့သောသူ, ငရဲမီးလျှံကိုမြင်၍ ငရဲမီးသံကြား၍ ကောင်းမှုကို အမှတ်ရသဖြင့် ထိုခဏ စုတေ့ပြန်လည်ခဲ့သောသူ, အဝီစိငရဲ၌ လူ့အရေအတွက်အားဖြင့် ခုနစ်ရက်သာခံ၍ စုတေ့၍နတ်ပြည်သို့သွားသော မာလိကာမိဖုယားစသည်တို့၏ ကောင်းမှုကံကို ဥပစ္ဆေဒကကံ ဟု ဆိုသင့်ရကား ''နေရယိကာနံ'' ဟူသော ဋီကာစကားကို စဉ်းစားဆင်ခြင်သင့်၏။

မြေမျို၍ အဝီစိကျသော ဝသဝတ္တိ ဒုဿီမာရ်နတ်,တာဝတိံသာ အဓမ္မနတ်,သုဗြဟ္မနတ်၏ မိဖုယား, ပန်းပင်ထက်က စုတေ့၍ အဝီစိသို့ကျသော နတ်သမီးငါးရာ, စာတုမဟာရာဇ်, တာဝတိံသာတို့၌ အချင်းချင်း စိတ်ဆိုး၍ သေသော မနောပဒေါသိကနတ်,နတ်ပြည်ခြောက်ထပ်လုံး၌ အပျော်အပါး အားကြီး၍ စားချိန်ကိုလွန်သောကြောင့် သေသော ခိဍ္ဍာပဒေါသိကနတ်, ဘေးမဲ့အလှူခံလာသော ရသေ့ငါးရာဘို့ကို ပြစ်မှားသည်နှင့် ရောဂါစွဲကပ်၍ မကြာမီသေသော ဝေပစိတ္တိ အသူရိန် နတ်မင်းစသည်တို့၏ သေရခြင်းသည် အကုသိုလ် ဥပစ္ဆေဒက ကံကြောင့်ဖြစ်ရကား တာဝတိံသာ အဝင်အပါ အသူရာနတ်ပြည်နှင့်တကွနတ်ပြည်ခြောက်ထပ်လုံး၌ ''ကေသဉ္စိဒေဝါနံ''ဟု ဋီကာဆရာ ဆိုဘွယ်မရှိ။ ။သိကြားမင်းစသော တန်ခိုးကြီးသော နတ်များကို ယူလျှင် လူ့ပြည်၌လည်း ခုနစ်ကြိမ် တိုင်တိုင် သေကြောင်း ကြံ၍ မရသော ဃောသက သူဌေး, ဘုန်းကံကြီးလှသော ဇောတိက, ဇဋိလ, မေဏ္ဍက သူဌေး, စကြဝတေး မန္ဓာတ်မင်း စသည်တို့ကိုယူ၍ ''ကေသဉ္စိ မနုဿာ'' ဟူ၍လည်း ဆိုရလိမ့်မည်။ ထိုကြောင့် ဗြဟ္မာတို့ကို ရည်၍ ''ကေသဉ္စိ ဒေဝါနံ''ဟု ဆိုသည်ဟူ၍ ယူသော် သင့်လျော်ရန် ရှိ၏။

ဤအန္တရကပ်၌ပင် ငါတို့ဘုရားအလောင်းတော်သည် အခါခါအခေါက်ခေါက် ဖြဟ္မာပြည်သို့ရောက်၍ ကံမကုန်မီ အသက်တမ်း မစေ့မီ အဓိမုတ္တိကာလံကိရိယာကို ပြု၍ လူ့ပြည်သို့ စုတေ ပြန်လည်လာသည် မဟုတ်ပါလော၊ ဤမှနောက်ကို ဝိပါက်နာမက္ခန္ဓာ ကဋတ္တာ ရုပ်တို့ မဖြစ်စေကုန်သတည်း ဟု ဆောက်တည်၍ သေခဲ့သော ထို အဓိမုတ္တိ ကာလံကိရိယာကို အာယုက္ခယ, ကမ္မက္ခယ, ဥဘယက္ခယ– သုံးပါးမှ လွတ်သောကြောင့် ဥပစ္ဆေဒကမရဏ၌ သွင်းသင့်သည် မဟုတ်ပါလောဟု မေးရန် ရှိပေ၏။ ဘုရားလောင်းတို့သာ ကြီးမားသော ကုသိုလ် ပါရမီရှိန်စော် အာနုဘော်ကြောင့် အဓိမုတ္တိ ကာလံကိရိယာကိုပြု၍ ပါရမီဖြည့်ခြင်းငှါ လူ့ပြည်သို့ လာနိုင်သည်။ သူတပါးတို့ ထိုကဲ့သို့ မစုတေနိုင်။ ထိုကြောင့် တရာတမ်း တသိန်းတမ်း အတွင်း၌ ပွင့်တော်မူကုန်သော မြတ်စွာဘုရားရှင်တို့သည် လူတို့အသက်တမ်းကို ငါးပုံပုံ၍ တပုံကို ပယ်တော်မူမြဲ ဓမ္မတာအတိုင်း လေးအသချေ့နှင့် ကမ္ဘာတသိန်း ကာလပတ်လုံး ဖြည့်ဆည်းပူးတော်မူခဲ့သော ပါရမီတော်အလုံး စုရုံး၍ ထောက်ပံ့ အကျိုးပေးကြသော ကုသိုလ်ကံတော်အတိုင်း နေရလျှင် သက်တော် အသချေ့ နေရလောက်သော ကံတော်ရှိလျက်နှင့် တရာတမ်းမှာ ပွင့်တော်မူသော ငါတို့ မြတ်စွာဘုရားသည် "ကာလဝသေန ပရိဏမတိ" ဟူသော အဋ္ဌကထာနှင့် အညီ သက်တော်တရာပင် မနေရသော်လည်း သက်တော်ရှစ်ဆယ်ကို ဘုရားရှင်တို့၏ အာဝေနိက သက်တမ်းတော် အသီးယူ၍ သက်တမ်း စေ့သဖြင့် အာယုက္ခယ မရဏဖြင့်သာ ပရိနိဗ္ဗာန်စံတော်မူသည် ဟု ဆိုရသကဲ့သို့ ဝေဟပ္ဖိုလ်တိုင်အောင် ဆယ်ဘုံသော ရူပါဝစရဖြဟ္မာပြည်သို့ ရောက်ကုန်သော ဘုရားလောင်းတို့သည်လည်း ဖြဟ္မာ သက်တမ်းစေ့အောင် ကြာရှည်စွာ နေမြဲဓမ္မတာ မဟုတ်၍ အနည်းငယ်မျှသာ နေခဲ့၍ အာဝေနိက သက်တမ်းစေ့သဖြင့် အာယုက္ခယမရဏအားဖြင့်ပင် စုတေခဲ့သည် ဟု ကြံစည်တွေးဆ ဖြေဆိုရာအကြောင်း ရနိုင်ရာ၏။

ဤသို့လျှင် "ကေသဗ္ဗိ ဒေဝါနဥ္စ" ဟူသော ဋီကာ၌ ဖြဟ္မာကို ယူရလျှင် သင့်လျော်ရန် ရှိပေ၏။ ။တနည်းလည်း ကြီးမားသော ပါရမီရှိန်စော် အာနုဘော်သည် မြှောက်ကော်ချီးမြှင့် အပ်သော အဓိမုတ္တိကုသိုလ်စိတ်တော်သည် အကျိုးပေးဆဲဖြစ်သော ရူပါဝစရကုသိုလ်ကံကို ဖြတ်၍ ဥပစ္ဆေဒကကံဖြင့် စုတေခဲ့သည် ဟု ဆိုလျှင်လည်း ကျန်ဖြဟ္မာ ဆယ်ဘုံကို "ကေသဗ္ဗိ

ဒေဝါနံ''အရ၌ ယူသော် သင့်လျော်ရန်ရှိ၏။ အဓိမုတ္တိ ကာလံကိရိယာကို အာယုက္ခယ မရဏ၌၊ တနည်း-ဥပစ္ဆေဒက မရဏ၌ သွင်း၍ယူသော် ယုတန်စေ၊ ဝေဒနာသံယုတ်,အဋ္ဌကနိပါတ် ပါဠိတော်တို့၌ ဝေဒနာရောဂါ ဖြစ်ကြောင်းရှစ်ပါး,မိလိန္ဒပဉှာ၌သေခြင်းရှစ်ပါးဟူ၍လာသောဝါတသမုဋ္ဌာန,ပိတ္တသမုဋ္ဌာန, သေမှသမုဋ္ဌာန, သန္နိပါတိက, ဥတု,ဝိပရိဏာမဇ, ဝိသမပရိဟာရဇ, ဩပက္ကမိက, ကမ္မဝိပါကဇ-ရှစ်ပါးတို့တွင် ကမ္မဝိပါကဇ-ဟူသော ဥပစ္ဆေဒက မရဏမှ ကြွင်းသေ‌ေ သေခြင်း ၇-ပါးတို့ကို ဤမရဏပ္ပတ္တိ လေးပါးဝယ် အဘယ် မရဏုပ္ပတ္တိ၌ သွင်းမည်နည်းဟူမူ-

ဂန္တွာ ဟိ ဝါတေန ပါဏကေဟိ ကမ္မုနာ စာတိ
တီဟိ ကာရဏေဟိ ဝိနဿတိ။

ဟူ၍ သီလက္ခန် အဋ္ဌကထာ၌ လာသော။ ။''လေ,ပိုး,ကမ္မ၊တိဝိဓ၊ဂန္ဓ ပျက်ကြောင့်တည်း'' ဟူသော ကိုယ်ဝန် ပဋိသန္ဓေပျက်ကြောင်း သုံးပါး တို့တွင် လေ, ပိုးနှစ်ပါးကြောင့် ပျက်ရာ၌လည်း-

ဝိနယဋ္ဌကထာယံ ပန ဝါတေန ပါဏကေဟိ ဝါ
ဂန္တွာ ဝိနဿန္တော ကမ္မံ ဝိနာ နဝိနဿတီတိ
အဓိပ္ပါယေန တမညတြ ဒွိဟာကာရေဟီတိ ဝုတ္တံ။

ဟု ၎င်းဋီကာသစ် စသည်လာတိုင်း ကံမကောင်းနိုင်၊ ကံနှင့် ပေါင်းဘက်၍ လေပိုးတို့ ဖျက်သည်ကို အသာဓာရဏနည်းဖြင့် ဘေရီသဒ္ဒေါ, ယဝင်္ကုရော,ဟူသကဲ့သို့၊ "ဝါတေန ပါဏကေဟိ" ဆိုသည် ဟု ယူရသည့်ပမာ မိလိန္ဒပဉှာ၌လည်း-

ဇိဃစ္ဆာယ, ပိပါသာယ၊ အဟိဒဋ္ဌော ဝိသေန စ။
အဂ္ဂိဥဒကသတ္တီဟိ၊ အကာလေ တတ္ထ မီယတိ။ ။

ဟူသော အာကာလမရဏ ခုနစ်ပါး-

ဝါတပိတ္တေဟိ သေမှေန၊ သန္နိပါတဥတူဟိ စ။
ဝိသမောပက္ကမကမ္မေဟိ၊ အကာလေ တတ္ထ မီယတိ။ ။

ဟူသော တနည်း- အကာလမရဏ ရှစ်ပါးတို့ကို ကံမကောင်း၍ ဥပစ္ဆေဒက မရဏုပ္ပတ္တိ၌ပင် သွင်းရသည် အဖြစ်ကို-

ဣမ မဟာရာဇ ယော ပုဗ္ဗေ ပရေ ဇီဃစ္ဆာသ မာရေတိ၊သော
ဗဟူနိ ဝဿသတသဟဿာနိ ဇီဃစ္ဆာယ ပရိပိဠိတော
ဆာတော။ပ။ဇီဃစ္ဆာယယော၀ မရတိ၊ဒဟာရောပိ၊ မဇ္ဈိမောပိ
မဟလ္လကောပိ။ဣဒံပိ တဿ အသာမယိကမရဏံ။

စသည်ဖြင့် တိုက်ရိုက်ပင် ရွှေခုနစ်ပါး၌ မိန့်ဆိုလျက်ရှိသည်။ နောက်ရှစ်ပါး၌လည်း နည်းယူ၍ သိသင့်၏။ ထို့ကြောင့် ဘဂ္ဂိုဟ်ကျမ်း၌လာသော မရဏုပ္ပတ္တိလေးပါးမှ လွတ်သော သေခြင်းမည်သည် တစုံတခု မရှိဟူ၍ မှတ်အပ်၏။

(ဤကား ကျေးဇူးတော်ရှင် မဟာဝိသုဒ္ဓါရုံ ဆရာတော်ဘုရားကြီး၏ အဆုံးအဖြတ်တည်း)။

---

## ကံ အဘွင့်

**၃၀-ကံ။ ။တဿာ စ မရဏာသန္နံ ပန ဇနကာဘဝေလ ယထာရဟံ အဘိမုခီဘူတံ ဘဝန္တရေ ပဋိသန္ဓိဇနကံ ကမ္မံ ဒါ။**

သင်္ဂြိုဟ်ပါဌ်။

အာယုက္ခယစသော လေးပါးသော အကြောင်းတို့ကြောင့် သေကုန်သော သတ္တဝါတို့အား သေခါနီးအခါကာလ၌ ဘုံထိုဖြစ်ထိုက်သော ဒေဝဂတိ, မနုဿဂတိ, ပေတဂတိ, နိရယဂတိ, တိရစ္ဆာနဂတိ အားဖြင့် ဂတိသို့ လားထိုက်သော သတ္တဝါအားလျော်စွာ ဘပတပါး၌ ပဋိသန္ဓေကို ဖြစ်စေတတ်သော ကံသည် ရှေ့ရှုထင်ရှား ဖြစ်ပေါ်လာ၏။ထင်လာ၏ ။ဟူလို။

ဤကား ဝိဏ္ဏုတ္တ။

---

အသက်ကုန်၍ သေခြင်းစသော ၄-ပါးသော သေခြင်းတို့တွင် တပါးပါး သော သေခြင်းဖြင့် သေကုန်သော သတ္တဝါတို့အား ကံ, ကမ္မနိမိတ်, ဂတိနိမိတ် ၃-မျိုးတို့တွင် တပါးပါးသည် ထင်မြဲဖြစ်၏။ ထိုသုံးပါးတို့တွင်လည်း ကံဟူသည် ရှေးရှေးဘဝက ဖြစ်စေအပ်,ပြုလုပ်အပ်သော များစွာသော ကံ တို့တွင် ယခုအကျိုးပေးခွင့် ပေးလှည့်သင့်သော အကုသိုလ်ဇနကကံကိုရင်,

ကုသိုလ် ဇနကကံကိုရင်း ယူအပ်၏။ ရှေးက ပြုခဲ့ဘူးသော ကံများစွာပင် ရှိသော်လည်း ပဋိသန္ဓေကို မပေးနိုင်သောကံကို မယူရ။

---

## ယထာရဟံ အဓိပ္ပါယ်

ငင်းကံသည် ထင်၏ဆိုသော်လည်း ဒုဂ္ဂတိဘဝ, သုဂတိ ဘဝသို့လား အပ်,ရောက်အပ်သော ဘဝမဆုံးသေးသော သူများသာလျှင် ကံ,ကမ္မနိမိတ် စသည် ထင်ကုန်၏။ ဘဝခရီးအဆုံးသို့ ရောက်လေပြီးသော အာသဝေါ ကုန်ခန်း ရဟန္တာအရှင်မြတ်အားငင်း, အသညသတ် ပုဂ္ဂိုလ်တို့အားငင်း ကံ,ကမ္မနိမိတ်, ဂတိနိမိတ်တို့သည် မထင်ကုန်၊ ထိုရဟန္တာ အရှင်မြတ် များကား မိမိတို့ထင်မြတိုင်းသော, ရဟန္တာ ပုဂ္ဂိုလ်တို့တွင်လည်း သုက္ခ ဝိပဿက ရဟန္တာပုဂ္ဂိုလ်ဘို့အား ပကတိအားဖြင့် ထင်တိုင်း ထင်နေကြ ဖြစ်သောနာမ်,ရုပ်တရားသည်သာလျှင် ထင်လေ၏။

ဈာနလာဘီ ရဟန္တာပုဂ္ဂိုလ်တို့တွင် ဈာန်၏ အခြားမဲ့၌ ပရိနိဗ္ဗာန်စံဝင် သော ရဟန္တာပုဂ္ဂိုလ်အား ကသိုဏ်းနိမိတ်စသည်သည် ထင်လာ၏၊ ပစ္စ ဝေက္ခဏ ဇော၏ အခြားမဲ့၌ ပရိဗ္ဗာန်စံဝင်သော ရဟန္တာ ပုဂ္ဂိုလ်အား ဈာနင်တရားတို့သည် ထင်လာကုန်၏။ အဘိညာဉ်၏ အခြားမဲ့၌ ပင့်နိဗ္ဗာန် စံဝင်သော ရဟန္တာပုဂ္ဂိုလ်အားကား မိမိ၏ကရဇရုပ်တရားသည် ထင် လာ၏၊ဇီဝိတသမသီသီ ရဟန္တာပုဂ္ဂိုလ်တို့အား အရဟတ္တမဂ်ကို ဆင်ခြင် သည်၏အခြားမဲ့၌ ပရိနိဗ္ဗာန်စံဝင်ပါမူကား မဂ်အင်္ဂါတို့သည် ထင်လာကုန် ၏ ဟု မှတ်လေ။

တနည်း။ ။နတ်ပြည်၌ ဖြစ်လတ္တံ့သော သတ္တဝါဖြစ်ပါမူကား ကုသိုလ် ကံ,ကုသိုလ်ကမ္မနိမိတ်,နတ်သွီး,ဗိမာန်,ပဒေသာပင်စသော ဂတိနိမိတ်ထင် လာ၏၊လူ့ဘုံ၌ဖြစ်လတ္တံ့သော သတ္တဝါဖြစ်ပါမူကား ကုသိုလ်ကံ,ကုသိုလ် ကမ္မနိမိတ်,အမိဝမ်းရေစသော ဂတိနိမိတ်ထင်လာ၏၊ ငရဲ၌ဖြစ်လတ္တံ့သော သတ္တဝါဖြစ်ပါမူကား အကုသိုလ်ကံ, အကုသိုလ် ကမ္မနိမိတ်, ငရဲမီး, ငရဲ ထိန်း-စသော ဂတိနိမိတ် ထင်လာ၏၊ တိရစ္ဆာန်ဘဝ၌ ဖြစ်လတ္တံ့သော သတ္တဝါဖြစ်ပါမူကား အကုသိုလ်ကံ, အကုသိုလ် ကမ္မနိမိတ်, တောခြေ, တောင်ခြေ-စသော ဂတိနိမိတ်ထင်လာ၏၊ပြိတ္တာဘဝ၌ ဖြစ်လတ္တံ့သောသူ ဖြစ်ပါမူကား အကုသိုလ်ကံ,အကုသိုလ် ကမ္မနိမိတ်, တခဲနက်သော အမိုက် တိုက်စသော ဂတိနိမိတ် ထင်လာ၏။

**အဘိမုခီဘူတံ ဥပဋ္ဌာတိ၊** ။ငင်းကံသည် ထင်လာ၏ဆိုရာ အဘယ်သို့ ထင်လာပါ သနည်း ဟူမူ၊ကမ္ဘာ တရာကပင် ပြုအပ်သော ကံဖြစ်စေကာမူ မိမိ၏ အကျိုးပေးခွင့် အလှည့်သင့်ခဲ့သည်ရှိသော် ယနေ့ ပြုသကဲ့သို့ အသစ် ဖြစ်၍ မနောဒွါရ၌ မိမိအလိုလို ရှေ့ရှုသင်ရှားစွာ ဖြစ်ပေါ်လာ၏၊ထင် လာ၏။ ။ဟူလို။ ။ထို့ကြောင့်''တမေဝဝါ ပန။ပ။ဒွါရပတ္တံ ဟောတိ''ဟု မိန့်ဆိုလတ္တံ့။

ကတ္တစိ ပန အနုပ္ပဇ္ဇမာနဿ ခိဏာသဝဿ ယထောပဋ္ဌိတံ နာမ ရူပါဒိကမေဝ စုတိပရိယောသာနံ ဂေါစရဘာဝံ ဂစ္ဆတိ။န ကမ္မ, ကမ္မနိမိတ္တာဒယော။ ။ဋီကာကျော်။

---

## ကမ္မနိမိတ် အဘွင့်

၃၈-ခ။ **ဝါ ကမ္မကရဏကာလေ ရူပါဒိကမုလဒ္ဓံ ဥပကရဏ ဘူတဉ္စ ကမ္မနိမိတ္တံ ဝါ၊**

သဗ္ဗိုဟ်ပါဌ်။

ထိုပဋိသန္ဓေကို ဖြစ်စေတတ်သော ကံကို ပြုသောအခါ ရအပ်သော အလျှုဝတ္ထု,အလှူခံ ပုဂ္ဂိုလ်,သတ်အပ်သော သတ္တဝါစသော အာရုံသည် ဥပ လဒ္ဓ အာရုံမည်၏။ကုသိုလ်ကံစသည်ဖြစ်ဘို့ရန် အထောက်အပံ့ အဆောက် အဦဖြစ်သော ပန်း, ထီး, တံခွန်, ကုဏ္ဍား, လက်နက်စသော အာရုံ သည် ဥပကရဏ အာရုံမည်၏။ ငင်းအာရုံ ၂-ပါးသည် ကမ္မနိမိတ် မည်၏။ ဟူလို။

ဤကား ဝိဂ္ဂဟတ္ထ။

---

## ဂတိနိမိတ် အဘွင့်

၃၈-ဂ။ **အနန္တရမုပ္ပဇ္ဇမာနဘဝေ ဥပလဘိတဗ္ဗံ ဥပဘောဂ ဘူတဉ္စ ဂတိနိမိတ္တံ ဝါ၊**

သဗ္ဗိုဟ်ပါဌ်။

အခြားမဲ့ ဖြစ်လတ္တံ့သောဘဝ၌ ရအပ်ခံစားအပ်သော ငရဲအိုး,ငရဲထိန်း, ငရဲမီးလျှံ, ခွေးနက်ကြီးစသော အကုသိုလ် ဂတိနိမိတ် နတ်သွီး,ဘုံဗိမာန်,

ပဒေသာပင်, ဥယျာဉ်, ရေကန် စသော အာရုံ အလုံးစုံသည် ဂတိနိမိတ်မည်၏။ ။ဟူလို။

ဤကား ပိဏ္ဍတ္ထ။

---

## ဥပလဘိတဗ္ဗနှင့် ဥပဘောဂ အထူး

မိမိကိုယ်နှင့် စပ်သော အမိဝမ်းရေ, ငရဲအိုးစသော အာရုံသည် ဥပလဘိတဗ္ဗ အာရုံမည်၏။ တနည်း။ ဒုဂ္ဂတိနိမိတ်သည် ဥပလဘိတဗ္ဗအာရုံမည်၏။ ကိုယ်နှင့် မစပ်သော ပဒေသာပင်,ဥယျာဉ်,ငရဲထိန်းစသော အာရုံသည် ဥပဘောဂ အာရုံမည်၏။ ။တနည်း။ သုဂတိနိမိတ်သည် ဥပဘောဂ အာရုံမည်၏ ဟု သိ။

---

## နိမိတ်သုံးပါး ထင်လာပုံ အဖွင့်

## ၃၀-ဃ ။ကမ္မဗလေန ဆန္နံ ဒွါရာနံ အညတရသ္မိံ ပစ္စုပဋ္ဌာတိ သင်္ဂြိုဟ်ပါဌ်။

အဓိပ္ပါယ်ကား။ ။ငင်းဆိုအပ်ခဲ့ပြီးသော ကံ,ကမ္မနိမိတ်, ဂတိနိမိတ်တို့တွင် တပါးပါးသည် ပဋိသန္ဓေကို ဖြစ်စေ တတ်သော ကုသိုလ်ကံ, အကုသိုလ်ကံတို့၏ အစွမ်းကြောင့် ဖြစ်သင့်သည် အားလျော်စွာ စက္ခုဒွါရ စသောခြောက်ပါးသော ဒွါရတို့တွင် တပါးပါးသောဒွါရ၌အဘန်တလဲလဲ ရှေးရှုဖြစ်၍ ထင်လာ၏။ ။ဟူလို။

**မှတ်ချက်။** ။ကံ-ကား ကာလအားဖြင့် အတိတ်ကာလ ဖြစ်၏၊ဒွါရအားဖြင့် မနောဒွါရ၌သာ ထင်နိုင်၏။ ။ကမ္မနိမိတ်ကား ကာလအားဖြင့် ပစ္စုပ္ပန်, အတိတ်-ကာလ ၂-ပါး ဖြစ်၏။ ဒွါရအားဖြင့် ခြောက်ဒွါရ၌ ဖြစ်နိုင်,ထင်နိုင်၏။ ။ဂတိနိမိတ်ကား လာအားဖြင့် ပစ္စုပ္ပန်သာတည်း။ဒွါရအားဖြင့် မနောဒွါရ၌သာ ထင်နိုင်,ဖြစ်နိုင်၏ ဟု မှတ်။

---

## ကမ္မဗလေန အဓိပ္ပါယ်

ဤကံ, ကမ္မနိမိတ်, ဂတိနိမိတ် သုံးပါးတို့၏ ထင်မြင်မှုသည် လူ,နတ်ဗြဟ္မာ စသည်ပုဂ္ဂိုလ်တို့၏ အစွမ်းကြောင့် ထင်လာသည် မဟုတ်၊စုတေ

သော သဒ္ဒာဝါ၏ အဇ္ဈာသယ အလိုဆန္ဒကြောင့် ထင်လာသည် မဟုတ်၊ စင်စစ်သော်ကား ပဋိသန္ဓေစိတ်ကို ဖြစ်စေတတ်သောကံ၏ အားအစွမ်းကြောင့်သာ ထင်မြင်လာ၏။

သို့သော် ၎င်း''ကမ္မဗလေန''ဟူသော စကားကို ယေဘုယျ နည်းအားဖြင့် ဆိုအပ်သော စကား ဟု မှတ်။ အပ္ပကအားဖြင့်ကား ပကတိအားဖြင့် လေ့လာသော အားဖြင့်၎င်း,သို့မဟုတ် ထိုသေခါနီးကာလ၌ မိဘ,သားချင်းတို့ ထောက်ပံ့ပြုလုပ်သော အားဖြင့်၎င်း, သူတပါးသည် အောက်မေ့စေအပ်သော အားဖြင့်၎င်း, သို့မဟုတ် မိမိအလိုလို အောက်မေ့သော အားဖြင့်၎င်း ကံမှတပါးသော အကြောင်းကြောင့်လည်း ထင်နိုင်သေး၏ ဟု မှတ်။ ဓမ္မိက ဥပါသကာ, သောဏမထေရ်၏ ဖခင် ရဟန်းကြီးဝတ္ထု စသည်ကို ထောက်ဆ၍ သိလေ။

---

## ဆန္ဒ ဒွါရာနံ အဓိပ္ပါယ်

''ဆန္ဒ ဒွါရာနံ''၏အရ ဒွါရခြောက်ပါးတို့၌ထင်လာကုန်၏ဟု ဆိုသော်လည်း ဖြစ်သင့်သည် အားလျော်စွာသာ ထင်ကုန်၏။ ။ဖြစ်ဟန်ကား.... ရူပဘုံ,အရူပဘုံ-သို့ လားရောက်လတ္တံ့ ဖြစ်ကုန်သော ရူပပဋိသန္ဓေ, အရူပပဋိသန္ဓေ နေလတ္တံ့သော သူတို့အား မနောဒွါရ တပါးတည်း၌သာ ထင်လာကုန်၏။ ။ကာမဘုံသို့ လားရောက်လတ္တံ့ ဖြစ်ကုန်သော ကာမပဋိသန္ဓေ တည်နေလတ္တံ့သော သူတို့အားသာ စက္ခုဒွါရ။ပ။ မနောဒွါရ-ဟူသော ခြောက်ပါးသော ဒွါရတို့၌ ယထာရဟ ထင်နိုင်ကုန်၏။ ။သို့သော် ဆရာတို့ကား ဂတိနိမိတ်သည်အာရုံအားဖြင့်ခြောက်ပါး,ကာလအားဖြင့် ပစ္စုပ္ပန်, ဒွါရအားဖြင့် ခြောက်ဒွါရ၌သာ ထင် ၏ ဟု မိန့်ဆိုတော်မူကုန်၏။

ဂတိနိမိတ္တံ မနောဒွါရေ အာပါထမာဂစ္ဆတိ။ ဂတိနိမိတ္တံ နာမ နိဗ္ဗတ္တနကဩကာသေ ဧကော ဝဏ္ဏော ဥပဋ္ဌာတိ။

ဝိဘင်း အဋ္ဌကထာ။ ။(၁၃၅)

ဧတ္ထ ကမ္မံ ဝါ ဂတိနိမိတ္တံ ဝါ မနောဒွါရေ ယေဝ ဥပဋ္ဌာတိ၊ ကမ္မနိမိတ္တံ ပန ဆသု ဒွါရေသု ဥပဋ္ဌာတိ။ ။သင်္ခေပ။

## ပဋ္ဌပြဋ္ဌာတိ အာရုံထင်လာပုံ

ရှေးရှေးဘဝများစွာက ပြုစုခဲ့သော ကံတရားသည် ကမ္မာတသိန်းပင် ကွာခြားစေကာမူ ယခုလက်ငင်း ပြုနေဘိသကဲ့သို့ မနောဒွါရ၌ ထင်လာ၏။ ကမ္ဘာတသိန်းထက်က ပန်းလှူဘူးသော ကုသိုလ်ကံဖြစ်အံ့၊ ယခုပင် မြတ်စွာဘုရားအား ပန်းလှူနေဘိသကဲ့သို့ မနောဒွါရ၌ ထင်လာ၏။ ကမ္ဘာတသိန်းထက်က ငါးသတ်ဘူးသော အကုသိုလ်ကံဖြစ်အံ့၊ ယခုပင် ငါးကို သတ်နေဘိသကဲ့သို့ မနောဒွါရ၌ ထင်သာ၏၊ ဤကဲ့သို့ ထင်လာမှုကိုပင် "အဘိနဝကရဏ" အသစ်တဘန် ပြုသည်မည်၏။ ။ဟူလို။ ။(ဤကား ကံထင်လာပုံတည်း)။

ပူဇော်အပ်သော စေတီတော်, သတ်အပ်သော သား, ငါးစသော ကမ္မနိမိတ်မျိုး သည်၎င်း၊ ပူဇော်ကြောင်း ဖြစ်သော ပန်းစသော ဝတ္ထုဒြဗ်, သတ်ကြောင်းဖြစ်သော ထားလက်နက်စသော ကမ္မနိမိတ်သည်၎င်း၊သေခါနီးသောအခါ၌ ၎င်းစေတီပုံ,သားငါးပုံအတိုင်း စက္ခုစသော ဒွါရခြောက်ပါး၌ ထင်မြင်လာ၏။ (ဤကား ကမ္မနိမိတ် ထင်ပုံတည်း)။

အမိဝမ်းရေ, ငရဲအိုး-စသော ဂတိနိမိတ်သည်ကား စုတေခါနီးသောသူ၏ မနောဒွါရ၌ထင်မြင်လာ၏၊နတ်ပြည်စသော သုဂတိဘုံသို့ လားလတ္တံ့သော သူအား နတ်တို့၏ ဥယျာဉ် ဗိမာန်စသည် ဂတိနိမိတ်ထင်လာ၏။ လူ့ပြည်သို့ လားလတ္တံ့သော သူအား အမိဝမ်းရေသည် ကမ္ဗလာနီ အသွင်စသော ဂတိနိမိတ်ထင်လာ၏။ ။ငရဲသို့ လားသတ္တံ့သောသူအား ငရဲထိန်း ငရဲမီးလျှံ, ခွေးနက်ကြီး–စသော ငရဲနိမိတ်ထင်လာ၏၊ တိရစ္ဆာန်ဘဝသို့ လားလတ္တံ့သော သူအား တောခြေ-တောင်ခြေ-စသော ဂတိနိမိတ် ထင်လာ၏၊ပြိတ္တာဘုံသို့ လားလတ္တံ့သောသူအား တောကြီး, မြိုင်ကြီး- စသော ဂတိနိမိတ်ထင်လာ၏ ဟု မှတ်။ ။(ဤကား ဂတိနိမိတ်၏ ထင်ပုံတည်း)။

### သြောင်းပုဒ်

က။ ။သိကြား ပြဟ္မာ၊ ဘန်ဆင်းရာတုံ၊မရှိကုန်၍၊ ကံဟုန်ကြောင့်သာ၊ ထင်၍လာ၊ မှတ်ပါ-ကံနိမိတ်။

ခ။ ။ရှု့,အရှုမှာ၊ မနောဒွါ၊ ထင်ရာ တပါးတည်း။

ဂ၊ ။ကာမဘုံကား၊ ဒွါခြောက်ပါး၊ မှတ်သား ထင်သတည်း၊

### ၃၀-၈။ ။တတော ပရံ တဒေ၀ တထောပဋ္ဌိတံ အာရမ္မဏံ အာရဗ္ဘ ။ပ။ ပ၀တ္တတိ ဗာဟုလ္လေန။

သင်္ဂြိုဟ်ပါဌ်။

ထိုသို့ ကံ,ကမ္မနိမိတ်,ဂတိနိမိတ်–သုံးပါး ထင်ပြီးသည်မှ နောက်၌ ထို ထင်လာသော ကံကမ္မနိမိတ်-စသော အာရုံကိုပင် အာရုံပြု၍ ပဋိသန္ဓေကို ဖြစ်စေသော ကံအားလျော်စွာ ကုသိုလ် ဇနကကံ ဖြစ်အံ့၊ စင်ကြယ်သန့်ရှင်း ကောင်းမွန်သော အကုသိုလ် ဇနကကံဖြစ်အံ့၊ညစ်နွမ်းသောစိတ်အစဉ်သည် ရအပ် ခံစားအပ်သော သုဂတိ, ဒုဂ္ဂတိ ဘဝအားလျော်စွာ ထိုကျရောက်လတ္တံ့သောဘဝသို့ ညွတ်ခါ ကြိမ်ဖန်များစွာ ဖြစ်ပေါ်လာလေ၏။ ။ဟူလို။

ဤကား ပိဏ္ဍတ္ထ။

---

### တဗ္ဗောဏတံ၀ အဓိပ္ပါယ်

ထိုကံ စသောအာရုံကိုပင် အာရုံပြု၍ လားလတ္တံ့သော ဘဝသို့ ညွတ်သော စိတ်အစဉ်ဖြစ်ပေါ်လာ၏ ဟူရာဝယ် ညွတ်ဟူသည်မှာ ပကတိသော သစ်ကိုင်းစသည်သည် ဖြောင့်မတ်နေရာမှ လေအဟုန်ကြောင့် ကိုင်းညွတ် ဘိသကဲ့သို့ ပကတိ ကံစသော အာရုံကို အာရုံပြုနေရာမှ ပြောင်းရွှေ့ကာ ဘဝသစ်ကို အာရုံပြုမှုကိုပင် မညွတ်လော်လည်း ညွတ်သကဲ့သို့ ဖြစ်သော ကြောင့် ညွတ်၏။ ဟု။ဆိုရ၏။ ။ဤအလို“တဗ္ဗောဏတံ၀”ကို “တဗ္ဗောဏတံ ဧ၀”ဟု ပုဒ်ဖြတ်၍ ဥပမာဇောတက-ဧ၀-သဒ္ဒါဟု ကြံ၏။ ။တနည်း၊ နိယမတ္ထဝါစီ-ဧ၀ သဒ္ဒါ ကြံလေ။ ။ဆရာတို့ကား နိ၀တ္တနတ္ထဝါစီ ဧ၀သဒ္ဒါ ကြံ၍ တတ္ထ–၏ အရကိုလည်း ဘုံကိုမစွဲဘဲ ကံ-စသော အာရုံကိုပင် စွဲတော် မူကြကုန်၏။ ၎င်းကံစသော အာရုံတို့သို့ အမြဲညွတ်သည်။ ။ဟူလို။

---

### ဗာဟုလ္လေန အဓိပ္ပါယ်

“ဗာဟုလ္လေန”ဟူသော ဝိသေသနဖြင့် အသညသတ် ဘုံသားတို့ကား စိတ်ဖြစ်မှု မရှိသဖြင့် ဘဝသစ်သို့ ညွတ်သော စိတ်မ ဖြစ်နိုင် ရကား၊ များသော အားဖြင့်သာ ဘဝသစ်သို့ ညွတ်နိုင်သည်။ အပ္ပကအားဖြင့် အသညသတ်ဘုံသားများကားမညွတ်နိုင်ဟု အသညသတ်သုံသားတို့ကိုနစ်စေ၏။

တနည်း။ ။နှေးလေးစွာ စုတေသော သူများသာလျှင် ကံ,ကမ္မနိမိတ် စသော အာရုံကို အာရုံပြုသော စိတ်အစဉ်သည် မပြတ်ဖြစ်၏၊ လျင်မြန်စွာ စုတေရသော သူများမှာမူကား ကံစသည်ကို အာရုံပြုသော စိတ်အစဉ် ပြတ်သောကြောင့် ၎င်းလျင်မြန်စွာ စုတေသော သူတို့အား နစ်စေခြင်းငှါ ဗာဟုလ္လသဒ္ဒါကို မိန့်ဆိုတော်မူရ၏။

ထိုစကား ထင်းစွာ ဘော်ပြ ပေအံ့····မျက်နှာ တပါးသို့ ရှေးရှု သွားသောသူကို နောက်ကလိုက်၍ ထက်လှစွာသော ထားသန်းလျက်ဖြင့် ဦးခေါင်းကို ဖြတ်သော်၎င်း အိပ်ပျော်နေသောသူကို ထက်လှစွာသောထား သန်လျက်ဖြင့် ဦးခေါင်းကို ဖြတ်သော်၎င်း, ရေ၌နှစ်၍ သတ်သော်၎င်း, ဆောက်ရိုး၏ထိပ် သို့မဟုတ် ကျောက်ပြင် ထက်၌နားသော ယင်ကောင်ကို ကျောက်ခဲ ဆောက်ပုတ်တို့ဖြင့် ရိုက်သတ်သော်၎င်း၊ ဤသို့ အလွန်လျင်သော သေခြင်းဖြင့် စုတေသော သူတို့အား ရှေးဦးစွာ ကံ အစရှိသော အာရုံကို အာရုံပြု၍ မနောဒွါရ ဝီထိဖြစ်၏။ ထိုနောက် ဖေါဋ္ဌဗ္ဗာရုံ၏ အားကြီး သည်၏ အဖြစ်ကြောင့် ကာယဝိညာဏဝီထိသည် ပစ္စုပ္ပန် ဖေါဋ္ဌဗ္ဗာရုံကို အာရုံပြု၍ ဖြစ်၏၊ ထိုနောက်ချုပ်ပြီးသော အတိတ်ဖေါဋ္ဌဗ္ဗာရုံ၌ တဒနု ဝတ္တကမနောဒွါရဝီထိ ဖြစ်၏။ထိုနောက် ရှေးဇောဝါရသည်ယူအပ်ပြီးသော ကံ-အစရှိသော အာရုံ၌ မနောဒွါရဝီထိသည် ဖြစ်၏။ ထိုဝီထိ၏အဆုံး၌ စုတိ၏။

ပရမ္မုခံ ဂစ္ဆန္တဿ ဟိ ပစ္ဆတော တိခိဏေန အသိနာ သီသံ ဆိန္ဒန္တိ။ပ။ တတိယဝါရေ မနောဒွါရာဝဇ္ဇနံ ဘဝင်္ဂ ဩတရတိ၊ တေသွိ ဌာနေ ကာလံကြိယံ ကရောတိ။

ဝိဘင်း အဋ္ဌကထာ။ ။(၁၃၅)

**ဆောင်ပုဒ်**

က။ ။ဘဝတပါး၊ညွတ်သောလား၊မှတ်သား-ဩဏာဘ။

ခ။ ။အသည္ဘတ်နှင့်၊ တရပ်ဆောလျင်၊ သေသူပင်၊စင်စေ-ဗာဟုလ္လ။

---

**သင်္ကမနောဏာနှင့် လဟုကမရဏာတို့၏ အထူး**

ဆိုအပ်ခဲ့ပြီးသောအတိုင်း ယင်ငယ်ကို ကျောက်တုံး ကျောက်ခဲတို့ဖြင့် တချက်တည်း ထုသတ်၍ သေသော လဟုက မရဏာတို့၌လည်း သင်္ကက

မရဏတို့၌ကဲ့သို့ ကံ,ကမ္မနိမိတ် စသည်တို့သည် ထင်မြဲ ထင်ကုန်၏ ဟု ဆိုသော် ၎င်းသဏိကမရဏနှင့် လဟုကမရဏ တို့သည် အသို့ ထူးပါ အံ့နည်း ဟူငြားအံ့။

ကာယဒွါရာဝဇ္ဇန်း စိတ်ဖြစ်မှု မဖြစ်မှုသာ ထူး၏ ဟု မှတ်။ ။နှေးစွာ စုတေသော သဏိကမရဏ ပုဂ္ဂိုလ်ကား ကာယဒွါရနှင့်စပ်သော သတ်ဖြတ် ထိခိုက်မှုဖြစ်သဖြင့် ကာယဒွါရာဝဇ္ဇန်းစိတ် ဖြစ်၏၊လျင်မြန်စွာ စုတေသော သူကား ထိခိုက်မှု အလွန်ပြင်းထန်လှသဖြင့် ကာယဒွါရာဝဇ္ဇန်းစိတ် မဖြစ်။ မနောဒွါရာဝဇ္ဇန်းစိတ်သာ ဖြစ်၏။

ထိုစကား ထင်ရှားစေအံ့····ဆိုအပ်ခဲ့ပြီးသော နည်းအတိုင်းလျင်မြန်စွာ စုတေရသော သူများကား ပြင်းထန်လှစွာသော ကာယဝေဒနာ ဖြစ်၍ ရှေးဦးစွာ ကိုယ်၌ ထိခိုက်မှုကိုမျှ မဆင်ခြင်နိုင်ပါဘဲ မနောဒွါရာဝဇ္ဇန်းသာ ဖြစ်၏။ ။ဥပမာဆိုသော်····အိပ်ပျော် နေသော သူကို လက်နှင့်ပုတ်၍ နှိုးလိုက်သည်ရှိသော် အိပ်ပျော်၍ နေသူသည် ကာယဒွါရ ထိခိုက်မှုကြောင့် ကာယဒွါရာဝဇ္ဇန်း, ကာယဒွါရဝီထိ ဖြစ်သည်မရှိ၊ မနောဒွါရာဝဇ္ဇန်းစိတ် သာဖြစ်၍ နိုးဘိသကဲ့သို့တည်း။

သို့ဖြစ်၍ သဏိကမရဏ သတ္တဝါများသာ ကာယဒွါရာ ဝဇ္ဇန်းစိတ် ဖြစ်၍ လဟုကမရဏသတ္တဝါများကား ကာယဒွါရာဝဇ္ဇန်း,ကာယဒွါရဝီထိ မဖြစ် ဟု မှတ်။။

> ဧဝံ ပိသိယမာနာယ ပန မဂ္ဂိကာယ ပဌမံ ကာယဒွါရာဝဇ္ဇနံ ဘဝင်္ဂံ နာဝဋ္ဋေတိ၊မနောဒွါရာဝဇ္ဇနမေဝ အာဝဋ္ဋေတိ။
>
> ဝိဘင်း အဋ္ဌကထာ။ ။(၁၃၀)

> ယထာ နိဒ္ဒါယန္တဿ ဖေါဋ္ဌဗ္ဗသမာယောဂေန ပဗုဇ္ဈနကာလေ မနောဒွါရာဝဇ္ဇနမေဝ အာဝဋ္ဋေတိ၊န ကာယဒွါရာဝဇ္ဇနံ။
>
> အနုဋီကာ။ ။(၉၇)

**ဆောင်ပုဒ်။** ။သဏိကနှင့်၊လဟုနှစ်ဖြာ၊ကာယာ အာဝဇ်၊ဖြစ်,မဖြစ်၊ မှတ်လစ် အထူးတည်း။

၉၀ စ။ ။တာမော ဝါ ပန ဇနကာဘူတံ ကမ္မံ အဘိနဝကရဏာ
ဝသေန ဒွါရပတ္တံ ဟောတိ။

သင်္ဂြိုဟ်ပါဌ်။

ကံ,ကမ္မနိမိတ်,ဂတိနိမိတ် ၃-မျိုးတို့တွင် ဇနကကံ ထင်လာပုံကား မိမိ
ကိုယ်ကို အသစ်ပြုပြင်သည့် အစွမ်းဖြင့် မနောဒွါရ၌ ထင်လာ၏။ ။ဟူလို။

ဤကား ပိဏ္ဍတ္ထ။

---

## အသေးပြုပုံ အမိဉ္ဘါယ်

ကံ-သည် အတိတ်တရားဖြစ်၍ ကံကိုပြုသော စုတေလတ္တံ့သော ပုဂ္ဂိုလ်
သည် သတိမရ မေ့လျော့၍နေလင့်ကစား ကမ္ဘာတသိန်းထက်က ပြုခဲ့သော
ကံပင်ဖြစ်စေကာမူ ယခုသေအံ့သောအခါ၌ ပြုနေဘိသကဲ့သို့ မနောဒွါရ၌
ထင်လာ၏။ ယင်းသို့ အတိတ်ဖြစ်သဖြင့် ကြာလင့်ဟောင်းနွမ်း၍ နေသော်
လည်း ယခုပစ္စုပ္ပန် လက်ငင်းတပ်အပ် လပ်ဆတ်စွာ ပြုနေသကဲ့သို့ဖြစ်ပေါ်
လာသည်ကိုပင်"အဘိနဝ ကရဏ"ဟူလို သတတ်။ ။အောက်ကလည်း
ဘွင့်ဆိုခဲ့ပြီ။

ဤသို့ ဖြစ်ပါက ကမ္မနိမိတ်,ဂတိနိမိတ်တို့ကိုမူ အဘယ့်ကြောင့် အဘိ
နဝကရဏ-ဟု မဆိုပါသနည်းဟူမူ။ ။၎င်းကမ္မနိမိတ် ဂတိနိမိတ်တို့ကား
ပစ္စုပ္ပန်အာရုံဖြစ်၍ ပကတေ့အတိုင်းသာ ဒွါရ၌ ထင်နိုင်၏။ အသစ်ပြုဘွယ်
ကိစ္စမရှိသောကြောင့် အဘိနဝကရဏ-ဟု မဆိုအပ် ဟု မှတ်။

> အတီတေ ကပ္ပကောဋိသတ သဟဿမတ္ထကသ္မိမ္ပိ ကမ္မေ ကတေ
> တသ္မိံ ခဏေကမ္မံ ဝါ ကမ္မနိမိတ္တံ ဝါ အာဂန္တွာ ဥပဋ္ဌာတိ။အာဂန္တွာ
> တိ အာဂတံ ဝိယ ဟုတွာ။ဝိဘာဝနီ အဋ္ဌကထာ။ ။(၁၃၅)

**ဆောဒ်ပုဒ်။** ။တသိန်း ကမ္ဘာ၊မြင့်ရှည်ကြာလည်း၊ ခုခါကဲ့သို့၊ ထင်
မချို့၊မှတ်ဘို့ ဘိနဝ။

---

**၃၁။ ။ပစ္စာသန္နမရဏဿ တဿ ဝီထိစိတ္တာဝသာနေ ဘဝင်္ဂက္ခယေ ဝါ စဝနဝသေန ပစ္စုပ္ပန္နဘဝပရိယောသာနဘူတံ စုတိစိတ္တံ ဥပ္ပဇ္ဇိတွာ နိရုဇ္ဈတိ။**

သဂြိုဟ်ပါဌ်။

သေခါနီးသောသတ္တဝါအား တဒါရုံအဆုံး,ဇောအဆုံးရှိသော ဝီထိစိတ်တို့၏ အဆုံး၌၎င်း, ဘဝင်၏ အဆုံး၌၎င်း စုတေသည်၏ အစွမ်းဖြင့် ပစ္စုပ္ပန်ဘဝ၏ အဆုံးဖြစ်၍ စုတိစိတ်သည် ဖြစ်၍ချုပ်၏။

ဆိုလိုရင်းကား····စုတိသည် ၁-တဒါရုံနောင် စုတိ၊ ၂-တဒါရုံနောင် ဘဝင်၊ဘဝင်နောင်စုတိ၊ ၃-ဇောနောင်စုတိ၊ ၄-ဇောနောင်ဘဝင်၊ ဘဝင်နောင် စုတိ-အားဖြင့် ၄-မျိုး ရှိ၏၊ ထိုတွင် ''ဝီထိစိတ္တာဝသာနေ''ပါဌ်ဖြင့် တဒါရုံနောင်စုတိ,ဇောနောင် စုတိဖြစ်ဟန်ကို ပြ၏။''ဘဝင်္ဂက္ခယေဝါ''ပါဌ်ဖြင့် တဒါရုံ ဘွင် နောင် စုတိ,ဇော ဘွင် နောင် စုတိ, ဖြစ်ဟန်ကို ပြတော်မူ၏။ ။ဟူလို။

ဤကား-ဝိဂ္ဂဟတ္ထ။

---

**မရဏာသန္နဝီထိ အဘွင့်**

ဤအရာဝယ် အောက်ကဝန်ခံခဲ့သောအတိုင်း မရဏာသန္နဝီထိကိုဘွင့်ပြပေအံ့။ ။မရဏာသန္နဝီထိသည် စက္ခုဒွါရဝီထိ, သောတဒွါရဝီထိ, ဃာနဒွါရဝီထိ, ဇိဝှါဒွါရဝီထိ, ကာယဒွါရဝီထိ ဟု ပဉ္စဒွါရငါးဝီထိ,မနောဒွါရဝီထိအားဖြင့် ခြောက်ပါး အပြားရှိ၏။ ထိုခြောက်ပါးတို့တွင် စက္ခုဒွါရဝီထိသည် ဆိုအပ်ခဲ့ပြီးသောအတိုင်း ဇောနောင် စုတိ တဝီထိ, ဇောနောင် ဘဝင်၊ဘဝင်နောင်စုတိ တဝီတိ, တဒါရုံနောင်စုတိ တဝီထိ, တဒါရုံနောင် ဘဝင်၊ ဘဝင်နောင်စုတိ တဝီထိအားဖြင့် လေးပါးအပြားရှိ၏၊ ဤအတိုင်း ၄-ဝီထိစီဖြစ်၍ ပဉ္စဒွါရငါးဝီထိ,မနောဒွါရ တဝီထိအားဖြင့် ခြောက်ဒွါရ၌ မရဏာသန္နဝီထိပေါင်း ၂၄-ပါး အပြားရှိကုန်၏။

## မရဏာသန္န စက္ခုဒွါရ ၄-ဝီထိ ပုံစံ

| အတိတ်ဖြစ်သော ကံစသော-အာရုံ | ပစ္စုပ္ပန် ကံ,ကမ္မနိမိတ်, ဂတိနိမိတ်,ရူပါရုံ | အတိတ် ဖြစ်သော ကံစသော-အာရုံ |
|---|---|---|
| ၁- တီ-န-ဒ, | ပ-စ-သံ-ဏ္ဏ-ဝု-ဇ-ဇ-ဇ-ဇ-ဇ, | စုတိ,, |
| ၀၀၀ | | ၀၀၀ |
| ၂- တီ-န-ဒ, | ပ-စ-သံ-ဏ္ဏ-ဝု-ဇ-ဇ-ဇ-ဇ-ဇ, | ဘဝင် စုတိ,, |
| ၀၀၀ | | ၀၀၀ |
| ၃- တီ-န-ဒ, | ပ-စ-သံ-ဏ္ဏ-ဝု-ဇ-ဇ-ဇ-ဇ-ဇ-ရုံ-ရုံ, | စုတိ,, |
| ၀၀၀ | | ၀၀၀ |
| ၄- တီ-န-ဒ, | ပ-စ-သံ-ဏ္ဏ-ဝု-ဇ-ဇ-ဇ-ဇ-ဇ-ရုံ-ရုံ,ဘဝင် | စုတိ,, |
| | | ၀၀၀ |

(ကြွင်းသော ပဉ္စဒွါရဝီထိတို့၌လည်း ဤနည်းကိုမှီ၍ ချလေ)။

---

## မရဏာသန္န မနောဒွါရ ၄-ဝီထိ ပုံစံ

| အတိတ် ဖြစ်သော ကံ-စသော အာရုံ | ပစ္စုပ္ပန် ဖြစ်သော ကံ-စသော အာရုံတပါးပါး | အတိတ် ဖြစ်သော ကံ-စသော အာရုံ |
|---|---|---|
| န - ဒ, | မ-ဇော-ဇော-ဇော-ဇော-ဇော, | စုတိ,, |
| ၀၀၀ | | ၀၀၀ |
| န - ဒ, | မ-ဇော-ဇော-ဇော-ဇော-ဇော, | ဘဝင် စုတိ,, |
| ၀၀၀ | | ၀၀၀ |
| န - ဒ, | မ-ဇော-ဇော-ဇော-ဇော-ဇော, ရုံ-ရုံ, | စုတိ,, |
| ၀၀၀ | | ၀၀၀ |
| န - ဒ, | မ-ဇော-ဇော-ဇော-ဇော-ဇော ရုံ-ရုံ, ဘဝင် | စုတိ,, |
| ၀၀၀ | | ၀၀၀ |

## အာယာဝတ္ထု အဓိပ္ပါယ်

ဤမရဏာသန္န လေးဝိထိဝယ် တဒါရုံနောင်စုတိ, တဒါရုံဘွင်နောင်စုတိ ၂-ပါးမှာ ကာမဘုံမှစုတေ၍ ကာဘုံ၌ ပဋိသန္ဓေ နေသော ပုဂ္ဂိုလ်များအား သာဖြစ်နိုင်၏။နောက်-ဇောနောင်စုတိ, ဇောဘွင်နောက်စုတိ ၂-ပါးမှာကား အသညသတ်ဘုံမှ စုတေသော ပုဂ္ဂိုလ်မှတပါး အမှတ်မရှိသော ဘုံမှစုတေ၍ အမှတ်မရှိသော ဘုံ၌ပဋိသန္ဓေနေသော ပုဂ္ဂိုလ်များပင်ဖြစ်နိုင်၏။ ။ကံ, ကမ္မနိမိတ်,စသော အာရုံများလည်း တပါးစီသာ ထင်နိုင်၏။ ၂-ပါး,၃-ပါး, တပေါင်းတည်း မထင်နိုင် ဟု မှတ်။

အာရုံပြုပုံမှာလည်း အတိတဘဝစသော ရှေ့ဘဝ်, နောက်ဘဝ်, စုတိစိတ်တို့သည် ရှေး၌ ဘဝ၏ အစ ပဋိသန္ဓေ စိတ်၏ အာရုံပြုသော အတိတ်ကံ, ကမ္မနိမိတ်, ဂတိနိမိတ်, အာရုံဟောင်းကို အာရုံ ပြုကုန်၏။ အာဝဇ္ဇန်းစသော ဝိထိစိတ်တို့ကား ယခုသေခါနီး မရဏာသန္န အခါတွင် အသစ် ထင်လာသော ကံသစ်, ကမ္မနိမိတ်သစ်, ဂတိနိမိတ်သစ် တို့ကို အာရုံပြုကြကုန်၏ ဟု မှတ်။

**ဆောင်ပုဒ်။** ။ဇောစု,ဘွင်စု၊ရုံဘွင်စု၊လေးကြိမ်-ရုံစုသာ။

**၃၁-ခ။** ။**တသ္မိံ နိရုဒ္ဓါဝသာနေ တဿာနန္တရမေဝ တထာဂဟိတံ အာရမ္မဏံ အာရဗ္ဘ။ပ။ပဋိသန္ဓိသင်္ခါတံ မာနသံ ဥပ္ပဇ္ဇမာနမေဝ ပတိဋ္ဌာတိ ဘဝန္တရေ။**

သင်္ဂြိုဟ်ပါဌ်။

ထိုစုတိစိတ် ချုပ်ပြီးသည်ရှိသော် ချုပ်ပြီးသည်၏အဆုံး ထိုစုတိစိတ်၏ အခြားမဲ့၌သာလျှင် ထိုသို့သော အခြင်းအရာအားဖြင့် ထိုမရဏာသန္နဇော သည် ယူအပ်သော ကံ, ကမ္မနိမိတ်, ဂတိနိမိတ်ဟု ဆိုအပ်သော အာရုံကို အာရုံပြု၍ မိရာဟဒယဝတ္ထုရုပ် ရှိသည်လည်း ဖြစ်သော,၎င်းမိရာဟဒယ ဝတ္ထုရုပ် မရှိသည်လည်းဖြစ်သော ထိုက်သည်အားလျော်စွာ အဝိဇ္ဇာနုသယ သည် ခြံရံအပ်သော တဏှာသည်လျှင် အကြောင်းရင်းရှိသော ကုသိုလ ကံ အကုသိုလ် ကံသည် ဖြစ်စေ အပ်သော ဖဿ, ဝေဒနာ, စသော သမ္ပယုတ် တရားတို့သည် ခြံရံ၍ ယူအပ်သော ဖဿ, ဝေဒနာ စသော

သမ္ပယုတ်တရားတို့၏ တည်ရာဖြစ်၍ ပြခါန်းသော ရှေ့-နောက်ဖြစ်သော ဘဝ ၂-ပါးကို တစပ်တည်းကဲ့သို့ စပ်တတ်သော ပဋိသန္ဓေ ဟု ဆိုအပ်သော စိတ်သည် ဖြစ်ဆဲဖြစ်၍ ဘဝသစ်၌ တည်၏။ ။ဟူလို။

ဤကား ပိဏ္ဍတ္ထ။

---

## အဝယဝတ္ထ အဓိပ္ပါယ်

ဆိုလိုရင်းကား....စုတိစိတ် ချုပ်ပြီးသော် ဘဝသစ်၌ ပဋိသန္ဓေစိတ်ဖြစ်၏။ ။ဟူလို။ ။"တဿာနန္တရမေဝ"ဟူသော ပါဌ်ဖြင့် လောက၌ အချို့သော မိစ္ဆာဝါဒီ ပုဂ္ဂိုလ်တို့သည် စုတိနှင့်ပဋိသန္ဓေ၏ အကြား၌ ဘဝ တခုရှိ၏။ ထိုဘဝ၌ဖြစ်သော သတ္တဝါသည် တန်ခိုးဣဒ္ဓိပါဒ် ပြည့်စုံသော ဒိဗ္ဗစက္ခု၊အဘိညာဉ် ရသောသူကဲ့သို့ တခဏချင်း လိုရာအရပ်သို့သွားနိုင်၏။ ၎င်းဘဝ၌ ဖြစ်သောသူတို့သည် အမိ၏ ဥတုလာသောအခါ အမိ အဖ တို့၏ တကွပေါင်းဘော်သော အခါကို ဆိုင်းငံ့လင့်သော အားဖြင့် စုတိ ပြီးသည်နောက် ၇-ရက်သော်၎င်း,၇-ရက်အလွန်သော်၎င်း ကြာမှ ပဋိသန္ဓေ တည်နေ၏ ဟူသော မိစ္ဆာအယူကို ပယ်တော်မူ၍ စုတိသည် နောက် အနည်းငယ်မျှ ခြားခြင်း မရှိမူ၍ ပဋိသန္ဓေ တည်နေ၏ ဟူသောအဓိပ္ပယ် ပြ၏။

> သန္တတိံဝသေနာတိ စ ဝဒန္တော တဒေဝ ဝိညာဏံ သန္ဓာဝတိ
> တံသရတိ အနညန္တိ ဣဒဋ္ဌ မိစ္ဆာဂါဟံ ပဋိက္ခိပတိ။

မူလဋီကာ။ မဟာဋီကာ။ ။(၂၆၂)

''သဝတ္ထုကံ''ဟူသော ပါဌ်ဖြင့် ပဉ္စဝေါကာရ ပဋိသန္ဓေကို ရည်သည်။ ၎င်းပဉ္စဝေါကာရ ဘုံသားများမှာကား ရူပက္ခန္ဓာနှင့်တကွ ခန္ဓာ၅ါးပါးကို ရနိုင်၍ ဟဒယဝတ္ထုရုပ် ရနိုင်သော ဘုံသားများ ဖြစ်ကြ၍ ၎င်းပဋိသန္ဓေ စိတ်သည် ဟဒယဝတ္ထုရုပ်မှီ၍ ဖြစ်၏။ ။ဟူလို။

"အဝတ္ထုကမေဝဝါ"ဟူသော ပါဌ်ဖြင့် အရူပ-စတုဝေါကာရ,ပဋိသန္ဓေကို ရည်သည်၊ ၎င်းအရူပ ဗြဟ္မာတို့ကား ရူပက္ခန္ဓာကို မရကြ၍ ၎င်းပဋိသန္ဓေ စိတ်သည် မှီရာဟဒယ ဝတ္ထုရုပ်ကို မမှီမူ၍ ဖြစ်၏။ ။ဟူလို။

''ယထာရဟံ''ဟူသော ပါဠိဖြင့် ကံကိုပြုသော ကာလ, အကျိုးပေးရာ ကာလ အားလျော်စွာ ပဋိသန္ဓေတည်နေ၏-ဟူသော အဓိပ္ပါယ်ကို ပြ၏။ ။ ဤအလို အဓိပ္ပါယ်ကား····အကယ်၍ အတိတ်ဘဝ၌ ပြုလုပ်ဆည်းဘူးအပ်သော ကံသည် အကျိုးပေးသည်ဖြစ်အံ့၊ အပရာပရိယကံ- ဟု ဆိုအပ်သော သင်္ခါရသည် ဖြစ်စေအပ်သော ပဋိသန္ဓေစိတ်သည် ဖြစ်လေ၏။ အကယ်၍ ပစ္စုပ္ပန်ဘဝ၌ ဆည်းဘူးအပ်သော ကံသည် အကျိုးပေးသည်ဖြစ်အံ့၊ ဥပပဇ္ဇဝေဒနီယကံ- ဟု ဆိုအပ်သော သင်္ခါရသည် ဖြစ်စေအပ်သော ပဋိသန္ဓေစိတ်သည် ဖြစ်လေ၏။ ဤသို့လျှင် ကံကိုပြုသော ကာလ၊ အကျိုးပေးသော ကာလအားလျော်စွာ။ ။ဟူလို။

တနည်း။ ။အကယ်၍ ကုသိုလ်ကံသည် အကျိုးပေးသည် ဖြစ်အံ့၊ အဝိဇ္ဇာနုသယနှင့် တဏှာနုသယ တို့သည် ဥပနိဿယသတ္တိ ဖြင့်သာ ထောက်ပံ့အပ်သော ကုသိုလ်ကံ သင်္ခါရသည် ပဋိသန္ဓေစိတ်ကို ဖြစ်စေအပ်၏၊ အကယ်၍ အကုသိုလ်ကံသည် အကျိုးပေးသည်ဖြစ်အံ့၊ အဝိဇ္ဇာနုသယနှင့် တဏှာနုသယတို့သည် ဥပနိဿယသတ္တိ, သဟဇာတသတ္တိတို့ဖြင့် ထောက်ပံ့အပ်သော အကုသိုလ်ကံ သင်္ခါရသည် ပဋိသန္ဓေစိတ်ကို ဖြစ်စေအပ်၏။ဤသို့ ကုသိုလ်သင်္ခါရ,အကုသိုလ်သင်္ခါရအားလျော်စွာ။ ။ဟူလို။

**ဆောင်ပုဒ်**

က။ ။ပဉ္စဝေါကို၊ ရည်၍ဆို၊ မှတ်ထို-သဝတ္ထု။
ခ။ ။စတုဝေါကား၊ ရည်၍ထား၊ မှတ်သား-အဝတ္ထု။
ဂ။ ။အကျိုးနှင့်ကံ၊ ပိုင်းခြားရန်၊ မိန့်ဟန်-ယထာရဟ။
ဃ။ ။ကု-အကုသင်၊ ပိုင်းခြားနှင်၊ မိန့်ရှင်-ယထာရဟ။
င။ ။စုတိ·ပဋိ၊ ကြားရှိဘဝ၊ ပယ်စွန့်ချ၊ မိန့်ပြ-တသာဒနံ။

ဤစကားရပ်ဖြင့် ပဋိသန္ဓေ ဝိထိကို ပြတော်မူ၏။ ထိုစကား မှန်၏၊ မရဏာသန္နဝိထိသည် မရဏာသန္နစုတိဝိထိ, ပဋိသန္ဓိဝိထိ, ဘဝနိကန္တိက ဝိထိ-ဟူ၍ သုံးပိုင်း,သုံးမျိုးရှိ၏။ နောက်က ဆိုအပ်ခဲ့ပြီးသော ဝိထိသည် မရဏာသန္နစုတိဝိထိ မည်၏၊ငင်းကား ဘဝဟောင်း၌ကျသော ဝိထိတည်း။ ဤပဋိသန္ဓေဝိထိ,ဘဝနိကန္တိကဝိထိကား ဘဝသစ်၌ ကျသောဝိထိတည်း။

ဝိထိချဟန်ကား···၁-အတီတဘဝင်, ဘဝင်စလန, ဘဝင်ုပစ္ဆေဒ, ပဉ္စဒွါရာဝဇ္ဇန်း, စက္ခုဝိညာဏ်,သမ္ပဋိစ္ဆိုင်း, သန္တီရဏ, ဝုဋ္ဌော, ဇောငါးကြိမ်,

စုတိ။ ။၂-ဇောနောင်ဘဝင်၊ဘဝင်နောင်စုတိ။ ။၃-ဇောနောင် တဒါရုံနှစ်ကြိမ်၊ တဒါရုံနောင်စုတိ။ ။၄-တဒါရုံ နှစ်ကြိမ်နောင်ဘဝင်၊ ဘဝင်နောင်စုတိ၊ ဤလေးဝိထိကျ၏။ ထိုနောင် ဘဝသစ်၌ ပဋိသန္ဓေတကြိမ်၊ ထိုနောင်ဘဝင် ၁၅-ချက်၊တဆဲ့ခြောက်ချက်၊ ထိုနောင် ဘဝင်စလန, ဘဝင်ုပစ္ဆေဒ မနောဒွါရာဝဇ္ဇန်း, ဘဝနိကန္တိက လောဘဇော ၇-ကြိမ်, ထိုနောင် ဘဝင် များစွာဖြစ်၍ ချုပ်၏။

**ဘဝဟောင်း မရဏာသန္န ခုဘဲ့ဝီထိ ပုံစံ**

တီ - န - ဒ, ပ-စ-သံ-ဏ္ဍ-ဝု-ဇော-ဇော-ဇော-ဇော-ဇော, စုတိ,,
ooo ooo

**ဘဝသစ် ပဋိသန္ဓေ့ဝီထိ ပုံစံ**

ပဋိသန္ဓေ- ဝင် ဝင် ဝင် ဝင် ဝင် ဝင် ဝင် ဝင် ဝင် ဝင် ဝင် ဝင် ဝင် ဝင် ဝင် ဝင်,,
ooo ooo

**ဘဝသစ် ဘဝနိကန္တိ ဝီထိပုံစံ**

မ- ဇော-ဇော-ဇော-ဇော-ဇော-ဇော-ဇော, ဘွင် - ဘွင်,,

**ဝီထိသုံးပါး ပေါင်း၍ တည်နေပုံ**

အတိတ်ဘဝ-မရဏာသန္နဝီထိ။

တီ-န-ဒ-ပ-စ-သံ-ဏ္ဍ-ဝု, ဇော-ဇော-ဇော-ဇော-ဇော, စုတိ

ပစ္စုပ္ပန်သဝပဋိသန္ဓေ-ဝီထိ။

ပ-ဝင်၊ ဝင်၊ ဝင်၊ ဝင်၊ ဝင်၊ ဝင်၊ ဝင်၊ ဝင်၊ ဝင်၊ ဝင်၊ ဝင်၊ ဝင်၊ ဝင်၊ ဝင်၊ ဝင်၊ ဝင်

ဘဝသစ်-ဝီထိ

မ- ဇော-ဇော-ဇော-ဇော-ဇော-ဇော-ဇော, ဘွင်-ဘွင်-ဘွင်"
(ဤဝီထိပုံစံကား-ပဥ္စဒွါရဝီထိပုံစံဖြစ်၏)။

**မနောဒွါရဝီထိ ပုံစံ**

န-ဒ-မ-ဇော-ဇော-ဇော-ဇော-ဇော-စုတိ,ပဋိသန္ဓေ ဘဝင် ၁၅-ချက် ၁၆-ချက်၊ မ-ဇော ၇-ကြိမ်၊ ဘဝင်များစွာ ဖြစ်၏။ ။(ကြွင်းသော ဇော ဘဝင်နောင် စုတိစသော ဝီထိများကိုလည်း ရှေးနည်းကိုမှီ၍ သိလေ)။

## ဓုတိ,ပဋိသန္ဓေ အဓိပ္ပါယ်

စဝနံ စုတိ။

ဝိဂ္ဂြိုဟ်အရ…ဘဝဟောင်းမှ ခန္ဓာ ငါးပါး၏ ချုပ်ငြိမ်း ပျက်စီး၍ ရွေ့လျောခြင်း သဘောသည် စုတိမည်၏။ ။ဟူလို။

ပဋိသန္ဓဟနံ ပဋိသန္ဓိ, ပဋိသန္ဓဟတီတိ ဝါ ပဋိသန္ဓိ။

ဝိဂ္ဂြိုဟ်အရ….ထိုစုတေသော သတ္တဝါ၏ အကြားမရှိမူ၍ ဘဝဟောင်း နှင့် ဘဝသစ် ၂-ပါးကို တစပ်တည်းဖြစ်ရန် စပ်ခြင်းသဘော, စပ်ဟပ် သော သဘောသည် ပဋိသန္ဓေ မည်၏။ ။ဟူလို။

## ဘဝကူးပုံ အဓိပ္ပါယ်

ဤဆိုအပ်ခဲ့ပြီးသောအတိုင်း စုတိစိတ်သည် ချုပ်သည် ရှိသော်လည်း အစဉ်မပြတ် ကြားမလပ်မူ၍ ရှေးရှုဆင်လာသော ကံ, ကမ္မနိမိတ်စသော အာရုံကို အာရုံပြုလျက် မြောင်းတဘက်ကမ်းဝယ်ရှိသော သစ်ပင်၌ ချီ၍ ထားသော ကြိုးကိုဆွဲ၍ မြောင်းကို ကူးဘိသကဲ့သို့ငင်း, ရှေးဖြစ်သော မီးရာ ဝတ္တုကိုစွန့်၍ နောက်ဖြစ်သော မီးရာကိုလည်း သာယာ၍ငင်း,မသာယာမူ၍ ငင်း, အာရမ္မဏစသော ပစ္စည်းတို့ကြောင့်သာလျှင် ပဋိသန္ဓေ စိတ်သည် ဖြစ်လေ၏။ ။ဤကား ဘဝကူးပုံတည်း။

**မှတ်ချက်**။ ။ပဉ္စဝေါကာရ ဘုံသားများ၏ ပဋိသန္ဓေ စိတ်သည် သာယာ၍ဖြစ်၏၊ စတုဝေါကာရ ဘုံသားများ၏ ပဋိသန္ဓေစိက်ကား ဝိက္ခမ္ဘနပဟာနသတ္တိကြောင့် မသာယာမူ၍ ဖြစ်၏၊ စုတိစိတ်သည် ပဋိသန္ဓေစိတ်အား အနန္တရပစ္စည်းတပ်၏၊ အဝိဇ္ဇာနှင့် တဏှာ သည် ပကတူပနိဿယ ပစ္စည်းတပ်၏၊ သဟဇာတစေတနာကား သဟဇာတ ပစ္စည်းတပ်၏။ ဤသို့ အာရမ္မဏ, အနန္တရ, ပကတူပ နိဿယ, သဟဇာတပစ္စည်းများ၏ ပစ္စယုပ္ပန်, ပဋိသန္ဓေ စိတ်သည် ဖြစ်၏ ဟု မှတ်။

"တံ သန္တတိဝသေန တဏှာယနာ မိယမာနံ သင်္ခါရေဟိ ခိပိယ မာနံ ဩရိမတီရရုက္ခ။ပ။ အာရမ္မဏာဒိဟိ ယေဝ ပစ္စယေဟိ ပဝတ္တတိ"။ ။ဝိသုဒ္ဓိမဂ် အဋ္ဌကထာ။ ။(၄၉၂)

ဝိဘင်း အဋ္ဌကထာ။ ။(၁၄၁)

န မီယာနံ တဏှာယ၊ တံ သန္တတိ ဝသာ ပန။
ဩရိမှာ ပန တီရမှာ၊ အာလမ္ဗိတွာန ရဇ္ဇုကံ။ ။
မာတိကာဘိက္ကမောဝေတံ၊ပုရိမံ ဇဟတိ နိဿယံ။
အပရံ ကမ္မသမ္ဘုတံ၊ လမ္ဗိတွာဝါဝိ နိဿယံ။ ။
အဘိဓမ္မာဝတာရ။ ။(၇၃)

---

## ပဋိသန္ဓေ ဖြစ်ပုံ အခြင်းအရာ အနက်မှါယင်

စုတိနှင့် ပဋိသန္ဓေတို့သည် ကြားမရှိမူ၍ ဝီထိအစဉ်အတိုင်း ဆက်၍ ဖြစ်ရာ ဤဘဝဟောင်းမှ နာမ်ရုပ်တရားတို့သည် ဘဝသစ်သို့ မပြောင်း မသွား၊ ဤဘဝ၌ပင် ပြတ်ပါသလော၊သို့မဟုတ် ဘဝသစ်သို့ လိုက်၍ ဖြစ်ပါ သလော ဟူမူ။ ။ဤဘဝဟောင်း၌ ရုပ်နာမ် တရားတို့သည် ဘဝသစ်သို့ မပြောင်းမသွား၊ ဤဘဝတွင်ပြတ်၏ ဟု ယူပါက ဥစ္ဆေဒဒိဋ္ဌိ ဖြစ်၏ ။ ဤဘဝဟောင်းမှ နာမ်တရားတို့သည် ဘဝသစ်သို့ ပြောင်းရွှေ့ လိုက်သွား တတ်၏၊ ဤဘဝတွင် မချုပ်မပြတ် ဟု ယူပါကလည်း သဿတဒိဋ္ဌိ ဖြစ်၏။ စင်စစ်ဖြစ်ပုံ အခြင်းအရာကား ဤဘဝဟောင်းမှ စုတိစိတ်သည် ဘဝ တပါးသို့ ပြောင်းရွှေ့၍မသွား၊အကြောင်းပစ္စည်းတရားမျှ ဖြစ်၏။ မိမိပစ္စယ အစွမ်းသတ္တိသည် ဘဝသစ် ပဋိသန္ဓေ စိတ်အား အနန္တရ ပစ္စယသတ္တိဖြင့် ကျေးဇူးပြု၍ ဘဝသစ် ပဋိသန္ဓေစိတ်သည်လည်း ဘဝဟောင်းမှ အကြောင်း တရားကို ကင်း၍လည်း မဖြစ်နိုင်ချေ။

ဥပမာအားဖြင့် ပွဲတင်ထပ်သော အသံ, နောက်ဆီမီး, တံဆိပ်အရေး, မျက်နှာရိပ်နှင့် တူကုန်၏။ ။တူပုံကား····ပွဲတင်ထပ်သော အသံသည် ပဌမ ကြွေးကြော်သော အသံကြောင့် ဖြစ်၏။ ဝါ၊ အသံလျှင် အကြောင်း ရှိ၏၊ နောက်ထပ်ထည့်သော ဆီမီးသည်။ မူလထည့်ပြီးသော ဆီမီးလျှင် အကြောင်းရှိ၏၊ ထု၍ ထင်နေသော တံဆိပ် အရေးသည် တံဆိပ်လျှင် အကြောင်းရှိ၏၊ ကြေးမုံပြင် စသည်၌ ထင်ပေါ်နေသော မျက်နှာရိပ်သည် ပကတိမျက်နှာလျှင် အကြောင်းရှိ၏၊ဤမူလ ကြွေးကြော်လိုက်သော အသံ, တံဆိပ်တုံး,ပကတိ မျက်နှာတို့သည် တပါးသို့ ပြောင်းရွှေ့မသွား ၎င်း ကြွေးကြော်သံ,တံဆိပ်တုံး စသည်နှင့်ကင်း၍ မဖြစ်ပါဘဲ ၎င်းအကြောင်း တရားဖြစ်သော အသံ, တံဆိပ်, မျက်နှာနှင့်တူစွာ ဖြစ်ပေါ်လာဘိသကဲ့သို့

ထို့အတူ သင်္ခါရခန္ဓ ဝိညာဏ်သည် ရှေးဘဝမှ ဘဝသစ် အဝိဇ္ဇာစသော အကြောင်းကင်း၍လည်း မဖြစ်နိုင် ဟု မှတ်။

ယထာ ဟိ ပဋိဃောသ, ပဒီပ, မုဒ္ဒါ ဆာယာ, သဒ္ဒါဒိဟေတုကာ ဟောန္တိ၊အညတြ အဂန္တွာ ဟောန္တိ။ဧဝမေဝ ဣဒံ စိတ္တံ။

ဝိသုဒ္ဓိမဂ် အဋ္ဌကထာ။ ။(၄၉၂) ဝိဘင်း အဋ္ဌကထာ။ ။(၁၄၂)

(အကျယ်သိလိုမူ ၎င်းအဋ္ဌကထာများကို ရှုလင့်ကုန်)။

**ဆောင်ပုဒ်**

က။ ။အဟောင်း ဘဝ၊မကင်းထ၊ချုပ်ပ,ကြောင်းနာမ်,ရုပ်။

ခ။ ။ဘဝသစ်ဝယ်၊အသစ်တွယ်၊မှတ်ဘွယ် ကျိုး-နာမ်,ရုပ်။

ဂ။ ။ဝဲ့တင် တံဆိပ်၊ထင် ပြရိပ်၊မှတ်သိပ်-ဥပမာ။

---

## ဥပ္ပဇ္ဇမာနမေဝ အဓိပ္ပါယ်

"မာနသံ ပဋိဋ္ဌာတိ"ဟု ဆိုလျှင် ပြီးကောင်းပါလျက် အဘယ့်ကြောင့် "ဥပ္ပဇ္ဇမာနမေဝ"ဘဒ္ဒါကို ထည့်၍ ဆိုရပါသနည်း-ဟူမူ။ ။အကယ်၍သာ အရှင် အနုရုဒ္ဓါဆရာသည် "ဥပ္ပဇ္ဇမာနမေဝ"သဒ္ဒါကို မဆိုပါဘဲ "မာနသံ ပဋိဋ္ဌာတိ ဘဝန္တရေ"ဟုသာ ဆိုပါက ပဋိသန္ဓေစိတ်သည် ဘဝဟောင်းမှ ကူးပြောင်းလာခဲ့၍ ဤဘဝသစ်၌ တည်၏ဟူသော မှားသော ဉာဏ်သည် ဖြစ်ခဲ့ရာ၏။ စင်စစ်သော်ကား ထိုသို့မဟုတ်၊ ထိုဘဝဟောင်းမှ ရုပ်,နာမ်, ခန္ဓာသည် ဘဝသစ်သို့သွား၍ ပဋိသန္ဓေ တည်နေသည် မဟုတ်၊၎င်းဘဝ ဟောင်းမှ ရုပ်,နာမ်,ခန္ဓာ တစုံတရာမှမပါ၊၎င်းဘဝဟောင်း၌ ဖြစ်သော ရုပ်,နာမ်,ခန္ဓာသည် ဘဝဟောင်း၌ပင် ချုပ်၍ ဘဝသစ်၌ အသစ်တဖန် ဖြစ်၍ ပဋိသန္ဓေ တည်နေ၏။ ။ဟူလို။ ။ဤအလို"ဥပ္ပဇ္ဇမာနမေဝ၊ အသစ် တဖန် ဖြစ်၍သာလျှင်"ဟု အနက်ပေး။

**ရှင်းသင်းချက်**

ဤ သင်္ဂြိုဟ်ကျမ်း၌ "ဥပ္ပဇ္ဇမာနမေဝ" ဟု မိန့်ဆို၏။ ။သမ္မော အဋ္ဌကထာ ဝိသုဒ္ဓိမဂ် အဋ္ဌကထာတို့၌၊"အညတြ အဂန္တွာ ဟောန္တိ"ဟု ဘွင့် ပြတော်မူ၏။အဘိဓမ္မာဝတာရ ဆရာကား "အဂန္တွာ အတြ"ဟုဘွင့်ပြ၏။ ဋီကာကျော် ဆရာကား-"န ဣတော ဂန္တွာတျမိပ္ပါယော"ဟု ဘွင့်ပြတော်

မှု၏။ ။၎င်း"အညတြ အာဂမ္ဗ္ဗာ ဟော န္တိ"၏အရကို မဟာဋီကာ,မူလဋီကာ ဆရာကြီးများက "ဟောန္တိ အညတြ အာဂမ္ဗ္ဗာတိ သဒ္ဒါဒိ ပစ္စယဒေသံ အနုပဂမ္ဗ္ဗာ သဒ္ဒါဒိဟေတုကာ ယောန္တိ။တတော ပုဗ္ဗေ အဘာဝါ၊ဝေ ဠာဒိမ္ဟိ ပဋိသန္ဓိဝိညာဏံ န ဟေတုဒေသံ ဂမ္ဗ္ဗာ တံဟေတုကံ ဟောတိ။ပ။ အထဝါ ဟောန္တိ အညတြအာဂမ္ဗ္ဗာတိ ပုဗ္ဗေ ပစ္စယဒေသေ သန္နိဟိတာ ဟုတွာ တတော အညတြ ဂမ္ဗ္ဗာ တပ္ပစ္စယာ န ဟောန္တိ၊ဥပ္ပတ္တိတောပုဗ္ဗေ အဘာဝါ"။ ။ဟု နှစ်နည်း ဘွင့်ပြတော် မူကုန်၏။ ။အဓိပ္ပါယ်ကား- အောက်က ဘွင့်ဆိုခဲ့သောအတိုင်း ပဌမဦးစွာ လူက အော်လိုက်သော အသံသည် အကြောင်း၊ပဲ့တင်ထပ်သော အသံသည် အကျိုးတရားဖြစ်ရာ၊ ၎င်းပဲ့တင်ထပ်သော အကျိုးအသံသည် အကြောင်း ဖြစ်သော အသံသို့ မလာ၊မှန်၌ မျက်နှာရိပ်ထင်ရာ လူ၏ပကတိမျက်နှာသည် အကြောင်း၊မှန်၌ ထင်သော မျက်နှာရိပ်သည် အကျိုးတရားဖြစ်ရာ၊၎င်းအကျိုးတရားဖြစ်သော မျက်နှာရိပ်သည် အကြောင်းဖြစ်သော ပကတိမျက်နှာသို့ မလာမူ၍ ထင် လာ၏။ထိုအတူ အကျိုးပဋိသန္ဓေ စိတ်သည် အကြောင်းဖြစ်သော အဝိဇ္ဇာ- တဏှာ စသော တရားသို့မလာ၊ သို့မလာသော်လည်း အဝိဇ္ဇာ- တဏှာ စသော အကြောင်းတရားနှင့် ကင်း၍ မဖြစ်နိုင်။ ။ဟူလို။ ။(ဤကား ပဌမဝိကပ် အဓိပ္ပါယ်)။

တနည်း။ ။၎င်းအကြောင်းရင်းဖြစ်သော အသံ,ပကတိ မျက်နှာတို့သည် ဘဝသစ်သို့ အကျိုးဖြစ်သော ပဲ့တင်တံ, မျက်နှာရိပ်သို့လာ၍ ကျေးဇူး မပြု၊ မလာပါဘဲသာ ကျေးဇူးပြုသကဲ့သို့ ထိုအတူ ဘဝဟောင်းမှအဝိဇ္ဇာ, တဏှာစသော အကြောင်းတရား တို့သည်လည်း ဘဝသစ်သို့ မပြောင်း မရွေ့ မလာပါဘဲသာ ကျေးဇူးပြုကုန်၏။ ။ဟူလို။ ။(ဤကား ဒုတိယ ဝိကပ် အဓိပ္ပါယ်)။

## ဆောင်ပုဒ်

က။ ။အဟောင်း ဘဝ၊မကင်းပ၊ချုပ်ထကြောင်း-နာမ်ရုပ်။

ခ။ ။ဘဝသစ်ဝယ်၊အသစ်တွယ်၊မှတ်ဘွယ်ကျိုး-နာမ်ရုပ်။

ဂ။ ။ပဲ့တင်,တံဆိပ်၊ထင်ပြရိပ်၊မှတ်သိပ်-ဥပမာ။

ဃ။ ။ယင်းသို့ ဖြစ်ဟန်၊သိဘို့ရန်၊မိန့်မှန်-ဥပ္ပဇ္ဇာ။

၆၂။ ။မရဏာသန္နဝီထိယံ ပနေတ္ထ မန္ဒပ္ပဝတ္တာနိ ပဉ္စေဝ ဇဝနာနိ ပါဋိကင်္ခိတဗ္ဗာနိ။

သဂြိုဟ်ပါဠိ။

ဤမရဏာ သန္နဝိထိ၌ အားနဲ့သဖြင့် နုံ့သောကြောင့် ဇောတို့သည် ငါးကြိမ်သာ စောကုန်၏။အခြားဝိထိများကဲ့သို့ ၇-ကြိမ်မစောနိုင်ကုန်။ ။ ဟူလို။

ဤကား ပိဏ္ဍတ္ထ။

---

မန္ဒပ္ပဝတ္တ အနိပ္ပါယ်

ဤ၌"မန္ဒပ္ပဝတ္တာနိ" ပုဒ်ကား ဟေတုမန္တဝိသေသန ပုဒ်ဖြစ်၍ ဟိတ် အနက်ပြန်ဆိုလိုက်၏။ ။"မန္ဒံ ဟုတွာ ပဝတ္တာနိ မန္ဒပ္ပဝတ္တာနိ" ဟုပြု။ ။ စုတေ့ခါနီးသော သတ္တဝါသည် ရေနံခမ်းဆီကုန်ခန်းသော မီးကဲ့သို့ စုတေ့ ခါနီး၍ ကံအား,ဟဒယဝတ္ထုအား စသည်တို့၏ အားနည်းသည်၏ အဖြစ် ကြောင့် ဇောအရှိန်တို့သည် ပကတိအခါ၌ကဲ့သို့ ၇-ကြိမ် မစောနိုင်ကုန် ပါဘဲ ၅-ကြိမ်သာ စောနိုင်ကုန်တော့သည်။ ။ဟူလို။

---

မရဏာသန္နပစ္စုဒ္ဒါရိကကံသည် ပဋိသန္ဓေ၏ အကျိုးပေးနိုင်ကြောင်း

ငင်းမရဏာသန္န ဇောတို့သည် အကျိုးပေးနိုင်ပါသလော ဟူမူ။ မနော ဒွါရိက၌ဖြစ်သော ကုသိုလ်, အကုသိုလ် စေတနာသျှင် ပဋိသန္ဓေကို ပေး၏။ ပဉ္စဒွါရိကဇောနှင့်တကွဖြစ်သော ကုသိုလ်, အကုသိုလ် စေတနာ ကား ပနိသန္ဓေကို မပေး ဟု မှတ်။

အဘယ့်ကြောင့်ဆိုသော် သေခါနီးကာလ ပဉ္စဒွါရ၌ဖြစ်သော ကံသည် ကား အဘန်တလဲလဲ မမှီဝဲအပ်,မဆည်းဘူးအပ်, တဏှာဖြင့်လည်း မသာ ယာအပ်, မသုံးသပ်အပ်ဖြစ်၍ အချင်းခပ်သိမ်း အားနည်း သောကြောင့် တည်း၊ ထိုသို့ဖြစ်ပါက မရဏာသန္နဇောသည် ဘယ်အကျိုး ရှိပါသနည်း ဟူမူ။ဘဝသစ်၌ ပဋိသန္ဓေကို အာရုံ ဖြစ်စေခြင်း တည်းဟူသော ဒီပန အကျိုးရှိ၏။

၉၂-က။ ။အပ္ပတိနေဟိ သေသာနံ ဆာဒနံ နမနန္တိ စ။
ဒိပနာ ပန သဉ္ဉါရာ၊ကုသလာ၀ ဘဝန္တိဟ။ ။
မရဏာသာ အာသန္နဘာဝေန မန္ဒိဘူတဝေဂတ္တာ
ပဥ္စဇဝနာနိ။

ဝိဘင်း အဋ္ဌကထာ။ ။(၁၃၆)

သဗ္ဗန္တိ ဟေတံ ကုသလာ ကုသလ ဓမ္မပဋိဝိဇနနာဒိ စဝနပရိယော သာနံ ကိစ္စံ မနေသဒ္ဓါရိကစိတ္တေနေဝ ဟောတိ၊န ပဥ္စဒ္ဓါရိကေန။

ဉာဏဝိဘင်း အဋ္ဌကထာ။ ။(၃၅၀)

မရဏကာလေ သမတ္တာယ သမာဒိန္နာယ မိစ္ဆာဒိဋ္ဌိယာ စ သမ္မာ ဒိဋ္ဌိယာ စ သဟဇာတစေတနာယ ပဋိသန္ဓိဒါနံ ဝုတ္တံ၊နစ ဒုဋ္ဌလေဟိ ပဥ္စဒ္ဓါရိကဇဝနေဟိ။ ။မူလဋီကာ။ ။(၉၆)။မဟာဋီကာ။ ။(၂၅၁)

ဆောင်ပုဒ်

က။ ။ကံဝတ္ထု၊အား၊လွန်နည်းပါး၊မှတ်သား-ဇောငါးကြိမ်။
ခ။ ။မနောဒွါဇော၊အားရှိသော၊မှတ်လော-ကျိုးကိုပေး။
ဂ။ ။ပဥ္စဒွါဇော၊အားနည်းသော၊မှတ်လော -ကျိုးမပေး။

---

၉၂။ ။တသ္မာ ယဒိပစ္စုပ္ပန္နာရမ္မဏေသု အာပါထဂတေသု ဓရန္တေသွေဝ။ပ။ တာနိ ပန သဗ္ဗာနိပိ ပရိတ္တဓမ္မ ဘူတာနေဝါရမ္မဏာနိ။

သင်္ဂြိုဟ်ပါဌ်။

ထိုသို့ ဇောငါးကြိမ်သာ အလိုရှိအပ်သောကြောင့် ထင်ခြင်းသို့ ရောက်ကုန်သော တုတ်,လှင်ကန်,ထား,လှံ,လေး,မြှား-စသော ကမ္မနိမိတ်၊အမိဝမ်း ရေ,ငရဲအိုး,ငရဲထိန်း စသောဂတိနိမိတ်-ဟု ဆိုအပ်ကုန်သော ပစ္စုပ္ပန်အာရုံ

---

၉၂ က။ ။သေသာနံ၊ကြွင်းကုန်သော သုဂတိဘုံသို့လားလတ္တံ့သော သတ္တဝါတို့အား။ အပ္ပတိနေဟိ၊ မင်္ဂပြဋ္ဌ် မပယ်အပ်ကုန်သေးသော အငြိမ့်ဇောတာမျာတို့သည်။ဆာဒနန္တိ၊အာခံ့၏ အပြစ်ကိုဖုံးသွပ်ခြင်းသည်၎င်း။နမနန္တိစပဋိသန္ဓေပြည်ဉကိုညွှတ်စေခြင်းသည်၎င်း။ဟောတိ၊ ၏။ဣဟ၊ဤသုဂတိဘုံ၌။ဒိပကာ၊ပင်ချတတ်ကုန်သော။သဉ္ဉါရာ၊တို့သည်။ကုသလာဝ၊မရဏာ သန္နဇောနှင့်တကွဖြစ်သော ကုသိုလ်တို့သည်သာလျှင်။ ဘဝန္တိ၊ဖြစ်ကုန်၏။

တို့သည် ထင်ရှား ရှိကုန်စဉ်လျှင် သေသည်ဖြစ်အံ့၊ ထိုအခါ ပဋိသန္ဓေ, ဘဝင်,စိတ်တို့သည်လည်း ပစ္စုပ္ပန်အာရုံကိုပင် အာရုံပြုကုန်၏။ ထိုကြောင့် ကာမာဝစရပဋိသန္ဓေ၏အာရုံကို ခြောက်ဒွါရဖြင့် ယူအပ်သော ပစ္စုပ္ပန်, အတိတ် ဖြစ်သော ကမ္မနိမိတ်ကိုရင်း, မနောဒွါရဖြင့်သာ ယူအပ်သော ပစ္စုပ္ပန်ဖြစ်သော ဂတိနိမိတ်ကိုရင်း ရအပ်၏။ ကံထင်ရာ၌ကား ကုသိုလ်, အကုသိုလ်ကံသည်လည်း ကာလအားဖြင့် အတိတ်သာတည်း။ ထိုအတိတ်ဖြစ်သော ကုသိုလ်ကံ, အကုသိုလ်ကံ ကိုလည်း မနောဒွါရဖြင့်သာ ယူအပ်၏။

ဤကား ပိဏ္ဍတ္ထ။

---

## ပဋိသန္ဓေ၏ကာလ အဓိပ္ပါယ်

''တသ္မာ ယဒိ ပစ္စုပ္ပန္နာရမ္မဏေသု။ပ။ လဗ္ဘတီတိ ကတွာ''ပါဌ်ဖြင့် ပဋိသန္ဓေစိတ်၏ အာရုံသည် ပစ္စုပ္ပန်အာရုံ, အတိတ်အာရုံ, နဝတ္တဗ္ဗအာရုံဟူ၍ ၃-မျိုးရှိ၏၊ ထိုသုံးမျိုးသော အာရုံတို့တွင် ဤသင်္ဂဟပါဌ်ဖြင့် ပစ္စုပ္ပန်အာရုံပြုသော ပဋိသန္ဓေစိတ်ကို ပြတော်မူ၏။ ။ဤပစ္စုပ္ပန်အာရုံအရ အဓိပ္ပါယ်ကား····မရဏာသန္နမနောဒွါရဝီထိ၌ တဒါရုံနောင် စုတိကျရာဝယ် ပဋိသန္ဓေနောင် ဘဝင်လေးချက်ထိအောင် ပစ္စုပ္ပန်အာရုံရ၏။ ။ပဉ္စဒွါရဝီထိ၌ကား ပဋိသန္ဓေသာလျှင် ပစ္စုပ္ပန် အာရုံရ၏။ အဘယ့်ကြောင့် ဆိုသော် စိတ္တက္ခဏ ၁၇-ချက်သည် ပဋိသန္ဓေနောင် ဘဝင် ၄-ချက်၌ ဆုံးသောကြောင့်တည်း။

မနောဒွါရဝီထိ၌ ဇောနောင် စုတိကျရာဝယ် ပဋိသန္ဓေနောင် ဘဝင်ခြောက်ချက်ထိအောင် ပစ္စုပ္ပန်အာရုံရ၏၊ ပဉ္စဒွါရ၌ကား ပဋိသန္ဓေနောင် ဘဝင် နှစ်ချက်တိုင်အောင် ပစ္စုပ္ပန်အာရုံရ၏။ ။မနောဒွါရဝီထိ၌ တဒါရုံနောင်ဘဝင်, ဘဝင်နောင်စုတိ ဖြစ်အံ့၊ ပဋိသန္ဓေနောင်ဘဝင် သုံးချက်ထိအောင် ပစ္စုပ္ပန်အာရုံရ၏။ ဇောနောင် ဘဝင်,ဘဝင်နောင်စုတိ ဖြစ်အံ့၊ပဋိသန္ဓေနောင် ဘဝင်ငါးချက်ထိအောင် ပစ္စုပ္ပန်အာရုံရ၏၊ ပဉ္စဒွါရဝီထိ၌ကား တဒါရုံနောင်ဘဝင် ဘဝင်နောင် စုတိဖြစ်အံ့၊ ပဋိသန္ဓေ, ဘဝင်တို့သည် ပစ္စုပ္ပန်အာရုံကို မရကြပါဘဲ ၎င်းပစ္စုပ္ပန်အာရုံသည် စုတိ၏ဘဝင်၌ သတ္တရသပြည့်၍ ချုပ်နှင့်သဖြင့် ပဋိသန္ဓေအခါကျသကာလ အတိတ်အာရုံသာဖြစ်၍ အတိတ်အာရုံကိုသာ ရကုန်၏။ ။ဇောနောင်ဘဝင်, ဘဝင်နောင်

စုတိ,ဖြစ်ပါမူ ပဋိသန္ဓေနောင် ဘဝင်တချက်တိုင်အောင် ပစ္စုပ္ပန်အာရုံကို ရကုန်၏-ဟူ၍မှတ်။ ။(အကျယ်သိလိုပါမူ ပဋိစ္စသမုပ္ပါဒ ဝိဘင်းအဋ္ဌကထာ ၁၂၄။ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ ၄၇၇-တို့၌ ရှုလင့်ကုန်)။

---

## ကမ္မနိမိတ်, ဂတိနိမိတ် ၂-ပါး အဓိပ္ပါယ်

"ကာမာဝစရ ပဋိသန္ဓိယာ ဆဋ္ဌဒွါရဂ္ဂဟိတံ။ပ။ ဥပလဒ္ဓတိ" ပါဌ်ဖြင့် ကာမာဝစရပဋိသန္ဓေ၌ ကမ္မနိမိတ်, ဂတိနိမိတ် ၂-ပါးတွင် ကမ္မနိမိတ်ကား ပစ္စုပ္ပန်ကမ္မနိမိတ်, အတိတ်ကမ္မနိမိတ် ဟူ၍ ၂-မျိုးရှိ၏၊ ချုပ်ဆုံးပျောက်ကွယ်ပြီးသော ဆွမ်း, သင်္ကန်း, ကျောင်း, ကန်-စသော ကုသိုလ်ကမ္မနိမိတ်, တုတ်-လှံ-ထား စသော အကုသိုလ် ကမ္မနိမိတ်တို့သည် အတိတ်ကမ္မနိမိတ်မည်ကုန်၏၊ ထိုအတိတ်ကမ္မနိမိတ်သည် မနောဒွါရ၌သာ ထင်နိုင်သည်။

စုတေ့ခါနီးဝယ် မိဘ, ဆွေမျိုးတို့သည် ယူဆောင်အပ်သော ဆွမ်း, ပန်းစသော မချုပ်သေးဘဲ ထင်ရှားရှိဆဲဖြစ်သော ကမ္မနိမိတ်သည် ပစ္စုပ္ပန်ကမ္မနိမိတ်မည်၏၊ ထိုကမ္မနိမိတ်သည် အာရုံအားဖြင့် ခြောက်ပါးလုံးပင်တည်း၊ ဒွါရအားဖြင့် ခြောက်ဒွါရလုံး၌ ထင်နိုင်၏၊ ဂတိနိမိတ်သည်ကား ကာလအားဖြင့် ပစ္စုပ္ပန်ကာလသာတည်း၊အာရုံအားဖြင့် ရူပါရုံသာတည်း။ ဒွါရအားဖြင့် မနောဒွါရ၌သာ ထင်နိုင်၏ ဟူသော အဓိပ္ပါယ်ကို ပြ၏။

---

## ကံ၏အာရုံ အဘွင့်

"ကမ္မံ ပန အတီတမေဝ၊ တဥ္စ မနောဒွါရဂ္ဂဟိတံ။
တာနိ ပန သဗ္ဗာနိပိ ပရိတ္တဓမ္မဘူတာနေဝါရမ္မဏာနိ"။ ။

ဟူသော သင်္ဂြိုဟ်ပါဌ်ဖြင့်··· ကံ-အာရုံကား ကာလအားဖြင့် အတိတ်ကာလ စေတနာအာရုံသာဖြစ်၏။ဒွါရအားဖြင့် မနောဒွါရ၌သာ ထင်နိုင်၏။ ထိုကံ, ကမ္မနိမိတ်, ဂတိနိမိတ် အာရုံတို့ဟူသည် တရားကိုယ် အားဖြင့် ဆိုသော် ကာမစိတ်,စေတသိက် ၃၈-ပါး,ရုပ် ၂၈-ပါး၊ ကာမတရားများသာဖြစ်၏ ဟူသော အဓိပ္ပါယ်ကို ပြ၏။

ဤအလို ဆိုလိုရင်း အဓိပ္ပါယ်ကား····ကံ,ကမ္မနိမိတ်, ဂတိနိမိတ် သုံးပါးတို့တွင် ကံ-သည် ကာလအားဖြင့် အတိတ်ကာလ၊ အာရုံအားဖြင့် ဓမ္မာရုံတည်း၊ ဒွါရအားဖြင့် မနောဒွါရ၌ ဖြစ်၏။ ။ကမ္မနိမိတ်ကား ကာလ

အားဖြင့် ပစ္စုပ္ပန်ကာလ, အတိတ်ကာလတည်း၊ အာရုံအားဖြင့် ရူပါရုံစသော အာရုံခြောက်ပါးတည်း၊ ဒွါရအားဖြင့် စက္ခုဒွါရစသော ခြောက်ဒွါရ၌ဖြစ်၏။ အထူးအားဖြင့် ဓမ္မာရုံဖြစ်ပါမူ မနောဒွါရ၌သာ ဖြစ်၏။ ဂတိနိမိတ်ကား ကာလအားဖြင့် ပစ္စုပ္ပန်ကာလသာတည်း၊ အာရုံအားဖြင့် ရူပါရုံသာတည်း၊ ဒွါရအားဖြင့် မနောဒွါရ၌သာ ဖြစ်၏။

## မှတ်သားဖွယ် အထူး

ဧင်းကံစသောအာရုံ ၃-ပါးသည် အနာဂတ်ကာလဟူ၍ မရှိ၊ အဘယ့်ကြောင့်ဆိုသော် အတိတ်ဖြစ်သော ကံ, ကမ္မနိမိတ်, ဂတိနိမိတ်များကဲ့သို့ ခံစားပြီးသော အာရုံမဟုတ်သောကြောင်းဧင်း, ပစ္စုပ္ပန် ကမ္မနိမိတ်, ဂတိနိမိတ်များကဲ့သို့လည်း ခံစားဆဲ ရှေ့ရှုကျရောက်ဆဲ အာရုံလည်း မဟုတ်သောကြောင့်တည်း။

ကာမာဝစရသန္ဓိနံ၊ ပရိတ္တာရမ္မဏံ မတံ။
ပစ္စုပ္ပန္နမတီတံ ဝါ၊ ဟောတိ နတ္ထိ အနာဂတံ။ ။

အဘိဓမ္မာဝတာရ။ ။(၆၆)

စုတိစိတ်သည်ကား ပစ္စုပ္ပန်ကို အာရုံပြုသည်မရှိ၊ အဘယ့်ကြောင့်ဆိုသော် မူလအစ ပဋိသန္ဓေ၏ အာရုံကိုပင် အာရုံပြုရသောကြောင့်တည်း။ ထိုစကားမှန်၏၊ ပဋိသန္ဓေ,ဘဝင်, စုတိစိတ်တို့သည် အာရုံမကွဲရ၊ တူသော အာရုံ ရှိရ၏။ သို့ဖြစ်၍ ပဋိသန္ဓေတည်စက အာရုံကိုပင် နောက်စုတိကျသကာလ အာရုံပြုရပြန်သဖြင့် လွန်ပြီးသော အတိတ်အာရုံသာ ဖြစ်၏။ ပစ္စုပ္ပန်အာရုံဟူ၍ မရှိသင့်တော့ပြီ။ ။ဟူလို။

## ကမ္မနိမိတ် အဆုံးအဖြတ်

ကမ္မနိမိတ်၏ ပစ္စုပ္ပန်ဖြစ်မှုသည်လည်း မုချကမ္မနိမိတ်,တံသဒိသ ကမ္မနိမိတ်ဟူ၍ ၂-မျိုးရှိ၏၊ ထို ၂-မျိုးတို့တွင် သက်န်းစသော အလှူဝတ္ထုကို ရေစက်ချ၍ လှူစဉ်က ထင်ရှားရှိသော သက်န်းစသော နိမိတ်အာရုံသည် မုချ ကမ္မနိမိတ်မည်၏။ ။မရဏာသန္နဇောအား ထင်လာသော ရှေးက ပြုအပ်ပြီးသော အာရုံသည် ရှေးနိမိတ်နှင့် တူစွာ ထင်လာသောကြောင့် တံသဒိသကမ္မနိမိတ် မည်၏။

ထိုမှချ ကမ္မနိမိတ် သည်ပင် စုတေ့ခါနီးဝယ် မရဏာသန္နဇောအား ထင်လာသောအခါ ထိုရှေးမှုအတိုင်း ထပ်တူထပ်မျှ ထင်လာသောကြောင့် အတုကမ္မနိမိတ်မည်၏၊ ထိုသို့ အတုဖြစ်သော်လည်း အစဥ်မပြတ်ရသော ကြောင့်သာ ပစ္စုပ္ပန် ဟု ဆိုရ၏။ သက္ကတိပစ္စုပ္ပန် ဟူလို။

၉၂-က။ ။ပစ္စုပ္ပန္နာရမ္မဏံ ပန စုတိစိတ္တံ နာမ နတ္ထိ။ ။ဝိသုဒ္ဓိမဂ် အဋ္ဌကထာ။ ။(၄၇၇)

ပစ္စုပ္ပန္နာရမ္မဏံ စုတိစိတ္တံ နာမ နတ္ထိ။ ပဋိသန္ဓိ အာရမ္မဏေ ဧဝ ပဝတ္တနတော။ ။မဟာဋီကာ။ ။(၂၅၀)

ပဉ္စဒွါရေ စ အာပါထံ အာဂစ္ဆန္တံ ပစ္စုပ္ပန္နံ ကမ္မနိ မိတ္တံ အာသန္နကတကမ္မာရမ္မဏသန္တတိယံ ဥပ္ပန္နံ၊တံ သဒိသဥ္စာတိ ဒဋ္ဌဗ္ဗံ။ ။မူလဋီကာ။ ။(၉၅)။ မဟာဋီကာ ။(၂၅၁)

**ဆောင်ပုဒ်**

က။ ။ပဋိအာရုံ၊ ဖြစ်ခဲ့တုံ၊ ကင်းကုန်-စု-ပစ္စုပ်။

ခ။ ။စုတိ ရှေးတိတ်၊ ကံနိမိတ်ကား၊ ထင်ရိပ် အစဥ်၊ ဖြစ်သည့်အင်၊ မှတ်ရှင်-ပစ္စုပ္ပန်။

---

## ဂတိနိမိတ် အဆုံးအဖြတ်

ဤဂတိနိမိတ်၏အရ ၂-ဝါဒ ကွဲပြား နေလေ၏။ ။ဋီကာကျော် ဆရာ များကား"ဂတိနိမိတ္တံ ဆဒ္ဒွါရဂ္ဂဟိတံ"ဟု ဘွင့်တော်မူ၏။ ဝိဘင်း အဋ္ဌ ကထာ,ဝိသုဒ္ဓိမဂ် အဋ္ဌကထာများ၌လည်း"ဂတိနိမိတ္တံမနောဒွါရေ အာပါထ

---

၉၂-က။ ။ဒုတိရိက်ကိုဆိုဦးအံ့။ ။ပစ္စုပ္ပန္နာရမ္မဏံ၊ပစ္စုပ္ပန်အာရုံရှိသော။စုတိစိတ္တံ နာမ၊ စုတိစိတ်မည်သည်။န နတ္ထိ၊ မရှိ။ ။(အဋ္ဌကထာ အနက်)။

ပစ္စုပ္ပန္နာရမ္မဏံ၊သော။ စုတိစိတ္တံနာမ၊မည်သည်။နတ္ထိ၊မရှိ။ ကသ္မာ၊ အဘယ့်ကြောင့်နည်း ဟူမူကား။ပဋိသန္ဓိအာရမ္မဏေဧဝ၊ပဋိသန္ဓေ အာရုံ၌သာလျှင်။ပဝတ္တနတော၊ဖြစ်သောကြောင့် တည်း။ ။(ဤကား မဟာဋီကာ အနက်)။

စ၊ဆက်။ပဉ္စဒွါရေ၊ပဉ္စဒွါရ၌။အာပါထံ၊ထင်ခြင်းသို့။ အာဂစ္ဆန္တံ၊ရောက်သော။ ပစ္စုပ္ပန္နံ၊ သော။ကမ္မနိမိတ္တံ၊သည်။အာသန္နကတကမ္မာရမ္မဏသန္တတိယံ၊စုတိကာလ၏အနီး ပြုအပ်သော ကံ၏အာရုံအစဥ်၌။ဥပ္ပန္နံ၊ဖြစ်သည်လည်း။ဟောတိ၊၏။ တံသဒိသဉ္စ၊အကြင်အကြောင်းဆိုအပ်ပြီး သောသိုကံ၏အာရုံနှင့် တူသည်လည်း။ ဟောတိ၊၏။ဣတိ၊သို့။ဒဋ္ဌဗ္ဗံ၊၏။ ။(ဤကား မူလဋီကာ အနက်)။

၂၆

မာဂစ္ဆတိ”ဟု လာရှိ၏။သို့ဖြစ်၍ ဂတိနိမိတ်သည် ကာလအားဖြင့် ပစ္စုပ္ပန် ကာလ။ဒွါရအားဖြင့် မနောဒွါရ၌သာ ထင်၏ဟု ဆုံးဖြတ်တော်မူကြကုန်၏။

ဂတိနိမိတ်၏ ကာလအားဖြင့် ပစ္စုပ္ပန်ကာလဟူရာဝယ် အဘယ်သို့ လျှင် ပစ္စုပ္ပန်ကာလ ဖြစ်နိုင်အံ့နည်း၊ ဘဝတပါးသို့ ကျရောက်လတ္တံ့သော သတ္တဝါသည် မိမိလားရာ ဘဝအားလျော်စွာ ကမ္ဘလာနီ, တောမြိုင်ကြီး စသော ဂတိနိမိတ် ထင်လာသဖြင့် ၎င်းအာရုံများသည် တွေ့ခဲ့ဘူးသော အတိတ်အာရုံလည်း မဟုတ်၊ ပစ္စုပ္ပန်ကာလ ယခုစုတိခါနီးမှ တွေ့မြင်သိရှိ ရ၍ ပစ္စုပ္ပန်ကာလ မည်၏။ ။ဟူလို။

ဒွါရ အားဖြင့် မနောဒွါရ၌သာ ထင်ပုံမှာ ၎င်းဂတိနိမိတ်သည် အသင်းရူပါရုံဖြစ်၍ အဘယ်သို့ မနောဒွါရ၌ ထင်ပါသနည်းဟူမူ၊ အိပ်မက် မြင်မက်သော သူ၏ ထင်ပုံကဲ့သို့၎င်း,ဒိဗ္ဗစက္ခုအဘိညာဉ်ရသော ပုဂ္ဂိုလ်၏ ထင်ပုံကဲ့သို့၎င်း ကံ၏ အစွမ်းဖြင့် အဆင်းပုံဟန်သည် မနောဒွါရ၌ ထင်လာ၏ ဟု မှတ်။

သို့သော် သစ္စသံခိပ် ဆရာများကား နတ်ပြည်ခြောက်ထပ်မှ မိမိ၏ အထံသို့လာကုန်သော နတ်ရထားတို့ကို ဂတိနိမိတ်ပြု၍ စုတေကုန်သော ဓမ္မိကဉပါသကာ, ဒုဋ္ဌဂါမဏိ အဘယမင်းကြီးများကိုထောက်၍ ဂတိနိမိတ် သည်လည်း ကမ္မနိမိတ်ကဲ့သို့ အာရုံခြောက်ပါးလုံး အကုန်ထင်သင့်၏၊ ကာလအားဖြင့်လည်း ပစ္စုပ္ပန်,အတိတ် ၂-ပါး ဖြစ်သင့်၏ ဟု မိန့်ဆိုတော် မူကုန်၏။

၉၂-ခ။ ။ပဉ္စဒွါရေ သိယာ သန္တိ၊ ဝိနာ ကမ္မံ ဒွိဂေါစရေ။

သစ္စသံခိပ် အဋ္ဌကထာ။

ရှင်းလင်းချက်····ထို ၂-ဦးသော ဝါဒကို ရှင်းလိုက်သည်ရှိသော် ဂတိ နိမိတ်သည် မနောဒွါရ၌သာ ထင်၏ ဟု ယူသော အဋ္ဌကထာ ဆရာများ၏ အလိုတော်ကား သစ္စသံခိပ် ဆရာများကဲ့သို့ နတ်တို့၏ အာနုဘော်ကြောင့် ရူပါရုံစသော အာရုံခြောက်ပါးတို့သည် ပဉ္စဒွါရ၌ ထင်လာကုန်သည်မှန်၏၊ ထိုသို့ ထင်လာသော်လည်း ၎င်းအာရုံ ခြောက်ပါးသည် အန္တိမအဆုံး

---

၉၂-ခ။ ။သန္တိ၊ပဋိသန္ဓေသည်။ပဉ္စဒွါရေ၊၌။ကမ္မံ၊ကံ-ကို။ဝိနာ၊၍။ဒွိဂေါစရေ၊ကမ္မနိမိတ် ဂတိနိမိတ် ဟု ဆိုအပ်သော ၂-ပါးသော အာရုံ၌။ သိယာ၊ ၏။

ဇောသို့ ရောက်သောအခါဝယ် အိပ်မက်မြင်မက်သောသူ စသည်၏ ထင်ပုံကဲ့သို့ ထင်ခြင်းမျိုးဖြစ်၍ မနောဒွါရ၌သာ ထင်၏ ဟု ယူတော်မူကြကုန်၏။

သစ္စံ, သတ္တော, ပဋိသန္ဓိ၊ ပစ္စယာကာရမေဝ စ။
ဒုဒ္ဒသာ စတုရော ဓမ္မာ၊ ဒေသေတုံ စ သုဒုက္ကရာ။ ။

အဋ္ဌကထာလာ ပေါရာဏ ရှေးဆရာတို့ မိန့်မှာတော်မူအပ်သောအရ၊ ဤပဋိသန္ဓေနှင့် စပ်သောအရာ အဘွင့် ဝဏ္ဏနာသည် အလွန်ခက်ခဲသောအရာ ၄-မျိုး၏အပါအဝင်ဖြစ်ပါ၍ ပါဠိ,အဋ္ဌကထာ,မူလဋီကာ,မဟာဋီကာ စသော ပိဋကတ်များကို အထပ်ထပ် ကြည့်ရှု၍ ဘွင့်ဆိုရေးသား အပ်ပါသတည်း၊ပညာရှိသွား မေတ္တာတရားဖြင့် ရှုစားတော်မူကြစေခလို။

၉၂-ဂ။ ။မနောဒွါရေ အာပါထမာဂစ္ဆတီတိ ကမ္မဗလေန ဥပဋ္ဌာပိတဝဏ္ဏာယတနံ သုပိနံ ပဿန္တဿ ဝိယ ဒိဗ္ဗစက္ခုဿ ဝိယ မနောဒွါရေ ဧဝ ဂေါစရဘာဝံ ဂစ္ဆတိ။

မူလဋီကာ, မဟာဋီကာ။ ။(၂၅၁)

**ဆောင်ပုဒ်**

က။ ။ဂတိနိမိတ်၊ ထင်ရိပ် အချက်၊ အိပ်မက်သူလား၊
မြင်မှုသွား၊ မှတ်သား—မနောဒွါ။
ခ။ ။အာရုံ ခြောက်ဖြာ၊ မြင်ဟုမှာ၊ ဆဒွါ-အပရေ။

---

## ရူပါဝစရ ပဋိသန္ဓေ၏ အာရုံ

၉၃။ ။ရူပါဝစရပဋိသန္ဓိယာ ပန ပညတ္တိဘူတံ ကမ္မနိမိတ္တမေဝါ ရမ္မဏံ ဟောတိ။

သင်္ဂြိုဟ်ပါဠိ။

---

၉၂-ဂ။ ။မနောဒွါရေ အာပါထမာဂစ္ဆတီတိ၊ ကား။ ကမ္မဗလေန၊ ကံ၏အစွမ်းဖြင့်။ ဥပဋ္ဌာပိတဝဏ္ဏာယတနံ၊ ထင်စေအပ်သောရုပ်ရှိသည်။ သုပိနံ၊ အိပ်မက်ကို။ ပဿန္တဿ ဝိယ၊ မြင်သော သူ၏ကဲ့သို့၎င်း။ ဒိဗ္ဗစက္ခုဿ ဝိယ၊ ဒိဗ္ဗစက္ခုအဘိညာဉ်ကိုရသော ပုဂ္ဂိုလ်၏ကဲ့သို့၎င်း။ မနောဒွါရေ ဧဝ၊ ၌သာလျှင်။ ဂေါစရဘာဝံ၊ အာရုံ၏ အဖြစ်သို့။ ဂစ္ဆတိ၊ ရောက်၏။

ရူပါဝစရပဋိသန္ဓေ၏ အာရုံကား ပညတ်ဖြစ်သော ကမ္မနိမိတ် အာရုံသာ ဖြစ်၏။ ။ဟူလို။

ဤကား ပိဏ္ဍတ္ထ။

---

## အဝယဝတ္ထု အဓိပ္ပါယ်

ရူပါဝစရ ပဋိသန္ဓေကား ပဌမဈာန်ပဋိသန္ဓေ။ပ။ ပဥ္စမဈာန် ပဋိသန္ဓေ ဟူ၍ ၅-ပါးရှိရာ ပဌမဈာန် ပဋိသန္ဓေ၏ အာရုံကား ကသိုဏ်း ၁၀-ပါး, အသုဘ ၁၀-ပါး,အာနာပါနဿတိ, ကာယဂတာသတိ, မေတ္တာ,ကရုဏာ, ဥပေက္ခာ-အားဖြင့် ၂၅-ပါးသော ပညတ်ကမ္မနိမိတ် ဓမ္မာရုံသာတည်း။ ။ ဒုတိယဈာန် ပဋိသန္ဓေ, တတိယဈာန်, ပဋိသန္ဓေ စတုတ္ထဈာန် ပဋိသန္ဓေ ၃-ပါး၏အာရုံကားကသိုဏ်း၁၀-ပါး,အာနာပါနဿတိ,မေတ္တာ,ကရုဏာ, ဥပေက္ခာအားဖြင့် ၁၄-ပါးသော ပညတ်ကမ္မမိတ် ဓမ္မာရုံသာတည်း။ ။ ပဥ္စမဈာန် ပဋိသန္ဓေ၏ အာရုံကား ကသိုဏ်း ၁၀-ပါး အာနာပါနဿတိ, ဥပေက္ခာ-အားဖြင့် ၁၂-ပါးသော ပညတ်ကမ္မနိမိတ် ဓမ္မာရုံသာတည်း။

---

## ရူပပဋိသန္ဓေ ဝီထိ

ကာမဘုံသုဂတိခုနစ်ဘုံမှစုတေ၍အသညသတ်ကြဉ်သော ရူပ-၁၅-ဘုံ၌ ဖြစ်လတ္တံ့သော ကာမပုဂ္ဂိုလ်အား ဘဝင်စလန, ဘဝင်ုပစ္ဆေဒ၊ ထိုနောင် ကသိုဏ်း ပဋိဘာဂနိမိတ် စသော ပညတ်ကမ္မနိမိတ် ဓမ္မာရုံကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်း,မရဏာသန္နဇောငါးကြိမ်,စုတိ,ပဋိသန္ဓေ,ဘဝင် ၁၅-ချက် ၁၆-ချက်, မနောဒွါရာဝဇ္ဇန်း,ဘဝနိကန္တိလောဘဇော ၇-ကြိမ်, ထိုနောင် ဘဝင် ဖြစ်ထိုက်သရွေ့ဖြစ်၏။ ။ဤသို့ ရူပပဋိသန္ဓေစိတ်သည် ကသိုဏ်း စသော ပညတ်ဓမ္မာရုံ ကမ္မနိမိတ်သာ ထင်လာ၍ ထိုပညတ်ဓမ္မာရုံ ကမ္မနိမိတ်ကိုသာ အာရုံပြု၏ ဟု မှတ်။

**ဆောင်ပုဒ်။** ။ကမ္မနိမိတ်၊ပညတ်ရိပ်၊ပြုစိတ်-ရူသန္ဓေ။

## အရူပပဋိသန္ဓေ၏ အာရုံ

၉၄။ ။တထာ အရူပပဋိသန္ဓိယာ စ မဟဂ္ဂတာဘူတပညတ္တိဘူတဉ္စ ကမ္မနိမိတ္တမေဝ ယထာရဟံ အာလမ္ဗဏံ ဟောတိ၊

သင်္ဂြိုဟ်ပါဠိ။

အရူပပဋိသန္ဓေ စိတ်သည်ကား မဟဂ္ဂုတ်ဖြစ်သော ကမ္မနိမိတ်ပညတ်ဖြစ်သော ကမ္မနိမိတ်အာရုံကို ထိုက်သည့်အားလျော်စွာ အာရုံပြု၏။ ။ ဟူလို။

ဤကား ပိဏ္ဍတ္ထ။

---

## ယထာရဟ အဓိပ္ပါယ်

ပဌမာရုပ္ပ ပဋိသန္ဓေ ဝိညာဏ်နှင့် တတိယာရုပ္ပ ပဋိသန္ဓေ ဝိညာဏ် ၂-ပါးသည် မဟဂ္ဂုတ်ကမ္မနိမိတ်ဓမ္မာရုံကို အာရုံပြု၏။ ဒုတိယာရုပ္ပပဋိသန္ဓေ ဝိညာဏ်နှင့် စတုတ္ထာရုပ္ပ ပဋိသန္ဓေဝိညာဏ် ၂-ပါးကား ပညတ်ကမ္မနိမိတ် ဓမ္မာရုံကိုအာရုံပြု၏။ဟု ဝိညာဏ်နှင့် နိမိတ်ထိုက်သည် အားလျော်စွာ ယူ-ဟူလိုသည်။

အဖြောင့် အဓိပ္ပါယ်ကား....၁-အာကာသာနဉ္စာယတန ပဋိသန္ဓေစိတ်သည် ကောင်းကင်ပညတ် ကမ္မနိမိတ်ကို အာရုံပြု၏။ ။၂-ဝိညာဏဉ္စာယတနပဋိသန္ဓေစိတ်သည် ရှေးဘဝအတ္တဘာဝသန္တာန်၌ဖြစ်သော အာကာသာနဉ္စာယတနကုသိုလ် ဟု ဆိုအပ်သော မဟဂ္ဂုတ်ကမ္မနိမိတ် ဓမ္မာရုံကို အာရုံပြု၏။ ။၃-အာကိဉ္စညာယတန ပဋိသန္ဓေသည် နတ္ထိဘာဝပညတ် ကမ္မနိမိတ်ဓမ္မာရုံကို အာရုံပြု၏။ ။၄-နေဝသညာ နာသညာယတန ပဋိသန္ဓေသည် ရှေးဘဝအတ္တဘာဝသန္တာန်၌ဖြစ်သော အာကိဉ္စညာယတန ကုသိုလ်ဟု ဆိုအပ်သော မဟဂ္ဂုတ်ကမ္မနိမိတ် ဓမ္မာရုံကို အာရုံပြု၏။ ။ဟူလို။

---

## အရူပပဋိသန္ဓေ ဝီထိ

ကာမသုဂတိ ခုနစ်ဘုံမှစုတေ၍ အရူပလေးဘုံ၌ ဖြစ်လတ္တံ့သော ပုဂ္ဂိုလ်အား ဘဝင်္ဂစလန, ဘဝင်္ဂုပစ္ဆေဒ၊ ထိုနောင် မဂ္ဂုတ်ကမ္မနိမိတ် ပညတ်ကမ္မနိမိတ်ကို အာရုံပြု၍မနောဒွါရာဝဇ္ဇန်း,မရဏာသန္နဇော,ငါးကြိမ်,စုတိ, ပဋိသန္ဓေ,ဘဝင် ၁၅-ချက် ၁၆-ချက်၊ မနောဒွါရာဝဇ္ဇန်း, ဘဝနိကန္တိက

လောဘဇော ၇-ကြိမ်, ထိုနောင် ဘဝင် ဖြစ်ထိုက်သမျှ ဖြစ်လေ၏။ ။ သို့ဖြစ်၍ အရူပပဋိသန္ဓေသည် မဟဂ္ဂုတ် ကမ္မနိမိတ်ဓမ္မာရုံ, ပညတ်ကမ္မနိမိတ်ဓမ္မာရုံကို အာရုံပြုသည် ဟု မှတ်လေ။

**ဆောင်ပုဒ်**

က။ ။အရုပ်-ပ,တိ၊ပြုဘိမဟာ၊ဒု-စ,တွက်၊ပြုချက်-ပညတ်မှန်။

ခ။ ။ဤသည့် နည်းကို၊သိစေလို၊မိန့်ဆို-ယထာရဟံ။

---

**အသညသတ် ပဋိသန္ဓေ၏ အာရုံ**

၃၅။ ။**အသညသတ္တာနံ ပန ဇီဝိတနဝကမေဝ ပဋိသန္ဓိဘာဝေန ပတိဋ္ဌာတိ၊ တသ္မာ တေ ရူပပဋိသန္ဓိကာနာမ**။

သင်္ဂြိုဟ်ပါဌ်။

အသညသတ် သတ္တဝါတို့အား ဇီဝိတနဝက ကလာပ်ရုပ် သည်သာ ပဋိသန္ဓေဖြစ်၏။ နာမ်မပါ။ ထို့ကြောင့် ထိုအသညသတ် သတ္တဝါတို့သည် ရုပ်သက်သက် ပဋိသန္ဓေ တည်နေသော ပုဂ္ဂိုလ်တို့မည်ကုန်၏။ ဘဝင်, စုတိ တို့သည်လည်း ရုပ်သာဖြစ်ကုန်၏။ ။ဟူလို။

ဤကား ပိဏ္ဍတ္ထ။

---

**အသညသတ်စုတိ ပဋိသန္ဓေ ဝီထိ**

ကာမ ၇-ဘုံမှ စုတေ၍ အသညသတ်ဘုံ၌ ဖြစ်လတ္တံ့သောသတ္တဝါတို့အား ဘဝင်စလန, ဘဝင်ုပစ္ဆေဒ,ထိုနောင် ဝါယောကသိုဏ်း ပညတ်ကမ္မနိမိတ်ကို၊ ကေစိဝါဒအားဖြင့် အာကာသကသိုဏ်း ပညတ်ကမ္မနိမိတ်ကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်း, မရဏာသန္နဇော ၁ါးကြိမ်,စုတိကိစ္စတကြိမ် ဖြစ်၏။ ထိုနောင် ဇီဝိတနဝကလာပ်ရုပ်သည် ပဋိသန္ဓေကိစ္စဖြစ်၍ချုပ်၏။ ထိုနောင် ဇီဝိတနဝက ကလာပ်ရုပ်၏ ဌီမှစ၍ ပဝတ္တိကာလ ၌လည်း ဇီဝိတနဝက ကလာပ်နှင့် ဥတုဇအဋ္ဌက-ကလာပ်ရုပ်တို့သည် အလျဉ်မပြတ် ဘဝင် ကိစ္စ ဖြစ်၍ချုပ်၏။ဤဝီထိကား····ကာမဘုံမှစုတေ၍အသညတ်ဘုံ၌ ဇီဝိတဆဋ္ဋ, ဇီဝိတနဝက ကလာပ်ရုပ်သည်သာလျှင် သတ္တရသာယုက ပြည့်၍ ချုပ်တုံ, ပျက်တုံ, ဖြစ်တုံ, မြစ်ရေအယဉ်ကဲ့သို့ အစဉ်မပြတ် မဟာကပ် ၁ါးရာတို့ ပတ်လုံး အသညသတ်ဘုံ၌ ဖြစ်လေ၏။

## ကာမဘုံသို့ စုတေသော အသညသတ် ဥပမာ

အသညသတ်ဘုံမှ စုတေ၍ ကာမသုဂတိ ခုနစ်ဘုံ၌ ဖြစ်လတ္တံ့သော ပုဂ္ဂိုလ်အား ဇီဝိတနဝကကလာပ်သည် စုတိကိစ္စဖြစ်၍ ချုပ်၏၊ထိုနောင်ဥပစာရစေတနာ ဟု ဆိုအပ်သောကံသည် ထင်စေအပ်သော ကံ,ကမ္မနိမိတ်, ဂတိနိမိတ် သုံးပါးတို့တွင် တပါးပါးကို အာရုံပြု၍ မဟာဝိပါက်စိတ် ၈-ခု တို့တွင် တပါးပါးသည် ပဋိသန္ဓေကိစ္စ တကြိမ်ဖြစ်၍ချုပ်၏၊ထိုနောင် ဘဝင် ၁၅-ချက်,ဘဝင်၁၆-ချက်,မနောဒွါရာဝဇ္ဇန်း,ဘဝနိကန္တိက လောဘဇော ၇-ကြိမ်၊ထိုနောင် ဘဝင်ဖြစ်ထိုက်ရွေ့ ဖြစ်လေ၏။

## အသညသတ် ပဋိသန္ဓေ အာရုံထင်မြင်ပုံ

ကာမဘုံမှစုတေ၍ အသညသတ်ဘုံ၌ ပဋိသန္ဓေတည်နေသော ပုဂ္ဂိုလ် အား ရုပ်ပဋိသန္ဓေဖြစ်၍ အာရုံယူဘွယ် ကိစ္စမရှိပေ၊ အသညသတ်ဘုံမှ စုတေသော သတ္တဝါအား မရဏာသန္နဇောသည်မရှိသဖြင့် မရဏာသန္နဇော သည် ထင်စေအပ်သော တစုံတခုသော အာရုံမရှိခဲ့၊သို့ဖြစ်ပါကအသည သတ် စုတိနောင်ကျရောက်လာသော ကာမပဋိသန္ဓေစိတ်သည် အဘယ်ကို အာရုံပြုပါသနည်း ဟူမူ။ ။ထိုအသညသတ်ဘုံမှ စုတေသော ပုဂ္ဂိုလ်၏ ကာမ ပဋိသန္ဓေစိတ် သည်ကား မရဏာသန္နဇောပင် မရှိစေကာမူ အသ ညသတ်ဘုံ၌ မဖြစ်မီ ရှေးရှေးဘဝက ပြုခဲ့ဘူးသော ဥပစာရစေတနာ ဟု ဆိုအပ်သော အပရာပရိယ ကံဟောင်း၏ အစွမ်းကြောင့် ကောင်းကင်မှ ကျလာဘိသကဲ့သို့ အလိုလိုထင်လာသော ကံ,ကမ္မနိမိတ်,ဂတိနိမိတ် သုံးပါး တို့တွင် တပါးပါးကို အာရုံပြုရ၏။

၉၅-က။ ။ဘဝန္တရကတံ ကမ္မံ၊ယမောကာသံ လဘေ တတော။ ဟောတိ သာ သန္ဓိ တေနေပ၊ဥပဋ္ဌာပိတဂေါစရေ။

သစ္စသံခိပ် အဋ္ဌကထာ။

**သဒ္ဒါပုဒ်။** ။ဘဝတပါး၊ပွါးများသည့်ကု၊ထင်စေမူ၊ ပြုဘိ-ကံနိမိတ်။

---

၉၅-က။ ။ဘဝန္တရကတံ၊အသညသတ်ဘုံသို့ မရောက်မီ အခြားဘဝ၌ ပြုအပ်သော။ ယံကမ္မံ၊အကြင် ဥပစာရစေတနာ-ဟုဆိုအပ်သောကံသည်။ဩကာသံ၊အခွင့်ကို။ လဘေ၊ရ၏။ တတော၊ထို့ကြောင့်။သာသန္ဓိ၊ သိုကာမာဝစရပဋိသန္ဓေသည်။တေနေဝ၊ထိုဥပစာရချာန် စေတနာ-ဟုဆိုအပ်သောအပရာပရိယကံသည်သာလျှင်။ဥပဋ္ဌာပိတဂေါစရေ၊ထင်စေအပ်သော အာရုံ၌။ ဟောတိ၊၏။

## မဟဂ္ဂုတ် ပဋိသန္ဓေ၏ ကမ္မနိမိတ် အဓိပ္ပါယ်

မဟဂ္ဂုတ်ပဋိသန္ဓေ စိတ်များသည် ကာမပဋိသန္ဓေစိတ်များသည် ကံ, ကမ္မနိမိတ်,ဂတိနိမိတ် ၃-ပါးလုံးကို အာရုံပြုသကဲ့သို့ မပြုပါဘဲ အဘယ့်ကြောင့် ကမ္မနိမိတ် တပါးတည်းကိုသာ အာရုံပြုပါသနည်း ဟူမူ။ ။ရူပပဋိသန္ဓေ, အရူပပဋိသန္ဓေ ဝိပါက်စိတ်များသည် ဂရုကံ၏ ဝိပါက်စိတ်များ ဖြစ်ကြ၍ အကြင်ဈာန်ကုသိုလ်ကိုရ၏၊ ထိုဈာန်ကုသိုလ်၏ ဝိပါက်သာ ဖြစ်မြဲ ဖြစ်၏၊ ဤသို့ မဟဂ္ဂုတ်ဝိပါက်စိတ်တို့သည် မိမိကံ၏ အာရုံကိုသာ အာရုံပြုရသောကြောင့် ကမ္မနိမိတ်အာရုံကိုသာ အာရုံပြုနိုင်၏ ဟု မှတ်။

၉၅-ခ။ ။ဥပစိတမဟဂ္ဂတကမ္မဿ ပန ကမ္မနိမိတ္တမေဝ အာပါထမာဂစ္ဆတိ။ ။ဝိသုဒ္ဓိမဂ် အဋ္ဌကထာ။ ။(၄၀၀)
တဋ္ဌ ခေါ် ကမ္မနိမိတ္တမေဝ အာပါထမာဂစ္ဆတိ ဧကန္တတော အတ္တနော ကမ္မာရမ္မဏတာယ မဟဂ္ဂတဝိပါကဿ။ ။မဟာဋီကာ။ ။(၂၅၂)

**ဆောင်ပုဒ်။** ။မိမိကံ-ရုံ၊ အလုံးစုံကို၊ ပြုကုန် မဟာဂ်၊ ယင်း အတွက်၊ မှတ်ချက်-ကမ္မနိမိတ်တည်း။

---

**၉၆။ ။အရူပါ အရူပပဋိသန္ဓိကာ။**
**၉၇။ ။သေသာ ရူပါရူပပဋိသန္ဓိကာ။**

သင်္ဂြိုဟ်ပါဌ်။

၉၆။ ။အရူပပုဂ္ဂိုလ်တို့သည် နာမ်လျှင် ပဋိသန္ဓေရှိသော ပုဂ္ဂိုလ်တို့ မည်ကုန်၏။

၉၇။ ။အသညသတ်, အရူပပုဂ္ဂိုလ်တို့မှ ကြွင်းကုန်သော ကာမ,ရူပ ပုဂ္ဂိုလ်တို့ကား ရုပ်,နာမ်နှစ်ပါးလျှင် ပဋိသန္ဓေရှိသော ပုဂ္ဂိုလ်တို့မည်ကုန်၏။

ဤကား ပိဏ္ဍတ္ထ။

---

၉၅-ခ။ ။ပန၊ အထူးကို ဆိုဦးအံ့။ ဥပစိတမဟဂ္ဂတကမ္မဿ၊ ဆည်းပူးအပ်သော မဟဂ္ဂုတ်ကံရှိသောသတ္တဝါအား။ ကမ္မနိမိတ္တမေဝ၊ သာလျှင်။ အာပါထံ၊ ထင်မြင်းသို့။ အာဂစ္ဆတိ၊ ရောက်၏။ ။ဤကား အဋ္ဌကထာ အနက်တည်း။

ခေါ်၊ စင်စစ်။ တဋ္ဌ ကမ္မနိမိတ္တမေဝ၊ ထိုကမ္မနိမိတ်သည်သာလျှင်။ အာပါထံ၊ သို့။ အာဂစ္ဆတိ၊ ၏။ ကသ္မာ၊ အဘယ့်ကြောင့်နည်းဟူမူကား။ ဧကန္တတော၊ စင်စစ်အားဖြင့်။ မဟဂ္ဂတဝိပါကဿ၊ မဟဂ္ဂုတ်ဝိပါက်စိတ်၏။ အတ္တနော၊ မိမိ, မိမိ၏။ (ဝိဘတ္တိလောပ)။ ကမ္မာရမ္မဏတာယ၊ ကံ၏အာရုံလျှင် အာရုံရှိသောကြောင့်တည်း။ ။ဤကား ဋီကာ အနက်။

## အယမေတ္ထ အဓိပ္ပါယ်

ဆိုလိုရင်းကား...၁-အသညသတ် ဘုံသားများသည် ရုပ်သက်သက် ရုပ်ခန္ဓာ တပါးတည်းဖြင့်သာ ပဋိသန္ဓေ တည်နေသော ပုဂ္ဂိုလ်တို့တည်း။ ထို့ကြောင့် ဧကဝေါကာရ ဘုံသားများ မည်ကုန်၏။

၂-အရူပဘုံသားများကားနာမ်ခန္ဓာ ၄-ပါးသက်သက်ဖြင့်သာပဋိသန္ဓေ တည်နေသော ပုဂ္ဂိုလ်တို့တည်း၊ ထို့ကြောင့် စတုဝေါကာရ ဘုံသားများ မည်ကုန်၏။

၃-ရူပဘုံသား, ကာမဘုံသားများကား ရုပ်,နာမ်နှစ်ပါး ခန္ဓာငါးပါးလုံး ဖြင့် ပဋိသန္ဓေတည်နေသော ပုဂ္ဂိုလ်တို့တည်း။ ထိုကြောင့် ပဉ္စဝေါကာရ ဘုံသားများ မည်ကုန်၏။ ။ဟူလို။

---

၃၈။ ။အာရုပ္ပစုတိယာ ဟောန္တိ၊ ဟေဋ္ဌိမာရုပ္ပဝဇ္ဇိတာ။
ပရမာရုပ္ပသန္ဓိ စ၊ တထာ ကာမတိဟေတုကာ။ ၊
ရူပါဝစရစုတိယာ၊ အဟေတုရဟိတာ သိယုံ။
သဗ္ဗာ ကာမတိဟေတုမှာ၊ ကာမေသွေဝ ပနေတရာ။ ။

အယမေတ္ထ စုတိပဋိသန္ဓိက္ကမော။
သင်္ဂြိုဟ်ပါဠ်။

၁-က။ ။အရူပပဋိသန္ဓေ ၄-ပါးအနက်၊ ၁-အာကာသာနဉ္စာယတန စုတိစိတ်နောက်၌ အရူပပဋိသန္ဓေ ၄-ပါး၊ ကာမတိဟိတ်ပဋိသန္ဓေ ၄-ပါး အားဖြင့် ၈-ပါးသော ပဋိသန္ဓေတို့သည် ဖြစ်နိုင်ကုန်၏။

ခ။ ။ဝိညာဏဉ္စာယတန စုတိစိတ်နောက်၌ ဝိညာဏဉ္စာယတန ပဋိသန္ဓေ၁-ပါး၊အာကိဉ္စညာယတနပဋိသန္ဓေ ၁-ပါး၊နေဝသညာနာသညာယတနပဋိသန္ဓေ ၁-ပါး၊ကာမတိဟိတ်ပဋိသန္ဓေ ၄-ပါးအားဖြင့် ၇-ပါးသော ပဋိသန္ဓေစိတ်တို့သည် ဖြစ်ကုန်၏။

ဂ။ ။အာကိဉ္စညာယတန စုတိမှ နောက်၌ အာကိဉ္စညာယတန ပဋိသန္ဓေ ၁-ပါးနေဝသညာနာသညာယတနပဋိသန္ဓေ ၁-ပါး၊ကာမပဋိသန္ဓေ ၄-ပါးအားဖြင့် ခြောက်ပါးသော ပဋိသန္ဓေစိတ်တို့သည် ဖြစ်ကုန်၏။

၁။ ။နေဝသညာ နာသညာယတန စုတိမှ နောက်၌ နေဝသညာ နာသညာယတန ပဋိသန္ဓေ ၁-ပါး၊ကာမပဋိသန္ဓေ ၄-ပါးအားဖြင့် ၅-ပါး သော ပဋိသန္ဓေတို့သည် ဖြစ်ကုန်၏။

၂။ ။ရူပါဝစရစုတိ ၆-ခုမှ နောက်၌ မဟာဝိပါက် ပဋိသန္ဓေ ၈-ပါး၊ ရူပါဝစရပဋိသန္ဓေ ငါးပါး၊ အရူပါဝစရပဋိသန္ဓေ ၄-ပါးအားဖြင့် ၁၇-ပါး သော ပဋိသန္ဓေစိတ်တို့သည် ဖြစ်ကုန်၏။

၃။ ။ကာမတိဟိတ်စုတိ ၄-ခုမှနောက်၌ ကာမပဋိသန္ဓေ ၁၀-ပါး၊ ရူပါဝစရပဋိသန္ဓေ ငါးပါး၊အသညသတ် ပဋိသန္ဓေ ၁-ပါး၊ အရူပါဝစရ ပဋိသန္ဓေ ၄-ပါးအားဖြင့် ၂၀-သော ပဋိသန္ဓေစိတ်တို့သည် ဖြစ်ကုန်၏။

၄။ ။ကာမအဟိတ်, ဒွိဟိတ်စုတိခြောက်ခုမှ နောက်၌ ကာမပဋိသန္ဓေ ၁၀-တို့သည် ဖြစ်ကုန်၏။ ။ဟူလို။

ဤကား ဝိဂ္ဂဟတ္ထု။

---

## အဝယဝတ္ထု အဓိပ္ပါယ်

ဆိုလိုရင်း အဓိပ္ပါယ်ကား....အရူပအာကာသာနဉ္စာတနဘုံမှ စုတေ သော အရူပဗြဟ္မာကြီးသည် အရူပ ၄-ဘုံ၌လည်း ပဋိသန္ဓေ တည်နိုင်၏။ ကာမဘုံ၌ တိဟိတ်ပဋိသန္ဓေဖြင့်လည်း ဖြစ်နိုင်၏၊ ဤပဋိသန္ဓေ ၈-ပါးမှ တပါး၊ အခြားကြွင်းကျန်သော ဒွိဟိတ်ပဋိသန္ဓေ, အဟိတ်ပဋိသန္ဓေ စသည် အဖြစ် မဖြစ်နိုင်,မတည်နိုင် ဟူလို။ ။သို့ဖြစ်၍ ဗြဟ္မာပြည်မှ စုတေသော ဗြဟ္မာကြီး များသည် ငရဲဘုံ, တိရစ္ဆာန်ဘုံ-စသည်တို့၌ မဖြစ်နိုင်,မကျနိုင်၊ ဟု မှတ်။ ။(ကြွင်းနည်းတူသိ)။

ဤအာရုပ္ပ ဂါထာအရ အကျယ် အားဖြင့် ပုဂ္ဂိုလ်အပြား,ဘုံအပြား အားဖြင့် ဝေဘန်ပိုင်းခြားအပ်၏၊ ပုဂ္ဂိုလ်အားဖြင့် ဝေဘန်သော် အဟိတ် စုတိ ၂-ပါး၊ဒွိဟိတ်စုတိ ၄-ပါး၊ပေါင်း စုတိခြောက်ပါး နောက်၌ ကာမပဋိ သန္ဓေ ၁၀-ကို ရအပ်၏၊ရနိုင်၏။ ။ပုထုဇဉ် တိဟိတ်ကာမစုတိမှ နောက်၌ ကာမအဟိတ် ပဋိသန္ဓေ ၂-ပါး၊ ကာမဒွိဟိတ် ပဋိသန္ဓေ ၄-ပါး၊ ကာမ ပုထုဇဉ် တိဟိတ်ပဋိသန္ဓေ ၄-ပါး၊ရူပတိဟိတ် ပဋိသန္ဓေ၅-ပါး၊အသညသတ် ပဋိသန္ဓေ ၁-ပါး၊ အရူပပဋိသန္ဓေ ၄-ပါးအားဖြင့် ၂၀-သော ပဋိသန္ဓေ စိတ်တို့သည် ဖြစ်နိုင်ကုန်၏။

အရိယတိဟိတ် ကာမစုတိ ၄-ပါး၏ နောက်၌ ကာမတိဟိတ် ပဋိသန္ဓေ ၄-ပါး၊ ရူပပဋိသန္ဓေ ၅-ပါး၊ အရူပပဋိသန္ဓေ ၄-ပါးအားဖြင့် တိဟိတ် ပဋိသန္ဓေ ၁၃-ပါး ဖြစ်နိုင်ကုန်၏။

ဝေဟပ္ဖိုလ် တိုင်သော ရူပဆယ်ဘုံ၌ ပုထုဇဉ် စုတိငါးခုမှ နောက်၌ ကာမဒွိဟိတ်ပဋိသန္ဓေ ၄-ပါး၊ ကာမတိဟိတ်ပဋိသန္ဓေ ၄-ပါး၊ ရူပပဋိသန္ဓေ ၅-ပါး၊ အရူပပဋိသန္ဓေ ၄-ပါးအားဖြင့် သဟိတ် ၁၇-ပါးသော ပဋိသန္ဓေတို့ကို ရနိုင်ကုန်၏။

သုဘကိဏှာတိုင်သောရူပအောက်ကိုးဘုံ၌ အရိယစုတိ ၄-ပါးနောက်၌ မိမိ ပဋိသန္ဓေနှင့်တကွ အထက်အထက် ရူပပဋိသန္ဓေ ၅-ပါး၊ အရူပ ပဋိသန္ဓေ ၄-ပါးအားဖြင့် ကိုးပါးသော ပဋိသန္ဓေတို့ကို ရနိုင်ကုန်။

ဝေဟပ္ဖိုလ်ဘုံ တဘုံတည်း၌ အရိယ စုတိတပါး၏ နောက်၌ မိမိ ဝေဟပ္ဖိုလ် ပဋိသန္ဓေတပါးကိုသာ ရအပ်၏။ အသညသတ်စုတိ၏ နောက်၌ ကာမဒွိဟိတ် ပဋိသန္ဓေ၄-ပါး၊ တိဟိတ်ပဋိသန္ဓေ ၄-ပါးအားဖြင့် ၈-ပါး သော ပဋိသန္ဓေတို့ကို ရနိုင်ကုန်၏။

သုဒ္ဓါဝါသအောက် ၄-ဘုံစုတိတခု၏နောက်၌ အထက် သုဒ္ဓါဝါသ ပဋိသန္ဓေတခုတခုကို ရနိုင်၏။ ။အကနိဋ္ဌစုတိတခု၏ နောက်၌ကား ပဋိသန္ဓေ ဖြစ်ခြင်း မရှိပြီ။

အရူပပုထုဇဉ် စုတိလေးခု၏ နောက်၌ မိမိပဋိသန္ဓေနှင့်တကွ အထက် အရူပပဋိသ‌ေ ၄-ပါး၊ ကာမတိဟိတ်ပဋိသန္ဓေ ၄-ပါးအားဖြင့်ရှစ်ပါးသော ပဋိသန္ဓေတို့ကို ရနိုင်ကုန်၏။ ။ယင်း အရူပအရိယစုတိ၏နောက်၌ မိမိ ပဋိသန္ဓေနှင့်တကွ အောက်အောက် ဈာန်ကြဉ်၍ အထက် အရူပပဋိသန္ဓေ လေးခု, သုံးခု, တခုကို ရနိုင်၏။

(ဤကား ပုဂ္ဂိုလ်အားဖြင့် ဝေဘန်ပုံတည်း)။

ဘုံအားဖြင့် ဝေဘန်သော်ကား။ ။ကာမသုဂတိ ၇-ဘုံ၌ ဈာန်မရသော တိဟိတ်ပုထုဇဉ် စုတိ၏ နောက်၌ ဘုံအားလျော်စွာ ကာမပဋိသန္ဓေ ၁၀ ပါးဖြစ်နိုင်၏။ ကာမသုဂတိ ၇-ဘုံ၌ ဈာန်ရသော တိဟိတ်ပုထုဇဉ် စုတိ၏ နောက်၌ သုဒ္ဓါဝါသကြဉ်သော ရူပ ၁၁ဘုံ, အရူပ ၄-ဘုံအားလျော်စွာ မဟဂ္ဂုတ်ပဋိသန္ဓေကိုးပါးတွင် တပါးပါး၊ ရုပ်ပဋိသန္ဓေ တပါးဖြစ်နိုင်၏၊ ကာမသုဂတိ ၇-ဘုံ၌ အောက်ဖလဋ္ဌာန် ၂-ယောက်၏ စုတိနောင် သုဒ္ဓါဝါသ

အသညသတ်ကြဉ်သော ရူပ ၁၀-ဘုံ၊ အရူပ ၄-ဘုံတို့၌ ဘုံအားလျော်စွာ မဟဂ္ဂုတ် ပဋိသန္ဓေကိုးပါးတွင် တပါးပါးဖြစ်နိုင်၏။

ကာမသုဂတိ ၇-ဘုံ၌ အနာဂါမိဖိုလ် စုတိနောင် အသညသတ် ကြဉ်သော ရူပ ၁၅-ဘုံ၊အရူပ ၄-ဘုံတို့၌ ဘုံအားလျော်စွာ မဟဂ္ဂုတ် ပဋိသန္ဓေကိုးပါးတွင် တပါးပါးဖြစ်နိုင်၏။ကာမသုဂတိ ၇-ဘုံ၌ အနာဂါမိဖိုလ်သည် တဘန် ပဋိသန္ဓေနေခဲ့သော် ကာမသုဂတိဘုံ၌ ပဋိသန္ဓေမနေမူ၍ အသညသတ်ကြဉ်သော ရူပ ၁၅-ဘုံ,အရူပ ၄-ဘုံတို့၌သာ ပဋိသန္ဓေနေနိုင်သည် ဟု မှတ်။ ဒုဂ္ဂတိအဟိတ်,သုဂတိအဟိတ်, ဒွိဟိတ်စုတိနောင် ဘုံအားလျော်စွာ ကာမပဋိသန္ဓေ ၁၀-ပါးတွင် တပါးပါးဖြစ်နိုင်၏။

(ဤကား ဘုံအားဖြင့် ဝေဘန်ပုံတည်း)။

---

## ရှင်းလင်းချက်

"ယေဋ္ဌိမာ ရူပ္ပဝဇ္ဇိတာ" အရ အဓိပ္ပါယ်ကား အထက်အထက် ဘုံ၌ တည်နေသော အရူပဗြဟ္မာ တို့အား အောက်အောက်သော ဈာန်တို့၌ အပြစ်ကို မြင်သဖြင့် အောက်အောက်သောဈာန်ကို အားထုတ်ခြင်းမရှိသော ကြောင့် အောက်အောက်သော အရူပဘုံ၌ ပဋိသန္ဓေ ပြန်လည် တည်နေရိုးမရှိ ဟု ဆိုလိုသည်။ အရူပဘုံ၌သာ မဖြစ်သည်မဟုတ်၊ အရူပဗြဟ္မာကြီးသည် ရူပဗြဟ္မာဘုံ၌လည်း ဖြစ်ရိုး မရှိ၊ အဘယ့်ကြောင့် ဆိုသော် ရူပဘုံကား ရုပ်ရှိသဖြင့် ရုပ်၌ အပြစ်များစွာ မြင်သောကြောင့်တည်း။

ထိုသို့ အောက်အောက်သော ရူပ,အရူပဈာန်တို့၌ အပြစ်အာဒီနဝမြင်၍ အားထုတ်ခြင်း ကင်းသဖြင့် ၎င်းအောက်ဖြစ်သော ရူပ အရူပဘုံ၌ မဖြစ်ဟု ဆိုသော် ကာမဘုံ၌ကား အဘယ့်ကြောင့် ဖြစ်ပါသနည်းဟူမူ။ အရူပဈာန်မရမီ အားထုတ်ပွါးများအပ်သော အရူပဈာန်၏ အနီး၌ဖြစ်သော ဥပစာရဈာန် ဟု ဆိုအပ်သော ကာမာဝစရ ကုသိုလ်ကံ၏ အားကြီးခြင်းကြောင့် ကာမဘုံ၌ကား ပဋိသန္ဓေ တည်နိုင်,ဖြစ်နိုင်သည် ဟု မှတ်။ ။ထိုအတူ ရူပဘုံ၌ စုတေသော ဗြဟ္မာကြီးသည်လည်း ကာမဘုံ၌ ဒွိဟိတ် ပဋိသန္ဓေ, တိဟိတ် ပဋိသန္ဓေ တည်နေနိုင်ခြင်းသည်လည်း ဥပစာရဈာန် ဟု ဆိုအပ်သော ကာမာဝစရကုသိုလ်ကံ၏ အားကြီးခြင်းကြောင့် ဟု မှတ်။

ဥပက္ခပရိ အရူပီနံ ပဟေဋ္ဌိမ ပဟေဋ္ဌိမကမ္မသာ အနာယူဟနတော၊ ဥပရိ ဈာနဿ ပန ဗလဝဘာဝတော တဿ ဝိပါကဘူတာ ကာမတိ ဟေတုကာ ပဋိသန္ဓိယော ဟောန္တိ။ ။ဋီကာကျော်။

အရူပဘုံမှ စုတေသော ပြဟ္မာသည် တိဟိတ်ပဋိသန္ဓေသာ တည်နေနိုင်၍ ဒွိဟိတ်ပဋိသန္ဓေ,အပါယ်ပဋိသန္ဓေစသော အဟိတ်ပဋိသန္ဓေ အဘယ်ကြောင့် မတည်နိုင်ပါသနည်း-ဟူမူ၊ ဥပစာရဈာန် ဟု ဆိုအပ်သောကာမာဝစရ ကုသိုလ်ကံ အဟုန်၏ အားအစွမ်း ကြီးမားသောကြောင့် ဒွိဟိတ်ပဋိသန္ဓေစသည် မဖြစ်နိုင် ဟူလို။ ရူပဘုံမှ စုတေသော ပြဟ္မာကြီးကား မဟဂ္ဂုတ်ချင်း တူပါလျက် အဘယ့်ကြောင့် ဒွိတ်ဟိတ်ပဋိသန္ဓေ ဖြစ်နိုင်ပါသနည်း ဟူမူ။ ။အရူပပုဂ္ဂိုလ်၏ ဥပစာရဈာန်လောက် အားမကြီးသောကြောင့် ဒွိဟိတ်ပဋိသန္ဓေကို ဖြစ်စေနိုင်သည်။ ။ထိုသို့ဖြစ်ပါက ရူပပြဟ္မာစုတိ၏ နောက်၌ အပါယ်စသော အဟိတ်ပဋိသန္ဓေ သည် အဘယ့်ကြောင့် မဖြစ်နိုင်ပါသနည်း ဟူမူ။ ။ရူပပုဂ္ဂိုလ်၏ ဥပစာရဈာန် အားကြီးခြင်းကြောင့် ယုတ်ညံ့သော အပါယ်လေးပါးစသော အဟိတ် ပဋိသန္ဓေတို့ မဖြစ်နိုင်, မကျနိုင်ကုန် ဟု မှတ်။

ဥပစာရဈာနာနုဘာဝေန အဟေတုက ပဋိသန္ဓိယော ဝဇ္ဇိတာတိ ဝတ္တဗ္ဗံ။ ။အဘိဓမ္မတ္ထ သင်္ဂဟဒီပနီ။ ။(၂၅၄)

---

## ဆောင်ပုဒ်

က။ ။ဈာန်၏ ရှေးဖြစ်၊ များလစ် တထွေ၊ ကုသလေ၊ မှတ်ပေ ဥပစာဈာန်။

ခ။ ။ဥပစာဈာန်၊ အားကြီးမှန်၊ မှတ်ရန်-ဒွိ-အ-မဖြစ်တည်း။

---

## ဘဝဂ် သုံးပါးဖြစ် ပုဂ္ဂိုလ်များ

ရူပ ဝေဟပ္ဖိုလ်ဘုံ အကနိဋ္ဌဘုံ အရူပနေဝသညာ နာသညာယတန သုံးဘုံကို ဘုံတကာတို့၏ အထွဋ်အမြတ် အဆုံးဘုံများဖြစ်၍ ဘဝဂ်ဘုံ ဟု ဆိုအပ်၏။ငင်းဘဝဂ်သုံးဘုံတို့တွင် ဝေဟပ္ဖိုလ်ဘုံ, နေဝသညာနာသညာယ တနဘုံသို့ ရောက်သော အရိယာပုဂ္ဂိုလ်သည် တပါးသော ဘုံသို့ပြောင်း၍

မဖြစ်။ မိမိဘုံ၌ကား ထပ်၍ ဖြစ်သည်လည်းရှိ၏၊မဖြစ်သည်လည်း ရှိ၏ ။ အကနိဋ္ဌဘုံသို့ ရောက်သော အရိယာသည်ကား တပါးဘုံသို့ မပြောင်း၊မိမိဘုံ၌လည်း ထပ်၍ မဖြစ်။ ။သုဒ္ဓါဝါသအောက် ၄-ဘုံ၌ ဖြစ်သော အရိယာသည် မိမိဘုံ၌ထပ်၍ မဖြစ်၊ အထက် အကနိဋ္ဌဘုံသို့ ပြောင်း၍ ဖြစ်သည်လည်း ရှိ၏။မဖြစ်သည်လည်း ရှိ၏။ ။ဝေဟပ္ဖိုလ်,နေဝသညာ နာသညာယတန, သုဒ္ဓါဝါသ ဘုံများမှတပါးသောဗြဟ္မာဘုံများ၌ဖြစ်သော အရိယာသည် တပါးဘုံသို့ ပြောင်း၍၎င်း, မိမိဘုံ၌ထပ်၍၎င်း ဖြစ်သည်လည်း ရှိ၏။ မဖြစ်သည်လည်း ရှိ၏။ တပါးဘုံသို့ ပြောင်း၍ ဖြစ်သော်လည်း အောက်အောက်ဘုံ၌ မဖြစ်၊အထက်အထက်ဘုံ၌သာ ဖြစ်သည်။

၉၇-က။ ။ဝေဟပ္ဖလေ အကနိဋ္ဌေ၊ဘဝဂ္ဂေ စ ပတိဋ္ဌိတာ။
န ပုန ညတ္တ ဇာယန္တိ၊သဗ္ဗေ အရိယပုဂ္ဂလာ။
ဗြဟ္မလောကဂတာ ဟေဋ္ဌာ၊အရိယာ နောပပဇ္ဇရေ။

ဋီကာကျော်။

စုတိပဋိသန္ဓိက္ကမ အဘွင့်ပြီးပြီ။

---

## ဘဝင် ဖြစ်ပုံ

၉၃။ ။ဣစ္စေဝံ ဂဟိတပဋိသန္ဓိကာနံ ပန ပဋိသန္ဓိနိရောဓာနန္တရ တော ပဘုတိ။ပေ။နဒီသောတော ဝိယ ပဝတ္တတိ။

သဂြိုဟ်ပါဌ်။

ဤသို့ ဆိုအပ်ပြီးသော ပဋိသန္ဓေ ရှိကုန်သော ပုဂ္ဂိုလ်တို့အား ဦးစွာပဋိသန္ဓေစိတ်ဖြစ်၍ ၎င်းပဋိသန္ဓေစိတ် ချုပ်ပြီးသည်၏ အခြားမဲ့မှ စ၍ ပဋိသန္ဓေစိတ်၏ အာရုံကိုပင် အာရုံပြု၍ ထိုပဋိသန္ဓေစိတ်သည်ပင်လျှင် စုတိစိတ်ဖြစ်သည်တိုင်အောင် ဝီထိစိတ်တို့၏ ဖြစ်ခြင်းသည် မရှိခဲ့သည်ရှိသော် ဘဝ၏အကြောင်း၏ အဖြစ်ဖြင့် ဘဝင်အစဉ် ဟု ဆိုအပ်သော စိတ်သည် မပြတ်မူ၍ မြစ်ရေအလျဉ်ကဲ့သို့ ဖြစ်၏။ ။ဟူလို။

ဤကား ဝိဂ္ဂဟတ္ထ။

၉၇-က။ ။ဝေဟပ္ဖလေ၊ဝေဘပ္ဖိုလ်ဘုံ၌၎င်း။ အကနိဋ္ဌေ၊အကနိဋ္ဌဘုံ၌၎င်း။ ဘဝဂ္ဂေ၊နေဝသညာနာသညာယတနဘုံ၌၎င်း။ပတိဋ္ဌိတာ၊တည်ကုန်သော။ သဗ္ဗေ၊ခပ်သိမ်းကုန်သော။ အရိယာ၊အရိယာပုဂ္ဂိုလ်တို့သည်။ပုန၊တဖန်။ အညတ္ထ၊တပါးသော ဘုံ၌။န ဇာယန္တိ၊မဖြစ်ကုန်။ ဗြဟ္မလောကဂတာ၊ ဗြဟ္မာ့ပြည်၌ ဖြစ်ကုန်သော။ အရိယာ၊တို့သည်။ ဟေဋ္ဌာ၊အောက်အောက်သော ဘုံ၌။နော ပပဇ္ဇရေ၊မဖြစ်ကုန်။

## ဘဝင် သုံးမျိုး အစီအရင်

ဆိုလိုရင်းကား။ ။ဘဝင်၏အစ ပဋိသန္ဓေစိတ်နှင့် ဘဝင်၏အဆုံး စုတိစိတ်တို့၏ အကြားဝယ် စက္ခုဝိညာဏဝီထိ စသော ဝီထိစိတ် မဖြစ်သော အိပ်ပျော် နေသော အခါမျိုးများဝယ် မြစ်ရေအလျဉ်ကဲ့သို့ ဖြစ်သော စိတ်မျိုးသည် ဘဝ၏ အကြောင်းဖြစ်သောကြောင့် ဘဝင်စိတ် မည်၏။ ။ ဟု ဆိုလိုသည်။

၎င်းဘဝင်စိတ်သည် မူလဘဝင်, ဝိဋ္ဌိဘဝင်, အာဂန္တုကဘဝင် ဟု ၃-မျိုး ရှိ၏။ပဋိသန္ဓေ, ဘဝင်,စုတိ-စိတ်တို့သည် တရားကိုယ်အရ မကွဲပြားရ၊ မကွဲပြားမြဲ ဖြစ်သောအတိုင်း မူလဖြစ်သော ပဋိသန္ဓေစိတ်နှင့် အရ တူသော ဘဝင်သည် မူလဘဝင်မည်၏။ ။ပုံစံကား····အတိမဟန္တာရုံဝီထိ၌ ကျသော တဒါရုံ ဝိပါက် ဘဝင်စိတ်များသည် မူလဖြစ်သော ပဋိသန္ဓေစိတ်နှင့် သောမနဿဝေဒနာစသည်တူစွာဖြစ်ပါမူ,ကျပါမူ၊ဝါ-ကျသောကြောင့် မူလဘဝင်မည်၏။ ။ဟူလို။

မူလပဋိသန္ဓေ စိတ်သည် သောမနဿ ဝေဒနာဖြင့် ပဋိသန္ဓေတည်နေသော သူအား ဆိုအပ်ပြီးသော အတိမဟန္တာရုံ ဝီထိ၌ ဒေါမနဿဇော၏နောက်၌ တဒါရုံကျသောအခါ ဉပေက္ခာဝေဒနာ တဒါရုံကျရမည်ဖြစ်၍ ၎င်းတဒါရုံ ဘဝင်စိတ်သည် မူလပဋိသန္ဓေနှင့် မတူသောကြောင့် အာဂန္တုကဘဝင် မည်၏ ဟု မှတ်။ ။၎င်းတဒါရုံ,ဘဝင်များသည် ဝီထိစိတ်၏ အဆုံးဘဝင်များ ဖြစ်သောကြောင့် ဝိဋ္ဌိဘဝင်လည်း မည်၏ ဟု မှတ်။

ဆိုလိုရင်းကား····အကြင် သတ္တဝါများသည်ပဋိသန္ဓေတည်နေပြီးသည် နောက် ပဝတ္တိအခါဝယ် အာရုံအားလျော်စွာ ကုသိုလ်,အကုသိုလ်ဇော အမျိုးမျိုးဖြစ်ရာ ၎င်းဖြစ်သောဇောသည် သောမနဿဇော, ဉပေက္ခာဇော, ဒေါမနဿဇော ဟူ၍ရှိရာ ဒေါသဇောမှတပါး ဇောအားလျော်စွာသော တဒါရုံဝိပါက်သည်လည်း ဇော၏ဝေဒနာနှင့်တူစွာ ကျရ၏။ထိုသို့ ကျသော တဒါရုံဝိပါက်သည် အကြင်အခါ မူလပဋိသန္ဓေစိတ်နှင့် ဝေဒနာချင်းတူစွာ ကျပါမူ မူလဘဝင် မည်၏။ ဝေဒနာမတူ ကွဲပြားသော တဒါရုံကျပါမူ အာဂန္တုကဘဝင် မည်၏။ ဝီထိစိတ်၏ အဆုံးဖြစ်သော ဘဝင်များသည် ဝိဋ္ဌိဘဝင် မည်၏။ ။ဟူလို။

ပဋိသန္ဓိစိတ္တသဒိသတ္တာ မူလဘဝင်္ဂန္တိ။ ပဋိသန္ဓိစိတ္တေန အသဒိသတ္တာ အာဂန္တုကဘဝင်္ဂန္တိ စ ဝိဋ္ဌိဘဝင်္ဂါနိတိပိ ဝုစ္စန္တိ ဧဝ။
အဋ္ဌသာလိနီ အဋ္ဌကထာ။ ။(၂၇၆)

ဤ၌ တဒါရုံကိုဘဝင် ဟု အဘယ့်ကြောင့် ဆိုအပ်ပါသနည်း-ဟူမူ။ ။ တဒါရုံ ဟု ဆိုသော်လည်း တရားကိုယ်များကား ဘဝင်အရ ဖြစ်သော ဝိပါက်စိတ်များ ဖြစ်သောကြောင့် ဘဝင် ဟု ဆိုအပ်ပါသတည်း။ သို့သော် ၎င်းဘဝင်စိတ် ကိုပင်လျှင် ဇောဝ၏ အာရုံကို ယူတတ်သောကြောင့် တဒါရုံ ဟု ဆိုအပ်ပါသတည်း။

ဘဝင် ဇဝနာနုဗန္ဓနဘူတတ္တာ တဒါရမ္မဏံ ဘဝင်္ဂန္တိ ဝုတ္တံ။ ။
မူလဋီကာ။ ။(၁၂၂)

**ဆောင်ပုဒ်**

က။ ။မူလာ,ဂန္တုက၊ဝိဋ္ဌိစ၊သုံးဝ-ဘဝင်ပြား။
ခ။ ။ပဋိသန္ဓေ၊တူပေဘဝင်၊မှတ်ရှင်မူလ၊
မတူကမူ၊ဂန္တုယူ၊သုံးမူ-ဝိဋ္ဌိမှတ်။

---

## စုတိ အဘွင့်


**၁၀၀။ ။ပစ္ဆိမဿသာနေစ စဝနဝသေန စုတိစိတ္တံ ဟုတွာ နိရုဇ္ဈတိ။**

**၁၀၁။ ။တတောပရဥ္စ ပဋိသန္ဓာဒယော ရထစက္ကမိဝ ယထာက္ကမံ ဧဝ ပရိဝတ္တန္တာ ပဝတ္တန္တိ။**
သင်္ဂြိုဟ်ပါဠိ။

ဤပဋိသန္ဓေ စိတ်သည်ပင်လျှင် ဘဝ၏ ဆုံးရာ၌လည်း စုတေ့သည်၏ အစွမ်းကြောင့် စုတိစိတ်ဖြစ်၍ ချုပ်လေ၏။ထိုသို့ စုတိချုပ်ပြီးသည်နောက်၌လည်း ပဋိသန္ဓေစသော စိတ်တို့သည် အစဉ်အတိုင်း ရထား လှည်းဘီး စက်ပမာ လည်ကုန်၍သာလျှင် ဖြစ်ပြန်ကုန်၏။ ။ဟူလို။

ဤကား ဝိဂ္ဂဟတ္ထ။

"ရထစက္ကမိဝ"ဟု ပါဌ်အရ သံသရာ ဘဝစက်၏ ရထား လှည်းဘီးစက် ပမာ ဆက်ခါဆက်ခါ ဖြစ်ပုံအခြင်းအရာကို သိစိမ့်သော်ငှါ အောက်ပုံစံကို ထုတ်ဆောင် ပြလိုက်ပါသတည်း။




**၁၀၂-က။ ။ပဋိသန္ဓိဘဝင်္ဂဝီထိယော၊စုတိစေဟ တထာဘဝန္တရေ၊ ပုန သန္ဓိဘဝင်္ဂမိစ္စယံ၊ပရိဝတ္တတိ စိတ္တသန္တတိ။**

သင်္ဂြိုဟ်ပါဌ်။

က။ ။ပဉ္စမ ဂါထာ...ဟုပစ္စုပ္ပန်ဘဝ၌ ပဋိသန္ဓေ, ဘဝင်,ဝီထိစိတ်တို့သည်၎င်း,စုတိစိတ်သည်၎င်း, လည်၍ လည်၍ ဖြစ်၍ ဖြစ်ကုန်သကဲ့သို့ ထိုအတူ တဘန် ဘဝတပါး၌လည်း ပဋိသန္ဓေ, ဘဝင်-အစရှိသော ဤစိတ်အစဉ်သည် လည်၍ ဖြစ်ပြန်၏ ဟု သံသရာလည်၍ ဖြစ်ပုံကို ပြ၏။

**ခ။ ။ပဋိသင်္ခါယ ပနေတမဒ္ဓုဝံ၊ အဓိဂန္တွာ ပဒမစ္စုတံ ဗုဓာ၊**
**သုသမုစ္ဆိန္နသိနေဟဗန္ဓနာ၊ သမမေဿန္တိ စိရာယ သုဗ္ဗတာ။**
**ဣတိ အဘိဓမ္မတ္ထသင်္ဂဟေ ဝိမုတ္တိသင်္ဂဟဝိဘာဂေါ နာမ**
**ပဉ္စမော ပရိစ္ဆေဒေါ။**

သင်္ဂြိုဟ်ပါဌ်။

ခ။ ။ဒုတိယ ဂါထာဖြင့်····ပညာရှိသော သူတို့သည်ကား မမြဲသော သဘောရှိသော ထိုဝဋ်တရားကို ပညာဖြင့် ဆင်ခြင်၍ ရှည်မြင့်စွာသော ကာလပတ်လုံး ကောင်းသော အကျင့်ရှိကုန်သည်ဖြစ်၍ ချစ်ခြင်း,နှောင်ဖွဲ့ခြင်းကို ကောင်းစွာမဂ်ဖြင့် ဖြတ်ကုန်သည်ဖြစ်၍ ရွေ့ခြင်းမရှိသော နိဗ္ဗာန်ကို မဂ်ဉာဏ်, ဖိုလ်ဉာဏ်ဖြင့် သိကုန်သည်ဖြစ်၍ ခပ်သိမ်းသော ဝဋ်ဆင်းရဲတို့၏ ငြိမ်းရာဖြစ်သော နိဗ္ဗာန်သို့ ရောက်ကုန်လတ္တံ့ ဟု သံသရာဝဋ် ပြတ်ပုံကို ပြ၏။ ။(အကျဉ်းမျှဖြစ်သော အဓိပ္ပါယ်)။

အဘိဓမ္မတ္ထဂုဠတ္ထဒီပနီ ကျမ်းတွင် ငါးခုမြောက်ဖြစ်သော ဝီထိမုတ် မည်သော ဘုံပိုင်းအဘွင့် ပြီးပြီ။

---

## ရုပ်ပိုင်း အဘွင့်

**၁။ ။ဧတ္တာဝတာ ဝိဘတ္တာ ဟိ၊ သပ္ပဘေဒပ္ပဝတ္တိကာ။**
**စိတ္တစေတသိကာ ဓမ္မာ၊ ရူပံ ဒါနိ ပဝုစ္စတိ။**

သင်္ဂြိုဟ်ပါဌ်။

ဤဆိုအပ်ခဲ့ပြီးသော စိတ်ပိုင်း, စေတသိက်ပိုင်း, ပကိဏ်းပိုင်း, ဝီထိပိုင်း, ဝီထိမုတ်ပိုင်းဟူသော ငါးပိုင်း,ငါးဘဏ္ဍာတို့ဖြင့် ဥဒ္ဒေသ, နိဒ္ဒေသ,ပဋိနိဒ္ဒေသ, ပဝတ္တိ, ပဋိသန္ဓေ-တို့၏ အစွမ်းအားဖြင့် စိတ်, စေတသိက်, ပရမတ်တရား နှစ်ပါးကို ဝေဘန် မိန့်ဆိုပြီး၍ ယခုအခါ ရုပ်ပရမတ်တရားကို ဝေဘန်မိန့်ဆို ပေအံ့။ ။ဟူလို။

ဤကား ပိဏ္ဍတ္ထ။

---

## အဝယဝတ္ထ အဓိပ္ပါယ်

စိတ်ပိုင်းနှင့် စေတသိက်ပိုင်း"ကေဝုပ္ပါဒ"မှစ၍"ဒွိပညာသပဝုစ္စရေ"တိုင် အောင်သော စကားသည် စိတ်, စေတသိက်တို့ကို အကျဉ်းသရုပ် အားဖြင့်

ပြရာ ဖြစ်သောကြောင့် ဥဒ္ဒေသမည်၏။ ။''တေသံ စိတ္တာဝိယုတ္တာနံ''မှစ၍ စေတသိက်ပိုင်း အကုန်သည် အကျဉ်းသရုပ်အားဖြင့် ပြအပ်သောစိတ်, စေတသိက်တို့ကို သမ္ပယောဂနည်း, သင်္ဂဟနည်းအားဖြင့် အကျယ်ပြရာ ဖြစ်သောကြောင့် နိဒ္ဒေသမည်၏၊ ပကိဏ်းပိုင်းသည် ဝေဒနာစသောအပြားအားဖြင့် တဘန်ကျယ်သည်ထက်ကျယ်စွာ ပြဆိုရာဖြစ် သောကြောင့် ပဋိနိဒ္ဒေသ မည်၏။ဝီထိပိုင်းသည် ပဝတ္တိမည်၏။ဝီထိမုတ် ပိုင်းသည် ပဋိသန္ဓေမည်၏ ဟု မှတ်။ ။စိတ်ပိုင်းသည် ဥဒ္ဒေသ စေတသိက်ပိုင်းသည် နိဒ္ဒေသ ပကိဏ်းပိုးသည် ပဋိနိဒ္ဒေသ ဟုလည်း မိန့်ဆိုတော်မူကြသေး၏။

---

**၂။ ။သမုဒ္ဒေသာ ဝိဘာဂေါ စ သမုဋ္ဌာနာ ကလာပတော။**
**ပဝတ္တိက္ကမတော စေတိ ပဉ္စဓာ တတ္ထ သင်္ဂဟော။ ။**

သင်္ဂြိုဟ်ပါဌ်။

ဤရုပ်ပရမတ်ကို ရူပသမုဒ္ဒေသသင်္ဂဟ, ရူပဝိဘာဂသင်္ဂဟ, ရူပသမုဋ္ဌာနသင်္ဂ, ရူပကလာပသင်္ဂဟ, ရူပပဝတ္တိက္ကမသင်္ဂဟ-ဟု ငါးပါးသော သင်္ဂဟတို့ဖြင့် ဝေဘန်ပိုင်းခြား၍ ဟော်ပြပေအံ့။ ။ဟူလို။

ဤကား ပိဏ္ဍတ္ထ။

---

**အဝယဝတ္ထ အဓိပ္ပါယ်**

သင်္ခေပတော ဥဒ္ဒိသနံ သမုဒ္ဒေသော။

သင်္ခေပတော၊အကျဉ်းအားဖြင့်။ ဥဒ္ဒိသနံ၊ပြဆိုခြင်းသည်။ သမုဒ္ဒေသော၊ မည်၏။ ။ဝိဂြိုဟ်အရ····ရုပ်တို့ကို မာတိကာ အကျဉ်းအားဖြင့် အရေအတွက်မျှကို ရေတွက် ဟော်ပြပြခြင်းသည် ရူပသမုဒ္ဒေသသင်္ဂဟ မည်၏။

ကေဝိဓာဒိဝသေန ဝိဘဇ္ဇနံ ဝိဘာဂေါ။

ကေဝိဓာဒိဝသေန၊ ကေဝိဓစသည်တို့၏ အစွမ်းဖြင့်။ ဝိဘဇ္ဇနံ၊ဝေဘန်ခြင်းသည်။ ဝိဘာဂေါ၊ ဝိဘာဂ-မည်၏။ ။ဝိဂြိုဟ်အရ···· ဥဒ္ဒေသအရ ရုပ်တို့ကို ဝေဘန်ခွဲခြား၍ ဟော်ပြခြင်းသည် ရူပဝိဘာဂ မည်၏။

သမုဋ္ဌာတိ ဧတသ္မာ ဖလန္တိ သမုဋ္ဌာနံ။

ဧတသ္မာ၊ဤအကြောင်း တရားကြောင့်။ ဖလံ၊အကျိုးတရားသည်။ သမုဋ္ဌာတိ၊ ဖြစ်တတ်၏။ ဣတိ၊ ကြောင့်။ သမုဋ္ဌာနံ၊သမုဋ္ဌာန် မည်၏။ ။ဝိဂြိုဟ်

အရ····စိတ်ကြောင့် ဖြစ်သော ရုပ်,ကံကြောင့်ဖြစ်သော ရုပ်,ဥတုကြောင့် ဖြစ်သောရုပ်, အာဟာရကြောင့်ဖြစ်သောရုပ်-ဟုအကြောင်းအားဖြင့်ဘော်ပြခြင်းသည် ရူပသမုဋ္ဌာန် မည်၏။

ကလံ ပါတိ ရက္ခတီတိ ကလာပေါ။

ကလံ၊အစိတ်ကို။ပါတိ ရက္ခတိ၊စောင့်တတ်၏။ဣတိ၊ကြောင့်။ကလာပေါ၊ မည်၏။ ။ဝိဂ္ဂြိုဟ်အရ····ဤရုပ်,ဤရုပ်တို့သည် တပေါင်းတည်း ဖြစ်ကုန်၏-ဟု ရုပ်တို့ကို အပေါင်းအစည်းအားဖြင့် ဝေဘန် ဘော်ပြခြင်းသည် ရူပကလာပ မည်၏။

ပဝတ္တိနံ ကမော ပဝတ္တိက္ကမော။

ပဝတ္တိနံ၊ ဖြစ်ကုန်သော ရုပ်တို့၏။ကမော၊အစဉ်သည်။ ပဝတ္တိက္ကမော၊ မည်၏။ ။ဝိဂ္ဂြိုဟ်အရ····ဤရုပ်သည် ဤကစသည်,ဤမှာ ဆုံးသည် ဟု ရုပ်တို့၏ ဖြစ်စဉ်ကို ဝေဘန်ပြခြင်းသည် ပဝတ္တိက္ကမ မည်၏။ ။တနည်း ဘဝ, ကာလ, သတ္တဝါတို့၏ အပြားအားဖြင့် ရုပ်တို့၏ ဖြစ်စဉ်ကို ဝေဘန် ဘော်ပြခြင်းသည် ရူပပဝတ္တိက္ကမ မည်၏။

**မှတ်ချက်**။ ။ဤ၌ ဘဝ, ကာလ,သတ္တဝါတို့၏ အပြား ဟူသည်ကား ရူပဘဝ, အရူပဘဝစသော ဘဝ အပြား, ပဝတ္တိ, ပဋိသန္ဓေဟူသော ပဋိသန္ဓေအပြား, သံသေဒဇ, ဂဗ္ဘသေယျ-စသော သတ္တဝါ အပြားကိုယူ။

---

**ရူပသမုဒ္ဒေသ အဘွင့်**

**၁။ ။စတ္တာရိ မဟာဘူတာနိ, စတုန္နဉ္စ မဟာဘူတာနံ ဥပါဒါယ ရူပန္တိ ဒုဝိဓမ္ပေတံ ရူပံ ဧကာဒသဝိဓေန သင်္ဂဟံ ဂစ္ဆတိ။**

သင်္ဂြိုဟ်ပါဠ်။

ရုပ်သည် မဟာဘုတ်, ဥပါဒါရုပ်ဟူ၍ အကျဉ်းအားဖြင့် ၂-မျိုးသာ ရှိ၏။ ။၎င်း ၂-မျိုးကို ၁၁-ပါး အပြား အားဖြင့် ဝေဘန်သည် ရှိသော် ရုပ်သည် ၂၈-ပါး အပြားရှိ၏။ ။ဟူလို။

ဤကား ဝိဂ္ဂဟတ္ထ။

## မဟာဘူတ-အဓိပ္ပါယ်

ဤ၌-''မဟာဘူတာနိ''အရကို အဋ္ဌကထာ ဆရာသည်-

ဝေါနိ ဟိ မဟန္တပါတုဘာဝတော,မဟာဘူတသာမညတော,
မဟာပရိဟာရတော, မဟာဝိကာရတော, မဟန္တဘူတတ္တာ စ-

ဟု-ဘွင့်ပြတော်မူ၏။ ။ထိုတွင် ''မဟန္တပါတုဘာဝတော'' အရသော်ကား ဝိဂြိုဟ်ပြ ဖြစ်၍ ဝိဂြိုဟ် စစ်လိုက်သည်ရှိသော်-

မဟန္တာနိ ဟုတွာ ဘူတာနိတိ မဟာဘူတာနိ။

ဟုပြု။ ။အနုပါဒိန္နကသန္တာနေပိ၊ သက်မဲ့ ဝတ္ထုသန္တာန်၌၎င်း။ဥပါဒိန္နကသန္တာနေပိ၊သက်ရှိ သဝိညာဏကသန္တာန်၌၎င်း။ မဟန္တာနိ၊ ကြီးကျယ်ကုန်သည်။ ဟုတွာ၊ ဖြစ်ကုန်၍။ ဘူတာနိ၊ ထင်ရှား ဖြစ်ကုန်သည်တည်း။ ဣတိ၊ကြောင့်။မဟာဘူတာနိ၊မဟာဘုတ် မည်ကုန်၏။

ဝိဂြိုဟ်အရ....မြေထု, ရေထု, မဟာသမုဒ္ဒရာ, မြင်းမိုရ်,သတ္တရဘန်, သီဒါခုနစ်တန်, ဟိမဝန္တာ, ဘောတောင်-စသော သက်မဲ့ အဝိညာဏက ဝတ္ထု၌၎င်း၊တိမိ-စသော ငါးကြီး, အသူရာကြီး, ဗြဟ္မာကြီးစသော သက်ရှိ သဝိညာဏက ဝတ္ထုသန္တာန်၌၎င်း၊ မဟာဘုတ် တို့သည် ဥပါဒါရုပ်တို့ထက် ကဏ္ဍစသော လက္ခဏာအားဖြင့်၎င်း၊ အထည်ကိုယ် သန္တာန်၏အစွမ်း အားဖြင့်၎င်း၊ ကြီးကျယ်ကုန်, ထင်ရှားကုန်သောကြောင့် မဟာဘုတ်မည် ကုန်၏။ ။ဟူလို။

၃-က။ ။ဝေါနိ ဟိ အနုပါဒိန္နကသန္တာနေ ပိ ဥပါဒိန္နကသန္တာနေ ပိ မဟန္တာနိ ပါတုဘူတာနိ။ ။အဋ္ဌသာလိနီ အဋ္ဌကထာ။ (၃၀၀)

**ဆောင်ပုဒ်**

လက္ခဏာ,သန္တာန်၊အမှန်ကြီးမှု၊အကြောင်းပြု၊မှတ်ရှု မဟာဘုတ်။

---

၃-က။ ။ဟိ၊အကျယ်ကို ဆိုဦးအံ့။ဘောနိ မဟာဘူတာနိ၊ဘို့သည်။ အနုပါဒိန္နကသန္တာနေ ပိ၊သက်မဲ့အဝိညာဏကသန္တာန်၌၎င်း။ဥပါဒိန္နကသန္တာနေပိ၊ သက်ရှိသဝိညာဏကသန္တာန်၌၎င်း၊မဟန္တာနိ၊ ကြီးကုန်သည်ဖြစ်၍။ ပါတုဘူတာနိ၊ ထင်ရှားဖြစ်ကုန်၏။

## မဟာဘူတ သာမညာ အဘွင့်

"မဟာဘူတသာမညတော" အရသော်ကား ဝိဂြိုဟ် စစ်လိုက်သည် ရှိသော်-

အဘူတာနိ စ အဗ္ဘုတာနိ စာတိ အဘူတာနိ။
မဟန္တာနိ အဘူတာနိ ဧတေသူတိ မဟာဘူတာနိ။
မဟာဘူတာနိ ဝိယာတိ မဟာဘူတာနိ။

အဘူတာနိ စ၊မဟုတ်မမှန်သော ဝတ္ထုတို့ရင်း။အဗ္ဘုတာနိ စ၊အံ့ဩစရာ တို့ရင်း၊ အဘူတာနိ၊တို့။ ။(ကေသိက်ပြု)။ ။ဧတေသု၊ ထိုမျက်လှည့် ဆရာ,ဘီလူးစသည်တို့၌။ မဟန္တာနိ၊များစွာကုန်သော။ အဘူတာနိ၊မဟုတ် မမှန်ကုန်သော။ဝါ၊အံ့ဩဘွယ်ဖြစ်ကုန်သော အရာတို့သည်။ သန္တိ၊ရှိကုန်၏။ ဣတိ၊ ကြောင့်။ တာနိ၊ထိုမျက်လှည့်သည်, ဘီလူးစသည်တို့သည်။ မဟာဘူတာနိ၊ မဟာဘုတ် မည်ကုန်၏။ ။(မျက်လှည့်သည်,ဘီလူးစသည်တို့ကို ရ၏)။ ။ယာနိ၊ အကြွင်ရုပ်တို့သည်။ မဟာဘူတာဝိနိယ၊ မျက်လှည့်သည်, ဘီလူးစသည်တို့နှင့် တူကုန်၏။ ဣတိ၊ ကြောင့်။ တာနိ၊ ထိုရုပ်တို့သည်။ မဟာဘူတာနိ၊မဟာဘုတ် မည်ကုန်၏။ ။(မဟာဘုတ် ၄-ပါးကို ရ၏။) ။ အဓိပ္ပါယ်ကား····မျက်လှည့်ဆရာကြီးသည် ပတ္တမြားမဟုတ်သော ရေကို ပတ္တမြားလုပ် ပြ၏၊ ရွှေမဟုတ်သော ခဲကို ရွှေလုပ်၍ ပြ၏။ ထို့အတူ မိမိသည် မနီပါဘဲလျက် နီသကဲ့သို့ပြု၍။ဝါ၊ နီရောင်ဆောင်၍ပြတတ်ကုန်၏။ မဝါပါဘဲလျက် ဝါရောင်ဆောင်၍ ပြတတ်ကုန်၏။ဤသို့မျက်လှည့်ဆရာနှင့် တူသောကြောင့် မဟာဘုတ် မည်၏။

တနည်း။ ။ဘီလူးတို့သည် အကြွင်သူကို ဘမ်းစား ပူးဝင်ကုန်၏။ ထိုပူးဝင်ကုန်သော ဘီလူးတို့ကို ထိုဘမ်းစားအပ်သော လူ၏အတွင်း၌ရှိ၏ ဟုလည်း မဆိုအပ်။သို့မဟုတ် အပ၌တည်ကုန်၏ ဟုလည်း မဆိုအပ်ကုန်၊ ဘီလူးနှင့်လူ အချင်းချင်းမှီ၍ မတည် ဟုလည်း မဆိုရ။ဤသို့ မကြံစည်နိုင် မကြံစည်အပ်သကဲ့သို့ ထိုအတူ ထိုရုပ်တို့သည်လည်း ဘုတ် ၄-ပါးအချင်း ချင်း အတွင်း၌ တည်၏ ဟုလည်း မဆိုရ၊ အပ၌တည်၏ ဟုလည်း မဆိုရ၊ အချင်းချင်း မှီ၍မတည် ဟုလည်း မဆိုရကုန် ဤသို့ မကြံစည်အပ်,မကြံစည် နိုင်သောကြောင့် မဟာဘုတ်၊မည်ကုန်၏။

တနည်း။ ။ဘီလူးမ တို့သည် ချစ်နှစ်သက် စဘွယ် အဆန်းတကြယ် အထူးထူးတပ်မက်ဘွယ်သော ကိုယ်ရေအဆင်းအင်္ဂါကြီးငယ်သဏ္ဌာန်ပုံပန် တို့ဖြင့် မိမိ၏ကြောက်မက်ဘွယ်ရာ အဖြစ်ကို ဖုံးလွှမ်း၍ သတ္တဝါတို့ကို လှည့် ပတ်ကုန်သကဲ့သို့ ထိုအတူ ထိုရုပ်တို့သည်လည်း ချစ်နှစ်သက်ဘွယ်သော ကိုယ်ရေ အဆင်းဖြင့် နှစ်သက်ဘွယ်သော အင်္ဂါကြီးငယ် သဏ္ဌာန် ပုံပန် တို့ဖြင့် မိမိ၏ ကက္ခဠစသော ကြမ်းတမ်းသော လက္ခဏာကို ဖုံးလွှမ်း၍ ပုထုဇဉ်လူမိုက်တို့ကို လှည့်ပတ်တတ်သောကြောင့် မဟာဘုတ် မကုန်၏။

အနေကဗ္ဘုတ ဝိသေသဒဿနေန စ အနေကာဘူတဒဿနေန စ အနေကစ္ဆရိယ ဒဿနဝသေန မဟန္တော ဘူတော, မဟန္တာနိ အဗ္ဘုတာနိ ဧတ္ထာတိ မဟာဘူတာ။ ။မဟာဋီကာ။

အနေကစ္ဆရိယဒဿနေန အနေကာ ဘူတဝိသေသဒဿနဝသေန စ မာယာကာရော မဟန္တော ဘူတောတိ မဟာဘူတော။ မူလဋီကာ။ ။(၁၃၁)

ဤသို့ မဟာဘုတ်တို့သည် မျက်လှည့်ဆရာ, ဘီလူး,ဘီလူးမတို့ကဲ့သို့ မဟုတ် မမှန်သော အရာကို ပြတတ်, အဆန်းတကြယ် အံ့သြဘွယ်ရာကို ပြတတ်,လှည့်ပတ်တတ်သောကြောင့် အဘူတ,အဗ္ဘုတ အနက်သဘော ရှိကုန်ရကား မဟာဘုတ် မည်ကုန်၏ ဟု မှတ်။

၃-၁။ ။မဟန္တာ ပါတုဘူတာတိ၊မဟာဘူတသမာတိ ဝါ။
ဝဉ္စကတ္တာ အဘူတေန၊မဟာဘူတာတိ သညိတာ။

အဘိဓမ္မာဝတာရ အဋ္ဌကထာ။ ။(၇၅)။ ဋီကာကျော်။ ။(၁၅၈)

**ဆောင်ပုဒ်**

မျက်လှည့်,ဘီလူး၊နတ်ထူးတူလှ၊သဘာဝ၊မှတ်ကြ-မဟာဘုတ်။

---

၃-၁။ ။သဘော၊အကြင်ကြောင့်။မဟန္တာ၊ကြီးကျယ်ကုန်သည်။ဟုတ္တ၊ဖြစ်ကုန်၍။ ပါတု ဘူတာ၊ထင်ရှားဖြစ်ကုန်သည်တည်း။ဣတိ၊ထိုသဘော၊သို့ကြောင့်။ မဟာဘူတာနာမ၊မဟာဘုတ် မည်ကုန်၏။ဣတိ ဧဝံ၊ဤသို့။သညိတာ၊ကောင်းစွာ သိအပ်ကုန်၏။ ဝါ—တနည်းကား၊သဘော၊ အကြင်ကြောင့်။ အဘူတေန၊မဟုတ်မမှန်သော။ ဝါ၊ အံ့သြဆန်းကြယ်သော။ ဝဉ္စနာ၊ဝဉ္စ ဖြင့်။ ဝဉ္စကတ္တာ၊ မဟာဘူတမာယာ၊ လှည့်စား တတ်သောကြောင့်။မဟာဘူတသမာ၊မျက်လှည့် သည်,ဘီလူးစသည်တို့နှင့်တူကုန်၏၊ဣတိ ထိုသဘော၊သို့ကြောင့်။မဟာဘူတာနာမ၊မဟာဘုတ် မည်ကုန်၏။ ဣတိ ဧဝံ၊ဤသို့။ သညိတာ၊ကောင်းစွာ သိအပ်ကုန်၏။ ၊(ဋီကာကျော်၌ကား ''သမ္မတာ''ဟု ရှိ၏။)

## မဟာပရိဟာရ အဘွင့်

"မဟာပရိဟာရတော"အရသော်ကား၊ဝိဂ္ဂြိုဟ် စစ်လိုက်သည်ရှိသော်–

မဟန္တေဟိ ပရိဟာရေဟိ ဘူတာနီတိ မဟာဘူတာနိ။

ဟုပြု။ ။တာနိ၊ထိုရုပ်တို့သည်။ မဟန္တေဟိ၊များစွာကုန်သော။ပရိဟာရေဟိ၊ အကြောင်းဖြစ်ကုန်သော ဆောင်ဘွယ်တို့ဖြင့်။ ဘူတာနိ၊ဖြစ်ကုန်သည်တည်း။ ဣတိ၊ ကြောင့်။ မဟာဘူတာနိ၊ မဟာဘုတ် မည်ကုန်၏။ ။ အဓိပ္ပါယ်ကား····ထိုရုပ်တို့သည် နေ့စဉ် နေ့တိုင်း များစွာကုန်သော အစာရေစာ, အဝတ်ပုဆိုး စသော အကြောင်းတို့ဖြင့် ဖြစ်စေအပ်ကုန်သော ကြောင့် မဟာဘုတ် မည်ကုန်၏။ ။ဟူလို။

တနည်း။ ။"မဟာပရိဟာရာနိ ဘူတာနီတိ မဟာဘူတာနိ" ဟုပြု။ မဟာပရိဟာရာနိ၊ များစွာသော အကြောင်းတို့ဖြင့် ဆောင်အပ်ကုန်သော။ ဘူတာနိ၊ ဘုတ်တို့တည်း။ဣတိ တသ္မာ၊ကြောင့်။မဟာဘူတာနိ၊မဟာဘုတ် မည်ကုန်၏။ ။အဓိပ္ပါယ်ကား…အစား, အဝတ်စသော များစွာသော အကြောင်းတရားတို့ဖြင့် ဆောင်အပ်သောကြောင့် မဟာဘုတ် မည်ကုန် ၏။ ။(ဤအလို မဟာသဒ္ဒါနောက်၌ ပရိဟာရ သဒ္ဒါအကျေကြေ)။

၃-၈။ ။မဟာပရိဟာရေတာတိ ဧတ္ထ ဝစနတ္ထံ ဝဒန္တော အာဟ။ မဟန္တေဟိ ဘူတာနိ,မဟာပရိဟာရာနိ ဝါ ဘူတာနီတိ။

မူလဋီကာ။ ။(၁၃၀)

### ဆောင်ပုဒ်

ဝတ်,စား,ရေစာ၊များစွာကြောင်းဖြင့်၊ဖြစ်ဘုံလင့်၊မှတ်ရှင့်-မဟာဘုတ်။

---

## မဟာဝိကာရ အဘွင့်

"မဟာဝိကာရတော"၏ အရသော်ကား။ ။ဝိဂ္ဂြိုဟ်စစ် လိုက်သည် ရှိသော်-

---

၃-၈။ ။မဟာပရိဟာရေတာတိ ဧတ္ထ၌။ ဝစနတ္ထံ၊ ကို။ ဝဒန္တော၊ ဘွင့်ဆိုလိုသော အဋ္ဌကထာ ဆရာသည်။ ဝါ၊ ဘွင့်ဆိုလိုသောကြောင့်။ မဟန္တေဟိ၊ ပ။ ဘူတာနီတိ၊ ဟူ၍။ ဝါ၊ ဟူသောစကား ကို။ အာဟ၊ ၏။

မဟာဝိကာရာနိ ဟုတွာ ဘူတာနီတိ မဟာဘူတာနိ။

ဟုပြု။ ။တာနိ၊ တို့သည်။ မဟာဝိကာရာနိ၊ ကြီးမားစွာ ဘောက်ပြန်ခြင်းရှိကုန်သည်။ ဟုတွာ၊ ဖြစ်ကုန်၍၊ ဘူတာနိ၊ ဖြစ်ကုန်သည်တည်း။ ဣတိ တသ္မာ၊ ကြောင့်။မဟာဘူတာနိ၊မည်ကုန်၏။ ။အဓိပ္ပါယ်ကား····အကြီးအကျယ် ဘောက်ပြန်တတ် ကုန်သောကြောင့် မဟာဘုတ် မည်ကုန်၏-ဟူလို။

**မှတ်ချက်။** ။ဤ၌ ကြီးမားသော ဘောက်ပြန်ခြင်း ဟူသည်မှာအနုပါဒိန္နက-ဟု ဆိုအပ်သော သက်မဲ့ဝတ္ထုတို့၏ ကမ္ဘာပျက်သောအခါ၌ ဘောက်ပြန်ပုံ ဥပါဒိန္နကဖြစ်သော သက်ရှိ ဝတ္ထုတို့၏ စိတ်ချောက်ခြားသောအခါ၌ ဘောက်ပြန်ပုံကိုယူလေ။ ။(အကျယ်ကို သိလိုမူ အဋ္ဌကထာ၌ ရှုလင့်ကုန်)။

**ဆောင်ပုဒ်။** ။ကြီးမားစွာပင်၊ဘောက်ပြန်လျှင်၊မြဲထင်-မဟာဘုတ်။

---

## မဟန္တဘူတ အဘွင့်

မဟန္တဘူတတ္တာ-၏ အရသော်ကား။ ။ဝိဂ္ဂဟ် စစ်လိုက်သည် ရှိသော်-

မဟန္တာနိ စ တာနိ ဘူတာနိစာတိ မဟာဘူတာနိ။

ဟုပြု။ ။တောနိ ရူပါနိ၊ တို့သည်။ မဟန္တာနိ စ၊ ကြီးကျယ်ကုန်သည်လည်း။ ဟောန္တိ၊ ကုန်၏။ တာနိ၊ တို့ဟူသည်။ဘူတာနိ စ၊ ထင်ရှားဖြစ်ကုန်သည်လည်း။ ဟောန္တိ၊၏။ ဣတိကြောင့်။ မဟာဘူတာနိ၊ မဟာဘုတ်မည်ကုန်၏။ ။အဓိပ္ပါယ်ကား···· ကြီးစွာသော လုံ့ဝီရိယဖြင့် သိမ်းဆည်းအပ်သော အနက်, ပရမတ်အားဖြင့် ထင်ရှားရှိသော အနက်ဖြစ်သောကြောင့် မဟာဘုတ် မည်ကုန်၏။

**ဆောင်ပုဒ်**

ကြီးစွာလုံ့လ၊သိမ်းဆည်းရ၍၊ပရမတ္ထ၊ထင်ရှားက၊မှတ်ပ-မဟာဘုတ်။

## ဥပါဒါရုပ် အဓိပ္ပါယ်

မဟာဘူတာနံ ဥပါဒါယ ပဝတ္တံ ရူပံ ဥပါဒါယ ရူပံ။

မဟာဘူတာနံ၊မဟာဘုတ်တို့ကို။ဥပါဒါယ၊စွဲမှီ၍။ ပဝတ္တံ၊ဖြစ်သော။ရူပံ၊ ရုပ်သည်။ ဥပါဒါယရူပံ၊ ဥပါဒါယရုပ် မည်၏။ ။မဟာဘုတ်တို့ကို အမှီ သဟဲပြု၍သာ ဖြစ်နိုင်သောကြောင့် ဥပါဒါယရုပ် မည်၏။ ။ဟူလို။

တနည်း။ ။ဥပါဒါယတိ နိဿယတီတိ ဥပါဒါယံ။ ။ဥပါဒါယတိ နိဿယတိ၊မှီ၍ဖြစ်တတ်၏။ဣတိ၊ကြောင့်၊ဥပါဒါယံ၊ဥပါဒါယ-မည်၏။ ။ ဥပါဒါယံ ဧဝ ရူပံ ဥပါဒါယ ရူပံ။ ။ဥပါဒါယံ ဧဝ၊မှီ၍ဖြစ်တတ်သောတရား သည်ပင်လျှင်။ ရူပံ၊ ရုပ်တည်း။ ဥပါဒါယရူပံ၊ ဥပါဒါယရုပ် မည်၏။

(အဓိပ္ပါယ် ပေါ်ပြီ)။

**မှတ်ချက်။** ။"ဥပါဒါယ-ရူပံ"ဟူသောပုဒ်သည်ပါဠိ,အဋ္ဌကထာတို့၌ "ဥပါဒါရူပံ"ဟူ၍၎င်း၊"ဥပါဒါယရူပံ"ဟူ၍၎င်း ၂-မျိုး, ၂-စားရှိ တတ်၏။သင့်သည်ချည်းတည်း။အကြောင်းကား ဥပါဒါယ-ပုဒ်ကား ပဌမဝိဂ္ဂြိုဟ်အလို ဥပရှေး-အာရှေးရှိသော ဒါဓာတ်-တွာပစ္စည်း-ယ ပြု၍ ပြီးသော"အဘိဝန္ဒိယ"ကဲ့သို့သော တွာပစ္စယန္တရုပ် ဖြစ်၏။ ။ နောက် ဒုတိယဝိဂ္ဂြိုဟ် အလိုအားဖြင့် ဒါ-ဓာတ်၏ အစိတ် အာကို အာယပြု၍ပြီးသောဥပါဒါယ-ကိတ်ပုဒ်ဖြစ်၏၊သို့ဖြစ်၍"ဥပါဒါရူပံ" ပုဒ်ကား"ပဋိသင်္ခါ ယောနိသော"၌ ပဋိသင်္ခါ-ပုဒ်ကဲ့သို့ တွာပစ္စ ယန္တလောပ-ကိတ်ပုဒ် ဟု မှတ်။ ယ-မကျေသော ဥပါဒါယရူပံ-ပုဒ် ကား-ဒါယကောကဲ့သို့ ဏ-ပစ္စယန္တ ကိတ်ပုဒ်ဖြစ်၏ ဟု မှတ်။ မူလ ဋီကာ အလိုအားဖြင့်ကား ယကျေသော ဥပါဒါပုဒ် မရှိသင့်။ ယ-နှင့်တကွသော ဥပါဒါယ-ပုဒ်သာရှိသင့်သည်။သို့သော်၊အနက်ကား ရှေးအတိုင်း တွာပစ္စယန္တ-ဏပစ္စယန္တ ၂-ချက်သင့်ပင်-ဟူ၏။

၃-ဃ။ ။မဟာဘူတာနိ နိဿာယ၊အမုဉ္စိတွာ ပဝတ္တိတော။ ဥပါဒါရူပမိစ္စာဟ၊ နိရုပါဒါနုမာနသော။

အဘိဓမ္မာဝတာရ အဋ္ဌကထာ။ ။(၇၅)

---

၃-ဃ။ ။မဟာဘူတာနိ၊ မဟာဘုတ်လေးပါးတို့ကို။ နိဿာယ၊ အမှီပြု၍။ အမုဉ္စိတွာ၊ မလွှတ်မူ၍။ပဝတ္တိတော၊ဖြစ်သည်၏အဖြစ်ကြောင့်။ဥပါဒါရူပံဣတိ၊ဥပါဒါရုပ်ဟူ၍။နိရုပါဒါန မာနသော၊ကင်းသော ဥပါဒါန် စိတ်ရှိသော မြတ်စွာဘုရားသည်။ အာဟ၊ ၏။ ။(ဤကား အဋ္ဌကထာအနက်)။

၃-င။ ။ဥပါဒါယာတိ ဧတေန ဝိညာယမာနာ ပစ္စယကာလကြိယာ ပဝတ္တိတိ ကတ္တာ။ပ။ အထဝါ ဥပါဒါယတိ နိဿယတီတိ ဥပါဒါယံ၊ ဥပါဒါယမေဝ ရူပံ ဥပါဒါယရူပံ။

မူလဋီကာ။ ။(၁၃၂)

---

**ကောဒသဥခ်အရေ အစိပ္ပါယ်**

ဇာတ်တူအားဖြင့် ပေါင်းလိုက်သည့်ရှိသော် ဘူတရုပ်-၁၊ပသာဒရုပ်-၁၊ ဂေါစရရုပ်-၁၊ ဘာဝရုပ်-၁၊ ဟဒယရုပ်-၊ ဇီဝိတရုပ်-၁၊ အာဟာရရုပ်-၁၊ ပရိစ္ဆေဒရုပ်-၁၊ ဝိညတ်ရုပ်-၁၊ ဝိကာရရုပ်-၁၊ လက္ခဏရုပ်-၁၊ အားဖြင့် ၁၁-ပါး အပြားရှိ၏။ ဤ ၁၁-ပါးအပြားအားဖြင့် ရုပ်ကို ဝေဘန်ပြဆိုပေအံ့။ ဟူလို။

**ဥပါဒါရုပ်နှင့် မဟာဘုတ် အရေး**

ဤသို့ မဟာဘုတ်ကို စွဲတတ်, မှီတတ်သောကြောင့် ဥပါဒါရုပ်-ဟု ဆိုပါလျှင် "ကော မဟာဘူတံ ပဋိစ္စ တယော မဟာဘူတာ" စသည်ဖြင့် ဟောတော်မူသဖြင့် မဟာဘုတ်တို့သည်လည်း တပါးကိုတပါးမှီ၍ပင် ဖြစ်ရကား မဟာဘုတ်လေးပါးကိုလည်း ဥပါဒါရုပ်-ဟု ဆိုသင့်ရာ၏ ဟူငြားအံ့။ ဥပါဒါရုပ်ကား တပါးသော ရုပ်ကိုသာ အမြဲမှီတတ်သော ဧကန္တနိဿိတ ဖြစ်သည်။ မိမိအားကား တပါးသော ရုပ်တို့သည် မမှီအပ်သောကြောင့် ဥပါဒါရုပ်သာ ဥပါဒါရုပံ-မည်၏။မဟာဘုတ်ကား တပါးနှင့်တပါး အချင်းချင်းလှည့်၍ မှီတတ်သောကြောင့် ဥပါဒါရုပ်မမည် ဟု မှတ်။

၃-စ။ ။အညနိဿယယဿ ဧကန္တနိဿိတဿ ရူပဿေတံ အဓိဝစနံ။ ။မူလဋီကာ။ ။(၁၃၂)

---

၃-င။ ။ဥပါဒါယာတိဧတေန၊ဟူသောပါဌ်ဖြင့်။ဝိညာယမာနာ၊သိအပ်သော။ ပစ္စယကာလကြိယာ၊ အပရကာလ ကြိယာသည်။ ပဝတ္တိ၊ဖြစ်ခြင်း ကြိယာပင်တည်း။ပ။ အထဝါ၊ ကား။ ဥပါဒါယတိ-နိဿယတိ၊မှီတတ်သည်သာတည်း။ဣတိ၊ကြောင့်။ ဥပါဒါယံ၊မည်၏၊ဥပါဒါယမေဝ၊မှီတတ်သည်သာလျှင်ဖြစ်သော တရားသည်ပင်လျှင်။ ရူပံ၊ရုပ်မည်၏။ ဥပါဒါယရူပံ၊ရုပ်။ (ဤကား မူလဋီကာ အနက်။)

၃-စ။ ။အဘိ၊ဤဥပါဒါယ-ဟူသောအမည်သည်။ အညနိဿယဿ၊ တပါးသော မှီရာရှိသော။ ဧကန္တနိဿိတဿ၊စင်စစ် သူတပါးကို မှီတတ်သော။ ရူပဿ၊ ရုပ်၏။ အဓိဝစနံ၊ အမည်တည်း။

## သောင်းနှီ

အနေကန်မှိ၊ လေးလီမဟာဘုတ်၊ ရုပ်ဥပါဒါ၊ မ,မည်ရာ၊
ကြွင်းမှာ-ကေန် မှိ၍တည်း။

---

## မဟာဘုတ် လေးပါး အဘွင့်

၃။ ။ကထံ ပထဝီဓာတု၊ အာပေါဓာတု၊ တေဇောဓာတု၊ ဝါယော ဓာတု ဘူတရုပံနာမ။

သင်္ဂြိုဟ်ပါဠိ။

၁-ပထဝီဓာတ်၊ ၂-အာပေါဓာတ်၊ ၃-တေဇောဓာတ်၊ ၄-ဝါယော ဓာတ် ဤဓာတ်လေးပါးတို့သည် ဘူတရုပ် မည်ကုန်၏။ ။ဟူလို။

ဤကား ပိဏ္ဍတ္ထ။

---

## ပထဝီဓာတ် အဘွင့်

ပထယတိတိ ပထဝီ။

ပထယတိ၊ သဟဇာတ်တရားတို့၏ တည်ရာအဖြစ်ဖြင့် ထင်ရှားတတ်၏။ ဣတိ၊ ကြောင့်။ ပထဝီ၊ပဘဝီ-မည်၏။ ။အဓိပ္ပါယ်ကား····မိမိနှင့် အတူ ဟက္ကဖြစ်ကုန်သော ရုပ်ကလာပ်တို့၏ တည်ရာ,မှီရာ၏ အဖြစ်ဖြင့် ထင်ရှား သော တရားဖြစ်သောကြောင့် ပထဝီမည်၏။ ။ဟူလို။

ပုထု ဘဝတီတိ ဝါ ပထဝီ။

ဝါ၊ တနည်းကား။ ပုထု၊ ကြီးကျယ်စွာ။ ဘဝတိ၊ ဖြစ်တတ်၏။ ဣတိ ကြောင့်။ ပထဝီ၊ မည်၏။ ။အဓိပ္ပါယ်ကား····တောင်ကြီး, မြင်းမိုရ်ကြီး စသော အားဖြင့် ကြီးကျယ်စွာ ဖြစ်တတ်သောကြောင့် ပထဝီမည်၏။ ။ ဟူလို၊

---

## ပထဝီ အပြား

ထိုပထဝီသည် လက္ခဏပထဝီ, သသမ္ဘာရပထဝီ, အာရမ္မဏပထဝီ, သမ္မုတိပထဝီ ဟူ၍ ၄-ပါး အပြားရှိ၏။ ထိုလေးပါးတို့တွင် အဇ္ဈတ္တိက သန္တာန်၌ ဖြစ်သော ပထဝီဓာတ်သည် လက္ခဏပထဝီ မည်၏။

"ပထဝိ ခဏေယျ" စသည်သာရှိသော ဤမဟာပထဝီမြေကြီး,ဆံပင် မွေးညှင်းစသော ပထဝီဓာတ်-နှစ်ဆယ်၊ သံ့ပဒါး,စသော ဗာဟိရပထဝီ တို့သည် သသမ္ဘာရပထဝီမည်၏။ ။ပထဝီကသိုဏ်းဝန်းသည် အာရမ္မဏ ပထဝီမည်၏။ ။နိမိတ်ပထဝီလည်း မည်၏။ ။ပထဝီကသိုဏ်း ရျာန် ရသော ပုဂ္ဂိုလ်သည် နတ်ပြည်၌ ဖြစ်ရ၏-ဟူရာ၌ ပထဝီ-ဟူသော အမည် သည် သမ္မုတိပထဝီ မည်၏။ ။ထိုလေးပါးတို့တွင် ဤဓာတ်လေးပါးအရာ၌ လက္ခဏပထဝီ,သသမ္ဘာရပထဝီ ၂-ပါးကို ယူအပ်၏။

> လက္ခဏပထဝီ, သသမ္ဘာရပထဝီ, အာရမ္မဏပထဝီ, သမ္မုတိ ပထဝီတိ စတုဗ္ဗိဓာ။တာသု။ပ။ ဣမသ္မိံ ဌာနေ လက္ခဏပထဝီ စ, သသမ္ဘာရပထဝီ စ ဂဟေတဗ္ဗာ။ ။မူလပဏ္ဏာသ အဋ္ဌကထာ။

ဤပထဝီဓာတ်သည် အဇ္ဈတ္တိကပထဝီဓာတ်, ဗာဟိရပထဝီဓာတ်-ဟူ၍ ၂-မျိုးရှိ၏။ ဆံပင်,မွေးညှင်း။ ။ ဦးနှောက် အဆုံးရှိသော ပထဝီဓာတ်- ၂၀-သည် သတ္တဝါတို့၏ အဇ္ဈတ္တသန္တာန်၌ ဖြစ်သောကြောင့်-အဇ္ဈတ္တပထဝီ ဓာတ်မည်၏။ ။ဤမှတပါးသော မြေကြီး,တော,တောင်,သစ်ပင်,သံ,ကြေး, ကျောက်ခဲ-စသော အနိန္ဒြိယဗဒ္ဓရုပ်သည် သတ္တဝါတို့၏ အပသန္တာန်၌ ဖြစ်သောကြောင့် ဗာဟိရပထဝီ မည်၏။

> ပထဝီဓာတုဒွယံ အတ္ထိ အဇ္ဈတ္တိကာ,အတ္ထိ ဗာဟိရာ။
> ဓာတုဝိဘင်း ပါဠိတော်။ ။(၇၁)
> သဘာဝံ ဓာရေတီတိ ဓာတု။
> ပထဝီ စ သာ ဓာတု စာတိ ပထဝီဓာတု။

သဘာဝံ၊ ကက္ခဠစသော သဘောကို။ ဓာရေတိ၊ ဆောင်တတ်၏။ဣတိ ကြောင့်။ ဓာတု၊ ဓာတ်မည်၏။ ။ပထဝီစ၊ပထဝီသည်လည်း၊ဟောတိ၊၏။ သာ၊ ထိုပထဝီ ဟူသည်။ ဓာတု စ၊ ဓာတ်သည်လည်း။ ဟောတိ၊၏။ ဣတိ၊ ကြောင့်။ ပထဝီဓာတု၊ပထဝီဓာတ်မည်၏။

---

## ပထဝီဓာတ်၏ လက္ခဏာ,ရသ,ပစ္စုပဋ္ဌာန်,ပဒဋ္ဌာန်

> ကက္ခဠလက္ခဏာ ပထဝီဓာတု၊ ပတိဋ္ဌာနရသာ၊ သမ္ပဋိစ္ဆနပစ္စု ပဋ္ဌာနာ၊အဝသေသ ဓာတုတ္တယ ပဒဋ္ဌာနာ။
> အဋ္ဌသာလိနီ အဋ္ဌကထာ။ ။(၃၂၈)

ပထဝီဓာတ်သည် ၁-ခက်မာခြင်း လက္ခဏာရှိ၏။ ။၂-သဟဇာတ် ရုပ်တို့၏ တည်ရာကိစ္စရှိ၏၊ ။၃-သဟဇာတ်ရုပ် တရားတို့ကို လက်ခံထား ခြင်း ပစ္စုပ္ပဋ္ဌာန်ရှိ၏။ ။၄-ကြွင်းသော မဟာဘုတ်သုံးပါး အပေါင်းလျှင် နီးစွာသော အကြောင်း ရှိ၏။ အဘယ့်ကြောင့် ပထဝီဓာတ်ကို ခက်မာခြင်း ကက္ခဋလက္ခဏာရှိ၏-ဟုသာ ဆိုအပ်သနည်း။ နူးညံ့သိမ်မွေ့သော ပထဝီ ဓာတ်လည်း ရှိသည် မဟုတ်ပါလော ဟူမူ။ ။နူးညံ့သိမ်မွေ့သော ပထဝီ ဓာတ် ရှိသည်မှန်၏။ သို့ရာတွင် မိမိမှကြွင်းသော မဟာဘုတ် ၃-ပါးကို ထောက်၍ ဤပထဝီဓာတ်ကို ကက္ခဋလက္ခဏာရှိ၏ ဟု ဆိုရပေသည်။

## ဆောင်ပုဒ်

ကြွင်းသော ဓာတ်ကို၊ထောက်၍ဆို၊မှတ်ထို-ကက္ခဋ။

---

## အာပေါဓာတ် အဘွင့်

အာပေတိ သဟဇာတရူပါနိ
ဗျာပေတွာ တိဋ္ဌတီတိ အာပေါ။

အာပေတိ၊ စွတ်စိုတတ်၏။ သဟဇာတရူပါနိ၊ သဟဇာတ် ရုပ်တို့ကို။ ဗျာပေတွာ၊နှံ့၍။တိဋ္ဌတိ၊တည်တတ်၏။ဣတိ၊ထို့ကြောင့်။အာပေါ၊အာပေါ မည်၏။

အပ္ပါယတိ သဟဇာတရူပါနိ
သုဋ္ဌု ဗြူဟေတိ ဝဍ္ဎေတီတိ ဝါ အာပေါ။

ဝါ၊ကား။အပ္ပါယတိ၊ရောက်စေတတ်၏။ သဟဇာတရူပါနိ၊တို့ကို။သုဋ္ဌု၊ ကောင်းစွာ။ ဗြူဟေတိ- ဝဍ္ဎေတိ၊ ကြီးပွါးစေတတ်၏။ ဣတိ၊ ကြောင့်။ အာပေါ၊မည်၏။ ။အဓိပ္ပါယ်ကား····သဟဇာတ် ရုပ်တရားတို့ကို စိုစွတ် သော သတ္တိဖြင့် သဟဇာတ် ရုပ်တရားတို့ကို၊အလုံးစုံနှံ့၍ တည်တတ်သော ကြောင့် အာပေါမည်၏။ ။တနည်း····သဟဇာတ် ရုပ်တရားတို့ကို ဖရိ ဖရဲ တကွဲတပြားစီ ဖြစ်၍ မသွားစေမူ၍ ကြီးပွါးစေ တတ်သောကြောင့် လည်း အာပေါမည်၏။ ။ဟူလို။

သဟဇာတရူပါနိ အဝိပ္ပကိဏ္ဏာနိ
ကတွာ ဘုသော ပါတိ ရက္ခတီတိ ဝါ အာပေါ။

ဝါ၊ကား။သဟဇာတရူပါနိ၊သဟဇာတ် ရုပ်တရားတို့ကို။အဝိပ္ပကိဏ္ဏာနိ၊ ဖရိုဖရဲ မကျဲသည်တို့ကို။ ကတွာ၊ပြု၍။ ဘုသော၊ လွန်စွာ။ ပါတိ- ရက္ခတိ၊ စောင့်ရှောက်တတ်၏။ဣတိ၊ကြောင့်။အာပေါ၊အာပေါ-မည်၏။ ။အဓိပ္ပါယ် ကား‥‥ သဟဇာတ် ရုပ်တရားတို့ကို ဖရိုဖရဲ တကွဲတပြားစီ ဖြစ်၍ မသွား ရအောင် ငုံ၍ထားဘိသကဲ့သို့ ပြုတတ်သောကြောင့်လည်း အာပေါမည်၏။ ဟူလို။

---

## အာပေါ်၏ အပြား

အာပေါသည်လက္ခဏအာပေါ,သသမ္ဘာရအာပေါ,အာရမ္မဏအာပေါ, သမ္မုတိ အာပေါ-ဟူ၍ ၄-ပါး ရှိ၏။ ။ထိုလေးပါးတို့တွင် အဇ္ဈတ္တိက ဖြစ်သော အာပေါဓာတ်သည် လက္ခဏအာပေါ မည်၏။ မြစ်, သမုဒ္ဒရာတို့၌ ရှိသော ရေအ ပေါင်းသည်ငှင်း၊ သည်းခြေ, သလိပ် စသော ကောဋ္ဌာသ ၁၂-ပါးသည်ငှင်း-သသမ္ဘာရအာပေါမည်၏။ အာပေါကသိုဏ်းဝန်းသည် အာရမ္မဏအာပေါမည်၏။ အာပေါကသိုဏ်း ဈာန်ရသော ပုဂ္ဂိုလ်သည် နက်ပြည့်၌ ဖြစ်ရ၏-ဟု ဆိုရာဝယ် အာပေါ-ဟူသော အမည်သည်သမ္မုတိ အာပေါမည်၏။ ။ထိုလေးပါးတို့တွင် ဤ၌ လက္ခဏအာပေါ, သသမ္ဘာရ အာပေါနှစ်ပါးကို ယူအပ်၏။ ။''အာပေါယေဝ ဓာတု အာပေါဓာတု'' ဟု ပြု။

လက္ခဏအာပေါ၊ သသမ္ဘာရအာပေါ၊ အာရမ္မဏအာပေါ၊
သမ္မုတိအာပေါတိ စတုဗ္ဗိဓော အာပေါ။ ပ။ အာပေါကသိဏံ
ဥဂ္ဂဏှန္တော အာပသ္မိံ နိမိတ္တံ ဂဏှာတီတိ အာဒီသု ဝုတ္တော
သသမ္ဘာရ အာပေါနာမ။ ဣမသ္မိံ ဌာနေ လက္ခဏအာပေါ စ
သသမ္ဘာရအာပေါ စ အဓိပ္ပေတော။ ။မူလပဏ္ဏာသ အဋ္ဌကထာ။

ထိုအာပေါ ဓာတ်သည်လည်း အဇ္ဈတ္တိက အာပေါဓာတ်, ဗာဟိရ အာပေါဓာတ် ဟူ၍ ၂-မျိုးရှိ၏။ ထို ၂-ပါးတို့တွင်သည်းခြေ,သလိပ်စသော အာပေါဓာတ်ကောဋ္ဌာသ ၁၂-ပါးသည် သတ္တဝါတို့၏အဇ္ဈတ္တိကသန္တာန်၌

ဖြစ်သောကြောင့် အဇ္ဈတ္တိက အာပေါမည်၏။ထိုမှတပါး မြစ်ရေ,ချောင်းရေ, စသော အနိန္ဒြိယဗဒ္ဓရုပ်တို့သည် သတ္တဝါတို့၏ အပ၌ ဖြစ်သောကြောင့် ဗာဟိရအာပေါဓာတ် မည်၏။

အာပေါဓာတုဒွယံ၊အတ္ထိ အဇ္ဈတ္တိကာ၊အတ္ထိ ဗာဟိရာ။

ဓာတုဝိဘင်း ပါဠိတော်။ ။(၇၁)

---

**အာပေါဓာတ်၏ လက္ခဏာ,ရသ,ပစ္စုပဋ္ဌာန်,ပဒဋ္ဌာန်**

အာပေါ ဓာတ်သည် ၁-ဖွဲ့နှောင်ခြင်း လက္ခဏာ ရှိ၏၊ ဝါ-ယိုစီးခြင်း လက္ခဏာရှိ၏၊ ၂-ကြီးပွါးခြင်း ကိစ္စရှိ၏၊ ၃-တလုံးတစည်းတည်းပေါင်းရုံး ခြင်း ပစ္စုပဋ္ဌာန်ရှိ၏၊ ၄-ကြွင်းသော ဘုတ်သုံးပါးလျှင် နီးသောအကြောင်း ရှိ၏။

အာပေါဓာတု ပဂ္ဃရဏလက္ခဏာ၊ အာဗန္ဓနလက္ခဏာ ဝါ၊ ဗြူဟန ရသာ၊သင်္ဂဟပစ္စုပဋ္ဌာနာ၊ သေသတ္တယပဒဋ္ဌာနာ။

အဋ္ဌသာလိနီ အဋ္ဌကထာ။ ။(၄၂၉)

---

အာပေါဓာတ်သည် ဖွဲ့နှောင်ခြင်း လက္ခဏာရှိ၏ ဟု ဆိုသော် မြစ်, သမုဒ္ဒရာ, အင်း, အိုမ်စသည်တို့၌ရှိသော ရေအပေါင်းသည် တလုံးတည်း ကဲ့သို့ ဖွဲ့စည်းသည်ဖြစ်ရာ၏ ဟူငြားအံ့။ထိုမြစ်,သမုဒ္ဒရာ စသည်၌ ရှိသော ရေအပေါင်းသည် အဆိုင်အခဲမဖြစ်နိုင်၊ အဘယ့်ကြောင့်ဆိုသော် ပထဝီ ဓာတ် နည်းပါးသောကြောင့်တည်း။ ထိုစကားမှန်၏၊ အာပေါဓာတ်သည် ဖွဲ့နှောင်တတ်သောသဘောတရားသာဖြစ်၍ဖွဲ့နှောင်အပ်သောပထဝီဓာတ် အားကြီးမှသာလျှင် အဆိုင်အခဲဖြစ်အောင် ဖွဲ့စည်းနိုင်၏။ ဆိုလိုရင်ကား အကြင်ဝတ္ထု၌ ပထဝီဓာတ်များ၏၊ ထိုဝတ္ထုကိုသာ အာပေါဓာတ်သည် အာဗန္ဓနလက္ခဏာဖြင့် ဖွဲ့စည်းနိုင်၏ ဟု မှတ်။

ဗန္ဓိတဗ္ဗာယ ပထဝိယာ တတ္ထ ပရိဒုဗ္ဗလတ္တာ။

ဋီကာ ဟိတ်။

**ဆောင်ပုဒ်။** ။ပထဝီဓာတ်၊နည်းတုံလတ်၊မှတ်အပ်-ဖွဲ့စည်း ကင်း၏တည်း။

## ဘေဇ္ဇောဓာတ် အဘွင့်

ဘေဇတိ တိက္ခဘာဝေန ပဘာသတီတိ တေဇော။

ဘေဇတိ၊ ထက်မြက်တတ်၏။ တိက္ခဘာဝေန၊ ထက်မြက်သော အဖြစ်ဖြင့်။ ပဘာသတိ၊ ထင်ရှားတတ်၏။ ဣတိ၊ ကြောင့်။ တေဇော။ တေဇော မည်၏။ ။အဓိပ္ပါယ်ကား····မွေ့, ပူမှု-ဟု ဆိုအပ်သော ထက်မြက်သော တန်ခိုးဖြင့် ထင်ပေါ်,ကျော်စောတတ်သောကြောင့် တေဇောမည်၏။ ။ ဟူလို။

တေဇေတိ သဟဇာတဓမ္မေ တိက္ခဘာဝံ ကရောတီတိ ဝါ တေဇော။

ဝါ၊ကား။ တေဇေတိ၊ ထက်မြက်စေတတ်၏။ သဟဇာတဓမ္မေ၊သဟဇာတ် တရားတို့ကို။ တိက္ခဘာဝံ၊ ထက်သည်၏ အဖြစ်ကို။ ကရောတိ၊ ပြုတတ်၏၊ဣတိ၊ကြောင့်။တေဇော၊တေဇော-မည်၏။ ။အဓိပ္ပါယ်ကား···· မိမိနှင့် သဟဇာတ်ဖြစ်သော ရုပ်တို့ကို၊ နွေးမှု,ပူမှုဖြင့် ထက်မြက်စေတတ်သောကြောင့် တေဇောမည်၏။ ။ဟူလို။

သဟဇာတရူပါနိ တေဇေတိ ပရိပါစေတီတိ ဝါ တေဇော။

ဝါ၊ကား။သဟဇာတရူပါနိ၊တို့ကို။ တေဇေတိပရိပါစေတိ၊ရင့်ကျက်စေတတ်၏။ ဣတိ၊ကြောင့်။တေဇော၊တေဇောမည်၏။ ။အဓိပ္ပါယ်ကား···· သဟဇာတ် ရုပ်ကလာပ်တို့ကို ရင့်ကျက်စေတတ်သောကြောင့် တေဇော မည်၏။ ။ဟူလို။ ။"တေဇောယေဝ ဓာတု တေဇောဓာတု"။ ။ဟူပြီ။

---

## တေဇောဓာတ်၏ လက္ခဏာ,ရသ,ပစ္စုပဋ္ဌာန်,ပဒဋ္ဌာန်

တေဇောဓာတ်သည် ၁-ပူလောင်းခြင်း လက္ခဏာရှိ၏။ ။၂-ချက်ခြင်း, ကျက်စေခြင်း ကိစ္စရှိ၏။ ။၃-နူညံ့သည်ကို အစဉ်အတိုင်း ပေးခြင်း ပစ္စုပဋ္ဌာန်ရှိ၏။ ။၄-ကြွင်းသောဘုတ်သုံးပါးလျှင်နီးစွာသောအကြောင်းရင်း ရှိ၏။

တေဇောဓာတု ဥဏှတ္တလက္ခဏာ၊ပရိပါစနရသာ၊
မဒ္ဒဝါနုပ္ပဒါနပစ္စုပဋ္ဌာနာ၊သေသတ္တယပဒဋ္ဌာနာ။

အဋ္ဌသာလိနီ အဋ္ဌကထာ။ ။(၃၂၈)

---

## တေဇောဓာတ် အပြား

တေဇော ဓာတ်သည် အဇ္ဈတ္တိကတေဇော, ဗာဟိရတေဇော ဟူ၍ ၂-မျိုးရှိ၏။ ထိုနှစ်မျိုးတို့တွင်သတ္တဝါတို့၏ သန္တာန်တွင်း၌ ဖြစ်သောကိုယ်ကို ပူအိုက်စေတပ်သော တေဇောဓာတ်, အရေတွန့်ခြင်း စသည်ကို ပြုသော တေဇောဓာတ်, ကိုယ်ကို ပူလောင်စေတတ်သော တေဇောဓာတ်, စားအပ်, ခဲအပ်သမျှသော အစားအစာ အာဟာရတို့ကို ကြေစေတတ်သော ဝမ်းမီး အငွေ့စသော တေဇောဓာတ်သည် အဇ္ဈတ္တိက တေဇောဓာတ်မည်၏။ ၎င်း အဇ္ဈတ္တိကတေဇောဓာတ် ပြုပြင်မှု,ပျက်စီးမှုကြောင့် တရက်ချန် ဖျားခြင်း, ၂-ရက်ချန် ဖျားခြင်း-စသည်၎င်း၊ ကိုယ်ရေ, ပါးရေတွန့်ခြင်း, အိုမင်းခြင်း, စသည်၎င်း၊ မျက်စိသီခြင်း, နားလေးခြင်း, ဆံဖြူခြင်း, သွားကျိုးခြင်း, အားယုတ်ခြင်းစသည်၎င်း ဖြစ်လေ၏။ သို့ဖြစ်၍ ဖြစ်မှုကြီးပွါးမှုလည်း တေဇောဓာတ်ပင်, ပျက်စီးမှုလည်း တေဇောဓာတ်ပင် ဖြစ်သည်ကို သတိပြုသင့်၏။

ထိုမှတပါး သစ်သားမီး, ထင်းမီး,နွားချေးမီး-စသည်ကြောင့် ဖြစ်သော အပူအစရှိသော အပဗဟိဒ္ဓ သန္တာန်၌ ဖြစ်သော တေဇောဓာတ်သည် ဗာဟိရတေဇောဓာတ် မည်၏။

တေဇောဓာတုဒ္ဓယံ၊အတ္ထိ အဇ္ဈတ္တိကာ၊
အတ္ထိ ဗာဟိရာ။ ။ဓာတုဝိဘင်း ပါဠိတော်။

တနည်း။ ။သီတတေဇော, ဥဏှတေဇော ဟူ၍ ၂-းရှိ၏။အေးသော အငွေ့ဓာတ်သည် သီတတေဇော မည်၏၊ ပူသော အငွေ့ဓာတ်သည် ဥဏှတေဇောမည်၏။ထိုသို့ ဖြစ်ပါက အေးသောအငွေ့ဓာတ်သည် အဘယ်သို့လျှင် တေဇောဓာတ် ဖြစ်နိုင်ပါသနည်း ဟူမူ။ ။လောကန္တရိက်ငရဲ, မဟာသက တိုင်းသို့၌ ဒဿောဓာဘဲဖြင့် ထောင်ကျွမ်း ပျက်စီးပုံကို ထောက်၍ အဓောတ်သည်လည်း ပရိပါစနလက္ခဏာ ရှိသောကြောင့် တေဇောပင်မည်၏ ဟု မှတ်။

၄-က။ ။တေဇော ဝေ ဟိ သီတံ ဟိမပါတသမယာဒိသု
သီတဿ ပရိပါစကတာဒဿနတော။ ။မူလဋီကာ။

---

၄-က။ ။ဟိ၊မှန်၏။ သီတံ၊အေးသည်။ တေဇောဝေ၊တေဇောပင်ဖြစ်၏။ ကသ္မာ၊အဘယ့်ကြောင့်နည်းဟူမူကား။ဟိမပါတသမယာဒိသု၊ဆီးနှင်းကျသောကာလစသည်တို့၌။ပရိပါစကတာဒဿနတော၊ရင့်ကျက်စေတတ်သည်၏ အဖြစ်ကို မြင်းသာကြောင့်တည်း။

## ဝါယောဓာတ် အဘွင့်

ဝါယတိ သမီရေတိ ဘူတသင်္ဃာတံ
ဒေသန္တရံ ပါပေတီတိ ဝါယော။

ဝါယတိ-သမီရေတိ၊လှုပ်ရှားစေတတ်၏။ ဘူတသင်္ဃာတံ၊ဘုတ်အစုကို။ ဒေသန္တရံ၊ တည်မြဲတိုင်းသောအရပ်မှ တပါးသော အရပ်သို့။ ပါပေတိ၊ ရောက်စေတတ်၏။ဣတိ၊ကြောင့်။ ဝါယော၊ ဝါယော-မည်၏။ ။အဓိပ္ပါယ် ကား····ရုပ်ခဲစု, ဘုတ်အစုတို့ကို တည်မြဲတိုင်းသော အရပ်မှ အခြား တပါးသော အရပ်သို့ ရောက်အောင် တိုက်လွှင့်တတ်သောကြောင့်ဝါယော မည်၏။ ။ဟူလို၊

ဝါယတိ သဟဇာတဓမ္မေ အပတမာနေ ကတွာ ဝဟတီတိ ဝါ ဝါယော။

ဝါ၊ ကား။ သဟဇာတဓမ္မေ၊ သဟဇာတ် တရားတို့ကို။ အပတမာနေ၊ လျောကျခြင်း မရှိသည်ကို။ ကတွာ၊ပြု၍။ ဝါယတိ-ဝဟတိ၊ ရွက်ဆောင် တတ်၏၊ဣတိ၊ကြောင့်။ဝါယော၊ဝါယော-မည်၏။

အဓိပ္ပါယ်ကား···· သဟဇာတ် ရုပ်တရားတို့ကို အားနည်း၍ လျောကျ သည်တို့ကို မဖြစ်စေရအောင် အမြဲထမ်းဆောင် သည်ပိုးတတ်သောကြောင့် ဝါယော-မည်၏။ ။ဟူလို။

'ဝါယောယေဝ ဓာတု ဝါယောဓာတု''။ ။ဟုပြု။

---

## ဝါယောဓာတ်၏ လက္ခဏာ,ရသ,ပစ္စုပဋ္ဌာန်,ပဒဋ္ဌာန်

ဝါယောဓာတ်သည် ၁-ထမ်းဆောင် ပင့်မြှောက်ခြင်း လက္ခဏာရှိ၏၊ ၂-တွန်းလှုပ်ခြင်း ကိစ္စရှိ၏။ ။၃-ဘုတ်အပေါင်းတို့ကို ရွေးရှုဆောင်ခြင်း လျှင် ပစ္စုပဋ္ဌာန်ရှိ၏။ ။၄-ကြွင်းသောဘုတ် ၃-ပါးလျှင် နီးစွာသော အကြောင်းရှိ၏။

ဝါယောဓာတု ဝိတ္ထမ္ဘနလက္ခဏာ၊ သမုဒီရဏရသာ၊အဘိနီဟာရ ပစ္စုပဋ္ဌာနာ၊သေသဘူတတ္တယပဒဋ္ဌာနာ။

အဋ္ဌသာလိနီ အဋ္ဌကထာ။ ။(၃၂၉)

---

## ဝါယောဓာတ် အပြား

ဝါယောဓာတ်သည် အဇ္ဈတ္တိက ဝါယောဓာတ်, ဗာဟိရ ဝါယောဓာတ် ဟူ၍ နှစ်ပါးအပြားရှိ၏။ထိုနှစ်ပါးတို့ဘွင် သတ္တဝါတို့၏သန္တာန်၌ဖြစ်သော ပျို့အန်စေတတ်သော အထက်သို့ ဆန်သော လေ,ကျင်ကြီး,ကျင်ငယ်တို့ကို ထုတ်သော အောက်သို့သက်သောလေ, အူ၏အပ၌ တည်သောလေ,အူ၏ အတွင်း၌ တည်သောလေ,အင်္ဂါကြီးငယ်တို့ကို လျှောက်သောလေ, စသော လေတို့သည် အဇ္ဈတ္တိက ဝါယောဓာတ်မည်ကုန်၏။ ။အရပ်မျက်နှာမှလာသော လေ, ငှက်တို့ အတောင်ခတ် ခြင်းကြောင့် ဖြစ်သောလေ, ယပ်ဖြင့် ခပ်သောလေ စသောလေတို့သည် ဗာဟိရဝါယောဓာတ်မည်ကုန်၏။

> ဝါယောဓာတုဒွယံ၊ အတ္ထိ အဇ္ဈတ္တိကာ၊အတ္ထိ ဗာဟိရာ။ တတ္ထ ကတမာ အဇ္ဈတ္တိကာ ဝါယောဓာတု။ပ။ အယံ ဝုစ္စတိ ဗာဟိရာ ဝါယောဓာတု။

ဝိဘင်း ပါဠိတော်။ ။(၇၃)

ဝါယောဓာတ်သည် ဝိတ္ထမ္ဘနလက္ခဏာရှိ၏ ဟု ဆိုသော် ကျောက်တုံး, ကျောက်ခဲ, တိုင်, တုံး,စသည်တို့၌ အဘယ်သို့လျှင် ထမ်းဆောင် ပင့်မြှောက်ခြင်း ဖြစ်နိုင်ပါသနည်းဟူမူ။ ။ထိုကျောက်တုံး,ကျောက်ခဲ,တုံး,တိုင်စသော ဝတ္ထုတို့၌ ရှိသော ဝါယော ဓာတ်သည် မိမိနှင့် အတူ တကွဖြစ်သော ရုပ်တရားတို့ကို လျှောကျပျက်စီး၍ မသွားရအောင် ထမ်းဆောင် ထားလေ၏။ ထို့ကြောင့်သာ အဆိုင်အခဲ မပြိုမကွဲမူ၍ တည်တံ့နိုင်၏ ဟု မှတ်။

ထိုဝါယောဓာတ်တို့သည် ဤသတ္တလောကကြီးနှင့် တကွ ဩကာသ လောကဓာတ်ကြီးကို ပြုပြင်၍ပေးသော အရေးပါ,အရာရောက်သော ဓာတ်ကြီးပေတည်း။ ထိုဝါယောဓာတ် ကောင်းပါမှ သာလျှင် သတ္တဝါတို့သည် ကြီးပွါးချမ်းသာနိုင်၏။ ထိုဝါယောဓာတ် ပျက်စီးချွတ်ယွင်း ခဲ့ပါမူ သတ္တဝါတို့သည် ချွတ်ယွင်း ပျက်စီးတတ်၏။ သတ္တဝါတို့၏ အားဟူသည်လည်း ဤဝါယောဓာတ်ပင်တည်း၊ဝါယောဓာတ် ကောင်းသောသူမှ အားကောင်းပေ၏ ဟု မှတ်။

၄-ခ။ ။ဝါတာဘိ ကုစ္ဆိဝါတ,ပိဋ္ဌိဝါတာဒိဝသေန ဝေဒိတဗ္ဗာ။သတိ ရသ္မိံ ဝါတရောဂေ ဥပ္ပန္နေတွာ ဟတ္ထပါဒပိဋ္ဌိအာဒီနိ ဘိန္ဒတိ ကာယံ ကရောတိ၊ခုဇ္ဇံ ကရောတိ၊ပီဌသပ္ပိံ ကရောတိ။

ခန္ဓဝိဘင်း အဋ္ဌကထာ။

---

## ဘူတရုပ် အစီအစဉ်

ဤပထဝီ-စသော ရုပ်လေးပါးတို့သည် ဥပါဒါရုပ်တို့၏ မှီရာဖြစ်ရာ ဖြစ်သောကြောင့် ဘူတရုပ်မည်၏။

ဘဝတိ ဧတ္ထ ဥပါဒါရူပန္တိ ဘူတံ။
ဘူတဉ္စ တံ ရူပဉ္စာတိ ဘူတရူပံ။

ဟုပြု။ ။ဧတ္ထ၊ ဤမဟာဘုတ် ၄-ပါး၌။ ဥပါဒါရူပံ၊သည်။ဘဝတိ၊ဖြစ် တတ်၏။ဣတိ၊ဤသို့ မှီရာဖြစ်ရာဖြစ်သော သတ္တိကြောင့်။ဘူတံ၊ ဘူတ-မည်၏။ ဘူတဉ္စ။ မှီရာဖြစ်သည်လည်း။ ဟောတိ၊၏။ တံ၊ ဟူသည်။ ရူပဉ္စ၊လည်း။ ဟောတိ၊၏။ဣတိ၊ကြောင့်၊ ဘူတရူပံ၊မည်၏။ ။ဟုပေး။

---

## မဟာဘုတ် လေးပါး၏ အရင်းရင်း ကျေးဇူးပြုပုံ

အလုံးအရပ် အလယ်အလတ်ဖြစ်သောသူ၏ ကိုယ်တခုလုံး၌ သိမ်းဆည်း အပ်သည်ရှိသော် ၎င်းကိုယ်ကာယတခုလုံးကို ပရမာအနုမြူမှုဖျက်ချေကာ ယူ၊အမှုန့်ပြုလိုက်သည်ရှိသော် သိမ်းမွေ့သော မြူသဘွယ်ဖြစ်သော ပထဝီ ဓာတ်မှုန့်ကလေး အပေါင်းတို့သည် တောင်းဖြင့် ချင့်လိုက်ပါက တစိတ်မျှ ရှိကုန်ရာ၏။ထိုတစိတ်မျှသော ပထဝီဓာတ်မှုန့်တို့ကို ထိုဓာတ်မှုန့်တို့၏ ထက် ဝက်မျှလောက်သော အာပေါဓာတ်စေးတို့သည် ဂျုံမှုန့်ကို ရေဖြင့်ရော၍ သမအောင် နယ်ဘိသည့် ာမာ ဖရိုဖရဲ ကျဲမသွားရအောင် ရောနှော ဘွဲ့စည်း ထားလေ၏။တေဇောဓာတ်သည်ကား ယိုစီးခြင်း သဘောရှိသော အာပေါ ဓာတ်၏ အစွမ်းဖြင့် သနပ်သီးမှည့် အစေးပမာ စွတ်စိုပြော့အိသည် အဖြစ်သို့

---

၄-ခ။ ။ဝါတာဘိ၊ကား။ကုစ္ဆိဝါတ,ပိဋ္ဌိဝါတာဒိဝသေန၊ဝမ်းတွင်း၌ တည်သောလေ, ကျောက်ရိုးကို လျှောက်သောလေ,အစရှိသည်တို့၏အစွမ်းအားဖြင့်။ဝေဒိတဗ္ဗာ၊သိအပ်၏။ဟိ၊ မှန်၏။ သတိရသ္မိံ၊ဘိုးယမ်း၌။ဝါတရောဂေ၊လေနာသည်၊ ဥပ္ပန္နေ ဟုတွာ၊ဖြစ်၍။ဟတ္ထပါဒပိဋ္ဌိအာဒီနိ၊ လက်ဖမိုး,ခြေဖမိုး အစရှိသည်တို့ကို။ဘိန္ဒတိ၊ချိုးဖျက်၏။ကာယံ၊ကိုယ်သည်ကို။ကရောတိ၊၏။ ခုဇ္ဇံ၊ကိုင်းသည်ကို။ကရောတိ၊၏။ပီဌသပ္ပိံ၊ဆွံ့သည်ကို။ကရောတိ၊၏။

မရောက်ရအောင် ပူလောင်စေသော အားဖြင့် အသင့် စောင့်ရှောက်၏၊ ဝါယောဓာတ်သည်ကား တေဇောဓာတ်လွန်၍ ချောက်သွေ့ကာ ဖရိုဖရဲ မကျဲမလွင့် သွားရလေအောင် ထမ်းဆောင် ပင့်မြှောက်ပေးလေ၏။ ဤသို့ ဓာတ်လေးပါးတို့ အတူတကွ သဖ-နေသောကြောင့်သာ မုန့်စိုင် မုန့်ခဲပမာ ဤကိုယ်ခန္ဓာ အကောင်အထည် ကြီးဖြစ်၍ တည်တံ့နိုင်လေသတည်း။ ဤသို့ တပါးသည် တပါး ထောက်ပံ့ကျေးဇူးပြုသည်ကို သတိပြုလေ။

အာရောဟ ပရိဏာဟဝသေန ဟိ မဇ္ဈိမေ ဍမသ္မိံ သရီရေ ပရိဂ္ဂယှ မာနာ ပရမာနုဘေဒသဉ္စုဏ္ဏာ သုခုမရဇဘူတာ ပထဝီဓာတုဒေါဏ မတ္တာ သိယာ ။ပ။သာ ဇဝံ တိဟိ ဓာတူဟိ ယထာရဟံ အနု ပါလိယမာနာ ဍမံ ကာယံ ဝိက္ခမ္ဘေတိ။

အဘိဓမ္မာဝတာရ ဋီကာ။

---

**အနုသာသနီ ဂါထာ**

ဓာတုပုဉ္ဇော အယံ ကာယော၊ဓာတုပုဉ္ဇာ ပရေပိ စ။
သဗ္ဗေပိ ဓာတုပုဉ္ဇာဝ၊အနိစ္စာ ဒုက္ခာနတ္တကာ။ ။

အယံ ကာယော၊ဤငါ၏ ခန္ဓာကိုယ်ကြီးသည်။ ဓာတုပုဉ္ဇော၊ လေးပါး သောဓာတ်၊ ပေါင်းအပ်မျှဆုံ၊ အစုပုံကြီးသာတည်း။ စ၊သည်သာမကသေး။ ပရေပိ၊ငါမှတပါး အခြားသောသူ ဟူဟူသမျှတို့၏ ကိုယ်ကာယတို့သည် လည်း။ဓာတုပုဉ္ဇာဝ၊လေးပါးသောဓာတ်၊ပေါင်းအပ်မျှဆုံ၊ အစုအပုံတို့သာ လျှင်လည်း။ သဗ္ဗေပိ၊လောကဓာတ်လုံး၊ သိမ်းကြုံးကာယူ၊ ခပ်သိမ်းသော သူတို့သည်လည်း။ ဝါ၊ သူတို့၏ ခန္ဓာကိုယ်တို့သည်လည်း။ ဓာတုပုဉ္ဇာဝ၊ သေချာစွေ့၊ ဉာဏ်စက္ခုဖြင့်၊ ကြည့်ရှုပါက၊ လေးဝပေါင်းကုန်၊ ဓာတ်စု ဓာတ်ပုံတို့သာလျှင်တည်း။ တေ၊ထိုဓာတ်စုဓာတ်ပုံ၊ အလုံးစုံတို့သည်လည်း။ အနိစ္စာ၊တခဏမျှ မဘည်ကြ၍ အမြဲမရှိကုန်။ ဒုက္ခာ၊ ထိုသို့ ဖြစ်ခြင်း, ပျက်ခြင်း မယွင်းမှန်စွာ ဘောက်ပြန်တတ်ပါသောကြောင့် ဆင်းရဲကုန်၏။ အနတ္တကာ၊ ဘာတခုမျှ စိုးမရ၍ အလိုသို့ မလိုက် သောကြောင့် အမြဲ မရှိကုန်။

---

## ပသာဒရုပ် ငါးပါး အဘွင့်

၄။ ။စက္ခု,သောတံ,ဃာနံ,ဇိဝှါ,ကာယော ပသာဒရုပ် နာမ။

သင်္ဂြိုဟ်ပါဌ်။

စက္ခုပသာဒ, သောတပသာဒ, ဃာနပသာဒ ဇိဝှါပသာဒ, ကာယ ပသာဒ၊ ဤငါးပါးသော ရုပ်အပေါင်းသည် ပသာဒ မည်၏။ ။ဟူလို။

ဤကား ပိဏ္ဍတ္ထ။

---

### ပသာဒ အဓိပ္ပါယ်

မဟာဘူတာနိ ပသာဒေတီတိ ပသာဒေါ။

မဟာဘူတာနိ၊မဟာဘုတ်တို့ကို။ ပသာဒေတိ၊ ကြည်လင်စေတတ်၏။ ဣတိ၊ကြောင့်။ပသာဒေါ၊ပသာဒ-မည်၏။

ပသီဒန္တိ အာရမ္မဏနိမိတ္တာနိ ဧတ္ထာတိ ဝါ ပသာဒေါ။

ဝါ၊တနည်းကား။ ဧတ္ထ၊ဤဌာန၌။ အာရမ္မဏ နိမိတ္တာနိ၊ အာရုံ နိမိတ် တို့သည်။ပသီဒန္တိ၊ကြည်လင်စွာ ထင်ကြကုန်၏။ဣတိ၊ဤသို့ ကြည်လင်စွာ ထင်ရာဖြစ်သော သတ္တိကြောင့်။ပသာဒေါ၊မည်၏။

ဝိဂြိုဟ်အရ···· မဟာဘုတ်တို့ကို ကြည်စေတတ်သော သတ္တိကြောင့် ပသာဒမည်၏။ ။တနည်း····မှန်ပြင်,ကြေးမုံပြင်,ကြည်လင်သော ရေပြင် များသည် အနီးအနား၌ ရှိသောအာရုံအမျိုးမျိုးတို့၏ ထင်ရာဖြစ်ရာသကဲ့သို့ စက္ခု စသော အကြည်ဓာတ် တို့သည်လည်း အာရုံ အမျိုးမျိုးတို့၏ ထင်ရာ,ကြည်လင်ရာ ဖြစ်သောကြောင့် ပသာဒမည်၏။ ။ဟူလို။

ပသာဒေါ ဧဝ ရူပံ ပသာဒရူပံ။

ပသာဒေါ ဧဝ၊ အကြည်ဓာတ်သည်ပင်လျှင်။ ရူပံ၊ တည်း။ ပသာဒရူပံ၊ အကြည်ဓာတ်သည့်လျှင်ရုပ်။

(စက္ခု-စသည်တို့၏ ဝိဂြိုဟ်ဝစနတ်ကို အောက်၌ မိန့်ဆိုအပ်ခဲ့ပြီ)။

---

### စက္ခုပသာဒ အဘွင့်

စက္ခု-အရစက္ခုသည် မံသစက္ခု, ပညာစက္ခု-ဟူ၍ ၂-မျိုးရှိ၏။ ထို နှစ်မျိုးတို့တွင်ပညာစက္ခုသည်၁-ဗုဒ္ဓစက္ခု၊ ၂-သမန္တစက္ခု၊ ၃-ဉာဏစက္ခု၊

၄-ဒိဗ္ဗစက္ခု၊၅-ဓမ္မစက္ခု-ဟူ၍ငါးပါးအပြားရှိ၏၊ထိုငါးပါးတို့တွင်သတ္တဝါတို့၏ အလိုအဇ္ဈာသယကို သိသော အာသယာနုသယဉာဏ်နှင့် သတ္တဝါတို့၏ ဣန္ဒြေအရင့်အနုကို သိသော ဣန္ဒြိယ ပရောပရိယတ္တိ ဉာဏ်တော် ၂-ပါးသည် ဗုဒ္ဓစက္ခုမည်၏။ ။သဗ္ဗညုတဉာဏ်တော်သည် သမန္တစက္ခု မည်၏။ ။အရဟတ္တမဂ်ဉာဏ်သည် ဉာဏစက္ခုမည်။ ။ဒိဗ္ဗစက္ခုအဘိဉာဏ်သည် ဒိဗ္ဗစက္ခု မည်၏။ ။အောက် မဂ်ဉာဏ် သုံးပါးသည် ဓမ္မစက္ခု မည်၏။ ။ဤ၌ ၎င်းစက္ခုငါးပါးကို အလိုမရှိ မသက်ဆိုင်ပေ။

တတ္ထ ဒုဝိဓံ စက္ခု မံသစက္ခု,ပညာစက္ခု စ။
တေသု ဗုဒ္ဓစက္ခု, သမန္တစက္ခု ဉာဏစက္ခု,
ဒိဗ္ဗစက္ခု,ဓမ္မစက္ခုတိ ပဉ္စဝိဓံ ပညာစက္ခု။
အဋ္ဌသာလိနီ အဋ္ဌကထာ။ ။(၃၀၇)

မံသစက္ခုသည်လည်း သသမ္ဘာရစက္ခု,ပသာဒစက္ခုဟူ၍ ၂-မျိုးရှိ၏။ ထို ၂-မျိုးတို့တွင် မျက်မှောင်ရိုးဖြင့် ပိုင်းခြားအပ်သော အသားစုသည် သသမ္ဘာရစက္ခု မည်၏။

သမ္ဘရီယန္တိ ဧတေဟီတိ သမ္ဘာရာ အဝယဝါ။
သဟ သမ္ဘရေဟီတိ သသမ္ဘာရံ။

ဟုပြု။ ။ဧတေဟိ၊ထိုကံစသော အကြောင်းတရားတို့သည်။သမ္ဘရီယန္တိ၊ ကောင်းစွာ ဆောင်အပ်ကုန်၏။ဣတိ၊ကြောင့်။သမ္ဘာရာ။သမ္ဘာရမည်ကုန်၏။ ကမ္မဇစသော စတုသမုဋ္ဌာနိကရုပ် အစဉ်သည် သမ္ဘာရမည်၏။ ။သမ္ဘာရေဟိ၊စတုသမုဋ္ဌာနိကရုပ် အစဉ်တို့နှင့်။သဟ၊တကွ။ပဝတ္တတိ၊ဖြစ်တတ်၏။ ဣတိ၊ကြောင့်။ သသမ္ဘာရံ၊ သသမ္ဘာရ မည်၏။ ။စတုသမုဋ္ဌာနိကရုပ် အစဉ်နှင့်တကွ ဖြစ်သောကြောင့် အသားစိုင်, အသားခဲဖြစ်သော မျက်စိသည် သသမ္ဘာရမည်၏။ ။ဟူလို။

မျက်လုံး၏ အတွင်း အဖြူဖြင့် ဝန်းပိုင်းအပ်သော အနက်၏အလယ်ရှေးရှုတည်သော ဝတ္ထု၏ အရိပ်ထင်ရာ ဒိဋ္ဌမဏ္ဍလ-ဆိုအပ်သောနေရာ၌ ဂွမ်းလွှာ ၇-ထပ်တို့၌ လောင်းအပ်သော ဆီသည် စိမ့်ဝင်ပျံ့နှံ့၍ တည်သကဲ့သို့ မျက်လွှာ ၇-ထပ်တို့၌ ပျံ့နှံ့၍တည်သော ကြည်လင်သော သဘောသည် ပသာဒ-စက္ခုမည်၏။ ။၎င်းစက္ခုပသာဒသည် လူတို့၏ အရိပ်ထင်ရာဒိဋ္ဌ

မဏ္ဍလ တခုတည်းသောကာလဝယ် တပြိုင်တည်း ပေါင်းဆုံမိကောင်းသော စက္ခုဒွါရိက ကလာပ် အားလုံးကိုပေါင်းမှ သန်းဦးခေါင်း ပမာဏရ၏ဟု မှတ်။ ။ဤ၌ ပသာဒစက္ခုကိုသာ အလိုရှိအပ်၏။

မံသစက္ခုပိ ပသာဒစက္ခု သသမ္ဘာရစက္ခုတိ ဒုဝိဓံ ဟောတိ။ပ။ ပမာဏတော ဩကာသိရမတ္တံ စက္ခုဝိညာဏဿ ယထာရဟံ ဝတ္ထုဒွါရဘာဝံ သာဓယမာနံ တိဋ္ဌတိ။

အဋ္ဌသာလိနီ အဋ္ဌကထာ။ ။(၃၀၀)

၅-က။ ။ယေန စက္ခုပသာဒေန၊ရူပါနိ သမနုပဿတိ။
ပရိတ္တံ သုခုမံ ဧတံ၊ဩကာသိရသမူပမံ။

---

## စက္ခု၏ လက္ခဏာ,ရသ,ပစ္စုပဋ္ဌာန် ပဒဋ္ဌာန်

စက္ခုပသာဒသည် ၁-ရူပတဏှာလျှင် အကြောင်းရင်း ရှိသောကံကြောင့်ဖြစ်သော မဟာဘုတ်တို့၏ ကြည်လင်ခြင်း လက္ခဏာရှိ၏။ ။၂-ရူပါရုံ၌ ပုဂ္ဂိုလ်နှင့် စက္ခုဝိညာဏ်ကို ဆွဲငင်ဆောင်ကြဉ်းခြင်း ကိစ္စရှိ၏။ ။၃-စက္ခုဝိညာဏ်၏ မှီရာအဖြစ်လျှင် ပစ္စုပဋ္ဌာန်ရှိ၏။ ။၄-ထိုစက္ခုပသာဒ၏တည်ရာ မဟာဘုတ်လျှင် နီးသော အကြောင်းရှိ၏။

တေသု ဟိ ရူပါဘိဃာတာရဟဘူတပ္ပသာဒလက္ခဏံ, ဒဋ္ဌုကာမတာနိ ဒါနကမ္မသမုဋ္ဌာန ဘူတပ္ပသာဒလက္ခဏံ ဝါ စက္ခု၊ ရူပေသု အာဝိဥ္ဆနရသံ၊ စက္ခုဝိညာဏဿ အာဓာရဘာဝပစ္စုပဋ္ဌာနံ၊ ဒဋ္ဌုကာမတာ နိဒါန ကမ္မဇဘူတပဒဋ္ဌာနံ။

အဋ္ဌသာလိနီ အဋ္ဌကထာ။ ။(၃၁၀)

### ဆောင်ပုဒ်

၁။ ။မံသ,ပညာ၊ယင်း နှစ်ဖြာ၊မှတ်ပါ-စက္ခုပြား။
၂။ ။ဗုဒ်-သ,ည,ဒိ၊မှတ်ဘိ-ဓမ္မ၊ဤငါးဝ၊ပညာ့ စက္ခုပြား။
၃။ ။သသမ္ဘာရံ၊ပသာဒံ၊မှတ်ရန်-မံသာ-ပြား။
၄။ ။အကြည် ဓာတ်မူ၊ပသာဟူ၊မှတ်ယူ-သဘောသွား။

---

၅-က၊ ။ယေနစက္ခုပသာဒေန၊အကြင်စက္ခုပသာဒဖြင့်။ ရူပါနိ၊ရူပါရုံတို့ကို။သမနုပဿတိ၊ ရှု၏။ဧတံ၊ဤစက္ခုပသာဒသည်၊ပရိတ္တံ၊နည်း၏။သုခုမံ၊သိမ်မွေ့၏။ဩကာသိရသမူပမံ၊သန်းဦးခေါင်းလျှင် တူသော ဥပမာ ရှိ၏။ ။(ကြွင်းအနက် လွယ်၏)

## စက္ခုပသာဒနှင့် စက္ခုဝိညာဏ် အထူး

ဤစက္ခုအကြည်ဓာတ်နှင့် စက္ခုဝိညာဏ် ၂-ပါးတွင် မည်သည့်တရားက ရူပါရုံကို မြင်ပါသနည်းဟူမူ။ ။စက္ခုဝိညာဏ် စိတ်ကသာ ဒဿနကိစ္စ တပ်ဝင်နိုင်၍ မြင်၏၊ သို့သော် စက္ခုပသာဒ ချို့ပါမူလည်း ဒဿနကိစ္စမတပ်နိုင်။ထို့ကြောင့် မိရာနိဿယစက္ခုပသာဒကို အကြောင်းပြု၍ မှီတတ်သော နိဿိတစက္ခုဝိညာဏ်က မြင်သည် ဟု မှတ်။

---

## သောတ ပသာဒရုပ် အဘွင့်

သောတသည်လည်း သသမ္ဘာရသောတ, ပသာဒသောတ-ဟူ၍၂-မျိုး ရှိ၏။ထိုတွင် နားတွင်း နားအုံတခုလုံးသည် သသမ္ဘာရသောတမည်၏။ ။ ၎င်းသသမ္ဘာရသောတဖြစ်သော နားတွင်း၌ နူးညံ့သိမ်မွေ့သော အမွေးနီကလေးတို့ ပေါက်ရောက်၍နေသော လက်စွပ်ကွင်းသဏ္ဌာန်ရှိသော အရပ်ဌာနကိုပျံ့နှံ့၍ တည်သော အကြည်ဓာတ်သည် သောတပသာဒမည်၏။

## သောတပသာဒ၏ လက္ခဏာ,ရသ,ပစ္စုပဋ္ဌာန်,ပဒဋ္ဌာန်

သောတပသာဒရုပ်သည် ၁-သဒ္ဒတဏှာလျှင် အရင်းခံသော ကမ္မဇ မဟာဘုတ်တို့၏ ကြည်လင်ခြင်း လက္ခဏာရှိ၏။ ။၂-သဒ္ဒါရုံ၌ ပုဂ္ဂိုလ်နှင့် သောတဝိညာဏ်စိတ်ကို ဆွဲငင်ဆောင်ကြဉ်းခြင်း ကိစ္စရှိ၏။ ။၃-သောတဝိညာဏ်၏ မှီရာအဖြစ်လျှင် ပစ္စုပဋ္ဌာန်ရှိ၏။ ။၄-ထိုသောတပသာဒ၏ တည်ရာ မဟာဘုတ်လျှင် နီးသော အကြောင်းရှိ၏။

> သဒ္ဒါဘိဃာတာရဟ ဘူတပ္ပသာဒလက္ခဏံ၊ သောတုကာမတာ နိဒါန ကမ္မသမုဋ္ဌာနဘူတပ္ပသာဒလက္ခဏံ ဝါ သောတံ၊သဒ္ဒေသု အာဝိဉ္ဆနရသံ။သောတဝိညာဏဿ အာဓာရဘာဝပစ္စုပဋ္ဌာနံ၊ သောတုကာမတာ နိဒါန ကမ္မဇဘူတပဒဋ္ဌာနံ။
>
> အဋ္ဌသာလိနီ အဋ္ဌကထာ။ ။(၃၁၂)

## ဃာန ပသာဒ အဘွင့်

ဤဃာနပသာဒသည်လည်း စက္ခုဥ္စကဲ့သို့ သသမ္ဘာရနှာခေါင်းပေါက်၏ အတွင်း ဆိတ်ခြေ သဏ္ဌာန်ရှိသော အရပ်ကို ပျံ့နှံ့၍ တည်သော အကြည် ဓာတ်သည် ဃာနပသာဒ မည်၏။

## ဃာန ပသာဒ၏ လက္ခဏာ,ရသ,ပစ္စုပဋ္ဌာန်,ပဒဋ္ဌာန်

ဃာနပသာဒရုပ်သည် ၁-ဂန္ဓ တဏှာလျှင် အကြောင်းရင်း ရှိသော ကမ္မဇမဟာဘုတ်တို့၏ ကြည်ခြင်းလက္ခဏာရှိ၏။ ။၂-ဂန္ဓာရုံ၌ ပုဂ္ဂိုလ်နှင့် ဃာနဝိညာဏ်ကို ဆွဲငင်ဆောင်ကြဉ်းခြင်း ကိစ္စရှိ၏။ ။၃-ဃာနဝိညာဏ်၏ မှီရာအဖြစ်လျှင် ပစ္စုပဋ္ဌာန်ရှိ၏။ ။၄-ထိုဃာနပသာဒ၏ တည်ရာ မဟာဘုတ်လျှင် နီးသောအကြောင်းရှိ၏။

> ဂန္ဓာဘိဃာတာရဟ ဘူတပ္ပသာဒလက္ခဏံ၊ ဃာယိတုကာမတာ နိဒါန ကမ္မသမုဋ္ဌာန ဘူတပ္ပသာဒလက္ခဏံ ဝါ ဃာနံ၊ ဂန္ဓေသု အာဝိဉ္ဆန ရသံ၊ ဃာနဝိညာဏဿ အာဓာရ ဘာဝပစ္စုပဋ္ဌာနံ။ ဃာယိတု ကာမတာ နိဒါနကမ္မဇဘူတပဒဋ္ဌာနံ။
>
> အဋ္ဌသာလိနီ အဋ္ဌကထာ။ ။(၃၁၂)

---

## ဇိဝှါ ပသာဒ အဘွင့်

ဤဇိဝှါပသာဒသည် သသမ္ဘာရဇိဝှါ, ပသာဒဇိဝှါ-ဟူ၍ ၂-မျိုးရှိ၏၊ အသားစိုင်ဖြစ်သောလျှာတခုလုံးသည်သသမ္ဘာရဇိဝှါမည်၏။ထိုသသမ္ဘာရ လျှာ၏ အလယ် အထက်ပြင်၌ အလယ်၌ ပြတ်၍နေသော ကြာရွက်ဖျား သဏ္ဌာန်ရှိသော အရပ်ကို ပျံ့နှံ့၍ တည်သော အကြည်ဓာတ်သည် ဇိဝှါ ပသာဒ မည်၏။

## ဇိဝှါ ပသာဒ၏ လက္ခဏာ,ရသ,ပစ္စုပဋ္ဌာန်,ပဒဋ္ဌာန်

ဇိဝှါပသာဒသည် ၁-ရသတဏှာလျှင် အကြောင်းရင်းရှိသော ကမ္မဇ မဟာဘုတ်၏ ကြည်ခြင်း လက္ခဏာရှိ၏။ ။၂-ရသာရုံ၌ ပုဂ္ဂိုလ်နှင့်ဇိဝှါ ဝိညာဏ်ကို ဆွဲငင်ဆောင်ကြဉ်းခြင်း ကိစ္စရှိ၏။ ။၃-ဇိဝှါဝိညာဏ်၏မှီရာ အဖြစ်လျှင် ပစ္စုပဋ္ဌာန်ရှိ၏။ ။၄-ထိုဇိဝှါပသာဒ၏မှီရာ မဟာဘုတ်လျှင် နီးသော အကြောင်းရှိ၏။

ရသာဘိဃာတာရဟ ဘူတပ္ပသာဒ လက္ခဏာ။ သာယိတုကာမ တာ နိဒါန ကမ္မသမုဋ္ဌာနဘူတပ္ပသာဒလက္ခဏာ ဝါ ဇိဝှါ၊ရသေသု အာဝိဉ္ဆနရသာ၊ဇိဝှါဝိညာဏဿ အာဓာရပစ္စုပဋ္ဌာနာ၊ ဃာယိတု ကာမတာ နိဒါန ကမ္မဇဘူတပဒဋ္ဌာနာ။

အဋ္ဌသာလိနီ အဋ္ဌကထာ။

---

## ကာယ ပသာဒ အကြောင်း

ကာယသည်လည်း သသမ္ဘာရကာယ,ပသာဒကာယ-ဟူ၍ ၂-မျိုးရှိ၏၊ ခန္ဓာကိုယ် တခုလုံးသည် သသမ္ဘာရကာယ မည်၏။ ဝါဂွမ်းစိုင်ကြီး တခု လုံးကို ဆီဆွတ်၍ထားဘိသကဲ့သို့ ဆံပင်ဖျား, အမွေးဖျား,လက်သည်းဖျား, ခြေသည်းဖျား, သွား,အရိုး ခြောက်သော အရေ ကမ္မဇတေဇော၏ တည်ရာ အရပ်ကို ချန်ထား၍ ကြွင်းသော သသမ္ဘာရကာယ တကိုယ်လုံး ပျံ့နှံ့၍ တည်သော နန္ဒင်းရေ ပမာရှိသော အကြည်ဓာတ်သည် ကာယပသာဒ မည်၏။

## ကာယ ပသာဒ၏ လက္ခဏာ, ရသ,ပစ္စုပဋ္ဌာန် ပဒဋ္ဌာန်

ကာယပသာဒသည် ၁-ဖောဋ္ဌဗ္ဗတဏှာလျှင် အရင်းရှိသော ကမ္မဇ မဟာဘုတ်တို့၏ ကြည်လင်ခြင်း လက္ခဏာရှိ၏။ ။၂-ဖောဋ္ဌဗ္ဗာရုံ၌ ပုဂ္ဂိုလ်နှင့် ကာယဝိညာဏ် တို့ကို ဆွဲငင်ဆောင်ကြဉ်းခြင်း ကိစ္စရှိ၏။ ။၃-ကာယ ဝိညာဏ်၏ မှီရာအဖြစ်လျှင် ပစ္စုပဋ္ဌာန် ရှိ၏။ ။၄-ထိုကာယ ပသာဒ၏ တည်ရာဖြစ်သော မဟာဘုတ်လျှင် နီးစွာသော အကြောင်းရှိ၏။

ဖောဋ္ဌဗ္ဗာဘိဃာတာရဟာဘူတပ္ပသာဒလက္ခဏော၊ ဖုသိတုကာမ တာနိဒါနကမ္မသမုဋ္ဌာနဘူတပ္ပသာဒလက္ခဏော ဝါ ကာယော၊ ဖောဋ္ဌဗ္ဗေသု အာဝိဉ္ဆနရသော၊ ကာယဝိညာဏဿ အာဓာရဘာဝ ပစ္စုပဋ္ဌာနော၊ ဖုသိတုကာမတာ နိဒါန ကမ္မဇဘူတပဒဋ္ဌာနော။

အဋ္ဌသာလိနီ-အဋ္ဌကထာ။ ။(၃၀၂)

---

## ပသာဒတို့၏ တပါးနှင့်တပါး ထူးခြားပုံ အဓိပ္ပါယ်

ပသာဒရုပ် ဟူသည် မိမိတို့၏ မှီရာမဟာဘုတ်တို့ကို ကြည်လင်စေ တတ်သော ရုပ်တရားများဖြစ်၍ မည်သည့်ပသာဒမဆို အကြည်ဓာတ်များ

ပင်ဖြစ်ရကား မည်သည့်အာရုံကိုမဆို ခံယူနိုင်သည် မဟုတ်ပါလော၊ စက္ခု ပသာဒကလည်း သဒ္ဒါရုံကိုဆွဲငင်ခံယူ၍ သိရှိစေနိုင်သည်မဟုတ်ပါလော။ပ။ ဖောဋ္ဌဗ္ဗာရုံကိုလည်း ဆွဲငင်ခံယူ၍ သိရှိစေနိုင်သည် မဟုတ်ပါလော ဟူမူ။ သတ္တဝါတို့၏ စိတ်မည်သည် အလွန်ဆန်းကြယ်၏၊ စိတ်ဆန်းကြယ်သော ကြောင့် အမှတ်သညာသည် ဆန်းကြယ်၏၊အမှတ်သညာ ဆန်းကြယ်သော ကြောင့် တဏှာဆန်း ကြယ်၏။ တဏှာ ဆန်းကြယ်သောကြောင့် ကံဆန်း ကြယ်၏၊ ကံဆန်းကြယ်သောကြောင့် ကံကြောင့်ဖြစ်သော မဟာဘုတ်တို့ သည် ဆန်းကြယ်ကုန်၏၊ မဟာဘုတ်တို့၏ ဆန်းကြယ်မှုကြောင့် ဤပသာဒ တို့သည်လည်း ဆန်းကြယ်ကုန်၏။ ဤသို့ ကံသည်တပါးတည်းပင် ဖြစ်သော် လည်း ကံ၏ ဆန်းကြယ်မှု ကြည်လင်မှုသည် ပသာဒဟု ဆိုသော်လည်း စက္ခုပသာဒ၏ မှီရာမဟာဘုတ်၏ ကြည်လင်မှုနှင့် သောတပသာဒ၏ မှီရာ မဟာ ဘုတ်တို့၏ ကြည်လင်မှု တို့သည် မတူကုန်။ သဘော တမျိုးစီသာ ဖြစ်ကုန်၏။ စက္ခုပသာဒ၏ ကြည်လင်မှုသည် ရူပါရုံကိုသာ ဆွဲငင်တတ်စေ နိုင်၏။ပ။ ကာယပသာဒ၏ ကြည်လင်မှုသည် ဖောဋ္ဌဗ္ဗာရုံကိုသာ ထင်စေနိုင် ဆွဲငင်နိုင်၏။ ရူပါရုံကို မထင်စေနိုင် မဆွဲငင်နိုင်၊ ဤသို့ကံ၏ ဆန်းကြယ်မှု ကြောင့် အသီးသီးသာ ထင်နိုင်၏။ ။ဟူလို။

၅-၁။ ။ကမ္မမေဝ နေသံ ဝိသေသကရဏံ။တသ္မာ ကမ္မဝိသေသတော ဧတေသံ ဝိသေသော။

အဋ္ဌသာလိနီ အဋ္ဌကထာ။ ။(၃၁၃)

ကေမ္မိ ကမ္မံ ပဥ္စာယတနိကတ္တဘာဝပတ္ထနာ နိပ္ဖန္နံ စက္ခာဒိနံ ဝိသေသဟေတုတ္တာ အညမညဿ အသာဓာရဏံ။

မူလဋီကာ။ ။(၁၃၇)

၅–၁။ ။နေသံ၊ ထိုစက္ခု သောတ,စသည်တို့၏- ဝိသေသကရဏံ၊ ထူးသော အကြောင်း ကား။ကမ္မမေဝ၊ကံသာလျှင်တည်း။ တသ္မာ၊ သို့သို့ ကံသာဝိသေသ-အကြောင်းထူး ဖြစ်သော ကြောင့်။ကမ္မဝိသေသတော၊ ကံထူးသည်၏အဖြစ်ကြောင့်။ဧတေသံ၊ ထိုစက္ခု,သောတစသည်တို့ ၏၊ ဝိသေသော၊ အချင်းချင်းမတူ ထူးသည်၏အဖြစ်ကို။ဒဋ္ဌဗ္ဗော၊၏။ ။(အဋ္ဌကထာအနက်)။

ကမ္မံ၊ ကံသည်။ကေမ္မိ၊တပါးတည်းပင် ဖြစ်လင့်ကစား။ ဝါ၊ သော။(ကမ္မံ၊ သည်)။ပဉ္စာယတနိ ကတ္တဘာဝပတ္ထနာနိပ္ဖန္နံ၊အာယတနငါးပါးနှင့်ပြည့်စုံသောအတ္တဘောကိုရခြင်းငှါ တောင့်တ သောအားဖြင့်ဖြစ်၏။ ဝါ၊ပြီး၏။ဝါ၊သော၊(ကမ္မံ၊သည်)။စက္ခာဒီနံ၊ စက္ခုစသောပသာဒတို့၏။ ဝိသေသဟေတုတ္တာ၊ ထူးသောအကြောင်း၏ အဖြစ်ကြောင့်။ အညမညဿ၊ ပသာဒချင်းပါး ပါး၏။အသာဓာရဏံ၊မဆက်ဆံသောအကြောင်းတည်း။ ။(ဋီကာ ဋီကာအနက်)။

## ဆောင်ပုဒ်

ကံမူစိတ္တေ၊ ဖြစ်တုံ ပေကြောင့်၊ ထွေထွေ ပသာဒ၊
ထူးခြားကြ၊ ဖြစ်ကြ-အဖုံဖုံ။

---

## ပသာဒငါးဖြာ ဥပမာ

၁။ ။**စက္ခုပသာဒ** သည် မြွေနှင့်တူ၏။ အဘယ်သို့ တူသနည်းဟူမူကား-မြွေတို့၏ သဘောသည် သာယာလှသော အရပ်တို့၌ သွားလာကျက်စားရသည်ရှိသော် မမွေ့လျော်နိုင်၊ အလွန် ရှုပ်လှစွာသော တောအုပ်ချုံပိတ်ပေါင်းတို့၌ နေရမှသာလျှင် မွေ့လျော်ပျော် ပါးနိုင်သည်။ ထိုအတူစက္ခုပသာဒသည်လည်း အလွန်ချောမော ပြေပြစ်စွာ ပြုပြင်စီရင်၍ ထားသော ရွှေတုံ, ရွှေပြား, ရွှေသည်တိုင်- အစရှိသည်တို့ကို မြင်ရသည် ရှိသော် ဝမ်းမြောက်ဝမ်းသာမရှိ၊ အလွန်ထူးဆန်းသော ခြူးပန်း,ခြူးနွယ်,ပန်းအုံ, ပန်းကြွ,အစရှိသည်တို့ကို မြင်မှသာလျှင် ဝမ်းမြောက်ဝမ်းသာ ရှိနိုင်လေသည်။ မျက်စိဖြင့် ကြည့်၍ အားမရသဖြင့် ပစပ်ကို ဘွင့်ဟ၍ ကြည့်ကြကုန်၏။ ဤသို့လျှင် စက္ခုပသာဒသည် မြွေနှင့် တူသတည်း။

၂။ ။**သောတပသာဒ** သည် မိကျောင်းနှင့် တူ၏၊တူပုံကား မိကျောင်းတို့၏ သဘောသည် ကမ်းထိပ်, သောင်ပြင်,ရေတိမ်-စသည်တို့၌ သွားလာကျက်စားရသည်ရှိသော် မမွေ့လျော်နိုင်၊ အလွန်နက်သော ရေရှိသော အရပ်တို့တွင် ကျောက်တွင်း,ကျောက်ခေါင်းတို့၌ သွားလာစားသောက်ရမှသာလျှင် မွေ့လျော်ပျော်ပါးနိုင်လေသည်။ ထိုအတူ သောတပသာဒသည်လည်း ပြင်ပ၌ မဖြစ်နိုင်။သသမ္ဘာရနား၏ အတွင်း၌သာလျှင် အာကာသဓာတ်ကိုမှီ၍ မွေ့လျော်ပျော်ပါးနိုင်၏။ဤသို့လျှင် သောတ ပသာဒသည် မိကျောင်းနှင့် တူသတည်း။

၃။ ။**ဃာနပသာဒ** သည် ငှက်နှင့် တူ၏။ တူပုံကား-ငှက်တို့၏ သဘောသည် မြေ၌သွားလာ ကျက်စားသည်ရှိသော် မွေ့လျော်ပျော်ပါးခြင်း မဖြစ်နိုင်၊ ကောင်းကင်၌ သွားလာကျက်စားရမှသာလျှင် မွေ့လျော်ပျော်ပါးလေ၏။ထို့အတူ ဃာနပသာဒသည်လည်း လေကိုမှီရမှသာလျှင် ဖြစ်နိုင်လေသည်။လေဟူသော မှီရာရှိသော ဂန္ဓာရုံလျှင် အာရုံရှိ၏။ဤသို့လျှင် ဃာနပသာဒသည် ငှက်နှင့် တူသတည်း။

၄။ ။**ဇိဝှါပသာဒ** သည် အိမ်ခွေးနှင့်တူ၏၊ တူပုံကား-အိမ်ခွေးတို့၏ သဘောသည် သင်ဖြူး,မွေ့ရာ, ကော်ဇော-အစရှိသည်တို့၌ အိပ်ဝပ်စေသော်လည်း မမွေ့လျော်နိုင်။ စပို၏အလယ်၌ ပြာကိုယက်၍ ဝပ်ရမှသာလျှင် မွေ့လျော်နိုင်သည်။ ထိုအတူ ဇိဝှါပသာဒသည် အာပေါဓာတ်ကို မှီ၍ တံတွေးဟူသော အာပေါဓာတ်၌မှီသော ရသာရုံလျှင် အာရုံရှိ၏။ ဤသို့လျှင် ဇိဝှါပသာဒသည် အိမ်ခွေးနှင့် တူသတည်း။

၅။ ။**ကာယပသာဒ** သည်တောခွေးနှင့်တူ၏၊ တူပုံကား-တောခွေးတို့သဘောသည် အခြားတပါးသော အရပ်တို့၌ သား, ငါး,တိရစ္ဆာန်တို့ကို ရှာဖွေ၍ စားသောက်ရသည်ရှိသော် ဘေးအန္တရာယ် တို့သည် ကိုယ်၌ ရောက်အံ့သည်-ဟူ၍သာ ထင်၏၊ သုသာန်သို့သွား၍လူသေကို စားရမှသာ မွေ့လျော် ပျော်ပါးနိုင်လေသည်။ ထိုအတူ ကာယပသာဒသည် ပထဝီဓာတ်ကိုမှီသော ဖောဋ္ဌဗ္ဗာရုံကို ထိခိုက်ရမှသာလျှင် ပျော်ပါးနိုင်လေသည်။ ဤသို့လျှင် ကာယပသာဒသည် တောခွေးနှင့် တူလေသတည်း။ ။ (ဤ-ဥပမာအရ နောက်အဟိတ် စိတ်၌လည်း ဘွင့်ဆိုခဲ့၏)။

ငှင်းအဟိတ် စက္ခုဝိညာဏ်စိတ်မှုကား စိတ်တရားဖြစ်၍ အာရုံကို ယူနိုင်၍ ငှင်းဥပမာနှင့် သင့်လျော်တန်၏။ ဤစက္ခုပသာဒကား ရုပ်တရားဖြစ်၍ အသို့လျှင် အာရုံကို ယူနိုင်ပါသနည်းဟူမူ။ ။ရုပ်တရားဖြစ်၍ အလိုအဇ္ဈာသယပင် မရှိလင့်ကစား၊ စက္ခုပသာဒ ရုပ်ရှိသော ပုဂ္ဂိုလ်၏ အလိုအစွမ်းဖြင့် ဤဥပမာကို ဆိုလိုက်ပါသတည်း။

> အဟိအာဒိသဒိသာနိ စေတာနိ။ ယထာ ဟိ အဟိနာမ ဗဟိ သိနိဒ္ဓ
> သမ္မဋ္ဌဋ္ဌာနေ နာဘိရမတိ။ ပ။ ဝေမေဝ ကာယောပိ ဥပါဒိန္နကဇ္ဈာ
> သယော။ ပထဝီသန္နိဿိတဖောဋ္ဌဗ္ဗာရမ္မဏော။
>
> အဋ္ဌသာလိနီ အဋ္ဌကထာ။ ။(၃၁၃)

**ဆောင်ပုဒ်**။ ။ပသာဒ ငါးခု၊ မိန္နပြုသည့် ဥပမာ၊ သောတုငယ် စာသင်သား၊ မြဲမှတ်ထားကြပါ။ စက္ခုမှာ မြွေလေး။ ။မိကျောင်းမှု သောတံနှင့်၊ ဃာနံမှာ ငှက်ပုံပြ၍၊ ဇိဝှါမှာ ကုက္ကုရ-ရယ်၊ ကာယ တောခွေး။

## ပသာဒရုပ်ကို ထောက်ပံ့ပုံ

ငှင်းပသာဒရုပ်တို့ကို မင်းသားငယ်ကို အထိန်းတော်ကြီး လေးယောက်တို့သည် အသီးသီး ချီပိုးခြင်း, ရေချိုးခြင်း, တန်ဆာ ဆင်ခြင်း, ယပ်လေခပ်ပေးခြင်းအမှုကို ပြုစုစောင့်ရှောက် ထိန်းသိမ်း ကျေးဇူးပြုသကဲ့သို့ မဟာဘုတ် လေးပါးတို့သည် မိမိတို့၏ သဘောအရ-ခိုင်ခံ့ခြင်း,ဖွဲ့ခြင်း,ကျက်ခြင်း, လှုပ်ရှားခြင်း ကိစ္စတို့ဖြင့် ထောက်ပံ့ ကျေးဇူးပြုကုန်၏။

ဥတု,စိတ်, အာဟာရတို့သည်လည်း ငှင်းမင်းသားငယ်ကို မိဘ,အစ်ကိုကြီး, အမကြီးများသည် စောင့်ရှောက်ကုန်သကဲ့သို့ ငှင်းပသာဒရုပ်တို့ကို ထောက်ပံ့ကုန်၏။ ဇီဝိတိန္ဒြေ သည်လည်း ငှင်းမင်းသားငယ်ကို ဒိသာပါမောက္ခ ဆေးဆရာကြီး ထောက်ပံ့ ကြည့်ရှုသကဲ့သို့ ငှင်းပသာဒရုပ်တို့ကို ကြည့်ရှုထောက်ပံ့လေ၏။ ဝဏ္ဏ,ဂန္ဓ,ရသ ဓာတ်သုံးပါးတို့သည်လည်း ငှင်းမင်းသားငယ်ကို ဘွားဘက်တော် အမတ်တို့သည် အမြဲခြံရံ၍ စောင့်ရှောက်ကုန်ဘိသကဲ့သို့ ထိုအတူ ငှင်းပသာဒရုပ်ကို အမြဲစောင့်ရှောက် ထောက်ပံ့ကုန်၏။

ဤသို့လျှင် မဟာဘုတ် လေးပါး ;ဥတု, စိတ်, အာဟာရ, ဇီဝိတိန္ဒြေ, ဝဏ္ဏ,ဂန္ဓ,ရသ-ဓာတ်ရုပ်တို့၏ စောင့်ရှောက်သောကြောင့်သာ ပသာဒရုပ်တို့သည် စက္ခုဝိညာဏ်စသော ပဉ္စဝိညာဏ်စိတ်အား ပုရေဇာတပစ္စည်း တပ်နိုင်,ကျေးဇူးပြုနိုင်ကုန်၏-ဟုမှတ်။ ။ဤသို့ ပသာဒရုပ်တို့သည် လက္ခဏာ တပါးစီ အသီးသီး ဖြစ်ရကား အချင်းချင်း မရောရှက်ကုန်၊ ဥပမာအားဖြင့် ဆိုသော် စိုက်ထောင်အပ်ကုန်သော အဆင်းငါးမျိုးရှိသော အောင်လံတို့၏ အရိပ်သည် အချင်းချင်း မရောရှက်ဘိသကဲ့သို့တည်း။ ကြွင်းသော ရုပ်တို့လည်း ဤနည်းတူတည်း။

> ဓာရဏာ,နှာပန,မဏ္ဍန, ဗီဇနကိစ္စာဟိ စတူဟိ ဓာတီဟိ ခတ္တိယ ကုမာရောဝိယ။ပ။စက္ခုဝိညာဏာဒီနံ ယထာရဟံ ဝတ္ထုဒွါရဘာဝံ သာဓယမာနံ တိဋ္ဌတိ။ ။အဋ္ဌသာလိနီ အဋ္ဌကထာ။ ။(၃၀၀)
> တထာ ဟိ ပဉ္စဝဏ္ဏာနံ ဓဇာနံ ဥဿာပိတာနံ ကိဥ္စာပိ ဆာယာ ဧကော ဗဒ္ဓါ ဝိယ ဟောတိ။ပ။အညမညံ ပန အသမ္ဘိဿာဝ။ ။(၃၁၅)

## ဂေါစရရုပ် အဘွင့်

၆။ ။ရူပံ,သဒ္ဒေါ,ဂန္ဓော,ရသော,အာပေါဓာတုဝဇ္ဇိတံ ဘူတတ္တယသင်္ခါတံ ဖောဋ္ဌဗ္ဗံ ဂေါစရရူပံ နာမ။

သင်္ဂြိုဟ်ပါဠိ။

ရူပ,သဒ္ဒ,ဂန္ဓ, ရသ,အာပေါဓာတ်ကြဉ်သော ဘူတရုပ် ၃-ပါး၊ပေါင်း ရုပ် ၇-ပါးသည် ဂေါစရရုပ် မည်။ ။ဟူလို။

ဤကား ပိဏ္ဍတ္ထ။

---

## ရူပရုပ် အဘွင့်

ရူပယတိ အတ္တာနံ ပကာသေတီတိ ရူပံ။

အတ္တာနံ၊ မိမိကိုယ်ကို။ ရူပယတိ-ပကာသေတိ၊ ပြတတ်၏။ ဣတိ၊ ကြောင့်။ ရူပံ၊ရူပ-မည်၏။ ။ဝိဂြိုဟ်အရ····မျက်စိဖြင့် မြင်ကောင်းသမျှသော အဆင်း သဏ္ဌာန်, အမိုက်, အလင်း, အရိပ်, အရောင်, မြူမှုန့်, အခိုး မှစ၍ အလုံးစုံသော အဆင်း ရူပါရုံသည် ဂုဏ်တော်ချင်သော သူကဲ့သို့ မိမိ ကိုယ်ကို မိမိတော်ပြတတ်သောကြောင့် ရူပမည်၏။ ။ဟူလို။

### ရူပ၏ လက္ခဏာ,ရသ,ပစ္စုပဋ္ဌာန်,ပဒဋ္ဌာန်

ရူပါရုံသည် ၁-စက္ခုပသာဒ၌ ထင်ခြင်း,ထိခိုက်ခြင်း လက္ခဏာရှိ၏။ ။ ၂-စက္ခုဝိညာဏ်အား အာရမ္မဏပစ္စယ သတ္တိဖြင့် ကျေးဇူးပြုခြင်းကိစ္စရှိ၏။ ။ ၃-စက္ခုဝိညာဏ်၏ ကျက်စားရာ အာရုံ၏ အဖြစ်ဖြင့် ဉာဏ်အား ရှေးရှု ထင်တတ်၏။ ။၄-မဟာဘုတ် လေးပါးလျှင် နီးသော အကြောင်းရှိ၏။

စက္ခုပဋိဟနနလက္ခဏံ ရူပံ၊ စက္ခုဝိညာဏဿ ဝိသယဘာဝရသံ၊ တဿေဝ ဂေါစရပစ္စုပဋ္ဌာနံ၊စတုမဟာဘူတပဒဋ္ဌာနံ။

အဋ္ဌသာလိနီ အဋ္ဌကထာ။ ။(၃၁၇)

---

## သဒ္ဒါရုံ အဘွင့်

သဒ္ဒတိ သောတဝိညေယျဘာဝံ ဂစ္ဆတီတိ သဒ္ဒေါ။

သောတဝိညေယျဘာဝံ၊ သောတဝိညာဏ်၏ သိအပ်သော အာရုံအဖြစ်သို့။ သဒ္ဒတိ၊ဂစ္ဆတိ၊ရောက်တတ်၏။ ဣတိ၊ကြောင့်။ သဒ္ဒေါ၊သဒ္ဒ-မည်၏။ ။

ဝိဂြိုဟ်အရ····အသံဟူသမျှသည် သောတဝိညာဏ်၏ အာရုံ၏ အဖြစ်သို့ ရောက်တတ်သောကြောင့် သဒ္ဒါမည်၏။ ။ဟူလို။

## သဒ္ဒ၏ လက္ခဏာ,ရသ,ပစ္စုပဋ္ဌာန်,ပဒဋ္ဌာန်

သဒ္ဒါရုံသည် ၁-သောတပသာဒ၌ ထိခိုက်ခြင်း လက္ခဏာရှိ၏။ ။ ၂-သောတ ဝိညာဏ်အား အာရမ္မဏပစ္စယ သတ္တိဖြင့် ကျေးဇူးပြုခြင်း ကိစ္စရှိ၏။ ။၃-ထိုသောတဝိညာဏ်၏ ကျက်စားရာ အာရုံ၏ အဖြစ်ဖြင့် ဉာဏ်အား ရှေးရှုထင်တတ်၏။ ။၄-မဟာဘုတ် လေးပါးလျှင် နီးစွာသော အကြောင်းရှိ၏။

> သောတပဋိဟနနလက္ခဏော သဒ္ဒေါ၊သောတဝိညာဏဿ ဝိသယဘာဝရသော၊တဿေဝ ဂေါစရပစ္စုပဋ္ဌာနော၊ စတုမဟာဘူတ ပဒဋ္ဌာနော။
>
> အဋ္ဌသာလိနီ အဋ္ဌကထာ။ ။(၃၁၈)

---

## ဂန္ဓာရုံ၏ အဘိဓာန်

ဂန္ဓယတိ အတ္တနော ဝတ္ထုံ သူစေတိ ပကာသေတီတိ ဂန္ဓော။

အတ္တနော၊မိမိ၏။ ဝတ္ထုံ၊တည်ရာအထည်ဝတ္ထုကို။ ဂန္ဓယတိ-သူစေတိ ပကာသေတိ၊ ပြတတ်၏။ ဣတိ၊ကြောင့်။ ဂန္ဓော၊ဂန္ဓ-မည်၏။ ။ဝိဂြိုဟ် အရ····အကောင်း, အဆိုး, အနံ့ ဟူသမျှသည် လေဓာတ် ပူဆောင်ကာ ဥပစာတွင်း၌ တည်ရှိသောသူ၏ နှာခေါင်းသို့ ချဉ်းကပ်၍ ဂန္ဓာရုံ-ဟု ဆိုအပ်သော မိမိ၏မှီရာဝတ္ထုကို ဘော်ပြသကဲ့သို့ ဖြစ်တတ်သောကြောင့် ဂန္ဓမည်၏။ ။ဟူလို။

## ဂန္ဓာရုံ၏ လက္ခဏာ,ရသ,ပစ္စုပဋ္ဌာန်,ပဒဋ္ဌာန်

ဂန္ဓာရုံသည် ၁-ဃာနပသာဒ၌ ထိခိုက်ခြင်း လက္ခဏာရှိ၏။ ။၂-ဃာန ဝိညာဏ်အား အာရမ္မဏပစ္စယသတ္တိဖြင့် ကျေးဇူးပြုခြင်း ကိစ္စရှိ၏။ ။ ၃-ဃာနဝိညာဏ်၏ ကျက်စားရာ အာရုံ၏အဖြစ်ဖြင့် ဉာဏ်အား ရှေးရှု ထင်တတ်၏။ ။၄-မဟာဘုတ် လေးပါးလျှင် နီးစွာသော အကြောင်းရှိ၏။

ဃာနပဋိဟနန လက္ခဏော ဂန္ဓော၊ ဃာနဝိညာဏဿ ဝိသယ ဘာဝရသော၊ တဿေဝ ဂေါစရပစ္စုပဋ္ဌာနော၊ စတုမဟာဘူတ ပဒဋ္ဌာနော။

အဋ္ဌသာလိနီ အဋ္ဌကထာ။ ။(၃၁၈)

---

## ရသာရုံ အဘွင့်

ရသီယတိ-အဿာဒီယတီတိ ရသော။

ရသီယတိ-အဿာဒီယတိ၊ သာယာအပ်၏။ ဣတိ၊ ကြောင့်။ ရသော၊ ရသ-မည်၏။ ။ဝိဂ္ဂြိုဟ်အရ....အချို,အချဉ်,အစပ်,အငန်,အဖန်,အခါး-ဟူသော ရသာ-ခြောက်ပါးသည် သာယာ အပ်သောကြောင့် ရသာရုံ မည်၏။ ။ဟူလို။

## ရသာရုံ၏ လက္ခဏာ,ရသ,ပစ္စုပဋ္ဌာန်,ပဒဋ္ဌာန်

ရသာရုံသည် ၁-ဇိဝှါပသာဒ၌ ထိခိုက်ခြင်း လက္ခဏာရှိ၏။ ။၂-ဇိဝှါ ဝိညာဏ်အား အာရမ္မဏ ပစ္စယ သတ္တိဖြင့် ကျေးဇူးပြုခြင်း ကိစ္စရှိ၏။ ။၃-ဇိဝှါဝိညာဏ်၏သာလျှင် ကျက်စားရာအာရုံ၏ အဖြစ်ဖြင့် ဉာဏ်အား ရှေးရှုထင်ဘတ်၏။ ။၄-မဟာဘုတ် လေးပါးလျှင် နီးစွာသောအကြောင်း ရှိ၏။

ဇိဝှါပဋိဟနနလက္ခဏော ရသော၊ ဇိဝှါဝိညာဏဿ ဝိသယဘာဝ ရသော၊ တဿေဝ ဂေါစရပစ္စုပဋ္ဌာနော၊ စတုမဟာဘူတပဒဋ္ဌာနော။ ။အဋ္ဌသာလိနီ အဋ္ဌကထာ။ ။(၃၁၉)

---

## ဖောဋ္ဌဗ္ဗာရုံ၏ အဘွင့်

ဖုသီယတီတိ ဖောဋ္ဌဗ္ဗံ။

ဖုသီယတိ၊ တွေ့ထိအပ်၏။ ဣတိ၊ ကြောင့်။ ဖောဋ္ဌဗ္ဗံ၊ ဖောဋ္ဌဗ္ဗမည်၏။ ။ဝိဂ္ဂြိုဟ်အရ....တွေ့အပ်,ထိအပ်သမျှသော ဝတ္ထုသည် ဖောဋ္ဌဗ္ဗာရုံမည်၏။ ။ဟူလို။

ၚင်းဖောဋ္ဌဗ္ဗ-ဟူသည် တရားကိုယ် တခြားဟူ၍ မရှိ၊ ဆိုအပ်ခဲ့ပြီးသော ပထဝီ,တေဇော,ဝါယော-သုံးပါးတို့ပင်တည်း။

## ဖေါဋ္ဌဗ္ဗာရုံ၏ လက္ခဏာ,ရသ,ပစ္စုပဋ္ဌာန်,ပဒဋ္ဌာန်

ဖေါဋ္ဌဗ္ဗာရုံသည် ၁-ကာယပသာဒ၌ ထိခိုက်ခြင်း လက္ခဏာရှိ၏။ ။၂-ကာယဝိညာဏ်အား အာရမ္မဏပစ္စယသတ္တိဖြင့် ကျေးဇူးပြုခြင်း ကိစ္စရှိ၏။ ။၃-ကာယဝိညာဏ်၏သာလျှင် ကျက်စားရာ အာရုံ၏ အဖြစ်ဖြင့် ညဏ်အား ရှေးရှုထင်တတ်၏။ ။၄-မဟာဘုတ် လေးပါးလျှင် နီးသော အကြောင်းရှိ၏။

တံ ကာယပဋိဟနနလက္ခဏံ၊ ကာယဝိညာဏဿ ဝိသယဘာဝရသံ၊ ကာယဝိညာဏဿေ ဂေါစဘာဝပစ္စုပဋ္ဌာနံ။ စတုမဟာဘူတပဒဋ္ဌာနံ။

အဘိဓမ္မတ္ထ သင်္ဂဟဒီပနီ။

---

## အာပေါဓာတ်ကို ကြည့်ရသော အကြောင်း

အာပေါဓာတ်ကို အဘယ့်ကြောင့် ဖေါဋ္ဌဗ္ဗာရုံ၌ ကြဉ်အပ်ပါသနည်း ဟူမူ။ ။အာပေါဓာတ်ကို သိမ်မွေ့နူးညံ့သဖြင့် တွေ့ထိခြင်းငှါ မစွမ်းနိုင်သောကြောင့် ကြဉ်ရသည်။ ။အဘယ့်ကြောင့် တွေ့ထိခြင်းငှါ မစွမ်းနိုင်ပါသနည်း။ရေဖြင့်တွေ့ထိရာ မြေခြင်းသည် အာပေါဓာတ်ကို တွေ့ခြင်း မဟုတ်ပါလော၊ ဟူမူ။ ။ငင်းရေဖြင့်တွေ့ထိ၍ မြေသည်၏ အဖြစ်သည် အာပေါမဟုတ်၊ သီတတေဇောသာတည်း။ ထိုစကားမှန်၏၊ကြမ်းတန်းသော အတွေ့အထိ နူးညံ့သော အတွေ့အထိကား ပထဝီဓာတ်၏ ဖေါဋ္ဌဗ္ဗတည်း။ ဧသော အတွေ့အထိ,ပူသော အတွေ့အထိကား တေဇောဓာတ်၏ ဖေါဋ္ဌဗ္ဗတည်း။ကြွရွလှုပ်ရှားသော အတွေ့အထိ,ပြေ့ပြေ့အိအိဖြစ်သော အတွေ့အထိကား ဝါယောဓာတ်၏ ဖေါဋ္ဌဗ္ဗတည်း။ ။ဤသုံးပါးသောအတွေ့အထိ ဖေါဋ္ဌဗ္ဗသာရှိ၏။အခြားသော အတွေ့အထိ ဟူ၍ မရှိချေ။

ဆိုလိုရင်း အဓိပ္ပါယ်ကား····အာရုံသည် စက္ခုဝိညာဏ်ဖြင့် သိရှိအပ်သော အာရုံ။ပ။ ကာဝိညာဏ်ဖြင့် သိရှိအပ်သော အာရုံ,မနောဝိညာဏ်အားဖြင့် သိရှိအပ်သော အာရုံ-ဟု ရှိလေ၏။ ဖေါဋ္ဌဗ္ဗာရုံကား ကာယဝိညာဏ်ဖြင့် တွေ့ထိမှ သိရှိအပ်သော အာရုံဖြစ်သောကြောင့် ကာယဝိညေယျဖြစ်၏။ အာပေါဓာတ်ကား ကာယဝိညေယျ အာရုံမဟုတ်၊အတို, အရှည်, သဏ္ဌာန်ကို သိရှိမှုမျိုးများကဲ့သို့ မနောဝိညာဏ်ဖြင့်သာ သိအပ်

သော မနောဝိညာဏ်ယျ အာရုံဖြစ်သောကြောင့် အာပေါဓာတ်ကို ကြည့်ရ လေသတည်း။

**ဆောင်ပုဒ်**

ကိုယ်ဖြင့် မသိ၊စိတ်ဖြင့်သိ။ပယ်ဘိ-အာပေါ-ဓာတ်ကိုသာ။

---

**ဂေါစရရုပ် အစီအပ္ပါယ်**

ဂါဝေါ စရန္တိ ဧတ္ထာတိ ဂေါစရော။

ဧတ္ထ၊ဤအရပ်၌။ဂါဝေါ၊နွားတို့သည်။ စရန္တိ၊ကျက်စားကြကုန်၏။ဣတိ၊ ဤသို့ ကျက်စားရာဖြစ်သော သတ္တိကြောင့်။ ဂေါစရော၊ဂေါစရ-မည်၏။ ။ နွားတို့၏ မပြက်ကျက်စာရား, သွားလာကြရာ,နွားစားကျက်သည် ဂေါစရ မည်၏။ ။ဟူလို။

ဂေါစရသဒိသာတိ ဂေါစရာ။

ဂေါစရသဒိသာ၊ နွားစားကျက်နှင့် တူကုန်၏။ ဣတိ၊ကြောင့်။ ဂေါစရာ၊ ဂေါစရ-မည်ကုန်၏။ ။ဝိဂ္ဂြိုဟ်အရ····နွားစားကျက် ကွင်းပြင်သည် နွား တို့၏ လူးလာပျော်ပါး ကျက်စားရာဖြစ်သကဲ့သို့ ရူပါရုံစသောရုပ် ၇-ပါးတို့ သည်လည်း ခြောက်ပါးသော ဒွါရ၌ဖြစ်သော စိတ်တို့၏ ကျက်စားရာ, ပျော်ပါးကွန့်မြူးရာ ဖြစ်သောကြောင့် ဂေါစရရုပ်မည် ကုန်၏။ ။ဟူလို။

ဂါဝေါ စရန္တိ ဧတ္ထာတိ ဝါ ဂေါစရံ။

ဝါ၊ကား။ဧတ္ထ၊ဤ ၇-ပါးသောရုပ်၌။ဂါဝေါ၊စက္ခုစသောဣန္ဒြေတို့သည်။ စရန္တိ၊ဖြစ်တတ်ကုန်၏။ဣတိတသ္မာ၊ထို့ကြောင့်။ဂေါစရံ၊မည်၏။ ။ဝိဂ္ဂြိုဟ် အရ····စက္ခုပသာဒ စသော စက္ခုန္ဒြေ စသော တရားတို့သည် စက္ခု ဝိညာဏ်၏ မှီရာဖြစ်၍ ကျက်စားရာ, အာရုံပြုရာ ဖြစ်သောကြောင့် ဂေါစရ ရုပ်မည်၏။ ဒွေပဥ္စဝိညာဏ်၏ ကျက်စားရာ, အာရုံပြုရာ, ဖြစ်သောကြောင့် ဂေါစရရုပ်မည်၏ ဟူလိုသည်။ ။ရူပါရုံသည် စက္ခုဝိညာဏ်၏ ကျက်စားရာ ဖြစ်၏။ဤသို့ အစဉ်အတိုင်းယူ။ ။(ဌာနူပစာ ဟူလို)။

**ဆောင်ပုဒ်**

ဣန္ဒြေ ခြောက်တန်၊ဖြစ်ရာမှန်၊မှတ်ရန်-ဂေါစရ။

## ဘာဝရုပ် အဘွင့်

၇။ ။ဣတ္ထတ္တံ, ပုရိသတ္တံ-ဘာဝရူပံ နာမ။

သဂြိုဟ်ပါဌ်။

မိန်းမ၏ ဖြစ်ကြောင်းဖြစ်သောရုပ်, ယောကျ်ား၏ ဖြစ်ကြောင်းဖြစ်သော ရုပ်၊ ဤရုပ် ၂-ပါးသည် ဘာဝရုပ် မည်၏။ ။ဟူလို။

ဤကား ပိဏ္ဍတ္ထ။

---

ဣတ္ထိယာ ဘာဝေါ ဣတ္ထတ္တံ။

ဣတ္ထိယာ၊ မိန်းမ၏။ ဘာဝေါ၊ဖြစ်ကြောင်းသည်။ ဣတ္ထတ္တံ၊ဣတ္ထတ္တ-မည်၏။ ။(ဣတ္ထိဘာဝ-လည်း ဟူ၏)။ ဝိဂြိုဟ်အရ····ဣတ္ထိလိင်,ဣတ္ထိနိမိတ္တ, ဣတ္ထိကုတ္တ, ဣတ္ထိအာကပ္ပ-တို့၏ ဖြစ်ကြောင်းဖြစ်သော သဘောသည်- ဣတ္ထတ္တမည်၏။ ဣတ္ထိဘော မည်၏။ ။ဟူလို။

## ဋီကာကျော်အလို ဣတ္ထိဘော အဓိပ္ပါယ်

မိန်းမတို့၏ အင်္ဂါဇာတ်သည် ဣတ္ထိလိင်မည်၏။ မိန်းမတို့၏ အသံအလို ဆန္ဒသည် မိန်းမ-ဟု သိကြောင်းဖြစ်သောကြောင့် ဣတ္ထိနိမိတ္တမည်၏။ မိန်းမ တို့၏ မသန့်မရှင်း,သွားလာနေထိုင်ခြင်း အမူအရာသည် ဣတ္ထိကုတ္တမည်၏။ မိန်းမတို့၏ သေးငယ်သော လက်,ခြေသဏ္ဌာန်သည် ဣတ္ထိအာကပ္ပ မည်၏။

## အဋ္ဌကထာအလို ဣတ္ထိဘော အဓိပ္ပါယ်

မိန်းမတို့၏ သေးငယ်သော လက်,ခြေစသော သဏ္ဌာန်သည် ဣတ္ထိလိင် မည်၏။ မသန့်မရှင်းသော အခြင်းအရာ မုတ်ဆိတ်, ကြင်စွယ် စသည်မှ ကင်း၍ ဆံထုံးစသော အခြင်းအရာသည် ဣတ္ထိနိမိတ္တမည်၏။ မိန်းမတို့၏ မန်းငယ်, စကောငယ်စသည်ဖြင့် ကစားခြင်းစသော အမူအရာသည် ဣတ္ထိ ကုတ္တ-မည်၏၊ မိန်းမတို့၏ ကြို့ကြို့ထိုင်ခြင်း, ဖြေးဖြေးသာ သွားခြင်း, မသန့်ရှင်းသော သွားပုံ,လာပုံ,ကြည့်ရှုပုံစသော အခြင်းအရာသည် ဣတ္ထိ အာကပ္ပ-မည်၏။

> အတ္ထိနံ အင်္ဂဇာတံ ဣတ္ထိလိင်္ဂံ၊သရာဓိပ္ပါယော ဣတ္ထိနိမိတ္တံ။ပ။ဣတ္ထိ သဏ္ဌာနံ ဣတ္ထိအာကပ္ပေါ။ ။ဋီကာကျော်။

ဝဋ္ဋံ သတာအဝိသဒဟတ္ထုပါဒါဒိတာစ ဇုတ္တိလိင်္ဂ။ ထနမံသာဝိ
သဒ။ပ။ အဝိသဒဌာနဂမနာဒိကော အာကာရော ဇုတ္တာကပ္ပေါ။
မဟာဋီကာ။ ။(ဂဝ)။ ။အဋ္ဌသာလိနီ အဋ္ဌကထာ။ ။(၃၂၀)

## ဇုတ္တိဘာဝရုပ်၏ လက္ခဏာ,ရသ,ပစ္စုပဋ္ဌာန်,ပဒဋ္ဌာန်

ဇုတ္တိဘာဝရုပ်သည် ၁-မိန်းမဟူ၍ သိကြောင်း, မိန်းမဟူသော သဒ္ဒါ ဖြစ်ကြောင်း လက္ခဏာရှိ၏၊ ။၂-မိန်းမဟူ၍ ဘော်ပြခြင်း ကိစ္စရှိ၏။ ။ ၃-ဇုတ္တိလိင်္ဂစသည်တို့၏ အကြောင်းအဖြစ်လျှင် ထင်သော အခြင်းအရာ ရှိ၏။ ။၄-ကံကြောင့်ဖြစ်သော ရုပ်လျှင် နီးစွာသော အကြောင်းရှိ၏။

ဇုတ္တိဘာဝလက္ခဏံ ဇုတ္တိန္ဒြိယံ။ ဇုတ္တိတိ ပကာသနရသံ။ဇုတ္တိလိင်္ဂ နိမိတ္တကုတ္တာကပ္ပါနံ ကာရဏဘာဝပစ္စုပဋ္ဌာနံ။ ကမ္မသမုဋ္ဌာနရူပ ပဒဋ္ဌာနံ။ ။အဋ္ဌသာလိနီ အဋ္ဌကထာပါဠိ။ ။(၃၂၀)

## ပုန္နာဝ၏ အဘွင့်

ပုရိသဿ ဘာဝေါ ပုရိသတ္တံ။

ပုရိသဿ၊ ယောကျ်ားး၏။ ဝါ၊အဖို၏။ဘာဝေါ၊ ဖြစ်ကြောင်းသည်။ ပုရိသတ္တံ၊ ပုရိသတ္တ-မည်၏။ ဝါ-ပုမ္ဘော မည်၏။

ဝိဂြိုဟ်အရ····ပုရိသလိင်္ဂ,ပုရိသနိမိတ္တ, ပုရိသကုတ္တ,ပုရိသာကပ္ပ-တို့၏ ဖြစ်ကြောင်းဖြစ်သော သဘောသည် ပုရိသတ္တမည်၏။ဝါ-ပုမ္ဘော-မည်၏။ ။ ဟူလို။

## ဋီကာကျော် ဆရာအဆို ပုမ္ဘော အဓိပ္ပါယ်

ယောကျ်ားတို့၏ အင်္ဂါဇာတ်သည် ပုရိသလိင်္ဂမည်၏၊ ယောကျ်ားတို့၏ အသံ အလိုဆန္ဒသည် ယောကျ်ား-ဟု သိကြောင်းဖြစ်သောကြောင့် ပုရသ နိမိတ္တမည်၏။ ။သန့်ရှင်းစွာ သွားလာ,နေထိုင်ခြင်းစသော အမူအရာသည် ပုရိသကုတ္တ မည်၏။ ယောကျ်ားတို့၏ ကြီးသော လက်, ခြေသဏ္ဌာန်သည် ပုရိသ အာကပ္ပ-မည်၏။

## အဋ္ဌကထာ ဆရာအလို ပုဗ္ဗော အဓိပ္ပါယ်

ယောကျာ်းတို့၏ ကြီးသော လက်,ခြေသဏ္ဌာန်သည် ပုရိသလိင်မည်၏။ သန့်ရှင်းသော အခြင်းအရာ,မုတ်ဆိတ်, ကြင်စွယ်စသော အခြင်းအရာသည် ပုရိသနိမိတ္တမည်၏။ ယောကျာ်းတို့နှင့် စပ်ဆိုင်သော ထွန်တုံးငယ်, နွားငယ် စသော ကစားမှုအမျိုးမျိုးတို့ဖြင့် ကစားခြင်း, ကွန့်မြူးခြင်း, အကြီးအကျယ် ပြုလုပ်ခြင်းစသော အမူအရာသည် ပုရိသကုတ္တမည်၏။ ယောကျာ်းတို့နှင့် စပ်ဆိုင်သော သွားပုံ, လာပုံ, ပြောပုံစသော အခြင်းအရာသည် ပုရိသာ ကပ္ပမည်၏။ ။ဤ၌ လက်, ခြေစသော သဏ္ဌာန်သည် လိင်္ဂမည်၏။

လိင်္ဂတိ ဉာပေတီတိ လိင်္ဂံ။

ဟုပြု။ ။လိင်္ဂတိ-ဉာပေတိ၊သိစေတတ်၏။ ဣတိ၊ကြောင့်။လိင်္ဂံ၊ လိင် မည်၏။ ။ဟု ပေး။

မုတ်ဆိတ်,ကြင်စွယ်, သားမြတ်, ဆံထုံး, ပြုံးရယ်ခြင်းစသော ယောကျာ်း မိန်းမ-ဟု သိရခြင်း အကြောင်းသည် နိမိတ်မည်၏။

နိမိနာတိ သဉ္ဇာနာတိ တေနာတိ နိမိတ္တံ။

ဟုပြု။ ။တေန၊ ဖြင့်။ နိမိနာတိ-သဉ္ဇာနာတိ၊ သိတတ်၏။ ဣတိ၊ ဤသို့ သိကြောင်းဖြစ်သော သတ္တိကြောင့်။ နိမိတ္တံ၊ နိမိတ်မည်၏။ ။ဟု ပေး။

မန်းငယ်,ထွန်တုံးငယ် စသည်ဖြင့် ကစားခြင်းစသော ယောကျာ်း,မိန်းမ တို့၏ အမူအရာကြိယာသည် ကုတ္တမည်၏။ ။"ကရဏံ ကုတ္တံ"ဟုပြု။

သွားပုံ,လာပုံ,ပြောပုံ,ဆိုပုံ,ပြုလုပ်ပုံစသော အခြင်းအရာသည် အာကပ္ပ မည်၏။

အာကပ္ပတိ ဝိသဒါဒိဘာဝေန သဏ္ဌဟတီတိ အာကပ္ပေါ။

ဟုပြု။ ။ဝိသဒါဒိဘာဝေန၊သန့်ရှင်းခြင်း အစရှိသော အဖြစ်ဖြင့်။ အာ ကပ္ပတိ-သဏ္ဌဟတိ၊ တည်တတ်၏။ ဣတိ၊ကြောင့်။ အာကပ္ပေါ၊ အာကပ္ပ မည်၏။ ။ဟု ပေး။

လိင်္ဂံ ဟတ္ထာဒိသဏ္ဌာနံ၊ နိမိတ္တံ မိဟိတာဒိကံ။
ကုတ္တံ သုပ္ပါဒိနာ ကီဠာ၊ အာကပ္ပေါ ဂမနာဒိကံ။

ဋီကာကျော်။

ဟတ္ထာဒိသဏ္ဌာနံ၊ လက်စသော သဏ္ဌာန်သည်။ လိင်္ဂ၊လိင်မည်၏။ မိဟိ တာဒိကံ၊ပြုံးရယ်ခြင်းစသော ယောကျ်ား,မိန်းမ-ဟု သိရခြင်း အကြောင်း တရားသည်။ နိမိတ္တံ၊ နိမိတ်မည်၏။ သုပ္ပါဒိနာ၊မန်းငယ် စသည်ဖြင့်။ ကီဠာ၊ ကစားခြင်းစသော အမူအရာသည်။ ကုတ္တံ၊ ကုတ္တ-မည်၏။ ဂမနာဒိကံ၊ သွားပုံ, လာပုံစသော အခြင်းအရာသည်။ အာကပ္ပေါ၊ အာကပ္ပမည်၏။

လိင်္ဂန္တိ သဏ္ဌာနံ။နိမိတ္တန္တိ သဥ္ဇာနနံ။ ကုတ္တန္တိ ကြိယာ။အာကပ္ပေါတိ ဂမနာဒိအာကာရော။ ။ အဋ္ဌသာလိနီ အဋ္ဌကထာ။ ။(၃၂၈)

## ဆောင်ပုဒ်

လိင်-သဏ္ဌာန်၊ ပြုံးဟန်-နိမိတ်၊ မူရာစိတ်ကို၊
မှတ်ထို-ကုတ္တ၊ ယူကုန်ကြ၊ ကပ္ပ-ခြင်းအရာ။

---

## ပုမ္ဘာဝ၏ လက္ခဏာ,ရသ,ပစ္စုပဋ္ဌာန်,ပဒဋ္ဌာန်

ပုမ္ဘာဝသည် ၁-ယောကျ်ား-ဟု သိကြောင်း,ယောကျ်ား-ဟူသောသဒ္ဒါ ဖြစ်ကြောင်း လက္ခဏာရှိ၏။ ။ ၂-ယောကျ်ားဟူ၍ ဘော်ပြခြင်း ကိစ္စရှိ၏။ ၃-ပုရိသလိင်စသော အကြောင်း၏အဖြစ်လျှင် ထင်သောအခြင်းအရာရှိ၏။ ၄-ကံကြောင့်ဖြစ်သော ရုပ်လျှင် နီးသော အကြောင်းရှိ၏။

ပုရိသဘာဝလက္ခဏံ ပုရိသိန္ဒြိယံ။ ပုရိသောတိ ပကာသနရသံ။ ပုရိသလိင်္ဂနိမိတ္တကုတ္တာကပ္ပါနံ ကာရဏဘာဝပစ္စုပဋ္ဌာနံ။ ကမ္မ သမုဋ္ဌာနရူပပဒဋ္ဌာနံ။ ။အဋ္ဌသာလိနီ အဋ္ဌကထာ။ ။(၃၂၀)

---

## ဘာဝရုပ် အဓိပ္ပါယ်

ဘဝန္တိ ဗုဒ္ဓိသဒ္ဒါ ဧတေနာတိ ဘာဝေါ။

ဧတေန၊ဤလိင်စသော အနက်ဖြင့်။ ဗုဒ္ဓိသဒ္ဒါ၊ယောကျ်ား,မိန်းမဟူသော အသိဉာဏ်, ယောကျ်ား, မိန်းမဟူသော သဒ္ဒါတို့သည်။ ဘဝန္တိ၊ ဖြစ်တတ် ကုန်၏။ ဣတိ၊ထိုသို့ ဖြစ်ကြောင်းဖြစ်သော သတ္တိကြောင့်။ ဘာဝေါ၊ ဘာဝ မည်၏။

ဝိဂြိုဟ်အရ····လိင်,နိမိတ္တ,ကုတ္တ,အာကပ္ပတို့ကို သိရခြင်း၏ အကြောင်း ဖြစ်သော သဘောသည် ဘာဝရုပ်မည်၏။ ထိုဘာဝရုပ်ဟူသည် အချို့သော

သစ်ပင်တို့၏ အဖိုပင် အမပင် ဖြစ်သော သဘောသည် မျိုးစေ့ကပင် ပါလာ၍ ဤဤသဘောကိုစွဲ၍ အဖိုပင် ဤဤ သဘောကိုစွဲ၍ အမပင်ဖြစ်ရ သကဲ့သို့ ဤဘာဝရုပ်သည်လည်း ပဋိသန္ဓေစိတ်နှင့် အတူတကွ ပါလာ ဖြစ်လာ၍ ၎င်းဘာဝရုပ်ကြောင့်သာလျှင် ယောက်ျားတို့အား ယောက်ျား တို့နှင့် စပ်ဆိုင်သမျှသော, မိန်းမတို့အားမိန်းမတို့နှင့်စပ်ဆိုင်သမျှသောအသွင် အပြင် အမူအရာ အခြင်းအရာဟူသော လိင်္ဂ, နိမိတ္တ, ကုတ္တ,အာကပ္ပ တို့သည် ဖြစ်ပေါ်လာကုန်၏။ ဤသို့ လိင်္ဂ, နိမိတ္တစသည်တို့၏ ဖြစ်ကြောင်း ဖြစ်သောကြောင့် ဘာဝရုပ်မည်၏။ ။ဟူလို။ ။ထိုဘာဝရုပ်တို့ကား ကာယ ပသာဒရုပ်ကဲ့သို့ အလုံးစုံသော ကိုယ်ကိုပျံ့နှံ့၍ တည်လေ၏။ဤသို့ဖြစ်ပါက ကာယပသာဒရုပ်နှင့် ဘာဝရုပ်တို့သည် အချင်းချင်း ရောနှောကုန်အံ့သည် မဟုတ်ပါလော ဟူမူ။ မိမိတို့၏ လက္ခဏာအား လျော်စွာသာ ဖြစ်သော ကြောင့် မရောမယှက်ကုန် ဟု မှတ်။

တဒုဘယမ္ပိ ကာယပသာဒေါ ဝိယ သကလသရီရံ ဗျာပကမေဝ။
ဝိသုဒ္ဓိမဂ် အဋ္ဌကထာ။ ။(၃၉၆)

သမာနနိဿယေသုပိ နာမ သင်္ကရော နတ္ထိ လက္ခဏဘေဒတော။
မဟာဋီကာ။ ။(၀၁)

---

## ဣတ္ထိန္ဒြေနှင့် ဣတ္ထိလိင်စသည် အထူး

အောက်က ဘွင့်ဆိုခဲ့သော အတိုင်း လိင်္ဂ, နိမိတ္တ တို့သည် ဘာဝ ရုပ်ကြောင့်ဖြစ်သော အကျိုးတရားများဖြစ်ကြ၍ ဣတ္ထိန္ဒြေ,ပုရိသိန္ဒြေတို့ကား အကြောင်းတရားများ ဖြစ်ကြ၏။ ။ဣတ္ထိလိင်,ပုရိသလိင်ကား အကျိုးတရား များ ဖြစ်ကြ၏။ ။ဥပမာဆိုသော်····ဣတ္ထိန္ဒြေ,ပုရိသိန္ဒြေတို့ကား မျိုးစေ့နှင့် တူကုန်၏။ ဣတ္ထိလိင်, ပုရိသလိင်တို့ကား အခက်, အလက်, အရွက်,အသီး ပြည့်စုံပြီးသော သစ်ပင်ကြီးနှင့် တူကုန်၏။ မျိုးစေ့ကြောင့်သာ သစ်ပင် ကြီးသည် ဖြစ်ရ၏၊ဤသို့ ထူး၏။

တနည်းအားဖြင့်····ဣတ္ထိန္ဒြေ, ပုရိသိန္ဒြေ တို့ကို စက္ခုဝိညာဏ်ဖြင့် မသိနိုင်၊ မနောဝိညာဏ်အားဖြင့်သာ သိအပ်ကုန်၏။ ဣတ္ထိလိင်, ပုရိသလိင် တို့ကို စက္ခုဝိညာဏ်ဖြင့်၎င်း, မနောဝိညာဏ်ဖြင့်၎င်း, သိအပ်ကုန်၏။ ။ ဤကား ဣန္ဒြေနှင့် လိင်အထူးတည်း။

ဗီဇံ ဝိယ ဟိ ဇုတ္တိန္ဒြိယံ ဗီဇံ ပဋိစ္စ ဝဍိတွာ အာကာသံ ပူရေတွာ ဌိတရုက္ခော ဝိယ ဇုတ္တိန္ဒြိယံ ပဋိစ္စ ဇုတ္တိလိင်္ဂါဒိနိ ပဝတ္တေ သမုဋ္ဌ ဟန္တိ။တတ္ထ ဇုတ္တိန္ဒြိယံ ပန န စက္ခုဝိညေယျံ၊ မနောဝိညေယျမေဝ။ ဇုတ္တိလိင်္ဂါဒိနိ စက္ခုဝိညေယျာနိ ပိ မနောဝိညေယျာနိပိ။

အဋ္ဌသာလိနီ အဋ္ဌကထာ။ ။(၃၁၉)

**ဆောင်ပုဒ်**

က။ ။ဇုတ္တိန္ဒြေ၊ကြောင်းပေ,ဗီဇ၊ ပရံ ဇုတ္တိ၊
လိင်အရှိ၊မှတ်တိ-ကျီးဖလာ။

ခ။ ။မနောဖြင့်သိ၊ ဇုတ္တိ ဇုန္ဒြေ၊ဒွယေသိငြား၊
လိင်ဖြစ်ငြား၊မှတ်သား နည်းပရာ။

---

**ဟာဒယဝတ္ထုရုပ် အဘွင့်**

**ဂ။ ။ဟာဒယဝတ္ထု ဟာဒယရူပံ နာမ။**

သင်္ဂြိုဟ်ပါဠိ။

ဟာဒယ ဝတ္ထုသည် ဟာဒယရုပ် မည်၏။ ။ဟူလို။

ဤကား ပိဏ္ဍတ္ထ။

---

နိဿိတစိတ္တံ ဟရတီတိ ဟာဒယံ။

ယံ ရူပံ၊အကြင် ရုပ်သည်။ နိဿိတစိတ္တံ၊ မှီ၍ဖြစ်သော စိတ်ကို။ဟရတိ၊ ဆောင်တတ်၏။ဣတိ၊ကြောင့်။ ဟာဒယံ၊ဟာဒယ-မည်၏။

ဟာဒန္တိ သတ္တာ တံ တံ အတ္ထံ ပါ အနတ္ထံ ဝါ
ပူရေန္တိ စေတနာတိ ဝါ ဟာဒယံ။

ဟုပြု။ ။ဝါ၊ကား။စေတနာ၊ဤရုပ်တရားဖြင့်။သတ္တာ၊တို့သည်။တံတံ အတ္ထံ ဝါ၊ ထိုထိုအစီးပွါးကိုဖြင့်။ တံတံအနတ္ထံ ဝါ၊ထိုထိုအကျိုးမဲ့ကိုဖြင့်။ဟာဒန္တိ-ပူရေန္တိ၊ ပြည့်စေကုန်၏။ဣတိ၊ထိုသို့ ပြည့်ကြောင်းဖြစ်သော သတ္တိကြောင့်။ ဟာဒယံ၊ ဟာဒယ-မည်၏။

ဟဒယမေဝ ဝတ္ထု ဟဒယဝတ္ထု။

ဟဒယမေဝ၊ ဟဒယသည်ပင်လျှင်။ ဝတ္ထု၊မနောဓာတ်, မနောဝိညာဏဓာတ်တို့၏ တည်ရာတည်း။ ဟဒယဝတ္ထု၊ ဟဒယသည်ပင်လျှင် မနောဓာတ်, မနောဝိညာဏဓာတ်တို့၏ မှီရာဖြစ်သော ဝတ္ထု။

အဓိပ္ပါယ်ကား····မနောဓာတ်,မနောဝိညာဏဓာတ်,စိတ်, စေတသိက်တို့၏ မှီရာဖြစ်သော ဟဒယသည် ဟဒယဝတ္ထုမည်၏။ ။ဟူလို။ ။(ဝတ္ထု ဟဒယဆိုလိုလျက် ဝိသေသနပရပဒ၏ အစွမ်းဖြင့် ဟဒယဝတ္ထု ဟူလို၏)။

ဤဟဒယဝတ္ထုသည် သသမ္ဘာရဖြစ်သော နှလုံးအိမ်အတွင်း၌ တလက်ဆွမ်းခွဲမျှသော သွေးကို ပွဲ့နှံ၍ တည်၏။ စက္ခုဝိညာဏ်စသော စိတ်တို့သည် စက္ခုပသာဒစသည်ကို အမှီပြု၍ ဖြစ်ကုန်သကဲ့သို့ မနောဓာတ်,စိတ်, စေတသိက်, မနောဝိညာဏဓာတ်စိတ်, စေတသိက်တို့ သည်လည်း ဤဟဒယဝတ္ထုကိုသာ မှီ၍ ဖြစ်ကြရကုန်၏။

ယံ ဝတ္ထုံ နိဿာယ မနောဓာတု စ မနောဝိညာဏဓာတု စ ဝတ္တန္တိ။
ပဋ္ဌာန်း ပါဠိတော်။

---

## ဟဒယဝတ္ထု၏ ပုံသဏ္ဌာန်

၎င်းဟဒယဝတ္ထုသည် အပြင်ဘက် အရွက်ကိုပယ်ရှား၍ အောက်သို့ စောက်ထိုးထားအပ်သော ပဒုမာကြာငုံ သဏ္ဌာန်ရှိ၏။ အပြင်ဘက် အပကား သန့်ရှင်း ပြေပြစ်၏။အတွင်း၌မူကား သပွတ်အူ အလားရှိ၏၊အရပ်အားဖြင့် ကိုယ်၏ အထက်အရပ်၌ တည်ရှိ၏။ နေရာအားဖြင့် သားမြတ်နှစ်ခုတို့အလယ်ဝယ် တည်ရှိ၏၊ ထိုဟဒယဝတ္ထုသည် ပညာရှိသော သူတို့အား စဉ်းငယ်ပွင့်၏၊ ပညာနုံ့သော သူတို့အား အငုံအတိုင်းသာတည်း။

၎င်း ကြာငုံသဏ္ဌာန်ရှိသော ဟဒယအသားဆိုင်၏ အတွင်း၌ တလက်ဘက်ခွဲမျှလောက်သော သွေးသည် တည်ရှိလေ၏။ ၎င်းကြာငုံ သဏ္ဌာန်နှင့်တကွ တလက်ဘက်ခွဲမျှလောက်သော သွေးသည် သသမ္ဘာရဟဒယဝတ္ထု ရုပ်မည်၏။ ၎င်းသသမ္ဘာရဟဒယဝတ္ထုကို ပွဲ့နှံ၍ တည်နေသော ရုပ်သည်သာ ဟဒယဝတ္ထုရုပ်မည်၏ ဟု မှတ်။

ဇဝင်းတလက်ဘက်ခွဲ မျှလောက်သော သွေးသည် ရာဂစရိုက်ကြီးသော သူအား နီ၏၊ ဒေါသစရိုက်ကြီးသောသူအား မဲ၏။ မောဟစရိုက်ကြီးသော သူအား အသားဆေးသော အရည်ပြုက်ဆင်းရှိ၏၊ ဝိတက်စရိုက်ကြီးသော သူအား ကုလားပဲအရည်အဆင်းရှိ၏၊သဒ္ဓါစရိုက် ကြီးသောသူအား မဟာ လှေကားပွင့်အဆင်းရှိ၏၊ ပညာစရိုက်ကြီးသောသူအား ပြိုးပြိုးပြက်သော မဏိဇောတပတ္တမြားအသွင် ဖြစ်သော အဆင်းရှိ၏။

> သဏ္ဍာနတော ဗာဟိရပတ္တာနိ အပနေတွာအဓောမုခဌပိတပဒုမမကုဠသဏ္ဍာနံ၊ဗဟိမဋ္ဌံ။ပ။ပညာစရိတဿ အစ္ဆံ ဝိပ္ပသန္နံ၊ အနာဝိလံ ဝဏ္ဏာရံ ပရိသုဒ္ဓံ နိဒ္ဓေါတဇာတိမဏိဝိယ ဇုတိမန္တံ ခါယတိ။
>
> ဝိဘင်း အဋ္ဌကထာ။ ။( ၂၀၉ )

---

## ဟဒယဝတ္ထု၏ လက္ခဏာ,ရသ,ပစ္စုပဋ္ဌာန်,ပဒဋ္ဌာန်

ဟဒယဝတ္ထုရုပ်သည် ၁-မနောဓာတ်, မနောဝိညာဏ ဓာတ်တို့၏ မှီရာဖြစ်ကြောင်း လက္ခဏာရှိ၏။ ။၂-ထိုဓာတ် ၂-ပါးကို အားကြီးစွာ ဆောင်ခြင်း ကိစ္စရှိ၏။ ။၃-ထိုဓာတ် ၂-ပါးကို ပင့်မြှောက်, ထမ်းရွက်ခြင်းလျှင် ဉာဏ်အားထင်သော အခြင်းအရာရှိ၏။ ။၄-ထိုဟဒယဝတ္ထု၏ မှီရာ မဟာဘုတ်လျှင် နီးသော အကြောင်းရှိ၏။

> မနောဓာတုမနောဝိညာဏဓာတူနံ နိဿယလက္ခဏံ ဟဒယဝတ္ထု၊ တာသဉ္ဓေဝ ဓာတူနံ အာဓာရဏရသံ၊ ဥဗ္ဗာဟနပစ္စုပဋ္ဌာနံ၊ တဒါဓာရဘူတပဒဋ္ဌာနံ။ ။ဝိသုဒ္ဓိမဂ် အဋ္ဌကထာ။

---

ဤဟဒယဝတ္ထုရုပ်ကို မြတ်စွာဘုရားသည် ဓမ္မသင်္ဂဏီပါဠိတော် ရူပကဏ္ဍ၌ ဟောတော်မမူခဲ့ရကား၊ ရုပ်တို့သည် ၂၇-ပါးသာ ဖြစ်သည်မဟုတ်ပါလော။ အဘယ့်ကြောင့် ဟဒယဝတ္ထု ရုပ်ကိုပါထည့်၍ အရှင်အနုရုဒ္ဓါ ဆရာမြတ် မိန့်ဆိုအပ်ပါသနည်း- ဟူမူ။ ။ဓမ္မသင်္ဂဏီ ရူပကဏ္ဍ၌ကား တိက်,ဒုက်ဘွဲ့၍ ဟောတော်မူအပ်သော အရာဖြစ်သောကြောင့် ဒေသနာအစဉ် အလျဉ်းမသင့်သဖြင့်၎င်း, ဒေသနာအစဉ် ပျက်မည်အတွက်ကြောင့်၎င်း, ဤဟဒယဝတ္ထုကို ဟောတော်မမူအပ်ချေ။ သို့သော် ပဋ္ဌာန်းပါဠိတော်၌-

"ယံ ရူပံ နိဿာယ မနောဓာတု စ မနောဝိညာဏဓာတု စ ပဝတ္တန္တိ တံ ရူပံ မနောဓာတုယာ စ မနောဝိညာဏဓာတုယာ စ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ နိဿယပစ္စယေန ပစ္စယော"။

ဟူသော အာဂုံကို ထောက်ဆ၍ငင်း၊ ကာမပုဂ္ဂိုလ်, ရူပပုဂ္ဂိုလ်တို့အား ရုပ်နှင့်စပ်၍ ဖြစ်သော ပဉ္စဝေါကာရဘုံသားများ ဖြစ်ခြင်းကြောင့် စက္ခုဝိညာဏဓာတ်။ပ။ ကာယဝိညာဏ ဓာတ်များကား အသီးအသီး စက္ခုဝတ္ထု။ပ။ ကာယဝတ္ထုကိုမှီ၍ ဖြစ်ကြကုန်၏။ ၎င်းမနောဓာတ်နှင့် မနောဝိညာဏဓာတ်တို့၏ မှီရာကား စက္ခုဝတ္ထုစသော ဝတ္ထုများလည်း မဖြစ်သင့်၊ ကြွင်းသော ရုပ်တို့ကိုလည်း မမှီနိုင်၊ သို့ဖြစ်၍ ၎င်းမနောဓာတ်နှင့် မနောဝိညာဏဓာတ် ၂-ပါးသည် ဟဒယဝတ္ထုကိုသာ မှီ၍ဖြစ်၏ ဟူသော ယုတ္တိအားဖြင့်၎င်း ဟဒယဝတ္ထုရုပ်ကို ထည့်၍ ရုပ် ၂၈-ပါး ဟု အနုရုဒ္ဓါဆရာမြတ် မိန့်ဆိုတော်မူအပ်ပါသတည်း။

ရူပကဏ္ဍေ အဝုတ္တဿပိ ပနေတဿ အာဂမတော ယုတ္တိတော စ အတ္ထိဘာဝေါ ဒဋ္ဌဗ္ဗော။ ။ဋီကာကျော်(၁၆၀)။ မဟာဋီကာ။(၇၂)

**ဆောင်ပုဒ်**

ကျမ်းပရူကဏ်၊ မမိန့်မှန်လည်း၊ တန်တန် ပဋ္ဌာန်း၊မိန့်တမ်း
လာပုံ၊အာဂုံ ယုတ္တိ၊ထောက်ဆညှိ၊မိန့်ဘိ-ဟဒယ။

---

**ဇီဝိတရုပ် အဘွင့်**

၉။ ။ဇီဝိတိန္ဒြိယံ ဇီဝိတရူပံ နာမ။

သဂြိုဟ်ပါဌ်။

ဇီဝိတိန္ဒြေလည်း။ဇီဝိတရုပ် မည်၏။ ။ဟူလို။

ဤကား ဝိဂ္ဂဟတ္ထ။

---

ဇီဝန္တိ သဟဇာတဓမ္မာ တေနာတိ ဇီဝိတံ။

တေန၊ ထိုရုပ်တရားဖြင့်။ သဟဇာတဓမ္မာ၊ အတူတကွ ဖြစ်သော ရုပ်တရားတို့သည်။ ဇီဝန္တိ၊အသက်ရှင်ကြကုန်၏။ ဣတိတသ္မာ၊ထိုသို့ အသက်ရှင်ကြောင်း ဖြစ်သောကြောင့်။ဇီဝိတံ၊ဇီဝိတ-မည်၏။

ဇီဝိတမေဝ ဇာန္တြိယံ ဇီဝိတိန္ဒြိယံ။

ဇီဝိတမေဝ၊ ဇီဝိတ-သည်ပင်လျှင်။ ဇာန္ဒြိယံ၊ဇာန္ဒြေတည်း။ ဇီဝိတိန္ဒြိယံ၊ ဇီဝိတသည်ပင် ဇာန္ဒြေ။အဓိပ္ပါယ်ကား....မိမိနှင့်အတူတကွဖြစ်သော ကမ္မဇ ရုပ်တရားတို့၏ အသက်ရှင်ကြောင်း ဖြစ်သောကြောင့် ဇီဝိတမည်၏။ ။၎င်း အသက်ရှင်စေခြင်းကိစ္စဖြင့် မိမိနှင့် တကွဖြစ်သော တရားတို့ကို အစိုးရ သောကြောင့် ဇာန္ဒြေလည်း မည်၏။ ။ဟူလို။

## စောင့်ရှောက်ပုံ အဓိပ္ပါယ်

အစိုဖြစ်သော သစ်သီး,သစ်ရွက်အတွင်း၌ တည်ရှိသော အရည်သည် သစ်သီး,သစ်ရွက်တို့ကို မပိန်, မခြောက်,မညှိုးမနွမ်းရအောင် စောင့်ရှောက် သကဲ့သို့ ကိုယ်အလုံး၌ ပျံ့နှံ့၍ တည်သော ဇီဝိတရုပ်သည် ကံကြောင့် ဖြစ်သော ရုပ်ဟူသမျှကို မညှိုးမနွမ်းရအောင် မစောင့်ရှောက်၏။ ။ဇီဝိတရုပ် စောင့်ရှောက်သည်၏ အဖြစ်ကို သေသောသူ၏ အသွေး, အသားနှင့် ရှင်သောသူ၏ အသွေး,အသား မတူသည်ကိုရှု၍ သိအပ်၏။

ဤဇီဝိတရုပ်စောင့်ရှောက်ရာ၌ သစ်သီး,သစ်ရွက်အတွင်း၌ တည်သော အရည်သည် မိမိထင်ရှားရှိသမျှ ကာလပတ်လုံး သစ်သီး,သစ်ရွက်တို့ကို မပိန်,မခြောက် ရအောင် စောင့်ရှောက် သကဲ့သို့ မိမိနှင့် အတူဖြစ်သော ကမ္မဇရုပ်တို့ကို မိမိထင်ရှားရှိသမျှ ကာလပတ်လုံး စောင့်ရှောက်၏။ဤသို့ စောင့်ရှောက်ရာ၌လည်း နို့ထိန်းသည် မိမိထိန်းသော သားကိုသာ စောင့် ရှောက်သကဲ့သို့ ဤဇီဝိတရုပ်သည်လည်း အမိနှင့် တူသော ကံပင် ထင်ရှား မရှိသော် ငြားလည်း မိမိနှင့်အတူဖြစ်သော ကမ္မဇရုပ်ကိုသာ စောင့်ရှောက် ၏။ စိတ္တဇ, ဥတုဇ, အာဟာရဇ ရုပ်တို့ကို မစောင့်ရှောက်၊ ၎င်းစိတ္တဇ စသော ရုပ်တို့ကို စိတ်,ဥတု, အဟာရတို့သည်သာ စောင့်ရှောက်ကုန်၏- ဟု မှတ်။

စိတ္တဇစသော ရုပ်တို့ကို စိတ်,ဥတု,အာဟာရ,ရုပ်တို့သည် အသီးသီး စောင့်ရှောက် ကုန်သကဲ့သို့ ကမ္မဇ ရုပ်ကို ကံသည် အဘယ့်ကြောင့် မစောင့်ရှောက် ပါသနည်း ဟူမူ။ ထိုကမ္မဇရုပ်တို့ ဖြစ်သောခဏ၌ ကံမရှိ သောကြောင့် မစောင့်ရှောက်နိုင်၊အထောက်အပံ့မျှသာ ဖြစ်နိုင်၏။ ။ဟူလို။

ကမ္မသာ တန်ဏာဘာ၀တော။ ။ဋီကာကျော်။

ထိုသို့ ဖြစ်ပါက စိတ်,ဥတု,အာဟာရတို့သည်လည်း ဆိုင်ရာ စိတ္တဇရုပ်, ဥတုဇရုပ်, အာဟာရဇရုပ်တို့ကို စောင့်ရှောက်နိုင်သောကြောင့် ဇီဝိတရုပ်တို့ပင် မည်သင့်ကုန်သည် မဟုတ်ပါလော-ဟူမူ။ ။စိတ္တဇရုပ်တို့သည် တခုသော စိတ်ကြောင့် ဖြစ်ကုန်၏။ ဥတုဇရုပ်တို့သည် တခုသော ဥတုကြောင့်သာ ဖြစ်ကုန်၏၊အာဟာရဇရုပ်တို့သည် တခုသော အာဟာရ ကြောင့်သာ ဖြစ်ကုန်၏၊ စိတ္တက္ခဏ ၁၇-ချက်မျှသာအသက်ရှည်ကုန်၏။ ထိုအကြောင်း ဖြစ်သော စိတ်,ဥတု,အာဟာရတို့သည် ချုပ်ကုန်သည်ရှိသော် ၎င်းရုပ်တို့သည်လည်း ချုပ်ကြကုန်၏။ နောက်ထပ် မဖြစ်ကြကုန်၊ နောက်ထပ် တဘန် စိတ်စသည်ဖြစ်ပါမှ စိတ္တဇရုပ်စသည်တို့သည် ဖြစ်ပြန်ကုန်၏။

ကမ္မဇရုပ်တို့မှာမူကား ထိုသို့မဟုတ် ပဋိသန္ဓေ တည်နေသည်မှ စုတိကျသည်တိုင်အောင် ဤအတွင်း၌ ဇီဝိတိန္ဒြေရုပ် စောင့်ရှောက်ခါ ကမ္မဇရုပ်တို့သည် တဘွားဘွားဖြစ်ခါ ချုပ်ခါတည်နေကုန်၏။စုတိမကျမီ စိတ္တက္ခဏ ၁၇-ချက် မြောက်ကျမှသာ ၎င်းကမ္မဇရုပ်တို့သည် မဖြစ်ဘဲ ချုပ်ကုန်၏။ ။ဤသို့ ဇီဝိတရုပ်သည် ကမ္မဇရုပ်တို့၏ တဘ၀လုံး တည်တံ့နိုင်ခြင်း၏ အကြောင်းရင်း တပါးတည်း ဖြစ်သောကြောင့် ၎င်းဇီဝိတိန္ဒြေကိုသာ ဇီဝိတရုပ်-ဟု ဆိုရပါသတည်း။ ။၎င်းဇီဝိတရုပ်သည် ပါစကမီး-ဟု ခေါ်သော တေဇောဓာတ်နှင့် ပေါင်းစပ်၍ တကိုယ်လုံး၌ ရှိရှိသမျှသော ဥပါဒိန္နက ကမ္မဇရုပ်တို့ကို ပျံ့နှံ့၍ တည်ခါ စောင့်ရှောက် လေသတည်း။ စိတ္တဇ ဥတုဇရုပ်, အာဟာရဇ ရုပ်တို့ကြောင့် အသက်ရှင်သည် မမည်၊ဇီဝိတရုပ် ရှိမှသာ လူတို့သည် အသက်ရှင်ကုန်သည် မည်သောကြောင့်တည်း။

**ဆောင်ပုဒ်**

၁။ ။ထိုရုပ်ဖြစ်စ၊ကံကင်းပ၊မှတ်-ကြစောင့်ရှောက်ကင်း။

၂။ ။ကမ္မဇရုပ်၊ မယုတ်များစွာ၊ ဖြစ်ကပါလည်း၊ စောင့်ရှောက်ဆီး၊ မှတ်နည်း ဇီဝိတ။

၃။ ။ဇီဝိတရုပ်၊အဟုတ်ရှိမှ၊သက်ရှင်ကြ၊ မှတ်ပ-ဇီဝိတ။

---

ဇီဝိတိန္ဒြေ ရုပ်သည် စိတ္တဇရုပ်စည်ည်၌ မရှိမူ၍ ကမ္မဇရုပ်၌သာ အဘယ့်ကြောင့် ရှိပါသနည်း-ဟူမူ။ ။စိတ္တဇရုပ်စသည် တို့အား စိတ်, ဥတု,

အာဟာရတို့သည် ထိုစိတ္တဇရုပ်တို့၏ ထင်ရှားရှိစဉ် မိဘသဘွယ် ထင်ရှားရှိကုန်သကဲ့သို့ ကမ္မဇရုပ်တို့အား ရှေးရှေးဘဝက ပြုခဲ့ဘူးသော ဇနကကံ တည်းဟူသော အကြောင်းတရားသည် ထိုကမ္မဇရုပ် ဖြစ်ပေါ်လာသော ခဏ၌ ထင်ရှားမရှိခဲ့၊ ထို့ကြောင့် မိဘမဲ့သော သားသည် ဘထွေး,အရီး အစရှိသည်တို့ကိုမှီ၍ အသက် ရှင်ရဘိသကဲ့သို့ ကံတည်းဟူသော မိဘ မရှိသောကြောင့် ဘထွေး,အရီးစသည်နှင့် တူသော ဝါ-အထိန်းတော်နှင့် တူသော ဇီဝိတရုပ်ရှိမှ ၎င်းကမ္မဇရုပ်တို့သည် တည်တံ့နိုင်ကုန်၏။

---

## ဇီဝိတ၏ လက္ခဏာ,ရသ,ပစ္စုပဋ္ဌာန်,ပဒဋ္ဌာန်

ဇီဝိတရုပ်သည် ၁-သဟဇာတ် ရုပ်တရားတို့ကို စောင့်ရှောက်ခြင်း လက္ခဏာ ရှိ၏။ ။၂-သဟဇာတ်ရုပ်တို့ကို အစဉ်ရှည်စွာ တည်စေခြင်း ကိစ္စရှိ၏။ ။၃-ကမ္မဇရုပ်အစဉ်ကို ထားခြင်းလျှင် ဉာဏ်အားထင်သော အခြင်းအရာ ရှိ၏။ ။၄-မျှစေအပ်သော မဟာဘုတ်လျှင် နီးစွာသော အကြောင်းရှိ၏။

သဟဇာတရူပါနုပါလနလက္ခဏံ ဇီဝိတိန္ဒြိယံ၊ တေသံ ပဝတ္တနရသံ။
တေသံယေဝ ဌပန ပစ္စုပဋ္ဌာနံ။ယာပယိတဗ္ဗဘူတပဒဋ္ဌာနံ။

အဋ္ဌသာလိနီ အဋ္ဌကထာ။ ။(၃ ၂၁)

---

## အာဟာရရုပ် အဘွင့်

၁၀။ ။ကဗဠီကာရော အာဟာရော အာဟာရရူပံ နာမ
သင်္ဂြိုဟ်ပါဠိ။

ကဗဠီကာရ အာဟာရသည် အာဟာရ ရုပ်မည်၏။ ။ဟူလို။
ဤကား ပိဏ္ဍတ္ထ။

---

## အယောဇနာ အနက်ပြပါယ်

ကဗဠံ ကရိယတီတိ ကဗဠီကာရော။

ကဗဠံ၊ အလုပ်အလွေ့ကို။ ကရိယတိ၊ပြုအပ်၏။ဣတိ၊ကြောင့် ကဗဠီကာရော ကဗဠီကာရ-မည်၏။

အာဟရီယတိ အဇ္ဈောဟရီယတီတိ အာဟာရော။

အာဟရီယတိ-အဇ္ဈောဟရီယတိ၊ မျိုအပ်၏။ ဣတိ၊ကြောင့်။ အာဟာရော။အာဟာရ-မည်၏။

ကဗဠီကာရော စ သော အာဟာရောစာတိ ကဗဠီကာရာဟာရော။

ကဗဠီကာရောစ၊အလုပ်အလွေ့ကိုလည်းပြုအပ်၏၊ သော၊ထိုကဗဠီကာရဟူသည်။ အာဟာရော စ၊မျိုလည်း မျိုအပ်၏။ ဣတိ၊ကြောင့်။ ကဗဠီကာရာဟာရော၊ကဗဠီကာရာဟာရ-မည်၏။

အဓိပ္ပါယ်ကား····သစ်သီးစသော ခဲဘွယ်, ထမင်းစသော စားဘွယ်, ပျားသကာစသော လျက်ဘွယ်, အဖျော် ယမကာစသော သောက်ဘွယ် ဟူသော ဘောဇဉ်လေးပါးစသော ဝတ္ထုသည် ရှေးမဆွ ဝတ္ထုက အလုပ်အလွေ့မဟုတ်သော်လည်း နောက်တဘန် အလုပ်အလွေ့ ပြုအပ်သော သတ္တိကြောင့် ပဓာနအားဖြင့် ကဗဠီကာရမည်၏။ ထိုဝတ္ထု ဘောဇဉ်၌ တည်သော ဩဇာသည်ကား ဥာနူပစာရအားဖြင့် ကဗဠီကာရမည်၏။ ။ ၎င်းကဗဠီကာရ သည်ပင်လျှင် မျိုအပ်သောကြောင့် အာဟာရလည်း မည်၏။ သဘောအားဖြင့်ဆိုသော် ကဗဠီကာရာဟာရ၌ပါသော ပရမတ္ထ သဘာဝ ချိုဆိမ့်သော အရသာသဘော ဩဇာဓာတ်သည်သာ အာဟာရ ရုပ်မည်၏။

---

## အာဟာရဓာတ်ပျံ့နှံ့ပုံ အဓိပ္ပါယ်

မျိုအပ် စားသောက်အပ်သမျှသော သသမ္ဘာရခဲဘွယ်ဘောဇဉ်တို့သည် အစာအိမ်အတွင်းသို့ ရောက်၍ တည်နေကြကုန်၏။ထိုအခါ ပါစကဓာတ်မီးသည် ထိုစား မျိုအပ်သော အာဟာရတို့ကို ပေါင်းနွေးပေး သောအားဖြင့် ချက်ပြုတ်လေ၏။(ခဲတံကျည်တောက်များ ပေါင်းနွေး ချက်ပြုတ်ပေးသကဲ့သို့ ဆိုလိုသည်)။ ထိုသို့ ချက်အပ်ကုန် သည်ရှိသော် ဆီဆုံတွင် ကြိတ်အပ်သော နှမ်းတို့၏ ကြမ်းသော အရာအစုသည် နှမ်းဖတ်ဖြစ်၍ သိမ်မွေ့နူးညံ့သော အရာတို့သည် ဆီအဖြစ်သို့ ရောက်ကုန်သကဲ့သို့ ထိုအတူ ကြမ်းသော အာဟာရတို့သည် အချို့ကား ကျင်ကြီးဖြစ်ကုန်၏၊ အချို့ကား ကျင်ငယ်ဖြစ်ကုန်၏။ အချို့ကား ပါစကဓာတ်မီးလောင်၍ ကုန်ခန်းကုန်၏၊ နူးညံ့သိမ်မွေ့သော အရာတို့သည် ရသဓာတ်ခေါ်သော အစာရည်အဖြစ်သို့ ရောက်ကုန်၏။

ထိုရသဓာတ်ရည်သည် ပါစက တေဇော၏ အစွမ်းဖြင့် ဖရဏဓာတ် လေသည် မှုတ်အပ်,ဖြန့်အပ်သည်ရှိသော် ရေသည် မြောင်းကြီး,မြောင်းငယ် အသွယ်သွယ်တို့သို့ စိမ့်ဝင်လေသကဲ့သို့ ရသဟရဏီခေါ်သော ရေ မြောင်းကြီး,ငယ်တို့နှင့်တူသော တကိုယ်လုံးရှိ အကြောကြီး, အကြောသေး တို့သို့ပျံ့၍ ဒိမ့်ဝင်လေ၏။ရသဓာတ်ရည် စိမ့်ဝင်ရာလမ်းကို ရသဟရဏီ အကြော ဟူ၍ ခေါ်ဝေါ်ကြ၏။ ။ရသဟရဏီ အကြောတို့သို့ စိမ့်ဝင် လေသော ရသဓာတ်ရည်၌ အနှစ်သာရဓာတ်,အဆီဓာတ်သည် ရှိလေ၏။ ထိုအဆီဓာတ် ဩဇာသည် အာဟာရရုပ်မည်၏။ထိုဓာတ်ဆီသည် မိမိပျံ့နှံ့ လေရာ အရပ်တို့၌ အာဟာရဇရုပ်တို့ကို ဖြစ်စေ၏။

ယာယ ဩဇာယ သတ္တာ ယာပေန္တိ၊တဿာ တံ အဓိဝစနံ။
ဝိသုဒ္ဓိမဂ် အဋ္ဌကထာ။ ။(၃၉၅)

ဩဇာလက္ခဏောတိ ဧတ္ထ အင်္ဂမင်္ဂါနုသာရိနော ရသဿ သာရော ဥပတ္ထမ္ဘဗလကရော ဘူတနိဿိတော ဧကော ဝိသေသော ဩဇာ။ ။ မဟာဋီကာ။(၈၈)။ ။မူလဋီကာ။ (၁၄၃)

အင်္ဂမင်္ဂါနုသာရိနော ရသဿ သာရောတိ ရသဟရဏီ ဓမနိဇာ လာနုသာရေန သရီရာဝယဝေ အနုပဝိဋ္ဌဿ အာဟာရရသဿ အဗ္ဘန္တရာဟာရပစ္စယော သ္နေဟော။ယော လောကေ ရသဓာတူတိ ဝုစ္စတိ။ ။အနုဋီကာ။ ။(၁၅၃)

**ဆောင်ပုဒ်**

ရသ ဆီဓာတ်၊ဩဇာမြတ်၊မှတ်အာ-အပ်ဟာရ။

---

**အာဟာရရုပ်၏ လက္ခဏာ,ရသ,ပစ္စုပဋ္ဌာန်,ပဒဋ္ဌာန်**

အာဟာရရုပ်သည် ၁-ပွါးခြင်း လက္ခဏာ ရှိ၏။ ။၂-ဩဇာလျှင်ရှစ်ခု မြောက်သောရုပ်ကို ဆောင်ခြင်းကိစ္စရှိ၏။ ။၃-ရူပကာယကို ထောက်ပံ့ ခြင်းလျှင် ညဏ်အား ရှေးရှုထင်တတ်၏။ ။၄-စားမျိုအပ်သော ကဗဠီ ကာရာဟာရလျှင် နီးသော အကြောင်းရှိ၏။

သြဇာလက္ခဏော ကဗဠီကာရော အာဟာရော။ ရူပါဟရဏ ရသော။ ဥပတ္ထမ္ဘနပစ္စုပဋ္ဌာနော။ ကဗဠံ ကတွာ အာဟရိတဗ္ဗဝတ္ထု ပဒဋ္ဌာနော။ ။အဋ္ဌသာလိနီ အဋ္ဌကထာ။ ။(၃၂၈)

---

အာဟာရသည် အဇ္ဈတ္တိက အာဟာရ,ဗာဟိရ အာဟာရဟူ၍ ၂-မျိုး ရှိရာ အဇ္ဈတ္တိကာဟာရသည် ရုပ်ကို ဖြစ်စေပါသလော၊ သို့မဟုတ် ဗာဟိရာ ဟာရသည် ရုပ်ကို ဖြစ်စေပါသလော ဟူမူ။ ။အပဖြစ်သော ထမင်း အဖျော်စသော ဗာဟိရာဟာရ၏ အထောက်အပံ့ကို ရမှသာ အဇ္ဈတ္တိကာ ဟာရသည် ရုပ်ကို ဖြစ်စေနိုင်ရကား အဇ္ဈတ္တိကာဟာရသည်သာ မုချ အားဖြင့် ရုပ်ကိုဖြစ်စေနိုင်၏။ ဗာဟိရာဟာရကား အဇ္ဈတ္တိကာဟာရ၏ ဥပနိဿယ အဖြစ်ဖြင့်သာ ရုပ်ကို ဖြစ်စေနိုင်၏ ဟု မှတ်။

ဗာဟိရာဟာရပစ္စယံ ပဋိလဘိတွာ ဧဝ အဇ္ဈတ္တိကာဟာရော ရူပံ ဥပ္ပါဒေတီတိ။ အယံ အဇ္ဈတ္တိကာဟာရဿ ဥပနိဿယဘာဝေနပိ အာဟာရတိ။ ။အဘိဓမ္မာဝတာရ ဋီကာ။ ။(၂၆၀)

(အကျယ် အလိုရှိမူ အဋ္ဌကထာ၌ ရှုလင့်ကုန်)။

**ဆောင်ပုဒ်**

အပဟာရ၊ ထောက်ပံ့မှပေ၊ တွင်းဟာရေ၊ဖြစ်စေ-ရုပ်ကိုပင်။

---

**၁၁။ ။ဣတိ စ အဋ္ဌာရသဝိဓမ္ပေတံ ရူပံ သဘာဝရူပံ၊သလက္ခဏရူပံ၊ နိပ္ဖန္နရူပံ၊ရူပရူပံ၊သမ္မသနရူပန္တိ စ သင်္ဂဟံ ဂစ္ဆတိ။**

သဂြိုဟ်ပါဌ်။

ဤဆိုအပ်ခဲ့ပြီးသော ဘူတရုပ် ၄-ပါး၊ ပသာဒရုပ် ၅-ပါး၊ ဝိသယရုပ် ၇-ပါး၊ ဘာ၀ရုပ် ၂-ပါး၊ဟဒယရုပ် ၁-ပါး၊ဇီဝိတရုပ် ၁-ပါး၊အာဟာရုပ် ၁-ပါးအားဖြင့်၊သဘောတူရာ ပေါင်း၍ ၁၈-ပါးသော ရုပ်တို့သည် သဘာ၀ ရုပ် မည်၏၊ သလက္ခဏရုပ်လည်း မည်၏၊ နိပ္ဖန္နရုမ်လည်း မည်၏၊ ရူပရုပ် လည်း မည်၏၊ သမ္မသနရုပ်လည်း မည်၏။ ။ဟူလို။

ဤကား ဝိဂ္ဂဟတ္ထ။

## သဘာဝရုပ် စသည်မည်ခြင်း အကြောင်း

သဟ ဘာဝေနာတိ သဘာဝံ။
သဘာဝဥ္စ တံ ရူပဥ္စာတိ သဘာဝရူပံ။

ယံ၊အကြင်ရုပ်သည်။ဘာဝေန၊ကက္ခဠစသော သဘောတရားနှင့်။ သဟ၊ တကွ။ ပဝတ္တတိ၊ ဖြစ်တတ်၏။ ဣတိ၊ကြောင့်။ တံ၊သည်။ သဘာဝံ၊သဘာဝ-မည်၏။ ။သဘာဝဥ္စ၊ ကက္ခဠစသော သဘောနှင့်တကွ ဖြစ်သည်လည်း။ ဟောတိ၊၏။ တံ၊ ဟူသည်၊ ရူပဥ္စ၊ ရုပ်လည်းမည်၏။ ဣတိ၊ကြောင့်။ သဘာဝရူပံ၊ သဘာဝရုပ်မည်၏။

အဓိပ္ပါယ်ကား····ဤ ၁၈-ပါးသော ရုပ်တို့သည် မိမိ မိမိတို့၏ ကက္ခဠစသော လက္ခဏာနှင့်တကွ ဖြစ်သောကြောင့် သဘာဝရုပ် မည်၏။ ။ဟူလို။

ကမ္မာဒိပစ္စယေဟိ နိပ္ဖါဒေတဗ္ဗန္တိ နိပ္ဖန္နံ။
နိပ္ဖန္နဥ္စ တံ ရူပဥ္စာတိ နိပ္ဖန္နရူပံ။

ကမ္မာဒိပစ္စယေဟိ၊ ကံစသော အကြောင်းတရားတို့သည်။ နိပ္ဖါဒေတဗ္ဗံ၊ ပြီးစေအပ်၏။ ဣတိ၊ ကြောင့်။ နိပ္ဖန္နံ၊ နိပ္ဖန္န-မည်၏။ နိပ္ဖန္နဥ္စ၊ ကံစသော အကြောင်းတို့သည် ဖြစ်စေအပ်သည်လည်း။ ဟောတိ၊၏။ တံ၊ ဟူသည်။ ရူပဥ္စ၊သည်လည်း။ဟောတိ၊၏။ ဣတိ၊ကြောင့်။ နိပ္ဖန္နရူပံ၊ နိပ္ဖန္နရုပ်မည်၏။

အဓိပ္ပါယ်ကား....ဤ ၁၈-ပါးသော ရုပ်တို့သည် ကံစသော အကြောင်းတရားတို့သည် ပြီးစေအပ်သောကြောင့် နိပ္ဖန္နရုပ် မည်၏။ ။ဟူလို။

ရုပ္ပနံ ရူပံ။ ။ရူပဘူတံ ရူပံ ရူပရူပံ။

ရုပ္ပနံ၊ ဘောက်ပြန်ခြင်း။ ရူပံ၊ ဘောက်ပြန်ခြင်း။ ။ရူပဘူတံ၊ ဘောက်ပြန်ခြင်းဖြစ်သော။ ရူပံ၊ ရုပ်တည်း။ ရူပရူပံ၊ ဘောက်ပြန်ခြင်း ကေန်ဖြစ်သော ရုပ်။ ။အဓိပ္ပါယ်ကား····ဘောက်ပြန်တတ်သော သဘောရှိသောကြောင့် ရူပရုပ်မည်၏။ ။ဟူလို။

**မှတ်ချက်။** ။ရူပသဒ္ဒါ၏ ဘောက်ပြန်သော သဘောမရှိသော အနိပ္ဖန္နရုပ်တို့၌လည်း အတွင်ရုဠ္ဍီ အားဖြင့် ရူပ-ဟု ဆိုသောကြောင့် ထို အနိပ္ဖန္နရုပ်ကို နစ်စေခြင်းငှါ ရူပသဒ္ဒါတခုဖြင့် အထူးပြု၍ ရူပရူပ-ဟု ဆိုအပ်ပါသတည်း။ ။သဒ္ဒါရဒုက္ခ စသည်ကို နစ်စေခြင်းငှါ

ဒုက္ခသဟဂုတ်စိတ် သုံးခု၌ရှိသော ဒုက္ခကို ဒုက္ခသဒ္ဒါ တခုဖြင့် အထူးပြု၍ ဒုက္ခဒုက္ခ-ဟု ဆိုသကဲ့သို့မှတ်။

လက္ခဏတ္တယရောပနေန သမ္မသိတဗ္ဗန္တိ သမ္မသနံ။

လက္ခဏတ္တယရောပနေန၊အနိစ္စ-စသော လက္ခဏာယာဉ်သုံးပါးသို့တင်၍။ သမ္မသိတဗ္ဗံ၊သုံးသပ်အပ်၏။ဣတိ၊ကြောင့်။သမ္မသနံ၊သမ္မသန-ရုပ်မည်၏။ ။ အဓိပ္ပါယ်ကား····၌ ၁၀-ပါးသော ရုပ်တို့သည် ပရမတ္ထသဘောအားဖြင့် ရကောင်းသဖြင့် အနိစ္စ,ဒုက္ခ,အနတ္တ-ဟူသော လက္ခဏာအားဖြင့် တင်၍ သုံးသပ်အပ်သောကြောင့် သမ္မသနရုပ် မည်၏။ ။ဟူလို။

ထိုရုပ် ၁၀-ပါးမှပ်ကြွင်းသော ဆိုလတ္တံ့သော ရုပ် ၁၀-ပါးတို့သည်ကား ယခုဆိုအပ်ခဲ့ပြီးသော သဘောလက္ခဏာ မရှိသောကြောင့် အဘာဝရုပ်, အလက္ခဏရုပ်,အနိပ္ဖန္နရုပ်,အရူပရုပ်,အသမ္မသနရုပ် မည်ကုန်၏။

ရုပ် ၂၀-ဝါး ရှိသည်တွင် ရှေးရုပ် ၁၀-ပါးတို့သာ သဘာဝစသော အမည်ကိုရ၍ ကြွင်းသောရုပ် ၁၀-ပါးတို့ကား အဘယ့်ကြောင့် သဘာဝ စသောအမည်ကို မရကြပါသနည်းဟူမူ။ ။ရှေးရုပ် ၁၀-ပါးတို့သည်သာ ပရမတ္ထ သဘောလက္ခဏာအားဖြင့် တရားကိုယ် ထင်ရှားရှိသောကြောင့် သဘာဝ,လက္ခဏ,နိပ္ဖန္နစသည် မည်ကုန်၏။ ကြွင်းကုန်သော ပရိစ္ဆေဒရုပ် စသောရုပ် ၁၀-ပါးတို့ကား ပရမတ္ထသဘော လက္ခဏာအားဖြင့် တရား ကိုယ် ထင်ရှားမရှိသောကြောင့် အသဘာဝစသည် မည်ကုန်၏။

ထိုသို့ ဖြစ်ပါက ကြွင်းသော ပရိစ္ဆေဒရုပ်, ဝိကာရရုပ်, လက္ခဏရုပ် တို့သည် ဘောက်ပြန်သော သဘောမရှိသောကြောင့် ရုပ်မမည်တန်ရာ၊ အဘယ့်ကြောင့်ရုပ်-ဟု ဆိုရပါသနည်း ဟူမူ။ ။ထိုအာကာသဓာတ်, ဝိညတ်, သန္တတိ, ဇာတိ-ဟူသော သဘောတရား တို့သည် တရားကိုယ် သီးခြားမရှိကြ၊နိပ္ဖန္နရုပ်တို့၏ နူးညံ့မှု,သိစေမှု,ဖြစ်စေမှု ဖြစ်မှု,ဆွေးဟောင်းမှု, အကြားဖြစ်မှု သဘောများသာ ဖြစ်သောကြောင့် နိပ္ဖန္နရုပ်အားလျော်စွာ ရုပ်-ဟုပင် ဆိုရလေသတည်း။

နိပ္ဖန္နရူပဿ ပရိစ္ဆေဒဝိကာရ လက္ခဏာဘာဝတော
တဂ္ဂတိကမေဝါတိ ရူပန္တွေဝ ဝုစ္စတိ။

မဟာဋီကာ။ ။(၉၃)

နိပ္ဖန္နရူပဿ၊ နိပ္ဖန္နရုပ်၏ သာလျှင်။ ဝါ၊ ကို။ ပရိစ္ဆေဒဝိကာရလက္ခဏဘာဝတော၊ ပိုင်းခြားမှု, ဘောက်ပြန်မှု, မှတ်ကြောင်း၏ အဖြစ်ကြောင့်။ တဂ္ဂတိကမေဝ၊ ထိုနိပ္ဖန္နရုပ်နှင့် အလားတူသည်သာတည်း။ ဣတိ၊ ထို့ကြောင့်။ ရူပဓမ္မေဝ၊ ရုပ်ဟူ၍ သာလျှင်။ ဝုစ္စတိ၊ ဆိုအပ်၏။

### ဆောင်ပုဒ်

၁။ ။ပရမတ် သဘော၊ မရှိသော၊ မှတ်လော-အနိပ္ဖန်။

၂။ ။သို့လင့် ကစား၊နိပ္ဖန်လားနှင်၊ ဖြစ်သည့်အင်၊မိန့်ပင်-ရုပ်ဟုသာ။

---

### ပရိစ္ဆေဒရုပ် အဖွင့်

**၁၂။ ။အာကာသဓာတု ပရိစ္ဆေဒရူပံ နာမ။**

သင်္ဂြိုဟ်ပါဌ်။

အာကာသ ဓာတ်သည် ပရိစ္ဆေဒရုပ် မည်၏။ ။ဟူလို။

ဤကား ဝိဂ္ဂဟတ္ထ။

---

န ကဿတီတိ အကာသော။

အကာသောယေဝ အာကာသော။

အာကာသောယေဝ ဓာတု အာကာသဓာတု။

န ကဿတိ၊ မရေးခြစ်အပ်။ ဣတိ၊ ကြောင့်။ အကာသော၊ အကာသ မည်၏။ ။အကာသောယေဝ၊ အာကာသ သဒ္ဒါသည်ပင်။ အာကာသော၊ အာကာသ-မည်၏။ ။အာကာသောယေဝ၊ အာကာသ သည်ပင်လျှင်။ ဓာတု၊ ဓာတ်တည်း။ အာကာသဓာတု၊ အာကာသသည်ပင်လျှင်ဓာတ်။ ။ အဓိပ္ပါယ်ကား····ရုပ်ကလာပ်မှုန့်တို့၏ ပတ်လည် ဝန်းကျင် ဟင်းလင်းလဟာဖြစ်သော အကြား,အပေါက်သဘောသည် မရေးခြစ်အပ်,ရေးခြစ်၍ မရသောကြောင့် အာကာသဓာတ်မည်၏။ ။ဟူလို။

ပရိသမန္တတော ဆိန္ဒတီတိ ပရိစ္ဆေဒေါ။

ပရိသမန္တတော၊ ထက်ဝန်းကျင်မှ။ ဆိန္ဒတိ၊ ပိုင်းဖြတ်တတ်၏။ ဣတိ၊ ကြောင့်။ ပရိစ္ဆေဒေါ၊ ပရိစ္ဆေဒ-မည်၏။

ပရိစ္ဆေဒေါ ဝေ ရူပံ ပရိစ္ဆေဒရူပံ။

ပရိစ္ဆေဒေါ ဝေ၊ထက်ဝန်းကျင်မှ ပိုင်းခြားတတ်သော သဘောသည်ပင်။ ရူပံ၊ရုပ်တည်း။ဣတိ၊ကြောင့်၊ပရိစ္ဆေဒရူပံ၊ပရိစ္ဆေဒရုပ် မည်၏။

အမိပ္ပါယ်ကား‥‥ ရုပ်ကလာပ်တို့၏ ပတ်လည်ဝန်းကျင် ဟင်းလင်း လဟာဖြစ်သော အာကာသဓာတ်သဘောသည်ပင် ကလာပ်မှုန့်ချင်း တပါး နှင့်တပါး မရောရက်ရအောင် ပိုင်းခြားတတ်သော အပိုင်းအခြားဖြစ်သော ကြောင့် ပရိစ္ဆေဒ-ရုပ်မည်၏။ ။ဟူလို။ ။အထူးအားဖြင့် ၎င်းအာကာသ ဓာတ်သည် ဂဗ္ဘသေယျက ပုဂ္ဂိုလ်တို့မှာ ပဋိသန္ဓေအခါ၌ ကာယ ဘာဝ, ဝတ္ထု-ဟု ဆိုအပ်သော ကလာပ်သုံးစည်းကို တကလာပ်နှင့် တကလာပ် မရောရှက်ရအောင် ပိုင်းခြား၏။ သံသေဒဇ,ဉပပါတ်တို့မှာ ပဋိသန္ဓေအခါ စက္ခု,သောတ,ဃာန,ဇိဝှါ,ကာယ,ဘာဝ,ဝတ္ထု-ဟု ဆိုအပ်သော ကလာပ် ၇-စည်းထို မရောရှက်ရအောင် ကလာပ်တခုတခုကိုပင် အသီးသီးပိုင်းခြား ၏-ဟု မှတ်။ ။၎င်းအာကာသဓာတ်,ပရိစ္ဆေဒရုပ်ဟူသည် အသီးအခြား တရားကိုယ် မရကောင်း။ ၎င်းကလာပ်ရုပ်တို့၏ ချုပ်ခြင်း, ဖြစ်ခြင်းမျှပင် တည်း။ ။ထိုကြောင့် အနိပ္ဖန္နရုပ်-ဟု ဆိုရ၏။ ဤအာကာသဓာတ် ပိုင်းခြား မှုကြောင့် ရုပ်ကလာပ် အမျိုးမျိုးတို့၌၎င်း အထည်ဒြပ် အမျိုးမျိုးတို့၌၎င်း ဤကား အထက်တည်း၊ ဤကား အောက်တည်း၊ဤကား နံပါးလေးဘက် တည်း၊ဤကား အရှေ့တည်း-စသည်ဖြင့် ထင်ရှားကုန်၏။

### အာကာသ၏ လက္ခဏာ,ရသ ပစ္စုပဋ္ဌာန်,ပဒဋ္ဌာန်

အာကာသ ဓာတ်သည် ၁-ကလာပ်ရင်တို့ထို မရောစပ်ရအောင် ပိုင်းဖြတ်ခြင်း လက္ခဏာရှိ၏။ ။၂-ရုပ်ကလာပ်တို့၏ အစွန်းကလနားကို ထင်ရှားစွာ ပြင်ခြင်းကိစ္စရှိ၏။ ။၃-နယ်သန့်ပိုင်းခြား အရေးအသားလျှင် ဉာဏ်အား ရှေးရှုထင်တတ်၏။ ။၄-ပိုင်းခြားအပ်သော ရုပ်လျှင် နီးသော အကြောင်းရှိ၏။

> ရူပပရိစ္ဆေဒလက္ခဏော အာကာသော။ ရူပပရိယန္တပ္ပကာသန ရသော။ ရူပမရိယာဒပစ္စုပဋ္ဌာနော။ ပရိစ္ဆိန္နအသမ္ဘုဋ္ဌဘာဝ ဆိဒ္ဒ ဝိဝရဘာဝ ပစ္စုပဋ္ဌာနော။ ရူပပဒဋ္ဌာနော။

အဋ္ဌသာလိနီ အဋ္ဌကထာ။ ။(၃၂၃)

## ဝိညတ်ရုပ် အဘွင့်

၁၃။ ။ကာယဝိညတ္တိ ဝစီဝိညတ္တိ ဝိညတ္တိရူပံ နာမ။

သဂ္ဂိုဟ်ပါဌ်။

ကာယဝိညတ်နှင့် ဝစီဝိညတ် ၂-ပါးသည် ဝိညတ်ရုပ် မည်၏။ ။ ဟူလို။

ဤကား ပိဏ္ဍတ္ထ။

---

## အဝယဝတ္ထ အဓိပ္ပါယ်

ပရံ ဝိညာပေတိ, သယဥ္စ ဝိညာယတီတိ ဝိညတ္တိ။

ပရံ၊သူတပါးကို။ ဝိညာပေတိ၊ သိစေတတ်၏။ သယဥ္စ၊ မိမိကိုလည်း။ ဝိညာယတိ၊သိအပ်၏။ ဣတိ၊ဤသို့ သိစေတတ်,သိအပ်သော သတ္တိကြောင့်။ ဝိညတ္တိ၊ဝိညတ်မည်၏။ ။သူတပါးကိုလည်း သိစေတတ်,မိမိကိုလည်း သိအပ်သောကြောင့် ဝိညတ်မည်။ ။ဟူလို။

စလမာနကာယေန ဝိညတ္တိ ကာယဝိညတ္တိ။

စလမာနကာယေန၊လှုပ်ရှားသော ကိုယ်ဖြင့်။ဝိညတ္တိ၊ သူတပါးကိုလည်း သိစေတတ်, မိမိကိုလည်း သိအပ်သော သဘောသည်။ ကာယဝိညတ္တိ၊ ကာယဝိညတ်မည်၏။

ခြေလှုပ်ခြင်း,လက်လှုပ်ခြင်း စသည်၏ အကြောင်းဖြစ်သော ကိုယ်အမူအရာအထူးသည် တစုံတရာသော အဓိပ္ပါယ်ကို သူတပါးတို့အား သိစေတတ်သောကြောင့် ကာယဝိညတ်မည်၏။ ။တနည်း····ငင်းကိုယ်အမူအရာ အထူးသည် သူတပါး၏ မနောဝိညာဏ်ဖြင့် သိအပ်သောကြောင့် ကာယဝိညတ်မည်၏။ ။ဟူလို။

## ကာယဝိညတ်ဖြစ်ပုံ အဓိပ္ပါယ်

သတ္တမေန တု စိတ္တေန၊ဝါယောဓာတု သမုဋ္ဌိတာ။
စာလေတိ သဟဇံ ရူပံ၊ဝိညတ္တိသဟိတာတ္တနာ။ ။

အဘိဓမ္မာဝတာရပါဌ်အရ-ရှေးသို့တက်လိုသောသူအားငင်း,နောက်သို့ ဆုတ်လိုသော သူအားငင်း၊ သွားလို, ဆုတ်လိုသော စိတ်ဖြစ်လာလတ်သည်ရှိသော် ငင်းစိတ်သည် စိတ္တဇအဋ္ဌကလာပ်ကို ဖြစ်စေ၏။ ထိုကလာပ်ရုပ်တို့၏ အတွင်း၌စိတ်လျှင် ဖြစ်ကြောင်းရှိသော အကြင် ဝါယော

ဓာတ်သည်ရှိ၏။ ထိုစိတ္တဇဝါယောဓာတ်သည် မိမိနှင့်တကွဖြစ်သော ရူပကာယကို ခိုင်ခံ့စေ၏၊ ကောင်းစွာဆောင်၏၊ လှုပ်ရှားစေ၏၊ ရှေးသို့ တက်စေ၏၊ နောက်သို့ဆုတ်စေ၏၊ ဤသို့ ဖြစ်ရာ၌ တခုသော အာဝဇ္ဇန်းရှိသော မနောဒွါရဝီထိဝယ် ဇော၇-ချက် တို့တွင် ပဌမဇောကြောင့် ဖြစ်သော ဝါယောဓာတ်သည် မိမိနှင့်တကွဖြစ်သော ရူပကာယကို ခိုင်စေခြင်းငှါ ကောင်းစွာ ဆောင်ခြင်းငှါ စွမ်းနိုင်၏။ထိုမှ, ဤမှ လှုပ်ရှားစေခြင်းငှါကား မတတ်နိုင်ပေ။ ဒုတိယဇော စသည်တို့၌ ဖြစ်သော ဝါယောဓာတ်သည် လည်း ပဌမဇော ဝါယောဓာတ်ကဲ့သို့ပင်တည်း။ သတ္တမဇော၌ ဖြစ်သော ဝါယောဓာတ်သည်ကား ရှေး၌ဖြစ်ပြီးသော ဝါယောဓာတ်တို့၏အထောက် အပံ့ကိုရ၍ မိမိနှင့်တကွဖြစ်သော ရူပကာယကို ထောက်လည်း ထောက်ပံ့ နိုင်၏၊ ခိုင်လည်း ခိုင်ခံ့စေနိုင်၏၊ လှုပ်ရှားစေနိုင်၏၊ ရွေ့ရှားစေနိုင်၏၊ ရှေ့သို့ တက်စေနိုင်၏၊နောက်သို့ ဆုတ်စေနိုင်၏၊သွားခြင်း လာခြင်းကိုဖြစ်စေနိုင်၏။

ဥပမာအားဖြင့် ဆိုသော် ခုနစ်စုံသော ထမ်းပိုးတို့ဖြင့် ရန်းအပ်သော လှည်း၌ ပဌမထမ်းပိုး၌ က,သော နွားတို့သည် ထမ်းပိုးကို တည်တံ့ခြင်းငှါ စွမ်းနိုင်ကုန်၏၊ လှည်းဘီးကိုမူကား မလိမ့်မလည်စေနိုင်ကုန်၊ ဒုတိယ ထမ်းပိုးစသည်တို့၌လည်း တည်တံ့ခြင်းငှါသာ စွမ်းနိုင်ကုန်၏။ လှည်းဘီးကို မူကား မလိမ့်မလည်စေနိုင်ကုန်၊သတ္တမထမ်းပိုး၌ က,ယှဉ်အပ်သော နွား တို့ကို လိမ္မာသော ရထားထိန်းသည် လှည်းဦး၌နေ၍ ကန်ကြိုးကိုကိုင်၍ အလုံးစုံသော နွားတို့၏ ရှေးဦးမှစ၍ နှင်တံဖြင့် နွားတို့ကို ရိုက်နှက်မောင်းနှင် သောအခါ အလုံးစုံသော နွားတို့သည် တူသော အားရှိကုန်သည်ဖြစ်၍ လှည်းဦးကိုလည်း ကောင်းစွာဆောင်ကုန်၏၊ လှည်းဘီးစက်တို့ကိုလည်း လိမ့်လည်စေနိုင်ကုန်၏၊ လှည်းကိုယူ၍ တယူဇနာစသော အရပ်သို့လည်း ရောက်စေကုန်ဘိသကဲ့သို့တည်း။

> စိတ္တသမုဋ္ဌာပနာယ ပန ဝါယော ဓာတုယာ သဟဇာတံ ရူပကာယံ သန္ထမ္ဘေတုံ သန္ဓာရေတုံ စာလေတုံ ပစ္စယော ဘဝိတုံ သမတ္ထော ဧကော အာကာရဝိကာရော အတ္ထိ၊ အယံ ဝိညတ္တိနာမ။
> အဋ္ဌသာလိနီ ဒွါရကထာ။ ။(၁၁၁)

**ဆောင်ပုဒ်**

သတ္တမဇော၊ ယင်းဝါယော၊ ဖြစ်သော-ဝိညတ်ရုပ်။

## သိပုံ အခြင်းအရာ

ဝိညတ္တိအရ သိစေခြင်းအနက်,သိအပ်သောအနက် ၂-ပါးတို့တွင် သိစေခြင်းအနက်၊ ဝါ-သိကြောင်း အနက်အရ သိပုံကား- ထိုကာယဝိညတ်ကို စက္ခုဝိညာဏ်ဖြင့် မသိအပ်၊ မနောဝိညာဏ်ဖြင့်သာ သိအပ်၏။ ။ဥပမာ ဆိုသော်····တောကြီးအလယ် ရေရှိရာအရပ်ကို သိစိမ့်သောငှါ ဘွဲ့ချည်၍ ထားသော ထန်းရွက်စသည်ကို မြင်လျှင် ဤအရပ်၌ ရေရှိ၏-ဟု မနောဝိညာဏ်ဖြင့်ကြံ၍ သိသကဲ့သို့ရင်း၊သေတင်းကုတ်တံခါး၌ သေရှိရာအရပ်ကို သိစေခြင်းငှါ စိုက်ထောင်ထားသော တံခွန်ကို မြင်သဖြင့် သေရှိရာ အရပ်ကို မနောဝိညာဏ်ဖြင့် ကြံ၍သိသကဲ့သို့ရင်း၊ သစ်ခက်လှုပ်သည်ကို မြင်သဖြင့် လေလာသည်၏ အဖြစ်ကို မနောဝိညာဏ်ဖြင့်ကြံ၍ သိသကဲ့သို့ရင်း၊ ရေပွက်ကို မြင်သဖြင့် ရေ၏အတွင်း၌ ငါးရှိသည်၏ အဖြစ်ကို မနောဝိညာဏ်ဖြင့် ကြံ၍သိသကဲ့သို့ရင်း၊မြက်, သစ်ရွက်, ဖော့ဖက်စု၍ တင်နေသည်ကို မြင်သဖြင့် ရေကြီးစွာ လာသောအခါ ဤအရပ်သို့ ရေရောက်၏ဟု မနောဝိညာဏ်ဖြင့် ကြံ၍သိသကဲ့သို့ရင်း၊ ကာယဝိညတ်ကို မနောဝိညာဏ်ဖြင့်သာ သိအပ်၏၊ဤသို့ ထန်းရွက်, တံခွန်-စသည်တို့သည် သေစသည်ကို သိရခြင်း၏ အကြောင်း ဖြစ်သကဲ့သို့ ကွသောခြေ, ဆန့်သောလက်စသည်တို့၌ တည်သောအခြင်းအရာ ထူးသည့်သည်း ဤသူသည် သွား၏၊ ဤသူသည် ငါ့ကိုခေါ်၏-ဟူသော မနောဝိညာဏ်ဖြင့် သိမှု၏ အကြောင်း ဖြစ်သောကြောင့် ဝိညတ်-မည်၏။ ။ဟူလို။ ။ဤကား···· ဘောတုသာဓန၊ ဝါ-ကရဏသာဓနဖြစ်သော ဝိညာပနအရ သိစေပုံ-အခြင်းအရာတည်း။

ကမ္မဇရုပ်အရ သိအပ်သောကြောင့် ဝိညတ်မည်ရာဝယ် သိအပ်ပုံ အခြင်းအရာကား။ ။ထိုထိုသောအရပ်၌ စုဝေး၍ နေကုန်သော ခွေး, မြေခွေး,ကျီး, နွား-အစရှိကုန်သော သတ္တဝါတို့သည် လှံတံ,ခဲ-ကို ကိုင်၍ ပစ်ခတ်သော အခြင်းအရာကို မြင်သည့်ရှိသော် ငါတို့အား ဤသူသည် ပုတ်ခတ်လတ္တံ့-ဟု မနောဝိညာဏ်ဖြင့် သိ၍ တကွဲတပြား ပြေးလွှား ကြကုန်၏။ဤ၌ပစ်ခတ်သော သူတပါး၏လက်၌ တည်သော အမူအရာ အထူးသည် ကြည့်ရှုသူ၏ မနောဝိညာဏ်ဖြင့် သိအပ်သော ကြောင့်လည်း ဝိညတ် မည်၏။ ဤသို့ သဒ္ဒါဂနသာဓန ၂-ပါး၏ အနက်အရ အဓိပ္ပါယ်ထ္ထကို သိရှိလေ။

န ကေဝလဋ္ဌေသာ ဝိညာပနတော ဝိညတ္တိနာမ။ ဝိညေယျတော ဝိ ပန ဝိညတ္တိယေဝနာမ။ အယဉှိ ပရေသံ အန္တမသော တိရစ္ဆာန ဂတာနမ္ပိ ပါကဋ္ဌာ ဟောတိ။ ။အဋ္ဌသာလိနီ အဋ္ဌကထာ။ ။(၁၁၂)

## ကာယဝိညတ်၏ လက္ခဏာ,ရသ,ပစ္စုပဋ္ဌာန်,ပဒဋ္ဌာန်

ကာယဝိညတ်သည် ၁-ကိုယ်ဖြင့် သိစေတတ်သော လက္ခဏာရှိ၏။ ။ ၂-အလိုဆန္ဒကို ဘော်ပြခြင်း ကိစ္စရှိ၏။ ။၃-ကိုယ်၏ တုန်လှုပ်ခြင်း၏ အကြောင်း၏အဖြစ်လျှင် ညဏ်အား ရှေးရှုထင်တတ်၏။ ။၄-စိတ်ကြောင့် ဖြစ်သော ဝါယောဓာတ်လျှင် နီးသော အကြောင်းရှိ၏။

အဓိပ္ပါယပ္ပကာသနရသာ၊ ကာယဝိပ္ဖန္ဒနဟေတုဘာဝ ပစ္စုပဋ္ဌာနာ။ စိတ္တသာမုဋ္ဌာနဝါယောဓာတုပဒဋ္ဌာနာ။

ဝိသုဒ္ဓိမဂ် အဋ္ဌကထာ။ ။(၃၉၇)

---

## ဝစီဝိညတ် အဘွင့်

သဝိညာဏကသဒ္ဒသမ္ဘိတာယ
ဝါစာယ ဝိညတ္တိ ဝစီဝိညတ္တိ။

သဝိညာဏကသဒ္ဒသမ္ဘိတာယ၊အသက်ရှိသော သတ္တဝါ၏ အသံ-ဟု ဆိုအပ်သော။ ဝါစာယ၊စကားဖြင့်။ဝိညတ္တိ၊သူတပါးကိုလည်း သိစေတတ်, မိမိလည်း သိအပ်သော သဘောသည်။ ဝစီဝိညတ္တိ၊ဝစီဝိညတ်မည်၏။

အသက်ရှိသော သတ္တဝါတို့၏ ရွက်ဆိုအပ်သော စကားအမူ အရာသည် တစုံတရာသော အလိုဆန္ဒကို သူတပါးကို သိစေတတ်သော သဘော ဖြစ်သောကြောင့် ဝိညတ်မည်၏။

တနည်း····၎င်းစကားအမူအရာသည် သူတပါးသို့၏ မနောဝိညာဏ် ဖြင့် သိအပ်သော သဘော ဖြစ်သောကြောင့်လည်း ဝိညတ်မည်၏။ ။ ဟူလို။

## အသံဖြစ်ပေါ်လာပုံ အဓိပ္ပါယ်

တစုံတခုသော စကားကို ရွတ်ဆိုတော့အံ့-ဟု ကြောင့်ကြစိုက်သော ပုဂ္ဂိုလ်၏ လည်းချောင်းဌာန ကဏ္ဌဌာန်စသည်တို့၌ တည်ရှိသော ကမ္မဇ ပထဝီတို့နှင့် ရွက်ဆိုအံ့-ဟု စိမ်သောစိတ်ကြောင့် အသစ် ဖြစ်ပေါ်လာ

ကုန်သော ကဏ္ဍဥာန် စသည်၌ တည်ရှိကုန်သော စိတ္တဇပထဝီ တို့သည် အချင်းချင်း ထိခိုက်ကြကုန်၏။ထိုသို့ ကမ္မဇပထဝီဓာတ်နှင့် စိတ္တဇပထဝီဓာတ်တို့၏ ထိခိုက်မှုကိုအရင်းခံသဖြင့် ဥာန်,ကရိုဏ်းတို့၏ ပေါင်းစည်း တော်စပ်မှုကြောင့် စကားသံ-ဟု ဆိုအပ်သော စိတ္တဇသဒ္ဒသည် ဖြစ်ပေါ်လာ၏။

ဤသို့ ဖြစ်ပေါ်လာသော စိတ္တဇပထဝီဓာတ်နှင့် ကမ္မဇပထဝီဓာတ်တို့၏ ထိခိုက်ခြင်း၏ အကြောင်းဖြစ်သော အခြင်းအရာ အမူအရာထူးသည် ဝစီဝိညတ်မည်၏။ ။၎င်းဝစီဝိညတ်ကို သောတဝိညာဏ်ဖြင့် မသိအပ်၊မနောဝိညာဏ်ဖြင့်သာ သိအပ်၏။

## ရှင်းလင်းချက်

တစုံတယောက်သော သူသည် သစ်ပင်ကို ခုတ်နေရာ၌ ထိုသူ၏ လက်လှုပ်ခြင်းကို အခြားသူ တယောက်က မြင်ပါက ဤသူကား သစ်ပင်ကို ခုလ်သောသူတည်း-ဟု သိ၏။ထိုအခြားသောသူ၏ သစ်ပင်ကို ခုတ်နေသူ-ဟု သိမှုသည် အဘယ့်ကြောင့် သိရပါသနည်း။လက်ပင် သိခြင်း၏အကြောင်း ဖြစ်ပါသလော၊သို့မဟုတ် ထားပင် သိခြင်း၏အကြောင်း ဖြစ်ပါသလော-ဟု စိစစ်သော် လက်သည် သိခြင်း၏ အကြောင်းမဟုတ်၊ ထားသည်လည်း သိခြင်း၏ အကြောင့်မဟုတ်၊ လက်ပေါ်၌တည်သော အခြင်းအရာအမူအရာ အထူးသည်သာ သိရခြင်း အကြောင်းဖြစ်၏။ ထိုကြောင့် ၎င်းအခြင်းအရာ အမူအရာထူး သည်သာ ဝိညတ်မည်၏။ ၎င်းဝိညတ်သည် ကိုယ်အင်္ဂါ၌ တည်သော ဝိညတ်ဖြစ်၍ ဝါ၊ကိုယ်ဖြင့် သိအပ်သော ဝိညတ်ဖြစ်၍ ကာယဝိညတ်-ဟု ဆိုရ၏။၎င်းကိုယ်၌တည်သော အခြင်းအရာ,အမူအရာအထူးသည်လည်း ဤသို့ပြုလျှင် ခုတ်သည်, ဤသို့ပြုလျှင် သွားသည်—ဟူသော လောက၌ အမှတ်သင်္ကေတ ရှိနှင့်ပြီး ဖြစ်မှုကြောင့်သာ သိရ၏ ဟု မှတ်။

ဝစီဝိညတ် အရာ၌လည်း နှုတ်မြွက်၍ မောင်ဘိုး, မောင်မြ,စသည်ဖြင့် ခေါ်လိုက်ရာ ၎င်းအသိကို သောတဝိညာဏ်ဖြင့် ကြား၍ ဤသူသည် ငါ့ကို ခေါ်၏ ဟု ခေါ်အပ်သောသူက သိလေ၏။ဤသို့သိရာ ခေါ်သောအသံပင် ဝိညတ်မည်သလော၊လူပင် ဝိညတ်မည်သလော ဟု စိစစ်သော်-အသံသည်လည်း ဝိညတ်မဟုတ်၊ လူသည်လည်း ဝိညတ်မဟုတ်၊ ၎င်းအသံသဒ္ဒရုပ်၌ ပါရှိသော စောပနဝါစာ-ဟု ဆိုအပ်သော အခြင်းအရာ အမူအရာထူးသည် ဝိညတ်မည်၏။ ၎င်းဝိညတ်သည် အသံဓာတ် နှင့်တကွ ဖြစ်သောကြောင့်

ဝစီဝိညတ်မည်၏။ ။ထိုသော် ဤအသံသည် ဤအဓိပ္ပါယ်ဖြစ်၏-စသော လောကသင်္ကေတ ပညတ်ကို ထောက်ဆ အမှီရမှသာ သိနိုင်၏-ဟု မှတ်။ ။ ထို့ဖြစ်၍ ၎င်း ဝစီဝိညတ်ကို သောတဝိညာဏ်ဖြင့် မသိအပ်၊ မနောဝိညာဏ် အားဖြင့်သာ သိအပ်၏။

၎င်းရုပ် ၂-ပါးသည် တရားကိုယ်အထူးမရှိ၊ ဝါယောဓာတ်၏ ဖြစ်ခြင်း, ချုပ်ခြင်းကိုပင် ကာယဝိညတ်ဖြစ်သည်, ချုပ်သည်-ဟု ဆိုရ၏။ ။ပထဝီ ဓာတ်၏ ဖြစ်ခြင်း ချုပ်ခြင်းကိုပင် ဝစီဝိညတ် ဖြစ်သည်, ချုပ်သည်-ဟု ဆိုရ၏။ ထို့ဖြစ်၍ ၎င်းရုပ် ၂-ပါးကို အနိပ္ဖန္နရုပ်-ဟု ဆိုရလေသတည်း။

> အယံ န ဝိညတ္တိ၊တဿာ ပန စိတ္တသမုဋ္ဌာနာယ ပထဝီဓာတုယာ ဥပါဒိန္နကဃဋ္ဋနဿ ပစ္စယဘူတော ဧကော အာကာရဝိကာရော အတ္ထိ။အယံ ဝစီဝိညတ္တိနာမ။ ။အဋ္ဌသာလိနီ ဒွါရကထာ။ ။(၁၁၅)

---

## ဝစီဝိညတ်၏ လက္ခဏာ,ရသ,ပစ္စုပဋ္ဌာန်,ပဒဋ္ဌာန်

ဝစီဝိညတ်သည်၊ ၁-နှုတ်ဖြင့် သိစေတတ်သော လက္ခဏာ ရှိ၏။ ။ ၂-အလိုဆန္ဒကို ဘော်ပြခြင်း ကိစ္စရှိ၏။ ။၃-စကားသံ၏ အကြောင်း၏ အဖြစ်လျှင် ဉာဏ်အား ရှေးရှုထင်တတ်၏။ ။၄-စိတ်ကြောင့် ဖြစ်သော ပထဝီဓာတ်လျှင် နီးသော အကြောင်းရှိ၏။

> အဓိပ္ပါယပကာသန ရသာ၊ ဝစီဃောသဟေတုဘာဝပစ္စုပဋ္ဌာနာ၊ စိတ္တသမုဋ္ဌာနပထဝီဓာတုပဒဋ္ဌာနာ။
> ဝိသုဒ္ဓိမဂ် အဋ္ဌကထာ။ ။(၃၉၇)

---

## ဝိကာရရုပ် အဘွင့်

> ၁၄။ ။ရူပဿ လဟုတာ,မုဒုတာ,ကမ္မညတာ,
> ဝိညတ္တိဒွယံ ဝိကာရရူပံနာမ။
> သင်္ဂြိုဟ်ပါဌ်။

၁-ရုပလဟုတာ၊ ၂-ရူပမုဒုတာ၊ ၃-ရူပကမ္မညတာ၊ ၄-ကာယဝိညတ်၊ ၅-ဝစီဝိညတ်၊ဤရုပ်ငါးပါးသည် ဝိကာရရုပ် မည်၏။ ။ဟူလို။

ဤကား ဝိဏ္ဏုဏ္ဏ။

---

## ရူပလဟုတာ အဘွင့်

၁။ ။လဟုနော ဘာဝေါ လဟုတာ။

လဟုနော၊ ပေါ့သည်၏။ ဘာဝေါ၊ ဖြစ်ကြောင်းတည်း။ လဟုတာ၊ ပေါ့သည်၏ ဖြစ်ကြောင်း။

ရူပဿ လဟုတာ ရူပဿလဟုတာ။

ရူပဿ၊ရုပ်၏။ လဟုတာ၊ ပေါ့သည်၏ ဖြစ်ကြောင်းတည်း။ ရူပဿ လဟုတာ၊ရုပ်၏ပေါ့သည်၏ ဖြစ်ကြောင်း။ ။(အလုတ္တ သမာသ်)။

အဓိပ္ပါယ်ကား····နိပ္ဖန္နရုပ်တို့၏ ပေါ့သော အဖြစ်သည် ရူပလဟုတာ မည်၏။ ။ဟူလို။

---

## ရူပလဟုတာ၏ လက္ခဏာ,ရသ,ပစ္စုပဋ္ဌာန်,ပဒဋ္ဌာန်

ရူပလဟုတာသည် ၁-မနှံ့နှေးခြင်း လက္ခဏာ ရှိ၏။ ။၂-ရုပ်တို့၏ လေးလံသည်၏ အဖြစ်ကို ပယ်ဖျောက်ခြင်း ကိစ္စရှိ၏။ ။၃-လျင်လျင် မြန်မြန် ပြန်လှန် ပြောင်းလဲနိုင်ခြင်းလျှင် ဉာဏ်အား ရှေးရှုထင်တတ်၏။ ။၄-ပေါ့ပါးသော တိဇရုပ်လျှင် နီးသော အကြောင်းရှိ၏။

> အဒန္ဓတာလက္ခဏာ ရူပဿ လဟုတာ။ရူပါနံ ဂရုဘာဝဝိနောဒန ရသာ၊လဟုပရိဝတ္တိတပစ္စုပဋ္ဌာနာ၊လဟုရူပပဒဋ္ဌာနာ။
>
> အဋ္ဌသာလိနီ အဋ္ဌကထာ။ ။(၃၂၃)

---

## ရူပမုဒုတာ အဘွင့်

မုဒုနော ဘာဝေါ မုဒုတာ။

မုဒုနော၊ နူးညံ့သည်၏။ ဘာဝေါ၊ဖြစ်ကြောင်းသည်။ မုဒုတာ၊ မုဒုတာ-မည်၏။

ရူပဿ မုဒုတာ ရူပဿမုဒုတာ။

ရူပဿ၊ရုပ်၏။ မုဒုတာ၊နူးညံ့သည်၏ ဖြစ်ကြောင်းသည်။ရူပဿမုဒုတာ-ရူပဿမုဒုတာ-မည်၏။

အဓိပ္ပါယ်ကား····နိပ္ဖန္နရုပ်တို့၏ နူးနူးညံ့ညံ့ ဖြစ်သော အမူအရာသည် ရူပမုဒုတာမည်၏။ ။ဟူလို။

---

## ရူပမုဒုတာ၏ လက္ခဏာ,ရသ,ပစ္စုပဋ္ဌာန်,ပဒဋ္ဌာန်

ရူပမုဒုတာသည် ၁-မခက်မာခြင်း, နူးညံ့ခြင်း လက္ခဏာ ရှိ၏။ ၂-ရုပ်တို့၏ ခက်မာ တောင့်တင်းမှုကို ပယ်ဖျောက်ခြင်း ကိစ္စရှိ၏။ ။ ၃-အရာခပ်သိမ်းတို့၌ မဆန့်ကျင်ခြင်းလျှင် ဉာဏ်အား ရှေးရှုထင်တတ်၏။ ၄-နူးညံ့သော တိဇရုပ်လျှင် နီးသော အကြောင်းရှိ၏။

အထဒ္ဓတာလက္ခဏ္ဍာ ရူပဿမုဒုတာ၊ ရူပါနံ ထဒ္ဓဘာဝဝိနောဒန ရသာ၊သဗ္ဗကြိယာသု အဝိရောဓိတပစ္စုပဋ္ဌာနာ၊မုဒုရူပပဒဋ္ဌာနာ။

အဋ္ဌသာလိနီ အဋ္ဌကထာ။ ။(၃၂၃)

---

## ရူပကမ္မညတာ အဘွင့်

ကမ္မနိ သာဓု-ကမ္မညံ။

ကမ္မနိ၊အမှုအမျိုးမျိုး၌။သာဓု၊ ကောင်းသော သဘောသည်။ ကမ္မညံ၊ ကမ္မည-မည်၏။

ကမ္မညဿ ဘာဝေါ ကမ္မညတာ။

ကမ္မညဿ၊ အမှုအမျိုးမျိုး၌ ကောင်းသည်၏။ဘာဝေါ၊ ဖြစ်ကြောင်းသည်။ကမ္မညတာ၊ကမ္မညတာ-မည်၏။

ရူပဿ ကမ္မညတာ ရူပဿကမ္မညတာ။

ရူပဿ၊ ရုပ်၏။ ကမ္မညတာ၊ အမှုအမျိုးမျိုး၌ ကောင်းသည်၏ ဖြစ်ကြောင်းသည်။ရူပဿ ကမ္မညတာ၊ရူပဿ ကမ္မညတာ-မည်၏။

အဓိပ္ပါယ်ကား....အမှုအမျိုးမျိုး၌ ကောင်းသော,လျော်သော,ခံ့သည်၏ ဖြစ်ကြောင်း သဘောသည် ရူပကမ္မညတာ မည်၏။ ။ဟူလို။

---

## ရူပကမ္မညတာ၏ လက္ခဏာ,ရသ,ပစ္စုပဋ္ဌာန်,ပဒဋ္ဌာန်

ရူပကမ္မညတာသည် ၁-ကိုယ်၏ အမှုအမျိုးမျိုး၌ လျော်ခြင်း, ခံ့ခြင်း လက္ခဏာရှိ၏။ ။၂-အမှုအမျိုးမျိုး၌ မခံ့ခြင်း, မကောင်းခြင်းကို ပယ်ဖျောက်ခြင်း ကိစ္စရှိ၏။ ။၃-အားမနည်းခြင်းလျှင် ဉာဏ်အား ရှေးရှုထင်

တတ်၏။ ။၄–အမှုအမျိုးမျိုး၌ ခံ့သော တိဇရုပ်လျှင် နီးသော အကြောင်း ရှိ၏။

သရီရ ကြိယာနုကူလ ကမ္မညဘာဝလက္ခဏာ ရူပဿ ကမ္မညတာ။ အကမ္မညတာဝိနောဒနရသာ၊ အဒုဗ္ဗလဘာဝပစ္စုပဋ္ဌာနာ၊ ကမ္မည ရူပပဒဋ္ဌာနာ။ ။အဋ္ဌသာလိနီ အဋ္ဌကထာ။ ။(၃၂၃)

---

## ရူပဿ အရ အဓိပ္ပါယ်

ဤရုပ်သုံးပါးတို့ကို အခြားရုပ်များကဲ့သို့ မဆိုပါဘဲ အဘယ့်ကြောင့် ရူပဿ-ဟူသော ဝိသေသကို ဆိုအပ်ပါသနည်း ဟူမူ။ ။ဤလဟုတာ-စသည်သည် စိတ္တလဟုတာ, စိတ္တမုဒုတာ, စိတ္တကမ္မညတာ စေတသိက်များလည်း ရှိသဖြင့် ၎င်း စိတ္တလဟုတာ-စသည်ကို နစ်စေခြင်းငှါ ရူပဿ-ဟူသော ဝိသေသနကို ဆိုအပ်ပါသတည်း။

၎င်း ရူပဿ-၏ အရကိုလည်း ရုပ် ၂၈–ပါးကိုပင် ယူအပ်ပါမည်လော ဟူမူ။ ။အဋ္ဌပ္ပကာရဏာ အားလျော်စွာ နိပ္ဖန္နရုပ်ကိုသာ ယူအပ်၏။ နိပ္ဖန္နရုပ်သည်လည်း ကမ္မဇရုပ်, စိတ္တဇရုပ်, ဥတုဇရုပ်, အာဟာရဇရုပ် ၄–မျိုးရှိရာ ၄–မျိုးလုံးကိုပင် ယူရပါမည်လော ဟူမူ။ ။ကမ္မဇရုပ်မှတပါး ကြွင်းသော တိဇရုပ်-ဟု ဆိုအပ်သော စိတ္တဇရုပ်, ဥတုဇရုပ်,အာဟာရဇရုပ် ၃-ပါးကိုသာ ယူအပ်၏။ သို့ဖြစ်၍ ရူပဿ-၏ အရ နိပ္ဖန္နဖြစ်သောတိဇရုပ် ကိုသာ ယူ။ ။ဟူလို။

ဤသို့ဖြစ်ပါက ကမ္မဇရုပ်ကို အဘယ့်ကြောင့် မကောက်ရပါသနည်း၊ ကမ္မဇရုပ်တို့၌ အဘယ့်ကြောင့် ပေါ့သည်အဖြစ် စသော လဟုတာ, မုဒုတာ,ကမ္မညတာ၄-ပါးမဖြစ်နိုင်ပါသနည်းဟူမူ။ ။၎င်းပေါ့ပါးမှုလဟုတာ စသော သဘောတရားတို့သည် ပစ္စုပ္ပန် အကြောင်း တရားကြောင့်သာ ဖြစ်နိုင်ကုန်၏။ အတိတ်အကြောင်းကြောင့် မဖြစ်နိုင်ကြ၍ ကံတည်းဟူသော အတိတ်အကြောင်းရှိသော ကမ္မဇရုပ်၌ မဖြစ်ကုန် ဟု မှတ်။

အကယ်၍ ကံကြောင့်ဖြစ်သည် ဖြစ်အံ့၊၎င်းလဟုတာ-စသည်တို့သည် ကမ္မဇရုပ်တို့ကဲ့သို့ အမြဲမပြတ် ဖြစ်ခဲ့ကုန်ရာ၏။ ဖြစ်ကားမဖြစ်၊ သို့ဖြစ်၍ အတိတ်အကြောင်းကို မငဲ့၊အတိတ်ဖြစ်သော ကံကြောင့်မဖြစ် ဟူလို။

ပစ္စုပ္ပန္နပစ္စယာပေက္ခတ္တာ၊ အညထာ သဗ္ဗဒါဘာဝီဟိ လဟုတာ ဒီဟိ ဘဝိတဗ္ဗံ သိယာတိ။

မဟာဋီကာ။ ။(၇၇)

**ဆောင်ပုဒ်**

က။ ။ရူပအရ၊ နိပ္ဖန္န၊ တိဇရုပ်-ယူလို။

ခ။ ။ပစ္စုပ် ကြောင်းသာ၊ ဖြစ်ရင်းပါ၊ ပယ်ရာ-ကံကြောင်းကို။

---

## ရုပ်သုံးပါးတို့၏ အထူး

ဤလဟုတာ-စသော ရုပ်သုံးပါးတို့သည် မကွဲမပြား တသားတည်းသာ ဖြစ်ကုန်၏။ ထိုသို့ပင် တသားတည်း ဖြစ်ကုန်သော်လည်း ဆန့်ကျင်ဘက် အကြောင်း, သင့်တင့်လျောက်ပတ်သော အကြောင်းတို့၏ အစွမ်းဖြင့် မရောမနှောမူ၍ ကွဲပြားကြကုန်၏။ ။အနာကင်းသောသူ၏ ကိုက်လက် ပေါ့ပါးသည်၏ အဖြစ်ကဲ့သို့ ရုပ်တို့၏ ပေါ့ပါးသည်၏ အဖြစ်, ပေါ့ပါး, လျင်မြန်ခြင်း, ပြောင်းရွေ့, ပြန်လှန်ခြင်း၏ အထူးရှိသော ရုပ်တို့၏ လေးလံသည့်အဖြစ်ကို ပြုတတ်သော ဓာတ်ချောက်ချားခြင်း၏ ဆန့်ကျင်ဘက်ဖြစ်သော အကြောင်းတို့ကြောင့် ဖြစ်သော ရုပ်၏ ဘောက်ပြန်ခြင်းသည် ရူပဿလဟုတာမည်၏။ ကောင်းစွာ နယ်အပ်သော သားရေ၏ နူးညံ့ဘိသကဲ့သို့ ရုပ်တို့၏ နူးညံ့သည်၏အဖြစ် ဟု ဆိုအပ်သော အလုံးစုံသော ကိုယ်ဖြင့် ပြုအပ်သော ကိစ္စအထူးတို့၌ အလိုသို့လိုက်သည်၏ အဖြစ်, နူးညံ့သည်၏ အဖြစ်-ဟူသော အထူးထူး အပြားပြားရှိသော ရုပ်၏ ကြမ်းထန်းခက်ထန်သည်၏ အဖြစ်ကို ပြုတတ်သော ဓာတ်ချောက်ချား ခြင်း၏ ဆန့်ကျင်ဘက် ဖြစ်သော အကြောင်းကြောင့် ဖြစ်သော ရုပ်၏ ဘောက်ပြန်ခြင်းသည် ရူပဿမုဒုတာ မည်၏။

ကောင်းစွာ ဦးပြီးသော ရွှေစင်၏ တန်းဆာကြီး,ငယ် ပြုအံ့သော၄ါ ကောင်းသည်,လျော်သည်၏ အဖြစ်ကဲ့သို့ ရုပ်တို့၏အမှု၌ ကောင်းသည်, လျော်သည်၏ အဖြစ်-ဟု ဆိုအပ်သော ကိုယ်ဖြင့် ပြုအပ်သော အမှုတို့၌ လျော်သည်အဖြစ်-ဟူသော အထူးအပြားရှိသော ကိုယ်ဖြင့် ပြုအပ်သော အမှုကိစ္စတို့အား မလျော်သည်၏ အဖြစ်ကို ပြုတတ်သော ဓာတ်ချောက်

ချားခြင်း၏ ဆန့်ကျင်ဘက် အကြောင်းတို့ကြောင့်ဖြစ်သော ရုပ်၏ ဘောက်ပြန်ခြင်းသည် ရူပဿကမ္မညတာ မည်၏။

ယော အရောဂိနော ဝိယ ရူပါနံ လဟုဘာဝေါ အဒန္ဓတာ။ပ။ သော ရူပဝိကာရော ရူပဿ ကမ္မညတာတိ၊ဝေမေတာသံ ဝိသေသော ဝေဒိတဗ္ဗော။

အဋ္ဌသာလိနီ အဌကထာ။ ။(၃၂၄)

---

## ပစ္စုပ္ပန်ဖြစ်သော အာဟာရ,ဥတု,စိတ်တို့၏ အကြောင်းဖြစ်ပုံ

မိမိတို့၏ ရူပကာယ ခန္ဓာကိုယ်နှင့် ဆန့်ကျင်ဘက်ဖြစ်သော မသင့်သော အာဟာရကိုဇင်း, ဥတုကိုဇင်း, စိတ်အမူအရာကိုဇင်း, မှီဝဲကုန်သော ပုဂ္ဂိုလ်တို့၏ ကိုယ်၌ တည်ရှိကြကုန်သော ရုပ်ဓာတ်တို့သည် တရံတခါ တကိုယ်လုံးကို ချောက်ချားစေကြ ကုန်၏၊ တရံတခါ တစိတ်တဒေသ ဖြစ်သော ကိုယ်ခန္ဓာကို တုန်လှုပ် ချောက်ချားစေကုန်၏၊ ဣရိယာပုထ် အပြောင်းအလဲစသည်တို့ကို ပြုရာ၌ ကိုယ်ကာယ၏ လေးလံခြင်းကြောင့် ဒုက္ခအမျိုးမျိုးကို ဖြစ်စေကုန်၏။ဤကား ဆန့်ကျင်ဘက် အကြောင်းကြောင့် ရူပဿ လဟုတာ မဖြစ်ပုံတည်း။

ထိုမှတဘန် မိမိ၏ ရူပကာယနှင့် သင့်တင့်လျောက်ပတ်, ကောင်းမြတ်သော ဥတုကိုဇင်း, အာဟာရကိုသော်ဇင်း, စိတ်အမူအရာကိုသော်ဇင်း, မှီဝဲရပြန်သည်ရှိသော်၊ဆိုအပ်ခဲ့ပြီးသော ဓာတ်ချောက်ချားခြင်း, ဓာတ်ဘောက်ပြန်ခြင်းတို့သည် ပျောက်ငြိမ်းကုန်၍ ကိုယ်ကာယသည် ပေါ့ပေါ့ပါးပါး ဖြစ်၍လာ၏၊ ဣရိယာပုထ် အပြောင်းအလဲ အထ, အကြွစသည်တို့ကို ပြုရာ၌ ကိုယ်ကာယ လေးလံမှုအတွက် ဒုက္ခအမျိုးမျိုးမှ ကင်းပျောက်ရလေ၏။ ။ ဤကား သင့်တင့်သော အကြောင်းကြောင့် ရူပဿလဟုတာ ဖြစ်ပုံတည်း။ (ရူပဿ မုဒုတာ, ရူပဿ ကမ္မညတာတို့၌လည်း ဇင်းနည်းအတိုင်းသိ)။

ထို့ကြောင့် ယောဂီပုဂ္ဂိုလ်တို့သည် ယနေ့ ငါတို့သည် လျောက်ပတ်သော ဘောဇဉ်ကို ရပေကုန်ပြီ၊ငါတို့၏ ကိုယ်သည် ပေါ့၏၊နူးညံ့၏၊ အမှု၌ခံ့၏-ဟု ဆိုကုန်၏။ယနေ့ ငါတို့သည် လျောက်ပတ်သော ဥတုကို ရကုန်ပြီ၊ ယနေ့ ငါတို့စိတ်သည် တည်ကြည်၏၊ကိုယ်သည် ပေါ့၏၊နူးညံ့၏၊အမှု၌ခံ့၏-ဟု ဆိုကြကုန်၏။

သို့ဖြစ်၍ ဤလဟုတာ, မုဒုတာ, ကမ္မညတာ ရုပ်သုံးဖြာ၏ ဖြစ်မှုသည် ပစ္စုပ္ပန်ဖြစ်သော ဥတု,အာဟာရ,စိတ်တည်းဟူသော အကြောင်းကြောင့်သာ ဖြစ်၏ ဟု မှတ်။ ။(ဝိညတ်ဒွေ၏ သရုပ်အဓိပ္ပါယ်ကို အောက်က အတိုင်းမှတ်)။

တော ပန တိသောပိ ကမ္မံ ကာတုံ န သက္ကောန္တိ၊အာဟာရာဒယောဝ ကရောန္တိ။

အဋ္ဌသာလိနီ အဋ္ဌကထာ။ ။(၃၂၄)

ဤ၌ လဲဝါဠမ်းတို့၏ပေါ့ပါးမှု,ရွှေတုံး,သားရေတို့၏ နူးညံ့မှု,ခံ့မှုတို့သည်လည်း ရူပဿလဟုတာ-စသည်ပင် မည်ပါသလော ဟူမူ။ ၎င်းလဲဝါဠမ်းစသည်တို့၏ ပေါ့ပါးမှု စသည်တို့ကို ရူပဿ လဟုတာ-စသည်မခေါ်ရ၊ အဘယ့်ကြောင့်ဆိုသော် အဝိညာဏက အနိန္ဒြိယဗဒ္ဓ ရုပ်ဖြစ်သောကြောင့်တည်း။ဤသို့ဖြစ်ပါက ၎င်းတို့၏ ပေါ့ပါးမှုစသည်ကို အဘယ်သို့ မှတ်ရပါအံ့နည်း ဟူမူ။ ။လေးသည်၏ အဖြစ်စသည်တို့၏ အကြောင်းဖြစ်သော မဟာဘုတ်တို့၏ မရှိသောကြောင့်သာ ပေါ့ပါး၏ ဟု မှတ်။ ။(ကြွင်းနည်းတူသိ။

န ဟိ အနိန္ဒြိယဗဒ္ဓရူပသန္တာနေ လဟုတာဒိနိ သမ္ဘဝန္တိ။

မဟာဋီကာ။ ။(၈၇)

ဂရုဘာဝါဒိဟေတူနံ ပန ဘူတာနံ အဘာဝတော တတ္ထ လဟုဘာဝါဒိဝေါဟာရော။ ။မဏိမဥ္ဇူ။ ။(၁၁၇)

**ဆောင်ပုဒ်**

က။ ။ဇုန်ခြေကင်း၊ရုပ်ခပင်း၊မဲ့ရှင်း-ဟုတာ။

ခ။ ။လေးစေတတ်ငြား၊ဘုတ်တရား၊ကင်းရှား-ပေါ့ပါးရာ။

---

## ဝိကာရ အဓိပ္ပါယ်

ဝိကရဏံ အညထာ ဘဝနံ ဝိကာရော။

ဝိကရဏံ အညထာ ဘဝနံ၊တပါးသော အခြင်းအရာအားဖြင့် ဖြစ်ခြင်း။ ဝိကာရော၊တပါးသောအခြင်းအရာအားဖြင့် ဖြစ်ခြင်း။ဝါ-ဘောက်ပြန်ခြင်း။

ဝိဂြိုဟ်အရ····ပေါ့ပါး,နူးညံ့မှု, ခံ့မှုစသည်တို့သည် လေးလံမှု,ကြမ်းထမ်းမခံ့မှုစသည်မှ ဘောက်ပြန်သော အခြင်းအရာအားဖြင့် ဖြစ်တတ်သောကြောင့် ဝိကာရရုပ်မည်၏။ ။ဟူလို။

တနည်း····"ဝိသေသော အာကာရော ဝိကာရော"အရ ရောဂါကင်းသောသူ, ကျော်ပြီး ဦးပြီးသောရွှေ, နယ်ပြီးသော သားရေတို့ကဲ့သို့ ရုပကာယ၏ ထိုထိုဣရိယာပုထိ အလှည့် အပြန်၌ ပေါ့ပါးခြင်းစသော အစွမ်းဖြင့် ထူးသော အခြင်းအရာတို့သည် ဖြစ်ကုန်သောကြောင့်လည်း ဝိကာရရုပ်မည်၏။ ။ဝိသေသော၊ ထူးသော။ အာကာရော၊ အခြင်းအရာသည်။ ဝိကာရော၊ဝိကာရမည်၏။ ။ဟု ပေး။

ဤင်းပေါ့ပါးမှု စသည်တို့သည် သရုပ်အား ထင်ရှားမရှိကုန်၊ နိပ္ဖန္နရုပ်တို့၏ ဘောက် ပြန်သော အခြင်းအရာမျှ ဖြစ်သောကြောင့် အနိပ္ဖန္နရုပ်မည်ကုန်၏ဟု မှတ်။

**ဆောင်ပုဒ်**

ဘောက်ပြန်ထူးခြား၊ဖြစ်သောအား၊မှတ်သား-ဝိကာရ။

---

**လက္ခဏရုပ် အဘွင့်**

၇၉။ ။ရူပဿ ဥပစယော သန္တတိ ဇရတာ,အနိစ္စတာ, လက္ခဏရူပံနာမ။

သဂြိုဟ်ပါဠိ။

နိပ္ဖန္နရုပ်၏ ဥပစယ,သန္တတိ,ဇရတာ,အနိစ္စတာ,လေးပါးသည် လက္ခဏရုပ်မည်၏။ ။ဟူလို။ ။ဤကား ဝိဂ္ဂဟတ္ထ။

---

**ဥပစယရုပ် အဘွင့်**

ဥပစယနံ ဥပစယော။

ဥပစယနံ၊ရှေးဦးစွာ ဖြစ်ခြင်း။ဥပစယော၊ရှေးဦးစွာ ဖြစ်ခြင်း။ (ဥပ-သဒ္ဒါ ရှေးရှိသော စိတ်ဓာတ်, ပဝတ္တနတ္ထဝါစီ။ဥပသဒ္ဒါ သည်လည်း "ဥပညတ္တံ"၌ ကဲ့သို့ ပဌမတ္ထဝါစီ)။

အဓိပ္ပါယ်ကား····ပဋိသန္ဓေ အခါ၌ နိပ္ဖန္နရုပ်တို့၏ ရှေးဦးစွာ ဖြစ်ခြင်းသည် ဥပစယရုပ်မည်၏။ ။ဟူလို။

ဥပရိ စယော ဝါ ဥပစယော။

ဝါ၊ကား။ဥပရိ၊အထက်၌။ စယော၊ ပွါးခြင်း။ဥပစယော၊ အထက်၌ ပွါးခြင်း။ ။(ဥပ-သဒ္ဒါကား ဥပသိတ္တံ၌-ကဲ့သို့ ဥပရိ အနက်ဟော။မိ-ဓာတ်, ဝနိအနက်ဟော)။

အဓိပ္ပါယ်ကား… ပဋိသန္ဓေ အခါမှစ၍ အထက်ဖြစ်သော စက္ခု ဒသက-ဖြစ်သည်တိုင်အောင်သော အထက်ကာလ၌ အမြဲတိုးပွါး,ကြီးပွါး သောကြောင့် ဥပစယမည်၏။ ။ဟူလို။

ဥပသဒ္ဒေါ ပဌမတ္ထော ဥပရိအတ္ထော စ ဟောတိ။

မူလဋီကာ။ ။(၁၄၂)

ဥပပညတ္တံ, ဥပသိတ္တန္တိ အာဒီသု ဝိယ ဥပသဒ္ဒဿ ပဌမူပရိ အတ္ထဿ နိဒဿနတော။ ။မဟာဋီကာ။ ။(၇၇)

---

## ဥပစယ၏ လက္ခဏာ,ရသ ပစ္စုပဋ္ဌာန်,ပဒဋ္ဌာန်

ဥပစယသည် ၁-ရှေးဦးစွာ ဖြစ်ခြင်း၊ အထက်၌ ပွါးခြင်း လက္ခဏာ ရှိ၏။ ။၂-ရှေးဖြစ်သော အနာဂတ် အဘို့မှထုတ်၍ ရုပ်တို့ကို ပေါ်စေ သကဲ့သို့ ဖြစ်ခြင်း ကိစ္စရှိ၏။ ။၃-ဤသည်ကား ရုပ်ဘရားဘို့ဟူ၍ ထိုရုပ် တို့ကို ဆောင်နှင်းသကဲ့သို့ ညာဏ်အား ရှေးရှုထင်တတ်၏။ ။တနည်း…. ရုပ်၏ပြည့်စုံသည်အဖြစ်ကို ရှေးရှုထင်တတ်စေတတ်၏။ ။၄-ရှေးဦးဖြစ်သော ရုပ်လျှင် နီးစွာသော အကြောင်းရှိ၏။

အာစယလက္ခဏော ရူပဿ ဥပစယော။ ပုဗ္ဗန္တတော ရူပါနံ ဥမ္မုဇ္ဇာပနရသော။ နိယျာတနပစ္စုပဋ္ဌာနော။ ပရိပုဏ္ဏဘာဝပစ္စု ပဋ္ဌာနောဝါ။ဥပစိတရူပ ပဒဋ္ဌာနော။

အဋ္ဌသာလိနီ အဋ္ဌကထာ။ ။(၃၃၄)

---

## သန္တတိရုပ်၏ အဘွင့်

သန္တာနော သန္တတိ။ ။သန္တာနော၊စပ်သည်ဖြစ်၍ ချဲခြင်း၊ဝါ-အဘန် တလဲလဲ ချဲခြင်း။ ဝါ၊ ထက်ဝန်းကျင်မှ ချဲခြင်းသည်။ သန္တတိ၊ သန္တတိ- မည်၏။

**မှတ်ချက်**။ ။သံရှေးရှိသော တနုဓာတ်၊ တိပစ္စည်း ဝိတ္ထာရတ္ထဝါဒီ။ သံ-သဒ္ဒါတား သမ္မန္တအနက်, ပုနပ္ပုနအနက်, သမအနက် ဟော တည်း။

အဓိပ္ပါယ်ကား····ဖြစ်ပေါ်ပြီးသော နိပ္ဖန္နရုပ်တို့၏ အစွန့်ရှည်စွာဆက် လက်၍ အဘန်ဘန် အထပ်ထပ် အစဉ်မပြတ် ဖြစ်ပေါ်မှုသည် သန္တတိ မည်၏။ ။ဟူလို။

---

## သန္တတိရုပ်၏ လက္ခဏာ,ရသ,ပစ္စုပဋ္ဌာန်,ပဒဋ္ဌာန်

သန္တတိသည် ၁-ရုပ်တို့၏ ဆက်ကာ ဆက်ကာ ဖြစ်ခြင်း လက္ခဏာ ရှိ၏။ ။၂-ရှေ့နောက် အစွမ်းအားဖြင့် အစဉ်မပြတ် အဆင့်ဆင့် စပ်ခြင်း ကိစ္စရှိ၏။ ။၃-ရုပ်တို့၏ အစဉ်မပြတ် ဖြစ်နေခြင်းလျှင် ဉာဏ်အား ရှေးရှု ထင်တတ်၏။ ။၄-အစဉ်မပြတ် ဘွဲ့စပ်အပ်သော ရုပ်လျှင် နီးစွာသော အကြောင်းရှိ၏။

ပဝတ္တိလက္ခဏာ ရူပဿ သန္တတိ။ အနုပ္ပဗန္ဓရသာ၊ အနုပစ္ဆေဒ ပစ္စုပဋ္ဌာနာ။အနုပ္ပဗန္ဓ ရူပပဒဋ္ဌာနာ။

အဋ္ဌသာလိနီ အဋ္ဌကထာ။ ။(၃၂၄)

---

## ဥပစယနှင့် သန္တတိ အထူး

တဘဝတည်း၌ ရှေးကမဖြစ်ဘူးသေးသော ရုပ်တို့၏ ရှေးဦးဖြစ်စသည် ဥပစယမည်၏။ တကြိမ်ဖြစ်ဘူး၍ တဘန်ထိုနောက် ရုပ်တို့၏ ဖြစ်စဉ်သည် သန္တတိမည်၏။

ဂဗ္ဘသေယျကသတ္တဝါတို့၏ ကာယဒသက,ဝတ္ထုဒသက, ဘာဝဒသက ကလာပ်သုံးစည်းတို့၏ ရှေးဦးဖြစ်စသည် ဥပစယမည်၏။ တဘန်ထပ်၍ ဖြစ်စဉ်သည် သန္တတိ မည်၏။ ။ဥတုဇရုပ်တို့၏ ပဋိသန္ဓေ ဌီကာလ၌ ရှေးဦးဖြစ်စသည် ဥပစယမည်၏။ ၎င်းရုပ်တို့၏ ထပ်၍ ဆက်ကာ ဆက်ကာ ဖြစ်စဉ်သည် သန္တတိ မည်၏။ ။စိတ္တဇရုပ်တို့၏ ပဋိသန္ဓေနောင် ပဌမ ဘဝင်၏ ဥပ္ပါဒက္ခဏ၌ ရှေးဦးဖြစ်စသည် ဥပစယမည်၏။ ၎င်းရုပ်တို့၏ ဒုတိယဘဝင် စသည်၌ ဆက်ကာ,ဆက်ကာ ဖြစ်စဉ်သည် သန္တတိမည်၏။ အာဟာရဇ ရုပ်တို့၏ ဗဟိဒ္ဓ ဩဇာနှံ့သော ကာလ၌ ရှေးဦးဖြစ်စသည်

ဥပစယမည်၏။ ၎င်းရုပ်တို့၏ နောက်ပြီးတဘန် ဆက်ကာ,ဆက်ကာ ဖြစ်စဉ်သည် သန္တတိမည်၏။ ။ဒသကအားဖြင့် မိမိကာလရောက်၍ ဧကျွ[ဒသက, သောတဒသက, ဃာနဒသက, ဇိဝှါဒသကတို့၏ ရှေးဦးဖြစ်စသည် ဥပစယမည်၏။ နောက်ပြီးတဘန် ဆက်ကာ, ဆက်ကာ ဖြစ်စဉ်သည် သန္တတိမည်၏ ဟု မှတ်။ ။ဤဆိုအပ်ပြီးသည်ကား ဂဗ္ဘသေယျက သတ္တဝါတို့၏ ဥပစယ, သန္တတိ ဖြစ်ပုံတည်း။

သံသေဒဇသတ္တဝါ,ဩပပါတိက သတ္တဝါတို့၌ကား ပဋိသန္ဓေ ခဏဝယ် ရုပ်တို့၏ ဥပါဒ်သည် ဥပစယမည်၏။ ထိုမှနောက်၌ စုတိတိုင်အောင် နိပ္ဖန္နရုပ်တို့၏ ဖြစ်စဉ်သည် အဆင့်ဆင့် စပ်သဖြင့် ကျယ်ခြင်း, ပြန့်ခြင်းဟူသော ဖြစ်စဉ် ဖြစ်သောကြောင့် သန္တတိမည်၏ ဟု မှတ်။

အဋ္ဌကထာ အလိုအားဖြင့် ပဋိသန္ဓေယူသော ကလလသတ္တာဟမှစ၍ နဝမသတ္တာဟ၏ အနန္တရဖြစ်သော ရက်တိုင်အောင် ခြောက်ဆဲ့လေးရက်သည် ဥပစယမည်၏။ မူလဋီကာ၏အလိုအားဖြင့် တေရသမသတ္တာဟ၏ အနန္တရ တိုင်အောင် ကိုးဆဲ့နှစ်ရက် အတွင်း၌ ရုပ်တို့၏ ဖြစ်ခြင်းသည် ဥပစယမည်၏၊ ထိုမှနောက်၌ ရုပ်တို့၏ ဖြစ်ခြင်းသည် သန္တတိမည်၏။

## ဥပမာအားဖြင့် ရှင်းလင်းချက်

၎င်းဥပစယနှင့် သန္တတိကို ဥပမာအားဖြင့် ဆိုသော်။ ။မြစ်ကမ်းပါး၌ လက်ယက် ရေတွင်းငယ်ကို တူးရာ ရှေးဦးစွာ ရေထွက်သော အခါနှင့် ဥပစယတူ၏။ ရေတွင်း၏ ကမ်းကို လျှံ၍ လွှမ်း၍ သွားသော အခါနှင့် သန္တတိ တူ၏။

**မှတ်ချက်၊** ။အဋ္ဌကထာ၌ကား အာစယ, ဥပစယ,သန္တတိ- သုံးပါး ထူးပုံကို ဆို၏။ သို့သော် သင်္ဂြိုဟ်ကျမ်း၌ကား ဥပစယ, သန္တတိ ၂-ပါးကိုသာ မိန့်ဆိုထားသဖြင့် ၎င်းအရသာ ဘွင့်ပြလိုက်၏။ ။ပါဠိ,အဋ္ဌကထာတို့၌ အာစယ,ဥပစယ,သန္တတိ ဟု သုံးမျိုးဟော်ပြပါလျက် သင်္ဂြိုဟ်ကျမ်း၌ အဘယ့်ကြောင့် ဥပစယနှင့် သန္တတိ ၂-ပါးကိုသာ မိန့်ဆိုအပ်ပါသနည်းဟူမူ။ "ဧတ္ထ အတ္ထတော နာနတ္တံ နတ္ထိ"ဟု အဋ္ဌကထာဆရာမြတ် မိန့်ဆိုအပ်သောအရ အာစယနှင့် ဥပစယသည် အနက် အားနှင့် တူသောကြောင့် ဥပစယနှင့် သန္တတိ ၂-ပါးကိုသာ အနုရုဒ္ဓါဆရာမြတ် မိန့်ဆိုအပ်ပါသတည်း။

နဒိတီရေ ခတကူပသ္မိံ ဥဒကုဂ္ဂမနကာလေ ဝိယ အာစယော နိဗ္ဗတ္တိ၊ပရိပုဏ္ဏကာလော ဝိယ ဥပစယော ဝဇ္ဈိ၊ အဇ္ဈောတ္ထရိတွာ ဂမနကာလော ဝိယ သန္တတိ ပဝတ္တိတိ ဝေဒိတဗ္ဗာ။

အဋ္ဌသာလိနီ အဋ္ဌကထာ။ ။(၃၂၄)

---

## ဇရတာချင်း၏ အဘွင့်

ဇီရဏံ ဇရာ။ ။ဇရာ ဧဝ ဇရတာ။

ဇီရဏံ၊ ဆွေးမြေ့ ၊အိုမင်း၊ယိုယွင်းရင့်ရော်ခြင်းသည်။ ဇရာ၊ဇရာ-မည်၏။ ဇရာ ဧဝ၊ဇရာ-သဒ္ဒါသည်ပင်လျှင်။ဇရတာ၊ဇရတာ-မည်၏။

အဓိပ္ပါယ်ကား....နိပ္ဖန္နရုပ်တို့၏ အိုခြင်း, ရင့်ခြင်း, ဟောင်းခြင်း, ရော်ခြင်း,မှည့်ခြင်း,ကျက်ခြင်းသည်-ဇရတာ မည်၏။ ။ဟူလို။

## ဇရာ၏ အပြား

ထိုဇရာသည် ပါကဋဇရာ,ပဋိစ္ဆန္နဇရာ ဟူ၍ ၂-ပါးအပြားရှိ၏၊ ထို နှစ်ပါးတို့တွင် သွားအစရှိသည်တို့၌ ကျိုးခြင်းစသော အဖြစ်ကို မြင်ခြင်း ကြောင့် ရုပ်တရားတို့၏ ဇရာကား မျက်မြင်ထင်ရှားရကား ပါကဋဇရာ-မည်၏။ နာမ်တရားတို့၌ ဇရာကား၊ထိုသို့သဘောရှိသောဘောက်ပြန်ခြင်းကို မမြင်ရသောကြောင့် ပဋိစ္ဆန္နဇရာမည်၏။ (အပါကဋဇရာလည်း ဟူ၏)။

တနည်း....သဝီစိဇရာ, အဝီစိဇရာ-ဟူ၍ နှစ်ပါးအပြားရှိ၏၊ သို့နှစ်ပါး တို့တွင် ရွှေ, ငွေ, ပတ္တမြား, သန္ဒာ, လ, နေ အစရှိသည်တို့၏ ဇရာသည် အကြားအကြား၌ အဆင်းထူး အစရှိသည်တို့ကို သိနိုင်ခဲသည်၏ အဖြစ် ကြောင့် အဝီစိဇရာမည်၏။ (အထူးမထင်ရှားသော ဇရာဆိုလိုသည်)။

ထို ရွှေ, ငွေ, သွား အစရှိသည်တို့မှ တပါးကုန်သော အကြင် အကြင် ဟောတော်မူအပ်ကုန်သော မန္ဒဒသက အစရှိသည်တို့၌ ဇရာသည် အကြား အကြား၌ အဆင်းထူးစသည်ကို သိလွယ်သည်၏ အဖြစ်ကြောင့် သဝီစိ ဇရာမည်၏။ (အထူး ထင်ရှားသော ဇရာဆိုလိုသည်)။

သဗ္ဗာပိ ဇရာ ပါကဋာ ပဋိစ္ဆန္နာတိ ဒုဝိဓာ ဟောတိ။ ပုန အဝီစိ, သဝီစီတိ ဧဝမ္ပိ ဒုဝိဓာ ဟောတိ။

အဋ္ဌသာလိနီ အဋ္ဌကထာ။ ။(၃၂၅)

## ဇရတာရုပ်၏ လက္ခဏာ,ရသ,ပစ္စုပဋ္ဌာန်,ပဒဋ္ဌာန်

ဇရတာသည် ၁-ရုပ်တို့၏ ရင့်ခြင်း, ဟောင်းခြင်း လက္ခဏာရှိ၏။ ။ ၂-ဘင်၏အနီးသို့ ဆောင်ခြင်း ကိစ္စရှိ၏။ ။၃-သစ်သစ်လတ်လတ် အဖြစ်မှ ကင်းခြင်းလျှင် ဉာဏ်အား ရှေးရှုထင်တတ်၏။ ။၄-ရင့်ဆဲ, ဟောင်းဆဲ ဖြစ်သောရုပ်လျှင် နီးသော အကြောင်းရှိ၏။

ရူပပရိပါကလက္ခဏာ ရူပဇရတာ။ ဥပနယနရသာ။ သဘာဝါ နပဂမေပိ နဝဘာဝါပဂမပစ္စုပဋ္ဌာနာ။ ဝီဟိပုရာဏဘာဝေါ ဝိယ။ ပရိပစ္စမာနရူပပဒဋ္ဌာနာ။

အဋ္ဌသာလိနီ အဋ္ဌကထာ။ ။(၃၂၆)

---

## အနိစ္စတာရုပ် အဖွင့်

နိစ္စဓုဝဘာဝေန န ဉာတုံ ဉာဏေန အနုပဂန္တဗ္ဗန္တိ အနိစ္စံ။

နိစ္စဓုဝဘာဝေန၊မြဲသောအဖြစ်ဖြင့်။ ဉာဏေန၊ဉာဏ်ဖြင့်။ န ဉာတုံ အနုပဂန္တဗ္ဗံ၊မသိအပ်။ ဣတိ၊ကြောင့်။ အနိစ္စံ၊အနိစ္စမည်၏။ ။မြဲ၏-ဟု ဉာဏ်ဖြင့် မသိအပ်သောကြောင့် အနိစ္စမည်၏။ ။ဟူလို။

ဟုတွာ အဘာဝဋ္ဌေန န ဉာတန္တိ ဝါ အနိစ္စံ။

ဝါ၊ကား။ ဟုတွာ၊ အကြောင်းအားလျော်ဖြစ်၍။ အဘာဝဋ္ဌေန၊ အစဉ် မတည် ပျက်ခြင်းသဘောအားဖြင့်။ နိစ္စံ၊ မြဲသည်။ န၊မဟုတ်။ ဣတိ၊ကြောင့်။ အနိစ္စံ၊ အနိစ္စ-မည်၏။

အနိစ္စဿ ဘာဝေါ အနိစ္စတာ။

အနိစ္စဿ၊ မမြဲသော သင်္ခတ တရား၏။ ဘာဝေါ၊ ဖြစ်ကြောင်းသည်၊ အနိစ္စတာ၊အနိစ္စတာ-မည်၏။ ။အဓိပ္ပါယ်ကား····နိပ္ဖန္နရုပ်တို့၏ ချုပ်ကွယ်, ပျောက်ဆုံး,ကုန်ခမ်းပျက်စီး, ပြိုကွဲခြင်းသည် အနိစ္စတာမည်၏။ ။ဟူလို။

### မရဏ အပြား

ဤအနိစ္စတာ-ဟူသည်ပင်လျှင် မရဏတရားလည်း မည်၏။ ထိုမရဏ သည် ခဏိကမရဏ သမ္မုတိမရဏ, သမုစ္ဆေဒမရဏ-ဟု သုံးပါးအပြား ရှိ၏။ ။ထိုသုံးပါး တို့တွင် ပဝတ္တိ အခါဝယ် ခပ်သိမ်းသော ရုပ်,နာမ်

တရားတို့၏ ပျက်ခြင်း ဘင်္ဂက္ခဏသည် ခဏိကမရဏမည်၏။ ။လောက၌ မောင်ဖြူသေသည်, မောင်မဲသေသည် စသည်ဖြင့် သမုတ်ခေါ်ဝေါ်သော မရဏသည် သမ္မုတိ မရဏမည်၏။ ပရမတ္ထအားဖြင့်ကား သတ္တဝါတို့သည် သေသည်မရှိ၊ ခပ်သိမ်းသော စုတိခန္ဓာတို့၏ ဘင်ခဏကိုပင် မရဏ ဟု ဆိုအပ်၏။ ။တဘန် ပဋိသန္ဓေ နေခြင်းမရှိသော ရဟန္တာပုဂ္ဂိုလ်တို့၏ ပရိနိဗ္ဗာန် စံဝင်ခြင်း-ဟူသော စုတိခန္ဓာတို့၏ ပျက်ခြင်းသည် သမုစ္ဆေဒ မရဏမည်၏ ဟု မှတ်။

---

## အနိစ္စတာ၏ လက္ခဏာ,ရသ,ပစ္စုပဋ္ဌာန်,ပဒဋ္ဌာန်

အနိစ္စတာသည် ၁-ထက်ဝန်းကျင်မှ ပျက်စီးခြင်း လက္ခဏာရှိ၏။ ။ ၂-သင်္ခတတရားတို့ကို စုန်းစုန်းနစ်အောင် နှစ်ခြင်း, နစ်စေခြင်း ကိစ္စရှိ၏။ ။ ၃-ကုန်ဆုံးပြုန်းတီးခြင်းလျှင် ဉာဏ်အား ရှေးရှုထင်တတ်၏။ ။၄-ထက်ဝန်းကျင် ဖရိုဖရဲ ပျက်ဆဲဖြစ်သော ရုပ်လျှင် နီးသော အကြောင်းရှိ၏။

> ပရိဘေဒလက္ခဏာ ရူပဿ အနိစ္စတာ၊ သံသီဒနရသာ၊ ခယဝယ ပစ္စုပဋ္ဌာနာ။ ပရိဘိဇ္ဇမာနရူပပဒဋ္ဌာနာ။
>
> အဋ္ဌသာလိနီ အဋ္ဌကထာ။ ။(၃၂၆)

---

## ဇာတိ,ဇရာ,မရဏတို့၏ ဥပမာ

ဤ ဇာတိ,ဇရာ,မရဏ-သုံးပါးတို့သည် သတ္တဝါဟူသရွေ့တို့၏ ခုတ်အံ့ ဖြတ်အံ့,ထိုးအံ့-ဟု ချီးမြှောက်အပ်သော သန်လျက် လက်၌ရှိသော ရန်သူ သုံးယောက်နှင့် တူကုန်၏။ ။ထူးဟန်ကား....ထိုရန်သူသုံးယောက်တို့တွင် တယောက်သော ရန်သူသည် ထိုသူဘယောက်ကို ထုတ်ယူ၍ တောအုပ်သို့ သွင်းခြင်းသည် ငါ၏ တာဝန်တည်း ဟု ဆို၏။နှစ်ယောက်မြောက်သော ရန်သူကလည်း တောအုပ်သို့ ရောက်သော ကာလ ပုတ်ခတ်၍ မြေ၌ လဲစေခြင်းသည် ငါ၏တာဝန်တည်း ဟု ဆို၏၊ သုံးယောက် မြောက်သော ရန်သူသည်ကား မြေ၌လဲသော ကာလမှစ၍ သန်လျက်ဖြင့် ဦးခေါင်းကို ဖြတ်ခြင်းသည် ငါ၏တာဝန်တည်း ဟု ဆို၏၊ဤရန်သူ သုံးယောက်တို့ကဲ့သို့ အလိုအစွမ်းကို ပယ်ရှားလိုသော အားဖြင့်ပင် ဟောတော်မူသည်။ ။ ဟူလို။

ဇာတိ,ဇရာ, မရဏ-တရားသုံးပါးတို့တွင် ဇာတိသည် သူတယောက်ကို တောသို့ သွင်းသောရန်သူနှင့် တူ၏။ အဘယ့်ကြောင့် တူပါသနည်း ဟူမူ ထိုထိုသို့သော ဂတိတို့၌ ဖြစ်စေတတ်, ရောက်စေတတ်သောကြောင့်တည်း။ ဇရာသည် တောအုပ်သို့ ရောက်သောသူကို မြေ၌လဲစေသော ဒုတိယ ရန်သူနှင့် တူ၏၊ အဘယ့်ကြောင့်ဆိုသော် ဖြစ်ပေါ်လာသော ခန္ဓာတို့၏ အားနည်းသည်၏အဖြစ်, သူတပါးတို့ကို မှီရသည်၏အဖြစ်, သေရာညောင် စောင်လျှင် လည်းလျောင်းရာ ရှိသည်အဖြစ်ကို ပြုတတ်သည်၏ အဖြစ် ကြောင့်တည်း။ ။မရဏသည် မြေ၌လဲသော သူ၏ ဦးခေါင်းကို သန်လျက်ဖြင့် ဖြတ်ပိုင်းသော တတိယ ရန်သူနှင့်တူ၏။ အဘယ့်ကြောင့် ဆိုသော် အိုခြင်းသို့ ရောက်ကုန်သော ခန္ဓာငါးပါး တို့၏ အသက် ဆုံးရှုံး ကုန်ခြင်းသို့ ရောက်စေတတ်သည်၏ အဖြစ်ကြောင့်တည်း။

ဣမေ တယော ဓမ္မာ ဣမေသံ သတ္တာနံ ဥက္ခိတ္တာသိကပစ္စာမိတ္တ သဒိသာ။ပ။ဇရာပတ္တာနံ ခန္ဓာနံ ဇီဝိတက္ခယပါပနတော။

အဋ္ဌသာလိနီ အဋ္ဌကထာ။ ။(၃၂၉)

---

## လက္ခဏာရုပ် အဓိပ္ပါယ်

လက္ခီယတေ အနေနာတိ လက္ခဏံ။

အနေန၊ ဤဖြစ်ခြင်း,ရင့်ခြင်း, ပျက်ခြင်း-ဟု ဆိုအပ်သော အခိုက်အတန့် အထူးဖြင့်။ လက္ခီယတေ၊ မှတ်အပ်၏။ ဣတိ၊ ထိုသို့ မှတ်ကြောင်း ဖြစ်သော သတ္တိကြောင့်။ လက္ခဏံ၊ လက္ခဏ-မည်၏။ ။ဝိဂ္ဂြိုဟ်အရ····နိပ္ဖန္နရုပ်တို့၏ ဖြစ်ခြင်း,ရင့်ခြင်း, ပျက်ခြင်း-ဟု ဆိုအပ်သော အခိုက်အတန့်၏ အစွမ်းအား ဖြင့် မှတ်ကြောင်းဖြစ်သောကြောင့် လက္ခဏာရုပ် မည်၏။ ။ဟူလို။

ဆိုလိုရင်းကား။ ။ဖြစ်ဆဲ, ရင့်ဆဲ, ပျက်ဆဲဖြစ်ကုန်သော သင်္ခတတရား တို့၏ ဤဥပါဒ်အခိုက်အတန့်မျှ၌ ဥပစယ မည်၏။ ဌီ-ခဏ အခိုက်အတန့်၌ ဇရတာ-မည်၏။ ဘင်အခိုက်အတန့်၌ အနိစ္စတာမည်၏-ဟူ၍ မှတ်ပြသော အမှတ် လက္ခဏာ၊ အသင်္ခတ တရားတို့ဟူ၍ မှတ်ကြောင်း သိကြောင်း လက္ခဏာ ဖြစ်သောကြောင့် ဥပစယ-စသော ရုပ်တို့သည် လက္ခဏာရုပ် မည် ကုန်၏။ ။ဟူလို။

**ဆောင်ပုဒ်**

ရုပ်သန်တ၊ခိုက်တန့်မျှကို၊မှတ်ကြောင်းဆို၊ယင်းထို-လက္ခဏာ။

---

၁၆-က။ ။ဇာတိရူပမေဝ ပနေတ္ထ ဥပစယသန္တတိနာမေန ပဝုစ္စတိ။

သဂ်ြိုဟ်ပါဌ်။

ဤလက္ခဏာရုပ် လေးပါးတို့တွင် ဇာတိရုပ် တပါးတည်းကို ပင်လျှင် ဥပစယ, သန္တတိ-ဟူသော အမည်ဖြင့် ၂-ပါး ပြုခါ မိန့်ဆိုအပ်၏။ ။ ဟူလို။

ဤကား ပိဏ္ဍတ္ထ။

---

**ဇာတိရုပ် အဓိပ္ပါယ်**

ဇနနံ ဇာတိ။ ။ဇာတိဧဝ ရူပံ ဇာတိရူပံ။

ဇနနံ၊ဖြစ်ခြင်း၊ ဇာတိ၊ဖြစ်ခြင်း။ ။ဇာတိဧဝ၊ဖြစ်ခြင်း သဘောသည်ပင်။ ရူပံ၊ရုပ်တည်း။ ဇာတိရူပံ၊ ဖြစ်ခြင်းသဘော ဖြစ်သောရုပ်။ ။ထိုထိုသော ဘဝတို့၌ ရုပ်တို့၏ ထင်ရှားဖြစ်ပေါ်မှု သဘောသည် ဇာတိရုပ်မည်၏။ ။ ဟူလို။ ။ယင်းသို့ဇာတိရုပ် တပါးတည်း ဖြစ်ပါလျက် အဘယ့်ကြောင့် ဥပစယ,သန္တတိ-ဟု ၂-ပါးခွဲ၍ ဟောတော်မူအပ်သနည်း ဟူမူ။ ။ဇာတိရုပ်တပါးတည်းပင် ဖြစ်သော်လည်း အစဦးစွာ ဖြစ်မှု, ပွါး၍ ပွါး၍ ဖြစ်မှု, အစဉ်တည်၍ ဖြစ်နေမှုတည်း-ဟူသော အခိုက်အတန့် သဘော အခြင်းအရာ ထူးပုံအားဖြင့်၎င်း၊ဝေနေယျ သတ္တဝါတို့၏ အစွမ်းအားဖြင့်၎င်း၊ ဥပစယ,သန္တတိ-ဟူ၍ နှစ်ပါးခွဲခြား၍ ဟောတော်မူအပ်၏-ဟု မှတ်။

ဤ၌ ဝေဏေယျတို့၏ အစွမ်း- ဟူသည်ကား ထိုအခါ၌ ဝေဏေယျတို့အား ဤဇာတိဟူသည် အလုံးစုံသော တရားတို့၏ သဘောအတိုင်းပင်တည်း။ ကံ,စိတ်စသော တစုံတခုသော အကြောင်းကြောင့် ဖြစ်သောသဘော မဟုတ်၊ ပကတိဝါဒီ အယူရှိသော သူတို့၏ အယူအတိုင်းပင် တည်းဟူသော မိစ္ဆာအယူသည် ဖြစ်ရာ၏။ ထိုသို့ ဝေဏေယျတို့၏ အလို

အစွမ်းကို ပယ်ရှားလိုသောအားဖြင့်၎င်း ဟောတော်မူသည်။ ။တနည်း…. အချို့သော ဝေနေယျတို့သည် ဇာတိ-ကို ဥပစယ,သန္တတိ-ဟု ဟောမှသာလျှင် သိသောကြောင့် ဥပစယ,သန္တတိ-ဟု ခွဲခြား၍ ဟောတော်မူရသည်။ ။ဟူလို။

အတ္ထတော ဟိ ဥဘယမ္ပေတံ ဇာတိရူပဿေဝ အဓိဝစနံ။ အာကာရနာနတ္တေန ပန ဝေနေယျဝသေန စ ဥပစယော,သန္တတီတိ ဥဒ္ဒေသဒေသနံ။ ။အဋ္ဌသာလိနီ အဋ္ဌကထာ။ ။(၃၂၄)

**ဆောင်ပုဒ်**

ခြင်းရာ ထူးထွေ၊ဝေနေ အလို၊ခွဲခြမ်းဆို၊ယင်းထို-ဥ,သန္တ။

———

**၁၆-၁။ ။ကောဒသပိမေ့တံ ရူပံ အဋ္ဌဝိသတိဝိဓံ ဟောတိ သရူပဝသေန၊**

သင်္ဂြိုဟ်ပါဠိ။

ဤ ၁၁-ပါး အပြားရှိသော ရုပ်သည် သရုပ်၏ အစွမ်းအားဖြင့်ကား ၂၈-ပါး အပြားရှိ၏။ ။ဟူလို။ ။ဤကား ပိဏ္ဍတ္ထ။

**ကောဒသ အရ**

ဘူတရုပ်၊ ပသာဒရုပ်၊ ဝိသယရုပ်၊ ဘာဝရုပ်၊ ဟဒယရုပ်၊ ဇီဝိတရုပ်၊ အာဟာရရုပ်၊ ပရိစ္ဆေဒရုပ်၊ ဝိညတ်ရုပ်၊ ဝိကာရရုပ်၊ လက္ခဏရုပ်-ဟူ၍ သဘောတူ သိမ်းယူ၍ အမည်၏ အစွမ်းအားဖြင့် ၁၁-ပါး အပြားရှိ၏။ ။ ၎င်း ၁၁-ပါးကို သရုပ်ထုတ်၍ဝေဘန်သည်ရှိသော် ၂၈-ပါး အပြားရှိ၏ ။ ဟူလို။

———

**၁၇။ ။ကထံ-**

**ဘူတပ္ပသာဒဝိသယာ၊ဘာဝေါ ဟဒယမိစ္စပိ။**

**ဇီဝိတာဟာရရူပေဟိ၊အဋ္ဌာရသဝိဓံ တထာ။ ။**

သင်္ဂြိုဟ်ပါဠိ။

ဘူတာရုပ် ၄-ခု၊ ပသာဒရုပ် ၅-ခု၊ ဝိသယရုပ် ၇-ခု၊ ဘာဝရုပ် ၂-ခု၊ ဟဒယရုပ် ၁-ခု၊ ဇီဝိတရုပ် ၁-ခု၊အာဟာရရုပ် ၁-ခု၊ဤ ၁၈-ပါးသော ရုပ်သည် နိပ္ဖန္နရုပ် မည်၏။ ။ဟူလို။ဤကား ပိဏ္ဍတ္ထ။

(ဝိသယရုပ် ၇-ပါးဟူသော်လည်း ဓာတ်သုံးပါးကို သဘောတူ ပေါင်း၍ ၄-ပါးသာ ရှိသည်ကို သတိပြု)။

---

၁၇-ခ။ ။ပရိစ္ဆေဒေါ စ ဝိညတ္တိ၊ ဝိကာရော လက္ခဏန္တိ စ။
အနိပ္ဖန္နာ ဒသစေတိ၊ အဋ္ဌဝီသတိဝိဓံ ဘဝေ။ ။

သင်္ဂြိုဟ်ပါဠ်။

ပရိစ္ဆေဒရုပ် ၁-ခု၊ဝိညတ်ရုပ် ၂-ခု၊ဝိကာရရုပ် ၃-ခု၊လက္ခဏရုပ် ၄-ခု၊ ဤသို့ ဆယ်ပါးအပြားရှိသော ရုပ်တို့သည် အနိပ္ဖန္နရုပ် မည်ကုန်၏။ ။နိပ္ဖန္န ရုပ် ၁၈-ခု၊အနိပ္ဖန္နရုပ် ၁၀-ခုအားဖြင့်ရုပ် ၂၈-ပါးဖြစ်၏။ ။ဟူလို။

ဤကား ပိဏ္ဍတ္ထ။

---

**အနိပ္ဖန္နရုပ် အဓိပ္ပါယ်**

န နိပ္ဖန္နာနီတိ အနိပ္ဖန္နာနိ။

နိပ္ဖန္နာနိ၊ ကံစသောအကြောင်းလေးပါးတို့ဖြင့်ထင်ရှားပြီးစေအပ်သော ရုပ်တို့သည်။န၊မဟုတ်ကုန်။ဣတိ၊ကြောင့်။ အနိပ္ဖန္နာနိ၊ အနိပ္ဖန္န-မည်ကုန်၏။

ဤအနိပ္ဖန္န ရုပ် ၁၀-ပါးတို့ကို နိပ္ဖန္နရုပ်တို့ကဲ့သို့ သဘောအားဖြင့် အသီးအခြား ထင်ရှားမရအပ်ကုန်။ ထို့ကြောင့်ပင် ကံ, စိတ်, ဥတု, အာဟာရ တည်းဟူသော အကြောင်း လေးပါး တို့ကြောင့် ဖြစ်ပေါ်ကုန် သည်လည်း မဟုတ်ကုန်၊ အကြောင်းတရား လေးပါးတို့ဖြင့် ပြီးစေအပ် သည်လည်း မဟုတ်ကုန်၊ထို့ကြောင့် အနိပ္ဖန္နမည်ကုန်၏။ စင်စစ်သော်ကား နိပ္ဖန္နရုပ်တို့၏ အမူအရာတို့ကို စွဲ၍ ခေါ်ဝေါ်အပ်ကုန်သော ရုပ်တို့သာ တည်း။

**ဆောင်ပုဒ်**

ရုပ်နိပ္ဖန္န၊အာကာရကို၊စွဲ၍ဆို၊မှတ်ထို-အနိပ္ဖန်။

ရူပသမုဒ္ဒေသ အတွင့်ပြီးပြီ။

## ရူပသမုဒ္ဒေသ သရုပ်ခွဲ

| | | | | |
|---|---|---|---|---|
| ၁ | ၁ | ပထဝီဓာတ် | ဘုတ်ရုပ် | နိပ္ဖန္နရုပ် ၁၈-ပါး |
| ၂ | ၂ | အာပေါဓာတ် | | |
| ၃ | ၃ | တေဇောဓာတ် | | |
| ၄ | ၄ | ဝါယောဓာတ် | | |
| ၅ | ၁ | စက္ခုပသာဒ | ပသာဒရုပ် | |
| ၆ | ၂ | သောတပသာဒ | | |
| ၇ | ၃ | ဃာနပသာဒ | | |
| ၈ | ၄ | ဇိဝှါပသာဒ | | |
| ၉ | ၅ | ကာယပသာဒ | | |
| ၁၀ | ၁ | ရူပါရုံ | ဂေါစရရုပ် | |
| ၁၁ | ၂ | သဒ္ဒါရုံ | | |
| ၁၂ | ၃ | ဂန္ဓာရုံ | | |
| ၁၃ | ၄ | ရသာရုံ | | |
| .... | ၅ | ပထဝီဓာတ် | | |
| .... | ၆ | တေဇောဓာတ် | | |
| .... | ၇ | ဝါယောဓာတ် | | |
| ၁၄ | ၁ | ဣတ္ထိဘာဝရုပ် | ဘာဝရုပ် | |
| ၁၅ | ၂ | ပုမ္ဘာဝရုပ် | | |
| ၁၆ | ၁ | ဟဒယရုပ် | | |
| ၁၇ | ၁ | ဇီဝိတရုပ် | | |
| ၁၈ | ၁ | အာဟာရရုပ် | | |

## ရူပသမုဒ္ဒေသ သရုပ်ခွဲ

| | | | | |
|---|---|---|---|---|
| ၁၉ | ၁ | အာကာသဓာတ် | ပရိစ္ဆေဒရုပ် | |
| ၂၀ | ၁ | ကာယဝိညတ် | ဝိညတ်ရုပ် | ၁၀-ပါး |
| ၂၁ | ၂ | ဝစီဝိညတ် | | |
| ၂၂ | ၁ | လဟုတာ | ဝိကာရရုပ် | |
| ၂၃ | ၂ | မုဒုတာ | | |
| ၂၄ | ၃ | ကမ္မညတာ | | |
| .... | ၄ | ကာယဝိညတ် | | |
| .... | ၅ | ဝစီဝိညတ် | | အနိပ္ဖန္နရုပ် |
| ၂၅ | ၁ | ဥပစယ | လက္ခဏရုပ် | |
| ၂၆ | ၂ | သန္တတိ | | |
| ၂၇ | ၃ | ဇရတာ | | |
| ၂၈ | ၄ | အနိစ္စတာ | | |

### အပရေဝါဒ ရှင်အပြား

အရှင်အနုရုဒ္ဓါ ဆရာသည် ရုပ် ၂၁-ပါး-ဟုသာ သတ်မှတ်ပိုင်းခြား မိန့်ကြားတော်မူ၏။ ။အပရေ ဆရာတို့ကား ဗလရုပ်, သမ္ဘဝရုပ်, ဇာတိရုပ်,ရောဂရုပ် ၄-ပါးကို ထည့်၍ ရုပ် ၃၂-ပါး-ဟု မိန့်တော်မူကြကုန်၏။

ဤ၌-ဗလရုပ် ဟူသည်ကား စိတ္တဇဝါယောဓာတ်သာတည်း။အာပေါဓာတ်သည် သမ္ဘဝရုပ်မည်၏။ ။ဥပစယ,သန္တတိ ရုပ် ၂-ပါးသည် ဇာတိရုပ်မည်၏။ဇရတာ,အနိစ္စတာရုပ်သည် ရောဂရုပ် မည်၏။

သို့ဖြစ်၍ ၎င်းဗလရုပ် စသည်တို့သည် အမည်မျှသာ ထူးခြားသော်လည်း တရားကိုယ်မှာ ရုပ် ၂၈-ပါး အတွင်းဝင်သဖြင့် အရှင်အနုရုဒ္ဓါ ဆရာမြတ် မိန့်အပ်တော်မူသောအတိုင်းရုပ် ၂၈-ပါးသာ မှတ်ယူလေ။ ။ သို့ဖြစ်၍ လူတို့၏ အားအစွမ်းဟူသော ဝါယောဓာတ်ဖြစ်သော အခြင်းအရာထူးမျှသာတည်း။

အဘယဂိရိဝါသီ-ကေစိ ဆရာတို့ကား မိဒ္ဓကို ရုပ်ထည်းသို့ သွတ်သွင်းကုန်၏။ သို့သော် ၎င်းမိဒ္ဓကား ရုပ်မဟုတ်။ နာမ်တရား-ဟုသာ မှတ်အပ်၏။

> ဝါယောဓာတုယာ ဟိ ဂဟိတာယ ဗလရူပံ ဂဟိတမေဝ ဟောတိ။ အည့ံ ဗလရူပံ နာမ နတ္ထိ။ အာပေါဓာတုယာ သမ္ဘဝရူပံ။ ဥပစယသန္တတီတိ ဇာတိရူပံ။ ဇရတာ အနိစ္စတာ ဟိ ရောဂရူပံ ဂဟိတမေဝ။ အည့ံ ရောဂရူပံ နာမ နတ္ထိ။
>
> အဋ္ဌသာလိနီ အဋ္ဌကထာ။ ။(၃၄၄)

---

### ရူပဝိဘာဂ အဟေတုက-စသည် အဘွင့်

**၁၈။ ။သဗ္ဗဉ္စ ပနေတံ ရူပံ အဟေတုကံ၊ သပ္ပစ္စယံ၊ သာသဝံ၊ သင်္ခတံ၊ လောကိယံ၊ ကာမာဝစရံ၊ အနာရမ္မဏံ၊ အပ္ပဟာတဗ္ဗမေဝါတိ ဧကဝိဓမ္ပိ အဇ္ဈတ္တိကဗာဟိရာဒိဝသေန ဗဟုဓာ ဘေဒံ ဂစ္ဆတိ။**

သင်္ဂြိုဟ်ပါဌ်။

အလုံးစုံသော ထိုရုပ်သည် အလောဘစသော သမ္ပယုတ်ဟိတ်မရှိသောကြောင့် အဟေတုက၊ဝါ-အဟိတ်မည်၏။ ။ကံ, စိတ်, ဥတု, အာဟာရ-တည်းဟူသော အကြောင်းတရား လေးပါးတို့နှင့် တကွဖြစ်သောကြောင့် သပ္ပစ္စယလည်း မည်၏။ ။အာသဝေါတရား လေးပါးတို့၏ အာရုံဖြစ်ခြင်းကြောင့် သာသဝလည်း မည်၏။ ။ကံ,စိတ်,ဥတု,အာဟာရတည်းဟူသော အကြောင်းတရား လေးပါးတို့သည် ပေါင်း၍ ပြုပြင်အပ်သောကြောင့် သင်္ခတလည်းမည်၏။ဥပါဒါန်၏အာရုံဖြစ်သော သင်္ခါရလောက၌ အကျုံးဝင်သည်၏ အဖြစ်ကြောင့် လောကိယလည်း မည်၏။ ။ကာမတဏှာ၏ ကျင်လည်ရာဖြစ်သောကြောင့် ကာမာဝစရလည်း မည်၏။ ။အာရုံကို မယူတတ်သည်၏ အဖြစ်ကြောင့် အနာရမ္မဏလည်း မည်၏။ ။တဒင်္ဂပ္ပဟာန်, ဝိက္ခမ္ဘနပ္ပဟာန်, သမုစ္ဆေဒပ္ပဟာန်-တို့၏ အစွမ်းဖြင့် မပယ်အပ်သည်၏ အဖြစ်ကြောင့် အပ္ပဟာတဗ္ဗလည်း မည်၏။ ။ဤသို့လျှင် ရုပ်သည် သဟိတ်ရုပ်, အဟိတ်ရုပ်။ပ။ပဟာတဗ္ဗရုပ်, အပ္ပဟာတဗ္ဗရုပ်-ဟူ၍

၂-ပါး မရှိ။အဟိတ် ကေန်။ပ။အပွဟာတဇ္ဇ ကေန်သာဖြစ်၍ တပါးသာ အပြား ရှိ၏။ ။ဟူလို။ ။ဤကား ဧကဝိဓနည်းဖြင့် ဝေဘန်ပုံတည်း။

ဒုဝိဓနည်းစသော အားဖြင့် ဝေဘန်သော် အဇ္ဈတ္တိကရုပ်, ဗာဟိရရုပ် စသောအားဖြင့် များသောအပြား ရှိ၏။ ။ဟူလို။

---

## ဒုကနည်း အဘွင့်

၁၃။ ။ကထံ။ ။ပသာဒသင်္ခါတံ ပဉ္စဝိဓမ္ပိ အဇ္ဈတ္တိကရူပံ နာမ။ ဣတရံ ဗာဟိရရူပံနာမ။

သဂြိုဟ်ပါဌ်။

အဘယ်သို့ ဒုက ဖြစ်ပါသနည်း ဆိုသော် ပသာဒရုပ် ငါးပါးသည် အဇ္ဈတ္တိကရုပ် မည်၏။ကြွင်းသော ရုပ် ၂၃-ပါးသည် ဗာဟိရရုပ် မည်၏။ ။ဟူလို။

ဤကား ဝိဂ္ဂဟတ္ထ။

---

## အဇ္ဈတ္တိကမည်ပုံ အဓိပ္ပါယ်

အတ္တဘာဝသင်္ခါတံ အတ္တာနံ အဓိကိစ္စ ပဝတ္တတီတိ
အဇ္ဈတ္တံ။ ။အဇ္ဈတ္တမေဝ အဇ္ဈတ္တိကံ။

အဇ္ဈတ္တဘာဝ သင်္ခါတံ၊ အတ္တဘော-ဟု ဆိုအပ်သော။ အတ္တာနံ၊ မိမိ ကိုယ်ကို။ အဓိကိစ္စ၊ စွဲ၍။ ပဝတ္တတိ၊ ဖြစ်တတ်၏။ ဣတိ၊ ကြောင့်။ အဇ္ဈတ္တံ၊ အဇ္ဈတ္တမည်၏။ ။အဇ္ဈတ္တမေဝ၊ အဇ္ဈတ္တ-သဒ္ဒါသည်ပင်လျှင်။ အဇ္ဈတ္တိကံ၊ အဇ္ဈတ္တိက-မည်၏။

အဓိပ္ပါယ်ကား····သတ္တဝါတို့၏ ကိုယ်ဟူသော အတ္တ၌သာ ဖြစ်သော ကြောင့် ပသာဒရုပ် ငါးပါးသည် အဇ္ဈတ္တိကရုပ် မည်၏။ ။ဟူလို။

ဤ-ဝိဂြိုဟ်အရ အတ္တဘော၌ ဖြစ်သောကြောင့် အဇ္ဈတ္တိကရုပ်ဟု ဆိုသော် ကြွင်းသောရုပ်တို့သည်လည်း အတ္တဘော၌ပင် ဖြစ်သဖြင့် အဇ္ဈတ္တိက မည်သင့်သည် မဟုတ်ပါလော ဟူမူ။ ။အခြားသော ရုပ်တို့သည်လည်း အတ္တဘော၌ ဖြစ်သည်မှန်၏။ သို့သော် အဇ္ဈတ္တိကဟူသော အမည်သည် ပသာဒရုပ် ငါးပါး၌သာ ထင်သောကြောင့် ဝါ-အထင် ရူဠှီအားဖြင့် ပသာဒရုပ် ငါးပါးသာလျှင် အဇ္ဈတ္တိက မည်၏ ဟု မှတ်။

တနည်း····ထိုပသာဒရုပ် ငါးပါးတို့ကိုသာလျှင် အတ္တဘော၌ ကျေးဇူး အထူး ကြီးမားသောကြောင့် အဇ္ဈတ္တိက ဟု ခေါ်ရ၏။ ။ကြွင်းသော ရုပ်တို့ကို အတ္တဘော၌ ကျေးဇူးမကြီးသောကြောင့် ဗာဟိရရုပ်ဟု ခေါ်ရ၏။

ကျေးဇူး ကြီးဟန်ကား····ငါတို့-စက္ခုစသော ပသာဒရုပ် ငါးပါးရှိခြင်း ကြောင့်သာ သင်အတ္တဘောသည် လူနှင့်တူ၏။ ငါတို့မရှိသော် လူထဲကိုမျှ မဝင်ရာ၊ ထင်းတုံးအလား အသုံးမကျ ဖြစ်ရာ၏ တကား ဟု မဆို သော်လည်း ဆိုသကဲ့သို့ဖြစ်၍ အတ္တဘော၌ ကျေးဇူးကြီးမားလေ၏။ ဤသို့ ပသာဒရုပ် ငါးပါးသည်သာ အတ္တဘော၌ ကျေးဇူး အထူး ကြီးမားသော ကြောင့် အဇ္ဈတ္တိကရုပ် မည်လေသတည်း။

အတ္တသဲ့ါတံ စိတ္တံ အဓိကိစ္စ ပဝတ္တတီတိ ဝါ အဇ္ဈတ္တံ။
အဇ္ဈတ္တမေဝ အဇ္ဈတ္တိကံ။

ဝါ၊ကား။ အတ္တသဲ့ါတံ၊ အတ္တ-ဟု ဆိုအပ်သော။ စိတ္တံ၊ စိတ်ကို။ အဓိ ကိစ္စ၊စွဲ၍။ ဝါ၊တည်ရာ ပြု၍။ ပဝတ္တတိ၊ ဖြစ်တတ်၏။ဣတိ၊ကြောင့်။ အဇ္ဈတ္တံ။ အဇ္ဈတ္တ-မည်၏။ ။အဇ္ဈတ္တမေဝ၊ အဇ္ဈတ္တ- သဒ္ဒါသည်ပင်။ အဇ္ဈတ္တိကံ၊ အဇ္ဈတ္တိက-မည်၏။

**မှတ်ချက်။** ။ဤအလို အတ္တသဒ္ဒါ စိတ်ဟောကြီ။ ။"စိတ္တေ ကာယေ သဘာဝေစ၊ သော အတ္တာ ပရမတ္တနိ"။ ။အဘိဓာန်။ ။ ဣက-ပစ္စည်းအနက် မရှိ။သွတ္ထ။

အဓိပ္ပါယ်ကား····ပသာဒရုပ် ငါးပါးသည် စက္ခုဝိညာဏ်စသော ပဉ္စ ဝိညာဏ်စိတ်ကို အစွဲပြု၍ ၎င်းပဉ္စဝိညာဏ်စိတ်၏ ဖြစ်ခြင်း၏ အကြောင်း၏။ အဖြစ်ဖြင့် ဖြစ်တတ်သောကြောင့် အဇ္ဈတ္တိကရုပ် မည်၏။ ။ဟူလို။

**ဆောင်ပုဒ်**

၁။ ။ကိုယ်အတ္တဘော၊ စွဲဖြစ်သော၊မှတ်လော-အဇ္ဈတ္တိ။
၂။ ။စိတ်ပဉ္စဝိဉ်၊ ဖြစ်ကြောင်းရှိန်၊ မှတ်စိန်-အဇ္ဈတ္တိ။

အဇ္ဈတ္တေ ဝိဒိတော ပါကဋောတိ ဝါ အဇ္ဈတ္တိကော။

ဝါ၊ကား။ အဇ္ဈတ္တေ၊အဇ္ဈတ္တ တရားစု၌။ ဝိဒိတော-ပါကဋော၊ ထင်ရှား သော တရားတည်း။ ဣတိ၊ကြောင့်။ အဇ္ဈတ္တိကော၊အဇ္ဈတ္တိက-မည်၏။

အဓိပ္ပါယ်ကား....ထိုထိုသတ္တဝါတို့၏ ခန္ဓာအတ္တဘော၌ ထင်ရှားသော ကြောင့် စက္ခုပသာဒစသော အဇ္ဈတ္တိကာယတန တရားအပေါင်းသည် အဇ္ဈတ္တိကရုပ်မည်၏။ ။ဤ၌ကား ရုပ်ပိုင်းအရာဖြစ်သောကြောင့် ပသာဒ ရုပ်ငါးပါးကိုသာ ယူအပ်၏။ ။ထိုပသာဒရုပ် ငါးပါးတို့ကို လွန်လွန်မင်းမင်း တဏှာဖြင့် သိမ်းပိုက်အပ်သည်ထက် သိမ်းပိုက်အပ်, ချစ်ခင်အပ်သည် ထက် ချစ်ခင်အပ်ကုန်၏။ ။ဟူလို။

---

## ဗာဟိရရုပ် အဘွင့်

ဗဟိ ဘူတံ ဗာဟိရံ။ ။ဗာဟိရမေဝ ရူပံ ဗာဟိရရူပံ။

ဗဟိ၊ အပ၌။ ဘူတံ၊ ဖြစ်သည်တည်း။ ဗာဟိရံ၊ အပ၌ဖြစ်သည်။ ။ ဗာဟိရမေဝ၊ အပ၌ဖြစ်သည်သာလျှင် ဖြစ်သော။ ရူပံ၊ ရုပ်တည်း။ ဗာဟိရ ရူပံ၊ အပ၌ ဖြစ်သောရုပ်။ ။အဓိပ္ပါယ်....ပသာဒရုပ်ငါးပါးမှ ကြွင်းသော ရုပ် ၂၃-ပါးတို့သည် သတ္တဝါတို့၏ ကိုယ်၌ရှင်း၊ သတ္တဝါမဟုတ်သော ဝတ္ထုတို့၌ရှင်း ဖြစ်သောကြောင့် ဗာဟိရရုပ် မည်ကုန်၏။

တနည်း....ပေါ့ပေါ့ လျော့လျော့ သိမ်းပိုက်အပ်သောကြောင့် အပ ပစ္စည်းဖြစ်ရကား ဗာဟိရရုပ်မည်၏။ ။ဥပမာအားဖြင့်ဆိုသော် လောက၌ ရွှေ, ငွေ, ပတ္တမြားတို့ကို အိမ်၏ အပြင်ဘက်၌ မြှုပ်ထားကာ သိုမှီးသိမ်း ဆည်း၍ ထားအပ်ကုန်၏။ချင်းတောင်း,စကော,အိုး,ရေခွက်-စသော ဝတ္ထု ပစ္စည်းတို့ကို အိမ်၏အတွင်း၌ ထားအပ်ကုန်၏။ ထိုသို့ပင် ထားအပ်ကုန် သော်လည်း အပ၌ထားအပ်သော ရွှေ,ငွေစသော ဝတ္ထုတို့ကိုသာ တဏှာ ဖြင့် အထူး စောင့်ရှောက်ကုန်သောကြောင့် အတွင်း အသုံးအဆောင်, အတွင်းပစ္စည်း-ဟု ဆိုအပ်ကုန်၏။ ချင်းတောင်း စသော ဝတ္ထုတို့ကား အတွင်း၌ပင် ထားအပ်စေကာမူ တဏှာဖြင့် စောင့်ရှောက်မှု ပေါ့လျော့ သောကြောင့် အပအသုံးအဆောင် အပပစ္စည်း ဟု ဆိုအပ်ကုန်သကဲ့သို့ ထိုအတူ စက္ခုစသော အဇ္ဈတ္တိကာယတန တို့သည် သတ္တဝါတို့အား အလွန် ကျေးဇူးများသော တရားများဖြစ်ကြ၍ အတ္တဘော၌ ထင်ရှားသော ရုပ်များ ဖြစ်ကုန်၏။ ဂရုပြုကာ အထူး စောင့်ရှောက်အပ်ကုန်၏။ ရွှေ,ငွေ, စသော အတွင်းပစ္စည်းများသဘွယ် ဖြစ်ကုန်၍ အဇ္ဈတ္တိက မည်ကုန်၏။

ကြွင်းသော ရူပါရုံစသော ၂၃-ပါးသော ရုပ်များကား အတ္တဘော၌ မထင်ရှား၊ ကျေးဇူးမများသော တရားများဖြစ်သဖြင့် ချင်းတောင်းများ သဘွယ် ပေါ့လျော့စွာ သိမ်းဆည်းစောင့်ရှောက်အပ်၍ အပပစ္စည်းများ ဖြစ်သောကြောင့် ဗာဟိရမည်ကုန်၏ ဟု မှတ်။

**ဆောင်ပုဒ်**

ကျေးဇူး မများ၊ ပ-ဖြစ်ငြား၊မှတ်သား-ဗာဟိရ။

---

**ဝတ္ထုဒုက အဘွင့်**

**၂၀။ ။ပသာဒဟာဒယသင်္ခါတံ ဆဗ္ဗိဓမ္ပိ ဝတ္ထုရူပံ နာမ။ ဣတရံ အဝတ္ထုရူပံ။**

သဂြိုဟ်ပါဠိ။

ပသာဒရုပ် ၅-ပါး၊ ဟဒယရုပ် ၁-ပါး အားဖြင့် ခြောက်ပါးသော ရုပ်သည်-ဝတ္ထုရုပ်မည်၏။ ကြွင်းသော ၂၂-ပါးသော ရုပ်သည် အဝတ္ထု ရုပ်မည်၏။ ။ဟူလို။

ဤကား ပိဏ္ဍတ္ထ။

---

**ဝတ္ထု,အဝတ္ထု၏ အဓိပ္ပါယ်**

ဝသန္တိ ဧတ္ထ စိတ္တစေတသိကာ တံ နိဿယဝသေနာတိ ဝတ္ထုနိ။

ဧတ္ထ၊ ဤ-စက္ခုစသော ရုပ်တို့၌။ စိတ္တစေတသိကာ၊ စိတ်,စေတသိက် တို့သည်။တံ နိဿယဝသေန၊ ထိုစိတ်, စေတသိက်တို့၏ မှီရာ၏ အစွမ်းဖြင့်။ ဝါ၊အဖြစ်ဖြင့်။ ဝသန္တိ၊ တည်နေတတ်ကုန်၏။ ဣတိတသ္မာ၊ ထိုသို့တည်ရာ ဖြစ်သော သတ္တိကြောင့်။ ဝတ္ထုနိ၊ ဝတ္ထု-မည်ကုန်၏။

ဝတ္ထုဧဝ ရူပံ ဝတ္ထုရူပံ။

ဝတ္ထုဧဝ၊ စိတ်, စေတသိက်တို့၏ မှီရာဖြစ်သော။ ရူပံ၊ ရုပ်သည်။ ဝတ္ထု ရူပံ၊ ဝတ္ထုရုပ်မည်၏။ ။အဓိပ္ပါယ်ကား····ဤရုပ် ခြောက်ပါးတို့သည် စိတ်,စေတသိက်တို့၏ မှီရာ,တည်ရာဖြစ်သောကြောင့် ဝတ္ထုမည်ကုန်၏။ ။ ဟူလို။

န ဝတ္ထုနိတိ အဝတ္ထုနိ။

ဝတ္ထုနိ၊ စိတ်,စေတသိက်၏ မှီရာတည်ရာတို့သည်။ န၊ မဟုတ်ကုန်။ ဣတိ၊ ကြောင့်။ အဝတ္ထုနိ၊ အဝတ္ထု-ရုပ်မည်ကုန်၏။ ။ဝိဂြိုဟ်အရ.... ကြွင်းသောရုပ် ၂၂- ပါးတို့ကား စိတ်, စေတသိက်တို့၏ မှီရာတည်ရာ မဟုတ်သောကြောင့် အဝတ္ထုရုပ် မည်ကုန်၏။

(အဓိပ္ပါယ် ပေါ်ပါ၏၊ အောက်ပကိဏ်းပိုင်း၌လည်း ဘွင့်ပြခဲ့ပြီ)။

---

**ဒွါရဒုက အဘွင့်**

**၂၁။ ။ပသာဒဝိညတ္တိ သင်္ခါတံ သတ္တဝိဓမ္ပိ ဒွါရရူပံနာမ။ ဣတရံ အဒွါရရူပံ။**

သဂြိုဟ်ပါဌ်။

ပသာဒရုပ် ၅-ပါး၊ ဝိညတ်ရုပ် ၂-ပါး အားဖြင့် ၇-ပါးသော ရုပ်သည် ဒွါရရုပ်မည်၏။ကြွင်းသောရုပ် ၂၁-ပါးသည် အဒွါရရုပ်မည်၏။ ။ဟူလို။

ဤကား ပိဏ္ဍတ္ထ။

---

**ဒွါရ,အဒွါရ အဓိပ္ပါယ်**

ဒွါရန္တိ ဂစ္ဆန္တိ ပဝတ္တန္တိ စိတ္တစေတသိကာ ဓမ္မာ
ဧတ္ထ ဧတေနဝါတိ ဒွါရံ။ ။ဒွါရမေဝ ရူပံ ဒွါရရူပံ။

ဧတ္ထ၊ဤစက္ခုစသောရုပ်၌။ဝါ၊တနည်းကား။ ဧတေန၊ဖြင့်၊ စိတ္တစေတသိကာ၊စိတ်, စေတသိက်ဖြစ်ကုန်သော။ဓမ္မာ၊ တရားတို့သည်။ ဒွါရန္တိ-ဂစ္ဆန္တိ-ပဝတ္တန္တိ၊ဖြစ်တတ်ကုန်၏။ ဣတိတသ္မာ၊ဤသို့ ဖြစ်ရာ ,ဖြစ်ကြောင်းဖြစ်သော သတ္တိကြောင့်။ဒွါရံ၊ဒွါရမည်၏။ ။ဒွါရမေဝ၊စိတ်,စေတသိက်တို့၏ ဖြစ်ရာ ဖြစ်ကြောင်းဖြစ်သော။ရူပံ၊ရုပ်သည်။ဒွါရရူပံ၊ဒွါရရုပ်မည်၏။

အဓိပ္ပါယ်ကား....ပသာဒရုပ် ၅ါးခုတို့သည် ပဉ္စဒွါရဝီထိ စိတ်, စေတသိက်တို့၏ ဖြစ်ရာ, ဖြစ်ကြောင်း ဖြစ်သောကြောင့် ဒွါရရုပ်မည်၏။ ။ ဝိညတ်ရုပ် ၂-ခုတို့ကား ပါဏာတိပါတစသော ကံတို့၏ ဖြစ်ရာ,ဖြစ်ကြောင်း ဖြစ်သောကြောင့် ဒွါရရုပ်မည်ကုန်၏။ ။ဟူလို။

န ဒွါရရူပံ အဒွါရရူပံ။

ဒွါရရူပံ၊စိတ်, စေတသိက်တို့၏ ဖြစ်ရာ ဒွါရရုပ်သည်။ န၊မဟုတ်။ဣတိ၊ ကြောင့်။ အဒွါရရူပံ၊ အဒွါရရုပ် မည်၏။ ။ဝိဂြိုဟ်အရ....ကြွင်းသော ရုပ် ၂၁-ခုသည် စိတ်,စေတသိက်တို့ဖြစ်ရာ မဟုတ်သောကြောင့် အဒွါရ ရုပ်မည်၏။ ။ဟူလို။

(အောက်ပကိဏ်းပိုင်း၌လည်း ဘွင့်ပြခဲ့ပြီ)

---

## ဣန္ဒြိယဒုက အဖွင့်

**၂၂။ ။ပသာဒဘာဝဇီဝိတသင်္ခါတံ အဋ္ဌဝိဓမ္ပိ ဣန္ဒြိယရူပံ နာမ။ ဣတရံ အနိန္ဒြိယ ရူပံ။ ။သဂြိုဟ်ပါဌ်။**

ပသာဒရုပ် ၅-ခု၊ဘာဝရုပ် ၂-ခု၊ဇီဝိတရုပ် ၁-ခုအားဖြင့် ရှစ်ခုသော ရုပ်သည် ဣန္ဒြိယရုပ်မည်၏။ ကြွင်းသော ရုပ် ၂၀-သည် အနိန္ဒြိယရုပ် မည်၏။ ။ဟူလို။

ဤကား ပိဏ္ဍတ္ထ။

---

## ဣန္ဒြိယ,အနိန္ဒြိယ အဓိပ္ပါယ်

ဣန္ဒ္ဒံ အဓိပတိဘာဝံ ကရောတီတိ ဣန္ဒြိယံ။
ဣန္ဒြိယမေဝ ရူပံ ဣန္ဒြိယရူပံ။

ဣန္ဒ္ဒံ-အဓိပတိဘာဝံ၊ အစိုးရသည် အဖြစ်ကို။ ကရောတိ၊ ပြုတတ်၏။ ဣတိ၊ ကြောင့်။ ဣန္ဒြိယံ၊ ဣန္ဒြိယ-မည်၏။ ။ဣန္ဒြိယ မေဝ၊ အစိုးရ သည်၏ အဖြစ်ကို ပြုတတ်သော။ ရူပံ၊ရုပ်သည်။ ဣန္ဒြိယရူပံ၊ ဣန္ဒြိယရုပ် မည်၏။ ။အဓိပ္ပါယ်ကား....ဤရုပ်ရှစ်ခုတို့သည် မိမိနှင့် အတူဖြစ်သော ရုပ်တို့ကို အစိုးရ အကြီးမှူးဖြစ်သောကြောင့် ဣန္ဒြိယရုပ်မည်ကုန်၏။ ။ အစိုးရပုံကား....ပသာဒ-ရုပ်ငါးခုသည် ပဉ္စဝိညာဏ်စိတ်တို့၌ အစိုးရ၏။ ၎င်းပသာဒရုပ် ကြည်လင်မှသာ ပဉ္စဝိညာဏ်စိတ် ကောင်းစွာ ဖြစ်နိုင်၏။ မကြည်သင် တိမ်သလာစသည် အုပ်ဖုံးနှောက်ရှက်ပါမူ ၎င်းပဉ္စဝိညာဏ် စိတ်တို့သည်လည်း ကောင်းစွာ မဖြစ်နိုင်ကုန်၊ ဤသို့ ပဉ္စဝိညာဏ်စိတ်

ကောင်းစွာ ဖြစ်မှု,နှံ့စွာ ဖြစ်မှု၏ အကြောင်းရင်း ဖြစ်သည့်ကိုပင် အစိုးရသည် ဟု ဆိုရ၏။ ။ဘာဝရုပ် ၂-ခုသည် မိန်းမအသွင်, ယောကျ်ားအသွင် ဖြစ်မှု, ပြုမှု၌ အစိုးရ၏၊ ဣတ္ထိဘာဝရုပ်ရှိသူမှ ဣတ္ထိလိင် ဣတ္ထိနိမိတ်စသည်ဖြစ်နိုင်၏။ ပုရိသရုပ် ဘာဝရှိသူမှ ပုရိသလိင် ပုရိသနိမိတ်စသည် ဖြစ်နိုင်၏။ဤသို့ ဖြစ်မှုကို အစိုးရသည် ဟု ဆိုရ၏။ ဇီဝိတရုပ်သည် ကမ္မဇရုပ်တို့၌ အစိုးရ၏။ ဇီဝိတရုပ်တည်သမျှ ကာလပတ်လုံး ကမ္မဇရုပ်တို့သည် မညှိုးမနွမ်း လန်းလန်းခိုင်ခံ့ တည်နေနိုင်ကုန်၏။ဤသို့ အစိုးရ၏ ဟု မှတ်။

န ဣန္ဒြိယန္တိ အနိန္ဒြိယံ။

ဣန္ဒြိယံ၊ သဟဇာတ် ဖြစ်သော ရုပ်တို့ကို အစိုးရသည်။န၊ မဟုတ်။ ဣတိ၊ကြောင့်။ အနိန္ဒြိယံ၊အနိန္ဒြိယ-မည်၏။ ။ဝိဂ္ဂြိုဟ်အရ···· ကြွင်းသော ရုပ် ၂၀-တို့သည် သဟဇာတ်တို့ကို အစိုးမရသောကြောင့် အနိန္ဒြိယရုပ် မည်ကုန်၏။ ။ဟူလို။

**ဆောင်ပုဒ်**

က။ ။ပဥ္စပသာ၊ရုပ်ငါးဖြာ၊စိုးရာ-ပဥ္စဝိဉ်။

ခ။ ။ဘာဝဒွယံ၊ရုပ်နှစ်တန်၊စိုးမှန်-လိင်နှစ်ဖြာ။

ဂ။ ။ရုပ်ဇီဝိတ၊စိုးပါရ၊ရုပ်-ကမ္မဇံ။

ဃ။ ။သဟဇရုပ်၊ကြောင်းရင်းဟုတ်၊မယုတ်-စိုးရမှန်။

---

**ဩဠာရိကဒုက အဖွင့်**

၂၃။ ။ပသာဒဝိသယသင်္ခါတံ ဒွါဒသဝိဓမ္ပိ ဩဠာရိကရူပံ၊ သန္တိကေ ရူပံ၊သပ္ပဋိဃရူပဉ္စ၊ဣတရံ သုခုမရူပံ၊ဒူရေရူပံ၊အပ္ပဋိဃရူပဉ္စ။

သင်္ဂြိုဟ်ပါဠ်။

ပသာဒရုပ် ငါးခု၊ ဝိသယရုပ် ၇-ခု၊ ဤရုပ် ၁၂-ခုသည် ဩဠာရိကရုပ် မည်၏။သန္တိကေ ရုပ်လည်းမည်၏။ သပ္ပဋိဃ ရုပ်လည်းမည်၏။ ကြွင်းသော

ရုပ် ၁၆-ခုကား သုခုမရုပ်မည်၏။ဒူရေ ရုပ်လည်းမည်၏။အပ္ပဋိဃ ရုပ်လည်း မည်၏။ ။ဟူလို။

ဤကား ပိဏ္ဍတ္ထ။

---

## ဩဠာရိက,သုခုမ အဓိပ္ပါယ်

ဃဋ္ဋနဝသေန ဂဟေတဗ္ဗတော ဩဠာရိကံ။

ဝိသုဒ္ဓိမဂ် အဋ္ဌကထာ။

ဃဋ္ဋနာသနာတိ ဝိသယိဝိသယော စ ဟုတွာ သံဃဋ္ဋနဝသေန။

မဟာဋီကာပါဠ်အရ၊ ရူပါရုံစသော ဂေါစရရုပ်ကား အာရုံဖြစ်၍ ဝိသယ မည်၏၊ပသာဒရုပ်ကား အာရုံ၏ထင်ရာ အာရမ္မဏိကဖြစ်၍ ဝိသယီမည်၏၊ ဤသို့ ဝိသယ, ဝိသယီ အဖြစ်သို့ ရောက်နိုင်၍ ကြမ်းတန်း, ရန့်ရင်းသော ကြောင့် ဩဠာရိကရုပ် မည်၏။

ကြမ်းတန်းသည် ဟု ဆိုရာဝယ် ဆဲရေး, တိုင်းထွာ တတ်သောကြောင့် ကြမ်းတန်းသည် မဟုတ်၊ ဤရုပ်ကား ပသာဒ,ဝိသယရုပ် ဟု ပြောလျှင် ထင်လွယ်, မြင်လွယ်သော ရုပ်တရားဖြစ်၏။၎င်းသို့ ထင်လွယ်, မြင်လွယ် သည်ကိုပင် ကြမ်းတန်းသည် ဟု ဆိုလို၏။

သေသံ တတော ဝိပရီတတ္တာ သုခုမံ။

ဝိသုဒ္ဓိမဂ် အဋ္ဌကထာအရ ကြွင်းသော ရုပ် ၁၆-ခုသည် ဤကဲ့သို့ မထင်နိုင်,မမြင်နိုင်၍ သိမ်မွေ့,နူးညံ့သောကြောင့် သုခုမရုပ် မည်၏။

**ဆောင်ပုဒ်**

က။ ။ထင်မြင်နိုင်မှု၊ကြမ်းတန်းဟု၊မှတ်ရှု-ဩဠာရိ။

ခ။ ။မထင်မြင်မှု၊နူးညံ့ဟူ၊မှတ်ယူ-သုခုမ။

---

## သန္တိကေ,ဒူရေ အဓိပ္ပါယ်

“သုပဋိဝိဇ္ဈသဘာဝတ္တာ သန္တိကေ” ဝိသုဒ္ဓိမဂ် အဋ္ဌကထာအရ ၎င်းပသာဒရုပ်,ဝိသယ-ရုပ် ၁၂-ခုသည် ဉာဏ်ဖြင့် သိမ်းဆည်း၍ ရလွယ်

သောကြောင့် သန္တိကေ ရုပ်မည်၏။ ။ခရီးနီးသကဲ့သို့ နီးခြင်းမျိုးမဟုတ်။ ။ဟူလို။

"တဒေဝ ဒုပ္ပဋိဝိဇ္ဈသဘာဝတ္တာ ဒူရေ" ၎င်းအဋ္ဌကထာ ပါဌ်အရ ကြွင်းသောရုပ်သည် ဉာဏ်ဖြင့် သိမ်းဆည်း၍ ရခဲသောကြောင့် ဒူရေရုပ်မည်၏။ ။ခရီးဝေးသကဲ့သို့ ဝေခြင်းမျိုး မဟုတ်။ ။ဟူလို။

## ဆောင်ပုဒ်

က။ ။ဉာဏ်ဖြင့် သိမ်းဆည်း၊ရနိုင်ပြီး၊မှတ်နည်း-သန္တိကေ။

ခ။ ။သိမ်းသည်း မရ၊သဘာဝ၊မှတ်ကြ-ဒူရေ။

---

## သပ္ပဋိဃ,အပ္ပဋိဃ ခေါ်ပုံ

ပဋိဟနနံ ပဋိဃော။ ။သဟ ပဋိဃေနာတိ သပ္ပဋိဃံ။

ပဋိဟနနံ၊ရှေးရှုထိခိုက်ခြင်း။ ပဋိဃော၊ရှေးရှုထိခိုက်ခြင်း။ ။ယံ၊အကြင်ရုပ်သည်။ ပဋိဃေန၊ ရှေးရှု ထိခိုက်ခြင်း ဟု ဆိုအပ်သော ထိပါးတိုက်ခိုက်ခြင်းနှင့်။သဟ၊ တကွ။ ပဝတ္တတိ၊ ဖြစ်တတ်၏။ဣတိ၊ ကြောင့်။ တံ၊ထိုရုပ်သည်။သပ္ပဋိဃံ၊သပ္ပဋိဃ-ရုပ်မည်၏။ ။အဓိပ္ပါယ်ကား····၅ပသာဒရုပ်, ဝိသယရုပ်သည် အာရုံ,အာရမ္မဏိကအဖြစ်ဖြင့် ထိပါးခြင်း,မဟာဘုတ်တို့ အချင်းချင်း ထိပါးခြင်းနှင့်တကွဖြစ်သော ရုပ်သည် သပ္ပဋိဃရုပ်မည်၏။ ။ဟူလို။

နတ္ထိ ပဋိဃော ယဿာတိ အပ္ပဋိဃံ။

ယဿ၊ အကြင်ရုပ်အား။ ပဋိဃော၊ ထိပါး တိုက်ခိုက်ခြင်းသည်။ နတ္ထိ၊ မရှိ။ ဣတိ၊ကြောင့် အပ္ပဋိဃံ၊ အပ္ပဋိဃမည်၏။ ။ဝိဂ္ဂဟ်အရ····ကြွင်းသောရုပ်သည်၊ ဆိုအပ်ပြီးသော ထိပါးခြင်းမရှိသောကြောင့်-အပ္ပဋိဃရုပ်မည်၏။ ။ဟူလို။

## ဆောင်ပုဒ်

က။ ။ထိခိုက်ခြင်းရှိ၊ရုပ်သတ္တဲ၊မှတ်ဘိ-သပ္ပဋိဃံ။

ခ။ ။ထိခိုက်မရှိ၊ရုပ်သတ္တဲ၊မှတ်ဘိ-အပ္ပဋိဃံ။

## ဥပါဒိန္နဒုက အဘွင့်

၂၄။ ။ကမ္မဇံ ဥပါဒိန္နရူပံ၊ ဣတရံ အနုပါဒိန္နရူပံ။

သင်္ဂြိုဟ်ပါဠိ။

ကံကြောင့်ဖြစ်သော ရုပ် ၁၈-ခုသည် ဥပါဒိန္နရုပ်မည်၏၊ ကြွင်းသောပ ရုပ် ၁၀-ခုသည် အနုပါဒိန္နရုပ်မည်၏။ ။ဟူလို။

ဤကား ဝိဂ္ဂဟတ္ထ။

---

### ဥပါဒိန္န,အနုပါဒိန္န အဓိပ္ပါယ်

တဏှာဒိဋ္ဌီဟိ ဥပေတေန ကမ္မုနာ အာဒိန္နတ္တာ ဥပါဒိန္နံ။

တဏှာ ဒိဋ္ဌီဟိ၊ တဏှာ ဒိဋ္ဌိတို့နှင့်။ ဥပေတေန၊ ပြည့်စုံသော။ ကမ္မုနာ၊ ကံသည်။အာဒိန္နံ၊အကျိုး၏ အဖြစ်ဖြင့် ယူအပ်၏။ ဣတိ၊ ကြောင့်။ ဥပါဒိန္နံ၊ ဥပါဒိန္န-မည်၏။

ဥပါဒိန္နမေဝ ရူပံ ဥပါဒိန္နရူပံ။

ဥပါဒိန္နမေဝ၊ တဏှာ ဒိဋ္ဌိတို့နှင့် ပြည့်စုံသော ကံသည် အကျိုး၏ အဖြစ်ဖြင့် ယူအပ်သည်သာလျှင် ဖြစ်သော။ ရူပံ၊ရုပ်သည်။ ဥပါဒိန္နရူပံ၊ ဥပါဒိန္န ရုပ်မည်၏။

အဓိပ္ပါယ်ကား····တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံ၏အကျိုး ဖြစ်သောကြောင့် ကမ္မဇရုပ်သည် ဥပါဒိန္န-ရုပ်မည်၏။ ။ဟူလို။

တဏှာ ဒိဋ္ဌီဟိ ဘုသံ အာဒီယတီတိ ဝါ ဥပါဒိန္နံ။

ဝါ၊ ကား။ တဏှာ ဒိဋ္ဌီဟိ၊ တဏှာ ဒိဋ္ဌိတို့သည်။ ဘုသံ၊လွန်စွာ။ အာဒီယတိ၊ ယူအပ်၏။ ဣတိ၊ ကြောင့်။ ဥပါဒိန္နံ၊ ဥပါဒိန္နမည်၏။

အဓိပ္ပါယ်ကား····တဏှာဒိဋ္ဌိ တို့သည် ပြင်းစွာ သိမ်းယူအပ်သော ကြောင့် ကမ္မဇရုပ်သည် ဥပါဒိန္နမည်၏။ ။ဟူလို။

ထိုစကားမှန်၏၊ ဤကမ္မဇရုပ်တို့ ရှိသောကြောင့်သာ သတ္တဝါကောင် ပုဂ္ဂိုလ်တယောက်-ဟူ၍ ထင်ထင်ရှားရှား ဖြစ်နေရ၏။ ထိုကမ္မဇရုပ်တို့ကို သာလျှင် ဤကား-ငါတည်း၊ ဤကား-ငါ၏ ဥစ္စာတည်း-ဟု တဏှာ,ဒိဋ္ဌိတို့ သိမ်းပိုက်,စွဲလမ်းအပ်ကုန်၏။

န ဥပါဒိန္နန္တိ အနုပါဒိန္နံ။ ။အနုပါဒိန္နမေဝ
ရူပံ အနုပါဒိန္နရူပံ။

ဥပါဒိန္နံ၊တဏှာဒိဋ္ဌိတို့ ကပ်အပ်သော ကံ၏အကျိုးဖြစ်သည်။ န၊မဟုတ်။ ဣတိ၊ကြောင့်၊အနုပါဒိန္နံ၊ အနုပါဒိန္နမည်၏။ ။အနုပါဒိန္နမေဝ၊ သည်လျှင်ဖြစ်သော။ ရူပံ၊ရုပ်သည်။ အနုပါဒိန္နရူပံ၊ အနုပါဒိန္နရုပ် မည်၏။ ။ဝိဂ္ဂိုဟ်အရ····ကြွင်း စိတ္တဇရုပ်,ဥတုဇရုပ်, အာဟာရဇရုပ် အပေါင်းသည် ကံ၏ အကျိုးမဟုတ်သောကြောင့် အနုပါဒိန္နရုပ် မည်၏။ ။ဟူလို။

---

## သနိဒဿနဒုက အဘွင့်

၂၃။ ။ရူပါယတနံ သနိဒဿနရူပံ၊ ဧတရံ အနိဒဿန ရူပံ။

သဒ္ဒိုဟ်ပါဌ်။

ရူပါရုံသည် သနိဒဿနရုပ် မည်၏။ ကြွင်းသော ရုပ် ၂၇-ခုသည် အနိဒဿနရုပ်မည်၏။ ။ဟူလို။

ဤကား-ဝိဂ္ဂဟတ္ထ။

---

## သနိဒဿန အနိဒဿန အဓိပ္ပါယ်

သဟ နိဒဿနေနာတိ သနိဒဿနံ။

ယံ၊အကြင် ရုပ်သည်။နိဒဿနေန၊ ရှုအပ်သည့် အဖြစ်ဟူသော ဂုဏ်နှင့်။ သဟ၊တကွ။ ဝတ္တတိ၊ဖြစ်တတ်၏။ ဣတိ၊ကြောင့်။ သနိဒဿနံ၊ သနိဒဿန ရုပ်မည်၏။ ။အဓိပ္ပါယ်ကား····ကြည့်၍ မြင်ကောင်းသောကြောင့် ရူပါရုံသည် သနိဒဿနရုပ် မည်၏။ ။ဟူလို။

နတ္ထိ နိဒဿနံ ဧတဿာတိ အနိဒဿနံ။

ဧတဿ၊အား။နိဒဿနံ၊ကြည့်၍ မြင်ကောင်းသော ရုပ်သည်။ နတ္ထိ၊မရှိ။ ဣတိ၊ကြောင့်။ အနိဒဿနံ၊ အနိဒဿန-ရုပ်မည်၏။ ။အဓိပ္ပါယ်ကား····ရှု၍, ကြည့်၍ မမြင်ကောင်းသောကြောင့် ကြွင်းသော ရုပ် ၂၇-ခုသည် အနိဒဿနရုပ် မည်၏။ ။ဟူလို။

**မှတ်ချက်**။ ။သဟ နိဒဿနေန-ဟူသော ဝိဂ္ဂြိုဟ် ဝါကျ၌ နိဒဿန၏ အရကား ရူပါရုံ ပင်တည်း။ ယံ-ဟူသော သဗ္ဗနာမ်၏ အရလည်း ရူပါရုံပင်ဖြစ်၍ အရမကွဲမပြားခဲ့၊သို့သော် အဘေဒဘေဒူပစာ အစွမ်းအားဖြင့် နိဒဿနေန-၏ အရကို ဘာဝပ္ပဓာန် ကြံလျက် ဘောဂဏ်ကို ကောက်၍ ယံ-၏ အရ၊ရူပါရုံကို ကောက်ယူရလေသတည်း။

---

## သမ္ပတ္တဒုက အဘွင့်

၂၆။ ။**စက္ခာဒီဟိ ယံ အသမ္ပတ္တဝသေန၊ ဃာနာဒီဟိ ယံ သမ္ပတ္တဝသေနာတိ ပဉ္စဝိဓမ္ပိ ဂေါစရဂ္ဂါဟိကရူပံ၊ ရူပံ အဂေါစရဂ္ဂါဟိကာ ရူပံ**။ ။သင်္ဂြိုဟ်ပါဠိ။

ပသာဒရုပ်ငါးခုသည် အာရုံကို ယူတတ်သောကြောင့် ဂေါစရဂ္ဂါဟိကရုပ်မည်၏။ ။ကြွင်းသောရုပ် ၂၃-ခုသည် အာရုံကို မယူတတ်သောကြောင့် အဂေါစရဂ္ဂါဟိကရုပ် မည်၏။ ပသာဒရုပ် ငါးခုတို့တွင် စက္ခုသောတ ၂-ခုသည် မရောက်သည် အစွမ်းဖြင့် အာရုံကိုယူ၏။ ဃာန,ဇိဝှါ, ကာယ သုံးပါးကား ရောက်သည်အစွမ်းဖြင့် အာရုံကို ယူ၏။ ။ဟူလို။

ဤကား ပိဏ္ဍတ္ထ။

---

## သမ္ပတ္တ, အသမ္ပတ္တ အဓိပ္ပါယ်

ဤသမ္ပတ္တ,အသမ္ပတ္တ-အရာ၌ အဋ္ဌကထာသစ်ကျမ်းပြု အရှင်-မဟာဗုဒ္ဓဃောသဆရာဝါဒ,အဋ္ဌကထာဟောင်း မဟာအဋ္ဌကထာဝါဒ-ဟူ၍ ၂-မျိုး ၂-စား ရှိ၏။ထို ၂-မျိုးတို့တွင်အဋ္ဌကထာသစ်ဝါဒကိုရှေးဦးစွာ ဘွင့်ပြပေအံ့။

စက္ခုသောတာနိ အသမ္ပတ္တဝိသယဂ္ဂါဟကာနိ အတ္တနော နိဿယံ အနလ္လီနနိဿယေ ဧဝ ဝိသယေ ဝိညာဏဟေတုတ္တာ။ဃာန ဇိဝှါ ကာယာ သမ္ပတ္တဝိသယဂ္ဂါဟကာ၊ နိဿယဝသေန စေဝ သယဉ္စ အတ္တနော နိဿယံ အနလ္လီနေယေဝ ဝိသယေ ဝိညာဏ ဟေတုတ္တာ။

အဋ္ဌသာလိနီ အဋ္ဌကထာ။ ။(၃၁၃)

စက္ခုသောတာနိ၊ စက္ခုနှင့် သောတတို့သည်။အသမ္ပတ္တဝိသယဂ္ဂါဟကာနိ၊မိမိသို့ မရောက်သော အာရုံကို ယူတတ်ကုန်၏။ ဝါ၊အာရုံသို့ မိမိတို့

မရောက်မူ၍ အာရုံကိုယူတတ်ကုန်၏။ ကသ္မာ၊ အဘယ့်ကြောင့် နည်းဟူမူကား။အတ္တနော၊မိမိ-ဟုဆိုအပ်သော စက္ခု,သောတ၏။ နိဿယံ၊မှီရာဖြစ်သော မဟာဘုတ်ကို။ အနလ္လီနနိဿယေ ဝေ၊ မငြိမရောက်သော အမှီရှိသည်သာလျှင်ဖြစ်သော။ဝိသယေ၊ ရူပ,သဒ္ဒ-ဟူသော အာရုံ၌။ ဝိညာဏဟေတုတ္တာ၊ စက္ခုဝိညာဏ်, သောတဝိညာဏ် ဖြစ်ခြင်း၏အကြောင်း၏အဖြစ်ကြောင့်တည်း။

အဓိပ္ပါယ်ကား....ပသာဒဝတ္ထု၌ ရောက်၍, ထိ၍, ငြိ၍ရောက်သော အာရုံသည် သမ္ပတ္တအာရုံမည်၏။ ပသာဒဝတ္ထုနှင့် တဆံဖျားမျှ စသည်ဖြင့် ကွာခြား၍ဖြစ်သော အာရုံသည် ပသာဒသို့မရောက် မထိ,မငြိသောအာရုံဖြစ်သောကြောင့်- အသမ္ပတ္တ အာရုံမည်၏။ ။စက္ခုနှင့် သောတတို့သည် မိမိတို့ထံသို့ ထိကာ,ငြိကာ, မရောက်လာသော အာရုံကိုသာယူနိုင်သောကြောင့်-အသမ္ပတ္တဂ္ဂါဟရုပ်တရားများမည်၏။ ။ဟူလို။

၂၆-က။ ။ဃာနဇိဝှါကာယာ သမ္ပတ္တဝိသယဂ္ဂါဟကာ၊ နိဿယဝသေန စေဝ သယဥ္စ အတ္တနော နိဿယံ အလ္လီနေယေဝ ဝိသယေ ဝိညာဏဟေတုတ္တာ။

အဋ္ဌသာလိနီ အဋ္ဌကထာ။ ။(၃၁၃)

အဓိပ္ပါယ်ကား....ပသာဒဝတ္ထု၌ ထိ၍,ငြိ၍ရောက်လာသော အာရုံသည် သမ္ပတ္တအာရုံမည်၏။ ။ဃာန, ဇိဝှါ, ကာယ-သုံးပါးတို့သည်လည်း မိမိတို့ထံသို့ ထိလာ,ငြိလာ,ရောက်လာသော အာရုံကိုသာ ယူတတ်သောကြောင့်-သမ္ပတ္တဂ္ဂါဟကရုပ်မည်၏။ ။ဟူလို။

(ဤကား-အရှင်မဟာဗုဒ္ဓဃောသဆရာ၏ အယူဝါဒတော်တည်း)။

---

၂၆-က။ ။ဃာနဇိဝှါကာယာ၊ဃာန,ဇိဝှါ,ကာယသုံးပါးတို့သည်။သမ္ပတ္တဝိသယဂ္ဂါဟကာ၊ မိမိသို့ရောက်သောအာရုံကိုယူတတ်ကုန်၏။ကသ္မာ၊နည်း။နိဿယဝသေနစေဝ၊ဂန္ဓ,ရသတို့၏ အမှီမဟာဘုတ်၏အစွမ်းဖြင့်လည်း။အတ္တနော၊ဃာန,ဇိဝှါ-ဟူသော မိမိ၏။နိဿယံ၊မှီရာမဟာဘုတ်ကို။အလ္လီနေယေဝ၊ငြိရောက်သည်သာလျှင်ဖြစ်သော။ဝိသယေ၊ဂန္ဓ-ရသ-အာရုံ၌။သယဥ္စ၊ဖောဋ္ဌဗ္ဗမဟာဘုတ်ဟူသော မိမိကိုယ်တိုင်လည်း။ အတ္တနော၊မိမိ-ဟုဆိုအပ်သော ကာယ၏။ နိဿယံ၊မှီရာမဟာဘုတ်ကို။အလ္လီနေယေဝ၊ငြိသည်သာလျှင်ဖြစ်သော။ဝိသယေ၊ဖောဋ္ဌဗ္ဗာရုံ၌။ ဝိညာဏဟေတုတ္တာ၊ ဃာန,ဇိဝှါ,ကာယဝိညာဏ်ဖြစ်ခြင်း၏ အကြောင်း၏ အဖြစ်ကြောင့် တည်း။

၂၆-ခ။ ။အဋ္ဌကထာယံ ပန အာပါထဂတတ္တာဝ အာရမ္မဏံ သမ္ပတ္တံနာမ။

စန္ဒမဏ္ဍလ သူရိယမဏ္ဍလာနဉ္စိ ဒွါစတ္တာလီသယောဇနသဟဿ မတ္ထကေ ဌိတာနံ ဝဏ္ဏော စက္ခုပသာဒံ ဃဋ္ဋေတိ၊သောဒူရေ ဌတွာ ပညာယမာနောပိ သမ္ပတ္တောယေဝ နာမ၊ တဂ္ဂေါစရတ္တာ စက္ခု သမ္ပတ္တဂေါစရမေဝနာမ။ဒူရေ ရုက္ခံ ဆိန္ဒန္တာနမ္ပိ ရဇကာနဉ္စ ဝတ္ထံ ဓောဝန္တာနံ ဒူရတောဝ ကာယဝိကာရော ပညာယတိ၊သဒ္ဒေါ ပန ဓာတုပရမ္ပရာယ အာဂန္တွာ သောတံ ဃဋ္ဋေတွာ သဏိကံ ဝဝတ္ထာနံ ဂစ္ဆတိတိဝုတ္တံ။ ။မဟာအဋ္ဌကထာပါဠိ။

## မဟာအဋ္ဌကထာ ဝါဒ

အမိပ္ပါယ်ကား····ယူဇနာလေးသောင်းနှစ်ထောင်၏ အထက်ကောင်းကင်ပြင်၌ တည်ကုန်သော လဝန်း, နေဝန်းတို့၏ အဆင်းသည် စက္ခုပသာဒကို ထိခိုက်၏။ထိုလ,နေတို့၏ အဆင်းရူပါရုံသည် အဝေး၌တည်၍ ထင်သော်လည်း စက္ခုပသာဒသို့ ရောက်သည်ပင် မည်၍-သမ္ပတ္တအာရုံမည်၏။ စက္ခုပသာဒ-သည် ၎င်းရောက်သောအာရုံကိုပင် အာရုံယူသောကြောင့်-သမ္ပတ္တဂ္ဂါဟကရုပ်မည်၏။ ဝေးသောအရပ်၌ သစ်ပင်ကို ခုတ်ဖြတ်ကုန်သော သူတို့၏ လက်လှဲခြင်းစသော ကိုယ်၏ဘောက်ပြန်ခြင်း ကာယဝိကာရသည်၎င်း၊ ခဝါသည်တို့၏ လက်လှဲခြင်း စသော ကိုယ်၏ ဘောက်ပြန်ခြင်းကာယဝိကာရသည်၎င်း၊ အဝေးကပင်မြင်ရထင်ရ၏။ ။ ထိုသစ်ပင်ကို ခုတ်သံ, လှဲသံ, ခဝါသည်တို့၏ ခဝါဖွပ်သံသည်လည်း ဓာတ်အဆင့်ဆင့်အားဖြင့် လာ၍ သောတပသာဒကို ထိခိုက်၍ ဖြည်းဖြည်းပင် ပိုင်းခြားမှတ်သားခြင်းသို့ ရောက်သောကြောင့်-သမ္ပတ္တအာရုံမည်၏။ ၎င်းအာရုံကိုယူသော သောတပသာဒ သည်လည်း သမ္ပတ္တဂ္ဂါဟကရုပ်ပင် မည်၏။ ။ဟူလို။

(ဤကား-မဟာအဋ္ဌကာဆရာ၏ဝါဒတော်တည်း)။

---

၂၆-ခ။ ။ပန၊ ထိုမှတပါး။ အဋ္ဌကထာယံ၊ မဟာအဋ္ဌကထာ၌။ အာပါထဂတတ္တာဝ၊ ထင်ခြင်းသို့ ရောက်သည် အဖြစ်ကြောင့်သာလျှင်။ သမ္ပတ္တံနာမ၊သမ္ပတ္တမည်၏။

## သမ္ပတ္တ၊ အသမ္ပတ္တ၊ အဆုံးအဖြတ်

ဋီကာကြီးအဋ္ဌကထာသစ် ဝါဒနှင့် အဋ္ဌကထာဟောင်း မဟာအဋ္ဌကထာဝါဒ အရ ရှင်းလင်းလိုက်သော် အဋ္ဌကထာသစ် အရှင်မဟာဗုဒ္ဓဃောသဆရာ ကား သမ္ပတ္တအရ ပသာဒသို့ မဟာဘုတ်ချင်း မချငြိတွယ်ကာ ထိလာ သည်ကို သမ္ပတ္တ-ဟု မိန့်ဆိုတော်မူ၏။ ။မဟာအဋ္ဌကထာ ဝါဒကား ရှေးရှုထင်ကာမျှကိုပင် သမ္ပတ္တ-ဟု မိန့်ဆိုတော်မူ၏။ သို့ဖြစ်၍ မဟာ အဋ္ဌကထာဝါဒအရ စက္ခု၊ သောတ၊ ဃာန၊ ဇိဝှါ၊ ကာယ ၅-ပါးလုံးပင် သမ္ပတ္တဂ္ဂါဟ-ချည်း ဖြစ်ကုန်၏။အသမ္ပတ္တဂ္ဂါဟ ရုပ်တရား မရှိပေ။

---

## မဟာအဋ္ဌကထာဝါဒ စီစစ်ပုံ

မဟာအဋ္ဌကထာဝါဒ အရ ယူဇနာလေးသောင်း နှစ်ထောင်ထက်၌ ရှိသော နေ၊လတို့၏ အဆင်းသည် ဓာတ်အဆင့်ဆင့်အားဖြင့်လာ၍ စက္ခု ပသာဒကို ထိလေ၏။ သို့ဖြစ်၍ သမ္ပတ္တ-ဟုမိန့်ဆိုသော် တစုံတခုသော ရူပါရုံသည် မျက်စိ၌ကပ်ငြိ၍ ထိနေပါက တစုံတခုကို မြင်သင့်ရာ၏၊ မြင်ကားမမြင်ပေ၊ရွှေလှံ၊ငွေထားတို့ကိုကြည့်သည်ရှိသော် မျက်စိကန်းရာ၏။ စက္ခုပသာဒက, ရူပါရုံရှိရာသို့ သွားသည်ဖြစ်အံ့၊ မျက်လုံး၏ အတွင်း မျက်မှောင်ရင်းကိုမြင်ရာ၏။ ထိုသို့လည်း မမြင်။ အဆင်းသည် ဘုတ်အဆက် ဆက်အားဖြင့် လာသည်—ဟု ဆိုပါက ဖလ်တွင်း၊မှန်းတွင်းရှိ အဆင်းကို မြင်သကဲ့သို့ အုန်းသီးအတွင်း၊ အမိဝမ်းတွင်း၌ရှိသော အဆင်းသဏ္ဌာန်ကို မြင်သင့်ရာ၏၊ မြင်ကား မမြင်ပေ။ သဒ္ဒါရုံ၌လည်း အသံသည် ဓာတ် အဆင့်ဆင့်အားဖြင့် သောတပသာဒသို့လာ၏ ဟု ဆိုပါက ဝေးသော အရပ်၌ စည်ကို တီးခတ်ရာဝယ် ဤအသံကား ဝေးသောအသံ၊ဤအသံ ကား နီးသော အသံ၊ဤအသံကား မြစ်တဘက်ရှိအသံ-စသည်ဖြင့် မသိ တန်ရာ။ သို့သော် သိကား သိခဲ့၏၊ ဋီကာအဆင်းဟူသော ဝဏ္ဏဓာတ်သည် ကံ၊စိတ်၊ဥတု၊ အာဟာရကြောင့် ဖြစ်၏။ အသံ၌ လူတို့၏ သဒ္ဒဓာတ်သည် စိတ်ကြောင့်ဖြစ်၏။ ထိုဝဏ္ဏဓာတ်နှင့် သဒ္ဒဓာတ်တို့သည် ဓာတ်အဆင့်ဆင့် အားဖြင့် ထိခိုက် သွားလာသည် ဟူအံ့၊ ရံခါ ဋီကာဓာတ်တို့သည် အာရမ္မဏ ပစ္စည်း မတပ်နိုင်ရာ။ တပ်ကား တပ်ခဲ့၏။ ။သို့ဖြစ်၍ မဟာအဋ္ဌကထာ ဆရာ၏ သမ္ပတ္တဝါဒကို စဉ်းစားသင့်၏။ ။ဟူလို။

၂၆-ဂ။ ။ဓမ္မတာ သောတိ။ ကိံ တောယ ဓမ္မတာယ၊ ယတော ယတော ဆိဒ္ဒံ၊တတော တတော သဝနံ ဟောတိ၊စန္ဒိမသူရိယာနံ ဒဿနံ ဝိယာတိ၊ အသမ္ဘုတ္တဂေါစရမေဝေတံ။ အဋ္ဌသာလိနီ အဋ္ဌကထာ။ ။(၁၁၄)

ဇဝံ ပန သတိ စိတ္တသမုဋ္ဌာနံ သဒ္ဒါယတနံ သောတဝိညာဏဿ ကဒါစိ ပိ အာရမ္မဏပစ္စယော န သိယာ။ န ဟိ ဗဟိဒ္ဓါ စိတ္တသမုဋ္ဌာနပ္ပတ္တိ ဥပ္ပဇ္ဇတီတိ။ သော ပန သဒ္ဒေါ ယတ္ထ ဥပ္ပန္နော၊ တံ နိဿိတောဝ အတ္တနော ဝိဇ္ဇမာနက္ခဏေ သောတဿ အာပါထ မာဂစ္ဆတိ။ ။မူလဋီကာ။ ။(၁၃၈)

အထက်ပါ အဋ္ဌကထာ ဋီကာများအရ စက္ခုဒသာဒသည် မိမိ၏ အနီးဆုံး၌တည်သော မျက်စိ၏ အဆင်းကိုသော်၎င်း,မျက်မှောင်ရင်းကို၎င်း မျက်ရစ်, မျက်ကွင်းတို့ကို၎င်း, မျက်စိကို၎င်း မမြင်နိုင်ချေ။ ၊အဝေး၌ တည်၍ မထိမလာ မငြိလာသော လဝန်း, နေဝန်း, ကြယ်တာရာစသည်တို့ ကိုလည်း မြင့်ရ၏။ ဖလ်,မှန် ခြားလျက်ရှိသော အဆင်းအမျိုးမျိုးကိုလည်း မြင်ရ၏။ရူပါရုံ၏တည်ရာ အရပ်ဒေသကိုလည်း ပိုင်းခြားနိုင်၏။ ။တခုသော မှန်ပြင်၌ အနည်းငယ် ဝေးကွာသော အရပ်၌တည်၍ ကြည့်ရှုလျှင် မိမိ အဆင်းကို မြင်ရ၏၊မှန်ပြင်၌ မျက်စိနှင့်ကပ်၍, ထိ၍, ကြည့်လျှင် မမြင်ရပြီ။

---

၂၆-ဂ။ ။သောဇာနနာ၊ဝေးသောအသံ,နီးသောအသံ-စသည်ဖြင့်သိခြင်းသည်။ဓမ္မတာ၊ ဓမ္မတာ သဘောပင်တည်း။ဣတိအယံ၊ဤသည်ကား။ ပရိဟာရော၊ အဖြေတည်း။ တောယဓမ္မ တာယ၊ဤဓမ္မအားဖြင့်။ ကိံ ပယောဇနံ၊ အဘယ်အကျိုးရှိအံ့နည်း။ ယတော ယတော၊အကြင် အကြင်အရပ်မှ။ဆိဒ္ဒံ၊အပေါက်သည်။ဟောတိ၊၏။တတော တတော၊ထိုထိုအပေါက်ရှိရာအရပ် မှ၊သဝနံ၊ကြားခြင်းသည်။ဟောတိ၊၏။စန္ဒိမသူရိယာဒိနံ၊အဝေးကြီး၌တည်ကုန်သော လ,နေ စသည်တို့ကို။ ဒဿနံဝိယ၊ မြင်ခြင်းကဲ့သို့တည်း။ဣတိတသ္မာ၊ထို့ကြောင့်။ဧတံ၊သောတ်၊ သည်း။ အသမ္ဘုတ္တဂေါစရမေဝ၊ လျှင်။ ဟောတိ၊၏။ ။(ဤကား-အဋ္ဌကထာအနက်)။

ပန၊ယင်းသို့ပင် မဟာအဋ္ဌကထာဆရာဆိုသော်လည်း။(ပန-သဒ္ဒါအရှစ်)။ဇဝံ၊ဤသို့လေကဲ့ သို့လာ၍ သောတပသာဒကိုထိခိုက်သည်။သတိ၊ရှိသော်။စိတ္တသမုဋ္ဌာနံ၊စိတ်ကြောင့်ဖြစ်သော။ သဒ္ဒါယတနံ၊သဒ္ဒါရုံသည်။သောတဝိညာဏဿ၊သောတဝိညာဏ်အား။ကဒါစိ၊ရံခါ။ အာရမ္မ ဏပစ္စယော၊အာရမ္မဏပစ္စည်းသည်။နသိယာ၊မဖြစ်သင့်ရာ။ ကသ္မာ၊အဘယ့်ကြောင့်မဖြစ်သင့် ပါသနည်းဟူမူကား။ ဟိ-ယသ္မာ၊ အကြင်ကြောင့်။ ဗဟိဒ္ဓါ၊ အပ၌။ စိတ္တသမုဋ္ဌာနပ္ပတ္တိ၊စိတ် ကြောင့်ဖြစ်သောရုပ်၏ဖြစ်ခြင်းသည်။ နဥပ္ပဇ္ဇတိ၊ဖြစ်ရိုးမရှိ။ ပန၊ယင်းသို့ပင်သော်လည်း။ သောသဒ္ဒေါ၊ ထိုအသံသည်။ယတ္ထ၊အကြင်အရပ်၌။ဥပ္ပန္နော၊ဖြစ်၏။ တံနိဿိတောဝ၊ထိုဖြစ်ရာ အရပ်ကိုအမှီပြု၍သာလျှင်။အတ္တနော၊မိမိဟုဆိုအပ်သောသဒ္ဒါ၏။ ဝိဇ္ဇမာနက္ခဏေ၊ထင်ရှား ရှိသော ခဏ၌သာလျှင်။ သောတဿ၊ သောတပသာဒအား။ အာပါထံ၊ တင်ခြင်းသို့။ အာဂစ္ဆတိ၊ ရောက်၏။ (ဤကား-မူလဋီကာအနက်)။

သောတပသာဒ၌ ထိခိုက်သောအသံကို ဤအသံကား ဝေးသောအသံ, နီးသောအသံ, ထိုမှာဘက်ကမ်း၌ တည်သောအသံ, ဤမှာဘက်ကမ်း၌ တည်သော အသံ-ဟုသိ၏။ ။သို့ဖြစ်၍ ဝေးသောအဆင်းကို မြင်မှု,အသံကို ကြားမှုသည် စက္ခုပသာဒ, သောတ ပသာဒသို့ မရောက်မူ၍ အကြင် အရပ်၌ရူပါရုံ, သဒ္ဒါရုံ တို့သည်ဖြစ်ကုန်၏။ ထိုဝေးသောအရပ်၌ တည်၍သာ စက္ခုဝိညာဏ်, သောတဝိညာဏ်အား ကျေးဇူးပြုနိုင်, အာရမ္မဏပစ္စည်း တပ်နိုင်သောကြောင့်-အသမ္ပတ္တဂေါစာ မည်ကုန်သတည်း။ ။ဤသို့ မည်မျှ ပင်ဝေးကွာသော အရပ်၌တည်စေကာမူ စက္ခုပသာဒ, သောတပသာဒသို့ မရောက်ပါဘဲ သိရှိရမှုသည် ဓမ္မတာသဘောတရားသာ ဖြစ်၏-ဟုမှတ်။

---

## အသမ္ပတ္တဖြစ်ရခြင်း အကြောင်း

စက္ခုနှင့်သောတပသာဒရုပ် ၂-ပါးသည်။ အဘယ့်ကြောင့် အသမ္ပတ္တ ဖြစ်မှ အာရုံကို ယူနိုင်ပါသနည်းဟူမူ အလင်းရောင်ဟူသော အာလောက, ဟင်းလင်းပြင်-ဟူသော အာကာသ,အကြောင်းတို့နှင့်ကင်း၍ အာရုံကို မယူ နိုင်သောကြောင့်တည်း။ ထိုနှစ်ပါး တို့တွင် အလင်းရောင်သည် စက္ခု၏ ရူပါရုံကို ယူရာ၌ လိုရင်းအကြောင်းဖြစ်၏။ စက္ခုပသာဒနှင့် ရူပါရုံတို့သည် ကပ်ထိ-ငြိကာနေပါမူ အလင်းရောင်ဝင်ခွင့်မရှိ၍ မမြင်နိုင်။

အာကာသသည်လည်း သောတပသာဒ၏ သဒ္ဒါရုံကိုယူရာ၌ လိုရင်း အကြောင်းဖြစ်၏။ သောတပသာဒနှင့်သဒ္ဒါရုံတို့သည် ကပ်ထိ-ငြိကာနေပါ မူကား အာကာသမရှိ၍ မကြားနိုင်။ ။သို့ဖြစ်၍ အာလောကနှင့် အာကာ သဓာတ် အကြောင်းရင်းတို့နှင့် ကင်း၍ အာရုံကို မယူနိုင်သောကြောင့် အာလောကနှင့် အာကာသဖြစ်ဘို့ရာ၊ အသမ္ပတ္တ ဖြစ်ရလေသတည်း။

---

## သဒ္ဒါရုံ၏ဓာတ်အဆက်ဆက်အားဖြင့်ထိသောနိုင်ပုံ-အဓိပ္ပါယ်

အဝေး၌ဖြစ်သောအသံသည် ကြာမြင့်မှကြားရ၏။စေတီကြီး၏အနောက် ဘက်ကတီးသော စည်, ဆိုင်း,ဘုံတို့၏ အသံသည် စေတီတော်ခြားနေသ ဖြင့် စေတီ၏ တောင်အရပ်မှသော်၎င်း၊ မြောက်အရပ်မှသော်၎င်း၊ ကြား ရ၏၊ မကြားမှုလည်းရှိ၏။ သို့ဖြစ်၍ အသံသည် ဓာတ်အဆက်ဆက် အား ဖြင့် ထိခိုက်၍ သောတပသာဒသို့ ထိခိုက်သောကြောင့် သမ္ပတ္တဂေါစာပင်

ဖြစ်သည် မဟုတ်ပါလော-ဟူမူ။ ။၎င်းသဒ္ဒါရုံသည် ဆိုအပ်ပြီးသော စော ဒကဆရာ၏ အာဘော် အားဖြင့်၎င်း ယခုကာလ ဓာတ်စက် သီချင်းစသည် တို့ကို ထောက်ဆ၍၎င်း၊ သဒ္ဒါရုံ အသံဓာတ်သည် ဓာတ်အဆက်ဆက်အား ဖြင့် သွား၏-ဟု အများအယူရှိကြ၏။ သို့သော် သဘာဝကို မစိစစ်မူ၍သာ ဤသို့မှတ်ထင်ခြင်းဖြစ်ပေမည်။

ယထာ ဟိ ဒူရာသန္နာနံ ဝစနသဒ္ဒေ ယထာ ပါကဋ္ဌိဘူတေ ဂဟဏ ဝိသေသဂတာ အက္ခရဝိသေသနံ အဂ္ဂဟဏံ ဂဟဏဥ္စ ဟော တိ။ပ။ဝိသေသတော လဟုကံ သုတော စိရေန သုတောတိ အဘိ မာနော ဟောတိ။ ။မူလဋီကာ။ ။(၁၃၈)။

အဓိပ္ပါယ်ကား....တစုံတယောက်သောသူ၏ပြောဆိုလိုက်သော အသံ ဓာတ်သည် အနီး၌တည် နေသောသူ အဝေး၌ တည်နေသောသူ, နှစ်ဦးတို့ တွင် အနီး၌တည်နေသောသူအား ပြောဆိုသမျှသော စကားသံကိုကြား သိအပ်သော အသံဓာတ်အရှိန်သည် အားကြီးသဖြင့် ပြောဆိုသမျှသော စကားများကို စ,လယ်, အဆုံး၊ ပြီးသထင်ရှားစွာ ကြားသိရ၏။အဝေး၌ တည်နေသော သူအားကား ကြားသိအပ်သော အသံဓာတ် အရှိန်သည် အားနည်း သွားသဖြင့် တပိုင်းတစမျှသော အသံကိုသာ ကြားသိရ၏။ မပြီးသော အသံကိုမူလည်း ကြားသိရ၏။ သို့ဖြစ်၍သာ-ထိုအဝေး၌တည် သောသူတို့အား ကြာမြင့်မှ ဘိရသကဲ့သို့ ဖြစ်လေသတည်း။ ။ဓာတ် အဆက်ဆက်ထိခိုက်လာ၍ ကြားသည်-ဟု မမှတ်အပ်။ ။ဟူလို။

သစေ သဝန္တပစာရေ သော သဒ္ဒေါ ဒူရေ အာသန္နေ စ ဌိတာနံ ယထာဘူတေ အာပါထဂတေ သဒ္ဒေ မနောဝိညာဏ သန်္တတ တော ဂဟဏဝိသေသတော စိရေန သုတော,သီဃံ သုတောတိ အဘိမာနောတိ အတ္ထော။ ။အနုဋီကာ။ ။(၁၄၉)

သို့ဖြစ်၍ ပြောဆိုအပ်သော စကားအသံသည် အဝေးသို့ဓာတ်အဆက် ဆက်အားဖြင့် သွားသည်မဟုတ်။ အကြင်အရပ်၌ အသံဓာတ်ဖြစ်၏။ ထို အရပ်၌သာလျှင် တည်လျက် သောတ ဝိညာဏ်အား အာရမ္မဏပစ္စည်း တပ်၍ချုပ်လေ၏-ဟုမှတ်။ ။သည်ကိုရည်၍ မူလဋီကာ, အနုဋီကာဆရာ များသည်-

သော ပန သဒ္ဒေါ ယတ္ထ ဥပ္ပန္နော၊တံ နိဿိတောဝ အတ္တနော ဝိဇ္ဇမာနက္ခဏေ သောတဿ အာပါထမာဂစ္ဆတိ။

မူလဋီကာ။ ။(၁၄၈)

ရူပဓမ္မာပိ ယတ္ထ ဥပ္ပဇ္ဇန္တိ၊ တတ္ထေဝ ဘိဇ္ဇန္တိ၊န ဒေသန္တရံ သင်္ကမန္တိ။ ။အနုဋီကာ။ ။(၁၄၉)

ဟု မိန့်ဆိုတွင်လှစ်တော် မူကြလေသတည်း။

---

## ပဲ့တင်သံ အဓိပ္ပါယ်

အထက်ပါ မူလဋီကာ, အနုဋီကာများအရ အသံဓာတ်သည် ဖြစ်ရာ အရပ်၌သာ ချုပ်၏။အရပ် တပါးသို့မသွား-ဟု ဆိုသော် ပဲ့တင်သံသည် အသို့ဖြစ်၍ အသံဖြစ်နိုင်ပါသနည်း၊ ၎င်းပဲ့တင်သံ, ရေဒီယို,ဝိုင်ယာလက် အသံများကို ထောက်၍ အသံသည် ဓာတ်အဆက်ဆက် အားဖြင့် သွားနိုင်သည် မဟုတ်ပါလော ဟူမူ။ ။အောက်ပါ-မူလဋီကာအရ သိလေ။

၂၆-ဃ။ ။ဒူရေ ဌိတော ပန သဒ္ဒေါ အညတ္ထ ပဋိဃောသုပ္ပတ္တိယာ ဘာဇနာဒိစလနဿ စ အယောကန္တော ဝိယ အယောစလနဿ ပစ္စယော ဟောတီတိ ဒဋ္ဌဗ္ဗော။ ။မူလဋီကာ။ ။(၁၃၈)

ယဒိ ဓာတုပရမ္ပရာယ သဒ္ဒေါ နပ္ပဝတ္တတိ၊ကထံ ပဋိဃောသာဒီနံ ဥပ္ပတ္တီတိ အာဟ၊ဒူရေ။ပ။ပစ္စယော ဟောတီတိ။

အနုဋီကာ။ ။(၁၄၉)

အဓိပ္ပါယ်ကား....ရေပြည့်နေသော သံအိုးကို ပုတ်ခတ်တီးနှက်လိုက်ရာ သံအိုးသည်၎င်း ၎င်းအိုး၏ အတွင်း၌ ရှိသော ရေခွက် စသည်သည်၎င်း၊

---

၂၆-ဃ။ ။ပန၊ဆက်ဦးအံ့။ ဝါ၊အထူးကိုဦးအံ့။ဒူရေ၊ ဝေးသောအရပ်၌။ဌိတော၊တည် သော။သဒ္ဒေါ၊ အသံသည်။အညတ္ထ၊ တပါးသောအရပ်၌။ပဋိဃောသုပ္ပတ္တိယာ၊ပဲ့တင်သံဖြစ် ခြင်း၏။ ပစ္စယော၊အကြောင်းသည်။ဟောတိ၊ဖြစ်၏။ ကိံဝိယ၊ ဥပမာအဘယ်ကဲ့သို့နည်းဟူမူ ကား။ဘာဇနာဒိစလနဿစ၊ခွက်စသည်လှုပ်ခြင်း၏၎င်း။အယောစလနဿ၊သံအိုးလှုပ်ခြင်း၏ ၎င်း။ ပစ္စယော၊အကြောင်းဖြစ်သော။ အယောကန္တော ဝိယ၊အသက်ရှင်သောသံကဲ့သို့တည်း။ (အယောကန္တော ဝိယာတိ ဇီဝမာနကအယောဝိယ။မရ)။ဣတိ၊ဤသို့ဖြစ်သော အဓိပ္ပါယ်ကို။ ဒဋ္ဌဗ္ဗော၊မှတ်အပ်၏။ ။ဓာတုပရမ္ပရာယ၊ ဓာတ်အဆက်ဆက် အားဖြင့်။ သဒ္ဒေါ၊အသံသည်။ ယဒိနပ္ပဝတ္တတိ၊ အကယ်၍မဖြစ်သည်ဖြစ်အံ့။ ပဋိဃောသာဒီနံ၊ ပဲ့တင်သံစသည်တို့၏ ဥပ္ပတ္တိ၊ ဖြစ်ခြင်းသည်။ကထံသိယာ၊အသို့ဖြစ်နိုင်ပါအံ့နည်း။ဣတိ၊ဤမံ့စောဒနံ၊ဤစောဒနာကို။သန္ဓာယ၊ ညှိ၍။ဒူရေ။ပ။ပစ္စယောဟောတီတိ၊ဟူသော စကားကို။အာဟ၊ဋီကာဆရာ မိန့်တော်မူပြီ။

လှုပ်၍ သွားဘိသကဲ့သို့ အဝေး၌တည်နေ၍ အော်လိုက်သော အသံရှိန် သည်လည်း အရပ်တပါး၌ ပဲ့တင်သံအဖြစ်ကို ဖြစ်စေနိုင်၏၊ ခေါက်ပုံ, ဝိုင်ယာလက် ခေတ်တို့သည် အရောင်အဆင်း ရူပါရုံ, အသံတည်းဟူသော သဒ္ဒါရုံတို့သည် မကပ်မငြိသော သဘော ရှိသော်လည်း ကပ်ငြိလေအောင် အချုပ်ဆေး, အခိုးတို့ဖြင့် ထုံယူခါ ထားသောကြောင့်သာ ထင်နိုင်, ကြားနိုင်သည်။ ခေတ်အဆက်ဆက်အားဖြင့် လာ၍ ထင်နိုင်,ကြားနိုင်သည် မဟုတ်။ ။ဟူလို။

---

## မဟာအဋ္ဌကထာ ဆရာ၏ အာဘော်ရင်း အဓိပ္ပါယ်

> ယထာ ဝါ ဃဏ္ဍာဘိဃာတာနုဇာနိ ဘူတာနိ အနုရဝသ
> နိဿယဘူတာနိ ဃဋ္ဋနသဘာဝါနိ၊ ဧဝံ ဃဋ္ဋနာနုဇာနိ ယာဝ
> သောတပ္ပသာဒါ ဥပ္ပတ္တိဝသေန အာဂတာနိ ဘူတာနိ ဃဋ္ဋနသ
> ဘာဝါနေဝါတိ တံ နိဿိတော သဒ္ဒေါ နိဿယဝသေန ဓာတု
> ပရမ္ပရာယ ဃဋ္ဋေတွာ သဏ္ဍံ ဝဝတ္ထာနံ ဂစ္ဆတီတိ ဝုတ္တော။
>
> မူလဋီကာ။ ။(၁၃၉)
>
> အဋ္ဌကထာဓိပ္ပါယဝသေန အတ္ထံ ဒဿေန္တော ယထာတိ အာဒိ
> မာဟ။ ။မဓုဋီကာ။ ။(၂၂၇)

ဝါ၊ မဟာအဋ္ဌကထာ ဆရာ၏အလို တနည်းသော်ကား။ ဃဏ္ဍာဘိ ဃာတာနုဇာနိ၊ ခေါင်းလောင်းကို ထိုးခြင်းကြောင့် ဖြစ်ကုန်သော မဟာ ဘုတ်တို့၏ နောက်၌ဖြစ်ကုန်သော။ ဘူတာနိ၊ မဟာဘုတ်တို့သည်။ အနုရ ဝဿ၊ကြေးညည်းသံ၏။ နိဿယဘူတာနိ၊ မှီရာဖြစ်ကုန်သော။ ဝါ၊ ဖြစ်ကုန် သော်လည်း။ ဃဋ္ဋနသဘာဝါနိ၊ပဌမ ထိုးအပ်သော ဘုတ်တို့နှင့် တူသော သဘောရှိကုန်၏။ ဝါ၊ သဘောတူကုန်၏။ ဧဝံ၊ ဤဆိုအပ်သော နည်း အတိုင်း။ ဃဋ္ဋနာနုဇာနိ၊ ထိခိုက်, ရိုက်နှက်ခြင်းကြောင့် နောက်၌ ဖြစ်ကုန် သော မဟာဘုတ်တို့သည်။ ယာဝ သောတပ္ပသာဒါ၊ သောတပ္ပသာဒသို့ ရောက်သည်တိုင်အောင်။ဥပ္ပတ္တိဝသေန၊ဖြစ်သည်၏ အစွမ်းဖြင့်။အာဂတာနိ၊ ဖြစ်လာကုန်သော။ ဘူတာနိ၊ မဟာဘုတ်တို့သည်။ ဃဋ္ဋနသဘာဝါနိ ဧဝ၊ ပဌမ ထိုးရိုက်အပ်သော မဟာဘုတ်နှင့်တူသော သဘောရှိကုန်၏။ ဣတိ၊ ဤသို့။ တံ နိဿိတော၊ ထိုမဟာဘုတ်ကိုမှီသော။ သဒ္ဒေါ၊ အသံသည်။

နိဿယဝသေန၊ မှီရာမဟာဘုတ်၏ အစွမ်းဖြင့်။ ဓာတုပရမ္ပရာယ၊ ဓာတ် အဆက်ဆက် အားဖြင့်။ ဃဋ္ဋေတွာ၊တိုက်၍။ သဏိကံ၊နှေးစွာ။ ဝဝတ္ထာနံ၊ ပိုင်းခြားမှတ်သားအပ်သည်၏ အဖြစ်သို့။ ဂစ္ဆတိ၊ရောက်လာ၏။ ဣတိ အယံ အတ္ထော၊ ဤသို့သော အနက် အဓိပ္ပါယ်ကို။ ဝုတ္တော၊မဟာအဋ္ဌကထာ ဆရာ မြတ်တို့ မိန့်အပ်ပေသတည်း။

အဓိပ္ပါယ်ကား····ကြေးစည်ကို ရိုက်နှက်ထိုးခတ်ရာ ၎င်းကြေးစည်၏ အသံသည် အခြားသော အသံများကဲ့သို့ လျင်မြန်စွာ ချုပ်၍ မသွားပါဘဲ ကြာရှည်စွာ မြည်ဟီး၍ နေလေ၏။ ထိုကြေးစည်သည် အဘယ့်ကြောင့် ကြာရှည်စွာမြည်ဟီး၍နေနိုင်ပါသနည်း။အဘယ့်ကြောင့်ဝေးသောအရပ်သို့ ရောက်၍ ကြားနိုင်ပါသနည်း ဟု စီစစ်သင့်၏။ ။စီစစ်သည် ရှိသော် ပဌမဦးစွာ ရိုက်လိုက်သဖြင့် ကြေးစည်၏ အသံဓာတ်ဖြစ်လာရာ ၎င်းအသံ၌ သဒ္ဒနဝက ကလာပ်ရုပ်ဖြစ်လာ၏။၎င်းသဒ္ဒနဝက ကလာပ်ရုပ်၌ ပါရှိသော ပဌမ မဟာဘုတ်သည် နောက်ထပ် မြည်ဟီးနေသော အသံဓာတ်၏ ဖြစ်ရာ,မှီရာ,အကြောင်းဖြစ်၍ မဟာဘုတ်ချင်း မထိခိုက်သော်လည်း ထိခိုက် သကဲ့သို့ မှတ်ထင်ရ၏။ ဤသို့ မြည်ဟီးသော အသံဖြစ်သမျှ မချုပ်မီ အတွင်း ထပ်ကာ, ထပ်ကာ, အဆက်မပြတ် မဟာဘုတ်ချင်း ထိခိုက်ဘိ သကဲ့သို့ ဖြစ်လေ၏။

ဆိုလိုရင်းကား····ရိုက်နှက်လိုက်သဖြင့် ပဌမဦးစွာ ဖြစ်ပေါ်လာသော အသံဓာတ်သည် မိမိရုပ်သက်အတိုင်းဖြစ်၍ ချုပ်လေ၏။ သို့သော် ၎င်း ပဌမ အသံဓာလ်၏ အဟုန်အရှိန် ပြင်းထန်သောကြောင့် နောက်ထပ် အသံဓာတ် သဒ္ဒနဝက ကလာပ်တို့သည် ဆင့်ကာ, ဆင့်ကာ, ဆက်ကာ, ဆက်ကာ ဖြစ်လာ၍ ဝေးသောအရပ်သို့လည်း သွားကုန်၏။ ထိုသို့ သွားကြ စဉ် မိမိတို့ ရောက်ရာ,ရောက်ရာဌာန၌ တည်ရှိကုန်သောသူတို့၏ တထောင် သော နား,တသောင်းသော နားကိုလည်း ကြားစေနိုင်ကုန်၏၊ကြားဟူသည် မှာလည်း ကြားလောက်သော သဝနူပစာရ၌ တည်သောသူတို့သာ ကြားရ ကုန်၏။ သဝနူပစာရ၌ မတည်သော သူများကား မကြားရကုန်၊ ထိုသို့ သွားသောအသံဓာတ်သည်အကြင်မျှလောက် သောတပသာဒကို မထိခိုက်, မငြိတွယ်သေး၊ ထိုမျှလောက် ကာလပတ်လုံး အသမ္ပတ္တသဒ္ဒါရုံ မည်၏။ ထို အသံသည်သာ သဝနူပစာရ၌ တည်သော သူတို့ကို ကြားသိစေနိုင်သည်။

အကြင် အသံသည်ကား သောတပသာဒသို့ ထိခိုက် ငြိတွယ်လေ၏။ ထိုအသံသည် သမ္ပတ္တသဒ္ဒါရုံ မည်၏။ထိုအသံမျိုးကား မကြားရပေ။

---

**အဋ္ဌကထာဆရာ ၂-ပါး ဝါဒ ရှင်းလင်းချက်**

ဤဆိုအပ်ခဲ့ပြီးသော အတိုင်း ဓာတ်အဆက်ဆက် အားဖြင့် လာ၍ ပသာဒသို့ မကပ်မငြိသော အာရုံသည်ပင် မဟာအဋ္ဌကထာ ဆရာအလို အားဖြင့် ပသာဒအနီးအနား သွားရောက်ထင်လာ သောကြောင့် သမ္ပတ္တ အာရုံ ဟု ယူတော်မူ၏။ အရှင် မဟာဗုဒ္ဓဃောသ ဆရာအလိုအားဖြင့် ဤသို့ပင် ပသာဒအနီးသို့ လာရောက်ထင်လာသော်လည်း ပသာဒရုပ်သို့ မငြိမတွယ်ခြင်းကြောင့် အသမ္ပတ္တ ဟု ယူတော်မူ၏။

သို့ဖြစ်၍ အဋ္ဌကထာ ၂-ကျမ်းတို့၏ အဓိပ္ပါယ်စကားသည် အဆို အပြသာ ကွဲပြားသော်လည်း တသားတည်း ဟု မှတ်ယူသင့်ပေသတည်း။ *အလွန်ခဲခက်သော အရာဖြစ်၍ အထပ်ထပ် စဉ်းစားဆင်ခြင် ယူဆတော် မူကြပါကုန်။

ဂမ္ဘီရံ ဒုဒ္ဒသံ ဌာနံ၊ဂမ္ဘီရညာဏသေဝိတံ။
ဂမ္ဘီရဂန္ထံ ပိဋ္ဌိယ၊ဂမ္ဘီရော ယော မယာ ကတော။
တံ မေ သုဋ္ဌု ဝိနိစ္ဆယံ၊ပဿန္တု ညာဏဂမ္ဘီရာ။ ။

ဒုဒ္ဒံ ဌာနံ၊ဤ-သမ္ပတ္တ,အသမ္ပတ္တ အရာဌာနသည်။ ဂမ္ဘီရံ၊အလွန်တရာမှ နက်နဲလှ၏။ ဝါ၊နက်နဲလှသောကြောင့်။ ဂမ္ဘီရညာဏသေဝိတံ၊ ပညာဉာဏ် ရှိန်၊ တောက်ထိန်ဝင်းလျက်၊ ထက်မြက်နက်နဲသော ဉာဏ်ရှင်တို့၏ သာလျှင် မှီဝဲကျက်စားနိုင်သော အရာဌာနဖြစ်ပေ၏။ ဝါ၊ ဖြစ်သောကြောင့်။ ဂမ္ဘီရ ဂန္ထံ၊ သုံးဖြာ သုံးရပ် ပိဋကတ်ဝယ် ခဲကတ် ရှုပ်ထွေး ကြံတွေးရုံမျှ မဝံ့ အလွန့်အလွန် နက်နဲဆန်းကြယ်လှသောအဋ္ဌသာလိနီ အဋ္ဌကထာ,မူလဋီကာ အနုဋီကာ, မဓုဋီကာကျမ်း အပေါင်းကို။ ပိဋ္ဌိယ၊ မေရုမြင်းရိုရ်၊ဆီကို ထုတ် ညှစ်၊ပမာလှစ်သို့၊စိနစ်မသွေ၊ညှစ်ထုတ် ဘွေ၍။ဂမ္ဘီရော၊နက်နဲလှစွာသော။ ယော ဝိနိစ္ဆယော၊ အကြင် သမ္ပတ္တ, အသမ္ပတ္တ အဆုံးအဖြတ်ကို။ မယာ၊ သည်။ကတော၊ သေချာ ဂ န၊မိပ္ပါယကို၊ ဘော်ပြ ထုတ်ဘွေ၊ဆုံးဖြတ်အပ် ပေပြီ။ မေ၊ ၏။ တံ ဝိနိစ္ဆယံ၊ကို။ ညာဏဂမ္ဘီရာ၊ ကြီးကျယ်နက်နဲ၊ လက်လက် စွဲဖြာ၊ ဉာဏ်ပညာ ရှိကုန်သော သူတော်စင် အပေါင်းတို့သည်။ သုဋ္ဌု၊

ယောနိသောမနသိကာရ၊ မပြတ်လျှံဖြာ၊ ထားရှိပါ၍၊ ကောင်းမွန်စွာ သာလျှင်။ ပသာဒ်၊ ပညာဉာဏ် ရွှေသွား၍ ရှုစားတော်မူကြစေခလို။

---

## ဂေါစရဂ္ဂါဟိက အဖွင့်

ဂေါစရံ ဂဏှာတီတိ ဂေါစရဂ္ဂါဟိကံ။

ယံ၊ အကြင် ရုပ်သည်။ ဂေါစရံ၊ အာရုံကို။ ဂဏှာတိ၊ ယူတတ်၏။ ဣတိ၊ ကြောင့်။တံ၊ထိုရုပ်သည်။ဂေါစရဂ္ဂါဟိကံ၊ဂေါစရဂ္ဂါဟိက-ရုပ်မည်၏။ ။ ဤဝိဂြိုဟ်အရ····ပသာဒရုပ် ငါးပါးတို့သည် အာရုံကိုယူတတ်သောကြောင့် ဂေါစရဂ္ဂါဟိကရုပ် မည်ကုန်၏။ ။ဟူလို။

အာရုံကို ယူတတ် သောကြောင့် ဂေါစဂ္ဂါဟိကရုပ် ဟု ဆိုသော် ရုပ်သည် အာရုံကို မယူတတ် ဟု ဆိုခဲ့သော စကားနှင့် မဆန့်ကျင်ပါလော ဟူမူ။ ။မဆန့်ကျင်ပေ။ ။အဘယ့်ကြောင့်နည်း ဟူမူ၊ အာရုံကို မုချအားဖြင့် ယူနိုင်သည်ကား ဒွေပဉ္စဝိညာဏ်တဆယ်သာ ယူနိုင်၏၊ထိုသို့ ဒွေပဉ္စဝိညာဏ်တဆယ် ယူနိုင်းခြင်းကိုပင် ပသာဒရုပ်၌ ဥာနူပစာအားဖြင့် တင်စား၍ ၎င်းပသာဒ ရုပ်ကိုလည်း အာရုံကို ယူနိုင်သည် ဟု ဆိုလေသတည်း။ ဥပမာကား "ကျောင်းစာအံသည်" ဆိုသကဲ့သို့တည်း၊ အာရုံကို ယူတတ်သော ဒွေပဉ္စဝိညာဏ်စိတ်၏ တည်ရာဖြစ်သောကြောင့် ဟု ဆိုလိုသည်။

ဤကဲ့သို့ ဒွေပဉ္စဝိညာဏ်တဆယ်၏ အမည်ကို တင်စား၍ ဂေါစရဂ္ဂါဟိက-ဟု ခေါ်လျှင် ဟဒယဝတ္ထုသည်လည်း မနောဓာတ်၊ မနောဝိညာဏဓာတ်တို့၏ မှီရာဖြစ် သောကြောင့် ၎င်းဓာတ်၏ အမည်ကို တင်စား၍ ဂေါစရဂ္ဂါဟိက ဟု ဆိုသင့်သည် မဟုတ်ပါလော ဟူမူ။ ။ပဉ္စဝိညာဏ်ဓာတ်မှာ ထိခိုက်ကြမှ အာရုံကို ယူနိုင်သည်၊ မနောဓာတ်၊ မနောဝိညာဏဓာတ်တို့မှာ မထိခိုက်ဘဲနှင့်ပင် အာရုံကို ယူနိုင်သည်။ သို့ဖြစ်၍ ပသာဒရုပ်ကိုသာ အထူးမှတ်၍ ဂေါစရဂ္ဂါဟိက ဟု ဆိုအပ်ပါသတည်း။

### ဆောင်ပုဒ်

က။ ။အာရုံ ငါးတွေ့၊ယူတတ်ပေ၊မှတ်လေ-ဂေါစရ။

ခ။ ။အာရုံယူပေ၊ဒွေပဉ္စဓာတ်၊တည်ရာမှတ်၊ မိန့်အပ်-ဂေါစရ။

## အဝိနိဗ္ဘောဂရုပ် အဘွင့်

၂၄။ ။ဝဏ္ဏော ဂန္ဓော ရသော, ဩဇာ ဘူတစတုက္ကဉ္စေတိ အဋ္ဌ
ဝိဓမ္မိ အဝိနိဗ္ဘောဂ ရူပံ၊ ဣတရံ ဝိနိဗ္ဘောဂရူပံ။

သင်္ဂြိုဟ်ပါဠိ။

ရူပါရုံ,ဂန္ဓာရုံ,ရသာရုံ,ဩဇာ,ဘူတရုပ် ၄-ပါး၊ဤရှစ်ပါးအပြားရှိသော ရုပ်သည် အဝိနိဗ္ဘောဂရုပ်မည်၏။ ကြွင်းသော ရုပ် ၂၀-သည် ဝိနိဗ္ဘောဂ ရုပ်မည်၏။ ။ဟူလို။

ဤကား ပိဏ္ဍတ္ထ။

---

## အဝိနိဗ္ဘောဂ, ဝိနိဗ္ဘောဂ အဓိပ္ပါယ်

ဝဏ္ဏိတဗ္ဗော ဒဿဗ္ဗောတိ ဝဏ္ဏော။

ဝဏ္ဏိတဗ္ဗော-ဒဿဗ္ဗော၊ရှုအပ်၏။ ဣတိ၊ကြောင့်။ဝဏ္ဏော၊ဝဏ္ဏ-မည်၏။ ။ ရှုအပ်,ကြည့်အပ်သောကြောင့် ရူပါရုံသည် ဝဏ္ဏမည်၏။ ။ဟူလို။

အတ္တနော ဥဒယာနန္တရံ ရူပံ ဇနေတီတိ ဩဇာ။

အတ္တနော၊ မိမိ၏။ ဥဒယာနန္တရံ၊ ဥပါဒ်သည်၏အခြားမဲ့ ဖြစ်သော ဌီကာလ၌။ ရူပံ၊ရုပ်ကို။ ဇနေတိ၊ ဖြစ်စေတတ်၏။ ဣတိ၊ ကြောင့်။ ဩဇာ၊ ဩဇာမည်၏။ ။ဝိဂြိုဟ်အရ····မိမိ ဟု ဆိုအပ်သော ဩဇာခတ်ဖြစ်ပြီး သည်နောက် ဌီကာလ၌ ရုပ်ကို ဖြစ်စေတတ်သောကြောင့် ဩဇာမည်၏။ ။ဟူလို။

ဝိသုံ ဝိသုံ နိဗ္ဘုဉ္ဇနံ ပဝတ္တနံ ဝိနိဗ္ဘောဂေါ။

ဝိသုံဝိသုံ၊ အသီးအသီး။နိဗ္ဘုဉ္ဇနံ-ပဝတ္တနံ၊ဖြစ်ခြင်းသည်။ ဝိနိဗ္ဘောဂေါ၊ ဝိနိဗ္ဘောဂ-မည်၏။

နတ္ထိ ဝိနိဗ္ဘောဂေါ ဧတေသာတိ အဝိနိဗ္ဘောဂေါ။

ဧတေသံ၊ ထိုရုပ်ရှစ်ခုအား။ ဝိနိဗ္ဘောဂေါ၊ အသီးအသီး ဖြစ်ခြင်းသည်။ နတ္ထိ၊မရှိ။ဣတိ၊ကြောင့်။အဝိနိဗ္ဘောဂေါ၊အဝိနိဗ္ဘောဂ-မည်၏။

အဓိပ္ပါယ်ကား····ဤရုပ်ရှစ်ပါးတို့သည် အသီးအသီး ကိုယ်စီကိုယ်ငှ တပါးစီတပါးစီ ခွဲ၍မရ ဖြစ်ရိုးမရှိ ခွဲခြမ်း၍ မရကောင်းသောကြောင့်

အဝိနိဗ္ဘောဂရုပ်မည်ကုန်၏။ကြွင်းသော ရုပ် ၂၀-ကား အသီးအသီးကွဲပြား၍ ခွဲခွဲခြမ်းခြမ်း ဖြစ်လေ့ရှိသောကြောင့် ဝိနိဗ္ဘောဂရုပ် မည်၏။ ။ဟူလို။

သို့ဖြစ်၍ ဤအဝိနိဗ္ဘောဂရုပ် ရှစ်ခုကို ကမ္မဇရုပ်၌၎င်း, စိတ္တဇရုပ်၌၎င်း, ဥတုဇရုပ်၌၎င်း,အာဟာရဇရုပ်၌၎င်းရအပ်၏။တော,တောင်,ရေ,မြေ,မဟာသမုဒ္ဒရာ, သက်ရှိ, သက်မဲ့ မည်သည့်ဝတ္ထု၌ မဆို တပေါင်းတည်းသာ ဖြစ်ကြကုန်၏။ ဟု မှတ်။

**ဆောင်ပုဒ်**

သီးခြား မဖြစ်၊ဤရုပ်ရှစ်၊မှတ်လစ်-အဝိနိဂ်။

မူလဋီကာ ဆရာကား ဂန္ဓ,ရသ ဩဇာတို့သည် ရံခါ အသီးအသီး ခွဲခြမ်း၍ ဖြစ်ကုန်သေး၏။ ထိုကြောင့် မဟာဘုတ်လေး, ဝဏ္ဏ၊ ဤငါးပါးတို့သည်သာ မုချအားဖြင့် အဝိနိဗ္ဘောဂ-မည်ကုန်၏။ ဟု ယူတော်မူ၏။၎င်းဝါဒကို အနုဋီကာဆရာ ပယ်တော်မူ၏။

———

၂၈။ ။ဣစ္စေဝမဋ္ဌဝီသတိ၊ ဝိဓမ္ပိ စ ဝိစက္ခဏာ။
အဇ္ဈတ္တိကာဒိဘေဒေန၊ ဝိဘဇန္တိ ယထာရဟံ၊

သင်္ဂြိုဟ်ပါဌ်။

ဤဆိုအပ်ခဲ့ပြီးသော နည်းဖြင့် ၂၈-ပါး အပြားရှိသော ရုပ်ကိုသာလျှင် ထိုက်သည်အားလျော်စွာ အဇ္ဈတ္တိကရုပ်စသော အပြားအားဖြင့် ပညာရှိတို့သည် ဝေဘန်ကုန်၏ ဟု ဧကနည်း,ဒုကနည်းကို နိဂုံးအုပ် ပြဆိုသော စကားမျှ ဖြစ်ပေသတည်း။

ဤကား ဝိဂ္ဂဟတ္ထ။

———

**အဝယဝတ္ထ အဓိပ္ပါယ်**

ဆိုလိုရင်းကား····ဓမ္မသင်္ဂဏီ ပါဠိတော်၌ မြတ်စွာဘုရားသည် ရူပကဏ္ဍကို ဧကနည်း, ဒုကနည်း, တိကနည်း။ပ။ဧကာဒသကနည်းအားဖြင့် ရူပဝိဘာဂနည်းကို ဝေဘန်ပိုင်းခြား အကျယ်အားဖြင့် ဟောတော်မူ၏။ ဤသင်္ဂြိုဟ်ကျမ်း၌ကား အရှင်အနုရုဒ္ဓါ ဆရာမြတ်သည် မြတ်စွာဘုရား ဟောတော် မူသည့် အတိုင်း ရူပဝိဘာဂ ၁၁-နည်းကို အကုန် သိမ်းယူ၍ ပြတော်မမူဘဲ "သဗ္ဗဉ္စ ပနေတံ။ပ။အပ္ပဟာတဗ္ဗမေဝ" ဟု ဧကနည်း၊ "ကထံ

ပသာဒသင်္ဂါတံ။ပ။ ဣတရံ ဝိနိဗ္ဘောဂရူပံ''ဟူသော ဒုကနည်း ၂-မျိုးကိုသာ သိမ်းယူ၍ သင်္ဂြိုဟ်ပြတော်မူ၏။ အဘယ်ကြောင့် ဧကကနည်းနှင့် ဒုကနည်းကိုသာယူ၍ ကြွင်းသောနည်းတို့ကို သိမ်းယူ၍ မပြပါသနည်း ဟူမူ။ ။ဤပြဆိုခဲ့ပြီးသော ဧကကနည်း, ဒုကနည်းသည်သာ လိုရင်းပဓာန ဖြစ်၍ အသုံးဝင်သောကြောင့် ဤ-ဧကကနည်း, ဒုကနည်းကိုသာ အရှင်အနုရုဒ္ဓါဆရာမြတ် မိန့်ဆိုတော်မူအပ်ပါသတည်း။

(ပါဠိတော်ကို ကြည့်က သိသာပါ၏)။

---

## ရူပဝိဘာဂသရုပ် ခွဲနည်း

သရုပ်ခွဲဟန်ကား။ ။အဇ္ဈတ္တိကဒုက်စသည်ကို မှတည်၍ ဝတ္ထုဒုက်, ဒွါရဒုက်, ဣန္ဒြိယဒုက်- စသည်ကို မှုလီသွတ်၍ အဇ္ဈတ္တိကသာ မည်၍ ဝတ္ထုမမည်သော ရုပ်မရှိ။ ။ဟဒယရုပ်သည် ဝတ္ထုသာမည်၍ အဇ္ဈတ္တိက မမည်။ ။ပသာဒရုပ်သည် ဝတ္ထုရုပ်လည်းမည်၏ အဇ္ဈတ္တိကလည်းမည်၏။ ။ ကြွင်းသောရုပ် ၂၂-ခုတို့သည် ၂-ပါးလုံး မမည်ကုန်။ ဗာဟိရ အဝတ္ထုရုပ်သာ မည်၏။လ။ ။ပသာဒရုပ်သည် အဇ္ဈတ္တိကသာမည်၏။ အဝိနိဗ္ဘောဂ မမည်။ ဝဏ္ဏ, ဂန္ဓ, ရသ, ဩဇာ ဓာတ်လေးဖြာတို့သည် အဝိနိဗ္ဘောဂသာ မည်၏။အဇ္ဈတ္တိကမမည်၊နှစ်ပါးမည်မရှိ၊ကြွင်းရုပ် ၁၅-ခုတို့သည် ၂-ပါးလုံး မမည်ကုန်။ ဗာဟိရ, အဝိနိဗ္ဘော-သာ မည်ကုန်၏။ ။ဤကား ခဏ္ဍစက်တည်း။ ဝတ္ထုရုပ်စသည်ကို မှတည်၍လည်း နည်းတူ ဗဒ္ဓစက် လှည့်၍ ခွဲလေ။

## ရူပဝိဘာဂသရုပ်ခွဲ ဇယား

| | | | |
|---|---|---|---|
| ၁<br>၂<br>၃<br>၄<br>၅ | စက္ခုပသာဒ<br>သောတပသာဒ<br>ဃာနပသာဒ<br>ဇိဝှါပသာဒ<br>ကာယပသာဒ | ဟဒယဝတ္ထု | ကြွင်းသောရုပ် ၂၃-ပါးသည် ဗာဟိရရုပ် |

## ရုပဝိဘာဂသရုပ်ခွဲ ဇယား

| | | | |
|---|---|---|---|
| ၁ | စက္ခုပသာဒ | ဝတ္ထုရုပ် | ကြွင်းသောရုပ် ၂၂-ပါးသည် အဝတ္ထုရုပ် |
| ၂ | သောတပသာဒ | | |
| ၃ | ဃာနပသာဒ | | |
| ၄ | ဇိဝှါပသာဒ | | |
| ၅ | ကာယပသာဒ | | |
| ၆ | ဟဒယရုပ် | | |
| ၁ | စက္ခုပသာဒ | ဒွါရရုပ် | ကြွင်းသောရုပ် ၂၁-ပါးသည် အဒွါရရုပ် |
| ၂ | သောတပသာဒ | | |
| ၃ | ဃာနပသာဒ | | |
| ၄ | ဇိဝှါပသာဒ | | |
| ၅ | ကာယပသာဒ | | |
| ၆ | ကာယဝိညတ် | | |
| ၇ | ဝစီဝိညတ် | | |
| ၁ | စက္ခုပသာဒ | ဣန္ဒြိယရုပ် | ကြွင်းသောရုပ်၂၀-သည် အနိန္ဒြိယရုပ် |
| ၂ | သောတပသာဒ | | |
| ၃ | ဃာနပသာဒ | | |
| ၄ | ဇိဝှါပသာဒ | | |
| ၅ | ကာယပသာဒ | | |
| ၆ | ဣတ္ထိဘာဝ | | |
| ၇ | ပုမ္ဘော | | |
| ၈ | ဇီဝိတ | | |

| | | | |
|---|---|---|---|
| ၁ | စက္ခုပသာဒ | ဩဠာရိကရုပ်, သန္တိကေရုပ်, သပ္ပဋိဃရုပ် | ကြွင်းသောရုပ်သည် သုခုမ, ဒူရေ, အပ္ပဋိဃရုပ် |
| ၂ | သောတပသာဒ | | |
| ၃ | ဃာနပသာဒ | | |
| ၄ | ဇိဝှါပသာဒ | | |
| ၅ | ကာယပသာဒ | | |
| ၆ | ရူပ | | |
| ၇ | သဒ္ဒ | | |
| ၈ | ဂန္ဓ | | |
| ၉ | ရသ | | |
| ၁၀ | ပထဝီ | | |
| ၁၁ | တေဇော | | |
| ၁၂ | ဝါယော | | |
| ၁ | ကမ္မဇရုပ် | ဥပါဒိန္န | ကြွင်း အနုပါဒိန္နရုပ် |
| ၁ | ရူပါရုံ | သနိဒဿန | ကြွင်း အနိဒဿနရုပ် |
| ၁ | စက္ခုပသာဒ | အသမ္ပတ္တ.. သမ္ပတ္တ | ဂေါစရဂ္ဂါဟိကရုပ် ကြွင်း အဂေါစရဂ္ဂါဟိကရုပ် |
| ၂ | သောတပသာဒ | | |
| ၃ | ဃာနပသာဒ | | |
| ၄ | ဇိဝှါပသာဒ | | |
| ၅ | ကာယပသာဒ | | |
| ၁ | ဝဏ္ဏ | အဝိနိဗ္ဘောဂရုပ် | ကြွင်း ဝိနိဗ္ဘောဂရုပ် |
| ၂ | ဂန္ဓ | | |
| ၃ | ရသ | | |
| ၄ | ဩဇာ | | |
| ၅ | ပထဝီ | | |
| ၆ | အာပေါ | | |
| ၇ | တေဇော | | |
| ၈ | ဝါယော | | |

ရူပဝိဘာဂအဘွင့် ပြီးပြီ။

ဧမ္ဗူ-363-56

## ရူပသမုဋ္ဌာန အဘွင့်။ သမုဋ္ဌာန် လေးပါး

၂၉။ ။ကမ္မံ စိတ္တံ, ဥတု အာဟာရောစေတိ စတ္တာရိ ရူပသမုဋ္ဌာနာနိ နာမ။ ။သင်္ဂြိုဟ်ပါဌ်။

ကံ, စိတ်, ဥတု, အာဟာရ၊ ဤလေးပါးတို့သည် ရုပ်ကို ဖြစ်စေသော တရားတို့ မည်ကုန်၏။ ။ဟူလို။ ။ဤကား ပိဏ္ဍတ္ထ။

—— ——

**မှတ်ချက်။** ။ဤ၌ ကံ၏အရ နာနာက္ခဏိက ကမ္မပစ္စည်းတပ်သော အတိတ်စေတနာကိုယူ၊ သို့သော် ဒိဋ္ဌဓမ္မဝေဒနီယ ထိုက်သော ကံဖြစ်ပါမူ ပစ္စုပ္ပန်ကံကိုလည်း ယူသင့်၏။ စိတ္တံ-၏ အရလည်း စေတသိက်နှင့် တကွသော စိတ်ကိုယူ၊ ဥတု၏အရ တေဇောဓာတ်ကိုယူ။ ။ဥဒယတိ ရူပံ ဇနေတိ ဝဍ္ဎေတီတိ ဥတု-ဟု ပြု။

—— ——

## ရူပသမုဋ္ဌာန် အဓိပ္ပါယ်

သမုဋ္ဌဟန္တိ ဇာယန္တိ ဧတေနာတိ သမုဋ္ဌာနံ။

ဧတေန၊ ဤအကြောင်း တရားဖြင့်။ သမုဋ္ဌဟန္တိ-ဇာယန္တိ၊ ဖြစ်ကုန်၏။ ဣတိတသ္မာ၊ ထိုသို့ ဖြစ်ကြောင်းဖြစ်သော သတ္တိကြောင့်။ သမုဋ္ဌာနံ၊ သမုဋ္ဌာန် မည်၏။

ရူပဿ သမုဋ္ဌာနံ ရူပသမုဋ္ဌာနံ။

ရူပဿ၊ ရုပ်ကို။ဝါ၊၏။ သမုဋ္ဌာနံ၊ ဖြစ်ကြောင်းသည်။ ရူပသမုဋ္ဌာနံ၊ ရူပသမုဋ္ဌာန်-မည်၏။ ။ရုပ်တို့၏ဖြစ်ခြင်း အကြောင်းတရားသည် -ရူပသမုဋ္ဌာန် မည်၏။ ။ဟူလို။

—— ——

## ရုပ်ကိုဖြစ်စေသော ကံ အဘွင့်

၃၀။ ။တတ္ထ ကာမာဝစရံ ရူပါဝစရဉ္စေတိ ပဉ္စဝီသတိဝိဓမ္ပိ ကုသလာကုသလကမ္မမဘိသင်္ခတံ အဇ္ဈတ္တိကသန္တာနေ ကမ္မသမုဋ္ဌာနရူပံ ပဋိသန္ဓိမုပါဒါယ ခဏေခဏေ သမုဋ္ဌာပေတိ။ ။သင်္ဂြိုဟ်ပါဌ်။

ထိုလေးပါးသော ရူပသမုဋ္ဌာန် တရားတို့တွင် အကုသိုလ်ကံ ၁၂-ခု ကာမာဝစရကုသိုလ် ၈-ခု။ ရူပကုသိုလ် ၅-ခု၊ ဤ ၂၅-ပါးသော ကုသိုလ်,

အကုသိုလ်ကံသည် အဇ္ဈတ္တိက သန္တာန်၌ ပဋိသန္ဓေစိတ်၏ ဥပါဒ်မှစ၍ ဖြစ်တိုင်း ဖြစ်တိုင်းသော စိတ်တို့၏ ဥပါဒ်တိုင်း, ဌီတိုင်း,ဘင်တိုင်း ကမ္မဇရုပ် တို့ကို ဖြစ်စေ၏။ ။ဟူလို။

ဤကား ပိဏ္ဍတ္ထ။

---

## အဝယဝတ္ထ အဓိပ္ပါယ်

၎င်းကံကြောင့်ဖြစ်သော ကမ္မဇရုပ်သည် ပဋိသန္ဓေစိတ်၏ ဥပါဒ်ခဏ ကစ၍ ဖြစ်၏။စုတိစိတ်မှပြန်၍ ရေသည်ရှိသော် ၁၇-ချက်မြောက်သော စိတ်၏ ဥပါဒ်အခိုက်၌နောက်ဆုံးဖြစ်ခြင်းကိုဖြစ်စေနိုင်၏။၎င်းစိတ်၏ ဌီမှစ၍ ကမ္မဇရုပ် မဖြစ်တော့ပြီ၊ ပဋိသန္ဓေဥပါဒ်ခဏမှစ၍ ဆိုအပ်ပြီးသော စိတ်၏ အတွင်း၌ကား မြစ်ရေအယဉ်ကဲ့သို့ ဥပါဒ်တိုင်း,ဌီတိုင်း,ဘင်တိုင်း အစဉ် မပြတ် ဖြစ်၏။ အရူပါဝစရ ကုသိုလ်ကံကား ရူပဝိရာဂဘာဝနာ အစွမ်း ကြောင့် ရုပ်ကို မဖြစ်စေနိုင် ဟု မှတ်။

---

## ခဏေ ခဏေ အဆုံးအဖြတ်

ကမ္မဇရုပ်သည် စိတ်တို့၏ ဥပါဒ်ခဏ, ဌီခဏ, ဘင်ခဏတိုင်းတို့၌ ရုပ်ကို ဖြစ်စေ၏ ဟု အဋ္ဌကထာဆရာနှင့် ဋီကာဆရာအများ အယူရှိကြကုန်၏။ ။ သို့သော် မူလဋီကာ ဆရာကား ကမ္မဇရုပ်နှင့်တကွ စတုသမုဋ္ဌာနိကရုပ် မှန်သမျှတို့သည် စိတ်၏ ဥပါဒ်ခဏ၌သာ အားကြီးသောကြောင့် ဖြစ်ကုန်၏။ ကြွင်းသော ဌီခဏ, ဘင်ခဏတို့၌ အားနည်း သောကြောင့် မဖြစ်နိုင်ကုန် ဟု မိန့်တော်မူ၏။

ဤအရှင်အာနန္ဒာ မူလဋီကာဆရာ၏ စကားသည် အရူပဘာဝကိုရည်၍ မိန့်ဆိုသော စကားဖြစ်သောကြောင့်၎င်း-

ကော် မဟာဘူတံ ပဋိစ္စ တယော မဟာဘူတာ။ပ။ မဟာဘူတေ ပဋိစ္စ စိတ္တသမုဋ္ဌာနရူပံ ဥပါဒါရူပံ ကဋတ္တာရူပံ ဥပါဒါရူပံ။

စသော ပဋ္ဌာန်းပါဠိတော်၌ စိတ်၏ ဥပါဒ် ဟုရင်း, ဌီဟုရင်း, ဘင် ဟုရင်း အထူး မှတ်၍ မဟောပါတဲ့ သာမည အားဖြင့် ဟောတော် မူသည်ကို

ထောက်၍ ကမ္မဇရုပ်တို့သည် ဥပါဒ်တိုင်း,ဌီတိုင်း,ဘင်တိုင်း ဖြစ်ကုန်ကုန်၏-ဟု မှတ်။

(ဤကား စာသင်ငယ်တို့ ဝါဒတပါးအတွက် ဒွိဟ မရှိစေရန် အကျဉ်းမျှဖြစ်သော အဆုံးအဖြတ်တည်း။ ။အကျယ်ကိုလိုမူ ဆိုင်ရာ မူလဋီကာစသော ကျမ်းတို့ကို ကြည့်ရှုတော်မူကြပါကုန်)။

---

## ရုပ်ကိုဖြစ်စေသော စိတ် အဘွင့်

၃၁။ ။အရူပဝိပါက ဒွိပဥ္စဝိညာဏာနဉ္စိတံ ပဋ္ဌသန္ဓိစိတ္တဉ္စ စိတ္တဇ္ဇသမုဋ္ဌာနရူပံ ပဋ္ဌမဘဝင်္ဂုပါဒါယ ဇနေန္တိယေဝ သမုဋ္ဌာပေတိ။ ။သတ္တိဟ်ပါဌ်။

အရူပဝိပါက်စိတ် ၄-ခု၊ ဒွေပဉ္စဝိညာဏ်-၁၀၊အလုံးစုံသော ပဋိသန္ဓေစိတ်၊ရဟန္တာတို့၏ စုတိစိတ်၊တနည်း အလုံးစုံသော စုတိစိတ်သည် ကြဉ်အပ်သော ကြွင်း ၇၅-ပါးသော စိတ်တို့သည် ပဉ္စဝေါကာရဘုံ၌ ဖြစ်သော အခါ ပဋိသန္ဓေနောင် ပဌမဘဝင်မှစ၍ ဥပါဒ်တိုင်း,ဥပါဒ်တိုင်း အဇ္ဈတ္တိက သန္တာန်၌ စိတ္တဇရုပ်တို့ကို ဖြစ်စေကုန်၏။ ။ဟူလို။

ဤကား ပိဏ္ဍတ္ထ။

---

## ရုပ်ကို မဖြစ်စေနိုင်ခြင်း အဓိပ္ပါယ်

အရူပဝိပါက်စိတ် ၄-ပါးသည် အဘယ်ကြောင့် ကြဉ်ရပါသနည်းဟူမူ၊ တစုံတရာမျှ ရုပ်မရှိသော အရူပဘုံ၌သာ ဖြစ်သောကြောင့် စိတ္တဇရုပ်ကို မဖြစ်စေနိုင်၊ထို့ကြောင့် ကြဉ်ရသည်။

> စတ္တာရိ အရူပဝိပါကာနိ တသ္မိံ ဘဝေ ရူပဿ နတ္ထိတာယ ရူပံ န သမုဋ္ဌာပေန္တိ။ ။ခန္ဓဝိဘင်း အဋ္ဌကထာ။ ။(၂၁)

တနည်း....အရူပဈာန်ကိုရအောင် ကမ္မဋ္ဌာန်း စီးဖြန်းစဉ်ကပင် ရုပ်ရှိခြင်းကြောင့် ခုတ်ဖြတ်ခြင်း, ခိုက်ရန် ငြင်းခုံခြင်း စသည်တို့သည် ဖြစ်ကုန်၏ ဟု ရုပ်ကို ပယ်ခဲ့သောကြောင့် ရုပ်ကို မဖြစ်စေနိုင်၊ ထိုကြောင့် ကြဉ်ရသည်။ဒွေပဉ္စဝိညာဏ် တဆယ်ကို အဘယ့်ကြောင့် ကြဉ်ရပါသနည်းဟူမူ။ ။ဒွေပဉ္စဝိညာဏ် တဆယ်သည် ဟိတ်, ဈာနင်, မဂ္ဂင်မှ ကင်း၍

စိတ်အင်္ဂါ အားနည်းသောကြောင့် စိတ္တဇရုပ်ကို မဖြစ်စေနိုင်၊ထိုကြောင့် ကြဉ်ရသည်။

> ဌိပဉ္စဝိညာဏေသု ပန ဈာနင်္ဂ နတ္ထိ,မဂ္ဂင်္ဂ နတ္ထိ,ဟောတုနတ္ထိတိ စိတ္တင်္ဂ ဒုဗ္ဗလံ ဟောတီတိ စိတ္တင်္ဂဒုဗ္ဗလတာယ တာနိ ရူပံ န သမုဋ္ဌာပေန္တိ။ ။ခန္ဓဝိဘင်း အဋ္ဌကထာ။ ။(၂၁)

ပဋိသန္ဓေစိတ်သည် အဘယ့်ကြောင့် ရုပ်ကို မဖြစ်စေနိုင်ပါ ဘနည်း ဟူမူ။ ။၎င်းပဋိသန္ဓေစိတ်သည် ဘဝသစ်၌ ဖြစ်စဖြစ်၍ ဟဒယဝတ္ထုက အားနည်းလှသောကြောင့်၎င်း တည်တည်တံ့တံ့ မရှိသေး သောကြောင့် ၎င်း, အကြောင်းချို့တဲ့သည်၏ အဖြစ်ကြောင့်၎င်း, ဧည့်သည် အာဂန္တု ဖြစ်သောကြောင့်၎င်း ရုပ်ကို မဖြစ်စေနိုင်။ ။သို့သော်လည်း ဘဝင်အခိုက်၌ စိတ္တဇရုပ်ကို ဖြစ်စေနိုင်သောကြောင့် စိတ်အရေအတွက်မှာ ၇၅-ပါးမှ မလျော့ပြီ။

> ပဋိသန္ဓိစိတ္တံ တာဝ ဝတ္ထုနော ဒုဗ္ဗလတာယ အပ္ပတိဋ္ဌိတတာယ ပစ္စယဝေကလ္လတာယ စ အာဂန္တုကတာယ စ ရူပံ န သမုဋ္ဌာပေတိ။ ။ခန္ဓဝိဘင်း အဋ္ဌကထာ။ ။(၂၀)

---

## မဝုဋ္ဌိကာ သရော၏ အဆုံးအဖြတ်

> အယံ ပနေတ္ထ အဋ္ဌကထာအဓိပ္ပါယော။ပဌ္ဌိမစိတ္တဿာတိ ဧတေ အရဟတော စိတ္တံ ဂဟေတဗ္ဗံ သဗ္ဗပစ္ဆိမတ္တာ။ တဥ္စ ဝဋ္ဋဿ ဂူပသန္တတ္တာ ရူပံ န ဇနေတိ။အညေသံ ပန စုတိစိတ္တံ ရူပံ သမုဋ္ဌာပေတိ ဝဋ္ဋဿ အဂူပသန္တတ္တာ၊တံ ပန ရူပံ ကဠေဝရေ နိရုဇ္ဈံ။
>
> မဝု-ဋ္ဌိကာ။ ။(၁၃၀)

ပန၊အဆုံးအဖြတ်ကို ဆိုဦးအံ့။အယံ၊ဤဆိုလတ္တံ့သည်ကား။အဋ္ဌကထာ အဓိပ္ပါယော၊ အဋ္ဌကထာဆရာ၏ အလိုတော်ကျ အဓိပ္ပါယ်တည်း။ပဌ္ဌိမ စိတ္တဿာတိ ဧတေန၊ ပဌ္ဌိမစိတ္တဿ-ဟူသော ပါဌ်ဖြင့်။ အရဟတော၊ ရဟန္တာ ပုဂ္ဂိုလ်၏။ စိတ္တံ၊စိတ်ကို။ ဂဟေတဗ္ဗံ၊ယူအပ်၏။ ကသ္မာ၊ အဘယ့် ကြောင့်နည်း ဟူမူကား။သဗ္ဗပစ္ဆိမတ္တာ၊ အလုံးစုံသော ဘဝ၏။ ဝါ-စိတ်၏။ အဆုံးစွန်သောစိတ်ဖြစ်သောကြောင့်တည်း။ စ၊ ဆက်။ တံ၊ထိုစုတိစိတ်သည်။

ဝဋ္ဋသာ၊၏။ ဂုသာသန္တတ္တာ၊ ငြိမ်ဝေလေပြီးသည်၏ အဖြစ်ကြောင့်။ ရူပံ၊ကို။ န ဇနေတိ၊ မဖြစ်စေနိုင်။ ပန၊မဖြစ်သည်မှတပါး၊ ဖြစ်သည်ကို ဆိုဦးအံ့။ အသေ့ယံ၊ရဟန္တာအရှင်တို့မှ တပါးကုန်သော အလုံးစုံသော သူတို့၏။စုတိစိတ္တံ၊သည်။ ရူပံ၊ကို။ သမုဋ္ဌာပေတိ၊ဖြစ်စေ၏။ ကသ္မာ၊နည်း။ ဝဋ္ဋသာ၊၏။ အဝူပသန္တတ္တာ၊ မငြိမ်းသည်၏ အတွက်ကြောင့်တည်း။ ပန၊ဆက်။ တံ ရူပံ၊ သည်။ကဠေဝရေ၊အသေကောင်၌၊နိရုဒ္ဓံ၊ချုပ်လေ၏။

အဓိပ္ပါယ်ကား····ရဟန္တာတို့၏ စုတိစိတ်သည် သံသရာဝဋ်မှ ကျွတ်လွတ်တော်မူသဖြင့် အဆုံးစွန်သော စိတ်ဖြစ်သောကြောင့် ရုပ်ကိုမဖြစ်စေနိုင်၊ရဟန္တာ အရှင်များမှ တပါးဖြစ်သော ပုဂ္ဂိုလ်များ၏ စုတိစိတ်သည် ကား သံသရာဝဋ် မဆုံးသေးသည် ဖြစ်သောကြောင့် ရုပ်ကို ဖြစ်စေနိုင်၏။ ၎င်းစုတိစိတ်ကြောင့်ဖြစ်သော ရုပ်ကား အကောင်ပုတ်ကျမှ ချုပ်လေ၏။ ဟူလို။ ။(*အဋ္ဌကထာ၊ ဋီကာ၊ အနု၊ မဓုကျမ်းလာ့စ် ဓိပ္ပါယ်နှစ်ကို၊ စိစစ် သေချာ၊ညာဏ်ရောင် ဖြာတော်မူကြစေခလို။

---

# ဒွိ၊ဘင်ခဏတို့၌ စိတ္တဇရုပ် မဖြစ်ခြင်း အကြောင်း

၎င်းစိတ္တဇ ရုပ်သည် ဌီခဏ, ဘင်ခဏတို့၌ အဘယ့်ကြောင့် ရုပ်ကို မဖြစ်စေနိုင်ပါသနည်း ဟူမူ။ ။စိတ်သည် အလွန် လျင်မြန်သဖြင့်၎င်း, အနန္တရပစ္စည်း, အာသေဝနပစ္စည်းကို မရသဖြင့်၎င်း ရုပ်တို့ကဲ့သို့ ဌီခဏ, ဘင်ခဏတို့၌ အားမရှိသောကြောင့် ဌီခဏ, ဘင်ခဏတို့၌ ရုပ်ကို မဖြစ်စေနိုင်၊စိတ်၏ ဥပါဒ်ခဏ၌သာ အနန္တရပစ္စည်း,အာသေဝနပစ္စည်းကိုရ၍ အားကြီးသောကြောင့် ရုပ်ကို ဖြစ်စေနိုင်၏ ဟု မှတ်။

---

## ဣရိယာပုထ်ကို ဖြစ်စေသောစိတ်

၃၂။ ။တတ္ထ အပ္ပနာဇဝနံ ဣရိယာပထမ္ပိ သန္နာမေတိ။

သဂြိုဟ်ပါဌ်။

ထိုရုပ်ကို ဖြစ်စေတတ်သော ၇၆-ပါးတို့တွင် အပ္ပနာဇော-ဆဗ္ဗိသသည် ရုပ်ကို ဖြစ်စေသည်သာမက သွားခြင်း,ရပ်ခြင်း,ထိုင်ခြင်း,လျောင်းခြင်း ဟု

ဆိုအပ်သော ဣရိယာပုထ်ကို ထောက်ပံ့ခိုင်စေနိုင်, ဖြစ်စေနိုင်၏။ ။ ဟူလို။

ဤကား ဝိဏ္ဏတ္တ။

---

## ဣရိယာပထ အဓိပ္ပါယ်

ဣရိယာယ ပထော ဣရိယာပထော။

ဣရိယာယ၊ ကိုယ်၌ဖြစ်သော သွားခြင်း, လာခြင်းစသော ကြိယာ၏။ ပထော၊ ဖြစ်ခြင်း၏ အကြောင်းသည်။ ဣရိယာပထော၊ ဣရိယာပထ-မည်၏။ ။သွားခြင်း, လာခြင်း, ထိုင်ခြင်း, ထခြင်း-စသော ကိုယ်၌ဖြစ်သော ကြိယာသည် ဣရိယာမည်၏။ငင်း ကာယိက ကြိယာ-ဟူသော ဣရိယာ ဖြစ်ခြင်း၏ အကြောင်းဖြစ်သော သွားသောအခိုက်အတန့်, လာသောအခိုက် အတန့် အတွင်း၌ဖြစ်သော ရုပ်တရားသည် ဣရိယာပုထ် မည်၏။ ။ဟူလို။

ထိုအပ္ပနာဇော ဆဗ္ဗိသသည် ငင်းဣရိယာပုထ်ကို မပျက်စီးစေ ရအောင် တည်တံ့အောင် ထောက်ပံ့တတ်,ဖြစ်စေတတ်၏။ ။ဟူလို။

ငင်းအပ္ပနာ ဇောတို့သည် ဝိညတ်ကို အဘယ့်ကြောင့် မဖြစ်စေနိုင်ပါ သနည်း ဟူမူ။ ငင်းအပ္ပနာဇောတို့သည် အာသေဝန ပစ္စည်းကိုရ၍အရှိန် အဟုန် ရှိသော်လည်း ကာမဇောတို့ကဲ့သို့ ရုန်းရင်းသောစိတ် မဟုတ်သော ကြောင့် ဝိညတ်ကို မဖြစ်စေနိုင် ဟု မှတ်။

အဋ္ဌကထာ ဆရာအလို ရဟန္တာတို့၏ စုတိ စိတ်သည် ဝဋ်မှ ကျွတ်လွတ်၍ တဘန်ဘဝသစ်၌ဖြစ်ဘွယ်မရှိသောကြောင့်ရုပ်ကိုမဖြစ်စေနိုင်။

> ခီဏာသဝဿ ပန စုတိစိတ္တံ ဝဋ္ဋမူလဿ ဝူပသန္တတ္တာ န သမုဋ္ဌာပေတိ။ ။ခန္ဓဝိဘင်း အဋ္ဌကထာ။ ။(၂၀)

မူလဋီကာဆရာကား ခပ်သိမ်းသော သတ္တဝါတို့၏ စုတိစိတ်သည်ပင် ရုပ်ကို မဖြစ်စေနိုင် ဟု မိန့်တော်မူ၏။ ။အဘယ့်ကြောင့် ဆိုသော် တခုသောဘဝ၏ ချုပ်ဆုံးစုတေသောအခါကမ္မဇရုပ်ချုပ်သည်ရှိသော်စိတ္တဇ ရုပ်တို့၏ ဖြစ်မှုသည် မသင့်။ စုတိစိတ်သည် ရုပ်ကို ဖြစ်စေသည် ဟူသော ပါဠိတော်လည်း မရှိသောကြောင့်တည်း။

နစ ယူတ္တံ စုတော စ စိတ္တသမုဋ္ဌာနဥ္စသ ပဝတ္တတီတိ။ နာပိ စုတိ စိတ္တံ ရူပံ သမုဋ္ဌာပေတီတိ ပါဠိ အတ္ထိ။ ။မူလဋီကာ။ ။(၁၄၁)

အနုဋီကာဆရာကား။ ။"ပစ္ဆိမစိတ္တဿ ဘင်္ဂက္ခဏေ တေသံ ကာယသင်္ခါရော စ န နိရုဇ္ဈတိ"ဟု သင်္ခါရယမိုက်၌ ဟောတော်မူသောကြောင့် စုတိစိတ်သာ ရုပ်ကို မဖြစ်နိုင်သည် မဟုတ်၊ စုတိစိတ်မှပြန်၍ ရေသည် ရှိသော် ၁၆-ချက်မြောက်သော စိတ်မှစ၍ ရုပ်ကို မဖြစ်စေနိုင် ဟု မိန့်တော်မူ၏။

ပစ္ဆိမစိတ္တဿ ပုရတော သောဠသမေန စိတ္တေန တတော ဩရိမေန ဝါ သဒ္ဓိံ အသဿာသ ပဿာသာ န ဥပ္ပဇ္ဇန္တီတိ သိဒ္ဓံ။
အနုဋီကာ။ ။(၁၅)

**ဆောင်ပုဒ်**

က။ ။ဥပါဒ်၌ပေ၊အားကြီးနေ၊ဖြစ်စေ-ရုပ်ကိုသိ၊
ခ။ ။ဌီ,ဘင်၌ဝယ်၊အားလွန်ငယ်၊ဖြစ်တွယ်-ရုပ်မရှိ။

---

**သန္တာနမေတ် အနိပ္ပါယ်**

ဤသန္တာနမေတိ-၏ အရ ထောက်ပံ့မှုဟူသည်ကား ချိ၍ထားဘိသကဲ့သို့ ဆောင်ခြင်းမျိုး မဟုတ်၊ ထိုကာယိကကြိယာ အခိုက်အတန့်ဝယ် ဖြစ်သော စတုဇရုပ်တို့ကို စောင့်ရှောက်ခြင်းမျှကို ဆိုလိုသည်။ ။ဘဝင်စိတ်ဖြစ်၍ အိပ်ပျော်၍ နေသောအခါ၌ ကိုယ်အမူအရာ အလုံးစုံသော ဣရိယာပုထ်သည် ငြိမ်သက်၍ နေလေ၏။ ဤအပ္ပနာဇော ဆဗ္ဗိသန္ဓင့်တကွ ဆိုလတ္တံ့သော ၃၂-ပါးသောစိတ်တို့ဖြစ်ပေါ်နေသောနိုးကြားနေသောအခါ၌ကား အင်္ဂါကြီးငယ်တို့ကို ထောက်ပံ့အပ်သောကြောင့် ဆိုအပ်ပြီးသော သွားခြင်း,လာခြင်းစသော ဣရိယာပုထ်တို့သည် ဖြစ်ကုန်၏။ ။ဣရိယာပထမ္ဘိ-၌ ပိသဒ္ဒါသည် ဒုတိယသမ္ပိဏ္ဍနအနက်ရှိ၏။ ရုပ်ကိုသာ ဖြစ်စေသည်မဟုတ်၊ ဣရိယာပုထ်ကိုလည်း ခိုင်စေတတ်,ထောက်ပံ့တတ်၏။ ။ဟူလို။ ။ဤင်း အပ္ပနာဇောတို့ကား ဈာန်ရသော အရိယာ ပုဂ္ဂိုလ်များ၏ သန္တာန်၌သာ ဖြစ်သောစိတ်များ ဖြစ်၏။သာမညပုထုဇဉ်ပုဂ္ဂိုလ်တို့၏ သန္တာန်၌ မဖြစ်ကုန်၊ သို့ဖြစ်ပါက ပုထုဇဉ် ပုဂ္ဂိုလ်တို့အား ဣရိယာပုထ် မဖြစ်ပါပြီလော-ဟူမူ။ အောက်၌ ဆိုလတ္တံ့သော ဝုဋ္ဌော,ကာမာဝစရဇော,အဘိညာဉ်ဇော

တို့ကား ဣရိယာပုထ်ကိုလည်း ဖြစ်စေနိုင်, ဝိညတ်ကိုလည်း ဖြစ်စေနိုင်၍ ပုထုဇဉ် ဣရိယာပုတ်ကို ဖြစ်စေနိုင်ကုန်၏ ဟု မှတ်။

ဆိုလိုရင်းကား....၎င်း အဘိညာဏ် ဒွေမှတပါးသော အပ္ပနာဇော တို့သည် ဝိညတ်ကို မဖြစ်စေနိုင်၊ ဣရိယာပုထ်ကိုသာ ဖြစ်စေနိုင်သည်။ ။ ဟူလို။ ။သို့ဖြစ်၍ အပ္ပနာဇော ဆဒ္ဒိသသည် သွားခြင်း ဣရိယာပုဒ်ကို မဖြစ်စေနိုင်၊ကြွင်းသော ဣရိယာပုထ် သုံးပါးကိုသာ ဖြစ်စေ၏ ဟု ဆရာတို့ မိန့်ဆိုတော်မူကြကုန်၏။

**ဆောင်ပုဒ်**

စောင့်ရှောက်ရုံမှ၊သန္တာမ၊မှတ်ကြ-သောတုငယ်။

---

**ဝိညတ်ကို ဖြစ်စေသောစိတ် အသွင့်**

၃၃။ ။ဝေါဋ္ဌဗ္ဗန ကာမာဝစရဇဝနာဘိညာ ပန ဝိညတ္တိမ္ပိ သမုဋ္ဌာ ပေန္တိ။

သဂ္ဂြိုဟ်ပါဌ်။

ဝုဋ္ဌော,ကာမဇောတခုယုတ် သုံးဆယ်,အဘိညာဉ် ဒွေတို့သည် ဝိညတ်ကို ဖြစ်စေနိုင်ကုန်၏။ဣရိယာပုထ်ကိုလည်း ထောက်ပံ့နိုင်ကုန်၏။ ။ဟူလို။

ဤကား ဝိဂ္ဂဟတ္ထ။

---

**အဝယာဝဏ္ဏ အဓိပ္ပါယ်**

ဝုဋ္ဌော, ကာမာဝစရဇော ဟု သာမညအားဖြင့် မိန့်ဆိုသော်လည်း မနောဒွါရ၌ဖြစ်သော ဝုဋ္ဌော,ကာမာဝစရဇောတို့သည်သာလျှင် အားကြီး သောကြောင့် ဝိညတ်ကိုရင်း, ရယ်ရွှင်ခြင်းကိုရင်း ဖြစ်စေနိုင်ကုန်၏။ ပဉ္စ ဒွါရ၌ ဖြစ်သော, ဝုဋ္ဌော,ကာမာဝစရ ဇောတို့ကား အားနည်းသောကြောင့် ဝိညတ်စသည်တို့ကို မဖြစ်စေနိုင်ကုန် ဟု မှတ်။ဝိ-သဒ္ဒါရှေးအတိုင်း ဒုတိယ သမ္ဗန္ဓနတ္ထ။

**ဆောင်ပုဒ်**

ငါးပဉ္စဒွါ၊ဖြစ်ရာဇော,ဝု၊အားနည်းမှုမှတ်၊ရှုဝိညတ်၊မဖြစ်ပေ။

---

ဇန္ဓူ.-363-57

## ဟသိတုပ္ပါဒ်ကို ဖြစ်စေသောစိတ် အဖွင့်

**၃၄။ ။သောမနဿ ဇဝနာနိ ပနေတ္ထ တေရသ ဟာသနဿ ဇနေန္တိ။**

သဂြိုဟ်ပါဠိ။

ဤပိဋကတ်ကို ဖြစ်စေတတ်သော ဝုဋ္ဌော, ကာမဇောတခုယုတ် သုံးဆယ့်တို့တွင် တဆယ့်သုံးပါးကုန်သော သောမနဿ ဇောတို့သည် ရယ်ရွှင်ခြင်းကိုလည်း ဖြစ်စေတတ်ကုန်၏။ ။ဟူလို။

ဤကား ပိဏ္ဍတ္ထ။

---

## တေရသ သချုပ်

တေရသ၏အရ-သရုပ်ကား ကာမာဝစရကုသိုလ် သောမနဿဇော ၄-ခု၊ အကုသိုလ် သောမနဿ ၄-ခု၊ကာမာဝစရကြိယာ သောမဿ ၄-ခု၊အဟိတ်ကြိယာ သောမနဿ ၁-ခုအားဖြင့် ၁၃-ပါး ဖြစ်သတည်း။

## ပုဂ္ဂိုလ်အရ ဟာသနုဖြစ်ပုံ

၁။ ။ပုထုဇဉ် ပုဂ္ဂိုတို့သည် လောဘမူ သောမနဿ ၄-ခု၊မဟာကုသိုလ် သောမနဿ ၃-ခုအားဖြင့် သောမနဿ ရှစ်ခုတို့ဖြင့် ရယ်ရွှင်ကြကုန်၏။

၂။ ။သေက္ခ ပုဂ္ဂိုလ်တို့သည် လောဘမူ ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၂-ခု၊ မဟာကုသိုလ် သောမနဿ ၃-ခု၊ဤခြောက်ပါးသော စိတ်တို့ဖြင့် ရယ်ရွှင်ကုန်၏။

၃။ ။ရဟန္တာ ပုဂ္ဂိုလ်တို့သည် ဟသိတုပ္ပါဒ်စိတ် ၁-ခု၊မဟာကြိယာ သောမနဿ ၄-ခု၊ဤငါးပါးသော စိတ်တို့ဖြင့် ပြုံးရယ်ကုန်၏။

၄။ ။မြတ်စွာဘုရား များကား ဟသိတုပ္ပါဒ်, မဟာကြိယာ သောမနဿ ဉာဏသမ္ပယုတ်စိတ် ၂-ခု၊ဤသုံးပါးသော စိတ်တို့ဖြင့် ရယ်ရွှင်ကုန်၏။

## သဒ္ဒါပုဒ်

က။ ။လော-သော,ကု-သော၊အဋ္ဌဟော၊မှတ်လော-ပု-ရယ်ရွှင်။

ခ။ ။ဒိဋ္ဌိဝိပ်-ဒွေး၊ကုသော-လေး၊ခြောက်ရေး-သောက်ရယ်ရွှင်။

ဂ။ ။ရဟန္တာမူ၊ကြိ-သော,ဟူ၊ငါးဆူ-ရယ်ရွှင်လျှင်။

ပုထုဇ္ဇနာ ဟသန္တေ တ္တာ၊စိတ္တေဟိ ပန အဋ္ဌဟိ။
ဆဟိ သေက္ခာ အသေက္ခာ တု၊စိတ္တေဟိ ပန ပဉ္စဟိ။

---

**သရုပ်ခွဲ**

က။ ။ကာမာဝစရကုသိုလ် ၈-ခု၊အကုသိုလ် ၁၂-ခု၊ကြိယာ ၁၀-ခု၊ သေက္ခ, ပုထုဇဉ်တို့၏ အဘိညာဉ်စိတ်, ရဟန္တာတို့၏ အဘိညာဉ်စိတ်၊ ဤ ၃၂-ပါးသော စိတ်တို့သည် ရုပ်ကိုလည်း ဖြစ်စေနိုင်ကုန်၏။ ဣရိယာပုထ်ကိုလည်း ထောက်ပံ့နိုင်စေကုန်၏။ဝိညတ်ဒွေကိုလည်း ဖြစ်စေကုန်၏။

ခ။ ။ရူပါဝစရကုသိုလ် ၅-ခု၊ ရူပါဝစရကြိယာ ၅-ခု၊ အရူပါဝစရ ကုသိုလ် ၄-ခု၊ အရူပါဝစရကြိယာ ၄-ခု၊ မဂ် ၄-ခု၊ ဖိုလ်စိတ် ၄-ခု၊ ဤ ၂၆-ပါးသော စိတ်တို့သည် ဝိညတ်ဒွေကို မဖြစ်စေနိုင်ကုန်၊ကြွင်းသော ရုပ်ကိုမူ ဖြစ်စေနိုင်ကုန်၏။ဣရိယာပုထ်ကို ထောက်ပံ့ နိုင်စေနိုင်ကုန်၏။

ဂ။ ။ကာမာဝစရ ဝိပါက် ၈-ခု၊ အဟိတ် ကုသလဝိပါက် ၃-ခု၊ အကုသလဝိပါက် ၂-ခု၊ကြိယာမနောဓာတ် ၁-ခု၊ ရူပါဝစရဝိပါက် ၅-ခု၊ ဤ ၁၉-ပါးသော စိတ်တို့သည် ရုပ်ကိုသာ ဖြစ်စေနိုင်ကုန်၏။ ကြွင်းသော ဣရိယာပုထ်နှင့် ဝိညတ်ရုပ်ကိုမူ မဖြစ်စေနိုင်ကုန်။

ဃ။ ။ဒွေပဉ္စဝိညာဏ် ၁၀-ခု၊အလုံးစုံသော သူတို့၏ ပဋိသန္ဓေစိတ်, ရဟန္တာတို့၏ စုတိစိတ် အရူပဝိပါက် ၄-ခု၊ဤ ၁၆-ပါးသော စိတ်တို့သည် ရုပ်ကိုလည်း မဖြစ်စေနိုင်ကုန်၊ ဣရိယာပုထ်ကိုလည်း မထောက်ပံ့နိုင်ကုန်၊ ဝိညတ်ကိုလည်း မဖြစ်စေနိုင်ကုန်။

> ဒွတ္တိံသ စိတ္တာနိ ဟိ ရူပံ သမုဋ္ဌာပေန္တိ။ ဣရိယာပထမ္ပိ ဥပတ္ထမ္ဘေန္တိ၊ဒုဝိဓမ္ပိ ဝိညတ္တိံ သမုဋ္ဌာပေန္တိ။ဆဗ္ဗိသတိ ဝိညတ္တိမေဝ န ဇနေန္တိ။ ဣတရဒ္ဒယံ ကရောန္တိ။ဧကူနဝီသတိ ရူပမေဝ သမုဋ္ဌာပေန္တိ။ ဣတရဒ္ဒယံ န ကရောန္တိ။ သောဠသ ဣမေသု တီသု ဧကမ္ပိ န ကရောန္တိ။ ။အဋ္ဌသာလိနီ အဋ္ဌကထာ။ ။(၃၂၀)

တနည်း....ရုပ်,ဣရိယာပုထ်, ဝိညတ်, ရယ်ရွှင်ခြင်း၊ ဤ လေးပါးတို့ကို မူလီ မူလာပြုလျက် ရုပ်ကိုသာ ဖြစ်စေနိုင်၍ ဣရိယာပုထ်ထို မဖြစ်စေ နိုင်သောစိတ် ၁၉-ခု။ ။ဣရိယာပုထ်ကိုသာ ဖြစ်စေနိုင်၍ ရုပ်ကို မဖြစ်စေ

နိုင်သော စိတ်မရှိ။ ။နှစ်ပါးစုံကို ဖြစ်စေနိုင်သောစိတ် ၅၈-ခု ။နှစ်ပါးစုံကို မဖြစ်စေနိုင်သောစိတ် ၁၄-ခု၊ပေါင်းစိတ် ၉၁-ပါး ဖြစ်၏။ ။(ရူပါဝစရကုသိုလ်, ကြိယာပဉ္စမဈာန်စိတ်ကို အဘိညာဉ်ကိစ္စတပ်ခိုက် အသီးအခြားယူ၍ စိတ်သရုပ်ပိုသည်)။ရုပ်ကိုသာဖြစ်စေနိုင်၍ ဝိညတ်ကို မဖြစ်နိုင်သော စိတ်စသည်ဖြင့် ခွဲလေ။မခဲပြီ။

---

## ဥတုဇရုပ် အဘွင့်

၁၄။ ။သီတုဏှောတုသမညာတာ တေဇောဓာတု ဌိတိပတ္တာဝ ဥတုသမုဋ္ဌာနရူပံ အဇ္ဈတ္တဉ္စ ဗဟိဒ္ဓါ စ ယထာရဟံ သမုဋ္ဌာပေတိ။ ။သင်္ဂြိုဟ်ပါဌ်။

အဧ ဟူသော သီတတေဇော,အပူဟူသော ဥဏှတေဇောသည် ဥတုမည်၏။ထိုဥတုသည် ပဋိသန္ဓေ၏ ဌီသို့ရောက်သောအခါ ဗဟိဒ္ဓက အဧ, အပူနှင့် တွေ့လတ်သော် ပစ္စဲဇာတပစ္စည်း အထောက်အပံ့ကိုရ၍ သတ္တဝါတို့၏ အဇ္ဈတ္တသန္တာန်ဝယ် ပဋိသန္ဓေစိတ်၏ ဌီခဏမှစ၍ မိမိဌီသို့ တိုင် ဥတုဇရုပ် ဖြစ်စေနိုင်၏။ ။ဟူလို။

ဤကား ဝိဂ္ဂဟတ္ထ။

---

## ဥတု အဓိပ္ပါယ်

ဥဒတိ ပသဝတီတိ ဥတု။

ဥဒတိ-ပသဝတိ၊ပွါးတတ်၏။ ဣတိ၊ကြောင့်။ဥတု၊ဥတု-မည်၏။ ။စတုသမုဋ္ဌာနိကရုပ်ကလာပ်၌ပါရှိသော အဧ,အပူဟူသော တေဇောဓာတ်သည် ရုပ်ကိုဖြစ်စေတတ်,တိုးပွါးစေတတ်သောကြောင့် ဥတုမည်၏။ ။ဟူလို။

## ဌိတိပတ္တာဝ အဓိပ္ပါယ်

၎င်းတေဇောဓာတ် ဟု ဆိုအပ်သော ဥတုသည် ပဋိသန္ဓေစိတ်၏ဥပါဒ်ခဏ၌ ကမ္မဇရုပ်၌ ပါရှိ၍လာသော်လည်း ကျေးဇူးမပြုနိုင်သေး၊ ပဋိသန္ဓေစိတ်၏ ဌီခဏကျမှသာ မိမိ-ဟုဆိုအပ်သော ရုပ်၏ ဌီခဏသို့ ရောက်သည်မည်၏။၎င်းဌီခဏသို့ရောက်မှသာလျှင် ၎င်းတေဇောဓာတ်သည် ဥတုဇရုပ်

ကိုဖြစ်စေနိုင်၏။ အဘယ့်ကြောင့် ပဋိသန္ဓေစိတ်၏ ဥပါဒ်ခဏ၌ ရုပ်ကို မဖြစ်စေနိုင်ပါသနည်း ဟူမူ။ ။ပစ္ဆာဇာတ ပစ္စည်းကို မရသောကြောင့် တည်း။

တနည်း...ခရီးရောက်စ ဖြစ်သော ခရီးသွား ညှော်သည် ယောက်ျား သည် ဝတ်ကြီး, ဝတ်ငယ်ကို မပြုနိုင်သကဲ့သို့ ထို့အတူ ပဋိသန္ဓေ ဥပါဒ်သောခဏ၌ ပဋိသန္ဓေစိတ်နှင့်တကွ ပါလာသော အစ အဦဟူသော ကမ္မဇတေဇောသည် ယခုမှဖြစ်စ ဖြစ်၍ ညှော်သည်ကဲ့သို့ ဖြစ်ပေရကား ဥတုဇရုပ်ကို မဖြစ်စေနိုင်။ ။ဟူလို။

ဌီခဏ၌ကား အဘယ့်ကြောင့် ဥတုဇရုပ်အား ကျေးဇူး ပြုနိုင်ပါသ နည်းဟူမူ။ ။ဌီ-၏ အရကိုလည်း ရုပ်၏ ဌီကာလကို ယူအပ်၏။ ထိုစကား မှန်၏၊ ပဋိသန္ဓေစိတ်၏ ဥပါဒ်ခဏဖြစ်သော ကမ္မဇတေဇောသည် သတ္တ ရသာယုက အသက်ရှိရကား ပဋိသန္ဓေစိတ်၏ ဌီကာလမှစ၍ သတ္တရသမ စိတ်၏ ဌီကာလအတွင်း ကာလသည် ရုပ်၏ဌီကာလမည်၏၊ ၎င်းဌီကာလ၌ သာလျှင် ပစ္ဆာဇာတ ပစ္စည်းကိုရ၍ ရုပ်တို့သည် အားကြီးသောကြောင့် ဌီခဏ၌သာ ဥတုဇရုပ်ကို ဖြစ်စေနိုင်၏၊ ရုပ်၏ ဥပါဒ်ခဏ, ဘင်ခဏ၌ကား ရုပ်တို့မည်သည် အားနည်း၏-ဟု မှတ်။ ထိုကြောင့် 'ဌီတိပတ္တာနေဝ'' ဟူ၍ မိန့်ဆိုရဘိသော်။

၃၅-က။ ။ပဋိသန္ဓိက္ခဏေ ဥပ္ပန္နာနံ သမတိံသ ကမ္မဇရူပါနံ အဗ္ဘန္တရာ တေဇောဓာတု၊သာ ဌာနံ ပတ္တာ အဋ္ဌရူပါနိ သမုဋ္ဌာပေတိ။ ရူပံ ဥပ္ပါဒက္ခဏေ စ ဘင်္ဂက္ခဏေ စ ဒုဗ္ဗလံ။ ဌာနက္ခဏေ ဗလဝံ။ ။ခန္ဓဝိဘင်း အဋ္ဌကထာ။ ။(၂၂)

---

## ပစ္ဆာဇာတ ပစ္စည်းတပ်ပုံ အဓိပ္ပါယ်

ဤ၌ပစ္ဆာဇာတ ပစ္စည်းဟူသည်ကား ပဋိသန္ဓေစိတ်၏ ဥပါဒ်၌ဖြစ်သော ကမ္မဇရုပ်သည် သတ္တရသ အသက်ရှည်သဖြင့် ပဋိသန္ဓေစိတ်ပင် ချုပ်ပြီမီး

---

၃၅-က၊ ။ပဋိသန္ဓိက္ခဏေ၊ ပဋိသန္ဓေစိတ်၏ ဥပါဒ်ခဏ၌။ ဥပ္ပန္နာနံ၊ ဖြစ်ကုန်သော။ သမတိံသကမ္မဇရူပါနံ၊ အမျှသုံးဆယ်သော ကမ္မဇရုပ်တို့၏။ အဗ္ဘန္တရာ၊ အတွင်း၌။ တေဇောဓာတု၊ တေဇောဓာတ်သည်။ ဥတု၊ ဥတုမည်၏။ သာ၊ ထိုဥတုသည်၊ ဌာနံ၊ ရုပ်၏ဌီသို့။ ပတ္တာ၊ ရောက်မှသာလျှင်။ အဋ္ဌရူပါနံ၊ အဋ္ဌကလာပ်ရုပ်တို့ကို၊ သမုဋ္ဌာပေတိ၊ ဖြစ်စေ၏။ ရူပံ၊ ရုပ်သည်။ ဥပ္ပါဒက္ခဏေစ၊ ဥပါဒ်ခဏ၌၎င်း။ ဘင်္ဂက္ခဏေ စ၊ ဘင်ခဏ၌၎င်း။ ဒုဗ္ဗလံ၊ အားနည်း၏။ ဌာနက္ခဏေ၊ ဌီခဏ၌။ ဗလဝံ၊ အားကြီး၏။

သွားသော်လည်း ၎င်းရုပ်မချုပ်ရလေအောင် နောက်ပဉ္စမဘဝင်စသည်က ထောက်ပံ့ ကျေးဇူးပြုမှုကိုပင် ပစ္ဆာဇာတပစ္စည်း တပ်သည်ဟု ဆိုရ၏-ဟုမှတ်။ ။ဤသို့ ဖြစ်ပါက ပဋိသန္ဓေ၏ ဌီသို့ရောက်သော်လည်း ၎င်းပစ္ဆာဇာတပစ္စည်း ဖြစ်သော ပဉ္စမဘဝင်စိတ် မဖြစ်သေးရကား ပစ္ဆာဇာတပစ္စည်းမရသေးသည် မဟုတ်ပါလော ဟူမူ။ ။ပဉ္စမဘဝင် ကေန်မချွတ် ဖြစ်လတ္တံ့ ဖြစ်၍ ပစ္ဆာဇာတပစ္စည်းကို ရ၏ ဟု သိ၊

## ဌီ အရ အဓိပ္ပါယ်

ဌီအရ ဌီသည် ပဋိသန္ဓေစိတ်၏ ဌီမှစ၍ ၁၇-ကြိမ်မြောက် စိတ်၏ ဌီတိုင်အောင် စိတ္တက္ခဏပေါင်း ၄၉-ရှိသဖြင့် ရုပ်၏ ဌီပေါင်းလည်း ၄၉-ပင် ရှိရကား ၎င်းဌီအရ ၄၉-ဟု မှတ်အပ်၏။၎င်းရုပ်၏ ဌီ ၄၉-ချက် ရှိသော်လည်း ၄၉-ခါရုပ်ကို ဖြစ်စေသည် မမှတ်လင့်၊ ရုပ်၏ဌီသို့ ရောက်စ အခါ၌သာ ကလာပ်တစည်းကိုသာ ဖြစ်စေသည် ဟု မှတ်။ ။(နောက်၌ ထင်ရှားလတ္တံ့)။

———

## အဇ္ဈတ္တဗဟိဒ္ဓါ အဓိပ္ပါယ်

ရှေးကံနှင့် စိတ်တို့သည် အဇ္ဈတ္တိက သန္တာန်၌သာ ရုပ်ကို ဖြစ်စေကုန်၍ အဇ္ဈတ္တိကသန္တာနေ-ဟု အထူးမ,၍ မိန့်ဆိုတော်မူ၏။ ဤဥတုကား အဇ္ဈတ္တိကသန္တာန်၌ ဖြစ်စေ တော, တောင်, ရေ, မြေ-စသော အပဗဟိဒ္ဓ သန္တာန်၌ ဖြစ်စေ ရုပ်ကို ဖြစ်စေနိုင်သောကြောင့် အဇ္ဈတ္တဉ္စ, ဗဟိဒ္ဓါစ ဟူသောပါဌ်ကို မိန့်တော်မူအပ်၏။ ။ဗဟိဒ္ဓသန္တာန်၌ကား မှတ်သားရန် ခဏမရှိပေ၊ အဇ္ဈတ္တိက တေဇောဓာတ်ထက် ဗဟိဒ္ဓတေဇောဓာတ် ဥတုက ကျယ်ဝန်း များပြားလှ၏။

## ယထာရဟံ အဓိပ္ပါယ်

ထိုတေဇောဓာတ်သည် အဇ္ဈတ္တိကသန္တာန်,ဗဟိဒ္ဓသန္တာန် ၂-ပါးလုံး၌ပင် ဥတုဇရုပ်ကို ဖြစ်စေသော်လည်း အဇ္ဈတ္တိက သန္တာန်၌ကား ဥတုဇ ကလာပ်ရုပ် ၄-စည်းတို့ကို ဖြစ်စေနိုင်၏။ ဗဟိဒ္ဓသန္တာန်၌ကား သုဒ္ဓဋ္ဌက ကလာပ်နှင့် သဒ္ဒနဝကကလာပ် ၂-စည်းကိုသာ ဖြစ်စေ၏ဟူသော အဓိပ္ပါယ်ကို သိစေခြင်းငှါ ယထာရဟံ-ဟူသော ပါဌ်ကို မိန့်တော်မူအပ်၏။ ။ ဟုမှတ်။ ။ကမ္မဇရုပ်,စိတ္တဇရုပ်တို့နောက်၌ အဘယ့်ကြောင့် ဥတုဇရုပ်ကို

မိန့်ဆိုအပ်ပါသနည်း ဟူမူ။အဇ္ဈတ္တဉတု, ဗဟိဒ္ဓဉတု ၂-ပါးကို တပေါင်း တည်းပြု၍ မိန့်ဆိုခြင်းငှါ နောက်ထား၍ မိန့်ဆိုအပ်ပါသတည်း။

**ဆောင်ပုဒ်**

က။ ။အဇ္ဈတ် ၄-စည်း၊ပ- ၂-စည်းဖြစ်၊မိပ္ပါယ်နှစ်ကို၊
သိစေလို၊မိန့်ဆို-ယထာရဟံ။

ခ။ ။အဇ္ဈတ်,ဗဟိဒ်၊ဖြစ်ရိပ် ၂-ထွေ၊သိလိုပေ၊
မိန့်ထွေ-နောက်ထားမှန်။

---

## အာဟာရဇရုပ် အဆင့်

၃၆။ ။ဩဇာသင်္ခါတော အာဟာရော အာဟာရသမုဋ္ဌာနရူပံ
အဇ္ဈောဟရဏကာလေ ဌာနပ္ပတ္တောဝ သမုဋ္ဌာပေတိ။

သင်္ဂြိုဟ်ပါဠိ။

အဇ္ဈတ္တသန္တာန်၌ရှိသော ကံ,စိတ်,ဉတု, အာဟာရ တည်းဟူသော လေးပါးသော အကြောင်းကြောင့်ဖြစ်သောအဝိနိဗ္ဘောဂရုပ်ရှစ်ခု၌ပါသော အဇ္ဈတ္တဩဇာ၊ စားအပ်, သောက်အပ်, လျက်အပ်သော ဘောဇဉ်စသည် တို့၌ပါရှိသော ဉတုကြောင့်ဖြစ်သော ဗဟိဒ္ဓဩဇာသည် အာဟာရမည်၏။

၎င်းပဋိသန္ဓေစိတ်မှစ၍ ဖြစ်ပေါ်နေသော စတုသမုဋ္ဌာနိက ဩဇာခတ် သည် အပဗဟိဒ္ဓခတ် ဩဇာနှင့် မတွေ့ထိသဖြင့် ဩဇာရုပ်ကို မဖြစ် စေနိုင်သေး၊ ပဋိသန္ဓေ တည်နေသည်မှနောက် တသတ္တာဟ ၂-သတ္တာဟ သို့ ရောက်၍ အမိ၏ မျိုအပ်သော ဘောဇဉ်၌ပါသော ဗဟိဒ္ဓဩဇာနှင့် အချင်းချင်း ပေါင်းဆုံမိကြသဖြင့် ၇ရက်-ရက် ကြာ၍ရုပ်၏ဌီသို့ ရောက်မှ သာလျှင် အာဟာရဇရုပ်ကို ဖြစ်စေနိုင်၏။ ။ဟူလို။

ဤကား ဝိဏ္ဏတ္တ။

---

## အာဟာရဇရုပ် ဌီ-အဓိပ္ပါယ်

အာဟာရသည် မျိုလိုက်၍ ဝမ်းတွင်းသို့ ရောက်သည်နှင့် တပြိုင်နက် အာဟာရဇရုပ်ကို မထောက်ပံ့နိုင်သေး၊ ဌီသို့ရောက်မှသာ ကျေးဇူးပြုနိုင်

ရုပ်ကို ဖြစ်စေနိုင်၏-ဆိုရာ ဤအာဟာရအရာ ဌီ-ဟူသည် အဘယ်နည်း ဟူငြားအံ့။ ။ဂဗ္ဘသေယျ ပုဂ္ဂိုလ်တို့အား အမိမျိုလိုက်သော ဩဇာဓာတ်သည် ၇-ရက် ပတ်လုံးကြာမှ ရုပ်ကိုစေနိုင်၍ ၎င်း ၇-ရက်သည် ရုပ်၏ ဌီမည်၏။

"အဇ္ဈောဟရဏကာလေ"ဟူသော စကားကို ယေဘုယျ မှတ်အပ်၏။ ကိုယ်မှာ အစာထိလျှင်ပင် အာဟာရဇရုပ်ကို ဖြစ်စေနိုင်၏။ *သံသေဒဇ, ဩပပါတိက- ပုဂ္ဂိုလ်တို့အား တံတွေးကို မျိုသည်မှစ၍ ဌီသို့ရောက်လျှင် အာဟာရဇရုပ်ကို ဖြစ်စေနိုင်၏။

ဥတုနှင့် အာဟာရတို့သည် အဘယ်ကြောင့် ဌီကာလကျမှ ရုပ်ကို ဖြစ်စေနိုင်ကုန်ပါသနည်း ဟူမူ။ ရုပ်အကြောင်းတရားများ ဖြစ်သောကြောင့် နာမ်တရားများကဲ့သို့ လျှင်မြန်စွာ ကျေးဇူး မပြုနိုင်သဖြင့် ဌီကာလကျမှ ပစ္ဆာဇာတ ပစ္စည်းကိုရ၍ အားကြီးသဖြင့် ကျေးဇူးပြုနိုင်ကုန်သတည်း။

**ဆောင်ပုဒ်**

က။ ။သတ္တာဟတွက်။ ၇-ရက်၊ မှတ်ချက်-ဩဇာဌီ။

ခ။ ။တစ်,နှစ်,သတ္တာ၊ လွန်အကြာ၊ ဩဇာ-ပြန့်နိုင်ပြီ။

---

**ကေဇရုပ် အဘွင့်**

**၃၇။ ။တတ္ထ ဟဒယဣန္ဒြိယရူပါနိ ကမ္မဇာနေဝ။**

သင်္ဂြိုဟ်ပါဌ်။

ထိုရုပ်အပေါင်းတို့တွင် ဟဒယရုပ်နှင့် ဣန္ဒြိယရုပ်တို့သည် ကံကြောင့်သာလျှင် ဖြစ်ကုန်၏။ ။ဟူလို။

ဤကား ပိဏ္ဍတ္ထ။

---

ဟဒယရုပ် ၁-ခု၊ ပသာဒရုပ် ၅-ခု၊ ဘာဝရုပ် ၂-ခု ဇီဝိတရုပ် ၁-ခု၊ ဤရုပ်ကိုးပါးတို့သည် ကံကြောင့် သက်သက်ဖြစ်သောကြောင့် ကမ္မဇရုပ် မည်ကုန်၏။ ။ဥတု, စိတ်, အာဟာရတို့ကား အထောက် အပံ့မျှသာ ဖြစ်ကုန်၏။ ။ဥပမာအားဖြင့်ဆိုသော် ကမ္မဇရုပ်သည် ပဒုမာ စသော ကြာနှင့်တူ၏။ ကံကား ကြာမျိုးစေ့နှင့် တူ၏။ ဥတု-စသည်တို့ကား ကြာကို

စောင့်ရှောက်သော ညွှန့်,ရေနှင့် တူကုန်၏ ဟု မှတ်။ ။"ကမ္မတော ဇာယန္တီတိ ကမ္မဇာနိ"။ ။ဟုပြု။ ။ကမ္မတော၊ ကံကြောင့်။ ဇာယန္တိ၊ ဖြစ်ကုန်၏။ဣတိ၊ကြောင့်။ကမ္မဇာနိ၊ကမ္မဇ-မည်ကုန်၏။

---

## ဝိညတ်ရုပ် အဘွင့်

၃၈။ ။ဝိညတ္တိဒွယံ စိတ္တဇမေဝ။

သင်္ဂြိုဟ်ပါဌ်။

ဝိညတ်ရုပ် ၂-ခုသည် စိတ်သက်သက်ကြောင့် ဖြစ်၏။ ။ဟူလို။

ဤကား ပိဏ္ဍတ္ထ။

---

## အဝယဝတ္ထ အဓိပ္ပါယ်

ဤ ကာယဝိညတ်, ဝစီဝိညတ်ရုပ် ၂-ပါးသည် ပြုလို, ပြောလိုခြင်း စသော စိတ်တပါးတည်း ကြောင့်သာ ဖြစ်သောကြောင့် စိတ္တဇကောန် ဖြစ်၏။ ထိုကြောင့် ထိုရုပ် ၂-ပါးတို့သည် စိတ်နှင့်တကွဖြစ်သော စိတ္တသဟဘူ တရားမျိုး, စိတ်သို့ အစဉ်လိုက်၍ ဖြစ်သော စိတ္တာနုပရိဝတ္တိ တရားမျိုး ဖြစ်ကုန်၏။

---

## သဒ္ဒရုပ် အဘွင့်

၃၉။ ။သဒ္ဒေါ စိတ္တောတုဇော။

သင်္ဂြိုဟ်ပါဌ်။

သဒ္ဒရုပ်သည် စိတ်ကြောင့်ရင်း,ဥတုကြောင့်ရင်း ဖြစ်၏။ ။ဟူလို။

ဤကား ပိဏ္ဍတ္ထ။

---

## အဝယဝတ္ထ အဓိပ္ပါယ်

အသံဓာတ်ဖြစ်ပေါ်လာမှု၏ နီးသောမူလ အကြောင်းရင်းကား ပြောလို ဆိုလိုသောစိတ်နှင့် ဥတု အကြောင်း ၂-ပါးသာတည်း။ မိုဃ်းချုန်းသံစသော ဥတုဇသဒ္ဒ,လူတို့၏ ပြောဆိုသံ-ဟူသော စိတ္တဇသဒ္ဒဟူ၍ အသံဓာတ် ၂-မျိုး ပြား၏။ ။ထိုတွင် စိတ္တဇသဒ္ဒကား ကံတရားတည်းဟူသော ဝေးသော အကြောင်း မကင်းချေ။ ရှေးဘဝက ပြုခဲ့ဘူးသော ကံထုးပါလာသော

သူများသည် အသံကောင်းခြင်း၏ အကြောင်းဖြစ်သော ဌာန်,ကရိုဏ်း ဖြစ်ထိုက်ကုန်သော ကမ္မဇရုပ်တို့သည် သန့်သန့်ရှင်းရှင်း,ချောချော မြေ့မြေ့ ရှိကြကုန်၏။ ဌာန်, ကရိုဏ်း အရပ်တို့ သည်လည်း ညီညီ ညွတ်ညွတ်, သားသားနားနား, သေသေသပ်သပ်ဖြစ်ကုန်၏။ အသံကို နှောင့်ယှက်တတ်ကုန်သော သလိပ်စသည်တို့မှ ကင်းသော သန္တာန်ရှိကုန်၏။ ထိုကြောင့်အသံကောင်းလေသတည်း။ ဤသို့ကံသည် အသံကောင်းခြင်း၏ အကြောင်းမျှဖြစ်၏။အသံဓာတ်ကိုကား မဖြစ်စေနိုင်၊စိတ်ကသာ ဖြစ်စေနိုင်၏ ဟု မှတ်။

---

**တိဇရုပ် အဘွင့်**

၄၀။ ။လဟုတာဒိတ္တယံ ဥတုစိတ္တာဟာရေဟိ သမ္ဘောတိ။

သင်္ဂြိုဟ်ပါဠိ။

လဟုတာ,မုဒုတာ, ကမ္မညတာ-ရုပ်သုံးပါးသည် ဥတုကြောင့်ရင်း,စိတ်ကြောင့်ရင်း,အာဟာရကြောင့်ရင်း ဖြစ်၏။ ။ဟူလို။

ဤကား ပိဏ္ဍတ္ထ။

---

**အဝယာဝတ္ထ အဓိပ္ပါယ်**

ကမ္မဇရုပ်တို့သည်လည်း လဟုတာ မုဒုတာ-စသည်ဖြစ်၍ "လဟုတာဒိတ္တယံ ကမ္မဥတုစိတ္တာဟာရေဟိ" ဆိုသင့်လျက် မဆိုမူ၍ "ဥတုစိတ္တာဟာရေဟိ"သာ ဆိုအပ်ပါသနည်း-ဟူမူ။ ။လဟုတာ-စသောရုပ်သုံးပါး အပေါင်းသည် ပစ္စုပ္ပန်ဖြစ်သော အကြောင်းတရားကိုသာ ငဲ့၍ အတိတ်ဖြစ်သော ကံတည်းဟူသော အကြောင်းတရားကိုကား မငဲ့သောကြောင့် ကမ္မဇမဖြစ်၊ ကမ္မဇမဖြစ်သောကြောင့် ကံကို ချန်လှပ်၍"ဥတုစိတ္တာဟာရေဟိ"ဟုသာ မိန့်ဆိုအပ်ပါသတည်း။

ပစ္စုပ္ပန္နပစ္စယာပေက္ခတ္တာ လဟုတာဒိတ္တယံ ကမ္မဇံ န ဟောတိ။

ဋီကာကျော်။ (၁၇၀)

**ဆောင်ပုဒ်။**

ပစ္စုပ် ကြောင်းငဲ့၊မရှိခဲ့၊ကင်းမဲ့-ကမ္မဇံ။

## စတုဇရုပ် အဘွင့်

**၄၁။ ။အဝိနိဗ္ဘောဂရူပါနိ စေဝ အာကာသဓာတု စ စတူဟိ သမ္ဘူတာနိ။**

သင်္ဂြိုဟ်ပါဌ်။

အဝိနိဗ္ဘောဂရုပ် ၈-ခု၊ အာကာသဓာတ် ၁-ခု၊ဤရုပ် ၉-ခုတို့သည် ကံကြောင့်ရင်း, စိတ်ကြောင့်ရင်း, ဥတုကြောင့်ရင်း, အာဟာရကြောင့်ရင်း ဤလေးပါးသော အကြောင်းတို့ကြောင့် ဖြစ်ကုန်၏။ ။ဟူလို။

ဤကား ပိဏ္ဍတ္ထ။

———

## အဝယဝတ္ထ အဓိပ္ပါယ်

ဤရုပ် ၉-ပါးတို့သည် ကံ,စိတ်,ဥတု,အာဟာရတည်းဟူသော လေးပါးသော အကြောင်းကြောင့် ဖြစ်သောကြောင့် စတုဇရုပ် မည်ကုန်၏။ ။ "စတူဟိ ကာရဏေဟိ ဇာယန္တီတိ စတုဇာနိ"။ ။ဟု ပြု။

ထို ၉-ပါးသော ရုပ်တို့တွင် အဝိနိဗ္ဘောဂ ရုပ် ၈-ခု၏ စတုဇရုပ်အဖြစ် သည် ထင်ရှားသိသာပါ၏။ အာကာသဓာတ်ကား အသို့လျှင် စတုဇရုပ် ဖြစ်နိုင်ပါအံ့နည်း ဟူမူ။ ။ပရမာနုမြူ တလုံးမျှလောက်သော ရုပ်၌ပင် အရာမက များလှစွာသော ကလာပ်တို့ပေါင်းစပ်၍ ဖြစ်ကြကုန်၏။ဤ သို့စတုဇ ရုပ်ကလာပ် တို့သည် အပေါင်းအစု အားဖြင့် ဖြစ်ကြကုန်သည်ရှိသော် ကလာပ်တို့၏ အကြားအကြား ဖြစ်သော ကလာပ်တို့၏ အကြား ဟု ဆိုအပ်သောအာကာသဓာတ်သည်လည်း ရှိလေ၏။ ထို့ကြောင့် အာကာသဓာတ်ကို စတုဇရုပ်-ဟု ဆိုရ၏။ ။ဆိုလိုရင်းကား စတုဇရုပ်တို့ကိုပိုင်းခြားတတ်သောကြောင့် အာကာသဓာတ် သည်လည်း စတုဇရုပ် ဖြစ်သည် ဟု ဆိုလိုသည်။

## ဆောင်ပုဒ်

ရုပ်စတုဇ၊ပိုင်းခြားပြ၊မိန့်ဟ-စတုဇံ။

### နကုတောစိသမုဋ္ဌာန်-အဖွင့်

၄၂။ ။လက္ခဏရူပါနိ န ကုတောစိ ဇာယန္တိ။ ။သင်္ဂြိုဟ်ပါဠိ။

လက္ခဏရုပ် ၄-ပါးတို့သည် ကံ,စိတ်,ဥတု,အာဟာရ-တည်းဟူသော အကြောင်းတရား လေးပါးတို့တွင် တပါးပါးသော အကြောင်းကြောင့်မှ မဖြစ်ကုန်၊ ဝါ-မဖြစ်သော ရုပ်တို့မည်ကုန်၏။ ။ဟူလို။

(အဓိပ္ပါယ် နောက်၌ ထင်ရှားလတ္တံ့။)

ဤကား ပိဏ္ဍတ္ထ။

---

### စတုဇရုပ် အပြား

၄၃။ ။အဋ္ဌာရသ ပန္နရသ တေရသ ဒွါဒသာတိ စ။
ကမ္မစိတ္တောတုကာဟာရဇာနိ ဟောန္တိ ယထာက္ကမံ။ ။

သင်္ဂြိုဟ်ပါဠိ။

ကမ္မဇရုပ် ၁၈-ခု၊စိတ္တဇရုပ် ၁၅-ခု၊တုဥဇရုပ် ၁၃-ခု၊ အာဟာရဇရုပ် ၁၂-ခု ဖြစ်ကုန်၏။ ။ဟူလို။

ဤကား ပိဏ္ဍတ္ထ။

---

### သရုပ်ခွဲ

၁။ ။ကမ္မဇရုပ် ကေန်····ဟဒယ,ဣန္ဒြိယရုပ် ၉-ခု။ ကမ္မဇရုပ် အနေကန်····အဝိနိဗ္ဘောဂရုပ်,အာကာသဓာတ် ၉-ခု။ ပေါင်းကမ္မဇရုပ် ၁၈-ပါး ဖြစ်သတည်း။

၂။ ။စိတ္တဇရုပ် ကေန်····ဝိညတ်ဒွေ။ စိတ္တဇရုပ် အနေကန်····သဒ္ဒ, လဟုတာဒိတ္တယ, အဝိနိဗ္ဘောဂ, အာကာသ-ပေါင်း-စိတ္တဇရုပ် ၁၅-ပါး ဖြစ်သတည်း။

၃။ ။ဥတုဇရုပ် အနေကန်····သဒ္ဒ, လဟုတာဒိတ္တယ,အဝိနိဗ္ဘောဂ, အာကာသအားဖြင့် ၁၃-ပါး ဖြစ်သတည်း။

၄။ ။အာဟာရဇရုပ် အနေကန်····လဟုတာဒိတ္တယ,အဝိနိဗ္ဘောဂ, အာကာသဓာတ်အားဖြင့် ၁၂-ပါး ဖြစ်သတည်း။

(ဥတုဇနှင့် အာဟာရဇရုပ် ကေန်မရှိ)။

## တနည်း-သရုပ်ခွဲ

၁။ ။ကံကြောင့်သာဖြစ်၍ စိတ်ကြောင့် မဖြစ်သော ရုပ် ၉-ခု။ ။စိတ်ကြောင့်သာဖြစ်၍ ကံကြောင့်မဖြစ်သောရုပ် ၆-ခု။ ။နှစ်ပါးစုံကြောင့် ဖြစ်သော ၉-ခု။ ။နှစ်ပါးစုံကြောင့် မဖြစ်သောရုပ် ၄-ခု။ ။ပေါင်းရုပ် အဋ္ဌဝီသ ဖြစ်၏။

၂။ ။ကံကြောင့်သာဖြစ်၍ ဥတုကြောင့် မဖြစ်သောရုပ် ၉-ခု။ ။ဥတုကြောင့်သာဖြစ်၍ ကံကြောင့်မဖြစ်သော ရုပ် ၄-ခု။ ။နှစ်ပါးစုံကြောင့် ဖြစ်သောရုပ် ၉-ခု။ ။နှစ်ပါးစုံကြောင့် မဖြစသော ရုပ် ၆-ခုအားဖြင့်ရုပ် အဋ္ဌဝီသ ဖြစ်၏။

၃။ ။ကံကြောင့်သာဖြစ်၍ အာဟာရကြောင့် မဖြစ်သောရုပ် ၉-ခု။ ။အာဟာရကြောင့်သာဖြစ၍ ကံကြောင့် မဖြစ်သောရုပ် ၉-ခု။ ။နှစ်ပါးစုံကြောင့် ဖြစ်သောရုပ် ၃-ခု။ ။နှစ်ပါးစုံကြောင့် မဖြစ်သောရုပ် ၇-ခု အားဖြင့် ရုပ်အဋ္ဌဝီသ ဖြစ်၏။

၄။ ။စိတ်ကြောင့်သာဖြစ်၍ ဥတုကြောင့် မဖြစ်သောရုပ် ၂-ခု ။ဥတုကြောင့်သာဖြစ်၍ စိတ်ကြောင့် မဖြစ်သော ရုပ်မရှိ။ ။နှစ်ပါးစုံကြောင့် ဖြစ်သော ရုပ် ၁၃-ခု။ ။နှစ်ပါးစုံကြောင့် မဖြစ်သောရုပ် ၁၃-ခု အားဖြင့် ရုပ်အဋ္ဌဝီသ ဖြစ်၏။

၅။ ။စိတ်ကြောင့်သာ ဖြစ်၍ အာဟာရကြောင့် မဖြစ်သော ရုပ် ၃-ခု။ ။အာဟာရကြောင့်သာ ဖြစ်၍ စိတ်ကြောင့် မဖြစ်သော ရုပ်မရှိ။ ။နှစ်ပါးစုံကြောင့် ဖြစ်သော ရုပ် ၂၂-ခု။ ။နှစ်ပါးစုံကြောင့် မဖြစ်သော ရုပ် ၁၃-ခုအားဖြင့် ရုပ်အဋ္ဌဝီသ ဖြစ်သတည်း။

၆။ ။ဥတုကြောင့်သာဖြစ်၍ အာဟာရကြောင့်မဖြစ်သော ရုပ်တခု။ ။အာဟာရ ကြောင့်သာဖြစ်၍ ဥတုကြောင့် မဖြစ်သော ရုပ်မရှိ။ ။နှစ်ပါးစုံ ကြောင့် ဖြစ်သော ရုပ် ၁၂-ခု။ ။နှစ်ပါးစုံကြောင့် မဖြစ်သော ရုပ် ၁၅-ခု အားဖြင့် ရုပ်အဋ္ဌဝီသ ဖြစ်သတည်း။ ။ဤသို့ မူလ-မူလီ သွတ်၍ ခွဲလေ။

---

## တနည်း သရုပ်ခွဲ

ကမ္မဇံ၊ကမ္မပစ္စယံ၊ကမ္မပစ္စယဥတုသမုဋ္ဌာနံ။
အာဟာရသမုဋ္ဌာနံ၊ အာဟာရပစ္စယံ။ပ။ စိတ္တပစ္စယဥတုသမုဋ္ဌာနံ။
ဟု-အဋ္ဌသာလိနီ အဋ္ဌကထာ၌ လာရှိသောအရ-

က။ ။၁-ကမ္မဇရုပ်။ ။၂-ကမ္မပစ္စယရုပ်။ ။၃-ကမ္မပစ္စယ ဥတု သမုဋ္ဌာနရုပ်။

ခ။ ။၁-စိတ္တသမုဋ္ဌာန်ရုပ်။ ။၂-စိတ္တပစ္စယရုပ်။ ။၃-စိတ္တပစ္စယ ဥတုသမုဋ္ဌာန်ရုပ်။

ဂ။ ။၁-ဥတုသမုဋ္ဌာန်ရုပ်။ ။၂-ဥတုပစ္စယရုပ်။ ။၃-ဥတုပစ္စယ ဥတုသမုဋ္ဌာန်ရုပ်။

ဃ။ ။၁-အာဟာရသမုဋ္ဌာန်ရုပ်၊ ။၂-အာဟာရပစ္စယရုပ်။ ။ ၃-အာဟာရပစ္စယဥတုသမုဋ္ဌာန်ရုပ်-ဟူ၍ ခွဲလေ။

---

## ကမ္မစသော သုံးမျိုး အဓိပ္ပါယ်

၁။ ။ဇီဝိတိန္ဒြိယရုပ်၊ ဟဒယရုပ်၊ ဤရုပ်ကိုးပါးသည် ကံသက်သက် ကြောင့်သာ ဖြစ်သောကြောင့် ကမ္မဇရုပ် မည်၏။

၂။ ။သံပင်၊ မုတ်ဆိတ်၊ ကြွင်စွယ်၊ ဆင်စွယ်၊ မြင်းမြီး၊ စာမရီသားမြီး- အစရှိသောရုပ်သည် ကံသာလျှင် အကြောင်းရင်း ရှိသောကြောင့် ကမ္မ ပစ္စယရုပ် မည်၏။

၃။ ။စကြာရတနာ၊ နတ်ပြဿာဒ်တို့၏ ဥယျာဉ် ဗိမာန်၊ မဟာသုဒဿန မင်း၊ မဟာပနာဒမင်း၊ ဇောတိက သူဌေး စသည်တို့၏ သယံဇာတ မြေမှ အလိုလို ပေါ်ပေါက်လာသောဘုံနန်ပြာသာဒ်၊ နန္ဒမင်း၏ပုဆိုးပဒေသာပင် ဇဋိလသူဌေး၏ ရွှေတောင်၊ မေဏ္ဍကသူဌေး၏ ရွှေဆိတ်ရုပ်-အစရှိသော ရုပ်တို့သည် ကံလျှင် အကြောင်းရှိသော ဥတုကြောင့် ဖြစ်သောကြောင့် ကမ္မပစ္စယ ဥတုသမုဋ္ဌာနရုပ် မည်ကုန်၏။

---

## စိတ္တစသော သုံးမျိုး အဓိပ္ပါယ်

၁။ ။အဋ္ဌကလာပ်ရုပ် ရှစ်ခုသည် စိတ်သက်သက်ကြောင့် ဖြစ်သော ကြောင့် စိတ္တသမုဋ္ဌာနရုပ် မည်၏။

၂။ ။ပဉ္စဒွါရဇာတပစ္စည်းဖြင့် ကျေးဇူး ပြုအပ်သော အကျိုးပစ္စယုပ္ပန် ဖြစ်သော ရေးရေးသောရုပ်သည် စိတ်လျှင် အကြောင်းရင်းရှိသောကြောင့် စိတ္တပစ္စယရုပ် မည်၏။

၃။ ။တန်ခိုးအဘိညာဉ်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်တို့သည် ဘန်ဆင်းအပ်သော ဆင်,မြင်း,ရထား,နဂါး,ဂဠုန်အစရှိသော ဘန်ဆင်းအပ်သော ရုပ်မှန်သမျှသည် စိတ်လျှင် အကြောင်းရှိသော ဥတုကြောင့် ဖြစ်သောကြောင့် စိတ္တပစ္စယဥတုသမုဋ္ဌာန် မည်၏။

## ဥတုဇာဒိ သုံးမျိုး အဓိပ္ပါယ်

၁။ ။အဋ္ဌကလာပ်ရုပ် ရှစ်ခုသည် ဥတုသက်သက်ကြောင့် ဖြစ်သောကြောင့် ဥတုသမုဋ္ဌာနရုပ် မည်၏။

၂။ ။ထိုဥတုဇ အဋ္ဌကလာပ်ရုပ်၌ ပါရှိသော ဥတုသည် ဆင့်၍ ဖြစ်စေအပ်သော အဋ္ဌကလာပ်ရုပ်သည် ဥတုပစ္စယရုပ် မည်၏။

၃။ ။ထိုဥတုပစ္စယရုပ်၌ပါသော ဥတုသည် တဘန်ဆင့်၍ ဖြစ်စေအပ်သော အဋ္ဌကလာပ်ရုပ်သည် ဥတုလျှင် အကြောင်းရှိသော ဥတုကြောင့် ဖြစ်သောကြောင့် ဥတုပစ္စယဥတုသမုဋ္ဌာနရုပ် မည်၏။

## တနည်း ဥတုဇာဒိ သုံးမျိုး အဓိပ္ပါယ်

၁။ ။မိုဃ်းကို ဖြစ်စေနိုင်သော မိုဃ်းတိမ်သည် ဥတုသမုဋ္ဌာန ရုပ် မည်၏။

၂။ ။မိုဃ်းရေ အယဉ်သည် ဥတုလျှင် အထောက်အပံ့ ရှိသောကြောင့် ဥတုပစ္စယရုပ် မည်၏။

၃။ ။မိုဃ်းရွာသည့်ရှိသော် မျိုးစေ့တို့သည် ပေါက်ရောက်ကြီးပွါးကြကုန်၏။ မြေသည် အနံ့ကို လွှတ်၏။ တော, တောင်တို့သည် ညိုစိမ်းစိမ်း ထင်ကုန်၏၊ မြစ်,ချောင်း, သမုဒ္ဒရာတို့သည်လည်း ရေကြီး ပြည့်လျှံကုန်၏။ ဤသို့လျှင် မိုဃ်းရွာ၍ မျိုးစေ့မှပေါက်သော အညှောက်,အပွင့်,အသီး မြေနံ့စသော ရုပ်အပေါင်းသည် ဥတုလျှင် အထောက်အပံ့ရှိသော ဥတုကြောင့် ဖြစ်သောကြောင့် ဥတုပစ္စယဥတုသမုဋ္ဌာနရုပ် မည်၏။

## အာဟာရဇာဒိရုပ် သုံးမျိုး အဓိပ္ပါယ်

၁။ ။အဋ္ဌကလာပ်ရုပ် ရှစ်ခုသည် အာဟာရ သက်သက်ကြောင့် ဖြစ်သောကြောင့် အာဟာရသမုဋ္ဌာန် မည်၏။

၂။ ။အာဟာရသည် စောင့်ရှောက် အပ်သော ကမ္မဇ ရုပ်သည် အာဟာရပစ္စယရုပ် မည်၏။

၃။ ။မလျော်ကပ်တတ်, မသင့်တင့်သော အစာအာဟာရကို သုံးဆောင် စားသောက်၍ နေပူ၌နေသော သူအား ဖြစ်သော မွဲမည်း, နူနာ, ဝဲနာ, ယားနာ-စသော ရုပ်သည် အာဟာရလျှင် အကြောင်းရင်းရှိသော ဥတု ကြောင့် ဖြစ်သောကြောင့် အာဟာရပစ္စယ ဥတုသမုဋ္ဌာနရုပ်မည်၏။ ။ (အဓိပ္ပါယ်အကျယ် အလိုရှိပါမူ အဋ္ဌသာလိနီ အဋ္ဌကထာ။ ။(၃၃၆) ကို ကြည့်ရှုတော်မူကြပါကုန်)။

---

## န ကုတောစိ သမုဋ္ဌာန် အဘွင့်

၃၃။ ။**ဇာယမာနာဒိရူပါနံ၊ သဘာဝတ္တာ ဟိ ကေဝလံ။**
**လက္ခဏာနိ န ဇာယန္တိ၊ ကေဟိစိတိ ပကာသိတံ။** ။

သင်္ဂြိုဟ်ပါဌ်။

ဖြစ်ဆဲ အစရှိကုန်သော နိပ္ဖန္နရုပ်တို့၏ သဘော ဖြစ်သောကြောင့် လက္ခဏရုပ် ၄-ခုတို့ကို ကံစသော တစုံတခုသော အကြောင်းကြောင့် မဖြစ်ကုန်-ဟု ပြဆိုအပ်ကုန်၏။ စတုဇဝိမုတ်။ ။ဟူလို။

ဤကား ပိဏ္ဍတ္ထ။

---

## အာယဝဉ္စု အဓိပ္ပါယ်

အဓိပ္ပါယ်ကား....ဥပစယ,သန္တတိ,ဇရတာ,အနိစ္စတာ-ဟူသော နိပ္ဖန္န ရုပ်တို့၏ ဥပါဒ်အခိုက်, ဋီအခိုက်, ဘင်အခိုက်အတန့်မျှဖြစ်၍ လက္ခဏာရုပ် ၄-ပါးတို့သည် မိမိတို့၏ သဘောလက္ခဏာကား ထင်ရှားမရှိကုန်၊ မိမိတို့၏ စွဲမှီရာ အနိပ္ဖန္နရုပ်တို့၏ သဘောလက္ခဏာမျှသာ ဖြစ်ကုန်၍ ကံ, စိတ် ဥတု, အာဟာရတည်းဟူသော အကြောင်းကြောင့် ဖြစ်သော ရုပ်တရား များ မဟုတ်သောကြောင့် မုချအားဖြင့် န ကုတောစိ သမုဋ္ဌာန်ရုပ်များ ဖြစ်ကုန်၏။

ထိုသော် ဥပစယ,သန္တတိ-ရုပ် ၂-ပါးသည် ကံ,စိတ်,ဥတု, အာဟာရ တည်းဟူသော အကြောင်းတရား ၄-ပါးတို့၏ သတ္တိမငြိမ်းစဲခင် ထင်ရှား သော ဥပါဒ်အခိုက်၌ ရထိုက်သောကြောင့် ဥပစာပရိယာယ် အားဖြင့်

စတုဇရုပ် မည်၏။ ဇရတာ, အနိစ္စတာ ၂-ပါးကား စတုဇ ရုပ်တို့ကို မှတ်ကြောင်း မကင်းသော လက္ခဏာဖြစ်သောကြောင့် ပရိယာယ်အားဖြင့် စတုဇရုပ်ပင်မည်၏ ဟု မှတ်။

ပါဠေ ကုတောစိ ဇာတတ္တံ၊ဇာတိယာ ပရိယာယတော။
သန်တာနံ သဘာဝတ္တာ၊တိသု သန်တတောဒိတာ။ ။ဋီကာကျော်။

ပါဠေ၊ ပါဠိတော်၌။ ဇာတိယာ၊ ဥပစယ,သန္တတိ ၂-ခု၏။ ကုတောစိ ဇာတတ္တံ၊တစုံတခုသော အကြောင်းကြောင့် ဖြစ်ခြင်းကို။ ပရိယာယတော၊ ဥပစာဝေဝုစ် အားဖြင့်။ ဉဒိတာ၊ ဟောတော်မူအပ်၏။ သန်တာနံ၊ သန်တတရားတို့၏။ သဘာဝတ္တာ၊ သဘော၏အဖြစ်ကြောင့်။ တိသု၊ ဇာတိ,ဇရာ, မရဏ သုံးပါးလုံးတို့၌၊သန်တတော၊သန်တ၏ အဖြစ်ကို။ဉဒိတာ၊ဟောတော်မူအပ်၏။

ရူပသမုဋ္ဌာန်အဘွင့် ပြီးပြီ။

---

## ရူပကလာပ အဘွင့်

၄၅။ ။ကေပ္ပါဒိ ကေနိရောဓာ,ဧကနိဿယာ သဟာဝုတ္တိနော ဧကဝီသတိ ရူပကလာပါနာမ။ ။သင်္ဂြိုဟ်ပါဠိ။

တကွဖြစ်ခြင်း, တကွချုပ်ခြင်း, တူသောမှီရာရှိခြင်း, တကွဖြစ်ခြင်း၊ ဤလက္ခဏာ ၄-ပါးနှင့် ပြည့်စုံသော ရုပ်တို့သည်သာ ရုပ်ကလာပ်မည်ကုန်၏။ ၀ါ-ရုပ်ကလာပ်စည်းရ၏။ ထိုရုပ်ကလာပ်တို့သည် ၂၁-ပါး အပြားရှိကုန်၏။ ။ဟူလို။ ။ဤကား ပိဏ္ဍတ္ထ။

---

## ကလာပ် အဓိပ္ပါယ်

"ကလာပိယန္တိ သမူဟာဝသေန သမ္ပိဏ္ဍိယန္တိ ဧတ္ထာတိ ကလာပေါ။"

ဧတ္ထ၊ ဤတရားအစု၌။ သမူဟဝသေန၊ ပေါင်းသည်၏ အစွမ်းအားဖြင့် ကလာပိယန္တိ-သမ္ပိဏ္ဍိယန္တိ၊ ရေတွက်စေအပ်ကုန်၏။ ဣတိတသ္မာ၊ ဤသို့ ရေတွက်ရာဖြစ်သော သတ္တိကြောင့်။ ကလာပေါ၊ ကလာပ-မည်၏။ ။ ဝိဂြိုဟ်အရ....ရုပ်တို့၏ ပေါင်းစုရာသဘောသည် ကလာပ်မည်၏။ ။ ဟူလို။ ။ထိုရုပ်ကလာပ်တို့၏ လက္ခဏာသည် ၁-ကေပ္ပါဒ၊ ၂-ကေနိရောဓ၊ ၃-ကေနိဿယ၊ ၄-သဟဝုတ္တိ-ဟူ၍ ၄-ပါး ရှိ၏။

"ဧကော၀ ဇာတိသင်္ခါတော ဥပ္ပါဒေါ ဧတေသန္တိ ဧကုပ္ပါဒါ"။

ဧတေသံ၊ ထိုရုပ်တရားတို့အား။ ဧကော၀၊ တခုတည်းသာလျှင်ဖြစ်သော။ ဇာတိသင်္ခါတော၊ ဇာတိ-ဟု ဆိုအပ်သော။ ဥပ္ပါဒေါ၊ ဖြစ်ပေါ်ခြင်းသည်။ အတ္ထိ၊ ရှိ၏။ ဣတိ တသ္မာ၊ ကြောင့်။ ဧကုပ္ပါဒါ၊ ဧကုပ္ပါဒ-မည်ကုန်၏၊ ။ တခုတည်းသောဖြစ်ခြင်း ဇာတိရှိသော ရုပ်တရားသည် ဧကုပ္ပါဒ-မည်၏။ ။ ဟူလို။

"ဧကော၀ အနိစ္စသင်္ခါတော နိရောဓော ဧတေသန္တိ ဧကနိရောဓာ"။

ဧတေသံ၊ ထိုရုပ်တရားတို့အား။ ဧကော၀၊ တခုသာလျှင် ဖြစ်သော။ အနိစ္စသင်္ခါတော၊ အနိစ္စတာ-ဟု ဆိုအပ်သော။ နိရောဓော၊ ချုပ်ခြင်းသည်။ အတ္ထိ၊ ရှိ၏၊ ဣတိ၊ ကြောင့်။ ဧကနိရောဓာ၊ ဧကနိရောဓ-မည်ကုန်၏။ ။ တခုတည်းသော ချုပ်ခြင်း အနိစ္စတာရှိသော တရားသည် ဧကနိရောဓ မည်၏။ ။ ကလာပ်စည်း၌ ပါရှိသော ၉-ပါး၊ ၁၀-ပါးသော ရုပ်အပေါင်းသည် ၉-ပါး ၁၀-ပါးပင် ဖြစ်သော်လည်း ဖြစ်သောအခါ၌လည်း တကွတပြိုင်နက် ဖြစ်ခြင်း၊ ချုပ်သောအခါ၌လည်း တကွချုပ်ခြင်း ရှိသောကြောင့် ဧကကလာပ, ဧကနိရောဓ-မည်၏။ ။ ဟူလို။ ။ (ဤအလို ဧက-သဒ္ဒါတခုသော သင်္ချာအရေအတွက်ကို ဟော၏)။

ဧကော သမာနော မဟာဘူတသင်္ခါတော
နိဿယော ဧတေသန္တိ ဧကနိဿယာ။

ဧတေသံ၊ ထိုတရားတို့အား။ ဧကော-သမာနော၊ တူသော။ မဟာဘူတသင်္ခါတော၊ မဟာဘုတ်-ဟု ဆိုအပ်သော။ နိဿယော၊ မှီရာသည်။ အတ္ထိ၊ ရှိ၏။ ဣတိ၊ ကြောင့်။ ဧကနိဿယာ၊ ဧကနိဿယ-မည်ကုန်၏။ ။ မဟာဘုတ်လေးပါး တည်းဟူသော တူသော မှီရာရှိသောကြောင့် ဧကနိဿယ မည်၏။ ။ ဟူလို။ ။ (ဤအလို ဧက သဒ္ဒါ သမာနအနက် ရှိ၏)။

သဟ ဝတ္တန္တီတိ သဟဝုတ္တိနော။

သဟ၊ အတူတကွ။ ဝတ္တန္တိ၊ ဖြစ်တတ်ကုန်၏။ ဣတိ၊ ကြောင့်။ သဟဝုတ္တိနော၊ သဟဝုတ္တိ-မည်ကုန်၏။ ။ ဝိဂြိုဟ်အရ....အတူတကွ တပေါင်းတည်း ဖြစ်တတ်သောကြောင့် သဟဝုတ္တိ မည်ကုန်၏။ ။ ဟူလို။

ဤသို့လျှင် ကလာပ်တွင်း၌ပါရှိသော ရုပ်တရားအပေါင်းသည် တခြားစီ ဖြစ်လေ့မရှိ၊ တခါတည်း အတူတကွ ဖြစ်ကြ၏၊ တခါတည်း တပြိုင်နက် ချုပ်ကြ၏၊ မှီရာဝတ္ထုအားဖြင့်လည်း တကွဲတပြားစီ မမှီမူ၍ တူသော မှီရာရှိရခြင်း,တပေါင်းတည်းဖြစ်ခြင်း၊ဤလက္ခဏာ ၄-ပါးနှင့် ညီညွတ်သော တရားတို့သည်သာလျှင် ကလာပ်မည်ကုန်၏ ဟု မှတ်။

ဤကလာပ်လက္ခဏာ ၄-ပါးတို့တွင် ကေ့ပ္ပါဒဆိုလျှင် ပြီးကောင်း ပါလျက် ဧကနိရောဓသဒ္ဒါကို အဘယ့်ကြောင့် ဆိုရပါသနည်းဟူမူ။ ။ နာမ်တရားကို နစ်စေလိုသောကြောင့် ဧကနိရောဓသဒ္ဒါကို မိန့်ဆိုရ၏။ နာမ်တရားတို့သည် ရုပ်နှင့်တူသော ဖြစ်ခြင်းကား ရှိကုန်၏။ တူသော ချုပ်ခြင်းကား မရှိကုန်၊အတူတကွမချုပ် ဟူလို။ ။ကေ့ပ္ပါဒစသည်ကိုဆိုက ပြီးသင့်ပါလျက် အဘယ့်ကြောင့် "ဧကနိဿယ" ကို မိန့်ဆိုရပါသနည်း ဟူမူ။ ။မှီရာမတူသောရုပ်ကို နစ်စေလိုသောကြောင့် ဧကနိဿယသဒ္ဒါကို မိန့်ဆိုရ၏။

အဓိပ္ပါယ်ကား··· ကမ္မဇရုပ်,စိတ္တဇရုပ်တို့သည် အတူတကွဖြစ်၍ အတူ တကွ ချုပ်ကုန်၏။ သို့သော် မိမိတို့ကို ဖြစ်စေတတ်သော မှီရာအကြောင်း သည်ကား ကံ, စိတ်အားဖြင့် ပြားသောကြောင့် ကမ္မဇကလာပ်နှင့်-စိတ္တဇ ကလာပ်တို့သည် တကလာပ်တည်း စည်းခြင်းငှါ မသိုက်-ဟူလို။ ။ဧကုပ္ပါဒ ဧကနိရောဓ,ဧကနိဿယ သုံးပါးကို မိန့်ဆိုပါက ကလာပ်အင်္ဂါ ပြီးကောင်း ပါလျက် အဘယ့်ကြောင့်"သဟဝုတ္တိနော"သဒ္ဒါကို ဆိုရပါသနည်း-ဟူမူ အတူတကွ တပေါင်းတစည်း တကလာပ်တည်း ဖြစ်ခြင်းမရှိသော ရုပ်တို့ကို နစ်စေခြင်းငှါ သဟဝုတ္တိသဒ္ဒါကို မိန့်ဆိုရ၏။

ဆိုလိုရင်းကား····ပဋိသန္ဓေအခါ ဂဗ္ဘသေယျက ပုဂ္ဂိုလ်တို့အား ကမ္မဇ ကလာပ်သုံးစည်း သံသေဒဇ,ဥပပါတ်ပုဂ္ဂိုလ်တို့အား ခုနစ်စည်း၊ရူပပုဂ္ဂိုလ် တို့အား လေးစည်း၊ ဤရုပ်တို့သည် ကေ့ပ္ပါဒလည်းဖြစ်, ဧကနိရောဓလည်း ဖြစ်,ဧကနိဿယလည်း ဖြစ်ကုန်၏။ သို့သော် ၎င်းရုပ်သုံးဆယ်, ခုနစ်ဆယ် လေးဆယ်တို့သည် အတူတကွကား မဖြစ်သောကြောင့် ကလာပ်တခု တည်း ဘွဲ့စည်းခြင်းငှါ မထိုက်။စက္ခု, သောတ-စသည်နှင့်တကွ ဆယ်ခု, ဆယ်ခုသော ရုပ်တို့သည်သာ အတူတကွ ဖြစ်ကြသောကြောင့် ကလာပ် တခုတည်း ဘွဲ့စည်းခြင်းငှါ ထိုက်သည်။ ။ဟူလို။

## ဆောင်ပုဒ်

ကျ။ ။နာမ်တရားကို၊ နှစ်စေလို၊ မိန့်ဆို-နိရောဓ။
ခ။ ။မှီရာမတူ၊ နှစ်စေဟူ၊ မိန့်မူ-နိဿယ။
ဂ။ ။တက္ကမဖြစ်၊ ရုပ်အစစ်ကို၊ နှစ်စေလို၊ မိန့်ဆို-သဟာဝုတ်။

---

## ကမ္မဇ ကလာပ်စည်း

၃၆။ ။တတ္ထ ဇီဝိတံ အဝိနိဗ္ဘောဂရူပဉ္စ စက္ခုနာ သဟ စက္ခုဒသကန္တိ ပဝုစ္စတိ။ တထာ သောတာဒီဟိ သဒ္ဓိံ ၊ပ။ ဣမေ နဝ ကမ္မသမုဋ္ဌာနကလာပါ။ ။သင်္ဂြိုဟ်ပါဠိ။

ထိုကလာပ် ၂၁-ပါးတို့တွင် ကမ္မဇကလာပ်ကား ၉-စည်း ရှိ၏။ ။ ၁-ဇီဝိတရုပ် ၁-ခု၊ အဝိနိဗ္ဘောဂရုပ် ၈-ခု၊ စက္ခုပသာဒရုပ်-ဟု ဆိုအပ်သော စက္ခုဒသကကလာပ်။ ။၂-ဇီဝိတရုပ် ၁-ခု၊ အဝိနိဗ္ဘောဂရုပ် ၈-ခု၊ သောတပသာဒရုပ်-ဟု ဆိုအပ်သော သောတဒသကကလာပ်။ ။၃-ဇီဝိတရုပ် ၁-ခု၊အဝိနိဗ္ဘောဂရုပ် ၈-ခု၊ဃာနပသာဒ-ဟု ဆိုအပ်သော ဃာနဒသကကလာပ်။ ။၄-ဇီဝိတရုပ် ၁-ခု၊ အဝိနိဗ္ဘောဂရုပ် ၈-ခု၊ ဇိဝှါပသာဒ-ဟု ဆိုအပ်သော ဇိဝှါဒသကကလာပ်။ ။၅-ဇီဝိတရုပ် ၁-ခု၊အဝိနိဗ္ဘောဂရုပ် ၈-ခု၊ကာယပသာဒ-ဟု ဆိုအပ်သော ကာယဒသကကလာပ်။ ။၆-ဇီဝိတရုပ် ၁-ခု၊အဝိနိဗ္ဘောဂရုပ် ၈-ခု၊ဣတ္ထိဘော-ဟု ဆိုအပ်သော ဣတ္ထိဘာဝဒသကကလာပ်။ ။၇-ဇီဝိတရုပ် ၈-ခု၊အဝိနိဗ္ဘောဂရုပ် ၈-ခု၊ ပုမ္ဘော-ဟု ဆိုအပ်သော ပုမ္ဘာဝဒသကကလာပ်။ ။၈-ဇီဝိတရုပ် ၁-ခု၊ အဝိနိဗ္ဘောဂရုပ် ၈-ခု၊ဟဒယဝတ္ထု-ဟု ဆိုအပ်သော ဝတ္ထုဒသကကလာပ်။ ။၉-ဇီဝိတရုပ် ၁-ခု၊ အဝိနိဗ္ဘောဂရုပ် ၈-ခုဟု ဆိုအပ်သော ဇီဝိတနဝကကလာပ်၊ ဤကိုးပါးတို့ပင်တည်း။ ဝါ-ဤကိုးပါးတို့သည် ကမ္မဇကလာပ် မည်ကုန်၏-ဟူလို။ ။ဤကား ပိဏ္ဍတ္ထ။

---

## ဇီဝိတနဝကကလာပ် အကြောင်း

"နဝန္နံ သမူဟော နဝကံ။ဇီဝိတေန ဥပလက္ခိတံ နဝကန္တိ ဇီဝိတနဝကံ"။
နဝန္နံ၊ရုပ်ကိုးခုတို့၏။ သမူဟော၊ အပေါင်းတည်း။ နဝကံ၊ ရုပ်ကိုးခုတို့၏ အပေါင်း။ ။ဇီဝိတေန၊ဇီဝိတရုပ်ဖြင့်။ ဥပလက္ခိတံ၊မှတ်အပ်သော။ နဝကံ၊

ရုပ်ကိုးခုတို့၏ အပေါင်းသည်။ဇီဝိတနဝကံ၊ဇီဝိတနဝက-မည်၏။ ။ဇီဝိတ ဖြင့် မှတ်အပ်သော ရုပ်ကိုးခုအပေါင်းသည် ဇီဝိတနဝကကလာပ်မည်၏။ ဟူလို။

ဤဇီဝိတနဝကကလာပ်သည်အစာသစ်အိမ်,အစာဟောင်းအိမ် ၂-ခုတို့၏ အကြား၌ တည်၏၊ ကမ္မဇောဇဖြစ်သော ဝမ်းမီးတည်းဟူသော ပရိပါစက တေဇောဓာတ်သည် ၎င်းဇီဝိတနဝက ကလာပ်၌ပါသော တေဇောဓာတ် ပင်တည်း။ ။ဤကမ္မဇကလာပ် ၉-စည်းတို့သည် ကံကြောင့်ဖြစ်သော ရုပ်ကလာပ်စု ဖြစ်သောကြောင့် အဇ္ဈတ္တိက သန္တာန်၌သာ ဖြစ်ကုန်၏။ အနိန္ဒြိယဗဒ္ဓ သက်မဲ့ဖြစ်သော တော, တောင်, ရေ, မြေ-စသောဗဟိဒ္ဓ သန္တာန်၌ မဖြစ်ကုန်။

---

## စိတ္တဇရုပ် အဘွင့်

၃၄။ ။**အဝိနိဗ္ဘောဂရူပံ ပန သုဒ္ဓဋ္ဌကံ၊တဒေဝ ကာယဝိညတ္တိယာ သဟ ကာယဝိညတ္တိနဝကံ၊ဝစီဝိညတ္တိသဒ္ဒေဟိ ပန သဒ္ဒ စိတ္တ သမုဋ္ဌာနကလာပါ။** ။သဂ္ဂိုဟ်ပါ၌။

၁-အဝိနိဗ္ဘောဂရုပ် ၈-ခုဟု ဆိုအပ်သော သုဒ္ဓဋ္ဌကကလာပ်။ ။၂-အဝိ နိဗ္ဘောဂရုပ် ၈-ခု၊ ကာယဝိညတ်-ဟု ဆိုအပ်သော ကာယဝိညတ္တိနဝက ကလာပ်။ ။၃-အဝိနိဗ္ဘောဂရုပ် ၈-ခု၊ ဝစီဝိညတ် ၁-ခု၊ သဒ္ဒရုပ်—ဟု ဆိုအပ်သော ဝစီဝိညတ္တိသဒ္ဒဒသကကလာပ်။ ။၄-အဝိနိဗ္ဘောဂရုပ် ၈-ခု၊ ရူပဿလဟုတာ, ရူပဿ မုဒုတာ, ရူပဿကမ္မညတာ-ဟု ဆိုအပ်သော လဟုတာဒိ ဧကာဒသကကလာပ်။ ။၅-အဝိနိဗ္ဘောဂရုပ် ၈-ခု၊ ကာယ ဝိညတ် ၁-ခု၊ ရူပဿလဟုတာ, ရူပဿ မုဒုတာ, ရူပဿကမ္မညတာ ၃-ခု ဟု ဆိုအပ်သော ကာယဝိညတ္တိလဟုတာဒိဒွါဒသကကလာပ်။ ။၆-အဝိ နိဗ္ဘောဂရုပ် ၈-ခု၊ဝစီညတ်,သဒ္ဒ,ရူပဿ လဟုတာ, ရူပဿ မုဒုတာ, ရူပဿ ကမ္မညတာ-ဟု ဆိုအပ်သော ဝစီဝိညတ္တိ သဒ္ဒလဟုတာဒိ တေရသက ကလာပ်အားဖြင့် စိတ္တဇရုပ်ကလာပ်တို့သည် ၆-ပါး အပြားရှိကုန်၏။ ။ ဟူလို။

ဤကား ပိဏ္ဍတ္ထ။

ဤစိတ္တဇကလာပ် ၆-စည်းတို့တွင်။ ။၁-သုဒ္ဓဋ္ဌကကလာပ်ကို အသံ, ဝိညတ်တို့နှင့်မရော၊လဟုတာဒိစသော ရုပ်သုံးခုတို့မပါမူ၍ အိပ်ပျော်သော အခါ, မိန်းမော တွေဝေသောအခါ, နှလုံးမသာယာသော အခါတို့၌ စိတ်ကြောင့်ဖြစ်သော ညှိုးနွမ်းသောရုပ်၌သာ ရအပ်၏။ ။၂-ကာယဝိညတ္တိနဝကကလာပ်ကို နှလုံးမသာယာသောအခါ, ရှေ့သို့ လှမ်းခြင်း-စသည်ကို ဖြစ်စေသောအခါ ညှိုးနွမ်းသော ရုပ်တို့၌ ရအပ်၏။ ။၃-ဝစီဝိညတ္တိဒသကကလာပ်ကို နှလုံးမသာယာသောအခါ, ပြောဆိုရာစကားသံ၌ ရအပ်၏။ ၄-လဟုတာဒေကာဒသက ကလာပ်ကို၊ စိတ်ကြည်လင် ရွှန်လန်းသော အခါ, ဝမ်းမြောက် ဝမ်းသာရှိသော အခါ၌ ရအပ်၏။ ။၅-ကာယဝိညတ္တိလဟုတာဒိ ဒွါဒသကကလာပ်ကို နှလုံးသာယာသောအခါ,ရွှင်လန်းသော ရုပ်,ရှေ့သို့တက်ခြင်းစသည်ကို ပြုသောအခါ၌ ရအပ်၏။ ။၆-ဝစီဝိညတ္တိ သဒ္ဒလဟုတာဒိတေရသက ကလာပ်ကို နှလုံးသာယာသောအခါ ရွှင်လန်းသောရုပ်ဖြင့် စကားပြောဆိုရာ အသံတို့၌ ရအပ်၏။ ။အလိုအဓိပ္ပါယ် အထူး မရှိ၊ အိပ်ရာ၌ ယောင်ယမ်းသော အသံတို့၌ လဟုတာစသောရုပ် ၃-ခု၊ ဝစီဝိညတ်မပါသော သဒ္ဒနဝက ကလာပ် ရသင့်၏-ဟု ဆရာများ မိန့်ဆိုဆုံးဖြတ်တော်မူကြသေး၏။

---

## ဥတုဇရုပ်ကလာပ် အဖွင့်

၃၈။ ။သုဒ္ဓဋ္ဌကံ၊ သဒ္ဒနဝကံ၊ လဟုတာဒေကာဒသကံ၊ သဒ္ဒလဟုတာဒိဒွါဒသကဉ္စေတိ စတ္တာရော ဥတုသမုဋ္ဌာနကလာပါ။

သင်္ဂြိုဟ်ပါဠိ။

၁ အဝိနိဗ္ဘောဂရုပ် ၈-ခုဟု ဆိုအပ်သော သုဒ္ဓဋ္ဌကကလာပ်။ ။၂-အဝိနိဗ္ဘောဂရုပ် ၈-ခု၊ သဒ္ဒရုပ်-ဟု ဆိုအပ်သော သဒ္ဒနဝကကလာပ်။ ။၃-အဝိနိဗ္ဘောဂရုပ် ၈-ခု၊ရူပဿ လဟုတာ, ရူပဿမုဒုတာ, ရူပဿကမ္မညတာ-ဟု ဆိုအပ်သော လဟုတာဒေကာဒသကကလာပ်။ ။၄-အဝိနိဗ္ဘောဂရုပ် ၈-ခု၊သဒ္ဒရုပ်, ရူပဿ လဟုတာ,ရူပဿ မုဒုတာ, ရူပဿကမ္မညတာ-ဟု ဆိုအပ်သော သဒ္ဒလဟုတာဒိဒွါဒသက ကလာပ်အားဖြင့် ဥတုဇရုပ်ကလာပ်တို့သည် ၄-ပါးအပြားရှိကုန်၏။ ။ဟူလို။ ။ဤကား ပိဏ္ဍတ္ထ။

---

## အဝယာဝတ္တ အဓိပ္ပါယ်

၊ ဤဥတုဇရုပ်ကလာပ် ၄-စည်းတို့တွင်။ ။၁-သက်မဲ့ဝတ္ထု၌ လဟုတာ စသောရုပ် ၃-ခုတို့ကို မရကောင်းသောကြောင့် အဋ္ဌကလာပ် ရုပ်သက်သက်သာ ဖြစ်၏။ ။၂-သဒ္ဒနဝကကလာပ်ကို သက်မဲ့ဝတ္ထု၌ လဟုတာ စသောရုပ် ၃-ခုတို့ကို မရကောင်းသောကြောင့် မိုးခြိမ်းသံ- စသည်တို့၌ ဖြစ်သင့်၏၊ ရသင့်၏။ သို့ဖြစ်၍ ၎င်းသဒ္ဒနဝကကလာပ်သည် ဥတုဇ သဒ္ဒနဝကကလာပ်, စိတ္တဇသဒ္ဒနဝကကလာပ်-ဟူ၍ ၂-ပါးရှိရာ ဥတုဇ သဒ္ဒနဝကကလာပ်ကို လေသံ, ရေသံ, မိုးသံ, မိုးခြိမ်းသံ, မိုးကြိုးသံ, လျှင်သံ, တော်လည်းသံ, တောင်ဟိန်းသံ အစရှိသော ဥတုကြောင့် ဖြစ်သော အသံမှန်သမျှ၌ ရအပ်၏။ (၎င်းအသံတို့၌ သဒ္ဒရုပ်နှင့် အဝိနိဗ္ဘောဂ ရုပ် ၈-ပါး၊ ပေါင်းကိုးပါး ပါရှိ၏-ဟူလို)။

စိတ္တဇသဒ္ဒနဝက ကလာပ်သည်လည်း များစွာစည်းဝေး၍ နေသော လူစု၏ အသံသည် ဝေးသောဌာနသို့ရောက်လျှင် ပုဒ်ဗျည်းမကွဲမပြား၊ အသံမပြီသပါဘဲ အုတ်ကုတ်ကျက်ကျက် ကြွက်ကြွက်စီစီသာ ဖြစ်၏။ ထိုအသံမှာ ဝိညတ်မရှိ၊ စိတ္တဇအသံကား ဟုတ်၏။ ထိုကြောင့် ထိုမပြီသသော အသံ၌လည်း သဒ္ဒနဝကကလာပ် ပါရှိလေ၏။

အသက်ရှူသံ, ပင့်သက်ရှိုက်သံ, ခြေတတ်သော အသံ, ချောင်းဟန့်သံ, ညည်းညူသံ, ကြို့ထိုးသံ-အစရှိသော အသံတို့သည် ဝိညတ်နှင့်ကင်းသော စိတ္တဇ အသံများတို့ ပေတည်း။ ထိုအသံများ ၌လည်း သဒ္ဒနဝက ကလာပ်ပါရှိ၏။ ။ထိုပြင် ကျေးငှက်တို့၏ အသံ, သားတိရစ္ဆာန်တို့၏ အသံ, ဘာသာကွဲလူမျိုးခြားတို့၏ အသံများသည် ဇာတ်မတူသော သူတို့အား မသိစေနိုင်။ ထို့ကြောင့် ဇာတ်မတူသောသူတို့အား ဝိညတ်ကင်း၏၊ စိတ္တဇသဒ္ဒနဝက ကလာပ်ကား ဖြစ်၏။ လက်ခုပ်တီးသော အသံ, လက်ပန်းပေါက်ခတ်သော အသံ, နှုတ်စည် တီးသော အသံ, ဗိုက်စည်တီးသော အသံ, စည်ကြီးတီးသံ, ဆိုင်းတီးသံ, ဝိုင်းတီးသံ, လင်းကွင်းတီးသံ- အစရှိသော အသံတို့ကား စိတ်လျှင် အကြောင်းရှိသော ဥတုကြောင့်ဖြစ်သော စိတ္တပစ္စယဥတုဇအသံတို့ ဖြစ်ကုန်၏။

၃။ ။လဟုတာဒေကာဒသကကလာပ်၊သက်ရှိသတ္တဝါတို့၌ သင့်တင့်သော ဥတုကြောင့်ဖြစ်သော ကလာပ်သည်လည်း လဟုတာစသော ရုပ်သုံးပါးတို့နှင့်တကွ ဖြစ်၏။

၄။ ။သဒ္ဒလဟုတာဒိဒွါဒသကကလာပ်ကို သက်ရှိသော သတ္တဝါတို့၌ ကြို့ထိုးသံ,ဝမ်းရုတ်သံတို့၌ ရအပ်၏။

ဤကလာပ် လေးစည်းတို့သည် ဥတုကြောင့် ဖြစ်သော ရုပ်တို့ကို ကလာပ်ဖွဲ့သောကြောင့် သက်ရှိ, သက်မဲ့ဝတ္ထု၌ပင် ဖြစ်ကုန်၏။

---

## အာဟာရဇကလာပ် အခွင့်

**၄၉။ ။သုဒ္ဓဋ္ဌကံ လဟုတာဒေကာဒသကဉ္စေတိ ဒွေ အာဟာရ သမုဋ္ဌာနကလာပါ။** ။သင်္ဂြိုဟ်ပါဠိ။

၁-အဝိနိဗ္ဘောဂရုပ် ၈-ခုဟု ဆိုအပ်သော သုဒ္ဓဋ္ဌကကလာပ်။ ။၂-အဝိနိဗ္ဘောဂရုပ် ၈-ခု၊ရူပဿလဟုတာ, ရူပဿမုဒုတာ, ရူပဿကမ္မညတာ-ဟု ဆိုအပ်သော လဟုတာဒိ ဧကာဒသက ကလာပ်အားဖြင့် အာဟာရဇ ကလာပ်တို့သည် ၂-ပါး အပြားရှိကုန်၏။ ။ဟူလို။

ဤအာဟာရဇကလာပ် ၂-စည်းတို့တွင် ၁-သုဒ္ဓဋ္ဌကကလာပ်ကို မသင့်မတင့်သော အစာကိုစားသောအခါ၌ရအပ်၏။ ၂-လဟုတာဒေကာဒသက ကလာပ်ကို သင့်တင့်သောအစာကို စားသောအခါ၌ ရအပ်၏။ ဤရုပ်ကလာပ် ၂-ခုတို့သည် အာဟာရကြောင့် ဖြစ်သောရုပ်တို့ကို ကလာပ်ဖွဲ့သောကြောင့် သက်ရှိဝတ္ထု၌သာ ဖြစ်ကုန်၏၊သက်မဲ့ဝတ္ထု၌ မဖြစ်ကုန်။

ဤကား ဝိဂ္ဂဟတ္ထ။

---

**၅၀။ တဇ္ဇသုဒ္ဓဋ္ဌကံ သဒ္ဒနဝကဉ္စေတိ ဒွေဥတုသမုဋ္ဌာနကလာပါ ဗဟိဒ္ဓါပိ လဗ္ဘန္တိ။ အဝသေသာ ပန သဗ္ဗေပိ အဇ္ဈတ္တိကမေဝ။** ။သင်္ဂြိုဟ်ပါဠိ။

ထိုဥတုဇကလာပ် ၄-စည်းရှိသည်အနက် သုဒ္ဓဋ္ဌကကလာပ်နှင့်သဒ္ဒနဝက ကလာပ် ၂-စည်းတို့ကို ဗဟိဒ္ဓအပ၌လည်း ရအပ်ကုန်၏၊ သက်ရှိ,သက်မဲ့ ဝတ္ထု ၂-ပါးလုံး၌ ဖြစ်နိုင်ကုန်၏။ ကြွင်းသော ကလာပ်စည်း တို့ကား အဇ္ဈတ္တိက၌သာ ဖြစ်ကုန်၏။ အပ၌ မဖြစ်ကုန်။ ။ဟူလို။

ဤကား ဝိဂ္ဂဟတ္ထ။

ဥ ၁။ ။ကမ္မစိတ္တောတုကာဟာရ၊ သမုဋ္ဌာနာ ယထာက္ကမံ။
နဝ၊ သတ္တ၊ တယော ဒွေ၊ ကလာပါ ဧကဝီသတိ။ ။
ကလာပါနံ ပရိစ္ဆေဒ၊ လက္ခဏတ္တာ ဝိစက္ခဏာ။
န ကလာပင်္ဂမိစ္စာဟု၊ အာကာသံ လက္ခဏာနိ စ။ ။

သင်္ဂြိုဟ်ပါဌ်။

၁-ကံကြောင့် ဖြစ်သော ရုပ်ကလာပ်ပေါင်း ၉-စည်း၊ ၂-စိတ်ကြောင့် ဖြစ်သော ရုပ်ကလာပ်ပေါင်း ခြောက်စည်း၊ ၃-ဥတုကြောင့်ဖြစ်သော ရုပ်ကလာပ်ပေါင်း ၄-စည်း၊ ၄-အာဟာရကြောင့် ဖြစ်သော ရုပ်ကလာပ် ၂-စည်း၊ ဤသို့အားဖြင့် ကလာပ်တို့သည် ၂၁-စည်း အပြားရှိကုန်၏။ ။ အာကာသဓာတ်နှင့် လက္ခဏရုပ် ၄-ခုတို့ကို ကလာပ်ရုပ်တို့ကို ပိုင်းခြားကြောင်း, မှတ်ကြောင်း၏ အဖြစ်ကြောင့် ကလာပ်၏ အင်္ဂါဟူ၍ ပညာရှိတို့သည် မဆိုကုန်။ ။ဟူလို။

ဤကား ပိဏ္ဍတ္ထ။

---

## အဝယဝတ္ထု အဓိပ္ပါယ်

ဆိုတော်မူလိုရင်း အဓိပ္ပါယ်ကား····အာကာသဓာတ်သည် ကလာပ်တို့၏ အကြားမျှသာ ဖြစ်၏။ ဘယ်ကလာပ်၏ အတွင်းတွင် မပါဝင်နိုင်၊ ထိုကြောင့် ကလာပ်ရုပ်တို့၌ မပါမဝင်၊ကလာပ်အင်္ဂါ မထိုက်။ ။လက္ခဏရုပ် ၄-ခုတို့ကား ကလာပ်ရုပ်အားလုံးနှင့် သက်ဆိုင်သောကြောင့် ဝိညတ်ရုပ်, ဝိကာရရုပ်တို့ကဲ့သို့ ကလာပ် ကွဲပြား ထူးခြားအောင် မတတ်နိုင်ကြကုန်။ ထို့ကြောင့် ကလာပ်တို့၌ မပါမဝင်ကြကုန်။ ။ဟူလို။

တနည်းကား····အာကာသ ဓာတ်သည် တကွဖြစ်ခြင်း, တူသောမှီရာ မရှိခြင်းကြောင့် ကလာပ်မစည်းရ၊ လက္ခဏရုပ် ၄-ခု၌လည်း ဥပစယ, သန္တတိကား တကွမူကား ဖြစ်၏။တကွမချုပ်၊တကွမမှီ။ အနိစ္စတာကား တကွသော်ကား ချုပ်၏။ တကွမဖြစ်၊တကွမမှီ။ဇရတာကား အင်္ဂါသုံးပါး လုံးကိုပင်မရ၊ ဤသို့ ကလာပ်အင်္ဂါနှင့် မညီညွတ်၍ ကလာပ်မစည်းရပေ။ ။ တနည်းကား။ အနိပ္ဖန္နရုပ်တို့သည် အသီးအခြားမရှိ၍ အာကာသဓာတ်နှင့် လက္ခဏရုပ်တို့ကို ကလာပ်မစည်းရ၊ ထိုသို့ဖြစ်လျှင် လဟုတာဒိ,ဝိညတ်ဒွေ တို့ကိုကား အဘယ့်ကြောင့် ကလာပ်စည်းရပါသနည်း ဟူမူ။လဟုတာဒိ,

ဝိညတ်ဒွေ တို့သည် မိမိတို့ အသီးအခြားပင် မရသော်လည်း နိပ္ဖန္နရုပ်တို့နှင့် တကွဖြစ်ခြင်း, တကွချုပ်ခြင်း,တူသောမှီရာရှိခြင်း-ဟူသော ကလာပ်အင်္ဂါ သုံးပါးရသောကြောင့် ကလာပ်ဘွဲ့ရ၏-ဟု မှတ်။

**ဆောင်ပုဒ်**

က။ ။ရုပ်ကလာပ်များ၊ပိုင်းခြားရုံမျှ၊ သဘာဝ၊ ကင်းပ-ကလာပ်အင်။

ခ။ ။အများကလာပ်၊ဆက်ဆံတတ်မှု၊ ထူးမပြုတတ်၊ ထိုကြောင့်မှတ်၊ ကင်းလွတ်-လက္ခဏာ။

**ရုပ်ကလာပ်အခွင့် ပြီး၏။**

---

## ကမ္မဇရုပ်ကလာပ် သရုပ်ခွဲ

ဤ ၂၁-စည်းသော ကလာပ်တို့ကို ရှေ့နောက်ရောစပ်၍ စက်လှည့်ကာ ခွဲအပ်၏။ ။လှည့်ဟန်ကား။ ။၁-စက္ခုဒသကဉ္စသာပါ၍ သောတဒသကဉ္စ မပါသောရုပ် တခု။ ။သောတဒသကဉ္စသာပါ၍ စက္ခုဒသကဉ္စ မပါသော ရုပ်တခု။ ။နှစ်ပါးစုံပါသော ရုပ် ၉-ခု။ ။နှစ်ပါးစုံမပါသော ရုပ်ကား ၁၇-ခုအားဖြင့် ၂၈-ပါးဖြစ်၏။ ။(နှစ်ပါးစုံမပါသော ရုပ်ဟူသည်ကား သုခုမရုပ် သောဠသတွင် အာပေါနှင့် ဇီဝိတနုတ်၍ ဃာန, ဇိဝှါ,ကာယကို ထည့်၊၁၇-ပါး ဖြစ်၏)။

၂-စက္ခုကိုမူတည်၍ ဃာနကို မူလီသွက်၍ ရှေးနည်းအတိုင်းခွဲ။ ။ဤ၌ နှစ်ပါးစုံမပါသော ရုပ်ဟူသည်ကား ရှေ့အတိုင်း ဃာနကိုနုတ်၍ သောတကိုထည့်၊ဇိဝှါဒသကကလာပ်တို့၌လည်း ဤနည်းအတိုင်းခွဲလေ။

၃-စက္ခုဒသကကလာပ်၌သာပါ၍ ဇီဝိတနဝက ကလာပ်၌ မပါသော ရုပ်တပါး၊ဇီဝိတနဝကကလာပ်၌သာပါ၍ စက္ခုဒသကကလာပ်၌ မပါသော ရုပ်မရှိ။ နှစ်ပါးစုံပါသောရုပ် ၉-ခု၊ နှစ်ပါးစုံမပါသော ရုပ် ၁၈-ခုအားဖြင့် ရုပ် ၂၈-ပါး ဖြစ်သတည်း။ ။ဤနည်းကိုမှီး၍ ကုန်အောင် ခွဲစစ်လေ။ဤကား ကမ္မဇကလာပ်၌ သရုပ်ခွဲပုံတည်း။

## စိတ္တဇကလာပ် ၆-စည်း၌ သရုပ်ခွဲပုံ

၁-သုဒ္ဓ၌သာပါရှိ၍ ကာယဝိညတ္တိနဝက၌ မပါသောရုပ်မရှိ။ ။ကာယ ဝိညတ္တိနဝက၌သာ ပါရှိ၍ သုဒ္ဓ၌မပါရှိသော ရုပ်တခု။ ။နှစ်ပါးစုံပါသော ရုပ် ၈-ခု။ ။နှစ်ပါးစုံမပါသော ရုပ် ၁၉-ခုအားဖြင့် ရုပ် ၂၈-ပါး ဖြစ်၏ ။

ပသာဒရုပ် ၅-ပါး၊ သုခုမရုပ်၌ အာပေါနှင့် ကာယဝိညတ်ကို ကြဉ်၍ မပါသောရုပ် ၁၉-ခုဖြစ်၏။ ။သုဒ္ဓ၌သာပါ၍ ဝစီဝိညတ္တိဒသက၌ မပါသော ရုပ်မရှိ။ ဝစီဝိညတ္တိဒသက၌သာ ပါရှိ၍ သုဒ္ဓ၌ မပါသောရုပ် ၂-ခု။ ။ နှစ်ပါးစုံပါသော ရုပ် ၈-ခု။ ။နှစ်ပါးစုံမပါသော ရုပ် ၁၈-ခုအားဖြင့် ရုပ် ၂၈-ပါး ဖြစ်၏။ ။(ကြွင်းနည်းတူ ခွဲလေ)။

## ဥတုဇကလာပ် ၄-စည်း သချင်ခွဲပုံ

၁-သုဒ္ဓဋ္ဌကကလာပ်၌သာပါ၍ သဒ္ဒနဝကကလာပ်၌ မပါသောရုပ်မရှိ။ ။ သဒ္ဒနဝကကလာပ်၌သာပါရှိ၍ သုဒ္ဓဋ္ဌကကလာပ်၌ မပါသောရုပ်တခု။ ။ နှစ်ပါးစုံ၌ ပါရှိသောရုပ် ၈-ခု။ ။နှစ်ပါးစုံ၌ မပါရှိသောရုပ် ၁၉-ခုအားဖြင့် ရုပ် ၂၈-ပါး ဖြစ်၏။ ။၂-သုဒ္ဓဋ္ဌတကလာပ်၌သာ ပါရှိ၍ လဟုတာဒိဧကာ ဒသကကလာပ်၌မပါသောရုပ်မရှိ။ ။လဟုတာဒိဧကာဒသကကလာပ်၌သာ ပါရှိ၍ သုဒ္ဓဋ္ဌကကလာပ်၌ မပါရှိသောရုပ် သုံးခု။ ။နှစ်ပါးစုံပါရှိသောရုပ် ၈-ခု။ ။နှစ်ပါးစုံမပါရှိသောရုပ် ၁၇-ခုအားဖြင့် ရုပ် ၂၈-ပါးဖြစ်သတည်း။ (ကြွင်းနည်းတူခွဲ။ ။*အာဟာရဇ ကလာပ် နှစ်စည်း၌လည်း လေးနည်းစီ ရအောင်ခွဲ။လွတ်ပြီ)။

---

## ခေါက်၍မေး ၊ရုပ်သေး တရာရကြောင်း

ခေါက်၍မေး ရုပ်သေးတရာ ရရာ၏····ဟူရာ၌ ရုပ်သေးတရာရဟန်ကား ခွက်၌ရှိသော အဝိနိဗ္ဘောဂရုပ် ၈-ခုနှင့် လက်ဖြင့် ခေါက်၍ ဖြစ်လာသော သဒ္ဒနဝကကလာပ်ကိုးခု၊ပေါင်း ၁၇-ခုဖြစ်၏။ထိုရုပ် ၁၇-ခု၌ ပိုင်းခြားတတ်သော အာကာသဓာတ်လည်း ၁၅-ခုရ၍ ထိုအာကာသဓာတ် ၁၅-ခုနှင့် ရော ရုပ်ပေါင်း ၃၂-ပါး ဖြစ်၏။ ထို ၃၂-ပါးသော ရုပ်တို့၏ သတ္တိအစွမ်းသည် လဟုတာ, မုဒုတာ, ကမ္မညတာ-ဟူသော အစွမ်းသတ္တိ သုံးပါးရှိ၍ ၃၂-ပါးသောရုပ်ကို၎င်းသုံးပါးဖြင့်မြှောက် ၉၆-ပါး ဖြစ်၏။ထို ၉၆-ပါးကို လက္ခဏာရုပ် ၄-ပါးနှော ရုပ်သေးပေါင်း တရာဖြစ်သတည်း။ ။၎င်းရုပ်သေး တရာဖြစ်မှုကား ဗဟုသုတများရန် အတ္တိုသာတည်း။ စင်စစ်သော်ကား အဋ္ဌကထာ,ဋီကာတို့၏ အလိုမဟုတ်ချေ။ ထို့ကြောင့် အမြဲအစွဲ မမှတ်အပ်-ဟု ဆရာ့ဆရာများ မိန့်တော်မူကုန်၏။

## ရူပပဉ္စမဇ္ဈာန အဘွင့်

၅၂။ ။သဗ္ဗာနိပိ ပနေတာနိ ရူပါနိ ကာမလောကေ ယထာရဟံ အနူနာနိ ပဝတ္တိယံ ဥပလဗ္ဘန္တိ။ ။သင်္ဂြိုဟ်ပါဠိ။

ကာမဘုံ၌ ပဝတ္တိအခါ၌ ထိုက်သည်အားလျော်စွာ မယုတ်ကုန်သော ထိုအလုံးစုံသောရုပ် ၂၈-ပါးတို့ကို ရအပ်ကုန်၏။ ။ဟူလို။

ဤကား-ဝိဂ္ဂဟတ္ထ။

---

## ယထာရဟံ အဓိပ္ပါယ်

ကာမဘုံ၌ ယထာရဟံ-ပါဠိဖြင့် ပဝတ္တိအခါ၌ အလုံးစုံသော ရုပ်ကို ရအပ်၏-ဟု ဆိုသော်လည်း ယောကျ်ားဖြစ်အံ့၊ ပုမ္ဘာဝရုပ်သာရ၍ ဣတ္ထိဘော-ရုပ်မရ။ ထို့ကြောင့် ကြွင်းရုပ် ၂၇-ပါးသာ ရ၏။ ။မိန်းမတို့အား ဣတ္ထိဘော သာရ၍ ပုမ္ဘာဝရုပ်ကိုမရ။ ထို့ကြောင့် ကြွင်းရုပ် ၂၇-ပါးသာ ရ၏။ ။တနည်း····ဣန္ဒြေပြည့်စုံသော သူတို့အား ရုပ် ၂၈-ပါးကို ရနိုင်၏။ ဣန္ဒြေ မပြည့်စုံပါမူကား ချို့တဲ့သော ဣန္ဒြေမရနိုင်-ဟူသော အဓိပ္ပါယ်ကို ပြ၏။

---

## ပဋိသန္ဓေအခါ ဖြစ်သောရုပ် အဘွင့်

၅၃။ ။ပဋိသန္ဓိယံ ပန သံသေဒဇာနဉ္စေဝ ဩပပါတိကာနဉ္စ စက္ခု၊ သောတ ဃာန ဇိဝှာ ကာယ ဘာဝ ဝတ္ထုဒသကသင်္ခါတာနိ သတ္တ ဒသကာနိ ပါတုဘဝန္တိ ဥက္ကဋ္ဌဝသေန ဩမကဝသေန ပန စက္ခုသောတဃာနဘာဝဒသကာနိ ကဒါစိပိ န လဗ္ဘန္တိ၊ တသ္မာ တေသံ ဝသေန ကလာပဟာနိ ဝေဒိတဗ္ဗာ။

သင်္ဂြိုဟ်ပါဠိ။

ပဋိသန္ဓေအခါ၌ သံသေဒဇပုဂ္ဂိုလ်နှင့် နတ်စသော ဩပပါတ်ပုဂ္ဂိုလ်တို့အား စက္ခုဒသက ကလာပ်, သောတဒသက ကလာပ်,ဃာနဒသက ကလာပ်,ဇိဝှါဒသကကလာပ်,ကာယဒသကကလာပ်,ဘာဝဒသကကလာပ်, ဝတ္ထုဒသကကလာပ်-ဟု ဆိုအပ်ကုန်သော ကလာပ် ၇-စည်းတို့သည် ဥက္ကဋ္ဌနည်း အစွမ်းအားဖြင့် တပြိုင်နက် တခါတည်း ထင်ရှားဖြစ်ပေါ်လာကုန်၏။ အကုသိုလ်ကံ နှိပ်စက်၍ အာယတန ချို့ပျက်သော သတ္တဝါတို့တွင် အပါယ် သံသေဒဇ ပုဂ္ဂိုလ်အား အယုတ် အားဖြင့်ကား စက္ခုဒသက

ကလာပ်,သောတဒသက ကလာပ်,ဃာနဒသက ကလာပ်,ဘာဝ ဒသက ကလာပ်ရုပ်တို့ကို တခါတရံ မရအပ်ကုန်။ ထို့ကြောင့် ထိုရုပ်မဖြစ်သော ရုပ်၏အစွမ်းဖြင့် ကလာပ်တို့၏ ယုတ်လျော့မှုကို သိအပ်၏။

ဤကား ပိဏ္ဍတ္ထ။

---

## ကလာပ်ယုတ်ပုံ အခိပ္ပါယ်

ကလာပ်တို့၏ ယုတ်ပုံကား····စက္ခုချို့လျှင် ခြောက်စည်း၊ သောတ ချို့လျှင် ခြောက်စည်း၊ဃာနချို့လျှင် ခြောက်စည်း၊ ဘာဝချို့လျှင် ခြောက်စည်း၊ တနည်း····စက္ခု,သောတ ချို့လျှင် ငါးစည်း၊ စက္ခု,ဃာနချို့လျှင် ငါးစည်း၊ စက္ခု,ဘာဝချို့လျှင် ငါးစည်း။ တနည်း····သောတ,ဃာနချို့လျှင် ငါးစည်း၊ သောတ, ဘာဝချို့လျှင် ငါးစည်း၊ ဃာန, ဘာဝ ချို့လျှင် ငါးစည်း။ ။ တနည်း…စက္ခု,သောတ,ဃာနချို့လျှင် လေးစည်း၊သောတ,ဃာန,ဘာဝ ချို့လျှင် လေးစည်း၊ဃာန, ဘာဝ, စက္ခုချို့လျှင် လေးစည်း၊ ဘာဝ, စက္ခု, သောတ, ချို့လျှင် လေးစည်း။ တနည်း····စက္ခု,သောတ, ဃာန, ဘာဝ လေးပါးလုံးချို့လျှင် သုံးစည်းရအပ်၏။အပါယ်ဥပပါတ် သတ္တဝါအားကား ဃာန မချို့ကောင်း။

အဃာနကော ဩပပါတိကော နတ္ထိ။ ။အဋ္ဌကထာ။

သုဂတိဘုံ၌ကား ဥပပါတ်ပုဂ္ဂိုလ်မှာ ကပ်ဦးအခါ၌သာ ဘာဝဒသက ကံအာနုဘော် အရှိန်ကြောင့် ထိုကမ္ဘာဦးအခါမှ တပါးသော အခါ၌ ဇာတ်မြေ မချို့တဲ့ကောင်းပေ၊ တစည်းသာ ချို့ကောင်း၏။ သုဂတိအဟိတ် သံသေဒဇ ပုဂ္ဂိုလ်အားကား ဒုဂ္ဂတိအဟိတ် သံသေဒဇ သတ္တဝါနှင့် အတူ ချို၏-ဟု မှတ်။

---

## သံသေဒဇ အခိပ္ပါယ်

ကမလကုဟရာဒိတော သံသီဒတီတိ သံသေဒေါ။

ယော ၊ဂန္ဓော၊ အကြင် အနံ့သည်။ ကာမလကုဟရာဒိတော၊ ကြာတိုက် စသည်မှ။ သံသီဒတိ၊ ထွက်တတ်၏။ ဇာတိ၊ကြောင့်။ သောဂန္ဓော၊ သည်။ သံသေဒေါ၊သံသေဒ-မည်၏။ ။အမွှေးနံ့,အဆိပ်နံ့ စသည်ကိုရ၏။

သံသေဒေါ စေတေသမတ္တီတိ သံသေဒါနိ။

စေတေသံ၊ထိုကြာတိုက် စသည်တို့အား။ သံသေဒေါ၊ အဆိပ်နံ့စသည် သည်။ အတ္ထိ၊ရှိ၏။ဣတိ၊ကြောင့်။ သံသေဒါနိ၊သံသေဒ-မည်ကုန်၏။ ။ ကြာတိုက် စသည်ကို ရ၏။

သံသေဒေသု ဇာတာတိ သံသေဒဇာ။

သံသေဒေသု၊ ကြာတိုက်စသည်တို့၌။ ဇာတာ၊ ဖြစ်ကုန်သည်တည်း။ ဣတိ၊ကြောင့်။ သံသေဒဇာ၊ သံသေဒဇ-မည်ကုန်၏။ ။ပဒုမာကြာတိုက်, သစ်ခေါင်း, သစ်ပွေး, သစ်ပွင့်, ရွှံ့ညွန်, ရေဟောင်း,ရေဆွေး-အစရှိသည် တို့၌ ဖြစ်သော သတ္တဝါတို့သည် သံသေဒဇ-သတ္တဝါ မည်ကုန်၏။ ထို သံသေဒဇသတ္တဝါတို့၏ ပဋိသန္ဓေသည် သံသေဒဇ ပဋိသန္ဓေမည်၏။

ပေါက္ခရသာတိပုဏ္ဏားကြီး, ပဒုမဒေဝီ, အာသက်ာဒေဝီတို့သည် ကြာ တိုက်၌ဖြစ်သော သံသေဒဇပုဂ္ဂိုလ်တို့တည်း။ပဒုမဒေဝီ၏ သားတော် မဟာ ပဒုမ ပစ္စေကဗုဒ္ဓါမှတပါး ငါးရာတပါး ယုတ်သော ပစ္စေကဗုဒ္ဓါတို့သည် ဝမ်း၏ အညစ်အကြေး သုက်သွေး၌ ဖြစ်သော သံသေဒဇ ပုဂ္ဂိုလ်တို့တည်း။ အမ္ဗပါလိကာ ပြည့်တန်ဆာမသည် သရက်ပင်၌ ဖြစ်သော သံသေဒဇ ပုဂ္ဂိုလ်တည်း။ စိဉ္စမာနက်ား မန်ကျည်းပင်၌ ဖြစ်သော သံသေဒဇပုဂ္ဂိုလ် တည်း။ ပိုးလောက်,ခြင်စသည့်တို့ကား ငါးပုတ်,အမဲပုတ်,ရေပုတ်စသည်၌ ဖြစ်သော သံသေဒဇ သတ္တဝါတို့တည်း။ ။ထိုသံသေဒဇ ပုဂ္ဂိုလ်တို့ကား အစဉ်အတိုင်း ကြီးပွါးကြရသည်။

ဥပပတနံ ဥပပါတော။ဥပပါတော စေတေသမတ္ထီတိ ဩပပါတိကာ။

ဥပပတနံ၊ထင်ရှားဖြစ်ခြင်း။ ဥပပါတော၊ထင်ရှားဖြစ်ခြင်း။ ။စေတေသံ၊ ထိုလူ,နတ်,ဗြဟ္မာ-တို့အား ဥပပါတော၊ထင်ရှားဖြစ်ခြင်းသည်။ အတ္ထိ၊ရှိ၏။ ဣတိ၊ကြောင့်။ဩပပါတိကာ၊ဩပပါတိက-မည်ကုန်၏။

အမိပွါယ်ကား····ရုတ်တရက် ကောင်းကင်မှ ပျံ၍ ကျလာဘိသကဲ့သို့ ထင်ရှားစွာ ဖြစ်ပေါ်လာသော ပုဂ္ဂိုလ်သည် ဩပပါတ်ပုဂ္ဂိုလ်မည်၏။ နတ်, ဗြဟ္မာ, ငရဲသား သတ္တဝါတို့သည် ဩပပါတ် ပုဂ္ဂိုလ်တို့တည်း။ ထို ပုဂ္ဂိုလ်တို့၏ ပဋိသန္ဓေသည် ဩပပါတ် ပဋိသန္ဓေမည်၏။

ထိုဩပပါတ် ပဋိသန္ဓေတည်နေသော ပုဂ္ဂိုလ်တို့သည် မိမိတို့ဖြစ်ရာဘုံအားလျော်စွာ ကိုယ်ပမာဏ ရှိကုန်သည်ဖြစ်၍ ယောကျ်ားဖြစ်အံ့ အသက်နှစ်ဆယ်အရွယ်, မိန်းမဖြစ်အံ့၊ အသက် ၁၆-နှစ်အရွယ်စသည် ထင်ရှားစွာဖြစ်၏။သို့အတွက် ထိုဥပပါတ် ပဋိသန္ဓေတည်နေသော ပုဂ္ဂိုလ်တို့အားစက္ခုဒသက စသောကလာပ် ၇-စည်းတို့သည် တပြိုင်နက် ဖြစ်ကြကုန်၏။ အဆင့်ဆင့် ဖြစ်နေဘွယ်မရှိ။ ။ဟူလို။

သံသေဒဇ ပုဂ္ဂိုလ်တို့သည်လည်း ဥပပါတ် ပုဂ္ဂိုလ်တို့ကဲ့သို့ တပြိုင်နက်တခါတည်း ဇာနေ ၇-ပါးမဖြစ်၊တစတစပင် ကြီးပွါးသော်လည်း အင်္ဂါကြီးငယ်တို့မူကား အပြည့်အစုံ ဇာနေ ၇-ပါးလုံး တပြိုင်နက် ဖြစ်သောကြောင့်ထိုသံသေဒဇ ပဋိသန္ဓေတည်နေသော ပုဂ္ဂိုလ်နှင့် ဩပပါတ် ပဋိသန္ဓေတည်နေသော ပုဂ္ဂိုလ် ၂-မျိုးတို့အား စက္ခုစသော ၇-ပါးသော ဒသကတို့သည် ထင်ရှားဖြစ်ကုန်သည်။ ။ဟူလို။

ဤသို့ တပြိုင်နက် ဒသက ၇-ပါးလုံးပင် ဖြစ်ပါက သံသေဒဇပဋိသန္ဓေတည်နေသော သတ္တဝါနှင့် ဥပပါတ်ပဋိသန္ဓေ တည်နေသော ပုဂ္ဂိုလ်တို့သည်အဘယ်သို့ ထူးခြားပါသနည်း ဟူမူ။ သံသေဒဇ ပဋိသန္ဓေ တည်နေသောသတ္တဝါကား စက္ခုဒသက,စသော ဒသက ၇-ပါး တခါတည်း တပြိုင်နက်ဖြစ်သော်လည်း အင်္ဂါကြီး,ငယ် တို့ကား ပဌမ ဦးစွာ သေးငယ်သောကိုယ်ခန္ဓာ ဖြစ်၍ တစတစသာ ကြီးပွါးနိုင်ကုန်၏။ ဩပပါတ် ပုဂ္ဂိုလ်များကား ဆိုခဲ့ပြီးသောအတိုင်း ဇာနေ အပြည့်အစုံ အင်္ဂါကြီးငယ် အပြည့်အစုံ အသက် ၂၀-အရွယ်,၁၆-နှစ်ရွယ် တပြိုင်နက် ဖြစ်ပေါ်လာလေ၏။ ။ဤသို့ ထူးလေသတည်း။

**ဆောင်ပုဒ်**

သတ္တဒသက၊တူကွမသေ့၊ဖြစ်တုံပေလည်း၊ကိုယ်နေ အင်္ဂါ၊ ပြည့်စုံစွာဖြစ်၊ မဖြစ်သည်သာ၊တူသည်တာ၊ မှတ်ရာ-သံ-ဥ-သန္ဓေတည်း။

---

## ဥက္ကဋ္ဌဝသေန ဩမကာဝသေန အစိပ္ပါယ်

ဥက္ကဋ္ဌဝသေန-အရ သံသေဒဇ ပဋိသန္ဓေ, ဩပပါတ် ပဋိသန္ဓေနှစ်ပါးသည်လည်း ဇာနေ ပြည့်စုံသော သံသေဒဇ ပုဂ္ဂိုလ်,ဇာနေ မပြည့်စုံသော

ဩပပါတ် ပုဂ္ဂိုလ်-ဟူ၍ ၂-မျိုးရှိသည်တွင် ဈာန်ပြည့်စုံသော သံသေဒဇ, ဩပပါတ်ပုဂ္ဂိုလ်ကို ပြလို၍ ဥက္ကဋ္ဌဝသေန-ဟူသော စကားကို အနုရုဒ္ဓါ ဆရာမြတ် မိန့်ဆိုတော်မူအပ်ပါသတည်း။

ထိုစကားမှန်၏၊ သံသေဒဇ ပုဂ္ဂိုလ်သည် သုဂတိ သံသေဒဇ, ဒုဂ္ဂတိ သံသေဒဇ-ဟူ၍ ၂-မျိုး ရှိ၏။ ဩပပါတ် ပုဂ္ဂိုလ်သည်လည်း သုဂတိ ဩပပါတ်, ဒုဂ္ဂတိဩပပါတ်-ဟူ၍၂-မျိုးပင် ရှိ၏။ထို ၂-ပါးတို့တွင်သုဂတိ သံသေဒဇပုဂ္ဂိုလ်, ဩပပါတ်ပုဂ္ဂိုလ်များကား များသောအားဖြင့် ပြည့်စုံသော ဈာန်ရှိသည်သာများ၏။ အဘယ့်ကြောင့် ဆိုသော် ကြီးမားသော တန်ခိုးအာနုဘော်ရှိသော ကုသိုလ်ကံကြောင့် ဖြစ်တီသော်။

ထိုပြည့်စုံသော ဈာန်ရှိသော သံသေဒဇ, ဩပပါတ် ပုဂ္ဂိုလ်တို့ကား ဥက္ကဋ္ဌပုဂ္ဂိုလ် မည်ကုန်၏။ ။အလွန် အဆင်းလှသော ယောကျ်ားအား အလွန် အဆင်းလှသော မိန်းမနှင့်သာ ထိုက်သကဲ့သို့ ထို့အတူ ဥက္ကဋ္ဌ ပုဂ္ဂိုလ်တို့အား ဈာန်ချို့တဲ့ခြင်း မရှိစေမူ၍ ဈာန်အပြည့်အစုံသာ ဖြစ်ကြကုန်၏-ဟု လိုဆိုသည်။

ဩမကဝသေန-အရကား သံသေဒဇ ပုဂ္ဂိုလ် တို့သည် ဆိုအပ်ခဲ့ပြီးသောအတိုင်း သုဂတိပုဂ္ဂိုလ်,ဒုဂ္ဂတိပုဂ္ဂိုလ်-ဟူ၍ ၂—မျိုးရှိ၏။ထို ၂—မျိုးတို့ပင် တရံတခါ စက္ခုဒသက,သောတဒသက, ဃာနဒသက,ဘာဝဒသက တို့သည် ချို့တဲ့တတ်ကုန်၏။ထိုကြောင့် ပဋိသန္ဓေအားဖြင့် ကန်းသော ဇစ္စန္ဓ ပုဂ္ဂိုလ်, ပဋိသန္ဓေအားဖြင့် နားပင်းလာသော ဇစ္စပဓိရပုဂ္ဂိုလ် စသည် တို့သည် သုဂတိဘုံ၌ ထင်ရှားရှိကုန်၏။ ဒုဂ္ဂတိဘုံသားများကား ဆိုဘွယ် မရှိပေ။ ထိုဇစ္စန္ဓပုဂ္ဂိုလ်ကား စက္ခုပသာဒ ချို့တဲ့၏။ ဇစ္စပဓိရပုဂ္ဂိုလ်ကား သောတပသာဒ ချို့တဲ့၏။ ထိုဇစ္စန္ဓ,ဇစ္စပဓိရစသော သုဂတိ, ဒုဂ္ဂတိပုဂ္ဂိုလ် တို့ကို ရည်၍ ဩမကဝသေန-ဟူသော စကားကို မိန့်ဆိုအပ်ပါသတည်း။

ဆိုလိုရင်းကား····ဩပပါတ် ပုဂ္ဂိုလ်သည် သုဂတိဘုံသား ဖြစ်ပါမူ ဈာန် မချို့ကောင်း၊ ဒုဂ္ဂတိဘုံသားဖြစ်သော ဩပပါတ် ပုဂ္ဂိုလ်များသာ ချို့ကောင်း၏။ သို့အတွက် ဩမက၏အရ ဒုဂ္ဂတိ, သုဂတိ သံသေဒဇ ပုဂ္ဂိုလ်နှင့် ဒုဂ္ဂတိ ဩပပါတ် ပုဂ္ဂိုလ်ကိုသာ ယူအပ်၏။ ထိုကြောင့် ရှေး ဆရာတို့သည်-

က။ ။ဒုနှင့် သုပါ၊သံသေဒါ၊ငါးဖြာ ဒသက၊ချိုကောင်းစွ။
ခ။ ။ဒုဠတိမှာ၊ဩပပါ၊ဃာနာ-မချိုရ။
ဂ။ ။ကြွင်းလေးပါးသာ၊ဩပပါ၊ဒု-မှာ ချိုသင့်စွ။
ဃ။ ။ကမ္ဘာဦးသာ၊ဩပပါ၊ဘာဝါ-ချိုကောင်းစွ။
င။ ။ကြွင်းဩပပါ၊သုဒ္ဓိ-မှာ၊ငါးဖြာ မချိုရ။

ဟု မိန့်ဆိုတော်မူကုန်၏။

ဩပပါတိကသတ္တာနံ၊မနုဿေသု ပဝတ္တိယံ။
ကာမာဝစရဒေဝါနံ၊နိစ္စံ ရူပါနိ သတ္တတိ။ ။
အဘိဓမ္မာဝတာရ အဋ္ဌကထာ။ ။(၉၂)

---

## ဂန္ထသေယျ ပုဂ္ဂိုလ်ရုပ်ဖြစ်ပုံ အဖွင့်

**၅၃။ ။ဂန္ထသေယျာဏံသတ္တာနံ ပန ကာယ, ဘာဝ ..ပ။ ပါတု ဘဝန္တိ။** ။သင်္ဂြိုဟ်ပါဠိ။

အမိဝမ်း၌ ကိန်းကုန်သော ဂန္ထသေယျက သတ္တဝါတို့အား ပဋိသန္ဓေ အခါ၌ ယောက်ျားဖြစ်လျှင် ကာယဒသက ' ပုမ္ဘာဝဒသက, ဝတ္ထုဒသက၊ မိန်းမဖြစ်လျှင် ကာယဒသက, ဣတ္ထိဒသက,ဝတ္ထုဒသက-ကလာပ်သုံးစည်း ဟု ဆိုအပ်ကုန်သော ဒသကသုံးပါးတို့သည် တပြိုင်နက် ထင်ရှားဖြစ်ကုန်၏။ ထိုသုံးပါးသော ဒသကတို့တွင်လည်း နပုံပဏ္ဍုက်ဖြစ်သော သူတို့အား ဘာဝဒသက မရအပ်၊ကြွင်းကာယဒသက, ဝတ္ထုဒသက ၂-ပါးတို့ကိုသာ ရအပ်ကုန်၏။ဝါ၊ဖြစ်ကုန်၏။ထိုပဋိသန္ဓေမှနောက် ပဝတ္တိအခါ၌ကား အစဉ် အတိုင်းစက္ခုဒသကစသည်တို့သည်ဖြစ်ကြကုန်၏-ဟူလို။ ။ဤကား ဝိဂ္ဂဟတ္ထ။

---

## ဂန္ထသေယျ အဓိပ္ပါယ်

### ဂန္ဓေ သေန္တီတိ ဂန္ထသေယျာ။

ဂန္ဓေ၊အမိဝမ်းတိုက်၌။ သေန္တိ၊ ကိန်းတတ်ကုန်၏။ ဣတိ၊ကြောင့်။ ဂန္ထ သေယျာ၊ ဂန္ထသေယျ-မည်ကုန်၏။ ။အမိဝမ်းတိုက် သားအိမ်တွင်း၌ ပဋိ သန္ဓေနေသော သတ္တဝါသည် ဂန္ထသေယျ သတ္တဝါမည်၏။ ။ဇလာဗုဇ-ဟု လည်း ခေါ်၏။ ။ချဲ့ဦးအံ့။ ။ပဋိသန္ဓေသည် ဇလာဗုဇ ပဋိသန္ဓေ,သံသေဒဇ ပဋိသန္ဓေ,အဏ္ဍဇ ပဋိသန္ဓေ,ဩပပါတိက ပဋိသန္ဓေ-ဟူ၍ ၄-ပါးရှိ၏။

ဇလံ ကလလံ အဝတိ ရက္ခတီတိ ဇလာဗု။

ဇလံ-ကလလံ၊ ကလလ ရေကြည်ကို။အဝတိ-ရက္ခတိ၊ စောင့်ရှောက်တတ်၏။ဣတိ၊ကြောင့်။ဇလာဗု၊ ဇလာဗု-မည်၏။ ။ကလလ ရေကြည်ကို စောင့်ရှောက်တတ်သော သားအိမ်သည် ဇလဗု-မည်၏။ ။ဟူလို။

ဇလာဗုမှိ ဇာယန္တီတိ ဇလာဗုဇာ။

ဇလာဗုမှိ၊သားအိမ်၌။ ဇာယန္တိ၊ဖြစ်တတ်ကုန်၏။ ဣတိ၊ကြောင့်။ ဇလာဗုဇာ၊ ဇလာဗုဇ-မည်ကုန်၏။ ။သားအိမ်၌ ပဋိသန္ဓေတည်နေ၍ ဖြစ်ပွါးကုန်သော ဂဗ္ဘသေယျ သတ္တဝါတို့သည် ဇလာဗုဇ-သတ္တဝါမည်ကုန်၏။ ။ ဇလာဗုဇနှင့် ဂဗ္ဘသေယျ အတူတူ-ဟု မှတ်။

အဏ္ဍေ ဇာယန္တီတိ အဏ္ဍဇာ။

အဏ္ဍေ၊ အဥ၌။ ဇာယန္တိ၊ ဖြစ်တတ်ကုန်၏။ ဣတိ၊ကြောင့်။ အဏ္ဍဇာ၊ အဏ္ဍဇ-မည်ကုန်၏။ ။အဥ၌ ပဋိသန္ဓေ တည်နေသော သတ္တဝါသည် အဏ္ဍဇသတ္တဝါ မည်၏။ ။ငှင်းအဏ္ဍဇ ပုဂ္ဂိုလ်တို့၏ ပဋိသန္ဓေသည် အဏ္ဍဇပဋိသန္ဓေ မည်၏။ ၎င်းအဏ္ဍဇ သတ္တဝါကို ဂဗ္ဘသေယျ ဟူ၍လည်း ဆိုအပ်သေး၏။ သို့ဖြစ်၍ ဇလာဗုဇ ပဋိသန္ဓေနှင့် အဏ္ဍဇ ပဋိသန္ဓေသည် ဂဗ္ဘသေယျပဋိသန္ဓေပင် မည်၏။

(သံသေဒဇနှင့် ဩပပါတိက-ပဋိသန္ဓေကို အောက်က ဘွင့်ဆိုခဲ့ပြီ)။

---

## ဂဗ္ဘသေယျ ပဋိသန္ဓေ တည်နေပုံ

အောက်က ပြဆိုခဲ့ပြီးသော ပဋိသန္ဓေ လေးမျိုးဖြင့် ပဋိသန္ဓေတည်နေသော သတ္တဝါတို့တွင် အဏ္ဍဇ,ဇလာဗုဇ-ဟူသော ဂဗ္ဘသေယျ ပဋိသန္ဓေ တည်နေကြကုန်သော သတ္တဝါတို့အား ခန္ဓာငါးပါးတို့သည် ပဋိသန္ဓေ ခဏ၌ မရှေးမနှောင်း တပြိုင်နက်, တချက်တည်း ထင်ရှားဖြစ် ကြကုန်၏။ ထို ပဋိသန္ဓေ ခဏ၌ ထင်ရှားသော ကလလရေကြည်-ဟု ဆိုအပ်သော ရုပ်အစဉ်သည်လည်း ယင်ငယ်သည် တကြိမ်သော လုံ့လဖြင့် သောက်လောက်ရုံမျှ အတိုင်းအရှည် ရှိသည်ဖြစ်၍ အလွန် နည်းလှစွာ ဖြစ်၍ တည်နေလေ၏။၎င်းကိုပင် ပဋိသန္ဓေနေသည်-ဟု ဆိုရ၏။

## ကာလလရေကြည် ပမာဏ

တိလတေလဿ ယထာ ဗိန္ဒု၊သပ္ပိမဏ္ဍော အနာဝိလော။
ဧဝံ ဝဏ္ဏပ္ပဋိဘာဂံ၊လကလံ သမ္ပဝုစ္စတိ။

ဝိဘင်း အဋ္ဌကထာ အရ-

ဤသို့ဆိုအပ်ပြီး၍ တဘန် ဤယင်ငယ် သောက်လောက်ရုံမျှ ပမာဏ ရှိသော ကာလလရေကြည်သည် အလွန်များသေး၏-ဟု ပယ်ပြီး၍ သိမ်မွေ့နူးညံ့လှစွာသော အပ်ကို ဆီ၌ချ၍ ဆယ်အပ်သည် ရှိသော် ယိုစီးလျက် အပ်ဖျားဝယ်တည်နေသော ဆီပေါက်ပမာဏရှိ၏ ဟု ဆို၏။ ။ထိုအပ်ဖျား၌ တည်သော ဆီပေါက်ပမာဏရှိသော ကာလသရေကြည်ကို အလွန်များ သေး၏-ဟု ပယ်ပြီး၍ ဆံပင်တချောင်းကို ဆီ၌ချ၍ ဆယ်အပ်သည် ရှိသော် ယိုစီးလျက် ဆံဖျားဝယ်တည်သော ဆီပေါက် ပမာဏရှိ၏-ဟုဆိုအပ်၏။

ထိုဆံဖျား၌တည်သော ဆီပေါက်ပမာဏရှိသော ကာလလရေကြည်သည် အလွန်များသေး၏-ဟု ပယ်ပြီး၍ ဤဇမ္ဗူဒီပါကျွန်းသူတို့၏ ဆံပင်ကိုရှစ်စိတ် ခွဲပြီးလျှင် ထိုရှစ်စိတ်မှ တစိတ်ပမာဏသည် ဥတ္တရကုရု မြောက်ကျွန်းသူ တို့၏ ဆံပင်ဖြစ်၏။ထိုဥတ္တရကုရု မြောက်ကျွန်းသူတို့၏ ဆံပင်ကို ကြည် စွာသော ဆီ၌ချ၍ ဆယ်အပ်သည် ရှိသော် ယိုစီးလျက် ဆံဖျားဝယ် တည်သော ဆီပေါက် ပမာဏရှိ၏-ဟု ဆိုအပ်၏။ ထိုဆံဖျား၌ တည်သော ဆီပေါက် ပမာဏရှိသော ကာလလ ရေကြည်သည် အလွန်များသေး၏-ဟု ပယ်ပြီးမှ ဇာတိဥဏ္ဏာမည်သော သား၏အမွေးသည် အလွန်သိမ်မွေ့၏။ ထိုဇာတိဥဏ္ဏာမည်သော သား၏ အမွေး တချောင်းကို ကြည်စွာသော ဆီ၌ချ၍ ဆယ်အပ်သည်ရှိသော် ယိုစီးလျက် အမွေးဖျားဝယ်တည်သော ဆီပေါက် ပမာဏရှိ၏-ဟု ဆိုအပ်၏။

''ယင်ငယ် သောက်လောက်၊ထိုနောက် အပ်ဖျား၊တောင်ကျွန်းသား၏၊ ဆံဖျားတသွယ်၊ မြောက်ဝယ်ကျွန်းသား၊ ဆံဖျားတင်ရှိ၊ ဇာတိဥဏ္ဏာ၊ သား မြတ်စွာ၏၊မွေးမှာတမျှင်၊ အဖျားတွင်၌၊ တင်သည့်ဆီမျှ၊ပမာဏသည်။ ။ ကာလလရုပ်၏ အတိုင်းအရှည်တည်း''ဟု ရှေးဆရာကျော်တို့ စပ်ဆိုတော် မူလေ၏။အဋ္ဌကထာ၌ကား—

တသ္မိံ ခဏေ ပါတုဘူတာ ကလလသင်္ခါတာ ရူပသန္တတိ ပရိတ္တာ ဟောတိ၊ခုဒ္ဒကမက္ခိကာယ။ပ။ ပသ္ထရိတွာ အဂ္ဂေ ဋ္ဌိတဗိန္ဒုမတ္တာန္တိ ဝုတ္တံ။ ။သမ္မော အဋ္ဌကထာပါဠိ။ ။(၁၈)

ဤဆိုအပ်ပြီးသော ကလလရေကြည်၌ပါရှိသော ကာယဒသက, ဘာဝဒသက,ဝတ္ထုဒသက-ဟု ဆိုအပ်သော ကလာပ်သုံးစည်းတို့တွင် တစည်း တစည်း၌ ရုပ် ၁၀-ခုစီရှိရာ ပထဝီဓာတ်သည် အခြားသော ရုပ်တို့၏ တည်ရာ အစိုင်အခဲဖြစ်ရအောင် ခိုင်မာသော သဘော, အာပေါဓာတ်သည် မပိန်မခြောက်ရအောင် စိမ့်ဝင်ပေါင်းစု၏၊ တေဇောဓာတ်သည် မပုတ်ရအောင် စောင့်၏။ဝါယောဓာတ်သည် အတွင်းကကန်၍ အပြင်ကဘိ၏။ ဤဓာတ်လေးပါးအစု ဒြဗ်ဝတ္ထု၌ မြင်ကောင်းသော အဆင်း သဏ္ဌာန်သည် ရူပါရုံမည်၏။အနံ့သည် ဂန္ဓာရုံဖြစ်၏၊အရသာ ၆-ပါးတွင် တပါးပါးသည် ရသာရုံဖြစ်၏၊ မိန်းမ, ယောကျ်ား ပုံသဏ္ဌာန်ကို ဘာဝရုပ်က ဖြစ်စေ၏ ဟု-သိ၊ဤကား ပဋိသန္ဓေ တည်နေစဉ်၌ ရုပ်တို့၏ ဖြစ်ပုံတည်း။

## ဇာတိဥဏ္ဏာ အဓိပ္ပါယ်

ဇာတိဥဏ္ဏာ-ဟူသည် ယနေ့ဘွားသော ဆိတ်၏အမွေးတည်း၊ ဤကား- ကေစိဆရာ အလိုတည်း။ ။အပရေ ဆရာတို့ကား။ ။"ဇာတိ ဧတိဿာ အတ္ထီတိ ဇာတိမတီ။ ။ဧတိဿာ၊ထိုအမွေးအား။ ဇာတိ၊သိမ်မွေ့သော သဘောသည်။အတ္ထိ၊ရှိ၏။ဣတိ၊ကြောင့်။ဇာတိမတီ၊ဇာတိမတီ-မည်၏။ ။ "ဇာတိမတီဧဝ ဥဏ္ဏာ ဇာတိဥဏ္ဏာ"။ ။ဇာတိမတီ ဧဝ၊သိမ်မွေ့သော သဘောရှိသည်သာလျှင် ဖြစ်သော။ဥဏ္ဏာ၊ အမွေးသည်။ဇာတိဥဏ္ဏာ၊ဇာတိ ဥဏ္ဏာမည်၏။ ။စသည်ပြု၍ ဟိမဝန္တာအရပ်၌ သိမ်မွေ့သော အမွေး ရှိသော ဆိတ်၏အမွေးသည် ဇာတိဥဏ္ဏာမည်၏-ဟု အယူရှိ၏။ ။တနည်း- "ဇာယန္တိ ဧတ္ထ ဧဠကာတိ ဇာတိ"။ ။ဧတ္ထ၊ဤဝမ်း၌။ ဧဠကာ၊ ဆိတ်တို့ သည်။ ဇာယန္တိ၊ဖြစ်ကုန်၏။ ဣတိ၊ကြောင့်။ဇာတိ၊ဇာတိမည်၏။ ။ဆိတ်မ၏ ဝမ်းကိုရ၏။ ။ဇာတိံ ဖါလေတွာ ဂဟိတာ ဥဏ္ဏာ ဇာတိဥဏ္ဏာ။ ။ ဇာတိံ၊ဆိတ်မဝမ်းကို။ ဖါလေတွာ၊ခွဲ၍။ ဂဟိတာ၊ ယူအပ်သော။ ဥဏ္ဏာ၊ အမွေးသည်။ဇာတိဥဏ္ဏာ၊ ဇာတိဥဏ္ဏာ-မည်၏။ ။ဤသို့ ဝစနတ် ဝိဂ္ဂြိုဟ် လှစ်ဆိုတော်မူကြ၍ ဆိတ်မ၏ ဝမ်းကိုခွဲ၍ ယူအပ်သော ဆိတ်ငယ်၏

အမွေးသည် ဇာတိဥဏ္ဏာ မည်၏-ဟု လည်း အပရေ ဆရာတို့ မိန့်ဆိုတော်မူကြသေး၏။

ဟိမဝန္တပ္ပဒေသေ ဇာတိမန္တဠေကလောမံ ဇာတိဥဏ္ဏာ။
ဝိဘာင်း မူလဋီကာ။ ။(၁၆)

ကေစိ ပန အဇပါကတိကေဠကာဒီဟိ။ပ။ နိဗ္ဗတ္တာသာတိ ဝဒန္တိ။
ဂဗ္ဘံ ဖါလေတွာ ဂဟိတာသာတိ အပရေ။
အနုဋီကာ။ ။(၂၁)

---

## ပဋိသန္ဓေ၏နောက် အမိဝမ်းတွင်း ပဝတ္တိအခါ ရုပ်ဖြစ်ပုံ

ထိုသို့ ပဋိသန္ဓေစိတ် ဥပါဒ်,ဌီ,ဘင်-ခဏငယ် သုံးချက်ခိုက်မျှ အခါကိုပင် ပဋိသန္ဓေ တည်နေသောအခါဟု ဆိုအပ်၏။ ထိုပဋိသန္ဓေအခါ၌ ဆိုအပ်ပြီးသော ရုပ်သုံးဆယ် ကလာပ်သုံးစည်း ဖြစ်လေရာ ပဋိသန္ဓေစိတ်၏နောက် ပဌမဘဝင်မှစ၍ အမိဝမ်းတွင်း တည်နေသမျှ ပဝတ္တိအခါဝယ် ရုပ်တို့၏ ဖြစ်ပုံကို ဆိုပေအံ့။

ပဌမံ ကလလံ ဟောတိ၊ကလလာ ဟောတိ အဗ္ဗုဒံ။
အဗ္ဗုဒါ ဇာယတေ ပေသိ၊ပေသိ နိဗ္ဗတ္တတိ ဃနော။
ဃနာ ပသာခါ ဇာယန္တိ၊ကေသာ,လောမာ,နခါပိစ။ ။
ယက္ခသံယုတ် ပါဠိတော်။

ပဌမံ၊ ရှေးဦးစွာ။ ကလလံ၊ ရေကြည်သည်။ ဟောတိ၊၏။ ကလလာ၊ ရေကြည် သတ္တာဟမှ။ ပရံ၊နောက်ဒုတိယသတ္တာဟ၌။အဗ္ဗုဒံ၊ အမြှုပ်သည်။ ဟောတိ၊၏။အဗ္ဗုဒါ၊အမြှုပ် သတ္တာဟမှ။ပရံ၊ နောက်တတိယ သတ္တာဟ၌။ ပေသိ၊ သားတစ်သည်။ ဇာယတေ၊ဖြစ်၏။ ပေသိ-ပေသိတော၊ သားတစ် သတ္တာဟမှ၊ ပရံ၊နောက်စတုတ္ထ သတ္တာဟ၌။ ဃနော၊ မာမာခက်ခက်တခဲ နက်သည်။ နိဗ္ဗတ္တတိ၊ဖြစ်၏။ ဃနာ၊အခဲသတ္တာဟမှ။ ပရံ၊ နောက်ပဉ္စမ သတ္တာဟ၌။ပသာခါ၊ဦးခေါင်း,ခြေ,လက်,ခက်မ ငါးဖြာတို့သည်။ဇာယန္တိ၊ ဖြစ်ကုန်၏။ တတောပရံ၊ ထိုမှနောင် လေးဆဲ့နှစ် သတ္တာဟ မြောက်၌။ ကေသာ စ၊ ဆံပင်တို့သည်၎င်း။ လောမာ စ၊ အမွေးတို့သည်၎င်း။ နခါပိ စ၊ လက်သည်း, ခြေသည်းတို့သည်၎င်း။ ဇာယန္တိ၊ ပေါက်လာကုန်၏။ ။

ဤပါဠိတော်အရ ပဋိသန္ဓေ တည်နေပြီးသည်မှ ၇-ရက်အတွင်း၌ ဖြစ်သော

ရုပ်ကလာပ်တို့ကို ကလလရေကြည်-ဟု ခေါ်ဝေါ်အပ်၏။ထိုနောင် ဒုတိယ ၇-ရက်အတွင်း၌ အမဲသားဆေးနှင့် တူသော အဗ္ဗုဒမည်သော အမြှုပ် သတ္တာဟဖြစ်၏။ ထိုနောင် တတိယ ၇-ရက်အတွင်း၌ ကြည်လင်သော သလွဲအဆင်းနှင့် တူသော ပေသိမည်သော သားတစ်သတ္တာဟ ဖြစ်၏။ ထိုနောင် စတုတ္ထ ၇-ရက် အတွင်း၌ ကြက်ဥခန့်မျှလောက်ကြီးသောကြက်ဥ ကဲ့သို့ ထက်ဝန်းကျင်လုံးသော ဃနမည်သော သတ္တာဟ ဖြစ်၏။

ထို့ကြောင့် ပဉ္စမ ၇-ရက်အတွင်း၌ ထိုဃနမည်သော ဝတ္ထုမှ ခြေ-၂-ဘက်,လက် ၂-ဘက်,ဦးခေါင်းဖြစ်သော အဖုငါးခုဟု ဆိုအပ်သော ခက်မငါးဖြာ သတ္တာဟ ဖြစ်၏။ ထိုနောင် ၇-ရက် အတွင်း ခက်မငါးဖြာ ရင့်ကျက်ရာဖြစ်သော ပရိပါကသတ္တာဟ ဖြစ်၏။ထိုနောင် သတ္တမ ၇-ရက် အတွင်း၌ စက္ခုဒသက ကလာပ်ဖြစ်၏။ထိုနောင် အဋ္ဌမ ၇-ရက်အတွင်း၌ သောတဒသက ကလာပ် ဖြစ်၏။ ထိုနောင် နဝမ ၇-ရက်အတွင်း ဃာန ဒသကကလာပ် ဖြစ်၏။ ထိုနောင် ဒသမ ၇-ရက်အတွင်း၌ ဇိဝှါဒသက ကလာပ်ဖြစ်၏။ ထိုနောင် ၄၂-သတ္တာဟ အတွင်းဝယ် ဆံပင်,အမွေး, လက်သည်း,ခြေသည်းတို့သည် ဖြစ်ကုန်၏။ ။ဤကား အဋ္ဌကထာ ဆရာ အလိုတည်း။

မူလဋီကာနည်းအားဖြင့် ရေကြည် နှစ်သတ္တာဟ,အမြှုပ် နှစ်သတ္တာဟ, သားတစ် နှစ်သတ္တာဟ,တခဲနက် နှစ်သတ္တာဟ,ခက်မငါးဖြာ နှစ်သတ္တာဟ ဆယ်သတ္တာဟ၏ နောက် ဧကာဒသ သတ္တာဟ၌ စက္ခုဒသက, ဒွါဒသမ သတ္တာဟ၌ သောတဒသက, တေရသမသတ္တာဟ၌ ဃာနဒသက,စုဒ္ဒသမ သတ္တာဟ၌ ဇိဝှါဒသကတို့သည် အစဉ်အတိုင်း ဖြစ်ကြကုန်၏။ ဤသို့ ၁၄-သတ္တာဟ မြောက် သုံးလနှင့် ရှစ်ရက်ရောက်မှ အာယတနပြည့်စုံ၍ သား သူငယ် အကောင်အထည် ထင်ရှားဖြစ်ပေါ်လာလေ၏။

---

## စတုသမုဋ္ဌာန်ရုပ်တို့၏ ဖြစ်ခြင်း

**၁၅၂။ ။ရူပဉ္စေဝံ ပဋိသန္ဓိမုပါဒါယ ကမ္မသမုဋ္ဌာနာ ဒုတိယစိတ္တ မုပါဒါယ။ပ။ယာဝတာယုကမဗ္ဗောစ္ဆိန္နာ ပဝတ္တတိ။**

သင်္ဂြိုဟ်ပါဌ်။

ဤဆိုအပ်ခဲ့ပြီးသော အတိုင်း ပဋိသန္ဓေ၏ ဥပါဒ်ခဏ၌ ကမ္မဇရုပ်ဖြစ်၏။ ပဌမဘဝင်၏ ဥပါဒ်ခဏ၌ စိတ္တဇရုပ် ဖြစ်၏။ ပဋိသန္ဓေစိတ်၏ ဌီခဏ၌

ဥတုဇရုပ်ဖြစ်၏၊ဂဗ္ဘသေယျ သတ္တဝါတို့အား ကလလ-သတ္တာဟမှနောက် အမြုပ် သတ္တာဟ, သားတစ်သတ္တာဟ ရောက်သောအခါ အမိမျိုသော အာဟာရဩဇာ ပျံ့နှံ့သောအခါမှစ၍ အာဟာရဇရုပ်ဖြစ်၏၊ သံသေဒဇ, ဥပပါတ်တို့အား အမိတံထွေးကို မျိုသောအခါမှစ၍ အာဟာရဇရုပ်ဖြစ်၏၊ ဤလေးပါးသော စတုဇကြောင့်ဖြစ်သော ရုပ်ကလာပ်အစဉ်သည် ကာမဘုံ၌ ဆီမီးလျှံကဲ့သို့ရင်း, မြစ်ရေအယဉ်ကဲ့သို့ရင်း အသက်ရှည်သမျှ ကာလပတ်လုံး ရုပ်အဆက်ဆက် အဆင့်ဆင့် မပြတ်စပ်ကာစပ်ကာ ဖြစ်လေသည်။ ။ဟူလို။ ။ဤကား ဝိဂ္ဂဟတ္ထ။

---

## စတုဇရုပ်တို့၏ ဖြစ်စဉ် အဓိပ္ပါယ်

စတုဇရုပ်တို့၏ ဖြစ်စဉ် အဓိပ္ပါယ်အကျယ်ကို ဤသို့သိ။ ။ပဋိသန္ဓေစိတ် ဥပါဒ်၌ ကမ္မဇကလာပ်ဖြစ်၏။ထိုင်းကံ၏သားဖြစ်သော ကမ္မဇကလာပ်တို့၌ပါသော တေဇောဓာတ်သည် ပဋိသန္ဓေ စိတ်၏ ဌီအခါ ဟူသော မိမိတို့ဌီသို့ အရောက်တွင် ဥတုဇအဋ္ဌကလာပ်တို့ကို ဖြစ်စေ၏။ ဤဥတုဇကလာပ်ကား ကံ၏ မြေးတည်း၊ ဤကံ၏ မြေးဖြစ်သော ဥတုဇကလာပ်၌ ပါသော တေဇောဓာတ်သည် ပဋိသန္ဓေစိတ်၏ ဘင်-ဟူသော မိမိ၏ ဌီသို့ အရောက်တွင် ဥတုဇရုပ်ကလာပ်ကို ဖြစ်စေ၏၊ ဤရုပ်ကား ကံ၏မြစ်တည်း၊ ထိုအတူ တီ, မြေ့,ကျွတ်-တိုင်အောင် လေးဆက်,ငါးဆက် ဖြစ်စေ၏။ စုတိသည်တိုင်အောင် ဤနည်းအတိုင်းဖြစ်၏။ ။ပဌမဘဝင်၏ဌီမှစ၍ စိတ္တဇတေဇောဓာတ်မှလည်း မြေး, မြစ်, တီ-ရောက်အောင် နှစ်ဆက်,သုံးဆက် ဖြစ်စေ၏။ ။ဗဟိဒ္ဓသိတ,ဥဏှ-နှင့် တွေ့သောအခါဖြစ်သော ဥတုဇတေဇောဓာတ်မှလည်း နည်းတူ အဆက်ဆက် အဓွန့်ရှည်ကြာစွာ မရေတွက်နိုင်အောင်ဖြစ်၏။

ဂဗ္ဘသေယျက သတ္တဝါတို့အား တစ်သတ္တာဟ,နှစ်သတ္တာဟ ရောက်သဖြင့် ဩဇာပျံ့နှံ့သောအခါမှစ၍ သံသေဒဇ, ဥပပါတ်တို့အား မိမိတို့တံထွေးကို မျိုသောအခါမှစ၍ ဖြစ်သော အာဟာရဇ တေဇော ဓာတ်မှလည်း နည်းတူ ဆယ်ဆက်, ဆယ့်နှစ်ဆက် အာဟာရဇ ကလာပ်တို့ကို ဖြစ်စေ၏။ ။ဤသို့လျှင် ပဋိသန္ဓေမှစ၍ ဖြစ်ကြကုန်သော ရုပ်တရားတို့သည် သစ်ပင်တို့၏ ခွ-ပွါးခြင်းကဲ့သို့ များပြားလှကုန်၏။ စုတိသည်တိုင်အောင်

ရေယဉ်, မီးလျှံကဲ့သို့ တရံမလပ် ဆက်စပ် ဖြစ်ပွါးကုန်၏။ ဤသို့လျှင် စတုဇရုပ်တို့၏ ဖြစ်စဉ်ကို သိလေ။

---

**စတုဇရုပ်တို့၏ ချုပ်ပုံ**

၄၆။ ။မရဏကာလေ ပန စုတိစိတ္တောပရိ သတ္တရသမစိတ္တဿ။ ပ။ စုတိစိတ္တသမကာလမေဝ ပဝတ္တိတွာ နိရုဇ္ဈန္တိ။

သဂြိုဟ်ပါဠိ။

သေခါနီးကာလ၌ စုတိစိတ်မှပြန်၍ ရေသည် ရှိသော် ၁၇-ချက် မြောက်သော စိတ်၏ ဌီခဏမှစ၍ ကမ္မဇရုပ်အသစ်မဖြစ်တော့ပြီ။ရှေးရှေး ဖြစ်နှင့်ပြီးသော ကမ္မဇရုပ်တို့ သည်လည်း စုတိစိတ် အတွင်း၌သာ ချုပ်ကုန်၏။ ၁၇-ချက်မြောက်သော စိတ်၏ ဥပါဒ်ခဏ၌ ဖြစ်သော ကမ္မဇရုပ် သည်ကား စုတိစိတ်နှင့် ပြိုင်၍ လက်စသတ် အပြီး ချုပ်လေသတည်း။ ဤကား ကမ္မဇရုပ် ချုပ်ပုံတည်း။

---

**တတော ပရံ စိတ္တဇာဟာရဇရူပဉ္စ ဝေါစ္ဆိဇ္ဇတိ။** ။သဂြိုဟ်ပါဠိ။

စိတ္တဇရုပ်ကား စုတိစိတ် ချုပ်ပြီးသည်နောက် စိတ္တက္ခဏ ၁၆-ချက်, ခဏငယ် ၄၉-ချက် ခန့်လောက် လူသေကောင် သဏ္ဌာန်မှာ ကြွင်းရစ် သေး၏။ ။အာဟာရဇရုပ်ကား ဝိညာဏ်တည်းဟူသော အထောက်အပံ့ကို ရသဖြင့် စုတိစိတ်ဘင်ခဏတိုင်အောင် အာဟာရဇရုပ်ဖြစ်သေးရကား စုတိ နောက် ခဏငယ် ငါးဆယ်ခန့်လောက် ကြွင်းရစ်သေးပေသတည်း။

---

**တတော ပရံ ဥတုသမုဋ္ဌာနရူပပရမ္ပရာ ယာဝ မတကဠေဝရ သင်္ခါတာ ပဝတ္တန္တိ။** ။သဂြိုဟ်ပါဠိ။

ဥတုဇရုပ်ကား လူသေကောင် သဏ္ဌာန်မှာ ပါသွား၍ သုသာန်တစ သင်းချိုင်းဝကျအောင်ပင် မကုန်မဆုံး မပျက်ပြုန်းသေးဘဲ အရိုးမဆွေးမခြင်း အဋ္ဌကလာပ်ရပ်ကြွင်း ရှိသရွေ့ ကာလပတ်လုံး ကမ္ဘာ ပျက်ပြုန်းသည် တိုင်အောင်ပင် ဥတုဇရုပ်ကလာပ် အထပ်ထပ် ဖြစ်ပွါးနိုင်လေသည်။

ဤကား ဝိဂ္ဂဟတ္ထ။

## စတုဇရုပ်တို့၏ အစအဆုံး ဖြစ်ပုံ

၁။ ။ကမ္မဇရုပ်သည် ပဋိသန္ဓေစိတ် ဥပါဒ်ကစ၍ ဥပါဒ်တိုင်း, ဌီတိုင်း ဘင်တိုင်း-ဖြစ်၍ စုတိစိတ်မှပြန်၍ ရေသည်ရှိသော် ၁၇-ချက်မြောက်သော စိတ်၏ ဌီ-ကျအောင် အဆုံးစွန်အားဖြင့်ဖြစ်၏။ ၎င်း၏ဘင်ကစ၍ စုတိကျ အောင် ကမ္မဇရုပ် မဖြစ်တော့ပြီ။ ။၂-စိတ္တဇရုပ်သည် ပဋိသန္ဓေစိတ်နောက်၌ ဖြစ်သော ပဌမဘဝင်မှစ၍ စိတ်တို့၏ ဥပါဒ်တိုင်း, ဥပါဒ်တိုင်း အဆုံးစွန် ဖြစ်၍ ဖြစ်၍ စုတိစိတ်၏ ဥပါဒ်ကျအောင်ဖြစ်၏။ စုတိစိတ်၏ဌီကစ၍ မဖြစ် တော့ပြီ။ ။၃-ဥတုဇရုပ်သည် ပဋိသန္ဓေစိတ်ဌီခဏကစ၍ မိမိ၏ ဌီကာလသို့ ရောက်တိုင်း, ရောက်တိုင်း ပစ္ဆာဇာတပစ္စည်းကိုရ၍ အားကြီးလာသဖြင့် ဖြစ်၍ သူသေကောင် ဖြစ်သည်တိုင်အောင် အဆက်ဆက် ဖြစ်လေ၏။ ။ ၄-အာဟာရဇရုပ်ကား ပဋိသန္ဓေတည်နေပြီး တသတ္တာဟ, နှစ်သတ္တာဟ ရောက်၍ အမိသည် မျိုအပ်သော ဗဟိဒ္ဓဩဇာ အထောက်အပံ့ကို ရမှ သာလျှင် အဇ္ဈတ္တသန္တာန်၌ရှိသော ဩဇာသည် အားရှိလာ၍ ဌီသို့ရောက်မှ ဖြစ်ပေါ်လာ၍ စုတိစိတ်၏ ဌီတိုင်အောင် မိမိ၏ အဆုံးစွန်အားဖြင့် ဖြစ် လေ၏။ ဘင်ခဏ၌ကား အာဟာရဇရုပ် မဖြစ်တော့ပြီ-ဟု မှတ်။

### ဆောင်ပုဒ်

ကျ။ ။ပဋိ-ဥ စ၊ သတ္တရ၊ ဌီ-ကျကံရုပ်-ဖြစ်ပုံတည်း။

ခ။ ။ပ-ဥ-တွင် စ၊ စုတိက၊ ဥ-ကျ-စိတ်ရုပ်-ဖြစ်ပုံတည်း။

ဂ။ ။ပဋိဌီက၊ ရုပ်ဌီကျ၊ ဖြစ်ထ ဥတုရုပ်-စဉ်တည်း။

ဃ။ ။နှစ်သတ္တာဟ၊ လွန်မြောက်မှသာ၊ ဌီ-ကာလာ၊ဖြစ်ရာ အာဟာ ရုပ်-စဉ်တည်း။

---

၅၇။ ။ဣစ္စေဝံ မတသတ္တာနံ၊ ပုနဒေဝ ဘဝန္တရေ။
ပဋိသန္ဓိမုပါဒါယ၊ ယထာရူပံ ပဝတ္တတိ။ ။

သင်္ဂြိုဟ်ပါဌ်။

ဤဆိုအပ်ပြီးသော နည်းဖြင့် ဤပစ္စုပ္ပန်ဘဝ၌ ပဋိသန္ဓေစိတ်၏ ဥပါဒ် ခဏကို အစပြု၍ စတုဇရုပ်သည် ဖြစ်သကဲ့သို့ ထိုအတူ သေကုန်သော သတ္တဝါတို့အား တဘန်ဘဝသစ်၌ ပဋိသန္ဓေ၏ ဥပါဒ်ကို အစပြုခါ စတုဇ ရုပ်အစဉ်သည် ဖြစ်ပြန်လေ၏။ ။ဤသို့ ဆက်ကာ, ဆက်ကာ, သံသရာ

ဘဝမဆုံးသမျှ စတုဇရုပ်တို့သည် ဖြစ်ကုန်၏-ဟူလို။ ။ဤဆိုအပ်ပြီးသည်ကား ကာမဘုံ၌ ရုပ်ဖြစ်ပုံတည်း။

---

## ရူပဘုံ၌ ရုပ်ဖြစ်ပုံ အဘွင့်

၅၇။ ။ရူပလောကေ ပန ဃာနဇိဝှါကာယဘာဝဒသကာနိ စ။ပ။ ပဝတ္တိယံ စိတ္တောတုသမုဋ္ဌာနာ စ လဗ္ဘန္တိ။

သင်္ဂြိုဟ်ပါဠိ။

ရူပဘုံ၌ ဃာနဒသက, ဇိဝှါဒသက, ကာယဒသက, ဘာဝဒသကရုပ်ကလာပ်တို့ကို မရအပ်ကုန်။ ထို့ကြောင့် ထိုရူပဗြဟ္မာတို့အား ပဋိသန္ဓေအခါ၌ စက္ခုဒသက, သောတဒသက, ဝတ္ထုဒသက, ဇီဝိတနဝကကလာပ်အားဖြင့် ကမ္မဇကလာပ် ၄-စည်းတို့ကို ရအပ်ကုန်၏။ ပဝတ္တိအခါ၌ကား စိတ္တဇကလာပ်,ဥတုဇကလာပ်တို့ကိုလည်း ရအပ်ကုန်၏။ ။ဟူလို။

ဤကား ဝိဂ္ဂဟတ္ထ။

---

## ဃာန,ဇိဝှါ,ကာယ,ဘာဝ-ရုပ်တို့ကို မရခြင်းအကြောင်း

ရူပဘုံ၌ အဘယ့်ကြောင့် ဃာနဒသက, ဇိဝှါဒသက, ကာယဒသက, ဘာဝဒသက,အာဟာရဇရုပ်တို့ကို မရအပ်ကုန်ပါသနည်း ဟူမူ။ ။ဃာန, ဇိဝှါ, ကာယဒသကသုံးပါးတို့ကို ဘာဝနာအစွမ်းဖြင့် ပယ်အပ်သောကြောင့် မရအပ်ကုန်။ဗြဟ္မာတို့သည် ကာမရာဂကို ဘာဝနာ အစွမ်းဖြင့် ပယ်အပ်ပြီးသောကြောင့် ဘာဝဒသကကို မရအပ်။

အာဟာရဇရုပ်တို့သည် ဗဟိဒ္ဓဖြစ်သော အချို,အချဉ် စသည်တို့ကို စား၍ မျိုနှံမှ အဇ္ဈတ္တသြဇာက အာဟာရဇရုပ်ကို ဖြစ်စေနိုင်သည်။ ထိုသို့ ဖြစ်၍ ဗြဟ္မာတို့မှာလည်း အာဟာရကို စားရိုးမရှိသောကြောင့် အာဟာရဇကလာပ်ကို မရအပ်-ဟု မှတ်။

### ဆောင်ပုဒ်

က။ ။ဘာဝနာဟုန်၊ ပယ်ခဲ့ပါတုံ၊ ကင်းကုန်-ဃာ, ဇိ, ကာ။

ခ။ ။ကာမရာဂ၊ ကင်းစင်ပ၊ ဘာဝ-မရရာ။

ဂ။ ။အာဟာစားရန်၊ မရှိမှန်၊ ကင်းပြန်-အာဟာရာ။

## ဇီဝိတနဝကကို ဆိုရခြင်း အကြောင်း

ကာမဘုံ၌ ဇီဝိတနဝကကလာပ်ကို အသီးအခြားမဆိုပါဘဲ ရူပါဘုံ၌ အဘယ့်ကြောင့် သီးခြား ဆိုရပါသနည်း ဟူမူ။ ။ရူပဘုံ၌ အာဟာရ စားရိုးမရှိသဖြင့် အာဟာရတည်းဟူသော အထောက်အပံ့မရှိ၊ ဇီဝိတနဝက ကလာပ်မှတပါး အခြားသော တကိုယ်လုံးပျံ့နှံ့စေလျက် စောင့်ရှောက် တတ်သော အနုပါလကဇီဝိတလည်းမရှိ။ ထို့ကြောင့် ဇီဝိတနဝကသည် ပင်လျှင် ဥပတ္ထမ္ဘက,အနုပါလကအရာ နှစ်ပါး၌တည်၍ ဗြဟ္မာတို့၏ ကိုယ် အလုံးကိုပျံ့နှံ့လျက် စောင့်ရှောက်၏။ ဤသို့ ကာယဒသက အရာ၌တည် သောကြောင့် ဇီဝိတနဝကကို သီးခြားထုတ်၍ မိန့်ဆိုလေ၏။ ။ကာမ ဘုံ၌ကား ကာယဒသက-စသည် ရှိသောကြောင့် ဇီဝိတနဝကကို သီးခြား ပြု၍ မဆိုရပေ။

### ဆောင်ပုဒ်

ကာယ-အရာ၊တည်ကြောင်းသာ၊မိန့်မှာ-ဇီ-နဝ။

---

## အသညသတ်ဘုံ ရုပ်အဘွင့်

၁၉။ ။အသညသတ္တာနံ ပန စက္ခု, သောတ, ဝတ္ထု သဒ္ဒါပိ။ပ။ ဥတုသမုဋ္ဌာနရူပံ အတိရိစ္စဘိ။

သဂြိုဟ်ပါဠိ။

အသညသတ်ဘုံ၌ စက္ခုဒသက, သောတဒသက, ဝတ္ထုဒသက,သဒ္ဒရုပ် တို့ကို မရအပ်ကုန်၊ အလုံးစုံသော စိတ္တဇရုပ်တို့ ကိုလည်း မရအပ်ကုန်။ ထို့ကြောင့် အသညသတ် ဗြဟ္မာတို့အား ပဋိသန္ဓေအခါ၌ ဇီဝိတနဝက ကလာပ် တစည်းကိုသာ ရအပ်၏။ ပဝတ္တိအခါ၌ သဒ္ဒကြဉ်သော ဥတုဇ ဖြစ်သော သုဒ္ဓဋ္ဌကကလာပ်,လဟုတာဒေကာ ဒသကကလာပ် ၂-စည်းတို့ ကိုသာ ရအပ်ကုန်၏။ ။ဤကား ပိဏ္ဍတ္ထ။

---

## အဝယဝတ္ထု အဓိပ္ပါယ်

ရူပဗြဟ္မာဘုံနှင့် အသညသတ် ဗြဟ္မာဘုံများ၌ ပဋိသန္ဓေနှင့် ပဝတ္တိရုပ် ဖြစ်ပုံကိုသာ မိန့်ဆို၍ ကာမဘုံ၌ကဲ့သို့ မရဏ အခါ၌ ရုပ်ဖြစ်ပုံကို အဘယ့်

ကြောင့် မဆိုအပ်ပါသနည်းဟူမူ။ ။ကာမဘုံသားများသာ စုတိပြီးသော နောက်၌ ရုပ်တရား ကြွင်းကျန်လျက်ရှိနေ၏။ရင်းရှုပဖြဟ္မာနှင့် အသညသတ် ဖြဟ္မာတို့အား ဥပပါတ်အားဖြင့် ပဋိသန္ဓေ တည်နေသော ဘုံသားများ ဖြစ်ကြ၍ စုတိသည့်နောက် ရုပ်တရားများ မကြွင်းမကျန် သောကြောင့် မရဏအခါ၌ ရုပ်ဖြစ်ပုံကို မဆိုအပ်ပါသတည်း။

ဆောင်ပုဒ်

ရူ-အသညသတ်၊ချုပ်လတ်စုတိ၊ရုပ်မရှိ၊ ကင်းတိ-မရဏ-ရုပ်ဖြစ်ပုံ။

---

၆၀။ ။ဣစ္စေဝံ ကာမရူပါသညိသင်္ခါတေသု တီသု ဌာနေသု ပဋိ သန္ဓိ ပဝတ္တိဝသေန ဒုဝိဓာ ရူပပဝတ္တိ ဝေဒိတဗ္ဗာ။

သင်္ဂြိုဟ်ပါဌ်။

ဤဆိုအပ်ခဲ့ ပြီးသော နည်း၏ အစွမ်းဖြင့် ဤပစ္စုပ္ပန် ဘဝ၌ ကာမဘုံ, ရူပဘုံ,အသညသတ်ဘုံ-ဟု ဆိုအပ်သော ရုပ်ဖြစ်ရာ သုံးဘုံတို့၌ ပဋိသန္ဓေ အခါ၌ ရုပ်ဖြစ်ပုံ,ပဝတ္တိအခါ၌ ရုပ်ဖြစ်ပုံအားဖြင့် ရုပ်ဖြစ်ပုံ, ရုပ်ဖြစ်မှုသည် ၂-ပါးအပြားရှိ၏။ ဝါ၊ နှစ်ပါးအပြားရှိသော ရုပ်ဖြစ်ပုံကိုသိအပ်၏-ဟုနိဂုံး အုပ်သော စကားဖြစ်၏။

ဤကား ပိဏ္ဍတ္ထ။

---

၆၀-က၊ ။အဋ္ဌဝီသတိ ကာမေသု၊ ဟောန္တိ တေဝီသ ရူပိသု။ သတ္တရသေဝ သညီနံ၊ အရူပေ နတ္ထိ ကိဉ္စိပိ။

သင်္ဂြိုဟ်ပါဌ်။

ကာမဘုံ၌ ကာမသတ္တဝါတို့အား ရုပ်ပေါင်း ၂၈-ပါး၊ ကလာပ်ပေါင်း ၂၁-ပါးတို့ကို ရအပ်ကုန်၏။ ။အသညသတ်ကြဉ်သော ရူပ ၁၅-ဘုံတို့၌ ဃာနပသာဒ, ဇိဝှါပသာဒ,ကာယပသာဒ,ဘာဝရုပ် ၂-ပါး ကြဉ်အပ်သော ၂၃-ပါးသော ရုပ်တို့ဆို ရအပ်ကုန်၏။ ကလာပ်အားဖြင့် ရူပဖြဟ္မာတို့အား ပဋိသန္ဓေအခါ၌ စက္ခု,သောတ, ဝတ္ထု,ဇီဝိတ, ကမ္မဇကလာပ် ၄-စည်း ကိုသာ ရအပ်၏။

ပဝတ္တိအခါ၌ စိတ္တဇကလာပ်ခြောက်စည်း, ဥတုဇကလာပ် ၄-စည်းတို့ကို ရအပ်ကုန်၏။ ပေါင်းရူပဘုံ၌ ကလာပ် ၁၄-စည်းတို့ကို ရအပ်ကုန်၏။ ။အသညသတ် ပြဟ္မာ တို့အား ရူပဗြဟ္မာများ ရအပ်သော ရုပ် ၂၃-ပါး စက္ခု, သောတ, ဝတ္ထု, သဒ္ဒ, ဝိညတ်ဒွေ-ဤရုပ် ခြောက်ပါး ကြဉ်အပ်သော ၁၇-ပါးသော ရုပ်တို့ကိုရအပ်ကုန်၏။ ကလာပ်အားဖြင့် ပဋိသန္ဓေအခါ၌ ဇီဝိတနဝကကလာပ်တစည်းကိုသာ ရအပ်၏။ပဝတ္တိအခါ၌ သုဒ္ဓဋ္ဌကကလာပ်,လဟုတာဒေကာဒသကကလာပ်-ဟူသော ဥတုဇကလာပ် ၂-စည်း ပေါင်းကလာပ် သုံးစည်းတို့ကို ရအပ်ကုန်၏။ အရူပဘုံ၌ကား ရုပ်မရှိ။ ။ဟူလို။

---

## ဘုံအရ ရုပ်သရုပ်ခွဲ

ကာမဘုံ၌သာဖြစ်၍ ရူပဘုံ၌မဖြစ်သောရုပ် ဃာန, ဇိဝှါ,ကာယ,ဘာဝ, အာဟာရဇ-ရုပ် ခြောက်ခု။ ။ရူပဘုံ၌သာဖြစ်၍ ကာမဘုံ၌ မဖြစ်သော ရုပ်မရှိ။ ။ကာမ,ရူပ-နှစ်ဘုံလုံးဖြစ်သော ရုပ် ၂၃-ခု။ ။ကာမ,ရူပ-နှစ်ဘုံလုံးမဖြစ်သော ရုပ်မရှိ။ ။ပေါင်း ရုပ်အဋ္ဌဝီသ ဖြစ၏။

ကာမဘုံ၌သာဖြစ်၍ အသညသတ်ဘုံ၌ မဖြစ်သောရုပ် ပသာဒရုပ်၅-ခု၊ သဒ္ဒ,ဘာဝ,ဟဒယ,ဝိညတ်ဒွေ-ဟူသော ရုပ် ၁၁-ခု။ ။အသညတ်သတ်ဘုံ၌သာဖြစ်၍ ကာမဘုံ၌ မဖြစ်သောရုပ် မရှိ။ ။ကာမ-အသညသတ်နှစ်ဘုံလုံး၌ ဖြစ်သော ရုပ် ၁၇-ခု။ ။ကာမ,အသညသတ် နှစ်ဘုံလုံး၌ မဖြစ်သောရုပ် မရှိ။ ။ပေါင်း-ရုပ်အဋ္ဌဝီသ ဖြစ်၏။

တနည်း...သံသေဒဇ, ဥပပါတ်ပုဂ္ဂိုလ်တို့အား ပဋိသန္ဓေအခါ၌သာ ဖြစ်၍ ပဝတ္တိအခါ၌ မဖြစ်သော ရုပ်ကလာပ်ကား မရှိ။ ။ပဝတ္တိအခါ၌သာ ဖြစ်၍ ပဋိသန္ဓေအခါ၌ မဖြစ်သော ရုပ်ကလာပ်ကား ၁၄-စည်း။ ။နှစ်ပါးလုံးပင် ၇-စည်း။ ။နှစ်ပါးလုံးမဖြစ် မရှိ။

ဂဗ္ဘသေယျကပုဂ္ဂိုလ်တို့အား ပဋိသန္ဓေအခါ၌သာဖြစ်၍ပဋိသန္ဓေအခါ၌ မဖြစ်သော ရုပ်ကလာပ် မရှိ။ ။ပဝတ္တိအခါ၌သာ ဖြစ်၍ ပဋိသန္ဓေအခါ၌ မဖြစ်သော ရုပ်ကလာပ် ၁၈-ခု။ ။နှစ်ပါးလုံးဖြစ် ၃-စည်း။ ။နှစ်ပါးလုံး မဖြစ်သော ရုပ်ကလာပ် မရှိ။

ပဋိသန္ဓေအခါ၌ မရကောင်းသော ရုပ်များ

၆၁-ခ။ ။သဒ္ဒေါ ဝိကာရော ဇရတာ၊ မရဏာဉ္စောပပတ္တိယံ။
န လဗ္ဘန္တိ ပဝတ္တေ တု၊ န ကိဉ္စိပိ န လဗ္ဘတိ။ ။
အဿမေ ရူပဝဥ္စိဏ္ဏမေ။

သင်္ဂြိုဟ်ပါဠိ။

သဒ္ဒရုပ်,ဝိကာရရုပ် ၄ါးခု,ဇရတာရုပ်,အနိစ္စတာရုပ်-ဤရုပ် ၈-ပါးတို့ကို ပဋိသန္ဓေအခါ၌ မရအပ်ကုန်၊ပဝတ္တိအခါ၌ကား ရုပ် ၂၈-ပါးကိုပင်ရအပ်၏။ စုတိအခါ၌ကား သဒ္ဒရုပ်,ဝိကာရရုပ် ၅-ခု,ဥပစယကို မရအပ်။ ။ဟူလို။

ရူပပဝတ္တိက္ကမ အဘွင့်ပြီးပြီ။

---

## နိဗ္ဗာနဝိဘာဂ အဘွင့်

၆၂။ ။နိဗ္ဗာနံ ပန လောကုတ္တရသင်္ခါတံ စတုမဂ္ဂဉာဏေန။ပ။ တဏှာသ နိက္ခန္တတ္တာ နိဗ္ဗာနန္တိ ပဝုစ္စတိ။

သင်္ဂြိုဟ်ပါဠိ။

လေးပါးသော မဂ်ညဏ်ဖြင့် မျက်မှောက်ပြုအပ်သော မဂ်လေးပါး, ဖိုလ်လေးပါးတို့၏ အာရုံဖြစ်သော လောကုတ္တရာ-ဆိုအပ်သော နိဗ္ဗာန်ကို ဝါန-ဟု ဆိုအပ်သော တဏှာမှ ထွက်မြောက်တတ်သည်၏ အဖြစ်ကြောင့် နိဗ္ဗာန်-ဟု ဆိုအပ်၏။ ။ဟူလို။ ။ဤကား ပိဏ္ဍတ္ထ။

---

## အဝယာဝတ္ထု အဓိပ္ပါယ်

ဤ၌ 'လောကုတ္တရသင်္ခါတံ''ဟူသော ပါဠိဖြင့် နိဗ္ဗာန်သည် လောကီ တရားမဟုတ်၊ လောကီနယ်မှ လုံးဝကျွတ်လွတ်သောကြောင့် လောကုတ္တရာ တရားသာ ဖြစ်၏။ ပညတ်တရား မဟုတ်ဟူသော အဓိပ္ပါယ်ကို ပြ၏။ ။ ထိုစကားမှန်၏၊ လောကုတ္တရာ တရားဟူသည် မဂ်လေးပါး,ဖိုလ်လေးပါး, နိဗ္ဗာန်-ဟူ၍ ၅-ပါး ရှိ၏။

ကတမေ ဓမ္မာ လောကုတ္တရာ၊စတ္တာရော စ အရိယမဂ္ဂါ,စတ္တာရိ စ သာမညဖလာနိ။အသင်္ခတာ စ ဓာတု၊ ဣမေ ဓမ္မာ လောကုတ္တရာ။

ဝိဘင်း ပါဠိတော်။

"စတုမဂ္ဂဉာဏေန သစ္ဆိကာတဗ္ဗံ"....ဟူသော ပါဠ်ဖြင့် နိဗ္ဗာန်ဟူသည် နေဝန်း, လဝန်းကြီးကို ပကတိမျက်စိဖြင့် မြင်ဘိသကဲ့သို့ မိမိရအပ်သော မဂ်ဉာဏ်ဖြင့် ထိုးထွင်း၍ သိအပ်သော တရား- ဟူသော အဓိပ္ပါယ်ကိုပြ၏။ "မဂ္ဂဖလာနမာရမ္မဏဘူတံ".... ဟူသောပါဠ်ဖြင့် မဂ်၏ ကိလေသာကို ပယ်မှုသည် နိဗ္ဗာန်ကိုအာရုံပြုရမှသာ ပယ်နိုင်၏-ဟူသော အဓိပ္ပါယ်ကိုပြ၏။

နိဗ္ဗာနံ အာဂမ္မ ရာဂါဒယော ခီဏာတိ ဧကမေဝ နိဗ္ဗာနံ၊ ဧဝံ အဝိဇ္ဇာ စ တဏှာ စ တံ အာဂမ္မ တမှိ ခီဏံ, တမှိ ဘဂ္ဂံ,န စ ကိဉ္စိ ကဒါ စိတိ။ ။ဝိဘင်း အဋ္ဌကထာ။ ။(၄၆)

တံ အာဂမ္မ အဝိဇ္ဇာတဏှာနံ ကိဉ္စိ ဧကဒေသမတ္တမ္ပိ န ဟောတိ။ တဒေတံ အာဂမ္မ ကဒါစိ န စ ဟောတီတိ အတ္ထော ယုတ္တော။

မူလဋီကာ။ ။(၃၀)

နိဗ္ဗာနံ၊နိဗ္ဗာန်ကို။ အာဂမ္မ၊အာရုံပြု၍။ ရာဂါဒယော၊ရာဂ-စသောကိလေသာတို့သည်။ခီဏာ၊ကုန်ပြီ။ဣတိ၊ ထို့ကြောင့်။နိဗ္ဗာနံ၊နိဗ္ဗာန်သည်။ ဧကမေဝ၊ တပါးတည်းသာတည်း။

ဧဝံ၊ ဤသို့။အဝိဇ္ဇာ စ၊အဝိဇ္ဇာငှင်း။တဏှာ စ၊ငှင်း။တံ ဒွယံ၊ထိုတရားနှစ်ခု အပေါင်းသည်။ နိဗ္ဗာနံ၊ ကို။ အာဂမ္မ၊ အာရုံပြု၍။ တမှိ၊ ထိုနိဗ္ဗာန်၌။ ခီဏံ၊ ကုန်ပြီ။ တမှိ၊ထိုနိဗ္ဗာန်၌။ဘဂ္ဂံ၊ပျက်စီးပြီ။ တမှိ၊၌။ ကိဉ္စိ၊တစုံတခုသော ရှုပါရုံ စသော တရားသည်။ ကဒါစိ၊ တရံတခါ၌။ နစ အတ္ထိ၊ မရှိ။

(ဤကား အဋ္ဌကထာအနက်)။

တံ၊ ထိုနိဗ္ဗာန်ကို။ အာဂမ္မ၊အာရုံပြု၍။ အဝိဇ္ဇာ တဏှာနံ၊ အဝိဇ္ဇာတဏှာ တို့တွင်။ ကိဉ္စိ၊တစုံတခုသော တရားသည်။ ဧကဒေသမတ္တမ္ပိ၊တစိတ်တဒေသ မျှသည်လည်း။ န ဟောတိ၊ မဖြစ်တော့ပေ။ တဒေတံ၊ ထိုနိဗ္ဗာန်ကိုသာလျှင်။ အာဂမ္မ၊ အာရုံပြု၍။ ကဒါစိ၊ တရံတခါမျှ။ န ဟောတိ၊ မဖြစ်တော့ပေ။ ဣတိ အတ္ထော၊ ဤအနက်သည်။ ယုတ္တော၊ သင့်မြတ်လှ၏။

(ဤကား-မူလဋီကာ အနက်)။

## နိဗ္ဗာန်ကို အာရုံပြု၍ ကိလေသာပယ်ပုံ

သမ္မုတိတရားလျှင် အာရုံရှိသော ဉာဏ်ဘည်ရင်း, ပညတ်တရားလျှင် အာရုံရှိသော ဉာဏ်သည်ရင်း ကိလေသာတို့ကို အကြွင်းမဲ့ မပယ်နိုင်ပေ။ နိဗ္ဗာန်ကို အာရုံပြုရမှသာလျှင် အရိယာပုဂ္ဂိုလ်တို့၏ အဇ္ဈတ္တသန္တာန်တော်ဝယ် ရှေးမဆွဖြစ်နေပြီးသော ကိလေသာတို့၏ အကြွင်းမဲ့ ကင်းပြတ်လျက် ရှိလေ၏။ ဥပမာဆိုသော်....တန်ခိုးဇုဒ္ဓိပါဒ် အရပ်ရပ်နှင့် ပြည့်စုံကြီးမား တော်မူလှသော မင်းတရားသည် ရှိသတတ်၊ ထိုမင်း၏ နိုင်ငံတော်ဝယ် တခုသောရွာ၌ ရွာစားတယောက်သည်လည်း ရှိလေ၏။ ထိုရွာ၌ အခြံအရံ နှင့် ပြည့်စုံသော ခိုးသူ ဗိုလ်ကြီးတယောက်လည်း နေထိုင်၏၊ ထိုရွာစားနှင့် ခိုးသူကြီးတို့သည် တယောက်ကိုတယောက် သတ်ရန် အမြဲအကြံပြုလျက် နေကြလေရာ ရွာစားကြီးသည် မြို့တော်သို့သွား၍ ဘုရင်မင်းမြတ်အထံ ခစားသဖြင့် မကြာမီ မင်းကျွမ်း ဝင်လေ၏။ မင်းမြတ်၏ အထံတော်မှလည်း တန်ခိုးအာဏာကိုလည်း ရလေ၏။ ထိုအကြောင်းကို ခိုးသူကြီး ကြားလေရာ ရွာစားကြီးသည် ဤရွာ၌ ငါနေပါမူကား ငါ့ကိုဘမ်း၍ မုချသတ်လတ္တံ့၊ ငါ့အသက် မရှိလေရာ-ဟု အကြံဖြစ်၍ မိမိအခြံအရံနှင့်တကွ တောသို့ ပြေးလေ၏။ ရွာစားကြီးသည်လည်း တောသို့လိုက်၍ အခြံအရံနှင့်တကွ ခိုးသူ ကြီးကို လက်ရဘမ်းဆီးခါ သတ်ဖြတ်သုတ်သင်လေ၏။ ။ဤဥပမာ၌ ဘုရင် မင်းမြတ်နှင့် နိဗ္ဗာန်တူ၏။ ရွာစားကြီးနှင့် ဉာဏ်တူ၏၊ ခိုးသူကြီးနှင့် မောဟ တူ၏၊ အခြံအရံဖြစ်သော ခိုးသူငယ်သားများနှင့် ကြွင်းသော ကိလေသာတို့ တူကုန်၏။ ဘုရင်မင်းမြတ်၏ အထံသို့ အခစား မဝင်မီဖြစ်သော ရွာစားနှင့် ပုထုဇဉ် အဖြစ်၌ရှိသော ဉာဏ်တူလေ၏၊ ဘုရင်မင်းမြတ်ထံ ဝင်ရောက် ခစားပြီးသော ရွာစားနှင့် မဂ်ဉာဏ်တူ၏၊ ခိုးသူကြီးကို အပြီးတိုင်သတ် သည်နှင့် အရဟတ္တမဂ်ဉာဏ်ဖြင့် ကိလေသာတို့ကို အကြွင်းမဲ့ ပယ်ဖျက် သည်တူ၏၊ ခိုးသူကြီးသေ၍ ခိုးသူဘေးရန်ကင်းပ မြေသော ရွာကြီးနှင့် ကိလေသာအာသဝေါကင်းစင်သောရဟန္တာအရှင်တို့၏ခန္ဓာတော်သန္တာန် တူ၏-ဟု မှတ်။ ။ထိုကြောင့် မြတ်စွာဘုရားသည် ရောဟိတနတ်သားအား-

> အပိ စ ခွါဟံ အာဝုသော ဣမသ္မိံယေဝ ဗျာမမတ္တေ ကဠေဝရေ
> သသညမှိ သမနကေ လောကဉ္စ ပညပေမိ၊ လောကသမုဒယဉ္စ,
> လောကနိရောဓဉ္စ,လောကနိရောဓဂါမိနိဉ္စ ပဋိပဒန္တိ-

ဟု ဟောတော်မူ၏။

အပိစ၊ ထိုသို့ပင် ခြေဖြင့် သွား၍ မရောက်နိုင်သော်လည်း။ ဗျာမမတွေ၊ တလံမျှလောက်သော။ သသညမှိ၊သညာနှင့်တကွသော။သ မနကေ၊စိတ်နှင့် တကွသော။ဣမသ္မိံ ဗျာမမတ္တေ ကဠေဝရေ၊ ဤကိုယ်၌သာလျှင်။ လောကဉ္စ၊ သင်္ခါရလောကကိုငှင်း။ဝါ၊ အိုခြင်း, နာခြင်းစသော ဒုက္ခသစ္စာ-ဟု ဆိုအပ်သော လောကကိုငှင်း။ လောကသမုဒယဉ္စ၊ ဒုက္ခသစ္စာ-ဟု ဆိုအပ်သော လောက၏ အကြောင်းဖြစ်သော သမုဒယသစ္စာကိုငှင်း။လောကနိရောဓဉ္စ၊ လောက၏ချုပ်ရာ နိဗ္ဗာန်-ဟု ဆိုအပ်သော နိရောဓသစ္စာကိုငှင်း။လောကနိရောဓဂါမိနိဉ္စ ပဋိပဒံ၊လောက၏ချုပ်ရာ နိဗ္ဗာန်သို့ရောက်ကြောင်း အကျင့်ဟု ဆိုအပ်သော မဂ္ဂသစ္စာကိုငှင်း။ ပညပေမိ၊ ငါးဘုရား ပညတ်တော်မူ၏။ ဣတိ၊ ဤသို့။အဝေါစ၊မိန့်တော်မူ၏။

အဓိပ္ပါယ်ကား····ရောဟိတနတ်သား-အိုခြင်း, နာခြင်း, သေခြင်းစသော ဒုက္ခအပေါင်း ဖြစ်ရာ, ရောက်ရာ ဒုက္ခသစ္စာကိုငှင်း၊ ထိုဒုက္ခသစ္စာ၏ဖြစ်ကြောင်း တဏှာစသော သမုဒယသစ္စာကိုငှင်း၊ ထိုဒုက္ခ, သမုဒယတို့၏ ချုပ်ရာနိဗ္ဗာန်-ဟု ဆိုအပ်သော နိရောဓသစ္စာကိုငှင်း၊ ထိုနိရောဓသစ္စာ နိဗ္ဗာန်ချမ်းသာသို့ရောက်ကြောင်း,ရကြောင်းဖြစ်သော မဂ္ဂင်ရှစ်ပါးဟူသော မဂ္ဂသစ္စာကိုငှင်း သညာ, ဝိညာဏ်နှင့် တကွဖြစ်သော ဤခန္ဓာကိုယ်၌သာလျှင် ရှိ၏ဟု ပညတ်တော်မူ၏။ ။ဟူလို။

ဤသို့ ရောဟိတ နတ်သားအား မြတ်စွာဘုရား ဟောကြားတော်မူအပ်သော ဒေသနာတော်အရ ကြီးစွာသော ပူလောင်ပြင်းထန်သော ရောဂါဝေဒနာစွဲကပ်၍ နေသောသူသည် ဆေးကောင်းဆေးမှန်၏ အစွမ်းဖြင့် တခါတည်း ကင်းစင် ငြိမ်းပျောက် ခြင်းသို့ ရောက်သည့်ပမာ, ကိုယ်၌ဖြစ်သော ဒုက္ခသစ္စာ သမုဒယသစ္စာရောဂါဆိုးကြီးတို့၏ ချုပ်ခြင်းသည် နိဗ္ဗာန်ကို အာရုံပြု၍ဖြစ်သော မဂ္ဂသစ္စာကြောင့် ချုပ်ငြိမ်းရလေ၏။မဂ္ဂသစ္စာသည်လည်း နိဗ္ဗာန်ကို အာရုံပြုရမှ ၎င်းကိလေသာတို့ကို ပယ်နိုင်၏—ဟု ဆိုလိုသည်။ ထို့ကြောင့် ဤကိုယ်၌ ဖြစ်ပေါ်လာသော မဂ်၏အာရုံဖြစ်သော အသင်္ခတဓာတ် နိဗ္ဗာန်တရားမြတ်သည် ဤကိုယ်အတွင်း၌သာ ရှိပေ၏—ဟူသော အဓိပ္ပါယ်သည် ပေါ်လွင် ထင်ရှားလှပေ၏။

*အတိသင်္ခေပ အကျဉ်းမျှဖြစ်သော နိဗ္ဗာန်၏ အဘွင့်တည်း။ အကျယ်ကို အလိုရှိပါမူ ပဏ္ဍိအကျော် ဆရာတော် ဘုရားကြီးများ ဆုံးဖြတ်အပ်ပြီးသော ဝိနိစ္ဆယအများကို ရှုစားတော်မူကြစေခလို။

စနျ။.—363-63

အာဂမ္မာတိ သဗ္ဗသင်္ခါရေဟိ နိဗ္ဗိန္နဿ ဝိသင်္ခါရနိန္နဿ ဂေါတြဘုနာ ဝိဝဋ္ဋိတမာနသဿ မဂ္ဂေန သစ္ဆိကရဏေနာတိ အတ္ထော။ သစ္ဆိကရိယမာနဥ္စ တံ အဓိဂန္တွာ အာရမ္မဏပစ္စယဘူတဥ္စ ပဋိစ္စ အဓိပတိပစ္စယဘူတေ စ တမှိ ပရမဿာသဘာဝေန ဝိနိမုတ္တသင်္ခါရဿ စ ဂတိဘာဝေန ပတိဋ္ဌာနဘူတေ ပတိဋ္ဌာယ ခယသင်္ခါတော မဂ္ဂေါ ရာဂါဒယော ခေပေတိ။

ဝိဘင်း မူလဋီကာ။ ။(၃၇)

အာဂမ္မာတိ၊ဟူသည်ကား။ သဗ္ဗသင်္ခါရေဟိ၊ အလုံးစုံသော သင်္ခါရတို့ကို။ဝါ၊ တို့ဖြင့်။ နိဗ္ဗိန္နဿ၊ ငြီးငွေ့သော။ ဝိသင်္ခါရနိန္နဿ၊သင်္ခါရတို့၏ကင်းရာ နိဗ္ဗာန်သို့ ညွတ်ကိုင်းသော။(မာနသဿ-၌စပ်)၊ဂေါတြဘုနာ၊ဂေါတြဘုသည်။ဝိဝဋ္ဋိတမာနသဿ၊ခုတ်ဖြတ် ဖြေရှင်းအပ်ပြီးသော စိတ်ရှိသော အရိယာပုဂ္ဂိုလ်၏။ မဂ္ဂေန၊မဂ်ဖြင့်။ သစ္ဆိကရဏေန၊ မျက်မှောက်ပြုလျက်။ ဣတိ၊ဤသည်ကား။အတ္ထော၊အာဂမ္မ-ပုဒ်၌ ဂမုဓာတ်၏ အနက်တည်း။ဟိ၊ ယင်းစကား ထင်စွာပြဦးအံ့။ ဝါ-ဟိမှန်၏။ သစ္ဆိကရိယမာနံ၊ မျက်မှောက်အာရုံ ပြုအပ်သော။ အာရမ္မဏ ပစ္စယဘူတံ၊ အာရမ္မဏ ပစ္စည်းဖြစ်၍ ဖြစ်သော။ တံ၊ထိုနိဗ္ဗာန်ကို။အဓိဂန္တွာ၊ရ၍။ပဋိစ္စ၊စွဲ၍၊အဓိပတိပစ္စယဘူတေ၊ အဓိပတိ ပစ္စည်းလည်း ဖြစ်သော။ ပရမဿာသဘာဝေန၊ ကိလေသာရန်ဘေးမှ ကင်းဝေး သဖြင့် မြတ်သော သက်သာ ရသည်၏ အဖြစ်ဖြင့်။ ဝိနိမုတ္တသင်္ခါရဿ၊ ကင်းလွတ် ပြီးသော သင်္ခါရရှိသော အရိယာပုဂ္ဂိုလ်၏။ဂတိဘာဝေန စ၊ ရောက်အပ်သော အဖြစ်ဖြင့်၎င်း။ဝါ၊တည်ရာ၏အဖြစ်ဖြင့်၎င်း။ပတိဋ္ဌာနဘူတေစ၊တည်ရာလည်း ဖြစ်သော။ တမှိ၊ထိုနိဗ္ဗာန်၌။ ပတိဋ္ဌာယ၊တည်၍။ ခယသင်္ခါတော၊ခယ-ဟုဆိုအပ်သော။မဂ္ဂေါ၊မဂ်သည်။ ရာဂါဒယော၊ ရာဂ-အစရှိသော ကိလေသာ အပေါင်းတို့ကို။ ခေပေတိ၊ ကုန်ခန်းစေတတ်၏။

---

ဝါနသင်္ခါတာယ တဏှာယ နိက္ခန္တတ္တာ နိဗ္ဗာနန္တိ ပဝုစ္စတိ၊

ဟူသော ပါဠိရပ်ဖြင့် နိဗ္ဗာန-ပုဒ်၏ ဝစနတ်ကို ပြ၏။ ပြဟန်ကား… နိဗ္ဗာန-ပုဒ်သည် နိ-ပုဒ်၊ ဝါန-ပုဒ်ဖြစ်၍ နိဥသာရပုဒ်သည် နိဿေသ, အဘာဝ-စသော အနက်တို့တွင် ဤ၌- နိက္ခန္တ- အနက်ကို ဟော၏-

ဟူသော အဓိပ္ပါယ်ကို ''နိက္ခန္တတ္တာ''ဟူသော ပါဌ်ဖြင့် ပြ၏။ ။''တဏှာယ'' ဟူသော ပါဌ်ဖြင့် ဝါန၏ အရ-အဘိဓေယျကို ပြ၏။ ဝါန-ဟူသည် တဏှာ-ဟူလို။

ဝါနတော နိက္ခန္တတ္တံ နိဗ္ဗာနံ။ ။ဟုပြု။

ဝါနတော၊ တဏှာမှ။ နိက္ခန္တံ၊ ထွက်မြောက်တတ်၏။ ဣတိ၊ ကြောင့်။ နိဗ္ဗာနံ၊နိဗ္ဗာန်မည်၏၊ ။တဏှာ၏ အာရုံအဖြစ်မှ လွန်မြောက်တတ်သော ကြောင့် နိဗ္ဗာန်မည်၏။ ။ဟူလို၊ ။ဤ ၃၁-ဘုံကား တဏှာ၏ ကျက်စားရာ နယ်ပယ် ဖြစ်၏။ နိဗ္ဗာန်ကား တဏှာ၏ ဖြစ်ရာ,အာရုံပြုရာ မဟုတ်၊တဏှာ၏ ရောက်နိုင်သော နယ်ပယ် မဟုတ်သဖြင့် တဏှာမှ ထွက်မြောက် သည် မည်၏-ဟု ဆိုလိုသည်။

နိဗ္ဗာတိ ဝါ ဧတေန ရာဂဂ္ဂိအာဒိကောတိ နိဗ္ဗာနံ။

ဝါ၊တနည်းကား။ ဧတေန၊ထိုနိဗ္ဗာန်ဖြင့်။ ရာဂဂ္ဂိ အာဒိကော၊ ရာဂ-အစ ရှိသော မီးသည်။နိဗ္ဗာတိ၊ငြိမ်းဧ-ပပျောက်တတ်၏။ ဣတိ တသ္မာ၊ထိုသို့ ရာဂ စသီး တဆဲ့တပါးသော မီးတို့၏ငြိမ်းဧ ပပျောက်ကြောင်းဖြစ်သောကြောင့်။ နိဗ္ဗာနံ၊နိဗ္ဗာန်မည်၏။

ဝါနံ နတ္ထိ ဧတ္ထာတိ နိဗ္ဗာနံ။

ဧတ္ထ၊ဤနိဗ္ဗာန်၌။ဝါနံ၊တဏှာသည်။ နတ္ထိ၊မရှိ။ဣတိတသ္မာ၊ဤသို့ ရာဂ၏ မရှိကင်းရှင်းရာဖြစ်သော သတ္တိကြောင့်။နိဗ္ဗနံ၊နိဗ္ဗာန်-မည်၏။ ။တဏှာ၏ မရှိကင်းရှင်းရာ ဖြစ်သောကြောင့် နိဗ္ဗာန်မည်၏။ ။ဟူလို။

---

## နိဗ္ဗာန်၏ အပြား

ဖြ၃။ ။တဒေတံ သဘာဝတော ဧကဝိဓမ္ပိ။ပ။

ဒုဝိဓံ ဟောတိ ကာရဏပရိယာယေန။ ။သင်္ဂြိုဟ်ပါဌ်။

ထိုနိဗ္ဗာန်သည် သန္တိ သဘောအားဖြင့် တပါးတည်းပင် ဖြစ်သော် လည်း သဉပါဒိသေသ နိဗ္ဗာန်, အနုပါဒိသေသ နိဗ္ဗာန်-ဟူ၍ အကြောင်း အမြွက်အားဖြင့် ၂-ပါး အပြားရှိ၏။ ။ဟူလို။ ။ဤကား ပိဏ္ဍတ္ထ။

**သဘာဝတော အဓိပ္ပါယ်**

နိဗ္ဗာန်သည် အဇ္ဈတ္တသန္တာန်၌ဖြစ်ကုန်သော ဝဋ်သုံးပါး ဒုက္ခခပ်သိမ်း တို့မှ ငြိမ်းခြင်းသဘောလက္ခဏာရှိ၏။မိမိ သန္တိသဘောမှ မရွေ့ လျောခြင်း,

မပ်ပျောက်ခြင်းကိစ္စရှိ၏။တနည်း····ဒုက္ခအပေါင်းမှ သက်သာရာ,ချမ်းသာရာကို ပြုခြင်းကိစ္စရှိ၏။တစုံတခုသော အကြောင်းဖြင့် မပြုပြင် မစီရင်အပ်သည့်အဖြစ်လျှင် ထင်သော အခြင်းအရာရှိ၏။ *နိဗ္ဗာန်ကား အကြောင်းတရားမျှဖြစ်၍ မိမိ၏ ပဒဋ္ဌာန်ကား မရှိ။

ယဿ စာဓိဂမာ သဗ္ဗ၊ကိလေသာနံ ခယော ဘဝေ၊
နိဗ္ဗာနမီတိ နိဒ္ဒိဋ္ဌံ၊နိဗ္ဗာနကုသလေန တံ။

ယဿ၊အကြင်သူအား။ယံ၊အကြင် သဘောတရားကို။ အဓိဂမာ၊ရသောကြောင့်။ဝါ၊ထိုးထွင်း၍ သိသောကြောင့်။ သဗ္ဗကိလေသာနံ၊ အလုံးစုံသော ကိလေသာတို့၏။ ခယော၊ ကုန်ခန်းပပျောက် ခြင်းသည်။ ဘဝေ၊ဖြစ်၏။ တံ၊ ထိုတရားသဘောကို။ နိဗ္ဗာနမီတိ၊ နိဗ္ဗာန်ဟူ၍။ နိဗ္ဗာနကုသလေန၊ နိဗ္ဗာန်၌ လိမ္မာသော ပညာရှင်သည်။နိဒ္ဒိဋ္ဌံ၊ညွှန်းပြအပ်၏။

အဘိဓမ္မာဝတာရ အဋ္ဌကထာပေါင်၌ မိန့်အပ်သောအရ၊ အကြင်သူ၏ သန္တာန် နိဗ္ဗာန်လမင်း ထွန်းလင်း ဝင်းပြောင် လာလတ်သည် ရှိသော် ကိလေသာ အမိုက်မှောင်တို့သည် အလိုလို ပပျောက်ရှင်းလင်း၍ သွားကုန်၏။ ထိုကိလေသာတို့၏ ကုန်စင်ရာဖြစ်သော သဘောသည် နိဗ္ဗာန်မည်၏။ ကိလေသာ ပူလောင်ခြင်း ကင်းရှင်း၍ ကိလေသာ အပူမှ ငြိမ်းချမ်းသာသော သဘောသည် နိဗ္ဗာန်မည်၏-ဟု မှတ်။

---

## ကောဇိခန္ဓ အဓိပ္ပါယ်

စိတ်,စေတသိက်စသော ပရမတ်တရားတို့သည် ဇာတိဓမ္မ ဖြစ်သောကြောင့် ဘုံအားဖြင့်၎င်း, ဇာတ်အားဖြင့်၎င်း, သမ္ပယုတ် တရားအားဖြင့်၎င်း,ကာလ,ဒိသာ,ဒေသ,ပုဂ္ဂလ-စသော အပြားအားဖြင့်၎င်း အသီးအသီး ကွဲပြားကြလေကုန် သကဲ့သို့ နိဗ္ဗာန်သည် အဇာတိဓမ္မ, အနုပ္ပါဒဓမ္မ ဖြစ်သောကြောင့် ကွဲပြားခြင်းမရှိ၊ကွဲပြားသော တရားမဟုတ်ပေ။

လွန်လေပြီးသော ကမ္ဘာအဆက်ဆက်၌ ပရိနိဗ္ဗာန် စံဝင်တော်မူကုန်ပြီးသော ကုဋေ,ကုဋာ များစွာကုန်သောဘုရားပစ္စေကဗုဒ္ဓါ,ရဟာန္တာအရှင်မြတ်တို့၏ နိဗ္ဗာန်သည်၎င်း၊ ယခုကမ္ဘာ၌ ဂေါတမမြတ်စွာဘုရားနှင့် တကွ များစွာသော ရဟန္တာ အရှင်မြတ်တို့၏ ရရှိခံစားတော် မူသော နိဗ္ဗာန်သည်၎င်း,နောက်လာလတ္တံ့သောကမ္ဘာအဆက်ဆက်တို့၌ပွင့်တော်မူလတ္တံ့

သော ကုဋေကုဋာ များစွာကုန်သော ဘုရား,ပစ္စေကဗုဒ္ဓါ, ရဟန္တာ အရှင်မြတ်တို့၏ နိဗ္ဗာန်သည်ငင်း မကွဲမပြားပါဘဲ တပါးတည်းသာလျှင် ဖြစ်၏။ ။ ဤနိဗ္ဗာန်ကား ဘုရား နိဗ္ဗာန်တည်း၊ ဤနိဗ္ဗာန်ကား ပစ္စေကဗုဒ္ဓါ နိဗ္ဗာန်တည်း၊ ဤနိဗ္ဗာန်ကား ရဟန္တာအရှင်တို့၏ နိဗ္ဗာန်တည်း-ဟု ကွဲပြားခြင်းမရှိ။ ။ဟူလို။

## နိဗ္ဗာန်၏ အပြား

ဤသို့ နိဗ္ဗာန်သည် တပါးတည်းပင် ဖြစ်သော်လည်း အကြောင်းအမြွက်အားဖြင့် ၁-သဥပါဒိသေသနိဗ္ဗာန်, ၂-အနုပါဒိသေသနိဗ္ဗာန်-ဟူ၍ ၂-မျိုး ပြား၏။

> ဒွေမာ ဘိက္ခဝေ နိဗ္ဗာနဓာတုယော၊ ကတမာ ဒွေ၊ သဥပါဒိသေသာ စ နိဗ္ဗာနဓာတု,အနုပါဒိသေသာ စ နိဗ္ဗာနဓာတု။
>
> ဒုကနိပါတ် ဣတိဝုတ် ပါဠိတော်။ ။(၁၆၃)

ဘိက္ခဝေ၊ ရဟန်းတို့။ နိဗ္ဗာနဓာတုယော၊ နိဗ္ဗာနဓာတ်တို့သည်။ဣမာဒွေ၊ ဤနှစ်ပါးတို့ပင်တည်း။ ဒွေ၊နှစ်ပါးတို့ဟူသည်။ ကတမာ၊ အဘယ်သည်တို့နည်း ဟူမူကား။ သဥပါဒိသေသ နိဗ္ဗာနဓာတု စ၊ ၎င်း။အနုပါဒိသေသာ နိဗ္ဗာနဓာတု စ၊၎င်းတည်း။

---

## သဥပါဒိသေသ-အဓိပ္ပါယ်

ဥပါဒိယတိ ကာမုပါဒါဒီဟီတိ ဥပါဒိ။

ကာမုပါဒါဒီဟိ၊ကာမုပါဒါန်စသော တရားတို့ဖြင့်။ဥပါဒိယတိ၊စွဲလမ်းအပ်၏။ဣတိ၊ကြောင့်။ဥပါဒိ၊ဥပါဒိ-မည်၏။ခန္ဓာငါးပါးသည် ကာမုပါဒါန်တရားတို့ဖြင့် စွဲလမ်း,ခင်မင်အပ်သောကြောင့် ဥပါဒိ-မည်၏။ ဥပါဒိအရ ဥပါဒိန္နခန္ဓာ ငါးပါးကိုယူ။ ။ဟူလို။

ဥပါဒိယေဝ သေသော ကိလေသေဟီတိ ဥပါဒိသေသော။

ကိလေသေဟိ၊ ကိလေသာတို့မှ။ ဥပါဒိယေဝ၊ဥပါဒိ-မည်သော ခန္ဓာငါးပါးသည်လျှင်။ ပဟီနေဟိ၊ မဂ်ဖြင့် ပယ်အပ်ကုန်သော။ ကိလေသေဟိ၊ ကိလေသာတို့မှ။သေသော၊ ကြွင်းကျန်သေး၏။ ဣတိ၊ ကြောင့်။ ဥပါဒိသေသော၊ဥပါဒိသေသ-မည်၏။ ။အာသဝေါ ကင်းစင် ပပျောက်တော်မူသော

ကြောင့် ရဟန္တာတို့၏ ခန္ဓာငါးပါးသည် မင်ဖြင့်ပယ်အပ်သော ကိလေသာတို့မှ ကြွင်းကျန်သော ခန္ဓာမည်ရကား ဥပါဒိသေသ မည်၏။ ။အာသဝေါနှင့် တကွဖြစ်သော ပုထုဇဉ်တို့၏ ခန္ဓာကား ကိလေသာတို့နှင့် တကွဖြစ်သော ခန္ဓာဖြစ်၍ ဥပါဒိ-သာမည်၏။ဥပါဒိသေသ-မမည်။ ။ဟူလို။

သဟ ဥပါဒိသေသေန ဝတ္တတီတိ သဉပါဒိသေသာ။

ယာနိဗ္ဗာနဓာတု၊အကြင်နိဗ္ဗာနဓာတ်သည်။ဥပါဒိသေသေန၊ကိလေသာတို့နှင့် မတွဲမယှက် သက်သက်မျှဖြစ်သော ခန္ဓာငါးပါးနှင့်။ သဟ၊ တကွ။ ဝတ္တတိ၊ဖြစ်တတ်၏။ဣတိ၊ကြောင့်။သာ၊သည်။ သဉပါဒိသေသာ၊သဉပါဒိသေသ-မည်၏။

သဉပါဒိသေသာ စ သာ နိဗ္ဗာနဓာတုစာတိ
သဉပါဒိသေသနိဗ္ဗာနဓာတု။

သဉပါဒိသေသာ စ၊ကိလေသာတို့မှ ကြွင်းသော ခန္ဓာငါးပါးနှင့်တကွဖြစ်သည်လည်း။ဟောတိ၊၏။သာ၊ဟူသည်။ နိဗ္ဗာနဓာတု စ၊ နိဗ္ဗာနဓာတ်သည်လည်း။ဟောတိ။၏။ဣတိ၊ကြောင့်။သဉပါဒိသေသနိဗ္ဗာနဓာတု၊မည်၏။

အဓိပ္ပါယ်ကား····ကိလေသာ အာသဝေါတရားတို့နှင့် မစပ်မယှက် ပုန်းအောင်းတည်နေရာ မဟုတ်မူ၍ ညစ်ကြေးသန့်ရှင်းသော ရွှေစင်ပမာ ကိလေသာ အာသဝေါတို့မှ ကြွင်းကျန်သော ခန္ဓာငါးပါး ရှိသေးသော နိဗ္ဗာန်သည် သဉပါဒိသေသ နိဗ္ဗာန်မည်၏။ ။ဟူလို။

---

## အနုပါဒိသေသနိဗ္ဗာန် အဓိပ္ပါယ်

နတ္ထိ ဥပါဒိသေသော ယဿာတိ အနုပါဒိသေသာ။

ယဿာ နိဗ္ဗာနဓာတုယာ၊ အကြင်နိဗ္ဗာနဓာတ်အား။ဥပါဒိသေသော၊ ကိလေသာတို့မှ ကြွင်းသော ခန္ဓာငါးပါးသည်။ နတ္ထိ၊မရှိ။ဣတိ၊ကြောင့်။ အနုပါဒိသေသာ၊အနုပါဒိသေသ-မည်၏။

အနုပါဒိသေသာ စ သာ နိဗ္ဗာနဓာတုစာတိ
အနုပါဒိသေသနိဗ္ဗာနဓာတု။

အနုပါဒိသေသာ စ၊ကိလေသာတို့မှ ကြွင်းသော ခန္ဓာငါးပါး မရှိသည်လည်း။ဟောတိ၊၏။သာ၊ဟူသည်။နိဗ္ဗာနဓာတု စ၊သည်လည်း။ဟောတိ၊၏။

ဌာတိ၊ကြောင့်။ အနုပါဒိသေသ နိဗ္ဗာနဓာတု။ မည်သည်။ ဟောတိ၊၏။ ။ အဓိပ္ပါယ်ကား....ကိလေသာလည်း မရှိ၊ ကိလေသာမှ ကွင်းသော ခန္ဓာ ငါးပါးလည်း မရှိသော နိဗ္ဗာန်သည် အနုပါဒိသေသ နိဗ္ဗာန်၏။ ။ ဟူလို။ ။အနုပါဒိသေသ နိဗ္ဗာန်ဟူသည် ခန္ဓာတို့၏ ချုပ်ငြိမ်း၍သံသရာ လက်စသိမ်းသောကြောင့် ခန္ဓနိဗ္ဗာန်- ဆိုလိုသည်။ ထိုနိဗ္ဗာန် ၂-ပါးတို့၏ အထူးကား.... သဉပါဒိသေသနိဗ္ဗာန်သည် မစုတိမီ ဒိဋ္ဌိဓမ္မ၌ ရအပ်သော ကြောင့် ဒိဋ္ဌဓမ္မိက နိဗ္ဗာန်မည်၏။ အနုပါဒိသေသ နိဗ္ဗာန်သည် စုတိသည်မှ နောက်၌ ရအပ်သောကြောင့် သမ္ပရာယိက နိဗ္ဗာန်မည်၏-ဟု မှတ်။

ကတမာ စ ဘိက္ခဝေ သဉပါဒိသေသနိဗ္ဗာနဓာတု။ဣဓ ဘိက္ခဝေ ဘိက္ခု အရဟံ ဟောတိ ခီဏာသဝေါ။ပ။ တဿ တိဋ္ဌန္တေဝ ပဉ္စိန္ဒြိယာနိ။ ကတမာ စ ဘိက္ခဝေ အနုပါဒိသေသနိဗ္ဗာနဓာတု။ဣဓ ဘိက္ခဝေ ဘိက္ခု အရဟံ ဟောတိ ခီဏာသဝေါ။ပ။ သြဟိတဘာရော။
ဒုကနိပါတ် ဣတိဝုတ် ပါဠိတော်။ ။(၁၆၄)

---

## ကာရဏပရိယာယေန အဓိပ္ပါယ်

ပရိဗျတ္တိံ ယန္တိ-ဂစ္ဆန္တိ တေနာတိ ပရိယာယော။

တေန၊ ဤသဘော တရားဖြင့်။ ပရိဗျတ္တိံ၊ ထင်ရှား ပေါ်လွင်ခြင်းသို့။ ယန္တိ-ဂစ္ဆန္တိ၊ ရောက်တတ်ကုန်၏။ဣတိ၊ ထိုသို့ ရောက်ကြောင်းဖြစ်သော ကြောင့်။ပရိယာယော၊ပရိယာယ-မည်၏။ ။မထင်သော သဒ္ဒါ၏ ထင်ရှား ခြင်းသို့ ရောက်ခြင်း အကြောင်းတရားသည် ပရိယာယ် မည်၏။

ကာရဏသ ပရိယာယော ကာရဏပရိယာယော။

ကာရဏဿ၊ ခန္ဓာငါးပါး အကြွင်းရှိသော အဖြစ်,ခန္ဓာငါးပါး အကြွင်း မရှိသော အဖြစ်၏။ ပရိယာယော၊ အမြွက်သည်။ ကာရဏပရိယာယော၊ ကာရဏပရိယာယ-မည်၏။ ။(တေန-ဟု ဝိဘတ်ချဲ)။

အဓိပ္ပါယ်ကား....နိဗ္ဗာန်သည် ပရမတ်သဘောအားဖြင့် မပြား၊သန္တိ သဘော တခုမျှသာ ဖြစ်၏။ သို့သော် ခန္ဓာရှိမှု,မရှိမှုဟူသော အကြောင်း၏

အမြွက်အားဖြင့်သာ နှစ်ပါး ပြားရလေသည်။ ။ဟူလို။ ။ဥပမာ ဆိုသော်····ကောင်းကင်သည် တပါးတည်းပင်ဖြစ်သော်လည်း အိုးအတွင်း ရှိသော ကောင်းကင်ကို''အိုးကောင်းကင်,အိမ်အတွင်းရှိသော ကောင်းကင် ကို အိမ် ကောင်းကင်, အဝိတ်အပင် မရှိသော အထက် ကောင်းကင်ကို မိုဃ်းကောင်းကင်''ဟု ပြားဘိသကဲ့သို့ ထိုအတူ ခန္ဓာရှိသော နိဗ္ဗာန်, ခန္ဓာမရှိသော နိဗ္ဗာန်-ဟု ခန္ဓာရှိမှု,မရှိမှုဖြစ်လော အကြောင်းကို အစွဲပြု၍ သဉပါဒိသေသနိဗ္ဗာန်,အနုပါဒိသေသနိဗ္ဗာန်-ဟု ပြားသည်-ဟု မှတ်။

ယဒိဒံ တဿ ပရမတ္ထတော ဘေဒေါ နတ္ထိ၊
ပရိယာယေန ပန ပညာယတိ။

ဣတိဝုတ် အဋ္ဌကထာ။

**ဆောင်ပုဒ်။** ။သ-အနု-ဟု၊ ဖြစ်မှု အကြောင်း၊ အမြွက်ပေါင်း၊ မှတ်ညှောင်း-ကာရဏ ပရိယာယ်။

---

၆၄။ ။**တထာ သုညတံ, အနိမိတ္တံ့, အပ္ပဏိဟိတဉ္စေတိ တိဝိဓံ ဟောတိ အာကာရဘေဒေန။** ။သဂြိုဟ်ပါဠိ။

တနည်း····နိဗ္ဗာန်သည် သုညတနိဗ္ဗာန်, အနိမိတ္တနိဗ္ဗာန်,အပ္ပဏိဟိတ နိဗ္ဗာန်-ဟု အခြင်းအရာတို့၏ အပြားအားဖြင့် သုံးပါး အပြားရှိ၏။ ။ ဟူလို။ ။ဤကား ပိဏ္ဍတ္ထ။

---

## သုညတနိဗ္ဗာန် အဓိပ္ပါယ်

ရာဂဒေါသမောဟေဟိ သုညတ္တာ သုညံ။
သုညမေဝ သုညတံ။

ရာဂ,ဒေါသ,မောဟေဟိ၊ ရာဂ,ဒေါသ,မောဟ-တို့မှ။ သုညတ္တာ၊ဆိတ် သောကြောင့်။သုညံ၊သုည-မည်၏။ သုညမေဝ၊ သုည-သဒ္ဒါသည်ပင်လျှင်၊ သုညတံ၊သုညတ-မည်၏။

အဓိပ္ပါယ်ကား····ရာဂ,ဒေါသ,မောဟ-စသော ကိလေသာတို့ကို အာရုံ မပြုသဖြင့် အာရုံအားဖြင့်လည်း ဆိတ်၏၊၎င်းရာဂ, ဒေါသ,မောဟစသော ကိလေသာတို့ကို အကြွင်းမဲ့ ပယ်အပ်သည်ဖြစ်၍ သမ္ပယောဂအားဖြင့်လည်း

ဆိတ်၏။ ဤသို့ အာရုံအားဖြင့်၎င်း, သမ္ပယုတ်အားဖြင့်၎င်း, ကိလေသာ အနှောင့်အယှက်မရှိ၊ ကိလေသာတို့၏ ဆိတ်ရာ,သုဉ်းရာ ဖြစ်သောကြောင့် သုညတ နိဗ္ဗာန်မည်၏။ ။တနည်း…အလုံးစုံသော သင်္ခါရတရားမှန်သမျှ တို့မှ ဆိတ်ရာဖြစ်သောကြောင့် သုညတနိဗ္ဗာန် မည်၏။ ။ဟူလို။

---

## အနိမိတ္တနိဗ္ဗာန် အဓိပ္ပါယ်

နတ္ထိ နိမိတ္တံ ဧတ္ထာတိ အနိမိတ္တံ။

ဧတ္ထ၊ဤနိဗ္ဗာန်၌။နိမိတ္တံ၊ရာဂ-စသော နိမိတ်သည်။နတ္ထိ၊မရှိ။ဣတိ၊ ဤသို့ ရာဂ-စသော အကြောင်းနိမိတ် မရှိရာဖြစ်သော သတ္တိကြောင့်။ အနိမိတ္တံ၊ အနိမိတ္တ-မည်၏။ ။အဓိပ္ပါယ်ကား…အာရုံအားဖြင့်၎င်း သမ္ပယုတ် အားဖြင့်၎င်း,ဒုက္ခအမျိုးမျိုး၏ အကြောင်း,သံသရာဝဋ်၏ အကြောင်းဖြစ်ကုန် သော ရာဂ-စသော ကိလေသာ အကြောင်းတရားတို့၏ ကင်းရာဖြစ်သော ကြောင့် အနိမိတ္တနိဗ္ဗာန်မည်၏။ ။တနည်း…အလုံးစုံသော သင်္ခါရတရား တို့၏ မရှိရာဖြစ်သောကြောင့် အနိမိတ္တနိဗ္ဗာန် မည်၏။ ။ဟူလို။

---

## အပ္ပဏိဟိတနိဗ္ဗာန် အဓိပ္ပါယ်

နတ္ထိ ပဏိဟိတံ ဧတ္ထာတိ အပ္ပဏိဟိတံ။

ဧတ္ထ၊ဤနိဗ္ဗာန်၌။ ပဏိဟိတံ၊ တောင့်တမှုသည်။ နတ္ထိ၊ မရှိ။ဣတိ၊ ဤသို့ ရာဂ စသော တောင့်တခြင်း၏ မရှိရာဖြစ်သော သတ္တိကြောင့်။ အပ္ပဏိ ဟိတံ၊အပ္ပဏိဟိတ မည်၏။

အဓိပ္ပါယ်ကား…. အာရုံအားဖြင့်၎င်း, သမ္ပယုတ်အားဖြင့်၎င်း, ရာဂ စသော တောင့်တမှုကင်းရာ, မရှိရာဖြစ်သော သတ္တိကြောင့် အပ္ပဏိဟိတ နိဗ္ဗာန်မည်၏။ ။တနည်း…တဏှာတည်းဟူသော တောင့်တခြင်းမရှိရာ ဖြစ်သောကြောင့် အပ္ပဏိဟိတနိဗ္ဗာန် မည်၏။ ။ဟူလို။

ဆိုလိုရင်းကား…အသင်္ခတဓာတ် နိဗ္ဗာန်တည်းဟူသော တရားမြတ်၌ ရာဂ-စသော အကြောင်းတရား, နတ်ဖြစ်ရပါလို၏, စကြဝတေးမင်း ဖြစ်ရ ပါလို၏-စသောတောင့်တသောတရားများမရှိ။ သင်္ခတတရားမှန်သမျှလည်း မရှိ၊ ထိုကြောင့် သုညတ, အနိမိတ္တ, အပ္ပဏိဟိတ မည်၏။ ရာဂစသော

ကိလေသာတရား မရှိပါကလည်း ၎င်းကိလေသာနှင့် စပ်လျဉ်းသမျှ ဖြစ်ရိုး, ဖြစ်စဉ်,ဖြစ်နေကျ ဖြစ်သော ဒုက္ခအမျိုးမျိုး ပလိဗောဓ အစားစားကြောင့် ကြံခြင်းများသည် အလုံးစုံ ချုပ်ငြိမ်းမြေ၍ သွားလေသည်။ ။ဟူလို။

---

## အာကာရဘေဒေန အဓိပ္ပါယ်

အာကရဏံ အာကာရော။အာကာရဿ ဘေဒေါ
အာကာရဘေဒေါ။ ။တေန။

အာကရဏံ၊ ပြုခြင်း။အာကာရော၊ပြုခြင်း။ ။အာကာရဿ၊ အာကာရ၏ ဘေဒေါ၊ အပြားသည်။ အာကာရဘေဒေါ၊ အာကာရဘေဒ မည်၏။ (တေန-အာကာရဘေဒေန-ဟု ဝိဘတျန်ခံ)။ ။နိဗ္ဗာန်၏ ကိလေသာတို့မှ ဆိတ်သောဂုဏ်, အကြောင်း ကင်းသောဂုဏ် တောင့်တခြင်း မရှိသော ဂုဏ်သည် အာကာရမည်၏။ ။နိဗ္ဗာန်သည် တပါးတည်းပင် ဖြစ်သော်လည်း ဆိုအပ်ပြီးသော သုညတ-စသော ဂုဏ်ပြားလေ သောကြောင့် နိဗ္ဗာန်လည်း သုံးပါးပြားသည်။ ။ဟူလို။

### ဆောင်ပုဒ်

က။ ။ဂုဏ်ထူးခြင်းရာ၊ပြားသည်တာ၊မှတ်ပါ-အာကာရဘေဒ။
ခ။ ။ခြင်းရာပြားမှု၊အကြောင်းပြု၊ မှတ်ရှုနိဗ္ဗာန်- ပြားသတည်း။

---

## နိဗ္ဗာန်၏ သဘာဝ အဘွင့်

**၆၅-က။ ပဒမစ္စုတမစ္စန္တံ၊အသင်္ခတမနုတ္တရံ။**
**နိဗ္ဗာနမိတိ ဘာသန္တိ၊ဝါနမုတ္တာ မဟေသယော။ ။**

### သင်္ဂြိုဟ်ပါဌ်။

စုတေ့ခြင်း မရှိသောတရား, စုတေ့ခြင်းကို လွန်သောတရား, ကံ, စိတ်, ဥတု,အာဟာရ တည်းဟူသော အကြောင်းတရား ၄-ပါးတို့သည် မပြုပြင်အပ်သော တရား,မိမိထက်လွန်သော တရားမရှိသော တရား, မင်,ဖိုလ်တို့၏ အာရုံဖြစ်သော တရားသည် နိဗ္ဗာန်မည်၏။ ။ဟူလို။

ဤကား နိဗ္ဗာန၏ သဘော,သဘာဝတ္ထ အဓိပ္ပါယ်တည်း။

၆၅-ခ။ ။ဣတိ စိတ္တံ စေတသိကံ၊ ရူပံ နိဗ္ဗာနမိစ္စပိ၊
ပရမတ္ထံ ပကာသေန္တိ၊ စတုဓာဝ တထာဂတာ။ ။

သင်္ဂြိုဟ်ပါဠ်။

အကြင် အကြင် အောက်က ပြဆိုအပ်ခဲ့ပြီးသော နည်းဖြင့် စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန်ဟူ၍ ပရမတ္ထတရား, လေးပါး,လေးဘို့ အားဖြင့်သာ ဟောတော်မူသည်။ထိုလေးပါးထက် အပိုအလွန်မရှိ။ ဟူလို။

ဤကား ပိဏ္ဍတ္ထ။

ဆိုတော်မူလိုရင်းကား...စိတ္တံ, စေတသိကံ,ရူပံ၊နိဗ္ဗာနမိတိ သဗ္ဗထာ” ဟု စိတ်ပိုင်းအစ၌ ဆိုအပ်ခဲ့သော ပရမတ္ထတရား လေးပါး၏ အဓိပ္ပါယ်ကို စိတ်ပိုင်း, စေတသိက်ပိုင်း, ပကိဏ်းပိုင်း, ဝီထိပိုင်း ဝီထိမုတ်ပိုင်း,ရုပ်ပိုင်း, ဟူ၍ ခြောက်ပါးသော အပိုင်းတို့ဖြင့် ဘွင့်ဆိုဝေဘန် အပ်ခဲ့ပြီ ဟု နိဂုံး အုပ်သော စကားဖြစ်၏-ဟု မှတ်။

ဤအဘိဓမ္မတ္ထသင်္ဂဟဒီပနီကျမ်း ခြောက်ခုမြောက်ဖြစ်သော
ရုပ်ပိုင်း အဘွင့် ပြီးပြီ။